လာဘ်မိုးရွာ စာပေ ... ဖြစ်သည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

# ဗေဒပြိုင်

မဂ္ဂဇင်း




- ဘယ်လိုအိမ်မျိုး ဝယ်မှာလဲ (စာ - ၄၁)
- ဆည်းဆာချိန်မှာ မီးထွန်းပါ (စာ - ၄၃)
- အိမ် ခြံ မြေ ကျင့်စဉ် (စာ - ၄၈)
- အိမ်သစ်မင်္ဂလာ (စာ - ၅၁)
- အိမ်ဆောက်တော့မှာလား (စာ - ၅၅)
- မြေဝယ်မည်ဆိုလျှင် (စာ - ၇၂)
- ဘယ်လိုအိမ်မျိုး နေချင်လဲ (စာ - ၈၅)







- အိမ်တွင်းယပ်ဖြင့် လာဘ်ခေါ်မည် (စာ - ၄၀)
- အိမ်တွင်းနှင့် နတ်အုန်း (စာ - ၇၇)
- အိမ်တွင်းမှာလာဘ်နှင့် ငွေဝင်ဖို့ (စာ - ၈၁)

- မိုင်းဖုန်းဆရာတော်၏ ပြည်တော်ဝင်ခရီး နှင့် မေတ္တာစာ (စာ - ၂၉)
- အိမ်ကောင်းယာကောင်း ပိုင်ဆိုင်လိုသူအတွက် အိမ်တော်ရာဘုရား (စာ - ၅၇)
- ဆရာကြီးမင်းသိခ် ပြောပြတဲ့ ရက္ခစိုးထံ ပူဆာနည်း (စာ - ၆၁)
- ဆရာကျော်မြသန်း ၏ နတ်ကတော်စိန်မျက်ခုံး အခန်းဆက်ဝတ္ထုရှည် (စာ - ၁၅၄)


www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂဇင်းအသစ်

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဇွန်လ၊ အမှတ်(၂၄၅)

❀ မောင်မောင်မြင့်အေး စီစဉ်မှမ်းမံတည်းဖြတ်သည်။ ❀

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာပိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြဲ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြဲ-၀၄၈၃၇)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ နေခြည်၊ ပညတ်၊ စံယွင်မောင်၊ ဖိုးအောင်၊ လှသစ်အောင် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ၊ အမှတ် (၂၄၅)

# မာတိကာ

## ရောင်ပြန် ကဗျာ

ဖျာပုံနီလုံဦး၊ မောင်နီမြင့်၊ ခက်လှိုင်းကျော်၊ စန်းနီလာဝင်း၊
သျှောင်ကေရှင်(မုံရွာ)၊ မောင်မြေမွှန်(ချောင်းဦး)၊
နိုင်သက်အောင်၊ အောင်သျှင်သူ(မဟာမြေ)

## ရောင်ပြန် အခန်းဆက်ရသ

ဒန္တပူရ ကေရီသခင်မလေးဟေမမာလာ(၁)
မောင်ယဉ်မွှန်(မောစ်နေခြည်) ---------- ၁၄၂
နတ်ကတော်စိန်မျက်ခုံး(၅)
ကျော်မြသန်း ---------- ၁၅၄
မေတ္တာရှင်...(၆)
ဘုန်းပွင့်တေဇာ ---------- ၁၆၆
လူထဲကဘဝ ဘဝထဲကလူ(၇၁)
လင်းရောင်တင် ---------- ၂၅၀



စာ-၁၇၇



နေလဝန်းရဲ့ ပန်းရန်ပွဲ

ကျော်ကြားဒြိမ့်ဟည်း ဝတ်တော်ကြီး

ကိုပေါင်သန်းဝင်း

စာ-၃၁၃



မိုင်းဖုန်းဆရာတော်၏

ပြည်တော်ဝင်ခရီး

မောင်မောင်မြင့်အေး

စာ-၂၉

မိကျောင်းနှုတ်ခမ်းဖြစ်သော

ဓမ္မစေတီခေါင်းလောင်းတော်ကြီး

အသံမြည်ပါဦးမလား



စာ-၂၂၉

www.burmeseclassic.com

## မြန်မာ့ရေးရာ


မရမ်းကုန်းမြို့နယ်၊ သန့်စင်တောင်ရှိ
အောင်စကြာကိုးနဝင်းကပ်ကျော်စေတီနှင့်
ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------- ၁၇
ကျွန်တော်သိသော ငါးထပ်ကြီးမြတ်စွာဘုရားများ
ဆွေမြင့်သူ(ကြေး/မြေ) ---------- ၂၃
မိုင်းဖုန်းဆရာတော်၏ ပြည်တော်ဝင်ခရီး
မောင်မောင်မြင့်အေး ---------- ၂၉
ကုသိနာရုံဘုရားအမ စာဆိုတော်မမြလေး၏...
နီငြိမ်း(အညာတက္ကသိုလ်) ---------- ၃၇
မိကျောင်းနက္ခတ်ဖြစ်သော ဓမ္မစေတီခေါင်းလောင်းတော်ကြီး
အသံမြည်ပါဦးမလား
မင်းရွှေသိန်း(ဇင်းကျိုက်) ---------- ၂၂၅
နိဗ္ဗာန်တွင်ရပ်လမ်း ပန်းတစ်ပွင့်လှူဒါန်းခြင်းအကျိုး
အေဖော်နိုင် ---------- ၂၇၉
နေလဝန်းရဲ့ ပန်းရန်ပျံ့ ကျော်ကြားမြိမ့်ဟည်းဝတ်တော်ကြီး
ကိုမောင်သန့်ဝင်း ---------- ၃၁၃


## ရောင်ပြန် လှိုင်းဂုဏ်ဆန်းကြယ်


ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၁၀၃
တစ်ကွေ့တော့ တွေ့ကြဦးမည်
လှမိုး(ပညာရေး) ---------- ၁၁၆


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၄၀


## ရောင်ပြန်ဗေဒင်


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၂၉


## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၃၈






အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
**လာဘ်မိုးရွာ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅




www.burmeseclassic.com



## လောကီရေးရာ


ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး မိုဒူးပိုက်ဆံ၏ လအလိုက်အဟော
ဦးတိုး(တက္ကသိုလ) ---- ၁၀၆

တရုတ်နက္ခတ္တဗေဒင်ပညာ 2014-June
ကေတ်-အောင်သိန်း ---- ၁၀၉

သေလုအောင် လာချင်သူ
မောင်ကောင်းမြင့် ---- ၁၁၂

တရုတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ---- ၁၂၁

ရခိုင်ရိုးမက မဟာမိတ်စစ်တပ်ကြီး ဘယ်ရောက်သွားပြီလဲ
ဆရာဝင်း(သာကီနွယ်) ---- ၁၂၃

အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ(ဂ)
မျိုးသန်းထွန်းကို ---- ၁၂၈

ကျွန်တော် သတင်းစာ ကာတွန်းဆရာ
မောင်တော်ထိန် ---- ၁၃၁

ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းလာ နိမိတ်တဘောင်များ
တင်နိုင်တိုး ---- ၁၃၉

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---- ၁၄၁

အမှုအခင်းလွတ် ဂါထာတော်
အောင်ဘုန်းမြင့်(ကချင်မြေ) ---- ၁၆၄

အလှူခံရှင်းတမ်း
မောင်ပုတ်စည် ---- ၁၇၆

အကြားအမြင် ပါရမီရှင်လေး
တက္ကသိုလ်သန် ---- ၁၇၄

သူတော်ကောင်းတို့ နှလုံးသား(၃)
ရွှေမန်းသားအရှင်အက္ကိရ ---- ၁၇၇

ထာဝရသစ္စာရှိသောအဖော်
ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်) ---- ၂၀၁

ဇရာနှင့် နေရာ
ညွှန့်ဟံ(ကြူတော) ---- ၂၀၃

အကြံအစည်အောင်လိုလျှင် ဟောသည့်ဓာတ်ကိုဆင်
နေဖြူဆရာတင် ---- ၂၀၅

အပူငြိမ်းစေ...ကေပုတ္တ...မနရကွေ...
အောင်အံ့ကြီးမောင် ---- ၂၁၄

အချိန်ကိုသုံးမဖြုန်းနဲ့
ဝေလင်း(ရောဝတီ) ---- ၂၂၂

မေတ္တာပို့ခြင်းအကျိုး
မောင်အေးချမ်း(တင့်တူ) ---- ၂၃၀

နှစ်ကိုယ်ပွား မြင်ရမှုများ
နတ်ထီးလှိုင် ---- ၂၃၃

ဝေဘူဆရာတော်ကြီးနှင့် ကျွန်တော်(၃)
သူတော်စင်မင်းအောင် ---- ၂၃၅

သာသနာ့သမိုင်းဝင် သီလရှင်ကျောင်းဝတ်များ
လေးသူ့စံ ---- ၂၃၇






www.burmeseclassic.com

www.burmeseclassic.com

အိုးအိမ်ထဲ့သမျှ အိုးအိမ်ရ၍ အရောင်းအဝယ်အဆင်ပြေလျက်
အိမ်ကောင်းယာကောင်းများ ပိုင်ဆိုင်လိုသူများအတွက်
သမိုင်းထဲက
အိမ်တော်ရာဘုရား

စာ - ၃၉



## လောကီရေးရာ


သမိုင်းကပြောသော သက္ကရာဇ်နှင့် ဝတ်ဆင်ရမည့် ရတနာများ
အောင်ဘုန်းမြင့်(ကချင်မြေ) ---------- ၂၄၁
အနိစ္စဒေသနာတော်(၄)
မဟာထွန်း ---------- ၂၄၆
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၂၅၇
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၂၅၇
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ---------- ၂၅၉
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၂၆၀
ငွန်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၂၆၂
ထူးဆန်းအံ့ဖွယ်ကောင်းသည့် ဂမ္ဘီရလက်စွပ်ကလေးများ
စိန်ဇောတိက ---------- ၂၆၈
ငါသေပြီးလျှင်...
ဒေါက်တာမွန်မွန်ကလေး(U.K) ---------- ၂၇၁
ရောင်းထွက်စေဖို့ လုပ်ကြစို့
သစ္စာဝါဒီဆရာမြတ်စောလင်း ---------- ၂၇၃
ဟင်းနစ်ခွက်
ရန်ကုန်မြင့်ဆွေ ---------- ၂၇၅
တစ်ဆင့်စီပြောကြား ကုသိုလ်ပွား
နိုင်ခင်အင်ကြင်း ---------- ၂၈၂
ဓာတ်ရိုက်ယတြာ ရွှေပညာ(၂၃)
ဘုန်းမွှင့်ထွန်း ---------- ၂၈၅
ပေယျာလဝတီနတ်သမီး
ဆင်ဖြူကျွန်းအောင်သိန်း ---------- ၂၈၉
မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ(၆) ၂၉၃
ဒေါက်တာသက်ဆွေ(M.D) ---------- ၂၉၃
အကျိုးမဲ့စကား ရှောင်ရှားစေချင်
ရေကျော်စိုးအောင် ---------- ၂၉၉
ကျွန်ုပ်၏ အတွေ့အကြုံများ(၁၂)
ဖိုးသန်းကျော်(ရေကြည်သား) ---------- ၃၀၁
ဘဝအမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---------- ၃၀၈
အရိုးခင်နှင့် ကြွက်သေတစ်ကောင်
အဂ္ဂမျိုး ---------- ၃၁၇
သည်နှစ်ထဲမှာ ရှောင်ကြဉ်ပါ
ဆရာဇီဝအောင်ထွဋ် ---------- ၃၁၉


ပြည်တွင်းပြည်ပ
စိညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ)



စာ - ၁၀၃

www.burmeseclassic.com

## ရောင်ပြန် ရသ


လှိုင်ဆမ်ဆစ်သို့ တိုင်တည်ခြင်း
ခင်မောင်အေး(မန္တလေး) ---- ၁၇၈
ပလ္လင်တွေထက်က စားထက်တဲ့ မိဖုရားခေါင်များ ၁၉၃
ဝင်းသောင်(ရမည်းသင်း) ---- ၁၉၃
ဂမ္ဘီရတိုက်နွှား
ဘုန်းမီးနေလ ---- ၂၀၈
အချစ်ကြီးသူတို့၏
မြမြလှိုင် ---- ၂၁၈
ဆက်ဆက်စပ်စပ် ကျင့်သုံးရန်
မနသသကျော်ဝင်း ---- ၂၆၄



စာ - ၂၆၈



စာ - ၁၉၃


စာ - ၁၆၆

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး

အိမ်တွင်းယပ်ဖြင့် လာဘ်ခေါ်မည်
မင်္ဂလာဦးရွှေအိုး ---- ၄၀
ဘယ်လိုအိမ်မျိုး ဝယ်မှာလဲ
တက်လူမျိုးသစ် ---- ၄၁
ဆည်းဆာအချိန်မှာ မီးထွန်းပါ စီးပွားတက်မှာ အသေချာ
သောမ ---- ၄၃
ဘယ်မြေခံကို ရွေးမှာလဲ
နေဖြူဆရာဘင် ---- ၄၅
အိမ်ခြံမြေ ရရှိရေးကျင့်စဉ်
အမာ-တောင်မြို့ ---- ၄၈
အိမ်သစ်မင်္ဂလာ
အောင်မြင့်မြတ်(ပြည်ရွှေဘို) ---- ၅၁
မြေမသန့်တာ ကြုံခဲ့လျှင်
ဂန္ဓာရီဩဇာအံ့ ---- ၅၃
တကယ်အိမ်ဆောက်တော့မှာလား
ထင်ကျော်သောင်း ---- ၅၅
သမိုင်းထဲက အိမ်တော်ရာဘုရား
မင်္ဂလာဦးရွှေအိုး ---- ၅[illegible]
အိမ်ယတြာ
ကိုမျိုးနိုင်(ဆကာကြီး) ---- ၆၀

www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ပူဆာတဲ့နည်း
မင်းသိဒ် ---------- ၆၁
ရက္ခစိုးနတ်နှင့်တွေ့ဆုံ၍ လိုရာကို ပြောကြားတောင်းဆိုနိုင်သော
ဂါထာမန္တန် ---------- ၆၄
အိမ်ကောင်းဖို့ထက် အိမ်နီးချင်းကောင်းဖို့
ရွှေယဉ်နု ---------- ၆၅
မြေဝယ်တော့မည်ဆိုပါလျှင်
တက်လူမျိုးသစ် ---------- ၇၁
အိမ်တွင်းရေးရာ စီးပွားသာဖို့
ဂန္ဓာရီဆြာအုံ ---------- ၇၃
အဆောက်အဦတစ်ခုခုဆောက်မည်ဆိုလျှင် သတိပြုဆင်ခြင်နိုင်ရန်
ဘုန်းမြတ်ကျော်ခေါင် ---------- ၇၅







ဘယ်ဒီတာအမှဲ့/ကြော်ငြာနှင့် ဖြန့်ချီရေး
**လာဘ်မိုးရွှေ စာပေ**
အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅



အိမ်တွင်းနတ်အုန်း ဆွဲထားကြပါသလား
ဂမ္ဘီဆရာလှမျိုး(B.Sc) ---------- ၇၇
အိမ်မြန်မြန်ရောင်းထွက်စေလိုသော်
ဆရာတီထိ(ရန်မျိုးအောင်) ---------- ၈၀
အိမ်မှာ ဒါတွေဖြစ်လျှင် လာဘ်နှင့်ငွေတွေဝင်
မော်တင်သိန်းဇော် ---------- ၈၁
အိမ်ရောင်းထွက်ရေး အလွယ်လေး
မင်းဝီရအောင် ---------- ၈၃
ဘယ်လိုအိမ်မျိုး နေချင်လဲ
မောင်မောင်မြင့်အေး ---------- ၈၅
မမြင်ရသော အဆိပ်များများ
ဘုန်းမိုးနေလ ---------- ၈၇
အမြန်ရောင်းထွက်စေလိုသော်
အောင်ဘုန်းမြင့်(ကချင်မြေ) ---------- ၉၀
ကိုယ်ပိုင်အိမ်ခြံမြေနှင့် နေချင်သလား ဇေဂ္ဂသုတ်ကိုရွတ်ဖတ်ပွား
ဆောင်းကလေး(တရားရေး) ---------- ၉၁
ညည့်ဆိုးဆိုလျှင် သည်လိုနှင်
ဆရာမိုးဟန်ကြွယ် ---------- ၉၅
သည်လတွေမှာ အိမ်ဆောက်ပါ
သုတေသီဆရာငြိမ်း ---------- ၉၇
ပွဲစားများ လာဘ်ပွင့်စေဖို့
ကောင်းဟိန်း(ကျွန်းသစ်) ---------- ၉၉
နေအိမ်၊ ဈေးဆိုင်အရှေ့တွင် ငါးကန် တူးဖော်သင့်ပါသလား
ကေတီ-အောင်သိန်း ---------- ၁၀၁
အချိန်မနှောင်းခင် အိမ်ရောင်းချင်သော်
ထင်ကျော်သောင်း ---------- ၁၀၂


www.burmeseclassic.com

www.burmeseclassic.com


# ကိုးနဝင်း မိုးလင်းမှသိမယ် အဓိဋ္ဌာန်တော်ဇယားကွက်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပထမ<br>အဆင့် | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | အင်္ဂါ<br>ဘဂဝါ<br>(၉)ပတ် | ဗုဒ္ဓဟူး<br>သုဂတော<br>(၄)ပတ် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | သောကြာ<br>လောကဝိဒူ<br>(၅)ပတ် | စနေ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>ဗုဒ္ဓေါ<br>(၈)ပတ် |
| ဒုတိယ<br>အဆင့် | ဗုဒ္ဓဟူး<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | ကြာသပတေး<br>အရဟံ<br>(၁)ပတ် | သောကြာ<br>လောကဝိဒူ<br>(၅)ပတ် | စနေ<br>ဗုဒ္ဓေါ<br>(၈)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>သုဂတော<br>(၄)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>ဘဂဝါ<br>(၉)ပတ် |
| တတိယ<br>အဆင့် | သောကြာ<br>သုဂတော<br>(၄)ပတ် | စနေ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>ဘဂဝါ<br>(၉)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>လောကဝိဒူ<br>(၅)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>အရဟံ<br>(၁)ပတ် |
| စတုတ္ထ<br>အဆင့် | တနင်္ဂနွေ<br>လောကဝိဒူ<br>(၅)ပတ် | တနင်္လာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>အရဟံ<br>(၁)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | စနေ<br>ဘဂဝါ<br>(၉)ပတ် | တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ် | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် |
| ပဉ္စမ<br>အဆင့် | အင်္ဂါ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | ဗုဒ္ဓဟူး<br>သုဂတော<br>(၄)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | စနေ<br>ဘဂဝါ<br>(၉)ပတ် | တနင်္ဂနွေ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>လောကဝိဒူ<br>(၅)ပတ် | ဗုဒ္ဓဟူး<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် |
| ဆဋ္ဌမ<br>အဆင့် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | သောကြာ<br>လောကဝိဒူ<br>(၅)ပတ် | စနေ<br>ဘဂဝါ<br>(၉)ပတ် | တနင်္ဂနွေ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>ဗုဒ္ဓေါ<br>(၈)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | သောကြာ<br>သုဂတော<br>(၄)ပတ် |
| သတ္တမ<br>အဆင့် | စနေ<br>ဗုဒ္ဓေါ<br>(၈)ပတ် | တနင်္ဂနွေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္လာ<br>အရဟံ<br>(၁)ပတ် | အင်္ဂါ<br>သုဂတော<br>(၄)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>ဘဂဝါ<br>(၉)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | တနင်္ဂနွေ<br>လောကဝိဒူ<br>(၅)ပတ် |
| အဋ္ဌမ<br>အဆင့် | တနင်္လာ<br>ဘဂဝါ<br>(၉)ပတ် | အင်္ဂါ<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် | ဗုဒ္ဓဟူး<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | ကြာသပတေး<br>လောကဝိဒူ<br>(၅)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>အရဟံ<br>(၁)ပတ် | တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ် | တနင်္လာ<br>ဗုဒ္ဓေါ<br>(၈)ပတ် | အင်္ဂါ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် |
| နဝမ<br>အဆင့် | ဗုဒ္ဓဟူး<br>အရဟံ<br>(၁)ပတ် | ကြာသပတေး<br>ဗုဒ္ဓေါ<br>(၈)ပတ် | သောကြာ<br>ဝိဇ္ဇာစရဏ<br>သမ္ပန္နော<br>(၃)ပတ် | စနေ<br>အနုတ္တရော<br>ပုရိသ<br>ဓမ္မသာရထိ<br>(၆)ပတ် | တနင်္ဂနွေ<br>သုဂတော<br>(၄)ပတ် | တနင်္လာ<br>သမ္မာ<br>သမ္ဗုဒ္ဓေါ<br>(၂)ပတ် | အင်္ဂါ<br>လောကဝိဒူ<br>(၅)ပတ် | ဗုဒ္ဓဟူး<br>ဘဂဝါ<br>(၉)ပတ် | ကြာသပတေး<br>သတ္ထာဒေဝ<br>မနုဿနံ<br>(၇)ပတ် |

(မြားပြထားသော အမည်းကွက်များသည် သက်သတ်လွတ်အဓိဋ္ဌာန်ဝင်ရမည့် နေ့ရက်များ ဖြစ်သည်)

www.burmeseclassic.com

www.burmeseclassic.com




# ကနုတ်ခြင်္သေ့

ခက်လိုင်းကျော်

● ခြင်္သေ့ဟာ
ဘယ်သတ္တဝါကိုဖမ်းဖမ်း
ကြိုးပမ်းမှုဝီရိယစွမ်းအား
တန်းတူပဲထားတယ်။

● တစ်ဂူထဲမှာ
နှစ်ကောင်မအောင်းတဲ့ ကေသရာဇာ
မဟာဆီမဟာသွေးဆိုတာလည်း
သိင်္ဂီရွှေခွက်မှာပဲ တည်တယ်။

● ကေသရာဇာ ဟောက်တဲ့အခါ
တောသုံးထောင်မှာရှိတဲ့ သတ္တဝါ
ခန္ဓာစဲရရှာတယ်။

● "တစ်ကောင်တည်းပဲ
ဒါပေမဲ့ ခြင်္သေ့"...တဲ့
တစ်ခါက
ဆရာမကြီးတစ်ဦးရဲ့ စိတ်အယူအစွဲ
ကျွန်တော်...
မိတ္တူဆွဲခဲ့ဖူးတယ်။

● အဲဒီလို
ခြင်္သေ့ကို ဘဝင်မွေ့တတ်ပေမဲ့
ခြင်္သေ့တော့ ခြင်္သေ့ပဲ
မြင်တွေ့ရတဲ့ အထာပုံသရုပ်က
အစာခုန်အုပ်ဖို့ မတတ်မသင်
ဘာဂုဏ်ပုဒ်မှလည်း မဟပ်မထင်
မကြာမကြာ ဖုန်သုတ်ရအဖတ်တင်အောင်
ဖုန်တင်တတ်တဲ့ ခြင်္သေ့မျိုးတော့
အ,သူတွေ ရှိခိုးရှော့လို့
ပုထိုးဘုရားမှာဦး
ဒူးထောက်နိုင်းထားမယ်။

www.burmeseclassic.com

www.burmeseclassic.com




# ဩကာသလောက၏ ဓမ္မ

စန်းနီလာဝင်း

- ရွက်ဝါကြွေကျ၊ မြေမှာခပြီ
  နွေအလှ၏သဘာဝ။

- မြောက်လေဆောင်ညင်း၊ ဟေမာန်တွင်းဝယ်
  နှင်းတွေဝေကျ၊ မြေမှာခပြီ
  ဆောင်းအလှ၏သဘာဝ။

- ဝသန်ချိန်ခါ၊ ရောက်လာပါလျှင်
  ဇွဲရှာမစဲ၊ မိုးပုလဲတို့
  အံခဲစိုးမိုး၊ ရွာသွန်းဖြိုးပြီ
  မိုးအလှ၏သဘာဝ။

- ဩော် . . . နွေခါမိုးဆောင်း၊ ရာသီပြောင်းနေ
  အဟောင်း,အသစ်၊ ဖြစ်ပြီးပျက်နေ
  စဉ်ဆက်မပြတ်၊ ချားရဟတ်သို့
  လည်ပတ်ခါခါ၊ သံသရာသည်
  ဘယ်ခါဆုံးနိုင်၊ နိဂုံးတိုင်အံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com




2 - MAY 2014

# ငြိမ်းချမ်းရေးတေးသံ

ဖျာပုံနီလုံဦး

- တောင်တန်းပေါ်က လေညင်းကလေးရေ
  အဝါရောင် တေးသီချင်းလေးတွေ
  ငါ့ထံကို သယ်ဆောင်ခဲ့ကြပါလေ။

- တောတန်းထဲက ငှက်ကလေးရေ
  အစိမ်းရောင် တေးသီချင်းလေးတွေ
  ငါ့ထံကို ယူဆောင်ခဲ့ကြပါလေ။

- စမ်းချောင်းနံ့ဘေးက လိပ်ပြာကလေးတွေ
  အနီရောင် တေးသီချင်းလေးတွေ
  ငါ့ထံကို သယ်ဆောင်ခဲ့ကြပါလေ။

- အသင်တို့ရဲ့ တေးသံကလေးတွေ
  ငါ့နှလုံးသားမှာ စွဲရစ်စေ
  လူသားအားလုံး ပျော်ရွှင်ပေ
  ကမ္ဘာကြီး အလှဝေ
  ကမ္ဘာကြီး ကျန်းမာကြပါစေ။ ။

www.burmeseclassic.com

www.burmeseclassic.com




# မိုးခါး

မောင်စိန်မြင့်

- အပေါင်းအသင်းများသတဲ့
စကားရော ဖောရော…။


- မိတ်ခွေပေါသတဲ့
မေးပြော,ခေါ်တူး…။

- လမ်းတွေနှုတ်ဆက်
လက်ပြခဲ့ခွာ
ဘာရယ်မဟုတ်
ဟန်လုပ်သင်္ဂဟ
မြင်သမျှဆက်ဆံ
အပေါ်ယံကြော
လောကထဲမှာ…။

- ငါ…
ငါ…အဖြေရှာ
သေချာစေ့ငု
အင်း…
နှလုံးသားအတုနဲ့ပါပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com




# လူ့စိတ်ဓာတ်

ခိုင်သက်အောင်

● သဘောကျတော့
ရွှေဖော့ရိုးနဲ့ မ,ကာ
ထိပ်ပေါ်တင်ကာ တသသ။

● သဘောမကျရင်ဖြင့်
သံဖနောင့်နှင့် နင်းချ
မြေအောက်ကျ ခံရ။ ။

www.burmeseclassic.com

www.burmeseclassic.com



# သရက်ကိုဖျက်မယ့် ညောင်

အောင်သျှင်သူ(မယာမြေ)

- မဟုတ်မဟတ်ရယ်နဲ့
  လုပ်ဇာတ်တော့ သူတို့ထွင်။
  မြန်မာ့ဟန် မပီသ
  လှုပ်ပြဖော်ချင်။

- စတိတ်ရှိုးတဲ့ သူတို့ထွင်
  ကြည့်မြင်သူ ရှက်ဖွယ်ကောင်း။
  ရိုးရာမပီသတာမို့
  မျိုးမြန်မာ ဂီတကျွာလို့
  မြန်မာ့မှု ဂုဏ်ဟန်တင့်ရန်
  တွေးသင့်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com




# မြန်မာအမေ

သျှောင်ကေရှင်(မုံရွာ)

- အမေဆိုတာ နှစ်ယောက်မရှိ
  အတုမရှိတဲ့ အနန္တဂိုဏ်းဝင်။


- အမေ့ရင်ခွင်သည်သာ
  ကမ္ဘာ့အလုံခြုံဆုံးနေအိမ်။

- အမေ့မှာ ထူးခြားတာလေးက
  သားသမီးတွေကို သာတူညီမျှချစ်တဲ့စိတ်။

- အမေ···
  အမေ···
  ဒီလို အမေများစွာထဲမှာ
  အထက်ပါ ဂုဏ်ပုဒ်တွေနဲ့
  မိခင်ပီသ၊ အိမ်ရှင်မလည်းပီသတဲ့ အမေ
  ဘယ်နိုင်ငံသူနဲ့မှလည်း မတူတဲ့ အမေ
  ဒီအမေအမည်က ရိုးရိုးလေး
  "မြန်မာအမေ"···။

www.burmeseclassic.com

www.burmeseclassic.com




# တိမ်အရုပ်

မောင်မြေမွန်(ချောင်းဦး)

- တစ်ခါတစ်ရံ
မာန်ဟုန်ပြင်းပြင်း၊ မင်းယက္ခသို့
ထကြွမယောင်၊ အစွယ်ပြောင်လျက်
ရန်စောင်ပုံခင်း . . .။


- တစ်ခါတလေ
မြွေနဂါးတွန့်၊ လူးလူးလွန့်၍
မရွံ့မကြောက်၊ ပါးပျဉ်းမြောက်လျက်
ကောက်သွေးဟန်ချီ . . .။

- မကြာမကြာ . . .
ကနုတ်မဟာ၊ ကိန္နရာသို့
ပန်တျာမြူးကြွ၊ ယဉ်စစနှင့်
က,တော့မယောင် . . .။

- တိမ်အရုပ်တို့
ဟန်လုပ်ဗလာ၊ နှစ်မပါချေ
လေလာလွင့်ပျောက်၊ တဖျောက်ဖျောက်
မလွမ်းလောက်ဘူး သူငယ်ချင်း . . .။

www.burmeseclassic.com

www.burmeseclassic.com



### မရုပ်းကုန်းမြို့နယ်၊ သန့်စင်တောင်ရှိ

# အောင်စကြာကိုးနဝင်းကပ်ကျော်စေတီ

## နှင့်

# လေးကျွန်းမလှိုင်ဝတထံတာတ်တိုင်များ


ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်သည် ၅၂ လမ်းရှိ ဘုန်းရောင်ဂျာနယ်တိုက်သို့ ရောက်ရှိသွားပါသည်။ ဘုန်းရောင်ဂျာနယ်နှင့် ရောင်ပြန်မဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးမှ ရွှေရောင်စာအိတ်နှင့် ထည့်ထားသော ဖိတ်စာတစ်စောင် ပေးပါသည်။ ထိုဖိတ်စာကို ဖတ်ကြည့်သောအခါ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ရွာရှိ ပထမံအရှင်သူမြတ်ကြီးဆရာလှိုင်ပူဇော်ပွဲ အခမ်းအနားဖိတ်စာ ဖြစ်ကြောင်း သိရပါသည်။ ဖိတ်စာအောက်တွင် သန့်စင်တောင် ယောဂီများဟု ရေးထားသည်။

ကွင်းကောက်လိုက်လိုပါက သန့်စင်တောင်ယောဂီများနှင့် ဦးစွာတွေ့ဆုံရန် ဆရာဦးမောင်မောင်မြင့်အေးမှ အကြံပြုပါသည်။ ထိုသန့်စင်တောင်ကို စာရေးသူအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com




သန့်စင်တောင်
လေးကျွန်းမဏ္ဍိုင်ကျောက်စာတိုင်စေတီ

မကြားဖူး။ မသိရှိပါ။ ဆရာဦးမောင်မောင်မြင့်အေးမှ သမိုင်း၊ ကျိုက်ဝိုင်းဘုရားအရှေ့ဘက်တွင်ရှိကြောင်း လမ်းညွှန်ပေးပါသည်။ ကျိုက်ဝိုင်းဘုရားရောက်ဖူးသော်လည်း ထိုနေရာကို မရောက်ရှိခဲ့ပေ။ ဆရာဦးမောင်မောင်မြင့်အေးမှာ ဆရာကြီးမင်းသိခ်ကဲ့သို့ပင် ရန်ကုန်မြို့ပတ်ဝန်းကျင်ရှိ နေရာဒေသအတော်များများရှိ သမိုင်းဝင် နေရာဌာနများကို သိရှိသူဖြစ်၏။

နောက်တစ်နေ့ မြေနီကုန်းဘက်ရှိ ရှင်စောပုသိမ်တော်သို့ သွားပြီး ဘုရားနှင့် ကျိုက်မရောဆရာတော်အား သွားရောက်ပူဇော်ပါသည်။ မြေနီကုန်းမှ သမိုင်းဘက် ဆက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ မြေနီကုန်းပတ်ဝန်းကျင်တွင် မေးကြည့်သည်။ မကြားဖူးကြောင်း ပြောသည်။ မြေနီကုန်းကားမှတ်တိုင်ရောက်သာအခါ အသက် ၆၀ ကျော်အရွယ်ရှိ ဂိတ်မှူးတစ်ဦးအား မေးကြည့်ရာ “အဓိပတိကားစီးသွားရင် ရောက်တယ်။ ညာဘက်ထဲဝင်သွားပါ။ အရင်က မင်းသားကြီးခင်မောင်ဇင် စတူဒီယိုအနီးမှာ ရှိတယ်”စသည်ဖြင့် လမ်းညွှန်ပေးပါသည်။

အဓိပတိအနီ စီးသွားသောအခါ ကျိုက်ဝိုင်းစေတီတော်ရှေ့ ရောက်သည်။ လမ်းဘေးမှ ဈေးဆိုင်တစ်ဆိုင်ကို မေးကြည့်ရာ “ရှေ့နားက လမ်းလေးထဲမှ ဝင်သွားပါ”ဟု ပြောဆိုသည်။ စာရေးသူလည်း ကျိုက်ဝိုင်းစေတီတော်ကြီးတောင်ဘက်ခြမ်းရှိ လမ်းကလေးထဲမှ ကွေ့ကောက်ဝင်သွားပြီး လမ်းဆုံရောက်သောအခါ မေးစရာလူမရှိ၍ တောင်းအော့ကားဖြူလေးတစ်စီးဝင်လာ၍ မေးလိုက်ရာ ကားမောင်းသူမှ



သန့်စင်တောင်
အဘဘသုခဓိနမုနိ ရုပ်ရှင်တော်မြတ်




www.burmeseclassic.com

www.burmeseclassic.com

"နောက်က တက်လိုက်ပါ။ သန့်စင်တောင်ရှေ့ လိုက်ပို့ပေးမယ်"ဟု ပြောဆိုလေ၏။ ထိုကားဖြူလေးမှ သန့်စင်တောင်ရှေ့တည့်တည့်ရပ်ပေးပြီး ဆက်မောင်းသွားပါသည်။

တောင်ရှေ့ရောက်သောအခါ လူလည်းမတွေ့၊ ဘာသံမှလည်း မကြားရ။ မုခ်ဦးသံတံခါးကြီးကိုလည်း သော့ခတ်ပိတ်ထားတာ မြင်ရသည်။ အခြေအနေစောင့်ကြည့်ပြီး တံခါးအသေးကို ဖွင့်ကာ လှမ်းဝင်လိုက်ပါသည်။ တောင်ပေါ်ကျောင်းတွင် လူနှစ်ဦးထိုင်နေတာ တွေ့ရသည်။ အကျိုးအကြောင်း ပြောပြသောအခါ ဆရာကြီး ဦးသန်းထူး မရောက်သေး၍ ၂၄ ရက်နေ့ချိန်းလိုက်သည်။ ၂၄ ·၁ · ၂၀၁၄



ဘုရားစေတီ တံခွန်တိုင်အမြင့်တွင် ပူဇော်ထားပုံ

သောကြာနေ့တွင် ဓမ္မမိတ်ဆွေ ဦးမောင်အေးနှင့် ချိန်းကာ ကျွန်ုပ်နှင့် ဆရာကျော်ဇောဟိန်း(နံ့သာ) သုံးဦးသွားကြသည်။ ဆရာကြီးမလာခင် ဘုရားကန်တော့၊ ပထမံအရှင်မြတ်ကို ကန်တော့ပြီး ပတ်ဝန်းကျင်ကို လေ့လာကြသည်။

ဆရာကြီးဦးသန်းထူး ရောက်ရှိလာသောအခါ စာရေးသူတို့နှင့် မိတ်ဆက်ပြီး ပထမံဝိဇ္ဇာအရှင်သူမြတ်ကြီး ဆရာလှိုင်အကြောင်း၊ ဝိဇ္ဇာများအကြောင်း၊ ယနေ့ခေတ်ကာလတွင် မသိနားမလည်သူတို့က ဝိဇ္ဇာတွေကို ပုတ်ခတ်ပြောဆိုနေတာ အပြစ်ဖြစ်ကြောင်း၊ အမှန်ကိုသိမြင်ဖို့လိုကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။ ကျွန်ုပ်တို့လည်း သိလိုသည်များကို ပြန်လည်မေးမြန်းပြီး အသံဖမ်းစက်ဖြင့် မှတ်တမ်းတင်ထားခဲ့ပါသည်။ ထို့နောက် ကွင်းကောက်ခရီးစဉ်အကြောင်း မေးမြန်းပါသည်။ ထိုခရီးစဉ်နှင့် ပတ်သက်၍ ပူဇော်ပွဲအကြောင်းကို



ပထမံအရှင်မြတ်ကြီး ရုပ်တုပုံတော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးကောဝိဒ ရုပ်တုတော်

ဘုန်းရောင်ဂျာနယ်တွင် ဓာတ်ပုံများနှင့်တကွ သတင်းဆောင်းပါးရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်စာရေးသူအနေဖြင့် မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူလွင် ပို့ဆောင်ပေးမှုကြောင့် ကွင်းကောက်အောင်မြေသို့ နေ့ချင်းပြန်သွားရောက်ပူဇော်ခွင့် ရရှိခဲ့ရပါသည်။ ထိုကွင်းကောက်အောင်မြေဌာနနှင့် ပထမံဆရာလှိုင် အရှင်မြတ်ကြီးအကြောင်းကို သီးသန့်ဆောင်းပါးရေးသား ဖော်ပြပေးပါမည်။ (စာရေးသူ)

ဆရာကြီးဦးသန်းထူးနှင့် ကွင်းကောက်ခရီးစဉ်အကြောင်း ပြောဆိုကြပြီးနောက် သန့်စင်တောင်အကြောင်း မေးမြန်းပါသည်။ ဆရာကျော်ဇောဟိန်း(နံ့သာ)မှလည်း စာအုပ်ထဲမှာ လိုက်လံရေးသား မှတ်သားသည်။ မဂ္ဂဇင်း၊ ဂျာနယ်တွင် ပါရှိပါက လာချင်သူများ အလွယ်တကူ လာနိုင်ပြီး ပဋ္ဌာန်းဆက်ရှိသူများလည်း နေရာမှန်ရာနိုင်မည်ဖြစ်ကြောင်း ဆရာကြီးအား ပြန်လည်ရှင်းပြပေးပါသည်။ ဆရာကြီးတို့ အယူအဆကတော့ ကြော်ငြာအသိပေးစရာ မလို။ ပထမံပဋ္ဌာန်းဆက်ရှိသူတို့ အချိန်တန်လျှင် ရောက်လာပါမည်ဟု ပြောဆိုပါသည်။ သန့်စင်တောင်အကြောင်း မေးမြန်းပြီး ဘုရား၊ စေတီ၊ သာသနိကအဆောက်အအုံများကို ဓာတ်ပုံရိုက်ခွင့်တောင်းပြီး ဓာတ်ပုံရိုက်ပူဇော်ခဲ့ကြပါသည်။

သန့်စင်တောင်သည် လွန်ခဲ့သောနှစ်ပေါင်း များစွာကပင် တည်ရှိခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရှေးအခါကတည်းက သိင်္ဂုတ္တရကုန်းတော်၊ မင်းဓမ္မကုန်း၊ စော်ဘွားကြီးကုန်း၊ မြေနီကုန်း စသည်ဖြင့် ကုန်းကိုးကုန်းတည်ရှိခဲ့သည်ဟု ရှေးလူကြီးတွေ ပြောဆိုသံ ကြားရပါသည်။ ကျိုက်ဝိုင်းစေတီသည်လည်း ကုန်းပေါ်တွင် တည်ရှိသည်။ ဘုရားသမိုင်းစာအုပ်တွင်လည်း ကုန်းတော်အမည်တွေ ပါရှိတတ်သည်။ ယခု သန့်စင်တောင်သည်လည်း ယခင်က ဣန္ဒာသယတောင်ဟု ခေါ်သည်။ သန့်စင်လမ်းကို အကြောင်းပြု၍ သန့်စင်တောင်၊ ရုပ်ရှင်မင်းသားကြီး ခင်မောင်ဇင်ကို အစွဲပြု၍ မင်းသားကြီးတောင်(မင်းကြီးတောင်) စသည်ဖြင့် အမည်လေးမျိုးလောက်ရှိသည်ဟု သိရသည်။

ထိုတောင်ပေါ်တွင် ထုံးဖြူစေတီ ကိုးတောင်ပြည့်တစ်ဆူ ရှိသည်။ ဘွဲ့အမည်မှာ အောင်စကြာကိုးနဝင်းကပ်ကျော်စေတီဖြစ်သည်။ ထိုတောင်ပတ်ဝန်းကျင်တွင် သစ်ကြီး၊ ဝါးကြီးများ ပေါက်ရောက်နေပြီး ချုံပင်၊ နွယ်ပင်လည်း ရှိသည်။ နဂါးသိုက်လည်း ရှိသည်။ ရုပ်ရှင်စတူဒီယိုတစ်ခု တောင်ခြေအနီးတွင် တည်ရှိသည်။ တောကား၊ တောင်ကား၊ သိုက်ကားတွေ ရိုက်၍ ကောင်းသောနေရာ ဖြစ်သည်။ နေဝင်မိုးချုပ်လျှင် ထိုတောင်ပတ်ဝန်းကျင်မှ လူတိုင်းဖြတ်သွားရဲကြပေ။ မြွေသတ္တဝါများ ထွက်လာတတ်သည်။ အကောင်ကြီးမြင်တတ်သောကြောင့် ကြောက်ရွံ့ကြသည်ဟု ဆိုသည်။ နောင်အခါ ထုံးဖြူစေတီလေးမှာလည်း ယိုယွင်းပျက်စီးလာသည်။ ထိုတောင်ပေါ်တွင် လူအမည် ဦးချစ်လှိုင်၊ ဘုန်းကြီးဘွဲ့ ဦး----မည်သော ရဟန်းတစ်ပါးတည်း ကျောင်းဆောက်၍ မူတင်ကျင့်သည်။ တောင်ပေါ်တွင် သီတင်းသုံးလိုက်၊ အဓိဋ္ဌာန်ခရီးထွက်လိုက် ပြုလုပ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ဆရာကြီးဦးသန်းထူးနှင့် ထိုတောင်ပတ်ဝန်းကျင်ကို တံမြက်စည်းလှည်း သန့်ရှင်းရေးပြုလုပ်ကြသည်။ ဆရာတော်ဦးကောဝိဒမှ အထက်ပုဂ္ဂိုလ်များ၏ အမိန့်အရဟုဆိုကာ ဓာတ်ပန္နက်ရိုက်ဖို့ အမိန့်ချမှတ်သည်။ မူလစေတီပေါ်မှ စေတီတစ်ဆူ ငုံ၍တည်ရန် စီစဉ်သည်။ မူလစေတီဘုရားဒါယကာ + ဒါယိကာမမှာ ဦးသာခွန်း + ဒေါ်သန်းရင် ဖြစ်ပါသည်။ ထိုအလှူရှင်မှာ မင်းသားကြီး ခင်မောင်ဇင်၏ မိဘများ ဖြစ်ကြသည်။

ဆရာဦးသန်းထူးနှင့် အဖွဲ့အား ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး မေတ္တာသုတ် ကိုးခေါက်ရွတ်ကာ ဦးစွာပထမတံမြက်စည်းလှည်း၏ သန့်ရှင်းရေးဆောင်ရွက်ခိုင်းခြင်းမှာလည်း တောင်တော်ကို သန့်စင်ခိုင်းခြင်း ဖြစ်ပါသည်။ ထိုတောင်ကုန်းပေါ်တွင် ကုလားသိုက်၊ နဂါးသိုက် ပေါင်းစုံရှိသည်။ ကိုးနဝင်းစေတီ ပန္နက်မရိုက်ခင် ပထမံဓာတ်ပန္နက် အရင်ချသည်။ လေးကျွန်းမဏ္ဍိုင် ကျောက်စာတိုင် ဦးစွာတည်သည်။ သက်ရှိလောကတွင် ဓာတ်ကြီးလေးပါး အရေးကြီးသလို လောကုတ္တရာတွင် သစ္စာလေးပါးမဏ္ဍိုင် ပိုင်ပိုင်နိုင်နိုင် ဖမ်းထားဖို့ အရေးကြီးသည်။ ပထမံအရှင်မြတ်ကြီးသည် လောကီ၊ လောကုတ္တရာ ပိုင်နိုင်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။ စေတီတွင် နဝင်းဓာတ်ဖြင့် အောင်ကိုးတောင် ၁၈ ပေ၊ ၂၇ ပေ စသည်ဖြင့် ဉာဏ်တော်အမြင့် သတ်မှတ်တည်သည်။

ကိုးနဝင်းစေတီတည်ရန် ဦးအုန်းခိုင်မှ ပန္နက်ရိုက်သောအခါ အုတ်တံတိုင်း(ဖောင်ဒေးရှင်း) ပန္နက်ပေါ်မှာ မြွေတစ်ကောင်လာအုပ်ထားသည်။ ဦးအုန်းခိုင်မှ "ဘာထူးခြားမလဲ" ဟု မေးသောအခါ ဆရာကြီးဦးသန်းထူးမှ "ခင်ဗျားမလုပ်နဲ့လို့ လာတားတာ"ဟု ပြောလိုက်သည်။ နဂါးသိုက်ကိုယ်စားလာခြင်းဖြစ်သည်။ ထို့ကြောင့် သိုက်နှင့် မိတ်ဖွဲ့ရသည်။ ဘုရားပွဲ(သာသနာပွဲ)၊ ဝိဇ္ဇာပွဲပေးပြီး နဂါးသိုက်ပွဲ လှူဒါန်းပေးသည်။ ညကျတော့ အိပ်မက်ပေးသည်။ နဂါးတစ်ကောင်ပုံစံရောက်လာပြီး ခေါင်းမှ လူခေါင်းပုံစံဖြစ်လာပြီး တဖြည်းဖြည်းလူပုံစံဖြစ်သွားသည်။ တရားဓမ္မအကြောင်း ဆွေးနွေးပြီး "ဤတောင်ပေါ်မှာ တရားအလုပ်လုပ်ပါ့မယ်၊ မင်းတို့ကူညီပါ၊ အနှောင့်အယှက်မပေးကြပါနဲ့"လို့ ပြောလိုက်သောအခါ ကူညီပါမည့်အကြောင်း ကတိပေးကာ ပျောက်ကွယ်သွားလေ၏။

၁၉၇၅၊ ဇန်နဝါရီ ၄ ရက်နေ့တွင် ပန္နက်ရိုက်သည်။ ရှသေ့ ၂၇ ပါး၊ ယောဂီပုဂ္ဂိုလ်များနှင့် ပန္နက်ချကြသည်။ နဝရတ်ကိုးပါး ဓာတ်ပစ္စည်းများ၊ မတ်ကိုးမတ်တို့ပါကြောင်း မှတ်မိသည်။ မြန်မာသက္ကရာဇ်အားဖြင့် ၁၃၃၆ ခု၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ စနေနေ့ ဖြစ်သည်။ ၁၃၃၇ ခု၊ ကဆုန်လပြည့်နေ့မှာ ထီးတော်တင် မင်္ဂလာအခမ်းအနား ပြုလုပ်သည်။ အရံစေတီ ရှစ်ဆူလည်း ထီးတင်သည်။ စုစုပေါင်း ကိုးဆူ နဝင်းပြည့်ဖြစ်သည်။ မူလစေတီကို "ဝ"ကိုးဝ ပလ္လင်ခံ၍ တည်သည်။ ယခု (ခိုင်)သုံးခိုင်ဖြင့် တည်သည်။ ခိုင်သုံးခိုင် ဆိုသည်မှာ (၁) ဘုရားတကာမ ဒေါ်ညွန့်ခိုင် (ဦးသာခွန်း+ဒေါ်သန်းရင်၏ သမီး)၊ (၂) ပန်းရန်ဆရာ ဆရာခိုင်၊ (၃) သာသနာ့အကျိုးဆောင် ဦးအုန်းခိုင်။

ထီးတင်ပွဲပြုလုပ်ရန် အစပထမတွင် အခက်အခဲကြုံတွေ့ရ၏။ အနှောင့်အယှက်လည်း ရှိနေသည်။ သန့်စင်တောင်နေရာတွင် ဘုရားပွဲပြုလုပ်ကျင်းပပြီး (လုပ်စား)တဲ့လူတွေ ရှိသည်။ ထို့ကြောင့် ပထမံအရှင်မြတ်ကြီး၏ တပည့်တွေ ဝင်လာတာ မကျေနပ်ကြပေ။ ထီးတင်၍မရအောင် အနှောင့်အယှက်ပေးကြသည်။ ဆရာတော်ဦးကောဝိဒ ကြွလာသည်။ ပခုံးပေါ်တင်ထားသော တဘက်ကို ရိပ်သာတိုင်မှာ ကောက်ချည်လိုက်သည်။ ဘာမှ မကြောက်နဲ့၊ လုပ်စရာရှိတာ လုပ်ဟု မိန့်သည်။ မကြာမီ မြို့နယ်ကောင်စီမှ ဖုန်းဆက်သည်။ ဆရာကြီးတို့ ပါမစ်ယူစရာမလိုပါဘူး၊ အသံချဲ့စက်လည်း အသုံးပြုနိုင်တယ်၊ အများပြည်သူကိုလည်း ဖူးခွင့်ပေးလိုက်ပါဟု ပြောဆိုသည်။ ကြည့်မြင်တိုင် ပန်းထိမ်တန်းမှ မင်္ဂလာစည်တော်နှင့် အောင်မြင်စွာ ထီးတော်တင်နိုင်ခဲ့သည်။ အောင်စကြာကိုးနဝင်း ကပ်ကျော်စေတီထိပ်တွင် သင်္ဘောဦးပုံ ပြုလုပ်ထားသည်။ စေတီဘေးနားကို မဂ္ဂင်ဖောင်စိုက်နေပုံဖြစ်သည်။ စေတီတော်အနီးတွင် တံခွန်တိုင်၊ ရဟန္တာ၊ မြင်းမိုရ်တောင် နဂါးစသည်တို့ တွေ့ရှိရသည်။ ကမ္ဗည်းကျောက်စာတိုင်တစ်ခုတွင် အောက်ပါအတိုင်း ရေးသားထားသည်။

**"စိရံ တိဋ္ဌတု သဒ္ဓမော"**

ကျေးဇူးရှင် ကွင်းကောက်ပထမံအရှင်မြတ်ကြီးအား အမှူးထားလျက် သာသနာအကျိုးနှင့် သတ္တဝါဝေနေယျများ အကျိုးငှာလည်းကောင်း၊ မိဘနှစ်ပါးဖြစ်သော (ဦးဝှမ်းနား+



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်လှ)တို့အား ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် ရည်စိတ်သန်၍ -

(က) အဘယဝီနုသုခ ရုပ်ပွားတော်မြတ်နှင့် ထီးတော်၊

(ခ) ရှင်မဟာမောဂ္ဂလာန် ရဟန္တာရုပ်တုတော်၊

(ဂ) ရှင်ဥပဂုတ္တရဟန္တာ

(ဃ) ရှင်သီဝလိရဟန္တာ

(င) ရွှေဟင်္သာတံခွန်တိုင်နှစ်လုံး

(စ) ရင်ပြင်တော်တွင် စကျင်ကျောက်ပြား ခင်းခြင်းတို့ကို နန္ဒောပနန္ဒနဂါးမင်း အောင်မြင်တော်မူခန်းနှင့်အတူ ရန်ကုန်မြို့ သမိုင်း သန့်စင်တောင်တော်တွင် မဂ္ဂင်သဘော်တည်ဆောက်၍ သားသမီးယောဂီများက လှူဒါန်းပူဇော်ထားရှိပါသည်။ ၁၃၆၁ ခု၊ တပေါင်းလပြည့် (၁၉·၃·၂၀၀၀)ဟု ရေးထားပါသည်။

အဘယသုခဝီနမုနိရုပ်ရှင်တော်မြတ်ရှေ့တွင် အောင်ခြင်းရှစ်ပါး အချုပ်ဂါထာတော်နှင့် အဓိဋ္ဌာန်ဝင်ပါက အစစအရာရာ အောင်မြင်မှုရစေသည်။ မြင်းမိုရ်တောင်ရှေ့မှာ "အရဟံ"ဂုဏ်တော် ၈၄၀၀၀ ကိုးရက်အဓိဋ္ဌာန်ဝင်ပါက ပေါက်မြောက်အောင်မြင်သည်။ (မြင်းမိုရ်တောင်ကို နန္ဒောပနန္ဒနဂါးပတ်ထားသည်) စက်တော်ရာတွင် မြတ်စွာဘုရား၏ စက်တော်တွေ ပူဇော်ပါက သိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုးရရှိစေသည်။ ငြိုဟ်ရှစ်ခွင်တွင် လောကစံရှစ်ပါးဂါထာ (သို့) အောင်ခြင်းရှစ်ပါးဂါထာ ပူဇော်၊ အာဇီဝဋ္ဌမကသီလ ဆောက်တည်ပါက လောကစံအဆိုး သက်သာရာရစေသည်။ အောင်စကြာကိုးနဝင်း ကပ်ကျော်စေတီကို လာရောက်ပူဇော်သူတွေ "နဘယံ သုခံ ဣစ္ဆိတံ"ဆုနှင့် ပြည့်စုံစေသည်။

ပထမံအရှင်မြတ်ကြီး ကျောင်းဆောင်တော်တွင် ဆင်ခံဗုဒ္ဓမြတ်စွာဘုရား ပူဇော်ထားပြီး ပထမံအရှင်မြတ်ကြီး ဆရာလှိုင်ပုံတော် ဓာတ်ပုံအမျိုးမျိုးနှင့် ယွန်းကျောင်းဆရာတော် ဦး‌ေ (ခ) ပထမံဆရာလှိုင်၏ ဓာတ်ပန္နက်များ နိုင်မြဲစွာ စိုက်ထူထားပါသည်။ ထူးခြားမှုမှာ မှန်ဝတွင် ဇော်ဂျီပုံ၊ ဦးကွက်ရုပ်နေပုံ တွေ့ရခြင်းဖြစ်သည်။ အဓိပ္ပာယ်ကို မေးကြည့်ရာ သန့်စင်တောင် မြေကြီးပြို၍ အုတ်တံတိုင်းပြိုသော ဓာတ်ခိုက်လာ၏။ ထို့ကြောင့် ဇော်ဂျီ၊ ဦးကွက် ဓာတ်ဆင်ပေးလိုက်သောအခါ တောင်မပြိုသည့်အပြင် အောင်မြင်တိုးတက်လာသည်ဟု ရှင်းပြပါသည်။ ဇော်ဂျီက အိမ်ဦးတိုက်၊ လည်ဦးတိုက် ကာကွယ်ပြီး ဦးကွက်က စီးပွားတက်စေသည်ဟု ဂမ္ဘီရနည်း ရခဲ့ပါသည်။ ဇမ္ဗူအေးခေါင်းလောင်းတော်ကြီးနှင့် ဇော်ဂျီပျံပုံလည်း တွေ့ရပါသည်။ ဦးကွက်(လာဘ်)၊ ဇော်ဂျီ(တန်ခိုး) ကိုယ်စားပြုပြီး ဇော်ဂျီပျံလှူထားခြင်းမှာ အထက်ကိုတက်သော သဘောဖြစ်သည်။ ပထမံအရှင်မြတ်ကြီး၏ ဓာတ်ပန္နက်အဖြစ် နဝင်းစမပုံတော်များနှင့် ရွှေဓား (ပထမံဓား)၊ အရဟံနဝင်းစမ၊ ရဟန္တာပုံ၊ ပဋ္ဌာန်းနဂါးတွေကို အုတ်နံရံမှာ စနစ်တကျ ပြုလုပ်ထားပါသည်။ ဝိဇ္ဇာတွေပျော်မြူးရာ ဖလ်မိလ္လာတောင်စခန်း ပန်းချီပုံကြီးလည်း တွေ့မြင်ရသည်။ ပထမံအရှင်မြတ် ကျောင်းဆောင်အနီးတွင် တောင်ပိုင်ဘိုးဘိုးကြီး၊ ဘိုးတော်သိကြားမင်း၊ သူရဿတီ မယ်တော်နန်းတွေ ရှိသည်။

ကျွန်ုပ်တို့လည်း လှည့်ပတ်ဓာတ်ပုံရိုက်ပူဇော်ပြီး အောက်ဘက်ဆင်းလာသောအခါ ထီးတော်ဟောင်းနှင့် စည်တော်ဟောင်း တွေ့ရသည်။ ဝါးပိုးဝါးအပင်ကြီးတွေလည်း ရှိသည်။ မုခ်ဦးပြာသာဒ်ကို ၁၃၆၂ ခုတွင် ပြုလုပ်ထားကြောင်း စာတန်းရေးထိုးထားသည်။ အလှူရှင် ဘုရားဒါယကာ ဖခင်ကြီး ဆရာဝန်ကြီး ဦးကြည်မောင်၊ မိခင်ကြီး ဒေါ်သွန်းခိုင်အား အမှူးထားလျက် သားသမီးများက လှူထားခြင်းဖြစ်သည်။ သန့်စင်တောင်သမိုင်းမှာ စိတ်ဝင်စားဖွယ်ကောင်းသလို၊ ဂမ္ဘီရလည်း ဆန်နေပါသည်။ သန့်စင်တောင်ယောဂီများကို လိုက်နာကျင့်သုံးရမည့် ကွင်းကောက်ပထမံ အရှင်မြတ်ကြီး ဩဝါဒတော်များလည်း မှတ်သားရပါသည်။ အဓိက အနှစ်ချုပ်မှာ **"တြိအင္ဂနဝ ပိုင်ပိုင်ဆောက်တည်နိုင်က လေးခိုင်စမလိုတိုင်းပါ၏"**ဟူ၍ဖြစ်သည်။ ဆောင်းပါးအလွန်ရှည်သွားမည်စိုးပါသဖြင့် အနှစ်ချုပ်လိုက်ရပါသည်။ သန့်စင်တောင်၊ သမိုင်း အမှတ်(၃)ရပ်ကွက်တွင် ကျင်းပသော ပူဇော်ပွဲအကြောင်း ရေးပါက ကျင့်စဉ်နှင့် ဩဝါဒများ ရေးသားဖော်ပြပေးပါဦးမည်။ အဓိဋ္ဌာန်တည်ဆောက်လိုသူ၊ လိုရာဆန္ဒပြည့်လိုသူများ မဖြစ်မနေသွားရောက်သင့်သော တောင်မြတ်ဖြစ်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော
# ငါးထပ်ကြီးမြတ်စွာဘုရားများ

ဆွေမြင့်သူ(ကြေး/မြေ)

စာရေးသူသည် ရောင်ပြန်မဂ္ဂဇင်း၌ "ကျွန်တော်သိသော ရွှေမြင်တင် ဘုရားများ"၊ "ကျွန်တော်သိသော ဖောင်တော်ဦးစေတီများ"နှင့် "ကျွန်တော်သိသော ရွှေစည်းခုံဘုရားများ" ဆောင်းပါးသုံးပုဒ်ကို ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ စစ်ကိုင်းမြို့ရှိ ငါးထပ်ကြီးဘုရားရုပ်ပွားတော်ကြီး၊ ရန်ကုန်မြို့ရှိ ငါးထပ်ကြီးမြတ်စွာဘုရားနှင့် ကျောက်တန်းမြို့နယ်၊ ပါဒကြီး ငါးထပ်ကြီးဘုရားများ အကြောင်းကို ထပ်လောင်းရေးသား တင်ပြလိုက်ပါသည်။

## (က) ရန်ကုန်မြို့ ငါးထပ်ကြီးမြတ်စွာဘုရား

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဆရာတော် ဦးဇာဂရ၏ ဂရန်မြေ ငါးထပ်ကြီးကျောင်းတိုက်၏ အရာမ်အတွင်း၌ "မဟာသကျ အတုလမာန်အောင်" ဘွဲ့တော်ဆောင်သော ငါးထပ်ကြီးမြတ်စွာဘုရားရုပ်ပွားတော်တည်ရှိပါသည်။ ထိုဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးကို စစ်ကိုင်းမြို့ရှိ ငါးထပ်ကြီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပုံစံယူ မိုငြမ်းပြုစေ၍ ဘုရားဒါယကာ ဦးဘိုးအောင်က ပန်းချီဆရာကြီး ဆရာဉာဏ်၏အကူအညီဖြင့် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်အခါက အောက်မြန်မာနိုင်ငံရှိ အင်္ဂတေနှင့် ပြုလုပ်သော ရုပ်ပွားတော်မြတ်ကြီးများအနက် ရန်ကုန်မြို့ ဗဟန်းမြို့နယ်အတွင်းရှိ ငါးထပ်ကြီးမြတ်စွာဘုရားသည် အကြီးဆုံးရုပ်ပွားတော်မြတ်ကြီး ဖြစ်သည်ဟုဆိုသည်။ ဦးဘိုးအောင်သည် မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၀၁ ခုနှစ်တွင် ဘုရားဟောင်းများစွာ စုပေါင်းလျက် အရှေ့တောရကြီးဆရာတော် ဦးအာသဘကို အမှူးထား၍ အရာမ် အရှေ့တောရပ် တောအုပ်ကြီးအတွင်း၌ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ပါသဖြင့် ယခုဆိုလျှင် နှစ်ပေါင်းတစ်ရာကျော်ကြာမြင့်ခဲ့ပြီး ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် ဘုရားကြီးရာပြည့်ပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ စစ်ကိုင်းငါးထပ်ကြီးဘုရား၏ ရုပ်ပွားတော်ကို မိုငြမ်းပြု တည်ထားသည့် အတွက်ကြောင့်လည်း ငါးထပ်ကြီးဘုရားဟု ခေါ်ဝေါ်ကြပါသည်။

ငါးထပ်ကြီးဘုရား သီတင်းသုံးရာ မူလပထမဂန္ဓကုဋိကျောင်းတော်ကြီးမှာ ဘုံငါးဆင့်ရှိ၍လည်း ငါးထပ်ကြီးဘုရားဟု တစ်နည်းခေါ်တွင်သည်။ ငါးထပ်ကြီးဘုရား၏ ပွဲတော်ကို နှစ်စဉ် ပြာသိုလပြည့်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြသည်။

## ငါးထပ်ကြီးမြတ်စွာဘုရား၏ အံ့ဩဖွယ်ရာများ

ငါးထပ်ကြီးဘုရား တည်ထားကိုးကွယ်ရာဖြစ်သော အရာမ်မြေ၏ အံ့ဩဖွယ်ရာအသွယ်သွယ်ကို အောက်ပါအတိုင်း သိရှိမှတ်သားရပါသည် -



www.burmeseclassic.com

www.burmeseclassic.com




ရန်ကုန်မြို့၊ ငါးထပ်ကြီးဘုရား

(က) မကောင်းကြံစည်သော ပုဂ္ဂိုလ်များ ဒဏ်သင့်တတ်ခြင်း။

(ခ) လူကို သေစေတတ်သော အဆိပ်ပြင်းသော မြွေဆိုးများ မနေနိုင်ခြင်း၊ မရှိခြင်း။

(ဂ) ပိန္နဲ၊ စောင်းလျား၊ ထန်းအသီးအနှံများ ၁၂ ရာသီ ပွင့်ခြင်း။

(ဃ) ဘုန်းသမ္ဘာရှိသူ အကြီးအကဲတို့ကိုသာ လက်ခံ၍ ဘုန်းမဲ့သူများကို ဖယ်ရှား၍ ကြာရှည်စွာ လက်မခံခြင်း။

(င) ကျေးငှက်များ နေ့၊ ညဥ့် မြူးထူးရွှင်ပျခြင်း။

(စ) လောကီ၊ လောကုတ် ဆုတောင်းမှုပြည့်ခြင်း။

(ဆ) အဓိဋ္ဌာန်အကြံအစည် သစ္စာပြုခြင်းမျိုး အလွယ်တကူ အောင်မြင်တတ်ခြင်း။

(ဇ) လောကီဂိုဏ်းဆရာတို့ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့ခါတ်ဆင်၊ မန်းမှုတ်ပြုလုပ်ကြခြင်း။

(ဈ) ဥစ္စာစောင့်များ ပျော်မွေ့နေထိုင်ကြသည်ဟု လောကီဆရာတို့ ယုံကြည်ကြခြင်း။

(ည) ခေတ်အဆက်ဆက် ဘေးအန္တရာယ်ကင်းလွတ်ခြင်း။

(ဋ) လျှိုမြောင်၊ ဂနိုင်၊ စိမ့်စမ်း၊ တော၊ သစ်ပန်းတို့ဖြင့် စိတ်နှလုံးကို ယူကျုံးသည့်နှယ် မွေ့လျော်ဖွယ် ကြည်နူးရွှင်ပျ အေးချမ်းသာယာခြင်း။

**မှတ်ချက်**။ မြင်ကွန်းမင်းသားကြီးသည် အဆွေခင်ပွန်း သူငယ်ချင်းဖြစ်သူ ဆရာတော် ဦးအာသဘထံ ကန်တော့ပြီး ဤနေရာတောအုပ်မှ အင်ဒိုချိုင်းနားသို့ သွားရောက်ကြောင်းနှင့် ထိုမြင်ကွန်းမင်းသားကြီး၏ အနွယ်များက ဤနေရာတွင် လှမ်းစေတီကို တည်ထားကြောင်း ဆရာစဉ်ဆက် တစ်ဆင့်စကား ကြားခဲ့ရဖူးသည်။

## ငါးထပ်ကြီးမြတ်စွာဘုရား၏ ဉာဏ်တော်အတိုင်းအထွာများ

၁။ ကြာပလ္လင်မှ မကိုဋ်တော်ဖျားအထိ ၁၁၈ မိုက် (၅၉ ပေ)

၂။ သျှောင်တော်လုံးပတ် ၁၃ တောင် (၁၉ ပေ၊ ၆ လက်မ)

၃။ မထိတော်အဝန်း ၂၁ တောင် (၃၁ ပေ၊ ၆ လက်မ)

၄။ သင်းကျစ်တော်အရှည် ၁၃ တောင် ၁ မိုက် (၂၀ ပေ)

၅။ သင်းကျစ်အကျယ် ၂ တောင် ၄ သစ် (၁ ပေ၊ ၉ လက်မ)

၆။ မျက်လုံးတော်အလျား ၂ တောင် ၃ သစ် (၃ ပေ၊ ၂ လက်မ)

၇။ မျက်ခုံးတော် ၃ တောင် (၄ ပေ၊ ၆ လက်မ)

၈။ နှာသီးတော်မှ နားတော်ထိ ၆ တောင် ၂ မိုက် (၁၀ ပေ)



www.burmeseclassic.com

www.burmeseclassic.com

၉။ နားတော်အရှည် ၅ တောင် (၇ ပေ၊ ၆ လက်မ)
၁၀။ နှာခေါင်းတော်အရှည် ၅ တောင် (၇ ပေ၊ ၆ လက်မ)
၁၁။ ခံတွင်းတော် ၃ တောင် (၄ ပေ၊ ၆ လက်မ)
၁၂။ မေးခွန်းမှ သင်းကျစ်တော်အထိ ၆ တောင် ၂ မိုက် (၁၀ ပေ)
၁၃။ လည်ပင်းတော် ၁၃ တောင် ၁ မိုက် (၂၀ ပေ)
၁၄။ လက်ယာပခုံးတော်မှ လက်ဝဲပခုံးတော်ထိ ၁၆ တောင် (၂၄ ပေ)
၁၅။ ပခုံးစွန်းမှ လည်တော်အထိ ၅ တောင် ၂ မိုက် (၈ပေ၊ ၆ လက်မ)
၁၆။ ခါးတော်လုံးပတ် ၂၁ တောင် (၃၁ ပေ၊ ၆ လက်မ)
၁၇။ လက်မောင်းတော်လုံးပတ် ၁၀ တောင့်ထွာ (၁၅ ပေ၊ ၉ လက်မ)
၁၈။ ပခုံးမှ တံတောင်ဆစ်ထိ ၁၀ တောင် ၁ မိုက် (၁၅ ပေ၊ ၉ လက်မ)
၁၉။ လက်ကောက်ဝတ်မှ တံတောင်ဆစ်ထိ ၈ တောင် ၁ မိုက် (၁၅ ပေ၊ ၆ လက်မ)
၂၀။ ဒူးစွန်းနှစ်ဖက် ၄ တောင် ၁ မိုက် (၁၂ ပေ၊ ၆ လက်မ)
၂၁။ လက်ဝါးတော်အရှည် ၆ တောင် ၂ မိုက် (၁၀ ပေ)
၂၂။ လက်မတော်အရှည် ၃ တောင် (၄ ပေ၊ ၆ လက်မ)

ငါးထပ်ကြီးမြတ်စွာဘုရားသည် ရန်ကုန်မြို့လယ်တွင် တည်ထားသော ဘုရားတစ်ဆူဖြစ်သော်လည်း တည်နေရာအရ အတွင်းသို့ အနည်းငယ်ဝင်ရခြင်း၊ မော်တော်ယာဉ်များ ဝင်ထွက်သွားလာရန် လမ်းကန့်သတ်ချက်များကြောင့် ရှေးယခင်က ဘုရားဖူးများ အဝင်အထွက်ကျဲ၍ လူသိနည်းခဲ့ရသည်ဟု ဆိုပါသည်။ သို့ရာတွင် ၁၉၉၄ ခုနှစ်မှစတင်၍ နိုင်ငံတော်မှ ဦးဆောင်သည့် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကြောင့်လည်းကောင်း၊ ဂေါပကအဖွဲ့အဆက်ဆက်၏ ကြိုးပမ်းချက်များကြောင့်လည်းကောင်း ယခုအခါ တင့်တယ်သော မုခ်ဦးများ၊ စိတ်ချမ်းမြေ့ဖွယ် စောင်းတန်းနှင့် စင်္ကြံလမ်းများနှင့် အရွယ်မရွေး ဝင်ထွက်နိုင်သော ယာဉ်လမ်းကျယ် ရှိလာပြီဖြစ်သည့်အပြင် တန်ဆောင်းတော်ကြီးအတွင်းတွင်လည်း အသစ်သစ်သော ဗုဒ္ဓသန္တပစ္စည်း ပြကွက်များကြောင့် ယခုအခါ ဘုရားဖူးများဖြင့် ပြန်လည်စည်ကားလျက်ရှိပါသည်။

ဘုရားဖူးများသည် ဘုရားတန်ဆောင်းတော်ကြီးသို့ ရွှေဂုံတိုင်လမ်းမကြီးဘေး ခြင်္သေ့မုခ်ဦးမှ စင်္ကြံလမ်းတစ်လျှောက် သဘာဝသစ်ရိပ်ဝါးရိပ်များကို ခံစားရင်း စောင်းတန်းတစ်လျှောက် ခြေလျင်တက်ရောက်နိုင်သကဲ့သို့ ဦးထွန်းမောင်မုခ်ဦးဘေး လမ်းကျယ်မှ ယာဉ်များ တန်ဆောင်းတော်ကြီးခြေရင်းအထိ တောက်လျှောက်မောင်းပြီး ငါးထပ်ကြီး၏ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါတော့သည်။

## (ခ) ကျောက်တန်းမြို့နယ်ရှိ ပါဒကြီး ငါးထပ်ကြီးဘုရား

ရန်ကုန်မြို့မှ သန်လျင်-ကျောက်တန်းသွား ကားလမ်းမကြီး(ကျောက်တန်းမြို့မရောက်မီ နှစ်မိုင်ခန့်အလို)၏ နံဘေးတစ်ဖာလုံခန့်အကွာတွင် ပါဒမြို့ (ပါဒရွာ) ငါးထပ်ဆုတောင်းပြည့်ရုပ်ရှင်တော်မြတ်ကြီးကို ဖူးတွေ့ပူဇော်နိုင်ပါသည်။ ပါဒကြီးငါးထပ်ကြီးဘုရား၏ မူလဒါယကာမှာ ဆရာတော်ဘုရားကြီး အရှင်ဦးကုသလ ဖြစ်ပါသည်။


### သမိုင်းအကျဉ်း

သက္ကရာဇ် ၁၂၄၀ ခုနှစ်၊ မင်းတုန်းမင်း နတ်ရွာစံ၍ သားတော် သီပေါမင်းသား နန်းတက်ပြီးသည့်နောက် ပြည်တွင်းရေး၊ နန်းတွင်းရေး မငြိမ်မသက်ဖြစ်နေစဉ် ဝါတော်ကိုးဝါသာ ရှိသေးသော အရှင်ဦးကုသလ ရဟန်းတော်သည် မန္တလေး-နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆင်းလာပြီး ပါဒကြီးသို့ ရောက်ရှိခဲ့ဉည်။ ပါဒကြီးရွာတွင် ဝါးတိုင်ထူ၍ သက်ငယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တန်းမြို့နယ်၊ ပါဒကြီးငါးထပ်ကြီးဘုရား

ခနိမိုး ကျောင်းကလေးတွင် သီတင်းသုံးနေရာမှ တစ်စတစ်စ လူသိများလာပြီး နယ်တစ်ခုလုံး၏ ကြည်ညိုလေးမြတ်ခြင်းခံရကာ တိုက်ကျောင်းကြီးအထိ ဖြစ်လာခဲ့သည်။ ဆရာတော်မြတ်၏ ငွေ၊ လုံ့လ၊ အဆုံးအမနှင့် ပါဒကြီးကျေးရွာရှိ ဒါယကာများ၏ စေတနာကြောင့် ရပ်ကွက်စီးပွားရေးမှစ၍ ဘာသာရေး၊ သာသနာရေးတို့တွင် အထူးတိုးတက်ထွန်းကားလာခဲ့သည်။ ဤသို့ ကြီးပွားတိုးတက်လာချိန်တွင် ဆရာတော်က (ကျောင်းဟူသည် ရပ်ပွားစေတီဘုရားမရှိက မတင့်တယ်၊ ထို့ကြောင့် ရပ်ပွားတော်ကြီး တည်ထားကိုးကွယ်ရသော် သင့်လိမ့်မည်၊ လောကသံသရာ နှစ်ဖြာသောအကျိုးစီးပွား ဖြစ်လိမ့်မည်)ဟု ကြံစည်တော်မူပြီးလျှင် ငါးထပ်ရပ်ရှင်တော်ဘုရားကြီး တည်ထားရန် ဆုံးဖြတ်ခဲ့သည်။

သက္ကရာဇ် ၁၂၆၆/၆၇ ခုနှစ်တွင် တိုက်ကျောင်းကြီး၏ အရှေ့ဘက်ရှိ ဆင်ခြေလျှောဖြစ်နေသော ကုန်းမြေနေရာကို တံတိုင်းကာရံ၍ မြေဖို့စေသည်။ ဘုရားမြေကိုညှိနေစဉ် အလွန်ထူးဆန်းသော အတိတ်ကြီး၊ နိမိတ်ကြီးများပေါ်လာသည်။ မြေညှိပြီးနောက် မြေအသားသေစေရန် တစ်နှစ်ခန့်ထားစဉ် ရပ်ကွက်လူထုအားဖြင့် အုတ်ဖုတ်ကြရာ အုတ်ချပ်ပေါင်း တစ်သိန်းငါးသောင်းကျော် ရရှိသည်။ သက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် ရန်ကုန်မြို့ ဖက်တန်းရပ်မှ ပန်းရန်ဆရာကြီး ဦးညက်ကြီးကို ခေါ်ယူလျက် ဆရာတော်ကြီးကိုယ်တိုင် အုတ်မြစ်ချသည်။ စတင်တည်ထောင်သောနှစ်တွင် ဆရာတော်ကြီးမှာ သက်တော် ၅၇၊ ဝါတော် ၃၈ ရှိလေသည်။

ဆရာတော်ဘုရားကြီး၏ တပည့်ဒါယကာ (ပါဒသား၊ ပါဒသူ)များ၏ လူအား၊ ငွေအား၊ စေတနာအားဖြင့် ကြိုးစားတည်ဆောက်ခဲ့သဖြင့် သက္ကရာဇ် ၁၂၆၉ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဉာဏ်တော် ၂၆ တောင်နှင့် ၁ ပေရှိ ရုပ်ပွားတော်ကြီး အပြီးသို့ ရောက်ရှိခဲ့သည်။ ရုပ်ပွားတော်ကြီး မျက်နှာတော်ဖွင့်သည့်နေ့တွင် ဆရာတော်အရှင်သူမြတ်က (သဗ္ဗညုရှင်တော်မြတ်ဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ ဒေဝဗ္ဗြ

www.burmeseclassic.com

www.burmeseclassic.com

မာရ်၊ ကိလေသာမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်နှင့် အဘိသင်္ခါရ ဉာဏ်တည်းဟူသော မာရ်ငါးပါးကို အောင်တော်မူခြင်း အထိမ်းအမှတ်ဖြင့် ဗောဓိပင်ရင်း ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ ခွေ စံနေတော်မူဟန်ကို ရုပ်ပွားတော်ကြီး တည်ဆောက်ခြင်း ဖြစ်သည်။ ထိုသို့ မာရ်ငါးထပ်ကို တစ်ထပ်မကျန် တွန်းလှန် အောင်မြင်တော်မူခြင်းကို အကြောင်းပြု၍ ယခုတည်ဆောက် ပြီးစီးသော တင်ပျဉ်ခွေရုပ်ရှင်တော်မြတ်ကြီးအား **ငါးထပ်ကြီး ဆုတောင်းပြည့်ရုပ်ရှင်တော်**ဟု (ဘွဲ့သမုတ်ရမည်)ဟူ၍ မိန့် တော်မူကာ (ငါးထပ်ကြီးဘုရား)ဘွဲ့မည်ကရိဏ်းနှင့် သမိုင်း တင်တော်မူလေသည်။

## ရုပ်ပွားတော်မြတ်ကြီး၏ ဉာဏ်တော်အတိုင်းအရှည်

ဉာဏ်တော်အမြင့် ပေ ၄၀၊ ၈ လက်မ။ ပလ္လင်တော် မှ စမ္မခဏ်ရောင်တော်ပြန်ထိ ၄၅ ပေ၊ ၉ လက်မ။ ပလ္လင် တော်အလျား (အရှေ့မှ အနောက်သို့) ၃၃ ပေ၊ ၁၁ လက်မ။ ရင်းအနံ (တောင်မှ မြောက်သို့) ၂၀ ပေ၊ ၁၁ လက်မ။ ပလ္လင်တော်အမြင့် ၄ ပေ၊ ၆ လက်မ။ စမ္မခဏ် ၇ လက်မ။ အုတ်နံရံအကျယ်အဝန်း အရှေ့မှ အနောက်သို့ ၁၂၂ ပေ၊ တောင်မှမြောက်သို့ ၁၁၇ ပေ၊ ၂ လက်မ။

### (ဂ) စစ်ကိုင်းမြို့နယ်ရှိ ဝေဠုဝန်ဘွဲ့တော်မည်သော ငါးထပ်ကြီးမြတ်စွာဘုရား

ရတနာပူရ ဒုတိယအင်းဝခေတ် သက္ကရာဇ် ၉၅၉ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ ကြာသပတေးနေ့ တွင် ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏သားတော် ညောင်ရမ်းမင်းတရားသည် (၁) နန်းတော်၊ (၂) နန်းမြို့၊ (၃) ရွှေစည်းခုံ၊ (၄) ဂူတော်သစ်၊ (၅) တံခါး ဤငါးပါးကို တစ်ချိန်တည်း တည်ထောင်ဖန်ဆင်းတော်မူခဲ့သည်။

ထိုမင်းတရားကြီးမှ ဆင်းသက်၍ ၄ ဆက်မြောက် ကောင်းမှုတော်မြတ်စွာဘုရား ဒါယကာ သာလွန်မင်းတရား ကြီး၏သားတော် မင်းရဲနန္ဒမိတ်ဘွဲ့ခံ ပင်းတလဲမင်းတရားသည် သီရိနန္ဒသုခဓမ္မရာဇာပဝရာဓိပတိ ဟူသော အမည်တော်ကို ခံယူတော်မူ၍ အတုလစန္ဒာဒေဝီဟူသော ရှင်မိဖုရားနှင့်အတူ သက္ကရာဇ် ၁၀၁၀ ခု၊ တော်သလင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့တွင် အင်းဝရွှေနန်းတော်ကို သိမ်းမြန်းစိုးစံ တော်မူ၍ ထိုမင်းတရားသည် သက္ကရာဇ် ၁၀၁၇ ခု၊ ကဆုန် လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့တွင် စစ်ကိုင်းမြို့ အနောက်မျက်နှာတွင် ကျောင်းတော်ကြီး ဆောက်လုပ်ပြီး၍ ဒိဗ္ဗာနာဂရာဇာဂုရုဆရာတော်ကြီးအား ကပ်လှူပြီးနောက် သက္ကရာဇ် ၁၀၂၀ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့တွင် ထိုကျောင်းတော်ကြီး၏ အင်္ဂါထောင့် အရပ်ရှိ **ငါးရုံတောကြီး**တွင် တည်ထားတော်မူသောကြောင့် ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရားဟု ဘွဲ့တော်အမည်တွင်ပါ သည်။ ငါးထပ်ကြီးမြတ်စွာဘုရားကို တည်ထားကိုးကွယ်ရန် ငါးထပ်တိုင်ထုတော်မူသည်။




စစ်ကိုင်းမြို့၊ ဝေဠုဝန် ငါးထပ်ကြီးဘုရား



www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ပွားတော်ကြီး တည်ထားပုံ

ရုပ်ပွားတော်ကြီးတည်ထားပုံ အချိုးစနစ်ကို ရှေးပညာရှင်ကြီးများအား ဂုဏ်ပြုသောအနေအားဖြင့် တင်ပြအပ်ပါသည်။

(၁) ဉာဏ်တော် ၂၈ တောင်၊ (၂) ဒူးခေါင်းတော်လုံးပတ် ၁၈ တောင် ၂ မိုက်၊ (၃) နှာသီးတော် ၂ တောင် ၂ သစ်၊ (၄) ခါးတော်အချင်း ၁၈ တောင် ၂ မိုက်၊ (၅) ဒူးစွန်းနှစ်ဖက် ၁၈ တောင်၊ ၂ မိုက်၊ (၆) နားတော် ၄ တောင် ၄ သစ်၊ (၇) နားရိုးတော် ၂ တောင် ၂ မိုက်၊ (၈) နားတော်ဝ ၁၂ သစ်၊ (၉) ခံတွင်းတော် ၂ တောင် ၂ မိုက်၊ (၁၀) ခံတွင်းအကျယ် ၁၂ သစ်၊ (၁၁) မျက်ခုံးတော်အရှည် ၃ တောင်၊ (၁၂) မျက်ခုံးတော်အနံ ၁ မိုက်၊ (၁၃) မျက်လုံးတော်အရှည် ၂ တောင်၊ (၁၄) မျက်လုံးတော်အနံ ၁ မိုက်၊ (၁၅) သင်းကျစ်တော် ၁၂ တောင်၊ (၁၆) သင်းကျစ်တော်အနံ ၁၄ သစ်၊ (၁၇) နှာသီးတော်နှင့် နားတော် ၆ တောင်၊ (၁၈) သင်းကျစ်တော်မှ မေးဖျား ၆ တောင်၊ (၁၉) ပခုံးစွန်းတော် ၆ တောင် ၁ မိုက်၊ (၂၀) ပခုံးမှ တံတောင်ဆစ် ၇ တောင် ၁ မိုက် ၄ သစ်၊ (၂၁) တံတောင်ဆစ်မှ လက်ကောက်ဝတ်ထိ ၇ တောင် ၁ မိုက် ၄ သစ်၊ (၂၂) လက်ကောက်ဝတ်မှ လက်ဖျားထိ ၆ တောင်၊ (၂၃) လက်မတော် ၂ တောင် ၁ မိုက်၊ (၂၄) အကြင်း ၄ ချောင်း ၃ တောင်စီ၊ (၂၅) ခြေချောင်းတော် ၅ ခု ၁ တောင် ၄ သစ်စီ၊ (၂၆) ခြေဖဝါးတော် ၆ တောင်။

## ကြည်ညိုဖွယ်ရာ ဌာပနာ

သက္ကရာဇ် ၁၀၂၀ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့တွင် ဆံတော်ဓာတ်တော် ရောက်တော်မူသည်။ ပြာသိုလဆန်း ၄ ရက်နေ့တွင် ဆံတော်မြတ်နှင့်တကွ ရုပ်ပွားရှင်တော်၌ မဏိစွယ်ပွား၊ မေးဖျားဓာတ်တော်၊ ရင်မှာ ပုရပိုက်၊ ဉာဏ်ဒူး နဝရတ်၊ ဘယ်လက်ကြပ်"ဟု ဖွဲ့ဆိုထားသည့်အတိုင်း မဏိတော်တွင် ဆံတော်နှင့် စွယ်တော်ပွား။ မေးဖျားတွင် ဓာတ်တော်၊ သမီးတော် သီရိဖုန်းထွဋ်ရှ ဆင်မြန်းထားသော ရတနာများကို ရွှေပုရပိုက်ပြုလုပ်ပြီး ပိဋကတ်သုံးပုံကျမ်းဦးအက္ခရာရေး၍ ရင်မှာလည်းကောင်း။ နဝရတ်ကိုးပါးကို ဉာဏ်ဒူးတော်မှာလည်းကောင်း၊ လက်ကြပ်ရတနာများကို ဘယ်ဒူးတော်မှာလည်းကောင်း အသီးသီးဌာပနာတော်မူ၍ ဉာဏ်တော် ၂၈ တောင်အမြင့်ဆောင်သော ရုပ်ပွားတော်မြတ်ကို ပြာသာဒ် ၅ ဆင့်၊ ပလ္လင်ငါးထပ်၊ ဌာပနာငါးရပ်၊ အထပ်ငါးထပ်၊ ပွဲတော်ငါးရက်၊ မြေငါးပါယ်တွင် ဝိုင်းပတ်၍ ဘွဲ့တော်မှာ ဝေဠုဝန်တောကြီးတွင် တည်ထားသည့်အတွက် "**ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရား**"ဟု ကမ္ပည်းထိုး နာမတပ်တော်မူပြီး အနေကဇာတင် တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။ **ထပ်ကြီးဘုရားအစ စစ်ကိုင်းငါးထပ်ကြီးဘုရားက** ဟူ၍လည်း မှတ်သားရပါသည်။

ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရား ဖူးမြော်ရသည်မှာ ပိုမိုဖြာဆင်းနေသော မြင်ကွင်းကျယ်၊ သဘာဝအလင်းရောင်များနှင့် လျှပ်စစ်မီးအလင်းရောင်များကြောင့် စိတ်ကြည်လင်မှု အပြည့်အဝရရှိပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးမြော်ရသကဲ့သို့ စိတ်အာရုံတွင် အမြင်ရှင်း၍ အသွင်လင်းလာစေပါသည်။

ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရား စစ်ကိုင်းမြို့ ကျက်သရေဆောင်သမိုင်းဝင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း မဂ္ဂဇင်းဆောင်းပါးများတွင် လမ်းညွှန်ရေးသားထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဆွေမြင့်သူ(ကြေး/မြေ)**

**မှီငြမ်းကိုးကားစာအုပ်များ**

၁။ ဘုရားပေါ်ပကာအဖွဲ့၏ "ငါးထပ်ကြီးမြတ်စွာဘုရားသမိုင်း"

၂။ ပြည်တော်သာဦးထွန်းရီ ရေးသားသော "ပါဒနိုင်ငံတော်ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း"

၃။ ဂေါပကအဖွဲ့၏ "ဝေဠုဝန်ငါးထပ်ကြီးမြတ်စွာဘုရားသိမှတ်ဖွယ်ရာ သမိုင်းအကျဉ်း"စာစောင်။

▲



www.burmeseclassic.com

www.burmeseclassic.com



# မိုင်းဖုန်းဆရာတော်၏ ပြည်တော်ဝင်ခရီး

မောင်မောင်မြင့်အေး

မိုင်းဖုန်းဆရာတော်သည် တာချီလိတ်မြို့မှ ရန်ကုန်သို့ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ရောက်ပြီး၊ ထိုမှတစ်ဆင့် ဗုဒ္ဓဂယာသို့ ကြွချီမည်ဖြစ်သည်။ မိုင်းဖုန်းဆရာတော် ရန်ကုန်သို့ ကြွချီရာတွင် ညဦးပိုင်း၌ ရွှေတိဂုံစေတီတော်တွင် ရွှေသက်န်းသွားရောက်လှူဒါန်းခဲ့ကာ ၂၁-၂-၂၀၁၄ မနက်ပိုင်းတွင် ကမ္ဘာအေး နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများအား ကန်တော့၊ ကံထပ်မင်္ဂလာပြုလုပ်၍ နေ့ဆွမ်း ဆက်ကပ်ပြီး ဗဟန်းဇီဝိတဒါန သံဃဆေးရုံတွင် အလှူငွေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်နှင့် သံဃာတော်များက နက်ဖန်မနက်မှာ ဒီနိဗ္ဗေစေတီတော်ကို အနေကဆတင်မှာ ဖြစ်ပါတယ်။



မိုင်းဖုန်းဆရာတော်အတွက် ဒကာဒကာမများ လှူဒါန်းထားသော ငွေပဒေသာပင်များ



မိုင်းဖုန်းဆရာတော်ကိုယ်တိုင် နိဗ္ဗေစေတီတော်ရဲ့ မင်္ဂလာကြိုးကို ဆွဲဖွင့်ပေးမှာ ဖြစ်ပါတယ်။



မိုင်းဖုန်းဆရာတော်အတွက် ဒကာဒကာမများ လှူဒါန်းထားသော ငွေပဒေသာပင်များ


ဆရာတော်သည် ရန်ကုန်မှ မန္တလေးသို့ ၂၂-၂-၂၀၁၄ နေ့တွင် ကြွရောက်ခဲ့ပြီး မန္တလေးမြို့တော်ရှိ ရှမ်းသာရေး နာရေးအသင်း၌ ဖေဖော်ဝါရီလ ၂၄-၂-၂၀၁၄ ရက်နေ့တွင် တရားဒေသနာများ၊ ဩဝါဒများ ဟောကြားကာ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်တွင် မန္တလေး မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ခဲ့သည်။ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် မန္တလေး တံတားဦးလေဆိပ်မှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ဘုရားဖူး ထွက်ခွာသွားကြောင်း သိရသည်။



အောက်စ်ဖို့ဒ် ဆရာတော် ဒေါက်တာ ခမ်းမိုင် ဓမ္မသာမိလည်း မနေ့ညက အင်္ဂလန်ကနေ ကျိုင်းဟုံကို ရောက်လာပြီး ကျိုင်းရုန်ကို လိုက်ပို့မှာ ဖြစ်တယ်။







www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ပုံတော်မှရင် အရိုးတော်များကို ဒီစေတီမှာ ဌာပနာမှာဖြစ်တယ်၊





ဆရာတော်၏ ဇာတိ မိုင်းဖုန်းဒေသမှာ တာချီလိတ်မြို့မှ ၂၁-မိုင်ခန့် ကွာဝေးသည့် ရွှေတြိဂံဒေသတွင် တည်ရှိပြီး ဆရာတော်သည် ထိုင်းနိုင်ငံသားများ၏ ယုံကြည်ကိုးကွယ်ခြင်း ခံရကာ ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံများ၏ ဆရာတော်များက ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်းခံရသော ဆရာတော် တစ်ပါးဖြစ်ရာ ၂-၃-၂၀၁၄ နေ့တွင် ဘူတန်တော်ဝင်မိသားစု၏ ပင့်ဖိတ်ချက်အရ ဘူတန်နိုင်ငံသို့ ကြွရောက်ခဲ့၍ ဆရာတော်ကြီးသည် ၁၂-၃-၂၀၁၄ နေ့တွင် မြန်မာနိုင်ငံသို့ ပြန်ကြွလာပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးစဉ်သို့ စတင်ခဲ့သည်။

မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ ထူးခြားချက်များထဲမှ အချို့ကို ဖော်ပြရလျှင် ဆရာတော်သည် ငယ်စဉ်ကတည်းကစပြီး သက်သတ်လွတ်ဘုဉ်းပေးခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာကျင့်ကြံခြင်း၊ လူသူကင်းမဲ့သည့် တောတောင်အတွင်းရှိဂူများတွင် တစ်ပါးတည်း မကြောက်မရွံ့ တရား


ကျိုင်းဟဲကနေ ကျိုင်းရုံကို စတင်ထွက်ခွာပါပြီ


မေတ္တာဘာဝနာ အစွမ်းကြောင့် မိုင်းဖုန်းဆရာတော်သည် ရောက်သည့်နေရာတွင် ပရိသတ်များ စည်ကားလျှက်ရှိသည်။



ဆရာတော်သည် ဓမ္မမင်းဂူမှ နှိုင်းဟိုင်းမြို့ နိုဓောကျောင်းသို့ ရောက်လာ


မြောစောစီးစီး ကျိုင်းပေါင်းမှ ဒကာဒကာမများ လာရောက်ကန်တော့

www.burmeseclassic.com















ဆရာတော်ကို လှူဒါန်းထားတဲ့ ကျွန်းကျောင်း


အားထုတ်ခြင်း။ ဘာသာစကားအမျိုးမျိုး စာပေအမျိုးမျိုးကို သင်ယူခြင်းမပြုဘဲ အလိုလိုတတ်မြောက်နေခြင်း၊ မတ်တပ် အနေအထားဖြင့် ခုနစ်ရက်တိုင်တိုင် မလှုပ်မရှားတစ်ဆက်တည်း ကျင့်ကြံနိုင်ခြင်း၊ ထိုင်လျက်အနေအထားဖြင့် ခုနစ်ရက်တိုင်တိုင် တစ်ထိုင်တည်း တရားအားထုတ်နိုင်ခြင်း၊ ဝါတွင်းသုံးလကာလအတွင်း အမြဲတမ်း ဝစီပိတ် ကျင့်ကြံခြင်း၊ မိမိ၏ အတိတ်ဘဝ အဆက်ဆက်ကို သိတော်မူခြင်း၊ မိမိ၏ အနာဂတ်ကို ကြိုတင်သိတော်မူခြင်း၊ မျက်နှာမြင်ရုံမျှဖြင့် တစ်ဖက်သား အတွင်းစိတ်ကို သိတော်မူခြင်း စသည်တို့ပင် ဖြစ်ပါသည်။

ဆရာတော်သည် လွန်ခဲ့သော နှစ်များက မြန်မာနိုင်ငံသို့ ဝင်ခွင့်မရဘဲရှိသည့်အတွက် ထိုင်းနိုင်ငံတွင် သွားရောက်သီတင်းသုံးခဲ့သည်။

ဆရာတော်၏ တပည့် ဒါယကာများသည် မြန်မာနိုင်ငံသို့ ပြန်လည်သီတင်းသုံးရန် ဆန္ဒရှိခဲ့ကြသည်။



ဆရာတော်ပြန်လာတာ နတ်ဒေဝတာတွေ ဝမ်းသာလွန်းလို့ မိုးတွေရွာတယ်။



အိမ်မက်က တကယ်ဖြစ်လာခဲ့ပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာ အားထုတ်ရန် အဓိဋ္ဌာန်ခြင်း



တာချီလိတ်မြို့ နဂါးနှစ်ကောင်ဆရာတော်
(မိုင်းဖုန်းဆရာတော် မြန်မာပြည်ပြန်ကြွနိုင်ရန် ဦးဆောင်ဦးရွက် ပင့်ဆောင်သူ)



မိုင်းဖုန်းဆရာတော်က မယ်ဆယ်မြို့ပြည်သူ့ရှေ့မှာ
[illegible]



မိုင်းဖုန်းဆရာတော်ကို ပင့်ဆောင်တဲ့ အခမ်းအနားကို မြင်တွေ့ရပါမယ်



ကျွန်ုပ်တို့ ရှမ်းတိုင်းရင်းအရ မင်္ဂလာရှိသော အချိန်အခါမှာ ယခုလို
[illegible] ကြိုဆိုကြခြင်းဖြစ်ပါတယ်။

တာချီလိတ်တွင် သီတင်းသုံးနေသော နဂါးနှစ်ကောင် ဆရာတော်ကြီးက ဦးဆောင်ပြီး မိုင်းဖုန်းဆရာတော်ကို မြန်မာနိုင်ငံသို့ ပြည်တော်ဝင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံသို့ (၁၅-၁၁-၂၀၁၃) ရက်နေ့က ပြန်လည်ကြွလာခဲ့သည်။



ဆရာတော်ကို ပရိသတ်များစွာက လိုက်လိုက်လှဲလှဲ ကြိုဆိုကြသည်။ ဆရာတော်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်စပ် တာချီလိတ် မယ်ဆိုင်တံတားရောက်သည့်နှင့် အချက်(၁၃)ချက်ပါ မေတ္တာစာကို ထုတ်ပြန်ခဲ့သည်။



ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက
ရှမ်းပြည်သူလူထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီး ဆရာတော်ကို ကြိုဆို



ဒီတစ်ခါ တစ်ခေါင်းတစ်လေမှ မပေးရဘဲ ဆရာတော်ကို ကြည်ညို
တစ်စိတ်နဲ့ လာကြိုဆိုကြတဲ့ ပရိသတ်ကြီးပါပဲ



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓ၏ ဓမ္မစကြာ တရားဦးဟောကြားတော်မူရာ မိဂဒါဝုန်၌ မိုင်းဖုန်းဆရာတော် စင်္ကြံ တရားအားထုတ်၍ ဘုရားရှင်အား ပူဇော်တော်မူစဉ်။

**ခရစ်နှစ် ၂၀၁၃ နိုဝင်ဘာ ၁၅ ရက်**

**ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ် တာချီလိတ် မယ်ဆိုင်တံတားတွင် ထုတ်ပြန်သော ၃-နှစ်၊ ၃-လ၊ ၃-ရက် ဂူအောင်း အဓိဋ္ဌာန်ထွက်လာပြီးသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် မိုင်းဖုန်းဆရာတော်ဘဒ္ဒန္တဉာဏသံဝရ၏ မေတ္တာစာ**

၁။ ဆရာတော်အား လက်ဝဲလက်ယာ မည်သည့်နိုင်ငံရေးကိစ္စများနှင့်မှ လာရောက်ဆက်စပ် ပတ်သက်မှု မပြုကြပါရန်။

၂။ ဆရာတော်နှင့် သံဃာတော်အား မည်သည့်နိုင်ငံ (သို့) အသင်းအဖွဲ့၏ သူလျှိုဟု အသားရေဖျက် စွပ်စွဲမှုမပြုကြပါရန်။

၃။ ဆရာတော်နှင့် သံဃာတော်များအား မူးယစ်ဆေးဝါးကိစ္စများနှင့် လာရောက် ပတ်သက်မှုမပြုရန်။

၄။ ဗုဒ္ဓသာသနာတော်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းထိပါးစေမည့် ဂိုဏ်းကွဲ၊ ဝါဒကွဲ အပြောအဆိုအရေးအသားများ ရှောင်ကြဉ်ကြပါရန်။


၅။ ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့်ပတ်သက်၍ ဆရာတော်အား ပင့်ဖိတ်ခြင်းတို့ကို ဆရာတော် လက်ခံမည်မဟုတ်၊ ဆရာတော်အား ဖူးမြော်လို၊ တရားနာလိုပါကမိုင်းဖုန်းသို့ လာရောက်ကြပါရန်။

၆။ နားလည်မှု မလွဲမှားစေရန်အတွက် အရေးကြီးသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ကိစ္စများရှိပါက သက်ဆိုင်ရာ အာဏာပိုင် အဆင့်ဆင့်တို့နှင့် တိုင်ပင်ညှိနှိုင်းကြရန်။

၇။ သာသနာရေးဆိုင်ရာ ကိစ္စများ ပေါ်ပေါက်လာပြီး သာသနာပြုခရီးစဉ်ရှိပါက နိုင်ငံတော်ဩဝါဒါစရိယ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်နှင့် ကျိုင်းတုံမြို့ ကျိုင်းကြီးကျောင်းတိုက်၊ ဂိုဏ်းချုပ်ဆရာတော်ကြီးတို့ထံ ကြိုတင်လျှောက်ထားပြီးမှ သာသနာပြုခရီးထွက်ပါမည်။

၈။ ယခု အချိန်မှစပြီး ဆရာတော်သည် နဝကာမငွေကြေးကိစ္စနှင့် ပတ်သက်ခြင်းရှိတော့မည် မဟုတ်၊ ဒကာ ဒကာမများလှူဒါန်းလာသော အလှူတော် နဝကာမငွေများကို သက်ဆိုင်ရာမြို့နယ်မှ တာဝန်ရှိသူများက စိစစ်ရေတွက်ပြီး တာဝန်ရှိ ကော်မတီတစ်ခုမှ စောင့်ရှောက် (ဝေယာဝစ္စ) ပြုရန်အတွက် သံဃာထေဝရ ပဒေသာပင်အဖြစ် ပါဝင်အပ်နှံသွားမည် ဖြစ်ပါသည်။

၉။ ထေရဝါဒ ဗုဒ္ဓဘာသာကိုသော်လည်းကောင်း၊ မဟာယာနဗုဒ္ဓဘာသာကို သော်လည်းကောင်း အမှီပြုပြီး ဗုဒ္ဓဘာသာတစ်ခုလုံးကို ထိခိုက်စေမည့် မည်သည့် အပြောအဆိုကိုမှုမပြုကြပါရန် အနှစ်သာရရှိသော





www.burmeseclassic.com

www.burmeseclassic.com



တာချီလိတ်မြို့ နဂါးနစ်ကျောင်းဆရာတော်
(မိုင်းဖုန်းဆရာတော် မြန်မာပြည်ပြန်ကြွနိုင်ရန် ဦးဆောင်ဦးရွက် ပင့်ဆောင်သူ)







ဗုဒ္ဓတရားတော်၊ ပါဠိ ပိဋကတ်တော်အတိုင်း သိမြင်ကျင့်ကြံကြပါရန်။

၁၀။ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဗုဒ္ဓသာသနာတော်ကိုဖြစ်စေ၊ ဆရာတော်ကိုဖြစ်စေ မိမိတို့၏အသင်းအဖွဲ့ကိစ္စများ၌ ပါဝင်ပတ်သက်စေခြင်း မပြုလုပ်



ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်



ကြက်ပုံမကျူးအောင် စည်ကားလှသည် ဆိုသလိုပါပဲရှင်
ပရိသတ်တွေကို ကြည့်ကြပါဦးရှင်



www.burmeseclassic.com

www.burmeseclassic.com



နဂါးနှစ်ကောင်ကျောင်းထဲ ရောက်လာပါပြီ။ ဆရာတော်ရဲ့အမျှဝေတဲ့ ရေစက်ဟာ ရှမ်းပြည်မှာ ကျရောက်ပါပြီ



ဒီစေတီပေါ်တက်ပြီး ဘုရားရှိခိုး တရားဟောမှာ ဖြစ်ပါတယ်၊



ကြရန်၊ ပတ်သတ်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက နိုင်ငံတော် သံဃမဟာနာယက၏ လုပ်ထုံးလုပ်နည်းနှင့် အညီသာ ဆောင်ရွက်သွားပါရန်။

၁၁။ စိတ်ဝင်စားမှုရှိပါက တာချီလိတ်ခရိုင်၊ မိုင်းဖုန်းတရှိ ပါဆိုင်ရှာ လွိုင်လင်းကျောင်းသို့ မည်သည့်ကိစ္စမဆို မည်သူမဆို အချိန်မရွေး လာရောက်လေ့လာနိုင်ပါသည်။

၁၂။ ဆရာတော်သည် ကမ္ဘာအနှံ့ ဗုဒ္ဓသာသနာပျံ့ပွားစေရန် အဓိဋ္ဌာန်ဖြင့် တက်နိုင်သည့်ဘက်မှသာသနာ့ တာဝန်များကို ထမ်းဆောင်နေသူဖြစ်ပါသည်။

၁၃။ ဆရာတော်သည် မိမိ၏ အစီအစဉ် မိမိ၏ အဓိဋ္ဌာန်ဖြင့် သဘာဝနှင့် ဓမ္မဓိဋ္ဌာန်ကျကျ သာသနာ့တာဝန်ကို ထမ်းဆောင်သွားပါမည်။

သို့ဖြစ်ပါ၍ ဆရာတော်အား ထားရာနေ စေရာသွား ကဲ့သို့သော အမိန့်အာဏာဖြင့် တားမြစ်ခြင်းစေခိုင်းခြင်း မပြုလုပ်ကြပါရန်။

သတ္တဝါမှန်သမျှ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ . . . .

မေတ္တာဖြင့်

မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ သတ္တမ္မဇောတိကဓဇ

|မောင်မောင်မြင့်အေး



စကားပုကာနေ ရောက်လာတဲ့ နမ့်ခမ်းက အရှင်ဒေဝိန္ဒ



ဆရာတော်ကို မဖူးတွေ့ရတာ ကြာပြီဖြစ်တဲ့အတွက်
ဖိုမ်သူအိမ်သားတွေ အားလုံး ဆရာတော်ကို ဖူးမြော်ကြပါတယ်၊



နဂါးနှစ်ကောင် ကျောင်းရှေ့ကို ရောက်လာပါပြီ



www.burmeseclassic.com

www.burmeseclassic.com

# ကုသိနာရုံဘုရားအမ
# စာဆိုတော်မမြလေး၏
# လွမ်းမောဖွယ်ရာဘဝဖြစ်ထွေ

နိုင်ငြိမ်း(အညာတက္ကသိုလ်)

**စာဆိုမမြလေး၏ ငယ်ဘဝ**

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ဘောလယ်ကဗျာများကို ရေးရာ၌ ထင်ရှားသော လှိုင်ထိပ်ခေါင်တင်၏ မိခင်၊ အနောက်နန်းမတော်မမြလေး(၁၁၇၁-၁၂၀၇)ကို ၁၁၇၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့က သီရိပျံချီ ဦးမောင်ဦးနှင့် ဒေါ်မယ်အိတို့မှာ မွေးဖွားခဲ့သည်။ ဦးမောင်ဦးအား သာရဝေါပဲ့နင်းကြီးခန့်လိုက်ရာ မမြလေးမှာ ပဲ့နင်းကြီးသမီးဖြစ်လာခဲ့သည်။ ငယ်အမည်မှာ မမြကြူတ်ဖြစ်၏။ မိဘဆွေမျိုးများက ချစ်စနိုး "မြမြ"ဟု ခေါ်ခဲ့ကြသည်။ သာယာဝတီရွှေဘိုမင်း အောက်ပြည်အောက်ရွာသို့ ကြွချီချိန်တွင် သာရဝေါသို့ရောက်သည်။ အသက် ၁၈ နှစ်အရွယ် မမြလေးမှာ လှပချောမောလွန်း၍ သာယာဝတီမင်းက ကောက်ယူသွားသည်။

သာယာဝတီမင်းသည် မမြလေးကို "သီရိမဟာသုရတနာစန္ဒာဒေဝီဘွဲ့" ချီးမြှင့်ပြီး အနောက်နန်းတွင်ထားခဲ့ရာ အနောက်နန်းမတော်မမြလေးဟု သမိုင်းတွင်ခဲ့ရသည်။ သာယာဝတီရွှေဘိုမင်းတွင် မိဖုရားများစွာရှိရာ ယင်းတို့မှာ စကြာဒေဝီသမီးတော်၊ ဗန်းမော်မိဖုရား၊ ဝေသာလီမင်းသမီး၊ အနောက်နန်းမတော် မမြလေး၊ ကျပင်းမိဖုရားခေါ် ကျပင်းမင်းသမီးတို့ဖြစ်၏။ သက္ကရာဇ် ၁၁၉၅ ခုနှစ်တွင် သာယာဝတီမင်းနှင့် မမြလေးတို့မှ လှိုင်ထိပ်ခေါင်ဟင်ကို ဖွားသည်။

သာယာဝတီမင်းသည် ၁၂၀၂ ခုနှစ်တွင် လောကမာရဇိန်စေတီကြီးကို တည်ဆောက်ခဲ့သည်။ ထိုစေတီကြီး၏ အရှေ့တောင်ဘက်တွင် စကြာဒေဝီမိဖုရား၏ ကုသိုလ်တော် လောကပရမေစေတီ ရှိသည်။ စေတီကြီး၏ အနောက်မြောက်ထောင့်တွင် မမြလေးတည်ထားခဲ့သော ရတနာလောကစေတီ ရှိသည်။ မမြလေးသည် ၁၂၀၅ ခုနှစ်တွင် တက်သေးအင်း (တက်သိမ်းအင်း)စောင်း၌ ဒရေလယ်ကုသိနာရုံဘုရားကို တည်ထားခဲ့သည်။ (စေတီပုံသစ်၊ ပုံဟောင်းများ ဓာတ်ပုံဖြင့် ပြထားပါသည်။)

**အကျဉ်းသူဘဝ ရောက်ခဲ့ရ**

ထိုကုသိနာရုံဘုရားမှာ ကုန်းကမူပေါ်တွင် တည်ရှိပြီး၊ စေတီပေါ်တက်ရန် လေးဘက်လေးတန်၌ လှေကားများ တပ်ဆင်ထားသည်။ မုခ်ဦးမုခ်ပေါက် လေးပေါက်လေးခုရှိပြီး ဘုရားရင်ပြင်မှာ ကျယ်ဝန်းပြီး အုတ်ချပ်များ အပြည့်ခင်းထားသည်။



ဒရေလယ် ကုသိနာရုံဘုရားပုံတော်(အသစ်)



www.burmeseclassic.com

www.burmeseclassic.com

ထိုစေတီကြီးကို မဟာရံတံတိုင်းများ၊ မုခ်ဦးပြာသာဒ်များဖြင့် အင်းဝ၊ အမရပူရခေတ် ဗိသုကာလက်ရာအတိုင်း တည်ဆောက်ထားခဲ့သည်။

နန်းမတော်မမြလေးမှာ ရတု၊ ရကန်၊ အဲ၊ အန်သီချင်းမျိုးစုံစပ်ဆိုကာ ကိုယ်တိုင်လည်း ဝါးဖြင့် သီဆိုလေ့ရှိသည်။ မောင်တော်သာယာဝတီမင်းမှာ အပျော်အပါးများပြီး မိမိအိပ်ဆောင်တော်သို့ မရောက်မလာရှိခဲ့ရာ အောက်ပါ "ရှစ်စုံရွက်ကြာပတ်ပျိုး"ကို ရေးသားဆက်သွင်းခဲ့သည်။

## ရှစ်စုံရွက်ကြာပတ်ပျိုး(မူရင်း)

"ရှစ်စုံရွက်ကြာ ××× ဆူဆူဝေဆာ ××× စံရာလေ (ဘုံရွှေနန်း)၂ အခန်းခခန်းငယ်နှင့် ဆောင်ခန်းမရိပ်လာယ် ယိုးဖွယ်ဟိဝတီလို ××× မြတ်ဘုန်းမိုငယ်သော ××× ရွှေကိုယ်တော်လောင်း"

"ခွေပျောင်းညွတ်ပန် ××× ရင်းထဲအတူ ညွှန်းပြုလို့လေး ××× မြောက်အိမ်တော်ဆောင်ရိပ်မှာ ××× လွမ်းဓာတ်နှင့် ဆွေး ××× လာလုငယ် လာလုတမ်း ခုငေး ××× ဗျာပါရေးငယ်နှင့် မကြုံပါနိုင်၊ ဖြေလည်းနော် စုပြေနိုင်ပြီ ××× ရွှေရင်အုံ မလုံပန်းတပ်လေ။ နွမ်းဖြာထုဝီ"

(သံဖြန့်ဆက်) ရီရီမွှေနှင်း ××× သွင်းလာတော့ဖျန်း ××× သနားမကြင်ရက်တာမို့ သူ့ဘွက်ဖန်ရာ ××× ဘယ်ရေးနှောင်ခြယ်၊ အို…ဘယ်ခါနေ့ငယ်မှာ ကိုယ်တွေ့ ××× ဖူးနယ်ကာဖန် ××× အေးလွှန်သိမှန်း ဟူ၍ ဖြစ်ပေသည်။

မမြလေးက အပူသည်ဘဝရောက်နေရပုံကို မောင်တော်အား သိစေလိုသဖြင့် ပြာပြာညှိုးရောင် မှိုင်းတလဲ့လဲ့ပတ်ပျိုး၊ ဂန္ဓမာတောင်၊ လိုဏ်ချောင်ဂူနန်းပတ်ပျိုး ရေးစပ်ခဲ့သည်။ (ဦးပြုံးချို၏ မဟာဂီတပေါင်းချုပ် ပတ်ပျိုးအခန်းတွင် ဖတ်ရှုပါလော့)

သာယာဝတီ ရွှေဘိုမင်းသည် မကျန်းမမာဖြစ်နေသောနောင်တော် ဘကြီးတော်မင်းထံမှ ထီးနန်းစည်းစိမ်များကို သိမ်းယူပြီး နန်းမတော်မယ်နုနှင့် မောင်အိုအဖွဲ့ကို တောင်သမန်အင်းတွင် ရေချစီရင်ခဲ့သည်။ သာယာဝတီမင်းမှာ ရန္တပိုစာချုပ်ကို အသိအမှတ်မပြုသူဖြစ်၍ အင်္ဂလိပ်တို့က သူ့ကို မလိုလားကြပေ။ နယ်ခဲ့ဲတို့အနေဖြင့် သူတို့နှင့် အလွန်းသင့်သူကိုသာ နန်းတင်လိုကြသည်။ သို့နှင့် သာယာဝတီရွှေဘိုမင်းအား ထောင်ထားခြားနားသူ တစ်နေ့တခြား များပြားလာသည်။ ထိုအထဲတွင် ပြည်မင်းသားလည်း ပါသည်။ မမြလေးနှင့် ပြည်မင်းသားမှာ လွန်စွာရင်းနှီးကြသည်။ ပြည်မင်းသား အဖမ်းခံရသောအခါ နန်းမတော်မမြလေးလည်း ရာဇဝတ်သင့်ပြီး ကြေးတိုက်တွင် ချထားခြင်းခံရလေသည်။

## ချစ်သမျှ ကိုယ်သစ္စာတိုင်ပတ်ပျိုး

နန်းမတော်မမြလေးသည် အချုပ်သားဘဝရောက်ရှိ




ကုသိနာရုံ
စေတီ
(ပုံဟောင်း)



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ရီတရောအချိန် တက်သေးအင်း

နေစဉ် သနားစဖွယ် ညိုးညိုးငယ်ငယ်ဖြင့် ချစ်သမျှကိုပတ်ပျိုးကို ရေးစီဆက်သွင်းခဲ့သည်။ ထိုပတ်ပျိုးအပြည့်အစုံကို ဗဟုသုတအဖြစ် ရှာဖွေတင်ပြလိုက်ပါသည်။

## ချစ်သမျှကို ပတ်ပျိုး

"ချစ်သမျှကို ××× မြင်းမိုရ်ရွှေ တောင်လုံးသာပလေး ××× လေးဆူဒီပါ သီတာရေမြေ ဆုံးစေတော့လေး ××× အိုဘယ် မမုန်းပါတော့နိုင်၊ ကပ်လုံးဆုံးတိုင်တိုင် ××× ရုံးညာပိုင်အုံးလှိုင် သဥ္ဇာကြွေမှာလလေး ××× ကြိုးမည်နောင်ခါ ကမ္ဘာမြေငယ် ××× မြေစေတော့လေ။ မှန်သရွှေကိုလှ ××× ဖန်စေ့ငယ်ရေ···ရေ ××× တူမသေ့ပါစေမယ်နှင့်သား"

"တူပြိုင် ××× ဂူလိုဏ်စကားသစ္စာတိုင်၊ သံသာလေကမ်းတိုင် တူပြိုင်ကူးမယ် ××× ဆုထူးငယ်ပန်ရှယ်သွန်း ချစ်လို့ငယ်မကုန် ××× ဝသုန်ဤမြေ သိကြားစေသက်သေညွှန်း"

(သံဖြန်) ချစ်ခြင်းငယ်ပြိုင်၊ မြစ်မင်းပိုင်အဏ္ဏဝါက ××× ပြန်မသာကဲ ××× ယွင်းစေဝသုန်၊ ငွေဒန်းသော်တာယုန်သို့ ကမ္ဘာကုန်ကျယ်သရွှေငယ်ကို ××× ဘယ်မေ့လိမ့်လဲ"

ဤပတ်ပျိုးမှာ သစ္စာထား၊ သစ္စာဆိုရာ၌ အလွန်လေးနက်လှသည်။ (သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်၊ ဆုထူးငယ်မန်ရှယ်သွန်း၊ ချစ်လို့ငယ်မကုန်၊ ဝသုန်ဤမြေ သိကြားစေသက်သေညွှန်း" ဆိုသော သီချင်းစာသားက ရွှေဘိုမင်း၏နှလုံးသားကို ပျော့ပျောင်းနူးညံ့စေခဲ့လေသည်။ မမြလေးအပေါ် မည်မျှချစ်ခဲ့ရပုံကို ပြန်ပြောင်းအောက်မေ့ပြီး ရွှေဘိုမင်းတရားက မမြလေးအား ကြေးတိုက်မှထုတ်ယူ ကယ်မခဲ့ကြောင်း သမိုင်းစာဟောင်းများတွင် ဖတ်ခဲ့ရသည်။

နန်းမတော်မမြလေးခမျာ အကျဉ်းချုပ်က လွတ်လာသော်လည်း အကျယ်ချုပ်ဘဝ၌ နေရရှာသည်။ အခြားမင်းသားမင်းမိဖုရားများကလည်း မမြလေးအား မလိုမုန်းထားကာ အမြဲလို ကုန်းတိုက်နေကြသည်။ မမြလေးကမူ လောကဓံလေလှိုင်းပုတ်ခတ်မှုမှန်သမျှကို ကြံ့ကြံ့ခံကာ တရားနှင့် အဖော်ပြုနေသည်။ သို့အတွက် တည်ငြိမ်အေးဆေးစွာပင် သေခါနီးဆဲဆဲတွင် လောကဓံရှစ်ပါး ဘုရားပဟောရာ ဆိုသော တေးထပ်ကိုပင် စပ်ဆိုသီကုံးထားခဲ့သည်။

သာယာဝတီမင်းမှာ စိတ်ထားမှန်သူမဟုတ်၊ မမြလေးအပေါ် သနားငဲ့ညှာသင့်သော်လည်း ကုန်းပစ်ချောစားမှုများကို ယုံကြည်ကာ မမြလေးအား သေဒဏ်ပေးခဲ့သည်။ သို့နှင့် တက်သေးအင်းစောင်း ကုသိနာရုံဘုရားကိုတည်ပြီး ၁၂၀၇ ခုနှစ် အသက် ၃၆ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ရသည်။ မမြလေးကွယ်လွန်သော်လည်း သူမ၏ ကုသိုလ်တော်စေတီကိုမူ မဟာအောင်မြေမြို့နယ်၊ တက်သေးအင်း ကုန်းပတ်လမ်း၊ ပြည်ကြီးမွန်ဖောင်တော်အနီး၌ ယခုတိုင် ဖူးမြင်နိုင်ပါသေးသည်။ မမြလေးမှာ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့တွင် မွေးဖွားသူဖြစ်ရာ ကုသိနာရုံဘုရားပွဲကိုလည်း နှစ်စဉ်ထိုနေ့ထိုရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အခါသင့် အခွင့်ကြုံပါက ဝင်ရောက်ဖူးမြော်ပါဟု ရောင်ပြန်မှ တစ်ဆင့် တိုက်တွန်းရပါသည်။

**နီငြိမ်း(အညာတက္ကသိုလ်)**

**ကျမ်းကိုး**

- မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)
- မဟာဂီတပေါင်းချုပ် (ဦးပြုံးချို)



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တွင်းယပ်ဖြင့် လာဘ်ခေါ်မည်

မင်္ဂလာဦးရွှေအိုး

ကိုညွန့်တင်တို့ လင်မယားအဖို့ အိမ်ထောင်ကျပြီး ကလေးနှစ်ယောက် ရသည်အထိ စီးပွားရေး အခြေအနေမှာ သောင်သာသည်မရှိ။ မှရစားစား ဝါးဝါးမျိုမျိုဘဝနှင့်ပင် ဒါမ်ထောင်သက်တမ်း ကြာမြင့်လာခဲ့သည်။ လင်မယားနှစ်ယောက်စလုံးမှာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ ဖြစ်လေရကား အိမ်မှာ ဘုရားကျောင်းဆောင်က ရှိနှင့်ပြီးသား။ နေ့စဉ် ဆွမ်း၊ ရေချမ်းတို့ ဆက်ကပ်သည်။ ညဆိုလျှင် ဆီမီးပူဇော်သည်။ ဘုရားပန်းနွမ်းလျှင် တန်ဖိုးသင့်တင့်သော ပန်းများကို ဝယ်ယူကပ်လှူသည်။

သည်လိုမျိုး ဘုရားရှင်၏ ဝေယျာဝစ္စများ မပျက်မကွက်သကဲ့သို့ အခြားတစ်ဖက်မှာလည်း မိရိုးဖလာ နတ်ကိုးကွယ်မှုကလည်း ရှိသေးသည်။ အထူးသဖြင့် အိမ်တွင်းမင်းမဟာဂီရိ နတ်အုန်းဆွဲခြင်း။ နတ်အုန်းကို နေ့စဉ်သောက်တော်ရေ ဆက်ကပ်ပြီး သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်း၊ ညနေ မီးထွန်းချိန်၌ လိုက်ကာကိုပိတ်၍ မနက်ခင်းရောက်လျှင် လိုက်ကာဖွင့်ခြင်း ဝတ္တရားတို့ကို မပြတ်တမ်း လုပ်စမြဲ။ တစ်ခါတစ်ရံ နေ့လယ်နေ့ခင်းပူအိုက်ချိန်၌ ချိတ်ထားသောယပ်ကို ဖြုတ်ယူကာ ခတ်ပေးလေ့ရှိသည်။

တစ်နေ့မှာတော့ သူတို့အိမ်သို့ ဇာတိရွာမှ ဘကြီးအောင် ရောက်လာသည်။ ဘကြီးအောင်ကား ရှေးမီနောက်နောက်မီ ဖြစ်သည်သာမက ဂမ္ဘီရဝိဇ္ဇာမရေ ပညာရပ်များကိုလည်း လေ့လာလိုက်စားသူ ဖြစ်သည်။ နေ့လယ်ခင်း၌ ဘကြီးအောင် ရေနွေးကြမ်းသောက်နေစဉ် မခင်နှင်းနတ်အုန်းအား ယပ်တော်ဆက်နေသည်ကို တွေ့သွားသည်။

"ဟဲ့ ခင်နှင်း၊ နင်တို့ကို ဘကြီး အကြံတစ်ခုပေးချင်တယ်"

"ပေးပါ ဘကြီးအောင်၊ ပေးပါ"

"အေး. . . နတ်အုန်းကို ယပ်တော်ဆက်တဲ့အခါ သူ့ပကတိယပ်တောင်အတိုင်း ယပ်တော်မဆက်နဲ့"

"ဒါဆို ဘယ်လိုဆက်ရမှာတဲ့လဲ ဘကြီးအောင်"

"ပြောမှာပေါ့ကွယ်၊ ယပ်တော်ပေါ်မှာ ငွေစက္ကူတန်ဖိုး အစုံအစေ့ကပ်၊ မကပ်ချင်ရင်လည်း ချုပ်စက်ကလေးနဲ့ အသာချုပ်၊ ဒါဆိုရင် ယပ်တော်ဟာ ရိုးရိုးယပ်တော် မဟုတ်တော့ဘဲ ငွေယပ်တော် ဖြစ်သွားပြီပေါ့"

"ဟုတ်ပါတယ် ဘကြီး"

"အေး အဲသည်ယပ်တော်နဲ့ပဲ ယပ်ခတ်ပေးပါ၊ အမှန်မတော့ ဂမ္ဘီရနည်းအရ ငွေခတ်နဲ့ ငွေလာဘ် ခေါ်တာပဲ။ သည်အခါ ရတနာရှိရာ ရတနာစု ဆိုသလို နင်တို့ရဲ့ စီးပွားရေး အခြေအနေဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာ အသေအချာပေါ့။ အဲ. . ယပ်တော်ခတ်နေတဲ့အခါမှာလည်း လာဘ်လာဘတွေ ဝင်ပါစေလို့ ဆုတောင်းပေါ့၊ ယုံကြည်မှုအပြည့်နဲ့လုပ်နော်၊ ယုံကြည်မှု စွမ်းအားဟာ သိပ်ကိုကြီးမားတယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘကြီး၊ ယုံယုံကြည်ကြည်နဲ့ လုပ်ပါ့မယ်"

အမှန်တကယ်လည်း ဘကြီးအောင် စေတနာနှင့် လမ်းညွှန်သည့်အတိုင်း ပူအိုက်သော နေ့လယ်ခင်းများ၌ ငွေယပ်တော်ဖြင့် ယပ်ခတ်ကာ 'လာဘ်လာဘများဝင်ပါစေ' ဟု ဆုတောင်းခဲ့၏။

မကြာလိုက်။ အချိန်ကာလတာ တစ်လအလွန်မှာပင် ကိုညွန့်တင် ထိုးထားသော ထီ(၅)စောင်တွဲမှ သိန်းတစ်ရာဆုပေါက်လေရာ သိန်းတစ်ရာအပြင် တွတ်များပါရရှိလိုက်လေကား သူတို့မိသားစုအဖို့ ယပ်တော်ဖြင့်လာဘ်ခေါ်ခြင်းအကျိုး အာနိသင်ကို ပြည့်ပြည့်ဝဝ ခံစားခဲ့ရပါလေသတည်း။

**မင်္ဂလာဦးရွှေအိုး**



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လိုအိမ်မျိုး ဝယ်မှာလဲ

## တက်လူမျိုးသစ်

ကုသိုလ်ကံစန်း ထလာခဲ့ပြီ။

ပြီးခဲ့သောအပတ်က ကိုဘမောင် ထီပေါက်သည်။ ဆုက သိန်း ၅၀။ တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ် ထိုးခဲ့ခြင်းမဟုတ်ဘဲ လုပ်ဖော်ကိုင်ဘက် မိတ်ဆွေတစ်ယောက်နှင့် နှစ်ဦးစပ်တူထိုးသဖြင့် ဆုငွေခွဲဝေသောအခါ ကိုဘမောင် ၂၅ သိန်း ရလိုက်သည်။

"အဲဒီငွေတွေနဲ့ ဘာလုပ်မလဲ ကိုဘမောင်"

"ဆင်ခြေဖုံးရပ်ကွက် တစ်ခုခုမှာ မိသားစုနေထိုင်ဖို့ ဈေးအတန်အသင့်နဲ့ အိမ်ကလေးတစ်လုံးဝယ်မယ်။ ပြီးတော့ အိမ်ဆိုင်ကလေးထောင်မယ်"

အကြံအစည်ကား မဆိုး။ ကိုဘမောင်တို့ မိသားစုအဖို့ ဟိုပြောင်းသည်ရွှေ့ဖြင့် အိမ်ငှားဘဝ တာရှည်ခဲ့ပြီဖြစ်သည်။ အိမ်ရှင်များစွာ၏ စရိုက်လက္ခဏာတို့ကိုလည်း နှာကျေနေအောင် သိနေခဲ့ပြီ။ အိမ်ငှားဘဝဖြင့် နေရခြင်းသည် လွန်စွာမှ အောက်ကျနောက်ကျ ရှိလှပါဘိ။ ကိုယ်သာ မျက်နှာငယ်ရသည်မဟုတ်။ ကိုယ့်မိသားစုပါ မျက်နှာငယ်ရပါသည်ကော။ အခကြေးငွေပေး၍ နေထိုင်ရသည်ဆိုသော်ငြား အိမ်ရှင်မျက်နှာကို ကြည့်နေရသေးသည်။ နေထိုင်သွားလာရ အဆင်ပြေပါလျက် အိမ်ရှင်က မထားချင်ဟုဆိုလျှင် ပြောင်းရွှေ့ပေးရမည် မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ကိုယ့်ယာနှင့်ဆိုလျှင် ဘယ်လိုမှ မျက်နှာမငယ်ရတော့။ သူတစ်ပါးအိမ်သို့သွားလျှင် အဝတ်အစားနှင့် ခြောက်နိုင်သကဲ့သို့၊ ကိုယ့်အိမ့်ကိုယ့်ယာ ဧည့်သည်လာလျှင်လည်း ကောင်းမွန်စွာ



www.burmeseclassic.com

www.burmeseclassic.com

သထားသည့်အိမ်ဖြင့် ခြောက်နိုင်သည် မဟုတ်လား။

"အိမ်ဝယ်မယ်ဆိုပေမဲ့ အရမ်းကာရော မဝယ်ရဲဘူးဗျာ။ ဒီတော့ ဘယ်လိုအိမ်မျိုးဝယ်ရင် ကောင်းမလဲ ဆိုတာ အကြံပေးပါ။ ဆရာသမားက နှံ့နှံ့စပ်စပ်ရှိတယ်မဟုတ်လား"

"သိပ်အနှံ့စပ်ကြီးလည်း မဟုတ်ပါဘူး ကိုဘမောင်ရာ။ ဝါသနာရ ဆရာသမားတွေ ပြောပြတာမှတ်ထား၊ စာအုပ်စာတမ်းတွေဖတ်ပြီး နည်းယူ၊ လိုအပ်တဲ့သူကို အကူအညီပေး၊ ဒါပါပဲ ကိုဘမောင်ရယ်"

---

**ကိုယ်ဝယ်ပြီးနေမယ့် အိမ်ရဲ့ ခေါင်းရင်းဘက်ကရော၊ ခြေရင်းဘက်ကရော ရှိနေတဲ့ အိမ်နှစ်အိမ်ဟာ ကိုယ်ဝယ်မယ့်အိမ်ထက် မြင့်နေရင် ဝယ်ပေရော့။ အဲဒါ 'အိမ်ပုခက်'လို့ ခေါ်တယ်။ စီးပွားဖြစ်တယ်လို့ ဆိုတယ်။**

---

"ကိုင်း…အခုလည်း အမြန်ဆုံးနဲ့ မဖြစ်မနေဝယ်ရမယ့်အိမ်နဲ့ ပတ်သက်ပြီး ဘယ်လိုအိမ်မျိုးကို ဝယ်သင့်တယ်၊ မဝယ်သင့်ဘူးဆိုတာ ဆရာသမားပဲ ရွေးချယ်ပေးပါ။ အားကိုးပါတယ်"

သည်လိုမျိုး အကူအညီတောင်းလာတော့လည်း နေသာသပလုပ်၍ မဖြစ်ပြီ။ မိမိလေ့လာဆည်းပူးထားသမျှကို ထုတ်နုတ်၍ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် လုပ်ရတော့သည်။

"ဘယ်ရပ်ကွက်မှာနေပါ၊ ဘယ်လမ်းမှာနေပါရယ်လို့တော့ ပြောမနေတော့ပါဘူးဗျာ။ အဆင်ပြေတဲ့ဆီမှာပဲ နေရမှာ မဟုတ်လား။ ပြီးတော့ သူ့အိုးနဲ့သူ့ဆန် တန်ရာတန်ဖိုးလည်း ရှိနေသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"ဒီတော့ ကိုယ်ဝယ်တော့မယ့် အိမ်တစ်လုံးဟာ ကိုယ့်အတွက် ကောင်းကျိုးပေးမှာလား၊ ဆိုးကျိုးပေးမှာလား ဆိုတာပဲ ပြောပြတော့မယ်။

ကိုယ်ဝယ်ပြီးနေမယ့် အိမ်ရဲ့ ခေါင်းရင်းဘက်ကရော၊ ခြေရင်းဘက်ကရော ရှိနေတဲ့ အိမ်နှစ်အိမ်ဟာ ကိုယ်ဝယ်မယ့်အိမ်ထက် မြင့်နေရင် ဝယ်ပေရော့။ အဲဒါ 'အိမ်ပုခက်'လို့ ခေါ်တယ်။ စီးပွားဖြစ်တယ်လို့ ဆိုတယ်။ နောက်ပြီး ခေါင်းရင်းအိမ်ရော၊ ခြေရင်းက အိမ်ပါ ကိုယ့်အိမ်ထက် နိမ့်နေမယ်ဆိုရင် ဒါလည်း ဝယ်ထိုက်တာပဲ။ အဲဒါ 'အိမ်မြင်းမိုရ်'လို့ခေါ်တယ်။ စီးပွားတိုးတက်တတ်တယ်။ နောက်ပြီး ဝယ်မယ့်အိမ်ရဲ့ ခေါင်းရင်းအိမ်က မြင့်မယ်၊ ခြေရင်းအိမ်က နိမ့်မယ်ဆိုရင်လည်း ဝယ်ထိုက်တယ်။ အလယ်အိမ်ဟာ ကြီးပွားမယ့်အိမ်ပဲ။

အဲ…လာပြီ။ မဝယ်သင့်၊ မဝယ်ထိုက်တဲ့အိမ်တွေ။

ခြေရင်းအိမ်က မြင့်နေမယ်၊ ခေါင်းရင်းအိမ်က နိမ့်နေမယ်ဆိုရင် ဈေးသက်သာပေမဲ့ မဝယ်နဲ့။ ဝယ်ရင် ခဏကလေးနဲ့ စီးပွားဥစ္စာပျက်တတ်တယ်။ ပြီးတော့ ကိုယ်ဝယ်ချင်တဲ့အိမ်ရဲ့ ခေါင်းရင်းအိမ်က စီးပွားရေးဘာလုပ်သလဲ၊ မီးဖိုသုံးရတဲ့ ကြော်လှော်ချက်ပြုတ်မှု လုပ်နေသလား၊ ဆေးဆိုးပန်းရိုက်တို့၊ ဖယောင်းတို့ လုပ်နေသလား။ လုပ်နေတယ်ဆိုရင်ဖြင့် ဈေးဘယ်လောက်ပဲ လျှော့ပေး လျှော့ပေး မဝယ်မိစေနဲ့။ ဝယ်ရင် အမြဲလိုလို အိမ်တွင်းသောက ရောက်ရတတ်တယ်။ ပူလောင်သောက ရောက်ရတတ်တယ်"

"ဟုတ်ပါပြီဗျာ။ ဒါထက် လှေဦးတိုက်၊ လှည်းဦးတိုက် ဖြစ်နေရင်ကော။ ဒါမှမဟုတ် ညီအစ်ကိုမောင်နှမ အိမ်တွေရဲ့ကြား ညှပ်အိမ် ဖြစ်နေရင်ကော"

"မပူပါနဲ့ ကိုဘမောင်။ အဲသည်အတွက် လောကီအစီအရင်တွေ ရှိပါတယ်။ စောစောက ကျွန်တော်ပြောတဲ့ အချက်အလက်တွေ မှတ်သားပြီး ဝယ်သင့်မသင့် ချင့်ချိန်ကြည့်ပေါ့၊ ဟုတ်လား"

"ကျေးဇူးပါပဲ ဆရာသမားရယ်…"

---

တက်လူမျိုးသစ်

---



www.burmeseclassic.com

www.burmeseclassic.com



## ဆည်းဆာအချိန်မှာ မီးထွန်းပါ

# စီးပွားတက်မှာ အသေချာ

သောမ

စာရေးသူတို့၏ အဘိုးအဘွားများက စာရေးသူ၏ မိဘနှစ်ပါးကို နေဝင်ဆည်းဆာချိန်ရောက်တိုင်း ဘုရားကျောင်းဆောင်တွင် မီးထွန်းရန် သတိပေးတတ်သည်။ သောက်တော်ရေ လဲရန်လည်း သတိပေးတတ်သည်။ ဆီမီးပူဇော်ရန်လည်း သတိပေးတတ်သည်။

ထိုအချိန်က စာရေးသူသည် အလည်အပတ်အရွယ်တွင်သာ အားသာနေ၍ နေဝင်ဆည်းဆာချိန်ရောက်လာတိုင်း မီးထွန်းရန်ကိစ္စ၊ သောက်တော်ရေလဲရန်ကိစ္စ၊ ဆီမီးပူဇော်ရန်ကိစ္စ စသည်များကို လုပ်ရိုးလုပ်စဉ် ဘာသာရေးအမှုကိစ္စများ ပြုလုပ်နေခြင်းဟုသာ သိထားခဲ့သည်။

ယခု စာရေးသူ၏ မိခင်ဖြစ်သူက နေဝင်ဆည်းဆာချိန် ရောက်ပြီဆိုသည်နှင့် ကျွန်တော်၏ မိသားစုကို ဘုရားကျောင်းဆောင်တွင် မီးထွန်းရန် ကိစ္စများကို အော်ဟစ်၍ သတိပေးလာသောအခါမှ ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာသော နေဝင်ချိန် မီးထွန်းရန်ကိစ္စကို စိတ်ဝင်စားလာတော့သည်။

သည်တော့ ထိုဘာသာရေး အမှုကိစ္စများကို လုပ်ဆောင်ခြင်းဖြင့် မည်သို့အကျိုးထူးရှိသည်ကို သိလို၍ မိခင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သူ့အား မေးမိတော့သည်။ စာရေးသူ၏ မိခင်သည် ရှည်ရှည်ဝေးဝေးမပြောပါ။ လိုရင်းကိုသာ အောက်ပါအတိုင်း ပြောပြပါသည်။

"သား နေ့ဝင်မီးလက် စီးပွား တက်ဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ်လား"

ထိုစကားကို စာရေးသူ ကြားဖူး ပါသည်။ သို့သော် စာရေးသူနှင့် သူစိမ်း မဆန်သော စကားဖြစ်သည်ဆိုလျှင် မမှားချေ။

"ဟုတ်ကဲ့ . . . ကြားဖူးပါတယ်။ အဘိုးတို့၊ အဘွားတို့၊ အမေ့ကို အော် အော်ပြောနေတဲ့စကားပဲ"

စာရေးသူ၏ အဖြေစကားကြောင့် မိခင်ပြုံးလိုက်ပါသည်။ ပြီးမှ -

"အေး . . . ဘာကြောင့် သားရဲ့ အဘိုးအဘွားတွေက အမေ့ကို နေ့ဝင် ချိန်မှာ မီးထွန်းခိုင်းတာလဲဆိုတော့ အမေတို့နေထိုင်တဲ့ အိမ်မှာ စီးပွား လာဘ်လာဘတွေ ရွှင်လန်းလာစေဖို့ အတွက် လုပ်ခိုင်းနေတာပဲ။ အဘိုး အဘွားတွေ နေ့ဝင်ချိန်မှာ မီးထွန်းခဲ့လို့ ချမ်းချမ်းသာသာဖြစ်ပြီး၊ အမေတို့ အတွက် အမေတွေ များများစားစား ထားခဲ့နိုင်တာပေါ့၊ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေပြီး ဝင်ငွေတိုးခဲ့ရတာပေါ့"

"လုပ်နည်းလုပ်ဟန်ရော ရှိလား အမေ"

"ရှိတာပေါ့ သားရယ်။ ဘယ်အရာ မဆို အရမ်းကာရောလုပ်လို့မှ မရဘဲ။ သူ့နည်းသူ့ဟန်တွေ ရှိတာပေါ့။ မှန်မှန် ကန်ကန် နည်းစနစ်ကျကျလုပ်လေ ပိုပြီး လာဘ်လာဘတွေ ရွှင်လေပေါ့ကွယ်"

"ဒါဆို လုပ်နည်းလုပ်ဟန်လေးကို သင်ပေးဦးမှပေါ့ အမေရာ"

"သားတို့က အမေးအမြန်းမရှိ တော့ အမေကလည်း မပြောမိဘူးပေါ့။ ကဲ . . . မှတ်ထားပေတော့။ နေ့ဝင်မီး လက် စီးပွားတက်စေမယ့် လုပ်နည်း လုပ်ဟန်ကို အမေပြောပြမယ်။ အမေ ပြောပြတဲ့အတိုင်း သားတို့ သေသေချာ ချာလုပ်၊ စီးပွားလာဘ်လာဘ တိုးတက် လာစေရမယ်။ အမေ ရဲရဲကြီးအာမခံ တယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ"

စာရေးသူ၏မိခင်သည် ထိုနေရာမှ ထ၍ အိပ်ခန်းထဲသို့ ဝင်သွားပါသည်။ နောက် ဗလာစာအုပ်တစ်အုပ်ကို ကိုင်၍ ပြန်ထွက်လာပါသည်။ မူလထိုင်ခဲ့သော နေရာမှာ ပြန်ထိုင်ပါသည်။ ပြီးမှ . . .

"လုပ်နည်းလုပ်ဟန်က ဘာမှ မခက်ပါဘူး။ ညနေ နေ့ဝင်ချိန်ကို လ အလိုက်သိထားဖို့သာ လိုပါတယ်။ ညနေ နေ့ဝင်ချိန်ကို တိတိကျကျ ဖမ်း ပြီး ဘုရားမီးကို ပူဇော်ရင် ပြီးတာပါပဲ။ ကဲ . . . အမေမှတ်ထားတဲ့ လအလိုက် နေ့ဝင်ချိန် နာရီတွေကို ကူးထားလိုက်။ အဲဒီအချိန်တွေအတိုင်း အတိအကျ ဘုရားကို မီးပူဇော်ပေတော့"

စာရေးသူသည် မိခင်ပေးသော စာအုပ်ထဲမှ ညနေ နေ့ဝင်ချိန်နာရီများ ကို ကူးယူ၍ နေ့စဉ်နေ့တိုင်း မီးပူဇော် နေပါသည်။ စာရေးသူတို့၏ မိသားစု စီးပွားလာဘ်လာဘ တက်မတက်ဆို သည်ကိုကား မပြောလိုက်ပါ။ ရပ်ကွက် သူ ရပ်ကွက်သားများနှင့် သတိပြုမိနေ ပါသည်။ ယုံယုံကြည်ကြည် ပြုလုပ်၍ စီးပွားရှာကြရန် စာရေးသူက အကြံပြု လိုပါသည်။

**လစဉ်အလိုက် နေ့ဝင်ချိန်များ**

(က) တန်ခူးလတွင် ညနေ ၆ နာရီ၌ နေ့ဝင်ပါသည်။
(ခ) ကဆုန်လတွင် ညနေ ၆း၁၀ နာရီ၌ နေ့ဝင်ပါသည်။
(ဂ) နယုန်လတွင် ညနေ ၆ နာရီ၌ နေ့ဝင်ပါသည်။
(ဃ) ဝါဆိုလတွင် လတွင် ညနေ ၆း၁၀ နာရီ၌ နေ့ဝင်ပါသည်။
(င) ဝါခေါင်လတွင် ညနေ ၆း၂၀ နာရီ၌ နေ့ဝင်ပါသည်။
(စ) တော်သလင်းလတွင် ညနေ ၆း၁၀ နာရီ၌ နေ့ဝင်ပါသည်။
(ဆ) သီတင်းကျွတ်လတွင် ညနေ ၆း၀၀ နာရီ၌ နေ့ဝင်ပါသည်။
(ဇ) တန်ဆောင်မုန်းလတွင် ညနေ ၅း၅၀ နာရီ၌ နေ့ဝင်ပါသည်။
(ဈ) နတ်တော်လတွင် ညနေ ၅း၄၀ နာရီ၌ နေ့ဝင်ပါသည်။
(ည) ပြာသိုလတွင် ညနေ ၅း၃၀ နာရီ၌ နေ့ဝင်ပါသည်။
(ဋ) တပို့တွဲလတွင် ညနေ ၅း၄၀ နာရီ၌ နေ့ဝင်ပါသည်။
(ဌ) တပေါင်းလတွင် ညနေ ၅း၅၀ နာရီ၌ နေ့ဝင်ပါသည်။

ခနစ်ရက်သားသမီးအပေါင်း ကျန်းမာချမ်းသာကြပါစေ . . .။

**ဘောမ**



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်မြေခံကို ရွေးမှာလဲ

● ဝနေမြှူဆရာတင်

အဆောက်အအုံများ ဆောက်လုပ်ကြရာဝယ် ဆောက်လုပ်မည့် ပညာရှင်တို့အနေဖြင့် လောကီပညာရပ်များကို အခြေပြုလျက် 'မြေခံ'ကို ရွေးလေ့ရှိကြပါသည်။ မြေခံ နှစ်မျိုးနှစ်စားရှိကြောင်း မှတ်သားရပါသည်။ ယင်းတို့မှာ ဆယ့်နှစ်လတွင်ရှိသော လဆန်း၊ လဆုတ်ကို အခြေပြုသည့် 'လက်သမားမြေခံ'နှင့် တိထိမြေခံ ၁၀ ပါးတို့ ဖြစ်ကြပါသည်။ အဆိုပါ မြေခံနှစ်မျိုးနှစ်စားအနက်…



www.burmeseclassic.com

www.burmeseclassic.com

မြေတွင်းတူးဆွခြင်းလုပ်ငန်းများအတွက် လက်သမားမြေခံကို ရွေးချယ်၍ အမြဲထာဝရတည်တံ့ကောင်းမွန်လိုသည့် အဆောက်အအုံများ ဆောက်လုပ်ရန်မှာမူ တိထီမြေခံ ၁၇ ပါးကိုသာ ရွေးချယ်လေ့ရှိကြောင်း မှတ်သားရပါသည်။

## လက်သမားမြေခံ

လက်သမားမြေခံဆိုသည်မှာ ပြက္ခဒိန်တွင် နတ်၊ ကညာ၊ ကျား၊ ဆင် အစရှိသည်တို့ ရေးသားထားသည်ကို ခေါ်ပါသည်။ ဤ၌ လဆန်း၊ လဆုတ်အလိုက် မြေခံရွေးချယ်မှု၏ အကျိုးအပြစ်များကို တင်ပြပါမည်။ မည်သည့်လမဆို အကျုံးဝင်ပါသည်။

လဆန်း(၁)ရက်သည် နတ်ခံသဖြင့် ဘေးသင့်သေကျေပျက်စီးတတ်ပါသည်။

လဆန်း(၂)ရက်သည် ကညာသမီးခံသဖြင့် အရာရာပြီးပြည့်စုံ အောင်မြင်တတ်၏။

လဆန်း(၃)ရက်သည် နွားလားဥသဘခံသဖြင့် လာဘ်လာဘ ပေါများပြီး ချမ်းသာတတ်၏။

လဆန်း(၄)ရက်သည် ဆင်ခံသဖြင့် သေဘေးသင့်တတ်၏။

လဆန်း(၅)ရက်သည် ဂဠုန်ခံသဖြင့် ချမ်းသာတတ်၏။

လဆန်း(၆)ရက်သည် ဘီလူးခံသဖြင့် သေဘေးသင့်တတ်၏။

လဆန်း(၇)ရက်သည် မြင်းခံသဖြင့် စီးပွားဥစ္စာပြန့်ပြောတတ်၏။ လုပ်ကိုင်သမျှ အောင်မြင်ပြီးစီးတတ်၏။

လဆန်း(၈)ရက်သည် ဒွန်းစဏ္ဍားခံသဖြင့် ပျက်စီးတတ်၏။

လဆန်း(၉)ရက်သည် နတ်ခံသဖြင့် သေကျေပျက်စီးတတ်၏။

လဆန်း(၁၀)ရက်သည် ပြဟ္မာခံသဖြင့် ချမ်းသာတတ်၏။ မင်းပူဇော်ခံရတတ်၏။

လဆန်း(၁၁)ရက်သည် သိကြားခံသောကြောင့် ချမ်းသာတတ်၏။

လဆန်း(၁၂)ရက်သည် ခွေးခံသောကြောင့် ပျက်စီးတတ်၏။

လဆန်း(၁၃)ရက်သည် ပြဟ္မာခံသောကြောင့် လာဘ်လာဘရတတ်၏။ ချမ်းသာကြွယ်ဝတတ်၏။

လဆန်း(၁၄)ရက်သည် ဂဠုန်ခံသောကြောင့် ချမ်းသာတတ်၏။

လဆန်း(၁၅)ရက်သည် သိကြားခံသောကြောင့် ချမ်းသာတတ်၏။

(သို့ဖြစ်၍ လဆန်းရက်များအတွင်း အဆောက်အအုံဆောက်လုပ်မည်ဆိုပါက ဆင်ခံ၊ ဘီလူးခံ၊ ဒွန်းစဏ္ဍားခံ၊ နတ်ခံ၊ ခွေးခံ အစရှိသော ရက်များကို ရှောင်ကြဉ်သင့်ပါသည်။ ကျန်ရက်များကိုသာ ရွေးချယ်ဆောက်လုပ်သင့်ပါသည်။)

လဆုတ်(၁)ရက်သည် ကညာခံသဖြင့် အောင်မြင်ပြီးစီးတတ်ပါသည်။

လဆုတ်(၂)ရက်သည် ကျားခံသဖြင့် ဆင်းရဲတတ်သည်။ သေဘေးကြုံတတ်သည်။

လဆုတ်(၃)ရက်သည် နတ်ခံသဖြင့် သောကဗျာပါဒရောက်တတ်ပါသည်။

လဆုတ်(၄)ရက်သည် နွားခံသဖြင့် ချမ်းသာကြွယ်ဝတတ်ပါသည်။

လဆုတ်(၅)ရက်သည် ဆင်ခံသဖြင့် ဆင်းရဲမွဲတေတတ်ပါသည်။

လဆုတ်(၆)ရက်သည် ဂဠုန်ခံသဖြင့် ချမ်းသာကြွယ်ဝတတ်ပါသည်။

လဆုတ်(၇)ရက်သည် ဒွန်းစဏ္ဍားခံသဖြင့် ပျက်စီးတတ်ပါသည်။

လဆုတ်(၈)ရက်သည် မြင်းခံသဖြင့် အောင်မြင်ပြီးစီးတတ်၏။ စီးပွားတိုးတက်တတ်၏။

လဆုတ်(၉)ရက်သည် ပြဟ္မာခံသဖြင့် မင်းပူဇော်ခံရတတ်၏။ ဥစ္စာပစ္စည်းများ ရရှိတတ်၏။

လဆုတ်(၁၀)ရက်သည် ဘီလူးခံသဖြင့် သေကျေပျက်စီးတတ်၏။

လဆုတ်(၁၁)ရက်သည် ခွေးခံသဖြင့် ပျက်စီးဆုံးရှုံးတတ်၏။

လဆုတ်(၁၂)ရက်သည် မြင်းခံသဖြင့် ပြန့်ပြောအောင်မြင်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

လဆုတ်(၁၃)ရက်သည် ဝက်ခံသဖြင့် သေကျေပျက်စီးတတ်၏။

လဆုတ်(၁၄)ရက်သည် ဖြဟ္မာခံသဖြင့် လာဘ်လာဘကြီးစွာ ရရှိတတ်၏။

လဆုတ်(၁၅)ရက်သည် ဂဠုန်ခံသဖြင့် ကိုယ်ရော စိတ်ပါ ချမ်းသာတတ်၏။

(သို့ဖြစ်၍ လဆုတ်လက်သမားမြေခံတွင် ကျားခံ၊ နတ်ခံ၊ ဆင်ခံ၊ ဒွန်းစဏ္ဍားခံ၊ ဘီလူးခံ၊ ခွေးခံ၊ ဝက်ခံ အစရှိသော ရက်များကို ရှောင်ကြဉ်သင့်ပါသည်။ ကျန်ရက်များကိုသာ ရွေးချယ်ဆောက်လုပ်သင့်ပါသည်။)

## တိထိမြေခံ (၁၀)ပါး

တိထိမြေခံ ၁၀ ပါးသည် အဆောက်အအုံဆောက်လုပ်သူတို့အတွက် လွန်စွာမှ အရေးကြီးလှပါသည်။ အမြဲသာဝရ တည်တံ့ခိုင်မာကောင်းမွန်စေလိုပါက တိထိမြေခံ ၁၀ ပါးကို အလေးထားကြစမြဲ ဖြစ်ပါသည်။ ယာယီအဆောက်အအုံ၊ မဏ္ဍာပ်၊ မြေတူး၊ မြေဆွ စသည်တို့အတွက်သာ လက်သမားမြေခံကို ရွေးချယ်ပြီး တိထိမြေခံကိုမူ မရွေးချယ်ကြပါ။ ကြီးကျယ်ခမ်းနားထည်ဝါသော အထင်ကရ အဆောက်အဦများအတွက်သာလျှင် တိထိမြေခံကို ရွေးချယ်ကြပါသည်။ တိထိမြေခံ ၁၀ ပါးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ တနင်္ဂနွေမြေခံက ဥစ္စာပစ္စည်းများ ပျက်စီးဆုံးရှုံးတတ်ပါသည်။ (၎င်းမြေခံကို မရွေးချယ်သင့်ပါ။)

၂။ တနင်္လာမြေခံက စည်းစိမ်ဥစ္စာ လာဘ်လာဘများ တိုးပွားတတ်ပါသည်။ (အဆိုပါမြေခံသည် ကောင်း၏၊ ရွေးချယ်သင့်၏။)

၃။ အင်္ဂါမြေခံက ရောဂါဝေဒနာ စွဲကပ်တတ်၏။ ဆင်းရဲတတ်၏။ (၎င်းမြေခံသည် မကောင်း၊ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)

၄။ ဗုဒ္ဓဟူးမြေခံက ဥစ္စာပစ္စည်းများ လွယ်ကူစွာရရှိပြီး ချမ်းသာကြွယ်ဝတတ်ပါသည်။ (အဆိုပါမြေခံသည် ကောင်း၏၊ ရွေးချယ်သင့်၏။)

၅။ ကြာသပတေးမြေခံက မြတ်သောအကြံအစည်များ အောင်မြင်ပါလိမ့်မည်။ (အဆိုပါမြေခံသည် ကောင်း၏၊ ရွေးချယ်သင့်၏။)

၆။ သောကြာမြေခံက ဥစ္စာပစ္စည်းများ ရရှိတတ်သည်။ ချစ်သူ၊ မိတ်ဆွေပေါတတ်ပါသည်။ (အဆိုပါမြေခံသည် ကောင်း၏၊ ရွေးချယ်သင့်၏။)

၇။ စနေမြေခံက မီးဘေးသင့်တတ်ပါသည်။ မီးနှင့်တူသော စိတ်ပူလောင်မှု၊ ဘေးများ ကြုံတွေ့ရတတ်ပါသည်။ (အဆိုပါမြေခံသည် မကောင်း၊ ရွေးချယ်လုပ်ကိုင်ခြင်းမပြုသင့်။)

၈။ ရာဟုမြေခံက ခိုက်ရန်ဘေးကြုံရတတ်သည်။ အချုပ်အနှောင်ဘေး တွေ့ရတတ်သည်။ (အဆိုပါမြေခံသည် မကောင်း၊ ရွေးချယ်လုပ်ကိုင်ခြင်းမပြုသင့်။)

၉။ ကိတ်မြေခံက ဥစ္စာပစ္စည်းများ လွယ်ကူစွာရရှိပြီး ချမ်းသာကြွယ်ဝတတ်ပါသည်။ (အဆိုပါမြေခံသည် ကောင်း၏၊ ရွေးချယ်သင့်၏။)

၁၀။ မိတ္တုမြေခံက စည်းစိမ်ဥစ္စာလျှောကျ၍ သေကျေပျက်စီးတတ်၏။ (၎င်းမြေခံသည် မကောင်း၏၊ ရွေးချယ်လုပ်ကိုင်ခြင်း မပြုသင့်။)

အဆိုပါ တိထိမြေခံ ၁၀ ပါးကို လေ့လာကြည့်လိုက်သောအခါ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုနှင့် မိတ္တုမြေခံငါးပါးသည် မကောင်းချေ။ ထိုရက်များကို တည်ဆောက်ရမည့် ရက်များအဖြစ် အခါမပေးသင့်ပါ။ ကျန် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနှင့် ကိတ်မြေခံတို့သာလျှင် ကောင်းသည်ကို တွေ့ရ၏။

သို့ဆိုလျှင် အဆွေစာရှုသူတို့အနေဖြင့် မိမိတို့ဆောက်လုပ်မည့် အဆောက်အအုံအတွက် မည်သည့်မြေခံကို ရွေးချယ်သင့်သည့်အကြောင်း သဘောပေါက်နားလည်နိုင်လိမ့်မည် ထင်ပါသည်။

**ဓနုဖြူဆရာတင်**



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ခြံမြေ ရရှိရေး ကျင့်စဉ်

■ အမာ-တောင်မြို့

"ပြောမယုံ ကြုံဖူးမှသိ"ဆိုသည့်အတိုင်း မိမိပြုလုပ် သော ကောင်းမြတ်လှစွာသော ကံတရားသည်သာလျှင် မိမိကိုယ်ပိုင် ဥစ္စာသည်သာလျှင်တည်း။ စာရေးသူတို့ ရှင်တော်ဗုဒ္ဓ ဟော ကြားခဲ့သည့်အတိုင်း တရားတော်၏ "အကာလိကော"အခါ မလင့် အကျိုးပေးမှု တရားဂုဏ်တော်ခြောက်ပါးသည် မှန်ကန် သော သစ္စာစကား ဖြစ်ပါပေသည်။

စာရေးသူသည် လွန်ခဲ့သော ရှစ်နှစ်ခန့်က မန္တလေးမြို့ အနီးအနားရှိ အမရပူရ(တောင်မြို့)လေး၌ ကျင့်ကြံခဲ့သော အဓိဋ္ဌာန်အောင်မြင်မှုလေးတစ်ရပ်အား အိမ်ခြံမြေမရှိကြသေး သော သတ္တဝါအနန္တ ဝေနေယျများအား ကျင့်ကြံကျိုးကုတ် အဓိဋ္ဌာန်ဝင်ကြရင်း အိမ်ခြံမြေပိုင်ကြစေလိုပါသည်။

မန္တလေးမြို့ပေါ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားအား ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကြပါသည်။ ဂေါတမမြတ်ဘုရား သက်တော်ထင်ရှားရှိစဉ် ကာလက မြတ်ဘုရားကိုယ်တိုင် ရင်ငွေ့တော်ဖြင့် ထိုမဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သက် တော်သွင်းထားသည့် နိမ္မိတရုပ်ပွားတော်မြတ် ဖြစ်ပါသည်။ မြတ်ဘုရား၏ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကံတော် အနန္တ၊ အားတော် အနန္တ၊ တန်ခိုးတော် အနန္တ စသည့် အံ့ဖွယ်မကုန်နိုင်သည့် မဟာမုနိ မည်ရှိတင်ပေါ် ရုပ်ရှင်တော် မြတ်လည်း ဖြစ်သည်။

မြတ်ဘုရားကိုယ်တော်တိုင် ကိုယ်မှာရင်ငွေ့ တန်ခိုးဖြည့် လိုက်သည်နှင့် ခြောက်ဖြာရောင်ခြည် ထိန်လျှပ်ဝါလင်းကာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်လာမည့် မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားရှေ့၌ အဓိဋ္ဌာန်ဝင်သည့် ဗုဒ္ဓဘာသာနွယ်ဝင်တိုင်းမှာ အဘယ်မှာလျှင် အကျိုးများ ခံစားကြရမည်မှာ မရှိပါအံ့နည်း။ ပြောဖွယ်ရာ မရှိပါချေ။

ထိုစဉ် စာရေးသူသည် တောင်မြို့လေး၌ ကျောင်းဆရာမ တာဝန်ဖြင့် ထမ်းဆောင်နေသည့်ကာလ သက်ရှိအိမ်ခြံပိုင် လေး တစ်လုံးရှိပါသည်။ အိမ်ပိုင်သော်လည်း ထိုအိမ်၌ ဖခင် ကြီး၏ငွေ သုံးပုံတစ်ပုံပါရှိနေသည်။ သူငယ်ပြန်နေသော အသက်ကိုးဆယ်နားနီး ဖခင်ကြီးသည် လှူတန်းလိုသည်၊ ဘုရားဖူးထွက်လိုသည်ဟု ဆိုလာသဖြင့် နေဝင်ချိန်အလွန် နီးနေသော ဖခင်ကြီးအား စိတ်ချမ်းသာစေလိုသည့် ကောင်း သော ဆန္ဒမွန်ဖြင့် ပေ ၁၀၀ နီးပါးခြံလေးအား လေးချိုးတစ် ချိုး ခြံကာ၍ ကျန်သောသုံးချိုးကို ရန်ကုန်မှ ချမ်းသာသော

ဘူး။ ပဲ၊ ဖရုံတွေ အမျိုးမျိုးချကာ သစ်ပင်သီးနှံ စိုစိုပြည်ပြည် နှင့် ကြည်နူးမှုအရသာအား မည်သည့်တိုက်တာနှင့်မျှ ထိုစဉ်က မလဲနိုင်ခဲ့ပါ။ သူတော်အသိရှိသူများမှာ စာရေးသူခြံထဲရောက် လျှင် သဘောကျနှစ်မြို့က် တစ်နေကုန်နေကြပါသည်။

တရားနှင့်အဖော်ပြု မိမိကမ္မဋ္ဌာန်းတဲလေးနှင့်သာ မိမိ ဘဝပျော်မွေ့နေသော်ငြား တစ်ဖက်က မိမိပြုထားသည့် သမီး လေးက အချိန်တန် အရွယ်ရောက်လာသည်။ မိမိက ပတ်ဝန်း ကျင်၏ ရိုက်ခတ်မှုကို သည်းခံခွင့်လွှတ်နိုင်သော်လည်း သမီး လေးက ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကို ဂရုစိုက်တုန်လှုပ်နေ သည့်အတွက် စာရေးသူမှာ အခက်အခဲများ ကျော်လွှားနိုင်ရန် ရှင်တော်မုနိ ရှေ့တော်မှောက်အရောက် အဓိဋ္ဌာန်များ ဆက်တိုက်ဝင်ပါတော့သည်။ ကျောင်းအားရက် စနေ၊ တနင်္ဂနွေ၊ ဥပုသ်နေ့၊ သီတင်းကျွတ်ပေ့ါဘွင်းပိတ်ရက် ခရစ္စမတ်

ရတနာမြတ်သုံး ပါးအား အသက်စွန့်ရသည်အထိ ဆည်းကပ်ကိုးကွယ်သွားမည်။ မည်သည့်လိုချင်မှု လောဘတဏှာကိုမျှ ရှေ့တန်းမထားရှိတော့ကာ အမြဲနိစ္စ ထာဝရ နေ့ရောညပါ ဘယ်ခါမပြတ်၊ ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းအစ ဝိပဿနာအဆုံးထိ ဘဝနေနည်းဖြင့် သေသည်အထိ တရားအဖော်နှင့် နေထိုင်တော့မည်ဟု . . .

အစ်ကိုရင်းလုပ်သူအား ပေါက်ဈေးနှင့်ရောင်းကာ ဖခင်ကြီး စိတ်ကြိုက် သုံးစွဲစေပါသည်။

ကျန်ရှိသော ပေအစိတ်ခန့်ကိုသာ ဖဲ့ယူထားပြီး ကမ္မဋ္ဌာန်းကျောင်းသာသာလေးဆောက်ကာ အေးချမ်းသာယာ စွာ နေထိုင်ပါသည်။ ကျောင်းမှ လုပ်ဖော်ကိုင်ဘက်များက စာရေးသူ၏ အိမ်လေးအား နိုအိမ်လေးဟု လှောင်ပြောင်ကြ ပါသည်။ ရှေးသူတော်ထုံး နှလုံးသည် သစ်ရွက်၊ သစ်ခက် တဲလေး၏ အေးချမ်းမှု သုခကို သူတို့နှလုံးမသွင်းတတ်လို့ တဲလေးဟု ခွင့်လွှတ်သည်းခံကာ ဝါးကပ်မိုး၊ ထရံကာ မိမိ ကမ္မဋ္ဌာန်းကျောင်းတဲငယ်လေးနှင့် တရားနှင့် အဖော်ပြုနေ လိုက်ပါသည်။ ကျန်ရှိနေသော မြေကွက်လပ်၌ သစ်ဥ၊ သစ်ဖု

ပိတ်ရက်၊ နွေနှစ်လကျောင်းပိတ်ရက်များတွင် မဟာမုနိမြတ် ဘုရားရှေ့ ပုဆစ်တုပ်ရှိကျိုးကာ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ဖြင့် ပူဇော်ကာ ဆုတောင်းပတ္ထနာပြုရပါသည်။

အဓိဋ္ဌာန်ရက်ရှည်မှာ ဆောင်းတွင်းကာလ ဖြစ်ပါသည်။ နံနက် ၆ နာရီအရောက် ရှင်တော်ဘုရားရှေ့တော်သို့ ရောက် ၍ အဓိဋ္ဌာန်စခန်းကို သတ်မှတ်ထားပါသည်။ တောင်မြို့နှင့် မန္တလေး ၁၃ မိုင်ခန့်ရှိ၍ နံနက် ၅ နာရီမထိုးခင်မှာပင် အိမ်သားနှင့် စက်ဘီးနင်းကာ မုနိရှေ့တော်မှောက် အရောက် သွားကြရပါသည်။ အညာဆောင်းဆိုသည်မှာ သိကြသည့် အတိုင်း ခိုက်ခိုက်တုန်အောင် ချမ်းလှပါသည်။ မဟာမြတ် မုနိရောက် စိတ်ကြည်နူးမှုဒဏ်မှာ ခံစားရသဖြင့် ထိုကြည်နူး



www.burmeseclassic.com

www.burmeseclassic.com

မှုအား တွေးတောရင်းဖြင့် အဓိဋ္ဌာန်အောင်မြင်ရေးအတွက် အအေးဒဏ်ကို ခံစားရင်း ထူထဲစွာ ဝတ်၍ အဓိဋ္ဌာန်ရက် ၄၅ ရက် ပြီးဆုံးစေရန် ဌွဲ၊ ဝီရိယဖြင့် ဆောင်းတွင်းကာလ အဓိဋ္ဌာန်မပျက် ဝင်ခဲ့ပါသည်။ စာရေးသူ အဓိဋ္ဌာန်ဝင်ခဲ့သည့် နေရာမှာ မြတ်ဘုရား၏နံဘေး ခတ်ထားသော သံဆန်ကာများဘေးမှ အောင်မြေနေရာ ကျောက်ပြားအနက်လေးပေါ်၌ ထိုင်၍ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

အဓိဋ္ဌာန်မဝင်ခင် စာရေးသူနှင့် အသင့်ပါလာခဲ့သော ရေဘူးနှင့် လင်ပန်း၊ ဖန်ခွက်ကြည်ကြည်လေး ကိုးခွက် သောက်တော်ရေထည့်။ ကြံရာသစ်သီးတစ်ခုခု ကိုးစိတ်ကို ပန်းကန်ပြားထဲထည့်၊ ညနေ တဲမှ ပန်းခြံထဲမှ ဝယ်ထားသော ငွေပန်း (သို့မဟုတ်) မြတ်လေး၊ သရဖီ၊ ခွာညို၊ စံပယ်အိုးပုတ် ရရာ မွှေးသော ပန်းတစ်မျိုးမျိုး ကိုးပွင့်၊ ကိုးကုံးဖြစ်စေ ပန်းကန်ပြားထဲထည့်ကပ် ပူဇော်ပါသည်။ ဆီမီးငယ် အဝါရောင် ကိုးတိုင်၊ အမွှေးတိုင် ကိုးတိုင်လည်း ပါသည်။ (ဂုဏ်တော်ကိုးပါးပုံ မှန်းဆ၍ အာရုံပြုကာ ကိုးနဝင်းကို အသုံးပြုခြင်း ဖြစ်ပါသည်။)

မြေယာပိုင်ဆိုင်လိုသည်ဖြစ်၍ မြေခွက်လေးထဲ မြေကြီးထည့်ယူလာကာ ထိုမြေကြီးပေါ်၌ ဆီမီးတစ်တိုင်၊ အမွှေးတိုင်တစ်တိုင် ထွန်းညှိ၍ ဝသုန္ဒြေမြေစောင့်နတ်မင်းကြီးအား မေတ္တာရေစက်ချကာ ပင့်ဖိတ်လိုက်ပါသည်။ မြေစောင့်နတ်မင်းကြီး၏ ကိုယ်စား ပန်း၊ ဆီမီး၊ အမွှေးနံ့သာ စသည်များ ရှင်တော်ဘုရားအား ကိုယ်စားလှူဒါန်းပူဇော်ပေးပါသည်ဟုလည်း နှုတ်မှဆိုပါသည်။ တရားလာရောက်နာကြားရန်လည်း ပင့်ဖိတ်လိုက်ပါသည်။ ပြီးက မဟာမုနိရှင်တော် ဘုရားအား အာရုံခံရှိခိုးကန်တော့၊ ငါးပါးသီလ ခံယူပါသည်။

သမန္တာအစရှိသည့် နတ်ပင့်ဖြင့် အနန္တစကြဝဠာတိုက် တစ်သောင်းရှိ နတ်၊ လူ၊ သတ္တဝါ အနန္တအား ပင့်ဖိတ်လိုက်ပါသည်။ အနန္တငါးဖြာနှင့် ကျေးဇူးရှင် ခင်ပွန်းကြီး ၁၀ ပါးအား ကံသုံးပါးဖြင့် ပြစ်မှားခဲ့သမျှ အားလုံးကိုလည်း ဝန်ချကန်တော့ပြီး ဂါထာကို ပုတီးသုံးပတ်စိပ်ကာ မေတ္တာသုတ် ကိုးခေါက် ပူဇော်ပြီး အနန္တစကြဝဠာတိုက် နတ်၊ လူ၊ သတ္တဝါ အနန္တနှင့် မဟာမြတ်မုနိဘုရားနှင့် ပရိဝုဏ်ရှိ အစောင့်အရှောက်များ၊ ဂါထာမန္တန်၊ ပရိသတ်များ၌ အစောင့်အရှောက်များအားလုံးကို မေတ္တာပို့ အမျှပေးဝေပါသည်။ ပြီးလျှင် နတ်ပို့ကာ အခုံးသတ်လိုက်ပါသည်။

အဓိဋ္ဌာန်ရက် မပျက်မကွက်အောင် သေချာစေ့ငစွာ ဆောင်ရွက်နေစဉ်အတွင်း အဓိဋ္ဌာန်ရက်သုံးဆယ့်ခြောက်ရက် ရောက်သောအခါ အံ့သြကြီးစွာဖြင့် မန္တလေးမြို့ အောင်ပင်လယ်မှ မြေကွက်တစ်ကွက်ကို ကျေးဇူးရှင် ပုဂ္ဂိုလ်တစ်ဦးက လာရောက်ပေးပါသည်။ မြတ်ဘုရား၏ တန်ခိုးတော်အနန္တကို မည်သို့မှ ဖော်မပြနိုင်သော ကြည်ညိုသဒ္ဓါ အနန္တဖြင့် စာရေးသူ၏ စိတ်ထဲ၌ ယနေ့ထိ ဖြစ်ပေါ်နေသည်မှာ ရတနာမြတ်သုံးပါးအား အသက်စွန့်ရသည်အထိ ဆည်းကပ်ကိုးကွယ်သွားမည်။ မည်သည့်လိုချင်မှု လောဘတဏှာကိုမျှ ရှေ့တန်းမထားရှိတော့ကာ အမြနိစ္စ ထာဝရ နေ့ရောညပါ ဘယ်ခါမပြတ်၊ ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းအစ ဝိပဿနာအဆုံးထိ ဘဝနေနည်းဖြင့် သေသည်အထိ တရားအဖော်နှင့် နေထိုင်တော့မည်ဟု သိန္နဋ္ဌာန်ချမှတ်လိုက်ပါပေတော့သတည်း။

ဂါထာတော်မှာ···

စိန္တာမဏိ ရတနာနိ ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ<br>
ကရံ ကရတိ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။<br>
စိန္တာမဏိ ရတနာနိ ဓမ္မံ ဓမ္မ ရတနာနံ<br>
ကရံ ကရတိ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။<br>
စိန္တာမဏိ ရတနာနိ သံဃံ သံဃ ရတနာနံ<br>
ကရံ ကရတိ သရဏံ ခိပ္ပမေဝ သမိဇ္ဈတု။

အနက်အဓိပ္ပာယ်မှာ···ကြံတိုင်း၊ ဖန်တိုင်း၊ ဆုတ်ဆိုင်းမရှိ၊ အလိုရှိတိုင်း ပြည့်စုံစေနိုင်သော ရတနာတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာတို့တည်း။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးအား ကိုးကွယ်ပြုလေ့ရှိသောသူ၏ အလိုရှိတောင့်တအပ်သော လောကီ၊ လောကုတ္တရာ ချမ်းသာတို့သည် ပြည့်စုံနိုင်ပါစေသတည်း။

*(အိမ်ရှိ မဟာမြတ်မုနိပုံတော်ရှေ့တွင် အောင်မြေနေရာကို ရည်မှန်း၍ အဓိဋ္ဌာန်ဝင်နိုင်ပါသည်။)*

အယာ–တောင်မြို့



www.burmeseclassic.com

www.burmeseclassic.com

# အိမ်သစ်မင်္ဂလာ

အောင်မြင့်မြတ်(ပြည်ရွှေဘို)

ဗုဒ္ဓယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် အိမ်သစ်ဆောက်လုပ်ရာတွင် ဆရာတော်၊ သံဃာတော်များကို ပင့်ဖိတ်ပြီး ပရိတ်တရား နာယူခြင်း၊ အန္တရာယ်ကမ္မဝါစာ ရွတ်ကြားနာယူခြင်း၊ ပြုသမျှသော ကုသိုလ်ဒါတို့၏ အဖို့ဘာဂကို ကိုယ်စောင့်နတ်၊ အိမ်ခြံမြေစောင့်နတ်၊ မြို့ရွာစောင့်နတ်၊ သာသနာတော်စောင့်နတ် အစရှိသည်ဖြင့် သုံးဆယ့်တစ်ဘုံသား သတ္တဝါအပေါင်းတို့အား အမျှကုသိုလ်ပေးဝေခြင်း စသည်ပြုလုပ်ကြပေသည်။

အိမ်ဆောက်ပြီးရာတွင်လည်း အိမ်သစ်တက်မင်္ဂလာပြုသောအားဖြင့် ရဟန်းသံဃာတော်များကို ပင့်ဆောင်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ သာသနာ့အသံတော်များ၊ သစ်သီး၊ မုန့်မျိုးစုံ ကပ်လှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကာ ဆွမ်းဆက်ကပ်၍ ပရိတ်နှင့် တရားဒေသနာများကို နာယူပြီးလျှင် အိမ်စောင့်နတ်မှအစ နတ်လူဗြဟ္မာ သတ္တဝါတို့အား ကုသိုလ်ဒါနတို့ကို အမျှအတန်းပေးဝေခြင်း၊ မေတ္တာပို့ပေးခြင်း စသော ဘာသာရေးယဉ်ကျေးမှုတို့ကို ပြုလုပ်တတ်ကြပေသည်။

ဤအစဉ်အလာကို မည်သည့်ခေတ်၊ မည်သည့်အချိန်ကာလက စတင်ပြီး မည်သို့သောရည်ရွယ်ချက်ဖြင့် ပြုလုပ်လာရသည်ကို သိဖို့လိုအပ်လှပေသည်။

## ဗုဒ္ဓမပွင့်မီကာလ

အိမ်မြေနေရာ၌ နိမိတ်ဖတ်ခြင်း၊ မန္တန်စုတ်ခြင်း၊ ဗလိနတ်စာကျွေးခြင်းတို့ကို မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓမပွင့်မီကပင် ထွန်းကားလျက်ရှိပေသည်။ သို့သော် ဗုဒ္ဓပွင့်ပေါ်လာသောအခါမှာ အချို့သော ဗုဒ္ဓဘာသာဝင်တို့သည် အိမ်သစ်ဆောက်လုပ်ရာဘွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့ကို ပင့်ဖိတ်ပြီး အိမ်သစ်တက်မင်္ဂလာယူခြင်း၊ အလှူဒါနပြုလုပ်ခြင်းတို့ကို အစားထိုးပြုလုပ်လာကြသဖြင့် လောကီနည်းဖြစ်သော နိမိတ်ဖတ်ခြင်း စသောအယူသည် တစ်စတစ်စ ပျောက်ကွယ်လာကာ ယခုခေတ်မှာ လုံးလုံးပင် မတွေ့ရတော့ချေ။

## ပါဋလိဂါမရွာ မြို့သစ်တည်ဆောက်ခြင်း

ဗုဒ္ဓလက်ထက်တော်အခါက သုနိဓနှင့် ဝဿကာရအမည်ရှိသော ပုဏ္ဏားအမတ်ကြီးနှစ်ယောက်တို့သည် ဝဇ္ဇီမင်းတို့၏ မှောင်ခိုခိုးဝင်လာသော အခွန်အတုပ်ကို နှိမ်နင်းရန် ပါဋလိဂါမ အမည်ရှိသော အရပ်ဒေသ၌ မဂဓမင်း၏စေခိုင်းချက်အရ မြို့ပြတစ်ခုကို တည်ဆောက်ကြလေသည်။

## ဗုဒ္ဓတွေ့မြင်ရသော နတ်များ

တစ်နေ့သော နံနက်စောစောအချိန်တွင် ဗုဒ္ဓသည် ကျိန်းစက်တော်မူရာမှ ထတော်မူပြီး အထူးကြည်လင်သန့်ရှင်းသော လူသာမန်တို့ မျက်လုံးဖြင့် မမြင်အပ်၊ မမြင်နိုင်သော နတ်တို့၏ ဒိဗ္ဗစက္ခုနှင့်တူသော အဘိညာဉ်စက္ခုဖြင့် ဤကမ္ဘာလောကကြီးကို ကြည့်ရှုလိုက်သောအခါမှာ များစွာသော နတ်တို့သည် ပါဋလိဂါမအရပ်၌ အိမ်မြေနေရာတို့ကို အသီးသီး သိမ်းပိုက်နေရာယူနေကြသည်တို့ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

## နတ်တို့၏ သိမ်းပိုက်မှု

ဆန်းကြယ်ပုံမှာ အထက်တန်းကျ၊ တန်ခိုးကြီးမားသော နတ်တို့က သိမ်းပိုက်ထားသော အိမ်ရာမြေကို အထက်တန်းလွှာ မင်း၊ အမှုထမ်း၊ အရာထမ်း၊ သူဌေးသူကြွယ်တို့ကလည်းကောင်း။ အလယ်လတ်တန်းကျသော နတ်တို့က သိမ်းပိုက်ထားသော မြေနေရာတို့ကို အလယ်အလတ်တန်းကျသော အမှုထမ်း၊ အရာထမ်းတို့ကလည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

အောက်တန်းစားကျသော နတ်တို့က သိမ်းပိုက်ထားသော မြေနေရာတို့ကို အောက်တန်းစား မင်းမှုထမ်း၊ အရာထမ်း၊ လူဆိုးလူပေ၊ အရက်သမား၊ ဖဲသမား၊ ငမွဲတေတို့ကလည်းကောင်း အိမ်ဆောက်ဖို့ရန် စိတ်ညွတ်စိတ်ကူးကြကုန်၏။

## ဋီကာဆရာတို့ မိန့်ဆိုချက်

ဤနေရာ၌ ဋီကာဆရာတို့ မိန့်ဆိုချက်မှာ ထိုအိမ်ရှင်တို့၏ ကိုယ်၌ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့က ပူးဝင်ပြီးလျှင် ထိုနတ်တို့ကြိုက်သော မြေနေရာတို့ကို ဆောက်လုပ်ဖို့ရန် စိတ်ကိုလှည့်စားပြီး ညွှန်ပြကြ၏။ အိမ်ရှင်တို့က မြေနေရာတို့ကို ပန္နက်ရိုက်၍ အပြီးအပိုင် သတ်မှတ်ပြီးမှ ထိုနတ်တို့သည် ပြန်ထွက်သွားကြသည်။

ထို့အပြင် သဒ္ဓါတရားရှိသော လူတို့ထံ၊ သဒ္ဓါတရားရှိသော နတ်တို့ကလည်းကောင်း၊ သဒ္ဓါတရားမရှိသော လူတို့ထံ သဒ္ဓါတရားမရှိသော နတ်တို့ကလည်းကောင်း ပူးဝင်ညွှန်ပြနေရာပေးကြကုန်၏။ အကြောင်းသော်ကား သဒ္ဓါတရားရှိသော နတ်တို့က ဤနေရာ၌နေသူတို့သည် အိမ်ကို ဆောက်လုပ်ကာ ရှေးဦးစွာ ရဟန်းသံဃာများကိုပင့်ဖိတ်ပြီး အိမ်သစ်တက်မင်္ဂလာ ယူကြကုန်လိမ့်မည်။ ထိုအချိန် ငါတို့သည် သီလ၊ သမာဓိ၊ ပညာ ရှိကြကုန်သော ရဟန်းသံဃာတော်တို့ကို ဖူးမြင်ကြည်ညိုကြရကုန်ပြီး တရားဓမ္မများကိုလည်း နာကြားရပေလိမ့်မည်။ အလှူဒါနပြုလုပ်ပြီး ကုသိုလ်ပြုသော အိမ်ရှင်များက မေတ္တာပို့ အမျှအတန်းပေးဝေမှုကိုလည်း ထိုနတ်များ ရကြကုန်အံ့ဟု ကြံစည်ကြသောကြောင့် ဖြစ်သည်။

သဒ္ဓါတရားမရှိသော နတ်တို့မှာကား ဤနေရာ၌ နေထိုင်သူတို့သည် အရက်သောက်၊ ဖဲရိုက်၊ မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ဖြင့် ဖောက်ဖောက်ပြန်ပြန် ပြုလုပ်နေကြသည်တို့ကို ကြည့်ရှုမြင်ရကုန်အံ့။ ထိုသူတို့ ကြမ်းတမ်းယုတ်မာသော ဆဲသံ၊ ဆိုသံ၊ စကားပြောသံတို့ကိုလည်း ကြားရကုန်အံ့ဟု ကြံစည်ကြသောကြောင့် ဖြစ်သည်။

## သုနိဓနှင့် ဝဿကာရ အမတ်တို့ မြို့သစ်၊ အိမ်သစ်တက်မင်္ဂလာ ပြုလုပ်ခြင်း

အမတ်ကြီးတို့သည် မြို့တော်တည်ဆောက်မှုအားလုံး ပြီးစီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီး မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကာ မြို့သစ်၊ အိမ်သစ်တက်မင်္ဂလာကို တခမ်းတနားစည်ကားသိုက်မြိုက်စွာ ကျင်းပကြလေသည်။

## မြို့သစ်၊ အိမ်သစ်တက်ခြင်း မင်္ဂလာတရားတော်

ဆွမ်းကိစ္စပြီးစီးသောအခါ ဗုဒ္ဓရှင်တော်မြတ်သည် အမတ်ကြီးတို့အား အောက်ပါတရားတော်ကို ဟောကြားတော်မူပါသည်။

အကြင်အရပ်၌ ပညာရှိကြကုန်သော လူတို့သည် အိမ်ရာသစ်ကို ဆောက်လုပ်ပြီးစီးသောအခါ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံကြကုန်သော ရဟန်းပုဂ္ဂိုလ်တို့အား ပင့်ဖိတ်၍ ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြကုန်၏။ အိမ်မြေနေရာ၊ အဆောက်အဉီတို့၌ ရှိနေကြကုန်သော အိမ်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့အားလည်း ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အမျှပေးဝေကြကုန်၏။ မြတ်မြတ်နိုးနိုး ပူဇော်ပသကြကုန်၏။

ယင်းကဲ့သို့ ပူဇော်ပသမှုကို ပြုကြကုန်သောကြောင့် အိမ်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ် စသည်တို့က မိခင်သည် သားသမီးတို့အား ယုယကြင်နာစွာ သနားစောင့်ရှောက်မှုကို ပြုသကဲ့သို့ ပြန်လည်၍ စောင့်ရှောက်ပေးကြကုန်၏။

အခါခပ်သိမ်း အိမ်ရှင် အိမ်သူအိမ်သားတို့၏ အကျိုးစီးပွားကိုသာ လိုလိုလားလား ဆောင်ရွက်မစပေးကြကုန်၏ဟု ဟောကြားတော်မူကာ ကျောင်းတော်သို့ ပြန်ကြွသွားတော်မူပါသည်။

ဤအထက်ဖော်ပြပါ သာဓက စကားရပ်ကို ထောက်ဆ၍ အိမ်သစ်တက်မင်္ဂလာ ပြုလုပ်ရခြင်း၏ အကျိုးအကြောင်းများကို ကောင်းစွာသိရှိနိုင်ကြပြီဖြစ်ကြောင်းကို တင်ပြလိုက်ရပါတော့သည်။

**အောင်မြင့်မြတ်(ပြည်ရွှေဘို)**


ကျမ်းကိုး

မဟာဝါပါဠိတော် ၃၇၁၊ ပါစိတျာဒိ (ဋ္ဌ) ၃၇၈၊ သာရတ္ထဋီ (တ) ၃၂၇။




www.burmeseclassic.com

www.burmeseclassic.com



# မြေမသန့်တာ ကြုံခဲ့လျှင်

## ဂန္ဓာရီဆြာအုံ့

"သည်မြေကွက်ကို ဈေးချိုတယ်ဆိုပြီး ဝယ်လိုက်မိတာ မှားများမှားနေပြီလား မပြောတတ်ဘူး ဆရာရေ"

"ဘယ်လိုများ ဖြစ်ရတာတဲ့လဲ မောင်သိုက်ရေ"

"ဘာဖြစ်လို့လဲဆိုတော့ မြေကွက်ဝယ်ပြီးချိန်ကစပြီး ဘာလုပ်လုပ် ဘာကိုင်ကိုင် အပေါက်အလမ်းမတည့်တော့ဘူး။ သေသေချာချာဆိုပြီး ငွေပေးငွေယူကိစ္စ ချိန်းဆိုထားတာတွေ၊ ကျိန်းသေပေါက် ပြောဆိုထားသမျှတွေလည်း တော့လွဲတွေချည်း လွဲနေတော့တာပဲ ဆရာရေ။ ကျွန်တော်တော့ ကျွန်တော်ဝယ်လိုက်တဲ့မြေက ခိုက်တယ်လို့ ထင်တာပဲ။ မြေခိုက်တယ်ဆိုတာ ရှိသလားဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတာပေါ့ မောင်သိုက်ရယ်…ရှိတာပေါ့။ ကိုယ်ဝယ်ထားတဲ့မြေဟာ သန့်ဖို့လိုတယ်။ တံမြက်စည်းပြောင်အောင် လှည်းထားတာကို ဆိုလိုတာမဟုတ်ဘူးနော်။ ကိုယ့်မြေမှာ အိမ်နောက်ဖေးက မြေတွေ ခင်းထားတာ ရှိသလား၊ အိမ်သာမြေတွေများ ခင်းထားမိသလား၊ အသုဘစင်ဆောက်ပြီးထားရာက ထွက်ကျလာတဲ့ အညစ်အကြေးတွေ ကျရာမြေ ဖြစ်နေသလား၊ အသုဘရုပ်ကလာပ်ကြီးကို ရေချိုးပေးတဲ့မြေ ဖြစ်နေသလား။ တစ်ခုခုထဲက တစ်ခုခု ဟုတ်နေပြီဆိုရင်တော့ မြေမသန့်ဘူးလို့သာ မှတ်လိုက်ပေတော့။

မသန့်တဲ့မြေကို ဝယ်မိရင် ဝယ်ပြီးမြေပေါ်မှာ လူနေအိမ်သော်လည်းကောင်း၊ စက်ရုံအလုပ်ရုံသော်လည်းကောင်း ဆောက်လုပ်မိရင် ဘယ်တော့မှ စီးပွားမတက်တော့ဘူးမှတ်။ စောစောက မင်းပြောသလိုမျိုး လုပ်ငန်းကိစ္စတွေမှန်သမျှ အထစ်ထစ်အငေါ့ငေါ့ အလွဲလွဲအချော်ချော်တွေ ဖြစ်တတ်တယ်။ အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာဆိုတဲ့ကိန်းပဲပေါ့"

"ကြောက်စရာကြီးပါလား ဆရာရယ်။ ကျွန်တော့်မြေသာ ဆရာပြောသလို ဟုတ်နေရင် ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး"

"သည်တော့ မင်းဝယ်ထားတဲ့မြေ သန့်မသန့် သိနိုင်ဖို့ရာ မင်းမြေရဲ့ သမိုင်းစဉ်ကို လေ့လာစုံစမ်းပေါ့။ ကိုယ်မဝယ်ခင်ကတော့ သန့်ပါရဲ့၊ ကိုယ်ဝယ်လိုက်တဲ့အခါကျတဲ့အခါ ကိုယ့်အပေါ် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း တစ်စုံတစ်ရာ မကောင်းတဲ့မြေလာဖြန့်သွားရင်လည်း မြေမသန့်ဘူး ဖြစ်ရတာပါပဲ"

"ကျွန်တော် စုံစမ်းကြည့်ဦးမယ် ဆရာ"

မောင်သိုက်လည်း သူ့စိတ်ထဲ သင်္ကာကင်းရှင်းသွားစေရန်အတွက် သူ့မြေနှင့်ပတ်သက်သော ရာဇဝင်အဆက်ဆက်ကို စုံစမ်းကြည့်ခဲ့၏။ ၎င်း၏အကျိုးကို လိုလားကြကုန်သော ပတ်ဝန်းကျင်ကလည်း သည်ရေ၊ သည်မြေ၌ ကာလရှည်လျားစွာ နေထိုင်ခဲ့သည့်အလျောက် ၎င်းဝယ်ယူသောမြေနှင့်ပတ်သက်သည့် ရာဇဝင်ကို ပြောကြဆိုကြသည့်အခါ တစ်ချိန်သောကာလတစ်ခု၌ နောက်ဖေးအိမ်သာကျင်းတူးရာမှ ထွက်လာသော မြေတို့အား ခြံရှေ့ရှိ ချိုင့်ခွက်နေသော နေရာများအပေါ် ဖို့ခဲ့ကြောင်း သိရလေတော့သည်။

"အဖြေတော့ ရပြီ ဆရာရေ။ ဘယ်လိုလုပ်ရမယ်ဆိုတာ အကြံဉာဏ်ပေးပါဦး။ ဈေးသက်သက်သာသာနဲ့ ရလိုက်တဲ့ မြေကွက်ကလေးမို့လည်း လက်လွှတ်ဆုံးရှုံးသွားမှာ နှမြောသလို၊ ဆက်ပြီးမေ့ထားရင်လည်း ခိုက်နေဦးမှာကို ကြောက်တယ်"

"မပူပါနဲ့ မောင်သိုက်ရယ်။ ရောဂါသိရင် ဆေးဆိုတာ ရှိစမြဲပါ။ အခု မင်းဝယ်ထားတဲ့မြေဟာ မသန့်ဘူးဆိုတာ သေချာပြီ။ ကိုင်း…ဒီတော့ မသန့်တဲ့မြေ သန့်သွားရလေအောင် ဒီလိုလုပ်"

ဟု ဆိုကာ ကျွန်ုပ်လည်း လေ့လာဆည်းပူးထားသည်တို့မှ လိုအပ်ချက်ကို ထုတ်နုတ်ပြောကြားလိုက်ချေ၏။ မောင်သိုက်လည်း ကျွန်ုပ်အကြံပြုသည့်အတိုင်း လုပ်ရှာကိုင်ရှာပါ၏။ သည့်အတွက်ကြောင့်ပင် မကြာခင်ကာလအတွင်း ကျွန်ုပ်ထံရောက်လာကာ အစစအရာရာ အဆင်ပြေသွားပြီဖြစ်ကြောင်း၊ မြေသန့်သွားပြီဖြစ်၍ မကြာခင် အိမ်ဆောက်ရန်တွက် လက်သမားခေါင်း ကိုနန္ဒာနှင့် ပန်းရန်ခေါင်းဆောင်ဒလအောင်မင်းတို့အဖွဲ့အား လုပ်ငန်းအပ်နှံထားကြောင်းတို့ကို အားပါးတရ ပြောသွားခဲ့ချေ၏။


ဤ၌ မိမိတို့ ဝယ်ယူထားသော ပိုင်ဆိုင်လျက်ရှိသောမြေ မသန့်ဟု ယူဆပါက ဆန်တစ်ဆုတ်ကို နနွင်းဖြင့်ဝါထိန်နေအောင် လူးလိုက်ပါ။ ပြီးနောက် မသန့်သောမြေအား ကြဲပက်ရင်း လိုရာဆုကို ရေရွတ်တောင်းဆိုပါ။ မကောင်းသောဒဏ်တွေ ကျေပျက်ပါသည်။ မိတ်ဆွေတို့အနေဖြင့် မသန့်သောမြေအား သန့်သွားအောင် အဆိုပါနည်းဖြင့် လုပ်ဆောင်နိုင်ပါ၏။ အိုးအိမ်ဆောက်လုပ်ပြီးပါက အိမ်သစ်တက်သည့်အခါ အနည်းဆုံး ပင့်သံဃာငါးပါး ပင့်ဖိတ်လျက် ပရိတ်ကြီး ၁၁ သုတ်နှင့် ပဋ္ဌာန်းနိယ ကမ္မဝါစာတို့ကို ရွတ်ဖတ်ပါက ကောင်းသည်ထက် ကောင်းလှစွာသော အကျိုးကို ခံစားရမည် ဖြစ်ပါကြောင်း။

ဂန္ဓာရီဆြာအုံ



www.burmeseclassic.com

www.burmeseclassic.com



# တကယ်...အိမ်အောက်တော့မှာလား

**ထင်ကျော်သောင်း**

'သူ့ရဲ့သမိန်' မည်သည့် စစ်တောင်းမြစ်ကို မေးတင်ထားသော ရွာကလေးမှ မဟာရန်ကုန်သို့ တက်လာသော မောင်ချစ်ဆိုသူ လူငယ်ကလေးတစ်ဦးနှင့် ကျွန်ုပ်မှာ လုပ်ငန်းတစ်ခုကို အခြေပြုခဲ့ရာမှ ခင်မင်ရင်းနှီးသူတွေ ဖြစ်သွားကြလေ၏။ ရုပ်ဆိုး သလောက် စိတ်နှလုံးဖြူစင်သော မောင်ချစ်အပေါ်၌ ကျွန်ုပ်သဘောကျမိသည့် အချက်မှာ လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းသင်းတတ်ခြင်း၊ စီးပွားရေးအကွက်မြင် ခြင်းတို့ပဲ ဖြစ်သည်။ ၎င်းကဲ့သို့ တိုးတက်သောလူငယ်များအား ကျွန်ုပ် လေးစား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ချစ်သည် တိုးတက်ခေတ်မီသော လူငယ်တစ်ယောက် ဖြစ်သော်ငြား ဈေးသုံးလည်း မလွယ်သလို၊ ရှေးထုံးလည်း ပယ်သူမဟုတ်ကြောင်း တွေ့ဆုံရင်းနှီးမှု ကာလကြာလေ ၎င်း၏သဘောကို သိရလေပင် ဖြစ်၏။ ၎င်းသည် အင်္ဂဝိဇ္ဇာဗေဒင်ပညာရပ်နှင့် ပတ်သက်၍ တီးမိခေါက်မိရှိသော ကျွန်ုပ်အား လေးစားအထင်ကြီးပုံရ၏။ သို့ဖြစ်၍လည်း တစ်နေ့မှာတော့ ကျွန်ုပ်အစိဋ္ဌာန်ဝင်လေ့ရှိရာ ဇရပ်သို့ရောက်လာပြီး စကားဆိုလေ၏။

"ဆရာရေ…

ကျွန်တော်မကြာခင် အိမ်ထောင်ပြုတော့မယ်။ ကျွန်တော်က သူ့ရဲ့သမိန်သား၊ ကျွန်တော်ယူမယ့်မိန်းမက ဘီလူးကျွန်းသူ၊ လိုက်တော့လိုက်တယ်နော် ဆရာ။ ကျွန်တော်ပြောချင်တာက အဲဒါ အဓိကမဟုတ်ပါဘူး။ ပစ္စည်းပစ္စယတွေ အစုံဝယ်ပြီးပြီမို့ ရှေ့အပတ်ထဲ အိမ်စဆောက်မယ် ဆရာ။ အဲဒါ ပန္နက်ကြိုးကိုင်မယ့်သူ၊ ရိုက်ရမယ့်သူကို ရွေးပေးပါ ဆရာရယ်"

"အောင်မလေး မောင်ချစ်ရယ်။ ဘာမှ မခက်ပါဘူးကွယ်။ လွယ်လွယ်ကလေးရယ်ပါ။ ဘားမဲ့နည်းအရ နာမည်ပေးသလိုမျိုး ပဉ္စပွတ်၊ ဆပွတ်၊ အညွန့်ဆိုတာကိုသာ မှတ်သား။ ပဉ္စပွတ်နဲ့ ဆပွတ်သားတို့ကို ပန္နက်ကြိုးကိုင်ခိုင်းပြီး အညွန့်သားကို ပန္နက်ရိုက်ခိုင်း။ မင်းအိမ်တော့ စီးပွားတက်ပြီ"

"ဟန်ကျတာပေါ့ ဆရာရယ်။ ကျွန်တော်က တနင်္လာသားဆိုတော့"

"သောကြာသားနဲ့ စနေသားကို ပန္နက်ကြိုးကိုင်ခိုင်း၊ အင်္ဂါသားကို ပန္နက်ရိုက်ခိုင်းပေါ့"

"ဒါဆို ကျွန်တော့်အလုပ်ထဲက ကိုမောင်သန်းဝင်းရယ်၊ မောင်တွေးထက်ရယ်ကို ကြိုးကိုင်ခိုင်းပြီး… မောင်ငြိမ်းသူကို ပန္နက်ရိုက်ခိုင်းမယ် ဆရာ"

"ကောင်းပါလေ့ကွယ်"

၎င်းသည် ကျွန်ုပ်မှာသည့်အတိုင်းပင် သေချာစွာ လုပ်ဆောင်ခဲ့ပါ၏။ အိမ်သစ်တက်သောနေ့က ကျွန်ုပ်ရောက်သွားရာ စီးပွားဥစ္စာတိုးတက်မှု၏ အရိပ်လက္ခဏာအဖြစ် အိမ်တွင်း၌ရှိကုန်သော အသုံးအဆောင်ပရိဘောဂများနှင့်ပင် ခန့်မှန်းနိုင်ပါ၏။ မကြာခင် ဤအိမ်ဂေဟာအသစ်ကလေးဆီသို့ အိမ်ရှင်မ 'ဘီလူးကျွန်းသူ' ရောက်ရှိလာတော့မည်။ ထိုရောအခါဝယ် ပို၍ပင် စည်ကားသာယာမည်မှာ မလွဲပါချိမ့်။

ဤ၌ ကျွန်ုပ်လည်း အိုးသစ်၊ အိမ်သစ် ဆောက်ကြမည့်သူများအဖို့ စီးပွားဥစ္စာ တိုးတက်ကြစေရန် ပန္နက်ကြိုးဆွဲရမည့်သူများ၊ ပန္နက်ရိုက်ရမည့်သူများကို ရွေးချယ်ပေးလိုက်ပါ၏။ လိုအပ်က အသင့်ပင် အသုံးချတော်မူကြပါကုန်။

### ၁။ တနင်္ဂနွေသား အိမ်ဆောက်လျှင်

ကြာသပတေးသားနှင့် သောကြာသားတို့အား ပန္နက်ကြိုးကိုင်စေလျက် တနင်္လာသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၂။ တနင်္လာသား အိမ်ဆောက်လျှင်

သောကြာသားနှင့် စနေသားတို့အား ပန္နက်ကြိုးကိုင်စေလျက် အင်္ဂါသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၃။ အင်္ဂါသား အိမ်ဆောက်လျှင်

စနေသားနှင့် တနင်္ဂနွေသားတို့အား ပန္နက်ကြိုးကိုင်စေလျက် ဗုဒ္ဓဟူးသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၄။ ဗုဒ္ဓဟူးသား အိမ်ဆောက်လျှင်

တနင်္ဂနွေသားနှင့် တနင်္လာသားတို့အား ပန္နက်ကြိုးကိုင်စေလျက် ကြာသပတေးသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၅။ ကြာသပတေးသား အိမ်ဆောက်လျှင်

တနင်္လာသားနှင့် အင်္ဂါသားတို့အား ပန္နက်ကြိုးကိုင်စေလျက် သောကြာသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၆။ သောကြာသား အိမ်ဆောက်လျှင်

အင်္ဂါသားနှင့် ဗုဒ္ဓဟူးသားတို့အား ပန္နက်ကြိုးကိုင်စေလျက် စနေသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

### ၇။ စနေသား အိမ်ဆောက်လျှင်

ဗုဒ္ဓဟူးသားနှင့် ကြာသပတေးသားတို့အား ပန္နက်ကြိုးကိုင်စေလျက် တနင်္ဂနွေသားအား ပန္နက်ရိုက်ခိုင်းရပါမည်။

---

**ထင်ကျော်သောင်း**

---



www.burmeseclassic.com


www.burmeseclassic.com

အိုးအိမ်ပဲ့သမျှ အိုးအိမ်ရ၍ အရောင်းအဝယ်အဆင်ပြေလျက်
အိမ်ကောင်းယာကောင်းများ ပိုင်ဆိုင်လိုသူများအတွက်

သမိုင်းထဲက

# အိမ်တော်ရာဘုရား

မင်္ဂလာဦးရွှေအိုး



စေတီတော်၏အမည်က ထူးခြားလှပါတီ။

"အိမ်တော်ရာစေတီ"ဟူ၏။ အိမ်တော်ရာစေတီသည် မန္တလေးရွှေမြို့တော်၌လည်း ရှိသလို၊ ရန်ကုန်ရွှေမြို့တော်၌လည်း ရှိပေ၏။ ဤဆောင်းပါး၌ ဖော်ပြလိုသည်မှာ ရန်ကုန်မြို့ရှိ မဟာဓမ္မရံသီ အိမ်တော်ရာစေတီ ဖြစ်ပေ၏။

အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ ဘွဲ့တော်မှာ "မဟာဓမ္မရံသီ" ဖြစ်ရာ အဓိပ္ပာယ်အားဖြင့် "တရားရောင်ခြည်" ဖြစ်ပေ၏။

ဓမ္မရံသီအရ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော လောကုတ္တရာ တရားရောင်ခြည်ကို ဆိုလို၏။ လောကတွင် ဓာတ်ရောင်ခြည်၊ လေဆာရောင်ခြည်၊ အနုမြူရောင်ခြည်၊ နေစကြဝဠာရောင်ခြည် စသည်ဖြင့် ရောင်ခြည်အမျိုးမျိုးရှိ၏။ သို့ရာတွင် ဓမ္မရံသီဟူသော တရားရောင်ခြည်သည် သတ္တဝါတို့၏ "မသိမှု၊ မိုက်မဲမှု" အဝိဇ္ဇာဟူသော အမှောင်ကို ဖယ်ရှားနိုင်ပေ၏။ ဝဲ,ယာ, ရှေ့,နောက်,အောက်,ထက် ဗီလာ အဆီးအတားမရှိဘဲ တစ်လောကလုံးကို ထွန်းလင်းစေနိုင်ပေသည်။



www.burmeseclassic.com

## စေတီတော်၏သမိုင်းကြောင်း


www.burmeseclassic.com

ကုန်းဘောင်မင်းဆက် ၁၁ ဆက်ရှိသည့်အနက် ၉ ဆက်မြောက်ဖြစ်သော ပုဂံမင်းသည် မိမိမင်းသားဘဝက ခမည်းတော် သာယာဝတီမင်းကြီးနှင့်အတူ အောင်မြေရန်နှင် (ရန်ကုန်မြို့)သို့ စုန်ဆင်းလာခဲ့၏။ ဤတွင် ခေတ္တယာယီ စံမြန်းခဲ့သော စံအိမ်နန်းတော်ရှိသည်။ ထိုအိမ်ဘော်သည် မြနန်းအောင်ချာ နန်းတော်၏ အနောက်မြောက်ထောင့်အရပ် တွင် တည်ရှိ၏။ ထိုအိမ်တော်နေရာ၌ ၁၂၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်နေ့ဘွင် စေတီတစ်ဆူ တည်လေ၏။

ထိုစေတီတည်ရန်အတွက် ရေဝန်တော် ပဲခူးမြို့စား မဟာမင်းခေါင်ကျော်ထင်ကို ငွေသား ၈၀၀၀ဝိ/- (ရှစ်သောင်း ကျပ်) ထုတ်ပေးပြီး စစ်သည်တော် ၁၄၀၀ နှင့်အတူ စေလွှတ် ခဲ့လေ၏။ ပဲခူးမြို့စား ရေဝန်မင်းသည် ဖိနပ်တော် သံတောင် ၄၀၊ ဉာဏ်တော် ၄၅ တောင်ရှိ စေတီတော်ကို ပုဂံမင်းသား အိမ်တော်ရာနေရာ၌ စေတီတည်တော်မူလေ၏။

ပုဂံမင်း၏အမိန့်တော်အရ အိမ်တော်ရာဘုရားတွင် [illegible] ၏ ရွှေကိုယ်လေး၊ ငွေကိုယ်လေး၊ မယ်တော်၊ ခမည်းတော်တို့၏ ရွှေကိုယ်လေး၊ ငွေကိုယ်လေး များနှင့်အတူ အလောင်းမင်းတရားကြီးလက်ထက်မှစ၍ နန်းဦး တွင် အမြဲတည်ထားကိုးကွယ်ခဲ့သော မာရဇိန်ရုပ်ပွားတော်၊ အသားတော်၊ အသွေးတော်၊ အရိုးတော်၊ ဆံတော်တို့မှ ဖြစ်ပွားတော်မူသော ဓာတုစေတီတော်၊ မြတ်စွာဘုရား၏ သုံးဆောင်တော်မူရာ ရွှေပလ္လင်ဗောဓိပင်ကျောင်းတော်၊ သပိတ်၊ သင်္ကန်း၊ တောင်ဝှေး အစရှိသော ပရိဘောဂစေတီတော်၊ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀(ရှစ်သောင်းလေးထောင်)ဟူသော ဓမ္မစေတီတော်၊ မြတ်စွာဘုရား ဆင်းတုတော်ဟူသော ဥဒ္ဒိဿစေတီတော် အဆိုပါ စေတီလေးပါး အပါအဝင် ရွှေကြုတ်၊ ငွေကြုတ်၊ ပတ္တမြားကြုတ်၊ ရွှေအုပ်၊ ငွေအုပ်၊ ပတ္တမြားအုပ်၊ ရွှေကလပ်၊ ငွေကလပ်၊ ရွှေပြား၊ ငွေပြား စသည့် ရတနာအမျိုးမျိုး စီမံ ခြယ်လှယ်ကာ (အိမ်တော်ရာစေတီတော်၌) ဌာပနာတိုက်ခန်း များ ထားရှိလျက် ဌာပနာသွင်းတော်မူပြီး စေတီတော်ကို အပြီးတိုင် တည်ထားတော်မူခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ်၊ ပြာသိုလတွင် စေတီ တော်၏အမည်ကိုလည်း မဟာဓမ္မရံသီ အိမ်တော်ရာစေတီဟု ဘွဲ့အမည် သတ်မှတ်တော်မူလေသည်။



မူလ အိမ်တော်ရာဘုရား အနေအထားပုံ

## စေတီတော်၏ အနေအထား၌ စံပယ်ကိန်းဝပ်တော်မူရာ

ရန်ကုန်မြို့ မဟာဓမ္မရံသီ အိမ်တော်ရာစေတီ၏ ဖိနပ်တော်မှာ ၆၆ တောင် ရှိ၏။ သံတောင် အတောင် ၄၀၊ အမြင့်ဉာဏ်တော် ၄၅ တောင် ရှိ၏။ မဟာရံတံတိုင်းအတွင်း မှ အတောင် ၅၀ အကွာတွင် စေတီတော်ကို တည်ထား၏။ မဟာရံတံတိုင်း အတောင် ၇၀ အကွာတွင် မုခ်ပေါက်အကျယ် ရှစ်တောင်ထားသည်။

ပုဂံမင်း၏ အိမ်တော်နေရာတွင် တည်ထားခြင်း ကြောင့် “အိမ်တော်ရာစေတီ”ဟု ခေါ်ခြင်းဖြစ်၏။ ရန်ကုန်မြို့ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်သည် ရန်ကုန်မြို့မ ကျောင်းလမ်း အနောက်ဘက်နှင့် ပဲခူးကလပ်အရှေ့ဘက် တွင် စံပယ်ကိန်းဝပ်တော်မူလေ၏။ ၂၀၀၁ ခုနှစ်တွင် နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

**ဗုဒ္ဓဘာသာဝင်များအနေဖြင့် သမိုင်းထင်ရှားရှိနေသော အိမ်တော်ရာဘုရားစေတီထံ သွားရောက်ကြည်ညို ဖူးမြင်ပြီး အလိုရှိအပ်၊ တောင့်တအပ်သည်တို့ကို ယုံကြည်လေးနက်စွာ တောင်းခံပါက မကြာမတင် ကာလအတွင်း အကျိုးထူးများ ရရှိခံစားနိုင်မည်မှာ သေချာလှပါ၏။**

တော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်သို့ ရောက်ရှိလာသောအခါမှသာ စေတီတော်ကြီးအား ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခဲ့၏။

ယခုအခါ အိမ်တော်ရာစေတီမြတ်ကြီးသည် သမိုင်းသစ်တစ်ရပ်ပင် ထူထောင်နိုင်ခဲ့ပြီ ဖြစ်၏။ နှစ်စဉ် ပွဲတော်များနှင့် အလွန်စည်ကားသည့် စေတီတော် မဟာမေမြှရံသီ အိမ်တော်ရာစေတီတော်မြတ်ကြီးတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည့် ရာသီအလိုက် ပွဲတော်များနှင့် လွန်စွာမှပင် စည်ကားလှပေ၏။ မြန်မာနှစ်ဆန်းတစ်ရက်တွင် အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ခြင်း။ ကဆုန်လပြည့်နေ့တွင် စေတီတော်အတွင်းရှိ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် ဆီမီးငါးထောင်နှင့် ရောင်စုံလျှပ်စစ်မီးထွန်းညှိခြင်းပွဲတော်၊ ပြာသိုလပြည့်နေ့တွင် ဗုဒ္ဓပူဇနီယံပွဲတော် စသည်တို့အပြင် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် အဘူတရားပွဲတော်များကို ကျင်းပလေ့ရှိပါသည်။ ထို့ပြင် မိဘတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာကလေးများ လိမ္မာရေးခြားရှိစေရန်၊ မြန်မာ့ယဉ်ကျေးမှုကို နားလည်သဘောပေါက်စေရန် ရည်သန်လျက် နွေရာသီအားလပ်ရက်များ၌ ကလေးများအတွက် ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးမှုသင်တန်းများကို နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

**အိမ်တော်ရာစေတီဘုရားဖူးခြင်းအတွက်**
**ရလဒ်အကျိုးထူးများ**

အိမ်တော်ရာဘုရားဟူသော ဗျူပွတ်အမည်သည် ထူးခြားလေးနက်လှပါ၏။

"အိမ်တော်ရာစေတီကို ဖူးမြင်ရတာ အင်မတန်မှ ထူးခြားလှတယ်။ အိုးမဲ့အိမ်မဲ့ ဖြစ်နေသူတွေဆိုရင် ဘုရားဖူးလိုက်ရတဲ့အတွက် အိုးပိုင်အိမ်ပိုင်တွေ ရလာကြတယ်။ အခက်အခဲ ပြဿနာတွေ ပြေလည်လာကြတယ်။ အရောင်းအဝယ်တွေ အဆင်ပြေလာကြတယ်။ အိမ်ကောင်းယာကောင်းတွေ ရရှိလာကြတယ်။ ဒါ· · ·တကယ့်လက်တွေ့ပဲ"

အကျိုးတရားပွားများ ခံစားကြရသူတို့၏ ရင်တွင်းစကားပင် ဖြစ်ပါ၏။

"ယုံ"မှလည်း "ကြည်"လင်မှု ရှိပါသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် သမိုင်းထင်ရှားရှိနေသော အိမ်တော်ရာဘုရားစေတီထံ သွားရောက်ကြည်ညို ဖူးမြင်ပြီး အလိုရှိအပ်၊ တောင့်တအပ်သည်တို့ကို ယုံကြည်လေးနက်စွာ တောင်းခံပါက မကြာမတင် ကာလအတွင်း အကျိုးထူးများ ရရှိခံစားနိုင်မည်မှာ သေချာလှပါ၏။ ဘုရားစေတီကို ဖူးမြင်ကြည်ညိုရသဖြင့် ကုသိုလ်တရားများ ရရှိခံစားကြရမည်ဖြစ်သကဲ့သို့ လောကီလောကုတ် နှစ်ဖြာသော အကျိုးကို ကေန်မလွဲ ခံစားရမည်မှာ သေချာလှပါ၏။

သို့ဖြစ်၍ ဝေနေယျသတ္တဝါအပေါင်းအား အိမ်တော်ရာဘုရားထံ သွားရောက်ဖူးမြော်ကြစေလိုကြောင်း နှိုးဆော်တိုက်တွန်းလိုက်ရပါတော့သည်။

**မင်္ဂလာဦးရွှေအိုး**

*ကျမ်းကိုး* -

မဟာမေမြှရံသီအိမ်တော်ရာ စေတီတော်သမိုင်း



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ယတြာ

## ကိုမျိုးနိုင်(ဆကာကြီး)



လူရယ်လို့ဖြစ်လာရင် ကိုယ့်အိုးကိုယ့်အိမ်လေးနဲ့ နေရမှ စိတ်ချမ်းသာသည်။ ကိုယ့်အိုးကိုယ့်အိမ်လေးနဲ့ မနေရလို့ကတော့ စိတ်ဆင်းရဲစရာတွေနဲ့ ပြည့်နှက်နေမှာ အမှန်ဖြစ်သည်။

ကိုယ်က သည်လိုထားချင်သည်။ သူက ဟိုလိုထားချင်သည်။ စိတ်သဘောထားမတိုက်ဆိုင်ရင် စိတ်ဆင်းရဲစရာဖြစ်သည်။ ကိုယ်က သပ်သပ်ရပ်ရပ် လှလှပပ နေချင်သည်။ သူတို့က ဖြစ်သလိုနေချင်သည်ဆိုရင်တော့ စိတ်ရှုပ်ထွေးစရာတွေပင်။

ဒါကြောင့် ကိုယ့်အိုးကိုယ့်အိမ်ကလေးနဲ့ ကြိုးစားရမှာဖြစ်သည်။ အိမ်မရှိလို့က သူများစိတ်နဲ့ ကိုယ့်ကို ဖြစ်မည်။ အိမ်မရှိ၊ ယာမရှိတဲ့သူကို အများတကာက မလေးမစား မထေမဲ့မြင်ပြုချင်ကြသည်။

အိမ်မရှိတဲ့သူ အလကားလို့ ဆိုချင်ကြပေလိမ့်မည်။ သည်အတွက် မပူနဲ့။ အိုးပိုင်အိမ်ပိုင် ဖြစ်လာအောင် အထူးယတြာကလေး လက်ဆောင်အဖြစ် ပေးပါရစေ။

လက်တွေ့သာဓက ထုတ်ပြရသော် ဦးကျော်မြင့်၊ ဒေါ်မြမြဝင်း အကြောင်းကို ပြောပြရပေလိမ့်မည်။ သူတို့ဘဝက အိမ်မရှိ၊ ယာမရှိ တဲကလေးထိုးပြီး အိကြာကွေးကြော်ရောင်းခဲ့ရတာဖြစ်သည်။ ဘဝကို တစ်က စခဲ့ရသည်။ သူတို့စခဲ့တဲ့ဘဝဟာ ပန်းခင်းလမ်းမဟုတ်။ အလှသမားမဟုတ်၊ ဘဝသမားဖြစ်ခဲ့သည်။ ဒါပေသည့် သူတို့ဇနီးမောင်နှံဟာ ပျော်ရွှင်လျက် ဘဝကို ရင်ဆိုင်ခဲ့ကြသည်။

ခုတော့ ဦးကျော်မြင့် အိုးပိုင်အိမ်ပိုင် ဖြစ်သွားပါပြီ။ သူတို့ကိုးကွယ်နေကျ ဆရာတော်ဘုရားကြီး ဦးဓမ္မာသနာဘိဝံသ သာသနာပိုင် ဒွါရဂဏာဓိပတိဂဏ ပါမောက္ခက အိမ်မရှိသော ဦးကျော်မြင့်ကို စာကလေးအိမ်တွေလုပ်ပြီး ဆွဲထားပါ။ အိုးပိုင်၊ အိမ်ပိုင်ဖြစ်လာပါလိမ့်မည်ဟု မိန့်ဆိုခဲ့သည်။ ဆရာတော်ကြီး မိန့်ဆိုတော်မူသည့်အတိုင်း ဦးကျော်မြင့် ယုံယုံကြည်ကြည်လုပ်လိုက်၍ အိမ်ပိုင်ဖြစ်ကြောင်း ဦးကျော်မြင့်ပြောပြ၍ သိရပါသည်။

ရောက်တဲ့အခါ အလည်ဝင်ဖို့ ဦးကျော်မြင့်ပေးသွားတဲ့ လိပ်စာက -

ဦးကျော်မြင့်၊ ဒေါ်မြမြဝင်း
ကျော်ပေါင်မုန့်တိုက်၊
ပင်လုံ၊ ကျုံပျော်မြို့။

ဦးကျော်မြင့်နဲ့ စကားပြောရတာ အင်မတန် အရသာရှိလှသည်။ လက်ဖက်ကောင်းစားရသလိုပင်။ ဦးကျော်မြင့်က ပါဠိစာပေ နှံ့စပ်သူဖြစ်သည်။ ဗဟုသုတကြွယ်၏။ ခင်မင်ဖို့လည်း အင်မတန်ကောင်းတဲ့သူပါ။ သူနဲ့တွေ့ရတာ၊ ဗုဒ္ဓဩဝါဒနှံ့စပ်ကြွယ်ဝခဲ့သည့် သူနဲ့စကားပြောရတာ အတောမသတ်ချင်ပေ။

အိမ်မရှိ ယာမရှိသူတွေအတွက် အိမ်ယတြာကောင်းက -

အုန်းခွံဖြင့် စာကလေးတွေအိမ်လုပ်ပါ။ ကျောင်းကန်ဘုရားတွေ ပြင်ပါ။

ဦးကျော်မြင့်ဟာ သာမန်လူမဟုတ်၊ ဘိဒ်ဝိက်ဆရာ ဖြစ်သည်။

ကိုမျိုးနိုင်(ဆကာကြီး)



www.burmeseclassic.com

www.burmeseclassic.com

# ပုဿာတွဲနည်း

မင်းသိင်္ခ

ကျွန်ုပ်သည် ဓာတ်သမားများ ပြောလေ့ရှိသော ဓာတ်ကျသည်ဟူသည့် စကားကို ကြားရသောအခါတိုင်း၌ နားကလောမိတော့၏။ အမှန်အတိုင်း ဝန်ခံရလျှင် ထိုသို့ နားကလောသော်လည်း ဓာတ်ကျသည်ဟူသော စကား၏ အဓိပ္ပာယ်ကို ကျွန်ုပ်အနေနှင့် ကောင်းစွာ သိရှိခြင်းမရှိပါ။

ကျွန်ုပ်သည် ကျွန်ုပ်၏ အစိတ္တာန်အတွက် ခရီးထွက်ခဲ့ရာ ထိုဓာတ်ကျသည်ဆိုသော စကားကို နေရာအတော်များများတွင် ကြားခဲ့ရ၏။ ကြားရသည့်အခါတိုင်း၌လည်း အထက်ဆိုခဲ့သည့်အတိုင်း နားကလောမိတော့၏။

ဤသို့နှင့် ခရီးထွက်ခဲ့ရာ ပုပ္ပားတောင်သို့ ရောက်ပြီး ၁၆ ရက်မြောက်သောနေ့တွင် မိုးလင်းခါနီး၌ အိပ်မက်တစ်ခု မက်၏။ အိပ်မက်ထဲတွင် တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်အား "ဒီမှာမနေနှင့်၊ သွားတော့" ဟု နှင်လေတော့၏။

ကျွန်ုပ်သည် ထိုအိပ်မက်ကို အယုံအကြည်မရှိပါ။ ထိုအိပ်မက်မက်ပြီး ၂၄ ရက်ကြာသောခါ၌ ကျွန်ုပ်ကို လွှန်စွာရိုသေသော ကျွန်ုပ်၏တပည့်များနှင့် ပြဿနာတက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် ပုပ္ပားတောင်ကို စွန့်ခွာ၍ ခရီးထွက်ခဲ့ရ၏။ ခရီးထွက်ခါနီးတွင် ပုပ္ပားတောင်မှ ယောဂီမိတ်ဆွေကြီးတစ်ဦးက -

"ဘယ်လိုလဲ ဆရာကြီး၊ ပုပ္ပားမှာ ဓာတ်မကျဘူးလား"

ဟု မေးလိုက်သည်ကို ကျွန်ုပ်သည် ယခုထိတိုင် ကြားယောင်နေမိသေးတော့၏။

ထိုသို့ ခရီးထွက်ခဲ့ရာ မန္တလေးသို့ ရောက်သောအခါ၌ ကိုကံငွေးဆိုသော မိတ်ဆွေတစ်ဦးက မဲဇာသို့ခေါ်သွားသဖြင့် ကျွန်ုပ်လည်း လိုက်ပါခဲ့ရလေ၏။ မဲဇာသို့ရောက်ခါနီးတွင် စားသောက်ဆိုင်တစ်ဆိုင်၌ ကိုကံငွေးက ကျွန်ုပ်ကိုထားခဲ့ပြီး ကျွန်ုပ်၏ နေရေးထိုင်ရေးကို သွားရောက်စီစဉ်လေ၏။ ၎င်းအား စောင့်၍ ကျွန်ုပ်သည် စားသောက်ဆိုင်၌ အိပ်ပျော်သွား၏။ ထိုသို့ အိပ်ပျော်နေစဉ်အတွင်း အိပ်မက်မက်သည်လား၊ နား၌ တကယ်ကြားသည်လား မခွဲခြားနိုင်ပါ။ ကျွန်ုပ်သိလိုက်သည်မှာ -

"ဒီမှာမနေနဲ့၊ တခြားကိုသွား"

ဟု ဖြစ်ပါသည်။

ကိုကံငွေး ပြန်လာသောအခါ၌ ကျွန်ုပ်အတွက် နေရေးထိုင်ရေး အဆင်မပြေကြောင်းကို ရိပ်မိသဖြင့် ကျွန်ုပ်သည် ပြန်၍လှည့်ခဲ့ရပါလေတော့၏။

ထိုအခါ၌ ကျွန်ုပ် နားကလောခဲ့သော ဓာတ်ကျသည်ဆိုသည့် စကားသည် ကျွန်ုပ်၏နား၌ အစွဲကြီးစွဲသွားလေတော့၏။ စွဲရုံသာမက ကျွန်ုပ်ပြောသော စကားများတွင် "ဓာတ်ကျသည်"၊ "ဓာတ်မကျဘူး" ဆိုသော စကားများမှာ ဖောင်းပွလျက်ရှိလေတော့၏။

ကျွန်ုပ်သည် ဤသို့နှင့်ပင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ခဲ့ပြီး ကျွဲပွဲအနီး စည်ကြီးတင်စေတီ၌ ဆရာတော် ဦးဂန္ဓမာထံ ခွင့်ပန်၍ နေထိုင်လာခဲ့ရလေ၏။

ထိုနေရာသည် ကျွန်ုပ်အတွက် ဓာတ်မကျပါ။ ပြောင်းရွှေ့သွားရန် နိမိတ်များ မကြာခဏ တွေ့မြင်ရလေ၏။ ကျွန်ုပ်လည်း ဖွတ်အတင်းပေက်၍နေ၏။

ထိုသို့နေခဲ့ရာ တစ်နေ့တွင် တံတွေးထွေးလိုက်တိုင်း သွေးများထွက်လာလေတော့၏။ ထို့ကြောင့် တောင်ငူမြို့သို့ တက်၍ ဓာတ်မှန်ရိုက်ပြီးလျှင် ဆရာဝန်ကြီး ဦးသိန်းလွင်ထံ ပြကြည့်ရာ ကျွန်ုပ်၏အဆုတ်၌ ဒဏ်ရာဒဏ်ချက်များကို တွေ့ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရန်ကုန်သို့ တက်လာပြီး ဓာတ်မှန်ထပ်မံရိုက်ကြည့်ပြန်၏။ ဓာတ်မှန်သာမက "စကင်" လည်း ရိုက်ကြည့်ပြန်၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီး ဦးကျော်မြင့်ထံ အပ်နှံ၍ ကုသရလေတော့၏။

ထိုသို့ ကုသနေစဉ်အတွင်း၌ပင် ကျွန်ုပ်သည် နှစ်ကြိမ် သတိလစ်သွားဖူး၏။ ထို့ကြောင့် ထိုနေရာတွင် ဓာတ်မကျကြောင်း ရိပ်မိသဖြင့် ဒေးစွန်ပါသို့ ပြောင်းခဲ့လေ၏။

ဒေးစွန်ပါသို့ရောက်သောအခါ၌ ထိုအဆုတ်ရောဂါမှာ ပျောက်ကင်းသွားသော်လည်း ဟိုက်ဒရိုစီခေါ် ရေမှတ်ရောဂါနှင့် တင်ပါးမှ အကြိတ်သည် ကျွန်ုပ်အား ဒုက္ခပေးပြန်၏။

ထို့ကြောင့် ရန်ကုန်မြို့ စမ်းချောင်းရပ်ကွက်တွင်ရှိသော မဟာမြိုင်ဆေးခန်းတွင် ဆရာဝန်ကြီး ဦးကြည်စိုးထံ အပ်နှံကာ နှစ်ကြိမ်တိတိ ခွဲစိတ်ခံရပြန်လေတော့၏။

ဆီးချိုရောဂါရှိသောကြောင့် ထိုဆေးခန်းမှ တော်တော်နှင့် မဆင်းနိုင်ဘဲ ရှိလေ၏။ ထိုသို့ ဆေးရုံ၌နေစဉ် တစ်ည၌ ဒေးစွန်ပါသို့ မပြန်ရန် အိပ်မက်ရသဖြင့် ကျွန်ုပ်လည်း မော်ဘီဘက်သို့ ပြောင်းရွှေ့ရန် စီစဉ်ရလေ၏။

ထို့ကြောင့် ကျွန်ုပ်သည် မော်ဘီနှင့် ရန်ကုန် ကူးချည်သန်းချည်လုပ်ကာ ကျွန်ုပ်၏နေ့ထိုင်ရေးအတွက် အပူတပြင်း စီစဉ်ရလေတော့၏။

ထို့ကြောင့် ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းထောင့်ရှိ ယခင်နေထိုင်ခဲ့သော အခန်းကလေး၌ မကြာခဏ လာရောက်၍ တည်းခိုရလေ၏။

ထိုသို့ တည်းခိုနေစဉ်အတွင်း တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်ထံသို့ရောက်လာပြီးလျှင် -

"ဘယ်လိုလဲ ဆရာကြီး။ မော်ဘီမှာ ဓာတ်ကျနေပြီဆို"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ထိုသူကို လှမ်း၍ကြည့်လိုက်ရာ အယ်ဒီတာ မောင်မောင်မြင့်အေးဖြစ်နေကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။

"အေးကွ…အရင်တုန်းကတော့ အဲဒီ ဓာတ်ကျတယ်ဆိုတဲ့စကားကို ငါ နားထဲမှာ တစ်မျိုးကြီးပဲ။ အခုတော့ ငါ ကိုယ်တိုင် ကြုံနေရပြီ။ ကဲ…ဆိုစမ်းပါဦး။ ဘာများ ကိစ္စအထူးရှိသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ၎င်း [illegible] -

"ဆောင်းပါးအတိုလေး တစ်စောင်လောက် ရေးပေးစမ်းပါ ဆရာကြီးရယ်"

ဟု ပြောလေ၏။

"ဘယ်လို ဆောင်းပါးမျိုးလဲ။ ကျင့်စဉ်နဲ့ ပတ်သက်တဲ့ဟာမျိုးတွေလား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်မိလေ၏။

"အဲဒါတွေ မလုပ်ပါနဲ့ ဆရာကြီးရယ်။ ကျင့်စဉ်တွေ ဘာတွေက ကျွန်တော်တို့လည်း မလုပ်နိုင်သေးပါဘူး။ တစ်ခုပြောမယ်။ ဆရာကြီး၊ ကျွန်တော် အခုတလော အလုပ်လုပ်ရတာ အဆင်မပြေဘူး ဘာကိုပဲလုပ်လုပ် ချော်နေတယ်။ ကျိန်းသေဆိုတဲ့ ကိစ္စတွေဟာ တကယ့်တကယ်လုပ်လိုက်တဲ့အခါကျတော့ ကျိန်းမသေတော့ဘဲ လွဲချော်နေတယ်။ ရစရာရှိတာတွေလည်း မရဘူး။ ငွေတစ်ခုတည်းကို ပြောတာမဟုတ်ဘူးနော်။ အရာရာကို ပြောတာ။ လူတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်ဆိုပါတော့။ သူ့အိပ်ရာကမနိုးခင်မှာကို သူ့အိမ်ကို အရောက်သွားပြီး သူ့ကို အမိဖမ်းတာ။ သူမိန်းမက ညကပဲ မအူပင်ဘက်ကို ခရီးထွက်သွားတယ်တဲ့။ ကျွန်တော်ပြောတဲ့ ဥပမာတွေကို ဆရာကြီးသဘောပေါက်လောက်ပါပြီ"

ဟု ပြောကာ အယ်ဒီတာ မောင်မောင်မြင့်အေးသည် သူ၏လက်ထဲတွင် ပါလာသော ဂျာနယ်တစ်စောင်ဖြင့် သူ့ကိုယ်သူ ယပ်ခတ်နေလေတော့၏။

ကျွန်ုပ်သည် ကျွန်ုပ်၏လွယ်အိတ်အတွင်း၌ ပါသော မှတ်စုစာအုပ်ကို [illegible] လျှင် မောင်မောင်မြင့်အေးအား ထိုစာ

> ကြွေးရစရာရှိတယ်ဆိုပါတော့ကွာ။ ရက္ခစိုးကြီး အဲဒီကြွေးကို အမြန်ဆုံးရအောင် လုပ်ပေးပါ။ အသင် မလုပ်နိုင်ရင်လည်း လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကို လုပ်ခိုင်းပေးပါလို့ လူလူချင်းပြောသလို ပြောရမယ်ကွ။



www.burmeseclassic.com

www.burmeseclassic.com

အုပ်ကိုဖွင့်၍ ပေးလိုက်လေ၏။

မောင်မောင်မြင့်အေးသည် ကျွန်ပ်၏ မှတ်စုစာအုပ်ကို ဖတ်ပြီးနောက် -

"ဆရာကြီးဟာက အတိုကောက်ရေးထားတာပဲ။ ကျွန်တော် ဘယ်နားလည်မလဲ။ နည်းနည်းလောက် ရှင်းပြပါလား"

ဟု ပြန်၍ ပြောလေ၏။ ထိုအခါ ကျွန်ပ်က -

"ဒါက ရေးကလူကြီးတွေ လုပ်တဲ့နည်းကွ။ မှတ်စုရဲ့ ခေါင်းစဉ်ကို ကြည့်ပါလား။ ရက္ခစိုးထံ အပူကပ်နည်းတဲ့။ လုပ်ရမှာက ကိုယ့်အိမ်နဲ့ အနီးဆုံး သစ်ပင်က သစ်ရွက်တွေကို ခူးပြီး ထမင်းစားပန်းကန်မှာ ကပ်ရမယ်"

ဟု ကျွန်ပ်က ပြောလိုက်လျှင် မောင်မောင်မြင့်အေးက -

"ဘာနဲ့ ကပ်ရမှာလဲ"

ဟု ပြန်၍မေးလေ၏။

"မင်းကလည်းကွာ၊ ခက်လိုက်တာ။ ကပ်ဖို့က အဓိကပဲ မဟုတ်လား။ ကော်နဲ့ပဲ ကပ်ကပ်၊ ဖယောင်းစက်ချပြီး ကပ်ကပ် ပန်းကန်ပြားပေါ်မှာ ကပ်လိုက်ရုံပဲ။ ပြီးတော့ အဲဒီသစ်ရွက်ပေါ်မှာ အလတ်စား ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ထွန်းတဲ့အခါမှာ ဘုရားစင်ပေါ်မှာ ထွန်းလို့မရဘူး။ ထမင်းစားစားပွဲပေါ်မှာပဲဖြစ်ဖြစ်၊ မတ်တတ်စားပွဲပေါ်မှာပဲဖြစ်ဖြစ် တင်ပြီး ထွန်းရမယ်။ ထွန်းထားတဲ့အတွင်းမှာ မင်းက ဖယောင်းတိုင်ကို ကြည့်ပြီး တတွတ်တွတ်ပြောရမယ်။ ပြောရမယ့်အကြောင်းအရာကတော့ မင်းအနေနဲ့ အခက်အခဲတွေ့နေတဲ့အကြောင်းပေါ့ကွာ။ ရက္ခစိုးကြီး ကျွန်တော် မောင်မြှုနဲ့ တွေ့မှဖြစ်မယ်။ အမြန်ဆုံးတွေ့အောင် လုပ်ပေးပါ။ ဒါမှမဟုတ်လည်း ကြွေးရစရာရှိတယ် ဆိုပါတော့ကွာ။ ရက္ခစိုးကြီး အဲဒီကြွေးကို အမြန်ဆုံးရအောင် လုပ်ပေးပါ။ အသင်မလုပ်နိုင်ရင်လည်း လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကို လုပ်ခိုင်းပေးပါလို့ လူလူချင်းပြောသလို ပြောရမယ်ကွ။ ပြောလို့ မောရင် ခဏနားပေါ့ကွာ။ လူလူချင်းပြောတဲ့အခါမှာ အကြောင်းအရာတစ်မျိုးတည်းကို ထပ်ကာထပ်ကာပြောရင် တစ်ဖက်က နားထောင်ရတဲ့လူ နားပူလာတယ်မဟုတ်လား။ အဲဒီလို နားပူလာအောင် ပြောရမယ်။ တစ်နေ့ကို ဖယောင်းတိုင် ရှစ်တိုင် ထွန်းရမယ်။ ဘစ်တိုင်ကုန်ရင် နောက်တစ်ကိုင် ထပ်ပြီးထွန်းပေါ့ကွာ။ အလတ်စား ဖယောင်းတိုင်ဟာ လေငြိမ်တဲ့နေရာမှာထွန်းရင် တစ်နာရီကြာတယ်ကွ။ တစ်နာရီလုံးလုံး ပြောဖို့တော့ မလိုပါဘူး။ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီးတိုင်း ၁၀ မိနစ်လောက်တော့ ပြောရမှာပေါ့။ ဘယ်အချိန်ထွန်းရမယ်၊ ဘယ်နေ့ထွန်းရမယ်လို့ ကန့်သတ်ချက်မရှိပါဘူး။ တစ်နေ့ ရှစ်တိုင်ပြည့်ရင် ပြီးတာပဲ။ သွားစရာ၊ လာစရာရှိရင် မထွန်းသေးဘူးပေါ့ကွာ။ ပြန်လာတော့မှ ထွန်းပြီး ရက္ခစိုးကို နားပူနားဆာ လုပ်တော့မှာပေါ့"

ဟု ပြောလိုက်လျှင် မောင်မောင်မြင့်အေးက -

"လုပ်တာတော့ ဟုတ်ပါပြီ ဆရာကြီးရယ်။ ဘယ်နရက်လောက် လုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"တချို့လည်း တစ်ရက်နဲ့ ထူးတယ်ကွ။ တချို့လည်း သုံးရက်လောက် လုပ်ရတယ်ကွ။ အများဆုံးလုပ်ရတာကတော့ ရှစ်ရက်လောက် လုပ်ရတယ်ကွ။ တစ်ခုတော့ ရှိတာပေါ့ကွာ။ ကိုယ်တိုင်တည်တဲ့ ကိစ္စဟာ တရားသဖြင့်ကိစ္စ ဖြစ်ရမယ်။ သဘာဝကျတဲ့ ကိစ္စလည်း ဖြစ်ရမယ်ပေါ့ကွာ"

ဟု ကျွန်ပ်က ပြောလိုက်လျှင် ၎င်းမောင်မောင်မြင့်အေးက -

"ဒီလိုလုပ်လို့ အဆင်ပြေသွားတဲ့လူတွေ ဆရာကြီးအနေနဲ့ သက်သေပြနိုင်သလား"

ဟု ကျွန်ပ်အား ပြန်၍မေးလိုက်လျှင် ကျွန်ပ်က -

"အဲဒီလိုကြေးဆိုရင်ကွာ သက်သေတစ်ယောက်ပြနိုင်တိုင်း ငါ့ကို ငွေတစ်ရာပေးရမယ်ဆိုပါတော့။ အဲဒီစကားကို လက်ခံမယ်ဆိုရင်တော့ ငါ့ကိုပေးဖို့ ငွေတစ်သောင်းထုတ်လိုက်ပေတော့"

ဟု ပြောလိုက်လျှင် ၎င်းမောင်မောင်မြင့်အေးက တဟားဟားရယ်မောရင်း...

"ဒီအသံမျိုးတွေ မကြားရတာကြာပြီ။ ကျွန်တော်လည်း ပြန်ပြီးလုပ်လိုက်ဦးမယ် ဆရာကြီးရေ"

ဟု ဆိုကာ ကျွန်ပ်အား နှုတ်ဆက်၍ ပေါ့ပါးသော ခြေလှမ်းများဖြင့် ပြန်သွားလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

ရက္ခစိုးနတ်နှင့် တွေ့ဆုံ၍ သိုရာကို
ပြောကြားတောင်းဆိုနိုင်သော

# ဂါထာမန္တန်

ထန်းရွက်၊ ပေရွက်၊ စက္ကူ ရရာတွင် အောက်ပါ ဂါထာမန္တန်ကိုရေး၍
ယင်းဂါထာနှင့်ပင် (၃၇)အုပ် စုတ်ရမည်။

## ဂါထာမန္တန်

အာကာသဋ္ဌာန ဘုမ္မဋ္ဌာ စ၊
ရုက္ခဋ္ဌာ စ မဟိဒ္ဓိကာ။
ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
မံ ပါပေတု ပတိဋ္ဌိတံ။

ထို့နောက် ယင်းထန်းရွက်၊ ပေရွက်၊ စက္ကူကို ရက္ခစိုးရှိသော သစ်ပင်၌ ဆွဲကပ်ထားခဲ့ရမည်။

**အညွှန်း**

- ယင်းသို့ ရက္ခစိုးရှိသော သစ်ပင်၌ ဆွဲကပ်ထားပြီးနောက် ခုနစ်ရက်ရှိသောအခါ ရက္ခစိုးနှင့် စကားပြောရလိမ့်မည်။
- ထိုအခါ ရက္ခစိုးနတ်မင်းအား မိမိလိုရာကို တောင်းဆိုပြောကြားရမည်။
- မိမိတောင်းဆိုပြောကြားသည့်အတိုင်း အောင်မြင်မည်၊ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလိမ့်မည်။

သို့သော် ရက္ခစိုးနတ်မင်းနှင့် တွေ့ခုံပြောဆိုသောအခါ ရိုရိုသေသေ၊ လေးလေးစားစား ဆက်ဆံနိုင်ဖို့ကိုတော့ သတိပြုပါလေ။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ကောင်းဖို့ထက် အိမ်နီးချင်းကောင်းဖို့

■ ရွှေယဉ်နု

ကိုဘိုးခင်၊ မတင်မှိတို့က မိရိုးဖလာ တောင်သူလယ်သမားမျိုးရိုးတွေပါ။ လယ်ထဲ၊ ချောင်းထဲမှာ ပျော်ကြသူတွေပါ။ မိဘများက ပညာကို သင်ပေးသော်လည်း လိုလိုလားလား မသင်ယူခဲ့ကြ။ ကျောင်းသွားဖော်သူငယ်ချင်းမှ ဘဝဖော်အဖြစ် နှစ်ကိုယ်တူ ကြည်ဖြူစွာ လက်တွဲခဲ့ပြီး မောင်တစ်ထမ်း မယ်တစ်ရွက်ဖြစ် မိဘလက်ငုတ်လက်ရင်းလေးတွေကို လုပ်ကိုင်ကြသည်။ ချစ်သူချင်း ချစ်သော သစ္စာနှင့် ချစ်သောကမ္ဘာကြီးဝယ် ပျော်ရွှင်ချမ်းမြေ့စွာ နှစ်ယောက်တည်းနေသည့် လယ်တဲကလေးမှာ စံမြန်း၍ နေလေသည်။

လောကကြီးကို မေ့ပစ်နိုင်တယ်၊ နှစ်ယောက်တည်း နေချင်တယ်ဆိုတာက ရာသက်ပန်တွင် ဖြစ်နိုင်သည်မဟုတ်။ ယခုတော့ ကိုဘိုနှင့် မှိလေးလင်ကိုယ်မယား နှစ်ကိုယ့်တစ်စိတ်နှင့် လယ်ကွင်းထဲက တဲကလေးတွင် သုံးနှစ်သုံးမိုး နေထိုင်လာကြပြီး ရတနာပန်းကလေးနှစ်ပွင့် သမီးကြီး ခင်မှိ၊ သမီးငယ်လေး ခင်စီတို့နှစ်ယောက် ပေါ်ပေါက်လာခဲ့သည်။ ဖြူဖြူဖွေးဖွေး ဖွံ့ဖွံ့ဖြိုးဖြိုး ရုပ်အဆင်းအင်္ဂါ တင့်တယ်ကာ ကျန်းမာရေးကောင်းလှသည့် ချစ်မငြီးဖွယ် သမီးငယ်ကလေးတို့ကြောင့် ယခင်ကထက် အလုပ်ကို လင်မယားနှစ်ယောက်စလုံး သိမ်းကျုံးလုပ်ကိုင်ပိုမိုရှာဖွေစုဆောင်းသည်။ မူလကပင်အနေကျစ်လျစ်သည်မို့ အတော်လေးစုမိဆောင်းမိ ရှိထားကြပြီးဖြစ်သည်။

"အစ်ကိုဘိုရယ် . . . သမီးလေးတွေက မွေးကတည်းက ရုပ်ရည်အတော်သန့်ပြန့်တာ။ အသွေးအမွေးလေးတွေကလည်း တကယ့်အထက်တန်းစားဖြစ်မယ့် ပုံတွေနော်။ လူကြီးတွေကလည်း ပြောနေကြတာ။ ကွင်းထဲဆက်နေလို့လည်း မဖြစ်ဘူး။ ကျွန်မတို့ ရွာထဲဝင်မှဖြစ်တော့မယ်နော်"

"အစ်ကိုလည်း သိပါတယ် မှိလေးရာ။ ရွာထဲဝင်မယ်၊ အိမ်လေးကို ရွာလယ်က အဘွားအမွေပေးထားတဲ့ အိမ်ကုန်းလေးမှာ ဆောက်ဖို့လုပ်မယ်။ ဒါတင်မဟုတ်ဘူးကွ။ တို့သမီးလေးတွေ ဒီခေတ်မှာတော့ ပညာတတ်ကြီးတွေဖြစ်အောင် ကောင်းကောင်းသင်ပေးရမယ်ဟေ့။ တို့တုန်းကလည်း အဖေကြီး၊ အမေကြီးတို့ရော အဘတို့ကရော ပညာသင်စေချင်လိုက်တာ။ အစ်ကိုက ရှစ်တန်း၊ မှိလေးက ခြောက်တန်းနဲ့တင် လိုက်ပြေးကြတာကိုး"

"အစ်ကိုဘို အဲဒီလို မပြောပါနဲ့။ ကျွန်မကို အစ်ကို အတင်းခိုးပြေးပြီး ဘကြီးတဲကို ခေါ်သွားခဲ့တာလေ။ ကျွန်မလိုက်ပြေးတာမဟုတ်ဘူးနော်"

"ဟုတ်ပါတယ်ကွာ။ အငြင်းအခုံမလုပ်ပါနဲ့တော့။ မှိလေးကလည်း အစ်ကိုမှ အစ်ကိုပဲ မဟုတ်လား။ တို့ကတော့ နှစ်ဖက်မိဘတွေကလည်း တစ်ရွာတည်းသား၊ အစင်းသိချင်းကို လယ်လေး၊ ချောင်းလေး၊ နွားလေး

www.burmeseclassic.com

တွေပေးပြီး ပေးစားလိုက်တာလေ။ တို့ကလည်း လယ်ထဲအလုပ်တကယ် လုပ်နိုင်ကြတာကိုးနော်၊ သမီးလေးတွေ ကျရင်တော့ မဖြစ်ဘူးဟေ့။ သူတို့ရုပ် ရည်လေးတွေ ကြည့်တာနဲ့တင် ပညာ တတ်ဖြစ်မယ့် လက္ခဏာလေးတွေ"

လင်နှင့်မယား အလုပ်အကိုင် အတိုင်အဖောက်ကလည်း ညီလှ သည်။ စုမိဆောင်းမိထဲမှ မိဘအမွေ ရွာလယ်က ခြံကွက်၌ တဲကလေးကို ဖျက်ကာ လုပခေတ်မီသော အိမ် ကလေးတစ်လုံး သပ်ရပ်စွာ ဆောက် ခဲ့သည်။

မှီမှီ၊ စီစီ ချစ်စဖွယ် သမီးငယ် နှစ်ဦးကို နှစ်ဖက် ဘိုးဘွား၊ ဆွေမျိုး များကလည်း တုန်နေအောင်ချစ်သည်။ လိုလေသေးမရှိ စောင့်ရှောက်သည်။ မျက်နှာမြင် ချစ်ခင်ပါစေ ဆုတောင်း ပြည့်သူကလေးတွေ ဖြစ်၍ အစား အသောက်၊ အဝတ်အထည်၊ ကစား စရာမှအစ ခေတ်မီသစ်လွင်အောင်၊ မညှိုးငယ်စေရအောင် ထောက်ပံ့ပေး ကြသည်။

သမီးလေးတွေ ပညာသင်ရ တော့မည့်အရွယ် ဖြစ်လာပြီ။ အရိပ် အကဲ နားလည်လိမ္မာ ယဉ်ကျေးမှုရှိ သူကလေးတွေ ဖြစ်၍ ပညာပါရမီရှိ မည်မှာလည်း သေချာပေသည်။

ရွာမှ မူလတန်းကျောင်းကလေး တွင် တက်ရောက်ပညာသင်နေရင်း ခင်ခင်မှီ၊ ခင်ခင်စီတို့ ညီအစ်မနှစ် ယောက်သည် သူငယ်တန်းမှစတင် ကာ အတန်းစဉ်တိုင်းတွင် ပထမနေ ရာ၌ချည်းသာ ရရှိနေကြသည်။

ရွာလယ်က ကိုဘိုခင်၊ မတင်မှီ တို့ အိမ်ကလေးတွင် သူတို့မိသားစု နှင့်အတူ မတင်မှီ၏အစ်မကြီး ဒေါ်တင် ကြည်မှာ အတူလာနေပေးရင်း အိမ် အလုပ်များကို ကူညီလုပ်ကိုင်ပေး သည်။ ရွာလယ်ကွင်းထဲက တဲ ကလေးတွင် အစ်မကြီးဒေါ်တင်ကြည် ၏သား ဖေကြည်နှင့် ငွေကြည်တို့ကို သူရင်းငှားအဖြစ် ထားရှိသည်။

မုဆိုးမအစ်မကြီး ဒေါ်တင်ကြည် မှာလည်း အိမ်မှုရေးရာ အုပ်စုံ မျက်နှာ လွှဲ စိတ်ချရသည်။ သွေးသားရင်းများ ဖြစ်သည့် လယ်သူရင်းငှား ညီအစ်ကို နှစ်ယောက်မှာ မနိုမနား လုပ်အား အပြည့်အဝနှင့် စေတနာပါပါ ဆောင် ရွက်ပေးနေမှုကြောင့်လည်း လယ်ယာ ထွက်ကုန် အကျိုးစီးပွားတို့ တစ်နေ့ တခြား တိုးပွားလျက်ရှိရလေပြီ။

သမီးကညာ ရတနာလေးတွေ မှာလည်း ပညာရာအချိန်မှာ တက်ရှိန် ရနေ၊ မိသားစုဘဝရှေ့ရေး စီးပွားရှာ ရာတွင်လည်း နှစ်မိသားပေါင်းစု၍ အကျိုးကောင်းမှုတွေ ဆက်လိုက်ရနေ သဖြင့် ပျော်ရွှင်တိုးတက်သည့်အခြေ အနေ ဖြစ်နေသည်။ ကိုဘိုခင်မှာ ကြိုး စားမှု အဆက်မပြတ်။ သူ့ရွာတစ်ဝိုက် မှထွက်သော ဆန်အမျိုးစုံကို မြို့သို့ တင်ပို့၊ ဆိုင်များသို့ ဖြန့်ချိသည့် ဆန်ပွဲ ရုံ လုပ်ပြန်သေးသည်။ သို့ဖြင့် မြို့နှင့် အဆက်မပြတ် နေ့စဉ်သွားလာနေရ ပြန်သည်။

မကြာမီ အထက်တန်းအဆင့် ပညာကို ဆက်လက်သင်ယူရမည်၊ တက္ကသိုလ်ဆက်တက်ရဦးမည်။ ပညာ ပါရမီလည်းရှိ၊ ကြိုးကြိုးစားစား ရိုးရိုး သားသား နေထိုင်တတ်သည့် ချစ် သမီးလေးများ၏ သွားလာနေထိုင်ရေး ကိုလည်း ချင့်ချိန်ကာ ကိုဘိုခင်က မိသားစုလေးဦး မြို့၌တက်နေကြည့် ရန် စီစဉ်မိလေသည်။

သူဆန်ပို့အလုပ်လုပ်နေစဉ် ရင်း နှီးသော ပွဲစားနှင့် တိုင်ပင်၍ သူလိုက် ပြပေးသော တိုက်ခန်းတစ်ခုကို ရွေး ချယ်လိုက်သည်။ ရွာနှင့် ဆက်သွယ် သွားလာရာတွင် တိုက်ရိုက်လမ်းခရီး တစ်ဖြောင့်တည်း၊ ကားတစ်ဆင့်တည်း စီး၍ရသောနေရာ၊ အထပ်လည်း အမြင့်ဆုံး၊ အနိမ့်ဆုံးမဖြစ်စေရ။ တတိယ၊ သို့မဟုတ် စတုတ္ထအထပ် လောက်နေရာ၊ ပတ်ဝန်းကျင်မှ နေ ထိုင်သူ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာဖြစ် စေရာ၊ ဈေးသွားကျောင်းသွား အဆင် ပြေမည့်နေရာကို ရွေးသည်။ စိတ် ကြိုက်နေရာလေးကို တွေ့ပြီး အတွင်း၌ အခန်းဖွဲ့စည်းပုံအနေအထား၊ ရေ၊ မီး၊ ရေချိုးခန်း၊ အိမ်သာနှင့် အိမ်ရှေ့ အိမ်နောက်ဘက် ဝရန်တာ သေချာ ကြည့်ရှုသည်။ လုံခြုံမှုရှိသည်။ သမီး နှစ်ဦးအတွက် အိပ်ခန်း၊ မိဘနှစ်ဦး အတွက် အခန်း၊ အိမ်ရှေ့ဘုရားခန်း၊ စာကြည့်ခန်း၊ အိမ်နောက်ဘက်အခန်း ရှိသင့်ရှိထိုက်သော အင်္ဂါရပ်များ စုံညီ ၍ သန့်ရှင်းသပ်ရပ်ပါသည်။

"အစ်ကိုကြိုက်ရင်တော့ မြန်မြန် သာလုပ်လိုက်လေ။ အမြင်ပဲ .. အား လုံး အစ်ကိုလိုချင်တဲ့အချက်တွေ ပြည့် စုံတယ်နော်။ ဒီလိုရဖို့ကလည်း ... တကယ်ရှာရင်တော့ မလွယ်ဘူး။ သီတင်းက ကျွတ်တော့မှာဆိုတော့ နောက်နေ့လာရင် ယူသွားပြီဆို မရ လိုက်မှာစိုးလို့ ပြောတာပါ"

ပွဲစား၏ အပြောကို တစ်ရက် လေး ခဏစောင့်ဆိုင်းပေးပါရန် ပြော ခဲ့ရပြီး မတင်မှီနှင့် သမီးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကိုခေါ်လာ၍ ပြသည်။ ဘေးချင်းကပ် မျက်နှာချင်းဆိုင် အိမ်တံခါးပေါက် ဆုံနေသည့်အခန်းမှာတော့ အလုပ်သွားနေကြသည်ဆို၍ လူမတွေ့ရသေးပေ။

"အဖေနဲ့အမေ ကောင်းရင်ပြီးတာပဲ။ သမီးတို့ကတော့ အေးအေးဆေးဆေး စာကျက်လို့ရရင် ပြီးတယ်လေ"

ကန့်ကွက်မှုမရှိကြ။ ပညာသင်ကြားရေးတွင် အေးဆေးဆိတ်ငြိမ်စွာ သမီးနှစ်ယောက်ကို ပြုစုပျိုးထောင်ပေးရေးအတွက် သင့်လျော်မည့်အရပ်ဌာနဟု ရွေးချယ်အတည်ပြုလိုက်ပြီး

"ကဲ .. သေချာပြီနော်။ အစ်ကို တစ်နှစ်စာချုပ်မှာလား"

"တစ်နှစ်မဟုတ်ဘူးလေ။ တော်ကြာ လေးငါးခြောက်လကြာရင် အိမ်လခက တိုးတိုးတောင်းလာတတ်တယ်ဆို"

"ဟုတ်တယ်။ အဲဒါ အစ်ကိုသိအောင် ကြိုပြောပြထားတာနော်။ ဖြစ်တတ်တယ်။ အဲဒီလို ခဏခဏဖြစ်နေတာလေ။ နောက်ပြီး တစ်ခါထပ်ရှာ၊ အကျိုးဆောင်ခ ထပ်ပေး၊ ဒါကလည်း ရှိသေးတယ်လေ။ အခု ဒီအခန်းကတော့ အစ်ကို လေးလွှာမှာ ရှစ်သောင်းဆိုတာ ဈေးအမှန်ဆို နည်းနည်းနဲ့ရတာနော်။ ဟိုကျောချင်းကပ်တိုက်ဆို ဒီလောက်မကောင်းသေးဘူး။ တစ်သိန်းကိုးသောင်း ခုတောင်ခေါ်နေတာ"

"ကဲ ...ကဲ ...ကလေးကျောင်းကလည်း ဒီနားကပဲ အဆင်ပြေမှာဆိုတော့ သုံးနှစ်ပဲချုပ်လိုက်တော့မယ်"

နေ့ကောင်းရက်သာ ရွေးချယ်ကာဖြင့် ကိုဘိုခင်၏မိသားစုတို့ တိုက်ခန်းသို့ ရောက်ရှိလာခဲ့ကြပြီ။ နှစ်ခန်းတွဲ ရှစ်ထပ်တိုက်ဖြစ်ပြီး လေးလွှာမြောက် ခြေရင်းခန်းမှာ ဖြစ်သည်။ ခြေရင်းဘက်ရှိတိုက်နှင့်ကား နှစ်ပေမျှသာ ခွာထားခြင်းဖြစ်သည်။

နံနက် ၉ နာရီခန့်၌ အိမ်သစ်တက်ခဲ့ကြသည်။ လိုက်လံပို့ဆောင် ပစ္စည်းကူသယ်ပေးကြသူတွေနှင့် မိတ်ဆွေအချို့အား ချက်ပြုတ်ယူလာသမျှ စားသောက်ဖွယ်ရာတို့ဖြင့် နံနက်စာ ညှိခံကျွေးမွေးကာ နေ့မွန်းတည့်ချိန်တွင် ပြန်သွားကြလေရာ ဒေါ်တင်မို နှင့် သမီးနှစ်ယောက်မှာ ဆိတ်ငြိမ်စွာ တိုက်ခန်းအလုံပိတ်ပြီး မောမောနှင့် အိပ်လိုက်ကြသည်မှာ ခုတ်လှဲချထားသော သစ်တုံးတွေလို တုတ်တုတ်မျှ မလှုပ်ကြ။ ဦးဘိုခင်မှာကား ဆန်ကိစ္စနှင့် ပြင်ပသို့သွားနေလေသည်။

"ဒုန်း .. ဒုန်း .. ဒုန်း .. ဒုန်း ... ဒုန်း ... ဒုန်း"

သစ်တုံးလို စန့်နေသော သားအမိသုံးယောက် လန့်ဖျပ်နိုးလာကြကာ တံခါးဆီသို့ အာရုံစူးစိုက်ရင်း ဖွင့်ပေးလိုက်ကြပြီး အပြင်သို့ကြည့်လိုက်ရာ မည်သူမည်ဝါမှန်း မသိကြ။ အပြုံးသားငေးကြည့်နေမိကြရာ ...

"ဟိုကောင် ကြည်ဝင်းပြန်လာလား၊ ဘယ်မလဲ"

"ရှင် ... ဘယ်ကကြည်ဝင်းလဲ။ ကျွန်မတို့က အခုမှပြောင်းလာကြတာ"

"ဟင် ... ကြည်ဝင်းတို့မရှိကြတော့ဘူးပေါ့။ ပြောင်းသွားတာလား။ ဘယ်တုန်းက ပြောင်းသွားတာလဲ"

"အဲဒါ ကျွန်မတို့မသိဘူး။ ကျွန်မတို့က အခုမှရောက်တာ။ အခြားအခန်းတွေမှာ မေးကြည့်မှ ရမယ်ထင်တယ်"

"ဟာ ...ဆောရီးဗျာ။ သူရှိသေးတယ်အောက်မေ့လို့ဗျာ"

တံခါးကို ပြန်ပိတ်ပြီး ရေအပြေးအလွှား သွားသောက်ကြရသည်။

"ဘာမှန်းလဲ မသိဘူး"

×× ×× ××

နောက်တစ်နေ့ နံနက်စောစောတွင်မှ ဈေးသွားရန် သားအမိသုံးယောက် ထွက်လာစဉ် မျက်နှာချင်းဆိုင်အခန်းမှ အမျိုးသမီးဖြစ်မည်ထင်ရသည့်သူက –

"မနေ့က ပြောင်းလာကြတာနော်"

"ဟုတ်ပါတယ်ရှင်"

"ကျွန်မတို့က ခေါင်းရင်းခန်းကလေ။ ဒီကိုရောက်တာကြာပြီ။ အခန်းတွေ စရောင်းကတည်းက အမေက ဝယ်ထားတာပါ။ အဒေါ်တို့လည်းဝယ်လိုက်တာလား"

"မဟုတ်ဘူး။ တို့ကတော့ ငှားတာပါကွယ်"

"ဩော် ...သူတို့ဆီက တစ်ဆင့်ထပ်ဝယ်လိုက်တဲ့သူတွေ မှတ်လို့။ တစ်ခါတည်း ဝယ်လိုက်ပြီးရော"

"ဩော် ...ဟင်း .. ဟင်း"

စကားပြောလက်စ သူကလည်း အပေါ်ထပ် လှမ်းတက်သွား၊ ဒေါ်တင်မိုမှာလည်း ပြောလက်စနှင့် ဟင်းဟင်းဆိုရင်း သမီးနှစ်ယောက်နှင့် အောက်ထပ်သို့ ဆက်ဆင်းလာခဲ့သည်။

ဈေးမှပြန်ရောက်လာပြီး ... ဒေါ်တင်မိုနှင့် စီစီတို့မှာ မီးဖိုချောင်အလုပ်များ စီမံချက်ပြုတ်လုပ်ကိုင်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိုမိုမှာ အိမ်ရှေ့ခန်း၊ ဝရန်တာတို့တွင် သန့်ရှင်းရေးဆောင်ရွက်နေရသည်။ ဝရန်တာသို့အရောက်တွင် –

"မှာယ် . . . ဘာတွေလဲ"

ပလတ်စတစ်အိတ်ခွံများ စားပြီးပစ်ထားသည့် အိမ်ရှေ့ဝရန်တာတွင် တလွင့်လွင့်ဖြစ်နေသည်ကို ကောက်၍ကြည့်လိုက်ရာ ယိုစုံစားထားသောအိတ်ခွံများနှင့် နေကြာစေ့အိတ်ခွံကြီးများပါ ဖြစ်နေသည်။ အပေါ်ထပ်သို့ မော့ကြည့်လိုက်ပြီး အဓိပ္ပာယ်ဖော်ကြည့်လိုက်မှ ကိုယ်ပိုင်ဝယ်ထားသောအခန်းများကမူ ဆန်းရှိတ်များထုတ်ပြီး၊ သံတိုင်၊ သံဆန်ကာများလည်း အပြည့်တပ်ဆင်ကာ ဝရန်တာလုံခြုံရေး လုပ်ထားမှုရှိပြီး ခြေရင်းအခန်းများ၊ ငှားသည့်အခန်းဘက်မှာတော့ ဝရန်တာကို အိမ်ဆောက်စဉ်ကအတိုင်း ရှိးရိုးအရှင်းအတိုင်း ထားရှိသဖြင့် အပေါ်ထပ်မှ စည်းကမ်းမရှိ စားသောက်ပြီး အလေအလွင့်ပစ္စည်း စွန့်ပစ်ချရာ လေတိုက်၍ အောက်ခန်းဝရန်တာတွင် အမှိုက်ရောက်လာခြင်းမျိုး ဖြစ်သည်။

အိမ်ရှေ့ပြီး အိမ်နောက်ဝရန်တာသို့လည်း ထွက်ကြည့်ကာ သန့်ရှင်းရေးလုပ်ပြန်သည်။ အပေါ်မှ လေနှင့်အတူ ဝဲပျံကျလာသော အမှိုက်များနှင့် ဆံခြည်မျှင်ထွေးတို့မှအစ လှည်းပြီး အမှိုက်များ စုစည်းထုပ်ပိုးထားသည်။

လက်များဆေးကြောပြီး ဒေါ်တင်မိုနှင့် စီစီတို့၏ ချက်ပြုတ်ရေးကိစ္စကို ဝင်ကူပေးသည်။ ပုစွန်ဆတ်ထုပ်ကလေးနှင့် ချဉ်ပေါင်၊ မျှစ်ရောကာ အရည်သောက်ချက်သည်။ ငါးကလေးအိုးကပ်ချက် ကြွပ်ကြွပ်ရွရွလေးကို ပင်စိမ်းရွက်အုပ်ထားသည်။ ငါးပိရည်ကျိုပြီး တည်င်းသီးနှင့် ရုံးပတီသီးပြုတ်အတို့လုပ်ထားသည်။

ပုစွန်ခေါင်း၊ ငါးကလေးခေါင်း၊ ချဉ်ပေါင်ရိုးတို့နှင့် မီးဖိုသုံးအမှိုက်များ၊ အိမ်သန့်ရှင်းရေးအမှိုက်စုံတို့ကို ပေါင်းထုပ်ပြီး အနံ့မထွက်မီ အမှိုက်တွန်းလှည်းသို့ အရောက်ပေးပို့ရန်လည်း လုပ်ရပေသေးသည်။

ဂရုတစိုက် ကြည့်ရှုနေသော်လည်း ဒီကနေ့ အမှိုက်သိမ်းသူမလာဖြစ်ပေ။ အမှိုက်ထုပ်ကိုလည်း အိမ်နောက်ဘက် ဝရန်တာတွင် သေချာချိတ် သိမ်းထားဖြစ်သည်။

ညနေစာ ထမင်းဝိုင်းတွင်မှ မိသားစုလေးယောက်လုံး ဆုံပြီးစားဖြစ်ရသည်။ ဦးဘိုခင်မှာ ထမင်းစားရင်းဖြင့် –

"သမီးတို့အမေက ဟင်းချက်ကတော့ တကယ်ကောင်းတာနော်။ မိန်းကလေးဆိုတာ လိုအပ်တယ်။ သမီးတို့လည်း အတန်းပညာတင်မကဘူး၊ အမေ့ဆီက ဟင်းချက်တဲ့နည်းပညာတွေပါ ယူထားကြနော်"

တစ်မိသားစုလုံး တပြုံးပြုံးဖြင့်ပင် တက်ညီလက်ညီ မိသားစုကလေးဖြစ်သည်။

ဗိုက်ကားအောင် စားထားသည့် ညစာကြောင့် ဝမ်းလေးကာ အိပ်ရာစောစောဝင်ဖြစ်ကြသည်။

"မမမို . . ဘာအနံ့ကြီးလဲဟင်"

"ဟင် . . . အမွှေးတိုင်ပူဇော်တဲ့အနံ့ စူးစူးကြီး"

အနံ့က ပြင်းထန်စူးရှလှသည်။ ခြေရင်းတိုက်ခန်းမှ ထွန်းညှိထားသဖြင့် လေနှင့်အတူ လွင့်လာသောအနံ့မှာ မွှန်ထူနေပြီး မွန်းကျပ်သည်အထိ ခံစားရသည်။ စီစီမှာ အိပ်ရာပေါ်တွင် လှဲနေရာမှ ပျို့တက်လာပြီး . . .

"အန်ချင်လိုက်တာ မမမိုရယ်"

"ဟယ် . . ထ . . ထ၊ လာ . . လာ . . မမလိုက်ခဲ့မယ်"

ညီအစ်မနှစ်ယောက် အိမ်နောက်ဘက်အခန်းတွင် အမွှေးနံ့သက်သာအောင် ရှောင်နေရင်း ယပ်ခတ်ပေးပြီး ပြင်ပလေကို တဝရှူရှိုက်နေလိုက်ရသည်။

"ဩော် . . . အခုမှ သတိရတယ်။ အမှိုက်ထုပ် တံခါးအပြင်ကသံချောင်းလေးရှိတယ်။ အဲဒီမှာချိတ်ထား။ သူသိမ်းတဲ့အချိန် ဝင်ယူသွားမယ်လို့ ပြောထားတယ်။ မနက်ကျရင်တို့ကျောင်းသွားရင် အပြင်မှာချိတ်ခဲ့ရမယ်။ အမေတစ်ယောက်တည်း ကျန်ခဲ့တုန်း တံခါးမဖွင့်ရအောင်"

"ဟုတ်ကဲ့ပါ"

"ကဲ . . . ကဲ . . . အနံ့သိပ်မရှိတော့ဘူး။ အိပ်ရာထဲ ပြန်ဝင်တော့"

"အင်း . . . အိမ်တွေကလည်း တစ်စုနဲ့တစ်ခု ကပ်နေတာ။ နေ့တိုင်း ဒီအနံ့ခံနေရရင်တော့ တကယ်မလွယ်ပါလား"

ဟု တွေးနေမိသည်။

×× ×× ××

နံနက်မိုးအလင်းတွင် ဦးဘိုခင်မှာ ရွာသွားမည်၊ ဆန်တင်မည်။ ညီအစ်မနှစ်ယောက်မှာ ကျောင်းသွားကြမည်။ ဒေါ်တင်မိုသာ အခန်း၌ ကျန်ရစ်မည်။ ဘာလိုလိုနှင့်ပင် အချိန်တွေကုန်လွန်ခဲ့သည်။ လေးငါးလခန့်ရှိပေပြီ။

ညနေတွင် သမီးနှစ်ယောက် ကျောင်းမှ ပြန်ရောက်ချိန်တွင် မေမေ



www.burmeseclassic.com

www.burmeseclassic.com

မှာ မျက်နှာမသာမယာရှိနေ၍ ...

"အမေ .. မျက်နှာမကောင်းပါလား။ ဘာဖြစ်လို့လဲ"

မမမိုက မေးသည်တွင် နေ့ခင်းက ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာ တစ်ခုကြောင့်ဖြစ်ကြောင်း ရှင်းပြသည်မှာ ...

"နေ့ခင်းက ထမင်းစားပြီး ပျင်းပျင်းနဲ့ အမေအိပ်ရာထဲ လှဲနေတုန်း အသံကျယ်ကျယ်နဲ့ အော်ဟစ်ကြိမ်းမောင်း ဆူပူသောင်းကျန်းနေသည့် အသံ ကြားလိုက်ရလို့ တံခါးမဖွင့်သေးဘဲ အပေါက်မှ ချောင်းကြည့်လိုက်တော့ မျက်နှာချင်းဆိုင်အခန်းမှ မရှုလွမ်ဆိုသူပင် ဖြစ်နေကြောင်း။

"လူနဲ့သူနဲ့ အတူမနေဖူးတဲ့ဟာတွေပဲ ဖြစ်ရမယ်။ အသိတရားလုံးဝမရှိတဲ့ဟာတွေ။ ဟဲ့ .. ဘယ်ကတိရစ္ဆာန်အကောင်တွေ၊ တိရစ္ဆာန်ကောင်မတွေလဲ ဒီလိုရိုင်းစိုင်းကြတာ။ ကိုယ့်အညစ်အပုပ်တွေကို ကိုယ်မသိမ်းဘဲနဲ့များ သူများအိမ်ရှေ့ပေါက်ဝမှာ သွန်ချထားရဲတယ်လို့။ အခုလာပြန်လုပ်ပါ။ မလုပ်လို့ကတော့ ရှုလွမ်အကြောင်းသိရမယ်။ ဘာဖြစ်မလဲသိတယ်နော်။ လာလုပ်နော်။ ဒါပဲ ... ဟင်း ..."တဲ့လေ။

"နေ့ခင်းကြောင်တောင် သရဲခြောက်ခံရတယ်တောင် ထင်ပါတယ်။ ခေါင်းတွေကျိန်းပြီး ကြောက်လိုက်တာ သမီးတို့ရယ်"

ဟု အမေ ဒေါ်တင်မှိုခမျာ ပြောပြရှာပြီး မကြာမီ ကံကောင်းထောက်မစွာ အမှိုက်သိမ်းတဲ့ မဝတုတ်လည်း ရောက်လာရော သူနဲ့ အမေပါ အမှိုက်သုပ် ကြောင်ဆွဲလို့ ပွထ တစ်စစီပြုထွက်နေတာတွေကို အပြောင်သိမ်းဆည်းလိုက်ရကြောင်းပြောပြရှာသည်။

နောက်ထပ် လေးငါးရက်မြောက်တစ်နေ့ ညနေစာစားပြီး –

"ကဲ ... အသီးစားကြပါဦး။ အဖေနဲ့ အမေလည်း အသက်ကြီးပြီ။ ဝလည်း ဝလာကြတယ်။ ကျန်းမာရေးကောင်းအောင် ဝမ်းချုပ်မခံရဘူး။ အသီးအရွက်တွေကို များများစားပေးရတယ်။ ဒီမှာ ပန်းသီးနဲ့ လိမ္မော်သီး။ ကုန်အောင်စားရမယ်နော်"

ညှော့ခန်းတွင် မိသားစု ထိုင်နေကြစဉ် –

"ဒုန်း ... ဒုန်း .. ဒုန်း .. ဒုန်း"

အပြင်မှ တံခါးချက်ဖြင့် ဆွဲခေါက်သံအကျယ်ကြီး ကြားသဖြင့် မှိုမှိုအမြန်ထပြီး ဖွင့်လိုက်လျှင် ...

"ဩော် ..."

မျက်နှာချင်းဆိုင်အခန်းပိုင်ရှင် မရှုလွမ် ရဲရဲတင်းတင်းပင် အိမ်ခန်းတွင်းသို့ ချင်းနင်းဝင်ရောက်လာသည်။ မျက်စိက အိမ်နောက်ဘက် မီးဖိုခန်းထိ ထိုးဖောက်ဝင်ရောက်သည်။

"ဘာတွေ ချက်နေတာလဲဟင်"

မိသားစုဝင်အားလုံးပင် သူ့အား တအံ့တဩ ငေးနေကြပြီး စီစီလေးက

"ဘာဖြစ်လို့လဲ"

မှိုမှိုကလည်း –

"ဘာမှမချက်ဘူး။ အားလုံး စားလို့တောင် ပြီးနေကြပြီ"

"ဒီအချိန်ကြီး ဘယ်ကများလဲမသိဘူး။ ငရုတ်သီးဆီသတ်နေတာ တူးခြစ်နေတာပဲ။ အမေက နေမကောင်းလို့လေ။ ဒီဘက်ကမဟုတ်ဘူး"

ဘယ်သူမှလည်း ဘာမှဆက်ညှော့ခံမပြော၊ နှုတ်ဆိတ်နေကြသည်တွင် ပြန်လှည့်ထွက်သွားတော့သည်။

"ဘုရား .. ဘုရား၊ ဩော် .. ဖြစ်မှဖြစ်ရလေကွယ်။ သူများအိမ်ထဲဝင်လာပြီး ဟိုလှမ်းကြည့်၊ ဒီလှမ်းကြည့် ပိုင်စိုးပိုင်နင်းနဲ့။ ဒီအိမ်ကများညှော်တိုက်နေရင် ဘာများကြိမ်းမောင်း ပြောသွားဦးမလဲ မသိဘူး။ ကြောက်စရာပါလားနော်"

ဟု ဒေါ်တင်မှိုက ဒေါသသံဖြင့် ပြောမိလေလျှင် ဦးဘိုခင်မှာ ဝင်ပါရလေတော့သည်။

"မမှို ... အဲဒီလိုလည်း မပြောနဲ့လေ။ သူ့အမေကလည်း နေမကောင်းတာဆိုတော့ ဒီဘက်ခန်းက မသိဘဲများ လုပ်နေတာလား စိုးရိမ်တကြီး လာကြည့်မိတာနေမှာပါကွာ"

"အဖေရေ .. အဖေမသိတာတွေ အများကြီးရှိသေးတယ်"

"ဟာ ... ဘာတွေလဲ သမီးတို့ရဲ့"

"နောက်မှ ပြောပြမယ်။ အရေးမကြီးပါဘူး။ ဒါပေမဲ့ အဲဒီအိမ်နီးချင်းကတော့ စွာလံကျဲ ဆတ်ဆတ်ထိမခံကျနေတာပဲ ... ဟင်း"

မိသားစုအားလုံး ရယ်မောရင်းပင်။ ငရုတ်သီးတူးခြစ်အောင် ဆီသတ်ကြော်လှော်နေသည်မှာ အမှန်တော့ အိမ်နောက်ဘက် ကျောချင်းကပ်တိုက်မှ ဖြစ်သည်ကို မှန်ပြတင်းမှ မြင်လိုက်ရသည်။ ကျောချင်းကပ်တိုက်များမှာလည်း ငါးပေခန့်သာ ကွာသည်မို့ အလှမ်းကွာလှသည် မဟုတ်ကြပေ။

တစ်ညနေတွင် ရွာမှ အမျိုးများ၊ မိတ်ဆွေများ အဖေနှင့်ပါလာသည်။ ရွာမှ အမျိုးများအား ဆိုင်မှပင် သူတို့ကြိုက်တတ်သည့် ကြာဆံကြော်၊



www.burmeseclassic.com

www.burmeseclassic.com

ခေါက်ဆွဲကြော်တို့ မှာကျွေးပြီး အိမ်ရှေ့ခန်းတွင် စကားဖောင်ဖွဲ့ပြောလျက် ရှိနေကြစဉ် အိမ်ရှေ့တံခါးကို ဟထားရာ နက်မှောင်အသွေးပေါ်တွင် လိမ္မော်ရောင်ကွက်ကျား အဆင်ရှိသော ကြောင်မလေးတစ်ကောင် အတင်း ပြေးဝင်လာသည်။ မောင်းထုတ်သော်လည်း အပြင်ပြန်မထွက်ဘဲ အိမ်ခန်းထဲသို့ ဝင်ပြေးသွားပြီး ပုန်းကွယ်နေသည်။

"ကဲ ... ကဲ .. ကုန်အောင်လည်းစားပါ။ စကားလည်း ပြောတာပြောပေါ့နော်"

"သမီးတို့ရေ ... အအေးတွေယူလာလေ။ ကဲ ... စားပြီး အအေးလည်းသောက်ကြပါဦး"

ဦးဘိုခင်၊ ဒေါ်တင်မှိတို့မှာ ဆွေမျိုးသားချင်းများရောက်လာ၍ အပျော်ကြီးပျော်နေကြသလို သမီးလေးနှစ်ယောက်ကလည်း ကျွေးမွေးဧည့်ခံရသည်ကို ဝမ်းမြောက်ဝမ်းသာ ရှိနေကြသည်။

ဧည့်သည်များလည်း ပြန်ပြီးမှ အမောအပန်းဖြေကြရသည်။

"ကဲ ... ခုနစ်နာရီတောင် ကျော်ပြီဟော့။ သမီးတို့ရေ ... ထမင်းစားကြမှနဲ့တူတယ်။ မမှိ ... မင်းကောဆာပြီလား"

"အို ... မိုးတောင်ချုပ်ပကော။ ဆာဆာ၊ မဆာဆာ စားကြတော့မှပေါ့လေ ... လာ"

ထမင်းစားပွဲဝိုင်းသို့ အရောက်တွင် ဒေါ်တင်မှိ နှာခေါင်းရှုံ့သွားပြီး

"ဘာအနံ့လဲဟဲ့"

နောက်မှပါလာသူ ဦးဘိုခင်ပါးစပ်မှလည်း –

"ချဉ်စုတ်စုတ်အနံ့ကြီး။ ဘယ်ကလဲ"

"ဟင် ... ဘာလဲ"

ထမင်းစားပွဲဝိုင်းဘေးနားရှိ ကြောင်အိမ်အောက်နားသို့ ခြေထောက်ရောက်သွားရာ ပျော့စိစိအရာများကို ထိနင်းမိသွားရင်း မှိမှိက ယောင်ယမ်းအော်လိုက်သဖြင့် တစ်အိမ်သားလုံး "ဟယ်"၊ "ဟင်"နှင့် ပျော့ပျော့နှင့် နံသည့် ကြောင်ချေးပုံကို မြင်သွားပြီး ထမင်းမစားဖြစ်ကြတော့ချေ။

"ဟယ် ... ဟင်းတွေလည်း ခိုးစားထားတယ်။ သူများအိမ်ထဲမှာ ချေးလည်းပါတယ်။ ရုပ်ကလေးလှပြီး အတော်ညစ်ပတ်တဲ့ကြောင်"

စီစီမှ တုတ်ယူ၍ ကြောင်ကို လိုက်ရှာရင်း လိုက်ရိုက်သည်။

"သမီးရယ် .. သူက တိရစ္ဆာန်၊ လူလိုမသိတတ်လို့ပေါ့။ ဖမ်းပြီး သွားအပြင်လွှတ်ပစ်လိုက်။ နောက် အိမ်ထဲကို မဝင်စေနဲ့တော့"

ဟု ဦးဘိုခင်က ပြောပြီး –

"ဘယ်တုန်းက ချောင်းနေတာလဲမသိဘူး။ ဒီတစ်ခါပဲ အိမ်ထဲဝင်လာဖူးတယ်။ တော်တော်ဆိုးတဲ့ ကြောင်ပါလားနော်"

ဒေါ်တင်မှိမှ ညည်းလိုက်သည်။

မှိမှိပါ မီးဖိုချောင်မှ ထွက်ပြေးလာပြီး ကြောင်ကို ညီမနှစ်ယောက် အရဖမ်းကြသည်။ တံခါးဖွင့်ပြီး –

"သွား .. ကြောင်စုတ်။ အကျင့်မကောင်းဘူး။ နောက်တစ်ခါဝင်လာရင် သေမယ် ... ဟင်း"

ဟု ပြောရင်း လက်တွင်းမှ ဆောင့်ပစ်ချလွှတ်လိုက်သည်။

မျက်နှာချင်းဆိုင် အခန်းမှလည်း တံခါးဖွင့်ထားသည်နှင့် ဆုံပြီး သူ့အိမ်ခန်းတွင်း ပြေးဝင်သွားလေသည်။

"ဟဲ့ .. ကျားငယ်မ၊ စပ်စုမ။ ဘယ်လျှောက်သွားနေတာလဲ။ ငါမကြိုက်ဘူးနော် ... ဟင်း။ သေသေချာချာ မွေးထားရဲ့သားနဲ့"

ဟု သူ့ကြောင်ကို ဆွဲပွေ့ယူရင်း သံပန်းတံခါးမှ ဒီဘက်အခန်းသို့ မျက်စောင်းထိုးရင်း ပြောနေသည်ကို မြင်ကြားလိုက်ရသည်နှင့် မှိမှိရော၊ စီစီပါ တစ်ဖက်ခန်းမှ အိမ်ရှင်မ၏ အပြုအမူများကို မကြိုက်နှစ်သက်တော့သဖြင့် ဦးဘိုခင်အား အိမ်ပြောင်းလာစကနေ ယနေ့တိုင် အိမ်နီးချင်းနှင့် ဆက်ဆံရပုံများကို ပြောပြလိုက်ကြတော့သည်။


"အင်း .. တကယ်တော့ အဖေဟာ သမီးလေးတို့ ပညာရေးနဲ့ ရှေ့ရေးကို စဉ်းစားပြီး ရေကြည်ရာ၊ မြက်နုရာကိုရှာပြီး ဒီနေရာကို ရောက်လာတာပဲ။ ကိုယ်နေထိုင်ရမယ့်၊ နားခိုရမယ့်အိမ်ကို အသင့်တော်ဆုံးဖြစ်အောင် ရွေးချယ်ခဲ့တာပေါ့လေ။ အဖေလည်း ကိုယ်တတ်တဲ့ပညာ ဗဟုသုတကို အသုံးချတာပဲ။ ဒါပေမယ့် အိမ်ကောင်းကိုရဖို့ထက် အိမ်နီးချင်းကောင်းရဖို့ အဓိကလိုအပ်တယ်ဆိုတဲ့အချက်ကို အဖေစဉ်းစားတဲ့အချက်ထဲမှာ ကျန်သွားတယ်ကွယ်။ တော်ပါသေးတယ်။ ဒီအိမ်ငှားတဲ့စာချုပ်ပြည့်ပြီးရင်တော့ သမီးတို့ကို ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဆိုသလို ဆွေရင်းမျိုးရင်းလို အားကိုးရတဲ့ အိမ်နီးချင်းကောင်းကို အချိန်ယူရှာဖွေရတော့မှာပေါ့"

ရွှေယဉ်နု



www.burmeseclassic.com

www.burmeseclassic.com



# မြေဝယ်တော့မည် ဆိုပါလျှင်...

တက်လူမျိုးသစ်

ရိုးရိုးသားသားဖြင့် ကြိုးစားစု ဆောင်းလာသဖြင့် ငွေစကြေးစကလေး များ ရရှိလာသောအခါဝယ် အိုးပိုင်အိမ် ပိုင် ဖြစ်ချင်လာပါသည်။ သည့်အတွက် အိမ်ဆောက်လုပ်နိုင်ဖို့ရာ အခြေခံကျ သော မြေကို ဝယ်ရပါတော့မည်။

"မောင်မျိုးရေ…မင်း သန်လျင် ဘက်မှာ မြေဝယ်မယ်လို့ သတင်းကြား ရတယ်။ အဲဒါ ဟုတ်သလားကွယ်"

"ဟုတ်ပါတယ် ဘကြီးအောင်"

ဘကြီးအောင်မှာ ကျွန်တော် ငှား ရမ်းနေထိုင်လျက်ရှိသော အိမ်မှ အိမ် ပိုင်ရှင်အဘိုးကြီးဖြစ်ပြီး ရှေးမီနောက် မီ လောကီလောကုတ္တရာပညာရပ်များ ကို လေ့လာဆည်းပူးနေသော ပညာ ရှင်တစ်ဦးဟု ဆိုရပါလိမ့်မည်။ ကျွန် တော်တို့မိသားစုကိုလည်း အိမ်ငှားဟူ၍ သဘောမထားဘဲ ဆွေမျိုးရင်းချာ သဖွယ် ပြောဆိုဆုံးမစရာရှိလျှင် ပြော ဆိုဆုံးမကာ အစစအရာရာ စောင့် ရှောက်ပေးခဲ့သူလည်း ဖြစ်ပါသည်။

"အေးကွာ… အိမ်ငှားဘဝက နေ မြေပိုင်၊ အိုးပိုင် ဖြစ်တော့မယ်ဆို တော့ ဘကြီးအောင် တကယ်ပဲ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

သာပါသကွယ်။ ဘဝဆိုတာ သည်လိုပဲ တိုးတက်နေရမယ်ဟေ့။ တိုးတက်အောင်လည်း ကြိုးစားစွမ်းဆောင်နေရမယ်။ ဒါထက် မြေဝယ်တော့မယ်ဆိုရင် ဘယ်လိုမြေမျိုးကို ရွေးချယ်ရမယ်၊ ဘယ်လိုမြေမျိုးကို ရှောင်ကြဉ်ရမယ်ဆိုတာကိုတော့ လေ့လာစဉ်းစားထားပြီးပလား မောင်မျိုး''

''ဟင့်အင်း… ဘာစဉ်းစားစရာလိုသလဲ ဘကြီးအောင်ရယ်။ မြေဟာ မြေပဲပေါ့‥မဟုတ်ဘူးလား''

''မဟုတ်သေးဘူး မောင်မျိုး။ လောကမှာ အကောင်းရှိရင် အဆိုးဆိုတာ ရှိတယ်။ အကောင်းကို ရွေးချယ်ပြီး အဆိုးကို ရှောင်ကြဉ်ရလိမ့်မယ်ဟေ့။ မြေမှာလည်း မြေကောင်း၊ မြေဆိုးဆိုတာ ရှိတယ်''

''ဟင်…ဟုတ်လား၊ ပြောပြပါဦး ဘကြီးအောင်''

''အေး…မှတ်ထား မောင်မျိုး။ အိမ်ဆောက်ဖို့ မြေဝယ်တော့မယ်ဆိုရင် ရေတို့၊ ကျွဲတို့၊ နွားတို့ များများရှိတဲ့နေရာ၊ မြေပြန့်နေရာ၊ အသုံးဝင် အဖိုးတန် သစ်ပင်တွေပေါက်တဲ့နေရာ၊ ကျင်းတူးမိရင် ပြန်ဖြည့်ဖို့ မြေရှိတဲ့နေရာ၊ မြေရဲ့ ညာဘက်မှာ ချောင်းတွေစီးဆင်းတဲ့နေရာ၊ သစ်စေ့တွေချရင် သုံးလေးရက်အတွင်း အညှောင့်ထွက်တဲ့နေရာ၊ အရှေ့ဘက်ကို လျှောဆင်းသွားတဲ့နေရာ၊ အဝီစိတွင်းတူးရင် ရေကောင်းရေသန့်ထွက်တဲ့နေရာ၊ အဝေးကလာတဲ့ ခြေသံကို ကြားရလောက်အောင် မြေမာတဲ့နေရာ၊ အဲသည်လိုမျိုးနေရာတွေဟာ အိမ်ဆောက်ဖို့အကောင်းဆုံးမြေပဲပေါ့ မောင်မျိုး။ မြေဝယ်မယ်ဆိုရင်လည်း အဲသည်လိုမျိုး မြေနေရာကို ရွေးချယ်ကွယ့်''

''ဟုတ်ကဲ့ ဘကြီးအောင်။ ခုလိုမျိုး ရှင်းပြတော့မှပဲ မြေကောင်းဆိုတာ ဘာလဲဆိုတာ သိရပါတော့တယ်။ မြေကောင်းရဲ့ ဆန့်ကျင်ဘက် မကောင်းတဲ့မြေနေရာ၊ မဝယ်သင့်တဲ့မြေနေရာ ဆိုတာတွေကကော ဘာတွေလဲဟင်''

''အေး…သိရတာပေါ့ကွယ်။ မကောင်းတဲ့ မြေနေရာဆိုတာက လိပ်၊ ဆင်၊ ငါး၊ နွား စတဲ့ သတ္တဝါတွေရဲ့ မျက်နှာနဲ့ ဆင်တူတဲ့မြေ၊ စက်ဝိုင်းပုံသဏ္ဍာန်ရှိတဲ့မြေ၊ အရိုး၊ ဆံခြည်မျှင်၊ မီးသွေး၊ အဆိပ်ရှိ ပိုးမွှားတိရစ္ဆာန်တွေကျင်လည်ကျက်စားကြရာမြေ၊ အဲသည်မြေတွေကို ဝယ်ဖို့ မစဉ်းစားနဲ့။ ဝယ်မိရင် သောကရောက်မယ်။

တစ်ဆက်တည်းဆိုသလိုပဲ တောင်အရပ်က နိမ့်ပြီး၊ မြောက်အရပ်က မြင့်ရင် ကြီးပွားချမ်းသာလိမ့်မယ်။ အလယ်ပိုင်းက နိမ့်နေရင်တော့ နေတဲ့သူဟာ မမြဲတတ်ဘူး။ အလယ်ပိုင်းက မြင့်နေရင်တော့ ကြီးပွားချမ်းသာပါလိမ့်မယ်။ အဲ…အနောက်မြောက်ကမြင့်ပြီး အရှေ့မြောက်က နိမ့်နေရင် စီးပွားချမ်းသာ ဖြစ်ထွန်းပါလိမ့်မယ်။

မြေရဲ့ရှေ့ပိုင်းက နိမ့်ပြီး အနောက်ပိုင်းက မြင့်ရင် အဲဒီအရပ်ဒေသဟာ ကြီးပွားချမ်းသာမယ့် အရပ်ဒေသပဲ။ အရှေ့တောင်ကနိမ့်ပြီး အနောက်တောင်က မြင့်ရင် စီးပွားပျက်တတ်တယ်။ အရှေ့ဘက်အရပ်က မြင့်ပြီး၊ အနောက်ဘက်အရပ်ကနိမ့်ရင် ဆင်းရဲတာရှည်တတ်တယ်။ တောင်ပိုင်းကနိမ့်ပြီး မြောက်ပိုင်းမြင့်ရင် ငယ်ငယ်ရွယ်ရွယ်နဲ့ အနိစ္စရောက်ရတတ်တယ်။ အနောက်တောင်အရပ်ကနိမ့်ပြီး အရှေ့မြောက်အရပ်က မြင့်နေရင်လည်း ဆင်းရဲဒုက္ခတွေနဲ့ ကြုံတွေ့ရတတ်ပြန်ရော''

အမှန်တကယ်ပင် ဘကြီးအောင်သည် လောကီရေးရာ ဗဟုသုတအဖုံဖုံ ပြည့်စုံကြွယ်ဝလှသူ ဖြစ်ချေသည်။ ကျွန်တော့်အဖို့ မြေဝယ်ခြင်းကိစ္စကို သာမန်မျှလောက်သာဟူ၍ သဘောထားမိခဲ့သမျှ ယခုလိုမျိုး ခြေခြေမြစ်မြစ်သိလိုက်ရလေသောအခါဝယ် အထူးပင် အကျိုးရှိသွားခဲ့ရသည်။

''နောက်ပြီး မှတ်ထားလိုက်ဦး မောင်မျိုးရေ။


မြေကောင်းကို ရွေးချယ်ဝယ်ယူပြီးတဲ့နောက်မှာ အရှေ့ဘက်အရပ်မှာ ညောင်ပင်နဲ့ ပိန္နဲကို စိုက်ပေးရမယ်။ တောင်ဘက်အရပ်မှာ မန်ကျည်းပင်ကို စိုက်ပေးရမယ်။ မြောက်ဘက်အရပ်မှာ အုန်းပင် စိုက်ပေးရမယ်။ အနောက်ဘက်အရပ်မှာ ထန်းပင်ကို စိုက်ပေးရမယ်။ ဒါဆိုရင် မင်းတို့အိမ်က သီရိဂေဟာဖြစ်သွားပြီလို့သာ မှတ်ပေရော့။

အေး…မြေဝယ်ဖို့အတွက် လိုက်ကြည့်ပေးဆိုလည်း ကြည့်ပေးရတာပေါ့ကွယ်။ သန်လျင်မြို့ပတ်လမ်းထဲမှာ ဘကြီးအောင်ရဲ့မိတ်ဆွေ အငြိမ်းစားမန်နေဂျာကြီး ဦးစိန်ဝင်းဆိုတာ ရှိလေရဲ့။ တို့တစ်တွေကို ကောင်းကောင်းကြီး အကူအညီပေးပါလိမ့်မယ်''

''ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် ဘကြီးအောင်''

**တက်လူမျိုးသစ်**

www.burmeseclassic.com



# အိမ်တွင်းရေးရာ စီးပွားသာဖို့

ဂန္ဓာရီဆာအုံ

မိသားစုတစ်စုဟူ၍ ဖြစ်လာကတည်းက သာယာသောအိမ်ထောင်စုဖြစ်ဖို့အတွက် အခြေခံကျသောအချက်မှာ စီးပွားလာဘ်လာဘများ သာယာရွှင်လန်းမှုဖြစ်မည်ဟု ယူဆပါသည်။ အရောင်းအဝယ်ပြုလုပ်လျှင်လည်း ရောင်းပန်းသာ၍ ဝယ်ပန်းလှစေရန် အရေးကြီးပါသည်။ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း ရာထူးအဆင့်ဆင့်တက်ကာ လခငွေကြေးပြည့်စုံဖူလုံဖို့ အရေးကြီးပါသည်။

မိသားစုအဖို့ စားဝတ်နေရေးအတွက် အိုးခွာအိမ်ခွာ၍ အလုပ်လုပ်ရသည်ရှိသကဲ့သို့၊ အိုးမကွာအိမ်မကွာဖြင့် အလုပ်လုပ်ရသည်လည်း ရှိတတ်ပါသည်။ အိမ်ဟူသည် မိသားစုအားအပူအချမ်း၊ ရာဦဥတုဘေးအန္တရာယ်အပေါင်းမှ အကာအကွယ်ပေးရာနေရာဖြစ်ပါသည်။ လုံခြုံစိတ်ချစွာ ကျောခင်းအိပ်စက်ရာ ဘူမိနက်သန်လည်းဖြစ်ပါသည်။ အိမ်ဆောက်ရာ၊ အိမ်ခန်းဖွဲ့ရာတွင် အရေးကြီးပါသည်။ သူ့နေရာနှင့်သူ အနေအထားမှန်ကန်ပါက ယထာဘူတကျပါမှ အိမ်နှင့် ဆက်စပ်နေသော မိသားစုအတွက် စိတ်လက်ချမ်းသာ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ပြီး ကပေါက်တိ ကပေါက်ချာ ဖွဲ့စည်းထားခြင်း၊ ပစ္စည်းအနေအထားမှားခြင်းတို့ ရှိပါမူ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခိုက်တတ်ပါသည်။ သို့ဖြစ်လေရာ 'အိမ်တွင်းရေးရာ စီးပွားသာစေရန် အလို့ငှာ' အိမ်ဆောက်လုပ်ခြင်း၊ နေအိမ်ခန်းဖွဲ့စည်းခြင်း၊ ပစ္စည်းပစ္စယများ ထားသိုခြင်းတို့အား အပြစ်မမဲ့စေရန် သတိပေးလိုပါသည်။

၁။ အိမ်၏ တံခါးမကို အိမ်၏ အလယ်တည့်တည့်တွင်ဖောက်ရပါမည်။ အကယ်တန္တ တံခါးကို အလယ်တည့်တည့်မှ မဖောက်နိုင်ပါက အိမ်ရှေ့မျက်နှာစာ၏ လက်ဝဲဘက်က ဖောက်ရပါမည်။ တံခါးပတ်ဝန်းကျင်ကို သန့်သန့်ရှင်းရှင်းထားပါ။ ဖိနပ်အစုတ်အပြောင်းများ၊ အဝတ်စုတ်များ၊ တိုလီမိုလီ ပစ္စည်းများ ရှိမနေစေရပါ။

၂။ တံခါးမကြီး ကျိုးနေပဲ့နေ၊ ပျက်စီးနေပါက ချက်ချင်းပြုပြင်ပေးပါ။ ထိုသို့ မပြုပြင်ပါက အိမ်ရှိမိသားစု မျက်စိဒုက္ခပေးတတ်ပါသည်။

၃။ တံခါးသည် အိမ်ပြင်သို့ မရောက်စေဘဲ အိမ်ထဲသို့ ရောက်နေရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

၄။ ရေချိုးခန်း၊ စတိုခန်း၊ အိပ်ခန်း၌ရှိသော တံခါးများသည် ရှိသင့်သည်ထက် ပို၍ကြီးမားနေပါက အိမ်ရှင်ကို ခိုက်တတ်ပါသည်။ သို့ဖြစ်၍ ပုံမှန်အတိုင်းသာ ကျည်းဘောင်ခွေပြီး တံခါးရွက်တပ်ဆင်ပါ။ ဆောက်လုပ်သည်မဟုတ်ဘဲ ဝယ်ယူထားမိသော အိမ်မှ တံခါးများ ကြီးနေပါက ထိုတံခါးများ၏ မျက်နှာချင်းဆိုင်၌ မှန်တစ်ချပ် တပ်ဆင်ပေးရပါမည်။

၅။ အိမ်ရှေ့တံခါးပေါက်သည် သူတစ်ပါးအိမ်၏ ဒေါင့်ထွန်း၊ သို့မဟုတ် အဆောက်အဦတစ်ခု၏ ထောင့်စွန်းနှင့် မျက်နှာချင်းဆိုင် ဖြစ်မနေရပါ။ ဖြစ်နေခဲ့ပါက ကိုယ့်အိမ်တံခါးပေါက်ပေါ်၌ မှန်တစ်ချပ်ကို ချိတ်ထားပေးပါ။ ဖြစ်နိုင်ပါ ခြံနှင့် ဝင်းနှင့်ဆိုပါလျှင် ခြံထဲ၌ ရေပန်းကလေး တပ်ဆင်ပါ။ အန္တရာယ်ကင်းဝေးပါလိမ့်မည်။

၆။ တံခါးနှင့် ပြတင်းပေါက်၏ အချိုးအစားမှာ (၃း၁) ဖြစ်နေဖို့လိုပါသည်။ ပြတင်းပေါက် အရမ်းကျယ်နေပါက သားသမီးများ၏ ဒုက္ခပေးခြင်းကို ခံရတတ်ပါသည်။ ငွေယိုပေါက်များမည်။ မိသားစုအချင်းချင်း စိတ်ဝမ်းကွဲစရာ ကြုံမည်။ အောက်လက်ငယ်သားများက အာခံတတ်သည်။ မထီလေးစားပြုမူတတ်သည်။ အကယ်တန္တဲ ပြတင်းပေါက်များက လိုအပ်သည်ထက် အရွယ်အစား ပိုနေပါက အိမ်ရှေ့တံခါးနှင့် နီးကပ်သောနေရာ၌ ကြေးဆွဲလွဲလေးတစ်လုံးကို ချိတ်ထားပေးပါ။ လေတိုက်တိုင်း အသံမြည်အောင် ဖန်တီးပေးထားခြင်းဖြင့် မလိုအပ်သော အနှောင့်အယှက်များ ကင်းဝေးသွားပါလိမ့်မည်။

၇။ ဘေးထိုး ပြတင်းပေါက်၊ ကျဉ်းလွန်းသည့် ပြတင်းပေါက်၊ အတွင်းကို ဖွင့်ရသော ပြတင်းပေါက်များသည် အိမ်ရှင်ကို ခိုက်စေတတ်၏။ သို့ဖြစ်၍ အပြင်ကိုဖွင့်ရသော ပြတင်းပေါက်တံခါးများကိုသာ တပ်ဆင်ပါ။ စီးပွားလာဘ်လာဘများ ရွှင်လန်းလာပါလိမ့်မည်။

၈။ မီးဖိုချောင်အတွင်း ထမင်းချက်သောနေရာသည် မီးဖိုချောင်ဝင်သည့်နေရာကို ကျောခိုင်းထားပြီး ချက်ပြုတ်ရသည့်အနေအထားမျိုး မဖြစ်သင့်ပါ။ မီးဖိုတံခါးကို ကျောခိုင်းထားပါက ပြဿနာမျိုးစုံကို လက်ယပ်ခေါ်ယူသလိုမျိုး ဖြစ်တတ်ပါသည်။ သို့ဖြစ်၍ မီးဖိုတံခါးကို ကျောခိုင်းသည့်အနေအထားမျိုး မဖြစ်ပါစေနှင့်။ နေရာပြောင်းရန် ခက်နေသည်ဆိုပါက မီးဖိုအဝင်အထွက် တံခါးမကြား၌ ဖန်လုံးကလေးတစ်လုံးကို ထားပေးလိုက်ပါ။ အနှောင့်အယှက်များ ကင်းဝေးသွားပါလိမ့်မည်။

၉။ အိမ်ထဲသို့ အဘယ်နေရာသွားသွား ညင်သာစွာ လျှောက်လှမ်းပါ။ ခြေဖနောင့်ဆောင့်၍ သွားလေ့ရှိသူသည် တစ်သက်လုံး ဆင်းရဲတာရှည်တတ်ပါသည်။

၁၀။ အိမ်ရှိတံခါးများ၊ ပြတင်းပေါက်များကို အမြဲတမ်း ပိတ်မထားပါနှင့်။ မကြာခဏ ဖွင့်ပေးဖို့ လိုအပ်ပါသည်။

၁၁။ အိမ်နောက်ဖေးတံခါး၏ ရှေ့တည့်တည့်၌ အုတ်နံရံခံထားပါက မကောင်းပါ။ ထိုသို့ ခံထားပါမူ အုတ်နံရံ၌ သစ်ပင်တစ်ပင် ချိတ်ထားပေးလိုက်ပါ။ အနှောင့်အယှက်များ ကျရောက်မလာနိုင်တော့ပါ။

၁၂။ ရေချိုးခန်းနံရံ၌ ကြွေပြားကပ်မည်ဆိုပါက အဖြူရောင်ကိုသာ ရွေးချယ်ပြီး ကပ်ပေးပါ။ ပုလဲအရောင်ရလျှင် ပို၍ကောင်းပါသည်။

၁၃။ အိမ်ရှေ့တည့်တည့်နေရာ၌ ထမင်းဟင်းချက်ပြုတ်ခြင်းအမှုကို ရှောင်ကြဉ်ပါ။ မီးဖိုမထားသင့်ပါ။ ခိုက်တတ်ပါသည်။

၁၄။ အိမ်ရှေ့၌ အဝတ်ဟောင်းအစုတ်အပြဲများကို မလှမ်းရပါ။ အိပ်ရာတွင်းမှ ပစ္စည်းများကိုလည်း အိမ်ရှေ့မျက်နှာစာ၌ ထုတ်လှမ်းခြင်းမျိုးကို ရှောင်ကြဉ်ပါ။

၁၅။ အိမ်ရှေ့ဝရန်တာ၌ အလှစိုက်ပန်းအိုးများတွင် ငရုတ်ပင်အိုးကို မထားရှိပါနှင့်။ ကျက်သရေယုတ်ပြီး ပူလောင်တတ်ပါသည်။

၁၆။ ဘုရားကျောင်းဆောင်ကို အမြဲသန့်ရှင်းစွာထားပါ။ ကျောင်းဆောင်ပေါ်၌ ရတနာသုံးပါးနှင့် မအပ်စပ်သော မည်သည့် ပစ္စည်းကိုမျှ တင်မထားရပါ။

လေ့လာသိရှိသမျှ ဆောင်ရန်ရှောင်ရန်အချက်များကို တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ စာရှုသူတို့အနေဖြင့် မိမိတို့ အိမ်တွင်းရေး သာယာစေဖို့ စီးပွားလာဘ်လာဘ ရွှင်လန်းစေဖို့ အတွက် ဆောင်သင့်သည်ကိုဆောင်၊ ရှောင်သင့်သည်ကို ရှောင်နိုင်ကြပါစေသတည်း။

---


**ဂန္ဓာရီဆြာဒ်**

---



www.burmeseclassic.com

www.burmeseclassic.com



# အဆောက်အအုံတစ်ခုခု ဆောက်မည်ဆိုလျှင် သတိပြုဆင်ခြင်နိုင်ရန်

■ ဘုန်းမြတ်ကျော်ခေါင်

ကျွန်ုပ်သည် ဤဆောင်းပါး၌ အိမ်ဆောက်လျှင် (သို့မဟုတ်) အဆောက်အအုံတစ်ခုခု ဆောက်မည်ဆိုလျှင် သတိပြုဆင်ခြင်၍ လိုက်နာနိုင်ကြရန်အလို့ငှာ အဖြစ်အပျက်တစ်ခုအား ဥပမာ စံနမူနာတစ်ခုပေး၍ ရေးသားတင်ပြလိုပါသည်။

ထိုအဖြစ်အပျက် ဥပမာမြင်ကွင်းတစ်ခုအား သက်သေသက္ခာယအဖြစ် တင်ပြရန်အတွက် ဓာတ်ပုံရိုက်ယူကူးခဲ့ရန် အခက်အခဲရှိပါသဖြင့် ဓာတ်ပုံများနှင့်တကွ မတင်ပြနိုင်ခဲ့ခြင်းအတွက်တော့ စာရေးသူ ကျွန်ုပ်အနေနှင့် စာရှုသူတို့အတွက် အမှန်ပင် စိတ်မကောင်းဖြစ်ခဲ့မိပါသည်။

ပြီးခဲ့သည့် ၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်၊ ည ၇ နာရီခွဲရထားဖြင့် စာရေးသူနှင့် ကျွန်ုပ်၏ဆရာ မောင်သွေးရင့်တို့သည် ကျွန်ုပ်၏ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ရမည်းသင်းမြို့သို့ ထွက်ခွာလာခဲ့ကြသည်။

ရမည်းသင်းမြို့သို့ မနက် ၇ နာရီမထိုးခင်တွင် ရောက်ရှိခဲ့ကြပြီး ထိုမှတစ်ဖန် မြင်းလှည်းဖြင့် (ကျွန်ုပ်၏ရွာသို့မသွားမီ) ရမည်းသင်းမြို့နယ်၏ အထင်ကရရှိလှသော သမိုင်းဝင် ရွှေမြင်တင်တောင်တော်ဘုရားများ တည်ရှိရာသို့ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ရမည်းသင်းမြို့၏ အရှေ့ဘက် ၄ မိုင်ခန့်အကွာတွင် တည်ရှိသော စံပြသိမ်ကုန်းရွာသို့ ရောက်ရှိခဲ့ကြသည်။

ဤတွင် အဆိုပါ စံပြသိမ်ကုန်းကျေးရွာ၏ အဝင်လမ်းမ ညာဘက်ခြမ်းရှိ ဆောက်လက်စအကြမ်းထည် ပြီးစီးနေပြီဖြစ်သော တိုက်အိမ်အဆောက်အအုံတစ်ခုသည် ပြိုကျပျက်စီးလျက် ပုံလျက်သားဖြစ်နေသည်ကို တွေ့မြင်ကြရသဖြင့် မြင်းလှည်းဆရာအား မေးကြည့်ရာ အဆိုပါတိုက်အိမ်သည် မကြာသေးမီကာလ ရက်အနည်းငယ်ခန့်က ညကြီးသန်းခေါင်၌ လေပြင်းများတိုက်ခတ်၍ ပြိုကျခဲ့ခြင်းဖြစ်ကြောင်း သိရလေသည်။

ထိုမြင်းလှည်းဆရာ၏ ပြောပြချက်အရ အဆိုပါ အဆောက်အအုံသည် နှစ်ထပ်စလုံးဆောက်၍ ပြီးစီးသွားပြီ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အကာအရံ အုတ်နံရံများသည်လည်း အချော မသတ်ရသေးသည်မှလွဲ၍ အစအဆုံး နှစ်ထပ်စလုံးကာရံပြီး ပြီ ဖြစ်လေသည်။

ထိုသို့ အကာအရံများ ကာရံပြီးစီး၍ သွပ်အမိုးသည် ပင်လျှင် တစ်ခြမ်းမိုးပြီး ထိုည၌ပင် လေပြင်းများသည် ထို တိုက်၏ ပတ်ဝန်းကျင်၌ တိုက်ခတ်ကာ ထိုတိုက်သည်လည်း ပုံလျက်သား လဲပြိုကျခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြလေသည်။

အဖြစ်အပျက်က အံ့ဩဖို့ကောင်းသည်မှာ ထိုတိုက် ကြီး၏ ဘေးအနီးအနားပတ်ဝန်းကျင်ရှိ ခယိုးခယိုင်၊ ခနော်နီ ခနော်နဲ့ တဲငယ်ကလေးများမှာ ဘာဆိုဘာတစ်ခုမျှ မဖြစ်ဘဲ ထိုတိုက်ကြီးတစ်လုံးတည်းသာ ထူးဆန်းအံ့ဩစရာကောင်း လောက်အောင် ပြိုကျပျက်စီးခဲ့ရခြင်း ဖြစ်လေသည်။

ဤသည်မှာ ထိုအဆောက်အအုံအား ဆောက်နေစဉ် နှင့် မဆောက်ခင် တစ်ခုခု မှားယွင်းခဲ့ခြင်းကြောင့်သာ ဖြစ် လေသည်မှာ ထင်ရှားနေသည်။

ထိုမှားယွင်းမှုများအား သက်သေသက္ကာယနှင့် ပြဆို နိုင်ရန် စာရေးသူ ကျွန်ုပ်၏ အသိ၊ အကြား၊ အမြင်၊ အညာ ဒေသ၏ ဗဟုသုတ၊ ရေးလူကြီးသူမတို့၏ အယူအဆနှင့် ထောက်ပြပြောဆိုရပါမည်။ ထိုရေးအယူအဆများကို လုံးဝ ဥဿုံ အကုန်လုံးပုံ၍ ယုံကြည်ရမည်ဟု မဆိုသာသော်လည်း အထက်ပါ အဖြစ်အပျက်များတွင် များစွာတိုက်ဆိုင်မှု ရှိနေ ပေသည်။ စာရှုသူတို့အနေနှင့်လည်း နှိုင်းယှဉ်ချိန်ထိုး၍ လက်ခံသင့်၊ မခံသင့် ဆင်ခြင်သုံးသပ်နိုင်ရန် ပြောဆိုရခြင်း ဖြစ်ကြောင်းကို ကျွန်ုပ်အတိအလင်း ဝန်ခံပါသည်။

စာရေးသူတို့ အညာမြေ၊ အညာဒေသ၌ အိမ်ဆောက် လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် အဆောက်အအုံတစ်မျိုးမျိုးကို ဆောက်မည်ဆိုလျှင် ပန္နက်တိုင်စိုက်ရမည်။ (ပန္နက်တိုင်မစိုက် မီ ဆိုင်ရာပိုင်ရာသို့ ပွဲတင်မည်။) တိုင်ထူမည်။ ထုတ်၊ တန်း၊ ယောက်၊ ယက်မ စသည်ဖြင့် တစ်ဆင့်ဆီ ပြုမူသွားမည်။ ပြီးလျှင် အခင်းခင်းမည်။ ပြီးလျှင် ဒိုင်း၊ မြားဆင်ပြီးသားအပေါ် တွင် အမိုးကို အရင်မိုးမည်။ ပြီးမှ အကာအရံကို ကာရံမည်။ ပြီးလျှင် အိမ်တက်မင်္ဂလာပြုမည်။ ဒါသည်ပင်လျှင် အညာ နေ၊ အညာမြေဒေသ၏ ထုံးတမ်းဓလေ့များပင်။

ဆိုရလျှင် အဓိကက အမိုးနှင့်အကာဖြစ်၍ အမိုး မမိုးရသေးဘဲ အကာမကာရပေ။ ဤသည်ကို ပြောင်းပြန်လုပ် ပါက တစ်ခုခုဖြစ်တတ်သည်၊ ခိုက်တတ်သည်၊ အန္တရာယ်ဆိုး နှင့် ကြုံရတတ်သည် စသည်ဖြင့် အယူရှိခဲ့ပေရာ အဆိုပါ အဖြစ်အပျက်သည်လည်း ဤမည်သော ရေးအယူအဆ စည်းမျဉ်းဘောင် ဥပဒေများနှင့် လာ၍ ငြိနေလေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့ပြင် အခြားသော သိမှတ်စရာ ဗဟုသုတ အတို အထွာအနည်းငယ်မျှအား အဆစ်ထည့်၍ စာရေးသူ ကျွန်ုပ်က ဆိုချင်သည်မှာ အိမ်မိုးလျှင်လည်း သက်ငယ်၊ ဓနိ၊ ဝါးကပ် အစရှိသဖြင့် ဘယ်ဘက်မှ မထပ်ရ။ (ပြောင်းပြန်မထပ်ရ)။ သက်ငယ်ကို ပက်လက်လှန် မမိုးရ။ ထိုသို့ပြုလျှင် တစ်ခုခု သော ဆိုးကျိုးကို ဖြစ်ပေါ်စေတတ်သည်ဟု ရေးလူအများတို့ ဆိုကြသည်။ ဝါးအိမ်များ၌ ချည်စရာတုပ်စရာရှိလျှင် ဝါးနှီးဖြင့် သာ ချည်တုပ်ကောင်းသည်။ လျှော်ကြိုးများ၊ ပလတ်စတစ် ကြိုးကဲ့သို့သော ကြိုးများဖြင့် မတုပ်ကောင်းပေ။ ထိုသို့တုပ်လျှင် လျှော်တတ်သည်။ (တစ်နည်းဆိုရလျှင် ဘာလုပ်လုပ် အဆင် မပြေဖြစ်တတ်သည်။ လွဲချော်တိမ်းစောင်းသွားသည်ဟု ဆိုလို သည်။) ဤသည်မှာလည်း စာရေးသူအနေနှင့် သုတအဖြစ် သာ ဖော်ပြခြင်းဖြစ်သည်။ ထိုသို့ အမိုးမိုးလျှင် (သို့မဟုတ်) အဆောက်အအုံ၏ ရှေ့ဘက်အခြမ်းမျက်နှာစာအား အရင်မမိုး ရပေ။

အချုပ်အနေနှင့်ဆိုရလျှင် အခထက်ပါ အဆောက် အအုံသည် အကာအရံကို အရင်ကာ၍ အမိုးအား နောက်ဆုံး ပိတ်မှ မိုးခဲ့ခြင်းကြောင့် လောကကို စောင့်ကြပ်သော နတ် ကောင်း၊ နတ်မြတ်များမှ မပြုကောင်း၊ မပြုထိုက်၍ လေပြင်း များဖြင့် တိုက်ခတ်ဖြိုဖျက်ပစ်ခြင်းသာ ဖြစ်နိုင်လေသည်။ သို့ တည်းမဟုတ်လျှင်လည်း တစ်နည်းနည်းဖြင့် တစ်ခုခုတော့ ဖြစ်မည်မှာ မလွဲကေန်ပင် ယူဆနိုင်ကြပါသည်။


ထို့ကြောင့် ကျွန်ုပ်အနေနှင့် ထိုအဖြစ်အပျက်အား တင်ပြခြင်းကြောင့် စာရှုသူတို့အနေဖြင့် တစ်စုံတစ်ခုသော အကျိုးကျေးဇူးများနှင့် စံနမူနာယူစရာ ဗဟုသုတအချို့ကို ရမည်ဆိုလျှင် ဤဆောင်းပါးအား ရေးရကျိုးနပ်မည် ဖြစ် ပါသည်

*ဘုန်းမြတ်ကျော်ခေါင်*



www.burmeseclassic.com

www.burmeseclassic.com



# အိမ်တွင်းနတ်အုန်း

## ဆွဲထားကြပါသလား

### ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာပြည်ရှိ ဗုဒ္ဓဘာသာဝင် အိမ်အတော်များများတွင် အိမ်တွင်းနတ် ကိုးကွယ်ပူဇော်ပသထားကြတာ တွေ့ရှိရပါသည်။ အိမ်တိုင်း၊ နေရာဒေသတိုင်း၊ လမ်းတိုင်းတွင် အားလုံးလိုလို ကိုးကွယ်ကြသည်တော့ မဟုတ်ပါ။ စာရေးသူအဘွားက အညာသူဖြစ်ပြီး ရိုးရာအစဉ်အလာအရ အိမ်တွင်းအုန်းမဆွဲခဲ့၍ စာရေးသူအမေလည်း မကိုးကွယ်၊ မဆွဲခဲ့၍ အိမ်တွင်နတ်အုန်းဆွဲထားခြင်း မရှိပါ။ အချို့လည်း ယခင် မိဘဘိုးဘွားလက်ထက်က အုန်းမဆွဲဘဲ မိမိအိမ်ထောင်၊ မိမိလက်ထက်၊ သားသမီးများ၊ မြေးများလက်ထက်ရောက်မှ၊ သူတစ်ပါးတိုက်တွန်းမှ၊ နတ်ကတော်ကပြော၍ စာအုပ်ထဲမှာပါ၍ စမ်းသပ်ပြီး ယုံကြည်၍ အကြောင်းတစ်ခုခုကြောင့် အုန်းဆွဲတာတွေလည်း တွေ့မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်ကိုးကွယ်ယုံကြည်မှုနှင့်ပတ်သက်၍ ရပ်ရွာဒေသအလိုက် ရိုးရာနတ်ကိုးကွယ် ပူဇော်ပသပုံ အမျိုးမျိုးကိုလည်း လေ့လာတွေ့ရှိရပါသည်။ အိမ်တွင်းနတ်မှာ "မဟာဂီရိနတ်ပူဇော်ပုံ"ဟု ဆိုထားသဖြင့် မင်းမဟာဂီရိနတ် ဖြစ်ပါသည်။ မောင်တင့်တယ်တို့ မောင်နှမနှစ်ယောက်ကို အကြောင်းပြု၍ အိမ်တွင်းနတ် ကိုးကွယ်ထားကြခြင်း ဖြစ်ပါသည်။ ပန်းပဲမောင်တင့်တယ်ကို မင်းချင်းများက စကားပင်တွင်ချည်၍ မီးမြှိုက်သတ်လိုက်ကြ၏။ ထိုအကြောင်းကို နှမတော် မိဖုရားလုမြတ်စွာ ကြားသောအခါ မီးပုံရှိရာသို့ အမြန်လာ၍ "ငါ့မောင်ကြီးဟာ ငါ့ကြောင့်သေရရှာသည်။ ငါလည်း ဒီလောကမှာ နေလို့ ဘာထူးဦးမှာလဲ"ဟု တွေးပြီး မီးပုံထဲ ခုန်ဆင်းလိုက်၏။

မင်းချင်းတို့ကြားသဖြင့် မိဖုရားကို ဆွဲထားကြသော်လည်း နောက်ကျသဖြင့် ဦးခေါင်းကိုသာ ရလိုက်ကြ၏။ ထိုနေ့မှစ၍ မောင်တင့်တယ်တို့ မောင်နှမသည် နတ်စိမ်းဘဝဖြင့် စကားပင်၌ နေကြရလေ၏။ စကားပင်အောက် ရောက်လာသော သတ္တဝါမှန်သမျှ အသက်ခန္ဓာဆုံးပါးကြသည်ဟု မင်းကြီးကြားသဖြင့် နတ်စိမ်းမောင်နှမ ဖမ်းစားသည်ဟု အယူရှိပြီး စကားပင်ကို အမြစ်ပါတူးပြီး ဧရာဝတီမြစ်တွင် မျှောစေဟု အမိန့်တော်ပြန်သဖြင့် မျှောလိုက်ကြ၏။ ထိုအခါ စကားပင်သည် အခြားမှာမတင်၊ ထူးထူးဆန်းဆန်း ပုဂံပြည်သို့ ရောက်သွားသဖြင့် သေဥ္ဇလည်ကြောင်မင်းကြီးကလည်း

*ကလေးက သူ့ရဲ့ -----ကို လာညှစ်တယ်လို့ ပြောပါတယ်။ ဒါနဲ့ သူ့အမေကလည်း မိဘလူကြီးတွေကို ပြောပြပြီး အိမ်တွင်းယပ်အသစ်တစ်ခု ချက်ချင်းဝယ်ပြီး တောင်းပန်လိုက်မှ ကလေးလည်း မငိုတော့။ အားလုံးရှင်လန်းသွားကြရတယ်ဟု ပြောပြပါသည်။*

အိပ်မက်အရ ထိုစကားပင် ဆယ်ယူခိုင်း၍ နတ်မောင်နှမရုပ်တုများ ထုလုပ်စေပြီးလျှင် ထိုနတ်ရုပ်များကို ပုပ္ပါးတောင်တွင်ထား၍ အနီးရှိ ရွာသူရွာသားများအား ကိုးကွယ်ပသစေ၏။

ထိုအကြောင်းအရာကိုစွဲ၍ ယခုထိ မြန်မာလူမျိုးများသည် အိမ်တွင်း၌ အုန်းသီးဆွဲကာ နတ်မောင်နှမကို မဟာဂီရိဟူသောအမည်ဖြင့် ကိုးကွယ်ပူဇော်ပသကြ၏။

အချို့ကျမ်းများတွင် ထိုနတ်မောင်နှမကို ပြည်သူများ သတ္တဝါတိရစ္ဆာန်တို့ဖြင့် ယဇ်ပူဇော်ပသနေကြ၍ အနော်ရထာမင်းကြီးက -

မကိုးကွယ်၊ မပူဇော်ရဟု အမိန့်မထုတ်ဘဲ ပရိယာယ်ဖြင့် နတ်စင်နတ်နန်းသို့ လာစရာမလို၊ အိမ်တွင် ငှက်ပျောသီး၊ အုန်းသီးဖြင့်သာ ကိုးကွယ်၍ရသည်ဟု ပြောဆိုခဲ့ကြောင်း မှတ်သားရပါသည်။ မင်းနှင့်တကွ သားတော်၊ သမီးတော်၊ မှူးမတ် အစရှိသော ပြည်သူလူထုအပေါင်းတို့သည်လည်း တစ်နှစ်တစ်ကြိမ် ကိုးကွယ်ပူဇော်ကြလေ၏ဟု ဆိုပါသည်။

မင်းမဟာဂီရိနတ်ကို ကျန်စစ်မင်းသား အမြဲပူဇော်ပသ၍ ကိုးကွယ်ပါသဖြင့် အနော်ရထာမင်း အရိန္ဒမာလှံနှင့်ထိုးသည်ကို မထိဘဲ လွတ်သွားကြောင်း၊ တစ်နည်းအားဖြင့် မဟာဂီရိနတ်မင်းက ကူညီစောင်မ ကြည့်ခဲ့သည်ဟု မဟာရာဇဝင်ကြီးတွင် အထင်အရှားပြထား၏။ ယုံကြည်သူတို့ကို အိပ်မက်ပေးကြောင်း၊ မကောင်းသောဘေးကို ကာကွယ်ပေးကြောင်း၊ အိမ်တွင်းရေးကိစ္စ ဆုတောင်းလျှင် ပြည့်ဝကြောင်း၊ အစိတ္တာန်အောင်မြင်ကြောင်း အမျိုးမျိုးပြောသံ ကြားရပါသည်။ တစ်ဦးနှင့်တစ်ဦး အကျိုးပေးပုံချင်းတော့ ကွာခြားနိုင်ပါသည်။

ဆရာကြီးတစ်ဦးက နတ်ကိုးကွယ်တယ်ဆိုတာ မိတ်ဆွေဖွဲ့တာနဲ့တူကြောင်း။ မိတ်ဆွေဖွဲ့ လက်ဖက်ရည်တိုက်၊ ပေးကမ်းကျွေးမွေးပြီးမှ ကိုယ်က တစ်ခါတစ်ရံ အဆင်မပြေလို့ မကျွေးမပေးနိုင်ရင် စိတ်ခုတတ်ကြောင်း၊ နတ်လည်း ထိုကဲ့သို့ ငြိုးတတ်ကြောင်း ဥပမာပေး ပြောဆိုဖူးပါသည်။

ယခု စာရေးသူအနေဖြင့် ဖြစ်ရပ်နှစ်ခုကို တင်ပြပေးလိုပါသည်။

ဖြစ်ရပ်တစ်ခုမှာ အိမ်တွင်းစင်မှ ယပ်တောင်ကို သုံးနှစ်ကျော်ကလေးတစ်ဦးက ဖြုတ်ယူပြီး ကစားခဲ့သည်ဟု ဆိုပါသည်။ ပလတ်စတစ်ခုံဖြင့် တက်လှမ်းယူ ကစားပြီး

www.burmeseclassic.com

www.burmeseclassic.com

**သူ၏လက် ဆေးကုသရာ သုံးလန်းပါးကြာမှ အနာကျက်၍ ကောင်းသွားပါသည်။ ဤသည်မှာလည်း တိုက်ဆိုင်မှုတစ်ခုဟု ဆိုနိုင်သော်လည်း အိမ်တွင်းနတ် အုန်းဆွဲထားသူများ အထူးသတိထားရမည့် အချက်ဖြစ်ပါသည်။**

ဖျဉ်အခင်းကြမ်းပြင်ပေါ်တွင် ပစ်၍ချထားပါသည်။ ကလေးသည် စကားလည်းသွက်ပြီး၊ ကစားတာလည်း မျောက်မူးလဲပင်ဖြစ်၏။ သူ၏မိခင်မှ အိမ်ရှေ့ထွက်လာပြီး တွေ့မှ တော်တော်ဆော့တဲ့ကလေး။ ယပ်တောင်ယူဆော့တယ်၊ ငရဲကြီးမယ် စသည်ဖြင့် ဆူပူပြောဆိုပြီး ယပ်ကိုခါ၍ အိမ်တွင်းပေါ်ပြန်တင်ထားလိုက်ပါသည်။ ညနေစောင်းတော့ ကလေးက ရုတ်တရက် ထအော်ငိုလေ၏။ ဗိုက်နာလို့လား၊ ဘာကောင်ကိုက်လို့လဲ စသည်ဖြင့်မေးရာ ကလေးက ခေါင်းခါပြီး ဆက်ငိုနေ၏။ အမေက ဆေးလိမ်းပေးမယ်၊ ဘယ်နေရာလဲ မေးတော့ "ဟိုထောင့်က ပိတ်ဖြူနဲ့အဘိုးကြီး သားကို ညှစ်မယ်ပြောပြီး သားကိုကြိမ်းနေတယ်" စသည်ဖြင့် ပြောဆိုသည်ဟု ဆိုပါသည်။ ကလေးပြောပြသံ မကြားရဘဲ မိဘက တစ်ဆင့်ပြန်ပြောသံကို ရေးပြခြင်းဖြစ်ပါသည်။ ကလေးက သူ့ရဲ့ ---ကို အညှစ်တယ်လို့ ပြောပါတယ်။ ဒါနဲ့ သူ့အမေကလည်း မိဘကြီးတွေကိုပြောပြပြီး အိမ်တွင်းယပ်အသစ်တစ်ခု ချက်ချင်းဝယ်ပြီး တောင်းပန်လိုက်မှ ကလေးလည်း မငိုတော့။ အားလုံးရှင်လန်းသွားကြရတယ်ဟု ပြောပြပါသည်။

ကလေးက အိမ်တွင်းစင်ကို လက်ညှိုးထိုးပြပြီး ပိတ်ဖြူနဲ့အဘိုးကြီးဟု ပြောသည်မှာ အိမ်တွင်းဖခင်ကြီး ဖြစ်နိုင်ပါသည်။ လူကြီးတော့ မတွေ့ရပါ။ ကလေးကလည်း လိမ်ပြောတာမဖြစ်နိုင်ပါ။ အဓိက သတိထားရမည့်အချက်ကတော့ အိမ်တွင်းစင်ကို တစ်ခုခုအနှောင့်အယှက်ပြုခြင်း၊ ဖြစ်သလိုထားခြင်း၊ ဂရုမစိုက်ခြင်း မပြုလုပ်သင့်ကြောင်း သတိထားရပါမည်။

တစ်ခါ အမျိုးသမီးတစ်ဦး အိပ်မက်မကောင်းကြောင်း။ အိပ်မက်ထဲမှာ အုန်းသီးအညှာနှင့် မိမိကို ထိုးသလိုဖြစ်ပြီး လန့်နိုးသွားရကြောင်း။ နံနက်အိပ်ရာထတော့ အိမ်တွင်းစင်ကို သွားကြည့်ရာ အညှာပြုတ်နေ၍ အုန်းသီးအသစ်လဲပေးရကြောင်း ပြောပြပါသည်။

ကျွန်ုပ်နှင့် တစ်လမ်းတည်းနေသူ မိတ်ဆွေတစ်ဦးသည် အစက အိမ်တွင်းမကိုးကွယ်။ အမျိုးသမီးက ကိုးကွယ်၍ သူလည်း ဘာမှမပြောကြောင်း။ မနှောင့်ယှက်၊ မကူညီကြောင်း။

တစ်နေ့ ခြင်ဆေး(နှင်းတက်)ကို မီးထည့်၍ အငွေ့များကို ခုံအောက်၊ စားပွဲအောက်သို့ ရှေ့ပေးကြောင်း။ အမှတ်တမဲ့ အိမ်တွင်းစင်အောက်သို့လည်း မီးခိုးငွေ့ ရောက်ခဲ့ကြောင်း၊ ထိုသို့ ခြင်ဆေးကို အိမ်တွင်းစင်အောက်သို့ ခေတ္တထားပြီး ပြန်ယူလိုက်စဉ် ခလုတ်တိုက်လဲပြီး လက်ညှိုးသည် ကြမ်းကြားထဲညပ်ပြီး လက်သည်းလန်သွားရကြောင်း လာရောက်ပြသပြောဆိုပါသည်။ "ကျုပ်လည်း အမှတ်တမဲ့ လုပ်မိလိုက်တာဗျာ။ အဲဒါ မီးမြိုက်သလိုဖြစ်ပြီး မကျေနပ်တာနဲ့ ကျုပ်ကို ပြန်ထိခိုက်စေတာပဲဖြစ်မယ်" ဟု ယုံကြည်စွာ ပြောဆိုနေပါသည်။ သူ၏လက် ဆေးကုသရာ သုံးလနီးပါးကြာမှ အနာကျက်၍ ကောင်းသွားပါသည်။ ဤသည်မှာလည်း တိုက်ဆိုင်မှုတစ်ခုဟု ဆိုနိုင်သော်လည်း အိမ်တွင်းနတ် အုန်းဆွဲထားသူများ အထူးသတိထားရမည့်အချက် ဖြစ်ပါသည်။ အိမ်တွင်းနတ် မီးကြောက်သည်မှာ အထူးပြောဖွယ်ရာ မရှိပါပေ။ နေဝင်မီးထွန်းသည်နှင့် လိုက်ကာများ ပိတ်ကြရသည် မဟုတ်ပါလား။

မိမိတို့အိမ်တွင် အိမ်တွင်းနတ် အုန်းဆွဲထားပါက ဘုရားစင်ထက် အနည်းဆုံး တစ်ထွာ၊ တစ်တောင် နိမ့်အောင်ထားပြီး ယပ်၊ လိုက်ကာ၊ အုန်းသီး၊ မီးတို့ကို အထူးဂရုစိုက်ကြပါဟု အကြံပြုရေးသားဖော်ပြပေးလိုက်ရပါသည်။

***ဂမ္ဘီရဆရာလှမျိုး(B.Sc)***



www.burmeseclassic.com

www.burmeseclassic.com



# အိမ် မြန်မြန်ရောင်းထွက်စေလိုသော

ဆရာတီကျော်(ရန်မျိုးအောင်)

'သူ့ကိုနိုင်လို ဆကိုခို' …တဲ့။

ရှေးဗေဒင်ပညာရှိကြီးများ၏ လင်္ကာတစ်ပုဒ် ဖြစ်ပါတယ်။ အကြောင်းအရာတစ်ခုခုကို ဖြစ်ဖြစ်မြောက်မြောက် အောင်မြင်စေလိုလျှင် 'သူ့ကိုနိုင်လို ဆကိုခို' ဆိုတဲ့ လင်္ကာလေးတစ်ခုနဲ့ ညွှန်ပြသွားခဲ့ပါတယ်။ ဒါကြောင့် ခုနစ်ရက်နေ့နံသားသမီးများ၏ ဆပွတ်ဂြိုဟ်များကို လေ့လာကြည့်လိုက်ပါ။

(၁) နွေ ဆပွတ် ၆ ကြာ ဂဠုန်ကို ပူးနိုင်သည်။
(၂) လာ ဆလွတ် မနေ ကျားကို မြွေနိုင်သည်။
(၃) ဂ်ါ ဆပွတ် ၁ နွေ ခြင်္သေ့ကို ဂဠုန်နိုင်သည်။
(၄) ဟူး ဆပွတ် ၂ လာ ဆင်ကို ကျားနိုင်သည်။
(၅) တေး ဆပွတ် ၃ ဂ်ါ ကြွက်ကို ခြင်္သေ့နိုင်သည်။
(၆) ကြာ ဆပွတ် ၄ ဟူး ပူးကို ဆင်နိုင်သည်။
စနေ ဆပွတ် ၅ တေး မြွေကို ကြွက်နိုင်သည်။

အိမ်မြန်မြန်ရောင်းထွက်လိုသော အိမ်သည် (၁)နွေနံ ဖြစ်ပါတယ်။ (၁)နွေနံ ဖြစ်တဲ့အတွက် သူ့ကိုနိုင်စေသော (၆)ကြာနံနှင့် ဓာတ်ဆင်ရပါမယ်။ အောင်အိုးတစ်လုံးတွင် ရောင်းချလိုသော အိမ်၏နံပါတ်ကို ရေးလိုက်ပါ။ အနီရောင်ဖြင့် ရေးရပါမည်။ ပြီးနောက် အိမ်ကိုခတ်သော သော့ကို အိုးထဲသို့ထည့်လိုက်ပါ။ ပြီးလျှင် မိမိ၏အိမ် တောင်အရပ်တွင်ထားပါ။ ပြီးနောက် ကံ့ကော်ညွှန့်ဖြင့် စနေသားတစ်ယောက်အား ၆ ချက်ရိုက်ခိုင်းလိုက်ပါ။ (၅)တေးနေ့တွင် လုပ်ကိုင်ရပြီး အချိန်အားဖြင့် (၃)ဂ်ါအချိန်မှာ လုပ်ပါ။ နံနက် ၉ နာရီမှ ၁၀ နာရီ ၃၀ မိနစ်အတွင်း ပြုလုပ်ပါ။

လက်တွေ့အောင်မြင်နေပါသဖြင့် ရှေးဗေဒင်ပညာရှိကြီးများ၏ 'သူ့ကိုနိုင်လို ဆကိုခို' ဆိုတဲ့ လင်္ကာလေးတစ်ခုသည် အိမ်မှမဟုတ်။ မိမိရောင်းလိုသော ကုန်ပစ္စည်းများအား ထွက်စေရန် ဓာတ်ဆင်ခြင်းကို ပြုလုပ်နိုင်သည်ဖြစ်ကြောင်း ရှေးဗေဒင် ပညာရှိကြီးများက ညွှန်ပြသွားခြင်းဖြစ်ပါသည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အိမ် | → | (၁) နွေနံ | → | ဆပွတ် | → | သော့ | → | (၆) ကြာနံ |
| သော့ | → | (၆) ကြာနံ | → | ဆပွတ် | → | တောင်အရပ် | → | (၄) ဟူးနံ |
| တောင်အရပ် | → | (၄) ဟူးနံ | → | ဆပွတ် | → | ကံ့ကော် | → | (၂) လာနံ |
| ကံ့ကော် | → | (၂) လာနံ | → | ဆပွတ် | → | စနေသား | → | (၄) စနေနံ |
| စနေသား | → | စနေနံ | → | ဆပွတ် | → | (၃)ဂ်ါချိန် | → | (၃) ဂ်ါနံ |

ဆရာတီကျော်(ရန်မျိုးအောင်)



www.burmeseclassic.com

www.burmeseclassic.com



## အိမ်မှာ ဒါတွေဖြစ်လျှင်

# လက်နှင့် ငွေတွေဝင်

မော်တင်သိန်းဇော်ဇ

နေအိမ်၊ ကျောင်း၊ ကန်တို့၌ ဖော်ပြပါ အကြောင်းခြင်းရာဖြစ်အင်၊ ပီသော၊ လက္ခဏာထူးများ ဖြစ်ပေါ်သောပါက၊ ဖြစ်နေပါက "သက်ဆိုက်ရာ နေအိမ်၊ ကျောင်း၊ ကန် ပိုင်ရှင်တို့အနေနှင့် အနေးနှင့်အမြန် ဆိုသလို ကောင်းဖြစ်သော သုခချမ်းသာ၊ အကျိုးစီးပွားများ ဖြစ်ထွန်းခံစားရခြင်း၊ ငွေကြေးနှင့် ဘဏ္ဍာများ ဝင်ရောက်ခြင်း၊ ထီပေါက်ခြင်း အမွေအနှစ်ရရှိခြင်း၊ ကြွေးမြီများ ရရှိခြင်း ရာထူးဌာနန္တရ တိုးမြင့်ခြင်း၊ မင်္ဂလာပြုရခြင်း၊ ကျန်းမာပျော်ရွှင်ရခြင်း၊ အလှူပေးရခြင်း၊ ကြံစည်ကြိုးပမ်းရာတို့ အောင်မြင်အကောင်အထည်ပေါ်ခြင်း၊ စီးပွားတက်ခြင်း၊ နေအိမ်၊ ယာဉ်ကားတိုးချဲ့ဝယ်ယူရခြင်းများကို" ခံစားရတတ် လေ့ရှိတတ်ကြပါသည်။

သက်ကြီးနှင့် ပညာရှင်တို့၏ အဆုံးအမ ဩဝါဒများ၊ ရိုးရာအယူအစွဲနှင့် အတိတ်၊ နိမိတ်၊ အယူတော်များ၊ စာပေတို့နှင့် ကိုယ်တွေ့၊ လက်တွေ့သာဓကများကို အခြေခံစုစည်း၍ အကျဉ်းမျှ တင်ပြခြင်းဖြစ်ပါသည်။ လေ့လာသတိချပ်၍ ကောင်းကျိုးချမ်းသာ၊ လာဘ်လာဘများကို မျှော်လင့်ခံစားနိုင်ကြရန် ဖြစ်ပါသည်။

(၁) ဘုရာပန်းအိုးထဲမှ ကပ်ထားသော ပန်းအညွှန့်များ ရက်အတော်ကြာသည့်တိုင် မညှိုးမခြောက်၊ မကြွေဘဲ အညွှန့်သစ်များထွက်ကာ တိုးပွားလန်းဆန်းလာခြင်း။

(၂) အုန်းတော်မှ အုန်းအစို့ထွက်ခြင်း။ (သုံးလအတွင်း အကျိုးထူး

www.burmeseclassic.com

ပါသည်။)

(၃) ကန်တော့ပွဲ အလျှင်အမြန် မှည့်ပျော့ခြင်း။

(၄) အိမ်ခေါင်မိုးပေါ် မှိုပင်များ ပေါက်ရောက်ခြင်း။

(၅) နေအိမ်နံပါတ်နှင့် ထိုးသော မဟာဒုက်ဘုရားမဲ ပေါက်ခြင်း။

(၆) ယယ်ယူလာသော ဆန်၊ မီးသွေး၊ ဆေးရိုး၊ အုတ်၊ ခဲ၊ သဲ၊ ကျောက် စားသုံးကုန်ပစ္စည်းတို့ထဲမှ ရွှေတိုငွေစ၊ ရုပ်ပွားတော်များ အမှတ်မထင် အတူကပ်ပါရှိလာ၍ ထူးခြားစွာ ရရှိခြင်း။

(၇) ခြံတွင်းရှိ သီးပင်စားပင်များ မဖြစ်စဖူးဆိုသလို ယခင်အခါများထက် ထူးခြားစွာ ဝေဆာပြွတ်သိပ်စွာ သီးပွင့်၊ အညွန့်တို့ ဖူးဝေလာကြခြင်း။ မသီးမပွင့် ဖူးသည့်အပင်က သီးပွင့်က ပိုကောင်း၏။

(၈) ရေတွင်းရေကန်များ ရေ ကြောင်းပြောင်းလဲကာ ကြည်လင်လာခြင်း၊ တက်လာခြင်း။

(၉) ငါးပိရည်အိုးမှ ဆူပွက်ဝေကျ ခြင်း။

(၁၀) လက်ဖက်ရည်ကြမ်း၊ ဖန်ခွက်ထဲမှ ငှဲ့သောက်ရာတွင် လက်ဖက်ရည်ကြမ်းရေထဲမှ လက်ဖက်ညွန့်တစ်ညွန့် အညွန့်တက်၊ အညွန့်ကန်တော့ထိုးခြင်း။

(၁၁) နေအိမ်သို့ အလေ့ကျအဖြစ် ခွေး၊ ကြောင်၊ ကျေးငှက်သတ္တဝါများ လာရောက်နေထိုင်ကာ သားမွေးခြင်း။

တောက်တဲ့ လာရောက်နေထိုင်ပါက အိမ်အေးသည်။ စီးပွားတက်သည်။ သို့သော် လေးငါးဆယ်ကောင်ဆိုက မကောင်း။

(၁၂) နေအိမ်အမိုး၊ မျက်နှာစာ၊ ပြတင်းပေါက်နှင့် အိမ်ခန်းတွင်းသို့ ဆင်လိပ်ပြာကြီးများ၊ ထူးဆန်းရှားပါးလှပသော ငှက်ဆန်းများ လာရောက်နားနေခြင်း။ (ရက်အတန်ကြာက ပိုကောင်း၏။)

(၁၃) အိမ်အောက်ကြမ်းပြင်ရှိ ရေအိုင်၊ ရေပြင်ဆီမှ ငါး၊ လိပ် စသည့် သတ္တဝါများ ခုန်တက်လာခြင်း။

(၁၄) ခေါင်းရင်းဘက် တစ်ကြောဆီမှ ထီပေါက်၊ စီးပွားတက်၍ မင်္ဂလာပြု အလှူကြီးပေးခြင်း။ (ခေါင်းရင်း၊ အနီးကပ်အိမ်ဆိုက ပို၍ အကျိုးထူးသည်။)

(၁၅) နေအိမ်ခြံဝင်းရှေ့ဆီသို့ ဘုရားရုပ်ပွားတော် ပင့်ဆောင်လာရာ မင်္ဂလာယာဉ်ကားများ၊ ထီးတံခွန်အောင်လံများ၊ မဏ္ဍပ်ကန်တော့ပွဲများ၊ ဆုဒိုင်း၊ ဆုလာဘ်တံဆိပ်ပါ ပန်းကုံးများ၊ ဆင်၊ မြင်း အကအခုန် တီးဝိုင်းများ၊ မြင့်မြတ်ထင်ပေါ် ကျော်ကြားသူများ၊ နာရီပိုင်း၊ ရက်၊ လ သဘောမျိုးနှင့် အချိန်အတော်ကြာကြာ လာရောက်ကြွချီခြင်း၊ ရပ်တန့်နားနေခြင်း၊ ဖျော်ဖြေတီးမှုတ်ခြင်း၊ လာရောက်များ ရှိခြင်း။

(၁၆) နေအိမ်ပေါ်သို့ ခြံဝင်းအတွင်း တစ်နေရာရာ၌ ပျားဆိတ်များ အိမ်ဖွဲ့အုံခဲ၍ စုဝေးနေထိုင်ခြင်းနှင့် တန်းစီ၍ ဖြတ်သန်းသွားလာခြင်း။

(၁၇) အိမ်ခေါင်ရင်း၌ တောင်ပို့ပေါက်ခြင်း။

(၁၈) နေအိမ်ခြံဝင်းအတွင်းရှိ မြေကြီးထဲမှ ရွှေတိုငွေစ၊ ရုပ်ပွားတော်၊ ပုတီး၊ ရှေးဟောင်း အင်းစမ၊ လက်ဖွဲ့နှင့် သိဒ္ဓိဝင်ပစ္စည်းထူးများ၊ ရတနာကျောက်များ၊ ရွှေအိုး၊ ငွေအိုးများ တူးဖော်ရရှိခြင်း(အကျိုးအပဲ့ အကြီးအသေး မဟူ။)

(၁၉) အိမ်တွင်းရှိ မှီခိုနေထိုင်ကြရာ သတ္တဝါများနှင့် မွေးမြူထားကြသော ခွေး၊ ငှက်၊ ကြောင်၊ ငါး၊ ကြွက်၊ ပိုးဟပ်များ မြူးထူးပျော်ရွှင်ကြခြင်း၊ အသံပြုကြခြင်း၊ မျိုးမတူသော သတ္တဝါများ၊ ဥပမာ-ခွေးနှင့် ကြောင် ညီညွတ်ကာ ယှဉ်တွဲမြူးထူးနေထိုင်ကြ၊ သင့်မြတ်ကြခြင်း။ သားပေါက်က အထီးသတ္တဝါက ပိုခြင်း စသည့်အကြောင်းခြင်းရာများ ဖြစ်ပေါ်ခြင်း။

(၂၀) ရသေ့၊ ယောဂီ၊ ဝတ်ဖြူစင်ကြယ်၊ ဆာဒူးဘုန်းကြီး စသည့် ပုဂ္ဂိုလ်ထူးများ နေအိမ်သို့ မပင့်မဖိတ်ပါဘဲ ရုတ်တရက် ကြွရောက်လာက နေအိမ်ရှေ့ ခြံရှေ့ဝ၌ ရပ်၍ ရွတ်ဖတ်သရဇ္ဈာယ်၊ ဆုတောင်းပေးသွားခြင်း။

အထက်ပါ အကြောင်းခြင်းရာ ဖြစ်အင်၊ ဝိသေသလက္ခဏာထူးများ ဖြစ်ပေါ်ကြုံတွေ့ရပါက၊ အခန့်သင့်ပါက အချို့က နေ့တွင်းချင်းပင်၊ အချို့က မကြာသော ရက်ပိုင်းအတွင်း၊ လပိုင်းအတွင်း၌ အကျိုးရလဒ်ထူးများကို ဆိုင်ရာနေအိမ် မိသားစုများနှင့် မလွဲတမ်းကောန်မကြာဆိုသလို ထင်ရှားစွာ ခံစားရတတ်ကြပါသည်။ မျက်မြင်နှင့် ကိုယ်တွေ့များပင် ဖြစ်ပါသည်။

မော်တင်သိန်းဇော်



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ရောင်းထွက်ရေး အလွယ်လေး

မင်းဝီရအောင်

"စိတ်ညစ်တယ်ဗျာ···"

စိတ်ပျက်သံကြီးနဲ့ ညည်းညူနေတဲ့ ကိုအောင်မြင့်ကိုကြည့်လိုက်တော့ အကြံအိုက်ဟန်ဖြင့် ခေါင်းကို တမြင်းမြင်း ကုတ်နေသည်။

"ကိုအောင်မြင့်ရယ်···ဘာတွေများ စိတ်ညစ်နေတာလဲ။ ခင်ဗျားက လည်း ညည်းလိုက်တာများ နိုက အသာ ခေါ်ရလိမ့်မယ်"

"ဒီလိုဆရာရေ့···။ အိမ်ရောင်းနေတာ ငါးလလောက်ရှိပြီ။ ဝယ်သူကို မရှိတာ။ အဲဒါ ဆရာ့ဆီ အကူအညီတောင်းမလို့ လာခဲ့တာပဲ"

"နေပါဦးဗျ။ ဘာကိစ္စနဲ့ ခင်ဗျားက အိမ်ရောင်းရတာလဲ။ ဘာလဲ···



www.burmeseclassic.com

www.burmeseclassic.com

စီးပွားရေး မပြေလည်လို့လား"

"မဟုတ်ဘူး ဆရာရေ။ စီးပွားရေးက ပြေလည်ပါတယ်။ အခုဟာက ပြင်ဦးလွင်မှာ ယောက္ခမကြီးက အိမ်နဲ့ခြံ အမွေရထားတာ။ ကျွန်တော့်အမျိုးသမီးက ပြင်ဦးလွင်ကအိမ်မှာ သွားနေချင်တာ။ ဒါကြောင့် ဒီကအိမ်ကို ရောင်းနေတာ။ အဲဒါ ရောင်းမတည့်လို့ စိတ်ညစ်နေတာ ဆရာရေ"

"ကဲ...ကဲ...ခင်ဗျားကို ကျွန်တော် ကူညီပါ့မယ်။ အခုတော့ ရေနွေးကြမ်းတွေ အေးကုန်ပြီ။ သောက်လိုက်ပါဦး"

ကျွန်တော်နှင့် ကိုအောင်မြင့်သည် ရေနွေးကြမ်းတစ်ပန်းကန်စီ သောက်လိုက်ကြသည်။

"ကဲ...ကိုအောင်မြင့်၊ ခင်ဗျားရဲ့ အိမ် အမြန်ရောင်းထွက်ရမယ်လို့ ကျွန်တော် အာမခံတယ်ဗျာ။ ခင်ဗျားသာ ယုံယုံကြည်ကြည်နဲ့ လုပ်ဖို့ ကတိပေးနိုင်မလား"

ကိုအောင်မြင့်က အလောတကြီး ကတိပေးလေသည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"နည်းက လွယ်ပါတယ်။ ဒါပေမယ့် ခင်ဗျားကိုယ်တိုင် လုပ်ရမှာ။ ကျွန်တော်လုပ်ပေးလို့ မရဘူး။ ကျွန်တော်က နည်းပဲပေးလို့ရမှာ။ နည်းကတော့ နှစ်မျိုးပေးလိုက်မယ်။ ခင်ဗျား နှစ်သက်ရာကို အသုံးပြုပါ"

"ဟုတ်ကဲ့ပါ ဆရာရယ်"

"နည်းက လွယ်လွန်းလို့ ခင်ဗျား ယုံကြည်ပါ့မလား"

"ယုံပါတယ် ဆရာရယ်။ ကျွန်တော်ကတော့ လွယ်လေ သဘောကျလေပါပဲ"

"ပထမနည်းက ဆီ၊ ဆား၊ လက်ဖက်သားချည်းသက်သက် ဖက်နဲ့ထုပ်ပြီး အိမ်ထုပ်တန်းမှာ ဆွဲထားရုံပါပဲ။ လက်ဖက်ထဲမှာ အကြော်စုံ လုံးဝမပါစေနဲ့။ ပြီးတော့ ဖက်နဲ့ပဲ ထုပ်ရမယ်။ ပလတ်စတစ်တွေ၊ တခြားဟာတွေနဲ့ ထုပ်လို့မရဘူးနော်"

"ဟာ...လွယ်လှချည်လား ဆရာရဲ့။ ကျွန်တော်ကတော့ ဒီနည်းနဲ့တင် သဘောကျလှပါပြီ။ ဒါပေမယ့် ဗဟုသုတရအောင် နောက်တစ်နည်းလည်း ပြောပြပါဦး"

"ကဲ...
ကိုအောင်မြင့်၊
ခင်ဗျားရဲ့အိမ်
အမြန်ရောင်းထွက်
ရမယ်လို့ ကျွန်တော်
အာမခံတယ်ဗျာ။
ခင်ဗျားသာ
ယုံယုံကြည်ကြည်နဲ့
လုပ်ဖို့
ကတိပေးနိုင်မလား"

"ဗဟုသုတလိုချင်တော့ ပေးရတာပေါ့ဗျာ။ ခင်ဗျားအနေနဲ့ တခြားလူတွေ ဒီလိုမျိုး အခက်အခဲဖြစ်နေရင် ကူညီနိုင်တာပေါ့။ နောက်တစ်နည်းက ဒီလိုဗျ။ ရောင်းမယ့်အိမ်ကို ဥသျှစ်ကိုင်းနဲ့ ကိုးချက်တိတိ ရိုက်ရမယ်။ ပြီးရင် အိမ်ရဲ့အနောက်မြောက်ထောင့်အရပ်မှာ ရိုက်တဲ့တုတ်နဲ့ ထောက်ထားရုံပဲ။ ဒါမှ မထွက်သေးဘူးဆိုရင် နောက်ထပ် ၁၈ ချက် ရိုက်ပါ။ ၁၈ ရက်မှာ ၁၈ ချက်စီ ရိုက်ဗျာ။ ပြီးရင် အိမ်အောက်မှာ ထောင်ထားလိုက်။ မကြာခင် အဲဒီအိမ် ရောင်းထွက်လိမ့်မယ်"

"ဆရာရေ...ဒီနည်းလည်း မခက်လှပါဘူး။ ကျွန်တော် သဘောကျတယ်ဗျာ"

"သဘောကျတာ အသာထားဗျို့။ ယုံယုံကြည်ကြည်နဲ့ လုပ်ဖို့ပဲ အရေးကြီးတာ..."

"ဒါတော့ စိတ်ချဆရာရေ။ ယုံယုံကြည်ကြည်နဲ့ကို လုပ်မှာ။ ပြောနေကြာတယ်ဗျာ။ အခုကို အိမ်ပြန်ပြီး လုပ်လိုက်ဦးမယ်။ ကျေးဇူးပဲ ဆရာရေ...သွားပြီ"

ပြောပြောဆိုဆိုနှင့် ထ၍ပြန်သွားသော ကိုအောင်မြင့်ကိုကြည့်၍ ကျွန်တော် ပြုံးမိလိုက်သည်။ အခက်အခဲ တစ်ခုကို ကူညီလိုက်နိုင်ပြီ မဟုတ်ပါလား...။

**စိတ္တကာယ မြတ်သုခနှင့် သစ္စာတရား သိကြားကြစေ တောင်းဆုခြွေသည်။**

**မင်းဝီရအောင်**



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လိုအိမ်မျိုးနေချင်လဲ

❒ မောင်မောင်မြင့်အေး

ကျွန်တော် ပဋ္ဌမတန်းရောက်သည့်အချိန်တွင် စင်ထရယ်ဟုခေါ်သော အထက်တန်းကျောင်းကို တက်ရ၏။ စင်ထရယ်ကျောင်းသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနီးတွင် ရှိ၏။ စင်ထရယ်ဆိုသည်မှာ အင်္ဂလိပ်လိုခေါ်ခြင်း ဖြစ်၏။ မြန်မာလိုပြန်ဆိုသော် ဗဟိုအစိုးရအထက်တန်းကျောင်းဟု ခေါ်၏။

ရန်ကုန်မြို့၏ အစိုးရအထက်တန်းကျောင်းများအနက် အဆင့်မြင့်ကျောင်းတစ်ကျောင်း ဖြစ်၏။ တိုက်ပုံအင်္ကျီမီးခိုးရောင်၊ ပုဆိုးအပြာကွက်နှင့် ဖိနပ်ကျကျ ကျောင်းတက်ရ၏။

ထိုကာလ ပဋ္ဌမတန်း၊ အဋ္ဌမတန်းနှင့် သတ္တမတန်း ကျောင်းသားများသည် နေ့လယ် ၁၂ နာရီမှ ညနေ ၅ နာရီအထိ တက်ရ၏။ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသားများကား နံနက်ပိုင်း ၇ နာရီမှ ၁၁း၅၀ နာရီအထိ တက်ရ၏။ ထိုကျောင်းသည် နှစ်ချိန်ကျောင်းဖြစ်ပြီး ယောက်ျားလေးများသာ တက်ရသောကျောင်းဖြစ်၏။

ကျွန်တော်နေသော ရပ်ကွက်မှ ကျောင်းသို့သွားရာတွင် မက်သဒစ်ကျောင်း (ယခု အ·ထ·က(၁) ဒဂုံ)၊ လန်ကစ္စတာလမ်း(ယခု နဝဒေးလမ်း) မှဖြတ်၍ ဆင်းဒဝစ်လမ်း(ယခု ဗိုလ်ရာညွန့်လမ်း)၊ ထိုမှ ညာဘက်သို့ ချိုးကွေ့သော် ယောက်လမ်း(ယခု ယောမင်းကြီးလမ်း)၊ ရွှေတိဂုံဘုရားလမ်းတို့ကို ဖြတ်သွားရ၏။

ကျွန်တော်သည် ထိုလမ်းကို ၁၉၆၅ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း အကြိမ်ပေါင်းများစွာ လျှောက်လှမ်းခဲ့ရ၏။

ကျောင်းသွားခြင်းဖြင့်လည်း လျှောက်လှမ်းဖူး၏။ အလုပ်လုပ်ခြင်းဖြင့်လည်း လျှောက်လှမ်းဖူး၏။ တစ်ယောက်တည်းလည်း လျှောက်လှမ်းဖူး၏။ ချစ်သူရည်းစားနှင့်လည်း လျှောက်လှမ်းဖူး၏။

ထိုကဲ့သို့ လျှောက်လှမ်းနေရသော ရပ်ကွက်လေးသည် ကျွန်တော့်အဖို့ လွန်စွာ ရင်းနှီးနေ၏။ ဘယ်မှာ ဘယ်သူနေသည်၊ ဘယ်နေရာမှာ ဘာရောင်းသည်၊ ဘယ်နေရာက ဘယ်ဈေးဆိုင်စသည်ဖြင့် အလွတ်နီးပါးရနေ၏။

ထိုရပ်ကွက်ရှိ နေအိမ်များသည် လွန်စွာနေချင့်စဖွယ်ဖြစ်၏။ ခြံကျယ်ဝန်း၏။ အိမ်ပုံစံလှ၏။ မော်တော်ကားရပ်ရန် နေရာရှိ၏။ တချို့ဆို ပန်းခြံလေးများရှိ၏။ တချို့ဆို အိမ်ရှေ့တွင် ဒန်းကလေးများပင် ရှိနေသေး၏။

ထိုအချိန်က ကျွန်တော်တို့ မိသားစုကလေးသည် အစိုးရ သွပ်မိုးတန်း



www.burmeseclassic.com

www.burmeseclassic.com

လျား ငါးခန်းတွဲတွင် နေရ၏။ အိမ်မှာ ၁၀ ပေ ပတ်လည်သာ ရှိ၏။ အိမ်ရှေ့နှင့် အိမ်နောက်ဖေးကို အဖီဟုခေါ်သော တစ်ဖက်ရပ်များဖြင့် ချဲ့ထွင်နေရ၏။

အိမ်သာမှာ စုပေါင်းအိမ်သာဖြစ်၏။ ရေမှာ ရေဘုံဘိုင်ဖြစ်၏။ လမ်းထိပ်တစ်လုံးတည်းရှိ၏။ ထိုရေဘုံပိုင်မှ ရေကို ခပ်ယူပြီး သုံးရ၏။

ကျွန်တော် ဖြတ်သန်းသွားရသော ရပ်ကွက်မှ အိမ်များသည် ထိုစဉ်က ကြည့်ခဲ့ရသော ပြဇာတ်ကန့်လန့်ကာတွင် ဆွဲထားသော တိုက်အိမ်များကဲ့သို့ လှပ၏၊ ရေချိုးခန်းပါ၏။

ကျွန်တော်သည် ထိုအိမ်ကြီးမျိုးတွင် နေချင်သောဆန္ဒများ ပေါ်လာ၏။ ထိုလမ်းများမှ လျှောက်တိုင်း ထိုအိမ်မျိုးတွင် တစ်နေ့တော့ နေနိုင်ရမည်ဟု စိတ်ထဲတွင် ကြုံးဝါးခဲ့၏။ ထိုအိမ်များထဲမှ အကြိုက်ဆုံး အိမ်ပုံစံကို သေချာစွာ ကြည့်ထားခဲ့၏။

မှတ်ချက် ။ ကျွန်တော်အကြိုက်ဆုံး အိမ်ပုံစံမှာ ယခုထက်တိုင် မပြောင်းလဲသေးပါ။ ရှိနေပါသေးသည်။

မျက်စိထဲတွင် စွဲနေအောင် ကြည့်၏။ ငါ တစ်နေ့ ကိုယ့်အိုးကိုယ့်အိမ် ထူထောင်ရမည်ဟု ကြုံးဝါးတိုင်း ထိုအိမ်ပုံစံလေးကို မျက်စိထဲမှာ မြင်နေ၏။

စိတ်ထဲမှာ မြင်လာသောပုံစံကို စက္ကူပေါ်တွင် တစ်ခါတစ်ရံ ရေးဆွဲမိ၏။ ထိုပုံစံလေးကို အခြေခံပြီး အချို့နေရာလေးတွင် လိုတိုးပိုလျှော့ လုပ်ကြည့်မိ၏။

ထိုသို့ အိမ်ကောင်းကောင်းနှင့် နေချင်သော ဆန္ဒပြင်းပြနေစဉ် နေအိမ်နှင့်ပတ်သက်သော စာတစ်ပုဒ်ကိုဖတ်မိ၏။

ချင်းချောင်းသူဌေးကြီးမှာ သမ္ဗန်ခတ်သူတစ်ဦးဟု သိရ၏။ နေ့ခင်းဘက်တွင် အနားယူချိန်တွင် သမ္ဗန်ပေါင်းမိုးလေးအောက်တွင် အိပ်နေရာ သူ့ခြေထောက်မှာ နေရောင်ထိုးသဖြင့် ပူနေ၏။

သူက အိပ်နေရင်းနှင့် စဉ်းစားသည်ဆို၏။ ငါ့နှယ်နော်၊ နေစရာအိမ်လေးတစ်စုံတောင် မရှိပါလား။ ငါအလုပ်လုပ်လို့ရတဲ့ငွေနဲ့ တစ်နေ့ အိမ်ဆောက်မယ်။ ဝါးလုံးလေးတွေဝယ်၊ ဓနိလေးနဲ့ တဲတစ်လုံးဆို မဆိုးပါဘူး။ ဟယ်・・・ဒါနဲ့ ဘယ်ဖြစ်ဦးမလဲ။ ထရံကာလေးနဲ့ လေးပတ်လည်တိုင်လေးနဲ့ ပျဉ်ခင်းလို့၊ အို・・・မဖြစ်သေးပါဘူး။ အိမ်ဆိုတာ တိုက်လိုဆောက်မှ၊ အို・・・တိုက်အိမ်ထက်ကြီးတာ နန်းတော်ကြီးလိုဆောက်နေမှဟု တစ်ထိုင်တည်း စဉ်းစားခဲ့သည်ဆို၏။

သူချမ်းသာလာသောအခါ ချင်းချောင်းနန်းတော်ဆိုပြီး နန်းတော်ကြီးအဖြစ် ဆောက်နေခဲ့သည်ဟု ဖတ်မိ၏။

ကျွန်တော်လည်း ချင်းချောင်းသူဌေးနန်းတော်ကြီးနှင့် နေသည်ကို အားကျနေမိ၏။

ထိုကဲ့သို့ အားကျသောစိတ် ငယ်ထိပ်ကို ကပ်နေပါသော ကျွန်တော်သည် အိမ်ထောင်ရက်သား ကျပြီးသည်အထိ အိမ်ကောင်းကောင်းနှင့် နေချင်သော ဆန္ဒပြင်းပြနေသည်။

အိမ်ထောင်ကျပြီးနောက်လည်း သွပ်မိုးထရံကာ ပျဉ်ထောင်အိမ်ကလေးနှင့် နေခဲ့လေ၏။

ထိုကဲ့သို့ နေလာခဲ့ရာ・・・

တစ်နေ့ ကျွန်တော်သည် ဆရာကြီးတစ်ဦးနှင့် စကားစပ်မိပြီး အိမ်ကောင်းကောင်းနှင့် နေထိုင်လိုကြောင်း ပြောမိ၏။ သူက・・・

"မင်းစိတ်ကူးထဲက ရှိတဲ့အိမ်ပုံစံလေးတစ်ပုံ ရှာပေါ့ကွာ။ အဲဒီမှာ မင်းတို့မိသားစုပုံကိုကပ်၊ မင်းအမြဲတမ်း မြင်ရနိုင်မယ့်နေရာမှာ ကပ်ထား။ အဲဒီပုံကို ကြည့်တိုင်း ငါတစ်နေ့ ဒီအိမ်မျိုးနဲ့ နေရမယ်ဆိုပြီး ရွတ်ဆိုပေးကွာ"ဟု ပြော၏။

ကျွန်တော်က -

"အဲဒီလို လုပ်ပေးတာနဲ့ လိုချင်တဲ့အိမ်က ရရောလား"

ဟု ကတ်တီးကတ်ဖဲ့ မေးလိုက်၏။ သူက -

"ဟ・・・အိမ်ကြီးတော့ ဘယ်ရောက်လာမလဲ။ မင်းက ဒီအိမ်မျိုးလိုချင်တော့ အလုပ်တွေကြိုးစားလုပ်မယ်။ အလုပ်တွေကြိုးစားတိုင်း ဒီအိမ်အတွက်ဆိုပြီး လုပ်မယ်။ အလုပ်က ပြန်လာတာနဲ့ ဒီအိမ်ပုံစံလေးကြည့်ပြီး အမောဖြေလို့ရတာပေါ့ကွာ"ဟု ပြန်ပြောလေ၏။

ကျွန်တော်လည်း ထိုနေ့မှစ၍ အိမ်ပုံစံလှလှ၊ ဓာတ်ပုံပိုစတာ တစ်ရွက်ပေါ်တွင် ကျွန်တော့်မိသားစုဓာတ်ပုံကိုကပ်ပြီး ကျွန်တော်တို့၏ အိပ်ရာဘေး နံရံတွင် ကပ်ထားလိုက်၏။

ထိုကဲ့သို့ ကပ်ထားပြီး နေ့စဉ်ကြည့်၏။ နေ့စဉ် ရွတ်ဆို၏။ ထိုကဲ့သို့ နေ့စဉ်ပြုလုပ်လာရာ ခြောက်လခန့်အကြာတွင် အိမ်ကောင်းကောင်းဆောက်နိုင်ရန် အခွင့်အရေးတစ်ရပ်ပေါ်လာခဲ့လေတော့သတည်း・・・။

**မောင်မောင်မြင့်အေး**



www.burmeseclassic.com

www.burmeseclassic.com

# မမြင်ရသော အဆိပ်မြှားများ

ဘုန်းမိုးနေလ

ယခုဖော်ပြမည့် ပညာရပ်သည် သိဒ္ဓိ၊ စွမ်းအား၊ နာမ်လောက စသည်တို့နှင့် လုံးဝမသက်ဆိုင်ပါ။ ၎င်းတို့၏ အကူအညီ၊ ထောက်ပံ့မှု၊ ဆက်နွှယ်မှုလည်း မပါဝင်ပါ။ ဤပညာသည် သဘာဝလောကကြီးနှင့် ဟန်ချက်ညီစွာ ထိန်းညှိပြုပြင်၍ ကောင်းကျိုးကို ဖြစ်ပေါ်လာအောင် စီရင်သော နည်းစနစ် ဖြစ်၏။ အနောက်နိုင်ငံများတွင်ပါ တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်သော နည်းစနစ်တစ်ခု ဖြစ်ပေသည်။

ပထမဆုံး မိမိ၏ နေထိုင်ရာအိမ်ကို အရင်လေ့လာကြည့်ပါ။ မိသားစုအတွင်း ကျန်းမာရေးချို့ချာသူ များနေပါသလား။ မိသားစုဝင်အချင်းချင်း ခဏ ခဏ စကားများခြင်း၊ ကတောက်ကဆဖြစ်ခြင်းတွေ များနေပါသလား။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိတ်ပင်နေပါသလား။ လုပ်သမျှ အလွဲချည်းဖြစ်နေ၍ အရာမထင် ဖြစ်နေပါသလား။ ဝင်သမျှ ငွေတွေ အဖတ်မတင်ဘဲ ပြန်ထွက်သွားပါသလား။

ထို့အတွက် မိမိနေအိမ်ကို ဦးစွာ စစ်ဆေးရပေမည်။ ဆိုခဲ့ပြီးသည့်အတိုင်း နာမ်လောကနှင့်မသက်ဆိုင်ဘဲ သဘာဝနှင့် ဟန်ချက်မညီသည်များကို ဟန်ချက်ညီအောင် လိုက်ထိန်းညှိပေးရန် ဖြစ်ပေသည်။ ဤနေရာတွင် ကောင်းကျိုးထက် အဆိုးများကို ဖြစ်ပေါ်စေနေသော အနိဋ္ဌာတွေကို ဖယ်ရှားရှင်းလင်းပေးရပေမည်။ ထို့အတွက် "အဆိပ်မြှား"များကို ဦးစွာ ရှာဖွေရပေမည်။


အလွယ်တကူ သတိထားမိသော နေရာများ၊ မထင်မှတ်ထားသော နေရာများမှ ဆိုးကျိုးကိုဖြစ်စေသော အဆိပ်မြှား၏ အန္တရာယ်ကို ဖော်ထုတ်ကြပါစို့။ သင်၏ အိမ်ကြီးသို့ ပတ်ဝန်းကျင်ပြင်ပမှ အဆိပ်မြှားများ ဦးတည်ရောက်ရှိနေသလော၊ သင့်အိမ်တွင်းဖွဲ့စည်းမှုမှ အိမ်တွင်းပရိဘောဂပစ္စည်းများမှ မမြင်ရသော အဆိပ်မြှားများ၊ ကံဆိုးစေသော အဆိပ်မြှားများ ထွက်နေတတ်ပါသည်။

အဆိပ်မြှားဟူသည် ချွန်ထွက်နေသော အရာများ ထွက်ပါသည်။ စားပွဲ၊ ခုံ စသည်တို့၏ ထောင့်စွန်းများ၊ အခန်းနံရံထောင့်စွန်းများ၊ လေးထောင့်တိုင်များ ၏ ထောင့်စွန်းများမှ အဆိပ်မြှားထွက်နေတတ်၏။ မိမိနေအိမ်ဖွဲ့စည်းမှုသည် ကောင်းမွန်မှန်ကန်နေပါသော်လည်း ပတ်ဝန်းကျင်မှ အထူးသဖြင့် မိမိအိမ်၏ ရှေ့တည့်တည့် မျက်နှာချင်းဆိုင်အိမ်မှ အဆိပ်မြှားများသည် မိမိအိမ်ကို လာထိခိုက်နိုင်ပါသည်။


ထို့အတွက် ပတ်ဝန်းကျင်ကိုပါ ဂရုပြုလေ့လာရန် လိုပါသည်။ အဆိပ်မြှားများကို ဖယ်ရှားရမည်။ သို့မဟုတ် တားဆီးကာကွယ်ရမည်။ သို့မဟုတ် တွန်းလှန်ရန် အကာအကွယ်တွေ ပြုလုပ်ရမည်။ မိမိအိမ်သို့ ပတ်ဝန်းကျင်မှ ချွန်ထက်သော အရာများ ဦးတည့်တား၊ မထားကို ရှာဖွေ၍ ကာကွယ်ရန်ဖြစ်သည်။

ဖော်ပြပါ ပုံများကို လေ့လာပါက အဆိပ်မြှားထွက်ရာ ဇာစ်မြစ်ကို တွေ့ရှိနိုင်ပါသည်။ မိမိနေအိမ်၏ ခြံတံခါးအဝင်ဝသည် အရေးကြီးသော မင်္ဂလာနေရာဖြစ်၍ ၎င်းနေရာအား အဆိပ်မြှား ဝင်ရောက်နေခြင်း ရှိ၊ မရှိ ကြည့်ပါ။ ၎င်းရှေ့တည့်တည့်၌ ဝါးလုံးတစ်လုံး ထောင်စိုက်ထားခြင်း၊ သို့မဟုတ်

www.burmeseclassic.com



စားပွဲထောင့်စွန်းမှ ထွက်နေသော အဆိပ်များ



တိုင်ထောင့်စွန်းမှ ထွက်နေသော အဆိပ်များ

ဓာတ်တိုင်တစ်တိုင်ရှိနေခြင်း၊ သစ်ပင်တစ်ပင်ရှိနေခြင်းသည်လည်း အဆိပ်များထွက်နေပါသည်။ ရေရှာည့်တည့်၌ သစ်ပင်တစ်ပင် ရှိနေခြင်းသည် အဆိပ်များဖြစ်နေသော်လည်း သစ်ပင်တစ်ပင်ထက်ပိုနေပါက အဆိပ်များမဟုတ်တော့ပါ။ ထို့အတွက် အန္တရာယ်မရှိပါ။

ထိုမျှသာမက (T)ပုံသဏ္ဌာန် လမ်းဆုံလမ်းခွသည်လည်း အဆိပ်များ ထွက်ရာအရပ်ဖြစ်၏။ ရှင်းလင်းသိသာစေရန် ပုံကိုရှုပါ။ မိမိအိမ်သည် ဖြောင့်တန်းစွာဝင်လာသော အခြားလမ်းတစ်ခု၏ ထိပ်တည့်တည့်တွင် ရှိနေ၍ အဆိပ်များ၏ တိုက်ခိုက်မှုဒဏ်ကို လျှို့ဝှက်စွာ ခံနေသည်။ သို့သော် အကယ်၍ မိမိအိမ်သို့ဦးတည်ဝင်လာသော လမ်းသည် ဖြောင့်တန်းမှုမရှိဘဲ အကွေ့အကောက်များ ရှိသောလမ်းဖြစ်ပါက ပြဿနာမရှိပါ။ အဆိပ်များ မထွက်ပါ။

ထို့ကြောင့် မိမိအိမ်တစ်ခုတည်း သာမက ပြင်ပပတ်ဝန်းကျင်ကိုပါ ထည့်သွင်းစဉ်းစားကြည့်ရှုရန်လိုသည်။ ပတ်ဝန်းကျင်ရှိ လမ်းများ၊ တံတားများ၊ ပတ်ဝန်းကျင်အိမ်၏ အမိုးစွန်းများ၊ တီဗီတိုင် များကိုပါ ကြည့်ရှုရမည်။ ၎င်းတို့မှထွက်နေသော အဆိပ်များဦးတည်ချက်သည် မိမိနေအိမ်သို့ ဦးတည်တိုက်ခိုက်မှုရှိမရှိ လေ့လာရမည်။

အဆိပ်များများဖြင့် တိုက်ခိုက်ခံနေရပါက မည်သို့ဖြစ်နိုင်ပါသနည်း။

အဖြေက ရှင်းပါသည်။ ကံဆိုးမည်။ ကံကောင်းခြင်းများ ဝင်သင့်သလောက် မဝင်တော့။ အဖုအထစ်များနေမည်။ တလွဲတချော် များမည်။ ကျန်းမာရေးချူချာမည်။ အိမ်သားများ မသင့်မတင့်ဖြစ်မည်။ အခွင့်အလမ်းတွေ လက်လွှတ်ရမည်။ စီးပွားရေးလုပ်ငန်းများ ပျက်စီးလာမည်။ အခက်အခဲများလာမည်။ ပတ်ဝန်းကျင်နှင့် မသင့်မတင့် ဖြစ်လာမည်။ ငွေဝင်သော်လည်း ယိုပေါက်များစွာမှ ပြန်ထွက်မည်။ အိတ်ပေါက်နှင့် ဖားကောက်သလိုဖြစ်မည်။ ဤကား မမြင်ရသော အဆိပ်များများ၏ တိုက်ခိုက်ချက်များပင်တည်း။


## အဆိပ်များရန်မှ ကာကွယ်ရန်

"အနာသိလျှင် ဆေးရှိ၏" ဆိုသည့်အတိုင်း အဆိပ်များရန်မှ ကာကွယ်ရန်၊ တွန်းလှန်ရန်၊ ခုခံရန် နည်းစနစ်များရှိပါသည်။ ဦးစွာ မိမိအိမ်အတွင်းကို အရင်စဉ်းစားကြမည်။ စားပွဲများ၊ ခုံများ၊ ဗီရိုများ၊ ပရိဘောဂများ၏ ထောင့်စွန်းမှ ထွက်နေသော အဆိပ်များ၏ ဦးတည်ရာလမ်းကြောင်းတွင် အိမ်သားများ အမြဲမနေသင့်။ သို့သော် ၎င်းအရာဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com




မျက်နှာချင်းဆိုင်အိမ်၏ အမိုးစွန်းမှ ထွက်နေသော အဆိပ်များသည် မိမိနေအိမ်သို့ ဦးတည်နေပုံ

၏ ထောင့်စွန်းများသည် ချွန်မနေဘဲ လုံးနေပါက ပြဿနာမရှိပါ။ မိမိအိမ်အတွင်းရှိ တိုင်များသည်လည်း လေးထောင့်ထက် အလုံးဖြစ်က ပိုသင့်မြတ်၏။


အကယ်၍ ထိုသို့ချွန်သောအရာများကို ပြုပြင်ရန်မလွယ်ပါက ပန်းအတုများ၊ ပန်းခြောက်များ၊ အိမ်တွင်းအလှဆင်ပန်းများဖြင့် ၎င်းထောင့်စွန်းရှေ့က ချလိုက်ပါက ကာကွယ်ပြီးသား ဖြစ်သွားပေမည်။ အိမ်တွင်းစိုက် ပန်းအိုးများလည်း ထားပေးနိုင်သည်။ အဓိကအချက်က ချွန်သော ထောင့်စွန်းများကို ဖျောက်ရန်သာ ဖြစ်သည်။

မိမိအိမ်ရှေ့တည့်တည့်မှ ဓာတ်တိုင်၊ သစ်ပင်၊ အိမ်အမိုးစွန်းတို့မှ ထွက်လာသော အဆိပ်များ၏ရန်ကို ကာကွယ်ရန် အကောင်းဆုံးမှာ "ကြည့်မှန်"များ တပ်ဆင်အသုံးပြုခြင်းပင်။ မှန်တပ်ဆင်ရာတွင် တပ်ချင်သလိုတပ်ရန်မဟုတ်ပါ။ အဆိပ်များထွက်ရာ ဇစ်မြစ်နှင့် ကြည့်မှန် တည့်မတ်စွာ ချိန်၍ တပ်ရန်ဖြစ်သည်။ တစ်နည်းဆိုရသော် မှန်ထဲကြည့်က အဆိပ်များထွက်ရာ အရပ်ကို ပေါ်လွင်နေရမည်။

ဤနေရာတွင် အလျဉ်းသင့်၍ အကြောင်းအရာတစ်ခုကို ဖြည့်စွက်တင်ပြလိုပါသည်။ ယခုအခါ၌ "လပ်ကီးမှန်"ဟု၍ အိမ်အတော်များများ၏ မျက်နှာစာ၌ ချိတ်ဆွဲနေကြသည်ကို တွေ့နေရပါသည်။ မှန်သည် ကောင်းသောဓာတ်များ အဝင်အထွက်ပြုရန်အတွက် အလွန်အရေးကြီးသော ပစ္စည်းဖြစ်ပါသည်။ ထို့ကြောင့် မှန်ကို ချိတ်သင့်မှသာ ချိတ်ရမည်။ တပ်သင့်မှသာ တပ်ရမည်။ မလိုအပ်ဘဲ မတပ်ရ။ အဆိပ်များကို ကာကွယ်ရန်အတွက်သာသုံးရမည်။

သို့မဟုတ်ပါက မလိုအပ်ဘဲ လွဲမှားစွာ အသုံးပြုထားပါက ကောင်းသော ဓာတ်များ၊ ကံကောင်းမှုများ ပြန်ထွက်သွားနိုင်ပါသည်။ ထိုအချက်ကို သတိပြုလိုက်နာရန်လည်း အကြံပြုပါသည်။

မိမိအိမ် မျက်နှာချင်းဆိုင်မှ လာသော အဆိပ်များများ၏ဒဏ်ကို ဖော်ပြပါအတိုင်း "မှန်"ကိုအသုံးပြုနိုင်သည့်



(T)ပုံ လမ်းဆုံမှ အဆိပ်များက တိုက်ခိုက်နေပုံ

အပြင် သစ်ပင်များ၊ ပန်းပင်၊ ပန်းအိုးများကိုလည်း ဉာဏ်ရှိသလို ကာကွယ်ထားနိုင်ပါသည်။ ထို့ပြင် ဆင်ရုပ်၊ မြင်းရုပ်စသော အရုပ်များလည်း ချထားနိုင်ပါသည်။

ဤသို့ဆိုလျှင် ကြောက်စရာကောင်းသော လျှို့ဝှက်ရန်သူ၊ မမြင်ရသော အဆိပ်များများ၏ရန်ကို ကောင်းစွာသိရှိနားလည်၍ ကာကွယ်ကာ ကောင်းကျိုးခပ်သိမ်း ကြွယ်ဝလာနိုင်ပါစေဟု ဆန္ဒပြုလျက်···။

■ ဘုန်းမီးနေလ

www.burmeseclassic.com



# အမြန်ရောင်းထွက်စေလိုသော

## အောင်ဘုန်းမြင့်(ကချင်မြေ)

အိမ်၊ ခြံ၊ မြေ၊ ဥယျာဉ် အစရှိသော မရွှေ့မပြောင်းနိုင်သည့် အခြေပစ္စည်းများနှင့် ကြီးမားတန်ဖိုးမြင့်သော ကား၊ ယာဉ်၊ ရထားများကို အရောင်းအဝယ်ပြုသည့်အခါ တစ်ခါတစ်ရံ လွယ်လင့်တကူ အရောင်းအဝယ်ဖြစ်တတ်သော်လည်း အခန့်မသင့်သည့် အခါမျိုးနှင့် ကြုံရလျှင် မမျှော်လင့်ဘဲ ကြန့်ကြာတော့လွဲ လွဲနေတတ်ပါသည်။

အခါခပ်သိမ်း၌ ငွေကြေးအခက်အခဲကြောင့်ဖြစ်စေ၊ မမျှော်လင့်ထားသော ဘဝအပြောင်းအလဲများကြောင့်ဖြစ်စေ၊ လုပ်ငန်းခရီး အကြံအစည်များကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် အခြေပစ္စည်းများကို (သို့) တန်ဖိုးကြီးမားသော အထည်ပစ္စည်းများကို အမြန်ထုခွဲရောင်းချလိုသည့် အခါမျိုး၌ အချိန်ကုန် ကြန့်ကြာ နှေးကွေးနေလျှင် ရောင်းလိုသည့်ပစ္စည်းများကို လျင်လျင်မြန်မြန် ရောင်းထွက်စေနိုင်မည့် ဂါထာတော်ကို တင်ပြလိုက်ရပါသည်။

**ဥုံသမ္ဗေ သခ်ေါရ အနိစ္စ**
**ဥုံသမ္ဗေ လာဘံ ဘဝိဿတိ။**

အထက်ပါ ဂါထာတော်ကို တနင်္ဂနွေသားသမီးဖြစ်လျှင် တနင်္ဂနွေနေ့မှစ၍၊ တနင်္လာသားသမီးဖြစ်လျှင် တနင်္လာနေ့မှစ၍၊ ထို့အတူ အခြားနေ့နံသားသမီးများသည်လည်း မိမိတို့၏ နေ့နံမှစ၍ အိမ်ဘုရားတွင် ရွှေဝါရောင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပူဇော်ထားပြီး နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ခုနစ်ခေါက်ရွတ်ဆိုပေးရမည်။

ဂါထာတော်ကို ခုနစ်ခေါက်ရွတ်ဆိုပြီးလျှင် ကျွန်တော်၊ ကျွန်မ ဘယ်နေ့သားသမီးပိုင်ဆိုင်သော အိမ် (သို့) ရောင်းလိုသော အဘယ်မည်သော ပစ္စည်းကို သူတော်ကောင်း အခါကောင်းနှင့်ကြုံပြီး ပေါက်ဈေးအမှန်ဖြင့် အမြန်ဆုံး ရောင်းထွက်နိုင်ပါစေဟူ၍ ဆုတောင်းပေးပါ။ ရောင်းလိုသည့် တန်ဖိုးကြီးပစ္စည်းများ လျင်မြန်လွယ်ကူစွာ ရောင်းထွက်စေနိုင်ပါလိမ့်မည်။

*ဟန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ*

*အောင်ဘုန်းမြင့်(ကချင်မြေ)*



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပိုင်အိမ်ခြံမြေနှင့်
## နေချင်သလား
# ဓဇဂ္ဂသုတ်ကို ရွတ်ဖတ်ပွား

ဆောင်းကလေး(တရားရေး)၊ ဇေယျအပတ်စဉ်(၆၄)

လူတိုင်း ကိုယ်ပိုင်အိမ်ခြံဝင်းလေးနှင့် နေချင်ကြပါသည်၊ (ရှိပြီးသူများကို မဆိုလိုပါ) စာရေးသူ၏ ကိုယ်တွေ့မှီ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ တရားတော်များတွင် ပရိတ်တရားတော်သည် အထက်မြက်ဆုံး၊ အန္တရာယ်အကင်းဆုံး ဖြစ်သည်။ ပရိတ်တရားတော်ကို မရွတ်ချင်သူများလည်း ရွတ်ချင်လာအောင် ရွတ်နေသူများလည်း ပို၍သဒ္ဓါတိုး၍ ရွတ်ပြီးရင်း ရွတ်ချင်လာအောင် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်၊ ပရိတ်ကြီး ဆယ့်တစ်သုတ်တွင် သူ့အကျိုး သူ့အာနိသင်နှင့်သူ ရှိသည်။ သို့သော် ဤနေရာ၌ ဓဇဂ္ဂသုတ် ပရိတ်တော်ကိုသာ အလေးပေး၍ ဖော်ပြသွားပါသည်။ ဓဇဂ္ဂသုတ် ပရိတ်သည် ပါဠိစကားဖြစ်၍ မြန်မာလို အောင်လံ၊ အောင်တံခွန် အဓိပ္ပာယ်ရသည်။ ဓဇဂ္ဂသုတ်သည် အခြားသော ပရိတ်များနှင့် မတူသော ထူးခြားချက် ရှိသည်။ အခြားပရိတ်များသည် အကြောင်းအရာအဖြစ်အပျက်ကို အခြေခံ၍ ဟောကြားခြင်း ဖြစ်သော်လည်း ဓဇဂ္ဂသုတ်ပရိတ်မှာ မြတ်စွာဘုရားက ရဟန်းတို့အား ခေါ်တော်မူ၍ စုရုံး၍ ဟောကြားတော်မူသော ပရိတ်တော်ဖြစ်သည်။ ပရိတ်တော်တွင် "ဘဂဝါဘိက္ခူအာမန္တေသိဘိက္ခဝေါတိ" ဟူ၍ ပါရှိ၏။ ပရိတ်အမွှမ်းတွင် "ယဿ နုဿ ရဏေနာပိ"အောက်မေ့ရုံမျှဖြင့် ဟူသော ပါဠိစာသားအရ ထိုပရိတ်တော်ကို အောက်မေ့ရုံမျှဖြင့် ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်ကင်းနိုင်ကြောင်း ဖွင့်ဆိုထားသဖြင့် နေ့စဉ် အာစိဏ္ဏကံဝတ်ထား

www.burmeseclassic.com

၍ ပွားများလျှင် ဆိုဖွယ်ရာ မရှိတော့ပါ။ ဓဇဂ္ဂသုတ် ပရိတ်တော်တွင် နှိုင်းယှဉ်ချက်ဖြင့် ဖော်ပြထား၏။ သိကြားမင်းသည် ရာဂ၊ ဒေါသ၊ မောဟ မကင်း၊ အဝီတ ရာဂေါ၊ အဝီတ ဒေါသော၊ အဝီတ မောဟော၊ မြတ်စွာဘုရားရှင်သည် ကင်းသောရာဂရှိ၏။ ကင်းသော ဒေါသရှိ၏။ ကင်းသော မောဟရှိ၏။ ဝီတရာဂေါ၊ ဝီတ ဒေါသော၊ ဝီတမောဟော၊ လောကတွင် ဘုရားတည်းဟူသော ရတနာသည် အမြတ်ဆုံးဖြစ်ကြောင်း ရတနသုတ်အစတွင် "ယံကိ ဉ္စိဝိတ္တံ ဣဓဝါ ဟုရံဝါ၊ သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ၊ နနောသမံအတ္တိ တထာ ဂတေန၊ ဣဒမ္ပိဗုဒ္ဓေ ရတနံ ပဏီတံ၊ ဧ တေန သစ္စေန သုဝတ္ထိ ဟောတု"ဟု ဟောကြားထား၏။ အဓိပ္ပာယ်မှာ လူ့ပြည်၌လည်းကောင်း၊ နဂါးပြည်၊ ဂဠုန်ပြည် အစရှိသည်တို့၌လည်းကောင်း၊ နတ်ပြည်တို့၌လည်းကောင်း နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အဖိုးအနဂ္ဃ ထိုက်တန်သော လောကီဥစ္စာရတနာတို့သည် ရှိ၏။ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားနှင့်တူသော ဥစ္စာရတနာသည် မရှိ။ ရှင်တော်မြတ်ဘုရားသည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကဲလွန်သာမြတ် ချီးမွမ်းအပ်သော ကိုးကွယ်ရာ ရတနာအစစ်ကြီး ဖြစ်တော်မူပေ၏။ ထို့ကြောင့် လောကသုံးပါးတွင် အမြတ်ဆုံးရတနာမှာ ရတနာမြတ်သုံးပါး ဘုရား၊ တရား၊ သံဃာတို့ပင် ဖြစ်၏။ ရတနာ၏ အနက်သဘောမှာ (၁) အကြင်အရာသည် အရိုအသေ အလေးအမြတ် ပြုအပ်၏။ (၂) အဖိုးများစွာလည်း ထိုက်တန်၏။ (၃) အတုလည်း မရှိ။ (၄) တွေ့မြင်ဖို့ရန်လည်း ခဲယဉ်း၏။ (၅) မြတ်သောသူတို့သာ သုံးဆောင်ရာလည်း ဖြစ်၏။ "လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ်၊ သူမြတ်တို့သာ သုံးဆောင်ရာ ရတနာ အနက်ငါး"ဟူ၍ သပြေကန်ပရိတ်ကြီး နိဿယသစ်မှာ ဖော်ပြထားပါသည်။ ဓဇဂ္ဂသုတ်တော်တွင် အမြတ်ဆုံးသော ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်များကို ဖော်ပြထားသဖြင့် ပြောဖွယ်ရာ မရှိနိုင်ပါ။ အမြတ်ဆုံးသော အကျိုးကို လိုချင်လျှင် အမြတ်ဆုံးသော ပူဇော်မှုကို ပြုပါ။

အမြတ်ဆုံးသော ပူဇော်ခြင်းမှာ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးကို ပူဇော်ခြင်းပင်ဖြစ်ပါသည်။ ဓဇဂ္ဂသုတ်သည် ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်များကို ဖွင့်ဆိုထားသဖြင့် ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိလည်း အလိုလို ပါပြီးသား ဖြစ်သွားသည်။ ပညာအရာတွင် ဧတဒဂ်ပေးခြင်း ခံရတော်မူသော အရှင်သာရိပုတ္တရာမထေရ်၏ ပညာရပ်ကြောင်း ဥပနိဿယအကြောင်း အထောက်အပံ့သည် အနောမဒဿီ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ကို ဂါထာသီကုံး၍ ချီးကျူးဖွဲ့ဆို ပူဇော်ခဲ့သော အကျိုးကြောင့်ဖြစ်သည်။ ထို့ကြောင့် ပညာဉာဏ်ကြီးမားလိုလျှင် ဂုဏ်တော်များကို ပွားများပါ။ ကျမ်းဂန်တွင် ဘုရားဂုဏ်တော် ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားများမှာ "စေတီအတူ၊ စိတ်မူတည်ကြည်၊ ရောက်မည်နတ်ရွာ၊ တွေ့ခါသိလွယ်၊ မြတ်နွယ်အမျိုး ရိုကျိုးခံရ၊ ပြည့်ဝအင်္ဂါ၊ ဆင်းလှစွာဖြင့် ကာယခံတွင်း ကြိုင်သင်းမွှေးကြူ၊ ကြီးမူပညာ၊ နက်စွာ၊ ထက်၊ ရွှင်၊ လျှင်မြန်၊ ဆန်းကြယ်၊ ကောင်းကြွယ်စကား ဆိုနိုင်ငြားသည် ဘုရားဂုဏ်တော် ပွားကျိုးတည်း"ဟူ၍ မိန့်ဆိုထားပါသည်။ ထို့ကြောင့် ဂုဏ်တော်ကို ပွားများလျှင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးများကို ခံစားရမည်ဖြစ်ပါသည်။ သုဘူတိရဟန္တာမထေရ်

> "ခွေးသားရော စားဖူးသလား"
> "မစားဖူးပါဘူး ဘုရား"
> "အဲ . . . ရွှေ့က ခွေးသား
> မစားလို့ အခု မစားချင်ဘူး။
> အခု မစားချင်လို့ အခု မစားဘူး။
> နောင်ကိုလည်း စားရဦးမှာ
> မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သည် ဘုရားဂုဏ်တော်ကို ပွားများခဲ့သဖြင့် နတ်စည်းစိမ်၊ သိကြားမင်းစည်းစိမ်တို့ကို အကြိမ်ကြိမ်ခံစားရပြီး ဂေါတမဘုရားလက်ထက်တွင် ရဟန္တာဖြစ်တော်မူပါသည်။ ဓဇဂ္ဂသုတ်၏ နောက်ဆုံးတွင် "အရညေ ရုက္ခမူလေဝါ၊ သုညာဂါရေဝ၊ ဘိက္ခဝေါ အနုဿရေထသမ္ဗုဒ္ဓံ" အရညေ – လူသူကင်းပြတ် တောအရပ်၌လည်းကောင်း၊ ရုက္ခမူလေဝါ – လူသူကင်းရှင်း သစ်ပင်ရင်း၌လည်းကောင်း၊ သုညာဂါရေဝါ – အသံကင်းပြတ် ဆိတ်ငြိမ်ရာအရပ်၌လည်းကောင်း၊ သဗုဒ္ဓံ – ချီးအံ့မကုန် ငါဘုရား၏ကျေးဇူးဂုဏ်ကို၊ အနုဿရေထ – အဖန်တလဲလဲ စွဲမြဲနိစ္စအောက်မေ့ကြကုန်လော့။ ဓဇဂ္ဂသုတ်ကို နေ့စဉ် ဝတ်ထား၍ ပွားများပါ။ ဓဇဂ္ဂသုတ်ကို ရွတ်ခြင်းကြောင့် ကြောက်ရွံ့စိတ်များ ကင်းခြင်း၊ ရဲရင့်စိတ်များ ပေါ်လာခြင်း၊ စစ်ပွဲတွင် အောင်နိုင်ခြင်း၊ အတိုက်အခံ အနှောင့်အယှက်များကို အနိုင်ရခြင်း၊ မကောင်းဆိုးဝါး၊ ဘီလူး၊ သဘက်၊ တစ္ဆေ၊ သရဲတို့ မနှိပ်စက်နိုင်ခြင်း၊ သူခိုး၊ ဓားပြရန်မှ ကင်းဝေးခြင်း စသည့်အကျိုးတရားများကို ရရှိစေပါသည်။ ဤနေရာ၌ ပညတ်သွားရာ ခတ်သက်ပါဆိုသည့်အတိုင်း မင်္ဂလသုတ်တွင် မင်္ဂလာအကြောင်းကို ဟောကြားထားသည်။ ကျက်သရေ မင်္ဂလာရှိလိုလျှင် မင်္ဂလသုတ်ကို ရွတ်ကြသည်။ မေတ္တသုတ်သည် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာရမည့် ကျင့်ဝတ်များ၊ မေတ္တာပွါးပုံတို့ကို ဖော်ပြထားသည်။ ရတနသုတ်သည် ရတနာမြတ်သုံးပါးအကြောင်းကို ဟောကြားထားသည်။ စသည်ဖြင့် သူ့အကြောင်းရာနှင့်သူ ရှိသည်။

ဓဇဂ္ဂသုတ်ဆိုသည်မှာ ပါဠိဖြစ်၍ မြန်မာလို အလံတံခွန်၊ တံခွန်အဖျားဟူ၍ အဓိပ္ပာယ်ရသည်။ အောင်လံ၊ အောင်တံခွန်၊ အောင်မြင်လိုသူများ ဓဇဂ္ဂသုတ်ကို များများရွတ်ဖတ်ပေးပါဟု စာရေးသူမှ စေတနာရှေ့ထား၍ အကြံပေးလိုပါသည်။ စာမေးပွဲအောင်မြင်လိုကြသူများ အင်တာဗျူးအောင်မြင်လိုသူများ၊ ကျောက်အောင်ချင်သူ စသည်ဖြင့် အောင်ချင်သူများ နေ့စဉ်ရွတ်ပွားပါ။ မြတ်စွာဘုရား၏ တရားတော်သည် အစိန္တေယျဖြစ်သည်။ စိတ်ဓာတ်ကျနေသူများ ရွတ်သင့်သည်။ စိတ်ဓာတ်ကျနေသူများမှာ စီးပွားရေး အဆင်မပြေလို့၊ အလုပ်အကိုင်မကောင်းလို့၊ လူမှုရေး အဆာင်မပြေလို့၊ စိတ်ဓာတ်ကျခြင်း အမျိုးမျိုးအဖုံဖုံ ရှိပါသည်။ ပရိတ်တော်ကို ရွတ်ဖတ်မည်ဆိုပါက အကြံပေးလိုသည်မှာ ပထမတွင် ထုံနေအောင် လုပ်ပါ။ ထုံပြီးလျှင် နေ့စဉ်ရွတ်ပါ။ စာရေးသူ စတင်ရွတ်ဖတ်စဉ်က တစ်ကြိမ်လျှင် ၁၀ ခေါက်နှုန်းဖြင့် တစ်ရက်လျှင် ၁၀ ကြိမ် ၁၀ ရက်တိတိ အဓိဋ္ဌာန်တင်၍ စတင်ရွတ်ဖတ်ပါသည်။ ၁၀ ကြိမ်ပြည့်ပြီးနောက်ပိုင်း၌ တစ်နေ့လျှင် ၁၀ ခေါက်နှုန်းသာ နေ့စဉ်ရွတ်သွားပါသည်။

စာရေးသူ၏ ထူးဆန်းသော အတွေ့အကြုံကို တင်ပြပါမည်။ ယခုလက်ရှိနေထိုင်သော အိမ်နှင့်ခြံကို မမျှော်လင့်ဘဲ ရလိုက်ပါသည်။ နောက်မှ သိရသည်မှာ ပိုင်ရှင်က လွှဲအပ်ထားသူထံသို့ ဝယ်ယူလိုသူ လေးငါးခြောက်ဦးလောက် လာသော်လည်း မရောင်းဘဲ စာရေးသူနှင့် စကားစပ်မိရာမှ ဗြုန်းစားကြီး ဝယ်ဖြစ်သွားပါသည်။ ရောင်းချသည့် ဈေးနှုန်းမှာလည်း သက်သာပြီး ပတ်ဝန်းကျင်ကောင်းမွန်၍ အေးအေးချမ်းချမ်းဖြင့် တရားထိုင်၊ ပုတီးစိပ်ရန်ကောင်းသော နေရာလည်း ဖြစ်ပါသည်။ တက္ကသိုလ်သျှင်သီရိ၏ "ပရိတ်တန်ခိုး၊ ပရိတ်အကျိုး"စာအုပ်၊ စာမျက်နှာ ၂၄၂ တွင် ရွာဦးကျောင်းဆရာတော်မှ သူ၏ငယ်တပည့်အား "အဲဒီပရိတ်ကို စွဲစွဲမြဲမြဲရွတ်ပါ။ ဇွဲကြီးစွာ မမေ့မလျော့ ရွတ်ပါ။ အန္တရာယ်ကင်းမည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်ဖြစ်၍ အလွန်အကျိုးရှိသည်။ လောကီလာဘ်လာဘလည်း အကျိုးရှိမည်"ဟု မိန့်ကြားတော်မူပါသည်။ ဓဇဂ္ဂသုတ်မှာ ရှည်လျားသဖြင့် အရေးကြုံလျှင် "ဓဇဂ္ဂပရိတ္တံ မံ ရက္ခတု"ခဇဂ္ဂသုတ် အကျဉ်းချုပ်ကို စောင့်ရှောက်ပါစေဟု ဆိုလိုက်ရုံနှင့် လုံလောက်သည်။ ပရိတ်တော်၏ အမွှမ်းတွင် အောက်မေ့လိုက်ရုံမျှဖြင့် ကောင်းကင်တွင်နေငြားသော်လည်း မဟာပထဝီမြေကြီးအပေါ်၌ ထောက်တည်ရာရ နေထိုင်ကြကုန်သကဲ့သို့၊

www.burmeseclassic.com

ယုတ်မာဆိုးညစ် ဘီလူး၊ ခိုးသူ **စသည်တို့ကြောင့်** ဖြစ်ပေါ်လာသော အလုံးစုံသော ဥပဒ္ဒဝေါတို့မှ လွတ်မြောက်ကြသူတို့မှာ "ဂဏနာစ"ဂဏန်းမှတ်ချက် အရေအတွက်သည်လည်း "နတ္ထိ" မရှိဟူ၍ ဖော်ညွှန်းထားပါသည်။ ပရိတ်တော်၏ တန်ခိုးသည် စကြာဝဠာ ကုဋေတစ်သိန်းတိုင်အောင် အာဏာစက် ပျံ့နှံ့ပါသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်ကို ယုံကြည်သော အကြင်သူသည် အကြင်အရပ်ဒေသ၌ ရတနာသုံးပါးအပေါင်း၏ မွန်မြတ်သော ဂုဏ်ကျေးဇူးတို့ကို ဖွင့်ဆိုချီးကျူး၏။ ထိုသူအား ထိုအရပ်ဒေသ၌ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း၊ အနာရောဂါ ကင်းခြင်း၊ အကျိုးစီးပွားတို့သည် အခါခပ်သိမ်း ဖြစ်ပေါ်လာကုန်၏။

**"ဝတ္ထုတ္တယဿ ယေ ယတ္ထ၊**
**သံ ဝဏ္ဏေတိ ဂုဏုတ္တမေ။**
**တဿတတ္ထ သုခါရောဂါ၊**
**သောတ္ထိယော ဟောန္တိ သဗ္ဗဒါ"**

ပရိတ်တော်ကို နေ့စဉ်ရွတ်ဖတ်ပွားများပါက ယတြာချေနေစရာမလိုဟု ထင်ပါသည်။ အရေးကြုံမှ ထလုပ်ခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုကောင်းသည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးဖြစ်မည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းပါမည်။ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းအရလည်း အကြောင်းနှင့် အကျိုးသာရှိသည်။ အကြောင်းမရှိဟုယူလျှင် အဟေတုကဒိဋ္ဌိ၊ ကောင်းကျိုးဆိုးကျိုးမရှိဟုယူလျှင် နတ္ထိဒိဋ္ဌိ ဖြစ်မည်။ အကျိုးကောင်းစေလိုလျှင် အကြောင်းကောင်းအောင်သာ လုပ်ပါ။ ဤနေရာ၌ ပဋိပတ်အရာ၌ ထင်ရှားကျော်ကြားတော်မူခဲ့သော စွန်းလွန်းဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းတရားတော်ဖြင့် နိဂုံးချုပ်ပါမည်။ စွန်းလွန်းဆရာတော်ဘုရားကြီး ရန်ကုန်သို့ ခေတ္တကြွစဉ် နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးတစ်ဦးက လျှောက်ထား၍ ဖြေကြားလိုက်သည်မှာ "ရှေ့က ဘုန်းတော်ကြီးနှင့် တွေ့ခဲ့ဖူးလို့ အခု တွေ့ချင်တယ်၊ အခုတွေ့ချင်လို့ တွေ့ရပြန်တယ်။ နောင်ကိုလည်း တွေ့ရဦးမယ်"

"ဒကာကြီး . . . အသားများ စားဖူးသလား"

"စားဖူးပါတယ် ဘုရား"

"အဲ . . . ရှေးက ဝက်သားကို စားဖူးလို့ အခုစားချင်တယ်။ စားချင်လို့ စားရပြန်တယ်။ နောင်ကိုလည်း စားရလေဦးမယ်"

"ခွေးသားရော စားဖူးသလား"

"မစားဖူးပါဘူး ဘုရား"

"အဲ . . . ရှေ့က ခွေးသားမစားလို့ အခု မစားချင်ဘူး။ အခုမစားချင်လို့ အခု မစားဘူး။ နောင်ကိုလည်း စားရဦးမှာ မဟုတ်ဘူး"

"ရှေ့ကလည်း ဒီတရားမျိုး နာခဲ့ရလို့ ခုနာချင်တာ။ ခုနာချင်လို့ နာရပြန်တယ်။ နောင်ကိုလည်း နာရဦးမယ်"

"ဒါ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည ပစ္စည်းဆက်မသွားဘူးလား"

"ကင်းတာကိုလည်း ကျေးဇူးပြုလိမ့်မယ်။ မကင်းတာကိုလည်း ကျေးဇူးပြုလိမ့်မယ်။ မကင်းတာက သခ်တဓာတ်၊ ကင်းတာက အသခ်တဓာတ် မဟုတ်လား"

"အဲဒါ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောလို့ ခေါ်တယ်"

ဆရာတော်ကြီး အမိန့်ရှိလိုက်သည်မှာ အလွန်မှတ်သားစရာ ကောင်းပါသည်။ ယခုလည်း ဓဇဂ္ဂသုတ်ပရိတ်တော်ကို ယခင်က ရွတ်ခဲ့ဖူးလို့ ရွတ်ချင် စိတ်ပေါ်တာ။ ရွတ်ချင်စိတ်ပေါ်လို့ အခုရွတ်တာ။ နောင်ကိုလည်း ရွတ်ရဦးမယ်။

*"နိဗ္ဗာန် ဥပနိဿယ ပစ္စယေန ပစ္စယော"*

သောင်းကလေး(တရားရေး)ဇေယျအပတ်စဉ်(၆၄)

<u>မှီငြမ်းအကိုးအကား</u>

(က) တွံတေးပရိတ်ကြီး ပါဠိတော်နိသျ

(ခ) ဥပ္ပါတသန္တိကျမ်း

(ဂ) သပြေကန်ပရိတ်ကြီးနိဿယသစ်

(ဃ) ဆရာကြီး ဦးသုခ၏ ရတနသုတ်



www.burmeseclassic.com

www.burmeseclassic.com



# ဧည့်ဆိုးဆိုလျှင် သည်လိုနှင်

▲ ဆရာမိုးဟန်ကြွယ်

“အမှန်အတိုင်းပြောရရင် သင်းတို လက်မခံချင်တော့တာ အမှန်ပဲ ဆရာမိုး”

“အိမ်သာလို့ ဧည့်လာတဲ့ဥစ္စာပဲဗျ။ မင်းတို့မှာလည်း စားနိုင်သောက်နိုင်ဥစ္စာပဲ”

“ကျွေးမွေးရလို့ ကုန်ခန်းရတာ အကြောင်းမဟုတ်ပေမဲ့ အနေအထိုင်မတတ်၊ အလိုက်ကမ်းဆိုးမသိဆိုတော့ ကျွန်တော်က မိတ်ဆွေရင်းဆိုပေမဲ့ အိမ်က အိမ်ရှင်မကတော့ မကြည်ဖြူတော့ဘူး။ သင်းကြောင့်ပဲ ကျွန်တော်တို့လင်မယား ကွဲလိမ့်မယ် ထင်တယ် ဆရာမိုး”

သန်လျင်တွင် အခြေချနေထိုင်သော ဘိုကလေးသား ကိုမြင့်အားက ကျွန်ုပ်၏ အလုပ်ခန်းသို့ မမျှော်လင့်ဘဲ ရောက်ချလာကာ အထက်ပါအတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ညည်းညူလေတော့၏။ အကြောင်းရင်းခံက ဤသို့ဖြစ်၏။ ကိုဝင်းလှိုင်ဟု အမည်သညာရှိသော ၎င်း၏မိတ်ဆွေသည် လင်မယားချင် ကတောက်ကဆဖြစ်ကာ အိမ်ပေါ်မှဆင်းလာပြီး ကိုမြင့်မား၏နေအိမ်၌ အခန့်သင့်နေကာ သူ့ကိုယ်သူ ဒုက္ခသည်ဟု အမှတ်မထားတော့ဘဲ ပျော်ပွဲစားထွက်လာသည့်အလား ကာလအတန်ကြာ သောင်တင်နေခြင်းဖြစ်၏။ ကိုဝင်းလှိုင်သည် ယောကျ်ားတို့ကြိုက်အပ်သော ကိစ္စမှန်သမျှကို လွန်လွန်ကျူးကျူးကြိုက်၏။ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် ခြုံတစ်ပြားမှ ပါမလာဘဲ အိမ်ပေါ်မှ ဆင်းလာပြီးသည့်သမယ စီးကရက်ကို လက်ကြားမှ မချ။ ကွမ်းယာကိုလည်း ဈေးကြီးပေးရသော စင်ဂနယ်၊ လေးညှင်း၊ ဖာလာတို့ဖြင့် ဝါးသေး၏။ မနက်ခင်းရောက်လျှင် အဆာပြေဟုဆိုကာ မုန့်ဟင်းခါးကို ငါးဖယ်၊ ဘဲဥ၊ အကြော်စုံတို့ဖြင့်တွယ်၏။ လက်ဖက်ရည်ရှယ်ကို ကျိုက်၏။ ထမင်းချိန်ဆိုလျှင်လည်း ဟင်းကောင်းကျွေးကောင်းကို တောင့်တ၏။ နေ့လယ်ခင်း၌ ပန်ကာကို မရပ်မနားဖွင့်လျက် ဗီဒီယိုကြည့်၏။ ကာရာအိုကေ ဟဲ၏။ ညရောက်လျှင် ကိုမြင့်မားအား လည်ပင်းညှစ်လျက် အရက်တိုက်ခိုင်းတတ်ပြန်၏။ အိပ်တော့လည်း ဘုရားစင်ရှေ့တွင် ကုလားသေ ကုလားမော။ ချိုးရေကလေး၊ အိမ်သာရေကလေးပင် ဖြည့်ဖော်မရ။ အိမ်အလုပ်ကို ဘာတစ်ခုမှ ဝိုင်းမကူ။ သည်လိုမျိုး လူ့အဖိုးတန်ကြီးကို အဘယ်အိမ်ရှင်သည် သွေးသားရင်းချာ မဟုတ်ပါဘဲနှင့် ရေရှည်လက်ခံနိုင်ပါမည်နည်း။

"အဲဒီတော့ ဆရာမိုးရယ်၊ ဝင်းလှိုင်ဆိုတဲ့ ဧည့်ဆိုးကို ဆရာမိုးလေ့လာထားတဲ့ အင်္ဂဝိဇ္ဇာဗေဒင်ပညာနဲ့ အိမ်ပေါ်က သူ့ဘာသူ ဆင်းသွားအောင် စီစဉ်ပေးပါဦး"

စင်စစ် လူတစ်ဖက်သားအပေါ်တွင် ထိခိုက်နစ်နာသွားစေအောင် ကျွန်ုပ်မလုပ်လိုလှပါချေ။ သို့သော်ငြား ကျွန်ုပ်မှ မကူညီလျှင် ကိုမြင့်မားတို့ အိမ်ထောင်ရေးအခြေအနေမှာ လူပေါ်ကြော့ ဝင်းလှိုင်ထက် ဆိုးရွားသွားနိုင်သည်မို့ ကျွန်ုပ်လည်း ကူညီရန် ဆုံးဖြတ်လိုက်မိပါတော့၏။

"ဒါဖြင့် ခုကို အိမ်ပြန်ရောက်ရင် ဒီလိုလုပ်"

"ပြောပါ ဆရာမိုး၊ သေသေချာချာမှတ်ပြီး လုပ်ပါမယ်"

"ဝင်းလှိုင်ဆိုတော့ ဗုဒ္ဓဟူးသား။ ဒီတော့ သူ့နေ့နံ့တူ အသားဖြစ်တဲ့ ဝါးအပေါ်မှာ သူ့နာမည် 'ဝင်းလှိုင်'ဆိုတာကို ရေးလိုက်။ ရေးပြီးရင် အဲဒီဝါးကို စတုရန်းအသားဖြစ်တဲ့ ထန်းသား၊ ဒါမှမဟုတ် ထိန်သားနဲ့ ရိုက်ထည့်လိုက်။ အဲဒီပုဂ္ဂိုလ် တန်းခနဲ ပြေးပြီသာမှတ်"

ကိုမြင့်မားလည်း ကျွန်ုပ်ပြောဆိုသမျှကို သေသေချာချာမှတ်သားပြီး သကာလ သူ့အိမ်ပြန်ရောက်လေသောအခါ တစ်သဝေမတိမ်း လုပ်လေတော့၏။ နောက်ရက်ရောက်သော် ကျွန်ုပ်ထံရောက်လာပြီး "ဆရာမိုးရေ၊ ဝင်းလှိုင်တော့ ကျွန်တော့်ဆီက လမ်းစရိတ်တောင်းပြီး သူ့အိမ်သူပြန်ချသွားပြီ"ဟု သတင်းပေးလေတော့၏။ စာရှုသူတို့အနေဖြင့် ဧည့်ဆိုးများ၏ဒဏ်မှ ကင်းလွတ်ရလေအောင် လုပ်ကိုင်နိုင်ရန်အတွက် အောက်ပါနည်းကလေးကို ဖော်ပြပေးလိုက်ပါ၏။


| ဧည့်ဆိုး၏ မွေးနံ | နာမည်ရေးရန်အသား | ရိုက်ရမည့် စတုရန်းအသား |
|---|---|---|
| တနင်္ဂနွေ | အုန်းသား၊ အင်သား | ဝါးလုံး၊ ရှားသား |
| တနင်္လာ | ကံ့ကော်သား၊ | ပေါက်သား |
| | ကုက္ကိုသား၊ ကြံသား | |
| အင်္ဂါ | ဆီးသား | သီးသား |
| ဗုဒ္ဓဟူး | ဝါးသား | ထန်းသား၊ ထိန်သား |
| ကြာသပတေး | ပေါက်သား | အုန်းသား |
| သောကြာ | သီးသား၊ သီဟိုဠ်သား | ကံ့ကော်သား |
| စနေ | ထန်းသား | ဆီးသား |

■ ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com




# သည်လတွေမှာ
# အိမ်ဆောက်ပါ

■ သုတေသီဆရာငြိမ်း

အသက်အရွယ် ထောက်လာပြီဖြစ်သော်လည်း ဇာစ်ကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာရေးလိုက်စားမှုတို့က ကျွန်ုပ်၏ကျန်းမာရေးကို ဒေါင်ဒေါင်မြည်စေသေးတော့သည်။ သို့ရာတွင် ဇရာ၏ အရိပ်အယောင်ကိုမူ ရပ်တန့်ခြင်းငှာ မစွမ်းသာ။

သည်ရွာနေ သည်ရေသောက်ခဲ့သည့် ကာလသည် ရှေးမဆွကတည်းက ဖြစ်လေရာ အရွယ်လွန်တွေ ချုပ်ငြိမ်း၍ အသစ်အသစ်တွေ တိုးပွားလာသည့်ကြား၌ သက်ရှည်ကျန်းမာ လျက်ရှိသော ကျွန်ုပ်ကား နှစ်စဉ် အပူဇော်၊ အကန်တော့ခံ၊ အလေးစားခံ ပုဂ္ဂိုလ်တစ်ဦး ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။ ထို့ပြင်တစ်ဝ ကျွန်ုပ် အနှစ်နှစ်အလလ လေ့လာဆည်းပူးခဲ့သော လောကီရေးရာကိစ္စရပ်များကလည်း ကိုယ့်မျက်စိရှေ့မှောက်တွင် ရှိနေကြကုန်သော သား၊ မြေး၊ မြစ်တို့၏ ကောင်းကျိုးကို တစ်ဖက်တစ်လမ်းမှ ကူထောက်ပေးလေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ရပ်ရွာ၌ ဩဇာညောင်းသောပုဂ္ဂိုလ် ဖြစ်မှန်းမသိ ဖြစ်လာခဲ့၏။ လင်မယား အကြီးအကျယ်ရန်ဖြစ်နေလျှင်ပင် ကျွန်ုပ်ဖြတ်လျှောက်လာသည်ကို မြင်လိုက်ရပါက မီးကိုရေနှင့်ငြိမ်းသတ်လိုက်သည့်အလား ချက်ချင်းဆိုသလို ငြိမ်ကျသွားတတ်စမြဲ။ ကျွန်ုပ်လမ်းလျှောက်လာလျှင် လူငယ်တို့သည် အလိုက်တသိ ဘေးရှောင်ပေးကြကုန်ပြီ။ ကျွန်ုပ်ရှေ့မှ ဖြတ်သွားလျှင် ကိုယ်ကို ရို့ကျိုးယုပ်ဝပ်စွာ ပြုမူသွားလာကြကုန်ရာ ပြည်သူ့နီတိလက်ကိုင်ထားရှိကြကုန်သော လူ့ယဉ်ကျေးကလေးများကို မျက်ဝါးထင်ထင် တွေ့မြင်ရ၍ ကျေနပ်အားရလှပါဘိတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် နွေထနောင်း၊ ဆောင်းမန်ကျည်းဟု အဆိုရှိသည့်အတိုင်း အေးမြသော အရိပ်အာဝါသ



www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်သည့် မန်ကျည်းပင်အောက်ရှိ ကွပ်ပျစ်၌ ရေနွေးကြမ်းတစ်အိုးနှင့် ထိုင်နေစဉ် အရပ်ပုပုပျပ်ပျပ်၊ ခြေလက်တုတ်တုတ်ခိုင်ခိုင်၊ မျက်ခုံးခပ်ထူထူ၊ အမြဲတမ်းပြုံးနေသော မျက်နှာပိုင်ရှင် မောင်အောင်မင်းဆိုသူနှင့် ၎င်း၏ဇနီး မကြာစိတို့ ရောက်လာကြ၏။ ၎င်းတို့လက်ထဲ၌ ကျွန်ုပ်လွန်စွာနှစ်သက်သော ကရေကရာမုန့်များ ပါလာကြ၏။

"ဘကြီးငြိမ်းကို လာကန်တော့ရင်း သိချင်တာလေးတွေ မေးချင်လို့"

"ဆိုစမ်းပါဦး မောင်အောင်မင်းရယ်"

"ကိစ္စက ကျွန်တော်တို့ ပြီးခဲ့တဲ့လက ထီပေါက်တယ် ဘကြီးငြိမ်းရဲ့။ အဲဒါ လှူစရာရှိတာ လှူမယ်၊ ပြီးတော့ လက်ရှိယိုင်နဲ့နေတဲ့ အိမ်ကိုလည်း ပြင်ချင်တယ်"

"အသစ်ဆောက်ချင်တယ်လို့ ပြောပါတော့"

"ဪ ... ဟုတ်တယ်၊ ဟုတ်တယ်။ မကြာစိပြောတဲ့အတိုင်း အိမ်ဟောင်းကြီးကို ပြန်ဖျက်ပြီး အသစ်ဆောက်ချင်တယ်။ အဲဒါ အိမ်ဆောက်ဖို့သင့်တဲ့ လတွေ ရွေးပေးစေချင်ပါတယ် ဘကြီးငြိမ်း"

"ဪ ... ဒါလေးများကွယ်၊ ကဲ ... ကဲ ... ဘကြီးပြောပြမယ်။ မေ့မသွားအောင် စာရွက်နဲ့ ဘောပင် ထုတ်ပြီးမှတ် ... ဟုတ်ပလား"

"ဟုတ်ကဲ့ ... ဘကြီးငြိမ်း"

"တခြားနိုင်ငံက လူတွေတော့ သူတို့အယူဝါဒနဲ့သူ၊ သူတို့ဓလေ့နဲ့ သူတို့တော့ ရှိကြမှာပေါ့ကွာ။ တို့မြန်မာဓလေ့မှာတော့ လောကီပညာအရ အိမ်ဆောက်ကောင်းတဲ့ လတွေရှိသလို၊ မဆောက်ကောင်းတဲ့ လတွေလည်း ရှိကြတာပဲ၊ တရားဓမ္မနဲ့ မဆိုင်ဘူးနော်။ လောကီနဲ့ ဆိုင်တဲ့ကိစ္စ။

အေး ... အဲဒီတော့ကာ အိမ်ဆောက်ကောင်းတဲ့လမှာ ဆောက်ရင် ဘာဖြစ်မလဲ။ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံမယ်။ စီးပွားလာဘ်လာဘတွေ တိုးတက်ဖွံ့ဖြိုးမယ်။ ချုပ်ပြောရရင်တော့ အကျိုးပေးမယ်ပေါ့။

အဲ ... အိမ်မဆောက်ကောင်းတဲ့ လမှာ ဆောက်မိရင်တော့ ဘေးဥပဒ်အန္တရာယ်ကျရောက်မယ်၊ စီးပွားလာဘ်လာဘတွေ ဆုတ်ယုတ်တယ်။ တစ်နည်းအားဖြင့် ခိုက်တတ်တယ်ပေါ့ကွယ်။

ဒီတော့ကာ ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာကို ဆောင်ရသကွယ့်။ ကဲ ... မှတ်မှတ်၊ အိမ်ဆောက်ကောင်းတဲ့ ခြောက်လကို"

သို့ဆိုပြီးသကာလ ... ကျွန်ုပ်ပြောဆိုသည့်အတိုင်း မောင်အောင်မင်းသည် စာရွက်တစ်ရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးခြစ်မှတ်သားလေတော့၏။

**အိမ်ဆောက်ရန် ကောင်းသော(၆)လ**

(၁) တန်ခူးလ

ဤလတွင် အိမ်ဆောက်က ချမ်းသာကြွယ်ဝခြင်းနှင့် အိမ်တွင်နေသူများအတွက် အကျိုးစီးပွားဖြစ်ခြင်းကို ရစေ၏။

(၂) ကဆုန်လ

ဤလတွင် အိမ်ဆောက် ၎င်းဆောက်ပြီးအိမ်နေသမျှကာလပတ်လုံး စားနပ်ရိက္ခာပြည့်စုံခြင်း၊ အရာရာပေါကြွယ်ဝခြင်းကို ရစေ၏။

(၃) ဝါဆိုလ

ဤလတွင် အိမ်ဆောက်ပြီးနေထိုင်ပါက နေထိုင်သူများမှာ စီးပွားဥစ္စာ လာဘ်လာဘများ ဒီရေအလား ကြီးပွားတိုးတက်ခြင်းကို ရစေ၏။

(၄) နတ်တော်လ

ဤလတွင် စတင်တည်ဆောက်သောအိမ်တွင် နေထိုင်ပါက လူချီးမွမ်းခံရခြင်း၊ ကောင်းသောအရာသာ ဖြစ်ခြင်းတို့ကို ရရှိစေတတ်၏။

(၅) ပြာသိုလ

ဤလတွင် အိမ်ဆောက်လုပ်နေထိုင်ပါက လူတကာ၏ ချီးမွမ်းဂုဏ်ပြုမှုကို ခံရခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ ကောင်းသော ထင်ရှားမှုကို ဖြစ်စေခြင်း စသော အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပေ၏။

(၆) တပေါင်းလ

ဤလတွင် အိမ်ဆောက်လုပ်နေထိုင်ပါက အိမ်ရှင်နှင့် နေထိုင်သူများ ချမ်းသာကြွယ်ဝခြင်း၊ လုပ်ငန်းတိုးတက်မှုများနှင့် ကြုံတွေ့ခြင်းတို့ကို ရရှိခံစားနိုင်ပါသည်။


သည်သို့ မှတ်သားပြီးသည့်သကာလ မောင်အောင်မင်းတို့ ဇနီးမောင်နှံလည်း ဝမ်းသာအားရစွာဖြင့် ကျွန်ုပ်အား ရှိရှိသေသေ ကန်တော့ပြီး ခွင့်ပန်ပြန်သွားကြပါတော့သတည်း။

**သုတေသီဆရာငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# ပွဲစားများ လာဘ်ပွင့်ဖို့

● ကောင်းဟိန်း(ကျွန်းသစ်)

ယခုခေတ် ပွဲစားလုပ်ငန်းများသည် ရောင်းသူ၊ ဝယ်သူ အကြား ဆက်သွယ်ရေးအတွက် အလွန်အရေးပါလှသည်။

အရောင်းအဝယ်လောကမှာ သူမပါရင် မပြီး၊ အမှု[illegible]ရဲ့ ကြားမှာ တရားလို၊ တရားခံအတွက် အကျိုးဆောင် [illegible]ရင် မဖြစ်သလို ရောင်းရေးဝယ်ရေးမှာလည်း ပွဲစားမပါရင် မဖြစ်ပါဘူး။

အဲဒီတော့ ပွဲစားလောကတွင် ခေတ်သစ်တွင် အတွင်ကျယ်ဆုံး၊ အထိရောက်ဆုံး၊ ရေပန်းအစားဆုံး နှုတ်သီးဖျားမှာ ပြောရာဆိုရာမှာ မပြောမပြီး၊ မတီးမမြည် ရောင်းဝယ်သူကြား အကျိုးဆောင်ပေးမယ့်သူက ပွဲစားပဲ မဟုတ်လား။

အချို့ ပွဲစားများ အပြောကြီးပြီး ပြောအတီးခံရ၊ ဘာတစ်ခု အကျိုးဆောင်ခမှ မရ၊ အချစ်မမြင် အပြစ်သာ အတင်ခံရပါတယ်။ ဒါတွေကြောင့် ကိုရွှေပွဲစား၊ မရွှေပွဲစား၊ ဦးရွှေပွဲစား၊ ဒေါ်ရွှေပွဲစားတို့အား လာဘ်ပွင့်အကျိုးအောင် အဆောင်ရတနာလေး မေတ္တာပွား မုဒိတာထားလိုက်ပါသည်။

"ပွဲစားဆိုတာ ကြာသပတေးနံနဲ့ အင်္ဂါနံ တွဲတဲ့စာလုံးပဲ။ ကြာသပတေးဂြိုဟ်သက် ၁၉၊ အင်္ဂါဂြိုဟ်သက် ၈ ပေါင်းလိုက်တော့ ၂၇ မရဘူးလား။ တကယ်တော့ ပွဲစားအလုပ်က နဝင်းမိနေပါတယ်။

ဂေါ်သဗေဒင်ဆရာတွေကတော့ လစ်ပိုပုလင်းပေါ်မှာ မီးတိုင်ထွန်းခိုင်းတယ်လေ။ အင်္ဂဝိဇ္ဇာအရလည်း

"ကံကင်း အသေ၊ ရှင်လိုမှ အထက်အောက်



www.burmeseclassic.com

www.burmeseclassic.com

အပြန်အလှန်ယူ"တဲ့ဟု ဆိုလေ၏။

ကျွန်ုပ်အသိ မိတ်ဆွေတစ်ဦး ပွဲစားလိမ္မာလုပ်လို့ တိုက်ဆောက်၊ ကားစီး အရောင်းအဝယ်အကျိုးတော်ဆောင် ဘဝနဲ့ လောကတံတွာ အများအလယ်မှာ ပွဲလယ်တင့်လို့ ကျွန်ုပ်လည်း အတော်ကြီး စိတ်ဝင်စားမိ၏။

သည်လိုဆိုတော့ . . .

ပွဲစားလောက သားသမီးများ မိမိတို့အကျိုးများ တိုးပွားလာဘ်ရွှင်ဖို့ကတော့ စောစောက တင်ပြသွားသလို အဆောင်စီမံကြည့်ပါ။

"အောင်မယ်လေး . . . နောက်ကျသွားလိုက်တာ။ ဟုတ်ပေ့၊ ကောင်းပေ့ပါလား"ဟု နောင်တမရစေဖို့ တိုက်တွန်းလိုက်ပါရစေ။

နားလည်သဘောပေါက်ဖို့ သဘာဝ သာဓကတွေ ရှင်းလင်းကြည့်ရအောင်။

ကျွန်ုပ်ကတော့ ဗေဒင်ဆရာ မဟုတ်ပါဘူး။ သို့ရာတွင် ဗေဒင်ပညာနဲ့ ပြည်သူအကြား အကျိုးဆောင်နေတဲ့ သုတေသီ စာရေးဆရာဆိုတာတော့ ဝန်ခံလိုက်ပါရစေ။

ရှင်းလင်းကြစို့ . . .

လစ်ပို = ၄ + ၅ = ၉

ပုလင်း = ၅ + ၄ = ၉

လစ်ပိုနှင့် ပုလင်း ကက်ကင်းမိ၏။

ဂြိုဟ်သက်အရ . . .

လစ်ပို = ၄ + ၅ = ၉

ဂြိုဟ်သက် = ၁၇ + ၉ = ၃၆ = ၃ + ၆ = ၉

ပုလင်း = ၅ + ၄ = ၉

ဂြိုဟ်သက်အရ = ၁၉+၁၇ = ၃၆ = ၃+၆ = ၉

အဲဒီလို ပွဲစားလုပ်ငန်းကလည်း နဝင်းအဆောင်၊ စီမံကလည်း နဝင်း၊ နဝင်းရှင်သန်ဖို့ တန်ခိုးအရှိန်အစော်ဖြစ်ထွန်းဖို့ တေဇော် = တေဇ = ဓာတ်မီးအားနဲ့ မြတ်စွာဘုရားကို ပူဇော်တာ စဉ်းစားကြည့်။

ဘုရားကလည်း . . .

ဘုရား = ၅ + ၄ = ၉

ပွဲစား = ကြာသပတေး + အင်္ဂါ

ဂြိုဟ်သက်အရ = ၁၉ + ၈ = ၂၇

= ၂ + ၇ = ၉

နဝင်းဓာတ်ကိုယူ၊ အကျိုးက လာဘ်ပွင့်ခြင်း ဖြစ်ရလေသတည်းဟု ဆိုရပေသည်။

အဲဒီလို သဗ္ဗဇယမင်္ဂလာ = ဒိဝါတပတိဂါထာကို တစ်နေ့ ပုတီး ၉ ပတ်စိပ်နိုင်ရင် အကောင်းဆုံးပါ။

ကျွန်ုပ်မိတ်ဆွေ ရတနာပွဲစား၊ ကားပွဲစားကတော့ အောက်ပါတို့ကိုလည်း ဆောင်ပါတယ်။

ဟောလစ်ပုလင်းထဲ ပေါက်ပေါက်ထည့်ပြီး ထီးဖြူစိုက်လျက် ဘုရားပူဇော်ပသမှုလည်း ဆောင်ကြောင်း ပြောပါတယ်။

ရှင်းလင်းချက် . . .

ဟောလစ် = ၆ + ၄ = ၁၀

အင်္ဂါဓာတ်

ပေါက်ပေါက် = ၅ + ၅ = ၁၀

အင်္ဂါဓာတ်

ထီးစိုက် = ၇ + ၃ = ၁၀

အင်္ဂါဓာတ်

ဂြိုဟ်သက်အရ . . .

ဟောလစ် = ၂၁ + ၁၇ = ၃၈

= ၃ + ၈ = စနေဓာတ်

ပေါက်ပေါက် = ၁၉ + ၁၉ = ၃၈

= ၃ + ၈ = စနေဓာတ်

ရှင်းလင်းပုံမှာ . . .

ဟောလစ် + ပေါက်ပေါက် ယတြာမှာ ရုပ်မှာ အင်္ဂါ၊ နာမ်မှာ စနေ ပူပြင်းသွက်လက်တယ် ဆိုပါတယ်။ ဟောလစ်ဆိုတာက ဒလဟော စီးသွက်ခြင်း၊ ပေါက်ပေါက်က ပိတ်ပင်တားဆီးမှု မရှိပါဘူး။ ထီးစိုက်ဆိုတော့ = အင်္ဂါဓာတ်ကြောင့် အရှိန်အစော်တွေ ပြည့်စုံကုံလုံစေတော့ လုပ်ငန်းအရ သွက်လက်ခြင်းဖြစ်လေသည်။

ဤအဆောင်ကို စီမံဖို့ရာ ထည့်သွင်းမေတ္တာရပ်ခံလိုက်ရပါသတည်း။

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com

# နေအိမ်၊ ဈေးဆိုင် အရှေ့တွင် ငါးကန်တူးဖော်သင့်ပါသလား

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မိမိ၏ နေအိမ်၊ ဈေးဆိုင်၏ အရှေ့တွင် ငါးမွေးမြူရေးကန် တူးဖော်ထားရှိသင့်ပါသလား။ ကြီးပွားလာဘ်ရွှင်မှု၊ စီးပွားတက်မှု၊ စီးပွားကျမှုနှင့် ပတ်သက်ပြီး တရုတ်ဂမ္ဘီရဆရာ၊ ဖုန်းရွှေဆရာကြီးတို့၏ အယူအဆနှင့်တကွ လက်တွေ့ ဖြစ်ရပ်မှန်တစ်ခုကို တင်ဆက်ဖော်ပြသွားပါမည်။

မလေးရှားနိုင်ငံတွင် မစ္စတာလင် ဆိုသူသည် ကျောင်းဆင်း ဘွဲ့ရရှိပြီးသည့်နောက် ကုန်စုံဆိုင်တစ်ဆိုင်တွင် အရောင်းစာရေးဝန်ထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ငါးနှစ်ခန့် ကြာခဲ့၏။ ၎င်းနောက် မစ္စတာလင်က တစ်သက်လုံး စာရေးဝန်ထမ်းဘဝဖြင့် နစ်မြုပ်နေလျှင် ဘဝတိုးတက်မှုမရှိဟု တွေးတောဆင်ခြင်မိ၏။

တစ်နေ့သောအခါတွင် ကံကောင်းထောက်မသဖြင့် သိန်းထီ(သိန်းထီ)ဆုကြီး ပေါက်ခဲ့ရာ အလုပ်မှနုတ်ထွက်ပြီး ကုန်စုံဆိုင်လေးတစ်ဆိုင် တည်ထောင်ခဲ့လေသည်။ အလုပ်ကြိုးစားပြီး အပေါင်းအသင်းဆံ့၍ မိတ်ဆွေပေါများသဖြင့် မကြာမီ ကုန်စုံဆိုင်ကြီးတစ်ဆိုင် တည်ထောင်ဖွင့်လှစ်နိုင်ခဲ့၏။ ၎င်းနောက်ပိုင်း ကြီးပွားချမ်းသာလာခဲ့ရာမှ ကုန်စုံဆိုင်ခွဲများပင် လုပ်ငန်းတိုးချဲ့ ဖွင့်လှစ်လုပ်ကိုင်ရင်း နာမည်ကြီး သူဌေးကုန်သည်ကြီးတစ်ဦး ဖြစ်ခဲ့သည်ဆိုသည်။

သို့ရာတွင် တစ်နေ့၌ ငါးကုန်သည်တစ်ဦးသည် ၎င်း၏ ကုန်စုံဆိုင်ကြီး၏ အရှေ့ရှိ မြေကွက်လပ်ပေါ်၌ ငါးမွေးမြူရေး ကန်တူးဖော်ခဲ့ရာ အတော်စည်စည်ကားကား ဖြစ်လာခဲ့သော်လည်း မစ္စတာလင်အဖို့မှာမူကား ဈေးရောင်းမကောင်းဖြစ်လာပြီး တစ်နေ့တခြား စီးပွားရေးကျဆင်းလာခဲ့ရ၏။ နောက်ဆုံး၌မူ ကြွေးပတ်ပတ်လည်ဝိုင်းကာ ကုန်စုံဆိုင်ကြီးကို ပိတ်သိမ်းရတော့သည့် အခြေအနေသို့ မမျှော်လင့်ဘဲ၊ အမှတ်မထင်ဘဲ ကျရောက်ခဲ့ရ၏။ ကံဆိုးမိုးမှောင်ကျခဲ့ရ၏။ စီးပွားရေးပျက်ခဲ့ရ၏။

၎င်းအခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်ပေါ် ကြုံတွေ့နေရသည့် အချိန်အခါသမယတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ တရုတ်ဂမ္ဘီရနှင့် နက္ခတ္တ၊ ဖုန်းရွှေဆရာကြီးတစ်ဦးဖြစ်သူ မစ္စတာဝမ်က ဆိုင်ရှင် မစ္စတာလင်၏ ပင့်ဖိတ်ကြားချက်အရ ၎င်း၏ကုန်စုံဆိုင်ကြီးသို့ လာရောက်လေ့လာကြည့်ရှု တွက်ချက်ခဲ့ရာတွင် ၎င်း၏ ကုန်စုံဆိုင်အရှေ့၌ ငါးမွေးမြူရေးကန် တူးဖော်ထားရှိသည်ဖြစ်၍ ယင်းငါးမွေးမြူရေးကန်မှာ ရေသေဖြစ်နေသဖြင့် စီးပွားမတက်၊ ဈေးရောင်းမကောင်းဖြစ်ကာ စီးပွားကျခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်နေရာကို အမြန်ပြောင်းရွှေ့မှ ဖြစ်မည်ဟု အကြံပေး ထုတ်ဖော်ပြောကြားလေသည်။

သို့ဖြစ်လေရာ ကုန်စုံဆိုင်ပိုင်ရှင် မစ္စတာလင်က ချက်ချင်းပင် အခြားရပ်ကွက်သို့ နေရာကောင်းရွေးချယ်ကာ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရ၏။ ယင်းသို့ ပြောင်းရွှေ့ ဖွင့်လှစ်သည့် အချိန်မှစ၍ ဈေးပြန်လည်ရောင်းကောင်းလာပြီး ကြီးပွားချမ်းသာလာခဲ့ပြန်သည် ဆိုပါသည်။ ထိုစဉ်အခါ ကုန်သည်သူဌေးကြီး မစ္စတာလင်မှာ အလွန်အံ့ဩသွားရပေသည်။ မယုံချင်စရာပင်တည်း။

ယင်းမှာ မလေးရှားနိုင်ငံရှိ တရုတ်ဂမ္ဘီရ၊ နက္ခတ္တ၊ ဖုန်းရွှေဆရာကြီးတစ်ဦး၏ အယူအဆတစ်ခုပင် ဖြစ်ပါသည်။ ယင်းကြောင့် ဂမ္ဘီရပညာသည်ကား စဉ်းစား၍မရလေအောင် အလွန်ဆန်းကြယ်လှပေတကား။ အံ့မခန်းဖြစ်နေပေသည်။

**ကေတီ-အောင်သိန်း[ရန်ကုန်တက္ကသိုလ်]**

**Ref:-**

**တရုတ်နက္ခတ္တ၊ ဂမ္ဘီရ၊ ဖုန်းရွှေပညာ**
**မလေးရှား-တရုတ်(၂၀၀၃ ခုနှစ်)**
**ကွာလာလမ်ပူမြို့၊ မလေးရှားနိုင်ငံ။**



www.burmeseclassic.com

www.burmeseclassic.com



# အချိန်မနှောင်းခင်
# အိမ်ရောင်းချင်သော် . . .

ထင်ကျော်သောင်း

ကိုဘတူတစ်ယောက် မြောက်ဒဂုံတွင်ရှိသော သူ့အိမ်ကလေးကို လွန်စွာမှ ရောင်းချင်နေခဲ့သည်။ သည်အိမ်ကလေးကို ရောင်းချပြီးပါက သူ့ဘဒ္ဒေးဘုန်းကြီးကျောင်းပရိဝုဏ်၌ ဇရပ်တစ်ဆောင်ဆောက်ကာ အဲသည်မှာ ယောဂီဝတ်ဖြင့် နေထိုင်ရင်း ဘဝကူးကောင်းဖို့ တရားအားထုတ်ချင်ကြောင်း ခဏခဏပြောရှာသည်။

သူက တစ်ကိုယ်ရေတစ်ကာယသမား။ ငိုစား၊ ရယ်စားမည့်သူတွေမရှိ။ လောကီနယ်ပယ်ကိုလည်း ငြီးငွေ့စိတ်ဝင်နေလေရာ အထက်ပါအတိုင်း ဘဝပြောင်းသွားစေဖို့အတွက် သူလည်း ကျန်းကျန်းမာမာရှိနေသေးစဉ် အချိန်မနှောင်းခင် အိမ်ရောင်းချင်သည်မှာ သဘာဝကျပါသည်။ အိမ်ကလေးက သွပ်မိုးပျဉ်ထောင် သုံးပင်နှစ်ခန်း၊ ခြံအကျယ်အဝန်းက ပေလေးဆယ်၊ ပေခြောက်ဆယ်။ ခြံထဲမှာက သရက်ပင်၊ ကွမ်းသီးပင်၊ အုန်းပင်တို့က အုပ်အုပ်ဆိုင်းဆိုင်း။ ပြီးတော့ အလွယ်တကူရေရနိုင်အောင် လက်နှိပ်ရေတုံကင်ကလည်း အဆင်သင့်။ သည်လိုမျိုးအနေအထားရှိသော်လည်း ဈေးနှင့်လည်းကောင်း၊ ကားမှတ်တိုင်နှင့်လည်းကောင်း အတော်လေးပင် အလှမ်းဝေးလေသည်မို့ အရောင်းအဝယ်မဖြစ်ခဲ့။

သည်သို့သော အခြေအနေရှိစဉ် သူ့ဘဒ္ဒေးဘုန်းကြီးကျောင်းသို့ ရောက်ရှိသွားစဉ်ကာလ အင်္ဂဝိဇ္ဇာ ဓာတ်ရိက်ဓာတ်ဆင် ဆရာကြီးတစ်ဦးနှင့် ဆုံသည်။ ထိုဆရာကြီးကပင် အချိန်မနှောင်းခင် အိမ်ရောင်းထွက်ဖို့ရာ ယတြာပေးလိုက်သည်။ သိပ်မကြာလိုက်။ သူ့အိမ်နှင့်ခြံအား ကုန်ကားများထောင်ထားသော လုပ်ငန်းရှင်တစ်ဦးက မျက်စိကျသွားလျက် ဈေးနှုန်းညှိနှိုင်းကာ ဝယ်ယူသွားခဲ့သည်။ သည့်အတွက် ကိုဘတူတစ်ယောက် သူ့ဆန္ဒနှင့်အညီ ဇရပ်တစ်ဆောင် ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်ခဲ့၏။ ၎င်းလည်း ယောဂီဝတ်ဖြင့် တရားအားထုတ်နိုင်ခဲ့၏။ တစ်နေ့ အိမ်အရောင်းထွက်အောင် စီမံပေးလိုက်သော ယတြာလေးကို သိလိုသဖြင့် ကိုဘတူကိုမေးမြန်းကြည့်မိ၏။

"ဆရာကြီးက ကျုပ်ကို အိုးစည်တစ်လုံး ဝယ်ခိုင်းတယ်။ ပြီးတော့ အိုးစည်ရဲ့ မျက်နှာဝကို အုန်းဆီသုတ်ခိုင်းတယ်။ အိမ်နံရံကို အိုးစည်အဝကပ်ပြီး ဩဇာခက်နဲ့ ၁၃ ချက် ရိုက်ရတယ်။ အဲ···စနေနေ့မှာ လုပ်ခိုင်းတာနော်။ ရိုက်ရတဲ့အချိန်က မနက် ၆း၁၅ နာရီကနေ ၇း၃၀ နာရီအတွင်းပေါ့။ ပြီးတာနဲ့ အိုးစည်ကို ဝရန်တာမှာ ချိတ်ခိုင်းလိုက်တာပဲ။ ထူးတယ်ဗျာ။ အဲသည်ယတြာလုပ်ပြီး···နောက်ရက်မှာပဲ အရောင်းထွက်သွားတော့တာပဲ"

■ ထင်ကျော်သောင်း



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းဖြစ်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

ဝင်းဝင်း–ရွှေဗဟိုရ်–ဝိဇယ တပြိုင်တည်း




ဒီဇင်ဘာလ ၁–ရက်၊ ၃–ရုံ ပြိုင်
ဆက်သွယ်ရန်–မာဃပလ္လင် အမှတ် ၇၈ ·ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့ ▪M68—5

www.burmeseclassic.com

www.burmeseclassic.com



၃၀-၁၁-၆၁ နေ့ထုတ် အထောက်တော်သတင်းစာဟောင်းတစ်စောင်ကို မိတ်ဆွေတစ်ယောက်ထံမှ ရ၍ ဖတ်ကြည့်ရာ ထူးထူးခြားခြား သတင်းများကို ဖတ်ရှုရသည့်အပြင် ထိုအချိန်က မြန်မာရုပ်ရှင်ကားတစ်ကားကိုလည်း ထူးဆန်းစွာ တွေ့မြင်ရသည်။ ပြည်တော်သစ်ဖလင် ဒါရိုက်တာဦးချစ်ဖေ၏ 'ကဝေဝိဇ္ဇာဥ် သိုက်နန်းရှင်' ဆိုသော ရုပ်ရှင်ဇာတ်ကားကြော်ငြာဖြစ်သည်။ ထိုခေတ်ကာလ အချိန်က တစ္ဆေဝိဇ္ဇာဥ်၊ ဥစ္စာစောင့်ကားများ လွတ်လပ်စွာ ရိုက်ကူးခွင့်ရှိကြဟန် တူသည်။ စာရေးသူ၏ စိတ်ထဲမှာ မှတ်မိနေသော ဥစ္စာစောင့်ဇာတ်ကားတစ်ကားရှိသည်။ ထိုဇာတ်ကားမှာ ထိုအချိန်က လူ့လောကတွင် သမားတော်မကလေးဖြစ်နေသည့် ဥစ္စာစောင့်မနန်းငွေ၏ တကယ့်အဖြစ်အပျက်နန်းဇာတ်ကြီးအသံထွက်ဇာတ်ကား ဖြစ်လေသည်။

လူပုဂ္ဂိုလ်ကိုးဦးတို့ကို ဒုလ္လဘရဟန်းအဖြစ် ခံယူပြီးသည့်နောက် ပုဇွန်တောင် တောင်လုံးပြန်ကျောင်းတိုက် မယ်ဇလီကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိစဉ် ၁၃၁၇ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၄ ရက်၊ ဩဂုတ်လ ၈ ရက်နေ့တွင် အဆိုပါ ကျောင်းတိုက်၌ ၄င်းရဟန်းကိုးပါးနှင့် လူပုဂ္ဂိုလ်လေးငါးဆယ်ခန့်အား အေဝမ်းညွန့်မောင်၏ 'မင်္ဂလာညွန့်ဖလင်'မှ ရုပ်ရှင်ရိုက်ယူခဲ့၏။ ရဟန်းကိုးပါးကား 'ဥစ္စာစောင့်မကလေး မနန်းငွေ' ၏ ရဟန်းများဖြစ်၍ လူပရိသတ်ကား မနန်းငွေ[illegible] ကုစားချက်ကြောင့် ပျောက်ကင်းချ[illegible] သာသော ဝေဒနာရှင်များ ဖြစ်ကြ[illegible] အမှန်အားဖြင့်ဆိုသော် ဤရဟန်းရှင်[illegible] ပရိသတ်တို့သည် ဥစ္စာစောင့်မနန်း[illegible] အား ကျေးဇူးတုံ့ပြန်သောအားဖြင့် သ[illegible] သေထင်ရှားအမှတ်အသားပြကြ[illegible] ဖြစ်လေသည်။

## ဥစ္စာစောင့်မကလေး

ထိုအချိန်တွင် ဖြူသောအသ[illegible] နီသော နှုတ်ခမ်းကလေးနှင့် မည်း[illegible] သောဆံပင်ကို နောက်တွဲထုံးလျက် [illegible] တယ်သေ ကိုယ်နေဟန်ထားရှိ[illegible] အသက်နှစ်ဆယ်ကျော်ခန့်ရှိ မိန်း[illegible] ကလေးတစ်ယောက်သည် ရုပ်[illegible]

www.burmeseclassic.com

အရိုက်ခံမည့်သူများကို ရွေးချယ်ခေါ်ထုတ်ပေးလျက်ရှိ၏။ သူမသည် ထိုင်မသိမ်းဆန်ဆန် အင်္ကျီကို ဝတ်ကာ မျက်စိကို စုံမှိတ်လျက်ရှိလေသည်။ စကားပြောသည်မှာ အလွန်မြန်၏။ ရုတ်တရက် ဘာသာကွဲစကားလို ထင်ရ၏။ 'ရွှေမင်းသား၊ ရွှေမင်းသား'ဟုလည်း ခေါ်သံကြားရ၏။ ရွှေမင်းသားဆိုသည်မှာ ရုပ်ရှင်အရိုက်ခံမည်ဖြစ်သော ပုဂ္ဂိုလ်များအား ရွေးချယ်ထုတ်ပေး ကိုညွန့်မောင်အား ခေါ်ခြင်းဖြစ်လေသည်။ ကိုညွန့်မောင်နှင့်တကွ အားလုံးတို့ကလည်း သူ့အား 'အစ်မတော်'ဟု ခေါ်ကြကာ ရိုသေလေးစားသော အမူအရာများရှိကြသည်ကိုလည်း တွေ့ရပေသည်။

(ထိုမိန်းမပျိုကလေးကား မည်သူနည်း။ ဥစ္စာစောင့်မနန်းငွေနှင့် မည်ကဲ့သို့အဆက်အသွယ်ရှိပါသနည်း။ အဘယ်ကြောင့် သူတို့သည် ရိုသေလေးစားကြပါသနည်း။)

တစ်ခါကထင်ရှားခဲ့သော မော်ဘီမနှင်းစိန်သိုက်အနီးတွင် ဘုရားသုံးဆူနှင့် ညောင်ညိုပင်ကြီးတစ်ပင် ရှိလေသည်။ ထိုညောင်ညိုပင်အောက်တွင် အထိကရရှိနေသော ဘုရားသိုက်တွင် ဥစ္စာစောင့်မကလေး မနန်းငွေ၊ မနန်းမြနှင့် ခင်ပွန်း မောင်နန္ဒတို့ စောင့်ထိန်းခဲ့ကြလေသည်။ ဤကဲ့သို့ စောင့်ထိန်းခဲ့ကြရာမှ တစ်နေ့သ၌ မနန်းမြသည် အစ်မတော် မနန်းငွေနှင့် ခင်ပွန်းသည် မောင်နန္ဒတို့အား လူ့ပြည်လူ့ရွာသို့ ခေတ္တသွားရောက်နေထိုင်လိုပါသည့်အကြောင်းကို ခွင့်ပန်တောင်း၍ လူဝင်စားအဖြစ်သို့ ဘဝပြောင်း၍ လာခဲ့သည်ဟု ဆို၏။ တင့်တယ်သော ရုပ်အဆင်းနှင့် လူ့ဘဝအတွင်း ချင်းနင်းဝင်ရောက်ခဲ့သည်မှာ အသက် ၂၀ ကျော်ခန့်ရှိကာ ရန်ကုန်မြို့၊ တောင်ညွန့်ရပ်၊ ၁၁၂ လမ်း၊ နံပါတ် (   )တွင် နေထိုင်လျက်ရှိသည်။

## ချစ်ညီမထံ အစ်မဖြစ်သူ မနန်းငွေ ပူးဝင်ခြင်း

ထိုအချိန်အခါတွင် အစ်မဖြစ်သူ မနန်းငွေသည် ညီမကလေးအား အောက်မေ့တသသောအားဖြင့် ညီမကလေးရှိရာသို့ လိုက်လာပြီးလျှင် ညီမကလေးနှင့် စိတ်ဓာတ်ချင်းနှီးနှောခြင်း၊ ပူးဝင်စွဲကပ်ခြင်း စသည်တို့ကို ပြုလုပ်တော့သည်ဆို၏။ ယင်းသို့ ချစ်ညီမရှိရာတွင် ဝင်ထွက်သွားလာနေပြီး တစ်နေ့တွင် ဝေဒနာသည်တစ်ဦးအား မနန်းငွေသည် ညီမကလေးခန္ဓာကိုယ်တွင် ပူးဝင်ရင်း ကုသပေးလိုက်ရာ ပျောက်ကင်းချမ်းသာသွားသည်မှ အစပြုပြီး တစ်ယောက်ကအစ တစ်ရာဖြစ်လာလေ၏။ နောက်အခါ ၉၆ ပါးသော ဝေဒနာများနှင့် ပယောဂများကို ကုသခြင်းဖြင့် အကျော်ဇေယျ ဖြစ်လာတော့၏။

၎င်းတို့အနက် အေဝမ်းညွန့်မောင်နှင့် မေမြင့်တို့၏ သမီးကလေး မာလာသည် မည်သည့်ဆရာ၊ ဆရာဝန်နှင့်မျှ အမြစ်မပြတ်သော ကြက်ညှာခေါင်ပန်းနာ ဝေဒနာရှိလေသည်။ ၎င်းဝေဒနာကို မနန်းငွေပင် ကုသပေးလိုက်ရာ လုံးဝပျောက်ကင်းသွားသဖြင့် ကိုညွန့်မောင်တို့ ဇနီးမောင်နှံ၏ ယုံကြည်ချက်မှာ ပိုမိုရှိလာကြပေ၏။

မနန်းငွေသည် လူနာရှင်တို့ထံမှ ပေးလှူကြသော ဆေးဖိုးဝါးခများထဲမှ အလှူဒါနများကို မကြာခဏပြုလုပ်ကာ နောက်ဆုံးတွင် အဆိုပါ ရဟန်းကိုးပါးအား ဒုလ္လဘရဟန်းအဖြစ်သို့ သွတ်သွင်းချီးမြှင့်လေသည်။ နောက်တွင်လည်း ရှင်ပြုအလှူများ ပြုသွားမည်ဟု ဆိုကာ ဤနည်းဖြင့် မိန်းမပျိုကလေးသည် လူအပေါင်း၏ ရိုသေလေးစားမှုကို ခံယူလျက်ရှိတော့သည်။ သူမသည်ကား ဘဝတစ်ပါးက ဥစ္စာမောင့်မကလေး မနန်းမြပင် ဖြစ်တော့သည်။ ထို့ကြောင့် အစ်မတော် မနန်းငွေသည် ချစ်ညီမရှိရာတွင် ပူးဝင်စွဲကပ်နေခြင်း ဖြစ်လေသည်။

## ရုပ်ရှင်ရိုက်ခွင့်ပြုပြီ

သူတို့၏ စိတ်ဝင်စားဖွယ်ရာ၊ ကြေကွဲဖွယ်ရာ အဖြာဖြာတို့ကို ကိုညွန့်မောင်အား ရုပ်ရှင်ရိုက်ခွင့် ပြုလိုက်သောအခါ နဂိုက စိတ်ပါဝင်စားလျက်ရှိသော ကိုညွန့်မောင်သည် သူ၏ ယခင်ရိုက်လက်စ ကားများကို ရပ်ထားပြီးလျှင် သီပေါမင်းခေတ်လောက်က ဖြစ်ပျက်ခဲ့သည်ဟု ဆိုသည့် မနန်းငွေ၊ မနန်းမြ၊ မောင်နန္ဒတို့၏ ဖြစ်စဉ်ကို အသံထွက်ရိုက်ရန် စီစဉ်လိုက်ပေတော့သည်။

ထိုနေ့က အဆိုပါ တောင်လုံးပြန်ကျောင်းတိုက်တွင် ရိုက်ယူသော သတင်းကားသည်လည်း မနန်းငွေတို့၏ ဇာတ်ကြောင်းတွင် သက်သေတစ်ရပ်အနေဖြင့် နိဒါန်းပျိုးခြင်း ဖြစ်ပေတော့သည်။

နောက်လပွင် နှင်းဧကရီ အသံထွက်ဇာတ်ကားကြီးအတွက် ဇာတ်ညွှန်းရေးဆရာ ရွှေပိန်သောင်း၏ ကိုယ်တွေ့ဥစ္စာစောင့်ကို ဆက်လက်ဖော်ပြပါမည်။
**(စာရေးသူ)**

လှတိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com



# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး မို့ဒူးပိုက်ဆံ

၏

# လအလိုက်အဟော

## မေလ

■ ဦးတိုး(တက္ကသိုလ)

(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)

မကာရ ရာသီဖွား (ဆိတ်ရုပ်)

ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂

ယခုလတွင် ကံကြမ္မာစက်ဝန်း တစ်ပတ်လည်နေပြီဖြစ်၍ သင်ကံကောင်းလာပြီ ဖြစ်သည်။ အရွေးခံမလား၊ လေလံဆွဲမလား၊ သို့တည်းမဟုတ် မည်သည့်ယှဉ်ပြိုင်ရမှုမျိုး မဆို ရလဒ်ကောင်းများ ရရှိမည်။ ကန်ထရိုက်စာချုပ်တစ်ခု ချုပ်ဆိုရမည်။ သင်ကြိုးပမ်းအား ထုတ်သမျှ အားလုံး အောင်မြင်ပြီးမြောက်မှုရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)

## ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံထားမှု (အတိုးအပွား လုပ်ထားမှုများ အပါအဝင်) သင့်တင့်သော အကျိုးအမြတ်များ ပေးမည်။ မြေတစ်ကွက်ဝယ်ယူသည့် စာချုပ်ချုပ်ဆိုမှု၊ သို့မဟုတ် အမွေရရှိမှုတို့တွင် အောင်အောင်မြင်မြင် ဖြစ်လာပါလိမ့်မည်။ လေလံအပြိုင်ဆွဲခြင်း၊ ယှဉ်ပြိုင်ခြင်း၊ သို့မဟုတ် အရွေးခံခြင်းတို့တွင် သင်ပါဝင်ဆောင်ရွက်လျှင် ကောင်းကျိုးရလဒ်ရှိသည်။ အကယ်၍ တရားရုံး၌ အမှုရင်ဆိုင်ရလျှင်လည်း သင်အနိုင်ရပါလိမ့်မည်။ သင်လေ့လာသင်ယူနေသည့်ကိစ္စ အောင်မြင်မည်။

သို့သော်လည်း အလုပ်လျှောက်ထားမှုတွင် ရနိုင်ခြေ မမြင်ပေ။ သင်၏ ချစ်မေတ္တာရေးမှာ ပြီးပြည့်စုံသွားပါလိမ့်မည်။ ကလေးလိုချင်နေကြသူများ ဆန္ဒပြည့်ဝအောင် ကိုယ်ဝန်ရရှိပါလိမ့်မည်။

******

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)

## မတ်လ ၁၅ မှ မတ်လ ၁၂

မေလ ၁ ရက်မှ ၁၈ ရက်အတွင်း နှစ်ဆအောင်မြင်မှုရရှိ၍ ပျော်ရွှင်ချမ်းမြေ့ရပါလိမ့်မည်။ ယခုလတွင် သင့်အား ဂုဏ်ပြုပေးလိမ့်မည်။ ယှဉ်ပြိုင်ရမှုတစ်ရပ်တွင် အနိုင်ရမည်။ သို့မဟုတ် အရွေးခံလျှင် သင်ရရှိမည်။ သို့သော်လည်း မေလ ၁၉ ရက်မှ ၂၅ ရက်အတွင်းတွင် အထူးဆိုးရွားသော ဓာတ်မတည့်သည့် ယားယံရောဂါများ ဝင်လာ၍ ဆေးရုံသို့ တက်ရတတ်သည်။

******

## မိဿရာသီဖွား (သိုးထီးရုပ်)

## ဧပြီလ ၁၃ မှ မေလ ၁၃

မေလ ၁ ရက်မှ ၁၄ ရက်အတွင်း ဘဏ်စုငွေ တိုးမြှင့်ထည့်သွင်းခြင်း၊ သို့မဟုတ် စီမံချက်တစ်ခုကို တိုးချဲ့လုပ်ကိုင်ရမည်။ ယခုလတွင် ကန်ထရိုက်လုပ်ငန်းတစ်ရပ် ပြောင်းလဲသွားနိုင်သည်။ တရားစွဲဆိုထားလျှင် နှစ်ဦးနှစ်ဖက် ကျေအေးလိုက်ရကိန်းရှိသည်။ မေလ ၁၅ ရက်မှ လကုန်ဆုံးရက်အထိ ညှိနှိုင်းပြီးမှ စာချုပ်လက်မှတ်ရေးထိုးရန် အောင်မြင်မည်။

******

## ပြိဿရာသီဖွား (နွားလားဥဿဘရုပ်)

## မေလ ၁၄ မှ ဇွန်လ ၁၄

မေလ ၁ ရက်မှ ၁၂ ရက်နေ့အထိ ကံကောင်းလာမည်။ အရောင်းဦးတည်ချက်တစ်ခု အောင်မြင်ပြီးမြောက်ပြီး စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှု (အတိုးအပွားလုပ်ထားမှုများ အပါအဝင်) သင့်တင့်လျောက်ပတ်သော အကျိုးအမြတ်များ ရှိလာမည်။ မြေယာ၊ သို့မဟုတ် မူပိုင်ခွင့်တို့မှ သဘောတူညီမှု စာချုပ်ချုပ်ဆိုရပြီး ငွေဒလဟော ဝင်လာကိန်းရှိနေသည်။

******

## မေထုန်ရာသီဖွား (အမြွှာရုပ်)

## ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

ယခုလတွင် သင်ကံလိုက်နေပါသည်။ သင်၏ အလုပ်အကိုင်များ ချောမွေ့နေမည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှု၊ ငွေချေးရန် တောင်းခံထားခြင်းနှင့် အရောင်းဦးတည်ချက်များ အလားအလာကောင်းသည်။ သင်လုပ်ကိုင်နေသည့် လေလံဆွဲခြင်း၊ ရွေးကောက်ပွဲဝင်ခြင်းတို့တွင် ကောင်းကျိုးရလဒ်ပေးမည်။ သင့်အလုပ်အကိုင်အတွက် စိတ်ချမ်းသာရွှင်လန်းနေပေလိမ့်မည်။ မေလ ၁ ရက်မှ ၁၂ ရက်အကြား၌ ကန်ထရိုက် စာချုပ် ချုပ်ဆိုရခြင်း၊ သင့်အလုပ်အကိုင် တိုးချဲ့ရခြင်းများ ရှိလာမည်။ ယခုလတွင် ရုံးသစ်တစ်နေရာသို့ ပြောင်းရွှေ့ရကိန်းရှိသည်။ မေလ ၁၃ ရက်မှ ၃၁ ရက်နေ့အထိ အရေးကြီးသောကိစ္စရပ်များတွင် အလောသုံးဆယ် မလုပ်သင့်ပါ။ ဒုက္ခတွေ့တတ်ပါသည်။ အလုပ်ထွက်မည်ဟုဆိုလျှင် အစီအစဉ်တစ်ခု လုပ်ပြီးမှ ဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

### ကရကင့်ရာသီဖွား (ပုစွန်လုံးရုပ်)
### ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

မေလ ၁ ရက်မှ ၂၀ ရက်အကြား၌ မေခလာကာယ်ကိန်းကြုံမည်။ စာမေးပွဲတစ်ခု ဖြေဆိုရလျှင် ကောင်းကောင်း ဖြေဆိုနိုင်မည်။ စီမံချက်တစ်ခုကို စတင်အကောင်အထည်ဖော်လျှင်လည်း ချောမွေ့နေပါမည်။ ယခုလတွင် စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများ (အတိုးအပွားလုပ်ထားမှုများအပါအဝင်)မှ အကျိုးအမြတ်ရရန် မျှော်လင့်နိုင်သည်။ သို့ရာတွင် မေလ ၂၁ ရက်မှ ၃၀ ရက်အကြား၌ သာမန်ခွဲစိတ်ရမှုနှင့် ကြုံရတတ်သည်။

### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
### ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

အတိမ်းအစောင်းမခံနိုင်သည့် ကိစ္စတစ်ရပ်ကို သင်ကိုင်တွယ်ထားရလျှင် ဖိအားပေးခြင်းခံရလိမ့်မည်။ သင့်ကျန်းမာရေးအတွက် စိုးရိမ်စရာဖြစ်သည်။ ဂရုစိုက်ပါ။ သင့်ဘဝကို တောက်ပြောင်လာအောင် သင့်မိသားစုမှ ကူညီစောင့်ရှောက်ပေးပါလိမ့်မည်။

### ကန်ရာသီဖွား (အပျိုစင်ရုပ်)
### စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

သင့်ဘက်တွင် ကံကြမ္မာကောင်း ရှိနေပါသည်။ သင်ဘာပဲဆုံးဖြတ်ဆုံးဖြတ်၊ ဘာလုပ်ရန်ပဲ ရွေးချယ်ရွေးချယ် ဥပမာ လေ့လာသင်ယူခြင်းများ၊ စီးပွားရေးတစ်ခု ဆောင်ရွက်ခြင်း၊ သို့မဟုတ် မျှော်လင့်မထားသည့် ရာထူးယူခြင်း စသည်တို့တွင် အောင်မြင်မှုရရှိပါလိမ့်မည်။

### တူရာသီဖွား (ချိန်ခွင်ရုပ်)
### အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

အရာရာကို သင်လုပ်ကိုင်သမျှ အောင်မြင်မှုကို ရရှိလိမ့်မည်။ ကန်ထရိုက်စာချုပ် ချုပ်ဆိုရမည်။ သင်ခရီးတစ်ခု သွားပြန်လျှင်လည်း နွေးထွေးစွာ ကြိုဆိုပါလိမ့်မည်။ ယှဉ်ပြိုင်ရမှုတစ်ခုတွင် အနိုင်ရမည်။ အငြင်းပွားမှုတစ်ခုရှိလျှင်လည်း ပြေလည်သွားပါလိမ့်မည်။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
### နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

မေခလာကာယ်ကိန်းကြုံမည်။ ကန်ထရိုက်စာချုပ်တစ်ခု ချုပ်ဆိုရပါလိမ့်မည်။ ဤသည့်အတွက် သင်စိတ်ချမ်းသာမှုရမည်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုလုပ်ရလျှင် ကောင်းသောလက္ခဏာတစ်ရပ်ဖြစ်သည်။ သတင်းကောင်းများကြားရပြီး သင့်အစီအစဉ်များကို ရှေ့ဆက်လုပ်ကိုင်ရမည်။ စီးပွားရေးတိုးချဲ့မှု အောင်မြင်ပြီးမြောက်မည်။ ခရီးတစ်ခုသွားရင်း ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိမည်။

### ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
### ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

ဈေးပြိုင်တင်သွင်းထားမှုတစ်ခုမှ သတင်းကောင်းကြားရရန် မျှော်လင့်နိုင်သည်။ သင်၏ စီးပွားရေးလုပ်ငန်းတိုးချဲ့မှုသည် အောင်မြင်ပြီးမြောက်သွားပါလိမ့်မည်။ အကယ်၍ သင်တစ်ခုခုတွင် ဝင်ပြိုင်ရလျှင် အနိုင်ရရှိပါလိမ့်မည်။ အချစ်ရေးတွင်လည်း စိတ်ကြည်နူးမှုရှိနေမည်။

ဦးတိုး(တက္ကသိုလ)

***Reference:***

The Bangkok Post's Life
Year of the HORSE Your month-by-month horoscope for 2014
By MOHDU PAISARN



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၄ ခုနှစ် ၊ ဇွန် လ

## တရုတ်နှစ်မွေးသူများအတွက်

ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကုသိုလ် တိုးတက်မြင့်မားနေရာ ၏။ ကုန်သွယ်မှုလုပ်ငန်းလုပ်လျှင် အကျိုးထူးခြားမှုရှိမည်။ ဝင်ငွေကောင်းမည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ လုပ်ငန်းအောင်မြင်ရေးအတွက် အရည်အချင်းပြည့် လူတော်လူကောင်းကို အသုံးပြုပါ။ အရွေးချယ်မမှားပါနှင့်။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်း အနည်းငယ်ဝင်လာတတ်၏။ လုံးဝ လက်မခံရ။ အမှုပြဿနာ တက်မည်။ လောဘ မတက်ကြရ။ ယာဉ်မောင်းလျှင် အထူးသတိထားပါ။ မတော်တဆ ထိခိုက်မှု ဖြစ်တတ်ပါသည်။ အိမ်ထောင်ရှင်ယောက်ျား အမျိုးသားများအဖို့ အပျော်အပါး၊ သောက်စားမှုကို လျှော့ပါ။ စိတ်ထိန်းပါ။ အချစ်သစ်ကို တတ်နိုင်သလောက် ရှောင်ရှားပါ။ အိမ်ထောင်ရေးသာယာမှု ထိခိုက်တတ်၏။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နိုင်ငံခြား ပြည်ပကုန်သွယ်မှုလုပ်ပါ။ အကျိုးပေးပါလိမ့်မည်။ ကူညီမစမည့်သူ ပေါများမည်။ လုပ်ငန်း၊ အကြံအစည် တိုးတက်အောင်မြင်မှုရှိမည်။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိသည်။ လုံးဝလက်မခံရပါ။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်ရှည်သည်းခံ၊ ခွင့်လွှတ်ပါ။ သဘောထားကြီးပါ။ ချောမောအဆင်ပြေပါလိမ့်မည်။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖို့ အလုပ်ကြိုးစားလုပ်ကိုင်ပါ။ ဖွဲ့မလျှော့ပါနှင့်။ မကြာမီ ရာထူးတိုးဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ရှိ၏။ ကျန်းမာရေးဂရုစိုက်ပါ။ စားသောက်နေထိုင်မှု ဆင်ခြင်ပါ။ ကူးစက်ရောဂါရတတ်၏။

## ရှောင်ကြဉ်ရန်အချက်များ

အရက်သေစာ ဆေးလိပ်၊ ဆေးတံ၊ မူးယစ်ဆေးဝါးရှောင်ပါ။ အသည်းရောဂါရတတ်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်း လုံးဝမလုပ်ရ။ အကျိုးပေးမည် မဟုတ်ပါ။ လုပ်ငန်းနှင့် အိမ်ရာမပြောင်းရွှေ့သင့်။ အကျိုးမဲ့ဖြစ်တတ်ပါသည်။ ခရီးမထွက်သင့်။ ဘေးအန္တရာယ်များ၏။ သတိထားပါလေ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းပြိုင်ဘက်ကို အထူးသတိထားပါ။ ရှိရင်းစွဲလုပ်ငန်း မပျောက်မပျက်အောင် ထိန်းသိမ်းထားပါ။ ခံစစ်ကို ကောင်းစွာလုပ်ထားပါ။ ခရီးထွက်လျှင် ကောင်းသည်။

## ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးထိုးစစ်ဆင်ခြင်းကို လုံးဝရှောင်ရှားပါ။ ငွေကြေးကုန်ကျမှုများမည်။ စနစ်တကျ ကိုင်တွယ်သုံးစွဲပါ။ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ပါ။ တစ်ဖက်သတ်ချစ်သူ ပေါ်မည်။ အိမ်ထောင်ရှင်အမျိုးသားအဖို့ အထူးစိတ်ထိန်းပါလေ။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်ပြေအောင် ပေါင်းပါ။ ဖက်စပ်၊ စပ်တူလုပ်ငန်းလုပ်လျှင် အကျိုးထူးမှုရှိမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ထောင်ရှင်အဖို့ စိတ်ထိန်းပါ။ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ငင်း လက်မထပ်သင့်သေးပါ။ ရေကြောင်းခရီးကို ရှောင်ပါ။ လှေ၊ သင်္ဘောမစီးကြရ။ သုံးပွင့်ဆိုင်အချစ် ကြုံတွေ့တတ်ပါသည်။ ဦးနှောက်နှင့် ဆုံးဖြတ်ပါ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်အောက်ငယ်သား အလုပ်သမားများကို ကောင်းစွာ စည်းရုံးထားပါ။ စပ်တူ၊ ဖက်စပ်လုပ်ငန်း လုပ်ကိုင်လျှင် အကျိုးထူးမှုရှိမည်။ စေ့စပ်နိုင်၏၊ လက်ထပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ဘေးစကား၊ ကောလာဟလစကားကို သိပ်မယုံကြည်ရ။ ချစ်သူ၊ အိမ်ထောင်ရေး သွေးခွဲတတ်၏။ ခေါင်းအေးအေးထားစဉ်းစား ဝေဖန်သုံးသပ်ပါလေ။ စီးပွားရေးလုပ်ငန်း၊ စက်မှု၊ ကုမ္ပဏီရှိ ဝန်ထမ်း၊ အလုပ်သမားများ ပြဿနာတက်တတ်၏။ လိမ္မာပါးနပ်စွာ ထိန်းသိမ်းထားပါ။ အဆင်ပြေအောင် ပေါင်းပါလေ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လုပ်ငန်း၊ အကြံအစည်အသစ် ပေါ်ပေါက်တတ်၏။ အခွင့်ကောင်းကို လက်မလွှတ်ပါစေနှင့်။ ပြည်ပကုန်သွယ်ရေးနှင့် အကျိုးပေးမည်။ ရင်းနှီးမြှုပ်နှံပါ။ အကျိုးဖြစ်ထွန်းမှုရှိမည်။ လုပ်ဖြစ်အောင်လုပ်ပါ။ ငွေဝင်၊ လာဘ်ရွှင်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ပြင်ပသွားလာမှု ဆင်ခြင်ပါ။ ညအခါ ကားမမောင်းသင့်။ မတော်တဆ ထိခိုက်မှုရှိတတ်သည်။ ရေကြောင်းခရီးရှောင်ပါ။ လှေ၊ သင်္ဘော မစီးကြရ။ ဘေးအန္တရာယ်များလှ၏။ ရေတွင်း၊ ရေကန် မတူးဖော်ရ။ ခိုက်တတ်၏။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ အီလက်ထရွန်းနစ်လုပ်ငန်း လုပ်ပါ။ အကျိုးထူးမှုရှိမည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် အခွင့်ကောင်းဖြစ်၏။ ငွေဖြူပုံမှန်ဝင်ကိန်း ရှိသည်။ အချင်း



www.burmeseclassic.com

www.burmeseclassic.com

ရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ စေ့စပ်နိုင်၏။ အိမ်ထောင်ကျကိန်းရှိသည်။ အခွင့်ကောင်းကို လက်မလွှတ်စေသင့်။

## ရှောင်ကြဉ်ရန်အချက်များ

ဖူးစာရှင်အစစ်တွေ့တတ်၏။ အခွင့်အရေး၊ အခွင့်ကောင်း ဆုံးရှုံးတတ်ပါသည်။ စေ့စပ်စရာရှိသည်များ အမြန်စေ့စပ်ပါ။ အမြန်လက်ထပ်သင့်ပါသည်။ လက်မနှေးသင့်။ ခေါင်းကိုက်ခြင်း၊ မျက်စိရောဂါရတတ်သည်။ ရောဂါကို မွေးမထားသင့်။ အမြန်ဆေးဝါးကုသမှု ခံယူပါ။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကွန်ပျူတာလုပ်ငန်းနှင့် ပတ်သက်ပြီး အကျိုးပေးမည်။ ငွေဝင်မည်။ လာဘ်ရွှင်မည်။ လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အထည်ချုပ်လုပ်ငန်းနှင့် အကျိုးမပေးပါ။ မလုပ်ကိုင်သင့်။ လေကြောင်းခရီးကို ရှောင်ပါ။ ဘေးအန္တရာယ်များလှ၏။ စေ့စပ်နိုင်ပါသော်ငြားလည်း လက်မထပ်သင့်သေးပါ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရွှေကုန်သည်၊ ရွှေအရောင်းအဝယ်လုပ်သူများ အကျိုးပေးမည်။ ထူးခြားမှုရှိမည်။ ငွေများလိုမ့်၍ ဝင်ကိန်းရှိ၏။ လာဘ်ရွှင်မည်။ ကြီးပွားမည်။ အခွင့်ထူး၊ အခွင့်ကောင်းကို လက်မလွှတ်စေသင့်ပါ။ စေ့စပ်နိုင်၏၊ လက်ထပ်နိုင်၏။ အချစ်ရေး၊ အိမ်ထောင်ရေး သာယာစိုပြည်မည်။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ငွေဖြူပုံမှန် ဝင်နေမည်ဖြစ်၍ ငွေမည်း လုံးဝ လက်မခံသင့်ပါ။ အမှုပြဿနာတက်တတ်၏။ ငွေရတုန်း စုဆောင်းထားပါ။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ခရီးထွက်နိုင်၏။ သို့သော် လေကြောင်းခရီးကို ရှောင်ကြဉ်ပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စာပေထုတ်ဝေခြင်း၊ ပုံနှိပ်ခြင်းလုပ်ငန်း လုပ်ပါ။ အကျိုးပေးမည်။ စာပေ၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံပါ။ အကျိုးဖြစ်ထွန်းမှုရှိမည်။ အလုပ်နှင့်အိမ်ရာ ပြောင်းရွှေ့နိုင်၏။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ငွေကြေးလောဘ မကြီးရ။ တရားမဝင်ငွေများ ဝင်ကိန်းရှိ၏။ လုံးဝလက်မခံရ။ အရက်သေစာ မသောက်ရ။ ကားမောင်းလျှင် သတိထားပါ။ မတော်တဆ ထိခိုက်မှုဖြစ်တတ်သည်။ သတိထားပါ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း အလုပ်ကြိုးစားလုပ်ပါ။ အလုပ်ဖိစီးမှုရှိသော်လည်း စိတ်မလျှော့သင့်။ ဖွဲလုံ့လစိုက်ပြီး ရဲဝံ့စွာလုပ်သွားပါ။ မကြာမီ ရာထူးတိုးဖွယ်ရှိပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ငွေထုတ်ချေးခြင်း မပြုရ။ အလိမ်ခံရတတ်သည်။ ပြန်ရမည် မဟုတ်ပါ။ ငွေကြေးပျောက်ဆုံးတတ်၏။ အထူးသတိနှင့် ဆင်ခြင်ပါ။ အချစ်ရေး သုံးပွင့်ဆိုင်ကိန်း ကြုံရတတ်သဖြင့် ဦးနှောက် ခေါင်းအေးအေးထားပြီး စီစဉ်ဆုံးဖြတ်ပါလေ။ အချစ်ရေး အပြောင်းအလဲရှိတတ်၏။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊
၂၀၁၄ ခုနှစ်၊ စက်ဘပူနိုင်ငံ။



www.burmeseclassic.com

www.burmeseclassic.com



# သေလုအောင် လာချင်သူ

**မောင်ကောင်းမြင့်**

''ကိုယ်တွေ့ အမေရိကား'' ဆောင်းပါးတစ်ပုဒ်၌ ဤနိုင်ငံသို့ မလာမီ ဆောင်ရန်နှင့် ပတ်သက်၍ web-site များတွင်တင်ထားသော သတင်း (ဆောင်းပါး)များကို ဖတ်ရှုလေ့လာဖို့ ပြောခဲ့ပါသည်။ အကြောင်းအရာ အသေးစိတ်ကိုမူ မဖော်ပြခဲ့ပါ။

အလားတူ နိုင်ငံခြားသို့ မထွက်ခွာမီ ကျန်းမာသော ကိုယ်ကာယအနေအထားနှင့် ကြံ့ခိုင်သောစိတ်ဓာတ် မွေးမြူထားဖို့လည်းဆိုခဲ့ပါသည်၊ အကြောင်းအရာ အသေးစိတ် မဟုတ်သော်လည်း အသင့်အတင့်မျှသော အချက်တို့ကို ဖော်ထုတ်ရေးသားခဲ့ပါသည်။

အခြားဆောင်းပါး တစ်ပုဒ်တွင် Living together-married-but-lonely စသော စကားများကို ဖော်ပြခဲ့ပါသည်။ အကျယ်တော့မရေးသားခဲ့ပါ။

ဤဆောင်းပါးတွင် ထိုအချက်သုံးချက်နှင့် ဆက်နွယ်သောအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကို ရေးသားသွားရန်ရည်ရွယ်ပါသည်။

မိမိက 'အမေရိကား'ကို အခြေခံ၍ ရေးခဲ့သော်လည်း အလားတူပင် ရေခြားမြေခြား နိုင်ငံအားလုံး(ထိုင်း၊ စင်္ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ ဖိလစ်ပိုင် စသော အာရှနိုင်ငံများ၊ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလျ စသော ရပ်ဝေးဒေသ နိုင်ငံများ အားလုံးကို ရည်ညွှန်းပါသည်။) သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် လူနေမှုစနစ်နှင့် (အနည်းနှင့်အများ) ကွာခြားကြသည်သာ ဖြစ်ပါ၏။ ထို့ကြောင့် ထိုနိုင်ငံများသို့ ရောက်လျှင် (အနည်းစုသာ မြန်မာတို့ကို တွေ့ရပြီး) တိုင်းတစ်ပါးသားတို့နှင့် ဆက်ဆံနေထိုင်ကြရတော့မည် ဖြစ်ပါသည်။

ထိုအခါ 'မီးများမီးနိုင်၊ ရေများရေနိုင်'သော သဘာဝအတိုင်း အနည်း၏ အရည်အသွေးသည် အများကြားတွင် ပျောက်ဆုံးမှုများလာတတ်ပါသည်။ (အပေါင်း/အကောင်းလက္ခဏာ ပျောက်ဆုံးခဲ့လျှင် ဝမ်းနည်းစရာကောင်းပါသည်။)

ထို့ကြောင့်လည်း Web-site များတွင် စင်္ကာပူ၊ ထိုင်းနှင့် အမေရိကားတို့၌ ရောက်ရှိနေသော မြန်မာတို့နှင့်ပတ်သက်၍ ဖတ်စရာများတွေ့လာရပါသည်။ အားလုံးမှန်သည်ဟု မဆိုလိုပါ။ ယေဘုယျလက္ခဏာဖြစ်၍ ဆင်ခြင်စရာများကိုတွေ့ရပါမည်။ (အသေးစိတ်ကို မိမိဘာသာရှာဖွေဖတ်ရှုပါ။) အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟူသော အဖြေကို ယခုအခါ မိမိတွေ့ရှိသမျှ အတွေ့အကြုံများထဲမှ ထုတ်နုတ်ဆင်ခြင်၍ ရေးသားသွားပါမည်။)

ရေခြားမြေခြား သဘာဝမတူသဖြင့် အခက်အခဲရှိခြင်း၊ ဘာသာစကား အခက်အခဲရှိခြင်း၊ အလုပ်အကိုင်အခက်အခဲ တွေ့ရတတ်ခြင်း၊ ငွေကြေးအခက်အခဲ တွေ့ရခြင်း၊ မိမိပတ်ဝန်းကျင်၌ အားကိုးအားထား ပြုလောက်အောင် ကူညီစောင့်ရှောက်မှု မရနိုင်ခြင်း၊ (အဖော်ကောင်းမဲ့ခြင်း)၊ ရောဂါပိုး ကူးစက်ခံရခြင်းသဖွယ် အကျင့်ကူးစက်ခြင်း စသောအချက်များကို တွေ့ရလေသည်။

## ရေခြားမြေခြား သဘာဝမတူခြင်း

အထူးပြောစရာ မလိုပါ။ မွေးကတည်းက နေလာခဲ့သော မိမိနိုင်ငံ၏ ဓလေ့၊ ဘာသာ၊ ယဉ်ကျေးမှု ပုံစံနှင့် အာရှသားချင်းပင် မတူနိုင်ကြပါ။ (အနောက်နှင့်ကား ပို၍ ဗီလာဖြစ်နေတတ်ပါသည်။) ထိုအခါ အနေအထိုင်၊ အစားအသောက်၊ ဆက်ဆံရေးမှအစ အခက်အခဲ တွေ့ရတတ်သည်။

## ဘာသာစကား အခက်အခဲရှိခြင်း

မိမိနိုင်ငံတွင် သင်ကြားခဲ့ရသော အင်္ဂလိပ်စာသင်ကြားရေးမှာ 4 skills တွင် မြန်မာနိုင်ငံ၌ အရေးနှင့်အဖတ်သာ အဓိကဖြစ်နေသည်။ အပြောနှင့် နားအလေ့အကျင့်မှာ အားနည်းသည်။ ထို့ကြောင့် အနောက်သို့ရောက်လာသော ခေတ်ပညာတတ်များပင်လျှင် ပြောစကားနားထောင်၍ ချက်ချင်းနားလည်အောင် နားအကျင့်လိုသည်။ (အသံထွက် လေယူလေသိမ်း ကွာခြားမှုလည်း ပါသည်။) ထို့နောက် ပြန်ပြောတတ်သော (အထူးသဖြင့် ထိုနိုင်ငံသုံး အသုံးအနှုန်းအတိုင်း) အကျင့်ဖြစ်လာဖို့ လိုသည်။ အလုပ်ခွင်တွင် စာများဖတ်၍ နားလည်ရုံဖြင့် မလုံလောက်ပါ။ နားလည်ဖို့ ပြန်ပြောတတ်ဖို့ အရေးကြီးလှပါသည်။ ခရီးသွားလာရာတွင်လည်း နားလည်မှုနှင့် အပြောအရေးကြီးပါသည်။ Communication English နှင့် good working လောက်တော့ တတ်ဖို့လိုသည်။ နားထောင်ခြင်းနှင့် ပြောတတ်ခြင်းသည် ရေးတတ်ခြင်းထက် ပိုအရေးပါသည်။

## အလုပ်အကိုင် အခက်အခဲတွေ့ရတတ်ခြင်း

နိုင်ငံတစ်နိုင်ငံသို့ ရောက်လျှင် ချက်ချင်းအလုပ်ရဖို့ မလွယ်ပါ။ မြန်မာစကားနှင့် 'လှေထိုး၊ လှော်တိုက်'ဆိုသော လုပ်အား အဓိကအလုပ်မျိုးပင် ခက်တတ်ပါသည်။ လုပ်အား အဓိကဖြစ်သော စားသောက်ဆိုင်များ၌ လုပ်ခြင်း၊ ဆူရှီလိပ်ခြင်း၊ သယ်ပိုးလုပ်ခြင်းတို့၌ပင် လူခံမရှိပါက ချက်ချင်းရဖို့ မလွယ်ပါ။ သင်တန်းလက်မှတ် ကျွမ်းကျင်မှုဆိုင်ရာတို့ဆိုပါက သင်တန်းတစ်ခုခုတက်ပြီးမှ ရနိုင်မည်ဖြစ်၍ သင်တန်းကြေးနှင့် အချိန်ပေးဖို့ လိုလာပါသည်။

## ငွေကြေးအခက်အခဲ တွေ့ရခြင်း

အဓိကအဖြစ်ဆုံးထဲက ထိပ်ဆုံးဖြစ်သည်။ မိမိမှာ ငွေမရှိဘဲ ဘာမျှ မလုပ်နိုင်။ နေစရာအခန်း၊ စားစရိတ်၊ မိမိတစ်ယောက်တည်းအတွက် ရောက်စမှ အလုပ်ဝင်သည်အထိ ကာလအတွင်း သုံးစွဲကုန်ကျခံနိုင်ရန် ငွေလို



www.burmeseclassic.com

www.burmeseclassic.com

သည်။ အိမ်လခအတွက် အနည်းဆုံး နှစ်လမှ သုံးလစာ စားစရိတ်အတွက် နှစ်လအနည်းဆုံး ချွေတာသုံးစွဲနိုင်လောက်သော 'ငွေ'ရှိထားဖို့ လိုသည်။ (အမေရိကန်တွင် အိမ်လခ ၄၅၀ US ၅၀၀ နှင့် တစ်လလျှင် တစ်ဦးအတွက် အနည်းဆုံး ၄၀၀-၅၀၀ ခန့်လိုသည်။ ထို့ကြောင့် မိမိမှာ အနည်းဆုံးဒေါ်လာ ၃၀၀၀ မပါလာလျှင် မဖြစ်ပါ။) ငွေမပါလျှင် လူမသိဘဲ ဘဝပျက်သွားနိုင်သည်။ စားစရိတ်သာမက အမေရိကန်တွင် မရှိမဖြစ်ဟု ဆိုအပ်သော 'ဖုန်း တစ်လုံးအတွက်ပင်' ရင်းလိုက်ရသူများ ရှိသည်ဟု ကြားရဖူးသည်။ အမေရိကန်တွင် လိုသော Geeen Card, ID Card, SSA Card များရဖို့ လျှောက်ထားရခြင်း စောင့်ရခြင်းမှာ အနည်းဆုံး တစ်လခွဲလောက် အချိန်ပေးရတတ်သည်။

## မိမိပတ်ဝန်းကျင်၌ အားကိုးအားထားပြုလောက်အောင် ကူညီစောင့်ရှောက်မှု

သာမန်သိကျွမ်းရုံဖြင့် အားကိုး၍ မရပါ။ သင့်အတွက် အချိန်ပေးကူညီမည်ဟု မျှော်လင့်မထားပါနှင့်။ (ရှိတော့ရှိမည် ရှားသည်။) တစ်နာရီ လုပ်အားခ ၈ USD တစ်နေ့ ၈နာရီ = ၆၄ USD အကုန်ခံပြီး (အလုပ်ပျက်ခံပြီး) ကူညီဖို့ မလွယ်ပါ။ ကူညီနိုင်သည်ထားဦး။ တစ်ကြိမ်သာ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် 'မိမိကိုယ်သာ ကိုးကွယ်ရာ'ဟု ခံယူထားပါမှ တော်ရုံကျပေလိမ့်မည်။ မိတ်ဆွေတစ်ဦးကို တစ်ပတ်မျှ တည်းခိုဖို့လက်ခံထားလျှင် ကျေးဇူးတင်လိုက်ပေရော့။ အိမ်တွင် ညှိသည်လူပိုထားဖို့ (အကြောင်းများစွာကြောင့်) ခက်ပါသည်။ ထို့ကြောင့်လည်း ၁၀ × ၁၅ လောက်သာရှိသော တစ်ယောက်နေသာရုံ အခန်းကလေးများကို ငှားရမ်းနေ ထိုင်ကြရပါသည်။ တစ်ထပ်လျှင် ၄-၅ ဦးအထိ နေထိုင်ရတတ်ပြီး 'ဘုံ'ရေချိုးခန်း၊ 'ဘုံ'မီးဖိုခန်း ရှိသည်ကို သုံးစွဲရပါလိမ့်မည်။ ထို့ကြောင့် ကျန်းမာသော ကိုယ်ကာယ ကြံ့ခိုင်သော စိတ်ခွန်အား အပြည့်ရှိမှ လာဖို့လိုသည်။

## ရောဂါပိုး ကူးစက်ခံရခြင်းသည့် အကျင့်ကူးစက်ခြင်း

နိုင်ငံခြားရောက်လျှင် မိမိလူမျိုးစုမှာ လူနည်းစု။ ထို့ကြောင့် ထိုလူနည်းစုနှင့်သာ ပေါင်းရတတ်၏။ (အခြေအနေအရ မပေါင်းမဖြစ်) ထိုအခါ ထိုလူနည်းစု၌ပင် 'ရှင်နည်းရာ အဂ္ဂလူထွက်'ဆိုသလို နည်းလှသော အစု၌ပင် မိမိနှင့် သဟဇာတဖြစ်ဖို့ စိတ်သဘောတူညီဖို့နှင့် အကျင့်ကောင်းရှိဖို့ အရေးကြီးလေသည်။ အချို့မှာ အနောက်ကို (အရှေ့အာရှ၌ပင် ထိုင်း၊ စင်္ကာပူတို့ရှိ လူနေမှုကို အထင်ကြီးသောသူများ အထူးသဖြင့် လွတ်လပ်မှုကို အကြောင်းပြသော စိတ်လွတ်နေထိုင်မှု) အထင်ကြီး အတုခိုးသူများရှိသည်။

အမေရိကန် ပြည်ထောင်စုသို့ စီးပွားရေး၊ ပညာရေးတို့ကြောင့် ရောက်လာသူတို့တွင် ကြိုးစားရန်းကန်ရသဖြင့် အောင်မြင်မှုရသူများကိုလည်း တွေ့ရသည်။ အထူးသဖြင့် မြန်မာပြည်ဖွား တရုတ်(ကပြား) လူငယ်များ (ယခုတော့ အချို့မှာ သက်လတ်တန်းပင် ကျော်နေကြပါပြီ)ကို တွေ့ရသည်။ စီးပွားရေးအောင်မြင်သူများ၊ ပညာရေးအောင်မြင်သူများကို ကြည့်၍ မြန်မာစစ်စစ် နည်းပါးသည်ကို သတိထားမိသည်။ တရုတ်လူမျိုးများ၏ China Town သင်္ကြန်ပွဲမှာ နာမည်ကြီးသည်။ မြန်မာများကတော့ တရုတ်တို့ကြီးမှုးသော သင်္ကြန်ဟု ဆိုကြ၏။ ခက်သည်က မြန်မာတွေက စုစည်းမှုအားနည်းနေတုန်း ဖြစ်၏။

မိမိမိတ်ဆွေ 99C ဆိုင်ပိုင် တရုတ်(ကပြား)တစ်ဦးက လွန်ခဲ့သော အနှစ် ၂၀ ကျော်ကပင် ဤနိုင်ငံသို့ ရောက်ရှိလာပြီး ကြိုးစားကြရပုံ ပြောပြသည်။ အခြားတစ်ဦးမှာ ဝန်ထမ်းလောက၌ ရှိနေသည်။ သူကလည်း မြန်မာများအတွက် အကူအညီပေးသောကြောင့် မြန်မာများအကြောင်း ကောင်းကောင်းသိသည်။

မြန်မာအများစုသည် ကိုယ်ပိုင်အလုပ်အတွက် စိတ်မဝင်စားကြသေး။ အခြားသူ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ထံမှာပင်လုပ်နေကြဆဲ။ တရုတ်များကဲ့သို့ စုပေါင်း(ရှယ်ယာ)အလုပ်ဆိုပါက 'ကွဲကြ ပြဲကြသောဥဉ်'က မပျောက်ဘဲ ရှိနေသည်။ မအောင်မြင်ကြသေးပေ။

အခြားကူးစက်သော ရောဂါတစ်ခုမှာ လူမှုရေး။ မြန်မာလူငယ်များကို မြန်မာမိန်းကလေးများက အထင်မကြီးဟု ဆိုသံကြားရ၏။ မြန်မာမိန်းကလေးများမှာ လူမျိုးခြားကို (ဘာကြောင့်မှန်း မသိ)ပိုကြိုက်ကြသည်။ လက်တင်အမေရိကန်၊ ရုရှားနိုင်ငံတို့



www.burmeseclassic.com

www.burmeseclassic.com

လာရောက်သူများနှင့် လက်ထပ်ထားသူတို့ကို တွေ့ရသည်။ ကပ္ပလီနှင့်တွဲသူများ(တရားဝင်လက်ထပ်ခြင်း ရှိမရှိတော့မသိပါ)လည်း တွေ့ရ၏။ ကောင်းလေစွ။ multi divisity ဟု ဆိုကြ၏။ (အချို့က သည်မှာ အနေကြာတော့ သည်နိုင်ငံက လူနှင့်ပဲ ညားရမှာပေါ့ဟု ခပ်ဖွဖွ ဆိုကြ၏။ ကြာလျှင် မြန်မာ ပျောက်ဖို့ လမ်းစဖြစ်သည်ကို မစဉ်းစားကြပေ။)

မိမိတွေ့ဖူးသော မြန်မာ(တိုင်းရင်းသား)အမျိုးသမီးကလေး နှစ်ယောက်မှာ(ပဲဟု မြန်မာတို့ကခေါ်သော စကားဝုက်၊ လက်တင်အမေရိကမှ စပိန်စကားပြော နိုင်ငံသား)တို့နှင့် ရနေသည်။ တစ်ယောက်ကတော့ အတူမနေတော့ဟု သိရသည်။

မိမိကြုံခဲ့ရသော ဝန်းကျင်မှ living together နှစ်ဦးလောက် တွေ့ရသည်။ ဘာကြောင့် ထိုသို့မြင်ရသည်ကို လေ့လာကြည့်သောအခါ မိန်းကလေးများ သည်နိုင်ငံသို့လာဖို့မှာ ဤနိုင်ငံတွင် အနေကြာပြီးသောသူတို့က ခေါ်ယူကြရခြင်း (sponser)၊ နိုင်ငံရေးခိုလှုံခွင့်(asylum) နှင့် ဒုက္ခသည်စခန်း(Refugee camp)မှ ရောက်လာသူများဖြစ်ရာ သူတို့သည် 'အားကိုးဖို့' လူလိုသည်။ ထိုအခါ လက်တလော အခြေအနေအရ ဤသို့ အခြေအနေမျိုး ဖြစ်ရသည်။

မိမိ ဤနိုင်ငံသို့ရောက်ပြီး မကြာမီက တွေ့ရသော သူတစ်ဦးက သူ၏ဇနီးဖြစ်သူ(ကလေးသုံးယောက်၏မိခင်)ကို မိတ်ဆွေတစ်ဦးက လာရောက်လည်ပတ်ရင်း ခေါ်ယူပေါင်းသင်းသွားကြောင်း ကြားရသိရသည်။ [ web site များတွင် တင်ထားသည်] မြန်မာမလေ့ထုံးစံတွင် 'ကာမေသုကံ'မှာ အကြီးမားဆုံး ပြစ်မှုကြီးဖြစ်ရာ မြန်မာတို့အသိုင်းအဝိုင်းတွင် လူပျိုလူလွတ်ချင်းကိစ္စထက် ပိုဆိုးသည်ကို သတိချပ်သင့်ပေသည်။ အကြောင်းပြချက်မလိုအပ်သော ကိစ္စဖြစ်သည်ဟု ခံယူထားဖို့လိုသည်။

ဤနိုင်ငံတွင် အခန်းကလေးများဖြင့် နေထိုင်ရသည်ဖြစ်ရာ အခန်းကပ်ရက်နေသူတို့အဖို့ တွန်းပို့သော အခြေအနေတစ်ရပ်ဟု ဆိုချင်သည်။ အိမ်များကလည်း မိမိနိုင်ငံတွင်ကဲ့သို့ တစ်အိမ်တစ်အိမ် မြင်နိုင်သော အခြေအနေမရှိ။ တစ်ယောက်နှင့် တစ်ယောက်ကလည်း မသိကြရာ အခန်းထဲ ဝင်ရောက်သွားပါက ခြေရာပျောက်ပေပြီ။ ထို့ပြင် လွတ်လပ်သော ရုပ်ရှင်များ၊ web-site များနှင့် ပြင်ပတွင် တွေ့မြင်နေရသော နေထိုင်မှုစနစ်ကလည်း အားကျဖွယ်ရာ ဖြစ်သည်။ ရထားပေါ်၊ ကားပေါ်၊ ကျောင်းဝင်းထဲနှင့် လမ်းများ၌ပင် အရွယ်မျိုးစုံ၊ အရောင်အသွေးမျိုးစုံ ဖက်ရပ်နမ်းရှုပ်နေသည်မှာ 'အချစ်၏သင်္ကေတ' ပေလောမသိ။ (အဆုံးစွန်အားဖြင့် လူကြော်ငြာများကို မျိုးစုံကမ်းလှမ်းနေပေသည်။ web-site များ လက်ကမ်းကြော်ငြာများမှာ တွေ့မြင်နေသည်။)

ဤစာကို ရေးနေရင်း Book Mark web site ၌ တင်ထားသော မြန်မာသတင်းတစ်ပုဒ်တွင် ရန်ကုန်၏ ဖက်ရှင်ရှိုးပွဲတစ်ခု၏ ဓာတ်ပုံများမှာ အမေရိကားမှ Victoria's sceret ရှိုးပွဲ ကြော်ငြာနှင့်တူနေသည်။ ကူးစက်မြန်သော ရောဂါပေတည်း။

အလားတူပင် web site သတင်းတစ်ပုဒ်၌ ပြည့်တန်ဆာ ဒီပလိုမာနှင့် ဘွဲ့သင်တန်းကို စပိန်နိုင်ငံတက္ကသိုလ်တစ်ခု၌ ပို့ချပေးနေကြောင်း ဖတ်ရဖူးသည်။ မြန်မာနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ် အမျိုးသမီးတစ်ယောက်က 'တရားဝင် ပြည့်တန်ဆာ sex worker အသိအမှတ်ပြု ပြဋ္ဌာန်းပေးဖို့ တင်သွင်းမည်ဟု ဖတ်ရသေး၏။ အတော်လေးပင် ရှေ့ဉာဏ်တော်စူးရောက်ပေစွဟု ဆိုရပေတော့မည်။

မိမိရေးသားသော အချက်အလက်များကို ဖတ်၍ 'အကောင်းတွေ မရေးဘဲနေသည်'ဟု ထင်ခဲ့လျှင် မိမိတွေ့သော နိုင်ငံ၏စနစ်နှင့် လူထုအတွက် အဆင်ပြေမှုများကို ခရီးသွားဆောင်းပါးအသွင် ရေးခဲ့ဖူးပြီဖြစ်၍ ယခုစာမှာကား 'နိုင်ငံခြားသို့ လာချင်သော ရောဂါရှင်'များအတွက် ဆောင်ရန် ရှောင်ရန်ကို ရေးခြင်းဖြစ်ကြောင်း သတိချပ်စေချင်ပါသည်။ 'ချောက်ကမ်းပါး'ရှိသည်ဟု ပြောပါလျက် သတိနှင့် အသိ လက်လွှတ်ကာ သွားချင်သူတို့အတွက် မရည်ရွယ်ပါ။ ဆင်ခြင်တုံတရားဖြင့် ကြိုတင်ပြင်ဆင်၍ လာချင်သူတို့အတွက်သာ ဖြစ်ပါသည်။

သေလုအောင် လာချင်သူများရှိနေသလို သေလုအောင် ပြန်ချင်သူများရှိကြောင်းကိုမူ မျက်မြင်ဖြစ်ပါကြောင်း။

**မောင်ကောင်းမြင့်**




www.burmeseclassic.com

www.burmeseclassic.com

# တစ်ကွေ့တော့ တွေ့ကြဦးမည်

■ လှမိုး(ပညာရေး)





ဤဆောင်းပါးနှင့် ပတ်သက်၍ စာဖတ်သူများအား တင်ပြရန်အချက် နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ "တကွေ့တော့ တွေ့ကြဦးမည်" ဟူသော ဆောင်းပါး၏ အမည် ဖြစ်ပါသည်။ ဤဆောင်းပါး၏ အမည်သည် ကျွန်တော်၏ ကိုယ်ပိုင်မည်မဟုတ်ပါ။ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေကွယ်လွန်သူ စာရေးဆရာကြီးနတ်နွယ်၏ ထူးထူး ခြားခြား အောင်မြင်ပေါက်ရောက်သော ဝတ္ထုရှည်ကြီးတစ်ပုဒ်၏ အမည်ဖြစ်ပါသည်။ ထိုအမည်ကို ကျွန်တော် ဆက်လက် သုံးစွဲခဲ့သဖြင့် စာဖတ်သူများသည် ကျွန်တော့်အား ခွင့်လွှတ်ကြစေလိုပါသည်။

ဒုတိယအချက်မှာ ဤဆောင်းပါးတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သော ဂျပန်ဘုရင့်ကြည်းတပ်မတော်မှ ယနေ့ထိ ပျောက်ဆုံးနေသော ဒုတိယကမ္ဘာစစ်ရာဇဝတ်သား ဗိုလ်မှူးကြီးဆူဂျီမဆာနိဘု၏ သည်းထိတ်ရင်ဖိုဖွယ်ရာ၊ အငြင်းပွားဖွယ်ရာ ပျောက်ဆုံးနေမှု ဖြစ်ပါသည်။ မှန်ပါသည်။ ဗိုလ်မှူးကြီး ဆူဂျီမဆာနိဘုသည် ဒုတိယကမ္ဘာစစ်ကြီး ကာလက ဂျပန်ဘုရင့်ကြည်းတပ်မတော် သမိုင်းတွင် ထူးထူးခြားခြား ထင်ပေါ်ကျော်ကြား လူသိများခဲ့သူဖြစ်သည်။ ထိုစဉ်ကာလက သူသည် ဂျပန်ဘုရင် ကွန်တန်တပ်မတော်တွင် ဒုတိယ ဗိုလ်မှူးကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ရာထူးအားဖြင့် ငယ်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ဂျပန်ဘုရင့် တပ်မတော်မှ တက်ကြွသော လူငယ်အရာရှိများအား ခေါင်းဆောင်၍ ဂီကိုဂူဂျို ခေါ်သော လျှို့ဝှက်အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းတည်ထောင်ခဲ့သူဖြစ်သည်။ သူတို့သည် ဂျပန်ဘုရင့် တပ်မတော်ကြီးအား ဂျပန်နိုင်ငံ၏ နိုင်ငံရေးတွင် ကြိုးကိုင်ထားရန် ရည်ရွယ်ခဲ့သော အရာရှိငယ်များသာ ဖြစ်သည်။

ကျွန်တော်တို့ စာဖတ်ပရိသတ်ကြီးသည် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်နှင့် ဥရောပတိုက်နိုင်ငံအသီးသီးမှ အပြစ်မဲ့ပြည်သူများ မဟာမိတ်စစ်သုံ့ပန်းများနှင့် ဂျူးအမျိုးသား သန်းပေါင်းများစွာတို့အား ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြသော နာဇီဂက်စတာပိုအဖွဲ့မှ အရာရှိများ၊ နာဇီကပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ၊ နာဇီပါတီခေါင်းဆောင်များအား ဖမ်းဆီး၍ ဂျာမနီနိုင်ငံ၊ နူရင်ဘတ်မြို့ စစ်ခုံရုံးတွင် နိုင်ငံတကာ တရားဥပဒေနှင့်အညီ စစ်ဆေး၍ အပြစ်ပေးခဲ့ကြသည်။ ဖြစ်ရပ်များကို ဖတ်ရှုပြီး ဖြစ်မည်ဟု ယူဆပါသည်။

ထိုကိုယ်ရောင်ဖျောက် ထွက်ပြေးတိမ်းရှောင်သူများ နောက်သို့ မဟာမိတ်နိုင်ငံများဖြစ်သော အင်္ဂလန်၊ ပြင်သစ်၊

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယခု ရုရှား) တို့မှ စုံထောက်အဖွဲ့ဝင်များ၊ ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ပိုက်စိပ်တိုက်၍ တကောက်ကောက် လိုက်ကာ ဖမ်းဆီးခဲ့ကြပြီး ဖမ်းဆီးရမိသူများအား နူရင်ဘာက်မြို့ စစ်ခုံရုံးသို့ တရားစွဲဆိုနိုင်ခဲ့ကြပါသည်။ နာဇီဂျာမန် ဂက်စတာပိုများနှင့် နာဇီစစ်ထောက်လှမ်းရေးအဖွဲ့ဝင်တို့သည် ယူဆန်စွာ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်မှုများ၊ ငရဲခန်းများမှ ကံအားလျော်စွာ လွတ်မြောက်ခဲ့ကြသော ဂျူးအမျိုးသားများသည် "မမေ့နိုင်သူများ"ဟူသော ချိတ်ဆက်အဖွဲ့အစည်းဖွဲ့၍ စစ်ရာဇဝတ်သားများနောက်သို့ ခြေရာခံ၍ ဖမ်းဆီးခဲ့ကြသည်။

ဂျူးအမျိုးသား ဆိုင်မွန်ဝီဆင်သော် အမှူးပြုသော ပုဂ္ဂိုလ်အချို့ကလည်း ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် မိမိအစီအစဉ်ဖြင့် ရုံးခန်းဖွင့်ကာ နာဇီစစ်ပြေးတရားခံများနောက်သို့ အနံ့ခံလိုက်ခဲ့ပြီး ဖမ်းဆီးရမိသော ဝရမ်းပြေးစစ်တရားခံများကို ဥပဒေအတိုင်း အရေးယူနိုင်ခဲ့သည်။

အစ္စရေးနိုင်ငံ ထောက်လှမ်းရေးအဖွဲ့ကလည်း အထက်ဖော်ပြပါ စစ်ပြေးတရားခံများနောက်သို့ ခြေရာခံ၍ လိုက်နိုင်ခဲ့ပြီး နာမည်ကျော် နာဇီဝရမ်းပြေးစစ်တရားခံများဖြစ်သော အိုက်(စ်)မန်းနှင့် မူလာ စသော ပုဂ္ဂိုလ်များအား တရားဥပဒေအတိုင်း အပြစ်ပေးနိုင်ခဲ့သည်။ သို့သော် နာဇီပါတီ ထိပ်သီးခေါင်းဆောင်တစ်ဦးဖြစ်သော မာတင်သိုမင်နှင့် သေမင်းတမန်ဆရာဝန်ဟု သတင်းမီဒီယာများက ကင်ပွန်းတပ်ခံရသော ဒေါက်တာမင်ဂလေတို့ကိုမူ ဖမ်းဆီးရမိခြင်းမရှိခဲ့။ (အထက်ဖော်ပြပါ စစ်ပြေးတရားခံများအကြောင်းများကို ကွယ်လွန်သူ စာရေးဆရာကြီး လင်းယုန်မောင်မောင်က ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။) သို့သော် အချို့ဂျာမန်စစ်တရားခံများမှာမူ နည်းလမ်းအမျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ ပုန်းအောင်းနေခဲ့ကြသော်လည်း ရေခံမြေခံ ခြေရာခံလိုက်သူ နာဇီမုန်းသူများကြောင့် အသက် ၉၀ ကျော်မှ ဖမ်းဆီးရမိသူ စစ်တရားခံများလည်း ရခဲ့ကြပါသည်။

ယခုရေးသားဖော်ပြမည့် စစ်ပြေးတရားခံမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဂျပန်ဘုရင့် ကွန်တန်တပ်မတော်မှ ဗိုလ်မှူးကြီးဆူဂျီ မဆာနိုဘု၏ သည်းထိတ်ရင်ဖိုဖွယ်ရာခြေရာဖျောက်မှု ဖြစ်ပါသည်။ ဗိုလ်မှူးကြီးဆူဂျီမဆာနိုဘု အပါအဝင် ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိအရာခံ အကြပ်တပ်သားတိုင်းသည် အောက်ပါခံယူချက်များ ရှိခဲ့ကြသည်။

(က) လူတိုင်းသည် တိုင်းပြည်အတွက် သစ္စာရှိရမည်။

(ခ) လူတိုင်းသည် တိုင်းပြည်နှင့် လူမျိုးအတွက် မိမိကိုယ်ကို ပဓာနမထားကြရ။

(ဂ) လူတိုင်းသည် နေမျိုးနွယ်ဘုရင့်အလိုတော်အရ ကမ္ဘာကို ကယ်တင်ရမည်။

(ဃ) လူတိုင်းသည် တိုင်းပြည်အကျိုးကို သယ်ပိုးရာတွင် စေတနာအပြည့်၊ နားလည်မှုကြီးမားစွာဖြင့် ဆောင်ရွက်ကြရမည်။

ဟူသော ယုံကြည်ချက်များ ထားခဲ့ကြရာ ဂျပန်ဘုရင့်တပ်မတော်သားများ၏ ပြင်းထန်သော တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ရင့်ကျက်ခိုင်မာမှုသည် ကမ္ဘာတွင် အခြားအခြားသော တိုင်းပြည်နှင့် လူမျိုးများထက် ထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။ ဤကဲ့သို့ စိတ်ဓာတ်ပြင်းထန်သော ဂျပန်ဘုရင့်တပ်မတော်သည် ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်၊ တနင်္ဂနွေနေ့ နံနက်စော

www.burmeseclassic.com

စောတွင် စစ်ကြေညာခြင်းမပြုဘဲ ပုလဲဆိပ်ကမ်းရှိ အမေရိကန်ပြည်ထောင်စုရေတပ်မတော်အား အလစ်ဝင်တိုက်ခဲ့ကြသည်။ ဤနည်းအားဖြင့် နောင်အခါ (၁၉၄၂-၁၉၄၅)၌ သုံးနှစ်သုံးမိုး ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ တစ်ခုလုံး သွေးချောင်းစီးခဲ့ကြရသည်။

၁၉၄၅ ခု၊ စက်တင်ဘာလ ၂ ရက်နေ့တွင် ဂျပန်တို့သည် လက်နက်ချခဲ့ကြပြီး စစ်ရှုံးစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးပြီးသောအခါ အရှေ့တောင်အာရှတစ်ခွင်၌ အပြစ်မဲ့ပြည်သူများ၊ မဟာမိတ်စစ်သုံ့ပန်းများနှင့် ဂျပန်တို့၏ ဖက်ဆစ်ဝါဒကို ဆန့်ကျင်ခဲ့သူများအား လူသားမဆန်စွာ နှိပ်စက်ခဲ့ကြသော ဘုရှီဒို ဂျပန်သူရဲကောင်းဆိုသူများအား စစ်ရာဇဝတ်သားများအဖြစ် ဖမ်းဆီး၍ အရှေ့တောင်အာရှနိုင်ငံအသီးသီးရှိ စစ်ခုံရုံးများတွင် စစ်ဆေး၍ အရေးယူခဲ့ကြသည်။ အထူးသဖြင့် စစ်ကြီးဖြစ်ပွားနေစဉ်အတွင်း နိုင်ငံတကာက လိုက်နာကြရမည့် စစ်စည်းကမ်းများနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေများကို ချိုးဖောက်ကာ အရပ်သူအရပ်သားများအား အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခြင်းဖြင့် အလုပ်ကြမ်းများပြုလုပ်ရန် ခွေးတပ်ဆွဲ၍ ရက်စက်စွာ ညှဉ်းဆဲခိုင်းစေခြင်း၊ လူသားမဆန်သည့် နည်းမျိုးစုံနှင့် နှိပ်စက်သတ်ဖြတ်ခြင်း၊ စစ်သုံ့ပန်းများအား တရားမဲ့ခိုင်းစေခြင်း၊ သတ်ဖြတ်ခြင်း၊ ကျေးလက်မြို့ရွာအသီးသီးရှိ တိုက်တာနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း စသော စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သော ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိကြီးငယ်များကို စစ်ခုံရုံးများတွင် စစ်ဆေး၍ အရေးယူခဲ့ကြသည်။


ထိုစဉ်က ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၊ ဗြိတိသျှအစိုးရပိုင် ဟောင်ကောင်မြို့ (ယနေ့ တရုတ်နိုင်ငံပိုင်ဖြစ်ပါသည်။) ဂူအယ်ကျွန်းရှိ အာဂါနာမြို့၊ အင်ဒိုနီးရှားနိုင်ငံ တိုင်ရာမြို့၊ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တို့တွင် စစ်ခုံရုံးများဖွင့်၍ နိုင်ငံတကာ တရားဥပဒေများနှင့်အညီ စစ်ဆေး၍ အရေးယူခဲ့သည်။ အဆိုပါ အရှေ့တောင်

ဂျပန်တို့၏ ဖက်ဆစ်ဝါဒကို
ဆန့်ကျင်ခဲ့သူများအား
လူသားမဆန်စွာ
နှိပ်စက်ခဲ့ကြသော
ဘုရှီဒို ဂျပန်သူရဲကောင်း
ဆိုသူများအား
စစ်ရာဇဝတ်သားများအဖြစ်
ဖမ်းဆီး၍ အရှေ့တောင်အာရှ
နိုင်ငံအသီးသီးရှိ
စစ်ခုံရုံးများတွင် စစ်ဆေး၍
အရေးယူခဲ့ကြသည်။

အာရှနိုင်ငံအသီးသီးမှ စစ်ခုံရုံးများအနက် ပထမဆုံးဖွင့်လှစ်သော စစ်ခုံရုံးမှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တော်မှ စစ်ခုံရုံးဖြစ်သည်။

ထိုစစ်ခုံရုံးကို ဂျပန်တို့ လက်နက်ချပြီး နှစ်လမပြည့်မီ ၁၉၄၅ ခု၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စစ်ခုံရုံးတွင် တစ်ဦးတည်းသော စစ်


Sergeant Okada—'Doctor Death'


Building the bridge at Tamuang



www.burmeseclassic.com

www.burmeseclassic.com

တရားခံအဖြစ် စစ်ဆေးခဲ့ရသူမှာ အမှတ် ၂၅ ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး ရာမာရှိတာ ဖြစ်သည်။ သူ့အား "ရာမရှိတာ"ဟူသော အမည်ထက် မလေးကျားကြီးဟု လူသိများသည်။ အရှေ့တောင်အာရှသို့ စစ်မီးကြီး ကူးစက်လာသောအခါ ရာမရှိတာသည် ယိုးဒယား(ယနေ့တိုင်း) မလေးရှားနှင့် ဗြိတိသျှတို့၏ ဟိုးဟိုးကျော်ခဲ့သော စင်္ကာပူခံတပ်ကြီးကို ရက်သတ္တပတ် အနည်းငယ်အတွင်း သိမ်းပိုက်နိုင်ခဲ့ရာမှ မလေးကျားကြီးဟု နာမည်ကျော်ခဲ့သည်။

ထိုစဉ်က စင်္ကာပူနိုင်ငံ၊ မလေးကျွန်းဆွယ်တွင် တပ်စွဲထားသော ဗြိတိသျှဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီးပါစီဗဲလ်၏ အင်အားသည် စစ်သည်ရဲမက်တစ်သိန်းရှိခဲ့ပြီး မလေးကျားကြီးဟု အများက ကင်ပွန်းတပ်ခံရသူ ရာမရှိတာ၏ အင်အားမှာ ၆၀၀၀၀ ခန့်သာရှိသည်။ ဗြိတိသျှတို့ လက်နက်ချခဲ့ရပြီးနောက် အနည်းငယ်အတွင်း မလေးကျားကြီး၏ ဘူရှီဒိုသူရဲကောင်းများဟု ကြွေးကြော်ခဲ့သော ဂျပန်စစ်သားများသည် စင်္ကာပူ၊ ဖိလစ်ပိုင်၊ မလေးရှားစသော နိုင်ငံများမှ စစ်နှင့် လုံးဝမသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူ အရပ်သား၊ အရပ်သူများကို အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်ခဲ့ကြသည်။ မှတ်တမ်းများအရ စင်္ကာပူမြို့ပေါ်မှ တရုတ်ကုန်သည် ၅၀၀၀ ခန့်မှ ရာမာရှိတာ၏ စစ်သားများလက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။

အလားတူပင် သုံ့ပန်းစခန်းများ၌ ဖမ်းဆီးချုပ်နှောင်ခြင်းခံခဲ့ရသော မဟာမိတ်တပ်သားများမှာလည်း ရက်ရက်စက်စက် နှိပ်စက်ခံရသည်။ ချွေးတပ်စခန်းများ၊ သေမင်းတမန် ခရီးရှည်တက်မှုများကြောင့် ထောင်ပေါင်းများစွာသော မဟာမိတ်စစ်သုံ့ပန်းများမှာ မရှုမလှ သေဆုံးခဲ့ရသည်။ ကျေးရွာများမှ အမျိုးသမီးကြီးငယ်အများမှာ မတော်မတရား ပြုကျင့်ခြင်းခံကြရသည်။ ကျေးရွာများ၊ ဘာသာရေးအဆောက်အအုံများ၊ ဆေးရုံဆေးပေးခန်းများမှာလည်း မီးလောင်တိုက် အသွင်းခံခဲ့ရသည်။ ဆေးရုံများမှ သူနာပြုဆရာမများမှာလည်း မတော်မတရား ပြုခြင်းခံရ၏။ ဤပြစ်မှုများနှင့် ပတ်သက်၍ မလေးကျားကြီးဟု ကင်ပွန်းတပ်ခံရသော ဗိုလ်ချုပ်ကြီး ရာမရှိတာမှ စစ်ရာဇဝတ်သားအဖြစ် စစ်ဆေးခံရသည်။ ဂျပန်စစ်သားများ၏ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရသောဘေးမှ ကံကောင်းထောက်မ၍ လွတ်မြောက်လာခဲ့သူမှာ ချွေးတပ်စခန်းများမှ မသေမပျောက် ကြွင်းကျန်ရစ်သူများ၊ အရပ်သူအရပ်သားအများသည် တရားခွင်တွင် သက်သေအဖြစ် ထွက်ဆိုခဲ့ကြသည်။ စစ်ရာဇဝတ်ရုံးအနေဖြင့် နိုင်ငံတကာတရားဥပဒေနှင့်အညီ စစ်ဆေးခဲ့ကြသည်။

ဘူရှီဒိုသူရဲကောင်း
ဗိုလ်မှူးကြီးဆူဂျီမဆာနိဘုသည်
ဗုဒ္ဓဘာသာဘုန်းတော်ကြီး
တစ်ပါးအဖြစ်
ရုပ်ပြောင်းရုပ်လွှဲပြုကာ
ထွက်ပြေးတိမ်းရှောင်ခဲ့သည်။
သူ့နောက်သို့ အင်ဒိုနီးရှား
(ထိုစဉ်ကအရှေ့အိန္ဒိယကျွန်းစု)
နိုင်ငံမှ မျိုးချစ်များ၊
မလေးရှားနိုင်ငံမှ
မျိုးချစ်လူငယ်များ၊
မဟာမိတ်စစ်ဘက်
ထောက်လှမ်းရေးများက
ပိုက်စိပ်တိုက်ခြေရာခံလိုက်ခဲ့
သော်လည်း
သူနှင့်ပတ်သက်သော
သတင်းတစ်စုံတစ်ရာ မရခဲ့။

မနီလာ စစ်ခုံရုံးတွင် မလေးကျားကြီးခေါ် ရာမာရှိတာအား အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကျူးလွန်ခဲ့သော စစ်ရာဇဝတ်ပြစ်မှုများအတွက် တစ်လကျော်မျှ ကြာနာစစ်ဆေးခဲ့သည်။ ရာမာရှိတာကမူ ဤစစ်ရာဇဝတ်မှုများကို ကျူးလွန်လုပ်ဆောင်ချက်များအတွက် သူ့တွင် တာဝန်မရှိပါဟု ကိုယ်တိုင်လျှောက်လဲချက်ပေးခဲ့သည်။ သို့သော် စစ်တပ်တို့မည်သည် အထက်မှ အောက်သို့ အဆင့်ဆင့် အမိန့်နာခံမှုနှင့် အောက်မှ အထက်သို့ အဆင့်ဆင့် တာဝန်ခံမှုများဖြင့် ဖွဲ့စည်းရမြဲဖြစ်ရကား ဗိုလ်ချုပ်ကြီး ရာမာရှိတာတွင် တာဝန်ရှိသည်ဟု တရားရုံးက ဆုံးဖြတ်၍ မလေးကျားကြီးအမည်ခံ ရာမာရှိတာအား ကြိုးမိန့်ချမှတ်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကြိုးဒဏ်စီရင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် စစ်ဆေးခဲ့သော အပြည်ပြည်ဆိုင်ရာ စစ်ခုံရုံးတွင် တရားစွဲဆိုခြင်းခံရသော ဂျပန်စစ်တရားခံများမှာ စုစုပေါင်း ၂၈ ယောက် ဖြစ်ခဲ့သည်။ ၎င်းတို့အနက် အသက် ၅၀ ရှိသူမှာ အငယ်ဆုံးဖြစ်ပြီး ကျန်အားလုံးမှာ အသက် ၆၀ ကျော်အရွယ်များသာ ဖြစ်ကြသည်။ ထိုတရားခံများအားလုံးအနက် ခုနစ်ဦးအား သေဒဏ်ချမှတ်ခဲ့ပြီး ကျန်တရားခံအများမှာမူ ထောင်ဒဏ်တစ်သက်အပြစ်ပေးခြင်းခံခဲ့ရသည်။

ဂျပန် စစ်ရာဇဝတ်သားများအနက် မလေးရှားကျားကြီးဟု ကင်ပွန်းတပ်ခံရသော ဗိုလ်ချုပ်ကြီး ရာမာရှိတာသည် ဘူရှိဒိုသူရဲကောင်းပီသစွာ ကြိုးစင်ထက်သို့ အေးအေးဆေးဆေး တက်ရောက်သွားခဲ့သော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် မလေးရှားကျားကြီး၏ ညာလက်ရုံးဟု အများက ယူဆထားသော ဘူရှိဒိုသူရဲကောင်း ဗိုလ်မှူးကြီး ဆူဂျီမဆာနိဘုမှာမူ ဂျပန်တို့လက်နက်ချခဲ့သည့်နေ့ကစ၍ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ အမှန်အားဖြင့် ဗိုလ်မှူးကြီးဆူဂျီမဆာနိဘုသည် အရှေ့တောင်အာရှတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်စစ်ဝါဒီတို့ကျူးလွန်ခဲ့သော ဆိုးသွမ်းရက်စက်မှုများဖြစ်သော စစ်သုံ့ပန်းများအား သတ်ဖြတ်ခြင်း၊ သေမင်းတမန် ခရီးရှည်ခြေလျင်သွားစေခြင်း၊ ကိုယ်လက်အင်္ဂါများကို ခုတ်ဖြတ်ခြင်း၊ လူအရှင်လတ်လတ် ဆေးဝါးသုတေသနလုပ်ကာ ခွဲစိတ်ခြင်း၊ လူသားစားခြင်း၊ အမျိုးသမီးများကို မတော်မတရားပြုခြင်း၊ စစ်သုံ့ပန်းများနှင့် အရပ်သားအကျဉ်းသမားများကို အစာရေစာ အလုံအလောက် မပေးခြင်း၊ နာရီပေါင်းများစွာ မနေမနားခိုင်းစေခြင်း စသော ရက်စက်ညှဉ်းပန်းမှုများ ပြုလုပ်ရာတွင် တာဝန်ရှိသူတစ်ဦးအဖြစ် ပါဝင်ခဲ့သည်။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလက စ၍ သူသည် မလေးကျားကြီးဟု ကင်ပွန်းတပ်ခံရသော ဗိုလ်ချုပ်ကြီးရာမရှိတာ၏ လက်အောက်တွင် ဒုတိယဗိုလ်မှူးကြီးတာဝန်ဖြင့် မလေးကျွန်းဆွယ်မှ အရပ်သူ၊ အရပ်သားများ မဟာမိတ်စစ်သုံ့ပန်းများ စင်္ကာပူမြို့မှ တရုတ်အမျိုးသား ကုန်သည်အများကို နှိပ်စက်သတ်ဖြတ်ရာတွင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဘူရှိဒိုသူရဲကောင်း ဗိုလ်မှူးကြီး ဆူဂျီမဆာနိဘုသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးအဖြစ် ရုပ်ပြောင်းရုပ်လွှဲပြုကာ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ သူနောက်သို့ အင်ဒိုနီးရှား (ထိုစဉ်က အရှေ့အိန္ဒိယကျွန်းစု)နိုင်ငံမှ မျိုးချစ်များ၊ မလေးရှားနိုင်ငံမှ မျိုးချစ်လူငယ်များ၊ မဟာမိတ်စစ်တက်ထောက်လှမ်းရေးများက ပိုက်စိပ်တိုက်ခြေရာခံလိုက်ခဲ့သော်လည်း သူနှင့်ပတ်သက်သော သတင်းတစ်စုံတစ်ရာမရခဲ့။ အမေရိကန်ပြည်ထောင်စု တပ်မတော်ထောက်လှမ်းရေးအဖွဲ့ကလည်း သူ့အား စစ်ရာဇဝတ်ဝရမ်းပြေးတစ်ဦးဟု ကြေညာ၍ သူနှင့်ပတ်သက်သော သတင်းပေးကြရန် ကြေညာခဲ့သော်လည်း သတင်းတစ်စုံတစ်ရာ မရခဲ့။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး အရေခြုံထားသော စစ်ရာဇဝတ်သား ဗိုလ်မှူးကြီး ဆူဂျီမဆာနိဘုသည် ပြည်တွင်းစစ်ဖြစ်ပွားနေသော တရုတ်နိုင်ငံသို့ ဟောင်ကောင်မှတစ်ဆင့် ထွက်ပြေးတိမ်းရှောင်ပြီး ချန်ကေရှိတ်တပ်ဖွဲ့များတွင် အကြံပေးဖြစ် တိတ်တဆိတ်အမှုထမ်းခဲ့သည်။ ပြည်သူ့တရုတ်နိုင်ငံ (ယနေ့ တရုတ်ပြည်)မှ ချန်ကေရှိတ်တပ်များ တိုင်ပေသို့ ဆုတ်ခွာခဲ့သောအခါ ဗိုလ်မှူးကြီးဟောင်း ဆူဂျီမဆာနိဘုသည် ပြင်သစ်ပိုင် အင်ဒိုချိုင်းနား (ယနေ့ ဗီယက်နမ်၊ လာအိုနိုင်ငံများ)သို့ တရုတ်ကုန်သည်တစ်ဦး ဟန်ဆောင်၍ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ လာအိုနိုင်ငံအရေးအခင်းများနှင့် ဗီယက်နမ်နိုင်ငံ ပြည်တွင်းစစ်များတွင် တရုတ်ကုန်သည်တစ်ဦးအဖြစ် ဟန်ဆောင်ခဲ့သော ဆူဂျီမဆာနိဘုသည် အမေရိကန်ပြည်ထောင်စု တပ်မတော်မှ တာဝန်ရှိသူများနှင့် လက်တွဲပါဝင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်၍ နာမည်ပြောင်းထားသော ဗိုလ်မှူးကြီး ဆူဂျီမဆာနိဘုသည် ဂျပန်နိုင်ငံသို့ တိတ်တဆိတ်ပြန်လည်ရောက်ရှိလာသည်ဟု ဆိုသည်။ ယနေ့ထိ သူ၏ သတင်းအစအန ရရှိခြင်းမရှိဟု ဆိုကြပါကြောင်း။

■ လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

Rougue Elephant



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး ၏ အိပ်မက်အဖွင့်ကျမ်း

## တက္ကသိုလ်မောင်တံခွန်

### (၁) ဝံပုလွေကို မြင်မက်ခြင်း

(က) ဝံပုလွေကို မြင်မက်လျှင် အတိတ်နိမိတ်မကောင်းလှချေ။ လုပ်ငန်းအကြံအစည် အောင်မြင်မည်မဟုတ်။

(ခ) မိန်းကလေး(အမျိုးသမီး)က ဝံပုလွေကို မြင်မက်လျှင် နာဖျားရပါလိမ့်မည်။

(ဂ) ဝံပုလွေအုပ်ကြီးကို မြင်မက်လျှင် ကံမကောင်းပါ။ ရန်သူများနှင့် ပက်ပင်းတိုးပါလိမ့်မည်။

(ဃ) ဝံပုလွေအုပ်ကြီး၏ အဝိုင်းခံရကြောင်း မြင်မက်လျှင် ကံကောင်းနိုင်၏။ စိတ်သောကရောက်မှု၊ အပူအပင်များမှုတို့ကို ကျော်လွှားပပျောက်နိုင်လိမ့်မည်။

(င) အိပ်မက်ထဲတွင် ဝံပုလွေအား သေနတ်ဖြင့် ပစ်ခတ်ကြောင်း မြင်မက်လျှင် လူကြောက်ကြီးဖြစ်ပါလိမ့်မည်။ လူတောသူတော ဝင်ဆံ့မည့်သူ မဖြစ်နိုင်ပါ။

(စ) ဝံပုလွေတစ်ကောင်က ကလေးငယ်တစ်ယောက်ကို ကိုက်ချီသွားကြောင်း မြင်မက်လျှင် သတိထားပါ။ နေအိမ်သူခိုးဝင်ငါမ့်မည်။ ဓားပြတိုက်လိမ့်မည်။

(ဆ) ဝံပုလွေတစ်ကောင်က မိမိအား ခုန်အုပ်ကြောင်း မြင်မက်လျှင် မိမိ၏ဇနီး ကိုယ်ဝန်ရရှိပါလိမ့်မည်။

### (၂) သိုးမွေးကို မြင်မက်ခြင်း

(က) သိုးမွေးကို မြင်မက်လျှင် ငွေဝင်ကိန်းရှိမည်။ ကြွယ်ဝချမ်းသာမည်။ ထီပေါက်မည်။

(ခ) မိန်းမ(အမျိုးသမီး)က သိုးမွေးကို မြင်မက်လျှင် မကြာမီ မီးဖွားပါလိမ့်မည်။

(ဂ) လူပျိုက သိုးမွေးကို မြင်မက်လျှင် မကြာမီ စုံပါလိမ့်မည်။ (မိန်းမကောင်းရရှိမည်။)

(ဃ) အကျဉ်းသားတရားခံက သိုးမွေးကို မြင်မက်လျှင် မကြာမီ ထောင်မှ လျှော့ရက်ရရှိကာ လွတ်မြောက်လာပါလိမ့်မည်။

(င) သိုးမွေးများ ဝယ်ယူကြောင်း မြင်မက်လျှင် သုခချမ်းသာခြင်းနှင့် ပြည့်စုံရပါလိမ့်မည်။

(စ) သိုးမွေးရောင်းကြောင်း မြင်မက်လျှင် အိမ်တွင် အစာရိက္ခာ ပြတ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃) အလုပ်အကိုင်(လုပ်ငန်း)ကို မြင်မက်ခြင်း

(က) ပင်ပင်ပန်းပန်း လုပ်ကိုင်နေရကြောင်း မြင်မက်လျှင် လုပ်ငန်းအကြံအစည် အောင်မြင်ပါလိမ့်မည်။

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးက ပင်ပင်ပန်းပန်း ပစ္စည်းအလေးကြီး မ,ကြောင်း မြင်မက်ရပါလျှင် မီးဖွားရာတွင် အခက်အခဲကြုံရပါလိမ့်မည်။

(ဂ) အကျဥ်းသားတရားခံက ပင်ပင်ပန်းပန်း အလုပ်လုပ်ရကြောင်း မြင်မက်လျှင် မကြာမီ ထောင်မှလွတ်မြောက်ရပါလိမ့်မည်။

(ဃ) လူနာက ပင်ပင်ပန်းပန်းလုပ်ကိုင်ရကြောင်း မြင်မက်လျှင် မကြာမီ ကျန်းမာလာပါလိမ့်မည်။

(င) ကုန်သည်က ပင်ပင်ပန်းပန်းလုပ်ကိုင်ရကြောင်း မြင်မက်လျှင် ဈေးရောင်းကောင်း၊ ဝင်ငွေကောင်းရပါလိမ့်မည်။

(စ) ဇနီးသည်က ပင်ပင်ပန်းပန်း လုပ်ကိုင်ရကြောင်း မြင်မက်လျှင် မိမိနေအိမ်တွင် လူဦးရေတိုးပွားလိမ့်မည်။

## (၄) ပိုးမွှားများတို့ကို မြင်မက်ခြင်း

(က) လူနာက ပိုးမွှားများတို့ကို မြင်မက်လျှင် မိမိ၏ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါးဖြစ်ပါလိမ့်မည်။

(ခ) ကျန်းမာသူ ကျား,မတို့သည် ပိုးမွှားများတို့ကို မြင်မက်လျှင် မကြာမီ နာဖျားရပါလိမ့်မည်။

(ဂ) ပိုးမွှားများတို့ကို သတ်ဖြတ်ကြောင်းမြင်မက်လျှင် ဝမ်းနည်းကြေကွဲဖွယ်ရာကိစ္စ ကြုံတွေ့ရပါလိမ့်မည်။

(ဃ) အိမ်ရှင်မက ပိုးမွှားများတို့ကို သတ်ဖြတ်ကြောင်း မြင်မက်လျှင် မိမိ၏ကလေး မကြာမီဖျားနာပါလိမ့်မည်။

(င) ကုန်သည်က ပိုးမွှားများတို့ကို မြင်မက်လျှင် ဈေးရောင်းထိုင်းပါလိမ့်မည်။ အရှုံးပေါ်မည်။

(စ) တရားခံ၊ အကျဥ်းသားက ပိုးမွှားများတို့ကို သတ်ဖြတ်ကြောင်း မြင်မက်လျှင် အကျဥ်းချရက် ပိုမိုရှည်လျားရပါလိမ့်မည်။

(ဆ) ပိုးမွှားများသည် မိမိ၏ ပါးစပ်ထဲသို့ တိုးဝင်မိကြောင်း မြင်မက်လျှင် ကံကောင်းလိမ့်မည်။ စည်းစိမ်နှင့် နေရမည်။

## (၅) ဒဏ်ရာဒဏ်ချက်ကို မြင်မက်ခြင်း

(က) မိမိ၏ ကိုယ်ခန္ဓာပေါ်၌ ဒဏ်ရာဒဏ်ချက်များတို့ကို မြင်မက်ရလျှင် မိမိနေထိုင်မှုအဆင့်အတန်း မြင့်မားလိမ့်မည်။ ငြိမ်နှင့်နေကြရပါမည်။ ငွေ၊ ရတနာဝင်လိမ့်မည်။

(ခ) စစ်သည်တော်က မိမိ၏ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာဒဏ်ချက်ရရှိကြောင်း မြင်မက်လျှင် စစ်ရာထူးတိုးလိမ့်မည်။ ဘွဲ့တံဆိပ်ရရှိမည်။

(ဂ) တရားခံက မိမိ၏ ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာဒဏ်ချက်ရရှိကြောင်း မြင်မက်လျှင် မကြာမီ မိမိ၏ ဆွေမျိုးသားချင်း ထောင်ဝင်စာ လာတွေ့ပါလိမ့်မည်။

(ဃ) လူနာက မိမိ၏ကိုယ်ခန္ဓာပေါ်၌ ဒဏ်ရာဒဏ်ချက်များကို မြင်မက်လျှင် ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပါလိမ့်မည်။

(င) မိမိ၏ကိုယ်ခန္ဓာပေါ်ရှိ ဒဏ်ရာဒဏ်ချက်များ ပျောက်ကင်းသွားကြောင်း မြင်မက်လျှင် မကြာမီ ရန်သူနှင့် ပက်ပင်းတိုးတွေ့လိမ့်မည်။ ပြဿနာတက်လိမ့်မည်။ သတိထားပါလေ။

(စ) သူများ၊ သူတစ်ပါး၏ ကိုယ်ခန္ဓာပေါ်၌ ဒဏ်ရာဒဏ်ချက် ရရှိကြောင်းမြင်မက်လျှင် မကြာမီ ကံဆိုးမိုးမှောင်ကျပါလိမ့်မည်။

(ဆ) မိမိ၏ဇနီး ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာဒဏ်ချက် ရရှိကြောင်း မြင်မက်လျှင်ကား ဝင်ငွေကျပ်တည်းမှု ကြုံတွေ့ရပါလိမ့်မည်။ ဘဝနေထိုင်မှု အခက်အခဲတွေ့မည်။ ရင်ဆိုင်ကြရပါမည်။

တက္ကသိုလ်မောင်တံခွန်

Ref:- တရုတ်ဂမ္ဘီရပညာရှင်ကြီးကုံး၏ အိပ်မက်အဖွင့် ကျမ်း၊ ဟိုင်နန်မြို့ တရုတ်ပြည်။ (၁၉၉၃ ခုနှစ်၊ ဩဂုတ်လ) ပထမအကြိမ် ပုံနှိပ်ထုတ်ဝေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ရခိုင်ရိုးမက
# မဟာဗိတ်စစ်တပ်ကြီး
# ဘယ်ရောက်သွားပြီလဲ

ဆရာဝင်း(သာကီနွယ်)

ကျွန်ုပ်သည် ၁၃.၄.၂၀၁၃ နေ့တွင် ဓမ္မာစရိယ ဦးဧဒ္ဒေးလှိုင် ရေးသားသော "ကမ္ဘာကို ချုပ်ကိုင်မည့်သူ" စာအုပ်ကို ဖတ်ကြည့်မိရာ အလွန်ထူးဆန်းသော အဖြစ်အပျက်များကို တွေ့ရပါတယ်။ ဤကမ္ဘာမှာ သာမန်လူသားတို့ဉာဏ်ဖြင့် လူသားတို့ရဲ့ ဝက်မှုအစွမ်းဖြင့် အဖြေရှာမရနိုင်တဲ့ ပြဿနာတွေ များစွာဖြစ်ပျက်ခဲ့တာကို တွေ့ရပါတယ်။

အမေရိကန်ပြည်၌ ၁၉၄၉ ခုနှစ်က အဖြစ်အပျက်များ ဖြစ်ပါသည်။ ဘာမူဒါစခန်းမှ ဂျမေကာကျွန်းမြို့တော် ကင်စတန်သို့ သွားသော ခရီးသည်တင်လေယာဉ်များ။ ဖလောရီဒါနယ် လောဒါဒေးလေတပ်စခန်းမှ လေ့ကျင့်ခန်းဆင်းနေသော ဗုံးကြဲလေယာဉ်ကြီးများ စုစုပေါင်း အစင်း ၂၀ ခန့် ရှိသည်။ သွားနေကျလမ်းများဖြစ်လျက် ကောင်းကင်တစ်နေရာတွင် လေယာဉ်ငါးစင်း ပျောက်ချင်းမလှ ပျောက်ခဲ့ရသည်။ ဝက်ကိရိယာနှင့် ရာသီဥတု စသော ချို့ယွင်းချက်လည်း တစ်စုံတစ်ရာ မရှိ။



www.burmeseclassic.com

www.burmeseclassic.com

စုစမ်းကယ်ဆယ်ရေး လေယာဉ်တစ်စင်းလွှတ်လိုက်ရာ ငါးမိနစ်အတွင်း ထိုလေယာဉ်ပါ ကောင်းကင်တစ်နေရာတွင် ပျောက်သွားပြန်ပါသည်။ လေယာဉ်တင်သင်္ဘောကြီး "ဆော်လမွန်"နှင့် အချင်းဖြစ်ပွားသည်ထင်ရသော နေရာများသို့ ချက်ချင်းရှာကြပါတယ်။ သင်္ဘောငယ် ၂၁ စင်း၊ လေယာဉ် ၃၀၀ ဖြင့် အဖွဲ့ ၁၂ ဖွဲ့ ခွဲပြီးရှာရာ အစအနမျှ မတွေ့ရ။ ရန်သူနှင့် ရတ်တရက်တွေ့သည့် လက္ခဏာလည်း မပေါ်ခဲ့ပေ။

ထို ဘာမူဒါကျွန်းတစ်ဝိုက်တွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ လောက်က ပကြာခဏ သင်္ဘောအစင်းလိုက် ပျောက်ခြင်းများ၊ တစ်ခါတစ်ရံ သွားနေသော သင်္ဘောကြီးများ သင်္ဘောသာကျန်ရစ်ပြီး သင်္ဘောသားတွေ ပျောက်နေခြင်းများ ရှိခဲ့ပါတယ်။ ဤပြဿနာများသည် ယနေ့ထက်တိုင်အောင် အဖြေရှာမရသေးသည့် ပဟေဠိများ ဖြစ်နေဆဲပါ။

ထိုအဖြစ်အပျက်မျိုးကဲ့သို့ပင် ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်နှင့် မဟာမိတ်နိုင်ငံများ စစ်ပွဲတွင် မဟာမိတ်တပ်များ စစ်ကြောင်းအသီးသီးဖြင့် မြန်မာနိုင်ငံအတွင်းသို့ အိန္ဒိယမှ ဝင်ရောက်လာရာ ဂျပန်တပ်များ အတွင်းဆုတ်ခွာနေချိန် ဖြစ်သည်။ မဟာမိတ်တပ်ကြီးတစ်တပ်သည် မြန်မာနိုင်ငံဘက်သို့အဝင် ရခိုင်ရိုးမတောကြီးထဲတွင် စုပ်စုပ်မြုပ် ပျောက်ကွယ်ခဲ့ဖူးပါသည်။ ရန်သူ ဂျပန်တပ်လည်း မရှိ၊ ရာသီဥတုလည်းကောင်းမွန်၊ စားနပ်ရိက္ခာလည်း အလုံအလောက်နှင့် ပျောက်ကွယ်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုအဖြစ်အပျက်ကို ထိုအချိန်က အင်္ဂလိပ်ဝန်ကြီးချုပ် ချာချီက ထိုရိုးမပေါ် စစ်တပ်ကြီးတစ်တပ်လုံး ပျောက်ဆုံးသွားမှုနှင့် စပ်လျဉ်း၍ "ကမ္ဘာ့စစ်ရေးတွင် မဖြစ်ဖူးသေးသော အကြောင်းရှာမရသည့် ဖြစ်ရပ်တစ်ခု"ဟုသာ မှတ်ချက်ပေးနိုင်တော့သည်။ ဘာ့ကြောင့်ဖြစ်ရသည်မသိ။

ကျွန်ုပ်သည် ဘာမူဒါကျွန်းအနီး သင်္ဘော၊ လေယာဉ်ပျောက်ဆုံးမှုများထက် ကိုယ့်နိုင်ငံ အနောက်ရိုးမပေါ် ပျောက်ဆုံးသွားတဲ့ မဟာမိတ်စစ်တပ်ကြီးကို ပို၍ စိတ်ဝင်စားပါတယ်။ ဒီစစ်သားတွေ ဘယ်ရောက်သွားပြီလဲ။ ဘယ်ကဲ့သို့သော ပုဂ္ဂိုလ်က ဖျက်ဆီးပစ်လိုက်သလဲ။ ဘာတစ်ခုမျှ လက်စလက်န မကျန်အောင် ဖျက်ဆီးနိုင်စွမ်းကိုလည်း အံ့အားသင့်မိပါသည်။ ကျွန်ုပ်သည် ကျွန်ုပ်အား ဗေဒင်ကူဟောပေးနေသည့် အပြာရောင်နတ်ကြီးအား အကျိုးအကြောင်းပြောပြပြီး စစ်တပ်ကြီးဘယ်ရောက်သွားပါသလဲ မေးရာ အတော်လေးကြာတော့မှ စနေဂြိုဟ်မင်းကြီးက သယ်ယူသွားကြောင်း ပြောပါတယ်။ ကျွန်ုပ်သည် စနေဂြိုဟ်မင်းကြီးအား ပင့်ရာ အနက်ရောင်စနေဂြိုဟ်မင်းကြီး ကြွရောက်လာပါတယ်။

ကျွန်ုပ် ။ စနေဂြိုဟ်မင်းကြီး . . . ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၀ ခုနှစ်ဝန်းကျင်က မြန်မာနိုင်ငံ အနောက်ရိုးမပေါ်က မဟာမိတ်စစ်တပ်ကြီးကို အသင်နတ်မင်းကြီး သယ်ယူသွားတယ်လို့ သိရပါတယ်။ အဲဒါ မှန်ပါသလား။

စနေဂြိုဟ်မင်း ။ မှန်ပါတယ်။ ကျွန်ုပ်နဲ့ ကျွန်ုပ်ရဲ့နတ်တွေက စနေဂြိုဟ်ကို ယူသွားကြတာပဲ။

ကျွန်ုပ် ။ စစ်တပ်ကြီးက အင်အားဘယ်လောက်ရှိပါသလဲ။

စနေ ။ အင်အား ၈၀၀ လောက် ရှိပါတယ်။

ကျွန်ုပ် ။ ဘယ်လိုသယ်ယူသွားပါသလဲ။

စနေ ။ စနေဂြိုဟ်မှာရှိတဲ့ နတ်တွေနဲ့ စစ်သားတစ်ယောက်ကို နတ်တစ်ပါးနှင့် သယ်ဆောင်စေတာ ဖြစ်ပါတယ်။

ကျွန်ုပ် ။ စနေဂြိုဟ်မှာ နတ်အပါး ဘယ်လောက်ရှိပါသလဲ။

စနေ ။ စနေဂြိုဟ်မှာ နတ်အပါး ၃၀၀၀ ရှိပါတယ်။

ကျွန်ုပ် ။ စစ်သားတွေကို ဘယ်လိုပုံစံနဲ့ သယ်ယူပါသလဲ။

စနေ ။ နတ်တစ်ပါးချင်းက စစ်သားကို သတိလစ်အောင် လုပ်ပြီး နတ်တန်ခိုးနဲ့ သယ်သွားတာဖြစ်တယ်။

ကျွန်ုပ် ။ မည်ကဲ့သို့သော ရည်ရွယ်ချက်နဲ့ သယ်ယူသွားတာပါလဲ။

စနေ ။ ကမ္ဘာက လူသားတွေကို စမ်းသပ်နေကြည့်စေချင်လို့ ဖြစ်တယ်။ စမ်းသပ်နေကြည့်စေချင်တာက စနေဂြိုဟ်မှာ အခြားကမ္ဘာက ယခုလို ခေါ်လာမယ့် လူသားတွေနဲ့ ပေါင်းစပ်ပြီး လူသားမျိုးအသစ်တစ်မျိုး ရချင်လို့ဖြစ်တယ်။

ကျွန်ုပ် ။ အဲဒီအချိန်က အခြားကမ္ဘာတစ်ခုက လူသားတွေ စနေဂြိုဟ်မှာ ရှိနှင့်နေပြီလား။

စနေ ။ မရှိသေးပါဘူး။ အခုရောက်လာတဲ့သူတွေ စနေဂြိုဟ်က အသီးအနှံ ရေ မြေ လေတို့နှင့် အသာ



www.burmeseclassic.com

www.burmeseclassic.com

ကျနေထိုင်နိုင်မှ အခြားကမ္ဘာက အမျိုးသမီး ၃၀၀၀ ကို ယခုလို သယ်ယူလာဖို့ ရှိပါတယ်။

ကျွန်ုပ် ။ ဘယ်ကမ္ဘာက လူသားအမျိုးသမီးတွေကို သယ်ယူရန် ရည်ရွယ်ထားပါသလဲ။

စနေ ။ လူသားတွေနေထိုင်တဲ့ အခြားကမ္ဘာတစ်ခုက လူသားအမျိုးသမီးတွေကို သယ်ယူမှာပါ။

ကျွန်ုပ် ။ ဘာကြောင့် ဒီကမ္ဘာက စစ်သား ၈၀၀ သယ်ပြီး တခြားကမ္ဘာက အမျိုးသမီး ၃၀၀၀ သယ်ယူရန် စီစဉ်တာပါလဲ။

စနေ ။ အခြားကမ္ဘာနှစ်ခုက အမျိုးသား ၁၀၀၀ စီကို လည်း အခုလို သယ်ယူပြီး အစောကပြောတဲ့ ပေါင်းဖက်စေပြီး လူသားမျိုးသစ်တွေ ရဖို့ပါ။

ကျွန်ုပ် ။ အဲဒါဆိုရင် လူသားမျိုးအသစ်သုံးမျိုး ရနိုင်ပါတယ်။ အဲဒီ လူသားမျိုးနွယ်အသစ် သုံးမျိုးကို စနေဂြိုဟ်မှာ စမ်းသပ်ပေါက်ပွားစေမှာပါလား။

စနေ ။ ဟုတ်ပါတယ်။

ကျွန်ုပ် ။ စနေဂြိုဟ်မှာ လူသားမျိုး မူလက မရှိဘူးလား။

စနေ ။ မရှိပါဘူး။ တခြားသက်ရှိသတ္တဝါလည်း မရှိပါဘူး။

ကျွန်ုပ် ။ ဒီလိုဆို စနေဂြိုဟ်မင်းကြီးက စနေဂြိုဟ်ကို လူသားတွေနဲ့ နေထိုင်တဲ့ဂြိုဟ် ဖြစ်စေချင်တာလား။

စနေ ။ မဟုတ်ပါဘူး။ အာကာသထဲက အလွန်တန်ခိုးကြီးတဲ့ ရွှေရောင်နတ်မင်းကြီးက တာဝန်ပေးလို့ ဆောင်ရွက်ရတာပါ။ အဲဒီနတ်မင်းကြီး တာဝန်ပေးရင် မဆောင်ရွက်ဘဲ နေလို့မရပါဘူး။ အဲဒီနတ်မင်းကြီးက ကျွန်ုပ်တို့ ဂြိုဟ်စောင့်နတ်တွေကို အုပ်ချုပ်တဲ့ နတ်ကြီးပါ။

ကျွန်ုပ် ။ စောစောက ကျွန်တော်တို့ မဟာမိတ်စစ်တပ်က ရဲဘော်ရှစ်ရာ စနေဂြိုဟ်ကိုရောက်တော့ သူတို့ ဘယ်လိုဖြစ်ကြတယ်ဆိုတာ သိပါရစေ။

စနေ ။ သူတို့ သတိပြန်ရလာတော့ စစ်သားတွေရော၊ အရာရှိတွေပါ တောထဲမှာ မျက်စိလည်နေတယ်လို့ ထင်ကြတယ်။ ဘာကြောင့်လဲဆိုတော့ စနေဂြိုဟ်မှာလည်း ဒီကမ္ဘာလိုပဲ သစ်တောသစ်ပင်၊ ရေမြေတောတောင်တွေ အများအားဖြင့် တူပါတယ်။ သူတို့လည်း ဆယ်ယောက်တစ်စု၊ ငါးယောက်တစ်စု ထိုင်နေကြတယ်။ တပ်ရင်းမှူးနဲ့ အရာရှိ နှစ်ယောက်၊ သုံးယောက်လောက်ကတော့ တိုင်ပင်ဆွေးနွေးနေကြတယ်။ ဘာအတွက်မှန်းတော့ မသိဘူး။

ကျွန်ုပ် ။ သူတို့ မူလတပ်ရင်းနဲ့ အဆက်အသွယ်ရဖို့ ကြိုးစားတာကော မဖြစ်နိုင်ဘူးလား။

စနေ ။ အဲဒါတော့ မသိဘူး။ တော်တော်ကြိုးစားပမ်းစား လုပ်ကိုင်နေကြတာပဲ။ သုံးနာရီခန့်ကြာတော့ သူတို့ ဆွေးနွေးတာ ရပ်ပစ်လိုက်ကြတယ်။ စစ်တပ်အကြီးအကဲကတော့ တော်တော်ဒေါသထွက်နေတယ်။

ကျွန်ုပ် ။ သူတို့ အစားအစာတွေ ချက်စားတာတွေ့ရသလား။

စနေ ။ အစားအစာ ချက်စားတာတော့ မတွေ့ရဘူး။ အသားဘူးတွေကိုပဲ ဖောက်ပြီးစားတာ တွေ့ရတယ်။ တချို့လည်း စိတ်ဓာတ်ကျပြီး ဘာမှမစားကြဘူး။

ကျွန်ုပ် ။ နောက်တော့ ဘယ်လိုဖြစ်လဲ၊ အမိန့်ရှိပါဦး။

စနေ ။ ဒီလိုနဲ့ တစ်နေ့တာကုန်တော့ ညရောက်တဲ့အခါကျတော့မှ သူတို့အားလုံး အံ့သြကြောက်လန့်ပြီး တုန်လှုပ်ချောက်ချားကုန်ကြတယ်။ တချို့စစ်သားတွေလည်း ငိုတဲ့သူကငို၊ တချို့ကျတော့လည်း သစ်ပင်တွေနဲ့ သူတို့ခန္ဓာကိုယ်နဲ့ တိုက်ကြတယ်။ ဘာကြောင့်လဲဆိုတော့ စနေဂြိုဟ်မှာ ညအခါ လနှစ်စင်းထွက်လာတော့ သူတို့ အခြားကမ္ဘာတစ်ခုကို ရောက်နေပြီဆိုတာနဲ့ အခုလိုဖြစ်ကုန်ကြတာပဲ။

ကျွန်ုပ် ။ ဂြိုဟ်မင်းကြီးကလည်း သူတို့ခမျာ သနားစရာတွေပဲ။ တကယ် ကြံကြံစည်စည်။ ကျွန်တော်ကြားသိရတာတောင် ကိုယ်ချင်းစာပြီး အတော်စိတ်မကောင်းဖြစ်ရပါတယ်။

စနေ ။ တပ်ရင်းမှူးကြီးက သူတို့ အခြားကမ္ဘာတစ်ခုရောက်နေပြီဆိုတာ သိလိုက်ရတာနဲ့ တပ်ရင်းကို တန်းစီခိုင်းတယ် ဘာတွေပြောမှန်းတော့ မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

အော်အော်ပြီးတော့ ပြောတယ်။ မျက်ရည်တွေလည်း ကျနေတယ်။ တပ်သားတွေကလည်း ပြန်ပြီးပြောကြတယ်။ တပ်သားတိုင်းက ပြန်ပြောကြတယ်။ ဘာတွေပြောမှန်းတော့ မသိဘူး။ အားလုံး အပြန်အလှန် ပြောဆိုကြပြီးတော့ အဲဒီမှာ ဝိုင်းထိုင်ပြီး စိတ်ပျက်တဲ့အမူအရာ၊ စိုးရိမ်ကြောက်ရွံ့တဲ့အမူအရာတွေနဲ့ ထိုင်နေကြတာတွေ့ရတယ်။ တချို့စစ်သားတွေက သေနတ်တွေ ရိုက်ချိုးပစ်ကြတယ်။ ကျည်ဆန်ခါးပတ်တွေ၊ ဦးထုပ်တွေကိုလည်း လွှင့်ပစ်ကြတယ်။ အဲဒီ ပထမဆုံးညမှာပဲ စစ်သား ၃၀ လောက် ကိုယ့်ကိုယ်ကို သတ်သေသွားကြတယ်။ တစ်ညလုံး တစ်ယောက်မှ မအိပ်နိုင်ကြဘူး။

ကျွန်ုပ် ။ နောက်တစ်နေ့တော့ ဘယ်လိုဖြစ်လဲ ပြောပါဦး။

စနေ ။ နောက်တစ်နေ့မနက်ရောက်တော့ တပ်ရင်းမှူးကရဲဘော်တွေကို အုပ်စုသုံးစုဖွဲ့လိုက်တယ်။ ဖွဲ့ပြီးတော့ ဘုရားမှာ ဆုတောင်းခိုင်းပုံရတယ်။ နှစ်နာရီလောက် ငြိမ်ပြီးဆုတောင်းကြတယ်။ အဲဒီနောက်တော့ သူတို့မှာ ကျန်နေသေးတဲ့ အသားဘူးတွေကို ဖောက်စားကြတယ်။ အဲဒီနောက်တော့ စိတ်ပျက်လက်ပျက်နဲ့ အိပ်ကြတာ တွေ့ရတယ်။ တချို့ကတော့ အနီးအနားက သစ်တောထဲကို ဝင်သွားကြတယ်။ သုံးရက်လောက်နေတော့ သူတို့ပါလာတဲ့ ရိက္ခာဘူးတွေကုန်တဲ့အခါ တောထဲကို သစ်သီးရှာထွက်ကြတယ်။ သူတို့ တောထဲမှာ သဘော်သီးပုံသဏ္ဍာန်၊ သဘော်သီးထက် သုံးဆလောက်ကြီးတဲ့ အပြာရောင် အသီးကြီးတွေကို စမ်းပြီးစားကြတယ်။ အရသာရှိပုံရတော့ အဲဒီ အသီးတွေကိုပဲ စားကြတယ်။ လိမ္မော်သီးနဲ့တူတဲ့ အဝါရောင်အသီးတွေကိုလည်း စားကြတယ်။ သူတို့ပါလာတဲ့ ရေဘူးထဲက ရေတွေကုန်တော့ အဲဒီအနီးအနား ရေတွေကိုသောက်ကြတယ်။ တစ်ရက် တစ်ရက်မှာလည်း ကိုယ့်ကိုယ်ကိုသတ်သေတဲ့ စစ်သားကလည်း ၂၀ ယောက်လောက်ရှိတယ်။ ကျန်တဲ့စစ်သားတွေကလည်း စိတ်ဓာတ်တွေ ချောက်ချားကုန်ကြတယ်။ မျှော်လင့်ချက်မဲ့တဲ့ဘဝ ရောက်နေကြတယ်။ စတုတ္ထနေ့ရောက်တော့ တပ်ရင်းမှူးလုပ်သူက စစ်သားတွေကို ပြန်ပြီး တန်းစီခိုင်းတယ်။ ဘာတွေပြောမှန်းတော့ မသိဘူး။ စစ်သားတွေက ဒုတိယအကြိမ် ၈ အုပ်လေးတွေဖွဲ့ပြီး ဆုတောင်းပုံရပါတယ်။ စိတ်ပါလက်ပါ ဆုတောင်းကြတယ်။

ကျွန်ုပ် ။ နတ်မင်းကြီးတို့က သူတို့ကို ဒီအတိုင်းပဲနေပြီးရင် နေသားကျလာလိမ့်မယ်လို့ ထင်ပါသလား။

စနေ ။ မဟုတ်ပါဘူး။ အခုလိုနေပြီး သုံးလလောက်နေရင် သူတို့ရဲ့ခန္ဓာကိုယ်က ကျစ်လျစ်တောင့်တင်းလာမယ်။ ခွန်အားတွေ ပိုကောင်းလာမယ်။ အဲဒီက သီးနှံနဲ့ ရေတွေက ခွန်အားဖြစ်စေတဲ့ သီးနှံတွေ၊ ရေတွေ ဖြစ်တယ်။

ကျွန်ုပ် ။ အဲဒီအခါကျရင် သူတို့စိတ်ဓာတ်တွေကလည်း စနေဂြိုဟ်ရဲ့ ရာသီဥတု၊ တောတောင်၊ ရေမြေ ဝန်းကျင်နဲ့ နေသားကျလာလိမ့်မယ်လို့ မျှော်လင့်တာလား။

စနေ ။ ဟုတ်ပါတယ်။

ကျွန်ုပ် ။ အဲဒီတော့ နေသားကျပါသလား။

စနေ ။ အဲဒီလို ဖြစ်မလာဘူး။ ရှစ်ရက်၊ ကိုးရက်လောက်နေတော့ လူတွေက ဝမ်းလျှောတဲ့ ရောဂါဝေဒနာကို ခံစားကြရဟယ်။

ကျွန်ုပ် ။ အသီးအနှံကြောင့်လား။ ရေကြောင့်လား။

စနေ ။ အဲဒါကြောင့် မဟုတ်ဘူး။ ရှူရတဲ့လေကြောင် ဖြစ်မယ်။ လေက ဒီကမ္ဘာလူသားတွေရဲ့ ခန္ဓာ ကိုယ်နဲ့ မတည့်ဘူးထင်တယ်။

ကျွန်ုပ် ။ ဘာကြောင့်ပြောနိုင်တာပါလဲ။

စနေ ။ တစ်ခါက အသင်တို့ကမ္ဘာက မြင်းရယ်၊ ခွေးရယ် ဝက်ရယ် သုံးမျိုး တစ်မျိုးကို ၁၀ ကောင်စီ အ လိုပဲ စနေဂြိုဟ်ကို ယူခဲ့ဖူးတယ်။ သူတို့က ဘာ မစားဘဲနဲ့ အခုလို ဝမ်းတွေလျှောပြီး သေသွား တယ်။ အဲဒီတော့ လေကြောင့်လို့ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ။ အဲဒီတော့ စစ်သားတွေက ဘယ်လိုဖြစ်ကုန်သလဲ။

စနေ ။ သုံးရက်လောက် ဝမ်းတွေလျှောပြီး သေကုန်ကြတယ်။

ကျွန်ုပ် ။ နတ်မင်းကြီးတို့ရဲ့ ကမ္ဘာတစ်ခုစီက လူသားကျား/မတွေ ခေါ်လာပြီးတော့ လူသားမျိုးသစ်တစ်မျိုး စနေဂြိုဟ်မှာ ပေါက်ပွားဖို့ စီမံကိန်းမအောင်မြင်တဲ့သဘောပေါ့။

စနေ ။ ဟုတ်ပါတယ်။ နောက်ထပ် အဲဒီအစီအစဉ်နဲ့ပတ်သက်ပြီး ဘာမှမလုပ်တော့ပါဘူး။

ကျွန်ုပ် ။ စနေဂြိုဟ်မင်းကြီးကို မေးစရာတစ်ခုရှိပါတယ်။ ဂျမေကာကျွန်း အမေရိကတိုက် အရှေ့ဘက်ကမ်းခြေ ဘာမူဒါတြိဂံဒေသမှာ လေယာဉ်တချို့ပျံသန်းရင်း ပျောက်သွားတယ်။ အစအနတောင်ရှာမရဘူး။ တချို့သင်္ဘောတွေလည်း ပင်လယ်ထဲသွားရင်း သင်္ဘောစင်းလုံး ပျောက်သွားတာရှိတယ်။ တချို့သင်္ဘောကျတော့ သင်္ဘောပေါ်က လူတွေပဲပျောက်သွားတယ်။ ဘယ်ရောက်သွားမှန်းလည်းမသိဘူး။ အဲဒါ ဘယ်ပုဂ္ဂိုလ်က နှောင့်ယှက်လို့အခုလိုဖြစ်ရတာလဲ။ အဲဒီပုဂ္ဂိုလ်ကို သိပါသလား။

စနေ ။ အဲဒါ ဘယ်ပုဂ္ဂိုလ်နှောင့်ယှက်လို့ ဖြစ်ရတယ်ဆိုတာ မသိပါဘူး။ ကျွန်ုပ်တော့ မသိပါဘူး။

ဤကဲ့သို့ ကျွန်ုပ်နှင့် စနေဂြိုဟ်မင်းကြီးတို့ ပြောဆိုဆွေးနွေးနေကြစဉ် အမြူရောင် အာကာသစိုးနတ်မင်းကြီးကြွရောက်လာတာ တွေ့ရပါတယ်။

ကျွန်ုပ် ။ အာကာသစိုးနတ်မင်းကြီးက ဘယ်လိုအကြောင်းကြောင့် ကြွလာပါသလဲ။ စစ်သားရုပ်ရာယောက်နဲ့ ပတ်သက်ပါသလား။

အာကာသစိုးနတ်မင်းကြီး ။ အဲဒါ ဒီစစ်သားရုပ်ရာနဲ့ပတ်သက်လို့ ပြောဖို့ကြွလာတာပါ။ အဲဒီစစ်သားတွေ အားလုံးဟာ ဝမ်းလျှောပြီး သေဆုံးသွားကြတာ မှန်ပါတယ်။ အခု သူတို့အားလုံးရဲ့ ဝိညာဉ်တွေဟာ စနေဂြိုဟ်မှာပဲ ရှိနေပါတယ်။

ကျွန်ုပ် ။ စနေဂြိုဟ်မင်းကြီးက အဲဒီဝိညာဉ်တွေရှိမှန်း မသိဘူးလား။

စနေ ။ သိပါတယ်။ ပြန်ပို့ဖို့ မေ့နေပါတယ်။

ကျွန်ုပ် ။ အာကာသစိုးနတ်မင်းကြီးက ဘယ်လိုစီစဉ်မှာပါလဲ။

အာကာသစိုးနတ်မင်းကြီး ။ ကျွန်ုပ်လည်း သူတို့ရှိမှန်းသာ သိနေပြီး ကမ္ဘာမြေကို ပြန်ပို့ဖို့ မေ့နေပါတယ်။ အခုတော့ သုံးရက်အတွင်း ကျွန်ုပ်ရဲ့နတ်သား ၉၀ နဲ့ ကမ္ဘာမြေကို ပြန်ပို့ပါ့မယ်။

ကျွန်ုပ် ။ အခုဆို သူတို့ ကွယ်လွန်တာ နှစ်ပေါင်း ၇၀ ကျော်လောက်ရှိပြီ မဟုတ်လား။ စနေဂြိုဟ်မှာ ဝင်စားစရာမရှိတော့ တစ္ဆေဘဝနဲ့ နေရမှာပေါ့။

အာကာသစိုးနတ်မင်းကြီး ။ ဟုတ်ပါတယ်။ ဒီကိစ္စဟာ အလွန်ကြေကွဲစရာကောင်းတာက အဖြစ်အပျက်တစ်ခုပါပဲ။

ကျွန်ုပ် ။ စစ်သားတစ္ဆေ ဘယ်လောက်ရှိပါသလဲ။

စနေ ။ အားလုံးပါပဲ။

ကျွန်ုပ် ။ အာကာသစိုး နတ်မင်းကြီးက ကမ္ဘာကို မြန်မြန်ပြန်ပို့မည်ဆိုတော့ သူတို့လည်း သင့်လျော်တဲ့ဘဝတွေ ဝင်စားလို့ရတာပေါ့။ အာကာသစိုးနတ်မင်းကြီးကို ကျေးဇူးတင်ပါတယ်။

နတ်မင်းကြီးနှစ်ပါးလည်း ပြန်ကြွသွားကြပါပြီ။

ကျွန်တော်တို့ မြန်မာများက စနေဂြိုဟ်ကို ဂြိုဟ်ဆိုးလို့ နားလည်ကြပါတယ်။ မကောင်းမှုတွေချည်းဖြစ်နေလျှင် စနေဂြိုဟ်ဝင်နေပြီဟု ပြောလေ့ရှိကြပါတယ်။ စနေသက်ရောက်၊ စနေဂြိုဟ်စား၊ စနေဒသာများကို ဗေဒင်ဆရာများက အများအားဖြင့် ကံနိမ့်နေတဲ့ကာလလို့ သတ်မှတ်ဟောပြောလေ့ရှိကြပါတယ်။ အခုအဖြစ်အပျက်နဲ့ယှဉ်လျှင် စနေဂြိုဟ်ကြီးဟာ ပို၍ပင် ကြောက်မက်ဖွယ်ကောင်းနေပါတယ်။ စနေဂြိုဟ်စောင့်နတ်မင်းကြီးနဲ့ မဟာမိတ်ဖြစ်အောင်၊ ရင်းနှီးခင်မင်အောင် မနေသင့်ပေဘူးလားဗျာ။ သူနဲ့ မဟာမိတ်ဖြစ်ချင်ရင်တော့ သူ့ကိုနှားနို့၊ မလိုင်မုန့်များနဲ့ ဆက်ကပ်ပူဇော်၊ ကုသိုလ်ကောင်းမှုပြုတဲ့အခါ အမျှဝေလျှင် သူပေးတဲ့ ဒုက္ခက ကင်းလွတ်နိုင်ပါကြောင်း…။

သတ္တဝါများ ကျန်းမာ၊ ချမ်းသာကြပါစေ…။

**ဆရာဝင်း(သာကီနွယ်)**



www.burmeseclassic.com

www.burmeseclassic.com




# အံ့မှယ်ထူးဆန်း ဆေးစွမ်းကောင်းများ (၈)

မျိုးသန်းထွန်းကို
(ရေစကြို)

သမားတော်ကြီး ဦးစံမတူတစ် ယောက် စံမတူဆေးကျမ်းကြီးကို ပြုစုနေပါ၏။ အဆိုပါ ဆေးကျမ်းကြီးကိုလည်း သူကြီးများနှင့် ဆေးပညာဝါသနာရှင်များ စိတ်ဝင်စားနေကြပါ၏။ နန်းတွင်းသုံးဆေးကျမ်းများ၊ သမားတော်ကြီးများ၏ မြန်မာတိုင်းရင်းဆေးနည်းများပါ စုစည်းပြုစုထားပါ၏။ အစွမ်းထက်သော ဆေးနည်းကောင်းများဖြစ်ပါပေ၏။ သူကြီးဦးထွန်းလှနှင့် အပေါင်းအပါသူကြီးများလည်း အချိန်အားလပ်တိုင်း ဆေးပညာဟင်းလေးအိုးကြီးဖြစ်သူ ဦးစံမတူထံသို့ လာရောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းလှမှ -

"သမားတော်ကြီး ဆေးကျမ်းပြုစုတာ ပြီးပြီလား"

"ပြီးခါနီးပါပြီ"

"ဗဟုသုတ ဆေးနည်းကောင်းများရှိရင်လည်း ပြောပါဦး"

"လတ်တလော ကုသနေတဲ့ ရောဂါရှင်တွေကို ကုသတဲ့ဆေးဝါးတွေ ပြောပြပါ့မယ်။ အခုကုပေးနေတာက သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါကုသနည်းတွေကို ပြောပြပါ့မယ်။ ပျားမီးစွဲရွက်နဲ့ ကုသပါတယ်။ ပျားမီးစွဲရွက်ကို ရေစင်အောင်ဆေးပြီး တစ်နေ့သုံးကြိမ် စားပါ။ တစ်လလောက်ကြာရင် ရောဂါနှစ်မျိုးစလုံး ပျောက်ကင်းပါတယ်"

BURMESE CLASSIC

**ညအိပ်တဲ့အခါမှာ ခေါင်းစွပ်၊ လက်အိတ်၊ ခြေစွပ်တွေဝတ်မအိပ်ပါနဲ့။ အပူမထွက်ဘူး။ အပူဟာ ဦးခေါင်း၊ ခြေဖျား၊ လက်ဖျားတွေကနေ အမြဲထွက်နေပါတယ်။ ဒါကြောင့် အင်္ဂလိပ်က ချမ်းပြည်လိုမြို့တွေမှာ မီးလင်းဖိုတွေ မြှုလုပ်ကြတယ်။**

(ပြင်ဦးလွင်တွင် ခြေထောက်ဖြတ်ရမယ့် အခြေအနေရောက်နေတဲ့ ဆီးချိုရောဂါရှင်တစ်ဦး ပျားမီးစွဲရွက်နဲ့ ပျောက်ကင်းသွားပါတယ်။ အသေးစိတ်သိလိုပါက ဦးကျော်ဇော ၀၉-၃၃၁၄၅၁၃၄ ထံ မေးမြန်းနိုင်ပါ၏။)

"သွေးတိုးရောဂါကျတော့ သွေးလမ်းကြောင်းတွေ ချဲ့ပေးတာပေ့ါ။ ဆီးချိုရောဂါကျတော့ ကျောက်ကပ်ကြောင့်ဖြစ်တာပေ့ါ။ ကျောက်ကပ်ကို ပုံမှန်အနေအထားပြန်ကောင်းမွန်စေပါတယ်"

"သမားတော်ကြီး ရွှေသွင်းနည်းလည်း ပြောပါဦး"

"ရွှေမှုန့်ကို နဖူးပေါ်တင်ပြီး လက်နဲ့ဖိပေးပါ။ ချွေးပေါက်တွေမှတစ်ဆင့် ခန္ဓာကိုယ်ထဲ ဝင်သွားပါ့မယ်။ အသက်ရှည်ရာ အနာမဲ့ ခေတ်နည်းလမ်းပါပဲ။ မျက်နှာပါးရေတွန့်နေရင်၊ မျက်နှာအသားအရေ နူးညံ့စေချင်ရင် မျက်နှာမှာသွင်းပါ။ ဆေးအဖြစ်သောက်လိုလျှင်တော့ ရွှေကို အဂ္ဂိရတ်ထိုးရသေးတယ်။ ရွှေမှာပါတဲ့ မလိုလားအပ်သော ဓာတ်သတ္တုတွေ ကုန်စင်အောင်ပေ့ါ။ ရွှေပြာကို ပျားရည်ပုလင်းထဲမှာထည့် နေလှန်းပါ။ လှုပ်ပေးပါ။ ရွှေမှုန်တွေပျောက်ပြီး ပျားရည်ထဲကို စိမ့်ဝင်သွားတဲ့အခါ နံနက်/ညလက်ဖက်ရည်တစ်ဇွန်းကျသောက်ပါ။

ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်ဆေးပါ။ ပြီးတော့ ဘာသာတရားရဲ့ စွမ်းအားနဲ့ ကုသတဲ့နည်းလည်း ပြောပြပါမယ်။ သမားတော်ကြီးတွေ ကုသမရတဲ့ ရောဂါမျိုးကျတော့ နောက်ဆုံးနည်းလမ်း ဘာသာတရားနဲ့ ကုသရတော့တာပဲ။ ရောဂါရှင်အတွက် နောက်ဆုံးကုသနည်းပါပဲ။ အဆိုးအဆုံးအဆင့်ရောဂါမပျောက်လည်း သံသရာအတွက် ဘဝကူးကောင်းအောင် ဆောင်ရွက်ပေးရာ ရောက်ပါတယ်။ လက်တွေ့ပျောက်ကင်းတဲ့ သာဓကတွေလည်း ရှိပါတယ်။ ရောဂါရှင်ဟာ အဓိဋ္ဌာန်ဝင်ရမယ်။ ၉ ရက်၊ ၂၇ ရက်၊ ၁၀၈ ရက်၊ ၁၀ ပါးသီလ လုံခြုံရမယ်။ သက်သတ်လွတ်စားရမယ်။ တရားထိုင်ရမယ်။ ပဋ္ဌာန်း၊ ပရိတ်တွေ ရွတ်ဖတ်ရမယ်။ မိမိခန္ဓာကိုယ်ကို ဘုရားမှာ လှူရမယ်။ နေ့စဉ်သရဏဂုံတည်ဆောက်ရမယ်။ ကျွန်တော့်ထံမှာ ရောဂါရှင်တွေပျောက်ကင်းသွားကြပါတယ်။

(ရေစကြိုမြို့နယ်၊ မအူရွာမှ ဒေါ်လှလှဝင်းမှာ ကင်ဆာရောဂါဖြစ်ပွားရာ ဆရာဝန်များမှ ခြောက်လသာခံမည်ဟု လက်လျှော့လိုက်ရာ တရားစခန်းဝင်ခဲ့ရာ ခြောက်လပြည့်တဲ့နေ့မှာ အသည်းနှလုံးကို ဆွဲနုတ်လိုက်သလိုခံစားလိုက်ရပြီး ဆေးပြန်စစ်ရာ ကင်ဆာလုံးဝပျောက်ကင်းသွားခဲ့ပါ၏။ ဒေါ်လှလှဝင်းမှာ ဘုရင့်နောင်ပွဲရုံ OK ဆန်ပွဲရုံမှ ဒေါ်အုန်းကြင်၏ ညီမဝမ်းကွဲဖြစ်ပါ၏။ ယခုအခါ ဒေါ်လှလှဝင်းမှာ သီလရှင်ဘဝဖြင့် တရားအားထုတ်လျက်ရှိပါ၏။)

နောက်ရောဂါပျောက်နည်းတစ်မျိုးက အမျိုးသမီးတွေ သားအိမ်သန့်ဆေးနည်းပြောပြပါ့မယ်။ အမျိုးသမီးတွေက ပုံမှန်အတိုင်းဆိုရင် သားမွေးမှုကို အမြဲလုပ်နေမယ်။ သားမွေးမှုမပြုရင် သားအိမ်ထဲမှာ အဆိပ်အတောက်ဖြစ်ပြီး ရောဂါဖြစ်တတ်တယ်။

(သားအိမ်ကင်ဆာကို ဆိုလိုခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါ၏။ ပြင်ဦးလွင်မြို့ မြို့မဈေးကြီး အရှေ့ဘက်တွင် သမားတော်ကြီးဦးသိန်း ဆေးတိုက်တွင် ရောင်းချပေးနေပါ၏။)

ကွမ်းရွက်က အရိုးကို သုံးခွက် တစ်ခွက်တင် ကျိုသောက်ပါ။ သားအိမ် သန့်ရှင်းစေပါတယ်။ ဒီအတိုင်းဝါးစား လည်း ရပါတယ်။ ကျွန်တော်တို့က အာဆိပ်၊ လျှာဆိပ်သင့်မှာ စိုးရိမ်လို့ ကွမ်းရွက်ကို ထိပ်ကဖြတ်၊ အရိုးကဖြတ် ပြီးမှ စားကြတာ"

"သမားတော်ကြီး . . . ကွမ်းစားရင် သွားခိုင်မာတယ်ဆိုတာဟုတ်ပါသလား"

"မှန်ပါတယ်။ ကွမ်းရွက်က သွား ထဲက အပူတွေကို စုပ်ယူတယ်။ ကွမ်း တံတွေးကို မျိုမချရဘူး။ ထုံးများရင် လည်း ကျောက်တည်တတ်တယ်။ ကွမ်း ရွက်နဲ့ ရားစေးက သွားကို ခိုင်မာစေ တယ်။ မျက်စိပေါ်ကို ကွမ်းရွက်တင်ပြီး အိပ်ရင် အပူတွေစုပ်ပြီး မျက်စိကို ကြည် လင်စေတယ်။ မျက်စိမှုန်ခြင်း ကင်းဝေး စေတယ်။ မျက်လုံးပတ်လည်ကို ကွမ်း ရွက်တွေကွင်းပြီး ကပ်ထားရင် မျက်စိ ထဲက အပူတွေကို စုပ်ယူပေးတယ်။ မျက်စိမှုန်တယ်ဆိုတာက အပူကြောင့် ဖြစ်တာတွေပါပဲ။ မျက်နှာသစ်ရင် မျက် လုံးထဲကို ရေအေးတစ်စက်နှစ်စက် ထည့်ပေးရတယ်။ အပူထွက်အောင်ပဲ။ နေပူထဲကိုသွားရင် နေကာမျက်မှန်တပ် ရတယ်။ နံနက်အိပ်ရာထရင် သွား မတိုက်နဲ့ဦး။ မျက်နှာအရင်သစ်၊ ပလုတ် ကျင်းပါ။ အပူထွက်အောင်ပဲ။ သွားတိုက် ရင် ဆားနဲ့တိုက်ပါ။ အစာစားပြီးတိုင်း ဆားရေနွေးနဲ့ ပလုတ်ကျင်းပေးပါ။ တစ် နေ့ကို နှစ်ကြိမ်မျက်နှာသစ်ပေးပါ။ ဦးခေါင်းကို အမြဲအေးအောင်ထားပါ။ နေပူထဲထွက်ရင် ဦးထုပ်ဆောင်းပါ။ ဦးခေါင်းက အပူက မျက်စိကို ထိခိုက် စေတယ်။ တစ်ပတ်တစ်ကြိမ် ခေါင်း လျှော်ပေးပါ။

မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ကို ရိတ်ပါ။ မနုတ်ပါနဲ့။ နုတ်ရင် မျက်စိ နဲ့ အာရုံကြောကို ထိခိုက်စေတယ်။ နားထဲက နားဖာချေးကို သံချွန်နဲ့ ကလော်တာတို့ မလုပ်ပါနဲ့။ နားစည်ထိ ခိုက်တတ်တယ်။ တစ်ပတ်တစ်ကြိမ် အုန်းဆီနဲ့ ဂွမ်းနဲ့ဆွတ်ပြီး ထည့်ပေးပါ။ နားဖာချေးတွေ အရည်ပျော်ပြီး အထဲကို ဝင်သွားလိမ့်မယ်။ အဲဒီကျရင် အသံ ကြည်လင်မှုရှိပြီး နားလေး၊ နားထိုင်းမှု ကင်းဝေးစေမယ်။

နံနက်စောစော ဝမ်းသွားပါစေ။ ပြီးလျှင် အိပ်ရာမဝင်ခင်မှာ ဝမ်းသွား အောင် လေ့ကျင့်ထားပါ။ အူမကြီးထဲ မှာ ဝမ်းဟာကြာရှည်ရှိရင် အူမကြီး ရောဂါဖြစ်တယ်။ (အူမကြီးကင်ဆာဖြစ် တတ်ပါ၏။) ပြီးတော့ ယောက်ျားမှာ ဆီး။ မိန်းမမှာမီးတဲ့။ ယောက်ျားတွေဟာ ဆီးမချုပ်ပါစေနဲ့။ ဆီးအိမ်မှာ ရောဂါ ဖြစ်တတ်တယ်။ နောက်ပြီး ဆီးလမ်း ကြောင်းမှာ ဆီးမကျန်ပါစေနဲ့။ မတ် တတ်ရပ်ပြီး ဆီးသွားတာဟာ ဆီးလမ်း ကြောင်း ဆီးမကျန်စေတာပဲ။ အင်္ဂလိပ် တွေရဲ့ သန့်စင်ခန်းမှာ မတ်တတ်ရပ်ပြီး သွားနိုင်အောင် ပြုလုပ်ထားတာပဲ။

နံနက်စောစော ဝမ်းစင်အောင် သင်္ဘောသီးတို့၊ ကော်ဖီတို့သောက်ပါ။ ဝမ်းစင်ရင် လူဟာ ကိုယ်လက်ပေါ့ပါး တယ်။ ဝမ်းစင်ရင် အပူကင်းတာပဲ။ ဒါကြောင့် ဝမ်းတစ်လုံးကြောင့် ခေါင်း မခဲသင့်ဘူးတဲ့။ ရေဝအောင်သောက်ပါ။ နံနက်စောစောကို ဝမ်းနှစ်ကြိမ်သွားတဲ့ အလေ့အကျင့်လုပ်ပါ။ ဒါမှ ဝမ်းစင်မှာ ဖြစ်ပါတယ်။ နံနက်စောစော ကိုယ်လက် လှုပ်ရှားမှုပြုပါ။ ဒါမှ အပူထွက်မှာ။ ညောင်းညာကိုက်ခဲတယ်ဆိုတာ အပူ ကြောင့် ဖြစ်တာပဲ။

ညအိပ်တဲ့အခါမှာ ခေါင်းစွပ်၊ လက်အိတ်၊ ခြေစွပ်တွေ ဝတ်မအိပ်ပါနဲ့။ အပူမထွက်ဘူး။ အပူဟာ ဦးခေါင်း၊ ခြေဖျား၊ လက်ဖျားတွေကနေ အမြဲထွက် နေပါတယ်။ ဒါကြောင့် အင်္ဂလိပ်က ရှမ်းပြည်လိုမြို့တွေမှာ မီးလင်းဖိုတွေ ပြုလုပ်ကြတယ်။ အနွေးဓာတ်ကို ယူတဲ့ နည်းပဲ။ လက်အိတ်တွေနဲ့မယူဘဲ မီး လင်းဖိုရဲ့ အပူဓာတ်ပဲ ယူတာဖြစ်တယ်။

အသက်ရှူရာမှာလည်း သန့်ရှင်း တဲ့လေကို ရှူရှိုက်ပါ။ ပိုးမွှားရောဂါကင်း ပြီး အဆုတ်ကို အားကောင်းစေတယ်။ ကျန်းမာရေးကို ကောင်းမွန်စေတယ်။ မီးခိုးငွေ့တွေဟာ ကျန်းမာရေးကို ထိ ခိုက်စေတယ်။ ရေပြင်ပေါ်က ဖြတ်လာ တဲ့လေ၊ တောတောင်သစ်ပင်တွေက ဖြတ်သန်းလာတဲ့လေဟာ ကျန်းမာရေး အတွက် အကောင်းဆုံးပါပဲ"

ဦးထွန်းလှမှ -

"ပြောတာတွေလည်း များသွားပြီ တို့သူကြီးတွေလည်း ပြန်ဦးမယ်ကွယ်"

မြင်းကိုယ်စီဖြင့် ထွက်ခွာသွားကြ ပါတော့၏။

**မျိုးသန်းထွန်းကို(ရေစကြို)**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်
# သတင်းစာ ကာတွန်းဆရာ

■ မောင်တော်ထိန်

"ဘယ်သူ့ထိပ်ကိုမှ၊ ပိတ်ရော့လို့ မောင်မဆော်၊ ဟုတ်တိုင်းဗျာ မှန်ရာတွေး လို့ရယ်၊ ရေးရပါသော်၊ နလုံးတွေဖော်၊ အော်ကာဗျ မည်သူ့ဆဲ၊ ရွှေတလေးမှာ ဖြင့်၊ ကျေအေးတယ် ခါမယူပ၊ ကမ္ဘာသူ ဓာတ်မှန်ပြသည့်သို့၊ အများကို အမှန်ကျ အောင်ဗျာ၊ ရေးရတာပဲ"

**ကာတွန်းဆရာကြီး ရွှေတလေး**

သတင်းစာကာတွန်းဟူသည် မျက်မှောက်ခေတ်တွင် ဖြစ်ပေါ်နေသော နိုင်ငံရေး စီးပွားရေး လူမှုရေးများ၏ လိုအပ်မှုများ၊ လွဲချော်မှုများ၊ ပိုလွန်းလိုလွန်းသော ဖြစ်ရပ်များကို ကာတွန်းပုံများဖြင့် တိုတိုနှင့် လိုရင်း ထိထိမိမိ တင်ပြခြင်းဖြစ်ပါသည်။

ယနေ့ သတင်းစာကာတွန်းလောကသည် သွက်လက်လှ၏၊ ထက်မြက်လှ၏၊ ထိရောက်လှ၏။ ထိုသို့ သွက်လက်၊ ထက်မြက်မှုသည် ပြောင်းလဲနေသော နိုင်ငံရေးနှင့် ယနေ့လူငယ်ကာတွန်းဆရာများ၏ အရည်အသွေးကြောင့် ဖြစ်ပါသည်။ ထို့ထည်းတူ ယနေ့ ဖွံ့ဖြိုးလာသော သတင်းစာလောက၏ ပြောင်းလဲမှုကြောင့်လည်း ဖြစ်ပါသည်။

သတင်းစာကာတွန်းသည် ၁၉၁၂ ခုနှစ်လောက်က "ရန်ကုန်တိုင်းသတင်းစာ"ခရစ်စမတ်အထူးထုတ် (Rangoon Times, M's Xmas Number) တွင် "MYAUK" (မျောက်)ဆိုသောကလောင်အမည်ဖြင့် အင်္ဂလိပ်လူမျိုးတစ်ဦး ရေးဆွဲသော ကာတွန်းတစ်ခု စတင်ပါရှိသည်ဟု ဆိုပါသည်။ ထိုကာတွန်း၏ ဆိုလိုရင်းမှာ မြန်မာအမျိုးသမီးတစ်ဦး အနောက်တိုင်း စုံတွဲကပွဲသဘင်ပါတီပွဲတွင် ဆင်နွှဲနေပုံကို သရော်ထားသော ပုံဖြစ်ပါသည်။

ထို့နောက် ၁၉၁၄ ခုနှစ်ထုတ် ယင်းသတင်းစာတွင်ပင် မစ္စတာမာတင်ဂျုံးဆိုသူ အင်္ဂလိပ်အမျိုးသားတစ်ဦး ရေးဆွဲသော ကာတွန်းပုံတစ်ပုံ ပါလာပြန်သည်။ မစ္စတာမာတင်ဂျုံးသည် မြန်မာပြည် မီးရထားဌာန ဒုတိယကုန်ဝန်မင်းကြီးဖြစ်၏။ ၁၉၁၅ ခုနှစ်လောက်တွင် မြန်မာသတင်းစာဖြစ်သော "သူရိယ" သတင်းစာတွင် မြန်မာကာတွန်းတစ်ပုံ ပါရှိပြီး ရေးဆွဲသူအမည်ကိုမူ မသိရှိခဲ့ရပေ။

သမိုင်းတင်ရမည့် မြန်မာကာတွန်းဆရာကြီးမှာ မြန်မာလူမျိုးတို့ထဲမှ ပထမဦးဆုံး ကာတွန်းဆရာကြီးဖြစ်သော "ဦးဘဂလေး(ခ) ရွှေတလေး"ပင် ဖြစ်ပါသည်။ ဦးဘဂလေးသည် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်ပြီး "၁၉၁၅ ခုနှစ်ထုတ် ရန်ကုန်ကောလိပ်မဂ္ဂဇင်း"တွင် "မြို့ပိုင်မင်းအိပ်မက်" ကာတွန်းကို စတင်ရေးဆွဲခဲ့၏။ ထိုမဂ္ဂဇင်းသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသဖြင့် ကာတွန်းတွင် အင်္ဂလိပ်စာဖြင့်ဖော်ပြထားလေသည်။

ဦးဘဂလေး၏ ကာတွန်းများကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာလင်္ကာများဖြင့် တွဲဖက်အသုံးတော်ခံသဖြင့် ထိုခေတ်က သတင်းစာဖတ်ပရိသတ်များ အကြိုက်တွေ့ခဲ့ရပါသည်။ ကာတွန်းပညာကို လူထုနှင့် မိတ်ဆက်ပေးသူမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖြစ်ပါသည်။ ဦးဘဂလေးသည် သူရိယသတင်းစာ၊ မြန်မာ့ဗျူဟာဂျာနယ်၊ ပန္နလာဂျာနယ်၊ ဒီးဒုတ်ဂျာနယ်၊ ဒဂုံမဂ္ဂဇင်းများအပြင် ထိုခေတ် ထိုအခါက သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင်သာမက ပထမကမ္ဘာစစ်ကြီး ၁၉၂၀ ကျောင်းသားသပိတ်၊ ၁၉၂၆ ဒိုင်အာခီအုပ်ချုပ်ရေး ၁၉၂၇ သူပုန်စံဖဲ၊ ၁၉၃၁ ဆရာစံ ဂဠုန်အရေးတော်ပုံ၊ ၁၉၃၂ ခွဲရေးတွဲရေးများ



www.burmeseclassic.com

www.burmeseclassic.com

နှင့် အခြားသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးလောကများကို ဝေဖန်ပြောင်လှောင်ခဲ့ပါသည်။

ဦးရွှေတလေး(ခ)ဦးဘဂလေးသည် ရုပ်ရှင်လောကတွင်လည်း ကျင်လည်ခဲ့ပါသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၂၅ ခုနှစ်ထိ လေးနှစ်ကျော်၊ ငါးနှစ်နီးပါး ကျင်လည်ကျက်စားခဲ့ပါသည်။ "ရွှေရိုး" အမည်ဖြင့် ရုပ်ရှင်လောကတွင် သူ၏ အနုပညာကို ကိုယ်တိုင်အစွမ်းပြရင်း နိုင်ငံတစ်လွှား ထင်ပေါ်ကျော်ကြား လူကြိုက်များလှပေသည်။ အဘိုးကြီးအသွင်ဆောင်ကာ ပုသိမ်ထီးကလေးနှင့် ကသော အကကို "ဦးရွှေရိုးအက"ဟု ပေါ်ပေါက်လာပါသည်။ ယနေ့တိုင် မြန်မာလူမျိုးတို့ စွဲမက်သေဓာ ရွှေရိုးအကသည် ပွဲတိုင်းကျော်လျက်ရှိပါသည်။ ဦးဘဂလေးသည် ကာတွန်းတွင်သာမက မြန်မာအကတစ်ခုဖြစ်သော ရွှေရိုးအကကို တီထွင်သူဟု ဆိုရပါသည်။

ဦးဘဂလေးနောက် ကာတွန်းရေးဆွဲသူမှာ ဦးဘဇော် ဖြစ်ပါသည်။ ၎င်းနောက် ဦးဘစိန်(၁၉၂၅)၊ ဦးဟိန်စွန်း(၁၉၂၃)၊ ဦးဟိန်စွန်း၏ "အကြံပိုင်သော ငခွေး" ကာတွန်းသည် "မြန်မာ့အလင်းသတင်းစာ"တွင် အပတ်စဉ်ပါဝင်ခဲ့ပြီး သတင်းစာဖတ်သူများအကြိုက် ကာတွန်းဖြစ်ခဲ့ပါသည်။ သူရိယသတင်းစာ၊ သူရိယရုပ်စုံ၊ ဗန္ဓုလ၊ မြန်မာ့ဟိတ စသည့် အခြားဂျာနယ်နှင့် သတင်းစာများတွင်လည်း ရေးဆွဲခဲ့ပါသည်။ ဦးဟိန်စွန်းသည် မြန်မာ့အလင်းသတင်းစာ၏ ပထမဆုံးလခစား ကာတွန်းဆရာအဖြစ် ခန့်အပ်ခြင်းခံရ၏။ ထိုစဉ်က လစာမှာ တစ်လ ၁၂၀ ကျပ် ဖြစ်ပါသည်။

ဦးဟိန်စွန်းသည် စာသားမဲ့ကာတွန်းကို မြန်မာနိုင်ငံတွင် စတင်တီထွင်ခဲ့သူ ဖြစ်ပါသည်။ အထက်ဖော်ပြပါ "အကြံပိုင်သော ငခွေး" ကာတွန်းသည် စာသားမဲ့ဖြစ်၏။ စစ်ကြိုခေတ်ရုပ်ရှင်ဇာတ်ကားများတွင် "အကြံပိုင်သော ငခွေး"လို မလုပ်စမ်းပါနဲ့ဟူသည့် စကားလုံးကို အသုံးပြုခဲ့ကြ၏။ ထို"အကြံပိုင်သော ငခွေး" ကာတွန်းသည် သွေးသောက်မဂ္ဂဇင်း၏ ပင်တိုင်ကာတွန်းလည်း ဖြစ်ခဲ့ပါသည်။

၁၉၄၀ ပြည့်နှစ် ကျောင်းသားသတင်းစာ ပေါ်ထွက်လာသောအခါ ကာတွန်းဦးဟိန်စွန်း၏ (ငနီ-မိနီ)ကာတွန်းဖြင့် ကြာသပတေးနေ့တိုင်း ထုတ်ဝေခဲ့ပါသည်။ ငနီ-မိနီ ကာတွန်းသည် ကလေးများအတွက်ဖြစ်၍ ကလေးများကို ကာတွန်းပညာဖြင့် စာပေလောကသို့ လက်တွဲခေါ်ဆောင်သူ ဖြစ်၏။ ဦးဟိန်စွန်းသည် အင်္ဂလိပ်အစိုးရထုတ်ဝေသော "ရွှေပြည်တော်"သတင်းစာတွင် ရေးဆွဲပေးရသကဲ့သို့ ဂျပန်ခေတ် ဂျပန်အစိုးရထုတ် (GREATER ASIA)သတင်းစာတွင်လည်း အပတ်စဉ်ကာတွန်းများ ရေးဆွဲပေးခဲ့ရလေသည်။ ထိုအချိန်က တစ်လ ၃၀၀ ကျပ် ရရှိခဲ့ပါသည်။

ဆရာကြီးဦးဟိန်စွန်းနှင့် ခေတ်ပြိုင်ကာတွန်းရေးဆွဲခဲ့သူများမှာ ဘောက်ကလေး၊ မျိုးချစ်၊ မုံရွာဘထူး၊ ပန်းချီဦးလွန်းကြွယ်၊ ဦးဘကျော်၊ ဦးသက်ဝင်း (စစ်ပြီးခေတ် ကံဘဲ့ဆရာအတတ်သင်သိပ္ပံကျောင်း ပန်းချီကာထိက)။ ဦးဟိန်စွန်းသည် ပန်းချီဆရာများကိုလည်း ကာတွန်းလောကသို့ ပင်ရောက်ရေးဆွဲစေခဲ့၏။

ကာတွန်းဝိဇ္ဇာ ဦးဘဂျမ်းသည် ဦးဟိန်စွန်း၏ အားပေးအားမြှောက်ပြုမှုကြောင့် ကာတွန်းလောကထဲသို့ ခြေစုံပစ်၍ ဝင်ရောက်ခဲ့သူဖြစ်၏။ ၁၉၂၆ ခုနှစ်တွင် စတင် ကာတွန်းရေးဆွဲခဲ့သည်။ ကောလိပ်ကျောင်းသားတစ်ဦးဖြစ်၏။ ကောလိပ်ဘော်ဒါဆောင်တွင် ဟင်းနည်းပြီး အရည်များနေသည်ကို အကြောင်းပြု၍ ကာတွန်းရေးဆွဲလိုက်သည်။ ပုံတွင် ကျောင်းသားတစ်ဦး ကုတ်အင်္ကျီချွတ်နေစဉ် အခြားကျောင်းသားတစ်ဦးက -

"ခင်ဗျား ဘာလုပ်နေတာလဲ"ဟု မေးရာ ကုတ်အင်္ကျီချွတ်ဟန်ပြုနေသော ကျောင်းသားက -

"ကြက်သားတုံးကို ဒိုင်ဗင်ထိုးဆယ်မလို့"ဟု ပြောပုံကို ကာတွန်းရေးဆွဲ၍ ကျောင်းအဆောင်တွင် အစားဆင်းရဲမှုကို သရော်ခဲ့ပါသည်။ ကျောင်းမှထွက်ပြီး အတွင်းဝန်ရုံး(ဘွိုင်လာအင်စပက်တော်ဌာန)တွင် တစ်လ ကျပ် ၉၀ ဖြင့် စာရေးဝင်လုပ်၏။ သို့သော် ကြာရှည်စွာ မလုပ်နိုင်ဘဲ အထက်အရာရှိ၏ ဖိနှိပ်မှုကြောင့် အလုပ်ထွက်ခဲ့ရလေသည်။

ဦးဟိန်စွန်း၏ အားပေးကူညီမှုဖြင့် ကာတွန်းများရေးဆွဲခဲ့ရာ တစ်ကြိမ်တွင် ရန်ကုန်ဂေဇက်သတင်းစာတိုက်သို့ သွား ရောက်ပို့ရာ အင်္ဂလိပ်လူမျိုးအယ်ဒီတာ သူ၏ကာတွန်းကိုကြည့်၍ တခစ်ခစ်ရယ် မောပြီး "အဲသလို ရယ်စရာကောင်း အကြံတွေ မင်းခေါင်းထဲဝင်လာ ခပ်မြန်မြန်ရေးပြီး ယူခဲ့ကွာ။ ငါ မ ကာတွန်းကို သိပ်သဘောကျတယ်" ပြောကာ ဦးဘဂျမ်း၏ ကာတွန်းအ



www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်လိုက်လေသည်။ ထိုအချိန်မှစ၍ ဦးဘဂျမ်း၏ ကာတွန်းများသည် ရန်ကုန်ဂေဇက်သတင်းစာတွင် အဆက်မပြတ် ပါဝင်ခဲ့ပါတော့သည်။

၁၉၃၄ ခုနှစ်တွင် "ကြက်တောင်ကွဲ" ကာတွန်းဇာတ်လမ်းကို ဦးဟိန်စွန်းနှင့်အတူရေးဆွဲပြီး ပဲရောက်(PARROT) ရုပ်ရှင်မှ နှစ်ပိုင်းခွဲ ရိုက်ကူးပြသခဲ့ပါသည်။ ဦးဘဂျမ်းသည် ကာတွန်းရေးဆွဲရုံသာမက "သုည"အမည်ဖြင့် စာပေများ ရေးသားခဲ့ပါသည်။ "ညီမလေး"လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေခဲ့၏။ သူရိယမဂ္ဂဇင်းတွင် ကိုပြူး-မပြုး၊ ဦးဖျောက်ဆိပ် ကာတွန်းများကို ရေးဆွဲခဲ့၍ စာဖတ်ပရိသတ်ကို နိုင်ငံရေး၊ လူမှုရေး၊ ဇာတ်ခုံ အဖုံဖုံမှ အဖြစ်အပျက်များကို အသုံးတော်ခံခဲ့ပါသည်။

ဂျပန်ခေတ်တွင် ဦးဘကြည်၊ ဦးဟိန်စွန်းတို့နှင့်အတူ လခစားအဖြစ် ပြန်ကြားရေးဌာနတွင် လုပ်၏။ သို့သော် အစိုးရ၏ ဝါဒဖြန့် ပန်းချီများ၊ ကာတွန်းများကိုသာ ရေးကြရသဖြင့် အလုပ်လုပ်ရသည်ကို စိတ်ကုန်လာကြသဖြင့် လေးငါးလခန့်သာ လုပ်ကြပြီး အားလုံး လစ်ပြေးကြလေ၏။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလနှင့် မြန်မာလူထုကြီး လွတ်လပ်ရေးကြိုးပမ်းချိန်တွင် ဦးဘဂျမ်းသည် ညောင်တုန်းမှ ရန်ကုန်သို့လာကာ ကလောင်စွဲ၍ လွတ်လပ်ရေးတိုက်ပွဲ ဝင်တော့၏။

ထို့နောက် ဦးဘဂျမ်းသည် ရုပ်ပြောင်စာစောင်၊ သံတော်ဆင့်သတင်းစာ၊ ဟံသာဝတီသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ အိုးဝေသတင်းစာများတွင် ရေးဆွဲခဲ့ပါသည်။ သံတော်ဆင့်သတင်းစာတွင် ရေးဆွဲသော "မြွေမင်းသား" ကာတွန်းရုပ်ပြဇာတ်လမ်းသည် ကလေးသူငယ်များ စွဲလမ်းနှစ်သက်ခဲ့သော ကာတွန်းဇာတ်လမ်း ဖြစ်ခဲ့ပါသည်။ ဒဂုန်မဂ္ဂဇင်း၊ ရှုမဝမဂ္ဂဇင်းတို့တွင်လည်း ဦးဘဂျမ်း၏ သရုပ်ဖော်ပုံများဖြင့် ဝေဝေဆာဆာ တင်ဆက်ခဲ့ပါသည်။

စာရေးဆရာ ဆရာသာဂဒိုးသည် ဆရာကြီးဦးဘဂျမ်းထံ ကာတွန်းပညာ ဆည်းပူးခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးဦးဘဂျမ်းက မြန်မာပြည်လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးသမားများ ရရှိခဲ့သော ဂုဏ်ထူးများကို ကာတွန်းဖြင့် သရော်ခဲ့၏။ ထိုဂုဏ်ထူးများမှာ "လောကကောင်၊ စားဖား၊ အချောင်သမား၊ သွေးဖည့်ရေးသမား၊ လက်ကိုင်တုတ်၊ ခွတုတ်၊ ဖော်လံဖား၊ ဆိတ်ခလောက်၊ မနုဿဗီဟဖြုတ်" စသည်တို့ ဖြစ်၏။

ဆရာကြီးဦးဘဂျမ်းကို ဖဆပလ အာဏာပိုင်တစ်ဦးက ညွှန်ကြားရေးဝန် တစ်နေရာယူ၍ နိုင်ငံ့တာဝန်ထမ်းဆောင်ရန် တာဝန်ပေးသော်လည်း ဦးဘဂျမ်းကား သူ့အတွက်ရော၊ တိုင်းပြည်အတွက်ပါ အကျိုးရှိမည်မဟုတ်ဟု ဆိုကာ ငြင်းဆန်ခဲ့၏။ ဆရာကြီးသည် တိုင်းပြည်ပြု ကာတွန်းများကို ရေးဆွဲရင်း မမျှော်လင့်ဘဲ အစာအိမ်ရောဂါဖြင့် ၁၉၅၃ ခု၊ ဖေဖော်ဝါရီလ ၁၈ ရက်၊ အသက် ၅၃ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပါသည်။ ဆရာကြီးကွယ်လွန်ပြီး နောက်တစ်နှစ် ၁၉၅၄ ခုနှစ် လွတ်လပ်ရေးနေ့တွင် "အလင်္ကာကျော်စွာဘွဲ့"ထူးဖြင့် ဂုဏ်ပြုခဲ့၏။ ဆရာကြီးနေထိုင်ခဲ့သော ၃၃ လမ်းအောက်လမ်းတွင် နှစ်စဉ် ဆရာကြီး အမှတ်တရအဖြစ် ကာတွန်းပြပွဲ ပြုလုပ်ခဲ့၏။

ဦးဘဂျမ်းနောက်တွင် ဆရာကြီး ဦးဘကြည်၊ ကာတွန်းညီညီ၊ ဦးခင်မောင်၊ ဦးထွန်းလှိုင်၊ ဒေါက်တာကြီးမြင့်၊ ပန်းချီဘမိုး စသည်တို့ ဖြစ်ကြ၏။ စစ်ပြီးခေတ် ကာတွန်းဆရာများမှာ ကာတွန်းတင်လှ၊ ကာတွန်းကြွယ်လေး၊ ကာတွန်းဖေသိန်း၊ ကာတွန်းကျော်ဆန်း၊ ကာတွန်းကြည်လင်၊ ကာတွန်းသန်းကြွယ်၊ ကာတွန်းသုခ၊ ကာတွန်းဗဂလေး၊ ကာတွန်းအောင်ရှိန်၊ ပန်းချီမောင်စိန်၊ ကာတွန်းဘထွေး၊ ကာတွန်းမင်းထွတ်၊ ကာတွန်းဖုဏ်းကို၊ ပန်းချီအောင်စိုးတို့ ဖြစ်ကြပါသည်။ မန္တလေးမှ ကာတွန်းဆရာများမှာ ပေါ်ဦးသက်၊ ဝင်းဖေ နှင်းဦးတို့ ဖြစ်ကြပါသည်။

အထက်ပါ ကာတွန်းဆရာကြီးများ၏ တင်ပြပုံ၊ ရေးဆွဲပုံများသည် ကျွန်တော်တို့ခေတ် လူငယ်ကာတွန်းဆရာများကို ဖိတ်ခေါ်လျက်ရှိပါတော့သည်။ အထူးသဖြင့် ကျွန်တော်၏ ဖခင်သည် သတင်းစာဟောင်းများကို စုစည်းထားသူဖြစ်သဖြင့် ကျွန်တော်သည် ထိုသတင်းစာဟောင်းများမှ ကာတွန်းများကိုကြည့်ကာ နှစ်သက်မိပါသည်။ အထူးသဖြင့် ဆရာကြီးဦးဘဂျမ်း၏ မြွေမင်းသား ကာတွန်းမှာ လူငယ်များကို စွဲလမ်းစေပါသည်။ ထို့နောက် ဆရာကြီးဦးဖေသိန်း၊ ဦးအောင်ရှိန်၊ ဦးသန်းကြွယ် စသည့် ကာတွန်းဆရာကြီးများ၏ သတင်းစာကာတွန်း၊ ဂျာနယ်ကာတွန်းများကိုလည်း အထူးပင် စွဲလမ်းမိပါသည်။

ကာတွန်းများကို ဖတ်မိ၊ ကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com

မိသည်မှအပ ရေးရန်ကား မလွယ်ကူပေ။ ကာတွန်းရေးတတ်အောင်ကား ဆရာရှိမှ ဖြစ်ပေမည်။ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာ ဆိုသကဲ့သို့ ဆရာလိုပေသည်။ ကျောင်းတွင်နေစဉ်က ဟိုပုံကူးဆွဲ၊ ထပ်ဆွဲ၍ လက်တည့်စမ်းမိသော်လည်း ပုံစံမကျ။ ဖြစ်သလို တူချင်တူ၏၊ မတူချင်မတူပေ။ ပန်းချီပညာဆိုသည်ကား ထင်သလောက် မလွယ်။ ပန်းချီကျောင်းတက်ရန်လည်း စိတ်မကူးမိပေ။ ကံအားလျော်စွာ ကျွန်တော်တို့ အထက်တန်းကျောင်းသားဘဝတွင် ကာတွန်းဝင်းမောင်၏ ကာတွန်းရေးဆွဲနည်းစာအုပ် ပေါ်ထွက်လာပါသည်။

ကာတွန်းဝင်းမောင်မှာ "မိ၊ မော်၊ မေ၊ မ" ရုပ်ပြကာတွန်းဖြင့် တစ်ဟုန်ထိုး ကာတွန်းလောကကို ပြောင်းလဲပစ်သူတစ်ဦး ဖြစ်ပါသည်။ သူ၏ အမျိုးသမီးပုံကလေးများသည် လှပ်လှပ်ရှားရှားနှင့် သွက်သွက်လက်လက် ရှိလှပါသည်။ ယနေ့ ကာတွန်းဆရာများ၏ ရှေ့ဆောင်ကာတွန်းဆရာဟုဆိုလျှင် မှားမည်မထင်ပါ။ ကာတွန်းဝင်းမောင်သည် "မိမော်မေမ"ရုပ်ပြအပြင် မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း သူ၏လက်ရာများက နေရာယူထား၏။

သူ၏ကာတွန်းများကို ကြည့်ကာ ရေးဆွဲလေ့ကျင့်ရပါသည်။ ကာတွန်းဝင်းမောင်၏ အမျိုးသမီးပုံ ရေးဆွဲနည်းနှင့် အခြားကာတွန်းရေးဆွဲနည်း စာအုပ်များမှာ ထိုခေတ်လူငယ်များအဖို့ အထူးပင်တန်ဖိုးရှိလှပါတော့သည်။ ထိုစာအုပ်များကြောင့်လည်း ထိုခေတ်က လူငယ်ကာတွန်းဆရာများသည် ကာတွန်းဝင်းမောင်၏ လက်ရာများ စိုးမိုးနေပါတော့သည်။

အလုပ်ရပြီးသောအခါ တာဝန်ဝတ္တရားများကြောင့် ကာတွန်းအကြောင်းကို အဆက်ပြတ်ခဲ့ပါသည်။ သို့သော် ကာတွန်းရောဂါအခံပိုး ရှိသောသူတစ်ယောက်ဖို့ အလုပ်လုပ်ပြီး နေ့စဉ်ထုတ် သတင်းစာတွင် ပါရှိသော ကာတွန်းများကိုဖတ်ရင်း ကာတွန်းရေးဆွဲလိုစိတ် ပြင်းပြလာပါသည်။ ထိုစဉ်က သတင်းစာ ကာတွန်းဆရာကြီးများမှာ ဦးဖေသိန်း၊ ဦးဘတွေး၊ ဦးမြင့်စိုးလေး၊ ဦးဟိန်စွန်းနှင့် အခြားသော လူငယ်ကာတွန်းဆရာများ ဖြစ်ကြပါသည်။

သတင်းစာ ကာတွန်းရေးဆွဲလိုသော်လည်း ကာတွန်းအယူအဆများကို လေ့လာရပါသည်။ ပုံဆွဲနည်းကို ပြန်လှန်လေ့ကျင့်ရပါသည်။ ကျွန်တော်၏ရုံးတွင် သတင်းစာကာတွန်းရေးဆွဲသူ ဆရာမောင်ဘိုထံ လေ့လာရပါသည်။ ကျွန်တော်၏ရုံးတွင် ကာတွန်းမောင်ဘိုအပြင်၊ ကာတွန်းမျိုးမြင့်(DKU)၊ ကာတွန်းမောင်မောင်အောင်တို့ ရှိပါသည်။ ဌာနချင်းတော့ မတူပေ။

ကျွန်တော်သည် ကာတွန်းမောင်ဘိုထံမှ ရေးဆွဲနည်းကို သင်ကြားကာ အပြင်းအထန် လေ့ကျင့်ရပါသည်။ နဂိုဗီဇရှိရင်းစွဲကြောင့် မကြာမီ အများလက်ခံနိုင်မည့် ကာတွန်းပုံများကို ရေးဆွဲနိုင်သော်လည်း သတင်းစာကာတွန်းရေးဆွဲသူအဖြစ်ကား မလုံလောက်သေးပေ။ သတင်းစာကာတွန်းရေးဆွဲမည့်သူသည် သတင်းစာအစောင်စောင်ကို ဖတ်ရမည်။ အခြားစာစောင်များကိုလည်း လေ့လာရမည်။ သတင်းစာထဲတွင် ပါဝင်နေသော သတင်းစာကာတွန်းများကိုလည်း လေ့လာရသည်။ ထူးခြားသော သတင်းများ ဆောင်းပါးများကို လေ့လာရပါသည်။

ကံအားလျော်စွာပင် ကျွန်တော်၏ ဌာနမှ ကျွန်တော်၏ဆရာသည် စာရေးဆရာတစ်ဦး ဖြစ်ပါသည်။ ရှုမဝ၊ မြဝတီ မဂ္ဂဇင်းတို့တွင် ဝတ္ထုတိုများ ရေးသားနေသည့် (ချစ်သူရ) ဖြစ်ပါသည်။ ဆရာချစ်သူရ၏ စာပေများကို ကျွန်တော်သည် အလုပ်မရမီကပင် မကြာခဏဆိုသလို ဖတ်ဖူးပါသည်။ ဆရာချစ်သူရသည် သဘောကောင်းပြီး တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်တတ်သူ ဖြစ်ပါသည်။ ဆရာ၏ အစည်းအဝေးမှတ်တမ်းများကို ကျွန်တော်က အဓိကရိုက်ပေးရပါသည်။

ဆရာသည် လက်ရေးလှည်းလှပြီး စာရေးလည်းကောင်းပါသည်။ သူ၏စာများသည် အဖုအထစ်မရှိ။ ချောမွေ့၍ ဖတ်ကောင်းပါ၏။ ကျွန်တော်သည် ဆရာနှင့် အတော်ခင်မင်လာသည့်အခါ ဆရာအား အပူကပ်ရပါသည်။ ဆရာသည် သတင်းစာထဲတွင်လည်း ဆောင်းပါးများ ရေးသားနေသူလည်း ဖြစ်၏။ သတင်းစာတိုက်နှင့် အဆက်အသွယ်ရှိ၏။ "လုပ်သားပြည်သူနေ့စဉ် သတင်းစာ" ဖြစ်ပါသည်။ ကျွန်တော်က သတင်းစာတွင် ကာတွန်းများ ရေးလိုကြောင်း ဆရာအား အပူကပ်ရ၏။ ဆရာသည် သတင်းစာထဲ မရေးမီ ရုံးတွင်းမှ အဖြစ်အပျက်များကို ကာတွန်းရေးရန် တိုက်တွန်းသဖြင့် ရုံးမှ စာရွက်များဖြင့် ရုံးတွင်းကာတွန်း ထုတ်ဝေတော့၏။ ရုံးတွင်းမှ အဖြစ်အပျက်များ၊ စာရေးမများ၊ စာရေးများအကြောင်းကို ဟာသသဘာဝနှော၍ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

အမှတ်(၁)မှ (၄)အထိ ရေး၏။

စာအုပ်တစ်အုပ်လျှင် စာမျက်နှာ ၅၀ ခန့်ရှိ၏။ ထမင်းစားချိန် နံနက် ၁၁း၃၀ နာရီ ရုံးခေတ္တနားချိန်တွင် ထိုရုံးတွင်း ကာတွန်းစာအုပ်ကို အရာရှိများထံ တင်ပြ၍ ဖတ်စေ၏။ အရာရှိများ ဖတ်ရှုပြီးက အရာရှိငယ်၊ ရုံးအုပ်၊ စာရေးစာချီများ ဖတ်ကြ၏။ တဝါးဝါးတဟားဟားဖြင့် ပျော်ရွှင်ဖွယ်တင်ဆက်မှုကြောင့် ရုံးတစ်ရုံးလုံး အားပေးကြ၏။ စာအုပ်အမှတ်(၄) သို့ ရောက်သောအခါ ဆရာချစ်သူရက

"ရုံးတွင်းကာတွန်းကတော့ ပြောင်မြောက်ပါပေတယ်ကွာ။ သတင်းစာထဲ ထည့်ဖို့တော့ နီးလာပြီ"

ဟု ဆိုသဖြင့် အခွင့်အရေးကို စောင့်နေသော ကျွန်တော်က -

"ကျွန်တော် ကြိုးစားရေးပါ့မယ် ဆရာ။ ဒီတစ်ခါ သတင်းစာတိုက် ဆောင်းပါးသွားပို့ရင် ကျွန်တော့်ကာတွန်း တစ်ပုံလောက် ပါးလိုက်ပါရစေဆရာ"

ဆရာက ခေါင်းညိတ်သဖြင့် ကျွန်တော်သည် သတင်းစာတွင် ပါဝင်နိုင်ညည့်ပုံများကို ရေးဆွဲကာ ဆရာ့အား ပေးလိုက်ပါသည်။ တစ်ရက်စောင့်၊ နှစ်ရက်စောင့်၊ သုံးရက်စောင့်၊ တစ်ပတ်ကြာ၊ တစ်လကြာသော်လည်း ပုံတွေကတော့ မပါရေးချ မပါ။ နံနက်သတင်းစာထွက်သည်နှင့် သတင်းစာရောင်းသည့်ဆိုင်သို့ သွားကာကြည့်ရသည်မှာလည်း နေ့စဉ်နေ့တိုင်း။ မပါမှန်းသိသောခါ မိမိကိုယ်တိုင် ရုံးလွှတ်သည့်အခါ သတင်းစာတိုက်သို့ ပြေး အယ်ဒီတာစားပွဲပေါ်တင်၊ ညနေခြောက်နာရီခန့်တွင် အယ်ဒီတာမှ ထေမဆင့်ပုံများ ရွေး၏။ နေ့စဉ်သတင်းစာတိုက်သို့ပို့သော ကာတွန်းပုံများမှာ ၂၀၀ ခန့်ရှိ၏။ ထိုပုံများထဲမှ သင့်တော်သော ပုံ ၁ယယ်ပုံခန့်ကို အယ်ဒီတာမှ အယ်ဒီတာချုပ်ထံ တင်ပြ၏။ အယ်ဒီတာချုပ်မှ ညနေ ၆ နာရီခန့်တွင် အပြီးသတ်ရွေးချယ်ပြီး ကျန်သည့်ပုံများကို ပြန်ချပေး၏။ ရွေးချယ်သည့်ပုံက တစ်ပုံ၊ အလွန်ဆုံး နှစ်ပုံ။

ပြန်ကျသောပုံများကို ကြေးမုံသတင်းစာတိုက်သို့ လူကြုံဖြင့်ပေးပို့၍ ကြေးမုံသတင်းစာတိုက်မှ ပြန်ကျသောပုံများကို မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကြုံဖြင့် ထပ်တင်။ ထိုမှပြန်ကျသော ကာတွန်းပုံများကို နောက်နေ့ညနေတွင် လုပ်သားပြည်သူ့သတင်းစာတိုက်၌ ပြန်ပေး၏။ ကာတွန်းအပေါင်းအသင်းများအား ဤမျှ အားကိုးကြရ၏။ ထိုစဉ်က ၁၉၇၂ ခုနှစ်ခန့်က ကျွန်တော်သည် ပုဇွန်တောင်တွင် နေထိုင်သဖြင့် သတင်းစာတိုက်ကြီးများဖြစ်သော လုပ်သားပြည်သူ့နေ့စဉ်၊ ကြေးမုံ၊ ဗိုလ်တထောင်သတင်းစာတိုက်များနှင့် နီးသဖြင့်လည်း ကာတွန်းရေးရန် အခွင့်အလမ်းပိုခြင်းဖြစ်ပါသည်။ သတင်းစာတိုက်နှင့် ဝေးသောသူများကား အလွန်ပင် လှုပ်ရှားကြရပါသည်။

ဤကဲ့သို့ မိမိအတွေးတွင် ပါဝင်နိုင်မည့် သတင်းစာကာတွန်းများကို ရေးကာ အနည်းဆုံး တစ်နေ့တစ်ပုံ၊ နှစ်ပုံခန့်ရေး၍ သတင်းစာတိုက်သို့ သွားရောက်ပို့ရပါသည်။ ရုံးတွင် အတွေးပေါက်က ရုံးတွင်ရေး၊ အိမ်တွင်အတွေးပေါက်က အိမ်တွင်ရေးရပါသည်။ ရသည့်အတွေးကို စာရေးစားပွဲပေါ်တွင် အသင့်ထားသည့် မှတ်စုစာရွက်တွင် ချက်ချင်းမှတ်သားထားရပါသည်။ သတင်းစာကာတွန်းဟူသည် လူပြောများသည့်အကြောင်း၊ သတင်းစာတွင်ပါသည့် အရေးပေါ်သတင်းများကို အတွေးကောင်းကောင်းဖြင့် ပေါင်းစပ်လိုက်ပါက ကာတွန်းကောင်းကောင်းတစ်ပုံ ရရှိနိုင်ပါသည်။ တစ်ရံတစ်ခါတွင် ကာတွန်းရေးသူများ အတွေးတူတတ်ကြပါသည်။ သို့သော် အတွေးတူသော်လည်း တင်ပြပုံကောင်းသူက သာစမြဲဖြစ်ပါသည်။ အထူးသဖြင့် ကာတွန်းရေးဆွဲရာတွင် တင်ပြပုံ စာသားနည်းရန်နှင့် စာသားမဲ့ တင်ပြနိုင်ပါက ပို၍ကောင်း၏။

ထိုခေတ်ထိုအခါသည် လမ်းစဉ်ပါတီခေတ် ဖြစ်သဖြင့် ကုန်ဈေးနှုန်းအကြောင်းနှင့် နိုင်ငံရေးအကြောင်းများကို ရေး၍မရပါ။ လှည့်ပတ်၍ ရေးနိုင်မှသာ ရနိုင်ပါသည်။ အဓိကရေးချက်မှာ လူမှုရေးများကိုသာ အဓိကထားရပါသည်။ အခြား မည်သည့်အကြောင်းအရာမှ ပေါ်တင်ရေး၍ မရနိုင်ပါ။ သတင်းစာကာတွန်းများ ထည့်နေသည်ကိုပင် ကျေးဇူးတင်ရပါသည်။ တစ်ခါတစ်ရံ သတင်းစာတွင် ကာတွန်းများ သတင်းကျပ်ပါက မသုံးပါ။ ဤအခက်အခဲများကြားမှ ကာတွန်းများကို သုံးပေးသော ထိုခေတ်က အယ်ဒီတာများကို အထူးပင်ကျေးဇူးတင်ရမည်ဖြစ်ပါသည်။

သတင်းစာကာတွန်းများ ခေတ်မကုန်အောင်၊ ပပျောက်မသွားအောင် ထိန်းသိမ်းပေးသော ထိုခေတ်က အယ်ဒီတာကြီးများကို အထူးပင် လေးစားရပါသည်။ ကာတွန်းဆရာများကလည်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူတို့၏ အခက်အခဲများကို ပညာပါပါ လှည့်ပတ်ရေးဖွဲ့ကြပါသည်။ ဤကဲ့သို့ စာပေခေတ်ကျပ်ကြီးတွင် ကာတွန်းဆရာဖြစ်လာသောသူများအဖို့ အလွန်ပင် အကျပ်အတည်းများဖြင့်ကြုံရပါသည်။

ကျွန်တော် ကာတွန်းရေးသက် လေးငါးလခန့်ကြာသော်လည်း ကာတွန်းကဖြင့် တစ်ပုံမှ မပါသေးပါ။ ရုံးမှ စာရေးများကပင် "မင်းကတော့ ခြေအေးဝမ်းရောင်ဖြစ်မယ့်ကောင်"ဟု ကင်ပွန်းတပ်ကြပါသည်။ အချို့စာရေးများကတော့ "သူများတွေတောင် ပါသေးတာ မင်းလည်းပါရမှာပေါ့ကွ။ ဆက်လုပ်"ဟု အားပေးသူများကလည်း မရှားပါ။ ကျွန်တော်၏ ဆရာကမူ -

"ရေးတိုင်းသာ ပါမယ်ဆိုရင် တစ်နိုင်ငံလုံး စာရေးဆရာတွေ၊ ကာတွန်းဆရာ၊ ကဗျာဆရာတွေ ဖြစ်ကုန်မှာပေါ့ကွ။ စာရေးသူတစ်ယောက်၊ ကာတွန်းဆရာတစ်ယောက်ဆိုတာ ဘယ်လိုတွေးရတယ်၊ ဘယ်လိုရေးရတယ်၊ ဘယ်လိုကြိုးစားရတယ်ဆိုတဲ့ အရင်းအနှီးဆိုတာ ရှိရတယ်ကွ။ အဲဒါဘာလဲဆိုတော့ ကြိုးစားမှု၊ စိတ်ရှည်မှုပဲ။ ခုမင်းရေးတဲ့ ပုံတွေကိုကြည့်။ ရုံးမှာစရေးတဲ့ ပုံတွေနဲ့ ဘာမှမဆိုင်တော့ဘူး။ ပိုပြီး လက်ရာပီပြင်လာတယ်။ အတွေးတော့ လိုသေးတယ်။ ဒါပေမယ့် အတွေးဆိုတာ သွက်မှ အရေးကောင်းမယ်။ ဒါကြောင့် ဆက်တွေးပါ၊ ဆက်ရေးပါ"

ဆရာကတော့ လက်ဖက်ရည်သောက်ကာ ခပ်ပြုံးပြုံးအားပေး၏။ အရာရှိငယ်တို့ကလည်း အားပေးကြ၏။ ဒီတော့ ဆက်ရေးရပါ၏။ အချိန်တိုင်းတွေးရ၏။ နေ့စဉ်ပါနေသော ကာတွန်းပုံများကို လေ့လာရ၏။ နေ့စဉ်ထုတ်သတင်းစာများကို ဖတ်ရ၏။ ရေဒီယို၊ တီဗွီ နားထောင်ရ၏။ ပုံဆွဲစက္ကူကတော့ ရုံးမှရ၍ ဝယ်စရာမလို။ ပုံဆွဲမင်နှင့် ဖောင်တိန်ကတော့ စိုက်ရ၏။ Pelikan မင်တစ်အိုးဆို ရေးပါလေ့။ ဖောင်တိန်အနေနှင့်ကတော့ "ရှာဖာ"ဖောင်တိန်ဖြင့် ရေးရ၏။ ရှာဖာဖောင်တိန်သည် နှစ်ပြားကြီး၍ ပုံဆွဲရာတွင် ကောင်း၏။ ထိုဖောင်တိန်ထဲသို့ ပယ်လီကန်မင်နက်ကို ရေနှင့်ရောစပ်၍ ထည့်ပေးရ၏။

ကာတွန်းရေးသက် ခြောက်လကြာသောခါ ကံထလာသည်ဟု ဆိုရပေမည်။ ကာတွန်းပုံတစ်ပုံ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ပါလာ၏။ ရုံးမှ စာရေးများ ဈေးရောင်းနေသည့်ပုံ ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက လုပ်သားပြည်သူများ အပါအဝင် ဆိုရှယ်လစ်စနစ်ကို ချီတက်နေကြသဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲကြ၏။ ထို့အတူ ဝန်ထမ်းများကျပ်တည်းလှ၏။ ဒီနေ့ထုတ်ပြီးသော လခကို ကြွေးရှင်ထံ ထိုးအပ်ကြရ၏။ ထိုးအပ်ပြီးသောအခါ တစ်ရာတစ်ဆယ်တိုးဖြင့် ချေးရ၏။ ထိုဘဝမျိုးသည် ဝန်ထမ်း အများအပြားဖြစ်၏။

သာမန်ဝန်ထမ်းတစ်ဦးသည် ရ သည့်လစာဖြင့် မလုံလောက်ပေ။ ထို ကြောင့် ရုံးမှ တစ်ခါတစ်ရံလစ်၍လည်း ကောင်း၊ ခွင့်ယူ၍လည်းကောင်း ပြင် အလုပ်တစ်ခုခုကို ပြေး၍လုပ်ရ၏။ ရုံး တွင်လည်း စာရေးမ တချို့က ဆီးထုပ် စီးကရက် စသည်ဖြင့် ရောင်းကြရ အချို့က ထီးဆိုင်၊ အထည်ဆိုင် စသည် တို့မှ ပစ္စည်းယူကာ နှစ်လပေးနှင့် ရောင်း ကြ၏။ လခထုတ်ပြီး တစ်ရက်၊ နှစ်ရက် ဆိုလျှင် ကြွေးတောင်းသူနှင့် ကြွေးယူသူ ဖိုက်တင်ပလေးကြလေ၏။

ထိုသို့ ရုံးသူရုံးသား ဝန်ထမ်းများ ဈေးသည်မသိမသာ ဖြစ်ရသည်ကို အကြောင်းပြု၍ ဈေးရေ့တွင် ဝန်ထမ်း အချို့ ဈေးရောင်းနေပုံကို ရေးဆွဲထား သည့် ကာတွန်းပုံဖြစ်၏။ ခြောက်လကြာ ကြိုးစားပြီး ပါလာသည့် ကာတွန်း ကြောင့် ရုံးခန်းတစ်ခုလုံး ဝမ်းသာကြ ဆက်လက်၍လည်း အားပေးကြ ကာတွန်းတစ်ပုံကို ထိုစဉ်က ဆယ့် ကျပ် စာမူခရပါသည်။ ထိုစာမူခ



www.burmeseclassic.com

www.burmeseclassic.com

ကျပ်ကို အောင်ပွဲခံသည့်အနေဖြင့် ရုံးမှ အပေါင်းအသင်းများကို လက်ဖက်ရည် တစ်ခွက်စီ ဂါရဝပြုလိုက်၏။ လက်ဖက် ရည်တစ်ခွက် ပြားငါးဆယ်ဖြစ်သည့် အတွက် ၁၅ ကျပ်ကို ခွက်သုံးဆယ် သောက်ရလေ၏။

၁၉၇၃ ဝန်းကျင်ကာလက "လုပ်သားပြည်သူ့နေ့စဉ်" သတင်းစာတိုက်တွင် ကာတွန်းဆရာများအတွက် အပေါ်ထပ် ၌ အခန်းတစ်ခန်းပေးထား၏။ စားပွဲကြီး တစ်ခုနှင့် ကုလားထိုင်များ ထားပါသည်။



၁။ ကာတွန်းသိန်းထွန်း၊ ၂။ ကာတွန်းမျိုးမြင့်(PKU)၊
၃။ တွံတေးတောက်တက်၊ ၄။ မောင်တော်ထိန်၊ ၅။ အောင်ခင်၊
၆။ အလုံသောင်းတင်၊ ၇။ မင်းလွင်၊ ၈။ ကျော်ကျော်လွင်၊
၉။ မြောင်းမြသန်းအေး၊ ၁၀။ ဆန်းလင်း၊ ၁၁။ ဗဟန်းအေးမင်း၊
၁၂။ မောင်မောင်အောင်၊ ၁၃။ စိုးစံဝင်း၊
F ပြထားသူများမှာ နာမည်မမှတ်မိသည်များ ဖြစ်ပါသည်။
ဓာတ်ပုံ–လမ်းစဉ်သတင်း(၁.၁၂.၇၆)

အချို့ကာတွန်းဆရာများသည် သတင်း စာတိုက်ရောက်မှ စိတ်ကူးလာသည့်ပုံကို ရေးဆွဲကြ၏။ တိုင်ပင်ဆွေးနွေးနိုင်ကြ၏။ အနားယူနိုင်၏။ ထိုအခန်းတွင် ပုံရွေးပြီး သည်အထိ စကားစမြည်ပြောကာ နား နားနေနေ နေနိုင်ပါသည်။

သတင်းစာ နှစ်ပတ်လည်ပွဲများ တွင်လည်း ကာတွန်းဆရာကြီးများနှင့် လူငယ်ကာတွန်းဆရာများကိုပါ ဖိတ် ကြားပါသည်။ ဆရာကြီးဦးဖေသိန်း၊ ဦးဟိန်စွန်း၊ ဦးဘထွေးတို့ တက်ရောက် သည်ကို တွေ့ရ၏။ ထိုအချိန်က လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၏ အယ်ဒီတာချုပ်သည် ဦးလှမြိုင်ဖြစ်၏။ လက်ထောက်အယ်ဒီတာချုပ်မှာ ဦးသာဂဒိုး ဖြစ်ပါသည်။ ကျွန်တော်တို့ခေတ်တွင် ကိုမြဇာ၊ ကိုငွေကြည်၊ တွံတေးတောက် တက်၊ လှဖေ၊ ငယ်ဦး၊ ပေါ်လွင်ကျော်၊ မြောင်းမြသန်းအေး၊ ရွှေစင်ညွှန့်၊ အလုံ သောင်းတင်၊ ဝသန်း၊ ခက်ခက်၊ သန်း ဝင်း၊ သန့်စင်၊ အောင်ခင်၊ ရွှေရိုး၊ မျိုးမြင့် (PKU)၊ သိန်းထွန်း၊ သာဂိ၊ မောင်မောင် တိုးလေး၊ ဗဟန်းအေးမင်း၊ မင်းလွင်၊ မောင်ရွှက်စိမ်း၊ ရွှေကိုဦး၊ ရွှေကျွန်းစံစံ၊ မြောင်းမြသန်းအေး၊ ကျိုက္ကော်ကျော် ကျော်၊ ကျော်ကျော်လွင် စသည့်လူငယ် ကာတွန်းဆရာများသည် သတင်းစာ ကာတွန်းဆရာများ ဖြစ်ကြ၏။ အချို့ လည်း ဂျာနယ်နှင့် စာစောင်များတွင် ဝင်ရောက်ရေးဆွဲကြပါသည်။

ကာတွန်းဆရာတစ်ယောက် ဖြစ် လာပြီဆိုသော်လည်း နာမည်ရရှိရန်ကား မလွယ်ကူပေ။ ဆရာကြီးများ ခေတ်ပြီး နောက်ပိုင်း ကျွန်တော်တို့ လူငယ် ကာတွန်းဆရာများခေတ်တွင် နာမည်ရရှိ ရန်မှာ ပို၍ပင်မလွယ်ကူလှပေ။ ကာတွန်း ဆရာများအနက် သတင်းစာကာတွန်း ဆရာသည် ပိုမို၍ နာမည်ရနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သိန်းချီ၍ နေ့ စဉ်ထုတ်သော သတင်းစာကြောင့်ဟု ဆိုနိုင်ပါသည်။

သတင်းစာသည် စာဖတ်သူအများ ဆုံး၊ ပရိသတ်အများဆုံးဖြစ်သဖြင့် သတင်းစာတွင် ရေးသူ ကာတွန်း၊ ဧတင်းပါးရှင်များမှာ နာမည်ရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၇ ခု မိုလ်တထောင်မြို့နယ်တွင် ပြသမည့် ဒုစရိုက်နှိမ်နင်းရေး ပညာပေးကာတွန်းပြပွဲအတွက် ပန်းချီကားများကို ဇွန် ၃၀ ရက်နေ့က စီစစ်ရွေးနေကြစဉ်။ ကပ

လည်း များပြားလာသော ကာတွန်းဆရာများကြောင့် မိမိရေးဆွဲသော ပုံသည် တစ်လတွင် နှစ်ကြိမ်ပါရန် အလွန်ပင် ကြိုးစားရပါသည်။ တစ်လ သုံး-လေးပုံ ပါသူအဖို့ကား နာမည်ရနိုင်သော်လည်း စာဖတ်ပရိသတ်က မိမိနာမည်အား ကျက်မိ၊ မှတ်မိရန် မလွယ်ကူပေ။ သို့အတွက် သတင်းစာကာတွန်းရေးသူများ အနေဖြင့် မိမိနာမည်ကို စာဖတ်သူသိရှိရန်၊ မှတ်မိစေရန် ကြိုးစားရန် လိုမည် ဖြစ်ပါသည်။ ထို့ကြောင့် မိမိနာမည်၊ မိမိကာတွန်းများအား မှတ်မိစေရန် ကာတွန်းရေးသူအနေဖြင့် တစ်နည်းတစ်ဖုံ တွေးတောသင့်ပေသည်။

မိမိကာတွန်းပုံပါပြီးနောက် ပို၍ပို၍ပင် တွေးရ၊ ရေးရပါတော့သည်။ လမ်းစဉ်ပါတီခေတ်တွင် ကာတွန်းရေးရသည်မှာ အလွန်ပင် ကျပ်တည်းလှ၏။ နိုင်ငံရေး စီးပွားရေးများအတွက် ပေါ်လစီကာတွန်းများကိုသာ တွင်တွင်သုံး၏။ ဟုတ်သည်၊ မဟုတ်သည် ဘေးချိတ် လမ်းစဉ်ပါတီ ညီလာခံများ၊ အစည်းအဝေးကြီးများရှိလျှင် ပေါ်လစီကာတွန်းတွေသာ တွင်တွင်သုံးတော့၏။ ရေးသူများကလည်း Follow လိုက်၍ ရေးကြရ၏။ မဖော်လိုသူများ ပုံပါရန်မလွယ်ကူပေ။ တစ်ခါတစ်ရံသာ ရိုးတိုးရိပ်တိတ် စီးပွားရေး နိုင်ငံရေး ကာတွန်းများကို တွေ့ရ၏။

လမ်းစဉ်ပါတီခေတ်တွင် ကာတွန်းဆရာများ၏ ပွဲဟု ဆိုရမည့်ပွဲများ ကြံ့ခဲ့ရ၏။ ထိုပွဲများသည် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး ကာတွန်းပြပွဲကြီးများ၊ စာတတ်မြောက်ရေး ကာတွန်းပြပွဲပြိုင်ပွဲကြီးများ၊ ဒုစရိုက်တားဆီးရေး ကာတွန်းပြပွဲများ ဖြစ်ပါသည်။ မူးယစ်ဆေးဝါးကာကွယ်တားဆီးေး ကာတွန်းပြပွဲကြီးကို အင်ဗိုုင်းခန်းမတွင် မြို့နယ်အလိုက် ပြပွဲပြိုင်ပွဲများ ပြုလုပ်ပါသည်။ စာတတ်မြောက်ရေး ကာတွန်းပြိုင်ပွဲများကိုလည်း ကျောင်းသားထုအတွင်း စီးဝင်သွားအောင် ကာတွန်းဆရာကြီးများက ကြီးကြပ်၍ ပြိုင်ပွဲများ ပြုလုပ်ခဲ့ပါသည်။

ဒုစရိုက်တားဆီးနှိမ်နင်းရေး ပြပွဲကြီးအား မိုလ်တထောင်မြို့နယ် YMCA ခန်းမတွင် ကာတွန်းဆရာပေါင်းစုံ၏ အတွေးပေါင်းစုံကို တင်ပြရပါသည်။ ရေးဆွဲခအနေဖြင့် နာမည်ကောင်းလက်မှတ်နှင့် လက်ဖက်ရည်သာ ဖြစ်ပါသည်။ ထိုပြပွဲမှ ကာတွန်းဆရာပေါင်းစုံ၏ ကာတွန်းများကို စာအုပ်အဖြစ် ထုတ်ဝေရန် ကာတွန်းပရိသတ်က အကြံပြုသော်လည်း မည်သည့်အတွက်ကြောင့် မသိ၊ စာအုပ်အဖြစ် ပေါ်ထွက်လာခြင်းမရှိပေ။

*(ဆက်လက်ဖော်ပြပါမည်)*

**မောင်တော်ထိန်**



www.burmeseclassic.com

www.burmeseclassic.com

# ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းလာ နိမိတ်တဘောင်များ

**တင်နိုင်တိုး**




ရာဇာဓိရာဇ်ဘုရင်

ရာဇာဓိရာဇ်မင်းသည် ခရစ်နှစ် ၁၃၈၃ ခုနှစ်တွင် ဟံသာဝတီ၌ နန်းတက်ခဲ့သည့် ထင်ရှားသော ဘုရင်တစ်ပါး ဖြစ်သည်။ နှစ်ပေါင်း ၃၇ နှစ်ကြာ ထီးနန်းစိုးစံခဲ့ပြီးနောက် ခရစ်နှစ် ၁၄၂၀ ပြည့်နှစ်တွင် နတ်ရွာစံလွန်ခဲ့သည်။ ရာဇာဓိရာဇ်မင်း ထီးနန်းစိုးစံစဉ်အတွင်း အင်းဝဘုရင်မင်းခေါင်နှင့် ပဒေသရာဇ်စစ်ပွဲ ဖြစ်ပွားခဲ့ရာ ယင်းစစ်ပွဲကာလ မှတ်တမ်းများကို ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းဖြင့် မှတ်တမ်းတင်ထားပါသည်။

ထူးခြားသည်ကား ရာဇာဓိရာဇ်အရေးတော်ပုံတွင် ရာဇာဓိရာဇ်ဖြစ်လာမည့် ဗညားနွဲ့မင်းသား၏ ငယ်ဘဝကိုပါ ထည့်သွင်းရေးသားထားခြင်း ဖြစ်ပါသည်။ ကျမ်းပြုဆရာ ဗညားဒလသည် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် ဗညားနွဲ့မင်းသားနှင့် ပတ်သက်၍ နိမိတ်တဘောင်များ ယုံကြည်ပုံကို ထည့်သွင်းဖော်ပြထား၏။ ဗညားနွဲ့သည် မင်းကံစီ ဆိုသူအား ဆရာဝင်ကာ နိမိတ်တဘောင်များကို အဓိပ္ပာယ်ဖွင့်ဆိုစေလျက် လုပ်ဆောင်ဖွယ်ရှိသည်များကို လုပ်ဆောင်ခဲ့သည်။

ဗညားနွဲ့မင်းသားသည် ပဲခူးရွှေမော်ဓောဘုရားသို့ သွားရောက်ကာ ဆုတောင်းဓိဋ္ဌာန်ပြုပြီးနောက် မင်းကံစီ၏ အကြံအစည်အတိုင်း တဘောင်စနည်းနာရန် သွားသည်။ မြို့တံခါးအနီးသို့ ရောက်သောအခါ မိန်းမတစ်ဦးက ပုခက်လွှဲရင်း ကလေးချော့သီချင်း ဆိုနေ၏။ ယင်းတေးသီချင်းမှာ

www.burmeseclassic.com

အဓိပ္ပာယ်က လေးဆူဓာတ်ပုံရွှေတိဂုံ
ရှိရာ ဒဂုန်မြို့သို့ သွားရောက်ရန် ညွှန်း
ဆိုနေသည်။ အလားတူ အခြားတံခါး
ဆီသို့ သွားသောအချိန်၌လည်း ဒဂုန်
သို့သွားရန် ဖော်ညွှန်းနေသော သား
ချော့တေးသီချင်းကိုပင် ကြားရပြန်
သည်။

အတိတ်နိမိတ်တဘောင်အရ
ဗညားနွဲ့မင်းသားက ဒဂုန်မြို့သို့ သွား
ရောက်ကာ လက်နက်လူသူ စု
ဆောင်းကြံစည်ခဲ့ရာ နောက်ဆုံး မင်း
အဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။
ဗညားနွဲ့မင်းသားနှင့် ပတ်သက်လာ
လျှင် မင်းကံစီသည် နိမိတ်တဘောင်
များကို မပြတ်နားစွင့်နေခဲ့သည်။
ဗညားနွဲ့ကလည်း မင်းကံစီနှင့်အတူ
တွဲဖက်သွားလာရင်း နိမိတ်ကောက်
ယူပုံကို ကြားနာလေ့ရှိခဲ့၏။

ဗညားနွဲ့မင်းဖြစ်လုနီးအချိန်က မင်းကံ
စီနှင့် အဖော်နှစ်ဦးတို့ ဒဂုန်မြို့တွင်းသို့
ထွက်၍ စနည်းနာရင်း စိတ္တဇဝေဒနာ
ရှင် အမျိုးသမီးတစ်ဦး သီဆိုကခုန်
နေသော သီချင်းကို နားထောင်ကာ
အတိတ်နိမိတ်ကောက်ယူခဲ့ကြသည်။
ယင်းအမျိုးသမီးက ''သော်ကပန်း
မြတ်၊ ကြွေကျလတ်လည်း၊ မပြတ်
ထွန်းလင်းမည်'' စသည်ဖြင့် သီဆို၏။

မင်းကံစီက ''သောက်ပန်းဟူ
သည် သောကြာနံ၊ တို့သခင်သည်
လည်း သောကြာသား၊ သော်ကပန်း
မှာ မပြတ်ထွန်းလင်းသည်ဆိုရာ၌ တို့
သခင်မင်းသား ထွန်းလင်းတော်ပ
မည်ဟု ဆိုလိုသည်'' စသည်ဖြင့်
အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဗညားနွဲ့မင်း
သားနှင့် တွေ့သောအခါ၌လည်း ဤ
အတိုင်းပင် ရှင်းလင်းပြောဆိုလိုက်
သည်။

မင်းကံစီသည် ကိစ္စကြီးငယ်ရှိ
တိုင်း တဘောင်စနည်းနာလေ့ရှိသည်။
ယင်းသို့ စနည်းမနာမီလည်း နတ်မြတ်
ဒေဝါတို့ကို ပူဇော်ပသကာ တိုင်တည်
လေ့ရှိသည်။ မရှု၏တပ်ကို ထွက်တိုက်
မည်ကြံသောအခါ ယင်းသို့နတ်များကို
ပူဇော်ပသပြီးမှ ညမိုးချုပ်တွင် တဘောင်
စနည်းထွက်နာခဲ့သည်။

မဟာဒေဝီ၏ အိမ်အနီးသို့ရောက်
သောအခါ သူငယ်တစ်ဦး သီချင်းဆို
နေသံကို ဂရုပြုနားထောင်လျက်
နိမိတ်ကောက်ယူခဲ့သည်။ ''ငှက်ငယ်
တစ်ကောင်၊ ညောင်သီးပေါက်စား၊
ဘားရားတွဲလွဲ'' စသည်ဖြင့် သီချင်း
တွင် ပါရှိ၏။ နိမိတ်ကောက်ရာ၌
'ငှက်'ကို မွန်ဘာသာတွင် အင်္ဂါနံ
အဖြစ် မှတ်ယူပါသည်။ သမိန်မရှုမှာ
အင်္ဂါသားဖြစ်သဖြင့် ညောင်နှင့်တူ
သော ဆင်ဖြူရှင်(ဗညားဦး)၏ စည်း
စိမ်ကို ခိုလှုံစားသောက်နေသော
သမိန်မရှုသည် ဘားရားတွဲလွဲဖြစ်ကာ
သူရဲကောင်းအဖြစ် မတည်မြဲဟု မင်း
ကံစီက နိမိတ်ကောက်ယူခဲ့သည်။

ယင်းအတိတ်နိမိတ်အရ ဗညား
နွဲ့ကိုယ်တိုင် ထွက်၍တိုက်ခိုက်သော
အခါ အောင်မြင်ခဲ့လေသည်။ ဗညား
နွဲ့မင်းသား ပဲခူး၊ ဟံသာဝတီသို့ ချီ
တော်မူစဉ်ကလည်း စရည်းစခန်းသို့
ရောက်ရှိစဉ် တပ်ချကာ တဘောင်
စနည်းနာခဲ့ကြသည်။ ထိုစဉ် သူငယ်
တစ်ဦးက သီချင်းသီဆိုရာတွင် ...
''ကြောင်ဖားခံတွင်း၊ ဟင်းလင်းဖွင့်
သည်၊ ညောင်ပင်ကြီးလည်း၊ ပြိုလဲ
ကျိုးကျသည်'' စသည်ဖြင့်ပါရှိပါသည်။

မင်းကံစီအား နိမိတ်ကောက်စေ
သောအခါ ကြောင်ဖား(မွန်ဘာသာ
ဖွဲ့ ဟု အသံထွက်)မှာ ပဲခူးကို ဆိုလိုပြီး
ခံတွင်းဟင်းလင်းဖွင့်ဟသည်ဆိုခြင်းက
ပဲခူးမြို့တံခါးကို ဆီးတားမည့်သူမရှိ
ဟင်းလင်းဖွင့်ထားသည်ဟု ဆိုလို၏။
ညောင်ပင်ကြီးပြိုလဲသည်ဆိုခြင်းမှာ
ဆင်ဖြူရှင်မင်း ဗညားဦးမင်း ကံကုန်
မည်ကို ဆိုလိုပါသည်။ သို့ဖြစ်၍
ဗညားနွဲ့နန်းတက်ရမည်ဖြစ်ကြောင်း
မင်းကံစီက နိမိတ်ဖတ်ပေးခဲ့သည်။
ယင်းနိမိတ်အတိုင်းပင် ဗညားနွဲ့မင်း
သားသည် နောက်ဆုံး၌ ရာဇာဓိရာဇ်
ဘုရင်အဖြစ် ထီးနန်းရရှိခဲ့လေသည်။

ရာဇာဓိရာဇ် အရေးတော်ပုံ
ကျမ်းလာ နိမိတ်တဘောင်များကား
သူ့ခေတ်သူ့ခါအလျောက် စိတ်ဝင်စား
ဖွယ် ကောင်းလှပေသည်။

တင်နိုင်တိုး

**ကျမ်းကိုး။**
၁။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း
(နိုင်ပန်းလှ တည်းဖြစ်)





www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၆ ခုနှစ်၊ နယုန်လ - ဝါဆိုလ

## 2014 JUNE

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၄ | |
| တနင်္လာ Monday | 2 ၅ | |
| အင်္ဂါ Tuesday | 3 ၆ ရက်ရာဇာ မဟာရက်ကြမ်း | |
| ဗုဒ္ဓဟူး Wednesday | 4 ၇ | 18 ၆ မဟာရက်ကြမ်း |
| ကြာသပတေး Thursday | 5 ၈ ရက်ရာဇာ ရက်ယုတ်မာ | 19 ၇ ရက်ရာဇာ |
| သောကြာ Friday | 6 ၉ | 20 ၈ ရက်ယုတ်မာ |
| စနေ Saturday | 7 ၁၀ | 21 ၉ |
| တနင်္ဂနွေ Sunday | 8 ၁၁ | 22 ၁၀ |
| တနင်္လာ Monday | 9 ၁၂ | 23 ၁၁ |
| အင်္ဂါ Tuesday | 10 ၁၃ ရက်ရာဇာ | 24 ၁၂ ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 11 ၁၄ | 25 ၁၃ |
| ကြာသပတေး Thursday | 12 ၁၅ ရက်ရာဇာ နယုန်လပြည့် | 26 ၁၄ ရက်ရာဇာ နယုန်လကွယ် |
| သောကြာ Friday | 13 ၁ အမြိတ္တစုတ်ရက် | 27 ၁ မဟာရက်ကြမ်း အမြိတ္တစုတ်ရက် |
| စနေ Saturday | 14 ၂ | 28 ၂ |
| တနင်္ဂနွေ Sunday | 15 ၃ | 29 ၃ ရက်ရာဇာ |
| တနင်္လာ Monday | 16 ၄ | 30 ၄ |
| အင်္ဂါ Tuesday | 17 ၅ ရက်ရာဇာ | |



၀၂. ၆. ၂၀၀၄ စန်းပြောင်းရက်စွဲ ၂၆. ၆. ၂၀၁၄

### ၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၅. ၆. ၂၀၁၄ တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ ၄၁ မိနစ် ၄၆ စက္ကန့်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ကန်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၇. ၆. ၂၀၁၄ စနေနေ့မှစ၍ မေထုန်ရာသီ၌ ဝကြသွားသည်။

ကြာသပတေးသည် - ၁၉. ၆. ၂၀၁၄ ကြာသပတေးနေ့ နံနက် ၈ နာရီ ၁၃ မိနစ် ၁၇ စက္ကန့်တွင် ကြင်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၈. ၆. ၂၀၁၄ ဗုဒ္ဓဟူးနေ့ ညနေ ၆နာရီ ၄၀ မိနစ် ၅၆ စက္ကန့်တွင် ပြိဿရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီ၌ ဝကြသွားသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၀၃. ၆. ၂၀၀၄)နှင့်(၂၇. ၆. ၂၀၁၄)ရက်တို့သည် **အမြိတ္တစုတ်ကျ၍ ၁၇ ရက်နေ့ နံနက် ၄ နာရီမှ ၄း၃၅ နာရီ အတွင်းသည် နေသိဒ္ဓိနက္ခတ် အားအကောင်းဆုံးအချိန်ဖြစ်သည်။**

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

***တနင်္ဂနွေသားသမီး***သည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

***တနင်္လာသားသမီး***သည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

***အင်္ဂါသားသမီး***သည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီး***သည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

***ကြာသပတေးသားသမီး***သည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

***သောကြာသားသမီး***သည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

***စနေသားသမီး***သည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒန္တပူရ ကောရီသခင်မလေး

# ပြမမာလာ

မောင်ယဉ်မွန်

(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ဇာတ်ကြောင်းရိုက်ခင်မလေး
# ဟေမမာလာ

(အခန်းဆက်ဝတ္ထုရှည်)

**စာရေးသူ၏ဆန္ဒ**

သုံးလောကထွတ်တင် ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၄၈ ခုတဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ကြီးအတွင်း၌ မြောက်အရပ်သို့ ဦးခေါင်းပြု၍ ပရိနိဗ္ဗာန် စံတော်မူပါသည်။ ပရိနိဗ္ဗာန်စံတော်မူ၍ ၁၂ ရက်အကြာတွင် တေဇောဓာတ်လောင်ကျွမ်းသည်တွင် အရှင်ခေမာရဟန္တာ မထေရ်မြတ်ကြီးသည် ဗုဒ္ဓဘုရားရှင်၏ လက်ဝဲစွယ်တော်မြတ်ကို ရရှိကာ အိန္ဒိယပြည်တောင်ပိုင်း၊ ကာလိင်္ဂတိုင်း၊ ဒန္တပူရနေပြည်သို့ ပင့်ဆောင်၍ ကာလိင်္ဂမင်း အဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသည်။

ထိုသို့ ဗုဒ္ဓမြတ်စွယ်တော်အား ကာလိင်္ဂမင်း အဆက်ဆက်တို့ ကိုးကွယ်လာသည်မှာ နှစ်ပေါင်း ၈၀၀ ကျော် ကာလကြာသော် ဒန္တပူရဘုရင် ဂုလသီဝမင်းလက်ထက်တွင် ဗုဒ္ဓမြတ်စွယ်တော်အား မလိုလားသူ ခိရစာရမင်း ကျူးကျော်ဝင်ရောက် တိုက်ခိုက်သဖြင့် ဒန္တပူရဘုရင် ဂုလသီဝမင်း နတ်ရွာစံ၍ တိုင်းနိုင်ငံကြီး ပျက်စီးခဲ့ရသည်။

ထိုအခါတွင် ဒန္တပူရဘုရင် ဂုလသီဝမင်းကြီး၏ သမီးတော် 'ဟေမမာလာ' မင်းသမီးလေးနှင့် မင်းကြီး၏ တူသမက်တော် ဒန္တကုမာရမင်းသားလေးတို့သည် ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်၍ သီဟိုဠ်ကျွန်းသို့ ထွက်ပြေးခဲ့ကြရသည်။

ထိုလမ်းခရီးသည် ပန်းခင်းသောလမ်း မဟုတ်ပါ။ လွန်စွာကြမ်းတမ်းသော ခယောင်းလမ်းကြီးသာလျှင် ဖြစ်ပေသည်။ ဤဝတ္ထုသည် မင်းသမီးလေးနှင့် ဒန္တကုမာရမင်းသားလေးတို့၏ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်သော ခရီးစဉ်ကြီးကို တင်ပြထားခြင်း ဖြစ်ပါသည်။ ရှေ့နောက်ရန်သူတွေ ဝန်းရံထားသည့် ကြားမှ အခက်အခဲပေါင်းများစွာ ကျော်လွှန်ခဲ့ရသော ခရီးကြမ်းကြီးကို သုတ၊ ရသနှော၍ တင်ပြထားသော ဖြစ်ရပ်မှန် သမိုင်းနောက်ခံဝတ္ထုပင် ဖြစ်သည်။

ဤဝတ္ထုကို ရေးသားရခြင်းမှာ ယနေ့တိုင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တော်ကြီးတွင် ကိန်းဝပ်စံပယ်လျက်ရှိတော်မူသော မြတ်ဗုဒ္ဓ၏ ဝဲဘက်စွယ်တော်သည် မည်သို့မည်ပုံ အိန္ဒိယနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိခဲ့ရခြင်းနှင့် မြတ်စွယ်တော်၏ တန်ခိုးတော်အနန္တတို့ကြောင့် ကမ္ဘာ့လူသားများအားလုံး မြတ်ဗုဒ္ဓ၏ သာသနာတော်အပေါ် သံသယကင်းရှင်းလျက် ဘဝတစ်သက်တာ အကြွင်းမဲ့ သက်ဝင်ယုံကြည်၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေလိုသော ဆန္ဒ၊ ဤဝတ္ထုကိုဖတ်၍ စာပေဝါသနာရှင်တို့ သုတ/ရသ တိုးပွားစေလိုသော ဆန္ဒတို့ဖြင့် မိမိလက်လှမ်းမီသမျှ စာအုပ်စာပေများမှ ကောက်နုတ်လျက် စာပန်းချီခြယ်ကာ ရေးသားတင်ပြလိုက်ပါသည်။

ooo

■ မောင်ယဉ်မွန်(မောဝ်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com

## "ဒန္တပူရ ဓာတ်ရီ"

ပင်လယ်ဆိပ်ကမ်းတွင် တည်ရှိသော ဒန္တပူရမြို့တော် ဈေးကြီးသည် ကြက်ပျံမကျ စည်ကားလျက်ရှိ၏။ တိုင်းတစ်ပါးမှ လာရောက်ကြသော ကုန်သည်ကြီးများသည် ကုန်ပစ္စည်းမျိုးစုံကို ပင်လယ်ကူးသင်္ဘောကြီးများဖြင့် သယ်၍ လာရောက်ရောင်းချပြီး အပြန်ခရီးတွင် ဒန္တပူရ ဒေသအသီးသီးမှ ထွက်ကုန်များ တင်ဆောင်လျက် ပြည်တော်ပြန်နိုင်သဖြင့် ဆိပ်ကမ်းဈေးကြီးမှာ ပိုမိုစည်ကားနေခြင်းဖြစ်သည်။

ဈေးကြီးအတွင်းမှာ ရွှေဆိုင်၊ ကျောက်မျက်ရတနာဆိုင်၊ အထည်မျိုးစုံဆိုင်၊ ကုန်ခြောက်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အလှကုန်မျိုးစုံဆိုင်တွေအပြင် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်အစုံ လိုတာအကုန် ရနိုင်ပေသည်။

ရောင်းသူ၊ ဝယ်သူများ တိုးမပေါက်အောင် စည်ကားနေသော ဒန္တပူရနေပြည်တော်ဈေးကြီး ထိပ်မှာတော့ ဗေဒင်ဟောနေသော ပုဏ္ဏားများ၊ လက်သည်းလှီးခြင်း၊ နားဖာချေးကလော်ခြင်း၊ ဖိနပ်တိုက်ခြင်း အစရှိသဖြင့် ဝန်ဆောင်မှုပေးနေကြသောသူများနှင့် အလှ္ဘာပေါင်းစုံရှိနေသော ဈေးကြီးဖြစ်သည်။

ထိုဈေးကြီး အရှေ့ဘက်တွင် ဗေဒင်ဟောနေသော ပုဏ္ဏားဇနီးမောင်နှံ စုံတွဲလေးလည်း ရှိနေသည်။ ထိုဇနီးမောင်နှံမှာ ဗေဒင်ဟောရာတွင် မှန်လှသည်ဟု သတင်းကြီးလှသဖြင့် လူတွေတိုးဝှေ့နေကြသည်။ ထိုပုဏ္ဏားဇနီးမောင်နှံမှာ ဗုဒ္ဓမြတ်စွယ်တော်အားဖျက်ဆီးရန် ကျူးကျော်ဝင်ရောက်လာသော ဘုရင်ခိရစာရ၏ရန်မှ ကင်းဝေးရန် ဒန္တပူရ ရွှေမြို့တော်ကြီးမှ တိမ်းရှောင်ထွက်ပြေးလာကြသော ဒန္တပူရဘုရင် ဂုလသိဝမင်းကြီး၏ သမီးတော် ဟေမမာလာ မင်းသမီးလေးနှင့် မင်းတရားကြီး၏ တူသမက်တော် ဒန္တကုမာရ မင်းသားတို့ပင် ဖြစ်သည်။ သို့သော် သူတို့နှစ်ဦးအား တကယ်ပင် ပုဏ္ဏားဇနီးမောင်နှံထင်မှတ်၍ သူ့ထက်ငါ အရင်ဦးအောင် တိုးဝှေ့၍ ဗေဒင်လာရောက်မေးနေကြသဖြင့် သူတို့ဗေဒင်ဟောခန်းလေးသည် အထူးစည်ကား၍နေခြင်းပင် ဖြစ် ပေတော့သည်။

ထိုသို့ ပုဏ္ဏားဇနီးမောင်နှံတို့ ဗေဒင်ဟောခန်း၌ အထူးစည်ကားနေချိန်တွင် ဘုရင်ခိရစာရ၏ စစ်သည်တော်များ ရောက်ရှိလာပြီး ဒန္တပူရဈေးကြီးကို ဝန်းရံထားလိုက်ပါသည်။ ထောင်ပေါင်းများစွာသော ခရစာရ စစ်သည်များသည် ဈေးအတွင်း ဝင်ရောက်၍ သူတို့အလိုရှိနေသောသူကို ရှာသည်။ ထိတ်လန့်နေကြသော ဈေးသည်ဈေးဝယ်များမှာ တုတ်တုတ်မျှ မလှုပ်ရဲကြပေ။

ထိုအချိန်မှာပင် ပုဏ္ဏားဇနီးမောင်နှံ ဗေဒင်ဟောရာ အခန်းလေးအတွင်းသို့ လူတစ်ယောက် လျှပ်တစ်ပြက် ရောက်ရှိလာပြီး တိုးတိတ်သော အသံဖြင့် . . .

"သခင်လေးနဲ့ သခင်မလေးတို့ ဒန္တပူရ ရွှေမြို့တော်ကြီးနဲ့ ဝေးရာ ပြေးကြပါတော့"

"ဘာသတင်းတွေ ထူးနေလို့လဲ ပြောပါ မောင်မင်း"

"မှန်လှပါ၊ ဂုလသိဝဘုရင်မင်းမြတ်ကြီး ခိရစာရမင်း၏ စစ်သည်တော်များလက်ချက်နဲ့ ကံတော်ကုန်ရှာပြီ သခင်မလေး"

"ဘာ . . . ဘာပြောတယ်၊ ခမည်းတော်မင်းတရားကြီး ကံတော်ကုန်ရှာပြီ"

ဟေမမာလာ သခင်မလေးသည် ဗေဒင်ဟောသော စားပွဲလေးပေါ်သို့ ဦးခေါင်းစိုက်ကျသွားတော့သည်။

"ဟေမာ သတိထားပါ နှမရယ်" ဟုပြောရင်း ယုယုယယထွေးပွေ့လျက် . . .

"ကဲ မောင်မင်း ဆက်ပြောပါဦး"

"မှန်လှပါ ခိရစာရမင်း၏ ရဲမ[...] တွေဟာ စွယ်တော် ဘယ်မှာလဲလို့မေး[...] ပြီး ယခုဆိုလျှင် ပျောက်ဆုံးနေ[...] မင်းသားလေးနဲ့ သမီးတော်လေးတို့[...] မြေလှန်ရှာနေပါပြီ။ ဒန္တပူရဈေး[...] လည်း ခိရစာရတပ်တွေ ဝိုင်းထားပ[...] သခင်လေး"

ခိရစာရ စစ်သည်များသ[...] မြတ်စွယ်တော်နှင့်အတူ ပျောက်[...] နေကြသော ဒန္တပူရဘုရင်မင်းမြတ်[...] ၏သမီးတော် ဟေမမာလာ မင်းသ[...]



www.burmeseclassic.com

www.burmeseclassic.com

လေးနှင့် သမက်တော် ဒန္တကုမာရမင်းသားလေးတို့ကို ရှာမတွေ့သဖြင့် ဈေးကြီးအတွင်းမှာ လူစုခွဲလျက် တပ်ဖြန့်ရှာဖွေရေး ဆက်လက်လုပ်နေကြသည်။

"သခင်လေးနဲ့ သခင်မလေး ဒီအချိန်ဟာ ဒီမြို့က ထွက်ခွာသွားသင့်ဆုံး အချိန်ဖြစ်ပါတယ်"

"ကောင်းပြီ မောင်မင်း။ သခင်လေးတို့ ဒီည ဒီမြို့ကထွက်မယ်။ မောင်မင်းရဲ့ရဲမက်တွေ လျှို့ဝှက်အနောက်တံခါး အသင့်ဖွင့်ထားပါ"

ဟု အမိန့်ရှိလိုက်ရာ စစ်သည်တော်လေး ထိုနေရာမှ အမြန်ပြေးထွက်သွားတော့သည်။

ဟေမမာလာ မင်းသမီးလေးမှာ ခင်မင်းတရားကြီး ကံတော်ကုန်ပြီဟု သိလိုက်ချိန်မှစ၍ နှလုံးတော် မရွှင်နိုင်တော့ပေ။ ဒီမြို့မှ အပြီးအပိုင် ထွက်ခွာသွားရမည်ဆိုသော အသိဝင်လာတာ ရင်ထုမနာ ဖြစ်ရရှာသည်။ ရွှေအိမ်နန်းနှင့် စံမြန်းလာသောဘဝမှ တမ်းမမြင် လမ်းမမြင် ဘဝခရီးကြမ်းကြီးကို လျှောက်လှမ်းရပေတော့မည်။

ဒန္တပူရမြို့ကြီးသည် တိတ်ဆိတ်ငြိမ်သက်နေပါပြီ။ ရှေးယခင် ညများကဆိုပါမူ နွားနို့ဆိုင်၊ ပူတင်းဆိုင်၊ ထပ်တစ်ရာဆိုင်၊ မလိုင်၊ ချာပါတီဆိုင်တွေ စွပ်ပြုတ်၊ ဆန်ပြုတ်ဆိုင်များမှာ လူစည်ကားလှသည်။ ယခုတော့ ခိရစာရ စစ်သည်တော်များ၏ စစ်မြင်းခွာသံတို့နှင့် လွှမ်းခြုံလျက် မြို့တွင်းမြို့ပြင်အနှံ့ ခိရစာရ ကျူးကျော်စစ်ကြီး၏ လွှမ်းမိုးမှုကို ခံလိုက်ရပေပြီ။

အလင်းမဲ့သောညတွင် မှောင်ရိပ်ခို၍ စမ်းတဝါးဝါး လျှောက်လှမ်းလာသူ နှစ်ဦးကတော့ ဒန္တကုမာရမင်းသားလေးနှင့် ဟေမမာလာမင်းသမီးလေးတို့ ဖြစ်သည်။ သူတို့နှစ်ဦးထံတွင် ထီးရိပ်နန်းရိပ် လုံးဝမတွေ့ရ။ သာမန် ပုဏ္ဏားဇနီးမောင်နှံဟု ထင်ကြရပေမည်။

မင်းသားလေးက မင်းသမီးလေး၏လက်ကို ကြင်နာယုယစွာတွဲ၍ ရှေ့မှဦးဆောင်သွားပြီး ဂုလသိဝမင်းတရားကြီး၏ စစ်သည်တော်များ အသင့်ဖွင့်ပေးထားသော လျှို့ဝှက်အနောက်တံခါးမှထွက်၍ လမ်းဘေးတောလမ်းလေးအတိုင်း ခရီးဆက်ခဲ့ကြသည်။ ရွှေမြို့တော်နှင့် အတော်ဝေးဝေးသို့ရောက်လျှင် . . .

"မောင်တော်ရယ် ခဏလေးဖြစ်ဖြစ် နားပါရစေ"

ဟု ဟေမမာလာ မင်းသမီးလေးက တီးတိုးအသံဖြင့် အသနားခံ၏။

ဟေမမာလာ၏ သနားစဖွယ်တောင်းဆိုမှုကြောင့် သစ်ပင်တစ်ပင်အောက်တွင် ခေတ္တနားလိုက်ကြသည်။ နားနေခိုက် မကြာမီ မင်းသမီးလေး အိပ်ပျော်သွားရှာသည်။ တစ်ညလုံး မအိပ်ခဲ့ကြရ။ ဝမ်းနည်းပူဆွေးသောကများဖြင့် ပြေးလွှားခဲ့ကြရခြင်း ဖြစ်သည်။

မိုးစင်စင်လင်းမှ နွားလှည်းတစ်စီး မောင်းလာသည်ကို မြင်ရသဖြင့် လမ်းကြုံ လိုက်ခွင့် တောင်းသည်။

"အမောင်တို့က ဘယ်ကိုသွားကြမှာလဲကွဲ့"

"ဒေါ်လီမြို့ကို သွားကြမှာပါ ဘကြီးရယ်"

"ဒါဆို မြန်မြန်တက်ကြ။ တိုင်းရေးပြည်ရေးက ရှုပ်ထွေးပါဘိသနဲ့ကွယ်"

ဟုတ်ပေသည်။ ငြိမ်းချမ်းသာယာနေသော ဒန္တပူရတိုင်းပြည်ကြီးသည် မြတ်စွာဘုရားရှင်၏ စွယ်တော်ကို မလိုလားသူ တစ်စုတို့က စစ်ခင်းတိုက်ခိုက်ချိန်မှစ၍ နိုင်ငံသူ နိုင်ငံသားတို့ ကျိုးလန့်စာစားဘဝ ရောက်ခဲ့ရသည်။

ခိရစာရ စစ်သည်များသည် မြတ်စွာဘုရားရှင်၏ မြတ်စွယ်တော်အား ဖျက်ဆီးပစ်ရန် မြေလှန်၍ ရှာဖွေကြသည်။

"ဟေ့ . . . လှည်းသမား အဘိုးကြီး လှည်းကိုရပ်လိုက်"

ခိရစာရ စစ်သည်များသည် မြင်းများစီးလျက် သူတို့လှည်းအား ဝိုင်းထားလိုက်ပါသည်။

"အဘိုးကြီး ဘယ်သွားမှာလဲ"

"ဒေါ်လီမြို့ကို ပြန်မှာပါကွယ်။ အဘိုးတို့က ဒေါ်လီမြို့ကပါ"

"အခု ဘယ်ကပြန်လာတာလဲ။ မလိမ်နဲ့နော်"

"ဒန္တပူရဈေးကို သွားပြီး ဂျုံရောင်းခဲ့တာပါ။ ရောင်းရငွေနဲ့ ဆား၊ ဆီ၊ ငါးပိ၊ ငါးခြောက် ဝယ်ခဲ့ပါတယ်"

"သူတို့နှစ်ယောက်က ဘာတော်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်သားနဲ့ သမီးတွေပါ။ သူတို့ဇနီးမောင်နှံ လက်ထပ်ထားကြတာ မကြာသေးဘူး။ ဒီတော့ ဒန္တပူရမြို့လာပြီး ပုဏ္ဏားဆရာကြီးတွေကို ကန်တော့ကြတာပါ။ အဘတို့တစ်တွေက ပြဟ္မဏတွေဆိုတော့ ဘာသာတရား လေးစားကြပါတယ်ကွယ်"

စစ်သည်တော်တို့သည် ဒန္တကုမာရနှင့် ဟေမမာလာတို့အား သေချာစွာ ကြည့်၍ . . .

"မင်းသားတစ်ယောက်နဲ့ မင်းသမီးလေးတစ်ပါး ဒီလမ်းကသွားတာ မတွေ့မိကြဘူးလား"

"မမြင်မိပါဘူးဗျာ။ ဘာဖြစ်လို့လဲ"

ဟု ဒန္တကုမာရမင်းသားလေးက စပ်စုလိုက်ရာ . . .

"ဒန္တပူရဘုရင် ဂုလသီဝမင်း စစ်မြေပြင်မှာ ကျဆုံးသွားပြီဗျ။ ကျုပ်တို့ရဲ့ ဘုရင် ခိရစာရက ဂုလသီဝမင်းရဲ့ ဦးခေါင်းကို တစ်ချက်တည်းနဲ့ တိခနဲဖြတ်ချလိုက်တာ။ ဂုလသီဝမင်းရဲ့ သမက်တော် ဒန္တကုမာရနဲ့ သမီးတော် ဟေမမာလာ မင်းသမီးလေးတို့ကိုတော့ မတွေ့ရသေးဘူး။ သူတို့က ဂေါတမရဲ့ အရိုးကိုယူပြီး ထွက်ပြေးသွားကြတယ်။ သူတို့နှစ်ယောက်ကို တွေ့ရင်လည်း တွေ့ရာသင်္ချိုင်း ခါးမဆိုင်း တွေ့တဲ့နေရာမှာ သတ်ပစ်ရမယ်လို့ အမိန့်တော်ထုတ်ထားတယ်ဗျ။ ကိုင်း ကျုပ်တို့ သွားလိုက်ဦးမယ်"

မြင်းသည်တော်တွေ ထွက်ခွာသွားတော့မှ လှည်းဆရာကြီးနှင့်အတူ ဒန္တကုမာရနှင့် ဟေမမာလာတို့သည် ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

"သခင်လေးနဲ့ သခင်မလေးတို့ မပူကြပါနဲ့။ ကျုပ်လည်း ဗုဒ္ဓဘာသာ တစ်ယောက်ပါ။ မြတ်ဗုဒ္ဓရဲ့စွယ်တော်ကို သူတို့ဖျက်ဆီးပစ်ဖို့ ရှာနေကြတာပါ။ ကျုပ်က မြတ်ဗုဒ္ဓရဲ့ စွယ်တော်နဲ့ သခင်လေးတို့ကို အသက်ပေးပြီး ကာကွယ်သွားပါ့မယ်လို့ ကတိပေးပါတယ်"

"ကောင်းလှပါပြီ။ လေးလည်း လေးစားပါတယ် ဘကြီးရယ်။ တစ်ခုရှိတာက ကျုပ်တို့ကို ဘယ်သူဘယ်ဝါဆိုတာ ဘယ်သူ့ကိုမှ မပြောပါနဲ့။ ကျုပ်တို့ အသက်သေတာ မဆန်းပေမယ့် စွယ်တော်မြတ်ကို မသမာသူ မိစ္ဆာတွေလက် မပါအောင် စောင့်ရှောက်သွားရမှာပါ"

ဒန္တကုမာရမင်းသားနှင့် ဟေမမာလာမင်းသမီးလေးတို့ ဒေါ်လီမြို့သို့ ရောက်ကြသော်လည်း ဆရီးဆက်ရန် လှည်းကြုံမရှိသဖြင့် လှည်းသမားကြီးအိမ်မှာ တည်းခိုနားနေရသည်။

ခိရစာရတပ်များ တစ်သုတ်ပြီး တစ်သုတ် မြင်းများဖြင့် ရောက်ရောက်လာကြပြီး တစ်မြို့လုံး မွှေနှောက်ရှာဖွေနေကြသည်။ ထို့ကြောင့် ဤရွာတွင် ကြာရှည်နေ၍ မဖြစ်နိုင်သဖြင့် လှည်းအမြန်ငှားကာ ဇောဂဒါမြို့သို့ ဆရီးဆက်ခဲ့ကြရသည်။

"မောင်တော်ရယ် . . . မြတ်စွယ်တော် သီဟိုဠ်မရောက်မချင်း နှမတော်တို့ ပင်ပန်းဆင်းရဲ ခံရပေမယ့် အသက်နဲ့လဲ ကာကွယ်ရမှာပေ့ါနော်"

ဟု ဟေမမာလာ မင်းသမီးလေးက ပင်ပန်းသောမျက်နှာ၊ မရွှင်သောနှလုံးဖြင့် အားတင်းကာပြောလျှင်

"ဟုတ်တယ် နှမတော်။ ကိုးကွယ်ဆည်းကပ်မယ့် ဗုဒ္ဓဝါဒီမင်းတစ်ပါးရဲ့လက် မရောက်မချင်း မောင်တော်တို့မှာ တာဝန်ရှိတယ်လေ"

ဟု ဒန္တကုမာရမင်းသားလေးက နှစ်သိမ့်ပေးရှာသည်။

"မောင်တော်ရယ် . . . နှမတော်နဲ့ မောင်တော်ဟာ ခမည်းတော်ကိုယ်တော်တိုင် လက်ထပ်ပေးလိုက်ပေမယ့် ရှစ်ပါးသီလစောင့်ထိန်းပြီး နေလာခဲ့ကြတာဆိုတော့ ခုထိ မောင်နှမတွေပဲ မဟုတ်လား"

"ဟုတ်တယ်၊ စွယ်တော်တို့ ဗုဒ္ဓဝါဒီ မင်းတစ်ပါးဖြစ်တဲ့ သီဟိုဠ် ဘုရင်လက် အပ်မပြီးမချင်း ဒီလိုနေ သွားရမှာပေ့ါ။ မောင်တော်တို့ကို လူ တွေမရိပ်မိဖို့ အထူး လျှို့ဝှက်ရလိ မယ်။ မောင်တော့သဘောကတော့ ခိရစာရအပြင် အခြားဟိန္ဒူဘုရင်တွေ ကလည်း စွယ်တော်ကို ရတဲ့နည်း လိုက်ရှာနေကြမှာ သေချာတယ်"

"မောင်တော်က ဘယ်လိုစီ ချင်တာလဲ"

"ဇောဂဒါမှာတော့ ကြာကြာ လို့ မသင့်ဘူး။ ဘာကြောင့်လည်း တော့ ဒန္တပူရနဲ့ သိပ်မဝေးလှဘူး လှေကြုံတွေ့တွေ့၊ လှည်းကြုံတွေ့ ဒုနကတကကို အမြန်ရောက်အော သွားမှဖြစ်မယ်။ ဒုနကတကကိုရော



www.burmeseclassic.com

www.burmeseclassic.com

မှ ခရီးစဉ် အမြန်ဆက်သင့်၊ မဆက် သင့် စဉ်းစားဆင်ခြင်ကြည့်ကြတာပေါ့"

"သိပြီ၊ သိပြီ။ မောင်တော်ရဲ့ သဘောက ဂေါဒဝတီမြစ်ကို လွန်အောင်သွားရင် ဒန္တပူရမြို့နဲ့ ဝေးမယ်။ ဒါဆို နောက်ကလိုက်နေတဲ့ ရန်ကိုလည်း မစိုးရိမ်ရဘူးပေါ့"

"ဟုတ်တယ်။ မောင်တော်တို့ဘာ ကာလိင်္ဂတိုင်းနဲ့ဝေးလေ စိတ်အေးရလေပေါ့ကွယ်"

နွားများ အစာဝချိန်မှာတော့ အပူရှိန်လည်း အတော်အသင့် ကျသွားပြီမို့ ခရီးဆက်ခဲ့ကြသည်။

နွားနှစ်ကောင်သည် တအိအိ တလှုပ်လှုပ် ဖျင်းရိလေးတွဲ့စွာ ခရီးနှင်လျက် သဘောကောင်းသော လှည်းသမားကြီးသည် ညအိပ်တည်းခို၍ရသော အိမ်တစ်အိမ်သို့ လိုက်ပို့သည်။ အိမ်ရှင် ဒေါ်သုဇာတသည် သဘောမနောကောင်းသော မုဆိုးမကြီးတစ်ဦးဖြစ်သည်။

ဒေါ်သုဇာတသည် ဒန္တကုမာရနှင့် ဟေမမာလာတို့အား သီးသန့်အိမ်လေးတစ်လုံးမှာ ထားပေးပါသည်။ ဒေါ်သုဇာတ၏ အိမ်ဝန်းကြီးသည် နှစ်ဧကခန့်ရှိမည်။ အိမ်မကြီးမှာ လူသွားလူလာများလှသော တည်းခိုအိမ်ကလေးများသည် တစ်လုံးနှင့်တစ်လုံး ပေတစ်ရာခန့် ဝေးကြသည်။

ထိုသို့ ဝေးဝေးဆောက်လုပ်ထားခြင်းမှာ လွတ်လွတ်လပ်လပ် သွားလာနေထိုင်နိုင်ရန် အထူးစီစဉ် [illegible] စီစဉ်၍ထားသောကြောင့်လည်း ဒေါ်သုဇာတ၏ တည်းခိုရိပ်သာမှာ ဧည့်သည်များ အဆက်ပြတ်သည်မရှိ။ အထူးစည်ကား၍ နေပါသည်။

✡✡✡✡✡✡✡✡

"ဟုတ်ပါတယ်။
သူဟာ ဒေါ်လီမြို့က
သူဘဆိုတဲ့သူပါ။
ကုမာရနဲ့
ဟေမာတို့ကို
ဒန္တပူရမြို့ကနေ
ကယ်ထုတ်သွားတာ
သူပါပဲ။ ဒါကြောင့်
သူ့ကို သိဝဘုရား
အလိုတော်အတိုင်း
သတ်ပစ်လိုက်တာပါ"

✡✡✡✡✡✡✡✡

ဒန္တကုမာရမင်းသားလေးနှင့် ဟေမမာလာတို့ ဇောဂဒါမြို့ ဒေါ်သုဇာတ တည်းခိုခန်းမှာ တည်းခို၍ ငါးရက်ခန့်အကြာ ကာလိင်္ဂတိုင်း၏ အထူးစစ်သည်တော်တစ်ဦး ဒန္တကုမာရမင်းသားလေးထံသို့ ရောက်လာသည်။

"ကိုယ်တော်လေး ခိရစာရစစ်သည်တွေ ဇောဂဒါမြို့ကို လာနေပါပြီ။ အမြန်ပြေးမှ ဖြစ်မှာပါ"

"မောင်မင်းရယ် ကျွန်ုပ်တို့လည်း ပင်ပန်းလှပါပြီ။ ဘယ်ဆက်ပြေးလို့ ပြေးရမှန်းလည်း မသိတော့ပါဘူး"

"မှန်ပါတယ် မင်းသားလေးရယ်။ ကုန်းလမ်းရေလမ်း အားလုံးကို ခိရစာရရဲ့တပ်တွေက ပိတ်ဆို့ထားပါတယ်။ ကျွန်တော်မျိုးတို့က တောင်ဆင်းတောင်တက် သိပ်များတဲ့နေရာတွေကနေ ဂေါရဝရီမြစ်ကို ရောက်အောင်သွားရမှာ ဖြစ်ပါတယ်။ ဂေါရဝရီမြစ်ကို ဖြတ်ကျော်ပြီးတာနဲ့ ဒုနကတကနယ်ထဲ ရောက်ပါပြီ။ ဒုနကတကနယ် ရောက်သွားရင် ရန်သူတွေရဲ့လက်ကလည်း လွတ်မြောက်သွားတာပေါ့ အရှင်မင်းသား"

"ဘယ်ချိန်သွားကြမယ်လို့ စီစဉ်ထားသလဲ"

"ခိရစာရတပ်များ ဇောဂဒါမြို့ မရောက်မီ ထွက်ခွါရမှာပါ အရှင်မင်းသား"

ထိုအချိန်တွင် ဇောဂဒါတစ်မြို့လုံးကို ခိရစာရတပ်များက ဝိုင်းရံထားလိုက်လေပြီ။ တစ်မြို့လုံးရှိ လူများကို မြို့လယ်ရှိ မြင်းပြိုင်ပွဲကျင်းပရာ ကွင်းကြီးထဲသို့ မလာမနေရ ဆင့်ခေါ်၍ လူစုစေသည်။ ကွင်းလယ်တွင် စားပွဲကြီးတစ်လုံးချထားပြီး ထိုစားပွဲကြီးအပေါ်မှာတော့ အဝတ်ဖုံးထားသော ခေါင်းပြတ်ကြီး တစ်လုံး။ လူထုပရိသတ်ကြီးအလယ်ရှိ စားပွဲအနီးမှာ

www.burmeseclassic.com

ခိရစာရ၏တပ်မှ ဗိုလ်တစ်ယောက်က ဆူညံနေသော ပရိသတ်အသံထက် ပိုမိုမြင့်လျက် စတင်၍ ပြောပါတော့သည်။

"အားလုံး နားထောင်ကြပါ။ ကျုပ်တို့က ခိရစာရရဲ့ စစ်သည်တော်တွေပါ။ ခင်ဗျားတို့ရဲ့ ဘုရင်ဂုလသိဝမင်းက သိဝနတ်ဘုရားရှိုပါလျက် ဘာမဟုတ်တဲ့ ဂေါတမရဲ့အရိုးကို ကိုးကွယ်ရှိခိုးနေပါတယ်။ ဒါကြောင့် သူ့ကို သိဝဘုရားအမိန့်နဲ့ ခေါင်းဖြတ်လိုက်ရပါတယ်"

ဟု ဆိုကာ စကားကို ခေတ္တရပ်ဆိုင်းထားပြီးမှ . . .

"ယခု ဒန္တပူရမြို့တော်ကို ခိရစာရတပ်က သိမ်းပိုက်ထားပြီးဖြစ်တယ်။ ဒါပေမယ့် ဂေါတမရဲ့ အရိုးနဲ့အတူ ပျောက်ဆုံးနေသူ နှစ်ဦးရှိတယ်"

စစ်ဗိုလ်ကြီးက စားပွဲပေါ်တွင် လိပ်တင်ထားသော ဖျင်လိပ်ကြီးကိုယူ၍ ဖြန့်ချလိုက်ရာတွင် ဒန္တကုမာရမင်းသားလေးနှင့် ဟေမမာလာ မင်းသမီးလေးတို့ ရုပ်ပုံလွှာများ ပေါ်လာသည်။

"ကျုပ်တို့ အလိုရှိနေသူ နှစ်ဦးရဲ့ ပုံဖြစ်တယ်။ သူတို့ကို ဖမ်းပေးနိုင်ရင် ဆုတော်ငွေ တစ်ထောင်ပေးမယ်။ သူတို့ကို လက်ခံထားရင် သတ်ပစ်ရလိမ့်မယ်။ သူတို့ကို မကူညီပါနဲ့၊ လက်မခံပါနဲ့။ သူတို့နဲ့အတူ ဂေါတမရဲ့ အရိုးတစ်ခု ပါသွားတယ်။ အဲဒါကို သိဝဘုရားက မကြိုက်ပါဘူး။ ဒါကြောင့် သူတို့နဲ့ ပတ်သက်နေသူတွေ မှန်လျှင် သိဝဘုရားက ဒဏ်ခတ်ပါလိမ့်မယ်။ ဒီမှာကြည့်ကြပါ"

စစ်ဗိုလ်ကြီးသည် စားပွဲပေါ်မှ ဖုံးအုပ်ထားသော အရာတစ်ခုကို ဖွင့်လိုက်လျှင် နဖူးကျယ်ကျယ်၊ အသားမည်းမည်း၊ ဆံပင်ရှည်ရှည်၊ မျက်လုံးကြီးပြူးကျယ်လျက်ရှိသော ခေါင်းပြတ်ကြီး ထွက်ပေါ်လာတော့သည်။

"သုဘ . . . ဒေါလီမြို့သားသုဘ၊ လှည်းတစ်စီးနဲ့ ကုန်တွေတိုက်ပို့တဲ့ သုဘ"

ပရိသတ်ကြီး၏ အသံပေါင်းစုံထွက်လာသည်။

"ဟုတ်ပါတယ်။ သူဟာ ဒေါလီမြို့က သုဘဆိုတဲ့သူပါ။ ကုမာရနဲ့ ဟေမာတို့ကို ဒန္တပူရမြို့ကနေ ကယ်ထုတ်သွားတာသူပါပဲ။ ဒါကြောင့် သူ့ကို သိဝဘုရား အလိုတော်အတိုင်း သတ်ပစ်လိုက်တာပါ"

ပရိသတ်ကြီးမှာ ခိရစာရ စစ်တပ်ကြီးကို ရွံကြောက်ကြီးဖြစ်လာကြသလို မုန်းတီးလာကြတော့သည်။ ထိုအချိန်တွင် စစ်သားတချို့နှင့်အတူ ဇောဂဒါမြို့မှ လှည်းသမား ဒါသလည်း ကြိုးတန်းလန်းနှင့်ပါလာသည်။

"ဗိုလ်ချုပ် . . . သူဟာ ဒေါလီမြို့ကနေ ဇောဂဒါမြို့ထိ ဟိုလင်မယားကို ခေါ်လာတဲ့ လှည်းသမား ဒါသပါ ခင်ဗျား"

"ကောင်းပြီ သူဘာပြောသလဲ။ ကုမာရနဲ့ ဟေမာဘယ်မှာ ထားခဲ့တယ်ဆိုတာ စစ်ဆေးပြီးပြီလား"

ဟု ဗိုလ်ချုပ်က မေးသောအခါ စစ်သားလေးက . . .

"ဇောဂဒါမြို့တွင်း ရပ်ကွက်ကြီးတစ်ခုက ဒေါ်သုဇာတအိမ်မှာ ပို့ခဲ့တယ်ဆိုလို့ ယခု ဒေါ်သုဇာတအိမ်ကို ဝိုင်းထားလိုက်ပါပြီ။ ကုမာရနဲ့ ဟေမာ မလွတ်နိုင်တော့ပါဘူး" စစ်ဗိုလ်ကြီးသည် ပြုံးရွှင်သောမျက်နှာနှင့် . . .

"ဘယ်ရပ့်မလဲကွာ။ နောက်ဆုံးတော့လည်း ကုမာရနဲ့ ဟေမမာလာဟာ သိဝဘုရားအလိုတော်အတိုင်း ကားစင်တက်ရမှာပေါ့ . . . ဟား . . . ဟား . . . ဟား"

စစ်ဗိုလ်ကြီးသည် အားရပါးရရယ်မောလျက် ဝမ်းသာနေသော အချိန်မှာတော့ ဒန္တကုမာရမင်းသားလေးနှင့် ဟေမမာလာတို့သည် ဇောဂဒါမြို့ပြင်မှနေ၍ မြင်းများနှင့် ခရီးဝေးနှင်သွားကြပါပြီ။

ခိရစာရ၏ စစ်သည်များ ပိတ်ဆို့ထားသည့်ကြားမှ ကုမာရမင်းသားလေးနှင့် ဟေမမာလာတို့သည် လျှို့ဝှက်လမ်းကလေးမှထွက်၍ မြို့ပြင်ရောက်ကြသည်နှင့် လမ်းရိုးမှမသွား။ ခက်ခဲသော လမ်းကြမ်းကြီးကို ခက်ခဲစွာ သွားနေကြပါပြီ။ ဤလမ်းသည် နယ်မြေခံမုဆိုးများမှလွဲ၍ မည်သူမှ မသွားတတ်ပါ။ တောဟောင်စိမ့်စမ်းများထူထပ်၍ သားရဲတိရစ္ဆာန်များ ပေါလှသဖြင့် အန္တရာယ်လည်း အလွန်များလှသည်။

တစ်ခါတစ်ခါ ချောက်ကြီးချောက်ကြား လမ်းကျဉ်းကျဉ်းလေးများကို ကုတ်ကပ်၍ သွားကြရသည်မှာ အသည်းယား စရာကောင်းလှသည်။

www.burmeseclassic.com

တဝေါဝေါ စီးဆင်းနေသော ရေတံခွန်များကိုလည်း ဖြတ်ကျော်သွားရသလို ပိန်းပိန်းပိတ်ထူနေသော ဆူးတော၊ ချုံတောများကိုလည်း ခက်ခဲပင်ပန်းစွာ တိုးဝှေ့သွားကြရသည်။

ခိရစာရင်၏ တပ်ကြီးသည် ရေလမ်းအားလုံး ပိတ်ဆို့ထားသဖြင့် ကုမာရမင်းသားလေးတို့၏ ပြေးလမ်းသည် ဤတစ်လမ်းသာလျှင် ရှိတော့သည်။

ဂေါဒဝတီမြစ်ကို ကျော်ဖြတ်ပြီးမှ သူတို့စိတ်အေးရပေမည်။ ဂေါဒဝရီမြစ်ကို ရောက်ရှိရန်မှာ ရက်ပေါင်းများစွာ သွားကြရပေဦးမည်။

ပင်လယ်ပြင်မှလေသည် တဟူးဟူး တိုက်ခတ်နေသဖြင့် သစ်ပင်များ ယိမ်းကနေကြသည်။ တစ်ခါတစ်ခါ မိုးသက်လေပြင်းများ တိုက်ခတ်လာသဖြင့် ကျောက်ဆောင် ကျောက်ကမ်းပါးများကြားမှာ မှီခို၍ နေကြရသည်။

ဂုလသိဝမင်း၏ သစ္စာတော်ခံစစ်သည်တော်များသည် သူတို့ဘုရင်မင်းမြတ်ကြီး ကျဆုံးသွားသော်လည်း ကုမာရမင်းသားလေးနှင့် သမီးတော်ဟေမမာလာတို့ကို အသက်ပေး၍ ကာကွယ်နေကြသည်ပင် ဖြစ်သည်။

ဤခရီးသည် ကုမာရမင်းသားလေးမှာ ယောကျ်ားသားဖြစ်သောကြောင့် ခံနိုင်ရည်ရှိသော်လည်း ဟေမမာလာမင်းသမီးလေးမှာ အသက်အရွယ်နုပျိုသော မိန်းကလေးမို့ သေလုမတတ် ပင်ပန်းဆင်းရဲလှပါသည်။

သူတို့ ဆင်းရဲပင်ပန်းစွာ ခရီးနှင်နေချိန်လည်းသမားကြီး သုဘနှင့် တည်းခိုခန်းပိုင်ရှင် ဒေါ်သုဇာတတို့ အသတ်ခံလိုက်ရသည်ကိုတော့ ကုမာရမင်းသားလေးနှင့် ဟေမမာလာ မင်းသမီးလေးတို့ မသိလိုက်ကြပေ။

ကျောက်ဆောင် ကျောက်ချပ်တွေကို ခက်ခက်ခဲခဲ အသက်စွန့်လာခဲ့ကြရသဖြင့် ခရီးကမတွင်။ ရန်သူများလက်က လွတ်ရန်မှာလည်း ဤခရီးအပြင် အခြားလမ်း မရှိပြီ။ ကာလိင်္ဂစစ်သည်များ၏ အမြော်အမြင်ကြီးမှုကြောင့် ရေတော့မတတ်ခဲ့ကြပေ . . ။ အကြောင်းမှာ ရေဘူးများ၊ ရေအိတ်များ မြင်းတွေပေါ်တွင် အသင့်ယူဆောင်၍ လာခဲ့ကြခြင်းကြောင့် ဖြစ်သည်။

သူတို့၏ လမ်းခရီးသည် ဂေါဒဝတီမြစ်ကို ကျော်လွန်သွားမှ စိတ်အေးရမည်။ ယနေ့ဆိုလျှင် ဇောဂဒါမှ ထွက်ခွာလာသည်မှာ တစ်ပတ်ကျော်ကျော်ရှိပါပြီ။ ရိက္ခာခြောက်နှင့် အုန်းသီးအုန်းရည် သောက်၍ ခရီးနှင်နေရသဖြင့် လူတွေမှာလည်း နွမ်းနယ်နေနေကြရပါသည်။

"အရှင့်သား . . . ဟိုရှေ့က တောင်ကြီးကျော်ပြီးရင် တောင်ဆင်းလမ်းအတိုင်း သွားရမှာမို့ ခရီးလည်း တွင်သွားမှာပါ"

ဟု တပ်မှူးလေးနန္ဒက ဆို၏။

"ကျုပ်က အရေးမကြီးပါဘူးလေ။ ဟေမမာလာက မိန်းမသားဆိုတော့ အပင်ပန်း သိပ်မခံနိုင်ဘူး"

ကုမာရမင်းသားလေးက ဆိုရာသည်။

"မှန်လှပါ အရှင့်သား။ ဟေမမာလာမင်းသမီးလေးဟာ ရွှေနန်းထက်မှာ မွေ့ဖွားပြီး ကြီးပြင်းလာသူဆိုတော့ ဒီခရီးကြမ်းကြီးမှာ သိပ်ပင်ပန်းရှာမှာပါ"

တပ်မှူးလေးနန္ဒ စိတ်မကောင်းစွာ ပြန်ပြောသည်။

"ဂေါဒဝရီမြစ်ကမ်းမှာများ ရန်သူတွေ ကြိုတင်ရောက်နေရင်ဖြင့် အခက်တွေ့နိုင်တယ်ဗျာ"

ဒန္တကုမာရ မင်းသားလေးက စိတ်ပျက်လက်ပျက်နှင့် ပြောသည်။

"မှန်လှပါ။ ဂေါဒဝရီမြစ်မှာ ရန်သူ ရှိမရှိဆိုတာတော့ ကြိုမပြောနိုင်သေးပါဘူး။ ဂေါဒဝရီမြစ်ကြီးနဲ့ နီးလာရင်ဖြင့် ရှေ့ပြေးလွှတ်ပြီး ကြည့်ခိုင်းရမှာပါ"

တပ်မှူးလေးနန္ဒက ရှေ့ဆက်ရမည့် အစီအစဉ် တင်ပြသည်။

"အေးလေ၊ မီးစင်ကြည့်ကကြရမှာပေါ့"

ဒန္တကုမာရ မင်းသားလေးက ပြန်ပြောနေချိန် . . .

"အားလုံး နားကြမယ်ဟေ့"

ဟု တပ်မှူးလေးနန္ဒက သူ့စစ်သည်များအား အမိန့်ပေးလိုက်၏။

အုန်းပင်တွေနှင့် စိမ်းစိုနေသော တောင်ကြားလျှိုကြီးအနီးတွင် အားလုံး အနားယူကြသည်။

အနားယူနေခိုက်မှာ ရေမိုးချိုးကြ၊ အုန်းသီးခူးသူခူး၊ စမ်းရေအိုင်မှာ ငါးဖမ်းသူကဖမ်း၊ မီးဖိုသူကဖိုနှင့်မို့

www.burmeseclassic.com

မြင်းတွေနားသော်လည်း လူတွေမှာ မအားနိုင်။

"ကိုယ်တော်လေးနှင့် သခင်မလေးတို့ သိပ်ပင်ပန်းနေရင် ဒီနေရာမှာ စခန်းချပြီး အနားယူကြမလား"

ဟု တပ်မှူးလေးနန္ဒက ဆိုလာသည်။

"အန္တရာယ်ကင်းမယ်ထင်ရင် စခန်းချပြီး နားကြတာပေါ့ဗျာ"

"ဒီလမ်းဟာ လျှို့ဝှက်လမ်းဖြစ်တော့ အန္တရာယ်မရှိနိုင်ပါဘူး။ ဒီလမ်းသွားလာသူဆိုလို့ မုဆိုးအဖွဲ့တွေနဲ့ ဆင်ဖမ်းအဖွဲ့တွေလောက်ပဲ ရှိတာပါ"

"ဂေါဒဝရီရောက်ဖို့ သိပ်ဝေးသေးတယ် မို့လား"

"ဝေးပါသေးတယ်"

"အေးလေ ဒီမှာက ရေလည်းရှိ အရိပ်အာဝါသလည်းကောင်းဆိုတော့ ဒီနေရာမှာ စခန်းချ နားကြတာပေါ့"

ထိုသို့ဖြင့် စခန်းချရပ်နားရန် သဘောတူလိုက်ကြကာ တဲများထိုး၊ ထင်းများခွေ၊ စားနပ်ရိက္ခာရှာနှင့် အလုပ်များသွားကြရတော့သည်။ ညဘက်တွင် ထင်းမီးပုံကြီးအတွင်းသို့ အဆစ်ပိတ်ဝါးများ မကြာမကြာ ထည့်ပေးရသည်။ ထို့ကြောင့် ဖောင်း . . . ဝုန်း . . . ဖြောင်းဆိုသော အသံများ ထွက်ပေါ်လာသည်။ ထိုသို့ အသံပေးရခြင်းမှာ ကျား၊ ဆင်စသော တောကောင်များ စခန်းအနီးသို့ မလာရောက်အောင် ကာကွယ်ရခြင်း ဖြစ်သည်။

ဒန္တကုမာရ မင်းသားလေးနှင့် ဟေမမာလာ မင်းသမီးလေးတို့သည် တဲလေးအတွင်းမှာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ အမျှဝေခြင်းများ ပြုလုပ်ပြီးမှ အိပ်ကြသည်။ သူတို့၏ခေါင်းရင်းဘက်မှာ လေးတိုင်စင်လေးတစ်ခု ပြုလုပ်၍ ထိုစင်လေးပေါ်တွင် ဘုရားရှင်စွယ်တော်ကြုတ် တင်ထားသည်။ စွယ်တော်အနီးမှာတော့ ဘုရားပန်းအိုးအဖြစ် ဝါးပိုးဝါးကြီးကို ဖြတ်ပိုင်း၍ လုပ်ထားသည်။ ဘုရားပန်းအိုးတွင် ကံ့ကော်ပန်း၊ သစ်ခွပန်း၊ သပြေပန်းများ လှူထားသဖြင့် ပန်းရနံ့များ တဲအတွင်းမှာ ကြိုင်သင်း၍ နေပါတော့သည်။ သောက်တော်ရေ ခပ်ရန်အတွက် မာလာက ရွှေနန်းတော်ကြီးမှ ယူလာသော ရွှေခွက်လေးသုံးလုံးမှာ နေ့စဉ်ပွတ်တိုက်၍ထားသဖြင့် ကြည်ဆိမ်းရောင်တွေ ဝင်းဝင်းလက်၍နေသည်။ ဖောင်း . . . ဝုန်း ဆိုသော အသံများကြားရတိုင်း အားငယ်နေရှာသော ဟေမမာလာမင်းသမီးလေးမှာ ကုမာရမင်းသားလေးအား ပွေ့ဖက်ထားရသည်အထိ ကြောက်လန့်နေရှာသည်။ ရွှေပေါ်မြတင်နေခဲ့ရသော ဟေမမာလာမင်းသမီးလေးမှာ ခုတော့ ကြမ်းတမ်းသော ခယောင်းလမ်းတွင် ဒုက္ခပင်လယ်ဝေလျက် ရှိနေသည်မို့ သူ့ခမျာ စိတ်အားငယ်နေရှာပေသည်။

ထိုစခန်းတွင် တစ်ပတ်ခန့် နားကြပြီးလျှင် ခရီးဆက်ခဲ့ကြသည်။ စစ်သည်များမှာ ထိုတစ်ပတ်အတွင်း အမဲလိုက်၍ရလာသော သားကောင်များကို အခြောက်လှန်းကာ ရိက္ခာအဖြစ် စုဆောင်းလာခဲ့ကြသဖြင့် လမ်းခရီးတွင် ဟင်းလျာအတွက်မပူရတော့ပေ

မိုးသီးမိုးပေါက်များ ရပ်တော့မလို ဖြစ်လာချိန် မျက်စိနှစ်ဖက်လုံး ပြာသွားသည်။ အလင်းရောင်တန်းကြီး ပေါ်လာပြီး သူတို့အနီးမှ ထင်းရှူးပင်ကြီးအား မိုးကြိုးပစ်ချလိုက်သဖြင့် ဝုန်းဆိုသောအသံနှင့်အတူ ပြာလဲ့လဲ့ မီးရောင်များ ထွက်ပေါ်ရာမှ မီးဟုန်းဟုန်း တောက်လောင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဟေမမာလာနှင့် ဒန္တကုမာရ မင်းသားလေးမှာ သက်သတ်လွတ် စားကြသဖြင့် နို့ခဲခြောက်များကို ဆန်နှင့်ရောပြီး ချက်ပေးကြသည်။

လမ်းခရီးတွင် သွားလာမှု လွယ်ကူရန်နှင့် ဟေမမာလာမင်းသမီးလေးကို ကုမာရမင်းသားလေးက သူ၏ အဝတ်အစားတွေ ဝတ်ဆင်ပေးလိုက်သဖြင့် မည်သူမျှ မိန်းကလေးတစ်ယောက်ဟု မထင်ကြပေ။ သူတို့အဖွဲ့တွင် မင်းသားလေးနှစ်ပါး ဖြစ်လာသည်ဟု ဆိုကြသည်။

သူတို့အဖွဲ့တွင် မြင်းတစ်ကောင်၊ လူတစ်ယောက်စီ စီး၍ သွားနေသော်လည်း ကုမာရမင်းသားနှင့် ဟေမမာလာတို့မှာ မြင်းတစ်ကောင်နှင့် လူနှစ်ယောက်မို့ စစ်သည်တွေကြားတွင် အသွင်ထူးခြားနေသည်။ သူတို့၏ သေးသွယ်သော ခန္ဓာကိုယ်နှစ်ခု ပေါင်းသော်လည်း စစ်သည်တော်တစ်ဦး၏ ကိုယ်ခန္ဓာအလေးချိန်ကို မမီနိုင်ပါ။

သူတို့၏ အဝတ်အစားများမှာလည်း ထူးထူးခြားခြားမဖြစ်ရန် သာမန် ဒိုတီကိုသာလျှင် ဝတ်ဆင်ထားသဖြင့် သိုးခြားကြီး ဖြစ်မနေပေ။ မြင်းများ၊ လားများမှာ ရက်သတ္တ တစ်ပတ်မျှ နားထားသဖြင့် ကုန်ခန်းသွားသော အင်အားများ ပြန်လည်ပြည့်ဝလာကာ မပင်မပန်း ခရီးနှင်နေကြသည်။

ညနေစောင်းသည်နှင့် တောင်မကြီးပေါ်သို့ ရောက်ခဲ့ကြသည်။ တောင်မကြီးပေါ်မှနေ၍ တောင်အရပ်သို့ ကြည့်လိုက်လျှင် ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြာပြာကြီးကို လှမ်းမြင်တွေ့နေရသည်။

ပင်လယ်ရေပြင် ကျယ်ကြီးကို မြင်တွေ့နေရသော်လည်း တောင်ထိပ်မှာ ရေမရှိ၊ အင်၊ ကညင်၊ ပျဉ်းကတိုး စသော အပင်များကိုသာလျှင် တွေ့မြင်ရသည်။ ဟေမမာလာ မင်းသမီးလေးသည် ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေအေးအေးကို အားရပါးရ တဝကြီး ရှူရှိုက်ရင်း သီဟိုဠ်ကျွန်းကြီးရှိရာသို့ စိတ်က မှန်းမျှော်၍ ကြည့်နေမိသည်။

"မောင်တော် . . . သီဟိုဠ်ကျွန်းဆိုတာ အဝေးကြီးလား"

"ဝေးတာပေါ့ နှမရယ်။ မောင်တော်တို့ ကာလိင်္ဂနဲ့ သီဟိုဠ်ကျွန်းဟာ ပင်လယ်ပြင်ကြီး ခြားနေတယ်လေ"

"ဒါဆို ပင်လယ်ပြင်ကြီးကို တစ်ခါတည်းဖြတ်သွားရင် ရတာပေါ့နော်"

"ရတယ် နှမတော်ရဲ့"

"ဒါဆို ဘာ့ကြောင့် ဒီတော ဒီတောင်တွေ ဖြတ်ကျော်နေရတာလဲ။ တစ်ခါတည်း ပင်လယ်ပြင်ကြီးကို ဖြတ်လိုက်ရင် ပြီးတာပဲမို့လား"

"ဟုတ်ပါတယ်။ ဒါပေမယ့် ခိရစာရရဲ့လူတွေဟာ ကုန်းလမ်း၊ ရေလမ်း အားလုံး ပိတ်ဆို့ထားတယ် ကွယ့်။ နောက်ပြီး ကာလိင်္ဂကနေ သီဟိုဠ်ကျွန်းထိ တိုက်ရိုက်သွားတဲ့ သင်္ဘောက တစ်နှစ်လုံးနေမှ ခ(ယ်)စီးတောင် ရှိတာမဟုတ်ဘူး"

"ဒါဆို နှမတော်တို့ ဘယ်ကနေပြီး သင်္ဘောစီးရမှာလဲ။ အဝေးကြီး လိုသေးလား"

"ခုသွားနေကြတာ ဂေါဒဝရီမြစ်ကို သွားနေကြတာပါ။ ဂေါဒဝရီမြစ်ကို ကူးပြီးတာနဲ့ ကာလိင်္ဂတိုင်းက လွတ်သွားပြီ"

"ဂေါဒဝရီမြစ် ဟိုဘက်က ဘာတိုင်းလဲ"

"အန္ဓရာတိုင်း ရောက်မယ်လေ။ ဒုနကတကမြို့ဆိုတာ အန္ဓရာတိုင်းရဲ့ မြို့ပေါ့။ အဲဒီကနေ ဆက်သွားရင် သီတာပူရီ ရောက်မယ်၊ ကန်စီပူရာ ရောက်မယ်။ ကန်စီပူရာကနေ သင်္ဘောဆိပ်ကို လှေနဲ့သွားရမယ်။ သင်္ဘောကြုံစောင့်ရမယ်။ သင်္ဘောကြုံရှိတာနဲ့ မိုင် ၂၀၀ ကျော်တဲ့ ပင်လယ်ကို ဖြတ်ကူးရမှာပေါ့"

"အရှင်သား . . . မကြာမီ လေပြင်းမုန်တိုင်း တိုက်ခတ်လာတော့မှာမို့ မြင်းပေါ်မှာ အသင့်နေရာ ယူထားကြပါ"

တပ်မှူးလေးနန္ဒ သတိပေးမှပင် လယ်ပြင်သို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။ မှန်ပါသည်။ ပင်လယ်ပြင်ကြီး တစ်ခုလုံး အနီရောင်သန်း၍ နေပါပြီ။ ထိုအချိန်တွင် လေပြေလေညင်း စတင်လှုပ်ရှားလာသည်နှင့် မြင်းများသည်လည်း အန္တရာယ်၏ အနံ့အသက်ကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ကာလိင်္ဂစစ်သည်တော်များ အထုပ်အပိုးတွေကို မြင်းများပေါ်သို့ ကပျာကသီ တင်နေချိန် ကုမာရမင်း



www.burmeseclassic.com

www.burmeseclassic.com

သားလေးနှင့် ဟေမမာလာ မင်းသမီးလေးတို့သည်လည်း သူတို့မြင်းပေါ်သို့ တက်ရန် အသင့်ပြင်နေကြသည်။

"အားလုံး နားထောင်ကြပါ။ ကျုပ်တို့က အမြင့်ဆုံးသော တောင်ပေါ် ရောက်နေတယ်။ မုန်တိုင်းကျလာရင် သစ်ပင်တွေအောက်မှာ ဝင်ခိုလို့ မရပါဘူး။ ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်ချပ်တွေကြား ဝင်ရောက်ခိုလှုံမှသာ လုံခြုံစိတ်ချရမှာ ဖြစ်တယ်"

တပ်မှူးလေး စကားမဆုံးခင် တဝုန်းဝုန်း တိုက်ခတ်လာသော လေနီကြမ်းကြီး သူတို့အနီးသို့ ရောက်လာတော့သည်။ သစ်ကိုင်းများ တဖြောင်းဖြောင်း ကျိုးကျသံ၊ အုန်းသီးတွေ တဖြုတ်ဖြုတ် ကြွေကျသံ၊ တဖုတ်ဖုတ် မြည်သံကြောင့် မြင်းများမှာ တဟီးဟီး မြည်၍ ကြောက်လန့်နေကြသည်။ မိုးသည် ပထမတွင် ဖွဲဖွဲလေး ကျလာသည်။ ဖွဲရာမှ တင်းစတစ်စ သည်းလာသည်။

ကုမာရ မင်းသားလေးသည် အဝတ်ထုပ်ကိုလွယ်၍ မြင်းပေါ်သို့ လွှားခနဲတက်လိုက်လိုက်ပြီး ဟေမမာလာကို မြင်းပေါ်မှနေ၍ ဆွဲမ တင်ကာ သူ့မြင်းကြီးကို သစ်ပင်ကြီးများနှင့် ဝေးရာသို့ နှင်လိုက်သည်။

ကျောက်ဂူကြီးများ တွေ့လိုတွေ့ငြား ဟိုဟိုဒီဒီကြည့်သည်၊ မတွေ့ပေ။ အကွယ်အကာလေးများ ရနိုးနိုးဖြင့် ရှာကြည့်သည်၊ မတွေ့။ လေနှင့်ရော၍ပါလာသော မိုးရေပေါက်ကြီးများသည် အသားများ ကျိန်းစပ်သွားသည်အထိ ပြင်းလှသည်။ မိုးက ဖြိုင်ဖြိုင်ကြီးရွာလို့ ကောင်းနေလျက်။

ကုမာရမင်းသားလေးသည် ဟေမမာလာ မြင်းပေါ်မှ ကျမသွားရန် သတိကြီးစွာ ထိန်းပေးနေရသည်။ မာလာကတော့ ရှေ့သို့ မကြည့်ရဲရှာပေ။ ကုမာရမင်းသားလေး၏ ရင်ခွင်မှာ မျက်နှာအပ်၍ နေရပါသည်။ ရွှဲရွှဲစိုနေသော မိုးရေများနှင့် ခိုက်ခိုက်တုန်နေရှာသည်။

ကာလိဂ်စစ်သည်ဘော်များ လူစုကွဲကုန်ပါပြီ။ ကြောက်လန့်နေကြသော မြင်းများ ထင်ရာစိုင်းသွားသဖြင့် စစ်သည်များ ပါသွားကြရသည်။ ကုမာရမင်းသားလေးနှင့် မာလာတို့၏ မြင်းကြီးမှာ အနောက်အရပ်သို့ ဦးတည်၍ ပြေးနေသည်။

မိုးကောင်းကင်မှ ဝုန်းဝုန်း ဂျိမ်းဂျိမ်း အသံများနှင့်အတူ တလျှပ်လျှပ် တဝင်းဝင်း တလက်လက် အရောင်များက အဆက်မပြတ်တော့ပေ။ မိုးသီးကြီးများ ကျလာသည်။ ဆီးဖြူသီး၊ ဖန်ခါးသီးလုံးများလောက်ရှိသော မိုးသီးများသည် အရှိန်ပြင်းစွာ ကျရောက်လာသဖြင့် မြင်းကြီးမှာ ပို၍ကြောက်လန့်ကာ အရင်ထက် နှစ်ဆလောက် ပို၍ ပြေးလွှားနေသည်။

ရှေ့တွင် ချောက်ကမ်းပါးကြီး တစ်ခု တွေ့ရသည်။ ကုမာရမင်းသားလေး မြင်းဇက်ကို သတ်သော်လည်း မရ။ ညာဘက်သို့ ပြေးလမ်းပြောင်းကြည့်သည် မရ။ ဤအတိုင်း ဆိုပါက ချောက်ကမ်းပါးအတွင်းသို့ ကျပေတော့မည်။

မိုးသီးမိုးပေါက်များ ရပ်တော့မလို ဖြစ်လာချိန် မျက်စိနှစ်ဖက်လုံး ပြာသွားသည်။ အလင်းရောင်တန်းကြီး ပေါ်လာပြီး သူတို့အနီးမှ ထင်းရှူးပင်ကြီးအား မိုးကြိုးပစ်ချလိုက်သဖြင့် ဝုန်းဆိုသော အသံနှင့်အတူ ပြာလဲ့လဲ့ မီးရောင်များ ထွက်ပေါ်ရာမှ မီးဟုန်းဟုန်း တောက်လောင်တော့သည်။

မြင်းကြီးသည် မိုးကြိုးပစ်လိုက်သံကြောင့် ကြောက်လန့်ခုန်ပေါက်လှုပ်ယမ်းလိုက်သောအခါ ဟေမမာလာ မင်းသမီးလေး မြင်းပေါ်မှ ပြုတ်ကျသွားပါတော့သည်။ တောင်အောက်သို့ တလိမ့်လိမ့်ကျသွားသော ဟေမမာလာကို မြင်လိုက်ရလျှင် ကုမာရမင်းသားလေးက သံကုန်ဟစ်၍ . . .

"မာလာ"ဟု အော်ခေါ်လိုက်သော်လည်း မကြားတော့ပါ။ သွေးပျက်နေသော မြင်းကြီးသည် ကုမာရမင်းသားလေး၏ အော်သံ၊ တဖျစ်ဖျစ် မြည်၍ တဟုန်းဟုန်း တောက်လောင်နေသော မီးရောင်တို့ကြောင့် ပိုမိုကြောက်လန့်ကာ ချောက်ကမ်းပါးကြီးထဲသို့ လွှားခနဲ ခုန်ချလိုက်ရာ "အား" ဟူသော အသံရှည်ကြီးနှင့်အတူ ဒုန္ဓ ကုမာရ မင်းသားလေးနှင့် မြင်းကြီးမှာ ကောင်အောက်သို့ ကျသွားပါတော့သတည်း။

*(ရှေ့လဆက်ရန်)*

**မောင်ယဉ်မွန်(မော်စနေခြည်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ ဒသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာသရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အမိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အမိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲဒန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၈၂/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂၊
မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော် စိန်မျက်ခုံး

(အခန်းဆက်ဝတ္ထုရှည်)

✦ ကျော်မြသန်း

(ယခင်လမှအဆက်)

ခဲ့လိုက်သည်မှာ ရက်ရက်
စ ။ အပေါ်သွားနှင့် အောက်
သ ှုက်မိအောင် ထိန်းလို့မရသည်
အ ဲအားလုံသော်လည်း အရုဏ်ဦး
ဆွမ်းကပ်ပွဲမှာမူ စည်ဝေလှ၏။ ဘုရား
ရင်ပြင်တစ်ခုလုံး ခြေရာချစရာ မရှိ
အောင် အရုဏ်ဆွမ်းကပ်သူများနှင့်
ပြည့်နှက်နေသည်။ တချို့ကလည်း
ဆွမ်းပွဲကို အဓိဋ္ဌာန်ပြု၍ ရေမှာမျှော
ကြ၏။

အရုဏ်ဦး ရောင်ခြည်အောက်မှ
အင်းတော်ကြီး၏အလှမှာ တစ်မူကွဲပြား
တစ်မျိုးတစ်ဘာသာ လှပနေသည်။

နှင်းငွေ့များ ဝေ့မြူးနေသည့်
တောင်တန်းများမှာ ပြာလဲ့လဲ့အရောင်
မှ ဖြူရော်ရော်အရောင်သို့ ပြောင်းနေပြီ။

အင်းတော်ကြီးအင်းကို ကြီးမား
သော တောင်ကြီးသုံးလုံးက ဖိုမနောက်
ဆိုင် ဝိုင်းရံထား၏။

ရာဟုထောင့်တွင် 'ဝေမိတ္တက
ဘုရားခေါ် ကဝိပွန်းတောင်ကြီး'၊
တနင်္ဂနွေထောင့်တွင် 'မောရိယဘု
ရားခေါ် ရွှေတောင်ကြီး'၊ အင်္ဂါထောင့်
တွင် 'အဋ္ဌာဂီရိဘုရားခေါ် ဆင်ခေါင်း
တောင်ကြီး'တို့ မားမားမတ်မတ် ရှိနေ
ကြသည်။

မောရိယဘုရားခေါ် ရွှေတောင်
မှာ ရေးအခါက ဘုရားလောင်း ရွှေဥ
ဒေါင်းမင်း ပျော်မွေ့ကျက်စားရာနေရာ
ဟု အဆိုရှိပါ၏။ ရွှေတောင်အောက်၌
ရှိသော 'လယ်ဆိန်မှာ'ချောင်းသည်
မိုးအခါ ရေကြည်၍ နွေအခါ ရေ
နောက်၏။ အင်းရေကြည်နေလျှင်
ချောင်းရေနောက်၍၊ အင်းရေနောက်
နေလျှင် ချောင်းရေကြည်သော ဆန့်
ကျင်ဘက်သဘော ရှိပေ၏။

၁၉၅၉ ခုနှစ်က ရန်ကုန်
တိရစ္ဆာန်ဥယျာဉ်သို့ ရောက်လာသော
ဆင်ဖြူကလေးမှာ အင်းတော်ကြီး
ဒေသ ဟိုပင်မြို့အနီးမှ မိုင်းနောင်သစ်
တောတွင် မွေးဖွားခဲ့ခြင်း ဖြစ်ပေသည်။

ထူးခြားမှတ်ရာ ပြောစရာများ
ဖြာဖြာဝေနေသော အင်းတော်ကြီး
ဘုရားတွင် နှစ်ညနှင့်တစ်နေ့ နေပြီး
ဟိုပင်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြ၏။
အပြန်လမ်းခရီးမှာ အေးက စကားထူး
စကားဆန်း ဆိုလာသည်။

"မောင်ရေ . . . ထောင်မှူး
အလုပ်ကထွက်ပြီး အလုပ်တစ်ခု
ပြောင်းရင် ကောင်းမယ်"

"ဘာဖြစ်လို့လဲ အေးရဲ့"

"အေးတို့ ဇရပ်မှာတည်းခိုနေ
တုန်းက အဘတစ်ယောက်က အေး
ကို မေးတယ်။ တူမလေးရဲ့ခင်ပွန်းက
ဘာလုပ်သလဲတဲ့။ အေးက ထောင်မှူး
လုပ်ပါတယ် အဘလို့ ဖြေလိုက်တော့
ထောင်မှူးဆိုတာ ဝန်ထမ်းပေါ့နော်တဲ့"

"အဲဒီတော့ . . ."

"အဲဒီတော့ . . . အေးလည်း
ဘာပြောရမှန်းမသိအောင် ဖြစ်သွားရ
တယ်လေ"

"ရှေးလူကြီးတွေက ရှေးအခေါ်
နဲ့ ခေါ်တော့လည်း မှန်သားပဲ အေးရဲ့။
ဟိုတုန်းက ဝန်ထမ်းတွေပေမယ့် ခု
တော့ ကိုကိုထောင်မှူးလေ"

"တော်ပါ . . . ဒီနာမည်ကို သူ
တော်တော် အာတွေ့နေ"

အသွားတုန်းက မြင့်လွန်းလှ
ချည်ရဲ့ဟု ထင်ခဲ့ရသော နန့်မွန်တောင်
ကြီးကို အပြန်ခရီးတွင် မြင့်သည်ဟု
မထင်မိတော့ပေ။ နန့်မွန်တောင် ရှုခင်း
အလှမှာ အသွားတုန်းကထက် ပို၍
တင့်မောဖွယ် အရိပ်ထင်နေသည်။
အသွားခရီးတွင် ဖြည်းဖြည်းမှန်မှန်
မောင်းတက်ခဲ့သော ဂျစ်ကားလေး၏
အလူးအလိမ့်ဒဏ်ကို သိသိသာသာ
မခံလိုက်ရသော်လည်း အပြန် နန့်မွန်
တောင်အဆင်းခရီးတွင်မူ ဂျစ်ကား
လေးမှာ ကျင့်သားမကျသေးသော
မြင်းတစ်ကောင်သို့နှယ် ခုန်ပေါက်နေ
သည်။ ဆန်ကောထဲက ဆီးဖြူသီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

တင်စားရချေတော့မည်သာ။

သူတို့၏ ခြေဖဝါးအောက်မှ နန့်မွှန်တောင်မှာ ခုတော့ သူတို့ကိုပြန်၍မိုးထားလိုက်လေပြီ။

ဟိုပင်မြို့အဝင်မှာ ဖုန်တထောင်းထောင်းထလျက် ...။

ခရီးမဆုံးသေး။ နာမည်ကြီးလှသော မေခနှင့် မလိခမြစ်ဆုံသို့ ခရီးဆက်ရဦးမည် ဖြစ်၏။ မီးရထားအချိန်မီသေးသဖြင့် ချက်ချင်း ခရီးဆက်လိုသော်လည်း အဘနောင်တို့ အိမ်သားစု တစ်ခုလုံးက အတင်းတားကြသဖြင့် ဟိုပင်တွင် တစ်ည၌အိပ်လိုက်ရသည်။

ထမင်းစားအပြီးတွင် အဘနောင်ပြောသည့် 'ရုပ်ပျိုဆေး'ကို သတိရလိုက်ရာ အဘနောင်ထံ ချဉ်းကပ်ပြီး ဆေးတောင်းလိုက်ရသည်။

"အေး ...အေး ...အဘတောင် မေ့သွားတယ်ဟေ့။ ကိုရင်သတိပေးလို့သာပေါ့။ အဘရဲ့ ရုပ်ပျိုဆေးက ပုလင်းတို့၊ ဘူးတို့နဲ့ ထည့်ယူသွားစရာ မလိုပါဘူး ကိုရင်ရဲ့။ ခေါင်းထဲမှာသာ ထည့်ယူသွား"

"ဟုတ်ကဲ့"

"အဘကိုကြည့် ... ပျိုနုမနေဘူးလား"

"ဟုတ်ကဲ့ ... အသက်နဲ့စာရင် နုနေပါတယ် အဘ"

"ရုပ်ပျိုဆေးသတ္တိ ပေါ့ကွာ။ အဘရဲ့ ရုပ်ပျိုဆေးက ပိုက်ဆံလည်း မကုန်ဘူး။ ဆေးဖော်ဖို့ ပစ္စည်းရှာရတဲ့ ဒုက္ခလည်း မရှိဘူး။ ဆေးဖော်စရာလည်း မလိုဘူး ကိုရင်ရဲ့"

"ဒါဆို သိပ်ကောင်းတာပေါ့ အဘရဲ့"

"မှတ်ထားပေါ့ကွာ"

"အစား မကြူးနဲ့"

"အအိပ် မကြူးနဲ့"

"ကာမဂုဏ် မကြူးနဲ့"

"သေရည်ကို လုံးဝရှောင်။ အဲဒါ ရုပ်ပျိုဆေးပဲ ကိုရင်ရဲ့ မလွယ်လား"

"လွယ်သားပဲ အဘရဲ့"

"အချုပ်ကတော့ သေရည်ပဲ ကိုရင်ရဲ့။ သေရည်သောက်ပြီးရင် အစားကြူးတတ်တယ်၊ ကာမဂုဏ် ကြူးတတ်တယ်"

"ဟုတ်ကဲ့ အဘ။ ကျွန်တော်တော့ အဘရဲ့ ရုပ်ပျိုဆေးကို အတော်သဘောကျသွားပါပြီ အဘ။ လိုက်လည်း လိုက်နာပါ့မယ်"

"အေး ... အညောင်းပြေဆေးကတော့ အမြဲလှုပ်ရှားနေ။ ဒါပဲ"

"ကျွန်တော်တို့ အလုပ်ကတော့ ငြိမ်ကိုမနေရတာ အဘ"

"အဘပြောတာက အသက်ကြီးလေ လှုပ်လှုပ်ရှားရှားရှိဖို့ လိုလေပဲကွ။ အဲဒါလေးတော့ သတိထားဟေ့။ ကဲ ... ဒီနေ့တော့ စောစောအိပ်ကြ။ နောက်နေ့ ခရီးဆက်ရဦးမှာ"

နောက်တစ်နေ့ နေ့လယ်တွင် မြစ်ကြီးနားအဆန်ရထားကို ဆက်စီး၍ မေခနှင့် မေလိခ ခရီးကို ဆက်ခဲ့ကြ၏။

ဟိုပင်မှာ ကျန်ရစ်ခဲ့လေပြီ။ ရှေ့မှာ မြစ်ကြီးနား။

တောတန်းပြာကြီးများမှာ နီးလာလိုက်၊ ဝေးသွားလိုက်နှင့် မြစ်ကြီးနားရောက်သည်အထိ တောတန်းနှင့် ရထားမှာ မျဉ်းပြိုင်သဖွယ် ဖြစ်ရှိနေသည်။ မြစ်ကြီးနား ဘူတာသို့ ရထားဝင်ချိန်မှာ မှောင်ရီပျိုးစ ညပိုင်းကာလ။

မြစ်ကြီးနား အအေးက သူတို့ကို ဆီးကြိုလိုက်သည်။

"အေးလိုက်တာ အသည်းကို ခိုက် သွားတာပဲ"ဆိုသော ပမာစကားကို ကိုယ်တွေ့ခံစားလိုက်ရပြီ။

ထူထဲသော ဂွမ်းကပ်ကြီးများ ကိုယ်ပေါ်တွင် ပုံ့ပုံ့ကြီး ဝတ်ဆင်နေသော်လည်း အသားဆိုင်များမှာ ထိ၍ ထိမှန်းမသိအောင် ထုံထုံထိုင်းထိုင်း ဖြစ်နေသည်။

မြစ်ဆုံသို့သွားသည့် လမ်းခရီးမှာ ပို၍ဆိုးသည်။

အကာမဲ့သော ဂျစ်ကားလေး အတွင်းသို့ ပရမ်းပတာ တိုးဝင်လာသော လေအရှိန်ကြောင့် လမ်းတစ်လျှောက် ရှုခင်းများကိုကြည့်ရန် မျက်လုံးကို ရဲရဲမဖွင့်ရဲအောင် ရှိနေသည်။

နှင်းမှုန်ဖြန်းထားသည့် တောင်တန်းကြီးများ၊ အကွေ့အကောက် အတက်အဆင်း ရောပြွမ်းနေသော လမ်းကြောင်းပေါ်မှာ သဘာဝ ပအို့နီ ပိုင်ရှင်လေးများ၏ လုပ်ငန်းခွင်သို့အဝင် လှုပ်ရှားဟန်များမှာ တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းနေ၏။

မြစ်ဆုံနှင့်နီးလာလေ အအေးမှာ ပို၍လွန်ကဲလာလေ။

ကုန်းမော့မော့ပေါ်ရှိ တစ်ထပ် အဆောက်အဦကလေးမှာ မြစ်ဆုံ၏ အလှကို ရှာဖွေရန် လာကြသူများ နား နေရန် ဖြစ်သော်လည်း ပြုပြင်မှု မ... သည် ထင်ပ။ ညစ်ပတ်ပေရေ... သည်။ မြစ်ဆုံ၏အလှအပနှင့် မလိုက် ဖက်ပါလေ။

ကားပေါ်မှဆင်းပြီး ကုန်းမြေ... ဆင်းလိုက်သည်နှင့် မြစ်ဆုံ၏ တ... မောဖွယ်ရာအလှကို ဘွားခနဲ တွေ့... လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

လွန်လွန်ကဲကဲ လှလွန်းသော သဘာဝ၏ အလှမှာ ကိုသန့်ဇင်နှင့် အေးတို့ကို လျှပ်တစ်ပြက်အတွင်း ညှို့ယူဖမ်းစားလိုက်၏။

ဖွေးဖွေးအိအိ ဂွမ်းပုံကြီး ခင်းထားဘိသို့ နှင်းငွေ့များ ညှို့ရစ်ထားသည့် ရေ ပြင်၏ အစပ်နှင့် ထိတွေ့လိုက်သောအခါ စိမ့်ခနဲအေး၍ သိမ့်ခနဲ တုန်သွားရ၏။

နိုင်ဂရာရေတံခွန်၏ အလှကို အနောက်တိုင်းအလှဟု ဆိုလျှင် မြစ်ဆုံကို အရှေ့တိုင်း၏အလှဟု တင်စားရပေလိမ့်မည်သာ။

စက်စက်ယိုအောင် လှသော အလှကို စိတ်ရှိလက်ရှိ ယစ်မူးခွင့် မရခဲ့ပေ။ ကြာရှည်နေရန် မသင့်သော အခြေအနေကြောင့် မြစ်ဆုံရေ ကပျာကသီချိုးပြီး တည်းခိုရန် မြစ်ကြီးနားမြေသို့ ပြန်လှည့်ခဲ့ရ၏။ မြစ်ဆုံ၏ နံနက်ခင်းအလှကို ရိပ်ခနဲကြည့်ပြီး ဆည်းဆာရစ်သိုင်းသည့် မြစ်ဆုံ၏ အလှကို မမြင်ခဲ့ရသဖြင့် အေးမှာ အားမလိုအားမရ ဖြစ်ခဲ့ရသည်။ မြစ်ကြီးနားတွင် တစ်ရက်သာ နေရသော်လည်း ခရီးပန်းလာသည့်ဒဏ်ကြောင့် အလည်အပတ် မထွက်ဖြစ်ခဲ့။ မနက်ပိုင်း မြစ်ကြီးနားဈေးကိုပတ်ပြီး နာမည်ကြီးလှသော ကချင်လုံးချည်ရက်သည့် ရက်ကန်းစင်တချို့ကို သွားကြည့်ပြီး အနားယူနေခဲ့ကြ၏။

မနက်ဖြန် မန္တလေးသို့ ပြန်ရမည်။

အုတ်ရိုးကြီးနှင့် ဝေးကွာခဲ့သည်မှာ တစ်ပတ်နီးပါး ရှိခဲ့ချေပြီ။ အုတ်ရိုးကြီးနှင့် ပြန်တွေ့ရတော့မည် ဖြစ်သလို စိန်မျက်ခုံးတင်တင်နှင့်လည်း ပြန်လည်ဆုံဆည်းရဦးမည် ဖြစ်ပေသည်။

မြစ်ကြီးနားမြို့မန္တလေးထခင် ဘူတာသို့ ဆင်းခဲ့ကြရ၏။ အေးသောအရပ်တွင် စောစောနိုးထလေ့ မရှိကြပေ။ သူတို့ဆီက ဈေးဆိုင်များမှာ နေထွက်တစ်ပြုကျမှ ဖွင့်လေ့ရှိကြသည်။ မြစ်ကြီးနားရထားကြီး ထွက်ခွာသော အချိန်တွင်မှ မြစ်ကြီးနားမှာ နိုးထစပြုလာသည်။ အခန်းစီးဖော် နှစ်ယောက်မှာ ဦးလေးအရွယ် ယောက်ျားကြီးနှစ်ယောက်သာ ဖြစ်သဖြင့် အေးတို့နှစ်ယောက်မှာ ကိုယ့်ဟာကိုယ် စကားပြောကြရင်း ခရီးဆက်ရမည်သို့ ရှိခဲ့သော်လည်း မရမ်းဘူတာ လွန်လာသည်နှင့် မျက်နှာချင်းဆိုင်မှ ပြောနေသည့် အကြောင်းအရာများမှာ သူတို့အတွက် စိတ်ဝင်စားစရာ ဖြစ်လာသည်။

သူတို့နှစ်ယောက်စလုံး နားစိုက်လိုက်မိကြ၏။

ပထမပိုင်း ပြောနေသည်များကို နားမစိုက်မိ။ စိတ်ဝင်စားစရာအကြောင်းပါလာသဖြင့် နားစိုက်လိုက်မိသည်။ ပြောနေသည့်အကြောင်းမှာ လူတိုင်းစိတ်ဝင်စားတတ်သည့် ဗေဒင်လက္ခဏာအကြောင်း။

"ဒီတစ်ခေါက်တော့ ကိုကြီးသော်လည်း အချိန်ရသားပဲဟာ။ လိုက်ကြည့်စေချင်တယ်"

"မင်းမလည်း ဒါတွေနဲ့ပဲ အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်နေတုန်းပဲကိုး"

"မှန်လွန်းအားကြီးလို့ပါ ကိုကြီးသော်ရဲ့။ ဟောလိုက်တာများ ဒက်ခနဲ ဒက်ခနဲပဲ"

"နေပါဦး။ ခု မင်းနဲ့ မင်းမိသားစု ထမင်းစားနေကြတာ ဗေဒင်ကဟောလို့လား။ မင်းဟာမင်း အလုပ်လုပ်လို့ စားနေရတာလား"

"အကောင်းနဲ့အညံ့ သိထားတော့ လုပ်ငန်းလုပ်တဲ့နေရာမှာ ဆင်ခြင်နိုင်တာပေါ့ ကိုကြီးဘသော်ရဲ့"

"ကိုယ့်ခေါင်းနဲ့ လုပ်တဲ့အလုပ်ကို အငှားခေါင်း မငှားချင်စမ်းပါနဲ့ တင်ဦးရာ။ ကမ္ဘာမှာ စီးပွားရေးအောင်မြင်နေတဲ့ သူဌေးကြီးတွေအားလုံး ကိုင်ရှိရဲ့ခေါင်းနဲ့ လုပ်တာ မဟုတ်ပါဘူးကွ။ သူတို့ခေါင်းနဲ့ သူတို့အစွမ်းအစနဲ့သူတို့ ကြိုးစားမှုနဲ့ အလုပ်လုပ်ရင်း ကြီးပွားလာကြတာတွေပါ။ ငါက ဒီပညာကို အထင်သေးလို့ ပြောတာမဟုတ်ဘူးနော်။ တစ်စိတ်ဝစ်ပိုင်းလောက်တတ်ပြီး ညစားဖြန်းသန်းနေကြလို့ ပြောတာ။ ဆိုပါတော့ကွာ။ ဗေဒင်အစ နက္ခတ်ကလို့ အဆိုရှိတယ်ကွ။ တကယ်ပြောကြစတမ်းဆိုရင် နက္ခတ်ပိုင်မှ ဗေဒင်နိုင်တာဟေ့။ ထားဦးကွ။ ဆန်းကျမ်းနိုင်တဲ့ ဗေဒင်ဆရာ ဘယ်နှစ်ယောက်ရှိသလဲ။ နည်းနည်းပဲရှိလိမ့်မယ်။ ထူလဒသာ၊ အန္တရဒသာ၊ ဝိသောတ္တရိဒသာကို စိတ်ခွဲပြီး ဟောတာမျိုးတောင် ပျောက်လုခမန်းရှိနေပြီ။ ဆန်းကျမ်းကိုလည်း နိုင်မယ်၊ ဒသာစိတ်တာလဲ ပိုင်တယ်ဆိုရင်တောင် အပေါင်းအနုတ်၊ အမြှောက်အစား ဂဏန်းတစ်လုံးလွဲတာနဲ့ ပဝေသဏီ လွဲရောကွ။ ရာသီစက်၊ နဝင်းစက်၊ ဘာဝစက်တွေကို ကြည့်တဲ့နေရာမှာ ခွဲပြီးကြည့်လို့ မရဘူး။ တစ်ခုနဲ့တစ်ခု အထောက်အကူ ပြုတာတွေကို နက္ခတ်နဲ့ယှဉ်ရသေးတယ်။ ခုဟာ



www.burmeseclassic.com

www.burmeseclassic.com

တွေက လူပြိန်းကြိုက်၊ လက်ရိုးနည်းတွေနဲ့ ဟောနေတာ။ ဒါကြောင့် တစ်ထိုင်တည်းနဲ့ အဟောသွက်နေတာပေါ့။ ပညာပိုင်းအရသာ ဟောကြရင် လူတစ်ယောက်အတွက် ဟောစာတမ်းထွက်ဖို့ဟာ ခုနစ်ရက် အနည်းဆုံးကြာတယ်။ အဲဒါတောင်မှ အကြမ်းဖျင်းပဲရှိမယ်''

''ကိုကြီးသော် ပြောသလိုသာဆိုရင် ဗေဒင်ဆရာတွေ ထမင်းစားဖို့တောင် အခက်ပေါ့''

''ဒါကြောင့် ပြောတာပေါ့ကွ။ ဂဏန်းဆယ်လုံးလောက်ခြစ်ပြီး ဟောနေတာတွေ များနေပါတယ်လို့''

++++++++++++

လက္ခဏာဆိုတာ
မွေးကတည်းက
လက်ဝါးပြင်ပေါ် ပါလာတတ်တဲ့
အရေးအကြောင်းတွေဆိုတာ
မှန်တယ်။ ဒါပေမယ့်
အဲဒီအရေးအကြောင်းတွေကို
ချက်ချင်းကြည့်ပြီး
ဟောလို့ရတာမဟုတ်ဘူးကွ။
အကြောင်းကြီးလေးကြောင်း
လောက်ကိုကြည့်ပြီး
ဟောလို့ကတော့
သွက်သွက်ကိုခါရောပဲမှတ်။

''ဒါဖြင့် ကိုကြီးသော်ရယ် ... လက္ခဏာကိုတော့ကော''

''ပိုဆိုးသေးတာပေါ့ကွ ...။ လက္ခဏာဆိုတာ မွေးကတည်းက လက်ဝါးပြင်ပေါ်ပါလာတတ်တဲ့ အရေးအကြောင်းတွေဆိုတာ မှန်တယ်။ ဒါပေမယ့် အဲဒီ အရေးအကြောင်းတွေကို ချက်ချင်းကြည့်ပြီး ဟောလို့ရတာမဟုတ်ဘူးကွ။ အကြောင်းကြီး လေးကြောင်းလောက်ကိုကြည့်ပြီး ဟောလို့ကတော့ သွက်သွက်ကိုခါရောပဲမှတ်။ မင်းရဲ့လက်ဝါးပြင်တစ်ခုတည်း ကောင်းနေရုံနဲ့ ကောင်းတယ်လို့ ဟောလို့ရတာ မဟုတ်ဘူး။ မင်းကို ထောက်ကူနေတဲ့ အထောက်အကူတွေနဲ့ ကင်းလွတ်ပြီး ဟောလို့ရတာ မဟုတ်ဘူးကွ။ ကဲ ...ငါမေးမယ်။ မင်းဟာမင်းလူဖြစ်လာတာလား၊ မင်းရဲ့ မိဘကြောင့် လူဖြစ်လာတာလား။ မင်းရဲ့ လက္ခဏာကိုကြည့်ရင် အထောက်အကူဖြစ်တဲ့ မင်းမိဘရဲ့ လက္ခဏာကိုပါ ကြည့်ရလိမ့်မယ်။ အထောက်အပင့်ဖြစ်စေတဲ့ သားသမီးတွေရဲ့ လက္ခဏာနဲ့ပါ ယှဉ်ရဦးမယ်။ အကြမ်းဖျင်းဟောရင်တော့ ဒါတွေ မလိုဘူးပေါ့ကွာ။ ဘာခါးပတ်၊ ညာခါးပတ်၊ ဘာကြက်ခြေ၊ ညာကြက်ခြေဆိုတာနဲ့ပဲ အဟောထုတ်ရမှာ။ ထားဦး၊ လက္ခဏာကြည့်ရုံနဲ့ လုံလောက်သလားတဲ့။ မြေခတောဆိုတာ ရှိပြန်ရော။ မြတ်စွာဘုရားရဲ့ ခြေတော်ရာမှာ စက်လက္ခဏာတွေ ပါတယ်ဆိုတာ အကြောင်းမဲ့မှ မဟုတ်ပဲကွ။ စဉ်းစားကြည့်ပေါ့။ မင်း ခြေဖဝါးကို မင်းပြန်ကြည့်။ အရေးအကြောင်းတွေ မပါဘူးလား။ လက်က အရေးအကြောင်းကို ကြည့်ဟောရင် ခြေထောက်က အရေးအကြောင်းကို ဖယ်ထားလို့ ဖြစ်ပါ့မလား။ ခုမင်းတို့ လက္ခဏာကြည့်တဲ့အခါ လက်ဝါးပြင်ကိုပဲကြည့်ပြီး ဟောတာ မဟုတ်လား''

''ဟုတ်ပါတယ်''

''လက်ဝါးအနေအထားနဲ့ လက်ဝါးပေါ်က အရေးအကြောင်းတွေကို ကြည့်ပြီး ဟောတာနော်''

''ဟုတ်ပါတယ်''

''လက်ခုံပေါ်ကဗွေတွေ၊ အရေးအကြောင်းတွေကကော လက်ဝါးနဲ့ လက်ခုံဆိုတာ တစ်သားတည်း၊ တစ်ပြင်တည်းကွ။ ကဲ ...ဒါထားဦး။ အောင်မြင်ခြင်းလမ်းကြောင်း မိုးထိုးပြီး ထီးရိုးအညွန့်ကြီး ကောင်းကင်ကိုတက်နေပါစေ။ အကြောင်းတရား၊ အကျိုးတရားက ရှိသေးတယ်။ လက်ဝါးပြင်ကြီးကောင်းပြီး ထီးထမ်းလမ်းလျှောက်နေတဲ့ လူတွေ အနန္တကမ။ မဂ္ဂဇင်းတို့ ဘာတို့မှာ အဟောပြတဲ့ လက်ဝါးပြင်ကြီး တွေတွေ့မှာပေါ့။ ဒါက အောင်မြင်သူတွေရဲ့ လက်ဝါးကိုကြည့်ပြီး ဘယ်လို ဘယ်ညာနဲ့ ဟောကြားတာကိုး။ သူတို့လိုပဲ အောင်မြင်ခြင်း လမ်းကြောင်းတွေပါတဲ့ လမ်းပေါ်ကလူတွေရဲ့ လက္ခဏာကို ဘယ်သူက ကြည့်ဟောဖူးလို့လဲ။ ပလက်ဖောင်းပေါ်မှာ အိပ်နေရတဲ့ လက်ဝါးပြင်တွေကို ကြည့်ကြည့်စမ်းပါလား။ ဘယ်လို အဟောထုတ်ကြမလဲ။ အဲဒီတော့ ဒါတွေနောက်ကို ပိုက်ဆံကုန်ခံပြီး လိုက်မနေနဲ့။ ကိုယ့်ဟာကိုယ်ကြိုးစား။ ကိုယ်ကြိုးစားသလောက် ထိုက်သင့်တဲ့ အကျိုးကို ခံစားရမယ်''

''အေး ... ဖြစ်ချိန်တန်ရင် ဖြစ်လိမ့်မယ်။ ပျက်ချိန်တန်ရင် ပျက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဟိုမေး ဒီမေး လုပ်နေတာဟာ ကိုယ့်ကိုယ်ကို မယုံလို့ဘဲ။ ကိုယ့်ကိုယ်ကိုယုံကြည်ရင် ဘယ်သူ့မေးနေရဦး မလဲ။ ကိုယ်လုပ်တာ ကိုယ်အသိဆုံး။ ကိုယ့်အကြောင်း ကိုယ်အသိဆုံး''

''ကိုကြီးသော်က ရုပ်ဝါဒသမား ပဲကိုး''

''ငါက ရုပ်ဝါးသမား မဟုတ်ဘူး ကွ။ ယထာဘူတသမား။ အရှိကို အရှိအတိုင်းပဲ မြင်တယ်။ ပစ္စုပ္ပန်သမားပဲ။ နောက်ဖြစ်မှာ လာမပြောနဲ့။ ကောင်းရင် ကောင်းသလိုပဲ၊ မကောင်းရင် မကောင်းသလိုပဲ''

''ကျွန်တော့်ဆရာက ရိုးရိုး လက္ခဏာဗေဒင်မဟုတ်ဘူး။ သမထ ပါတာ''

''ဟား . . . ဟား . . . ဟား . . . ဟား . . . အဲဒါဆို နှစ်ဆယ်ရာစုနှစ် အင်တာနေရှင်နယ်(လ်) လိမ်နည်းပဲ ကွ။ အိန္ဒိယက ရသေ့ကြီး မဟာရီရှိတို့၊ ဆိုင်းဘာဘာတို့၊ တိဘက်က ယောဂဆန်ရမ်းပ၊ အမေရိကန်က ဂျိမ်းဒစ်ကဆင်၊ ဆိုင်ဘယ်(ယ်)ပီ(က)၊ နယ်သာလင်က ဗီဘာမားကို့(စ်) ဘူလ်ဂေးရီးယားက ဗင်လာဒီမီစာရိုဘာ၊ အင်္ဂလန်က အာသာဖို့ဒ် ဂျိမ်း(စ်) ပစ်(က) စသူတွေဟာ နှစ်ဆယ်ရာစု သမထပညာရှင်တွေပေါ့ကွာ။ တန်တော့ မင်းဆရာလည်း အဲဒီစာရင်းထဲ ပါလိမ့်မယ်ထင်တယ်''

''ကျွန်တော့်ဆရာနဲ့ ကိုကြီး ဘသော်ကို တွေ့ပေးချင်တာ''

''တွေ့ရင် ကျွတ်သွားမှာပေါ့ကွ။ ဟဲ . . . ဟဲ . . . ဒီက တူတော်မောင်တို့တောင် အတော်စိတ်ဝင်စားနေပြီ ထင်တယ်။ ဦးက ဦးအယူအဆ ပြောတာနော်။ အဟုတ်ကြီးလည်း မထင်နဲ့။ လောကကြီးမှာ ကိုယ်ကြိုက်တာ ကိုယ်လုပ်ရတာ စိတ်အေးချမ်းသာဆုံး ပဲ တူမောင်ရဲ့''

''ဟုတ်ကဲ့ . . . အန်ကယ်။ ကျွန်တော်တို့လည်း ဗဟုသုတ ရပါတယ်''

''ဦးနဲ့သူနဲ့ တွေ့ရင်တော့ ငြင်းကြခုံကြပဲကွ။ ခရီးသွားရင် အပျင်းပြေတာပေါ့ကွာ''

''အန်ကယ်လည်း လက္ခဏာတွေ ဘာတွေ တော်တော်တတ်မှာပဲနော်''

ဟု အေးက ဝင်ထောက်လိုက်၏။

''ဟိုး . . . ဟိုး . . . အန်ကယ် ဘာမှ မတတ်ဘူး။ အခုပြောတာက အန်ကယ်အတွေးအခေါ်ကို ပြောတာပါ တူမကြီးရဲ့''

စကားကောင်းနေစဉ် ဟိုပင်ဘူတာသို့အဝင် တံတားကြီးကို ကျော်ဖြတ်လိုက်သည့်ကြောင့် စကားပြတ်သွားရသည်။

ဟိုပင်ဘူတာတွင် အဘနောင်တို့ အိမ်သားများ စောင့်နေကြမည် ဖြစ်သောကြောင့်။

ခြင်းကြီး၊ ခြင်းငယ်နှင့် လက်ဆောင်ပစ္စည်းများမှာ မနည်း။ ထောင်မျှုးကြီး ကတော်နှင့် သူတို့အတွက်ပါ ပါးလိုက်မည့် လက်ဆောင်ပစ္စည်းများ သာမက မနက်စာ ထမင်းများကိုပါ အဆင်သင့် ထုပ်ယူလိုက်ကြသည်။

အားနာရပြီကော။ မြစ်ကြီးနားက ဝယ်လာသည့် အဘနောင်ကို ကန်တော့ဖို့ လုံချည်လက်ဆောင်ကို ပြန်ကမ်းလိုက်ရသည်။ ရထားကြီး၏ ဥဩသံနှင့် အတူ အပြန်အလှန် ဝှေ့ယမ်းနေသော လက် ကလေးများမှာ တော်တော်နှင့် ရပ်တန့်မသွားပေ။

ဆည်းဆာရိပ် ဖြာဆင်းနေသော သဲလမ်းပေါ် လျှောက်ခဲ့ရသည်ကို ပြန်လည်လွမ်းတရမိ၏။ ပြာပြာနွဲ့ရီ လုဒေဝီတို့အဖွဲ့ အဘယ်ဘုရားပွဲသို့ ခရီးဆက်ကြပါလိမ့်ဆိုသည့် အတွေးစဉ်မှာ လည်း ကိုသန့်ဇင်ခေါင်းထဲသို့ တိုးဝင်လာသည်။

လက္ခဏာကြည့်ရင် ခြေက္ခဏာပါ ကြည့်ရမည်ဆိုသော နာမည်မသိလိုက်ရသည့် ဦးလေးကြီးနှစ်ယောက်မှာ ခင်မင်ရင်းနှီးသည့် အပြုံးကို ဖော်ညွှန်းလျက် မိုးညှင်းဘူတာတွင် ဆင်းသွားကြသည်၊ မိုးညှင်းဘူတာမှအထွက်တွင် ရထားကြီးမှာ မြစ်ကြီးနားမှ ထွက်လာစလောက် အရှိန်မမြန်တော့ပေ။ ကျောက်ခဲ၊ ကျောက်တုံးများ တနင့်တပိုးပါသောကြောင့်ဟု ထင်ရ၏။ ကျောက်စိမ်းနယ်မြေကို ဖြတ်သန်းခဲ့ပြီကိုး။

ဆည်းဆာရိပ်ကျနေသော မဲဇာမှာ ညို့မှိုင်းနေသည်။

မိုးမြင့်သီခေါင် မဲဇာချောင်က တစ်တောင်လုံးမှိုင်း ဆိုသည့်အတိုင်း မှိုင်းမှိုင်းညို့ညို့ မဲဇာတောင်ကို ဖြတ်သန်းခဲ့ရ၏။

ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမြော်ချင်၍၊ သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်ဟု လက်ဝဲသုန္ဒရအမတ်ကြီး မျှော်ရည်တမ်းတခဲ့သည့် ရွှေဘိုမှာမူ အသွားတုန်းကလည်း အမှောင်ထဲမှာ။ အပြန်ကျတော့လည်း အမှောင်ထဲမှာမို့ ကုန်းမော့မော့၌ ဘိုးတော်ကောင်းမှု တည်ထားပြုသည့် စေတီကြီးကိုမူ



www.burmeseclassic.com

www.burmeseclassic.com

လှမ်း၍မဖူးမြော်ခဲ့ရပေ။ ထားဘိတော့။

ရတနာသိမ်ရွှေဘိုမှာ မန္တလေးနှင့်မဝေးသဖြင့် အခွင့်အလှည့်ကြုံလျှင် တစ်ခါတစ်ခေါက်တော့ ရောက်အောင်လာမည်ဟု တေးထားလိုက်ရသည်။ စစ်ကိုင်းကိုဖြတ်၍ မန္တလေးသို့ ဝင်သည့်အချိန်မှာ နေခြည်ဖြာဝေစအချိန်ပါတည်း။

××× ××× ×××

(၆)

ထောင်အုတ်ရိုးကြီးက သူတို့ကို ဆီးကြိုနေသည်။

ဆယ်ရက်နီးပါး အုတ်ရိုးကြီးနှင့် ကင်းလွတ်ပြီး စိတ်လွတ်ကိုယ်လွတ်နေခဲ့ရသည်မှာ အုတ်ရိုးကြီးကို ပြန်တွေ့လိုက်ရသောအခါ စိတ်ထဲမှာ တစ်မျိုးကြီး။ ရင်ထဲမှာ လှုပ်ခတ်သွားရသည်။ နက်ဖြန်မနက်မှာ အုတ်ရိုးကြီးထဲကို ပြန်ဝင်ရတော့မည်။ တံခါးအထပ်ထပ်ကို ဖွင့်လိုက်၊ ပိတ်လိုက်လုပ်နေသော ထောင်ထဲကို ပြန်ဝင်ရတော့မည်ကို စိုးရွံ့မိသလို ရှိနေသည်။ ကိုယ်ရွေးခဲ့သည့် အလုပ်မို့ တဒင်္ဂပဟာန် ဖြစ်ပေါ်လာသော စိုးရွံ့စိတ်ကို တစ်ခဏချင်း ဖြေဖျောက်လိုက်ရသည်။

လူ့သဘော သဘာဝအရ ဖြစ်တတ်သည့် သဘောမျှသာ။

ထောင်ထဲပြန်ဝင်ပြီး ကိုယ့်လူတွေနှင့် ကိုယ်ပြန်တွေ့လိုက်ရတော့လည်း ပျော်လာသည်။ ဆီဆမ်းထားသည့် လုံးတီးချိုး၏ အရသာ၊ ကြက်သွန်ဥကြီး အကွင်းလိုက်လှီးပြီး ဆီဆမ်းထားသည့် ပဲကတ္တီပါပြုတ် အရသာတို့မှာ လျှာပေါ်တွင်ပြန်ထင်လာသည်။

ထောင်မှူးလေး တစ်ယောက်က လိပ်စာတစ်ခု ပေးလာ၏။

စိန်မျက်ခုံးတင်တင်တို့ အာမခံရသွားကြပြီ။ သူတို့ မန္တလေးတွင် တည်းခိုမည့်လိပ်စာကို ပေးသွားခြင်းဖြစ်၏။

အချုပ်ဆောင်ကိုင်ပြီး နှစ်ရက်မြောက်နေ့တွင် ကျားကြီးကျော်ညွန့်တို့လူစု ထောင်ထဲရောက်လာသည်။ ကျားကြီးကျော်ညွန့်မှာ နာမည်ကြီးစပြုနေသည့် လူဆိုးခေါင်းဆောင်။ လူပုံက အေးနွဲ့သလောက် စိတ်ကြမ်းသည်။ မာသည်။ ဒုစရိုက်လုပ်ငန်းကို ခုံမင်သည်။ သူ့ကိုယ်သူလည်း အလွန်အထင်ကြီးသည်။

"ကျားကြီးတို့ နောက်တစ်ခါများ ထောင်ထဲရောက်တယ်လို့ ဘယ်တော့မှ မကြားမရှိစေရဘူး"ဟု ကြုံးဝါးပြီး အပြောကြီးခဲ့သူလည်း ဖြစ်ပေသည်။

ပထမ ကိုသန့်ဇင်ကိုပင် မထိတထိ လုပ်ကြည့်သေးသည်။ ခံတန်တန် အမူအရာ ပြခဲ့သေးသည်။

ကိုသန့်ဇင်က ကျားကြီးကိုခေါ်ပြီး သူ့စားပွဲရှေ့မှာ ပုံစံထိုင်ခိုင်းထားပြီး ပြုံးပြုံးကြီး စိုက်ကြည့်နေခဲ့သည်။ စကား တစ်လုံးမှမပြော။ သူလုပ်စရာရှိသည့် အလုပ်များကို လုပ်နေသည်မှာ တစ်နာရီနီးပါး ရှိပြီ။ ပြီးတော့မှ အလုပ်ကို ခဏရပ်ပြီး ကျားကြီးနှင့် စကားပြောခဲ့သည်။

"ကျားကြီး"

"ခင်ဗျာ"

"လောကမှာ အခက်ဆုံးအလုပ်နဲ့ အလွယ်ဆုံးအလုပ်က ဘာလဲဆို တာ သိလား"

ကိုသန့်ဇင်၏ လေသံမှာ ပျော့ပျော့ နွဲ့နွဲ့။

"ကျွန်တော် မသိဘူး"

ကျားကြီး၏လေသံမှာ မာဆတ်ဆတ်။

"မင်းမှတ်ချင်မှတ် မမှတ်ချင်နေ ငါပြောမယ်။ မင်းကို တုတ်နဲ့ပြော လွယ်လွယ်လေး။ ဒါပေမယ့် ငါ တုတ်ထက် ပါးစပ်ဝါသနာပါတယ် ဒါကြောင့် မင်းကို ပါးစပ်နဲ့ ပထမပြော မယ်။ လောကမှာ လူကောင်းတ

++++++++++++++++++++++++

ကိုသန့်ဇင်က အာပေါက်လှမတတ် နားချခဲ့သော်လည်း အရာမထင်ခဲ့ပေ။ ထိုနေ့က ရုံးအချုပ်မှ ထွက်ပြေးသွားသဖြင့် ကိုသန့်ဇင်မှာ တာဝန်မရှိသော်လည်း ကျားကြီးတစ်ယောက် ဘယ်လိုအဖြစ်ဆိုးနှင့် တိုးတော့မည်ကို သိနေသည့်အလျောက် အနိဌာရုံ သတင်းကြားရမည့်နေ့ကို စောင့်မျှော်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ဖြစ်ဖို့ထက် လူတော်တစ်ယောက်ဖြစ်ဖို့၊ လူလိမ္မာတစ်ယောက်ဖြစ်ဖို့က အခက်ဆုံးပဲကွ။ လူရှော်တစ်ယောက်ဖြစ်ဖို့၊ လူမိုက်တစ်ယောက်ဖြစ်ဖို့၊ လူဆိုးတစ်ယောက်ဖြစ်ဖို့က အလွယ်ဆုံးပဲကွ။ လူချစ်လူခင်များဖို့ လုပ်ရတာခက်ပေမယ့် လူသောက်မြင်ကတ်အောင် လုပ်ဖို့က သိပ်လွယ်တယ်ကွ''

ကျားကြီးက ခေါင်းခါပြန်သည်။

''မင်းပါးစပ်က ကိုယ့်ဟာကိုယ် မဖွင့်တတ်ဘူးလား။ သူများဖွင့်ပေးမှ ပွင့်တတ်သလား''

''မဟုတ်ပါဘူးဆရာ။ ကျွန်တော် အမှတ်တမဲ့ ဖြစ်သွားလို့ပါ''

''ငါကတော့ တစ်မျိုးကွ။ တုတ်ပြပြီး မခြောက်တတ်ဘူး။ လူကို လူလိုသဘောထားပြီး ဆက်ဆံလို့မှ မတုံ့ပြန်တတ်ရင်တော့ အရိုးကွဲအောင် ရိုက်တတ်တယ်''

''ကျွန်တော် ဆရာ့ကို လေးစားပါတယ်''

''ငါ့ကိုလေးစားတာထက် ထောင်စည်းကမ်းကို လေးစားပါ။ မင်းတို့အပြင်မှာ ဘယ်လောက်မိုက်မိုက် ထောင်ထဲရောက်ရင် လိမ္မာ''

''ဟုတ်ကဲ့ ... ကျွန်တော်''

''အေး ... သွားတော့''

ကျားကြီးကျော်ညွန့်နှင့် တွေ့စက သည်သို့ကြုံလိုက်ရသည်။ အပြင်မှာ နာမည်ကြီးသော လူဆိုးကြီးများ ထောင်ထဲရောက်လာလျှင် သူတို့ အထာကိုပြချင်ကြသည်။ မြွေဟောက် မှန်းသိအောင် ပါးပျဉ်းထောင်ချင်ကြသည်။

ကိုယ်ကလည်း ကိုယ့်အထာကို ပြမှ။ နို့မဟုတ်ရင် သူတို့က ကြောသွားမည်။ အကြောတစ်ချက်ခံရင် စည်းကမ်းကို ထိန်းဖို့မလွယ်။

သူတို့က အမောက်ထောင်ပြရင် ကိုယ်က အစွယ်ထုတ်ပြမှ။

တစ်ခုတော့ ရှိသည်။ ကိုသန့်ဇင်က တုတ်ချက်ကို အရင်ပြလေ့ မရှိ။ ပြဖို့လိုပြီဆိုရင် လက်မနှေးတတ်သလို ရိုက်ချက်ပြင်းသည်။ ခံရပြီဆိုရင် မသက်သာ။ နောက်ပိုင်းကျတော့ ကျားကြီးတစ်ယောက် ကိုသန့်ဇင်ကို တလေးတစား ဆက်ဆံခဲ့ရုံမက သူတို့နှစ်ယောက် တရင်းတနှီး ရှိခဲ့ကြသည်။ သူတို့အကြောင်းများပြောပြရင်း စကားထဲက ဇာတိပြလာသည်။ ဒုစရိုက်လောကကို ခံမင်လွန်းသည့် စရိုက်လက္ခဏာများကို သူ၏ နှုတ်ထွက်စကားများအရ သိခွင့်ရခဲ့သည်။ တူးတူးခါးခါး ထူးထူးခြားခြား မိုက်သွေးကြွယ်၍ အပြည့်အဝထင်နေသော ကျားကြီး၏ ဘဝဇာတ်သိမ်း မလှမပဖြစ်မည်ကို စိုးရိမ်မိသည့်အတိုင်း ဇာတ်သိမ်းကောင်းဖို့ လမ်းကြောင်းပြောင်းပေးရန် ကြိုးစားခဲ့၏။

သူလေ့လာမှတ်သားဖူးသမျှ ကမ္ဘာကျော်လူဆိုးကြီးများ ဖြစ်ကြသည့် ဒီလင်ဂျာ၊ အယ်(လ်)ကပုန်း၊ တောပုန်းကြီး ဂျီအာကွင်းမူရိတ၊ ဒီလင်ဂျာ နေရာကို ဆက်ခံခဲ့သည့် လူဆိုးကြီး နယ်(လ်)ဆင်တို့၏ ဘဝထုပ္ပတ်နှင့် မလှမပသော ဇာတ်သိမ်းခန်းများကို ပြောပြ၍ နားသွင်းခဲ့၏။ ထိုသို့ပြောပြသည့်အခါ မျက်လုံးကလေး ပေကလပ် ပေကလပ်လုပ်ပြီး နားထောင်တတ်သော ကျားကြီးကျော်ညွန့်မှ ခေါင်းလည်း မညိတ်တတ်။ ခေါင်းလည်းမခါတတ်။ အေးအေးသက်သာပင် နားထောင်နေတတ်သည်။ စိတ်ဝင်စားပုံတော့ မရ။ ဒါပေသိ ထောင်စည်းကမ်းကို ချိုးဖောက်မည့် ဟာန်ပန်အမူအရာမျိုး မလုပ်တော့ဘဲ သေသေဝပ်ဝပ် နေထိုင်လာသည်။

ကျားကြီးနှင့်အတူ အဖမ်းခံရသည့် သူ့မိန်းမမှာ မိန်းမအချုပ်ထောင်တွင်းရှိနေသည်။ ကျားကြီး၏မိန်းမ မမြခင်မှာ ပေါ့ပေါ့ပါးပါး မဟုတ်။ ကိုယ်လေးလက်ဝန်ကြီးနှင့်။ နေ့မွေးမလား၊ ညမွေးမလား အနေအထား။ ကိုသန့်ဇင်မှာ မိန်းမအချုပ်ဆောင်ကိုပါ ပူးတွဲကိုင်ရသဖြင့် မိန်းမဆောင်မှ ပြန်လာတိုင်း သူ့မိန်းမအခြေအနေကို မေးပြီး သူ့မိန်းမကို ကူညီစောင့်ရှောက်ပေးဖို့ တိုးလျှိုးတောင်းပန်တတ်သည်။

ဆိုးတော့ မဆိုး။ သားမယားသံယောဇဉ်လေးတော့ ရှိသား။

သားမယားသံယောဇဉ်နှင့် တွယ်တာမှုကို အကြောင်းပြု၍ ကိုသန့်ဇင်က ကျားကြီး စိတ်ထားပြောင်းအောင် ထပ်၍ကြိုးစားခဲ့၏။ ထောင်ထဲမှာ မွေးဖွားလာမည့် သားဖြစ်စေ၊ သမီးဖြစ်စေ၊ မွေးကတည်းက ထောင်ထဲမှာ နေရမည့် ကလေးငယ်၏ ဘဝဒုက္ခများကို ပြောပြသည့်အခါ ကျားကြီး၏မျက်နှာပေါ်မှာ သိသိသာသာ ညှိုးရိပ်ထင်သွားပြီး မျက်ရည်များပင် ရစ်ဝဲလာတတ်သည်။

သို့သော် သူ၏နှုတ်ဖျားမှ တုံ့ပြန်စကား ပွင့်မလာခဲ့ပေ။

ကျားကြီးတို့လို လူဆိုးကျော်များ ထောင်ထဲရောက်လာသည့်အခါ သူတို့၏ အရိပ်အခြည်ကို အခါမလပ် ကြည့်ရှုအကဲခတ်ဖို့မှာ အချုပ်ဆောင်ကိုင်ရ



www.burmeseclassic.com

www.burmeseclassic.com

သော ထောင်မှူးများအနေဖြင့် သဟိလွှတ်၍ မရပေ။ သူတို့က အချိန်မရွေး ဒုက္ခပေးနိုင်သူများ ဖြစ်၏။ သူတို့ကို တစေ့တစောင်း အကဲခတ် ကြည့်ရှုနေရသည်။ ကျားကြီးက တစ်ယောက်တည်း သီးသန့်နေတတ်သည်။ အချိန်နှင့်အမျှ တုတ်ကလေးတစ်ချောင်းနှင့်ဖြစ်စေ၊ သစ်ကိုင်းခြောက်တစ်ခုနှင့်ဖြစ်စေ မြေကြီးပေါ် လျှောက်ခြစ်နေတတ်၏။ တစ်စုံတစ်ခုကို လေးလေးနက်နက် တွေးတောနေသည့် အရိပ်အဆင်မှာ သူ၏မျက်နှာပေါ်မှာ ကဲကဲဝင့်ဝင့် ပေါ်လွင်လျက် ရှိချေ၏။ ကျားကြီး စိတ်ပြောင်းလဲသွားပြီလား၊ သို့တည်းမဟုတ် တစ်စုံတစ်ခုသော မကောင်းမှုကို ထပ်၍ကျူးလွန်ဖို့ ကြံစည်နေသည်လား ဆိုသည်ကိုမူ အကမ်းဖမ်းရမလွယ်ကူပေ။

ဒုစရိုက်လောကသမားများမှာ စရိုက်ခလေ့ အမျိုးမျိုးရှိကြသည်။ အပြင်မှာ လွန်လွန်ကဲကဲဆိုးပြီး လွန်လွန်ကဲကဲမိုက်သလောက် ထောင်ထဲရောက်သည့်အခါတွင် မခုတ်ဟတ်သည့်ကြောင်လို သေသေဝပ်ဝပ်ကလေး နေတတ်သူ ရှိသလို၊ အချို့ကျတော့ သူတို့အပြစ်ကို သူတို့ ရဲရဲဝံ့ဝံ့ဝန်ခံပြီး အပြင်ရောက်သည်နှင့် သူတို့လောကမှာ ပြန်လည်မွေ့လျော်ကြသည်။ တချို့ကတော့ မိုက်ပြစ်ကိုမြင်ပြီး ပြင်ကြသည်။ ထိုသူမျိုးကတော့ အတော်ကိုနည်းသည့် အရေအတွက်ဟု ဆိုရပေမည်။ တချို့ကျတော့ အချုပ်ထဲ၊ ထောင်ထဲရောက်ကတည်းက ဘယ်လိုပြေးရပါ့မလဲဟု ဆင်ကြံကြံပြီး အတွေးစဉ် ဝင်နေတတ်သည်။

ကျားကြီးကျော်ညွန့်ကိုတော့ နောက်ဆုံးအမျိုးအစားထဲ ထည့်ရမည်။ အကြောင်းမှာ ရုံးထုတ်ထွက်သွားသောနေ့က လက်ထိတ်ကြီးတန်းလန်းနှင့် ထွက်ပြေးခဲ့သောကြောင့်ပါတည်း။

ကိုသန့်ဇင်က အာပေါက်လုမတတ် နားချခဲ့သော်လည်း အရာမထင်ခဲ့ပေ။ ထိုနေ့က ရုံးအချုပ်မှ ထွက်ပြေးသွားသဖြင့် ကိုသန့်ဇင်မှာ တာဝန်မရှိသော်လည်း ကျားကြီးတစ်ယောက် ဘယ်လိုအဖြစ်ဆိုးနှင့် တိုးတော့မည်ကို သိနေသည့်အလျောက် အနိဋ္ဌာရုံ သတင်းကြားရမည့်နေ့ကို စောင့်မျှော်နေမိ၏။

တစ်နေ့မနက် မိန်းမအချုပ်ဆောင် ထောင်ကြပ်ဒေါ်တုတ် ပျာယီပျာယာနှင့် သတင်းပို့ရောက်လာသည်။

"ဆရာကြီး ...မမြခင်တော့ ဗိုက်နာနေပြီ။ ကောင်မ မွေးလိမ့်မယ် ထင်တယ်။ ဆရာဝန်ကြီးကို အကြောင်းကြားပေးပါဦး"

"စိုးရိမ်ရတဲ့ အခြေအနေများ ရှိသလား ဒေါ်တုတ်"

"အဲဒီလောက်အထိတော့ မဟုတ်ပါဘူး ဆရာကြီး။ ဟိုမှာလည်း ဒေါ်ပုတို့ ရှိပါတယ်။ လိုရမည်ရပါ"

"ဆရာဝန်ကို ချက်ချင်းအကြောင်းကြားနိုင်းလိုက်မယ်။ ထောင်မှူးကြီးကို သတင်းပို့ပြီး ကျွန်တော်လည်း လိုက်ခဲ့မယ်။ ဒေါ်တုတ် သွားနှင့်ပေတော့"

ဆရာဝန်ကြီးဆီကို ထောင်ကြပ်တစ်ယောက်လွှတ်ပြီး သူကိုယ်တိုင် ထောင်မှူးကြီးထံ သတင်းပို့ခဲ့၏။ ကိုယ်ဝန်ဆောင် မိန်းမအချုပ် မိန်းမထောင်ကျများ ထောင်ထဲရောက်လာသောအခါ တာဝန်ရှိသူများ အပိုင်းကအထူးပင် ဂရုတစိုက်ရှိကြ၏။ ပစ်စလက်ခတ် မထားကြ။ လျစ်လျူမရှုကြပေ။ သန္ဓေသား မမွေးဖွားမီလည်း ဂရုစိုက်ကြ၏။ မွေးဖွားပြီးလည်း ဂရုစိုက်ကြ၏။ သူတို့ပြစ်မှု ကျူးလွန်လာသည်မှာ တစ်ပိုင်း။ ကိုယ်ဝန်ဆောင် မိန်းမသားကို ကိုယ်ဝန်ဆောင်လို သဘောမူရသည်မှာ တစ်ပိုင်း။ မွေးဖွားလာသော ကလေးကိုလည်း အထူးပင် ဂရုစိုက်ကြပေသည်။ ထောင်မှူးကြီးလည်း ချက်ချင်းပင် လိုက်လာသည်။ မိန်းမဆောင်သို့ ရောက်သွားသောအခါ ထောင်ဆရာဝန်ကြီး ရောက်နေပြီကို တွေ့လိုက်ရသည်။ မိန်းမဆောင်ကို ဝင်ကတည်းက ပြုံးပြုံးရွှင်ရွှင် စကားပြောနေသော ထောင်ဆရာဝန်ကြီးကို တွေ့လိုက်ရသမို့ အခြေအနေကောင်းသည်ဟု ခန့်မှန်းလိုက်ရ၏။

မြခင်မှာ ကလေးမွေးပြီးခဲ့ပေပြီ။

ဆရာဝန်ကြီးပင် ဘာမှမလုပ်လိုက်ရ။ သူတို့အထဲက မြန်မာဝမ်းဆွဲအတတ်ကို မတောက်တစ်ခေါက်တတ်သည့် အကျဉ်းသူမကြီး ဒေါ်ပုခေါင်းဆောင်ပြီး မွေးဖွားပေးလိုက်ကြခြင်း ဖြစ်ပေသည်။

ကလေးမှာ ချစ်စရာကြီး။ တစ်လုံးတစ်ခဲကြီး။ ဖာမရှိသဖြင့် စောင်ကိုကရွတ်ခွေပြီး ကလေးကို ထည့်ထား၏။ မြခင်မှာ လူဆိုးမယားပီပီ ထူသားပေသား ဘယ်လောက်ကျနေပြီ မသိ။ မီးဖွားပြီးစ မီးနေသည်များလို အားကုန်၊ ပန်းရိ၊ နုံးချည့်၊ ခွေယိုင်မနေဘဲ ကလေးအတွက် လုပ်စရာရှိသည်များကို ထလုပ်မည် ပြင်နေသဖြင့် ဆရာဝန်ကြီးက အော်ငေါက် တားဆီးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မြခင်မှာ ထောင်ထဲရောက်နေပေသီ အားငယ်စိတ်နှင့် ညှိုးရိပ်ထင်မနေဘဲ ကလေးမွေးပြီးစ ကိုယ့်ကလေးကို မြင်လိုက်ရသည့် မိခင်များ၏ပုံစံအတိုင်း သူမ၏မျက်နှာပေါ်တွင် အပြုံးရိပ်တွေ လက်တောက်နေသည်။

မိန်းမတို့မှာ ယောကျ်ားတို့ထက် ပို၍ ခိုင်မာသည်ဟု ဆိုကြသည်မှာ ဒါကြောင့်များလားမသိ။

သူ့ကိုယ်သူ ထောင်ထဲရောက်နေသည်ဆိုသည့် အသိစိတ်ကိုဖျောက်ပြီး ကလေးအတွက် လုပ်စရာရှိသည်များကို အားမာန်အပြည့်ဆောင်ပြီး လုပ်ဖို့ပြင်နေသည်။

ထောင်မှူးကြီးက မြခင်နှင့် ကလေးအတွက် လိုအပ်သည့် ပစ္စည်းများကို ဈေးတိုက်နှင့် အဝတ်တိုက်မှ ထုတ်ယူပေးရန် ခိုင်းလိုက်ရာ ကိုသန့်ခင်က လိုအပ်သည်များကို ဒေါ်ပုမထံ မေးမြန်းပြီး ဒေါ်တုတ်ကိုခေါ်၍ မိန်းမဆောင်မှ ပျာပျာသလဲ ထွက်လာခဲ့၏။ ကိုယ့်ကိုယ်ကို ထောင်မှူးဆိုသည့် အသိစိတ်ကလေး တဒင်္ဂ ဟန်ပျောက်သွားပြီး သားတို့ဖခင်စိတ်ဝင်၍ သူ၏ရင်ထဲမှာ ကတုန်ကယင်ဖြစ်နေသည်၊ ထို့ကြောင့်လည်း သူ၏လှုပ်ရှားဟန်မှာ ပျာတိပျာလောင် ဖြစ်နေသည်။ လိုအပ်သည့် ပစ္စည်းများကို ရနိုင်သမျှ ရှာဖွေထုတ်ယူ၍ ဒေါ်တုတ်ကို ပြန်ပို့ခိုင်းလိုက်ပြီးသည်နှင့် သူ၏စားပွဲပေါ်မှာ စာရင်းစာအုပ်ကြီးကိုလှန်၍ ကျား (၁၃၂)၊ မ(၃၈) စုစုပေါင်း (၁၇၀)ဟု ရေးသွင်းထားသော အချုပ်ဆောင်မှတ်တမ်းစာရင်း၌ ကျား(၁၃၂)၊ မ(၃၈)၊ ကလေး(၁) စုစုပေါင်း (၁၇၁) ဟူ၍ ပြန်ပြင်လိုက်ရပေသည်။

ဝရမ်းပြေးဘဝနှင့် ဘယ်ဝယ် ဘယ်ဆီသို့ ပြေးလွှားပုန်းအောင်းနေမှန်းမသိသော ကျားကြီးကျော်ညွန့်တစ်ယောက် သူ၏ရင်သွေး ချစ်စရာသားငယ်ကလေး မွေးသည်ကို သိလိမ့်မည်မဟုတ်ပေ။ သိခဲ့သော် ဘယ်လိုများ ခံစားရမှာပ။ ရာဇဝတ်ပြစ်မှု မကျူးလွန်ရဘဲ မွေးကတည်းက ထောင်ထဲရောက်နေသည့် ကလေး၏ အနာဂတ်အရေး ဘယ်သို့ရှိလိမ့်မည်ကို အိမ်ပြန်သူ၏ ရင်ထဲတွင် အမေးပေါ်လာသည်။ အတွေးစဦမှာ သူ၏ ပြုံးမျက်နှာထားကို ရင့်မာအိုရော်သွားစေခဲ့၏။

လှေကားအထက်ထိပ်မှ မောင်၏ ကပ်ဦးထုပ်ကို လှမ်းလင့်ယူလာသည့် ဇနီးသည်အေးမှာ ရင်ထဲတွင် ထင့်ခနဲ ဖြစ်သွားရသည်။

"မောင် ... နေမကောင်းဘူးလား။ ဘာများဖြစ်လို့လဲ မောင်"

"နေကောင်းပါတယ် အေးရဲ့။ ဘာမှလည်း မဖြစ်ပါဘူး။ အပြစ်မဲ့ကလေးတစ်ယောက် ထောင်ထဲရောက်လာလို့ပါ"

"ဘာမှုနဲ့လဲ မောင်"

"အမှုနဲ့ အပြင်ကရောက်လာတာ မဟုတ်ဘူး အေးရဲ့။ မောင်ပြောတဲ့ မြခင် ဒီနေ့မွေးပြီဗျလ။ ယောကျ်ားလေး၊ တဲစ်လုံးတစ်ခဲ ချစ်စရာကြီး"

ရွှင်ပျနေသော အေးအေးဇင်၏ မျက်နှာကလေးမှာ ချက်တစ်ဖြုတ် ညှိုးရိပ်ယှက်သန်းသွား၏။ ကလေးအလွန်လိုချင်သော သူတို့လင်မယားမှာ ခုထိ ကလေးရမည့် အရိပ်အရောင် မပေါ်သေး။ သူများတွေမှာတော့ ထောင်ထဲရောက်တာတောင် မွေးတုန်း။

လိုကွက်ကို မဖြည့်ဆည်းပေးတတ်သော လောကဓံ၏ လှည့်စားမှု အကြောင်းတစ်ရပ်များလေလား။

"ကလေးအမေက နို့ကော ထွက်ကဲ့လား မောင်"

"ထွက်မှာပေါ့ အေးရယ်။ မထွက်တော့လည်း ထောင်ထဲက နွားမကြီး နို့ပေါ့"

"အနှီးတွေဘာတွေကော ရှိရဲ့လား မောင်"

"အဲဒါတွေတော့ ထုတ်ပေးခဲ့ပြီ အေးရဲ့"

"ကလေးအမေဆိုတော့ အစားအသောက်က ..."

"ဒါတော့ သီးခြားစီစဉ်ပေးရမှာပေါ့ အေးရဲ့"

ထမင်းစားပြီးကြသည်နှင့် အေးတစ်ယောက် အလုပ်များနေသည်။ ကိုသန့်ဇင်နှင့်ပင် စကားမပြောအား။ အိပ်ရာဝင်ချိန်ကျမှ စက်ခုံက ထလိုက်ရသည်။ အေး၏ လက်ထဲမှာ ကလေးဝတ် အင်္ကျီလေး နှစ်ထည်၊ အဝတ်ဦးထုပ်ကလေး တစ်လုံး။ တော်မတော်တော့ မသိ။ အမှန်းအဆနှင့် ချုပ်လိုက်ရသည်။ အေးက ချုပ်ပြီးသား အင်္ကျီလေးများကို မောင့်လက်ထဲ ထည့်လိုက်ရာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ကြည်နူးသော အပြုံးများဖြင့် အိပ်ရာဝင်ခဲ့ကြ၏။

မင်္ဂလာည။

သူတို့အတွက်လည်း ပြည့်စုံပါစေ။

(ဆက်လက်ဖော်ပြပါမည်။)

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com

# အမှုအခင်းလွှတ် ဂါထာတော်

ဒေါက်ဘုန်းမြင့်(ကချင်မြေ)

ဤလူ့ဘောင်လောကတွင် ဘဝတစ်ခုကို ရရှိထားသော လူရယ်လို့ဖြစ်လာလျှင် မည်သို့ပင် ဘဝအကျိုးပေးကောင်းလှသည်ဆိုသော်လည်း တစ်ကြိမ်မဟုတ် တစ်ကြိမ်ကြိမ်၌ ကြိုတင်မျှော်လင့်မထားသော အခက်အခဲပြဿနာ အမှုအခင်းကြီးငယ် ကြုံရတတ်သည်မှာ လောကီဓမ္မတာပင် ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် ပြဿနာကြီးငယ် ကြုံတွေ့နေရလျှင်၊ ဘေးအန္တရာယ်အတားအဆီး တစ်မျိုးမျိုးကို ဖြတ်သန်းနေရလျှင်၊ အခက်အခဲ အနှောင့်အယှက်များကို ဖြေရှင်းနေရလျှင် အောက်ပါအမှုလွှတ်ဂါထာတော်ကို ပြဿနာအမှုအခင်းများ အမှန်တကယ် လွတ်မြောက်နိုင်စေရမည်ဟူ၍ ယုံယုံကြည်ကြည် ရွတ်ဆိုပေးကြခြင်းဖြင့် ခပ်သိမ်းသော သေးငယ်သည့် ပြဿနာအမှုအခင်းများကို ကင်းပစေ၍ ကြီးသော ပြဿနာ အမှုအခင်းများကို ငယ်စေပြီး ထိုမှတစ်ဆင့် ဘေးကင်းရန်ကွာ ငကောင်းခြင်းမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံစေနိုင်ပါလိမ့်မည်။

**အမှုလွှတ်ဂါထာတော်**

**မာရံယက္ခံ ကဇံ စောရံ**
**စဥ္စမာနဥ္စ သစ္စကံ နာဂံ ဗကံ**
**ဇိနော္ဇိနိ ဟောတုမေ**
**ဇယျမင်္ဂလံ။**

အထက်ပါ အမှုလွှတ်ဂါထာတော်ကို ပြဿနာအမှုအခင်း တစ်ခုခုနှင့် ကြုံနေရသည့်အခါတိုင်း ဘုရားရှိခိုးဆုတောင်းပြီး သုံးကြိမ်ရွတ်ဆိုပေးရမည်။ အကယ်၍ အမှုအခင်း ရင်ဆိုင်နေပါက တရားရုံးမသွားမီ ငါးကြိမ် ရွတ်ဆိုသွားလျှင် အမှုအောင်နိုင်သည်။ ကြီးမားသော အခက်အခဲပြဿနာမျိုးနှင့် ရင်ဆိုင်နေရသူဖြစ်လျှင် အိမ် ဘုရားတွင် နေ့နံပန်း၊ ဥပမာ တနင်္ဂနွေသားသမီးဖြစ်က အုန်းပန်း၊ တနင်္လာသားသမီးဖြစ်က ငွေပန်း၊ အင်္ဂါဖြစ်က စိန်ခြယ်ပန်း၊ ဗုဒ္ဓဟူးဖြစ်က ရွှေပန်း၊ ကြာသပတေးဖြစ်က မေမြို့ပန်း၊ သောကြာဖြစ်က သပြေပန်း၊ စနေဖြစ်က နှင်းဆီပန်း သက်စေ့ကပ်လှူ၍ ဖယောင်းတိုင်အနီတ[illegible] တိုင် ထွန်းညှိပူဇော်ထားပြီး အမှုလွှတ်ဂါထာတော်[illegible] ကိုးကြိမ်ရွတ်ဆိုပူဇော်ခြင်းဖြင့် အမှုကင်းလွတ်နိုင်[illegible] လိမ့်မည်။

အမှုလွှတ်ဂါထာတော်ကို မည်သူမဆို ယုံ[illegible] ကြည်ကြည် ရွတ်ဆိုပူဇော်ပေးလျှင် အမှုအခင်း ပြဿ[illegible] ကြီးငယ်တို့မှ လွတ်ကင်းကျော်လွှားသွားနိုင်ကြပြီးလ[illegible] လိုရာကောင်းကျိုးများကို ရရှိကြ၍ မလိုသော ဆိုး[illegible] များ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြလို[illegible] ပါသည်။


ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့[illegible] စေ . . .။

**အောင်ဘုန်းမြင့်(ကချင်[illegible]**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အတွဲ (၆)

ယခင်လမှအဆက်

မာလီကြီးက ကျွန်ုပ် မန္တန်ရွတ်ရန်အတွက် စိတ်ရှည်လက်ရှည် ရှင်းပြပြီး ဘိုက်တွန်းနေလေ၏။

ဒါလောက်ပြောရုံနဲ့ မလုံလောက်သေးဘူး။ ဒီမန္တန်ကို ကျုပ်ရွတ်ချင်လာအောင် နောက်ထပ်ပြောပါဦး"

ကျွန်ုပ်က အထွန့်တက်စကား ဆိုလိုက်ပြန်လေ၏။ သို့သော်လည်း မာလီကြီးမှာ စိတ်ပျက်သွားခြင်း မရှိဘဲ ထပ်မံရှင်းပြပြန်လေ၏။

"လူကလေးကလည်း အတော်ပြောရ မလွယ်ပါလား။ ဘဝအစ သတ္တဘာကို ရွတ်ခိုင်းနေတယ်လို့ ထင်သလဲ။ အဲဒါ ဆုတောင်းရဲ့ ဂုဏ်တော်တွေ၊ ဘုရားဂုဏ်တော်တွေကို ရည်စူးပြီး ရွတ်ခိုင်းတာ"

"ဘယ်ကလာ ဘုရားရဲ့ဂုဏ်တော်တွေရမှာလဲ မာလီကြီးရဲ့ မဟုတ်တာတွေ ပြောနေပြန်ပြီ။ ဘုရားဂုဏ်တော်တွေကို ကျုပ်သိပါတယ်။ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နောတဲ့ အဲဒီလိုမဟုတ်လား။ မာလီကြီးရဲ့ မန္တန်ဟာ ဘုရားဂုဏ်တော်တွေလို့ဆိုခဲ့ရင် ကျုပ် အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါဆိုတာတွေပဲရွတ်တော့မယ်"

ကျွန်ုပ်၏စကားကြောင့် မာလီကြီး ညည်းညူလိုက်လေ၏။

"မခက်ပါနဲ့ မာလီကြီးရယ် အတူတူဘဲမဟုတ်လား။ ကဲ ကျုပ်စရွတ်တော့မယ်"

"လူလေး၊ အချိန်တွေကို အလကား ဖြုန်းတီးနေမယ့်အစား အလုပ်လုပ်လိုက်တာဟာ အကျိုးရှိတယ်။ လူလေးရဲ့ဆင်ခြေတွေက ဆုံးတော့မှာမဟုတ်လို့ ကျုပ် အကုန်လုံးရှင်းပြမယ်"

ကျွန်ုပ် ခေါင်းကို ယမ်းခါလိုက်ပြန်၏။

"မာလီကြီးသိသလောက် ကျုပ်

...ရှိတာ ... ဟာ ပြောရအတော်ခက်တာပဲ" လည်း သိတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို ပိတောက်ပင်အောက်မှာ မန္တန်ရွတ်ခိုင်းတယ် မဟုတ်လား။ ပိတောက်ဆိုတဲ့ ပုဒ်အရ ပိရင်တောက်တယ်။ ပိလေတောက်လေဖြစ်အောင် ပိတောက်ပင်အောက်မှာ ရွတ်ခိုင်းတာ မဟုတ်လား"

စောစောက ကျွန်ုပ်ခေါင်းယမ်းသကဲ့သို့ မာလီကြီးကလည်း ကျွန်ုပ်ကို ပြန်လည်ခေါင်းယမ်းလေ၏။

"ဘာဖြစ်လို့လဲ မာလီကြီးရဲ့ ကျုပ်ပြောတာတွေ မှားနေလို့လား"

"လူလေးပြောတာ မှန်တော့မှန်ပါတယ်။ ဒါပေမယ့် ဒီအချိန်ကစပြီး လူလေးကျုပ်ကို ဘာမှထပ်မမေးနဲ့တော့၊ ကျုပ် ရှင်းပြတာကိုပဲ နားထောင်ရမယ်"

လူလေး၊ ပညာသင်ကြားလေ့လာတဲ့အခါမှာ အဲ့ဒီလို ကိုယ်သိတာဝင်ဝင်ပြောနေရင် ဘယ်တော့မှ ပညာမရတော့ဘူး။ ပညာဆိုတာ လေ့လာလိုက်စားလို့ ဘယ်တော့မှ ဆုံးခန်းမတိုင်ရောက်ဘူး။ ကိုယ်သိထားသလောက် ပညာလေးကို ပြောနေတော့ တစ်ဖက်လူက ပညာထပ်ပေးဖို့ခက်တယ်။ ပညာဆိုတာ ယူတတ်မှရတယ်။ စည်တို့မည်သည် တီးမှမြည်ရတယ်။ မတီးဘဲ မမြည်ရဘူး။ အမေးမရောက်ဘဲ မပြောရဘူး။ ပညာရဖို့ဆိုရင် တစ်အချက်က အဲ့ဒီလူတော်ကြောင်း၊ တတ်ကြောင်းတွေ ဟုတ်တာရော၊ မဟုတ်တာရော ပြောရမယ်။ လူတိုင်းကိုယ့်ကိုယ်ကို အထင်ကြီးတတ်ကြတယ်။ ကိုယ့်ကို နှိမ့်မွမ်းတာ ကြားချင်ကြတယ်။ အဲ့ဒီနည်းအပြင် သူ့ဆီက ပညာတွေထွက်လာအောင် လုပ်တဲ့နည်းရှိသေးတယ်။ နှစ်အချက်က သူ့ဆီက ပညာတွေထွက်လာဖို့ဆိုရင် သူ့ကို မခံချင်အောင်ပြောရတယ်။

သုံးအချက်က သူ့ဆီက ပညာရအောင်ဆိုရင် သူ့အတွက် ဥစ္စာပစ္စည်းလက်ဆောင်တွေနဲ့ လာဘ်ထိုးရတယ်။ လေးအချက် သူ့ဆီကပညာလိုချင်ရင် ကိုယ့်ကိုယ်ကို နှိမ့်ချလိုက်ပြီး သူ့ကို အောက်ကျို့လိုက်ရတယ်။

အဲ့ဒီအချက်လေးချက်ဟာ ပညာရကြောင်းနည်းလမ်းတွေ အများကြီးရှိတဲ့ အနက်က အကောင်းဆုံးအချက်တွေပဲ လူလေးရ"

BURMESE CLASSIC

မာလီကြီးပြောသော စကားများအားလုံးမှာ မှတ်သားထိုက်စရာချည်းများဖြစ်ကြ၏။ ကျွန်ုပ်သည် ဆရာသခင်ထံမှရခဲ့သလောက်ပညာကို အတော်လေးဟုတ်လှပြီဟု ထင်ကာ ကြီးကြီးကျယ်ကျယ် ဝင်ပြောမိခြင်းဖြစ်၏။ ပညာဆိုတာ လေ့လာလို့မကုန်ပါလားဟုသိသွားပြီဖြစ်သောကြောင့် ကျွန်ုပ်အဖို့ နောက်ထပ် ဘာမျှမပြောတော့ဘဲ မာလီကြီးပြောသမျှကိုသာ နားထောင်နေလိုက်ရတော့၏။

"လူလေးပြောတဲ့အတိုင်းပဲ ပိတောက်ဆိုတဲ့ ပုဒ်က ပိရင်တောက်တယ်။ အတိုက်အခိုက်များလေ အောင်မြင်လေဆိုတဲ့ သဘောရှိတယ်"

ပိတောက်ပင်အောက်မှာ မန္တန်ရွတ်ခိုင်းတာ ဒီအကြောင်းပြချက်လောက်နဲ့ဆို မလုံလောက်သေးဘူး။ ပိတောက်နဲ့ မန္တန်ဆိုတဲ့ စကားလုံးတွေမှာ အက္ခရာအချင်းချင်း တူနေကြတယ်။ ပိတောက်က (ပ-တ)၊ မန္တန်က (မ-တ)နှစ်ခုစလုံးဟာကြာသပတေးနံနဲ့စပြီး စနေနံနဲ့ ဆုံးကြတယ်။ ဓါတ်တူနံတူဆိုတော့ ဆေးကိုယူတဲ့။

နံတူချင်းအဆင့်ဆင့် ထပ်လိုက်ရင် အဲ့ဒီနာမ်က အားကြီးလာတယ်။ ဒါကြောင့်မို့ ပိတောက်ပင်အောက်မှာ ဗုဒ္ဓရဲ့ဂုဏ်တော်ကို မန္တန်အဖြစ် ရွတ်ခိုင်းရတာပဲ။

ဗုဒ္ဓဆိုတာကလည်း ကြာသပတေးနံနဲ့စပြီး စနေနံနဲ့ဆုံးတဲ့ စကားလုံးတစ်ခုပဲ။ လူလေးကို တစ်ခုပြောပြမယ်။

ပွဲခေါ်အဆောင်တစ်ခုကို လုပ်တယ်ဆိုပါတော့။ ပွဲခေါ်နဲ့ ဓါတ်တူနံတူတွေဖြစ်တဲ့ မကွေးမြို့က မန်ကျည်းသားကို ဘုန်းကြီးမေးကိုင်တဲ့အရုပ်ကို ထုပြီး ဆောင်ရတယ်။

ပွဲခေါ်ဆိုတဲ့ ကြာသပတေးနံအစ တနင်္လာနံအဆုံး ပုဒ်တွေအဆင့်ဆင့် သုံးပြီး စီရင်ထားတဲ့ အစီအရင်ပဲ။ ဒါပေမယ့် ပြောင်းပြန်ဖြစ်သွားရင် ကက်ကင်းဖြစ်သွားတယ်။ ဓါတ်တူနံတူ သုံးရမယ့်နေရာမှာ ပြောင်းပြန်ကက်ကင်းဓါတ်တွေသုံးရင် အကုန်လုံးရှုပ်ကုန်ရော။ သဘာဝဂမ္ဘီရအတွေး အပျ



www.burmeseclassic.com

www.burmeseclassic.com

အဆမှန်ကန်မှ ကိုယ့်လုပ်ဆောင်တာ အောင်မြင်မှုရမယ်။

အခုလည်း ပိတောက်၊ မန္တန်၊ ဗုဒ္ဓ ဓါတ်နံ့တူတွေအားနဲ့ လူလေးမှာ ပိနေတဲ့ ပြဿနာကို တောက်တောက်ပပဖြစ်အောင် ရှင်းမယ်။ ကဲ လူလေး မန္တန်ကို ရွတ်ချင်လာပြီလား။ နေပါဦး မာလီကြီး ပြောတာတွေကို သဘောကျပါတယ်။

မန္တန်မရွတ်ခင်မှာ သိချင်တာလေး တစ်ချက် နှစ်ချက်မေးဦးမယ်။ သစ်ပင်အောက်မှာ မန္တန်ရွတ်ရင်ဘာတွေနိုင်မလဲ မာလီကြီး၊ ရက္ခလို့ခေါ်တဲ့ သစ်ပင်အောက်မှာ ရွတ်တယ်ဆိုတော့ ရက္ခစိုးတွေဘာတွေများ တွေ့ရမလား"

ကျွန်ုပ်က ကြဲကြဲဖန်ဖန်မေးလိုက်၏။

"ရက္ခစိုးကို တွေ့နိုင်တယ်လို့ပဲ ထားလိုက်ပါတော့၊ ရက္ခစိုးကို တွေ့နိုင်မတွေ့နိုင်တာထက် ရက္ခဆိုတဲ့သစ်ပင်အောက်မှာ မန္တန်ကိုရွတ်ရင် ရက္ခဆိုတဲ့ ပညတ်အတိုင်း လူ"ယုတ်"တွေ ကိုယ့်ကို "ခ" ယလာရမယ်။ လူယုတ်တွေအပေါ်မှာ ကြီးစိုးလာမယ်ဆိုတာပဲ"

မာလီကြီးကလည်း ကြဲကြဲဖန်ဖန် ပြန်ဖြေ၏။

"လူလေးကို နောက်ဆုံးရှင်းပြမယ်။ ဘဝအစ သတ္တလောဒေါဂဆိုတာ ဗုဒ္ဓရဲ့ ဂုဏ်တော်တွေပဲ။ ဗုဒ္ဓရဲ့ ဂုဏ်တော်ကိုးပါးထဲက အနှစ်ရှိတဲ့ အက္ခရာတွေကို ဆွဲထုတ်ထားတာ၊ ဝိဇ္ဇာလမ်းမှာ စောက်ရမ်းသူများနဲ့မတူအောင် လုပ်တာလို့ခေါ်တယ်"

"ဘ"ဆိုတာ ဘဂဝါဂုဏ်တော်ကို ပြောတာ၊

"ဝ" ဆိုတာ ဝိဇ္ဇာစရဏသမ္ပန္နော ကိုပြောတာ၊

"အ" ဆိုတာက အရဟံကို ပြောတာ၊

နောက်ဆုံး "ဂ"ဆိုတာက သုဂတောကိုပြောတာ။ ဒါပေမယ့် ဗုဒ္ဓရဲ့ ဂုဏ်တော်က အနန္တပဲ။ အဲ့ဒါတွေရွတ်တဲ့အခါ ဗုဒ္ဓရဲ့ အနန္တဂုဏ်ကို ရည်စူးပြီး ရွတ်ရမယ်။

ကဲ · ·လူလေး ရွတ်တော့မယ် မဟုတ်လား"

ကျွန်ုပ်ခေါင်းညိတ်လိုက်၏။

ကျွန်ုပ်သည် မေတ္တာနယ်မြေမှ လူ့လောကသို့ တိုးဝင်ဝင်ချင်း ရာဂနှင့် ယှဉ်သောမေတ္တာဖြင့် ပူလောင်ရ၏။ ယခုဘဝအစ သတ္တလောဒေါဂဟူသော ဘာမဟုတ်၊ ညာမဟုတ် မန္တန်ကို ရွတ်ရလေ၏။

နောင်တွင် ထိုမန္တန်သည် ကျွန်ုပ်၏ ဘဝတစ်လျှောက်လုံးကို ပဲ့ကိုင်ထိန်းသိမ်းလေတော့မည်ကို ကျွန်ုပ်မသိခဲ့ပေ။

ထို့ကြောင့် ဂါထာက ဘဝအစ သတ္တလော ဒေါဂဟုဆိုသော်လည်း ကျွန်ုပ်အဖို့တော့ ဘဝအစ မန္တန်ကဟု ကျွန်ုပ်ဘဝအတွက် မှတ်တမ်းတင်မိလေတော့၏။

# စာစု (၈)
# ဦးဝညာဗလ (ထို့မတွတ်)
# မနှင်မီကသွားနှင့်သူ

(၁)

ကျွန်ုပ်သည် မာလီကြီးက မန္တန်ပါဟုဆိုသော မန္တန်မဟုတ် ဘာမဟုတ်ဆိုတာကြီးကို ရက်သတ္တပါက်ကြာအောင် ရွတ်ဆိုခဲ့ရလေ၏။ ထိုရက်များအတွင်း၌ ကျွန်ုပ်သည် များစွာပင်ပန်းဆင်းရဲခဲ့ရလေ၏။

သည်းမခံနိုင်လောက်အောင် ညောင်းညာကိုက်ခဲမှုနှင့် ကြုံရ၍ မျက်ရည်ကျချင်၏။

ဆာလောင်မွတ်သိပ်မှု၏ ဆုတောင်းရိုက်နှက်မှုကြောင့် ခွေယိုင်လဲချင်နေ၏။

ခုနစ်ရက်တာကာလသည် ခုနစ်ကမ္ဘာကြာသည်ဟုပင် ထင်မှတ်မိလေ၏။

ကျွန်ုပ်သည် တောတောင်ထဲတွင် မေတ္တာကမ္မဋ္ဌာန်းကိုသာ အဓိကပွားများခဲ့ရ၏။ တစ်ခါတစ်ရံ ဆရာသခင်သင်ကြားပေးသော ဓါတ်နှင့်နိမိတ်တို့၏ အနာဂါတ်ဖတ်ကြားမှုကို လေ့ကျက်ခဲ့ရ၏။

မေတ္တာကမ္မဋ္ဌာန်း ဓါတ်ခံသည် ကျွန်ုပ်၌ စွဲမြဲနေခဲ့လေပြီ။ ကျွန်ုပ်၏ စိတ်ဓာတ်တို့မှာလည်း ပျော့ညံ့နေ၏။ အနိုင်ယူလိုသူအတွက် အရှုံးပေးဖို့ စိတ်ဓာတ်သာ ကျွန်ုပ်မှာ ကိန်းအောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com

မာလီကြီး၏ မန္တန်ကိုရွတ်ပြီးနောက်ပိုင်း၌ ယခင်ကလို ခပ်ပျော့ပျော့စိတ်ဓာတ်မျိုး မဟုတ်တော့မှန်း ကျွန်ုပ် သတိထားလိုက်မိ၏။

မာန်တွေထန်လာအောင်လို့ မန္တန်ကိုရွတ်တာဟု ကြုံကြုံစည်စည်ပြောခဲ့သော မာလီကြီး၏စကားမှာ မှန်သွားလေ၏။

နောက်ပိုင်း၌ မာလီကြီး၏ မန္တန်ကို ရွတ်ဆိုခဲ့သောကြောင့် တော်ရုံတန်ရုံ ဒုက္ခကို ခံနိုင်ရည်ရှိသွားလေ၏။

ကျွန်ုပ်၏ စိတ်တို့သည် ယခင်ကကဲ့သို့ ခပ်ပျော့ပျော့ မဟုတ်တော့ပေ။ အလုပ်တစ်ခုကို မည်မျှ ခက်ခဲပင်ပန်းစေကာမူ အောင်မြင်ပြီးဆုံးအောင် လုပ်တတ်သောအကျင့် ရရှိသွားကြောင်း နောင်တွင် သိရှိရလေ၏။

ကျွန်ုပ်သည် မိန်းကလေးတို့ထံသို့ ယောင်နနဖြင့် ရောက်လာခဲ့၏။

ယခင်က မိန်းကလေး၏ အရေးသည် ကျွန်ုပ်၏ အရေးဟု မထင်မှတ်မိခဲ့ပေ။

မာလီကြီးပြောပြခဲ့သော အကြောင်းအရာနှင့် ဒေါ်သူဇာမိုးပြောပြခဲ့သော အကြောင်းအရာများ တူကြလေသည်။

အကြောင်းအရာ တူသော်လည်း ရည်ရွယ်ချက်မှာမူ ကွဲပြားလေ၏။

စက်လှေမှာ ဆုံးရှုံးခဲ့ပြီ။ အိမ်နှင့်ခြံကို ကျော်ကျော်ဆိုသောသူထံမှာ ပေါင်နှံထားသည်။ ကျော်ကျော်က မေမြမိုးကို သိမ်းပိုက်လိုသည်။

မာလီကြီးနှင့် ဒေါ်သူဇာမိုးတို့က ဤသို့ ပြောကြားခဲ့သည်။

ဤ ပြောကြားချက်များအပေါ် ကျွန်ုပ်၏ စိတ်ထဲ၌ အလေးအနက်ထားရှိခြင်းမရှိပါချေ။ ထိုအချက်များအပေါ် ကျွန်ုပ်အနေဖြင့် မည်သို့ပြန်လည်တုံ့ပြန်ရမည်ကို တွေးတောစဉ်းစားခြင်းလည်းမရှိပါချေ။

မိန်းကလေးတို့၏ မိသားစုအရေးကို ကြားသိစက သနားစိတ်ဖြစ်ပေါ်ခဲ့မိသည်မှအပ ကျွန်ုပ်၏အရေးတစ်ခုကဲ့သို့ အလေးအနက်ထားပြီး အကြံဉာဏ်နှင့် အကူအညီပေးခြင်း၊ စွက်ဖက်ပြောဆိုခြင်း၊ ထင်မြင်ချက်ပေးခြင်းတစ်စုံတစ်ခုကိုမျှမပြုလုပ်ဘဲ ဘာသိဘာသာနေခဲ့၏။

ကျော်ကျော်ဆိုသူနှင့် မေမြမိုးလက်ထပ်လိုက်လျှင် သူတို့အရေးကိစ္စပြီးသွားပေမည်။ ထိုအခါ ကျွန်ုပ်သည်လည်း ကျွန်ုပ်၏နေရာဟောင်းဖြစ်သော ဂစ္ဆကီရိုသို့ ပြန်ရုံသာ ရှိတော့သည်ဟု သဘောပိုက်ထားခဲ့၏။

ကျော်ကျော်ဆိုသူသည် ကောက်ကျစ်ကြောင်း၊ တကယ်တော့ စက်လှေရော၊ အိမ်ခြံပါ ကောက်ကျစ်သောဉာဏ်ဖြင့် ရယူထားကြောင်း၊ မေမြမိုးကိုလည်း ဤသို့ပင် ကောက်ကျစ်စွာ သိမ်းပိုက်မည်ဖြစ်ကြောင်း မာလီကြီးပြောစကားအရ သိရပြီဖြစ်ရာ မိန်းကလေးတို့မိသားစုကို ကောက်ကျစ်သူလက်ထဲ မအပ်လိုသောစိတ်များ ကျွန်ုပ်တွင် ပေါ်လာရလေ၏။

ကျော်ကျော်ဆိုသူကို ပြန်ကောက်ကျစ်ရန်အတွက် ကျွန်ုပ် ပြန်ဆုံးဖြတ်၏။

ကောက်ကျစ်သူကို ပြန်ကောက်ကျစ်ခြင်းဖြင့် ဆုံးမမှုကို ပွဲမှာကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်လာပေမည်။ တစ်ဖက်သတ် ကောက်ကျစ်သူနှင့် ကောက်ကျစ်ခံရသူအဖြစ် ပွဲကြည့်မကောင်းပေ။

ဤသို့ ပြန်လည်မတွေးမိပါက ကျွန်ုပ်သည် ဤနေရာမှစ၍ လမ်းခွဲစကား ဆိုမိမည်မှာ သေချာလေ၏။

ခုနစ်ရက်တာ မန္တန်ရွတ်ဆိုလိုက်ခြင်းမှာ မိမိဖြစ်ချင်သည်ကိုစိတ်မလျှော့တမ်းဖြစ်အောင် လုပ်တတ်သောစိတ်ဓါတ်ကောင်းတစ်ခုကို မာလီကြီးက ကျွန်ုပ်၏ကိုယ်ခန္ဓာ အသွေးအသားထဲသို့ ထည့်သွင်းပေးလိုက်ခြင်းသာ ဖြစ်လေတော့၏။

မာလီကြီး၏ မန္တန်က ကျွန်ုပ်အား ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ဘေးကင်းခြင်းအစရှိသော အကျိုးတရားများပေးသည် မပေးသည်ကိုတော့ ကျွန်ုပ် မသိပါချေ။

(၂)

ယခုအချိန်အခါသည် မိုးကုန်လှ၍ ဆောင်းသို့ရောက်တော့မည့်အချိန်အခါ ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မိုးသည် တစ်ချက်တစ်ချက် ခပ်ပါးပါးသာရွာတော့၏။ မိုးငွေ့များသည် ဆောင်းငွေ့များအဖြစ် ပြောင်းလဲစပြုလေပြီ။

လေနုအေးက ခပ်သော့သော့တိုက်လာ၏။

အနည်းငယ် အေးစိမ့်နေသည်။

ကျွန်ုပ်သည် ခြံဝင်းထဲရှိ ကျွန်ုပ် မန္တန်ရွတ်ခဲ့သော ဝိတောက်ပင်အောက်သို့ လျှောက်သွားနေမိ၏။ ဝိတောက်ပင်အောက်၌ ခုံတန်းလေးတစ်ခုရှိ၏။ ထိုနေရာမှ တစ်ဆင့် မာလီကြီးထံသို့ သွားနေခြင်းဖြစ်လေ၏။

"ဗညား"

ကျွန်ုပ်၏နောက်မှ ခေါ်သံကိုကြားရ၏။

ကျွန်ုပ် လှည့်မကြည့်မိ။

ကျွန်ုပ် ရပ်စောင့်နေလိုက်၏။ ထို့နောက် ခြေသံရှင်ကို လှည့်ကြည့်လိုက်၏။

"ဗညား ဘယ်သွားမလို့လဲ"

မိန်းကလေးကမေး၏။ ကျွန်ုပ် ဘာမျှမဖြေ။

"ပြောလေ ဗညား၊ တစ်ခုခုတော့ မိုးကိုပြန်ပြောပါဦး"

"မာလီကြီးဆီသွားမလို့"

မိန်းကလေးမေးသည်ကို ကျွန်ုပ် တိုပြတ်ပြတ်ဖြေကြားလိုက်၏။

"ဘာသွားလုပ်မလို့လဲ"

"မိန်းကလေးနဲ့ ကျုပ်တို့ရဲ့အရေးကိစ္စကို သွားတိုင်ပင်မလို့"

"ဗညား ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒီကိစ္စက မိုးနဲ့တိုင်ပင်ရမှာလေ ဗညားရဲ့ မိုးနဲ့ဗညားတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး အဖြေရှာရမှာ။ ဒီကိစ္စအတွက် ဗညားနဲ့ ဆွေးနွေးဖို့စောင့်နေတာ။ ဗညားက ဝိတောက်ပင်အောက်မှာ ခုနစ်ရက်လုံးလုံး ဘာတွေရွတ်မှန်းကိုမသိဘူး။ အချိန်တွေအလဟဿ ကုန်သွားတယ်။ ဒီတစ်ရက်နှစ်ရက်ဆိုရင် အိမ်နဲ့ခြံ ပေါင်နှံတဲ့ စာချုပ်ကသက်တမ်းပြည့်ပြီ။ မိုးတို့ ဒီအိမ်ကြီးကနေ ဆင်းကြရတော့မှာ။ အချိန်က တော်တော်နီးကပ်နေပြီ ဗညား။ မာလီကြီးနဲ့ သွားတိုင်ပင်လို့ မာလီကြီးက ဘာလုပ်ပေးနိုင်မှာမို့လို့လဲ။

မိုးတို့ပေးတာ ကျွေးတာစားပြီး မိုးတို့ခိုင်းတာ လုပ်နေရတဲ့ အဆင့်က လူက ဘာအကြံဉာဏ်ပေးနိုင်မှာမို့လို့လဲ"

မိန်းကလေးက အလိုမကျသော သဘောဖြင့် ပြောလေ၏။

"ကျုပ် ဘာကြောင့် ဒီဝိတောက်ပင်အောက်မှာ ပွစိပွစိလုပ်နေရသလဲ ဆိုတာကို သိရဲ့လား"

မိန်းကလေးက ခေါင်းကို ယမ်းခါလိုက်၏။

"ကျုပ် ဒီဝိတောက်ပင်အောက်မှာ ပွစိပွစိလုပ်ရတာက မင်းနဲ့ကျုပ်ရဲ့ကိစ္စကို ဖြေရှင်းနိုင်ဖို့အတွက် မာလီကြီးက ရွတ်ခိုင်းလို့ ရွတ်တာပါ"

ကျွန်ုပ်က ပြောလိုက်၏။

"ဝိတောက်ပင်အောက်မှာ ပွစိပွစိလုပ်ရုံနဲ့ မိုးတို့ကိစ္စကို ဖြေရှင်းနိုင်မတဲ့လား ဗညားရဲ့ တစ်ခုခုကို စဉ်းစားတိုင်ပင်ဆုံးဖြတ်ကြမှ ရမှာပေါ့။ မာလီကြီးကိုယ်တိုင်ကတောင် သူ့ဘဝကိုသူ ချမ်းချမ်းသာသာဖြစ်အောင် မလုပ်နိုင်တဲ့ဥစ္စာ၊ မာလီကြီးရဲ့ စကားကို နားထောင်နေတယ်ပေါ့။ မာလီကြီးက ဘာခိုင်းခိုင်း လုပ်မယ်ပေါ့။ မိုးကိုရှိသေးတယ်လို့များ ထင်မှတ်သေးရဲ့လား။ ဗညားရဲ့ဘဝမှာ မိုးဟာ ဘာမှမဟုတ်တဲ့ အမှုန်အမွှားလေးလို့ ဗညားယူဆနေတယ်ပေါ့လေ"

မိန်းကလေးသည် ကျွန်ုပ်အားပြောရင်းဆိုရင်း မျက်ရည်ကျလာလေ၏။

မိန်းကလေးကို ကျွန်ုပ်ကိုယ်ချင်းစာပါသည်။ ဤအချိန်မှာ အားကိုးအားထားပြုစရာလိုပေလိမ့်မည်။ အတော်လေး အားငယ်ရှာပေလိမ့်မည်။

"မိုး ဘာကိုဆုံးဖြတ်ရမလဲဆိုတာ သိသွားပါပြီ။ မိုးဟာ ရေခဲကိုအရုပ်ထုနေတဲ့သူတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို သိသွားပါပြီ။ အတိတ်တစ်ချိန်တုန်းက သီရိစောစန္ဒာဟာ ဗညားဦးရဲ့အချစ်ကို မရခဲ့ပါဘူး"

အခုဘဝမှာ မေမြမိုးဟာ သံသရာကဇာတ်လမ်းကို ဆွဲထုတ်ပြီး အိပ်မက်ကို လက်တွေ့ဘဝအဖြစ် ဖန်တီးနေတာ ရူးသွပ်မှုတစ်ခုပဲ။

မိုးကလေး၏ ခံစားချက်တို့က မျက်ရည်နှင့်အတူ ပွင့်အန်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က ဘာမှမပြောဘဲ နားထောင်နေ၏။

"ကျွန်မဒီအိမ်နဲ့ ဒီခြံကနေ မထွက်ခွာနိုင်ဘူး၊ ဒီအိမ်နဲ့ ဒီခြံဟာ ကျွန်မဆက်ပြီးပိုင်ဆိုင်ရမယ်။ ကျွန်မရဲ့ မိဘတွေအတွက် ကျွန်မအတွက် ရှင်ဒီကနေ ဂစ္ဆဂီရိကို ပြန်ပါတော့ရှင်။ ပြန်ပါတော့ ဗညားဦး"

မိန်းကလေးက ရုတ်တရက် ကျွန်ုပ်ကိုနင်ထုတ်သောစကား ပြောလိုက်၏။ မာလီကြီး၏ မန္တန်ကို ရွတ်ထားသောကြောင့်လားမသိ ကျွန်ုပ်၏ မာန်တို့မှာ ထန်၍ခေါင်းထောင်ထလာ၏။

မိန်းကလေးသည် ထိုသို့ပြောဆိုပြီးနောက် ကျွန်ုပ်၏အပါးမှ ပြေးထွက်လေ၏။

ပြေးထွက်သွားသော မိန်းကလေး၏လက်ကို ရုတ်တရက် လှမ်းဆွဲထားလိုက်မိ၏။ မိန်းကလေးမှာ တုံ့ကနဲရပ်သွားလေ၏။ ထို့နောက် မိန်းကလေးကို ကျွန်ုပ်ဖက်သို့ ဆွဲလှည့်လိုက်၏။

မိန်းကလေး၏ စီးကျနေသော မျက်ရည်ကို ကျွန်ုပ်လက်ဖဝါးဖြင့် သုတ်ပေးလိုက်၏။

"မိန်းကလေး၊

မင်းမြဲမြဲမှတ်ထား၊

ကျုပ် ဂစ္ဆဂီရိကို မပြန်ဘူး။

အဲ့ဒါ ဘာကြောင့်လဲ မင်းသိသလား။

မင်းကို ကျုပ်ချစ်နေလို့၊ ချစ်နေလို့ သိရဲ့လား"

ကျွန်ုပ်၏ နှုတ်မှထွက်လာသော စကားတို့ကို ကျွန်ုပ်ပင် ပြန်လန့်သွားရ၏။ ကျွန်ုပ်၏ စကားများက ဤမျှဖြင့် ရပ်မသွားဘဲ ထပ်ဆက်၏။

သီရိစောစန္ဒာမှာက ကာမပိုင်သမိန်စောထွင့်ရှိတယ်။ ဒါကြောင့် ဗညားဦးဆိုတဲ့ကောင်က နောက်ဆုတ်သွားတာ၊ အခုမင်းမှာ ပိုင်ဆိုင်သူမရှိဘူး။ မင်းပဲ ကျုပ်ကိုဒီခေါ်လာခဲ့တယ်။

ကျွန်ုပ်သည် မိန်းကလေး၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ရင်းပြောလိုက်လေ၏။

ကျွန်ုပ် ဤမျှစကားတွေပြောတတ်နေလိမ့်မည်ဟု မထင်ခဲ့ချေ။

ကျွန်ုပ်သည် ဘာတွေပြော၍ ဘာတွေလုပ်မိသွားသည်ကိုပင် မသိတော့ပေ။

နောက်ဆုံးတွင်

"မင်းသွားတော့"

ဟုဆိုကာ ကျွန်ုပ်သည် မိန်းကလေးကို ဖြေလွှတ်ပေးလိုက်လေ၏။

"ရှင်" ပြန်ကိုပြန်ရမယ်၊ ရှင့်ကို ကျွန်မမုန်းတယ်။ သီရိစောစန္ဒာဟာ ဗညားဦးကို မျှော်လင့်ခဲ့ဖူးတယ်။ ကျွန်မကတော့ ရှင့်ကို လုံးဝမမျှော်လင့်မနေဘူး။ ရှင်စွန့်ပယ်ခဲ့လို့၊ ဗညားဦးသတ္တိမရှိခဲ့လို့ သီရိစောစန္ဒာဟာ ခံစားခဲ့ရတယ်။ အဲ့ဒီခံစားရသလိုမျိုး ရှင်ခံစားစေရမယ်။ ကျွန်မကတော့ ရှင့်ကို လုံးဝမမျှော်လင့်နေဘူး။ သီရိစောစန္ဒာခံစားရသလို ရှင်ခံစားစေရမယ်ဆိုတာ ကျွန်မထပ်ပြောလိုက်မယ်။ သီရိစောစန္ဒာဟာ ဗညားဦးအပေါ် နာကြည်းခဲ့တယ်။ ကျွန်မမှာ မိန်းမသားမာနမျိုး ရှိသေးတယ်ဆိုတာကို ရှင်သိစေရမယ်။"

မိန်းကလေးကလည်း သူခံစားရသမျှကို သွန်၍ပြောလေ၏။

မိန်းကလေး၏ စကားကြောင့် မိန်းကလေး၏လက်ကို ပြန်ဆွဲထားလိုက်ပြန်၏။

"လွှတ်စမ်းပါ။ ရှင်မတားနဲ့၊ ရှင်နဲ့စကားဆက်ပြောချင်တဲ့စိတ်လည်း ကျွန်မမှာ မရှိဘူး။"

မိန်းကလေးသည် ပြောပြောဆိုဆိုလက်ကိုဆောင့်ရုန်းကာ ပြေးထွက်သွားလေ၏။

ကျွန်ုပ်သည် နှုတ်ခမ်းကို ဖိကိုက်လိုက်၏။

နှုတ်ခမ်းမှ သွေးစအချို့ စို့ထွက်သွားလေ၏။

ကျွန်ုပ် ဘာဆက်လုပ်ရမည် ဆိုသည်ကို စဉ်းစားဝေဖန်၍ပင် မတတ်လေတော့၍ ဒီအတိုင်း ငေးငိုင်ကျန်ရစ်လေ၏။

ဒေါ်သူဇာမိုးသည် မေမြမိုးနှင့် ဗညားဦးတို့ကို အပေါ်မှလှမ်းမြင်နေရ၏။ ထို့ကြောင့် မေမြမိုး အိမ်ထဲပြေးဝင်လာသောအခါ မေမြမိုးကိုမေးကြည့်လေ၏။

"သမီး မေမေဆီလာပါဦး"

ဒေါ်သူဇာမိုးက ခေါ်လိုက်၏။ မေမြမိုးက မျက်ရည်သုတ်၍ မျက်နှာကို ပြင်

www.burmeseclassic.com

ဆင်ပြီး ဒေါ်သူဇာမိုးရှိရာသို့ ပြန်လာခဲ့၏။

"သမီးနဲ့ ဗညားဦးတို့ ဘာတွေဖြစ်ကြလဲ"

"ဘာမှ မဖြစ်ကြပါဘူးမေမေ"

မေမြမိုးက ဘာမှမဖြစ်ဘူးဟု ဆိုပေမယ့် မေမြမိုး၏မျက်နှာ ပန်းရောင်ရဲနေပြီး ငိုထား၍ မျက်ခွံများမို့နေ၏။ ဒေါ်သူဇာမိုးက သက်ပြင်းချလိုက်၏။

"မဟုတ်ဘူးသမီး၊ သမီးတို့ တစ်ခုခုဖြစ်ကြတယ်ဆိုတာ အိမ်အပေါ်ထပ်ကနေ မေမေမြင်နေရတယ်။ သမီးကို မေမေပြောစရာရှိတယ်။ သမီးရဲ့အိပ်မက်ထဲက ဗညားဦးဆိုတဲ့သူရယ်၊ အိပ်မက်ထဲက ဗညားဦးနဲ့ သမီး ကြုံကြုံဖန်ဖန်တွေ့ဆုံကြတာရယ်၊ ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို့ မေမေမယူဆနိုင်ဘူး။ အဲ့ဒါ စဉ်းစားစရာပဲ။ သမီးပိတောက်ပင်အောက်ကို ပြန်ကြည့်လိုက်ပါဦး"

မေမြမိုးသည် ပိတောက်ပင်အောက်ဆီသို့ ဒေါ်သူဇာမိုးပြော၍ ပြန်ကြည့်လိုက်လေ၏။ ခုံတန်းလက်ရမ်းကို မှီ၍လှဲချလိုက်သော ဗညားဦးကို တွေ့လိုက်ရလေ၏။ ဤညအဖို့ မေမြမိုးကသာ ဆင်းမခေါ်လျှင် ဗညားဦးသည် အိမ်ထဲသို့ ပြန်ဝင်လာတော့မည် မဟုတ်ဟုသိနေ၏။

"ဗညားဦးဟာ သနားစရာပဲ သမီး။ သူ့မှာ ဘာအပြစ်မှမရှိဘူး။ သမီးသွားဆင်းခေါ်လိုက်ပါ။"

ဒေါ်သူဇာမိုးက အကျိုးသင့်အကြောင်းသင့်စကားပြောလိုက်လေ၏။

"သမီး အစက တွေဝေနေခဲ့တယ် အမေ၊ ဆန္ဒနဲ့ ဖြစ်သင့်တာနှစ်ခုအနက် တစ်ခုခုကို သမီးရွေးချယ်ရမယ်။ သမီးဟာ ဆန္ဒကို ဥပေက္ခာပြုပြီး ဖြစ်သင့်တာနဲ့ ရှေ့ဆက်ဖို့ ဆုံးဖြတ်ပြီးသွားပြီ။ ဆန္ဒနဲ့ လောင်မြိုက်နေတဲ့ ဝေဒနာကို သိမ်းဆည်းထားလိုက်ပါပြီ မေမေ၊ သမီး ဆင်းမခေါ်တော့ပါဘူး"

ဒေါ်သူဇာမိုးမှာ ဒုတိယအကြိမ်သက်ပြင်းကိုသာ ချလိုက်ရတော့၏။

"သြော် . . . သမီးရယ်"

ဟုလည်း ရေရွတ်လိုက်မိလေ၏။

သမီး၏ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုသည်ကို ဒေါ်သူဇာမိုးအနေဖြင့် ငယ်ရာက ကြီးလာသူပီပီ သိရှိနေ၏။ သမီးမှာ စိတ်သောကတွေနှင့် ပင်ပန်းလွန်းနေလေပြီ။

"ဒါဆိုရင် သမီးပျော်အောင်သွားအိပ်ပြီး အားလုံးကို မေ့ဖျောက်ပစ်နိုင်ဖို့ ကြိုးစားလိုက်"

မေမြမိုးသည် အိပ်ခန်းထဲသို့ ဝင်သွားလေ၏။

(၄)

အသည်းကွဲတာလား။

ခံစားမှုတို့က ရင်မှာ ပြည့်လို့နေသည်။

မိုးရယ် ရွာချလိုက်စမ်းပါ။

မိုးရေထဲမှာ ကျုပ်တစ်ယောက်တည်း နေချင်တယ်။

မတရားတဲ့ လောကကြီး။

ကျုပ်ချစ်သူကို အဆုံးရှုံးခံရမတဲ့လား။

သူတစ်ပါးရင်ခွင်ထဲ ထည့်ရမတဲ့လား။

ကျုပ် ဘယ်လိုဖြေပြီး ဘယ်လိုနေရမလဲ။ ကျုပ် ငိုလိုက်ရမလား။ ဟင်အင်း ငိုလို့မဖြစ်ဘူး။ ကျုပ်ရဲ့ယောက်ျားမျက်ရည်တွေကို သူတို့မြင်လို့မဖြစ်ဘူး။ ကျုပ်ရဲ့ရင်ထဲမှာပဲ ငိုလိုက်မယ်။

ကျုပ် သီချင်းတစ်ပုဒ်လောက်ဆိုလိုက်ရင်၊ ရင်ထဲကဝေဒနာတွေ ပေါ့သွားမလား။ ကျုပ်က တောထဲမှာနေခဲ့တာ။ သီချင်းလည်း ဆိုလို့မတတ်ဘူး။ ကျုပ် ဘာလုပ်ရမလဲ။

ကျုပ် ရူးတော့မယ်ထင်တယ်။

အချစ်ရူးဆိုတာ ဒါပဲလား။

ကျုပ်အနေဖြင့် ဆောက်တည်၍မရအောင် ဖြစ်နေသည်။

ကျုပ်ဘဝမှာ ဤသို့သောအဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု တွေးပင်မတွေးထားမိချေ။ ယခုကြုံတွေ့လာသောအခါ မခံစားနိုင်အောင်ဖြစ်ရလေ၏။

မေမြမိုးသည်လည်း အိပ်၍မပျော်ပါချေ။

အိပ်ခန်းပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်သောအခါ ဗညားဦးမှာ ထိုင်လျက်လမ်းလျှောက်လိုက်၊ ခုံတန်းမှာ လှဲလိုက်လိုက်ဖြစ်နေသည်ကို တွေ့ရှိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဗညားရယ်၊ ဗညားကိုချစ်တယ်ဆို တာ မုန်းဖို့မှမဟုတ်ဘဲ၊ ဗညားကို မိုး မမုန်းပါဘူး။ ချစ်ကြမ္မာဝိဘက်က ဗညားနဲ့မိုးတို့ကို သိပ်ရက်စက်လွန်း တယ်။ အခုတော့ တစ်ယောက် တစ် ကမ္ဘာ ဝေးကြရတော့မယ်နော်။ ဒီဘဝ မှာ ဘယ်တော့မှ ပြန်ဆုံခွင့်မရတော့ မယ့် ဝေးကွာခြင်းပါပဲကွယ်"

မေမြမိုးမှာ ဗညားဦးကိုကြည့်ပြီး စိတ်ထဲ၌ မချမ်းမြေ့ဘဲ တွေးနေ ဆွေး နေမိလေ၏။ မည်သို့ဆိုစေ ဗညားဦးကို သူမ စွန့်လွှတ်ကျောခိုင်းရန် ဆုံးဖြတ် ချက်ကိုမူ ပြင်ဆင်၍ မဖြစ်ပေ။ ချစ် လျက်နှင့် ရင်နာစွာခွဲခွာရမည့် သူမတို့ နှစ်ဦး၏ ဘဝအတွက်သာ များစွာဝမ်း နည်းမိရလေ၏။ ဗညားက သူမကိုချစ် သည်ဟူသော စကားကိုကြားရ သိရရုံ မျှနှင့် ကျေနပ်လိုက်ရလေသည်။

ကျုပ်အဖို့ မိန်းကလေး၏ ပြတ် သားစွာပြောဆိုသော စကားကို အထပ် ထပ်ပြန်ကြားနေရ၏။

"ရှင် ပြန်ကိုပြန်ရမယ်၊ ရှင့်ကိုမုန်း တယ်။ သီရိစေတနာဟာ ဗညားဦးကို မျှော်လင့်ခဲ့ဖူးတယ်။ ကျွန်မဟာ သီရိ စေတနာမဟုတ်ဘူး။ ဒါပေမယ့် ရှင် သီရိစေတနာ ခံစားရသလို ပြန်ခံစားစေ ရမယ်"

ကျွန်ုပ် နားနှစ်ဖက်ကို ပိတ်ထား လိုက်ရသည်။

မည်သို့ဆိုစေ မိန်းကလေးကို စွန့် လွှတ်ခွဲခွာရမည်မှာ သေချာနေသည်။ မိန်းကလေး၏ အခက်အခဲကို သူ မဖြေ ရှင်းပေးနိုင်ပေ။ မိန်းကလေးကလည်း သူ့ကို မုန်းသည်တဲ့၊ သီရိစေတနာ ခံစား ရသလို ခံစားစေရမတဲ့။

ကျုပ် ခံစားနေရပါပြီ မိန်းကလေး။

မိန်းကလေးရဲ့ ဆန္ဒအတိုင်း ဒီအိမ် ဒီခြံကြီးကနေ ဂန္ထဂီရိအရောက် မနက် ဖြန်ဆိုရင် ကျုပ်ပြန်ပါတော့မယ် မိန်းကလေး။

မပြန်ခင် မိန်းကလေးရဲ့မျက်နှာကို ကျုပ် တဝကြီး ကြည့်သွားချင်လိုက်တာ မိန်းကလေးရယ်။

(၅)

မိုးလင်းလေပြီ။

ကျွန်ုပ်တစ်ညလုံး အိပ်မပျော်ခဲ့ပေ။

တစ်ညလုံး အပြင်မှာတစ်ယောက် တည်းနေကာ စိတ်ကို လွှတ်ပေးနေခဲ့ ၏။ ကျွန်ုပ်သည် အိမ်ထဲသို့ဝင်ရန် တံခါးအဖွင့်ကို စောင့်နေသည်။

တံခါးဖွင့်သော်လည်း ကျွန်ုပ် မဝင် ဖြစ်သေးဘဲ ဒီအတိုင်းထိုင်နေမိသေး၏။

ဂန္ထဂီရိသို့ပြန်ရန် ကျွန်ုပ်ဆုံးဖြတ် ထားပြီးဖြစ်သည်။

ပြန်မည့်ပြန်လျှင် ယနေ့မိုးမချုပ်မီ ကျွန်ုပ်၏ မေတ္တာနယ်မြေသို့ အရောက် ပြန်ရန် စိတ်ကူးလိုက်၏။ မေတ္တာနယ် မြေသို့ ပြန်ရောက်လျှင် ကျွန်ုပ်၏ ပူလောင်သောကများ ပြန်လည်လျော့ပါး သက်သာသွားလိမ့်မည်ဟု ကျွန်ုပ်ထင် သည်။ နေပင် အတော်မြင့်တက်လာ လေပြီ။

ကျွန်ုပ်သည် မထချင်ထချင်နှင့် ထပြီး အိမ်ဆီသို့ လမ်းလျှောက်၏။ အိမ် တွင်းသို့ဝင်၏။ ကျွန်ုပ်၏အခန်းသို့သွား၏။ မည်သူ့ကိုမျှလည်း မကြည့်မိချေ။

အခန်းထဲရောက်သောအခါ သူတို့ ဆင်ထားသော အဝတ်ကို ချွတ်၏။ ဆရာသခင်ပေးလိုက်သော အင်္ကျီပါးနှင့် လုံချည်ကိုဝတ်၏။

ထို့နောက် တဘက်ကိုယူ၏။

ဒီတဘက်က ခေါင်းပေါင်းလို့လည်း ရတယ်။ ချွေးထွက်ရင် သုတ်လို့လည်း ရတယ်ဟူသော ဆရာသခင်၏စကားကို ပြန်ကြားယောင်၏။

"အဘရဲ့ တဘက်ဟာ ချွေးသုတ် လို့တော့ရပါရဲ့ အသည်းကွဲပြီး ရင်ထဲမှာ ကျတဲ့မျက်ရည်တွေကိုတော့ သုတ်လို့ မရပါလားအဘရယ်"

တဘက်ကို ခေါင်းပေါင်းအဖြစ် ရစ် ပတ်၍ပေါင်းလိုက်လေ၏။ ထို့နောက် လွယ်အိတ်ကို ကောက်လွယ်လိုက်သော အခါ မိန်းကလေးနှင့်အတူ ဒီအိမ်[illegible] ရောက်လာခါစပုံအတိုင်း ဖြစ်သွား၏။ ထို့နောက် အခန်းထဲမှ ထွက်လာခဲ့၏။

ဦးထွန်းလှိုင်နှင့် ဒေါ်သူဇာမိုး[illegible] အရှေ့သို့သွား၏။ ကျွန်ုပ်ဦးသုံးကြိမ်[illegible] လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်ဂစ္ဆဂီရိကို ပြန်တော့မလို့ နှုတ်ဆက်တာ၊ ကျုပ် ဒီအိမ်မှာနေခိုက် အပြစ်ရှိရင် ခွင့်လွှတ်ပါ"

ကျွန်ုပ်က ပြောလိုက်၏။

"ကလေးမှာ ဘာအပြစ်မှမရှိပါဘူး ကွယ်။ ဒေါ်ဒေါ်တို့မှာသာ အပြစ်ရှိတာ။ ဘာမှလည်း မစားသွားဘူး။ လမ်းမှာ ဆာနေမှာပေါ့"

ဒေါ်သူဇာမိုးက ပြောလေ၏။

"ကျုပ် ဘာမှစားချင်စိတ် မရှိဘူး"

ကျုပ်က ပြောပြောဆိုဆို ထွက်ခွာရန်ပြင်၏။

ထိုအခါ သူမ၏အခန်းဝမှ ငိုရှိုက်နေသော မိန်းကလေး၏အသံကို ကြားရ၏။ ကျုပ်တစ်ချက် ဝေ့ကြည့်ပြီး ကျောခိုင်းလိုက်၏။ မိန်းကလေးက ကျွန်ုပ်ကို ကန်တော့နေသည်ကို တွေ့ရ၏။

"မိုးကို ခွင့်လွှတ်ပါဗညားရယ်"

မိန်းကလေးထံမှ အသံထွက်လာ၏။ ကျွန်ုပ်၏ခြေလှမ်းတို့က နှေးကွေးလေးလံနေ၏။ ကျုပ် ဘာမှပြန်မပြောဘဲ ဆွံ့အနေ၏။

"ဗညား မိုးကို သိပ်စိတ်နာနေပြီလား။ ဗညားမသွားခင် မိုးကိုခွင့်လွှတ်ပါတယ်ဆိုတဲ့စကား ပြောခဲ့ပါ။ အဲ့ဒီစကားကို လက်ဆောင်ပေးခဲ့ပါ။ အဲ့ဒီလိုမှမဟုတ်ရင် မိုးသိပ်ပြီး စိတ်ထိခိုက်ကြေကွဲရလိမ့်မယ်။"

ကျွန်ုပ်သည် အရှုံးသမားဖြစ်လေ၏။ ရှုံးလက်စနှင့် မထူးတော့ပေ။ ထိုစကားလေးတစ်ခွန်းကိုပြောဖို့ ခွေတာလိုက်လျှင် တစ်ဖက်က မိန်းကလေးမှာ တစ်သက်လုံး စိတ်ထိခိုက်ရပေတော့မည်။

"ကျုပ် အားလုံးကို ခွင့်လွှတ်ခဲ့ပါတယ်"

ထိုစကားတစ်ခွန်းကို ဖြည်းဖြည်းချင်းပြောကာ နောက်ဆံမတင်းရလေအောင် မိန်းကလေးကလည်း သူမ၏ ဆုံးဖြတ်ချက်နှင့် စိတ်အပြောင်းအလဲ မဖြစ်ဘဲ အကောင်းဆုံး အခြေအနေဖြစ်သွားရလေအောင် သွက်လက်သော ခြေလှမ်းဖြင့် သုတ်ခြေတင်ကာ ထွက်လာခဲ့လေ၏။

ကျွန်ုပ် ခြံအပြင်ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ကားတစ်စီး မိန်းကလေးတို့၏ ခြံထဲသို့ မောင်းဝင်သွားသည်ကို တွေ့ရှိရ၏။ ထိုကားမှာ မသူတော်ကျော်ကျော်၏ ကားမှန်း ကျွန်ုပ်သိလေ၏။

"မိန်းကလေးရယ် မင်းကို ကျုပ် မသူတော် ကျော်ကျော်လက်ထဲက မကယ်တင်နိုင်ပါလားကွယ်"ဟု တွေးရင်း ကျွန်ုပ်၏ လာခဲ့သောလမ်းကို ပြန်လျှောက်ခဲ့လေတော့၏။

(၆)

"သမီးရေ မောင်ကျော်ကျော် လာတယ် ထွက်ကြိုလိုက်ပါဦး"

မေမြမိုးက မပူရုပ်ကို ဟန်လုပ်ကာ ကျော်ဇင်လတ်အား သွားကြို၏။ ကျော်ဇင်လတ်နှင့်အတူ ရှေ့နေဦးကျော်မောင်လည်းပါလာခဲ့၏။ ကြည့်ရသည်မှာ အိမ်ခြံပေါင်နှံထားသော စာချုပ်ကိစ္စနှင့် ပတ်သက်ပြီး ရှေ့နေဦးကျော်မောင်ကိုပါ ခေါ်လာခဲ့ဟန်တူ၏။

မေမြမိုးက ကျော်ဇင်လတ်ကို လက်ထပ်မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်သောကြောင့် စိုးရိမ်စရာမရှိပေ။

"ကျော်ကျော်လည်း ပျောက်နေလိုက်တာ အခုမှပဲ မိုးတို့အိမ်ကို ရောက်လာတော့တယ်"

မေမြမိုးက အလွမ်းသင့်သော စကားကို ပြောလိုက်လေ၏။ မပြောလို့ကလည်း မဖြစ်ပေ။ ကိုယ်က သူ့လက်ခုပ်အတွင်း ရောက်ရှိနေခဲ့ပြီ။

အိမ်ထဲသို့ရောက်ပြီး ကုလားထိုင်မှာထိုင်လိုက်ကြ၏။

"ကိုဗညားရော မိုး"

ကျော်ဇင်လတ်က ဟိုဟိုဒီဒီကြည့်ကာမေးလိုက်လေ၏။

"ကိုဗညား ဒီအိမ်ကထွက်သွားပြီ၊ ဒီအိမ်မှာ မနေတော့ဘူး"

မေမြမိုးက ပြန်ဖြေ၏။

"ဘယ်တုန်းက ထွက်သွားတာလဲ"

"သိပ်မကြာသေးပါဘူး၊ ကျော်ကျော်တို့ မရောက်လာခင်ကလေးတင်ကပဲ"

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇ



www.burmeseclassic.com

www.burmeseclassic.com

# အလှူခံရှင်းတမ်း

## ● မောင်ပုတ်စည်

မိမိကိုယ်တိုင်လည်း အလှူဒါနပြုတယ်၊ သူတစ်ပါးလှူတာကိုလည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားတယ်၊ လှူချင်တန်းချင်လာပြီး သဒ္ဓါစိတ်ပေါက်အောင်လည်း နှိုးဆော်တယ်။ ဒါဟာ အင်မတန်ကောင်းမြတ်တဲ့ သူတော်ကောင်းအလုပ်တွေပါပဲ။

ချမ်းသာကြွယ်ဝတဲ့သူတွေက ဘုရားတည်၊ ကျောင်းဆောက်တယ်။ သိမ်တွေ၊ ရေကန်တွေ၊ ရေတွင်းတွေ လှူကြတယ်။ ဆင်းရဲနွမ်းပါးသူတွေကို ပေးကမ်းတယ်။

ကိတ္တိမသား၊ မိမိသားကို ရဟန်းခံရှင်ပြု အလှူမင်္ဂလာလုပ်တယ်။ သမီးကို နားသတယ်။ ထမင်းရည်ချောင်းစီး အကြီးအကျယ်အလှူပေးတယ်။ ငွေကြေးပြည့်စုံပြီး တတ်နိုင်တာကိုး။

ဆင်းရဲနွမ်းပါးသူကျတော့လည်း သူတတ်နိုင်သမျှ ခွေးနဲ့စာကလေးနဲ့ တစ်ငွန်း တစ်ယောက်မ လှူတယ်။ ဘုန်းကြီးဆွမ်းလောင်းတယ်။ ဘုရားရောက်ရင် တတ်နိုင်သလောက် အလှူခံပုံးထဲထည့်တယ်။ သူလည်း သဒ္ဓါရှိတာကိုး။ တတ်နိုင်သလောက် လှူချင်ရှာမှာပေါ့။

ဒါပေမဲ့ ရပ်ကွက်တွေထဲမှာ မြင်တွေ့နေရတာလေးတွေ ဝိုင်းစဉ်းစားဖို့ပါ။ ဟိုဘက်လမ်းက စနေဆွမ်းပတ် လောင်းလှူတယ်။ ဒီဘက်လမ်းကလည်း တနင်္ဂနွေဆွမ်းပတ် လောင်းလှူတယ်။ အပတ်စဉ်အိမ်တိုင်းအိမ်တိုင်းကို အချိုးကျ အလှူငွေကောက်ခံတယ်။ ကောင်းမှုတော့လုပ်တာပဲ။ အပြိုင်အဆိုင်သဘောတွေ ပါလာတယ်။

မဏ္ဍပ်ကြီးတွေအသီးသီးနဲ့ မနက်ဆွမ်းလောင်းတော့မယ်ဆိုရင် ဘုတ်ကြီးထောင်ပြီး အလှူရှင်နဲ့ အလှူငွေစာရင်းတွေ ရေးထားတယ်။ တော်ပြီပေါ့။ ပြည့်စုံပါပြီ။ နောက်မှ အလှူငွေရှင်းတမ်းတွေ တစ်အိမ်စီဝေပေးလိုက်ရင် လုံလောက်ပါတယ်။

ခုတော့ဗျာ…ဒီလိုမဟုတ်ဘူး။ မဏ္ဍပ်ထဲကနေ ကာသိုလ်ပါဝင်လှူတန်းဖို့ စပီကာကြီးနဲ့ တစ်ရပ်ကွက်လုံး နားမခံသာအောင် အသံကုန်ကုန်းအော်တယ်။ အော်ပုံကလည်း ကြည့်ပါဦး။

အလှူရှင် ဦးချမ်းသာမိသားစုက အလှူတော်ငွေ သုံးသောင်း၊ ဦးကြွယ်ဝတို့မိသားစုကလည်း အလှူတော်ငွေ ငါးသောင်း။ ဒေါ်ဒွေးဒွေးတို့မိသားစုကလည်း ကွယ်လွန်သူ ခင်ပွန်းအတွက်ရည်စူး၍ အလှူတော်ငွေ လေးသောင်းကို လှူဒါန်းပါတယ်။ ခုတစ်ခါဆိုပြီး ဆက်ပြန်ရော။

ဒီတော့ နဖူးကချွေး ခြေမကျအောင် ရှာဖွေပြီး သဒ္ဓါတရားထက်သန်စွာနဲ့ မိမိတို့ခွေးနဲ့စာလေးကို တတ်နိုင်သမျှ လှူမယ်ဆိုပြီး အားခဲထားတဲ့ ဆိုက်ကားသမား ကိုခွေးပုတို့ ဟင်းရွက်သည် ဒေါ်ဘုမတို့ခမျာ သူတို့လှူဒါန်းနိုင်တာက ငါးရာ၊ တစ်ထောင်။ သောင်းချီပြီးလှူတဲ့ အလှူရှင်တွေနဲ့ရောပြီး ကြေညာခံရမှာကြောက်တာနဲ့ မလှူရဲတော့ဘူး၊ မလှူရတော့ဘူး။

နိဗ္ဗာန်ကို အကျိုးမျှော်၍ လှူချင်အောင် နှိုးဆော်ပါတယ်ဆိုပေမဲ့ မလှူနိုင်အောင် ပိတ်သလိုဖြစ်မနေဘူးလားဗျာ။ စဉ်းစားကြည့်ကြဖို့ပါ။ ပြီးတော့လည်း ဟိုဘက်လမ်းက အလှူရှင်တွေက ဘယ်လောက်တောင့်တယ်၊ ဒီဘက်လမ်းက အလှူရှင်တွေကလည်း ဘယ်လောက်ပြည့်စုံတယ် ဆိုတာမျိုးတွေကလည်း အပြိုင်အဆိုင်။ လှူပါတယ်ဆိုမှ ပြိုင်တယ်ဆိုတော့ စဉ်းစားစရာပေါ့လေ။

ပြီးတော့ ရှိသေးတယ်။ သင်္ကြန်တွင်းတို့၊ သီတင်းကျွတ်တို့၊ တန်ဆောင်မုန်းတို့ဆိုရင် အပြိုင်အဆိုင် ကျွေးမွေးတာ မီးထွန်းပွဲလုပ်တာ၊ ပဒေသာပင်သီးတာလည်း ဒီတိုင်းပဲ။

အလှူရှင်တွေ အလှူငွေကြေညာတာလည်း ဒီအတိုင်းပဲ။ နိဗ္ဗာန်တံခါးဖွင့်ဟာ မဟုတ်တဲ့ ငရဲတံခါးဖွင့်ရာ မရောက်အောင် သတိပြုဖို့ပါ။ (ဒီနေရာမှာ လမ်းဆုံလမ်းထိပ်တွေမှာ အလှူ မဏ္ဍပ်နဲ့ နွေမိုးဆောင်းအလှူခံတာတွေကိုတော့ လုံးဝ(လုံးဝ) မဆိုလိုပါဘူး။)

မြန်မာစကားမှာ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ၊ ညောင် စေ့လောက်လှူပေမဲ့ ညောင်ပင်ကြီးလောက်ရတယ်၊ ညောင်ပင် ကြီးလောက်လှူပေမဲ့ ညောင်စေ့လောက်ပဲရတယ် ဆိုတာလည်း အားလုံးအသိပဲ။

ကုသိုလ်ရအောင်လုပ်တာ ကုသိုလ်မရဘဲ ငရဲရတာမျိုး လှူချင်တန်းချင် သဒ္ဓါစိတ်ပေါက်အောင် နှိုးဆော်တာ မလှူရဲအောင် ပိတ်လိုက်တာမျိုး ဖြစ်ရင် ကောင်းနိုင်ပါ့မလားဗျာတို့ရယ်။

မောင်ပုတ်စည်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




အာရုံသည် နီကြားလာပြီ။ သို့တာ ဆ မြူခိုးများကြောင့် ဝန်းကျင်သည် မှောင်လျက်ရှိသည်။ ရှမ်းတောင်တန်း ရှပေါင်းသယ်ယူပို့ဆောင်ရေး ကားဂိတ် သို့ ကျွန်တော်တို့ရောက်သည့်အချိန်မှာ ကျွန်တော်တို့ စီးရမည့်ကား ရောက် လာသေးပါ။ ကျွန်တော်တို့လေးဦး ကား ဂိတ်တွင် စောင့်ဆိုင်းနေရသည်။ ခရီး သွားများ ကျွန်တော်တို့ကဲ့သို့ပင် ဟိုတစ် စု ဒီတစ်စု စောင့်ဆိုင်းနေကြသည်။ ကြိုတင်ဝယ်ယူထားသော ယာဉ်စီးလက် မှတ်ကို တာဝန်ခံထံ လဲလှယ်ထားလိုက် သည်။ အရုဏ်တက်ပြီးသည့်အချိန်မှာ ဈေးတစ်ဝိုက် ကားဂိတ်အနီးတွင် ခရီး သွားများ၊ လှုပ်ရှားသွားလာလျက်ရှိသော မြို့သူမြို့သားများ ရှုပ်ထွေးလာသည်။ ကြိုတင်လက်မှတ်ဝယ်စဉ်က နံနက် ၅ နာရီခွဲ ယာဉ်ထွက်ချိန် သတ်မှတ်ထား သည့်တိုင် ၆ နာရီထိုးခါနီးမှ ကားရောက် လာသည်။ ကားပေါ်သို့ ကျွန်တော်တို့၏ အထုပ်အပိုးများကို တင်ဆောင်လျက် ကားထွက်မည့်အချိန်ကို စောင့်နေကြ သည်။ အေးစိမ့်သော မြောက်ပြန်လေ သည် ကျွန်တော်တို့ရင်ကို တိုးဝှေ့ပွတ် သပ်သွားသည်။ အပူပိုင်းမှ တက်လာသူ များဖြစ်၍ သည်အအေးဒဏ်သည် နေ ကောင်းထိုင်သာရှိရုံမျှ ဖြစ်သည်။

ခရီးသည်တင်ကားမထွက်မီ နာရီ ဝက်ခန့်မျှ မိုးတိုးမတ်တတ် ရပ်နေရသည် ဖြစ်ရာ ထိုင်စရာခုံတစ်ဖြုတ်ရဖို့ အောင်မင်္ဂလာကဖေးတွင် စားပွဲတစ်လုံး ၏ နေရာရရန် လက်ဖက်ရည်နှင့် ကော်ဖီကြမ်းတစ်ခွက် မှာလိုက်ရသည်။ လက်ဖက်ရည်၏ အရသာသည် အလွန် ဆက်ဆံရေး ညံ့ဖျင်းပုံရသည်။ ချိုလည်း မချို၊ ဆိမ့်လည်းမဆိမ့်၊ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com

အရသာ လုံးဝလည်းမပေါ်။ ကျဲတောက်တောက် ဖြစ်နေသည်။ တစ်ငုံမျှငုံပြီး ပြန်ချထားလိုက်ရသည်။ ကော်ဖီကြမ်းကလည်း ရေနွေးဖျော်ထားသော ကော်ဖီမှုန့်ခပ်ညံ့ညံ့ အရသာမျိုး ထွက်နေသည်။ ငွေခြောက်ကျပ်နှင့် ထိုင်စရာနေရာတော့ရခဲ့သည် မှန်ပါရဲ့။ ကားထွက်ချိန်ကို ခြောက်ကျပ်ပေး၍ စောင့်နေရသည့် အလားပင်။ လမ်းတစ်ဖက် မျက်နှာချင်းဆိုင်တွင် ရပ်ထားသော ဟိုင်းလက်စ်ကားခေါင်မိုးပေါ်ရှိ အထုပ်အပိုးများကိုလည်း လှမ်း၍ကြည့်နေရသည်။

"သူခိုးတွေ သိပ်ထနေတယ်ဗျာ။ ကိုယ့်အထုပ်ကိုယ် ဂရုစိုက်နော်။ မနေ့ကတင် ကားတစ်စီးက အထုပ်နှစ်ထုပ်ပါသွားတယ်"

သယ်ယူပို့ဆောင်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သတိပေးလိုက်၍ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့ လေးဦးသာ ရှိသည်။ ကားဂိတ်နှင့် ဤမျှကပ်နေလျက် သောက်မည့်သူမရှိ၊ ဒီပုံကိုထောက်လျှင် အတော်ဆက်ဆံရေးကျဲသောဆိုင် ဖြစ်နိုင်သည်။ သို့တည်းမဟုတ် လက်ဖက်ရည်နှင့် စားသောက်ဖွယ်ရာများက အလွန်ညံ့ဖျင်းပုံရသည်။ ကျွန်တော်တို့ ကိုယ်တိုင်ပင် မှာထားမိသော လက်ဖက်ရည်၊ ကော်ဖီကို မသောက်နိုင်။ စိတ်အတွေးမဆုံးသေးမီ "တီ···တီ"ကား ဟွန်းသံနှစ်ချက် ကြားလိုက်ရသည်။ ခရီးသည်များကို ခေါ်နေပြီ။ မိမိတို့ ယာဉ်စီးလက်မှတ် ဖြတ်ပိုင်းတွင်ရှိ နေရာများသို့ တက်ရောက်နေရာယူပြီးနောက် မကြာမီ ရှမ်းတောင်တန်းသယ်ယူပို့ဆောင်ရေးအသင်း၏ ဟိုင်းလက်စ် ၈/၉၈၁၅ သည် လားရှိုးမှ စတင်ထွက်ခွာလာခဲ့သည်။

နံနက် ၆ နာရီ ၁၀ မိနစ်။

(၁)

အေတီ(A.T) ဂိတ်တွင် ယာဉ်တန်းများ တန်းစီစောင့်ဆိုင်းလျက်ရှိသည်။ ကျွန်တော်တို့ ယာဉ်ရှေ့တွင် ယာဉ်အစီးနှစ်ဆယ်ခန့် ရောက်နှင့်နေသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ယာဉ်များကို စနစ်တကျ အချိန်ယူစစ်ဆေးပြီးနောက် နံနက် ၇း၅၀ နာရီခန့်အချိန်တွင် ထွက်ခွာခွင့်ရရှိသည်။ ယခုတော့ တောင်ပေါ်လမ်းတစ်လျှောက် ဟိုင်းလတ်စ်အမြန်ယာဉ်သည် လေးညှို့မှ လွှတ်လိုက်သော မြားတစ်စင်းကဲ့သို့ အရှိန်အဟုန် ပြင်းစွာ ထွက်ခွာလာသည်။ ကျွန်တော် ကုသိုလ်တော်တော်ရသွားသည်။ မြတ်ရှင်တော် ဂေါတမ၏ အတုမရှိသော ဂုဏ်တော်ကိုးပါးကို စိတ်အတွင်းမှ ရွတ်ဆိုရင်း ဘုရားတ၍ လိုက်လာရသည်။ ကားပြတင်းမှ ရွတ်ဆိုရင်း ဘုရားတ၍ လိုက်လာရသည်။ ကားပြတင်းမှ စိမ့်အေးသောလေက ကိုယ်ခန္ဓာလက်ဝဲခြမ်းကို တိုးဝေ့တိုက်ခတ်နေသည်။ ဒေသန္တရဗဟုသုတရှာဖွေရေးခရီး အစပြုပြီဖြစ်သည်။ အေးမြသောလေကို ရှူရှိုက်ရင်း ကားကူရှင်ကိုမှီလျက် အိပ်ပျော်သွားသည်။

"ကိုကိုရယ်···လှိုင့်ကို မေ့လိုက်ပါတော့။ ကိုကိုနဲ့ လှိုင်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေကို အိပ်မက်လိုပဲ သဘောထားလိုက်ပါတော့။ ကိုကိုနဲ့ လှိုင်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တွေကို အိပ်မက်လိုပဲ သဘောထားလိုက်ပါတော့"

ကိုကို့ရင်သည် ဆွတ်ကျင် နာကြည်းနေသည်။ ရင်တွင်းရှိ နှလုံးသားနေရာမှ လှိုက်မောသော ဝေဒနာက ရင်ကို တဒုန်းဒုန်းမြည်အောင် ရိုက်ခတ်လျက်ရှိသည်။ ဘဝတစ်ကွေ့တွင် ခေတ္တခဏမျှ ဆုံစည်းခဲ့ရသည့် ချစ်ရလွန်းသူ၏ လျစ်လျူပြုရက်စက်မှုကို ခံစားခဲ့ရသော ကိုကို့ဘဝသည် အခိုက်အတန့်မျှ မှောင်ကျခဲ့ရသည်က အမှန်ပင်။ လောကဓံ၏ ထုထောင်းရိုက်ပုတ်မှုကို လည်စင်းခံလျက် စွမ်းအင်ရှိသမျှ အားမာန်ဖြင့် သည် အမှောင်မှ လွတ်မြောက်အောင် ကြိုးစားခဲ့ရသည်။ လှိုင်ပြောသော အိပ်မက်။ အိပ်မက်ဟူသည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် စိတ်အတွေးတွင် ဟပ်ထင်သော ဖြစ်ရပ်ဖြစ်စဉ်များဟု ကိုကို နားလည်သည်။ အိပ်ပျော်ရာမှ နိုးထလာချိန်တွင် ယင်းဖြစ်ရပ်ဖြစ်စဉ်များသည် ရက်အတော်ကြာက ကြည့်ရှုခဲ့ရသော ရုပ်ရှင်ကားတစ်ခုနှယ် မှေးမှိန်ပျောက်ကွယ်ရသည်။

လှိုင်နှင့် ကိုကို၊ ကိုကိုနှင့် လှိုင် လောကတံထွာ ဓမ္မတာအရ ဘဝခရီးတစ်ကွေ့တွင် တွေ့ကြုံခင်တွယ် ရင်းနှီးကျွမ်းဝင် ချစ်ခင်ခဲ့ရသော ဖြစ်စဉ်များသည် အိပ်မက်နှင့် လုံးဝဥသုံ ခြားနားခဲ့ခြင်းကို မငြင်းကွယ်နိုင်။ ကိုကို ဘယ်လိုလုပ်ပြီး မေ့ပစ်ရပါ့မလဲ။ အိပ်မက်ကို ဘယ်လိုသဘောထားနိုင်ပါ့မလဲ။

"လှိုင်ရယ်···ကိုကို့ကို ဘာဖြစ်လို့ ရက်ရက်စက်စက် စွန့်ပစ်လိုက်တယ် ဆိုတာကို တိတိကျကျ ကိုကိုသိချင်တယ်။ အဲဒီလို သိရမှာလည်း ကိုကိုခံစားရတဲ့ဝေဒနာ သက်သာလိမ့်မယ်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ မတင်မကျ ဘဝင်မကျဖြစ်နေတာတွေ အမြင်ရှင်းပြီး လင်းသွားနိုင်လိမ့်မယ်။ ကိုကို့ကို အားမနာနဲ့။ အမှန်အတိုင်း ပြောပြစမ်းပါလှိုင်"

ကိုကိုနှင့် လှိုင် နောက်ဆုံး မျက်နှာချင်းဆိုင် တွေ့ရချိန်မှာ ကိုကို လှိုင့်ကို မေးမိသည်။ ဝေခွဲမရသော ဒွိဟသံသယများ လှိုင့်မျက်နှာပြင်တွင် ထင်ဟပ်နေသည်။ ရင်းနှီးချစ်ခင် ကြင်နာတွယ်တာမှုများ၊ သံယောဇဉ် ချစ်ကြိုးမျှင်များ တင်းကျပ်စွာ ရစ်ပတ်ထားရှိခဲ့သော ချစ်သူ။ ယုယခင်မင် ကြင်နာတွယ်တာခဲ့ရသော ချစ်သူ။ ဒီချစ်သူကို လှိုင် မျက်နှာချင်းဆိုင် ရချိန်တွင် လှိုင့်ရင်သည် မချကြေကွဲလျက် ရှိကောင်းရှိနိုင်သည်။ နောင်တရလျက်လည်း ရှိနိုင်သည်။ မည်သို့ဆိုစေ ဖြူနုသော မြတ်နိုးတွယ်တာဖွယ်ရာ လှိုင်၏ လုမျက်နှာကလေး နေလောင်ပန်းနယ် ညှိုးနွမ်းလျက် ရှိသည်ကို ကိုကို မျက်ဝါးထင်ထင် တွေ့မြင်နေရသည်။ ကော့ရှွန်းသော မျက်တောင်များအောက်ရှိ လှိုင့်မျက်ဝန်းတွင် အရဏ်ဦး၌ ပန်းပွင့်ကလေးများထက်မှ ကျဆင်းလုလုနှင်းရည်စက်ကလေးများနယ် တူသည့် မျက်ရည်စကလေးများ တွဲခိုနေသည်။ ချစ်သူကို နောက်ဆုံးနှုတ်ဆက်ရချိန်တွင် အမှန်ကို ဖုံးကွယ်လျက် မုသားစကားကို နှုတ်ဆိုနေရခြင်းကို ကိုကိုရိပ်မိနေသည်။

သို့စေကာမူ လှိုင့်မျက်နှာသည် အံ့ပုရိညှိုရှာတော့မည့်မိုးလို မှိုင်းမှုန်သွားသည်။

"ကိုကို့ထက် ချစ်တဲ့ ... ... နှိုင့်မှာ ရှိနေတယ်။ ... ကို ကိုကို့ထက်ပိုချစ်တယ်။ ဒါကြောင့်မို့ပါ"

ဟိုင်းလက်စ် အမြန်ယာဉ်သည် ချိုင့်ခွက်တစ်ခုကို အရှိန်ပြင်းပြင်းဖြင့် ခုန်ကျော်လိုက်ပုံရသည်။ ကားရှေ့ခန်းတွင် ဖြစ်စေကာမူ ထိုင်နေရာမှ မြောက်တက်သွားသည်။ ကိုကို အိပ်မက်များ ရုတ်ချည်းပျောက်ကွယ်သွားသည်။ ကိုကို့ရင်သည် လှုပ်ခါနေသည်။ လွမ်းမောဆွတ်ကြင်၍ လှုပ်ခါရခြင်းမျိုးမဟုတ်ဘဲ ချိုင့်ကျင်းများ ရေတိုက်စား၍ ပျက်စီးချိုင့်ဝင်နေသော ကျောက်လမ်းပေါ်တွင် အရှိန်ဖြင့် မောင်းလျက်ရှိသည့် ကားကို စီးလာရခြင်းကြောင့် ဖြစ်သည်။ စိန်နားပန်ပွင့်လေးများသည် လမ်းဘေးဝဲယာတွင် လှပသော ပတ္တမြား နားပန်လေးများနယ် ရဲရဲစွေးစွေး ပွင့်လျက်ရှိသည်။ ခရမ်းရောင်

**ယာဉ်မောင်း လူညိုထွားနှင့်**
**ထမင်းသည်လေးနှစ်ဦး၏**
**မျက်ဝန်းများတွင်**
**အချစ်ရည်များ**
**ရွှန်းလဲ့နေသည်။**
**ဒီခရီး၊ ဒီလမ်း၊ ဒီစခန်းများ၌**
**အခါမလပ်တွေ့ရတတ်သော**
**ဆွတ်ပျံ့ကြည်နူးဖွယ်**
**မေတ္တာပုံပြင်များသဖွယ်**
**ဖြစ်နိုင်သည်။**

ခေါင်းလောင်းပန်းကလေးများ လေအဝှေ့တွင် ဘယ်ညာတိမ်းနွဲ့ လှုပ်ရှားနေကြသည်။ နှင်းပန်းနှင့်တူသော အဖြူရောင်တောပန်းများ ဟိုတချို့ ဒီတချို့ ရှိနေသည်။ စိမ်းစိုသော မြသားရောင် မြက်ခင်းပြန့်ကြီးများကို တစ်မျှော်တစ်ခေါ်ကြီး မြင်ရသည်။ တောင်ကတုံးများ၊ တောင်စောင်းများ တချို့တွင် ထွန်ယက်စိုက်ပျိုးရန် ပြေကိုပြုပြင်ထားသဖြင့် နီညိုညို မြေသားများ တပြန့်တပြူး တွေ့မြင်ရသည်။ လှသော၊ မွှေးသော ပန်းတို့တောမှာ ကိုကိုရင်မောနေရသည်။

(၂)

ကြမ်းတမ်းသော ခရောင်းတောလမ်း မိုင်အတော်များများကို ကျော်ဖြတ်လာခဲ့ပြီး နောက်ရှမ်းတောင်တန်း ဟိုင်းလက်စ် အမြန်ယာဉ်သည် ကွတ်ခိုင်သို့ ရောက်ရှိလာခဲ့သည်။ နံနက် ၉ နာရီ ၄၅ မိနစ်။

ပြာလွင်သော ကောင်းကင်ကို နောက်ခံထား၍ ကွတ်ခိုင်၏ နာမည်ကျော် လွိုင်ဆမ်ဆစ်တောင်ထွတ်ကြီးကို ရင်ထဲက အမှတ်ရလိုက်သည်။ လွိုင်ဆမ်ဆစ်သည် ကွတ်ခိုင်ဒေသ၏ အထိမ်းအမှတ် နိမိတ်ပုံနယ်ဖြစ်သည်။ လွိုင်ဆမ်ဆစ်တောင်ထွတ်ကြီးက ခရီးသည် ကိုကို့ကို လျစ်လျူပြုနေပြီလား မပြောတတ်နိုင်။ လွိုင်ဆမ်ဆစ်နှင့် စပ်လျဉ်း၍ ဗိုလ်ထီးက "လွိုင်ဆမ်ဆစ်သို့ တောင်းပန်ခြင်း" ဟူသော ဂီတသံစဉ် တစ်ခုကို ဖန်တီးထားခဲ့သည်။ လွိုင်ဆမ်ဆစ်သည် ရှမ်းဘာသာအားဖြင့် တောင်



www.burmeseclassic.com

www.burmeseclassic.com

အလုံး ၃၀ ဟု အဓိပ္ပာယ်ရသည်။ လှိုင်ဆမ်ဆစ်၏ သမိုင်းကို ကြားဖူးနားဝ တချို့ရှိနေသည်။ လှိုင်ဆမ်ဆစ် တောင်ထွတ်ကြီး၏ အကြောင်းခြင်းရာများကို အမှတ်တရရှိနေခဲ့သည်။ ချစ်သူ မောင်နှံနှစ်သွယ် အနယ်နယ်သော လူမှုရေးစီးပွားရေးအခြေအနေ အရပ်ရပ်များကြောင့် ဝေးကွာရချိန်တွင် လှိုင်ဆမ်ဆစ်သို့ တိုင်တည်၍ သစ္စာစကား ဆိုခဲ့ကြရသည်။ ချစ်သူနှစ်ဦး နီးခဲ့ကြရလျှင် သေတစ်ပန် သက်တစ်ဆုံး မမုန်းနိုင်အောင် ပေါင်းသင်းကြပါမည် ဟူ၍ဖြစ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် တစ်ဦးဦးက သစ္စာပျက်ယွင်းခဲ့လျှင် လှိုင်ဆမ်ဆစ်၏ ကျိန်စာကြောင့် အသက်ဆုံးရှုံးရသည်အထိ ဖြစ်ခဲ့ရဖူးကြောင်း ရှေးလူကြီးသူမများ ပြောဆိုမှာကြား ထားရစ်ခဲ့သည်ဟု ဆိုသည်။

ဗိုလ်ထီး၏ ဂီတသံစဉ်တွင် ရင်နင့်စရာအဖြစ်များကို တေးဖွဲ့သီထားခဲ့သည်။

(မောင်နဲ့မယ် အနေဝေးချိန်မှာ အဂ္ဂင့်သမီးပျိုအား။ အရင့်အေးရိပ် ဖြန့်မိုးကာကွယ် စောင့်ရှောက်ထား ဟိုတုန်းက တောင်းပန်ခဲ့ ခုများတော့ နှုတ်မရပြီ ငါ့စကားနဲ့ ငါ့ကျိန်စာ၊ အပြစ်ကင်းစင်သူလေးကို တကယ်စူးဒနေပြီကော၊ လွန်ခဲ့သူငါ တစ်ယောက်တည်း ရှူမတတ်ဖြစ်ပြီး (လှိုင်ဆမ်ဆစ်ရေ)၂ သူ့ကိုသနား သူ့ကိုယ်စား ငါ့ကို အပြစ်ပေးပါလား။ ဖြူစင်သန့်ရှင်းလည်း နာမည်နဲ့ရင်းပြီး ရေဝိဉ်မှာ နစ်ခဲ့ပြီ (တောင်ပေါ်မြေ အသိပဲ) အပျိုစင် အလှပန်းလေး ကွယ်ရာလူ မသိချိန်၊ မောင်ခိုကာညှိုးပြီလား၊ ဟင်ငိုနေမ/သလား လှိုင်ဆမ်ဆစ်ရေ၊ ပြန်မရောက်မယ့် သူတစ်ယောက်ကို မျှော်လင့်မယ့်အစား၊ သူကလေးကို တော်သင့်သူ ရှာပေးပါလား။ သတိရခြင်းနဲ့ မကာန်သူ မေ့ပစ်ဖို့ကောင်းတဲ့သူ၊ သူ့အချစ်နဲ့ မထိုက်ပြီပေါ့၊ တော့င်မင်းသခင်ရှိကျိုးပြီး တောင်းပန်မယ်၊ သူကလေးအပေါ် အုပ်မိုးတဲ့ အရိပ်ကင်းလွတ်ပါစေ၊ (လှိုင်ဆမ်ဆစ်ရေ)၂ သူ့ကိုသနား သူ့ကိုယ်စား ငါ့ကိုယ်အား အပြစ်ပေးပါလား)

သစ္စာပျက်ယွင်းသော ချစ်သူကို တောင်မင်း လှိုင်ဆမ်ဆစ်က အပြစ်မယူစေဘဲ ချစ်သူကိုယ်စား သူ့ကိုသာ အပြစ်ပေးပါလားလို့ တောင်းပန်ခဲ့သည့် နယ် ကွတ်ခိုင်နယ်၏ တောင်ထွတ်ကြီး လှိုင်ဆမ်ဆစ်ကို တမ်းတတိုင်တည်ရင်း လှိုင့်ကိုယ်စား ကိုကိုက လှိုင်ဆမ်ဆစ်ကို တောင်းပန်နေချင်ပေသည်။

လွင့်မျောနေသော ဂီတသံစဉ်များသည် ကွတ်ခိုင်၏ စိမ့်အေးသော လေညင်းမြူးကြွအလာမှာ ကိုကို့ရင်ကို တိုးဝှေ့လာသည်။

"မနက်စာ ဒီမှာစားကြမယ်။ ခရီးသည်များအားလုံး ဆင်းနိုင်ပါပြီ။ ရှေ့ရောက်ရင် စားစရာဆိုင် မရှိတော့ပါဘူး"

ယာဉ်မောင်းက ကားတံခါးကိုပိတ်ရင်း ခရီးသည်များကို နှိုးဆော်လိုက်သည်။ လပ်ကီးစားတော်ဆက်တွင် ကျွန်တော်တို့အဖွဲ့ ဝင်ရောက်နေရာယူကြသည်။ အပေါ့အပါးသွား၊ ကိုယ်လက်သုတ်သင်ပြီးချိန်တွင် နံနက်စာ ထမင်းစားကြသည်။ ထမင်းရင်း ယာဉ်မောင်းသမား လူညိုထွားနှင့် စားသောက်ဆိုင်မှ လုပျိုဖြူကလေး နှစ်ဦးသား တွတ်ထိုးနေသည်ကို ငေးမောနေရသည်။

"အစ်ကို ဒီနေ့စောတယ်။ ခရီးသည်ကတော့ ပြည့်ပါတယ်။ ဘာဟင်းနဲ့ စားမလဲ အစ်ကို"

"ခရီးသည်ကတော့ ခါတိုင်းလိုပါပဲ။ မိုးမရွာလို့ လမ်းတွေခြောက်နေတယ်။ ဒါကြောင့် နည်းနည်းစောရောက်တယ်။ အဲမေတို့ ဈေးရောင်းကောင်းမှာပါ။ အစ်ကိုကတော့ ခါတိုင်းလိုပဲ မျှစ်ချဉ်နဲ့ ဝက်သား။ ကြံမဆိုင်ဟင်းချို၊ ကြက်ကုန်းဘောင်၊ မုန်ညင်းဆော့၊ ဒါဆိုရပြီ"

"ပြင်ပေးမယ်၊ ခဏစောင့်နော်။ လစ်ပိုမသောက်တော့ဘူးလား။ အမော ပြေသွားအောင်"

"ကောင်းသားပဲ။ တစ်ပုလင်းလောက်။ အမောပြေ အဲမေကိုကြည့်ရင်း သောက်ဦးမယ်"

ယာဉ်မောင်း လူညိုထွားနှင့် ထမင်းသည်လေးနှစ်ဦး၏ မျက်ဝန်းများတွင် အချစ်ရည်များ ရွှန်းလဲ့နေသည်။ ဒီခရီး ဒီလမ်း ဒီစခန်းများ၌ အခါမလပ် တွေ့ရတတ်သော ဆွတ်ပျံ့ ကြည်နူးဖွယ် မေတ္တာပုံပြင်များသဖွယ် ဖြစ်နိုင်သည်။ ဝမ်းရေးအတွက် လှုပ်ရှားရန်ကန်ရင်း အနာဂတ်ကို ရည်မှန်း၍ လှပသော အိပ်မက်ကလေးများကို မျှော်လင့်စောင့်စားနေကြစကောင်းသည်။ ကျွန်တော်၏ ရင်သည် မျှစ်ချဉ်ဟင်းရည်ကိုသောက်ရင်း ကြည်နူးနှစ်သိမ့် တငြိမ့်ငြိမ့်ခုန်နေသည်။

"ဩော်···ကို့ဒုံးအပါးမှာ ကိုချစ်တဲ့၊ မြတ်နိုးရတဲ့ လှိုင်ပါလာရင် ဘယ်လောက်ကြည်နူးနှစ်သိမ့်စရာ ကောင်းလိမ့်မလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဆိုင်ရှင် ထမင်းသည်လေးကို ယာဉ်မောင်း ကိုလှညိုထွားက ထမင်းဖိုးလေးဆယ့်ငါးကျပ်တန်တစ်ရွက် ထုတ်ပေးသည်။

“အစ်ကိုတို့ ထမင်းဖိုးကျသင့်တာ ယူလိုက်နော်”

“ထမင်းဖိုးက လေးဆယ်လေ။ အစ်ကိုနှစ်ဆယ်ပဲပေး။ ခါတိုင်းလိုပဲပေါ့။ မှုဆယ်ရောက်ရင် ဈေးနေ့နဲ့ အစ်ကိုကြုံဦးမှာ မဟုတ်လား။ ချန်းလီဘီယာတစ်လုံး အစ်ကိုပိုသောက်နိုင်တာပေါ့”

ထမင်းသည်မလေး၏ လေသံကတိုးတိုးလေးမျှသာ။ သို့တစေ ကျွန်တော်တို့ ထမင်းစားပွဲနှင့်နီးနေ၍ စကားသံများကို မသဲမကွဲကြားရသည်။

“ကျေးဇူးတင်ပါတယ် အဲမေရယ်။ အဲမေကျေးဇူးတွေကို အစ်ကိုတစ်သက်လုံး ကားမောင်းပြီး ပြန်ဆပ်ပါ့မယ်”

“မလိုပါဘူး အစ်ကိုရယ်။ အဲမေ့စေတနာကို၊ အဲမေ့မေတ္တာကို အစ်ကိုရင်ထဲမှာ အစဉ်သိမ်းထားရင်ပဲ အဲမေကျေနပ်ပါပြီ”

ထမင်းသည်မလေးက ကမ်းပေးလိုက်သော ငွေအစိတ်ကို ယာဉ်မောင်း ကိုလှညိုထွားက လှမ်းဆွဲယူလိုက်သည်။ ကိုလှညိုထွား၏ လက်ချောင်းလေးများနှင့် အဲမေ၏ ဖြူသွယ်သော လက်ချောင်းလေးများ တဒင်္ဂမျှ ထိတွေ့လိုက်သည်။ သင်းတို့၏ မျက်လုံးအစုံတွင် မြတ်နိုးခြင်း၊ တွယ်တာခြင်း၊ ကြင်နာခြင်း၊ ချစ်ခင်ခြင်း သံယောဇဉ် အမျှင်အငွေ့များ ယှက်သန်းသွားကြသည်ကို ကျွန်တော် သတိပြုမိသည်။ ငြိမ့်ညောင်းသာယာနာပျော်ဖွယ်ရာ ကဗျာသံစဉ်တစ်ခု စီးမျောရွေ့လျားသွားသည့်အလားပင်။

မေတ္တာဟူသည် ဝန်းကျင်ကို အလှဖြင့် သာယာအောင် ဖန်တီးနိုင်သည်။ လူသားတို့အား နှလုံးစိတ်ဝမ်း အေးချမ်းအောင် စေစားနိုင်သည်။ အရှိန်အဟုန်ပြင်းထန်သော ချောက်ချားကြောက်မက်ဖွယ်ရာ မုန်တိုင်းများကိုလည်း ဖန်တီးနိုင်စွမ်းရှိသည်။ လောကမြေအပြင်ကို သာယာကြည်လင်အောင်၊ ညစ်ထေးနောက်ကျိအောင် တစ်မုဟုတ်ချင်း ပြုပြင်ဖန်တီးနိုင်စွမ်းရှိသည်။ လားရှိုး-မူဆယ် ခရီးစဉ် မဆုံးမီ မေတ္တာ၏ အတိမ်အနက် မငြိမ်မသက်သော မနောသဘောကို နှလုံးအိမ်အကြည်ဓာတ်ဖြင့် လှမ်းပတ်ချုပ်ကိုင် သိမြင်နိုင်ခဲ့ပြီ။ ရှမ်းတောင်တန်းဟိုင်းလက်စ်အမြန်ယာဉ်သည် ကွတ်ခိုင်မှ ထွက်ခွာလာခဲ့ပြီ။ ယာဉ်မောင်း ကိုလှညိုထွား၏ စိတ်အစဉ်များ အဲမေထံတွင် ကျန်ရစ်ခဲ့လေသည်လား ကျွန်တော် မပြောတတ်နိုင်။ သို့ပင်ဖြစ်စေကာမူ မော်တော်ယာဉ်သည် ခရီးစဉ်အတိုင်း မပျက်မကွက် အရှိန်အဟုန်ဖြင့် ခရီးနှင်နေသည်။

နတ်ဖတ်ကာသို့ ရောက်ရှိသည့်အခါ ရှမ်းတောင်တန်း၏ အခြားခရီးသည်တင် မော်တော်ယာဉ်နှစ်စီးကို စောင့်ဆိုင်းရင်း အခိုက်အတန့်မျှ ရပ်နားသည်။ လမ်းတစ်ဖက် အဆောက်အအုံတစ်ခုတွင် ဆိုင်းဘုတ်ငယ်တစ်ခု ထောင်ထားသည်။ နေ့ပွဲ ၁း၃၀ နာရီအချိန် ပြသမည့် ဇာတ်ကားအမည် “နှလုံးသားမြို့တော်”၊ ပါဝင်သူများ နေအောင်၊ မို့မို့မြင့်အောင်၊ ခင်သီတာထွန်း။

“ဩော်…နှလုံးသား ဈေး ၃ကီစွ ရပ်တွေဟာ နေရာတိုင်းမှာ လွှမ်းမိုးကြီးစိုးနေတာပါပဲလား”

ကိုကို့စိတ်အတွေးများ ဟိုးအဝေးဆီသို့ လွင့်မျောရောက်ရှိသွားသည်။ စိတ်၊ စိတ်၏သဘောသည် စေစားရာသို့ တစ်မုဟုတ်ချင်း ရောက်ရှိနိုင်သည်။ အတားအဆီး၊ အနှောင့်အယှက်၊ အကွယ်အကာ၊ ခလုတ်ကန်သင်းများကို ဖြတ်သန်းကျော်လွှားနိုင်သည်။ ထက်မြက်လှသော စွမ်းအင်ဖြင့် စေလိုရာကို ဖန်တီးစေစားနိုင်သည်။ သို့တစေ စိတ်၏ဖြေပြေရာသည် အကောင်အထည်၊ ပုထည်၊ ဒြပ်ဖြင့် ဖြစ်တည်ပေါ်ထွန်းလာခြင်း မရှိနိုင်။ ယခုလည်း မြတ်နိုးတွယ်တာရသော ချစ်သူ လှိုင်က ပေးထားရစ်ခဲ့သော အိပ်မက်ဝေဒနာကို ကိုကို့စိတ်စွမ်းအင်ဖြင့် ဆယ်မကာယ်ယူခြင်းမပြုနိုင်။

“အိပ်မက်တွေ ပြေပျောက်ပါစေတော့။ ဝေဒနာတွေ လှိုင်ပြန်ယူသွားပါတော့”

ရင်ထဲက ကိုကို့စိတ်ဆန္ဒများ။ အိပ်မက်တွေသည်လည်း မသေမချာ မရေမရာ ရှိနေလိမ့်ဦးမည်။ ဝေဒနာတွေသည်လည်း ရင်မှာ တွယ်တာငြိတွယ်နေလိမ့်ဦးမည်။ စိတ်တွေ တွေနေခိုက်မှာ အတိတ်တစ္ဆေသည် ရေမြေဆုံးသည့်တိုင် မရပ်မနား ထပ်တလဲလဲ ခြောက်လှန့်နေချိမ့်ဦးမည်။

**ခင်မောင်အေး(မန္တလေး)**

www.burmeseclassic.com

# အကြားအမြင် ပါရမီရှင်လေး

● တက္ကသိုလ်သန်း

ကျွန်တော်နေ့စဉ် အလုပ်အသွားအပြန် ဂျာနယ်တိုက်မှ ကားကြိုပို့လုပ်ပေးသဖြင့် များစွာအဆင်ပြေသည်။ ကျွန်တော့်ဂျာနယ်တိုက်၏ စီမံရေးရာဒါရိုက်တာက ကျွန်တော့်အသက်အရွယ်ဖြင့် ဘတ်စ်ကားမစီးရန် ပြောပြီး ကားအကြိုအပို့ လုပ်ပေးခြင်းဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရပါ၏။

တစ်နေ့ ကျွန်တော့်အား လာကြိုသော "စုဌကီး" [illegible]ှာ ကျွန်တော့်အိမ်ရှေ့တွင် မတော်တဆ ရှေ့ဘီး သံစူးမိသဖြင့် တာယာဆိုင်သို့ အမြန်ထွက်ခဲ့ကြ၏။ တာယာဆိုင်မှာ ကျွန်တော့်လမ်းထိပ်တွင် ဖြစ်သဖြင့် ငါးမိနစ်ပင် မကြာဘဲ ဆိုင်သို့ရောက်သည်။

ကျွန်တော့်ယာဉ်မောင်းက ဘီးဖာမည့်အလုပ်သမားကို တိုင်ပင်ပြီး ဘီးကိုမဖြုတ်ဘဲ ဖာ၍ရသည့်နည်းဖြင့် ဆောင်ရွက်နေစဉ် ကျွန်တော်သည် ဆိုင်ရှင်ဟု ယူဆရသည့် လူငယ်လေးနှင့် စကားစမြည် ပြောသည်။ ဆိုင်ရှင်လူငယ်ကလည်း ကျွန်တော့်ကို သူ့ဆိုင်အတွင်းဝင်ထိုင်ရန် ဖိတ်ခေါ်သဖြင့် ကျွန်တော်ဆိုင်အတွင်း ရောက်ရှိသွားသည်။ ထိုင်ခုံလွတ်တွင် ဝင်ထိုင်သည်။

မဆိုင်းမဆွပင် လူငယ်က -

"ဆရာက ----ဂျာနယ်တိုက်က မဟုတ်လား"

ဟု စကားဆိုလိုက်သဖြင့် ကျွန်တော်အံ့သြသွားသည်။ ကျွန်တော်အံ့သြမည်ဆိုလည်း ဆိုထိုက်သည်။ ကျွန်တော် သူ့ဆိုင်သို့ ပထမဦးဆုံး ရောက်ဖူးခြင်းဖြစ်သည်။ သူ့ကိုလည်း ယခုမှ မြင်ဖူးတွေ့ဖူးသည်။ ကျွန်တော် ----ဂျာနယ်တိုက်တွင် အလုပ်လုပ်နေသည်ကို သူမည်သို့သိသနည်း။ ကျွန်တော်အတော်ပင် အံ့အားသင့်ရ၏။

လူငယ်မှာ အသက်ရှိလွန်း ၃၀ ခန့်သာ ရှိမည်။ သူ့ကိုမြင်လိုက်သည်နှင့် ဟိန္ဒူလူမျိုးမှန်း ကျွန်တော်မှန်း၍ရ၏။ သူ့အသားအရေမှာ အညိုရောင်ဘက်သို့များပြီး သူ့နှာတံကလည်း အနည်းငယ်ချွန်ပြီး ဖြောင့်တန်းနေသည်။ ဟိန္ဒူလူမျိုးတို့၏ ပုံပန်းသဏ္ဌာန်ဖြစ်နေ၍ ထိုသို့မှန်းဆမိခြင်းဖြစ်၏။

"လူလေး・・・မင်းက ဟိန္ဒူထင်တယ်"

"ဟုတ်ပါတယ်"

"ကိုယ်က -----ဂျာနယ်တိုက်ကဆိုတာကို မင်းဘယ်လိုသိသလဲ"

ဟု ကျွန်တော်က ကောက်ကာငင်ကာ မေးလိုက်ရာ သူက -

"ကျွန်တော်က အကြားအမြင် ပါရမီရှင်ပါ"

ဟု ရဲဝံ့ပြတ်သားစွာ ပြန်ဖြေသည်။

ပြောလို့သာပြောရသည်။ သူ့စကားကို ကျွန်တော်က သိပ်ပြီးမယုံချင်။ ခက်သည်က ကျွန်တော့်ကို သူပြောပုံက ဒက်ထိမှန်နေသဖြင့် မယုံ၍လည်း မဖြစ်ပေ။ သည်အတွက် ကျွန်တော် သူ့အားမေးခွန်းတစ်ခု မေးလိုက်ပြန်သည်။

"ကိုယ့်မှာ ဘာရောဂါရှိသလဲ ဆိုစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အမေးကို သူရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောမနေဘဲ ချက်ချင်းပင် ပြန်ဖြေသည်။

"ဆရာ့မှာ နာတာရှည်ရောဂါမရှိဘူး။ ဒါပေမယ့် ဆရာက သေမယ်ဆိုရင် ဝေဒနာမခံစားရဘဲ သေသွားနိုင်တဲ့ အခြေအနေပဲ"

သည်အချက်လည်း မှန်လိုက်လေဟု ဆိုရမည်ဖြစ်သည်။

ယခုအသက်အရွယ်အထိ ပြောပလောက်အောင် ကျွန်တော်ရောဂါကြီးကြီးမားမား မဖြစ်ခဲ့။ သည်အတွက် ကျွန်တော်ပို၍ပင် အံ့သြရပြန်သည်။ သူပြောသည့်အတိုင်း အကြားအမြင် ပါရမီရှင်ဖြစ်၍ ဤမျှမှန်အောင်ပြောနိုင်ခြင်းလားဟု စဉ်းစားမိသည်။

သူက စကားစပ်မိသဖြင့် အသက် ၆၀ ကျော် သူ့အဘွားသည် ရောဂါတစ်ခုကြောင့် ဆေးရုံတက်ခဲ့ရာ ဆရာဝန်လက်လွှတ်လိုက်သဖြင့် အိမ်သို့ပြန်ခေါ်ခဲ့ရကြောင်း ပြောပြသေး၏။ ဆိုလိုသည်မှာ လူတို့ဘဝ အသက်အရွယ်ရလာလျှင် ရောဂါတစ်ခုမဟုတ်တစ်ခု ဝင်လာမြဲဖြစ်သည်ကို ပြောလိုခြင်းဖြစ်၏။

ကျွန်တော်မေးသည့်အချက်ကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် လူငယ်အား ကျွန်တော့်ယုံကြည်ချက် ပိုမိုခိုင်မာစေရန် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"လူလေးကို တစ်ခုမေးချင်သေးတယ်"

"မေးပါဆရာ၊ ကျွန်တော်မြင်သိသမျှ ဖြေပါ့မယ်"

"ဒါဆို ကောင်းပြီလေ။ ကိုယ့်ရဲ့စီးပွားရေးအခြေအနေကို မင်းဘယ်လိုမြင်သလဲ ပြောစမ်းပါဦး"

သူက ယခင်အတိုင်းပင် ကျွန်တော့်အမေးကို ချက်ချင်းအဖြေပေးသည်။

"ဆရာက စီးပွားရေးမဆိုးပါဘူး။ အေးအေးလူလူ စားနိုင်သောက်နိုင်တယ်၊ ငွေရေးကြေးရေး အဆင်ပြေတယ်လေ"

သူ့အဖြေကြောင့် ကျွန်တော် ပို၍ပင် နီးနီးကြားကြား ဖြစ်လာသည်။ ကျွန်တော့်ကို ယခုမှ မြင်တွေ့ဖူးသူက ကျွန်တော့်ပုံသဏ္ဌာန်ကိုကြည့်ပြီး ကျွန်တော့်စီးပွားရေးအခြေအနေကို မှန်အောင်ပြောနိုင်သည့်အတွက် ကျွန်တော့် သူ့ကို အထင်ကြီးသွားသည်။

"ဒါနဲ့ နေပါဦး။ မင်းက စာတွေဘာတွေ ဖတ်သလား"

ကျွန်တော်က ထိုသို့မေးခြင်းမှာ ကျွန်တော့်ထံတွင် ပါလာသော ဂျာနယ်တစ်စောင် လက်ဆောင်ပေးလို၍ ဖြစ်သည်။

"ကျွန်တော် ဂျာနယ်လည်းဖတ်တယ်၊ ပုဂ္ဂလိက သတင်းစာလည်း ဖတ်တယ်"

ထိုသို့ဆိုသဖြင့် ကျွန်တော်က ကျွန်တော့်ယာဉ်မောင်းအား ကားပေါ်မှာပါလာတဲ့ -----ဂျာနယ်တစ်စောင်ကို သူ့အား ယူပေးရန် ပြောလိုက်သဖြင့် ကျွန်တော့်ယာဉ်မောင်းက -----ဂျာနယ်တစ်စောင်ကို ယူပြီး သူ့အားပေးလိုက်သည်။

"ပုဂ္ဂလိကသတင်းစာ ဖတ်တယ်ဆိုတော့ ဘယ်သတင်းစာကို ဖတ်တာလဲ"

"ကျွန်တော် ရွှေနိုင်ငံသစ် သတင်းစာကို အမြဲဖတ်ပါတယ်"

ကျွန်တော်က ရွှေနိုင်ငံသစ်သတင်းစာတွင် ဆောင်း

**သူ့အဖြေကြောင့် ကျွန်တော် ပို၍ပင် နီးနီးကြားကြားဖြစ်လာသည်။ ကျွန်တော့်ကို ယခုမှ မြင်တွေ့ဖူးသူက ကျွန်တော့်ပုံသဏ္ဌာန်ကိုကြည့်ပြီး ကျွန်တော့်စီးပွားရေးအခြေအနေကို မှန်အောင်ပြောနိုင်သည့်အတွက် ကျွန်တော့် သူ့ကို အထင်ကြီးသွားသည်။**



www.burmeseclassic.com

www.burmeseclassic.com

ပါးများကို မကြာခဏ ရေးနေသဖြင့် သူတကယ်ဖတ်မဖတ် သိနိုင်ရန် မေးခွန်းတစ်ခု မေးလိုက်သည်။

"မင်းရွှေနိုင်ငံသစ်သတင်းစာမှာ -----ရဲ့ ဆောင်းပါးကို ဖတ်ဖူးသလား"

"ဖတ်ဖူးတာပေါ့"

ဤသို့ဖြင့် ကျွန်တော်က သူ့အား မြန်မာနိုင်ငံ စာရေးဆရာအသင်းက ထုတ်ပေးထားသော ကျွန်တော့်အမည်ရင်းနှင့် ကလောင်အမည်ပါသော စိစစ်ရေးကတ်ပြားကို သူ့အား ထုတ်ပြလိုက်ရာ -

"စာရေးဆရာ ----က ဆရာပါလား"

ဟု ဆိုသည်။

ကျွန်တော်က ဟုတ်မှန်ကြောင်း ခေါင်းညိတ်လိုက်သည်။ သည့်နောက် သူ့အားနှုတ်ဆက်ပြီး ကျွန်တော်အလုပ်တိုက်သို့သွားရန် ကားပေါ်အတက်တွင် သူက -

"နောင်ကြုံရင် ဝင်ခဲ့ပါဦးဆရာ"

ဟု ပြုံးရွှင်စွာ နှုတ်ဆက်ပါသည်။

နောက်နှစ်ပတ်ခန့်အကြာ ကျွန်တော့်အလုပ်တိုက်မှ ကားဘီးလေချိန်ရန် သူ့ဆိုင်သို့ ဝင်ခဲ့သည်။ ကျွန်တော် သူ့ကို မတွေ့သဖြင့် အလုပ်သမားလေးအား မေးကြည့်သည်။

"ဆိုင်ရှင်ဘယ်သွားနေသလဲ၊ မတွေ့ပါလား"

အလုပ်သမားလေးက ကျွန်တော့်အမေးစကားကို မဖြေချင်ဖြေချင်နှင့် ဖြေလိုက်ပုံက -

"သူဆုံးသွားပြီလေ။ ရက်လည်တာ တစ်ရက်-နှစ်ရက်ပဲ ရှိသေးတယ်"

အလုပ်သမား၏ စကားကြောင့် ကျွန်တော် အတော်ပင် တုန်လှုပ်သွားသည်။ မည်သို့မျှ မဖြစ်နိုင်ဟုလည်း ထင်မိသည်။

"ဒါနဲ့ သူ ဘာရောဂါနဲ့ ဆုံးသွားတာလဲ"

ကျွန်တော်က သိလိုဇောနှင့် မေးလိုက်သည်။

"အစာမစားတဲ့ ရောဂါလို့ပဲ ကျွန်တော်သိတယ်"

အလုပ်သမားလေး၏ အဖြေက မရေမရာ။ "**အစာမစားတဲ့ရောဂါ**"ဟူ၍ မကြားဖူး။ ထို့ကြောင့် ကျွန်တော်က ထပ်ပြီးမေးလိုက်ပြန်သည်။

"မင်းစကားကလည်း အဆန်းပဲ။ ငါ့ရှင်းအောင် ပြောပါဦး"

"ကျွန်တော် ဒါပဲသိတယ်။ ဆရာ့ကို ရှင်းမပြတတ်ဘူး။ ဆရာသိချင်ရင် ဟိုမှာ သူ့အစ်ကိုရှိတယ်။ သွားမေးကြည့်ပါလား"

အလုပ်သမားလေးက စိတ်မရှည်သည့်သဘောမျိုးဖြင့် ဆိုင်အတွင်း ထိုင်နေသော လူရွယ်တစ်ဦးကို ညွှန်ပြသည်။ ကျွန်တော်လည်း အဖြေမှန်ကို သိလိုဇောဖြင့် ထိုလူရွယ်ထံ သွား၍ မိတ်ဆက်လိုက်သည်။ ပြီးလျှင် ကျွန်တော်သိလိုသည်ကို မေးလိုက်သည်။

"ဟိုတစ်လောက ဆုံးသွားတာ လူလေးရဲ့ ညီလား။ သူက ဘာရောဂါနဲ့ ဆုံးသွားတာလဲ"

ကျွန်တော့်ဒ မေးကို လူရွယ်က စိတ်ရှည်လက်ရှည် ရှင်းပြသည်။

**"ဒီလိုပါ ဆရာ။ ကျွန်တော့်ညီက ဘာသာရေးသမား။ ဘာသာရေးကို တအားလိုက်စားတယ်။ နေ့တိုင်း သတ်သတ်လွတ်စားတယ်၊ ဥပုသ်စောင့်တယ်။ အားရင် တရားထိုင်တယ်။ တစ်ခါတလေ အစာမစားဘဲ အရည်တစ်ခုခုသောက်ပြီး နေလေ့ရှိတယ်။ ကြာတော့ ဘယ်ခံ မလဲ။ အစာအိမ်သွေးကြော ပေါက်သွားတော့တာပေါ့"**

"သူ့ကို ဆေးရုံ၊ ဆေးခန်း မပြဘူးလား"

သူရှင်းပြနေသည့်ကြားမှ ကျွန်တော်က သိချင်တာ ဆန္ဒစောပြီး မေးလိုက်ခြင်းဖြစ်သည်။

"ပြတာပေါ့။ နောက်ဆုံး ဆေးခန်းက ဆရာဝန်က ဆေးရုံသွားဖို့ ပြောတယ်။ ဆေးရုံရောက်ပြီး နောက်နေ့မှာ သူဆုံးသွားတယ်။ သူ့စိတ်နဲ့ ကျွန်တော်တို့အမေလည်း အိပ်ရာထဲ လဲသွားတော့တယ်။ ဒါပါပဲ ဆရာ"

"ဪ . . . ဒီလိုလား"

ကျွန်တော်သည် လူရွယ်အား နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ အစားအသောက်ပျက်ကာ တရားဘက်ကို လိုက်စားခဲ့သော **တကယ့်အကြားအမြင် ပါရမီရှင်လေးကို** တမ်းတ သတိရမိသဖြင့် ဤစာကို ရေးလိုက်ခြင်း ဖြစ်ပါ၏။

တက္ကသိုလ်သ...



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ကောင်းတို့နှလုံးသား

## ၇

### အနှိုင်းမဲ့ယာဉ်ဖြင့် ကျော်ဖြတ်ခြင်း

**အရှင်အာကုံရ (ရွှေမန်းသား)**

"သဒ္ဓါတရတိ ဩဃံ၊ အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေနဒုက္ခမစ္စေတိ၊ ပညာယ ပရိသုဇ္ဈတိ။"

*(အာဠဝကသုတ်)*

အာဠဝက ယုံကြည်မှု သဒ္ဓါတရားဖြင့် ဩဃလေးဖြာ သံသရာကို ကူးမြောက်နိုင်၏။ မမေ့မလျော့ခြင်း အပ္ပမာဒတရားဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာကို ကူးမြောက်နိုင်၏။ ထကြွလုံ့လဝီရိယဖြင့် ဆင်းရဲခြင်းဒုက္ခတွေကို လွန်မြောက်နိုင်၏။ ပညာဖြင့် ကိလေသာအညစ်အကြေးတွေကို ဖယ်ရှားသုတ်သင်နိုင်၏။

တရားသဘောနဲ့ပြောရရင် လူတိုင်း၊ သတ္တဝါတိုင်း၊ သက်ရှိတိုင်းဟာ သံသရာပင်လယ်ကြီးထဲမှာ မွန်းကျပ်နေကြတဲ့သူတွေပါ။ သားရေး၊ သမီးရေးတွေနဲ့လည်း မွန်းကျပ်ကြပါတယ်၊ စီးပွားရေးတွေနဲ့လည်း မွန်းကျပ်ကြပါတယ်၊ အချစ်ရေးတွေနဲ့လည်း မွန်းကျပ်ကြပါတယ်၊ ဒီလို မွန်းကျပ်နေကြတဲ့ သံသရာဝဲဩဃကြီးထဲမှာ ကူးရင်းနဲ့ နစ်လိုက်၊ နစ်ရင်းနဲ့ ကူးလိုက်နဲ့ စုန်ချီတစ်ခါ၊ ဆန်ချည်တစ်လှည့်ရယ်နဲ့ နွံ့တဲ့အခါ နွံ့လိုက်၊ မာတဲ့အခါ မာလိုက်၊ သာတဲ့အခါ သာလိုက် ဗျာဆိုက်နေကြတာ နေ့စဉ်နဲ့ အမျှပဲ မဟုတ်လား။ စာရေး



www.burmeseclassic.com

www.burmeseclassic.com

သူကော စာဖတ်သူပါ ပုထုဇဉ်လူသားစစ်စစ်တွေ ဖြစ်လေတော့ ဒီဝဲသြယကြီးထဲမှာ ဒီနေ့ ဒီအချိန်ထိ ကူးနေကြရတုန်းပဲလေ။ ဘယ်နေ့ ဘယ်အချိန်ကျမှများ လွတ်မြောက်မလဲဆိုတာကလည်း အလှမ်းဝေးနေဆဲပါ။ မလွတ်ချင်ဘူးလားဆိုတော့ လူတိုင်းက လွတ်မြောက်ချင်တယ်လို့ ဆိုပေမယ့်

(၁) တချို့က လွတ်မြောက်ချင်တယ်၊ ဒါပေမယ့် ဘာနဲ့ကူးရမှန်း မသိကြပါဘူး။

(၂) တချို့ကျတော့ မလွတ်မြောက်ချင်ဘူး။ ဒါပေမယ့် ဘာနဲ့ကူးရမယ်ဆိုတာ သိကြပါတယ်။

(၃) တချို့ကျတော့ မလွတ်လည်း မလွတ်မြောက်ချင်ဘူး။ ဘာနဲ့ ကူးရမယ်ဆိုတာလည်း မသိကြပါဘူး။

(၄) တချို့ကျတော့ လွတ်လည်း လွတ်မြောက်ချင်တယ်။ ဘာနဲ့ ကူးရမယ်ဆိုတာလည်း သိကြပါတယ်။

စာဖတ်သူတွေကို အဲဒီလို လွတ်မြောက်သွားတဲ့သူတွေ အများကြီးရှိတဲ့အထဲက တစ်ယောက်အကြောင်းကို ဖောက်သည်ချပြချင်ပါတယ်။

အဲဒီတစ်ယောက်သော သူတော်ကောင်းကြီးရဲ့ အမည်ကတော့ စာဖတ်သူများ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့ ဘာသာရေးနယ်ပယ်မှာ ခဏခဏ ကြားဖူးနေကျနာမည်ပါ။ သူက ဇေတဝန်ကျောင်းဒကာကြီးလည်း ဖြစ်ပါတယ်။ ဒီလောက်ပြောလိုက်ရင် စာဖတ်သူများ မျက်စိထဲ တန်းပြီး ပြေးမြင်မိမှာပါ။

စာဖတ်သူ ဇဝေဇဝါဖြစ်နေရင် သေချာသွားအောင် နာမည်လေး မှတ်ထားလိုက်ပါဦး။ အဲဒီ ကျောင်းဒကာကြီး အမည်က အနာထပိဏ်လို့ ခေါ်ပါတယ်။ အနာထပိဏ် သူဌေးကြီး ရတနာသုံးပါးအပေါ် ဘယ်လောက်ကြည်ညိုတယ်ဆိုတာ စာဖတ်သူများ သိဖူး၊ ကြားဖူးပြီးသား ဖြစ်နေမှာပါ။ အနာထပိဏ်သူဌေးကြီးဟာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့ဖို့စိတ်စောပြီး ညကြီးမင်းကြီး တစ်ယောက်တည်း ထအသွားမှာ သူ့ကိုယ်က အရောင်အဝါတွေတောင် ထွက်ခဲ့ရတယ်မဟုတ်လား။ မြတ်စွာဘုရားနဲ့ သံဃာတော်အရှင်သူမြတ်တွေ ချမ်းချမ်းသာသာ သီတင်းသုံးဖို့ရန် ဇေတဝန်ရွှေကျောင်းတော်ကြီးကိုလည်း ငါးဆယ့်လေးကုဋေ အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းဒကာကြီးလို့လည်း လူတိုင်းပါးစပ်ဖျားမှာ ဒီနေ့ချိန်ထိ သိနေကြရတယ် မဟုတ်လား။

ကျောင်းဒကာကြီး အနာထပိဏ်သူဌေးကြီးဟာ ကျောင်းဆောက်ပြီးသွားပေမယ့် သူ့ကျောင်းကြီးမှာ သီတင်းသုံးနေတဲ့ သံဃာတော်တွေကို ဒီအတိုင်းပစ်မထားပါဘူး။ ကျောင်းဒကာကြီးဟာ တစ်နေ့ကို သုံးကြိမ်သုံးခါ ကျောင်းကိုလာပါတယ်။ ကျောင်းကိုလာတဲ့အခါတိုင်းလည်း လက်ချည်းဗလာ သက်သက်လာတာ မဟုတ်ပါဘူး။

မနက်ခင်း အလင်းရောင်မလာခင် အရုဏ်ဦးလာတော့ သံဃာတော်တွေသုံးဆောင်ဖို့ ယာဂုတွေ ယူလာပါတယ်။ ညနေခင်းလာရင် ဖယောင်းတိုင်၊ အမွှေးတိုင်နဲ့ သံဃာတော်တွေ ဘုဉ်းပေးသုံးဆောင်ဖို့ ထောပတ်၊ တင်လဲ၊ ဖျော်ရည်စတာတွေ ယူဆောင်လာပါတယ်။ အဲဒီလို နေ့တိုင်း နေ့တိုင်း ကျောင်းကို လက်ချည်းဗလာသက်သက် မလာတဲ့ ကျောင်းဒကာကြီးကို ကျောင်းမှာရှိတဲ့ ကိုရင်ငယ်လေးတွေ၊ ကျောင်းသားငယ်လေးတွေက အမေလိုတစ်မျိုး၊ ဖခင်လို တစ်သွယ် ခင်မင်ရင်းနှီးနေကြပါတယ်။ ကျောင်းဒကာကြီးလာရင် ပြေးသွားကြိုဆိုကြ၊ ဘာတွေပါလဲ မေးကြနဲ့ ဆရာနဲ့ဒကာ ပြူးပျော်ကြလို့ နေပါတယ်။

အဲဒီလို ပြူးပျော်နေတဲ့ ကျောင်းဒကာကြီးမှာ စိတ်ညစ်စရာတွေ မရှိဘူးလားဆိုတော့ ရှိတာပေါ့ စာဖတ်သူရယ်။ သူဌေးကြီးက များသောအားဖြင့် သူ့ရဲ့စီးပွားရေးအလုပ်တွေကို သူ့ရဲ့မန်နေဂျာနဲ့ပဲ လွှဲထားတာများပါတယ်။ ဒါကြောင့် ထင်ပါတယ် စာဖတ်သူရယ်။ တချို့ စီးပွားဘက် သူဌေးတွေက ငွေဆယ့်ရှစ်ကုဋေလောက်ကို ချေးငှားသွားကြပြီး ပြန်မပေးကြတော့ဘူး။ တစ်ခါ နှရာဝဲစွဲ လဲရာသူခိုးထောင်း ဆိုသလိုပါပဲ။ ဘဏ္ဍာတိုက်တွေထဲ ထည့်ထားတဲ့ ဆယ့်ရှစ်ကုဋေလောက်ကလည်း အစိရဝတီမြစ်ထဲ မျောပါကုန်ပါတယ်။

ဒါပေမယ့် သူဌေးကြီးက သူဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ အလှူအတန်းကတော့ နေ့စဉ်ပြုနေပါတယ်။ အိမ်ကိုနေ့စဉ် ဆွမ်းခံကိုယ်တော်တွေ ပင့်ထားပါတယ်။ မြတ်စွာဘုရားကိုလည်း မပြတ်မပြတ် ဆွမ်းပင့်ကပ်တယ်။ အဲဒီလို နေ့စဉ်ရက်စက် ကောင်းမှုကုသိုလ်တွေ လုပ်နေတဲ့ အနာထပိဏ်သူဌေးကြီးကို ဒုက္ခပေးချင်တဲ့သူက ရှိနေပါသေးတယ်။ ဒုက္ခပေးချင်တဲ့သူဆိုလို့ စာဖတ်သူက အဲဒီဟူသာ သူဌေးကြီး

www.burmeseclassic.com

စီးပွားပြိုင်ဘက် သူဌေးကြီးတစ်ယောက်ဖြစ်နေမလားပဲလို့ တွေးချင် တွေးနေမှာပါ။ မဟုတ်ပါဘူး စာဖတ်သူရယ်။ သူဌေးကြီးအလှူတွေပေးနေတာ၊ မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေကို ဆွမ်းတွေပင့်ကပ်နေတာကြည့်ပြီး မနာလို မရှုစိမ့်ဖြစ်နေတဲ့သူက သူဌေးကြီးအိမ်မှာ တံခါးစောင့်တဲ့ တံခါးစောင့်နတ်သမီးပါ။ ဖြစ်ပုံက ဒီလိုပါ စာဖတ်သူရယ်။ အဲဒီ တံခါးစောင့်နတ်သမီးဟာ မြတ်စွာဘုရားနဲ့ သံဃာတော်တွေ သူဌေးကြီးအိမ်ကြွရောက်လာရင် သူက ဘုန်းကံနည်းလေတော့ သူ့ရဲ့ ဘုံဗိမာန်ကနေ ကလေးတွေနဲ့ ကြမ်းပြင်ကို ဆင်းဆင်းပေးရပါတယ်။ မြတ်စွာဘုရားသခင် ကြွလာလိုက် သူက ဆင်းပေးရလိုက်၊ သံဃာတော်တွေကြွလာလိုက် သူက ဆင်းပေးရလိုက်၊ ခဏခဏ ဆင်းနေရတော့ သူက မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို သူဌေးကြီးအိမ်ကို မကြွလာစေချင်ပါဘူး။

ဒီနေရာမှာ ကြုံလို့ စာဖတ်သူများကို ပြောပြချင်တာ တစ်ခုရှိပါတယ်။ များသောအားဖြင့် လူတော်တော်များများက နတ်ကို ကိုးကွယ်ချင်ကြပါတယ်။ နတ်ကို တင်လှူပသတဲ့ အခါမှာလည်း ငှက်ပျောသီးဆိုရင်လည်း လုံးမှ၊ ကြည့်ကောင်းမှ၊ အုန်းသီးဆိုရင်လည်း အညှောင့်မကျိုးမှ။ နတ်အတွက်ဆိုရင် အကောင်းတကာ့အကောင်းဆုံးတွေကို ရွေးပြီး တင်ကြပသကြ၊ ပူဇော်တတ်ကြတယ်မို့လား။

အဲဒီလို တင်လှူပူဇော်နေတဲ့ နတ်ဆိုတာလည်း အများအားဖြင့် အစိမ်းသေနဲ့ မကျွတ်မလွတ်တဲ့ နတ်စိမ်းတွေက များပါတယ်။ အခု အနာထပိဏ်သူဌေးကြီးအိမ်မှာ တံခါးစောင့်တဲ့ နတ်သမီးက စတုမဟာရာဇ်နတ်စာရင်းဝင် နတ်တစ်ပါးပါ။ အဲဒီလို အဆင့်မြင့်တဲ့နတ်တောင်မှ ရတနာသုံးပါးနဲ့ယှဉ်လိုက်ရင် သူက ဘုန်းနည်းနေတော့ လေကားခုံ၊ ကြမ်းပြင်မှာ ဆင်းပေးရတာပဲမို့လား။ ဒါကြောင့် နတ်ကိုးကွယ်မယ်ဆိုရင် အခုအဖြစ်အပျက်လေးကို နည်းနည်း သတိရမိစေချင်ပါတယ် စာဖတ်သူ။

ကဲ… စာဖတ်သူရေ၊ ပြောလက်စ ဇာတ်လမ်းလေးကို ဆက်ပြောကြည့်ရအောင်ပါ။ စောစောကပြောပြခဲ့သလိုပဲ အနာထပိဏ်သူဌေးကြီးရဲ့အိမ်မှာ တံခါးစောင့်နတ်သမီးက အိမ်ကို မြတ်စွာဘုရားနဲ့ သံဃာတော်တွေ ဝင်ထွက်နေတာ မကြိုက်တာကြောင့် မလာအောင် ကြံပါတယ်။ ဘယ်လိုကြံလဲဆိုရင် ဖြစ်ပုံက ဒီလိုပါ။ သူက သူဌေးကြီးကို တိုက်ရိုက် မပြောရဲဘူးလေ။ ဒါကြောင့် သူဌေးကြီးမန်နေဂျာဆီ ကိုယ်ထင်ပြပြီး -

"မန်နေဂျာ…သင်တို့ သူဌေးကြီးက သူ့ရဲ့စီးပွားရေးတွေကို လျစ်လျူရှုထားတယ်။ ဒါကြောင့် စီးပွားတွေ ကျနေတယ်။ မြတ်စွာဘုရားနဲ့ သံဃာတော်တွေကိုပဲ ပစ္စည်းဥစ္စာတွေကို ရက်ရက်ရောရော လှူနေတာ။ ဒါကြောင့် ခုစီးပွားက တက်မလာတာ။ စီးပွားရေးတွေ ပြန်ကောင်းလာအောင်၊ တိုးတက်လာအောင် မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို လှူဒါန်းနေတာတွေ ရပ်ပစ်လိုက်ပါ"

သူဌေးကြီးမန်နေဂျာက ဒီစကားတွေကြားတော့ ဒေါသထွက်ပြီးတော့လေ နတ်ယုတ် ထွက်သွားဆိုပြီး အော်လွှတ်လိုက်ပါတယ်။

ဒါပေမယ့် နတ်သမီးကလည်း အလျှော့မပေးဘဲ တစ်ခါ သူဌေးကြီးရဲ့ သားအကြီးဆုံးဆီမှာ သွားပြီး စောစောက မန်နေဂျာဆီမှာ ပြောတဲ့စကားတွေ ထပ်ပြောပါတယ်။ သူဌေးကြီးသားအကြီးဆုံးကလည်း လက်မခံပါဘူး။ စောစောက မန်နေဂျာလိုပဲ "နတ်ယုတ်၊ ထွက်သွား"လို့ အော်လွှတ်လိုက်ပါတယ်။

အဲဒီလိုနဲ့ နေလာလိုက်တာ စာဖတ်သူရယ်။ သူဌေးကြီးလည်း စီးပွားတွေလည်း တော်တော်ကျလာနေပါတယ်။ အရင်လို မြတ်စွာဘုရားနဲ့ သံဃာတော်တွေကို အကောင်းစား ဆွမ်းတွေ၊ ဆွမ်းဟင်းတွေ၊ ပစ္စည်းတွေ မလှူနိုင်တော့ပါဘူး။ ဆန်ကွဲထမင်းနဲ့ ပဲဟင်းလောက်ပဲ လောင်းလှူနိုင်ပါတော့တယ်။

အခွင့်အရေးစောင့်နေတဲ့ သူဌေးကြီးအိမ် တံခါးစောင့်နတ်သမီးက သူဌေးကြီး ဆင်းရဲတာ အခွင့်ကောင်းယူပြီး ညသန်းခေါင်မှာ သူဌေးကြီးအိပ်ခန်းထဲ ဝင်လာပါတယ်။ သူဌေးကြီးက -

"ဘယ်သူလဲ"

"ကျွန်တော်မျိုးမက သူဌေးကြီးရဲ့ နံပါတ်လေးတံခါးစောင့်နတ်သမီးပါ"

"သင် ငါ့ဆီကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မှန်လှပါ သူဌေးမင်း။ ကျွန်မ အကြံပေးချင်လို့ပါ" ဆိုပြီး စောစောက သူဌေးကြီးမန်နေဂျာ၊ သူဌေးကြီး သားအကြီးတို့ဆီမှာ ပြောသလို စကားတွေကို ပြောတော့တာပါပဲ။

အဲဒီလိုစကားတွေ ကြားတော့ သူဌေးကြီးလည်း ဒေါသထွက်ပြီး -

"အသင်နတ် မပြောနဲ့၊ အသင်နတ်လို ထောင် သောင်းမကလာပြီး ငါ့ကို ရတနာသုံးပါးကို မကြည်ညိုနဲ့၊ ဆွမ်းမ ::: ဘင်းနဲ့လို့ ပြောဆိုပြီး ငါ့ရဲ့ သဒ္ဓါတရားကို ကိုင်လှုပ်လို့ ရမယ်ထင်သလား။ နတ်ယုတ်၊ ငါ့အိမ်က ထွက်သွားတော့" လို့ မောင်းထုတ်လိုက်ပါတော့တယ်။ အိမ်ကမောင်းထုတ်ခံလိုက်ရတော့ နတ်သမီးမှာ နေစရာ အခက်အခဲတွေဖြစ်၊ သားသမီးတွေတန်းလန်းနဲ့ မြို့စောင့်နတ်ဆီ ရောက်လာပါတယ်။ မြို့စောင့်နတ်ရယ်၊ ကျွန်မကို ကူညီပါဦး။ သူဌေးကြီး အိမ်မှာ ပြန်နေရဖို့ ကူပြောပေးပါဦးလို့ အကူအညီတောင်းပါတယ်။

သူက အကူအညီတောင်းပေမယ့် မြို့စောင့်နတ်လည်း ...နိုင်ပါဘူး။ ဒီလိုနဲ့ နတ်မင်းကြီးလေးပါးဆီ သွားရောက် အကူအညီတောင်းပါတယ်။ နတ်မင်းကြီးလေးပါးလည်း မကူညီနိုင်ပါဘူး။ တစ်ခါ သိကြားမင်းဆီ ရောက်ပါတယ်။ သိကြားမင်းကတော့ "ငါကတော့ ကူတော့ မကူညီနိုင်ဘူးကွယ်။ အကြံတော့ ပေးလိုက်မယ်။ သူဌေးကြီးရစရာရှိတဲ့ အကြွေး ဆယ့်ရှစ်ကုဋေကို ပြန်ရအောင် သင်စွမ်းဆောင်ပေးလိုက်ပါ" လို့ ပြောဆိုအကြံပေးလိုက်ပါတယ်။ တံခါးစောင့် နတ်သမီးလည်း သိကြားမင်းပေးတဲ့ အကြံအတိုင်း သူဌေးကြီးရဲ့ အကြွေးတွေကိုလည်း ပြန်ရအောင် လုပ်ပေးလိုက်ပါတယ်။ အစိရဝတီမြစ်ထဲ မျောပါသွားတဲ့ ဘဏ္ဍာတွေကိုလည်း ပြန်ဆယ်ပြီး ဘဏ္ဍာတိုက်ထဲ ပြန်ထည့်ပေးလိုက်ပါတယ်။

တိုတိုပြောရရင် စာဖတ်သူရယ်။ သူဌေးကြီးလည်း အရင်လို မြတ်စွာဘုရားနဲ့ သံဃာတော်အရှင်သူမြတ်တွေကို ဆွမ်းခဲဖွယ် ဘောဇဉ်ကောင်းတွေကို သဒ္ဓါတရား ထက်သန်စွာနဲ့ လှူဒါန်းပါတယ်။ တံခါးစောင့် နတ်သမီးကိုလည်း အိမ်မှာ ပြန်လည်လက်ခံလိုက်ပါတော့တယ်။

စာဖတ်သူရေ..ဇာတ်လမ်းလေးကတော့ ဒီလောက်ပါပဲ။ ပြောပြချင်တာတွေက များပြီး စာလည်း တော်တော် ရှည်သွားပါတယ်။ သည်းခံဖတ်ပေးတာလည်း ကျေးဇူးတင်ပါတယ်။ ဇာတ်လမ်းဖတ်ပြီး စာဖတ်သူကော ဘာတွေတွေးမိနေပါသေးသလဲ။ ယုံကြည်မှုသဒ္ဓါတရားက ဘယ်လောက်တာသွားသလဲဆိုတာ စာဖတ်သူသိမှာပါ။ လူတိုင်းမှာ လောကုတ္တရာအရေးကိစ္စတွေ မဆိုထားနဲ့၊ လောကီအရေးကိစ္စတွေမှာတောင် ယုံကြည်မှုက အရေးကြီးတယ်မို့လား။

စီးပွားရေးမှာလည်း တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိမှ အောင်မြင်တတ်တာမို့လား။ သမီးရည်းစား အရေးမှာလည်း တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိမှ ရေရှည် လက်တွဲနိုင်တာမို့လား။ စစ်ရေးမှာလည်း တစ်ဖက်နဲ့ တစ်ဖက်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယုံကြည်မှုအပြည့်ရှိမှ ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်တာမို့လား။

ဒါကြောင့် ပြောချင်ပါတယ် စာဖတ်သူရယ်။ တကယ်လို့များ စီးပွားရေးတွေကျ၊ စိတ်တွေညစ်၊ ဘဝက ပစ်စလက်ခတ် ဖြစ်တော့မယ်လို့ အခြေအနေနဲ့ အချိန်အခါတွေ ကြုံခဲ့ရင် ရတနာသုံးပါးအပေါ်မှာ ယုံကြည်မှုအပြည့်နဲ့ ကြည်ညိုပြီး အဓိဋ္ဌာန်ကြည့်ပါလို့။ အဲဒီလို ယုံယုံကြည်ကြည်နဲ့ အဓိဋ္ဌာန်အလုပ်လုပ်ရင် စာဖတ်သူရဲ့ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ ဘဝပြဿနာတွေဟာ မကြာခင် လွန်မြောက်နိုင်မယ်ဆိုတာ ဒီဇာတ်တော်က သက်သေခံနေမှာပါ စာဖတ်သူ။

ရွှေမန်းသား အရှင်အာကိုရ

**ကျမ်းကိုး**

ခဒိရင်္ဂါရ ဇာတက၊ ဇာတကပါဠိ၊
ဇာတက အဋ္ဌကထာ(၁)
ခုဒ္ဒက နိကာယ အဋ္ဌဝကသုတ်၊
ပါဠိ၊ အဋ္ဌကထာ။



www.burmeseclassic.com

www.burmeseclassic.com

ပလ္လင်ဘေး ထက်က
ဓားထက်တဲ့
# မိဖုရားခေါင်ကြီး

## ဝင်းဧသက်
( ရမည်းသင်း )



www.burmeseclassic.com

www.burmeseclassic.com

# ပလ္လင်ဘွဲ့ထက်က

## စားထက်တဲ့ မိဖုရားခေါင်များ

ဝင်းသောင်(ရှမည်းသင်း)

မြန်မာရာဇဝင်မှာ ခေတ်အလိုက် ထက်မြက်ထင်ရှား အတ္တကြီးမားပြီး စားထက်တဲ့ မိဖုရားကြီးတွေ ရှိခဲ့ပါတယ်။ ဥပမာပြစုံဆို ကုန်းဘောင်မင်းဆက်မှာ စစ်ကိုင်းမင်း (ခေါ်) ဖန်နန်းရှင် (ခေါ်) ဘကြီးတော်မင်းရဲ့ မိဖုရားကြီး နန်းမတော် မယ်နု။ တကယ်တော့ နန်းမတော်ကြီးဟာ မဟာဆီ မဟာသွေး နန်းထက်မှာမွေးတဲ့ မဟာမျိုးမဟာနွယ် တစ်ယောက် မဟုတ်ဘူး။ သာမန်မင်းမှုထမ်း ထောင်မှူးကြီး ဦးလွှတ်နဲ့ မယ်မုန်ဆိုသူက မွေးတဲ့ သမီးပါ။ ဒါပေမဲ့ နန်းမတော်ကြီးမှာ ထူးခြားချက်ရှိတယ်။ အဲဒီထူးခြားချက်ဟာ "နန်းမတော်ကြီးသည် ရုပ်ရည်မလှ၊ သာမန်ရွက်ကြမ်းရေကျို ရုပ်မျိုးသာဖြစ်သော်လည်း ကိုယ်လုံးကိုယ်ပေါက်သည် ဆန့်ကျင်ဘက်ဖိုသတ္တဝါများအတွက် ဘဝင်ခိုက်စေမယ့် ကိုယ်နေဟန်ထား ပိုင်ဆိုင်ထားသည်"လို့ အဆိုရှိတယ်။ ခုခေတ်စကားနဲ့ပြောရရင် ဖြောင့်တယ်၊ တောင့်တယ်ပေါ့။

နောက် သတင်းစကားတစ်ခုကလည်း သူ့ကိုမွေးခါနီး ဆဲဆဲမှာ တဘောင်ပေါ်ခဲ့တယ်တဲ့။ တဘောင်ကိုလည်း ကြည့်ဦး။ "ထောင်မှူးသမီး ခြေချင်းကြီးနဲ့ ကြီးရင်ငါ့ဖို့ လက်မတို့နဲ့" . . . တဲ့။ ကြည့်စမ်း၊ ကြည့်စမ်း လူမဖြစ်ခင်ကတည်းက စန်းပွင့်နေလိုက်တာများ အံ့ရော။

အပျိုဖော်ဝင်တော့ မြင်သမျှ ကာလသားတစ်သိုက်က ချစ်ကြကြိုက်ကြ၊ သိမ်းပိုက်လိုကြတယ်။ အဲဒီအထဲမှာ စစ်ကိုင်းမင်းသား မောင်မောင်စိန်လည်း ပါတယ်။ သူက သာမန်လူမဟုတ်ဘဲ မဟာဆီ မဟာသွေး မင်းသားတစ်ယောက်ဆိုတော့ သာမန်ကာလသားများထက်တော့ သာတာပေါ့။ ဒါကြောင့် တစ်နေ့မှာ မင်းသားဟာ အိမ်တော်ပါ ငယ်ကျွန်တစ်ယောက်ကို မယ်နုထံ ချဉ်းကပ်စေကာ ချစ်ရေးဆိုခိုင်းတယ်။ ဒီနေ့ခေတ်စကားနဲ့ပြောရရင် မယ်နုကို စမ်းသပ်တဲ့သဘောနဲ့ ချစ်ရေးဆိုခိုင်းတာပါ။ ဘာပြောကောင်းမလဲ မယ်နုက အဲဒီမင်းသား မောင်မောင်စိန်ရဲ့ ငယ်ကျွန်ကို ဖိနပ်နဲ့ ပါးရိုက်မယ်လုပ်လို့ ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးလိုက်ရတဲ့ ငယ်ကျွန်ဟာ ပုဆိုးမနိုင်၊ ပဝါမနိုင်ကို ဖြစ်သွားသတဲ့။

မင်းသားမောင်မောင်စိန်ကလည်း နောင်တစ်ချိန်မှာ စစ်ကိုင်းမင်း (ခေါ်) ဖန်နန်းရှင် (ခေါ်) ဘကြီးတော်ဆိုတဲ့ အမည်နာမတော်နဲ့ ကုန်းဘောင်ဆက် မင်းတစ်ပါး ဖြစ်လာမှာဆိုတော့ မိန်းမဆို ချဉ်ချဉ်တူးတူး မှုးပြီးရောဆိုတဲ့ စကားလို တွေ့ကရာ ကောက်ဆွဲမယ့်ချင်ဘူး။ ဘုရင်နဲ့ညား မိဖုရားဖြစ်လာမယ့်သူမဟုတ်လား။ ဒါကြောင့် စိတ်ကြိုက်ရွေးတဲ့ သဘောပေါ့။

ဒီလိုနဲ့ စစ်ကိုင်းမင်း အိမ်နိမ့်စံဘဝက ယူထားတဲ့ မိဖုရားငယ် မယ်နုဟာ ၁၁၈၁ ခုနှစ်မှာ စစ်ကိုင်းမင်းလည်း နန်းတက်ရော မိဖုရားခေါင်ကြီး နန်းမတော်ကြီး ဖြစ်လာခဲ့တယ်။

နန်းမတော်ကြီးရဲ့ နောက်ထူးခြားချက်တစ်ခုကလည်း ဆင်သွားရင် လမ်းဖြစ်တယ် ဆိုတဲ့စကားလိုပဲ သူဘာလုပ်လုပ် ဖြစ်တယ်။ ခေတ်အဆက်ဆက် ဘယ်ရွှေနန်းရှင်ဖြစ်စေ နန်းပလ္လင်တော်ထက်မှာ မင်းမြတ်တစ်ပါးတည်းသာ ထိုင်တော်မူလေ့ရှိတယ်။ သို့သော်လည်း နန်းမတော်ကြီးကတော့ သူပါ မင်းတရားနဲ့ အတူတကွ ယှဉ်တွဲထိုင်တယ်။ နန်းတွင်းမှူးမတ်



www.burmeseclassic.com

www.burmeseclassic.com

သေနာပတိတွေ အံ့ဩဘနန်းဖြစ်ကြရတယ်။ ဒါပေမယ့် ဘယ်သူမှ မတော်ဘူး၊ မသင့်ဘူးလို့ နှုတ်က မြွက်ဟကြဖို့ မဝံ့ကြဘူး။ နန်းမတော်မားက ထက်တာကိုး။ ကုန်ကုန်ပြောရရင် တရုတ်သံတမန် တိုင်းတစ်ပါးဧည့်သည်များပင် ရှေးက မမြင်ဖူး၊ မတွေ့ဖူးကြတဲ့ မြင်ကွင်းကို မြင်လိုက်ကြတော့ အံ့ဩသွားသတဲ့။

ဖန်နန်းရှင်ဆိုတဲ့ ဘကြီးတော်မင်းတရားကလည်း နန်းမတော်ကြီးဘာလုပ်လုပ်၊ ဘာပြောပြော ပြီးတာပဲဆိုတော့ နန်းမတော်ကြီးအဖို့ လုပ်ပိုင်ခွင့်အာဏာ အပြည့်ရှိနေတာပေါ့။ ဒီကြားထဲ နန်းမတော်ကြီးရဲ့ တာ်အူထုံ့ဆင်း အမ်ကိုတော်ရင်း စလင်းစား မောင်အိုကလည်း နန်းမတော်ကြီးရဲ့အစ်ကိုတော်တာနဲ့ပဲ မင်းညီမင်းသားတစ်ပါး အဆောင်အယောင်နဲ့ စလင်းစားဆိုပြီး အခွင့်အရေးတွေ တစ်ပုံတစ်ပင် ရထားတယ်။ မဟာဆီမဟာသွေးစစ်စစ် မင်းညီမင်းသား၊ သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်တွေ နန်းမတော်ကြီးရဲ့အစ်ကိုတော် စလင်းစားမောင်အိုလောက် အခွင့်အရေးမရရှာကြဘူး။ ဒီကြားထဲ နန်းမတော်ကြီးရဲ့အတွက်ကြောင့် စလင်းစားနဲ့ ပူးပေါင်းကြံစည်မှုတွေကို လည်စင်းခံခဲ့ရတယ်။ ဥပမာပြရရင် ဘကြီးတော်ရဲ့ ညီတော်ရင်း သာယာဝတီမင်းနဲ့ ဆွေတော်မျိုးတော်တွေကို နန်းမတော်ကြီးနဲ့ အစ်ကိုတော် စလင်းစား မင်းသားကြီးအမည်ခံ မောင်အိုတို့ဟာ ကျူပင်ခုတ် ကျူငုတ်မကျန်စေရဆိုတဲ့ စကားအတိုင်း အပြတ်ရှင်းကြဖို့ အကွက်ချစီမံ လှုပ်ရှားလာကြတယ်။

နန်းမတော်နဲ့ စလင်းစား မောင်အိုတို့ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ လမ်းစဉ်ကို သာယာဝတီမင်းသားက သိတယ်။ နောင်တော်ဘုရင်မင်းမြတ်ကို အတွင်းစကား လျှောက်ထားဖို့ ရှိပေမဲ့ နန်းမတော်နဲ့ စလင်းစားတို့က အကွက်ချ စည်းခြားထားတာကြောင့် အခွင့်မသာခဲ့ဘူး။ နောက်ဆုံး သည်းမခံနိုင်တော့ဘဲ ရွှေဘိုအောင်မြေနင်းပြီး နောက်လိုက်နောက်ပါများနဲ့ အတူ နောင်တော်ဖန်နန်းရှင် (ခေါ်) စစ်ကိုင်းမင်း (ခေါ်) ဘကြီးတော်မင်းကိုနန်းချပြီး ထီးနန်းကို သိမ်းပိုက်စိုးစံလိုက်တယ်။

ကုန်းဘောင်မင်း (ခေါ်) သာယာဝတီမင်း (ခေါ်) ရွှေဘိုမင်းဆိုတဲ့ အမည်နာမတော်နဲ့ နန်းသိမ်းအောင်ပွဲခံတော့ ကျပင်းမင်းသမီးကို တောင်တန်းမိဖုရားခေါင်အဖြစ် ရွှေလက်တွဲပြီး အောင်ပွဲခံခဲ့တယ်။ အဲဒီအချိန်က နန်းမတော်မယ်နုနဲ့ စလင်းစားမောင်အိုတို့ကို ရွံရှာမုန်းတီးနေကြတဲ့ ဆွေတော်မျိုးတော်အသိုင်းအဝိုင်းနဲ့ နန်းတွင်းသူ၊ နန်းတွင်းသား၊ ပြည်သူပြည်သားအားလုံး ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာရှိကြတယ်။

သာယာဝတီမင်းဟာ အိမ်နိမ့်စံဘဝကတည်းက နန်းမတော်နဲ့ စလင်းစားတို့ နန်းတွင်းရေးမှာ ဝင်ရှုပ်နေတာလုံးဝမကျေနပ်ဘူး။ ဒါပေမဲ့ နောင်တော် စစ်ကိုင်းမင်းအပေါ် ချစ်ခင်လေးစား ရှိသေစိတ်ထားပြီး အောင့်အီးသည်းခံတော်မူခဲ့တာ (၁၈)နှစ်တောင် ကြာခဲ့တယ်။ သည်းခံလေ၊ ဖျော့ခံလေ၊ ဖိလေဆိုတဲ့ စကားလိုပဲ နန်းမတော်ကြီးတို့ မောင်နှမ ကျင့်ကြံလာတော့ သည်းမခံနိုင်တော့ဘဲ နောင်တော် စစ်ကိုင်းမင်းကို နန်းပလ္လင်က ဆွဲချထားလိုက်ရတာ လက်ထဲ မင်းအာဏာရလာပေမယ့်လည်း သာယာဝတီမင်းဟာ နန်းကျဘုရင် နောင်တော်စစ်ကိုင်းမင်းကို မျက်နှာလွှဲ ခဲပစ် မလုပ်ရက်ဘူး။ အိမ်နိမ့်မှာ ကောင်းမွန်အေးချမ်းစွာ စံနေတော်မူစေတယ်။ နောင်တော် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်လှတဲ့ မရီးတော် နန်းမတော်ကြီးမယ်နုကိုလည်း အတူတကွ စံနေခွင့်ပြုခဲ့တယ်။ ကဲ···ဘယ်လောက်သဘောထားကြီးလိုက်လဲ။ အဲ · · ·အဲ · · ·တစ်ခုတော့ရှိတယ်။ ဘာလဲဆိုတော့ စလင်းစားဆိုပြီး မောက်မာစော်ကားခဲ့တဲ့ နန်းမတော်ကြီးရဲ့ အစ်ကိုတော် မောင်အိုနဲ့ မိသားတစ်စုလုံး အပြင် နန်းမတော်ကြီးနဲ့ မောင်အိုတို့၏ ကြံဖော်ကြံဘက် မှူးကြီးမတ်ကြီးများကိုတော့ ရွှေလက်တော်မတုံ့ဆိုင်းဘဲ သုတ်သင်ပစ်ခဲ့တယ်။

နောင်တော် ရွှေနန်းရှင်ရဲ့ နန်းမတော်ကြီးမယ်နုနဲ့ သားတော် စကြာမင်းတို့ကို ကောင်းစွာနေရာပေး၊ စောင့်ရှောက်ထားခဲ့ပေမယ့် မလျော်တဲ့အကြံ ကြံစည်ကြတယ်။ နန်းမတော်မယ်နုကဆို စစ်ကိုင်းမင်းကို ငယ်နိုင်ဖြစ်လေတော့ စွန့်လွှတ်ခဲ့ရတဲ့ နန်းစည်းစိမ်ကို ဘယ်နည်းနဲ့ရရ ပြန်ရအောင်ယူမယ်ဆိုတဲ့စိတ် မွေးပြီး အခါအခွင့်ကိုစောင့်နေခဲ့တာ ၁၈၃၇ ခုနှစ်မှာ အင်္ဂလိပ်သံမှူး ဘာနေ ရှိသခိုက် မောင်တော်နန်းကျဘုရင် စစ်ကိုင်းမင်းကို ဗြိတိသျှအစိုးရထံ ဧရေးသားဆက်သွယ်စေပြီး သာယာဝတီမင်းလက်ဝယ်ရောက်နေတဲ့ အင်းဝ ရွှေနန်းကို သိမ်းပိုက်၍ စစ်ကိုင်းမင်းထံ လွှဲအပ်ပေးပါရန်



www.burmeseclassic.com

www.burmeseclassic.com

အကာယ်၍ ဆောင်ရွက်ပေးမည်ဆိုလျှင် ဗြိတိသျှအင်္ဂလိပ် အစိုးရရဲ့ မည်သည့်တောင်းဆိုချက်ကိုမဆို လိုက်လျောပါ့မယ်လို့ဆိုတယ်။ ဆန်ကောလောက်မှ စောက်မနက်တဲ့ အကြံပါလား နန်းမတော်ကြီးရယ်။

နန်းမတော်ကြီးရဲ့ အတ္တ၊ မာန တောင်းဆိုမှုတွေကြောင့် အစ်ကိုစလင်းစားနဲ့ပေါင်းပြီး ကုန်းဘောင်သွေးစစ်စစ် မင်းညီမင်းသား၊ ဆွေတော်မျိုးတော်တွေကို ဒုက္ခပေးလိုက်တာ သာယာဝတီမင်းတောင် ကံသီလို့လွတ်ခဲ့တာ။ ဒါပေမယ့် သာယာဝတီမင်း ထီးနန်းရတော့ နောင်တော်နန်းကျဘုရင် စစ်ကိုင်းမင်းမျက်နှာ ထောက်ပြီး ကောင်းစွာစောင့်ရှောက်ထားခဲ့တယ်။ သို့သော်လည်း နန်းမတော်ကြီးက လောဘမသတ်နိုင်ဘဲ ဗြိတိသျှအစိုးရသံတမန်နဲ့ ဆက်သွယ်ပြီး မကြံစည်သင့်တာကြံတော့ သာယာဝတီမင်း သည်းမခံနိုင်တော့ဘူး။ ထုံးစံအတိုင်း တောင်သမန်အင်း၏ အရှေ့မြောက်ထောင့် မယ်ဘယက်ကုန်းလို့ အမည်ရတဲ့ ရေပြင်မှာ ရေချကွပ်မျက်လိုက်တယ်။ အဲဒီရေပြင်ဟာ စစ်ကိုင်းမင်း နန်းကျပြီး အိမ်နိမ့်စံဘဝဖြင့် နန်းမတော်ကြီးမယ်နုနဲ့ နေထိုင်စံမြန်းခဲ့တဲ့ အိမ်တော်နဲ့ သိပ်မဝေးဘူး။

နန်းမတော်ကြီးအနေနဲ့ အတ္တမာနတွေကြောင့် မပြုသင့်မပြုထိုက်တဲ့ အမှားအယွင်း မြောက်မြားစွာ ပြုခဲ့သော်လည်း ဖန်နန်းရှင်စစ်ကိုင်းမင်းနဲ့ ရွှေလက်တော်တွဲခဲ့စဉ် ၁၈ နှစ် ကာလအတွင်း အလှူဒါနတွေ အမြောက်အမြားပြုခဲ့တာတွေလည်း ဒီနေ့တိုင် မြင်တွေ့နိုင်ပါသေးတယ်။ အမရပူရမှာ ပုထိုးတော်ကြီး၊ အင်းဝမှာ အကွေ့တစ်ထောင် အကောက်တစ်ထောင်လို့ အမည်ရတဲ့ မယ်နုအုတ်ကျောင်းတော်ကြီး၊ (မန္တလေး)ရတနာပုံမှာ မဟာသကျသီဟရုပ်ပွားတော်၊ စစ်ကိုင်းတောင်မှာ ရှင်ဖြူရှင်လှ စေတီတော်၊ အနောက်တိုက်ဘုရားကြီး ဖလံခုံရွာမှာ ကြေးချိန်တစ်သိန်းရှိ ခေါင်းလောင်းတော်ကြီး၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ မြန်မာဇရပ်တစ်ဆောင် စတဲ့ ကောင်းမှုတော်အများအပြား လှူဒါန်းခဲ့သူ ဖြစ်ပါတယ်။ ဓမ္မကထိကဆရာတော်ကြီးတစ်ပါး ဟောခဲ့သလို အဖြူအမည်းရောတဲ့ အလှူမဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်း နန်းမတော်ကြီးရဲ့ အလှူတော်ကို သာဓုခေါ်ရမှာပါပဲ။

အတ္တကြီးမား ဓားထက်တဲ့ နောက်ထပ်တင်ပြချင်တဲ့ မိဖုရားကြီးကတော့ သာယာဝတီမင်းရဲ့ တောင်နန်းစံ မိဖုရားခေါင်ကြီး ကျပင်းမိဖုရားပါပဲ။ သူ့ရဲ့သားတော် ပုဂံမင်းကို ထီးညွန့်နန်းလျာဖြစ်ဖို့ အမြဲကြံစည်နေသူ ဖြစ်ပါတယ်။ သားတော်ပုဂံမင်းနဲ့ယှဉ်မယ့် နန်းညွန့်နန်းလျာ မမြင်လို မတွေ့လိုသူမှာ တောင်နန်းမတော်မိဖုရားခေါင်ကြီး ကျပင်းမင်းသမီးသာ ဖြစ်တယ်ဆိုရင် မှားမယ်မထင်ပါ။

သာယာဝတီမင်း နန်းတက်ပြီး ကိုးနှစ်အတွင်း မိဖုရားခေါင်ကျပင်းနှင့် စိတ်ညီမှုပြီး ကွပ်မျက်ခံရသူများမှာ စကြာမင်း၊ နန်းမတော်ကြီးမယ်နု၊ ပြည်မင်း၊ ယင်းတောဝန်ကြီးနှင့် အနောက်နန်းမတော် မမြလေး၊ မယ်တော်ဒေါ်အိဆိုသူတို့ ဖြစ်ပါတယ်။

စကြာမင်းကို ကွပ်မျက်ရခြင်းမှာ သားတော်ပုဂံမင်းနှင့် ယှဉ်လာသော နန်းညွန့်နန်းလျာ ဖြစ်ခြင်း၊ အနောက်နန်းမတော် မမြလေးကို ကွပ်မျက်ရခြင်းမှာ သာယာဝတီမင်း၏ အချစ်တော် မိဖုရားဖြစ်ခြင်း၊ ထို့ကြောင့် ကျပင်းမင်းသမီးက မနာလိုဖြစ်ကာ ပြည်မင်းနဲ့ မမြလေးတို့ကိုပဲ ဖောက်ပြန်နေသယောင် စွပ်စွဲ၍ သာယာဝတီမင်းကို အမျက်သိုအောင် ဆွပေးခြင်းကြောင့်ဖြစ်ပြီး ယင်းတောဝန်ကြီးကို ကွပ်မျက်ရခြင်းမှာ သာယာဝတီမင်း ရွှေစိတ်တော်မကြည်လင်နိုက်လုံနှင့်ထိုးသတ်လိုက်ခြင်း ဖြစ်ပါတယ်။ ထိုအချိန်မှစ၍ သာယာဝတီမင်း ရူးသွပ်တဲ့ရောဂါ ခံစားနေရမှုကို နန်းတွင်းသူ၊ နန်းတွင်းသား မှူးမတ်များ တစ်စတစ်စ သိကုန်ကြတယ်။ တချို့က အပြစ်ကင်းသော စကြာမင်းသားလေးကို ရေချကွပ်မျက်ခြင်းကြောင့် ဝင်လိုက်တယ်လို့ ပြောကြသလို၊ စာသမားပေသမား အေးချမ်းစွာနေတဲ့ ဇနီးမယား အနောက်နန်းမတော် မမြလေးကို ရက်ရက်စက်စက် ရေချကွပ်မျက်တာကြောင့် ဖိတ်ထိခိုက်ဖောက်ပြန် ရူးသွပ်သွားတယ်လို့လည်းပြောကြတယ်။

သာယာဝတီမင်း ကျန်းမာရေးချို့ယွင်းချက်အပေါ် အခွင့်ထူးခံကြသူများကတော့ တောင်နန်းမိဖုရားခေါင် ကျပင်းမင်းသမီးနဲ့ သားတော် ပုဂံမင်းတို့ပဲ ဖြစ်တယ်။ ပုဂံမင်းသားဟာ တောင်ညာစံ မိဖုရားကြီးရဲ့ သားတော်အဖြစ် အိမ်ရှေ့စံမင်းနေအိမ်မှာ ပြောင်းရွှေ့နေထိုင်လိုက်တယ်။ ဖခမည်းတော် သာယာဝတီမင်းက စိတ်ကျန်းမာရေး ချို့ယွင်းနေချိန်ဆိုတော့ ဘာမှမသိတော့ဘူး။ အကာယ်၍ ခမည်းတော် နတ်ရွာစံရင်



www.burmeseclassic.com

www.burmeseclassic.com

သူနန်းတက်မယ်ဆိုတဲ့သဘောနဲ့ အသင့်ပြင်ထားတဲ့သဘော ပါပဲ။

ထီးနန်းနဲ့ထိုက်တဲ့ ပြည်မင်းကိုလည်း ကွပ်မျက်ပြီး ပြီမို့ နန်းမတော်ကျုပင်းမိဖုရားအနေနဲ့ နောက်ဆုံး မောင်တော် ရွှေနန်းရှင် သာယာဝတီမင်းကိုသာ ရှင်းလိုက်ရင် သားတော် ပုဂံမင်းသားက ဘုရင်ဖြစ်၊ သူက ဘုရင့်မယ်တော်ဖြစ်ပြီပေါ့။

အစဉ်အလာအားဖြင့် နန်းမတော်ကြီးမယ်နုဟာ စစ်ကိုင်းမင်း (ခေါ်) ဖန်နန်းရှင် (ခေါ်) ဘကြီးတော်မင်း နာမကျန်းရှိချိန်တွင် အစ်ကိုတော် စလင်းစား မောင်အိုနဲ့ ပေါင်းကာ တိုင်းပြည်ကို မိမိစိတ်ကြိုက် ခြယ်လှယ်နိုင်ခဲ့တယ်။ သာယာဝတီမင်းနှင့် ဆွေတော်မျိုးတော်အားလုံးကို စတေးရန် ကြံစည်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့သည် မဟာဆီ မဟာသွေး မင်းမျိုးမင်းနွယ်များမဟုတ်။ အပြင်လူ၊ သာမန်လူ တန်းစားများသာ ဖြစ်သောကြောင့် မဟာမျိုး မဟာနွယ်များကို မနာလို မရှုစိမ့်သောကြောင့် ဖြစ်တယ်။

ထိုအတူ သာယာဝတီမင်းလက်ဆက်ကျပြန်တော့ တောင်နန်းမိဖုရားခေါင် ကျုမင်းမင်းသမီးဟာ မဟာဆီမဟာ သွေး နန်းထက်မှာဖွားတဲ့ မင်းသမီးမို့ အနောက်နန်းမိဖုရား မြကလေးအပေါ် အဖက်တန်တယ်မထင်ဘူး။ ဒီကြားထဲ မောင်တော်ရွှေနန်းရှင် သာယာဝတီမင်း စိတ်ကစဉ့်ကလျား ဖြစ်နေရာက နဂိုစိတ်ကောင်း ပြန်ဝင်လာချိန်မှာ မြကလေး၊ မြကလေး ဖြစ်နေတာကို နားကလောတယ်။ ခေတ်စကားနဲ့ ပြောရရင် သူတို့က တစ်လင်လည်းမယားတွေ။ ဒါကြောင့် အခွင့်သာတာနဲ့ မောင်တော်သာယာဝတီမင်းထံ ပြည်မင်းသား နဲ့ မြကလေးတို့ ဖောက်ပြန်နေကြတယ်လို့ လျှောက်ထားလိုက် တယ်။ ရွှေနန်းရှင်က ဒီကိစ္စကို ဘယ်လိုပဲ အမိန့်ချသည် ဖြစ်စေ ကျုပင်းမိဖုရားခေါင်နဲ့ သားတော်ပုဂံမင်းသားတို့က တော့ ဘုရင့်အမိန့်တော်ဆိုပြီး မင်းမိန့်ထုတ် ကွပ်မျက်တာပဲ။ အချိန်က သူတို့သားအမိ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ ရတဲ့အချိန်လေ။

သာယာဝတီမင်းနဲ့ တောင်နန်းမတော်မိဖုရားခေါင် ကျုပင်းမင်းသမီးလက်ထက်တော်မှာ ကွပ်မျက်ခံရသူတွေက တော့ စကြာမင်း၊ မင်းကြီးဦးစ၊ မြစ်မိုးရောင်မင်းသမီးနဲ့ အထိန်းတော်ကြီး မြတောင်မင်းသမီး ဗိုလ်ဆံရှည်၊ နန်းမတော် ကြီးမယ်နုနဲ့ ယင်းတောဝန်ကြီးတို့ ဖြစ်တယ်။

ပုဂံမင်းနဲ့ မယ်တော် ကျုပင်းမင်းသမီးလက်ထက် တော်မှာ ပြည်မင်းသားနဲ့ သားတော် သတိုးမင်းစော၊ သတိုး မင်းဖျား၊ သတိုးမင်းလှ၊ သတိုးမင်းဒင်နဲ့ အနောက်နန်းမတော် မမြကလေးတို့ ကွပ်မျက်ခံရတယ်။ စိတ်မကောင်းစရာပဲ။ လူတွေကို ကြက်ကလေး၊ ငှက်ကလေးတွေလို့များ သဘော ထားကြသလား မသိတော့ဘူး။ နေရာနဲ့ အာဏာရဖို့ ဘာ မဆိုလုပ်ဝံ့ကြသကိုး။

အဲဒီလိုပဲ အတ္တကြီးမားပြီး ဓားထက်တဲ့ မိဖုရားကြီး တစ်ပါးကတော့ မိဖုရားခေါင်တစ်ပါးမဟုတ်ပါ။ မိဖုရားခေါင်ကြီး အလွန်ဖြစ်ချင်လှတဲ့ မင်းတုန်းမင်းတရားကြီးရဲ့ အလယ်နန်း မိဖုရား သဲသဲ (ခေါ်) ဆင်ဖြူမရှင် မိဖုရားပါပဲ။ ခေတ်စကားနဲ့ ပြောရရင် အကွက်လည်းမြင်၊ လျှင်လည်းလျှင်ဆိုတဲ့ မိဖုရား ပေါ့။ လျှင်တာလည်း မပြောနဲ့လေ။ သူက ကုန်းဘောင်မင်း ဆက်မှာ ဖန်နန်းရှင် ဘကြီးတော်မင်းတရားရယ်လို့ ထင်ရှားခဲ့ တဲ့ စစ်ကိုင်းမင်းနဲ့ အင်းဝအကွေ့ဘစ်ထောင် အကောက်တစ် ထောင် အုတ်ကျောင်းတော်ကြီးရဲ့ အလှူ့ဒါယိကာမ နန်းမ တော်ကြီး မယ်နုတို့ရဲ့ ရွှေလိုဥထားတဲ့ သမီးတော်လေ။

သူက ဘကြီးတော်မင်း (ခေါ်) စစ်ကိုင်းမင်းကို အမျက်တော်ပြေစေတဲ့ သမီးတော်လို့ သတင်းကြီးတယ်။ ဘယ်လောက်ပဲ ခက်ခဲတဲ့ကိစ္စမဆို ဘယ်သူမှ မလျှောက်တင် ဝံ့တဲ့ ကိစ္စမျိုးကြုံလာရင် အဲဒီ သဲသဲဆိုတဲ့ သမီးတော်လေး သဲသဲကိုသာ သဝဏ်လွှာရေးပေးပြီး ဆက်သစေခဲ့ရင် လိုချင် တဲ့ဆန္ဒ ပြီးမြောက်တယ်ဆိုပဲ။ ဆက်တင်ပြချင်တာကတော့ မင်းတုန်းမင်းကြီး၊ မိဖုရားခေါင်ကြီးအကြောင်းပါ။ မင်းတုန်းမင်း တရားကြီးရဲ့ မိဖုရားခေါင်ကြီးဟာ မြန်မာ့သမိုင်းစာမျက်နှာမှာ မေတ္တာရှင်၊ ကရုဏာရှင်၊ ကယ်တင်ရှင်ကြီးရယ်လို့ မှတ်တမ်း တွင်ရစ်ခဲ့တဲ့ စကြာဒေဝီမိဖုရားခေါင်ကြီးပဲ။ မင်းပြစ်မင်းဒဏ် သင့်ကြတဲ့သူများရဲ့ ကိုးရာမဲ့ သားတော်၊ သမီးတော်၊ ဆွေ တော်မျိုးတော်မှန်သမျှ သူကယ်တင်ပြီး ထိန်းသိမ်းစောင့် ရှောက်ထားလေ့ရှိတယ်။ နန်းမတော်ကြီးရဲ့ ရွှေနန်းဆောင်ကို ခေတ်စကားနဲ့ ပြောရရင် မဟာမျိုး မဟာနွယ် ဒုက္ခသည် ကယ်ဆယ်ရေးစခန်းလို့ ပြောရမယ်ထင်တယ်။ အထောက် အထားမဲ့ ပြောတာမဟုတ်ပါဘူး။ နောင်တစ်ချိန် မင်းတုန်းမင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးရဲ့ အလယ်နန်းမိဖုရားဖြစ်လာမယ့် ဆင်ဖြူမရှင်မိဖုရား (သဲသဲ)ကို မယ်တော် နန်းမတော်ကြီးမယ်န မင်းဒဏ်သင့် ရေချကွပ်မျက်စဉ် ကလေးတစ်ယောက်ပေမယ့် ကျူပင်ခုတ် ကျူငုတ်မကျန်စေရ မှုနဲ့ အပြတ်ရှင်းမယ့်အချိန်မှာ ရာဇဝတ်ဝန်မင်းနဲ့ အာဏာပါးကွက်သားရဲ့ လက်တွင်းက ဆွဲခေါ်ကယ်တင်ထားခဲ့တာကြည့်။ ဒါတွင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ အနောက်နန်းမတော် မမြလေး မင်းဒဏ်သင့် ရေချကွပ်မျက်ခံရစဉ်က နောင်တစ်ချိန်မှာ အိမ်ရှေ့စံ ကနောင်မင်းရယ်လို့ ရာဇဝင်မှာ ထင်ရှားမယ့် အိမ်ရှေ့စံမင်းရဲ့ မိဖုရားဖြစ်မယ့် သမီးတော် မဖွားကြီး (ခေါ်) လှိုင်ထိပ်ခေါင်တင်မင်းသမီးလေးဟာ သက်တော် ၁၂ နှစ်ရွယ်ပဲ ရှိသေးတယ်။ အဲဒီမင်းသမီးလေးကိုလည်း ခိုကိုးရာမဲ့ဘဝက လွတ်မြောက်အောင် စကြာဒေဝီမိဖုရားကြီးကပဲ သူ့ရွှေနန်းဆောင်မှာ ခေါ်ပြုထိန်းသိမ်း စောင့်ရှောက်ထားခဲ့တာ။ ပြီးတော့ . . .

နန်းမတော်ကျုပင်းမင်းသမီးနဲ့ သားတော် ပုဂံမင်းသားတို့ ကြံစည်မှုကြောင့် ပြည်မင်းသား မင်းဒဏ်သင့်တော့ ပြည်ထိပ်ခေါင်တင်မင်းသမီးနဲ့ သမီးတော်လေးရယ်၊ နောင်တစ်ချိန်မှာ မြင်းမှူးမင်းသား ထိပ်တင်တုတ်လို့ လူတစ်လုံးသူတစ်လုံး ဖြစ်လာမယ့် သားဟော်လေးတို့ကိုလည်း စကြာဒေဝီမိဖုရားကြီးပဲ ကယ်တင်စောင့်ရှောက်ထားခဲ့တာ။ ဒါကြောင့် နန်းမတော်ကြီးကို အများက မေတ္တာရှင်၊ ကရုဏာရှင်၊ ကယ်တင်ရှင်ကြီးရယ်လို့ ဂုဏ်ပြုပြောကြဆိုကြတာ ဂုဏ်ယူစရာပါပဲ။

အဲသလောက်ကောင်းတဲ့ စကြာဒေဝီ နန်းမတော်ကြီးဟာ သက်တော်မရှည်ဘဲ ဘဝရှင်မင်းတုန်းမင်းတရားကြီးထက် အလျင်နတ်ရွာစံသွားရှာတယ်။ အစ်မလုံတစ်မျိုး၊ ငနီးမယားလိုတစ်ဖုံ ချစ်ခင်လေးစား ပေါင်းသင်းခဲ့ရတဲ့ နန်းမတော်ကြီး နတ်ရွာစံသွားတော့ မင်းတုန်းဘုရင်မင်းမြတ် ရာဇက္ကန္ဓြေ မထိန်းနိုင်လောက်အောင် ပူပင်သောက ရောက်ခဲ့ရှာတယ်။ ထီးဘုရားက မိဖုရား၊ မောင်းမမိဿံ၊ ကိုယ်လုပ်တော်ဆိုတဲ့ ငနီးမယားတွေ အမြောက်အမြားရှိပါလျက် ဒီလောက်တောင် ဖြစ်ရလားလို့တော့ မပြောနဲ့။ မိဖုရားတွေ၊ မောင်းမမိဿံတွေ၊ ကိုယ်လုပ်တော်တွေ ဘယ်လောက်များများ စကြာဒေဝီနန်းမတော်ကြီးကိုမှ နန်းမတော်ကြီးကိုသာ ချစ်ခင်စုံမက်တာလေ။

စကြာဒေဝီနန်းမတော်ကြီး နတ်ရွာစံသွားတော့ ဘုရင်ထီးဘုရားအပါအဝင် နန်းတွင်းသူ၊ နန်းတွင်းသားတွေ၊ တိုင်းသူပြည်သားတွေ၊ ပြည်ပသံတမန်တွေ ဝမ်းနည်းကြေကွဲကြတယ်။ ဘုရင်ထီးဘုရားကဆို မသာတော်အခမ်းအနား ကျင်းပသဂြိုဟ်ခြင်းမပြုဘဲ နန်းမတော်ကြီးရဲ့ အလောင်းစင်ဘေားက မခွာနိုင်ရှာဘူး။ အဲသလောက် ကြေကွဲနေသူတွေကြားထဲမှာ နန်းမတော်ကြီးရဲ့ အရိုက်အရာတက်ယူမယ့် မိဖုရားကလည်း နန်းမတော်ရဲ့ ရွှေနန်းတော်ဆောင်ကို ပြောင်းနေဖို့ ကြံနေတာ ရှိလာခဲ့တယ်။ ဘယ်မိဖုရားလဲဆိုတော့ အလယ်နန်းမိဖုရား သဲသဲပါပဲ။ အကွက်မြင်လိုက်တာ။

"ဒါတော့မရဘူး မိသဲ။ နန်းမတော်ကြီး စကြာဒေဝီရဲ့ နေရာ ငါကိုယ်တော်မြတ် ဘယ်သူ့ကိုမှ အစားမထိုးဘူး။ အဲဒီအစား မိဖုရားမိသဲ စိတ်ဖြေသာအောင် ငါကိုယ်တော်မြတ် အနေနဲ့ မိဖုရားမိသဲကို ဆင်ဖြူမတစ်ကောင် ပေးသနားတော်မူတယ်။ ကျေနပ်တော်မူ"တဲ့။

ထီးဘုရားအမိန့်တော်က ပြတ်သားတော်မူတယ်။ အဲဒီကစလို့ အလယ်နန်းမိဖုရားဟာ ဆင်ဖြူမရှင် မိဖုရားရယ်လို့ အမည်နာမတော် တွင်လာခဲ့တယ်။

အလယ်နန်းမိဖုရားဟာ နန်းမတော်မိဖုရားခေါင်ကြီး ဖြစ်မလာခဲ့ပေမယ့် စကြာဒေဝီမိဖုရားခေါင်ကြီး နတ်ရွာလားပြီးတဲ့နောက် ကျန်မိဖုရားတွေထက် အစစအရာရာ သာတဲ့ မိဖုရားတစ်ပါးမို့ မိဖုရားခေါင်နဲ့မခြား အခွင့်အာဏာတွေရခဲ့တယ်။ အချိန်ရှိခိုက် လုံ့လစိုက်ဆိုသလို နောင်တစ်ချိန်မှာ အသုံးချဖို့ ကင်းဝန်မင်းကြီးတို့လို မှူးကြီးမတ်ကြီးတွေကို စုဆောင်းသိမ်းသွင်းထားတဲ့အပြင် အခါအခွင့်သင့်ရင် အသုံးချရန်အတွက် သတ်ရဲဖြတ်ရဲတဲ့ လက်မရွံ့နောက်လိုက်တွေကိုလည်း သပ်သပ်ကျွေးမွေးစောင့်ရှောက်ထားတယ်။ အလုပ်ကြီး အကိုင်ကြီးလုပ်ဖို့ဆို ဒီလောက်တော့ အကွက်မြင်ပြီး ကြိုတင်ပြင်ဆင်ရမယ် မဟုတ်လား။

ဒီလိုနဲ့ ထီးဘုရားနဲ့ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်မိဖုရားတို့မှာ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားလေးဆိုတဲ့ သမီးတော် သုံးပါး ဖွားမြင်တော်မူခဲ့ကြတယ်။ သမီးတော်ကြီး စုဖုရားကြီး၊ သမီးတော်အလတ် စုဖုရားလတ်တို့ အရွယ်ရောက်လာတော့ ဆင်ဖြူမရှင်မိဖုရားတွေးမိတာက ငါ့မှာ သမီး



www.burmeseclassic.com

www.burmeseclassic.com

တော်များသာရှိတဲ့အတွက် ငါဟာ ဘုရင့်မယ်တော် မဖြစ်နိုင်။ ထိုနည်းတူ မိဖုရားခေါင် နန်းမတော်ကြီးဖြစ်ရန်ကလည်း မောင်တော်ထီးဘုရားရဲ့ အမိန့်တော်ကြောင့် မဖြစ်နိုင်။ ငါ့အတွက် မိဖုရားခေါင်နဲ့မခြားတဲ့ အခွင့်အာဏာရှိဖို့အရေးသည် ဘုရင့်ယောက္ခမတော် ဖြစ်မှသာလျှင် နန်းတွင်းရေးတွင် ငါခြယ်လှယ်ချင်သလို ခြယ်လှယ်နိုင်မယ်လို့ တွေးမိတယ်။

ဒါကြောင့် ဆင်ဖြူမရှင်မိဖုရား သမက်တော်နိုင်မယ့် မင်းသားတစ်ပါးပါးကို စိတ်ထဲက ရှာဖွေစဉ်းစားနေရတယ်။ ဘာလို့လဲဆို သမက်တော်ရမယ့် မင်းသားက သူကြိုးဆွဲရာကမယ့် မင်းသားဖြစ်မှ အဆင်ပြေမှာ မဟုတ်လား။

ကံဇာတ်ဆရာက ဆင်ဖြူမရှင်ဘက် မျက်နှာလိုက်သလားမသိ။ အကွက်ဝင်သွားတယ်။ တခြားတော့မဟုတ်ဘူး။ ဘုရင်ထီးဘုရား ပြင်းစွာနာမကျန်းဖြစ်တော်မူတယ်။ နဂိုကပင်လျှင်လည်းလျှင်၊ အကွက်လည်းမြင်ပါတယ်ဆိုမှ ရလာတဲ့ အခွင့်အရေးကို ဆင်ဖြူမရှင် ဘယ်လက်လွှတ်ခံမလဲ။ ယုံကြည်စိတ်ချရတဲ့ မင်းမှူးမတ်တွေနဲ့ တိုင်ပင်ပြီး ထီးဘုရားကို နန်းတွင်းသမားတော်ကြီးများနဲ့ ကုသနေတော်မူတယ်။ မည်သည့် မိဖုရား၊ မည်သည့်သားတော်၊ သမီးတော်၊ ဆွေတော်မျိုးတော်မှ နန်းဆောင်တော်အတွင်း ဝင်ရောက်ခြင်းမပြုရလို့ အမိန့်တော်နဲ့ တားမြစ်လိုက်တယ်။ သူ့အပြောကတော့ ဘုရင်ထီးဘုရား နာမကျန်းဖြစ်နေစဉ်အတွင်း အေးချမ်းစွာ စံနေတော်မူရင်း ဆေးဝါးကောင်းစွာ ကုသနိုင်ရန်လို့ အကြောင်းပြတယ်။ မိဖုရားခေါင်မဟုတ်ပေမယ့် မိဖုရားခေါင်တစ်ယောက်လို အာဏာရှိတဲ့ မိဖုရားတစ်ယောက်ကို ဘယ်သူလွန်ဆန်ဝံ့မှာလဲ။ ဘယ်သူစောဒကတက် မေးဝံ့မှာလဲလေ။

ဘုရင်ထီးဘုရားရဲ့ ကျန်းမာရေးကို သာမန်ပြုစု စောင့်ရှောက်နေသလို အချိန်ကိုက် နန်းညွှန့်နန်းလျာ ရရှိရေးအတွက် သူ့လက်စွဲတော် ဝန်ကြီး၊ ဝန်းကလေးတွေနဲ့ တိုင်ပင်ကြံစည်နေရတာလည်း မအားမလပ် ရှိနေတဲ့ ဆင်ဖြူမရှင် အကွက်ကို ထင်းထင်းကြီး မြင်လိုက်တယ်။ အဲဒါကတော့ လောင်းရှည်မိဖုရားရဲ့ သားတော် သီပေါမင်းသားလေ။ ဒီမင်းသားက အေးဆေးတည်ငြိမ်တယ်၊ လူကြီးမိဘစကားလည်း နားထောင်တယ်။ သာသနာပိုင်ဆရာတော်များ ဦးစီးကျင်းပတဲ့ ပရိယတ်ပဋိပတ် စာတော်ပြန်ပွဲတော်တွေမှာလည်း ဆုတံဆိပ်တော်ကွေ ရဖူးတယ်။ အဲသလောက်ဆို ဆင်ဖြူမရှင်မိဖုရားလိုတဲ့အရည်အချင်း အထိုက်အလျောက်ပြည့်ပြီ။ ဒီထက်အထောက်အကူဖြစ်တာက သီပေါ်မင်းသားဟာ ဆင်ဖြူမရှင်မိဖုရားထက် အဆင့်နိမ့်တဲ့ လောင်းရှည်မိဖုရားက ဖွားတာမို့ နောက်လည်း ဆင်ဖြူမရှင်မိဖုရားရဲ့ ဩဇာခံသာ ဖြစ်မယ်လေ။ အကယ်၍ သီပေါ်သာ သားတော်ကြီးတွေကို ကျော်ဖြတ်ပြီး ရာဇပလ္လင်ပေါ် ရောက်ခဲ့ရင် ဘာပြောကောင်းမလဲ။ ကွက်တိပဲလို့ ဆင်ဖြူမရှင်မိဖုရား သေချာပေါက် ဒီလိုပဲတွေးမယ် ထင်ပါတယ်။ အဲသလိုနဲ့ ထီးဘုရား နာမကျန်းဖြစ်တာ ရက်ကြာလာတော့ နန်းညွှန့်နန်းလျာရွေးဖို့ကလည်း သီပေါကိုယ်တော်လေးက အသင့်ရှိနေပြီမို့ သားတော်ကြီးအားလုံးကို ဖခမည်းတော်ရဲ့ ကျန်းမာရေးအခြေအနေ သတင်းမေးတွေ့ဆုံရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ရွှေနန်းတော်သို့ မပျက်မကွက် လာရောက်ကြဖို့ အမိန့်ထုတ်ဆင့်လိုက်တယ်။ အနယ်နယ်အရပ်ရပ်က ရောက်လာကြတဲ့ သားတော်တွေကို တစ်ပါးပြီးတစ်ပါး အသာတကြည်ပဲ ကြေးတိုက်(အချုပ်ထောင်)အတွင်း အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သွင်းထားလိုက်တယ်။

ကြက်ကလေး၊ ငှက်ကလေးများသဖွယ် ကြေးတိုက်တွင်း ရောက်တော့မှပဲ သူတို့တစ်တွေ ထောင်ချောက်မိပြီဆိုတာ သဘောပေါက်ကြတယ်။ ရိုးတိုးရိပ်တိပ် သတင်းကြားရတဲ့ သားတော်မင်းသားတချို့တော့ ရွှေနန်းတော် ရောက်မလာကြလို့ လွတ်သွားကြတယ်။ တကယ်ဆိုတော့ မင်းအာဏာရရေးအတွက် ရက်စက်ယုတ်မာတဲ့အကြံပဲ။ သိပ်လှတဲ့အကွက်။ ဆင်ဖြူမရှင်မိဖုရား လှည့်ကွက်အလှဆုံးကတော့ သီပေါမင်းသား (ထိုစဉ်ကအခေါ် သီပေါကိုယ်တော်လေး)ကိုလည်း ဖမ်းပြီး ကြေးတိုက်သွင်းတော့မယောင် အစောင့်ချထား စောင့်ကြည့်စေခဲ့တယ်။

အဲဒီလို အကွက်ချစီမံပြီးမှ ကျန်းမာတော်မမူတဲ့ ထီးဘုရားကြီးထံ အခြေအနေအရ သီပေါမင်းသားလေးကို မှူးမတ်ဝန်ကြီးများနဲ့ တိုင်ပင်ဆွေးနွေးပြီး သဘောညီကြတဲ့ အိမ်ရှေ့အရာ အပ်နှင်းမယ့်အကြောင်း ဆင်ဖြူမရှင်မိဖုရားနဲ့ နောက်လိုက်များက လျှောက်တင်လိုက်တယ်။

သီပေါမင်းသားကို နန်းလျာအတွက် အိမ်ရှေ့စံထားရန် မင်းတုန်းမင်းကြီးကိုယ်တော်တိုင် ၁၂၄၀ ပြည့်နှစ်၊ တော်



www.burmeseclassic.com

www.burmeseclassic.com

သလင်းလဆုတ် ၁ ရက်နေ့က ကျင်းပတဲ့ မှူးကြီးမတ်ကြီးများ အစည်းအဝေးမှာ နန်းလျာထားမယ်လို့ ဆန္ဒပြုမိန့်ကြားခဲ့ပြီးသား။ ဒါကြောင့် ဆင်ဖြူမရှင်ရဲ့ လျှောက်တင်ချက်ကို ထီးဘုရားက သဘောတူတယ်။ နုနယ်တဲ့ သီပေါမင်းသားလေး အိမ်ရှေ့အရာထားတာ မကျေမနပ်ဖြစ်ပြီး ပုန်ကန်မှုပြုနိုင်တယ်လို့ ယူဆရလို့ ဖမ်းဆီးအကျဉ်းချထားတဲ့ မက္ခရာမင်းသား၊ ဝန်းသိုမင်းသား၊ မလွန်မင်းသား၊ သုံးဆယ်မင်းသားတို့ကိုလည်း ဆက်လက်အချုပ်တွင်းထားရန်မလိုဘဲ ချက်ချင်းလွှတ်ရန်နှင့် ထိုစဉ်က မြန်မာမင်းပိုင်နက်နယ်မြေကို လေးပိုင်းပိုင်းပြီး တစ်ပိုင်းလျှင် မင်းသားတစ်ယောက် ဘုရင်ခံချုပ်ခန့်ထားဆောင်ရွက်စေဖို့ အမိန့်ချခဲ့ရတယ်။ ဆင်ဖြူမရှင်အနေနဲ့ အမိန့်နာခံပါ့မယ်လို့လည်း သဘောတူခဲ့တယ်။ ဒါပေမယ့် ထီးဘုရားရဲ့ အသက်က ငွေ့ငွေ့ပဲရှိတော့တာခိုတော့ ထီးဘုရားရဲ့ အမိန့်လည်း မနာခံတော့ဘူး။ မင်းသားတွေကို ကြေးတိုက်က အလွှတ်ပြုပြီး အပြတ်ရှင်းလိုက်ကြတယ်။ နတ်ရွာလားတော့မယ့် ထီးဘုရား ဘာတတ်နိုင်မှာလဲဆိုတဲ့ အတွေးနဲ့ပေါ့။

သီပေါမင်းသားကို ကတိုက်ကရိုက် အိမ်ရှေ့အရာ အပ်နှင်းလိုက်တယ်။ ဘာကြာလိုက်လဲ။ ဘုရင်ထီးဘုရား နတ်ရွာစံ ကံကုန်ရှာတယ်။ ထုံးစံအတိုင်း သီပေါကိုယ်တော်လေးဟာ စုဖုရားကြီး၊ စုဖုရားလတ်ဆိုတဲ့က ဆင်ဖြူမရှင်မိဖုရားရဲ့ သမီးတော်နှစ်ပါးကို ဘယ်တစ်ချက်၊ ညာတစ်ချက် ရွှေလက်ခ‌ော်တွဲလို့ နန်းတက်လာတယ်။ စုဖုရားကြီးက တောင်နန်းမတော်မိဖုရားခေါင်ကြီး။ စုဖုရားလတ်က မြောက်နန်းမိဖုရားအဖြစ်နဲ့ပေါ့။ စုဖုရားလတ်ဟာ မယ်တော် ဆင်ဖြူမရှင်လိုပဲ အတ္တကြီးမား ဇားထက်တဲ့ မိဖုရားဆိုတော့ လက်ရှိအနေအထားကို စုဖုရားလတ် အားရကျေနပ် တင်းတိမ်မှုမရှိခဲ့ဘူး။ ဒါနဲ့ပဲ အစ်မတော်အရင်းဖြစ်တဲ့ စုဖုရားကြီးဆိုတဲ့ တောင်နန်းမတော်မိဖုရားခေါင်ကြီးကို သီပေါကိုယ်တော်လေးရင်ခွင်မှာ ခိုနားခွင့်မပေးဘဲ အတင်းဇွတ်ဆွဲဖယ်ပြီး သူတစ်ဦးတည်းမှုပိုင်လုပ်လိုက်တာ အရက်အကြောက်ကြီးတဲ့ စုဖုရားကြီး သေသည့်တိုင် သီပေါကိုယ်တော်လေးရင်ခွင်နဲ့ ဝေးခဲ့ရတာ သမိုင်းအထောက်အထားရှိပါတယ်။

အစ်မတော် စုဖုရားကြီးကို ဒီလိုမလုပ်သင့်ကြောင်း ပြောဆိုဆုံးမတဲ့ မယ်တော် ဆင်ဖြူမရှင်ကိုတောင် အစ်မတော်အတွက် ပြောဆိုပေးရမလားလို့ အမျက်သိုတဲ့အတွက် ပေးထားတဲ့အခွင့်အာဏာတွေကို နုတ်သိမ်းခဲ့သတဲ့။ ကိုယ့်ကို နန်းပလ္လင်ထက်ရောက်အောင် တင်ပေးခဲ့တဲ့ မယ်တော်ကိုပင် စိတ်မထင်ရင် မထင်သလို ပြုတယ်ဆိုတော့ အံ့သြစရာပါလား စုဖုရားရယ်. . .။

မြန်မာမှုနယ်ပယ်မှာ ဆိုရိုးစကားလို့ပြောပြော၊ အများသိထားတဲ့ စကားရှိတယ်။ အဲဒီစကားကတော့ "ငါတို့က မုန့်သာဝေစားမယ်၊ လင်တော့ ဝေမယူဘူး"ဆိုတဲ့စကားပါ။ မှန်ပါတယ်။ စုဖုရားလတ်လည်း ဒီပုတ်ထဲက ဒီပဲလို့ ပြောရမယ်ထင်ပါတယ်။ အစ်မတော်ရင်းဖြစ်တဲ့ စုဖုရားကြီးကိုတောင် သီပေါင်ဘုရင်မင်းမြတ်ရဲ့ ရင်ခွင်ထဲက ဇွတ်ဆွဲဖယ်ထားတာ အမြင်ပဲ။

မင်းညီမင်းသားဆိုတာ အိမ်နိမ့်စံဘဝတွေမှာ အများအားဖြင့် အိမ်တော်ပါ ငယ်ကျွန်တွေ အနည်းနဲ့အများ ရှိခဲ့ကြတယ်။ သီပေါဘုရင်မင်းမြတ်မှာလည်း သိပ်ချစ်ခင်ရင်းနှီးခဲ့တဲ့ အိမ်တော်ပါကျွန်ရင်း တစ်ယောက်ရှိခဲ့တယ်။ သီပေါအရှင်ကို ဘယ်လောက်ချစ်ခင်သလဲဆို သူ့အသက်ကိုတောင် ပေးတဲ့ အပြင် အသက်တမျှချစ်ခင်တဲ့ ချစ်သူကိုတောင် သီပေါကိုယ်တော်ပြုသမျှနုစေဖို့ ဆက်တဲ့ ကျွန်ရင်းတစ်ယောက်ပဲ။

သမိုင်းအဆက်ဆက် ရွှေနန်းရှင် ဘုရင်မင်းမြတ်တိုင်း ထီးနန်းတက်တဲ့အခါ တောင်နန်း၊ မြောက်နန်း၊ အနောက်နန်း အဆောင်ရမိဖုရား၊ နန်းရမိဖုရား၊ ကိုယ်လုပ်တော် စသဖြင့် မိဖုရားအခြွေအရံ အမြောက်အမြားနဲ့ နန်းတက်ရတာ အစဉ်အလာတစ်ခုပါ။ သီပေါကိုယ်တော်လေး နန်းတက်မှပဲ ညီမနှစ်ဖော်သာ ရွှေလက်တွဲပြီး နန်းတက်ခဲ့ရတယ်။ ဒီကြားထဲ ပြိုင်ဘက်မရှိ မိဖုရားခေါင် စုဖုရားလတ်ခေတ်အရောက်မှာ ဘုရင်ကို မှုပိုင်အဖြစ် သိမ်းတာခံလိုက်ရတော့ အိမ်တော်ပါကျွန်ရင်းတစ်ယောက်အနေနဲ့ စိတ်မကောင်းဘူး။ ဒါကြောင့် ကျေးဇူးရှင်သခင်ကို တတ်နိုင်တဲ့ဘက်က သာသည်၊ နာသည် မတွက်ဘဲ ကျေးဇူးဆပ်ဖြစ်ပါတယ်။ အဲဒါက သူ့ရဲ့ အသက်မကချစ်သူ ဒိုင်းခင်ခင်နဲ့ သီပေါမင်းကို လျှို့ဝှက်ဆက်သွယ်ပေးခဲ့တာပါပဲ။ သီပေါကိုယ်တော်နဲ့ အိမ်တော်ပါငယ်ကျွန်တို့ ဘယ်လောက်ပင် လျှို့ဝှက်ဆောင်ရွက်သည်ဖြစ်စေ စုဖုရားလတ်ရဲ့ ရွှေနားတော် ပေါက်ကြားသွားတယ်။ သိတယ်မို့လား။



www.burmeseclassic.com

www.burmeseclassic.com

မင်းနားတစ်ထောင်ဆိုတာ ချက်ချင်း၊ လက်ငင်း ရက်မဆိုင်းဘဲ လက်မရှုံ့တဲ့ လက်စွဲတော်တပည့် ရနောင်မောင်မောင်ဘုတ်နဲ့ မောင်ပြောင်တို့ကို တာဝန်ပေးပြီး အချစ်ကိုမျှဝေပေးခဲ့ကြတဲ့ ချစ်သူနှစ်ဦးကို အပြတ်ရှင်းခိုင်းလိုက်တယ်။ သီပေါ၊ မောင်ဖေငယ်နဲ့ ဒိုင်းခင်ခင်တို့ သုံးပွင့်ဆိုင်ဇာတ်လမ်းဟာ မပီဝိုးတဝါးဆိုပေမယ့် လူသိများပါတယ်။

လူတွေကို ကြက်ကလေး၊ ငှက်ကလေးများသဖွယ် အပြတ်ရှင်းပစ်တတ်တဲ့ စရိုက်ကတော့ ကြားဖူးတယ်မို့လား။ မယ်တော် ဆင်ဖြူမရှင်မိဖုရား မင်းသား ၄၀ ကျော်ကို အပြတ်ရှင်းခဲ့သလိုပါပဲ။ အကွက်ကိုစေ့လို့။

သက်ဦးဆံပိုင် ရှေးဘုရင်များလက်ထက် နန်းကန့်ကွက်ရွှေပလ္လင်တွေထက်မှာ စံထက်တဲ့ မိဖုရားခေါင်ကြီးများ ရှိခဲ့ကြဖူးသလို၊ ကရဏာရှင်၊ မေတ္တာရှင်၊ စေတနာရှင်၊ ကယ်တင်ရှင်လို့ အမည်ပေးရတဲ့ မင်းတုန်းမင်းရဲ့မိဖုရား စကြာဒေဝီ မိဖုရားခေါင်မျိုးလည်း ရှိခဲ့ဖူးတယ်။ ထို့အတူ အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ခဲ့သော ဥဇနာဘုရင်မင်းမြတ်ရဲ့ မိဖုရားစော(ဖွားစော)ဆိုတာလည်း သမိုင်းစာမျက်နှာမှာ ထင်ကရရှိခဲ့ဖူးတယ်။ ပုဂံပြည်သူပြည်သားတွေ မိဖုရားစောကို ဘယ်လောက်ချစ်ကြ၊ အမှတ်ရကြသလဲဆို ယနေ့ပုဂံမှာ အရှေ့ဖွားစောရွာနဲ့ အနောက်ဖွားစောရွာရယ်လို့ အမည်ပေးထားတဲ့ ရွာတွေ ထီးထီးမားမားရှိနေကြတယ်။ အဲသလိုပဲ မွန်ဘုရင်မကြီး ရှင်စောပုဟာ ရှာမှရှားတဲ့ ဘုရင်မကြီးတစ်ပါးအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့တယ်။ သူ့ကို အများက မမေ့နိုင်ကြလို့ သူ့အတွက် အမှတ်တရလို့ပြောပြော၊ ဂုဏ်ပြုတယ်ပဲဆိုဆို ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်မှာ ရှင်စောပုလမ်း၊ ရှင်စောပုရပ်ကွက်ရယ်လို့ အမည်ရတဲ့ လမ်းတွေ၊ ရပ်ကွက်ကြီးတွေ ရှိကြသလိုပဲ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့မှာလည်း ရှင်စောပုရပ်ကွက်ရယ်လို့ အထင်ကရ ရှိနေပါတယ်။ လူသေပေမယ့် အမည်မသေတာဟာ ထူးခြားချက်ရှိလို့ပေါ့နော်။

**ဝင်းသောင်(ရမည်းသင်း)**

မှီး - ညီမြကုန်းဘောင်ရာပုံတော်

★ ပလ္လင်ဘွေထက်က အာဏာစက်ကြီးမား၊ စံထက်တဲ့ မိဖုရားခေါင်တွေအကြောင်း အပေါင်းကို အသစ်လုပ်၊ အပြစ်ဖို့ပြောနေမယ့်အစား သူတို့တည်ဆောက်ခဲ့တဲ့ အံ့ဖွယ်ရာ ကုသိုလ်တော် ဘုရားတန်ဆောင်း၊ ကျောင်းကန်တွေ ဒီနေ့အထိ မြန်မာ့မြေပေါ်မှာ သက်သေပြစရာ ထီးထီးမားမား ရှိနေကြတယ်။ နန်းမတော်ကြီးမယ်နု ဆိုပါတော့။ အမရပူရမှာ ပုထိုးတော်ကြီး၊ အင်းဝမှာ အကွေ့တစ်ထောင် အကောက်တစ်ထောင်လို့အမည်ရတဲ့ မယ်နုအုတ်ကျောင်းတော်ကြီး၊ ရတနာပုံ(မန္တလေး)မှာ မဟာသကျသီဟ ရုပ်ပွားတော်ကြီး၊ စစ်ကိုင်းမှာကြည့်ဦးမလား။ ရှင်ဖြူရှင်လှ စေတီတော်၊ ဖလံခုံရွာ အနောက်တိုက်ဘုရားကြီးမှာ ကြေးချိန်တစ်သိန်းရှိ ခေါင်းလောင်းတော်ကြီး၊ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှာ ဇရပ်တစ်ဆောင် စသဖြင့် လှူဒါန်းခဲ့ပြီး အဲဒီကုသိုလ်တော်တွေအနက် ပုထိုးတော်ကြီးနဲ့ မယ်နုအုပ်ကျောင်းတော်ဟာ ကမ္ဘာကသိတဲ့ မြန်မာ့ဂုဏ်ဆောင်တွေဖြစ်လို့ နိုင်ငံတကာက ဧည့်သည်တွေ အများဆုံး လာရောက်လေ့လာနေတဲ့ နေရာတွေဖြစ်ပါတယ်။ အဲဒီလိုပဲ သီပေါမင်းနဲ့ စုဖုရားလတ်တို့ ပါတော်မမူမီ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတော်ကြီးဟာလည်း ရတနာပုံ(မန္တလေး)မှာရှိပြီး ပြည်တွင်းပြည်ပဧည့်သည် ဝင်လာမစဲပါပဲ။

★ မိဖုရားခေါင်ကြီးများ ရာဇပလ္လင်ထက်မှာထိုင်ရင်းဘာတွေကို ဘယ်လိုဆောင်ရွက်ခဲ့ကြသည် ဖြစ်ပါစေ အပေါင်းကိုအသစ်လုပ်၊ အပြစ်ဖို့ပြောနေမယ့်အစား သူတို့တည်ဆောက်ကုသိုလ်ပြုခဲ့တဲ့ ဘုရားတန်ဆောင်း ကျောင်းကန်တွေကို နိုင်ငံခြားသားဧည့်သည်များ လာရောက်လေ့လာခြင်းကြောင့် မြန်မာကို ကမ္ဘာကသိပြီး ဂုဏ်တက်ရတယ်။ ပြီးတော့ တိုင်းပြည်အတွက် ခရီးသွားလုပ်ငန်းက နိုင်ငံခြားငွေလည်း ဝင်တာပေါ့လို့ အကောင်းဘက်က ဖျော့တွေးပြီး နန်းမတော်ကြီးတို့ရဲ့ ကောင်းမှုတော်များကို ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြပါစို့။ (စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com

# ထာဝရ သစ္စာရှိသော အဖော်

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

အဖော်ဆိုသည်မှာ ကိုယ်နဲ့မခွဲမခွာ အမြဲပါလေ့ရှိသော ပုဂ္ဂိုလ်၊ အရာဝတ္ထုများကို အဖော်ဟု ခေါ်ပါသည်။

လူရယ်လို့ဖြစ်လာပါက တစ်ဦးတစ်ယောက်တည်း နေ၍မရပါသဖြင့် အဖော်လိုအပ်လျက်ရှိသည်။ အဖော်ဆိုသည်မှာလည်း သက်ရှိအဖော်နဲ့၊ သက်မဲ့အဖော်ဟူ၍ နှစ်မျိုးရှိပါသည်။ သက်ရှိအဖော်ကတော့ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်း၊ အိမ်ဖော် စသည်တို့အပြင် အိမ်မွေးတိရစ္ဆာန်လေးများ ဖြစ်ကြပြီး သက်မဲ့အဖော်ဆိုသည်မှာ အိုးအိမ်တိုက်တာ အဆောက်အဦ၊ ကား၊ ရွှေငွေပစ္စည်း၊ ဥစ္စာတို့သည်လည်း လူ့ဘဝအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသော အဖော်ပင် ဖြစ်ပါသည်။

သက်ရှိအဖော်သည် မိမိက သူ့အပေါ် မည်ရွေ့မည်မျှပင် ကောင်းကောင်း တစ်နေ့နေ့၌ အကြောင်းအမျိုးမျိုးကြောင့် မိမိအပါးမှ ခွဲခွာတတ်စမြဲပင် ဖြစ်သကဲ့သို့ သက်မဲ့အဖော်သည်လည်း ရှောင်လွှဲ၍မရသော ရန်သူမျိုးငါးပါးကြောင့် မိမိအပါးမှ သစ္စာမဲ့စွာ စွန့်ခွာတတ်သော သဘောရှိပါသည်။

မိမိအသက်ရှင်လျက်ဖြစ်စေ၊ ကွယ်လွန်ပြီးနောက် တမလွန်ဘဝထိ သစ္စာရှိစွာ မိမိအပါး အမြဲတည်ရှိနေမည့် အဖော်ကတော့ ကုသိုလ်အဖော်ပင် ဖြစ်ပါသည်။ ကောင်းမှုကုသိုလ်သည် ယခုဘဝပင်မက နောင်သံသရာအထိ သစ္စာရှိစွာ မိမိ၏နောက်သို့ အရိပ်ပမာ တကောက်ကောက်လိုက်ကာ အကျိုးပေးနေမည် ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်က ဇေတဝန်ကျောင်းနဲ့ မနီးမဝေး ရွာလေးတစ်ရွာမှာ သဒ္ဓါတရား အလွန်ထက်သန်လှတဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။ သူသည် ရဟန်းသံဃာများကို အမြဲတမ်း ဆွမ်း၊ ဆေး အစရှိသော သံဃာတော်များ လိုအပ်လျက်ရှိသော ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။ တစ်နေ့သောအခါ ရဟန်းပျိုတစ်ပါးသည် ညနေစောင်းအချိန်တွင် ၎င်းအမျိုးသမီး၏ အိမ်ရှေ့တွင် ဆွမ်းခံရပ်လေသည်။ အမျိုးသမီးငယ်ကလည်း အချိန်အခါမဟုတ် ဆွမ်းခံရပ်ခြင်းဖြစ်၍ လောင်းလှူခြင်းမပြုဘဲ နေလိုက်လေသည်။ သို့သော်လည်း ရဟန်းပျိုမှာ နေ့စဉ်ရက်ဆက် အချိန်အခါမဟုတ် ဆွမ်းခံရပ်တော်မူလေသည်။

ထိုအခါ အမျိုးသမီးငယ်လည်း ရဟန်းပျိုအား အဘယ်ကြောင့် အချိန်အခါမဟုတ် ဆွမ်းခံရပ်ခြင်းအကြောင်းအား မေးတော်မူ၏။

"ဒါယကာ...ကျွန်ုပ်သည် မုန့်ညင်းဆီ အနည်းငယ်မျှ အလိုရှိပါတယ်" ဟု ပြောလေ၏။

"အရှင်ဘုရား...အဘယ်အကြောင်းကြောင့် မုန့်ညင်းဆီကို အလိုရှိပါသနည်း"

"ကျွန်ုပ် သတင်းသုံးလျက်ရှိသော ဇေတဝန်ကျောင်း၌ သံဃာတော်များအတွက် ဆီမီးအလင်းရောင် လိုအပ်သည့်အတွက် ဒကာမထံ မုန့်ညင်းဆီ အလှူခံရခြင်းဖြစ်ပါတယ်" ဟု ပြောလေရာ အမျိုးသမီးငယ်လည်း သဒ္ဓါတရားထက်သန်စွာဖြင့် မုန့်ညင်းဆီတစ်ပုလင်း လောင်းလှူလိုက်လေသည်။ အလှူခံရရှိပြီးသော ရဟန်းပျိုက -

"ဒကာမ...သင်သည် ဤမုန့်ညင်းဆီ လောင်းလှူရသည့်အတွက် တစ်ခုတည်းသော ဆုကို တောင်းပါဆိုက သင်သည် မည်သို့သောဆုကို တောင်းမည်နည်း"

"အရှင်ဘုရား၊ တပည့်တော် ဘုရားဖြစ်လိုပါ၏။ ဘုရားဆုကိုတောင်းပါမည်"

ဟု ဆိုလိုက်ရာ ရဟန်းပျိုသည် မည်သို့မျှ ပြန်မပြောတော့ဘဲ ဇေတဝန်ကျောင်းသို့ ပြန်လာခဲ့လေသည်။ ဇေတဝန်ကျောင်းသို့ရောက်သော် ကျောင်းတစ်ကျောင်းလုံး ဆီမီးများ အားရပါးရ လင်းထိန်စွာ ထွန်းညှိထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကို ဘုရားရှင်မြင်သော် ဇေတဝန်ကျောင်းတစ်ကျောင်းလုံး ဆီမီးတွေ မြိုင်မြိုင်ကြီးထွန်းရခြင်းသည် မည်သူမှ ဆောင်ရွက်ထားပါကြောင်း သိလို၍ ရဟန်းများအား ခေါ်ယူမေးမြန်းရာ ရဟန်းအားလုံးက ရဟန်းပျိုတစ်ပါး လှူဒါန်းကြောင်း ပြောကြားလေ၏။

ဘုရားရှင်မှ ရဟန်းပျိုအား ခေါ်ယူပြီး အောက်ပါအတိုင်း မိန့်တော်မူ၏။

"ချစ်သား ရဟန်းပျို၊ ဤဆီမီးများကို လှူဒါန်းသည့်အတွက် အသင်အလိုရှိသော ဆုကို တောင်းလော့"

"အရှင်ဘုရား။ တပည့်တော် ဘုရားအဖြစ်ရလို၏ဘုရား" ဟု လျှောက်တင်ရာ မြတ်စွာဘုရားရှင်မှ ဗျာဒိတ်ပေးတော်မူပြီး -

"ဤဆီမီးထွန်းရခြင်းအတွက် မှန်ညင်းဆီကို အသင် အဘယ်မှအလှူခံရပါသနည်း"

"ဤမှန်ညင်းဆီအား အမျိုးသမီး ဒကာမတစ်ဦး လှူဒါန်းပါတယ်ဘုရား"

"အဲဒီ ဒကာမရော မှန်ညင်းဆီလှူဒါန်းခြင်းအတွက် အဘယ်သို့သော ဆုတောင်းပါသနည်း"

"ဒကာမလည်း တပည့်တော်ကဲ့သို့ပင် ဘုရားအဖြစ်ရလိုပါ၏"

"ချစ်သားရဟန်း၊ အဲဒီ ဒကာမကို ပြန်ပြောချေ။ အမျိုးသမီးဆိုသည်မှာ ဘုရားဆုပန်၍မရနိုင်ပါ။ ဘိက္ခုနီမအဖြစ်သာ ရနိုင်ပါတယ်။ သို့အတွက်ကြောင့် ယောကျ်ားဆုကိုအရင်ပန်ပါ။ ယောကျ်ားစင်စစ် ကေန်ဖြစ်မှ ဘုရားဆုကိုပန်ပါ"

ဟု မိန့်တော်မူရာ ရဟန်းပျိုလည်း အမျိုးသမီးငယ်အား မဆိုင်းမတွ ဘုရားရှင် မိန့်တော်မူသည့်အတိုင်းပြောလေ၏။

ထိုနေ့မှအစပြု၍ အမျိုးသမီးငယ်သည် ကုသိုလ်ကောင်းမှုပြုပြီးတိုင်း ဘုရားကျွန်မ ယောကျ်ားအဖြစ်သို့ ရပါစေသားဟု ဆုတောင်းလေ၏။ ဤသို့ ကုသိုလ်ပြုပြီးတိုင်း ဆုတောင်းကောင်းမှုကြောင့် တစ်ခုသောဘဝ၌ သုမေဓါရှင်ရသေ့ဖြစ်ပြီး မြတ်စွာဘုရားကြွမြန်းရာ လမ်း၌ ရေအိုင်ရေဗွက်များအပေါ် မိမိကိုယ်အား တံတားခင်း၍ ဘုရားရှင်အား ကြာပန်းဆက်ကပ်လှူဒါန်းပြီး ဘုရားအဖြစ်ရပါလို၏ဟု ဆုတောင်းလေ၏။ (သုမေဓာရှင်ရသေ့ ကြာပန်းဆက်ကပ်လှူဒါန်းသော ဘုရားရှင်သည် အမျိုးသမီးဘဝမှ မှန်ညင်းဆီလှူဒါန်းလိုက်သော ရဟန်းပျိုမှာ ဒီပင်္ကရာမြတ်စွာဘုရား ဖြစ်နေခြင်းဖြစ်ပါသည်။)

သုမေဓာရှင်ရသေ့၏ ကောင်းမှုကုသိုလ်အကျိုးဆက်ကြောင့် နောက်ဆုံးဘဝ၌ ကပိလဝတ်ပြည်၊ သက္ကတိုင်း၊ မဇ္ဈိမဒေသရှိ သုဒ္ဓေါဒနမင်းနှင့် သိရိမာယာမဟာဒေဝီတို့၏ သားတော် သိဒ္ဓတ္ထမင်းသား ဖြစ်လာလေသည်။ သိဒ္ဓတ္ထ၏ အဓိပ္ပာယ်မှာ မှန်ညင်းဖြူဟူ၍ အဓိပ္ပာယ်ရပါသည်။ သိဒ္ဓတ္ထမင်းသား သက်တော် ၁၆ နှစ်မှ ၂၉ နှစ်အထိ ထီးနန်းစိုးစံပြီး ညသန်းခေါင်ယံအချိန်၌ သူအို၊ သူနာ၊ သူသေ၊ရဟန်း စသည့် နိမိတ်ကြီးလေးပါးအား တွေ့မြင်ပြီး သတိသံဝေဂရကာ မိဂဒါဝုန်တောသို့ တရားကျင့်ကြံအားထုတ်ရန် ကြွမြန်းတော်မူလေသည်။

ဥရုဝေလတော၌ ၆ နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်ကြံအားထုတ်ခဲ့ရာ သက်တော် ၃၅ နှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ မြင့်မြတ်သော မြေပြင်ရှိ ပလ္လင်တော်အထက်က ထီးကဲ့သို့ မျက်နှာကြက် ဖြန့်မိုးကာနေသော ဗောဓိညောင်ပင်အောက်၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

ဂေါတမမြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြင့် သီလ၊ သမာဓိ၊ ပညာ၊ သတိတရားတို့အား လက်ကိုင်ထားလျက် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ အစရှိသော သာသနာတော်ကြီး သုံးရပ်အား သုံးပါးသူတို့ ငြိမ်းအေးစေရန် သာသနာပြန့်ပွားရေးကို ဆောင်ရွက်တော်မူခဲ့ပါသည်။

သဒ္ဓါစိတ် ယုံကြည်စွာဖြင့် လောင်းလှူလိုက်သော မှန်ညင်းဆီတစ်ပုလင်းကြောင့် လူနတ်ပြဟ္မာတို့၏ ကိုးကွယ်အားထားရာ ကေန်အစစ် ဘုရားအဖြစ်သို့ ရောက်ရှိရခြင်းသာဓကကို စံပြု၍ မိမိတို့အားလုံးလည်း သဒ္ဓါနှင့်ယှဉ်သော ကုသိုလ်ကို ဖြစ်စေမည့် ထာဝရသစ္စာရှိသော အဖော်ကို လက်တွဲလျက် မခွဲမခွာ ပေါင်းသင်းသွားနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းလျက် . . .။

သဒ္ဓါစိတ်ယုံကြည်ခြင်းဖြင့် ကုသိုလ်ပြုနိုင်ကြပါစေ . . .။

(အရှင်ပါကဋာလင်္ကာရ ဆရာတော်အား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏ဘုရား)

ရွှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

မှတ်ချက် ။ အရှင်ပါကဋာလင်္ကာရ၏ မှန်ညင်းအစ မြဝ်ဗုဒ္ဓတရားတော်အား စံပြုပါ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဇရာ နှင့် နေရာ

ညွန့်ဟံ(ကြူတော)

အစဉ်အလာ မြန်မာမိသားစုဘဝက နှစ်သက်ဖွယ် ဖြစ်သည်ဟု ဆိုနိုင်၏။ ကျောင်းနေစာဖတ်ကြသည့် ကလေးသူငယ်များ၊ စီးပွားရှာအလုပ်လုပ် အိမ်မှုလုပ်ငန်းဖြင့် နပျိုသန်စွမ်းမှုကာလကို ဖြတ်သန်းကြရသည့် မိဘများ၊ သီလယူဥပုသ်စောင့်၊ ဘာဝနာတရားပွားများကြသည့် သက်ကြီးရွယ်အို အဘိုးအဘွားများဖြင့် တည်ဆောက်ထားပေရာ အရွယ်သုံးပါးကို တွေ့ရသည်။ ကိုယ်စီကိုယ်င တာဝန်တွေ၊ ဝတ္တရားတွေဖြင့် တိုင်းခြားပြည်မှ လူမျိုးစုတို့၏ Life Style နှင့် ခြားနားသည်ဟုပင် ဆိုချင်သေးသည်။

ရွေ့လျားသော ဖြစ်စဉ်အရ အိုမင်းမစွမ်း ဇရာခရီးကား မလိုချင်ဘဲ ရောက်လာသည်။ အသက်ရှည်ရှည်နေထိုင်နိုင်ခွင့် ဆုတောင်းပြည့်ဝသူတို့သည် ဇရာဘဝကို ရင်ဆိုင်ကြရသည်မှာ ဧကန်တရားပင် ဖြစ်သည်။ ကြီးသူကို ရိုသေ၊ ရွယ်သူကိုလေးစား၊ ငယ်သူကို သနားသည့် အလေ့အထရှိသော လူကြီးလူအိုဘဝတွင် အရိုအသေခံဘဝ၌ မွေ့လျော်ခွင့်အမြဲရှိသည်မဟုတ်ဟု ထင်၏။ အရိုအသေခံဘဝ၌ အရိုးထုတ်လိုလျှင် ရှိအပ်သည့် အရည်အချင်းဖြင့် နေတတ်ထိုင်တတ်ဖို့ ဖြစ်၏။ ဒီမလွှဲမကင်းသာ နေထိုင်ဆက်ဆံ ပေါင်းစပ်ကြရသည့် လူငယ်များ၏ စိတ်ထားစေတနာကလည်း ပဓာနကျပါ၏။

စာရေးသူ အငြိမ်းစားမယူမီ နှစ်နှစ်ခန့်က ဖြစ်၏။ ရှာရိုလူငယ်တစ်ဦးက လိုရာခရီးသို့ သူ၏ မော်တော်ဆိုင်ကယ်ဖြင့် လိုက်ပို့၏။ သွားရင်းလာရင်း စကားပြောဖြစ်၏။ ကျွန်တော်၏တူလည်း တော်စပ်သည်။ သူသည် ရန်ကုန်တွင် စီးပွားရှာအလုပ်လုပ် အတော်ပင် အဆင်ပြေခဲ့သူ၏။ သို့သော် ရှာပြန်လာခဲ့၏။ သူက ပြောသေးသည်။ မိဘတွေက အသက်ကြီးပြီး တစ်လှည့်ပြန်ပြီး စောင့်ရှောက်ရမယ်။ မိဘတွေနဲ့အတူ လယ်ယာလေးလုပ်ပေးတယ်။ အခု ဆန်စက်ကလေးထူထောင်ပြီး မိသားစုဝမ်းရေးကို ဖြေရှင်းပေးတယ်။ မိဘတွေက သင့်တော်တဲ့ အိမ်လေး ခိုင်ခိုင်ခံ့ခံ့ဆောက်နိုင်လို့ နေရေးလည်း အဆင်ပြေတယ်ဟု ပြောပြပေရာ လူကြီးမိဘများအပေါ် သိတတ်မှုကို ဝမ်းသာခဲ့ရသည်။ တကယ်တော့ သူပြောသည့် စောင့်ရှောက်မှုပေးသည့် မိဘများသည် ကျွန်တော့်ထက် ငယ်ရွယ်သူများဖြစ်ကြပြီး ညီ၊ ညီမများပင် ဖြစ်၏။ စာရေးသူကတော့ ကိုယ့်ကိုယ်ကို အရွယ်ရပြီဟု မထင်သေး။ ဝန်ထမ်းဘဝက မကျွတ်လွတ်သေး။ ယခုမှ ဝန်ထမ်းဘဝမှ ကင်းရှင်းသည့် အငြိမ်းစားလူအိုစာရင်းဝင်သည်ဟု ဆိုရပါမည်။

သည်တော့ ကိုယ့်ကိုယ်ကို ပြန်လည်ဆင်ခြင်ကြည့်မိ၏။ စာရေးသူတို့အရွယ် အငြိမ်းစားတို့၏ စကားဝိုင်းကို မနက်တိုင်း လက်ဖက်ရည်ဆိုင်တွင် အချိန်တွေ ကုန်ခန်းစေကြသည်။ ရင်းရင်းနှီးနှီး နင်ပဲငဆ ပြောခွင့်ရ၏။ ကျယ်ကျယ်လောင်လောင်ပြောနိုင်ခွင့် ရှိ၏။ အိတ်သွန်ဖာမှောက် အားမနာတမ်း ပွင့်ပွင့်လင်းလင်း စကားတွေပြောကြသည်။ ရင်ထဲရှိသမျှ သုတပညာတွေရော၊ အတွေ့အကြုံအကောင်းအဆိုးတွေရော ပါဝင်ပေရာ အရွယ်တွေကိုပင် မေ့လျော့ကြသည်။ တကယ်တမ်း စိစစ်ကြည့်သည့်အခါ အိမ်မှာပြောဆိုခွင့်မရသည့် စကားများပြောကြ၊ နားထောင်ကြ၊ အမြင်တွေဖလှယ်ကြမှုက များ၏။ မသင့်သောအရွယ်နှင့် မလိုက်ဖက်သော စကားများ ပါရှိနိုင်၏။ တစေ့တစောင်းသာ နားထောင်သူများရှိပါက အထင်သေးဖွယ်ဖြစ်နိုင်ပါမည်။ သို့သော် ကာယကံရှင်များအဖို့ နပျိုလန်းဆန်းကြသည် ထင်၏။ နေတတ်ထိုင်တတ်ကြခြင်းဟု အကောင်းမြင်စကားဖြင့်ပြောလျှင် ပြော



www.burmeseclassic.com

www.burmeseclassic.com

၍ရမည်ဟု ယူဆစရာရှိ၏။ မိမိပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ငယ်မွေးခြံပေါက် လူငယ်လူရွယ်များမဟုတ်။ မြို့ပြအသစ်၌ ဆုံတွေ့ရင်းနှီးကြရသူများ ဖြစ်၏။ အမှန်အတိုင်းပြောရပါက ကြီးမားသည့် အရှိအသေခံဘဝဖြင့် ဆက်ဆံမှုခံရသည်မျိုး မဟုတ်ပေ။

မွေးဖွားရာဇာတိ နယ်မြေရွာသို့ရောက်တော့ အကဲခတ်ကြည့်၏။ သက်တူရွယ်တူ သူငယ်ချင်းများသည် အဘိုးအိုများနှင့် တူနေသည်ဟု ထင်၏။ ရွာ၏ အရှိအသေခံ ဘဝတန်း၌ တစ်ရွာလုံးရှိ လူငယ်လူရွယ်များက "ဘကြီး၊ ဘကြီး" ဖြင့် ခေါ်ဝေါ်ကာ လေးစားစွာ ဆက်ဆံကြသည်။ သူတို့က တကယ့်လူကြီးဘဝ ခံယူကြပေပြီ။ ဘုရားသွားကျောင်းတက် ဥပုသ်စောင့် ဝေယျာဝစ္စလုပ်ငန်းများ၌ ကွပ်ကဲသူအကြီးအကဲများ ဂုဏ်သိက္ခာရှိသူများ ဖြစ်ကြသည်။ စာရေးသူပင် အားငယ်ရသကဲ့သို့ ဖြစ်ရလေသည်။

တကယ်တော့ အငြိမ်းစားယူပြီး မလွှဲမကင်းသာ ဇရာဘဝရောက်ချိန်တွင် ရောက်ဆဲနေရာကို သတိပြုသင့်၏။ အာဏာမရှိ၊ ပါဝါမရှိ၊ နေရာမရှိ ဝင်ငွေနည်းနည်း၊ အားအင်ခွန်အားကျဆင်းချိန်ဖြစ်၏။ စိတ်ဓာတ်ရေးရာကလည်း များစွာမခိုင်မာတော့။ မာနတွေ တင်းထားသည့်ကြားက ပါးလျလာ၏။ ထင်သလောက် မဟုတ်။ စိတ်အလိုခန္ဓာက မလိုက်နိုင်။ အပြောအဆို၌ ထင်သလောက် ခရီးမပေါက်။ ကြောင်အိုတော့ ကြွက်မလေး ဖြစ်သည့်အခါ အားငယ်စိတ်ပင် ဖြစ်ရသေး၏။

The old man and the sea. ပင်လယ်ပြာနှင့် တံငါအို၏ ဘဝဇာတ်လမ်းကို တစ်ခါတစ်ရံ သတိရမိသေး၏။ ထင်တိုင်းမပေါက်မှုဖြစ်၏။ မိသားစုဘဝနှင့် ဇရာအိုတို့သည် အခါခပ်သိမ်း အဆင်ပြေသည်မဟုတ်။ လူရာဝင်လာသည် မထင်။ တစ်ခါတစ်ရံ လူတောမတိုးချင်၊ သူတို့စကားဝိုင်း မဝင်မခံချင်ကြ။ ပြောမိ၊ ဆိုမိလျှင် မကြိုက်ကြ။ တစ်ခါတစ်ရံ အဆူအပူပင် ခံကြရသေး၏။ သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစိုဟူသော ကမ္ဘာ့ကုလသမဂ္ဂ၏ ပြဋ္ဌာန်းဆောင်ပုဒ်တစ်ခုကို သတိရမိသေး၏။

သူတို့ဘဝ၊ သူတို့ကိစ္စတွေ များမြောင်ချိန်၌ ဇရာအိုတို့ကို အလေးဂရုမပြုနိုင်သည်မှာ မဆန်းပါ။ အနှောင့်အယှက်ဟု မထင်သည်က ကံကောင်းလှ၏။ ကိုယ့်အားကိုယ်ကိုးမပြုနိုင်သည့်အရာ၌ အကူအညီတောင်းရသည်မှာ အားနာ ရှာဟု ယူဆမိ၏။ မနေတတ်၊ မပြောတတ်သည့် လူအိုများ လူကြားသူကြားထဲ အဆူအပူခံရသည်ကို မကြာခဏ ကြုံတွေ့ရပေရာ မိမိအလှည့်မရောက်စေဖို့ သတိကြီးစွာ ထားသည့်ကြားက ကြုံခဲ့ရ၏။

တကယ်တော့ ဇရာအိုတို့တွင် သူ့တန်ဖိုးနှင့်သူ ရှိကြ၏။ နုပျိုငယ်ရွယ် အားကောင်းမောင်းသန်ဖြစ်ချိန်၌ စီးပွားရှာ လူမှုကောင်းကျိုးပြုခဲ့၏။ အကြံကောင်းဉာဏ်ကောင်းတွေဖြင့် မိသားစုဘဝကို ခိုင်မာအောင် တည်ဆောက်ခဲ့၏။ ယခုအိမ်ဦးခန်းနေထိုင်ရပါလျက် အမြဲစိတ်လက်ချမ်းသာရာ ရသည်ဟုချည်း မဆိုသာ။ နားလည်ပေးသင့်ကြ၏။ ကြုံမှသိ၊ ထိမှနာ အဖြစ်မျိုး မရောက်စေသင့်။

သေချာသည်မှာ ဇရာအိုတို့တွင် အဖိုးတန်အတွေ့အကြုံများ၊ သင်ခန်းစာများ၊ သံဝေဂများ ရှိကြသည်။ ထုတ်ယူသုံးစွဲနိုင်ပါက မိသားစုနှင့် လောကအကျိုး ဖြစ်စေနိုင်၏။ အထင်မသေးအပ်။ သည်အချိန်သည် အထီးကျန်ဘဝများဖြစ်ကြရာ အားဆေးများဖြစ်စေချင်၏။ ဗဟုသုတတို့၊ ပညာတို့ဆိုသည်မှာ အတွေ့အကြုံများကို လက်ဆင့်ကမ်းခြင်းဖြစ်လေသည်။ ဇရာအိုတို့နေရာက ရယူနိုင်ပါ၏။

Experience is the best teacher အတွေ့အကြုံသည် အကောင်းဆုံးဆရာ ဖြစ်သည်ဆိုသော စကားရပ်သည် အမြဲမှန်ကန်သည်ဟု ဆိုချင်၏။ ဘဝ၏ အထိအတွေ့ အကောင်းအဆိုးကို ကြုံတွေ့ခဲ့ရသော ဇရာအိုတို့တွင် အမြော်ကောင်းတွေ၊ အကြံဉာဏ်ကောင်းတွေ ရှိပေသည်။


ဇရာသည် ကြောင်းကျိုးညီညွတ်စွာ ဖြစ်ပေါ်လာ၏။ ရှောင်လွှဲ၍မရ။ နေရာပေးဖို့၊ နေတတ်ဖို့တွေတော့ လိုပေ၏။ လောကအရေး၌ အသင့်ရှိစေဖို့ ကိစ္စများ၌ နှစ်ဖက်နှစ်ဝ နေရာကို သင့်မြတ်စွာ ရှုမြင်ကျင့်သုံးတတ်ဖို့ လို၏။ အထင်သေးခြင်းမရှိ၊ နားလည်မှုပေးခြင်းတို့သာ ရှင်သန်ပါက ရှုချင်စဖွယ် နေထိုင်စရာကောင်းသော အခြေအနေကို ဖန်တီးပြီး ဖြစ်မည်ဟု ယူဆပေသည်။

**သွန်းဟံ(ကြူတော)**



www.burmeseclassic.com

www.burmeseclassic.com



# အကြံအစည် အောင်လိုလျှင်
## ပေဟာသည့် ဇာတ်ကိုဆင်

■ ဓနုဖြူဆရာတင်

''ခက်တော့ ခက်နေပြီ ဆရာရေ၊ ရှိစုမဲ့စုလေးနဲ့ ဖလင်ခန်းကလေး တစ်ခန်း ဖွင့်မလားလို့ ကြံစည်ထားတာ၊ ဒီပုံအတိုင်းသာဆိုရင်ဖြင့် ပျက်မလို လိုတောင်ဖြစ်နေပြီ ဆရာရယ်''

''ဘယ်လိုများ ဖြစ်ရတာတဲ့လဲ မောင်တိုးရ၊ မောင်ရင့်မလည်း အလုပ်တွေကို ချဲ့ချင်နေလိုက်တာ၊ တစ်ခုပြီးတစ်ခုဆိုသလို ဆုံးကိုမဆုံးတော့ ပါကလား။ လက်ရှိအလုပ်ကိုပဲ ဖိဖိစီးစီးလုပ်ပါတော့လားကွယ်။ သိပ်လည်း အလုပ်လောဘမကြီးပါနဲ့။ အလယ်လပ်သတဲ့ မောင်တိုးရဲ့''



www.burmeseclassic.com

www.burmeseclassic.com

''ကောင်းတဲ့အလုပ် လုပ်တာပဲ ဆရာရယ်။ ကံမရှိ ဉာဏ်ရှိတိုင်း မွဲရယ်လို့ ပြောဦးမလို့လား။ ရှေးထုံးကို ပယ်တဲ့ သဘောမဟုတ်ပါဘူးဆရာ။ ခုဆို ... ကျွန်တော်တို့ လင်ကိုယ်မယားနှစ်ယောက်တည်း မဟုတ်တော့ဘူး ဆရာရဲ့။ အင်မတန် စားနိုင်ဝါးနိုင်တဲ့ သားလေးတစ်ယောက်လည်း ရနေပြီ။ သည်အချိန်မှာ ဆရာ့တပည့် မမျိုးဘက်က အမျိုးတွေလည်း အိမ်ပေါ်ရောက်နေကြတယ်။ သူ့အမျိုးဆိုတာလည်း ကိုယ့်အမျိုးမို့ မငြိုငြင်ပါဘူး ဆရာ။ မမျိုးညီမ စံပယ်ဆိုတဲ့ ခပ်စွာစွာကောင်မလေးဟာလည်း ကျွန်တော်တို့ အိမ်ဂေဟာကို ဘူမိနက်သန်ထားပြီး ကျောင်းတက်မှာ ဆရာရဲ့။ ဒီတော့ အားလုံးရဲ့ အရေးဟာ ဟောဒီ ဆရာ့တပည့် မောင်တိုးအပေါ်ကျနေတာ အလုပ်တွေ တစ်ခုပြီးတစ်ခု ချဲ့နေလုပ်နေရတာပါပဲဆရာရယ်''

''လုပ်တာလည်း လုပ်ပေါ့ကွယ်။ ဒါပေတယ်လို့ ကိုယ်လုပ်မယ့်အလုပ်ဟာ လက်ရှိအနေအထားနဲ့ အံဝင်ရဲ့လား၊ ဖောက်သည်တွေကော ရပ့်မလား၊ ကုန်ကျတာနဲ့ ပြန်ရမှာကော ကိုက်ရဲ့လား၊ ကိုယ်ကရော အလုပ်သဘောကို ကျွမ်းကျွမ်းကျင်ကျင် ကကြီးက အအဆုံး နားလည်ရဲ့လား။ အစစအရာရာ အနုလုံ ပဋိလုံ စဉ်းစားပြီးမှလုပ်တာ ကောင်းသကွယ့်။ တော်ကြာ မြက်မြက်ကလေး စားရမလားလို့ ဆိုင်းထဲလိုက်မိပါတယ်၊ နွဲ့ကြီး တက်နင်းမိလို့ လျော်ရတဲ့ကိန်းဆိုက်ရင် မကောင်းဘူး''

''ဆရာပြောတာတွေကို တပည့် သဘောပေါက်ပါတယ် ခင်ဗျာ။ ခုအလုပ်ကလည်း သေသေချာချာကို လေ့လာသုံးသပ်ပြီးမှ၊ ထဲထဲဝင်ဝင်လုပ်ပြီးမှ လုပ်ငန်းစဖို့အရေးမှာ ရစရာရှိတာတွေ မရတော့ ဟပ်ကော့ကြီးကို ဖြစ်လို့။ တပည့်ရဲ့ အကြံအစည်တွေ အောင်မြင်ရလေအောင် ဘာ့လုပ်ရင် ကောင်းမလဲဆရာ။ အကြံပေးပါဦး''

''ဒါဆိုရင်တော့ 'ခုနစ်ရက် အဓိဌာန်'ဝင်လိုက်ရင် ကောင်းမယ် မောင်တိုး။ ဒါမျိုး ငါ့မိတ်ဆွေ ကိုညွှန့်တင် ဖြစ်ခဲ့တုန်းကလည်း ကူညီပေးခဲ့ဖူးတယ်။ ခု ကိုယ်ပိုင် KTV ဖွင့်ပြီး ဟန်ကိုကျလို့ကွယ်။ ဒါ .. ဆရာတစ်ယောက်ဆီက ရတဲ့နည်းကလေးပါ။ ယုံယုံကြည်ကြည်လုပ်ရင် အဆင်ပြေသွားပါလိမ့်မယ်''

''လုပ်မယ်ဆရာ၊ ပြောပါ''

''အေး ... လုပ်မယ်ဆိုရင် သိပ်ခက်ခက်ခဲခဲကြီးတော့ မဟုတ်ပါဘူး။ သူ့နေ့အလိုက်နဲ့သူ လုပ်သွားရုံပါပဲ ...။ တနင်္ဂနွေက စလုပ်ပေါ့''

''ဟုတ်ကဲ့။ သေသေချာချာကို ရေးမှတ်ထားမယ်ဆရာ''

''လုပ်ရမှာကတော့ တနင်္ဂနွေနေ့မှာ အိမ်ရိုက်သံတစ်ချောင်းကိုယူ၊ ရေစင်စင်ဆေး၊ ပြီးတာနဲ့ နေအိမ်ရဲ့ အနောက်ဘက်တည့်တည့်က တိုင်ကို ရိုက်ပေးရမယ်၊ တနင်္လာနေ့မှာ နွားနို့တစ်ဆယ်သားနဲ့ ထန်းလျက် ၁၀ ခဲကို အိုးသစ်တစ်လုံးထဲထည့်၊ ရေ ၂၇ ကျပ်သားရောကျိုပေါ့။ ကျက်တဲ့အခါ ဆွမ်းတော်ကိုအရင်ကပ်ပြီး ကိုယ်တိုင်လည်း သောက်ပေးပေါ့ကွယ်။ အင်္ဂါနေ့ကျတဲ့အခါ အုန်းထမင်းချက်ပြီး ဆွမ်းတော်ကပ်၊ ကိုယ်တိုင်လည်းစား''

''နိပ်တယ် ဆရာ။ ကျွန်တော်က နွားနို့လည်း ကြိုက်တယ်၊ အုန်းထမင်းလည်း ကြိုက်တယ်''

''ဒါဆို ဟန်ကျတာပေါ့ကွယ်။ ဗုဒ္ဓဟူးနေ့ရောက်တဲ့အခါ ကြံကို အပင်လိုက် ဘုရားလှူရမယ်။ စွန့်ပြီးတဲ့အခါ ကိုယ်တိုင်လည်းစားပေါ့။ အဲ ... ကြာသပတေးနေ့ရောက်တဲ့အခါကျတော့ ထမင်းကို ဆီဆမ်းပြီး ဆွမ်းတော်ကပ်၊ ကိုယ်တိုင်လည်း စားပေး''

''ကောင်းတယ် ဆရာ''

''သောကြာနေ့ရောက်တဲ့အခါ ရေ မချိုးခင် ရေကို အရင်စိုက်ကြည့်ရမယ်။ ပြီးတော့မှ ရေကို တဝကြီးချိုးပစ်ရမယ်။ အဲ ... စနေနေ့ရောက်တဲ့အခါကတော့ ပေါက်ပေါက်ဆုပ်ကို စားပေး''

''ဟန်ကျလိုက်တာ ဆရာရယ်။ ဆရာ့ရဲ့ ဓာတ်ရိုက်ဓာတ်ဆင် ယတြာက ဘာမှလည်း အထူးအထွေ အကုန်အကျ မရှိဘူး။ အလွယ်တကူလုပ်နိုင်တဲ့ ယတြာပဲ''

''လွယ်တယ်ဆိုပြီး အထင်မသေး လိုက်နဲ့နော်''

''မသေးရဲပါဘူး ဆရာရယ်''

သို့ဖြင့် တပည့်ကျော် မောင်တိုးလည်း ကျွန်ုပ်စေညွှန်သည့်အတိုင်း မပျက်မကွက် လုပ်ပါလေ၏။ သိပ်မကြာလိုက်သော တစ်နေ့၌ မောင်တိုးရောက်လာကာ ကျွန်ုပ်အား ဖိတ်စာတစ်စောင်ပေးလေ၏။ ဖိတ်စာကား 'ရွှေလင်းဝက် အော့ဖ်ဆက်ဖလင်လုပ်ငန်းဖွင့်ပွဲ' ဖြစ်လေတော့သတည်း။

မနုဖြူဆရာတင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စူးရှူးရှရှ ဟာစ်အော်နေကြသော ပုစဉ်းရင်ကွဲတို့၏ အသံများက ကွင်းရိုးတစ်လျှောက် ဆူညံစွာ ပျံ့လွင့်နေ၏။ ခပ်ကြမ်းကြမ်း လေနီရိုင်း၏ ကလူကျီစယ်မှုအောက်မှာ ဝါးရိုင်းတောကြီးကား "တရှူးရှူး တရဲ့ရဲ့" မြည်သံပေး၍ ယိမ်းထိုးယိုင်နွဲ့နေကြ၏။

ရေနံချေးဝနေသော ဘုန်းကြီးကျောင်းပျက်ကြီး၏ အပေါ်ထပ်မှာတော့ မီးရောင်မှုန်ပျပျလေးကို သတိထားမိနိုင်ပေလိမ့်မည်။ လူမရှိ သူမရှိ ကျောင်းပျက်ကြီးမှာ ရွာနှင့်အလှမ်းဝေးပြီး သချိုင်းကုန်းအစပ်တွင်ဖြစ်သည်။ မှုံပျပျ လဆုတ်အလင်းရောင်အောက်မှာ သုသာန်တစ်စပြင်ကို ဝိုးတဝါးသာ တွေ့နေရ၏။

အခြောက်အလှန့်ပေါသည်၊ မြေကြမ်းသည်ဆို၍ ယခုလိုအချိန်မျိုးမှာ လူသူမသွားဝံ့သော ဤကျောင်းပျက်ကြီးမှ မီးရောင်ထွက်နေသည်မှာ ထူးခြားသည်ဟု ဆိုရချေမည်။ ကေ့ွ စုန်းမီးတောက်ခြင်းလေလား၊ မကောင်းဆိုးဝါးနာနာဘာဝများ မြူးထူးနေကြကုန်သလောဟု တွေးထင်စရာရှိပါသည်။

အမှန်က ထိုသို့မဟုတ်ပါ။ ထိုကျောင်းပျက်ကြီး၏ အပေါ်ထပ်၌ လူသုံးဦး ရောက်ရှိနေပါသည်။ တော်ရုံမသွားရဲသော ဤအချိန်၊ ဤနေရာ၌ ယခုလိုရောက်ရှိနေတာကတော့ နည်းနည်းထူးဆန်းနေပါသည်။ တစ်ဦးမှာ အသက်ခြောက်ဆယ်ကျော်ခန့် လူကြီးတစ်ဦးဖြစ်၍ သျှောင်တစောင်းထုံးကာ မုတ်ဆိတ်မြုများကြောင့် ခံ့ညားသော ဥပဓိရုပ်ရှိ၏။ အဘိုးကြီးသည် ပင်နီတိုက်ပုံ၊ ရှမ်းဘောင်းဘီတို့ကို ဝတ်ဆင်ထားပြီး လည်ပင်းတွင် စိပ်ပုတီးကြီးတစ်ကုံး ဆွဲထား၏။

လူရွယ်နှစ်ဦးအနက် တစ်ဦးမှာ ကိုယ်ကာယ တောင့်တင်းထွားကျိုင်းကာ တိုက်ရဲခိုက်ရဲသော ခပ်ကြမ်းကြမ်းပုံစံပေါက်၏။ နောက်တစ်ဦးက သူနှင့် ဆန့်ကျင်ဘက်။ ခန္ဓာကိုယ်က ဝါးခြမ်းပြားလို ပိန်လှီခြောက်ကပ်နေရုံမျှမက သေးသေးညှက်ညှက်နှင့် နွဲ့နှောင်းဟန်ပေါက်၏။

အဘိုးကြီးကား တခြားသူတော့မဟုတ်ပါ။ သာသနာပြု ပုဂ္ဂိုလ်ကြီးအဖြစ် လူသိများသော "ဦးသိဒ္ဓိအောင်"ပင်တည်း။ ဆေးကုသခြင်း၊ ပယောဂကုခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင် ယတြာကိစ္စအဝဝတို၌ ထင်ပေါ်ကျော်ကြား၍ ဒေသခံတို့လက်စွဲ ဆရာကြီးတစ်ဦးလည်း ဖြစ်၏။ ဘုရားပေါင်း၊ ဘုရားပျက်များကို တတ်အားသရွေ့ ပြုပြင်ရင်း တောအထပ်ထပ်၌ စရဏအလုပ်များ ကျင့်ကြံအားထုတ်နေသော ဆရာကြီး၏ အဓိကဝါသနာမှာ အင်းစမများ ကစားခြင်းပင်ဖြစ်၏။ အထူးသဖြင့် သာသနာပြုလုပ်ငန်း၌ ကြုံတွေ့ရတတ်သော အဖျက်အနှောင့်များ၊ အောက်လမ်းပညာရှင်လူမိစ္ဆာများဆိုလျှင် တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ လိုက်လံနှိမ်နင်းတတ်သူလည်း ဖြစ်၏။

"ဒီလို မကောင်းမိစ္ဆာတွေကို ခုံးမနှိမ်နင်းလို့ ငရဲကျမယ်ဆိုရင် ငရဲပြည်မှာ ရုံးခန်းဖွင့်ပြီး စောင့်မယ်ဟေ့"ဟု ဆရာကြီးက အမြဲကြုံးဝါးပြောဆိုတတ်၏။

လူရွယ်နှစ်ယောက်မှာတော့ ဆရာကြီး၏ အားထားရသော သစ္စာရှိ တပည့်နှစ်ဦးဖြစ်၏။ ယခုလို ဤကျောင်းပျက်ကြီး၌ ၎င်းတို့ ဆရာတပည့်သုံးဦး ရောက်ရှိနေခြင်းမှာ အကြောင်းမဲ့တော့ မဟုတ်ပါ။

ဆရာအချင်းချင်း ပညာပြိုင်ရန် ရောက်ရှိလာခြင်းပင် ဖြစ်သည်။ အတိအကျ ဆိုရသော် သာသနာပြု၍ ခုနစ်ရက်သားသမီးတို့ကို ကယ်တင်နေသော ဆရာကြီး ဦးသိဒ္ဓိအောင်နှင့် အခကြေးငွေရရင် မည်သည့်အလုပ်ကိစ္စမှန်သမျှ လုပ်ကိုင်ပေးတတ်သော သိုက်တူးသမား၊ အောက်လမ်းအတတ်ပညာရှင် "ဦးအဂ္ဂ" တို့၏ ပညာပြိုင်ကြမည့် ပွဲပင်တည်း။

တစ်ဦးက အဖြူ၊ တစ်ဦးက အမည်း။ တစ်ဦးက အမှောင်၊ တစ်ဦးက အလင်း။ တစ်နည်းအားဖြင့် အမှန်နှင့် အမှား၊ ဓမ္မနှင့် အဓမ္မတို့၏ အားပြိုင်ပွဲကြီးပင်တည်း။

"အင်း...တစ်နာရီလောက်တော့ စောင့်ကြရဦးမယ်ကွဲ့။ မင်းတို့နှစ်ယောက် သတိဝီရိယမပြတ် ရှိကြပစေနော်။ ဆရာပေးထားတဲ့ ဆေးလုံးတွေ၊ အင်းတွေကိုလည်း အသင့်ရှိနေကြပစေ။ မှာထားတာတွေလည်း မမေ့ကြနဲ့။ ခြံကို စည်းချထားပြီးပြီလား သီဟ"

ဆရာကြီး၏အမေးကို ပိန်ခြောက်ကပ်နေသော သီဟဆိုသည့် တပည့်ကျော်က -

"ဟုတ်ကဲ့ပါ ဆရာကြီး၊ အတွင်းစည်း၊ အပြင်စည်း ချထားပြီးပါပြီ။ ရှာပိုင်၊ ကွင်းပိုင်များကိုလည်း တိုင်တည်လျှောက်ထားပြီးပါပြီ ဆရာကြီး"

ဟု ရိုသေစွာ ဖြေ၏။

"အိမ်း...ကောင်းလေရဲ့ကွယ်။ တအောင့်နေရင် ဆေးဖယောင်းတိုင် ထွန်းလိုက်တော့။ မိုးခေါင်က အပြင်ကို မျက်စိရှင်ရှင်ထားပြီး ကြည့်နေ။ နာနာ



www.burmeseclassic.com

www.burmeseclassic.com

ပ် မျက်ကွင်းဆေးကို မျက်စိမှာကွင်းပြီး ကြည့်။ ထူးခြားရင်အချက်ပေး။ ဆရာ ပုတီးစိပ်တော့မယ်"

"စိတ်ချပါ ဆရာကြီး"

ဆရာကြီး ဦးသိဒ္ဓိအောင်သည် တပည့်များကို မှာကြားပြီးနောက် ရှမ်းလွယ်အိတ်ကြီးထဲမှ ကျောက်ဖယောင်းဘိုင်ကြီးသုံးတိုင်ကို မီးထွန်းညှိ၍ ဘုရားကျောင်းဆောင်၌ ပူဇော်လိုက်၏။ နံ့သာဖြူအမွှေးဟင်းများကိုလည်း ထွန်းညှိ၏။ ထို့နောက်မှာတော့ ဆရာကြီးသည် ဘုရားရှိခိုး မေတ္တာပို့ပြီးနောက် မျက်စိစုံမှိတ်ကာ ပုတီးကို တချောက်ချောက်ဖြင့် စတင်စိပ်ပါလေတော့၏။

ပတ်ဝန်းကျင်၌ ပုစဉ်းရင်ကွဲ၏ အော်သံများ၊ ဝါးပင်တောကြီးမှ "တရှူးရှူး တရှဲရှဲ" မြည်သံများမှအပ ထူးခြားမှုတစ်စုံတစ်ရာ မရှိသေး။ တစ်ချက်တစ်မျာ... ခွဲငင်ငင်အူလိုက်သော ခွေးအူသံနှင့် ညဉ့်ငှက်တချို့၏ "ဂီး..ဂစ်"ဟု အော်မြည်သံများကိုလည်း တစ်ခါတစ်ခါ ကြားနေရ၏။ သီဟသည် ဆရာကြီးမှာထားသည့်အတိုင်း ရွှေရောင်ဆေးဖယောင်းတိုင်ကြီးကို အင်းချပ်ပေါ်တင်၍ ထွန်းလိုက်၏။ ထို့နောက် အင်းမျက်နှာပြင်နှင့် ဖယောင်းတိုင်ကြီး၏ အောက်ခြေပတ်လည်တွင် "တောင်ထိပ်ဆေး"နှင့် "ဆရာကိုင်မှိုင်းဆေး" ရောထားသော ဆေးမှုန့်များ ဖြူးလိုက်၏။

ထို့နောက် ယွန်းဘူးလေးဖြင့် ထည့်ယူလာသော ကျောက်နွားရုပ်ကလေးကို တရိုတသေ ထုတ်ယူလိုက်၏။ ကျောက်နွားရုပ်မှာ လက်တစ်ဝါးစာမျှ အရွယ်ရှိပြီး မည်းနက်သော ကျောက်တစ်မျိုးဖြင့် ထုလုပ်ထားဟန်ရှိ၏။ ပကာတိ နွားတစ်ကောင်၏ လက္ခဏာသွင်ပြင် ကြီးငယ်၊ အင်္ဂါအစုံအလင်ပါရှိပြီး ကျွမ်းကျင်သော ပန်းပုဆရာ၏ လက်စွမ်းပြဟန် ဖြစ်ပုံရ၏။ တစ်ကိုယ်လုံး မည်းနက်နေသော်လည်း ဦးချိုနှစ်ခုကတော့ ဖြူဆွတ်နေပါသည်။

ဒင်းဂမ္ဘီရတိုက်နွားမှာ မဟူရာကျောက်ကို အစီအရင်အခမ်းအနားဖြင့် စနစ်ဟကျ ထုလုပ်ထားခြင်းဖြစ်ပြီး ဦးချိုမှာ ဆင်စွယ်ကိုကပ်ဆင်ထားကြောင်း သိရသည်။ အသေအချာကြည့်မည်ဆိုပါက ထိုကျောက်နွားခန္ဓာကိုယ်၌ အင်းစမများ ရေးဆွဲထားသည်ကို တွေ့မြင်ရပေလိမ့်မည်။ မဟူရာကျောက်၏ ပင်ကိုသတ္တိကပင် မကောင်းဆိုးဝါးများကြောက်ရွံ့ကြကြောင်း ဆရာကြီးက မိန့်ကြားပြောပြဖူးပါသည်။

တဖျစ်ဖျစ်မြည်၍ တောက်လောင်နေသော ရွှေဖယောင်းတိုင်၏အလင်းနှင့်အတူ ဘုရားကျောင်းဆောင်တွင် ထွန်းညှိထားသော ကျောက်ဖယောင်းတိုင်ကြီး သုံးတိုင်မှ ပေါ်ထွက်လာသော အလင်းရောင်ကြောင့် အခန်းတွင်း ထိန်လင်းနေလေသည်။ နံ့သာဖြူအခိုးအငွေ့များလည်း သင်းပျံ့စွာ ပျံ့လွင့်လျက်။

သီဟသည် အသင့်ပါလာသော မြေဇာမြက် လက်တစ်ဆုပ်ကိုယူ၍ နှင်းခမ်းနားကပ်ကာ မန္တန်တစ်ခုကို ခပ်အုပ်အုပ်ရွတ်နေ၏။ ထို့အတူ ကျောက်နွားရုပ်ကိုလည်း အသက်သွင်းဂါထာ၊ အစောင့်ကပ်ဂါထာ၊ နက္ခတ်ယှဉ်ဂါထာ၊ ဂြိုဟ်ကပ်ဂါထာတို့နှင့်တကွ သိဒ္ဓိအထူးတင်ဂါထာကြီးတို့ဖြင့် ဆက်တိုက်ဆိုသလို ရွတ်ဖတ်မန်းမှုတ်နေတော့၏။

သိပ်မကြာလိုက်ပါ။ ကျောက်နွား၏ အသက်ဝင်မှု စတင်ပါပြီ။ သီဟ၏ နှုတ်မှ "ဉ်ူး.. ဉ်ူး"ဟူသော အသံသာ ဟိန်းထွက်နေ၏။ အပြင်ဘက်မှာတော့ လေတွေ ပိုကြမ်းလာသည့်ထင့်၊ သစ်ပင်ကြီးငယ်များ၏ လှုပ်ယမ်းသံ၊ အကိုင်းအခက် အချင်းချင်း ပွတ်တိုက်ရိုက်ခတ်သံ၊ တစ်ချက်တစ်ချက်မှာ သံပြတ်နေသော သွပ်ပြားတစ်ချပ်၏ "တဖန်းဖန်း"ရိုက်ခတ်သံများကို ကြားနေရ၏။

မိုးခေါင်ကတော့ ငှက်ကြီးတောင်ဓားကို လက်ဝ...တင်းတင်းဆုပ်၊ လုံတိုနှစ်ချောင်းကို ပခုံးတွင်လွယ်၍ ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် စူးစိုက်ကြည့်နေ၏။ နာနာရုပ်ဆေးကွင်းထားသော သူ့မျက်လုံးတွေက စူးရှလို့။ သိမ်းငှက်တစ်ကောင်၏ မျက်လုံးမျိုး။

ဆရာကြီး၏ ပုတီးစိပ်သံ တချောက်ချောက်က အချက်ကျကျ ထွက်ပေါ်နေဆဲ ဖြစ်သည်။ မျက်လွှာကိုချ၊ ခါးကိုမတ်၍ အာရုံစူးနစ်ထားသော ဆရာကြီး၏ ဟန်ပန်မှာ လေးစားကြည်ညိုဖွယ်ဒဒတိ။

"အူ..ဝူး..ဝူး..ဝူး...အူး"

"ဂီး...ဂစ်"

ထိုစဉ် သင်္ချိုင်းအစပ်မှ ခွေးအူသံများ ထွက်ပေါ်လာသလို အလန့်တကြား ထပျံသွားသော ညဉ့်ငှက်တချို့၏ အော်သံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရ၏။ မိုးခေါင်တစ်ယောက် ရင်ထဲ ထိတ်ခနဲဖြစ်၍ သီဟကို လှမ်းကြည့်လိုက်သည်။ သီဟကတော့ မန္တန်များရွတ်ဖတ်နေဆဲ။ ဆရာကြီးလည်း ပုတီးကို ပုံမှန်စိပ်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com

မိုးခေါင်၏ ရှုးရှုသော မျက်လုံးအစုံက တစ်စုံတစ်ခုကို စတင်သတိထားလိုက်မိသည်။ သုသာန်မြေပုံများကြားမှ တရွေ့ရွေ့လာနေသော အရာတစ်ခု။

"ဟာ. . .ဘာလဲဟ။ ဟင်. . . ကြွက်ဖြူလေးတစ်ကောင်ပါလား"

ဝိုးတဝါးလရောင်အောက်မှာ ဖြစ်လင့်ကစား နာနာရုပ်ဆေးအစွမ်းကြောင့် မိုးခေါင်မှာ ပီပီသသတွေ့နေရ၏။ ကြွက်ကလေးက တရွေ့ရွေ့ဖြင့် ရှေ့တိုးလာစဉ်မှာပင်. . .

"ဝုန်း"

"ညောင်"

"ကျွိ. . .ကျွိ"

ရုတ်တရက်ပေါ်လာသော ကြောင်ဖြူကြီးတစ်ကောင်။ ဘယ်ကဘယ်လိုရောက်လာသလဲဆိုတာ မိုးခေါင်မသိလိုက်ပါ။ ကြောင်ကြီးက ကြွက်ဖြူလေးအပေါ် ဝုန်းခနဲ ခုန်အုပ်လိုက်သည်။ သို့သော် မမိ။ ကြွက်ကလေးက လျင်မြန်စွာပင် ရှောင်တိမ်းနိုင်ခဲ့၏။ ကြောင်ကြီးကလည်း အခဲမကျေဟန်ဖြင့် အတင်းလိုက်ဖမ်းသည်။ ကြွက်ကလေးမှာ ပွတ်ကာသီကာဖြင့် လွတ်မြောက်နေဆဲ။

"ညောင်. . .ခွီး"

ကြောင်ကြီး၏ တိုက်ခိုက်မှုက ပိုပြင်းထန်လာပြီ၊ ဒေါသလည်း ကြီးလာပုံရသည်။ ဤအခြေအနေ၌ ကြောင်ကြီးက တိုက်စစ်၊ ကြွက်က ခံစစ်။ ရေရှည်မှာ သိပ်တော့မလွယ်။ ဒါကိုရိပ်စားမိပုံရသော ကြွက်ကလေးသည် ချုံပုတ်တစ်ခုထဲ လှိုင်ခနဲ ဝင်ပြေး၏။ ကြောင်ကြီးကလည်း လက်လွှတ်ခံလိုဟန်မတူ။ ချုံပုတ်ထဲ နှိုက်ဝင်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင် -

"ဝေါင်း"ခနဲ ဟိန်းသံကြီးနှင့်အတူ ချုံပုတ်ထဲမှ ခွေးနက်ကြီးတစ်ကောင် ခုန်ထွက်လာ၏။ ခွေးကြီး၏ မျက်လုံးအစုံက မီးကျီးခဲနှစ်ခဲပမာ ရဲရဲနီလျက်။ ရုတ်တရက် ပြောင်းလဲသွားသောအခြေအနေကို မိုးခေါင် နားမလည်နိုင်တော့။

"ဟင်. . .ခွေးကြီးက ဘယ်လိုရောက်လာတာလဲ။ ကြွက်ကလေးလည်း မတွေ့တော့ပါလား"

အခြေအနေက ချက်ချင်းပင် ပြောင်းပြန်ဖြစ်သွားရပြီ။ ကြောင်ဖြူကြီးမှာ တိုက်စစ်မှ ခံစစ်ရောက်သွားရပြီ၊ အစွယ်ဖွေးဖွေးနှင့် မိမိထက်ကြီးမားသော ရန်သူ၏ လက်မှလွတ်ရန် ရှောင်တိမ်းနေရပြီ။ အံ့သြစရာတစ်ချက်မှာ အားမတန်သော်လည်း မန်ကားမလျှော့။ အဝေးကို ထွက်ပြေးခြင်းလည်းမပြု။ သတ္တိရှိစွာဖြင့် ခွေးကြီးကို ခံချနေ၏။

"ဝေါင်း"

"ခွီး. . .ခလူး. . .ခွီး"

ခန္ဓာကိုယ်အားသာချက်အရ ခွေးနက်ကြီးက ကြောင်ဖြူကြီးကို အုပ်မိရန် ကြိုးစား၏။ ချွန်ထက်သော သွားစွယ်များဖြင့် ကြောင်၏ လည်မျိုကို ဟပ်မိအောင် ကြိုးစား၏။ ကြောင်ဖြူကြီးကလည်း ပါးနပ်လျင်မြန်လှ၏။ လုစ်ခနဲလှစ်ခနဲဖြင့် ဝေကာဝိုက်ကာဖြင့် ခွေးကြီးရှေ့ကို ရောက်လိုက်၊ နောက်ကိုရောက်လိုက်ဖြင့် ရှောင်တိမ်းခုန်ပေါက်ရင်းမှ ဘယ်ပြန်ညာပြန် လက်ဝါးကုတ်ချက်တွေ ပေးလိုက်သေး၏။

တစ်ခါမှာတော့ မမျှော်လင့်ဘဲ ခွေးကြီး၏ ကုပ်ပေါ်ရေ⸤ာက်သွားပြီး ကြောင်ကြီးက ကိုက်ခဲလိုက်၏။ ဒေါသတကြီး မာန်ဖီရင်း ခွေးကြီးက ပတ္တာတ်ရုပ်၍ ခါချရာ ကြောင်လည်း မြေပေါ်ကျသည်။

"ခွီး. . .ခလူး. . .ခွီး"

ခွေးကြီး ခေါင်းလှည့်မလာခင်မှာပင် ကြောင်ကြီးသည် ချုံပုတ်ထဲ ပြေးဝင်သည်။ ခွေးနက်မှာ ချုံပုတ်ထဲ လိုက်ဝင်မည်ပြုပြီးမှ တုံ့ခနဲရပ်၍ ရှုးရှုးစိုက်စိုက် ကြည့်နေလေသည်။ လတ်တလောတော့ အခြေအနေက ငြိမ်သက်သွား၏။

မိုးခေါင်မှာ ထိုဖြစ်အပျက်များကို မှင်တက်မိကာ ငေးမောကြည့်နေမိသည်။ ဒီမြင်ကွင်းကို သူတစ်ယောက်တည်း မြင်ရလေသလော၊ ဘာကြောင့် မြင်ရတာပါလဲ၊ နာနာရုပ်ဆေးအစွမ်းကြောင့်လေလော၊ ဒါတွေ တကယ်မှ ဟုတ်ရဲ့လားဟု တွေးတောနေမိသည်။ ဆရာကြီးကို လှည့်ကြည့်လိုက်တော့ ငြိမ်သက်စွာ မျက်စိစုံမှိတ်၍ ထိုင်နေဆဲ။ ပုတီးစိပ်ခြင်း မပြုဘဲ ⸤ရားမှတ်နေဟန်⸤ူသည်။ သို့သော် တရားမှတ်သည်ဆိုတာထက် တဖဲစုံတစ်ခုက စေစားထိန်းချုပ်နေပုံရသည်။

သီဟကို ကြည့်လိုက်တော့လည်း အလားတူပင်။ မျက်စိစုံမှိတ်၍ ငြိမ်သက်နေ၏။ သူတို့ဘာတွေလုပ်နေမှန်း မိုး⸤ခါင် နားမလည်။ သို့သော်လည်း ဘာမှမသိသလို ထိုင်နေခြင်းကား မဟုတ်တန်ရာ။ အံ့သြစရာကောင်းတာက ကျောက်နွားရုပ်။ မျက်လုံးအစုံက ရဲရဲနီနေ၏။ မြူခိုးလိုလို၊ မီးခိုးလိုလို အခိုးအငွေ့များကလည်း စိမ့်ထွက်ပျံ့နှံ့နေ၏။ အထူးခြားဆုံးက အောက်မှာချထားသော ဆေးဂမုန်းမြေဇာမြက်ဘာချိုမှာ နွား၏ပါးစပ်ထဲ ရောက်နေလေပြီ။

www.burmeseclassic.com

"ဟင်···ကျောက်နွားက အသက်ဝင်လာပြီလား"

မိုးခေါင်မှာ ကြည့်နေရင်းကပင် ကျောက်နွား၏ ခန္ဓာကိုယ်က ဆတ်ခနဲ တစ်ချက်တုန်ခါသွားသည်ကို တွေ့လိုက်ရ၏။ မိမိအမြင်မှားခြင်းတော့ မဟုတ်။ ထိုစဉ်မှာပင် "ဘူ··ဝမ်းဘဲ"ဟု ဘွန်လိုက်သော နွားအော်သံကြီးတစ်ခုကို အံ့သြစွာ ကြားလိုက်ရသည်။ တကယ့်နွားအော်သံစစ်စစ်ကြီး။ အသံက ခြံဝင်းထဲမှဖြစ်၍ အပြင်ကြည့်လိုက်တော့···

"ဟာ···နွားဖြူကြီး"

ဟုတ်ပေသည်။ စောစောက ကြောင်နှင့်ခွေး တိုက်ပွဲဖြစ်သောနေရာတွင် ရောမနွားဖြူကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ နွားကြီးက နွားလားဥသဘကြီး ဖြစ်ပုံရ၏။ ထွားကျိုင်းပြည့်ဖြိုးလှပြီး ချွန်ထက်တုတ်ခိုင်သော ဦးချိုနှစ်ချောင်းက မြင်ရုံနှင့် ကျောချမ်းစရာပင်။

"ကြောင်တွေ၊ ခွေးတွေ ဘယ်ရောက်ကုန်တာလဲ"

မိုးခေါင်တစ်ယောက် မစဉ်းစားတတ်တော့။ အံ့သြစွာပင် ဆက်ကြည့်နေမိတော့သည်။

နွားဖြူကြီးမှာ တဖူးဖူး နှာမှုတ်ရင်း မြေပြင်ကို ခွာနှင့်ရုပ်နေ၏။ ခွာရုပ်ချက်တိုင်း၌ သဲမှုန်များ၊ ဖုန်မှုန့်များက ဖွာခနဲဖွာခနဲ။ ဦးခေါင်းကိုလည်း အောက်ငိုက်ထားပြီး ဦးချိုကို အသင့်ဖွင့်ထား၏။ ထိုအခြေအနေကို သုံးသပ်သော် နွားဖြူကြီးသည် မကြာခင်ကြုံတွေ့ရမည့် သူ့အန္တရာယ်ကို ရင်ဆိုင်ရန် စစ်မျက်နှာဖွင့်ထားပုံပေါ်သည်။ ထိုစဉ်မှာပင်···

ဝေါင်းခနဲ ကျားဟိန်းသံကြီးနှင့်အတူ ချုံပုတ်ကြီးနောက်မှ နောက်ကျွမ်းပစ်၍ ထွက်လာသော ကိုးတောင်ကျားကြီးတစ်ကောင်ကို ထိတ်လန့်စဖွယ် တွေ့လိုက်ရ၏။ ကျားကြီး၏ ခန္ဓာကိုယ်မှာ ဟော့ အဝါနှင့် အနက်စင်းကျားကြီးများက အထင်အရှား။

"ဘုရား···ဘုရား၊ ကျားကြီးက ဘယ်ကဘယ်လို ရောက်လာပြန်တာလဲ။ ဒါတွေကို ဆရာကြီးတို့၊ သီဟတို့များ သိမှသိပါလေစ"

ထူးခြားတာက ဆရာကြီးရော၊ သီဟပါ နှာခေါင်းပေါက်မှ "ရှူးရှဲ···ရှူးရှဲ"လေမှုတ်သံများကို ပီပီသသ ကြားနေရသည်။ သီဟဆိုလျှင် နားထင်မှ ချွေးသီးချွေးပေါက်များ စီးကျနေ၏။ အလွန်အရေးကြီးသော အချိန်အခါ ရောက်နေပြီဖြစ်ကြောင်း မိုးခေါင် ရိပ်စားမိလိုက်သည်။

ကျားကြီးမှာ "ဂူး···ဂလူး"နှင့် လည်ချောင်းသံပေးရင်း နွားဖြူကြီးကို လှည့်ပတ်ချောင်းနေ၏။ နွားကြီးကလည်း အလစ်မခံ။ ဦးချိုကိုဖွင့်၍ ကျားကြီးလားရာအတိုင်း လှည့်ပတ်ဖွင့်ထား၏။ ပွဲကတော့ လွန်စွာကြည့်ကောင်းမည့်ပွဲ ဖြစ်ပေလိမ့်မည်။ ပုံမှန်သဘာဝအရဆိုလျှင် နွားတို့သည် ကျားကို ကြောက်ရစမြဲ။ သို့သော် ယခု နွားဖြူကြီးကတော့ ကြောက်ရွံ့ဟန်မရှိ။ ရဲရဲတင်းတင်း ရင်ဆိုင်နေ၏။

"နွားအစစ်၊ ကျားအစစ်တွေမှ ဟုတ်ပါလေစ"ဟု မိုးခေါင်တွေးမိ၏။

ကျားကြီးက လှည့်ပတ်သွားနေရာမှ ရုတ်တရက် သူ့၏ ညာလက်ဝါးကြီးဖြင့် လှမ်းပုတ်လိုက်သည်။ ဤအားက ပေါ့သေးသေးတော့မဟုတ်။ သမင်တစ်ကောင်ကို ဗိုင်းခနဲလဲကျသွားစေနိုင်သော ပုတ်ချက်ဖြစ်သည်။ နွားဖြူကြီးကလည်း ခန္ဓာကိုယ်နဲ့ မလိုက်အောင် ပေါ့ပါးလျင်မြန်လွန်းလှ၏။

ခြေတစ်လှမ်း ဆုတ်တိမ်းလိုက်နိုင်၍ ကျားလက်ဝါးပုတ်ချက်မှ သီသီကလေး လွတ်သွားသည်။ တစ်ဆက်တည်းဆိုသလို နွားဖြူကြီးက လျင်မြန်သောအဟုန်ဖြင့် ကျားကြီးကို ပြေးဝှေ့၏။ ချွန်ထက်စွင့်ကားသော ဦးချိုနှစ်ချောင်းက ဝိုးခနဲ ပြေးဝင်သွား၏။

"ဝေါင်း"

ဝမ်းခေါင်းသံကြီး တစ်ချက်ပေးရင်း ကျားက နောက်ကျွမ်းပစ်ရှောင်သည်။ တစ်ချက်ကဲဆိုးသွားတာက ပြန်အကျမှာ မြေချိုင့်တစ်ခုထဲကျ၍ ဟန်ချက်ပျက်ရသည်။ ဒါကို လက်လွှတ်မခံဘဲ ကျားကြီးရှိရာသို့ စုံဖွင့်၍ ပြေးဝင်ဆောင့်လိုက်၏။

"အူး···ဝရူး···ခွီး"

ထိသွားပြီ။ နွားဖြူကြီး၏ ဦးချိုတစ်ခုက ကျားကြီး၏ ပခုံးနှင့် လက်ပြင်တစ်ဝိုက်ကို ထိုးခွဲမိလေပြီ။ နီရဲသောသွေးများက ဟောခနဲ ပန်းထွက်လာ၏။ ဒဏ်ရာရသွားသော ကျားနာကြီးသည် ဒေါသအထွတ်အထိပ်ရောက်ကာ လူးလဲထ၍ ခုန်အုပ်သည်။

အချိန်အဆက တိကျ၏။ နွားဖြူကြီးပခုံးပေါ် အုပ်စီးမိသွားပြီ။ နွားကြီးက ရန်သူကို ခါချရန် ကြိုးစားသည်။ ပတတ်ရပ်၍ ခါချ၏။ သို့သော် မကျ။ ကျားကြီး၏ ချွန်ထက်သော လက်သည်းအစုံက နွားကြီးခန္ဓာကိုယ်ထဲ ကုပ်တွယ်ထား၍



www.burmeseclassic.com

www.burmeseclassic.com

တော်တော်နှင့် ကွာမကျ။ အခြေအနေက ရှုပ်ထွေးကြမ်းတမ်းနေ၏။ ဖုန်မှုန့်သဲမှုန့်များ ပလူပျံနေ၍ မြင်ကွင်းက သိပ်မကွဲ။ နှစ်ကောင်စလုံး လုံးထွေးကုန်ပြီ။

"မိုးခေါင်...ဘာလုပ်နေတာလဲ။ ဆရာပေးထားတဲ့ ဆေးလုံးနဲ့ ပေါက်လိုက်ပါတော့လား"

ရုတ်တရက်ပေါ်ထွက်လာသော ဆရာကြီးအသံကြောင့် မိုးခေါင်တစ်ယောက် သတိဝင်လာ၏။ လွယ်အိတ်ထဲမှ ဆေးလုံးကို ထုတ်ယူလိုက်သည်။ မည်းနက်တောက်ပြောင်၍ ကွမ်းသီးလုံးခန့်ရှိပြီး အလေးချိန်လည်း စီးလှ၏။

"ကဲ...လာလေရော့ဟယ်"

မိုးခေါင်က ဆေးတစ်လုံးကိုယူ၍ အကောင်နှစ်ကောင်ရှိရာသို့ ချိန်ရွယ်၍ အားကုန်လွှဲပစ်လိုက်တော့၏။

"ဝုန်း..."

အနက်ရောင် မီးခိုးလုံးကြီးက ဝေခနဲထွက်လာ၍ ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်သွား၏။ မီးခိုးတွေက ထူထပ်လွန်း၍ ဘာမှမမြင်ရတော့။ ဆရာကြီးရော၊ သီဟပါ မိုးခေါင်အနားရောက်လာကြသည်။ သုံးယောက်သား မြင်ကွင်းကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ မီးခိုးတွေက ထူထပ်ဆဲ။

သတ္တဝါနှစ်ကောင်၏ လှုပ်ရှားသံကိုလည်း မကြားရတော့။ ဘာတွေ ဖြစ်ကုန်ပြီလဲ။ မိုးခေါင်သိချင်နေမိသည်။ တဖြည်းဖြည်းနဲ့ မီးခိုးငွေ့တွေ လွင့်ပြယ်စပြုလာချေပြီ။ မီးခိုးတွေရှင်းသွားချိန်မှာတော့ သတ္တဝါနှစ်ကောင်စလုံးကို မတွေ့ရတော့။ ကျားရော၊ နွားပါ မရှိတော့ပါ။ ဘယ်ကဘယ်လို ပျောက်သွားသည်မသိ။

"ဆရာကြီး...ဟို...ကျားကြီးကောဟင်"

မိုးခေါင်အမေးကို ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြေ၏။

"မရှိတော့ဘူးလေ။ ကွယ်ပျောက်သွားပြီ။ ဆေးလုံးဓာတ်ကြောင့် ပျက်စီးသွားပြီ။ ကျားအစစ်မှ မဟုတ်တာ။ အောက်လမ်းအတတ်နဲ့ ဖန်တီးထားတဲ့ နာနာရုပ်ကျားပေကိုး။ အိမ်း...ဒီလိုပါပဲ။ ဒီနွားကလည်း နွားအစစ်မဟုတ်ပေဘူး။ ဆရာတို့ရဲ့ ဝိဇ္ဇာမယိဒ္ဓိအတတ်နဲ့ ဖန်တီးစီရင်ထားတဲ့ ဂမ္ဘီရတိုက်နွားပဲ ငါ့တပည့်။ အခုတော့ ဒီနွားလည်း စတေးလိုက်ရပြီလေ"

ကျောက်နွားရုပ်လေးကို လှမ်းကြည့်လိုက်တော့ နွားရုပ်ကလေးမှာ ကြေမွနေလေပြီ။ ဂမ္ဘီရပညာရပ်တို့ကား အံ့ဖွယ်အစွမ်း ရှိပေစွ။

"ဆရာ...ဒီတိုက်နွားက သိပ်စွမ်းပြီ။ အသုံးဝင်တာပဲနော်။ ဒါမျိုးပြန်လုပ်လို့ မရတော့ဘူးလား ဆရာ။ ဖြစ်နိုင်ရင် ပြုလုပ်အသုံးချနည်းကို ချီးမြှင့်ပါလား ဆရာ"

အတိုက်အခိုက်နှင့် ခံကြမ်းကြမ်းဆို ဝါသနာပါလှသော မိုးခေါင်က အခုတော့ ဂမ္ဘီရပညာကို စိတ်ဝင်တစား တောင်းခံနေလေပြီ။

"ပေးရမှာပေါ့ကွယ်။ ငါ့တပည့်က စိတ်ဝင်စားရင် ဆရာက ချီးမြှင့်ရမှာပေါ့။ နို့ပေမယ့် ကောင်းသောရပ်တည်မှုဘက်မှာပဲ အသုံးချပါ့မယ်လို့ ကတိသစ္စာ ပြုရမယ်ကွဲ့"

"စိတ်ချပါ ဆရာကြီး။ ရဲရဲဝံ့ဝံ့ ကတိသစ္စာပြုပါတယ်"

**မှတ်ချက်** ။ ဆရာကြီးသင်ကြားပေးသော ဂမ္ဘီရတိုက်နွားသည် အိမ်စောင့် ခြံစောင့်အဖြစ် လွန်စွာအသုံးဝင်လှပြီး မကောင်းသော အတိုက်အခိုက်၊ အနှောင့်အယှက်၊ မကောင်းသော အတတ်ပညာစက်ကြီးများကို ခြေဖျက်တွန်းလှန်နိုင်စွမ်းရှိပေသည်။ စီးပွားရေးသမားတို့လည်း လက်စွဲပြုသင့်သော အစီအရင်ဖြစ်ပေသည်။ ဤစာမျက်နှာပေါ်တွင် ဖော်ပြရန်မသင့်၍ စိတ်ပါဝင်စားသူများ၊ ဂမ္ဘီရလမ်းကြောင်း၌ လိုက်စားနေသူများအနေဖြင့် စာရေးသူထံ ဆက်သွယ်၍ လေ့လာနိုင်ပါသည်။

(စာရေးသူ)

အချိန်ကလည်း အရုဏ်တက်လုဆဲဆဲ ရောက်နေပြီဖြစ်သည်။ မိုးခေါင်တို့အဖွဲ့သည်လည်း ကိစ္စပြီးမြောက်အောင်မြင်ပြီဖြစ်၍ ဘုန်းကြီးကျောင်းပျက်ကြီးမှ ထွက်လာခဲ့ကြတော့သည်။ အပြန်ခရီးမှာတော့ သုံးယောက်စလုံး စိတ်ဓာတ်တွေ ရှင်းသန့်နေခဲ့ကြသည်။

မိမိတတ်ကျွမ်းသော ဂမ္ဘီရ ဝိဇ္ဇာရေ အတတ်ပညာကို မှန်ကန်စွာအသုံးချ၍ လောကကောင်းကျိုးကို ရှေးရှုခဲ့သော ဆရာကြီး၏ အောင်ပွဲသည် အမှန်တရား၏အောင်ပွဲ၊ သစ္စာ၏အောင်ပွဲ၊ အလင်း၏အောင်ပွဲပင် ဖြစ်ပါလေတော့သတည်း။ ။

ဘုန်းမိုးနေလ



www.burmeseclassic.com

www.burmeseclassic.com

# အဆူငြိမ်းစေ.....
# ကေပုတ္တ...မနုရက္ခေ...

အောင်အုံးကြီးမောင်
[ဂန္ဓာရီ]

"မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ကေပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။ ။"
[မေတ္တသုတ် ပရိတ္တ ပါဠိ] မှ

"အမိသည် မိမိဝမ်း၌ လွယ်၍မွေးရသော တစ်ဦးတည်းသော သားကို (ရင်သွေးကို)"
အသက်လောက် ချစ်မြတ်နိုး၍ အဆက်မပြတ် စောင့်ရှောက်သည့် နည်းတူ···
"သတ္တဝါတို့ အားလုံးတို့အပေါ်၌" အတိုင်းမသိ ကြီးမားသော မေတ္တာစိတ်ကို ပွားများရာ၏။

ဗုဒ္ဓ၏ မုခပါဒ် နှုတ်တော်ခြွေ တရားစကားဖြစ်သော မေတ္တသုတ်ပါဠိတော်မြတ်မှ ကောက်နုတ်ချက် ဖြစ်တည်မှု စကားစု တရားစာပိုဒ်ပါ။ အထူးအားဖြင့်ဆိုရလျှင်···

မေတ္တာတည်းဟူသော အအေးဓာတ်ဖြင့် လောဘ၊ ဒေါသ၊ မာန အစရှိသော ရာဂမီးတို့ကို ငြိမ်းအေးစေနိုင်သော ဗုဒ္ဓ၏ လမ်းညွှန်မိန့်မှာချက်ထဲမှ ကောက်နုတ်ချက် စကားစု လေးမျှပင်။

ထိုထိုသော မေတ္တာစာပိုဒ်ကလေးမှ ထားအပ်သော မေတ္တာတရား၏ ပုံသဏ္ဌာန်အတိုင်းအဆ ပမာဏကို ဖော်ပြခဲ့လေပြီ။ ထိုအထက်ပါ မေတ္တသုတ်တော် ကောက်နုတ်ချက် စာသား/စာပိုဒ်လေးကို အကြောင်းပြု၍ လွန်ခဲ့သော ၁၉... ခုနှစ်ကာလများဆီက စာရေးသူအား မိန့်မှာသတိပေးခဲ့... သော **ရွှေပေါက်ကျွန်းဆရာတော်ဘုရားကြီး**၏ လော... အနာဂတ်အတွက် ရှေ့ရေးတွေး၍ ပူပင်သောကရောက်ခဲ့... ကို ပြန်လည်သတိရမိပါသည်။ ထိုအချိန်က စာရေးသူ... ဆယ်ကျော်သက် အရွယ်မျှသာဖြစ်၍ ဂရုပြုမိသော်လည်း... လူငယ်ပီပီ အမှတ်မထားခဲ့မိပါ။ ဆရာတော်ကြီး မိန့်ခဲ့သည်...

"နောင် ၁၀ နှစ်၊ ၁၅ နှစ်ဆိုရင် ဆိုတွေရဲ့ အညာ... မှာ တန်ခူးလ၊ ကဆုန်လတွေမှာ ချစ်ချစ်တောက်ပူသ... ဗမာပြည်အောက် သမမျှတတဲ့ ရပ်ရွာဒေသတွေမှာ နတ်တေ...



www.burmeseclassic.com

www.burmeseclassic.com

**စရေစာဟ်နဲ့ လယ်တီစာတ် စမ**



## ပထရမ စမ

ဤပုံကို ၉" × ၉" စာရွက်ပေါ်တွင် မိတ္တူဆွဲ၍ ဖြစ်စေ၊ ကူးဆွဲ၍ဖြစ်စေ သင့်ဆိုင်၊ အိမ်၊ ပွဲရုံ၊ ကုမ္ပဏီ၏ ဝင်ပေါက်တံခါး အမြင့်ပိုင်းတွင် ချိတ်ဆွဲထားပါ။

ပြာသိုလတွေမှာတောင် နေစရာမရှိအောင် ပူပြင်းကြမှာ။ သဘာဝတရားကို မျှတအောင် အသုံးမချပေ့ သဘာဝတရားကြီးကလည်း ဖောက်ပြန်ပြတာပေါ့။ ပြီးတော့ လူတွေရဲ့ အဇ္ဈတ္တအတွင်းသန္တာန်မှာလည်း လောဘ၊ ဒေါသ၊ မာနစိတ်တွေ၊ တစ်ကိုယ်ကောင်းဆန်တဲ့ မတော်မတည့် ကြီးပွားချမ်းသာချင်တဲ့ စိတ်တွေကြောင့် ရဟန်းကလည်း ရဟန်းအကျင့်မကျင့်၊ သီလသိက္ခာတွေ ပျက်ကြ။ မင်းနဲ့မင်းမှုထမ်းတွေကလည်း လောကပါလတရားတွေ ဖောက်ဖျက်ပြီး ပြည်သူလူထု တိုင်းသူပြည်သားတွေအပေါ် တိရစ္ဆာန်လိုသဘောထားပြီး နှိပ်စက်ညှဉ်းပန်းကြ။ အများပိုင် သဘာဝရဲ့ သယံဇာတတွေကိုလည်း ငါ့အစိုးရတုန်း ငါ့အတ္တအကျိုး၊ ငါ့မိသားစု၊ ငါ့ဆွေမျိုး လူနည်းတစ်စု ကောင်းစားဖို့ အလွဲသုံးစားပြုကုန်ကြတော့ လူသားအားလုံး ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေ ဖောက်ပြန်ပြီး ဓာတ်ကြီးလေးပါး မညီညွတ်၊ မတွဲယှက်၊ မပူးပေါင်းသင့်တဲ့ နက္ခတ်ကြယ်တာရာ နေဓာတ်၊ လဓာတ်တွေ မှုမမှန်ရာကစပြီး လူတွေဒုက္ခရောက်ကြပြီကွဲ့"

ဟု တစ်လုံးချင်း ဖြည်းဖြည်းလေးလေး မိန့်ခဲ့ဖူးပါသည်။ အဲဒီလိုများဖြစ်ခဲ့ကြရင် ပြန်လည်ပြုပြင် အသုံးချဖို့ သာဝကတစ်ဦးက အမေးရှိခဲ့ရာ ဆရာတော်ကြီးက -



www.burmeseclassic.com

www.burmeseclassic.com

"တေဇောအပူကို အာပေါရေဓာတ်က နိုင်သကွဲ့။ တို့များရဲ့ လယ်တီဆရာတော်ကြီး အသုံးပြုခဲ့ဖူးတဲ့ လောက ကပ်ကျော်ဖို့ စီရင်ခဲ့တဲ့ ပထရမ ဟောဒီ စမရဲ့ ထောင့်လေး ထောင့်လေးထောင့် ဝဲယာ အထက်အောက် ရှစ်မျက်နှာမှာ စရေဓာတ်ကို သင်္ချာအက္ခရာနဲ့ ရေးပြီး အပူလွန်ကဲမှုကို တားဆီးနိုင်တယ်။ ဗုဒ္ဓမြတ်ဘုရားကတော့ မီးကို ရေနဲ့ငြိမ်း နိုင်သလို၊ အပူကိုလည်း မေတ္တာစိတ်နဲ့ အေးမြစေတယ် ဆိုခဲ့ သမို့ မေတ္တာပို့တဲ့အခါ မေတ္တာသုတ်ထဲက "မေတ္တဥ္စ လောကသ္မိံ" တစ်လောကလုံး အနန္တစကြဝဠာနဲ့ ဩဒိသ အနောဒိသ မေတ္တာပွားရာမှာတော့ သာမန်မေတ္တာထက် ပိုဋ္ဌ ထဲပါသလို "မာတာ ယထာ နိယံ ပုတ္တံ" ဆိုသလို တစ် ယောက်တည်းမွေးထားတဲ့ သားအပေါ် အသက်လောက်ချစ် တဲ့ မိခင်မေတ္တာမျိုးနဲ့ အားလုံးကို မေတ္တာထားဖို့ အားလုံးကို တိုက်တွန်းကြ၊ ကိုယ်တိုင်လည်း အဲဒီစိတ်နဲ့ မေတ္တာပွားကြပါ။ မိမိအိမ်ရဲ့ မြင့်မြတ်တဲ့နေရာမှာလည်း သတိပေး သတိထားနိုင် ဖို့ ဒီစာပိုဒ်လေးကို တကူးတက ရေးထား မမေ့တရားပွားကြ" ဟု မိန့်မှာ ပညာပေးခဲ့ပါသည်။

ယခု စာရေးသူတို့ မြို့ကလေးသည် မြစ်ဝကျွန်းပေါ် မြေလတ်ဒေသ ဖြစ်ပါသော်လည်း (၂၀၁၃၊ ဖေဖော်ဝါရီ လဆန်းပိုင်း မြန်မာလ ပြာသိုအတွင်း၌ပင်) ချစ်ချစ်တောက် ပူလောင်ပြီး ရေးချိုးမှား၍ သေကျ၊ လေဖြတ်ကျ၊ ဦးနှောက် ကြောပြတ်ကာ ဒုက္ခမျိုးစုံ လတ်တလော၌ ကြုံနေကြရပါပြီ။ ဘဝ၏ စားဝတ်နေရေးအခက်အခဲရှိနေသူများ ဖြစ်နေကြ၍ အပူဒဏ်ကို ကြံ့ကြံ့ခံရုံမှလွဲ၍ ဘာတတ်နိုင်ဦးမှာလဲဟုပဲ ဆိုရ ပါတော့မည်။

သို့သော်...

တစ်ဦး၊ တစ်ယောက်၊ တစ်အိမ်၊ တစ်မိသားစုမှစ၍ လူတိုင်းအနေဖြင့် ရွှေပေါက်ကျွန်းဆရာတော်ကြီး အရှင်ဇေယျ သိဒ္ဓိ ဓမ္မညာဏကိတ္တိ၏ မေတ္တာရေ့ထား မိန့်မှာသည့်အတိုင်း ပြုပြင်စီရင် ဆောင်ရွက်ကြလျှင်ဖြင့် အများမေတ္တာဓာတ်ဖြင့် လောကအေးချမ်း လှပလာနိုင်မည်ဖြစ်ပါ၍ မေတ္တာရောင်ပြန် ဟပ်စေတဲ့ လာဘ်မိုးရွာရောင်ပြန်မှတစ်ဆင့် စေတနာအလေး ထား၍ တင်ပြလိုက်ပါသည်။

အောက်ဖော်ပြပါ ပထရမနှင့် စရေဓာတ် စမပုံကို မိတ္တူကူး၍ဖြစ်စေ၊ ကိုယ်တိုင်ကူးရေး၍ဖြစ်စေ ၉ လက်မ × ၉ လက်မ ကတ်ထူ (သို့) စာရွက်ဖြူပေါ်၌ ရေး၍ မိမိ အိမ်ရှေ့တံခါးပေါက်အပေါ်၌ ကပ်ထားပါ။

မေတ္တသုတ်ပရိတ်လာ ဂါထာစာပိုဒ်ကိုလည်း မိမိ ဘုရားကျောင်းဆောင်၌ ရေးကူး၍ နေ့စဉ် မေတ္တာပွားနိုင်ပါစေ။

ဤဆောင်းပါးအား ရေးသားပူဇော်ရခြင်း အကျိုး ကြောင့် **လူသားအချင်းချင်း၏ မေတ္တာစိတ်အေးမြသော အလင်းဓာတ်ဖြင့် မြန်မာပြည်သူ/ပြည်သားတိုင်း ယနေ့ ကြုံတွေ့နေရသော သောကမီး၊ လောဘ အမှောင်များ ပျောက်ကွယ်နိုင်ကြပါစေ။** ကျေးဇူးတော်ရှင် လယ်တီဆရာ တော်ကြီး၏ ဩဝါဒဖြစ်သော...

**တစ်ယောက် တစ်ယောက် အမျက်ပျောက်၍ မေတ္တာသက်ဝင် ချစ်ခင်နိုင်ကြပါစေ။**

လူသားအားလုံး ရာသီဥတုပူပြင်းမှုကို ဤအစီအရင် ဖြင့် တွန်းလှန်အန်တုနိုင်ပါစေ...။

*"သုခိတာ ဟောထ သဗ္ဗဒါ"*

**စွန့်လွှင် စွမ်းမည်...**

**အောင်အုံ့ကြီးမောင်**

"လူသား အားလုံး ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေ ဖောက်ပြန်ပြီး ဓာတ်ကြီးလေးပါး မညီညွတ်၊ မတွဲယှက်၊ မပူးပေါင်းသင့်တဲ့ နက္ခတ်ကြယ်တာရာ နေဓာတ်၊ လဓာတ်တွေ မူမမှန်ရာကစပြီး လူတွေဒုက္ခရောက်ကြပြီကွဲ့"

www.burmeseclassic.com


အားလုံးမျှော်လင့်နေကြသော ........

ဂမ္ဘီရဆရာလှမျိုး(B.Sc) ၏

(၇) ရက်သားသမီးများအားလုံးအတွက် ထောင်းကျိုးပေးသော

နဝင်းပညာဓာတ်ယတြာများ (ဒုတိယအကြိမ်)

ထွက်ပြီ

ပထမအကြိမ်ထွက်စဉ်က မရရှိလိုက်သော ဗေဒင်ဝါသနာပါသူ၊ နဝင်းပညာစိတ်ဝင်စားသူများ အမြန်ဝယ်ထားလိုက်ပါ။ ရေရှည်သိမ်းထားလို့ရအောင် စာရွက်ချောဖြင့် ရိုက်နှိပ်ထုတ်ဝေထားပါသည်။

ရောင်းဈေး (၂၀၀၀) ကျပ်

ဖြန့်ချိရေး – ကြံတိုင်းအောင်စာပေ၊ အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း – ၀၉–၄၂၀၀၄၇၈၆၉



# ဆရာမင်းသုန္ဒြ(မန်းတက္ကသိုလ်)


**B.Sc(Geology) H.G.P (မြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့ဝင်)**

**အဆင့်မြင့် သိပ္ပံလက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်**

အခန်း(၂)၊ မြောက်ဘက်မုခ်၊ တံတားထိပ်၊ မဟာဝိဇယစေတီတော်ကြီး၊ ရန်ကုန်။ ဖုန်း-၀၉-၇၃၂၃၄၆၂

ပြည်တွင်းဟောပြောသက်(၁၅)သက်နှင့်၊ (ဂျပန်)နိုင်ငံ (တိုကျို)မြို့မှာ (၅)နှစ် ဟောပြောပို့ချခဲ့ပါသည်။ စာမေးပွဲအောင်ပွဲဝင်၊ ဂမ္ဘီရအစီအရင်ပေးခြင်း၊ ကလေးအမည်၊ လုပ်ငန်းအမည်၊ ကုမ္ပဏီအမည်ပေးခြင်းများ ဆောင်ရွက်ပေးသည်။ ခွဲစိတ်မွေးဖွားမှုနှင့် အိမ်သစ်တက်၊ ပန္နက်ရိုက်ခြင်း၊ နက္ခတ်ကောင်းများ ရွေးချယ်ပေးခြင်း၊ လက်ထပ်မင်္ဂလာဇာတာ(၂)စောင်သင့်/မသင့် စီစစ်တွက်ချက်ပေးခြင်း၊ မင်္ဂလာလက်မှတ်ရေးထိုးရန်၊ နက္ခတ်အချိန်ကောင်းများ ရွေးချယ်ပေးမှု၊ ကိုယ်ရေးအကြံပြုလမ်းညွှန်ချက်၊ ဘဝကံ နှစ်၊ လ၊ ရက် စိတ်၍ အနုစိတ်တွက်ချက်ပေးသည်။ ကွန်ပျူတာ၊ ဆေးဝါးများ ရောင်းချပေးသည်။ အိမ်၊ ခြံ၊ မြေ၊ ရွှေနှင့် ကောက်ပဲသီးနှံ၊ ငွေကြေးဈေးနှုန်းများ တွက်ချက်ခန့်မှန်းပေးသည်။ လက်ထပ်မည့် ပုဂ္ဂိုလ်တို့ နှစ်ပါးစုံ သိဒ္ဓိဝင်လက်ဝတ်ရတနာများ စီရင်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ဟိုအဝေးက မှိုင်းညို့ညို့တောတန်း။ သည်တောတန်းနှင့် သည်ပတ်ဝန်းကျင်တို့သည် သူနှင့်မစိမ်းသောနေရာ။ သို့သော် ထိတွေ့မှုကင်းမဲ့နေသလို ခံစားရသည်။ ရင်ထဲတွင်လည်း တစ်ယောက်သောသူကို အမြဲသတိရနေသည်။ မြင်နေပါလျက် မတွေ့ရသော၊ မတွေ့နိုင်သော ဘဝဖြစ်နေသည်။

''မောင်ကြီးရယ် . . . နန်းလှသေ မောင်ကြီးကို သတိရလိုက်တာ။ ချစ်စ၊ ခင်စမှာပဲ မောင်ကြီးနဲ့ ခွဲခွာခဲ့ရတယ်။ ကံကြမ္မာက မောင်ကြီးနဲ့ နန်းလှကို ရက်စက်နိုင်လွန်းတယ်။ နန်းလှရဲ့အနားမှာ မောင်ကြီးအမြဲတမ်းရှိနေတယ်။ နန်းလှရဲ့ရင်ထဲမှာလည်း မောင်ကြီးကိုပဲ သတိရနေတယ်''

ပြတင်းပေါက်နားတွင် မျှော်ငေးပြီး ငိုင်တွေနေသော သူငယ်ချင်းဖြစ်သူ မနန်းလှကို နွယ်ဦးက စိတ်မကောင်းစွာနှင့်ကြည့်နေသည်။ လက်ထပ်ပြီး ခြောက်လသာ ပေါင်းလိုက်ရသည်။ ခင်ပွန်းသည်နှင့် သေကွဲကွဲကာ မုဆိုးမဘဝသို့ ရောက်ခဲ့ရသော ချစ်သူငယ်ချင်း နန်းလှအပေါ် သနားစိတ်ဝင်မိသည်။ နန်းလှနှင့် နွယ်ဦးတို့မှာ တက္ကသိုလ်ကျောင်းစတက်စဉ်ကပင် အဓိကယူသည့် ဘာသာရပ်ချင်းတူ၍ နှစ်ယောက်သား အတူတွဲကာ ခင်မင်ရင်းနှီးကျွမ်းဝင်စွာ နေခဲ့ကြသည်။ ဘွဲ့ရပြီး နန်းလှက လက်ထပ်သွားသည်။ နွယ်ဦးက ကျောင်းဆရာမအဖြစ် တစ်ရပ်တစ်ကျေးမှာ ရောက်သွားသည်။ နန်းလှနှင့် စာချင်းက အဆက်မပြတ်ရှိသည်။ နန်းလှ၏ ခင်ပွန်းမှာလည်း သူတို့လို တိုင်းရင်းသားလူမျိုးပင် ဖြစ်သည်။ ကိုယ်ပိုင်စီးပွားရေး၊ အထူးသဖြင့် ရက်ကန်းစင်ပိုင်ရှင်ဖြစ်သည်။ နှစ်ဦးသားကလည်း မေတ္တာမျှ၊ မိဘချင်းကလည်း သဘောတူညီကြ၍ ရိုးရာဓလေ့အတိုင်း လက်ထပ်ခဲ့ကြသည်။

ကံကြမ္မာဆိုးသည် ချစ်သူနှစ်ယောက်၏ဘဝကို အငြိုးနှင့် တွန်းပို့လေသည်။ နန်းလှ၏ခင်ပွန်းသည်တစ်ယောက် အရောင်းအဝယ်ကိစ္စနှင့် ခရီးထွက်သွားရာတွင် ပြန်လာ၍မရသောလမ်းသို့ အပြီးသွားရရှာသည်။ အသွားခရီးမှာပင် ကားမှောက်ကာ နန်းလှယောက်ျား ကွယ်လွန်သွားရသည်။

"သူငယ်ချင်းရယ် . . . မင်းက လာခဲ့ပါဆိုလို့ နွယ်ဦးလာခဲ့တာ။ မင်း

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားရတာ စိတ်မကောင်းဘူး။ နွယ်ဦး ဘာကူညီရမလဲဟင်''

''ရပါတယ် နွယ်ဦးရယ်။ ရက်တွေ၊ လတွေ ကြာလာပေမယ့် နန်းလှရင်ထဲမှာတော့ မနေ့တစ်နေ့ကလိုပဲ ခံစားနေရတာ။ ကျောင်းပိတ်ရက်လည်းဖြစ်တော့ နွယ်ဦးကို လာစေချင်လို့ပါ''

''နွယ်ဦးကလည်း ခွင့်ရတာနဲ့ မင်းဆီကို အပြေးလာခဲ့တာပဲ။ ဒီရောက်တော့ မင်းကိုမြင်ရတာ စိတ်ထဲမကောင်းဘူး။ သေတဲ့လူကလည်း သေပြီဆိုတော့ မင်းအရွယ်ရှိသေးတယ်။ နောက်ထပ်အိမ်ထောင် ထူလိုက်ပါလား။ နွယ်ဦးကတော့ အဲဒီလိုသောကအပူကိုမခံစားနိုင်လို့ သံယောဇဉ်ကို မရှာတော့ဘူး''

''နောက်အိမ်ထောင်ထူဖို့ဆိုတာ မလွယ်ဘူး နွယ်ဦးရဲ့။ နန်းလှမှာ မောင်ကြီးနဲ့ပတ်သက်ပြီး တာဝန်တွေရှိသေးတယ်။ ပွဲတော်ကျင်းပရဦးမှာ''

''ဘာ ‥ ပွဲတော်ဟုတ်လား''

''ဟုတ်တယ်။ အရိုးကောက်ပွဲဇတ် မလုပ်ရသေးဘူး။ နန်းလှတို့ ဗုဒ္ဓဘာသာအယူရှိတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ဓလေ့ထုံးစံပေါ့''

ထို့ကြောင့်ပင် နွယ်ဦးတစ်ယောက် နန်းလှ၏ခင်ပွန်းသည်အတွက် ပြုလုပ်ရသော အရိုးကောက်ပွဲတော်ကို အကြောင်းစုံသိခွင့်၊ မြင်ခွင့်ရလေသည်။

အရိုးကောက်ပွဲတော်ကို တောင်ယာရိတ်သိမ်းပြီးချိန်နှင့် မြေပြန့်ဒေသတွင် လယ်ယာကိုင်းကျွန်းများ ပြီးစီးသော နွေလအခါသမယတွင် တိုင်းရင်းသားတို့သည် ဒေသအလိုက် ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြသည်။ တိုင်းရင်းသားတို့၏ အရိုးကောက်ပွဲတော်သည် သရေခေတ္တရာနှင့် ဗိဿနိုးမှ ဆင်းသက်လာပုံရသည်။ သရေခေတ္တရာနှင့် ဗိဿနိုးမြို့ဟောင်းကို တူးဖော်ရာတွင် တွေ့ရှိ၍ သိမ်းဆည်းထားသည့် ပစ္စည်းများတွင် အရိုးအိုးများကို အများဆုံးတွေ့ရသည်။

တိုင်းရင်းသားလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ယောက် သေဆုံးလျှင် ပထမဆုံး သုသာန်တွင် သွားရောက်မြှုပ်နှံထားပြီး တစ်နှစ်ကြာလျှင် မြေတွင်းထဲမှ အလောင်းကို တစ်ဖန်ပြန်လည် တူးဖော်ပြီး သုသာန်တွင်ပင် မီးရှို့ကာ အလောင်းကောင်တစ်ကိုယ်လုံး ပြာကျလုနီးနီးရှိသော် ရေပက်၊ ရေလောင်းကာ မီးကိုငြိမ်းပစ်ရသည်။ ထို့နောက် မီးသွေးနှင့် အရိုးများ ရောနှောနေသော မြေကွက်၊ သို့မဟုတ် ပြာပုံကို ဝါးခြမ်းကိုရက်ထားသော ဝါးကပ်တို့နှင့် ရာဇမတ်ကာရံထားရသည်။

တစ်ပတ်ကြာလျှင် မြေအိုးသစ်ဖြင့် ထိုကာတားသော မြေနေရာ သုသာန်သို့သွားကာ ရာဇမတ်အတွင်းမှ အရိုးများကို လိုချင်သလောက် ကောက်ကြလေသည်။ ထိုသို့ မြေအိုးအသစ်ဖြင့် ယူဆောင်လာခဲ့သော အရိုးများမှာ အရိုးကောက်ပွဲပြုလုပ်ရန်ပင်။

စည်းကမ်း၊ သို့မဟုတ် ထုံးစံတစ်ခုမှာ အရိုးအိုးကို အရိုးကောက်ပွဲ မပြုလုပ်ရသေးလျှင် အိမ်၏အတွင်းသို့ ယူဆောင်ခြင်းမပြုရဘဲ အိမ်၏အနီးမှာပင် စင်လေးတစ်ခုပြုလုပ်ကာ အရိုးအိုးလေးကို တင်ထားရသည်။ တချို့ငွေကြေးချောင်လည်သူများအဖို့ကမူ အရိုးပြာချပြီးသည့် နှစ်ယံမှာပင် အရိုးကောက်ပွဲ ကျင်းပကြသည်။ နိုင်မြသော အယူအဆရှိကြသည်မှာ အကယ်၍ သေဆုံးသူ၏ ကြွင်းကျန်ရစ်သော အရိုးစုများကို အရိုးကောက်ပွဲ မပြုလုပ်နိုင်ပါက သူ၏ဝိညာဉ်မှာ လွတ်ရာကျွတ်ရာသို့မသွားနိုင်ဘဲ ထိုနေရာတွင်သာ တဝဲလည်လည် ဖြစ်နေသည်ဟု ယုံကြည်ကြ၍ အရိုးကောက်ပွဲကို လုပ်ဖြစ်အောင် လုပ်ရလေသည်။

ပို၍ထူးခြားသော အယူအဆ ယုံကြည်မှုတွေက ရှိသေးသည်။ သာမန်ဖျားနာ၊ အသက်အရွယ်ကြီး၍လည်းကောင်း၊ မိမိဇာတိရပ်ရွာတွင် ရှိးရှိးသေပါက အရိုးကောက်ရာတွင် အခက်အခဲမရှိလှပေ။ တစ်မြို့တစ်ရွာတွင် သွားရောက်ရင်းက သေဆုံးသွားသူ၊ အလောင်းပင်မရလိုက်၊ မတွေ့လိုက်ရသူတွေအတွက်မူ အခက်အခဲရှိလေသည်။ ထိုအခါတွင် ဦးစီးခေါင်းဆောင်ပြုလုပ်ပေးသော အရိုးကောက်ဆရာက သေဆုံးသူ၏ ခန္ဓာကိုယ်အစား အရပ်အမောင်း အရှည်တူညီသော သစ်တုံးတစ်တုံးကိုယူပြီး မီးရှို့ရသည်။ ထိုမှရသော မီးသွေးခဲကို အရိုးကောက်ပွဲအတွက်ယူပြီး လုပ်ရသည်။ နောက်တစ်နည်းမှာ သေဆုံးသွားသောသူ၏ အဝတ်အစားအစုံလိုက် ကျန်ရှိပါလျှင် ထိုအဝတ်အစားကိုပင် မီးရှို့ကာ ပြာစုပြာခဲကို အရိုးကောက်ကွဲ ပြုလုပ်ရသည်။

အဓိကကျသော အကြောင်းအရာက ရှိသေးသည်။ တစ်ရပ်တစ်မြေ၊ တစ်နယ်တစ်ကျေးတွင် သေဆုံးခဲ့သော အရိုးများနှင့် လောလောလတ်လတ် အစိမ်းသေ၊ အန္တရာယ်ကြောင့် သေရသောသူများဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကောက်ဆရာအနေဖြင့် အခက်အခဲကို ကြုံရပြီး လွန်စွာပင်ပန်းရတော့သည်။ အရိုးကောက်ပွဲအတွက် အရိုးကောက်ဆရာ၏ လုပ်ဆောင်ရသည့် အမှုကိစ္စတို့မှာ များစွာရှိလေသည်။ အစိမ်းသေများ၏ လိပ်ပြာ (သို့) ဝိညာဉ်သည် ရုတ်တရက် အန္တရာယ်ရင်ဆိုင်၍ သေရလျှင် ကြောက်လန့်တကြားဖြင့် အဝေးသို့ လိပ်ပြာလွင့်သွားပါက အရိုးကောက်ဆရာက လိပ်ပြာပြန်လာအောင် (သို့) ဝိညာဉ်ပြန်လာအောင် ကြိုးစား၍ ခေါ်ယူရတော့သည်။

နောက်တစ်ခုမှာ တစ်နယ်တစ်ကျေး မြစ်ကူးချောင်းဖျား နေရာများ၌ သွားရောက်သေဆုံးပါက အရိုးရှင်၏ ဝိညာဉ် (သို့) လိပ်ပြာသည် အရိုးအကောက်ပွဲနေရာသို့ ချက်ချင်းရောက်မလာနိုင်ပေ။ ထို့ကြောင့် အရိုးကောက်ဆရာသည် မဏ္ဍပ်နှင့် မနီးမဝေးနေရာတွင် မြေကျင်းခပ်နက်နက်ကို ရှည်ရှည်တူးပြီး မြစ်၊ ချောင်းသဖွယ် ရေဖြည့်ကာ အပေါ်မှ တံတားသဖွယ် သစ်ချောင်းလေးတစ်ခု တံတားထိုးပေးလိုက်ရသည်။ အဓိပ္ပာယ်မှာ ချောင်းတို့၊ မြစ်တို့ ဖြတ်လာလျှင် တံတားမှ ဖြတ်လာနိုင်ရန်ဖြစ်သည်။

အရိုးကောက်ပွဲ ကျင်းပရာတွင် မဏ္ဍပ်ဆောက်လုပ်ရသည်။ မဏ္ဍပ်ဆောက်လုပ်ရာတွင် မဏ္ဍပ်ကို နှစ်ခုဆောက်လုပ်ရသည်။ တစ်ခုက အရိုးပြာများ ထားရှိသည့် မဏ္ဍပ်၊ နောက်တစ်ခုက သံဃာစင်နှင့် ဆက်စပ်နေသည့် မဏ္ဍပ်ဖြစ်သည်။

သံဃာစင်နှင့် ဆက်စပ်နေသည့် မဏ္ဍပ်မှာ သံဃာတော်များ တရားဟောချိန်တွင် အရိုးမဏ္ဍပ်နှင့် သံဃာစင်ကို အပ်ချည်ကြိုးဖြင့် ဆက်သွယ်ပေးထားသည်။ ထိုသို့ဆက်သွယ်ထားခြင်းမှာ အရိုးရှင်၏ ဝိညာဉ်သည် သံဃာတော်များ တရားဟောသည့်အခါတွင် တရားနာခွင့်ရပြီး သာဓုအနုမောဒနာ ခေါ်နိုင်ရန်ဖြစ်သည်။

အရိုးကောက်ရာတွင် အရေးကြီးသောအချက်မှာ သေဆုံးသူသည် ယောက်ျားသော်လည်းကောင်း၊ မိန်းမသော်လည်းကောင်း ဖြစ်နေလျှင် ကျန်ရစ်သူသည် အရိုးကောက်ပွဲ မကျင်းပရသေးမီ နောက်အိမ်ထောင်ပြုပါက ထိုအရိုးကောက်မဏ္ဍပ်အတွင်းသို့ မလာရောက်ရပေ။ လာရောက်ပါက လေကြီးမိုးကြီးကျရောက်လာသလို၊ တခြားသော ဘေးအန္တရာယ်တွေလည်း ကျရောက်တတ်ပါသည်။ ထိုသို့ဖြစ်ခြင်းမှာ ခင်ပွန်း၊ ဇနီး သေဆုံး၍ မကြာသေး နောက်အိမ်ထောင်ပြုစောခြင်းကို အပြစ်ထားခြင်း ဖြစ်သည်။

အရိုးကောက်ရာတွင် တစ်ဦးချင်း၊ နှစ်ဦးချင်း ကောက်ကြသည် မဟုတ်ပေ။ စုစုပေါင်း နှစ်ဆယ်၊ သုံးဆယ်စုကာပြုလုပ်ကြ၍ အရိုးကောက်ပွဲ မဏ္ဍပ်ထဲတွင် အရိုးအိုးတွေ ထည့်ထားသော အရိုးခြင်းရှည်ကြီးများကို ထိုးထိုးထောင်ထောင် ဖြစ်နေရသည်ကို တွေ့ရသည်။

အရိုးကောက်ချိန် ကျရောက်သောအခါတွင် အရိုးရှင်တို့နှင့် သက်ဆိုင်သော မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတို့သည် အရိုးမဏ္ဍပ်နားသို့ ရောက်ရှိလာကြလေသည်။ သက်ဆိုင်ရာ မိမိတို့၏ အရိုးခြင်းများကို ကျောတွင်ချိကာပိုးထားပြီး သေဆုံးသောသူတွေ၏ အသက်အရွယ်အလိုက် တန်းစီကာ နေကြရသည်။

အရိုးကောက်ဆရာ အချက်ပေးလိုက်လျှင် ဆရာနှင့်အတူပါလာသော တပည့်တို့က မိမိတို့ဘာသာစလေ့ တိုင်းရင်းသားစကားဖြင့် အတိုင်အဖောက်ညီညီ သေသူများနှင့် သက်ဆိုင်သော ကဗျာရှည်ကြီးကို သံစဉ်နှင့် ရွတ်ဆိုကြသည်။ ထို့နောက် အရိုးခြင်းများကို အရိုးမဏ္ဍပ်တွင် ခုနစ်ပတ်လှည့်ကာပတ်ပြီး သဲဖြူခင်း၊ ရာဇမတ်ကာထားသော အရိုးမဏ္ဍပ်အတွင်းသို့ အရိုးများကို ပြန်ယူခဲ့ပြီး အစဉ်အတိုင်းထားကြသည်။ ထို့နောက် သံဃာတော်များက ဘုရားဟောကြလေသည်။ အားလုံးပြီးစီးပါက သုသာန်သို့ သွား၍ အရိုးအိုးများကို ပို့လိုက်ကြသည်။ နှစ်ပေါင်းများစွာ ပြုလုပ်လာကြ၍ အရိုးအိုးများ စုပုံနေသည်။ ထိုသို့ အရိုးကောက်ပွဲပြုလုပ်ပြီးပါက ကျန်ရှိသူများ၏ ရင်တွင်းဝယ် ပေါ့ပါးသွားပြီး သေဆုံးသူအပေါ်တွင် တာဝန်ကျေပွန်သည်ဟု ယူဆလေသည်။

"နွယ်ဦး နားလည်လိုက်ပါပြီ။ ဒါကြောင့် နန်းက အိမ်ထောင်ပြုဖို့ မစဉ်းစားတာကိုး ..."

"နန်းရှင်ထဲမှာ မောင်ကြီးက အမြဲရှိနေပါတယ်"

မြမြလှိုင်

<u>ကိုးကားချက်</u>

(၁) တိုင်းရင်းသားစကားပုံ (ဦးမင်းနိုင်)

(၂) ရိုးရာဓလေ့



www.burmeseclassic.com

www.burmeseclassic.com

# အချိန်ကိုသုံး မဖြုန်းနဲ့

ဝေလင်း(ရောဝတီ)

လောကတွင် အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာ့ဘုံနှစ်ဆယ် အားလုံးသော သတ္တဝါတွေဟာ သုံးဖို့ အချိန်အညီအမျှ ရကြပါတယ်။ ဘယ်သူမှ မပိုပါဘူး။ ဒါပေမယ့် အဲဒီအချိန်တွေကို အသုံးချတတ်မှ အထက် တန်းရောက်မှာ။ အချိန်ကိုမသုံးဘဲ ဖြုန်းပစ်မယ်ဆိုရင့် အောက်တန်းစားဖြစ်ရမှာ သေချာပါတယ်။ ဘယ်လို အရေးပဲဖြစ်ဖြစ် အချိန်ကို အသုံးချတတ်ဖို့ လိုပါတယ်။ ပညာရေးမှာလည်း အချိန်မီအသုံးချတတ်မှ ပညာနဲ့ပတ်သက်ပြီး ချမ်းသာနိုင်မှာ။ စီးပွားရေးဆိုရင်လည်း အချိန်မီအသုံးချတတ်မှ စီးပွားနဲ့ပတ်သက်ပြီး ချမ်းသာနိုင်မှာ။ ကောင်းမှုကုသိုလ်ရေးဆိုင်ရင်လည်း အချိန်မီအသုံးချတတ်မှ ကောင်းမှုနဲ့ပတ်သက်ပြီး ချမ်းသာနိုင်မှာ။

ရှေးရှေးသူတော်ကောင်းတွေနဲ့ မိမိတို့တစ်တွေဟာ အချိန်ကို အတူတူရနေကြတာပါ။ မြတ်စွာဘုရားရှင်ဟာ ဘုရားဖြစ်ဖို့အတွက် ပါရမီတွေ ဘယ်လောက်ဖြည့်ခဲ့ရသလဲဆိုရင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာခဲ့တယ်။ အဲဒီကာလတွေတုန်းက ဘုရားအလောင်းနဲ့ မိမိတို့တတွေဟာ အတူတူ သံသရာလည်ခဲ့ကြတာပါပဲ။ သူ့မှာ အချိန်တွေရသလို ကိုယ့်မှာလည်း အချိန်ရနေတာပါ။ သို့သော် သူက ဘုရားဖြစ်ဖို့အတွက် ဒါနသီလစတဲ့ ပါရမီအ မျိုးမျိုးတွေကို အချိန်မီအသုံးချခဲ့တာကြောင့် ဘုရားအဖြစ်ကို ရရှိပြီးနိဗ္ဗာန်ကူးသွားနိုင်ခဲ့ပါတယ်။ မိမိတို့တစ်တွေမှာ အချိန်တွေကို အသုံးမချခဲ့တာကြောင့် ယနေ့တိုင် နိဗ္ဗာန်မရောက်ဘဲ သံသရာလည်နေကြရပါတယ်။

ထို့အတူ အခြားသော နိဗ္ဗာန်ရောက်သွားတဲ့ သူတော်ကောင်းတွေဆိုရင် ရေတွက်မပြနိုင်လောက်အောင် များစွာရှိကြပါတယ်။ သူတို့တစ်တွေဟာ အချိန်ကို အချိန်မီသုံးသွားခဲ့တာကြောင့် နိဗ္ဗာန်မရောက်သေးခင်လည်း အထက်တန်းကျကျ နေသွားခဲ့ရတယ်။ နောက်ဆုံးတော့ နိဗ္ဗာန်ရောက်သွားကြပါတယ်။ ဒါ့ကြောင့် နိဗ္ဗာန်ရောက်ရတာဟာ အချိန်သုံးလို့လား ဖြုန်းလို့လားဆိုရင် အချိန်ကို သုံးသွားလို့ပါ။

အဲဒီလို အချိန်ကိုမသုံးဘဲ ဖြုန်းနေကြမယ်ဆိုရင် အစစအရာရာ အောက်တန်းစားဖြစ်ပါလိမ့်မယ်။ တောရော မြို့ပါ ချိန်ထိုးကြည့်ရင် ချမ်းသာသူနဲ့ဆင်းရဲသူ ဆင်းရဲသူက များတယ်။ ရည်မှန်းချက် အောင်မြင်သူနဲ့ မအောင်မြင်သူ



www.burmeseclassic.com

www.burmeseclassic.com

မအောင်မြင်သူကများတယ်။ လောကုတ္တရာရေး ကြည့်ရင်လည်း ရုပ်နာမ်အကြောင်းအကျိုး သိသူနဲ့ မသိသူ မသိသူက များတယ်။ တရားရသူနဲ့ မရသူ မရသူကများတယ်။ အဲဒီအချိန်ကို ဖြုန်းတဲ့အတွက် အောက်တန်းစားဖြစ်ရတာပါ။

လောကမှာ ကံတရားချည်းသက်သက် အားကိုးနေရုံနဲ့ မရနိုင်ပါဘူး။ ဉာဏ်၊ ဝီရိယ အထောက်အကူပါမှ ချမ်းသာမယ်။ ရည်ရွယ်ချက်ပန်းတိုင်ရောက်မယ်။ အထက်တန်းရောက်မယ်။ စာပေမှာ ကံယုံတဲ့ငါး၊ ဉာဏ်ယုံတဲ့ငါး၊ ဝီရိယယုံတဲ့ငါးဆိုပြီး ငါးသုံးကောင် ရှိပါတယ်။ အဲဒီငါးတွေဟာ မြစ်ထဲမှာ ကျက်စားနေကြပါတယ်။ မိုးနှောင်းကာလ ရောက်လာတဲ့အချိန်မှာ တံငါသည်တွေဟာ ‌လှေတွေ၊ ပိုက်ကွန်တွေ၊ မြှုံးတွေနဲ့ မြစ်ကမ်းနံဘေးကို ရောက်လာကြပါတယ်။ ရောက် ဘယ်ဆိုရင်ပဲ တဲတွေဆောက်ပြီး နေကြတာကို ငါးသုံးကောင်က မြင်နေတယ်။

ဒီအခါမှာ ဝီရိယယုံတဲ့ငါးက ငါတို့တော့ သေတော့မယ်။ တို့ရန်သူတွေ ရောက်လာပြီဆိုပြီး တစ်ခါတည်း တန်းပြေးတာ။ ဝီရိယယုံတဲ့ငါးက လွတ်သွားတယ်။ ဉာဏ်ယုံတဲ့ငါးကတော့ သေဖို့ရာကြုံရင် ငါ့မှာဉာဏ်ရှိသားပဲ။ ဉာဏ်နဲ့လှည့်ပတ်ပြီး မသေအောင်လုပ်မယ်ဆိုပြီး ဉာဏ်အားကိုးထားပါတယ်။ အချိန်တန်လို့ တံငါသည်တွေက ဖမ်းကြတဲ့အခါမှာ ဉာဏ်သုံးတဲ့ငါးကို မိသွားပါတယ်။ ဒီအခါမှာ သူက ဉာဏ်ရှိတဲ့အတိုင်း လှေပေါ်မှာ ပက်လက်လှန်ပြီး သေချင်ယောင် ဆောင်နေလိုက်တယ်။ တံငါသည်တွေက ''ဒီငါး သေနေပြီပဲ။ နောက်မှ ကောက်ယူပြီး ချက်စားမယ်'' လို့ကြပြီး ကမ်းပေါ်ပစ်တင်ထားခဲ့ပါတယ်။ တံငါသည်တွေ တော်တော်ဝေးဝေး ရောက်တယ်ဆိုရင်ပဲ ငါးက ရေထဲ ခုန်ချပြေးတော့မှ လွတ်သွားတယ်။ ဉာဏ်သက်သက်သမားကတော့ အဖမ်းတော့ ခံလိုက်ရတယ်။ တကယ်လို့ ကမ်းပေါ်မတင်ဘဲ တန်းပြီးသတ်လိုက်ရင် သူသေမှာ သေချာပါတယ်။ ကံယုံတဲ့ငါးကတော့ ''ကံမကောင်းရင် သေမှာပဲ ကံကောင်းရင် မသေဘူး''ဆိုပြီး အသာလေးနေလိုက်တာ။ တံငါသည်တွေက မိတာနဲ့ ရိုက်သတ်တဲ့အတွက် သေပွဲဝင်သွားခဲ့ရပါတယ်။

ဆိုတော့ကြောင့် လောကီရေးပဲဖြစ်ဖြစ်၊ ဓမ္မရေးပဲဖြစ်ဖြစ် အချိန်မီ ကံ၊ ဉာဏ်၊ ဝီရိယအသုံးချပြီး အလုပ်လုပ်မယ်ဆိုရင် အထက်တန်းစားဖြစ်ပြီး ချမ်းသာနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ အချိန်ဖြုန်းပြီး ကံ,ဉာဏ်,ဝီရိယ မယှဉ်ဘဲ နေကြမယ်ဆိုရင်တော့ အောက်တန်းစားဖြစ်ပြီး ဆင်းရဲပါလိမ့်မယ်။ ကံဆိုတာဟာ ကမ္မသဒ္ဒါက ဆင်းသက်လာတာမို့ အလုပ်ကို ကံဟုခေါ်ပါတယ်။ အလုပ်ကောင်းရင် ကံကောင်းမယ်။ အလုပ်မကောင်းရင် ကံမကောင်းနိုင်ပါ။ ဒီတော့ မိမိလုပ်တဲ့အလုပ်ဟာ ကောင်းတဲ့အလုပ်လား၊ မကောင်းတဲ့အလုပ်လားလို့ စိစစ်တတ်ဖို့ လိုပါတယ်။

ကံဆိုတဲ့ အလုပ်ဟာ 'ဟီန'ယုတ်ညံ့တဲ့ကံ၊ 'ပဏီတ' မြင့်မြတ်တဲ့ကံဟု နှစ်မျိုးရှိပါတယ်။ ယုတ်ညံ့တဲ့ကံဆိုတာ ဥပမာ ဒါနပြုတယ် ဆိုကြပါစို့။ မိမိပြုတဲ့ ဒါနဟာ ဂုဏ်ပကာသနတွေ ခြံရံပြီး ''ငါသာလှူနိုင်တယ်။ သူတစ်ပါးတွေ ငါ့လောက်မလှူနိုင်ဘူး''စတဲ့ အလှူရှင်မှန်းသိအောင် မထ္လှုပ်တိုင်တက်ပြတဲ့ အလှူမျိုးဟာ ''ယုတ်ညံ့တဲ့ဒါန၊ ယုတ်ညံ့တဲ့အလှူ''လို့ ခေါ်ပါတယ်။ အကျိုးပေးအနေနဲ့ပြောရရင် အလုပ်ဟာ နည်းမမှန်တဲ့အတွက်ကြောင့် ညောင်ပင်ကြီးလောက်လှူသော်လည်း ညောင်စေ့လောက်သာ အကျိုးပေးမယ့်အလှူမျိုးဖြစ်ပါတယ်။ ဂုဏ်ပကာသနကို အဓိကမထားဘဲ အများကောင်းစားရေးကို အာရုံပြုပြီး စေတနာသုံးတန်ပြဋ္ဌာန်းကာ ဉာဏ်နဲ့ယှဉ်ပြီး လှူတဲ့အလှူမျိုးကိုတော့ ''မြင့်မြတ်တဲ့ကံ၊ မြင့်မြတ်တဲ့အလှူ''လို့ ခေါ်ပါတယ်။ အကျိုးပေးအားဖြင့် ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရနိုင်ပါတယ်။

ကံကိုပြုလုပ်တဲ့အခါမှာ 'ပညာ'ဆိုတဲ့ ဉာဏ်ယှဉ်ပြီး လုပ်တတ်ဖို့ လိုပါတယ်။ စာပေမှာလာတဲ့ 'တိဟိတ်ဥက္ကဋ္ဌ'ကုသိုလ်ကံဆိုတာ ရှိပါတယ်။ ဘယ်လိုကံမျိုးလည်းဆိုရင် ကုသိုလ်ကောင်းမှု ပြုလုပ်နေစဉ် ကာလမှာ ကံကံရဲ့အကျိုးကို သိမြင်တဲ့ ကမ္မဿကတာဉာဏ်၊ သို့မဟုတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်တတ်တဲ့ ဝိပဿနာဉာဏ်ယှဉ် တွဲပါဝင်သောကံကို 'တိဟိတ်ဥက္ကဋ္ဌ' ကုသိုလ်ကံဟုခေါ်ပါတယ်။ ဉာဏ်ယှဉ်တဲ့ဒါနကို ပြုခဲ့သူများဟာ ဖြစ်လေရာဘဝတိုင်း ပစ္စည်းဥစ္စာ ပေါများချမ်းသာပြီး ဉာဏ်ပညာထက်မြက်ခြင်းဟူသော အကျိုးကိုရရှိကာ ဘုရားရှင်ရဲ့တရားတော်ကို တစ်ကြိမ်တစ်ခါမျှ နားကြားရုံနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်နိုင်ပါတယ်။

အဲဒီလို အလုပ်လုပ်တဲ့အခါမှာ အချိန်အခါမီအောင်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖို့အရေးပါသလို အချိန်ကို သူ့နေရာနဲ့သူ သုံးတတ်ဖို့ လိုပါတယ်။ ပထမအရွယ် ပညာရှာချိန်မှာ ပညာကိုပြည့်ဝအောင်ရှာ၊ ဒုတိယအရွယ် ဥစ္စာရှာချိန်မှာ အတတ်နိုင်ဆုံး ဥစ္စာရအောင်ရှာ၊ တတိယအရွယ် တရားရှာတဲ့အခါမှာလည်း ဆရာကောင်းထံ နည်းခံပြီး ပြတ်ပြတ်သားသား လုပ်ဆောင်ဖို့ လိုပါတယ်။ ဒါမှသာ အထက်တန်းကျကျ နေနိုင်ပြီး အထက်တန်းဘဝကို ပိုင်ဆိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမှ အသုံးမချတတ်ရင် အောက်တန်းစားဖြစ်ပြီး ဆင်းရဲပါလိမ့်မယ်။ ဆင်းရဲသွားတဲ့ သာဓကတစ်ခု ပြောကြပါစို့ဆိုရင် ...။

ဗာရာဏသီပြည်မှာ ကုဋေ (၈၀)စီ ကြွယ်ဝသော ဇနီးမောင်နှံနှစ်ဦး ရှိပါတယ်။ အမျိုးသားရဲ့အမည်က မဟာဓနသူဌေးသားလို့ ခေါ်ပါတယ်။ သူတို့နှစ်ဦးဟာ အသိပညာ၊ အတတ်ပညာ ဘာမျှမရှိဘဲ အရက်သမား၊ ဖဲသမားများနဲ့ပေါင်းသင်းပြီး ပစ္စည်းဥစ္စာများကို ဖြုန်းပစ်တဲ့အတွက် ကုန်ဆုံးသွားတာကြောင့် ခွက်လက်စွဲကာ တောင်းစားရတဲ့ဘဝသို့ ရောက်ခဲ့ရပါတယ်။

တစ်နေ့သောအခါ ဘုန်းကြီး ကျောင်းဘေးဝယ် ကိုရင်လေးတွေ၊ ဦးပဥ္စင်းလေးတွေရဲ့ထံမှာ ထမင်းများ တောင်းစားနေတာကို မြတ်ဘုရားရှင် မြင်တော်မူတဲ့အခါ ဘုရားရှင်ဟာ ပြုံးတော်မူလိုက်ပါတယ်။ မြတ်စွာဘုရား ပြုံးတော်မူတာကိုမြင်တော့ အရှင်အာနန္ဒာက ''အရှင်ဘုရား အဘယ်အရေးကို မြင်တော်မူလို့ ပြုံးတော်မူပါသနည်း''ဟု လျှောက်ထားလိုက်ပါတယ်။

မြတ်စွာဘုရားရှင်က ...

''ချစ်သား ဟိုမှာတောင်းစားနေတဲ့ ဇနီးမောင်နှံနှစ်ယောက် တွေ့မြင်ရဲ့လား''

''မှန်လှပါ တွေ့မြင်ပါတယ်ဘုရား''

''ချစ်သား၊ သူတို့ဇနီးမောင်နှံဟာ တစ်ချိန်က အင်မတန် ကြွယ်ဝတဲ့ သူဌေးကြီး သူဌေးကတော် ဖြစ်ခဲ့ကြတယ်။ ပထမအရွယ်မှာ စီးပွားရှာမယ်ဆိုရင် ပထမတန်းစား သူဌေးဖြစ်နိုင်တယ်။ အကယ်၍ တရားဘာဝနာများ အားထုတ်မယ်ဆိုရင် အမျိုးသားက ရဟန္တာဖြစ်ပြီး အမျိုးသမီးက အနာဂါမ်တည်နိုင်ပါတယ်။ ဒါမှမဟုတ် ဒုတိယအရွယ်မှာ စီးပွားရှာမယ်ဆိုရင် ဒုတိယတန်းစား သူဌေးဖြစ်နိုင်ပါတယ်။ တရားအားထုတ်မယ်ဆိုရင်လည်း အမျိုးသားက အနာဂါမ်ဖြစ်ပြီး အမျိုးသမီးက သကဒါဂါမ် ဖြစ်နိုင်ပါတယ်။

အဲဒီလိုမှမဟုတ်ဘဲ တတိယအရွယ်မှာ စီးပွားရှာမယ်ဆိုရင်တော့ တတိယတန်းစား သူဌေးဖြစ်နိုင်ပါတယ်။ တရားရှာမယ်ဆိုရင် အမျိုးသားက သကဒါဂါမ်ဖြစ်ပြီး အမျိုးသမီးက သောတာပန် တည်နိုင်ပါတယ်။ ဒါပေမယ့် ထိုဇနီးမောင်နှံ နှစ်ယောက်တို့ဟာ အရွယ်သုံးပါး တစ်ပါးပါးမှာ အချိန်ရှိခိုက် အချိန်မီအလုပ်မလုပ်ခဲ့တာမို့ အခုလို ဒုက္ခရောက်ခဲ့ရတာလို့ မိန့်တော်မူပါတယ်။ အတောင်ကြိုးတဲ့ ကြိုးကြာလို ရေမရှိတဲ့ငါးလို အလွန်ဒုက္ခရောက်ခဲ့ရပါတယ်။

ဒါကြောင့် အချိန်ကို အညီအမျှရကြတဲ့အခါမှာ အချိန်ကိုမဖြုန်းဘဲ တန်ဖိုးထားပြီး သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဗိုလ်ငါးပါး ရှေ့တန်းတင်ကာ စစ်မြေပြင်ကိုသွားသော ဆင်ပြောင်ကြီးကဲ့သို့ ကျင့်ရပါမည်။ စစ်မြေပြင်သွားသော ဆင်ပြောင်ကြီးဟာ

၁။ ဆင်ဦးစီးရဲ့စကားကို နားထောင်ရတယ်။
၂။ ရန်သူကို အနိုင်သတ်ရတယ်။
၃။ မိမိကိုယ်ကိုလည်း ကာကွယ်ရတယ်။
၄။ ရန်သူလက်နက် ထိပါးလာရင်လည်း သည်းခံရတယ်။
၅။ ရန်သူထံကိုလည်း အရောက်သွားရတယ်။

အဲဒီဥပမာလိုပဲ ဘဝတိုက်ပွဲဆင်နွှဲကြတဲ့ သူတို့ဟာ

၁။ သူတော်ကောင်းတို့ရဲ့ ဆုံးမစကားကို နားထောင်ရမယ်။
၂။ အကုသိုလ်ဖြစ်စေမယ့် စိတ်ကိုလည်း အနိုင်သတ်ရမယ်။
၃။ ဘေးဒုက္ခမရောက်အောင်လည်း ကာကွယ်ရမယ်။
၄။ လောကဓာမ်တရား ထိပါးလာရင်လည်း သည်းခံနိုင်ရမယ်။
၅။ ရည်ရွယ်ချက် ပန်းတိုင်ဆီကိုလည်း အရောက်သွားရမယ်။ ဖော်ပြတဲ့ အင်္ဂါငါးချက်နဲ့အညီ ဆောင်ရွက်ပြီး အထက်တန်းစားဘဝသို့ရောက်အောင် အချိန်ရှိခိုက်မှာ အချိန်မီအလုပ်လုပ်ဖို့ လိုအပ်ပါတယ်။

ဝေလင်း(ရွှေဝတီ)




www.burmeseclassic.com

www.burmeseclassic.com

# မိဇကျောင်းနှက္ခတ်ပြဇ္ဇဘာ
# ဓမ္မစေတီခေါင်းလောင်းတော်ကြီး
# အသံမြည်ပါဦးမလား

မင်းရွှေသိန်း(ဇင်းကျိုက်)

မြန်မာတို့၏ ကျက်သရေဆောင်၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်၊
ကမ္ဘာ့အကြီးဆုံးစာရင်းဝင် မွန်လူမျိုးများ၏ အထွတ်အမြတ်
ဓမ္မစေတီခေါင်းလောင်းတော်ကြီး




ကောဇာသက္ကရာဇ် ၉၇၄ ခုနှစ်တွင် ရွှေတိဂုံကုန်းတော်ပေါ်မှနေ၍ ဇဗင်ကာ (ခ) ဒီဘရစ်တို သယ်ဆောင်သွားသော ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် သဘောနှစ်စင်းလုံး တိမ်းမှောက်သွားရာမှ ရန်ကုန်မြစ်ထဲ နစ်မြုပ်သွားကြောင်းကို မဂ္ဂဇင်း၊ စာစောင် အချို့၌ ထုံ့ပိုင်း ထုံ့ပိုင်း ဖတ်ရှုခဲ့ရဖူးသည်မှာ ကြာလှပြီဖြစ်သည်။ လက်ရှိရွှေတိဂုံ ကုန်းတော်ပေါ်၌ တွေ့ရှိနေရသော စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးကဲ့သို့ တိကျသော သမိုင်းအထောက်အထားများ မတွေ့ရှိရသေးသဖြင့် မေ့မေ့ပျောက်ပျောက် ဖြစ်လျက်ရှိသည်မှာ အမှန်။ လွန်ခဲ့သော ၁၅ နှစ်ခန့်က မြတ်ကြေးမုံသတင်း မဂ္ဂဇင်းတွင် ဓမ္မစေတီခေါင်းလောင်း ဆယ်ယူခြင်းသတင်း စတင်ဖတ်ရှုမိရာက လူအများစိတ်ဝင်တစား ရှိခဲ့ကြရာမှ နောက်ထပ်လည်း အလားတူပင် ချက်ချင်းဆယ်ယူတော့မလိုလိုနှင့် သတင်းသည် သတင်းအဖြစ်နှင့်သာ



www.burmeseclassic.com

www.burmeseclassic.com

ပျောက်ကွယ်ခဲ့ရသည်မှာ အကြိမ်ရေ မနည်းတော့ပေ။

"ဓမ္မစေတီ ခေါင်းလောင်းက တကယ်မြစ်ထဲ ရှိပါဦးမလား။ အင်မတန် ခေတ်မီတဲ့ သိပ္ပံပစ္စည်း၊ သိပ္ပံနည်းတွေနဲ့ ရှာဖွေကြတာ နှစ်ပေါင်းများစွာက သမုဒ္ဒရာထဲ နစ်မြုပ်နေတဲ့ တိုက်တန်းနစ် အပါအဝင် ရှေးခေတ် ရွက်သင်္ဘောကြီးတွေကိုတောင် ရှာဖွေလို့ တွေ့နေကြပြီဟာ။ ဒီမြစ်ကျဉ်းကျဉ်းလေးထဲက ခေါင်းလောင်းကြီး မတွေ့ သေးဘူးဆိုတော့ ရှင်းရှင်းပြောရရင် မရှိတော့လို့ ဖြစ်မှာပေါ့"

"မရှိတော့တဲ့ ခေါင်းလောင်းကြီးကို အကြောင်းအရာ ဟိုတစ်ပိုင်း သည်တစ်စ ဆွဲထုတ်အရောင်ပြပြီး စပွန်ဆာ ရှာဖွေလုပ်စားကြည့်မယ့်သူတွေရဲ့ အန္တရာယ်လည်း စိုးရိမ်ရသေးတာနော်။ အမှန်တကယ်ရှိလို့ကတော့ နိုင်ငံတော်ကရော ဗုဒ္ဓဘာသာ တိုင်းရင်းသားအများကပါ ဘယ်လက်ပိုက်ကြည့်နေကြမှာလဲ။ လုပ်အား၊ ငွေအား အလုံးအရင်းနဲ့ ဆယ်ယူပြီးလို့ ရွှေတိဂုံကုန်းတော်ပေါ် ပြန်ရောက်နေမှာ ကြာပြီပေါ့ဗျာ"

မရေမရာနှင့် အကြိမ်ပေါင်းများစွာ အဆုံးသတ်ခဲ့ရသော ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူရေးနှင့် ပတ်သက်၍ အားမလိုအားမရစိတ်ဖြင့် ဝေဖန်လာသော သံသယစကားများကိုလည်း လူသူအများကြား၌ ကြားနေရပါသေးသည်။ အမှန်ပြောရလျှင် ဤခေါင်းလောင်းတော်ကြီးသည် ရန်ကုန်မြစ်ဝအောက်တွင် အမှန်တကယ်ရှိနေသေးသည် (သို့မဟုတ်) လုံးဝမရှိတော့ပါဆိုသည့် မှတ်ချက်မျိုးပေးနိုင်သော အရည်အချင်း မိမိထံမရှိပေ။ မိမိသည် သမိုင်းသုတေသီ မဟုတ်သလို ရေအောက်ကျွမ်းကျင်သူလည်း မဟုတ်သောကြောင့် သာမန် အများသူငါသိသလောက်သာ သိထားသူဖြစ်သည်။ သို့သော် မိမိအနေနှင့် စိတ်ထဲမရှင်းမလင်းဖြစ်နေသည်မှာ ဓမ္မစေတီခေါင်းလောင်းတော် ဆယ်ယူရေးနှင့် ပတ်သက်၍ သမိုင်းပညာရှင်များ၊ သုတေသီဆရာကြီးများ သယံဇာတရှာဖွေသည့် အင်ဂျင်နီယာကြီးများ အဘယ်ကြောင့် ရေငုံနှုတ်ပိတ် တိတ်ဆိတ်နေကြခြင်းပင် ဖြစ်သည်။

အထက်၌ ဆိုခဲ့သည့်အတိုင်းပင် ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူမည့် သတင်းတို့ကို မိမိသည် အများသူငါလောက်သာ သိထားသူဟု ဆိုသော်လည်း ထိုသို့ အနည်းအကျဉ်းမျှသိပြီး သိထားသမျှကိုလည်း မေ့ပျောက်လုနီးပါး ရှိနေချိန်တွင် အလွန်ပြည့်စုံရုံသာမက အလွန်စိတ်ဝင်စားဖွယ်ရာကောင်းလှသော ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး၏ အကြောင်းအရာများသည် မိမိရှေ့မှောက်သို့ ဘွားခနဲ အလိုအလျောက် ရောက်ရှိလာသည်မှာ အံ့ဩစရာဟုပင် ဆိုရမည်လား မသိတော့ပေ။

၉.၆.၂၀၁၃ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန် ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရှိ မွန်ပီဇ္ဇာကတ်တိုက်တွင် အစည်းအဝေးရှိသဖြင့် အချိန်နီးကပ်မှ မိမိရောက်ရှိသွားရသည်။ စားပွဲတစ်ခုတွင် မိမိ၏မိတ်ဆွေ မင်းထိန်ဝင်း (မြန်မာ့ရုပ်သံငြိမ်း)သည် အရပ် အမောင်းကောင်းကောင်း လူတစ်ယောက်နှင့် စာရွက်စာတမ်းများ ရှေ့တွင်ချကာ စိတ်ပါဝင်စားစွာ စကားပြောနေသည်ကို တွေ့ရသည်။ ၎င်းတို့ပြောနေကြသည်မှာ ဓမ္မစေတီခေါင်းလောင်းတော်ကြီးအကြောင်းဖြစ်ပြီး ၎င်းတို့ရှေ့တွင် ချထားသော ကွန်ပျူတာစာရွက်ထပ်ကလည်း ဓမ္မစေတီခေါင်းလောင်း ခေါင်းစဉ်များ ပါသည်ကိုတွေ့ရှိလိုက်ရာ မိမိအတော်ပင် စိတ်ဝင်စားသွားရပါသည်။ မင်းထိန်ဝင်းနှင့် စကားပြောနေသူသည် သူ့ကိုယ်သူ မိတ်ဆက်ပေးသဖြင့် သုဓမ္မဏီနှင့်ပတ်သက်၍ ၎င်းကိုယ်တိုင် ဆောင်ရွက်ခဲ့သည်များကို သိရှိစေရန်ဆိုကာ ၎င်းရှေ့မှ စာရွက်စာတမ်းအားလုံးကို မိတ္တူကူးယူခွင့် ပြုခဲ့ပါသေးသည်။

အစည်းအဝေး စတော့မည်ဖြစ်၍ ဦးစံလင်းနှင့် စကားပြောချိန် မရခဲ့ပေ။ အစည်းအဝေးပြီးမှ အေးအေးဆေးဆေး ဆွေးနွေးကြမည်ဟု မိမိကြံရွယ်ထားရာ အစည်းအဝေးစသည်နှင့် ဦးစံလင်းလည်း စားပွဲတွင် မရှိတော့သည်ကို သတိထားမိသဖြင့် မင်းထိန်ဝင်းအား မေးမြန်းကြည့်လိုက်မှ သူနှင့် ဦးစံလင်းသည် နဂိုကပင် တွေ့ဖူးကြသူများ မဟုတ်ကြောင်း၊ အစည်းအဝေး ဖိတ်ကြားသည့်အထဲတွင်လည်း ဦးစံလင်း မပါဝင်ကြောင်း၊ သူ့အလိုလိုရောက်လာပြီး သူ့အလိုလို ပြန်သွားခြင်းသာ ဖြစ်ကြောင်း သိရတော့သည်။


ထိုသို့ သုဓမ္မဏီဇောတ ဦးစံလင်းဆိုသူနှင့် ဂမ္ဘီရဆန်ဆန် တွေ့ဆုံခဲ့ကြသည်ကို ထူးခြားမှုတစ်ခု ဖြစ်သည်လားဆိုကာ သူ့ထံမှ မိတ္တူကူးယူလာသော စာရွက်စာတမ်းများ



www.burmeseclassic.com

www.burmeseclassic.com

**ရေအောက် ၂၇ ပေ၊ မြေအောက် ၂၅ ပေ၊ ပေါင်း ၅၂ ပေတွင် နစ်မြုပ်လျက်ရှိသော သင်္ဘောနစ်စီးနှင့် ဓမ္မစေတီခေါင်းလောင်းတော်ကြီးပုံ**




အချိန်ဆိုင်းမနေတော့ဘဲ အိမ်ပြန်ရောက်သည်နှင့် ဖတ်ကြည့်လိုက်ရာ ထူးခြားဆန်းကြယ်ရုံသာမက မိမိအတွေးနှင့်လက်လှမ်းမမီသော အကြောင်းအရာများ ဖြစ်နေခြင်းကြောင့် အလွန်တရာ အံ့သြခဲ့ကြောင်း ဝန်ခံရလိမ့်မည် ဖြစ်သည်။ ဦးစံလင်းသည် အမှတ် ၂၁၀ မြသီတာလမ်း၊ ဘုရင့်နောင်ရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး၌ နေထိုင်သူဟု သိရှိရပြီး ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ဆယ်ယူခွင့်ပြုရေးအတွက် နိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com

သမ္မတသို့ တင်ပြသည့် ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက် ဗုဒ္ဓဟူးနေ့စွဲပါ စာနှစ်စောင်နှင့်အတူ သူတွေ့ရှိထားသော ခေါင်းလောင်းတော်ကြီး၏ အကြောင်းအရာ အပြည့်အစုံ၊ ဆယ်ယူမည့်စီမံချက် အပြည့်အစုံတို့ကိုပါ ပူးတွဲထားသည်ကို ဖတ်ရှုလိုက်ရပါသည်။ ခေါင်းလောင်းတော်ကြီးအား ဆယ်ယူရန် ယခင်က ၎င်းကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို သံခိပ်လုပ်၍ အကျဉ်းချုံးဖော်ပြရလျှင် ...

(၁) **ပထမအကြိမ်** ။ ၁၀. ၈. ၉၇ မှ ၁၁. ၉. ၉၇ ထိ ၃၂ ရက်တိုင်တိုင်ဆောင်ရွက်ရာတွင် ကော့သောင်းမြို့မှ ရေငုပ်သမားများ ရောက်ရှိမလာသဖြင့် ရန်ကုန်မြို့မှ ရေငုပ်သမားများ ငှားရမ်း၍ ဆောင်ရွက်ရာမှ အခက်အခဲပေါင်းများစွာ ကြုံလျှက် လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။

(၂) **ဒုတိယအကြိမ်** ။ ၂၆. ၇. ၉၈ ရက်နေ့တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၏ ကူညီမှုအရ သောင်တူးစက်အမှတ် ၁၅၀၂ ဖြင့် ဆောင်ရွက်ခဲ့ရာ ၁၁. ၈. ၉၈ ရက်နေ့ ညနေ ၁၅:၃၀ နာရီတွင် ခေါင်းလောင်းတော်ကြီးရှိရာ နေရာအား ရှာဖွေတွေ့ရှိခဲ့သည်။ သို့သော် အထက်ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ၏ ညွှန်ကြားချက်အရ လုပ်ငန်းအားလုံးရပ်သိမ်းခဲ့ရသည်။

(၃) **တတိယအကြိမ်** ။ တွေ့ရှိထားပြီးသော ခေါင်းလောင်းတော်ကြီးအား ဆယ်ယူရေး ဆောင်ရွက်ရာတွင် သောင်တူးစက်အမှတ် ၁၀၀၀ ၏ စက်လည်ပတ်မှု အားနည်းပြီး တွင်ကျယ်စွာ မဆောင်ရွက်နိုင်ခြင်းကြောင့် လုပ်ငန်း သုံးရပ်နှင့် ရပ်သိမ်းလိုက်ရသည်။

(၄) **စတုတ္ထအကြိမ်** ။ သောင်တူးစက်အမှတ် ၁၅၀၁ ၏ စက်ကိရိယာများ သတ်မှတ်ရက် ၁၂. ၉. ၉၉ ရက်နေ့တွင် အချိန်မီမရရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းလိုက်ရသည်။

(၅) **ပဥ္စမအကြိမ်** ။ တူးဖော်ဆယ်ယူရန်ကြိုးပမ်းသော်လည်း (၂၇. ၇. ၂၀၀၀) ရက်နေ့တွင် ရန်ကုန်မြို့စည်ပင်သာယာရေး ကော်မတီ၏ (၄. ၇. ၂၀၀၀) ရက်စွဲပါ စာအမှတ် ၁၇၆၆ ပြင်ပစည်ပင် ယာအုံ(တည်ဆောက်) အရ လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။

အထက်ပါအတိုင်း ခေါင်းလောင်းတော်ကြီးဆယ်ယူရေးအတွက် ငါးကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည့်သူ နည်းပါးသဖြင့် အောင်မြင်ခဲ့ခြင်းမရှိဟု ဆိုထားပါသည်။ နိုင်ငံတော်၏ အကူအညီဖြင့်ဆောင်ရွက်ခွင့် ရရှိပါက ၁၄ ရက်နှင့်အပြီး ခေါင်းလောင်းတော်ကြီးအား မူလနေရာ ရွှေတိဂုံကုန်းတော်ပေါ်သို့ အရောက်ပို့ဆောင်ပေးနိုင်ကြောင်းကိုပါ စီမံချက်နှင့်တကွ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ဦးစံလင်းသည် ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ရှာဖွေဆယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ၎င်းပိုင်တိုက်ခန်း နှစ်ခန်း၊ အက်စ်အီးကားသုံးစီး ရောင်းချပြီး ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ကြောင်း။ ဦးစံလင်း၏ အဆိုအရ ဤခေါင်းလောင်းတော်ကြီးသည် ဗုဒ္ဓမြတ်စွာဘုရားပိုင်၊ သာသနာတော်မြတ်ကြီးပိုင်၊ ကျင့်စဉ်ပြီးမြောက်သော ဓမ္မစေတီမင်းကြီးပိုင်၊ မြန်မာနိုင်ငံပိုင်ဖြစ်သောကြောင့် သိပ္ပံပညာ ထွန်းကားပါသည်ဆိုသော မည်သည့်နိုင်ငံ၊ မည်သည့်နိုင်ငံခြားသားမှ ရှာဖွေဖော်

ခေါင်းလောင်းတော်ကြီး၏ ရာဇဝင်ကို ဦးစံလင်း ဖော်ပြထားရာတွင် ခေါင်းလောင်းတော်ကြီးအား ပွဲသဘင်ကျင်းပ၍ သွန်းလောင်းစဉ်အခါက လောကဉာဏပဏ္ဍိတ်က နက္ခတ်ခြောက်လုံးအကြိုက် မိကျောင်းနက္ခတ်ဖြစ်သောကြောင့် အသံကောင်းစွာ မမြည်ပေဟု ဟောကိန်းထုတ်သကဲ့သို့ သွန်းလောင်းပြီးချိန်တွင်လည်း ခေါင်းလောင်းတော်ကြီးသည် အမှန်တကယ် အသံကောင်းစွာ မမြည်ခဲ့ဟု ပါရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယူ၍ ရမည်မဟုတ်ကြောင်း (စဉ့်ကူး မင်းခေါင်းလောင်းကြီး သာဓက)။ မြန်မာတို့၏ အဆင့်မြင့်နည်းပညာဖြစ်သော (သီလ၊ သမာဓိ၊ ပညာ၊ ကတိ၊ သစ္စာ)တို့ဖြင့်သာ ဖော်ထုတ်ဖယ်ယူ၍ ရနိုင်ကြောင်း၊ အကယ်၍ လောလောဆယ် ဖော်ယူခွင့်ရရှိမည်ဆိုလျှင် ၎င်း၏ လက်ရှိအိမ်ကိုပင် ရောင်းချ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ဦးစံလင်း၏ စာတမ်းထဲ၌ တွေ့ရပါသေးသည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီး တစ်မျိုးတည်းသာ စိတ်ဝင်စားခဲ့ဖူးသော မိမိသည် ဦးစံလင်း၏ စာတမ်းများအား ဆက်လက်ဖတ်ရှုရာမှ ခေါင်းလောင်းတော်ကြီးနှင့်အတူ နစ်မြုပ်နေသော တန်ဖိုးကြီးအရာများ ရှိသေးကြောင်း သိရသဖြင့် ပို၍စိတ်ဝင်စားသလို ဖြစ်လာရပါသည်။ ဓမ္မစေတီမင်းကြီးသည် ခေါင်းလောင်းတော်ကြီးအား ကြေးပိဿာချိန် ၁၈၀၀၀၀ ဖြင့် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်၏ ရာဟုထောင့် အနောက်ဘက်မြေကွက်လပ်၌ ကောဇာသက္ကရာဇ် ၈၅၁ ခုနှစ်တွင် ၁၀ ခုနစ်တောင်၊ ဖောက် ၁၂ 'တောင်အရွယ် သွန်းလောင်းစေကာ ကောဇာသက္ကရာဇ် ၈၅၂၊ ကဆုန်လဆန်း ၃ ရက်နေ့တွင် ရွှေတိဂုံကုန်းတော်ပေါ်သို့ တင်လှူထားသည်ဟု ဆိုပါသည်။ ခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံကုန်းတော်ပေါ်၌ နှစ်ပေါင်း ၁၂၃ နှစ် ရှိခဲ့ရာမှ ငဇင်ကာ(ခ) ဒီဘရစ်တိုသည် ခေါင်းလောင်းတော်ကြီးအား သ ၁ဘ်ာနှစ်စင်းနှင့် ၎င်းတို့နိုင်ငံ စပိန်သို့ သယ်ဆောင်ရာတွင် ရန်ကုန်မြစ်ဝအရောက်၌ နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးစံလင်း၏ မှတ်တမ်းအရ သိရသည်။

ယင်းသို့ ခေါင်းလောင်းတော်ကြီး နစ်မြုပ်ရာတွင် မွန်ဘုရင်မကြီးရှင်စောပုမှ ကျိုက်ခမီရေလယ်ဘုရားသို့ လှူဒါန်းရန်ရည်စူးပြီး သွန်းလောင်းထားသော ဉာဏ်တော် ခုနစ်တောင်ရှိ ရွှေသားစစ်စစ် ဗုဒ္ဓဆင်းတုတော် နှစ်ဆူ (ရွှေအလေးချိန် ၆ တန်) အပြင် တန်ချိန် ၆၀ ခန့်ရှိသော အခြားခေါင်းလောင်းတစ်လုံးပါ မိုးတွင်းအခါ ရေနက် ၂၇ ပေ၊ မြေကြီးအောက် ၂၅ ပေ စုစုပေါင်း ၅၂ ပေအနက်တွင် နစ်မြုပ်လျက် ရှိကြောင်း မှတ်တမ်း၌ တွေ့ရှိရသည်။ ခေါင်းလောင်းတော်ကြီး၏ အလယ်ဖောင်းရစ်တွင် နှစ်ကျိပ်ရှစ်ဆူသော ဖောင်းကြွဘုရားပုံများ ပါရှိပြီး ၎င်းအပေါ်၌ ကျောက်သံပတ္တမြား အတွဲ ၄၅ တွဲကို အတန်းနှစ်တန်း စီခြယ်ထားကြောင်း။ ယခုတွေ့ရှိချိန်တွင် ခေါင်းလောင်းတော်ကြီး၏ကွင်းမှာ အနည်းငယ် အက်ကွဲလျက်ရှိပြီး အပေါ်တန်းမှ ကျောက်သံပတ္တမြား အတွဲမှာလည်း အနည်းငယ်ပြုတ်ထွက်လျက်ရှိကြောင်း အလွန်တိကျစွာ မှတ်တမ်းတင်ထားသည်ကို မယုံကြည်စရာ ဖတ်ရှုလိုက်ရပါသည်။

ဓမ္မစေတီခေါင်းလောင်းတော်ကြီးနှင့်ပတ်သက်၍ ဦးစံလင်း အသေးစိတ် မှတ်တမ်းတင် ဖော်ပြထားခြင်းများကို ကြည့်ခြင်းအားဖြင့် ရေအောက်မြေအောက် ၅၂ ပေအနက်တွင် ရောက်ရှိနေသော အရာဝတ္ထုများကို ဦးစံလင်း မည်သည့်နည်းလမ်းဖြင့် ကြည့်ရှု၍ အတပ်ပြောနိုင်ခြင်းကို မိမိ မစဉ်းစားတတ်သည်မှာ အမှန်။ ယုတ္တိဗေဒဉာဏ်ခေါင်းပါးသော မိမိအနေနှင့် ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်ကို ဝေဖန်ပိုင်းခြားရန်ပင် အလွန်ခက်ခဲလျက်ရှိပါသည်။ ဦးစံလင်းပြောသော (သီလ၊ သမာဓိ၊ ပညာ၊ ကတိ၊ သစ္စာ) ဟူသော မြန်မာ့နည်း၊ မြန်မာ့ဟန် နည်းပညာဆိုသည် ကိုပင် ဂမ္ဘီရဆန်သလိုလို ထင်မိရုံကလွဲ၍ စိုးစဉ်းငယ်မျှ သဘောမပေါက်ခဲ့ကြောင်း ဝန်ခံရမည်ဖြစ်သည်။

ခေါင်းလောင်းတော်ကြီး၏ ရာဇဝင်ကို ဦးစံလင်း ဖော်ပြထားရာတွင် ခေါင်းလောင်းတော်ကြီးအား ပွဲသဘင်ကျင်းပ၍ သွန်းလောင်းစဉ်အခါက လောကဉာဏပဏ္ဍိတ်က နက္ခတ်ခြောက်လုံးအကြိုက် မိကျောင်းနက္ခတ်ဖြစ်သောကြောင့် အသံကောင်းစွာ မမြည်ပေဟု ဟောကိန်းထုတ်သကဲ့သို့ သွန်းလောင်းပြီးချိန်တွင်လည်း ခေါင်းလောင်းတော်ကြီးသည် အမှန်တကယ် အသံကောင်းစွာ မမြည်ခဲ့ဟု ပါရှိပါသည်။ ဤဟောကိန်းအတိုင်း မှန်ကန်မည်ဆိုလျှင် ဓမ္မစေတီခေါင်းလောင်းတော်ကြီးသည် မိမိတို့နိုင်ငံ ပြည်သူပြည်သားများအတွက် သာယာအေးချမ်းလှစွာသော မြည်သံများပေးနိုင်လိမ့်ဦးမည်လားဆိုကာ တွေးတောပူပန်မိလျက် ရှိပေတော့သည်။

*(**မှတ်ချက်**-ဦးစံလင်း၏ စာရွက်စာတမ်းမှတ်တမ်းများတွင် တွဲလျက်ပါရှိသော ဓမ္မစေတီခေါင်းလောင်းပုံနှင့် နစ်မြုပ်လျက်ရှိသော ရေအောက်အနေအထားပုံတို့အား မူရင်းအတိုင်း ဖော်ပြထားပါသည်။)*

မင်းရွှေသိန်း(ဇင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com



# မေတ္တာပို့ခြင်းအကျိုး

■ မောင်ဒွေးချမ်း(တင့်တူ)

စာရေးသူတွင် ကွန်ပျူတာဆိုင်လေးတစ်ဆိုင် ရပ်ကွက်လမ်းထိပ် လမ်းမတန်းတွင် ဖွင့်လှစ်ထားပါသည်။ ဆိုင်သို့ တရားစာပေများ ရိုက်စရာရှိလျှင်ဖြစ်စေ၊ စာသင်တိုက်မှ အပတ်စဉ် စာမေးပွဲ မေးခွန်းလွှာများ စာရိုက်စရာရှိလျှင်ဖြစ်စေ၊ ဝိနည်း၊ ကထိန်၊ ရဟန်းခံ၊ ရှင်ပြု ဖိတ်စာများ ရိုက်လိုလျှင်ဖြစ်စေ၊ ဖုန်းထဲသို့ မွေ့ကထိက ဆရာတော်ကြီးများ၊ တရားရှိပ်သာမှ ဆရာတော်များ၏ တရားခွေများကို MP3 အဖြစ် ထည့်သွင်းလိုလျှင်ဖြစ်စေ ဓမ္မအလင်းရောင်ကျောင်းတိုက်မှ ဦးဇင်းလေး ဦးသုမနမှာ ကျွန်တော့်ကွန်ပျူတာဆိုင်လေးသို့ ကြွရောက်လာလေ့ရှိသည်။ တရားခွေများအကြောင်းနှင့် သူ၏ ဘဝအတွေ့အကြုံများကိုလည်း စာရေးသူအား မကြာခဏ ပြောကြားလေ့ရှိပါသည်။ ဦးဇင်းကလေးမှာ ရခိုင်ပြည်နယ်က ဖြစ်၍ ရခိုင်~~သံဲဲဖြင့် ပြောကြားသည်မှာ နားထောင်လို့ကောင်းသလို ဆွဲဆောင်မှုလည်း ရှိပါသည်။

ဦးဇင်းလေး ဦးသုမနပြောကြားသည့် သူ့ဘဝ၏ "သေကံမရောက် သက်မပျောက်"အကြောင်းမှာ သူ့ဘဝ

www.burmeseclassic.com

အတွက် အထူးခြားဆုံးဖြစ်ရပ်တစ်ခု ဖြစ်နေသည်ဟု ပြောပြသည်။ သေပြီးမှ ပြန်ရှင်လာရသော၊ မိမိသီတင်းသုံးရာ စာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များက ပျံလွန်တော်မူသွားပြီဟု ယူဆနေချိန်မှာ သူသည် အသက်မသေဘဲ ပြန်လည်ရှင်သန်လာခဲ့ရသည်။ ထိုသို့ ရှင်သန်လာရခြင်းသည် ကံတရားကြောင့်လား၊ သေမင်းက အချိန်မစေ့သေး၍ မခေါ်ခြင်းလေလား၊ သို့မဟုတ် သမ္မာဒေဝ နတ်မြတ်နတ်ကောင်းများက ကယ်မခြင်းလေလား၊ သေကံကြီးနှင့် ကြုံတွေ့ရပါလျက် မသေရခြင်းသည် အတော်ထူးဆန်းနေ၏။ မည်သို့ကြောင့်နည်း။ မည်ကဲ့သို့ ယုံကြည်ရမည်နည်းဆိုသည်ကို ဝေခွဲမရအောင် ဖြစ်ခဲ့ရသည်ဟု ပြောပြပါသည်။

ဤနေရာတွင် ကံတရားနှင့်ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားသည့် "ကမ္မံ သတ္တေ ဝိဘဇတိ-သတ္တဝါအားလုံးတို့အား ကံတရားက ခွဲခြားထားသည်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။ မှန်ပါသည်။ လူဆိုသည်မှာ ကံတရားနှင့် ကင်းကွာ၍မရနိုင်ပါ။ မည်သည့်ကိစ္စမဆို ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးစုံညီစွာ အသုံးပြုတတ်ရပါမည်။ ကံကိုချည်းလည်း အားကိုး၍ မရနိုင်ပါ။ ဉာဏ်နှင့် ဝီရိယလည်း အသုံးချတတ်ပါမှ မိမိလိုရာဆန္ဒများ ပြည့်ဝအောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ ကံကိုချည်း အားကိုးနေမည်ဆိုလျှင် ဉာဏ်နှင့်ယှဉ်သော လုံ့လဝီရိယများ လျော့နည်းပြီး အရာရာပြီးမြောက်မှုကို မခံစားရသည့်အခါ စိတ်သောကများ ဖြစ်လာတတ်သောကြောင့် ဖြစ်ပါသည်။ ဦးဇင်းလေး ဦးသုမနမှာလည်း ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးကို အချိုးညီစွာ အသုံးပြုတတ်သောကြောင့် အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း စာရေးသူ ယုံကြည်မိပါသည်။

ဦးဇင်းလေး ဦးသုမနတို့ ကျောင်းတိုက်သည် တရားရိပ်သာနှင့် စာသင်တိုက် တွဲထားသော ကျောင်းတိုက်ကလေးဖြစ်သည်။ ကျောင်းတိုက်တွင်းရှိ စာသင်သားသံဃာတော်များသည် နေ့စဉ် ညနေ ၆ နာရီထိုးပြီဆိုလျှင် ကျောင်းတိုက်မှ ပဓာနနာယက ဆရာတော်ကြီးအပါအဝင် ရဟန်းသံဃာ၊ ကိုရင်သာမဏေအားလုံး ဘုရားရှိခိုး ဝတ်ပြုကြရသည်။ ဘုရားရှိခိုးပြီးလျှင်လည်း နာရီဝက်ခန့် တရားဘာဝနာများကို ရှုမှတ်ပွားများကြရသည်။ ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံးကို ကျင့်သုံးကြရသော စာသင်တိုက်ကလေးဖြစ်ပါသည်။ ဦးဇင်းလေးဦးသုမနမှာ ထိုကျောင်းတိုက်ကြီးရှိ ဆွမ်းစားကျောင်းကို တာဝန်ယူရသော ဆွမ်းစားကျောင်းဘုန်းကြီးကလေး ဖြစ်နေပါသည်။ ကျောင်းထိုင်ဆရာတော်ကြီး စာသင်တိုက် စတင်တည်ထောင်တော်မူစဉ်ကတည်းက ကျောင်းတိုက်ရှိ ရဟန်းသံဃာတော်များ၏ ဝေယျာဝစ္စ၊ ဆွမ်းကိစ္စတို့ကို တာဝန်ယူရသော အလုပ်ဖြစ်ပါသည် စာသင်သားရဟန်းသံဃာတော်များ ပရိယတ္တိသာသနာ့တာဝန်ကို မကြောင့်မကြဘဲ အေးချမ်းစွာ ကြိုးစားသင်ယူနိုင်ရန်မှာ ဆွမ်းစားကျောင်းတာဝန်ခံ ဦးဇင်းလေးဦးသုမန၏ လက်ထဲတွင် တာဝန်အရှိဆုံးဖြစ်သည်။ စေတနာထားတတ်လျှင် အင်မတန်ကုသိုလ်ရသော အလုပ်ဖြစ်နေပေသည်။ တကူးတက ရှာပြီးလုပ်နေစရာမလိုဘဲ နေ့စဉ်နှင့်အမျှ ကုသိုလ်ရသော လုပ်ငန်းဖြစ်နေပေသည်။ ဤသို့လုပ်နေရသည်ကိုပင် ဦးဇင်းလေးဦးသုမန ဂုဏ်ယူဝမ်းမြောက်နေမိသည်။ ဝမ်းသာကြည်နူးမှုပီတိများ နေ့စဉ်နှင့်အမျှ ဖြစ်ရသည်ဟု ဆိုပါသည်။

ဦးဇင်းလေးဦးသုမနတွင် နေ့စဉ် သံဃာ့ဝေယျာဝစ္စများ လုပ်နေရခြင်းအပြင် အခြားကုသိုလ်ရမည့် နေ့စဉ်လုပ်ငန်းလည်း ရှိနေပြန်သေးသည်။ ထိုလုပ်ငန်းကား အခြားမဟုတ်။ လူလည်းမပင်ပန်း၊ ငွေကုန်ကြေးကျလည်းမရှိ၊ လုပ်နိုင်လျှင် လုပ်နိုင်သလောက် အကျိုးအမြတ်ရရှိနိုင်သော တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများနည်းဖြင့် ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါများအပေါ် မေတ္တာဘာဝနာပွားများခြင်းလုပ်ငန်းဖြစ်ပါသည်။ မေတ္တာဘာဝနာပွားများခြင်းသည် တစ်နေ့ကို သုံးကြိမ်မျှ ထမင်းအိုး၊ ဟင်းအိုးတစ်ရာဖြင့် သတ္တဝါအပေါင်းတို့အား ကျွေးမွေးလှူဒါန်း ကုသိုလ်ပြုခြင်းထက် တစ်မိနစ်၊ တစ်စက္ကန့်လောက် မေတ္တာဘာဝနာပွားများခြင်းကုသိုလ်က သာလွန်ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားသည်မဟုတ်ပါလား။ ဦးဇင်းလေးဦးသုမနမှာ ခရီးဝေးကြွသွားသည့်အခါ၌ဖြစ်စေ၊ အခြား မည်သည့်နေရာရောက်ရောက် မကျိန်းစက်မီ ဝေနေယျ သုခိတ၊ ဒုက္ခိတ သတ္တဝါအများကို မေတ္တာပို့ပြီးမှ ကျိန်းစက်လို့ရသည်ဟု ဆိုပါသည်။ လူသာအသေခံမည် မေတ္တာဘာဝနာပွားများခြင်းလုပ်



www.burmeseclassic.com

www.burmeseclassic.com

နေ်းကိုကား ဘယ်တော့မှ အပျက်မခံဘူးဟု ခံယူထားသူ ဖြစ်ပါသည်။

၂၀ဂဂ၊ မေလပိုင်းတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံတွင် အကြမ်းတမ်းဆုံးသော လေမုန်တိုင်းကြီးတစ်ခုဖြစ်ကြောင်း မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။ နာဂစ်မုန်တိုင်းကြီးမတိုက်မီ တိုနေ့ညက မိုးလေကထန်ထန်နှင့် နောက်နေ့နံနက် သံဃာတော်များ အရုဏ်ဆွမ်းအတွက် စီစဉ်စရာများကို စီစဉ်ပြီးနောက် ကျိန်းစက်ရာ မိမိခုတင်ပေါ်မှ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပို့များကို စိတ်ထဲမှနေ၍ ဝေနေယျသတ္တဝါအားလုံးတို့အား မေတ္တာပို့ အမျှပေးဝေပြီး ကျိန်းစက်ခဲ့ပါသည်။ သန်းခေါင်ယံဝန်းကျင်လောက်တွင် နာဂစ်မုန်တိုင်းကြီး၏ လေများ တဖြည်းဖြည်းနှင့် ပိုမိုပြင်းထန်လာပါသည်။ တစ်ခါတစ်ရံ တိုက်ခတ်လိုက်သော လေပြင်းသည် ဦးဇင်းလေးဦးသုမန၏ ဆွမ်းစားကျောင်းကို လှုပ်နှဲ့သကဲ့သို့ ဖြစ်စေသည်။ ဆွမ်းစားကျောင်းမှာ သစ်သားကျောင်းကလေးဖြစ်၍ ဟိုယိုင်ဒီယိုင်ဖြင့် နာဂစ်မုန်တိုင်းကြီး၏ ရန်စမှုကို ခံနေရသည်။ လေနှင့်မိုး ပိုမိုပြင်းထန်လာချိန်တွင် ဆွမ်းစားကျောင်း ခေါင်မိုးကြီးမှာ မုန်တိုင်းကြီးဒဏ်ကို မခံနိုင်တော့ဘဲ အရှုံးပေးကာ ကျောင်းခေါင်မိုးပြိုကျခဲ့ပါတော့သည်။ တစ်နာရီလျှင် မိုင် ၂၀၀ ကျော်နီးပါး နာဂစ်မုန်တိုင်း တိုက်ခတ်နေသော်လည်း ဦးဇင်းလေးဦးသုမနမှာ အိပ်ရာထဲတွင် အခြားနေရာတစ်ခုဆီသို့ ရောက်နေသလိုလို ဖြစ်နေသည်ဟု ဆိုပါသည်။ နံနက်မိုးလင်း၍ မုန်တိုင်းစဲသောအခါ ကျောင်းတိုက်မှ ဆရာတော်ကြီးများက ဆွမ်းစားကျောင်း ခေါင်မိုးကြီး ပြုတ်ကျပြီး ထုပ်တန်းနှင့် မြားတန်းကြီးများမှာ ဦးဇင်းလေးဦးသုမနခုတင်အေား ခေါင်းရင်းပေါ်တွင် တင်လျက်သားတွေ့မြင်ကြရသည်။ ဆွမ်းစားကျောင်းဆောင်လေးမှာ ရစရာမရှိအောင် ဖြစ်နေသောအားဖြင့် ကျောင်းတိုက်မှ ဆရာတော်ကြီးမှာ ဦးဇင်းလေးဦးသုမနသည် ယခုအခြေအနေအရဆိုလျှင် အသက်ဝိညာဉ် ကင်းပျောက်လျက် ပျံလွန်တော်မူနေပေလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။ ဦးဇင်းလေးဦးသုမနမှာ ဆရာတော်ကြီးနှင့် စာချဆရာတော်များ လာရောက်ကြည့်ရှုတော်မူသောအခါမှသာ ဤသို့ဖြစ်ရသည်ကို သိရှိရသည်။ ခါတိုင်း နံနက် ၄ နာရီဆိုလျှင် အိပ်ရာမှ နိုးနေကျဖြစ်သည်။ အခုတော့ နံနက် ၇ နာရီထိုးခါနီးနေပေပြီ။ မည်ကဲ့သို့ ဖြစ်ရသနည်း။ နားမလည်နိုင်တော့။ ဆွမ်းစားကျောင်းဆောင် ခေါင်မိုးကြီး မိမိပေါ်သို့ ပြုတ်ကျသည်။ ထုပ်၊ လျှောက်တန်း၊ မြားတန်းများမှာ မိမိခုတင်ခေါင်းရင်းတွင် စုပုံနေကြသည်။ မည်သို့ကြောင့် မိမိမသေရသနည်း။ မည်သူက ကျွန်ုပ်ကိုယ်ခန္ဓာကြီးအား မချို၍ မည်သည့်နေရာကို သယ်ယူသွားကြသနည်း။ ဤမျှကြီးမားသည့် မုန်တိုင်းကြီးအောက်တွင် ကျွန်ုပ် အဘယ်ကြောင့် မိုးရေပေါက်များ မစိုရွှဲရသနည်း။ ဤကဲ့သို့ မေးခွန်းပေါင်းများစွာအောက်တွင် ကျွန်ုပ်ကယ်မခဲ့သည်မှာ သံဃာ့ဝေယျာဝစ္စများ ပြုလုပ်ခြင်းနှင့် မေတ္တာဘာဝနာပွားများခြင်းကြောင့် ဖြစ်သည်ဆိုသည်မှာ ယုံမှားစရာ မရှိတော့ပေ။ ထို့ကြောင့် မေတ္တာဘာဝနာများကို အနည်းငယ်မျှလောက် ပွားများနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး မေတ္တာဘာဝနာပွားများနည်းမှာ -

၁။ အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ
၂။ အနောက်အရပ်၌·········
၃။ တောင်အရပ်၌·········
၄။ မြောက်အရပ်၌·········
၅။ အရှေ့တောင်ထောင့်အရပ်၌·········
၆။ အရှေ့မြောက်ထောင့်အရပ်၌·········
၇။ အနောက်တောင်ထောင့်အရပ်၌·········
၈။ အနောက်မြောက်ထောင့်အရပ်၌·········
၉။ အထက်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တနတ်ဗြဟ္မာတို့·········
၁၀။ အောက်အရပ်၌ရှိသော အနန္တစကြဝဠာ အပါယ်ဘုံသား အနန္တသတ္တဝါတို့······

မောင်အေးချမ်း(တင့်တူ)



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ကိုယ်ခွဲပွား မြင်ရမှုများ

နတ်ထီးလှိုင်

ကမ္မဋ္ဌာန်းတစ်ပါးကျောင်းတွင် နေသူက ဦးပညောဘာသ ရဟန်းတစ်ပါးတည်း။ သို့သော် အနီးရှိ လယ်ကွင်းအိမ်မှ မြင်လိုက်ရသည်က ရဟန်းနှစ်ပါး နေထိုင်လှုပ်ရှားနေသည်ဟု။

နေရပ်ကား ရွှေအောင်သပြေတောရ၊ သပြေကုန်းစု၊ ဘားအံ့စက်မှုဇုန် ဖြစ်၏။ ဘားအံ့(ကရင်ပြည်နယ်မြို့တော်)မှ ရှစ်မိုင်ခန့်ဝေးပြီး မြို့င်ကြီးငူလမ်းခွဲ မုခ်ဦး(ထိဖောကလို့)ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် တောရကျောင်းတွင် ဖြစ်ပါသည်။ မြေရှင် ဦးအုန်းငွေ + ဒေါ်လှသွင်တို့က မတည်လှူဒါန်းထားသောကြောင့် စေတီတစ်ဆူ၊ ရှင်ဥပဂုတ္တ(ဘိုးရဟန်း)နှင့် ရှင်သီဝလိ ပုံတော်များကို ကွန်ကရစ်လမ်းအဆုံးတွင် ဖူးမြင်နိုင်ပါသည်။

၎င်းစေတီမှာ အသစ်တည်ထားခြင်းမဟုတ်ဘဲ စေတီဌတ်တိုကို ပြန်လည်ပြုပြင်ပြီး ဓာတ်တော်များ ဌာပနာတည်ထားသော ဆုတောင်းပြည့်စေတီတစ်ဆူဖြစ်ပါသည်။ ထီးတော်တင်၊ ဌာပနာသွင်း၊ ရွှေသင်္ကန်းကပ်ထား၍ ကြည်ညိုဖွယ်ရာရှိနေပါပြီ။ စေတီ၏ အရှေ့မြောက်(တနင်္ခွေ)ထောင့် ပေ ၂၀၀ ခန့်အကွာတွင် မဟာဗောဓိပင်ပျိုလေး ရှိနေ၏။ မြောက်ဘက် ပေ ၂၀၀ ခန့်တွင် အာရုံခံလေးနှင့် ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်း၊ အနောက်ဘက်တွင် ကမ္မဋ္ဌာန်းကျောင်းတစ်ကျောင်းရှိနေပါ၏။

စေတီဌာပနာဓာတ်တော်များကို ပင့်ဆောင်လာပေးသော ဦးပညောဘာသ (၅၇ နှစ်၊ ၁၄ ဝါ)သည် အဓိဋ္ဌာန်ပုတီးစိပ်၊ ဝိပဿနာရှုခြင်း တစ်နေ့လေးကြိမ် ရအောင်ပြုလုပ်နေထိုင်ခဲ့ပါသည်။ ယင်းသို့ နေထိုင်စဉ် တစ်လခန့်အကြာတွင် မြေရှင်ကရင်လင်မယား၏ သမီးလတ်မှ တွေ့မြင်၍ ဖခင်တို့ကို ခေါ်ပြပါ၏။ ရဟန်းနှစ်ပါးတွေ့မြင်နေရကြောင်း၊ တစ်ပါးမှာ ဖြူဖြူမြင့်မြင့်နှင့် တစ်ပါးမှာ ညိုညိုဝဝဖြစ်ကြောင်း မိခင်ကိုပါ ကရင်လိုပြောပြပါ၏။ သို့သော် မိခင်ရော၊ ဖခင်ပါ တစ်ပါးတည်းသာ မြင်ကြရပါသည်။

၎င်းကျောင်းတွင် ဦးပညောဘာသ ဝါဆိုဝါကပ်ခဲ့ပါသည်။ နှစ်ပါးမြင်လိုက်ရသော သူငယ်မလည်း ထိုင်းသွားအလုပ်လုပ်နေပါပြီ။ ၎င်းကျောင်းမှာ ဘားမဲ့ သက်ပယ်၊ သက်လွတ်စခန်း ဖြစ်၏။

ဝါကျွတ်သောအခါ မြေကေ ၄၀ ပိုင် ကရင် အဘိုး၊ အမိုးတို့၏ သားက ကျောင်းအတွက်မြေ ပေ ၂၀၀ ပတ်လည်အကွက်ကို လှူဒါန်းပါသည်။ ကထိန်ခင်းပွဲလည်း ပြုလုပ်ပါ၏။ စာရေးသူကို ကထိန်အနုမောဒနာတရား ဟောပေးရန်နှင့် သိမ်ကံဆောင်ရန် ပင့်သောကြောင့် သွားရောက်ပါ၏။ လက်တွေ့တွင် ၎င်းမြေကွက်ကို နှစ်ပါးဆိုင် ဒွိသင်္ဃကအဖြစ် အလှူခံရန်ပါ ဦးပညောဘာသက မိန့်ကြားလာပါ၏။ သူက အသက်ကြီးပါပြီ၊ သေသွားလျှင် ၎င်းမြေ၊ ကျောင်းများကို ဥပါဒါန်ဖြင့်စွဲပြီး မသေချင်ပါ။ ထို့ကြောင့် နှစ်ပါးတွဲ အလှူခံထားချင်ပါသည်ဟု ဆိုသည်။

ထိုအရှင်၏အကြောင်းပြချက်ကလည်း ခိုင်မာနေသောကြောင့် မငြင်းသာဘဲ တွဲအလှူခံထားခဲ့ပါ၏။ ထိုလှူဒါန်းပွဲနှင့် ကထိန်ခင်းပွဲသို့ ထိုင်းမှပြန်ရောက်သော သမီးလတ်လည်း တက်ရောက်လာပါ၏။ ထိုအခါမှ သူမမြင်လိုက်ရသော ရဟန်းနှစ်ပါးဖြစ်နေကြောင်း အံ့သြဖွယ် ပြောပြရှာပါသည်။

ဘုရားရှင်ဟောသည့် တရားများထဲမှ တန်ခိုးဣဒ္ဓိပါဒ်တွင် မနောမယိဒ္ဓိဟူ၍ ရှိပါသည်။ တစ်ကိုယ်တည်းမှ ကိုယ်



www.burmeseclassic.com

အများအပြားမြင်အောင် ပြနိုင်ခြ... www.burmeseclassic.com ...န်းရာဇဝင်ဆရာများက ဆိုကြပါ...

ဇမ္ဗူဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းပြီး မြင်တတ်ကြပါသည်။ ၎င်းနိမိတ်များကို အတတ်ကောက်သူများက ဖွင့်ပြောပြပြီး သိသူများရှိပါသည်။ ဘုရားရှင်မပွင့်မီ နှစ်တစ်ထောင်ခန့် ကြိုပြီး ကောလာဟလ ဖြစ်သလို ပုဂ္ဂိုလ်ထူးပေါ်မည်ဟုလည်း ၁၂ နှစ်ခန့် (သို့မဟုတ်) ခုနစ်နှစ်ခန့် ကြိုတင်ကောလဟလ ပေါ်တတ်ပါ၏။

သုဝဏ္ဏဘူမိသို့ အရှင်သောဏ၊ ဥတ္တရတို့ ကြွစဉ်ကလည်း ရေစောင့်ဘီလူး(ရက္ခိုသ်)များကို မောင်းထုတ်စဉ်ကလည်း နှစ်ဆကြီးသောကိုယ်ကို ဖန်ဆင်းခဲ့ဖူးပါသည်။ ၎င်းတန်ခိုးမှာ ဣဒ္ဓိဝိဓအဘိညာဏ် မဟုတ်ပါ။ အဓိဋ္ဌာနိဒ္ဓိ တန်ခိုး



စာရေးသူနှင့် ဦးအုန်းခွေ

...ကိုယ်ပွားများစွာ ဖန်ဆင်းနိုင်သည့်အရာတွင် အရှင်စူဠပန်... ရဟန္တာသည် တေဒဂ်ရရှိပါ၏။

မောနေယျကျင့်သည့် အရှင်နာလက မထေ... အကြောင်းတွင် ခုနစ်နှစ်ကြိုတင် ကောလဟလဖြစ်ကြောင်း... ပါ၏။ မင်္ဂလသုတ်ပေါ်ရန်လည်း ၁၂ နှစ် ကောလာဟလဖြ... ကြ၏။ နတ်လောကတွင် အငြင်းပွားနေတတ်ကြ၏။ ထင်ရှား... ကျော်ကြားခဲ့သော ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများတွ... လည်း အလားတူ ကောလာဟလများ ဖြစ်ခဲ့ကြောင်း ဖတ်ရ... ၏။ အထူးသဖြင့် မာန်လည်ဆရာတော်၊ မုံရွေးဇေတဝန်ဆရာ... တော်၊ လယ်တီဆရာတော်တို့၏ တစ်ဘဝသံသရာကဲ့သို့... ဇာတ်လမ်းများတွင် ဖြစ်၏။

ဘုရားရှင်က အချို့ကျွတ်သင့်သူများကို ကျောင်းထဲ... ထိုင်နေလျက်က နိမ္မိတ(ကိုယ်ပွား)ဖန်ဆင်းပြီး တရားဟော... ပါသည်။ သာသနာဝင်တွင် ထင်ရှားခဲ့သော ရဟန္တာများလည်း... ဤကဲ့သို့ တရားဟောခဲ့ကြောင်း သိရပါသည်။ ရဟန္တာနှင့်... ပုဂ္ဂိုလ်ထူးများအကြောင်းကို ဤခေတ်ထိ မကြာခဏ ကြားရ... နေပါသည်။ ဆရာတော်ကြီးအချို့ကို နေရာအနှံ့တွင် ဖူးမြင်... လိုက်ရကြောင်း၊ ဆွမ်းခံကြွစဉ်၊ ဆွမ်းဘုဉ်းပေးစဉ်များတွင်... သုံး-လေးနေရာ တစ်ပြိုင်နက် ဖူးလိုက်ကြရကြောင်းများ... ဖြစ်ပါသည်။

ကြည်ညိုလွန်းသောလူများ ရှိသလို၊ နတ်များလည်း... ရှိကြပါသည်။ ၎င်းတို့၏ သဒ္ဓါတရားများကြောင့်လည်းကောင်း... ဆရာတော်ကြီးများ၏ ဘုန်းကံကြီးမားမှုအကြောင်းများကြောင့်... လည်းကောင်း ယခုကဲ့သို့ ဇာတ်လမ်းမျိုးစုံ ကြားကြရပါမည်... ကြားတိုင်း ယုံသင့်သလောက်သာ ယုံရပါမည်။ မြင်တိုင်းလည်း... မယုံသင့်ပါ။ "ဒိဋ္ဌလည်း မယုံရ၊ သုတလည်း မယုံရ။ နှိုင်းနှိုင်း... ချိန်ချိန်၊ ပညာရှိမှ သုခမိန်"ဟု ကျိုက်ထီးဆောင်းဆရာတော်... ကြီးက မိန့်ကြားထားပါသည်။

**နတ်ထီးလှိုင်**

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး (နှင့်) ကျွန်တော်

## ၇

■ သူတော်စင်မင်းအောင်

ကျွန်တော်၏ ဒန်အိုးစက်လုပ်ငန်းက အောင်မြင်လာတော့ ရတဲ့အမြတ်အစွန်းနဲ့ ရေခဲစက်တည်ဆောက်ပါတယ်။ ရွှေခြိုရေခဲစက်ပါ။ ရေခဲထုတ်လုပ်တာနဲ့ ဆက်သွယ်ပြီး ပီတာပင် အအေးဆိုင်၊ ပီတာပင် နို့အေးချောင်းစက်တို့ပါ တည်ထောင်လုပ်ကိုင်ခဲ့ပါသည်။ ထို့နောက် အုံးပွင့်ဆေးလိပ်ခုံပါ တည်ထောင်ပြီး ဆေးလိပ်ဖြန့်ချိရောင်းချရတာလည်း အောင်မြင်လာပါသည်။

စီးပွားရေးလုပ်ငန်းတွေ အောင်မြင်လာတော့ မုံရွာသမ္ဗုဒ္ဓေစေတီကို သွားရောက်ဖူးမြော်ရင်း ကျောက်ဆည်ဝေဘူရိပ်သာသို့ဝင်ပြီး ဝေဘူဆရာတော်ကြီးကိုပါ ဖူးတွေ့ပြီး ဆွမ်းဆံ၊ ဆီနှင့် ပဲတို့လှူဒါန်းရန် စီစဉ်ရပါသည်။

ဝေဘူရိပ်သာအတွက် လှူဒါန်းရန် ဆွမ်းဆန်တစ်အိတ်၊ နှမ်းဆီ ၁၀ ပိဿာပုံး တစ်ပုံး၊ ကလားပဲ၊ တံ့တာနီပဲ၊ ပဲရာဇာနှင့် ငရုတ်သီး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးတို့ပါ ဝယ်ယူစုဆောင်းပါသည်။ ထိုအခါက ဆိုရှယ်လစ်အစိုးရဖြစ်၍ ဆန်နှင့်ဆီကို တစ်နယ်မှတစ်နယ် သယ်ယူခွင့်ကို' တားမြစ်ထားပါသည်။ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ(နှ. လ. က)သို့ လျှောက်သား ခွင့်တောင်းသော်လည်း ခွင့်မပြုပါ။ ဝေဘူရိပ်သာသို့ လှူဒါန်းရန် ဆန် ၄ ပြည်၊ ဆီ ၂ ပိဿာ ၅၀ သားသယ်ယူခွင့်ရပါသည်။ ဘုရားဖူးအဖွဲ့ ချက်ပြုတ်စားသောက်ရန်လည်း ဆန် ၄ ပြည်၊ ဆီ ၂ ပိဿာသာ ခွင့်ပြုပါသည်။ မတတ်နိုင်ပါ။ သူ့ခေတ်၊ သူ့အစိုးရ ခွင့်ပြုသမျှပဲ လှူဒါန်းရတော့မည်ဟု စိတ်ကိုပြုပြင်လိုက်ရပါသည်။

ဘတ်စ်ကားတစ်စီးငှားပြီး ကျွန်တော်တို့မိသားစုနှင့် စက်ရုံမှ မိသားစုထဲက အချို့ခင်မင်ရင်းနှီးသော မိတ်ဆွေအချို့နှင့် ဘတ်စ်ကားတစ်စီးအ ပြည့်လူ ၂၅ ယောက်ခန့်နှင့် ဘုရားဖူး ထွက်ဖြစ်ပါသည်။ ခရီးစဉ်အစီအစဉ်ဆွဲတော့ ဝေဘူရိပ်သာကို ပထမဝင်မလား၊ မုံရွာမှအပြန်မှ ဝင်မလား ဆွေးနွေးတိုင်ပင်ကြပါသည်။ ကျွန်တော့်ဆန္ဒက ကြုံတောင့်ကြုံခဲ ဝေဘူရိပ်သာကို ဝင်ရတာမို့ မုံရွာမှအပြန်မှာ အေးအေးဆေးဆေး အချိန်ယူပြီး ဝင်ချင်တာကို ပြောပြတော့ အမေအုန်းကလည်း သဘောတူပါသည်။ ထို့ကြောင့် မုံရွာသမ္ဗုဒ္ဓေစေတီတော်ကို အရင်သွားရောက်ဖူးမြော်ရန် ခရီးစဉ်စပါသည်။ မြင်းခြံက နံနက်စော ၅ နာရီမှာ ကားစထွက်ပါသည်။ မန္တလေးရောက်တော့ မဟာမြတ်မုနိဘုရားကြီးကို ဦးစွာပထမ ဝင်ရောက်ဖူးမြော်ကြပြီး ဘုရားကြီးဝင်းထဲမှာပဲ အိမ်ကချက်လာတဲ့ ထမင်းဟင်းများနဲ့ နံနက်စာစားကြပါသည်။ ပြီးတော့ မုံရွာကို ခရီးဆက်ကြပါသည်။ ညနေ ၅ နာရီမှာ မုံရွာသမ္ဗုဒ္ဓေ စေတီတော်ကြီးကို ရောက်ပါသည်။ စေတီတော်ကြီးအတွင်းက ဇရပ်တစ်ခုမှာ စတည်းချပြီး ညအိပ်ကြပါသည်။ ရောက်လျှင်ရောက်ချင်း သမ္ဗုဒ္ဓေစေတီတော်ကြီးကို ဦးခိုက်ဖူးမြော်ကြပါသည်။ ညဘက်မှာ မိုးညှင်းဆရာတော်ကြီး ကျောင်းတော်သို့သွား ရောက်ပြီး ဆရာတော်ကြီးကို ဖူးမြော်ကန်တော့ကြပါသည်။ ဆရာတော်ကြီးအား ခြေဆုပ်လက်နယ် ဝတ်ပြုလျက် အိမ်က ဒန်အိုးစက်မှထုတ်လုပ်သော ဆန် ၈ ပြည်ပြည့်ချက် ဒန်အိုးမှစပြီး ၄ ပြည်ချက်၊ ၂ ပြည်ချက်နှင့် ၁ ပြည်ချက် ဒန်အိုးများ၊ ရေထည့်သည့် ဒန်တပ်ကြီးများ၊ ဒန်ဇလုံနှင့် ရေချိုးဖလားများကိုပါ လှူဒါန်းပါသည်။ ဆရာတော်ကြီးက သာဓုသုံးကြိမ်ခေါ်ပြီး ဆုများပေးပါသည်။ နောက်တစ်နေ့လုံး သမ္ဗုဒ္ဓေစေတီတော်ကြီးအား အားရအောင် ဖူးမြော်နားနေပါသည်။ အမေအုန်းကတော့ အိန္ဒိယမှလာသော ချည်ကော်ဇောကြီးများ၊ အိပ်ရာခင်းများကို စိတ်တိုင်းကျ ဝယ်နေပါသည်။ နေ့လယ်ဘက်တွင် မုံရွာမြို့ထဲသို့သွားပြီး မိတ်ဆွေများနှင့် ကျွန်တော့်ဖောက်သည် ဒန်အိုးဒန်ခွက်ဆိုင်များသို့ သွားရောက်နှုတ်ဆက်ပါသည်။

နောက်တစ်နေ့နံနက်တွင် မုံရွာ တစ်ဘက်ကမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ရှိတဲ့ ဖိုးဝင်တောင်ဘုရားများဖူးရန် ဘတ်စ်ကားကို ဖောင်နှင့်ကူးပြီး သွားရပါသည်။ ဖိုးဝင်တောင်မှာ ညအိပ်ပြီး နောက်တစ်နေ့လုံး ဘုရားဖူးရင်း နားနေကြပါသည်။ နောက်တစ်နေ့ နံနက်စောစောမှာ ဖိုးဝင်တောင်မှထွက်ခဲ့ပြီး မုံရွာသို့ ပြန်လာပါသည်။ အပြန်မှာ သမ္မုဒ္ဒေစေတီတော်ကြီးသို့ မဝင်တော့ဘဲ စစ်ကိုင်းအထိ လာခဲ့ပါသည်။ ကောင်းမှုတော်စေတီတော်ကြီး ဝင်ဖူးမြော်ပြီး ထိုနေ့ည စစ်ကိုင်းဆွမ်းဦးပုညရှင် စေတီတော်တန်ဆောင်းမှာ ညအိပ်ရပ်နားကြပါသည်။ နံနက်စောစောမှာ ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို အာရုံဆွမ်း ကပ်လှူပါသည်။ သို့သော် ကျွန်တော်တို့ထက်ဦးပြီး ဆွမ်းပူပူနွေးနွေး အငွေ့တထောင်းထောင်းနှင့် ဦးစွာ ကပ်လှူထားသောဆွမ်းကို အံ့သြဝမ်းသာစွာ တွေ့ရပါသည်။ ထို့ကြောင့်လည်း ဆွမ်းဦးပုညရှင်စေတီဟု အမည်တွင်ခြင်းဖြစ်ပါသည်။

စစ်ကိုင်းမှ ထွက်လာပြီး မန္တလေးကို မဝင်တော့ဘဲ ကျောက်ဆည်ဝေဘူချောင် ဓမ္မရိပ်သာသို့ တိုက်ရိုက်ပြန်ခဲ့ပါသည်။ ဝေဘူဓမ္မရိပ်သာသို့ မရောက်မီ ကားပေါ်တွင် ကျွန်တော်သည် လက်အုပ်နှစ်ဖက်ချီပြီး ဝေဘူဆရာတော်ဘုရားကြီးကို လျှောက်ထားနေပါသည်။ ဆရာတော်ကြီးဘုရား တပည့်တော်ပန်ထားသောဆုသည် ပြည့်စုံပါမည်လား။ ရနိုင်ပါမည်လားကို သိချင်ပါသည်ဘုရား။ ဆရာတော်ကြီးထံ ဦးခိုက်ကန်တော့တဲ့အခါမှာ အဖြေကို မိန့်ကြားပေးသနားတော်မူပါဘုရားဟု လျှောက်ထားလိုက်ပါသည်။ ဝေဘူ ဓမ္မရိပ်သာကိုရောက်မှ နံနက်စာထမင်း စားကြရပါသည်။ ဝေဘူဆရာတော်ဘုရား တရားထိုင်နေသဖြင့် စောင့်နေရန် ဦးဇင်း က ပြောပါသည်။ ကျောင်းတံခါးဝသွားပြီး လက်အုပ်ချီလိုက်ကာ ဆရာတော်ကြီးဘုရား တပည့်ကြီး ကျောင်းပေါက်တံခါးဝကို ရောက်နေပါပြီဘုရား။ ဆရာတော်ကြီး ဖူးမြော်ကန်တော့ပြီးရင် မြင်းခြံအရောက် ပြန်ရမှာပါဘုရား။ သနားသဖြင့် ဖူးမြော်ခွင့်ပြုတော်မူပါဘုရားဟု အသံမထွက်ဘဲ စိတ်ထဲမှ လျှောက်ထားလိုက်တော့ မကြာပါဘူး ဆရာတော်ကြီးက တံခါးချက်ကို ခြောက်ခနဲဖွင့်လိုက်ပြီး ကဲ . . ကဲ . . ဝင်ကြဗျာ၊ ဝင်ကြပါဗျဟု မိန့်တော်မူပါသည်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့တွေအားလုံး ကျောင်းထဲကိုဝင်ကြပြီး လှူဖွယ်ပစ္စည်းများပါ ဦးဇင်းထံမှ ဗန်းတို့၊ ဇလုံတို့တောင်းပြီး ထည့်ထားတဲ့အတိုင်း ဆရာတော်ကြီးရှေ့တွင် စီပြီးချလိုက်ပါသည်။ ဝေဘူဆရာတော်ဘုရားက လှူဖွယ်တွေကလည်း များလှပါကလားလို့ မိန့်တော်မူပါသည်။

ကျွန်တော်က လက်အုပ်ချီလိုက်ပြီး မများပါဘူးဘုရား။ တပည့်တော်လှူချင်တာက ဆွမ်းဆန်တော်တစ်အိတ်၊ ဆီတစ်ပုံးပါဘုရား။ အစိုးရကသယ်ခွင့် မပြုသဖြင့် ဆွမ်းဆန်တော် ၄ ပြည်နဲ့ ဆီနှစ်ပိဿာခွဲသာ လှူရပါတယ်ဘုရားလို့ လျှောက်လိုက်ပါသည်။

ဆရာတော်ဘုရားကြီးက မနည်းပါဘူးဗျာ။ မနည်းပါဘူး။ ဒကာကြီးလှူဒါန်းချင်တဲ့ ဆွမ်းဆန်တစ်အိတ်နဲ့ ဆီတစ်ပုံးလို့ဘဲ စိတ်ထဲမှာမှန်းပြီး လှူလိုက်ပါဗျ။ စိတ်ထဲကမှန်းတဲ့အတိုင်း ကုသိုလ်ရပါသဗျဟု အမိန့်ရှိပါသည်။

ပြီးတော့ဗျာ "ဒကာကြီးတောင်းတဲ့ ဗောဓိဆုကြီးကပြည့်ပါတယ်ဗျ။ တောင်းတဲ့အတိုင်း ပါရမီဆက်ဖြည့်တော့ပြည့်ပြီပေါ့ဗျာ"ဟု မိန့်ကြားတာ ကြားလိုက်ရတော့ တစ်ခ်ိုက ကျွန်တော့်နှလုံးသည်းပွတ် ဟဒယအိမ်ကို ဖောက်ထွင်းဝင်ရောက်ထားဖူးတဲ့ ဖရကာပီတိ ဂွမ်းဆီထိသည်။ အသ တဖန်ပြန်ပေါ်ပြီး ပြောမပြတတ်လောက်အောင် အဓိပ္ပာယ် ပြည့်ဝအောင်ရေးမပြနိုင်တဲ့ ပီတိအရသာကို ခံစားမိပါသည်။

ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုကို ရေစက်ချပေးတော် ပါသည်။ ဆရာတော်ကြီး မျက်နှာတော်ကို ဝအောင် အား အောင် ဖူးမြော်ပြီးနောက် ခြေတော်အစုံကို ဆုပ်နယ်ပြီး ခြေမနှစ်ချောင်းကို ပါးစပ်ဖြင့်ပါ အားရအောင်စုပ်ယူပြီး ဖူးမြော်ကန်တော့ခဲ့ပါသည်။

ထိုအခါက ဝေဘူဆရာတော်ဘုရားကြီးကို နော ဆုံးဖူးတွေ့ခဲ့ရခြင်းလို့ မသိခဲ့တာ အမှန်ပါ။ ထို့နောက် ရှိ ပစ္စည်းအားလုံး ပြည်သူပိုင် အသိမ်းခံရခြင်း၊ လူကိုပါ ထိ သိမ်းအချုပ်ချထားခံရခြင်းတို့ကြောင့် ဒုက္ခမျိုးစုံ ပင်လယ် အောင် ခံစားနေရသဖြင့် ဝေဘူဆရာတော်ဘုရားကြီး အန္တိမစျာပနသို့ပင် မရောက်နိုင်တော့ပါ။ ဤတွင် ဝေ ဆရာတော်ဘုရားကြီးနှင့် ကျွန်တော်တို့ဇာတ်လမ်း နိဂုံး အပ်ပါသတည်း။

*သတ္တဝါတွေ ချမ်းသာကြပါစေ . . .။*

**သူတော်စင်မင်းဧ**



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့သမိုင်းဝင် သီလရှင်ကျောင့်ဝတ်များ

လေးသူစံ

## ပါရမီနည်းရှာထင့်

၂၀၀၄ ခုနှစ်ကာလက တစ်သက်တာအတွက် သီလရှင်ဝတ်သွားပါတော့မည်ဟု ဆုံးဖြတ်ခဲ့ဖူးပါသ်။ အဖေနှင့်မောင်၊ ညီမလေးများထံ ခွင့်ပန်ခဲ့ပြီးပြီ။ အလုပ်ထဲမှာ ခွင့်ပန်သောအခါ သီလရှင်ဝတ်ရုံကို သုံးစုံလှူလိုက်ပါသည်။ သည်လိုနှင့် မိတ်ဆွေရင်းချာများကို အသိပေးနှုတ်ဆက်သောအခါမှာလည်း ဝတ်ရုံများ လှူလိုက်ကြပြန်ရာ အားလုံး ၁၃ စုံ ရရှိလာခဲ့ပါသည်။ သာသနာ့ဘောင်သို့ ဝင်ရောက်ရန်အတွက် ပစ္စည်းပစ္စယအားလုံး ပြည့်စုံနေပြီဖြစ်၍ ကျိုက်ထီးဆောင်း သာသနာ့နယ်မြေသို့ သွားရန် ပြန်ဆင်ပါတော့သည်။

သို့သော် ကျွန်မ၏ဖခင်ကြီးသည် အသုဘတစ်ခုကို ပို့ပြီးအပြန်တွင် ကားပေါ်မှ ခြေချော်ကျပြီး ခြေထောက်ကြီးရောင်လာခဲ့ပါသည်။ သည်မှာပင် စိတ်အားငယ်သွားလေသလားမသိ၊ နှစ်နှစ်သုံးနှစ်လောက်နေမှ သီလရှင်ဝတ်ပါလားဟု ညီမငယ်မှတစ်ဆင့် ပြောလာပါတော့သည်။ "ဖွဟဲ့ . . . ဖွဖွ မပြောကောင်း မဆိုကောင်း နောက်ပိုင်းမှာ အစ်မအဖေ ကတိမ်းကပါးဖြစ်သွားပြီဆိုပါစို့။ ငါမပြုစုလိုက်ရလေခြင်းဆိုပြီး တစ်သက်လုံး နောင်တရနေမယ်နော်။ တောတောင်ထဲမှာ တရားမကျင့်နိုင်တော့ဘဲနဲ့ ကတုံးအဖတ်တင်နေဦးမယ်။ မိဘကို နောင်တမရကြေး ပြုစုသွားတာ အကောင်းဆုံးပါပဲ အစ်မရေ"ဟု မိတ်ဆွေများကလည်း အကြံပြုကြပါသည်။ ဤသို့နှင့် ယခုအချိန်အထိ သီလရှင်မဝတ်နိုင်သေး။ ဝတ်ရုံများကိုလည်း သာသနာ ၂၅၅၀ ပြည့်နှစ်ပွဲကြီးတွင် လှူလိုက်ပါတော့သည်။

## ဆုံးဖြတ်ခဲ့ရသည့် အကြောင်းရင်း

သီလရှင်အဖြစ် ခံယူသွားပါတော့မည်ဟု ဆုံးဖြတ်ခဲ့ရသည်ကလည်း အကျိုးအကြောင်း နိုင်လုံလှပါသည်။ ၂၀၀၃ ခုနှစ်က ဝါတွင်းအဓိဋ္ဌာန်အဖြစ် ကျိုက်ထီးဆောင်းသို့ ကိုးရက်အဓိဋ္ဌာန်ခရီးကို သွားခဲ့သော်လည်း ကုသိုလ်နာရုံ တောင်ပေါ်တောင်အောက် ဘုရားများ ပြုပြင်နေခြင်း၊ ကားလမ်းဖောက်လုပ်ခြင်းများနှင့် ကြုံကြိုက်နေရပါသဖြင့် လုပ်အားပေးရင်းဖြင့် ဓိဋ္ဌာန်ခရီးရှည် တစ်နှစ်နှင့် ရှစ်လတိတိဖြစ်သွားပါသည်။ ဘီးလင်း–ဖာပွန်သွား ကားလမ်းအနီးရှိ တောအုပ်လေးအတွင်းမှ ကျောင်းသခ်မ်းလေးတွင် သီလရှင်ဆရာကြီး၊ ဆရာလေးများနှင့် ကာလရှည်လျားစွာ နေထိုင်ခဲ့ရလေသောအခါ ဆရာကြီး၊ ဆရာလေးများ၏ သာသနာတော်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံမှုများနှင့် အသက်ကိုပါ ပေးလှူထားမှုတို့ကို လေးစားကြည်ညိုဖွယ်ရာ ကိုယ်တွေ့မျက်မြင် သိရှိလာရပါသောကြောင့် ကျွန်မလည်း ဗုဒ္ဓသမီးတော်အဖြစ် ခံယူပြီး သာသနာ့ဘောင်အတွင်းသို့ အပြီးဝင်ရောက်ရန်ကို ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပါသည်။

သီလရှင်စစ်စစ် ဖြစ်ရန်မှာ အမှန်တကယ်တော့ လွယ်ကူလွန်းလှသည် မဟုတ်။ အတော့်ကို ပါရမီရင့်သန်မှ ဖြစ်မည်ကို ကျွန်မကိုယ်တွေ့ ကြုံခဲ့ရပြီရော။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ အတည်ပြုပြဋ္ဌာန်း ထုတ်ပြန်ထားပါသော 'သီလရှင်ကျင့်ဝတ်'စာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှုရလေလေ သီလရှင်ဖြစ်ရန် ခက်ခဲလေဆိုသည်ကို ပိုမိုပြီးနားလည်လေလေ . . .။



www.burmeseclassic.com

www.burmeseclassic.com

## ရှေးဦးကျင့်ဖွယ်

သီလရှင်ကျင့်ဝတ်စာအုပ်တွင် ဖော်ပြထားသည်မှာ ထေရဝါဒဗုဒ္ဓသာသနာ သီလရှင်ဘဝဖြင့် အမျိုးဘာသာ သာသနာအကျိုးကို သယ်ပိုးလိုကြပါသော အမျိုးကောင်းသမီးတို့သည် ရှေးဦးစွာဖြင့် ခေတ္တဒုလ္လဘဝတ်မည့်သူဖြစ်ပါက ရှစ်ပါးသီလကို ခုနစ်ရက်တစ်ပတ်၊ အမြဲဝတ်မည့်သူဖြစ်ပါက တစ်လတိတိ မကျိုးမပေါက်စေရန် စောင့်ထိန်းကျင့်သုံးနေရပါမည်။ သီလတောင်းများကိုလည်း တတ်မြောက်အောင် သင်ယူထားရပါသည်။

## အသုံးအဆောင်များ

ထီး၊ ဖိနပ်၊ သင်တုန်းဓား၊ ဗန်း (သို့) မောင်းထောင်ချိုင့်၊ အိုးခွက်၊ ဖွန်း၊ ပန်းကန်များ၊ ဖျာ၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ခြင်ထောင်၊ စောင်နှင့် သေတ္တာဖြစ်ပါသည်။ သီလရှင်ဝတ်ရုံများအတွက် သက်န်းဆိုင်များမှာ ချုပ်ပြီးသားအသင့်ဝယ်ယူနိုင်ပါသည်။

## သီလရှင်အဖြစ် ခံယူပုံ

ခေါင်းရိတ်ဆံချခြင်း၊ သီလရှင်ဝတ်စုံ ဝတ်ဆင်ခြင်း၊ သီလခံယူဆောက်တည်ခြင်း ဟူသည့် အဆင့်သုံးဆင့်ကို ဆောင်ရွက်ပြီးမှသာ သီလရှင်အဖြစ် ခံယူနိုင်မှာ ဖြစ်ပါ၏။

ခေါင်းရိတ် ဆံချခြင်းကို ပရိသတ်အလယ်တွင် သီလရှင်ဆရာများက ဆောင်ရွက်ပေးကြပါသည်။ ဆံချနေစဉ် အခြားသီလရှင်များမှ သီလရှင်လောင်း၏ နောက်မှနေ၍ "ကေသာသုညာ ..." အစရှိသော ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဆံချပြီးသည်အထိ စီးဖြန်းရွတ်ပွားပေးကြရပါသည်။

ဆံပင်၌ ငါသူတစ်ပါး ယောကျ်ားမိန်းမ မရှိ။

ဆံပင်သည် ငါသူတစ်ပါး ယောကျ်ားမိန်းမ မဟုတ်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ စသဖြင့် ပထဝီဓာတ်နှစ်ဆယ်နှင့် အာပေါဓာတ် တစ်ဆယ့်နှစ်ပါး ကမ္မဋ္ဌာန်းစီးဖြန်းခြင်းနှင့် ဆံချခြင်းပြီးပါက သာဓုသုံးကြိမ် ခေါ်ရပါသည်။ ထို့နောက် ဦးခေါင်းနှင့် ခန္ဓာကိုယ်တို့ကို သန့်စင်ရပါမည်။ ပြီးသောအခါတွင် သီလရှင်ဆရာကြီး၏ ခွင့်ပြုချက်အရ သီလရှင်တစ်ပါးက သီလရှင်လောင်းအား သီလရှင်ဝတ်စုံကို ပြည့်စုံစွာ ဝတ်ဆင်ပေးရပါမည်။

ထို့နောက် သီလချီးမြှင့်ပေးမည့် ဘုန်းတော်ကြီးထံတွင် "(မယ်)ဘန္တေ သံသာဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ သီလဝတိဘာဝံ ဂုဏ်တွာ မာနတ္တာ ဂရုံကတွာ (ယာစာမ)" ဟူ၍ သုံးကြိမ်ရွတ်ဆိုပြီး သီလတောင်းခံရပါမည်။

ထိုပါဠိ၏ အနက်မှာ "အရှင်မြတ်ဘုရား၊ သီလရှင်လောင်း တပည့်အပေါင်းတို့သည် လွတ်မြောက်ပါရခြင်းအကျိုးငှာ သာသနာ့နွယ်ဝင် သီလရှင်အဖြစ်ကို သဒ္ဓါတက်ကြွ နှစ်သက်ကြပါကုန်သည်ဖြစ်၍ မြှော်ကိုးမြတ်နိုးကြပါကုန်သည်ဖြစ်၍ အလေးအမြတ်ပြုကြပါကုန်သည်ဖြစ်၍ ရိုသေစွာလျှောက်ထားတောင်းကုန်ပါ၏ အရှင်မြတ်ဘုရား"။

ထို့နောက် ဩကာသ ကန်တော့ချီးဖြင့် ကန်တော့ပြီး သရဏဂုံနှင့် ရှစ်ပါးသီလ တောင်းခံရယူပြီးမှသာလျှင် တင့်တယ်သော သာသနာ့နွယ်ဝင် သီလရှင်အဖြစ် ခံယူရရှိပါတော့သည်။

## သီလရှင်ဘွဲ့ ချီးမြှင့်ခြင်း

သီလရှင်ဘဝသို့ ရောက်သွားပြီဆိုလျှင် အမည်နာမကိုလည်း သာသနာတော်နှင့်စပ်သော အမည်နာမပြောင်းလဲပေးရန် လိုအပ်ပါသည်။ သို့ဖြစ်၍ သီလရှင်ဘွဲ့ကို သီလချီးမြှင့်ပေးခဲ့သည့် ဆရာတော်ကသော်လည်းကောင်း၊ သီလရှင်ဆရာကြီးကသော်လည်းကောင်း နေ့နံအလိုက် စိစစ်ပြီး ဆန်းကျမ်းများအလို အပြစ်လွတ်၍ ကောင်းမြတ်သော အမည်နာမများကို မှည့်ခေါ်ချီးမြှင့်ပေးရပါသည်။

ဥပမာအားဖြင့် တနင်္ဂနွေသားသမီးဖြစ်လျှင် ဣန္ဒာသိင်္ဂီ၊ တနင်္လာသမီးဖြစ်လျှင် ခေမာစာရီ၊ အင်္ဂါသမီးဖြစ်လျှင် ဉာဏသီ၊ ဗုဒ္ဓဟူးသမီးဖြစ်လျှင် ရူပသိင်္ဂီ စသည်ဖြင့် ...။

## သီလရှင်ကျင့်ဝတ်များ

သီလရှင်ကျင့်ဝတ်များတွင် ကဏ္ဍများစွာရှိနေသည်ကို တကယ်လေ့လာကြည့်သောအခါမှ သိလာရပါသည်။ ၎င်းတို့မှာ ...

(၁) နာယကသီလရှင်ဆရာကြီးကျင့်ဝတ်၊

(၂) သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူများအတွက် ရှေးဦးကျင့်ဝတ်၊



www.burmeseclassic.com

www.burmeseclassic.com

(၃) တာဝန်ခံသည့် ပုဂ္ဂိုလ်ကျင့်ဝတ်၊
(၄) တာဝန်ခံအပ်သည့် ပုဂ္ဂိုလ်ကျင့်ဝတ်၊
(၅) တာဝန်ခံပုဂ္ဂိုလ်ကျင့်ဝတ် မညီပါက ဒဏ်ပေးခြင်း၊
(၆) ဘုရားဝတ်တက်၊ ဆွမ်းတော်ကပ်ကျင့်ဝတ်၊
(၇) ညအခါ စာပြန်ကျင့်ဝတ်၊
(၈) ကျောင်းတိုက်ဝေယျာဝစ္စကျင့်ဝတ်၊
(၉) ရေချိုးရေခပ်သွားကျင့်ဝတ်၊
(၁၀) ဇာတိရပ်ရွာသို့ အခိုက်အတန့်ပြန်လိုသော သီလရှင်တို့ ကျင့်ဝတ်၊
(၁၁) သဗ္ဗကိစ္စအဝဝ ကျင့်ဝတ်

## နာယကသီလရှင်ဆရာကြီးကျင့်ဝတ်

(၁) တပည့်သီလရှင်တို့အား ပါဠိ၊ အဋ္ဌကထာတို့ကို စွမ်းအားအလျောက် ပို့ချပြသရခြင်း၊

(၂) ဉာဏ်ပဋိဘာန်နှင့်ပြည့်စုံသော တပည့်ပေါ်ပေါက်လျှင် သဒ္ဒါနှင့် အဘိဓမ္မာအခြေရအောင် ပို့ချပေးရခြင်း၊ အကယ်၍ မိမိချပို့ပေးနိုင်စွမ်းမရှိပါက ချပို့ပေးနိုင်စွမ်းရှိသူဆရာများထံ ကိုယ်တိုင်အပ်နှံပေးရခြင်း၊

(၃) တစ်လလျှင် လေးသီတင်းမျှ တရားစကားဟောကြားကာ တပည့်များကို သဒ္ဓါတရားထက်သန်တိုးပွားစေရခြင်း၊

(၄) ရံဖန်ရံခါ ဩဝါဒပေး၍ တပည့်တို့အား ယဉ်ကျေးအောင် ဆုံးမရခြင်း၊

(၅) ချီးမြှောက်ထိုက်သူကို ချီးမြှောက်၍ နှိပ်ကွပ်ဆုံးမထိုက်သူကို နှိပ်ကွပ်ဆုံးမရခြင်း၊

(၆) တပည့်ပရိသတ်အား ဩဝါဒကထာ၊ ဓမ္မကထာ စသော အကျိုးများမည့်စကားကိုသာ ပြောဆိုရခြင်း။

(၇) ကျောင်းတိုက်တွင် အမှုအခိကရဏ်း ပေါ်ပေါက်သော် ဖုံးဖိမထားဘဲ ထင်ရှားသင့်သည်ကို ထင်ရှားအောင်ပြု၍ တာဝန်ရှိသူ သီလရှင်တို့နှင့် တိုင်ပင်၍ ဆုံးမခြင်း၊

(၈) သီလရှင်ငယ်တို့၏ တစ်ဖက်စကားဖြင့် မေးမြန်းစုံစမ်းခြင်း၊

(၉) စာပေကျမ်းဂန် သင်အံသရဇ္ဈာယ်ရခြင်း၊ သမထဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရခြင်း၊

(၁၀) တပည့်တို့အား ပရိယတ်၊ ပဋိပတ်အရာတို့၌ တိုးတက်အောင် ဆောင်ရွက်ခြင်း၊

(၁၁) တပည့်တို့အား ကျင့်ဝတ်အတိုင်း နေရာကျအောင် အထူးကြည့်ရှု ကြပ်မတ်ရခြင်း။

## သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူများ ရှေးဦးကျင့်ဝတ်

(၁) သီလရှင်ချောင်၊ ကျောင်းတိုက်တို့၌ နေလိုသူသည် တိုက်အုပ်ဆရာကြီးထံ သုံးကြိမ်တိုင် နေခွင့်တောင်းခံရမည်။ တိုက်အုပ်ဆရာကြီး၏ ခွင့်ပြုချက်ရသောအခါ သက်ဆိုင်ရာကို တိုက်ကြပ်ဆရာများထံ တိုက်အုပ်ဆရာကြီး၏ ခွင့်ပြုချက်ရပါကြောင်း လျှောက်ထားရမည်။ တိုက်ကြပ်တို့၏ ခွင့်ပြုချက်ရသောအခါ ဤသို့ခွင့်ပြုချက်ရကြောင်းကို တာဝန်ခံဆရာနှင့်တကွ တိုက်အုပ်ဆရာကြီးထံ ပြန်၍လျှောက်ထားရမည်။

(၂) တာဝန်ခံဆရာ သီလရှင်ကလည်း မိမိအာမခံလိုသည့် ပုဂ္ဂိုလ်အား ဆုံးမရန် ရှိသမျှ မိမိတာဝန်ယူ ဆုံးမမည်ဖြစ်ကြောင်းနှင့် တစ်စုံတစ်ရာ စည်းကမ်းဖောက်ဖျက်ခဲ့သော် မိမိကိုပါ ဒဏ်ပေးပါမည့်အကြောင်း လျှောက်ထားရမည်။

(၃) ထိုအခါ တိုက်အုပ်ဆရာကြီးက ထိုနှစ်ဦးအား သတိပြုဖွယ်၊ ပြုကျင့်ဖွယ်များကို ပြောဟောရမည်။

(၄) ထို့နောက် ထိုနှစ်ဦးသည် တိုက်တွင်းရှိ မိမိကြီးသူတို့ထံ တစ်ပါးစီ စေ့အောင် လိုက်လံ၍ မိမိအား ဆုံးမပါရန်နှင့် ဆုံးမမှုကို မသွေမလှန် နာခံမည်ဖြစ်ကြောင်း လျှောက်ထားရမည်။ ဤသို့လျှောက်ထားပြီးမှ နေခွင့်ရရှိမည်။

(၅) နေခွင့်ရရှိသောအခါ ဝတ်ရွတ်စဉ်၊ ပရိတ်ကြီးတို့ကို နှုတ်ငုံမရသေးမီ အခြားစာများ သင်ယူခြင်းမပြုရ။

## တာဝန်ခံသည့် ပုဂ္ဂိုလ်ကျင့်ဝတ်

(၁) မိမိတာဝန်ခံအပ်သော ပုဂ္ဂိုလ်၏ အဝတ်အရုံ စနစ်ကျစေရန် ပြုပြင်သွန်သင်ရခြင်း၊

(၂) နဝကမ္မပြုလုပ်သည့်အခါ ဆရာသမားများ သွန်သင်ထားသည့်အတိုင်း ဆောင်ရွက်တတ်အောင် သွန်



www.burmeseclassic.com

www.burmeseclassic.com

သင်ပြရခြင်း၊

(၃) မိမိတာဝန်ခံအပ်သော ပုဂ္ဂိုလ် အပြစ်တစ်စုံတစ်ရာရှိ၍ ပြစ်ဒဏ်ပေးရသည့်အခါ မိမိကလည်း ပြစ်ဒဏ်တစ်ဝက်ထမ်းရခြင်း၊

## တာဝန်ခံအပ်သည့် ပုဂ္ဂိုလ်ကျင့်ဝတ်

(၁) မိမိအား တာဝန်ခံသည့် ဆရာဆုံးမသမျှ ကျိုးနွံစွာ နာခံရခြင်း။

(၂) တာဝန်ခံဆရာက မဆုံးမပံ့တော့၍ အာမခံပြန်နုတ်ခဲ့သော် နောက်ထပ် တာဝန်ခံဆရာ မရနိုင်တော့ဟူသော အသိကို နှလုံးပိုက်၍ တာဝန်ခံဆရာအပေါ် လွန်စွာကျေးဇူးတင်ပြီး ကျိုးနွံချစ်ခင်လျက် ဝတ်ကြီးဝတ်ငယ်ပြုရခြင်း။

## တာဝန်ခံပုဂ္ဂိုလ် ကျင့်ဝတ်မညီပါက ဒဏ်ပေးခြင်း

(၁) တာဝန်ခံအပ်သည့် ပုဂ္ဂိုလ်ကျင့်ဝတ်မညီ ဖောက်ဖျက်ခဲ့သော် တိုက်ကြပ်၊ တိုက်အုပ် သီလရှင်ဆရာကြီးတို့က တာဝန်ခံဆရာနှင့်တကွ ဒဏ်ပေးရခြင်း။

(၂) တိုက်ကြပ်၊ တိုက်အုပ်တို့ပါ အမှတ်မဲ့နေခဲ့သော် တာဝန်ခံအပ်၊ တာဝန်ခံသူနှစ်ဦးနှင့်တကွ တိုက်ကြပ်၊ တိုက်အုပ်တို့ကို ပဓာန ကျောင်းတိုက်သီလရှင်ဆရာကြီးတို့က ဒဏ်ပေးရခြင်း။

## ဘုရားဝတ်တက်၊ ဆွမ်းတော်ကပ်ကျင့်ဝတ်

(၁) ဘုရားဝတ်တက်၊ ဆွမ်းတော်ကပ်ရန် ကြေးစည်၊ သံချောင်း တီးသည်နှင့်တစ်ပြိုင်နက် ပြောပလောက်သော ဖျားနာကိစ္စမရှိက လျင်မြန်စွာ ဘုရားကျောင်းသို့ သွားရခြင်း။

(၂) အဝတ်အရုံကို ညီညာစွာဝတ်၍ သိမ်မွေ့သော ကြွေခြေဖြင့် ရိုသေစွာ သွားရခြင်း။

(၃) ဘုရားကျောင်းသို့သွားရာ၌ စကားမပြောဘဲ ဘုရားဂုဏ်ကိုသာ အာရုံပြု၍ သွားရခြင်း။

(၄) မြတ်စွာဘုရားကျောင်းဝင်းသို့ ဝင်သည်နှင့် ဘုရားရှင်ကို မြင်လျှင်မြင်ချင်း လက်အုပ်ချီ ရှိခိုးပူဇော်၍ သွားရခြင်း။

(၅) ပန်းတော်၊ ရေတော်၊ ဆီမီးတော် ကပ်လှူပူဇော်ပြီးနောက် နံနက်ရွတ်ပရိတ်၊ ညရွတ်ပရိတ်များကို ညီညာစွာ သဒ္ဒါတရားအပြည့်ဖြင့် ရွတ်ရခြင်း။

(၆) အနာရောဂါကြောင့် ဝတ်ဆက်၊ ဆွမ်းကပ်၊ မလိုက်နိုင်လျှင် သင့်ရာပုဂ္ဂိုလ်အား အကြောင်းနှင့်တကွ မှာကြားလိုက်ရခြင်း။

(၇) အကြောင်းထူးမရှိဘဲ နေရစ်ခဲ့သော်လည်းကောင်း၊ အကြောင်းထူးရှိသော်လည်း မှာကြားခွင့်သာပါလျက် ပွင့်မပန်ခဲ့သော်လည်း ထိုပုဂ္ဂိုလ်သည် သဲဒဏ်၊ ရေဒဏ် ထမ်းရခြင်း။

(၈) ဝတ်တက်ပြီးသောအခါ ဆရာကြီးက ခွင့်လွှတ်သည့်အခါမှ ကြမ်းနင်းသံမကြားရစေဘဲ ဖြည်းညင်းစွာ ဘုရားရှင်အား နောက်ဆုတ်ရှိခိုးလျက် ဘုရားကျောင်းမှ ဆင်းသွားရခြင်း။

(၉) အကြောင်းထူးမရှိလျှင် ဘုရားကျောင်းတက်သည်မှ ဆင်းခဲ့သည့်တိုင်အောင် စကားမပြော တုဏှိဘောဖြင့် ပြန်လာရခြင်း။

## သာသနာ့သမိုင်းဝင်များ ဂုဏ်ရည်

အထက်ကဆိုခဲ့သည့်အတိုင်း သီလရှင်ကျင့်ဝတ်တို့များစွာ ကျန်ရှိနေပါသေးသည်။ ဆောင်းပါးရှည်နေမည်စိုး၍ ဤမျှနှင့် အဆုံးသတ်ပါမည်။ အခါအခွင့်သင့်ပါက သာသနာ့သမိုင်းဝင် သီလရှင်တို့၏ ကျင့်ဝတ်တို့ကို ရေးသားပူဇော်ပါဦးမည်။

အထူးပြု၍ အလေးအနက် ထပ်မံဆိုရပါလျှင် ဘုရားသမီးတော်စစ်စစ် ထေရဝါဒဗုဒ္ဓသာသနာ သီလရှင်တစ်ပါးဖြစ်ရန်အတွက် မလွယ်ကူကြောင်းကို ပိုမိုပြီးနားလည်လာရသည်နှင့်အမျှ သီလရှင်ဆရာကြီး၊ ဆရာလေးများတို့အပေါ် တိုးပွား၍သာ ကြည်ညိုနေမိပါတော့သည်။

**လေးသူစံ**



www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းကပြောသော သက္ကရာဇ်

နှင့်

## ဝတ်ဆင်ရမည့် ရတနာများ

✦ အောင်ဘုန်းမြင့်(ကချင်မြေ)

### ပြက္ခဒိန်၏ မူလအစ

ရက်၊ လ၊ နှစ် စသည်တို့ကို နေသွားလမ်းနှင့် ညှိ၍ အစင်အကြယ် တွက်ချက်ယူပြီးလျှင် ပြက္ခဒိန်ကို ဖွဲ့ကြရ၏။ နိုင်ငံများအသီးသီး၌ သူ့နည်းနှင့်သူ့ဟန် ခေါ်ဝေါ်သတ်မှတ်လေ့ ရှိကြသည်။

နှစ်တစ်နှစ်၏ နေ့များတိုင်းတွင် နိုင်ငံတစ်ခု၊ လူမျိုးတစ်မျိုးမျိုးတို့၏ နှစ်ဆန်းတစ်နေ့နေ့နှင့် တိုက်ဆိုင်နေတတ်သည်ချည်းဖြစ်သည်။ ရှေးဘီစီ ၁ ရာစု မတိုင်မီက စာဖြင့် စနစ်တကျ ရေးဖွဲ့ထားသော ပြက္ခဒိန်ဟူ၍ မရှိ။ သံတော်ဆင့်များက ကြေညာပေးသော ပြက္ခဒိန်များသာ ရှိခဲ့သည်။ လတိုင်း၏ အစနေ့ကို ဘုန်းတော်ကြီးတစ်ပါးပါးကဖြစ်စေ၊ အုပ်ချုပ်သူများက တရားဝင်ခန့်အပ်ထားသူကဖြစ်စေ ကြေညာပေးရသော ပြက္ခဒိန်မျိုးသာ ဖြစ်ပါသည်။

လဆန်းသည့်နေ့ကို မှတ်သားထားပြီး နောက်တစ်ကြိမ် လမြင်သည့်နေ့ကို တစ်လဟု သတ်မှတ်ပြီး အလုပ်ကိစ္စဆောင်ရွက်ကြ၏။ ပြက္ခဒိန် ကလင်ဒါ CALENDAR ဟု ခေါ်သော ဝေါဟာရသည် လက်တင်ဘာသာမှ ဆင်းသက်လာပြီး လင်းထိန်စေသည်ဟု အဓိပ္ပာယ်ရသည်။ သမိုင်းပညာရှင်များက နှစ်အပိုင်းအခြားကို နှစ်မျိုးခွဲခြားထားကြလေ၏။ ယေရှုခရစ်တော် မမွေးဖွားမီ နှစ်များကို B.C ဟု ခေါ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ခရစ်တော် မွေးဖွားပြီး နောက်ပိုင်းနှစ်များကို A.D ဟု ခေါ်ဆို *သုံးစွဲကြသည်။ ပြက္ခဒိန်သည် အရာရာတိုင်း ရပ်တည်မနေဘဲ* အမြဲပြောင်းလဲနေသည်ကို ပြသနေပါသည်။

ရှေးက ပြက္ခဒိန်များသည် မှားယွင်းမှု၊ မတိကျမှု ပေါင်း မြောက်မြားစွာ ရှိလေ၏။ ကပေါက်တိကပေါက်ချာ နိုင်လွန်း၏။ ထိုမှားယွင်းမှုများကို ပညာရှင်များက ရှာဖွေဖော် ထုတ်၍ အကြိမ်ကြိမ်အခါခါ ကြိုးစားပြုပြင်ပေးခဲ့ရပါသည်။ ဥပမာထုတ်ပြရလျှင် အရှေ့တိုင်း သုတေသီတို့က ဘီစီ ၅၆၃ ခုနှစ်ကို မြတ်စွာဘုရားရှင်၏ မွေးနှစ်အဖြစ် အသိအမှတ်ပြု ကြပြီး သီရိလင်္ကာနိုင်ငံမှ နက္ခတ်ပညာရှင်တို့က ဘီစီ ၆၂၃ ခုနှစ်ကို ဘုရားရှင်၏ မွေးနှစ်အဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဇာတာတော်ကို ဖွင့်ကြ၏။ အချို့သော ပညာရှင်များ၏အလို အရ ဘီစီ ၆၂၄ ဟူ၍လည်းကောင်း၊ ဘီစီ ၅၄၄ ဟူ၍လည်း ကောင်း မတူကွဲပြား အမျိုးမျိုးဖြစ်လေ၏။ ဘီစီ ၁ ရာစု ရောက်မှ အမှန်နှင့် နီးစပ်လာသည်ကို တွေ့ရသည်။

ဘီစီ ၁ ရာစုမတိုင်မီက ပြက္ခဒိန်များသည် အမှန်နှင့် အလှမ်းဝေးနေတတ်ပါသည်။ ရက်လ မတိကျမှုကြောင့် ပြက္ခဒိန်ထဲတွင် မိုးရာသီဟု သတ်မှတ်ထားသော နှစ်အပိုင်း အခြားသည် နှစ်ကာလ ကြာမြင့်လာသောအခါ ဆောင်းရာသီ ဖြစ်သွားတတ်ပြီး ဆောင်းရာသီအဖြစ် သတ်မှတ်ထားသော နှစ်အပိုင်းအခြားသည် နွေရာသီအဖြစ် ရောက်ရှိနေတတ် ပါသည်။

သင်္ချာပညာ တိုးတက်လာသော ယခုခေတ်တွင် ပြက္ခဒိန်ကို ရှေ့သို့တိုး၍ဖြစ်စေ၊ နောက်သို့ဆုတ်၍ဖြစ်စေ အတိုင်းအဆမရှိ တွက်ယူနိုင်ပါသည်။ သို့ဖြစ်၍ ဘီစီ ၁ ရာစုမတိုင်မီက ရက်၊ လ၊ နှစ် မှတ်တမ်းရက်စွဲများသည် ရှေးခေတ်လူများ ရေးမှတ်ထားသော ရက်စွဲမဟုတ်ဘဲ ယခု ခေတ် ပညာရှင်များက နောက်ကြောင်းပြန်တွက်ချက်ထား သော ရက်စွဲများ ဖြစ်ရန် အကြောင်းရှိပါသည်။ ဥပမာ - ပုဂံခေတ် လူဦးရေကို သိလိုပါက လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ခုနှစ်ကို ကိန်းသေထား၍ သက္ကရာဇ် ၂၀၀၀ ထိ နှစ်ပေါင်း ၅၀ အတွင်း တိုးတက်လာသည့် လူဦးရေအချိုးနှင့် နှစ်ပေါင်း ၉၅၀ ပုဂံခေတ်ရောက်သည်ထိ လူဦးရေ နောက် ကြောင်းပြန် နုတ်သွားလျှင် ပုဂံခေတ် ပျူနိုင်ငံတော်၏ လူဦးရေ စာရင်းကို အနီးစပ်ဆုံး ရရှိနိုင်ပါလိမ့်မည်။ ထိုနည်းတူ အခြား *ခေတ်ကာလများကိုလည်း တွက်ယူနိုင်မည် ဖြစ်ပါသည်။*

## ပြက္ခဒိန်မှန် ဖြစ်လာခြင်း

ဘီစီ ၁ ရာစုထဲ ရောက်ရှိလာသောအခါ အီဂျစ်တို့ တိုင်းတွင်အသုံးပြုသော တစ်နှစ်လျှင် ၁၂ လပါဝင်ပြီး ရက်ပေါင်း ၃၆၀ ရက်နှင့် ဖွဲ့စည်းထားသော အမှန်နှင့် အလွန်နီးစပ် သည့် ပြက္ခဒိန်ပေါ်ထွန်းခဲ့လေသည်။ ထိုခေတ်တွင် နောင်အခါ ကမ္ဘာသုံးပြက္ခဒိန် ဖြစ်လာမည့် ရောမပြက္ခဒိန်မှာ တစ်နှစ်တွင် လပေါင်း ၁၀ လသာ ပါဝင်ပြီး ရက်ပေါင်း ၂၉၈ ရက်ဖြင့် ရေးဆွဲထားသော ပြက္ခဒိန်မျိုး ဖြစ်နေသောကြောင့် အမှန်နှင့် လွန်စွာ အလှမ်းကွာဝေးနေပါသေးသည်။

သို့ဖြစ်သောကြောင့် ရောမစစ်ဘုရင်ကြီး ဂျူးလီးယက် ဆီဇာ Julius Caesar (100-44.BC) က အီဂျစ်နက္ခတ် ပညာရှင် ဆိုစီဂျင်နီ Sosigenes ၏ အကူအညီဖြင့် ဂျူလီယန်ပြက္ခဒိန်ကို ပြုပြင်ပေးခဲ့သည်။ ဂျူးလီးယက်ဆီဇာ မတိုင်မီကလည်း ဒုတိယမြောက် နိုမာပွန်ပီးလီးယယ် Numa Pompilius ဘုရင်ကြီးက မတ်လမှ အစပြုပြီး ၁၀ လသာ ပါဝင်သော ရောမပြက္ခဒိန်ကို ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ပေါင်းထည့်၍ ၁၂ လဖြစ်အောင် ပြင်ဆင်ဖြည့်စွက်ပေးခဲ့ဖူး၏။ ဂျူးလီးယက်ဆီဇာက ဦးဆောင်ပြုပြင်ပေးခဲ့သဖြင့် ဂျူလီယန် ပြက္ခဒိန်ဟူ၍ ခေါ်ဆိုကြခြင်း ဖြစ်သည်။

ရောမတို့၏ ဂျူလီယန်ပြက္ခဒိန်သည် မည်သို့ပင် ပြုပြင်ထားသည်ဆိုသော်လည်း အမှားမကင်းသေးပါ။ သို့ဖြစ် ၍ ၁၃ ဦးမြောက် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ Gergory-XIII က လေးနှစ်လျှင် တစ်ကြိမ်ကျ ဖေဖော်ဝါရီလကို တစ်ရက်တိုးပေးလိုက်သဖြင့် အမှန်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဂျူလီယန်ပြက္ခဒိန်ဟူသော အမည်မှ အမှန်ပြုပြင် ပေးခဲ့သော ပုပ်ရဟန်းမင်းကြီးအား ဂုဏ်ပြုသောအားဖြင့် ဂရီဂိုရီပြက္ခဒိန်ဟူ၍ အမည်တွင်လာခြင်းဖြစ်၏။ ဂျူးလူမျိုးတို့၏ ပြက္ခဒိန်ကို ခရစ်တော်မပေါ်မီထိ နှစ်ပေါင်း ၃၇၆၀ နှစ်ဟူ၍ တွက်ချက်ထားသဖြင့် ပြက္ခဒိန်ကို ဂျူးတို့က စတင်တီထွင် အသုံးပြုခဲ့ကြပြီး ဂျူးတို့ကတစ်ဆင့် အီဂျစ်နှင့် ရောမတို့ထံ ပျံ့နှံ့ရောက်ရှိသွားပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတွင် သက်တမ်းအရှည်ကြာဆုံး ဂျူးမြို့တော် ဂျာရီကိုသည် သက်တမ်းတစ်ထောင်ကျော်ရှိပြီး အိန္ဒိယနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး မြို့တော် ဗာရာဏသီမြို့သည် သက်တမ်းသုံးထောင့်ငါးရာကျော်သာ ရှိသေးသဖြင့် သမိုင်းဖြစ်စဉ်များကို နှိုင်းယှဉ်လေ့လာကြည့်နိုင်သည်။ သက်တမ်းများသည် သမိုင်းမှတ်တိုင်များ ဖြစ်ပါသည်။

အဆင့်ဆင့် ပြုပြင်ဖြည့်စွက်ထားသော ဂရီဂိုရီပြက္ခဒိန်ကို အင်္ဂလန်နိုင်ငံက ခရစ်နှစ် ၆၆၄ ခုနှစ်မှ စတင်အသုံးပြုခဲ့ပြီး ရုရှားနိုင်ငံမှ ၁၉၁၇ ခုနှစ်ရောက်မှ စတင်လက်ခံအသုံးပြုသည်။ အချို့သော နိုင်ငံငယ်များသည် ပထမကမ္ဘာစစ်ကြီး၏ နောက်ပိုင်း ၁၉၂၃ ခုနှစ်ရောက်မှ တညီတညွတ်တည်း အသုံးပြုလာခဲ့သည်ဟု ဆိုသည်။ ဂရီဂိုရီပြက္ခဒိန် အသုံးပြုကြသော နိုင်ငံများက ကမ္ဘာကို စိုးမိုးခဲ့သဖြင့် ကမ္ဘာသုံးပြက္ခဒိန် ဖြစ်လာခဲ့ခြင်းဖြစ်သည်။ အစက မတ်လ ၂၅ ရက်နေ့သည် နှစ်ဆန်း ၁ ရက်နေ့ ဖြစ်ခဲ့ပြီး ၁၇၅၂ ခုနှစ်ရောက်မှ ဇန်နဂါရီလ ၁ ရက်နေ့သည် ကမ္ဘာ့နှစ်ဆန်း ၁ ရက်နေ့ ဖြစ်လာခဲ့ခြင်းဖြစ်၏။ သက္ကရာဇ်များသည် သမိုင်းကို ဆက်လက်ဖန်တီးသွားမည်သာ ဖြစ်ပါသည်။

ကမ္ဘာသုံးဂရီဂိုရီပြက္ခဒိန်သည် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လပေါင်း ၁၂ လ ပါဝင်သည်။ လ၏ အမည်များသည် ရှေးက နတ်ကိုးကွယ်သူများနှင့် အခါပေးဆရာများက ရွေးချယ်ပေးခဲ့သော အမည်များသာ ဖြစ်သည်ဟုဆိုသည်။

**JANUARY** - ဇန်နဝါရီလသည် ရက်ပေါင်း ၃၁ ရက်ရှိသော ပထမလဖြစ်သည်။ မျက်နှာနှစ်ဖက်ရှိပြီး အရာရာကို မြင်နိုင်သော ကောင်းကင်ဘုံ၏ တံခါးမကြီးကို အုပ်စိုးသည့် နတ်ဘုရား ဂျေနပ် JANUS ၏ အမည်ကို ယူပြီး မှည့်ခေါ်ထားခြင်းဖြစ်၏။ ထိုနတ်မင်း၏ အမည်ကို မှည့်ခေါ်ထားခြင်းဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးကို ကြည့်မြင်နိုင်မည် ဖြစ်သောကြောင့် နှစ်တစ်နှစ်၏ အဦးဆုံး အစလဖြစ်သောလကို ဂျေနပ်မှ ဇန်နဝါရီလဟူ၍ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလသည် ပြာသိုလ၊ နက္ခတ်ရာသီ မကာရနှင့် နီးစပ်ပါသည်။ ဤလထဲတွင် လုပ်ငန်းများ စတင်လျှင် ဂျေနပ်နတ်ဘုရား၏ စောင့်ရှောက်ပေးမှုကြောင့် အောင်မြင်တတ်သည်။ လုပ်ငန်း စ,လယ်,ဆုံး အဆင်ပြေချောမွေ့စေနိုင်လိမ့်မည်။

**FEBRUARY** - ဖေဖော်ဝါရီလသည် ၂၈ ရက်ရှိပြီး လေးနှစ်တစ်ကြိမ် ၂၉ ရက်ဖြစ်တတ်သည်။ ဖေဖော်ဝါရီဟူသော ဝေါဟာရသည် လက်တင်ဘာသာမှ ဆင်းသက်လာသော စကားဖြစ်၍ "သန့်ရှင်းစင်ကြယ်ခြင်း"ဟူ၍ အဓိပ္ပာယ်ရသည်။ ရောမတို့ နှစ်စဉ်ကျင်းပလေ့ရှိသော ကျေးအေးပြေငြိမ်းစေခြင်း ပွဲတော်နှင့် လူသားတို့ သန့်ရှင်းစင်ကြယ်စေရန် ဝတ်ပြုဆုတောင်းပွဲများ ဤလထဲတွင် ကျင်းပလေ့ရှိကြသောကြောင့် ဖေဖော်ဝါရီလဟူ၍ မှည့်ခေါ်လာခဲ့ခြင်းဖြစ်သည်။ သားသမီးမရသော အမျိုးသမီးများသည် ဤပွဲတော်တွင် ဆုတောင်းစင်ကြယ်စေခြင်းဖြင့် သားကောင်း၊ သမီးကောင်း ရတနာများ ထွန်းကားစေနိုင်မည်ဟု ယုံကြည်ကြ၏။ သို့ဖြစ်၍ သားသမီးမထွန်းကားသော ဇနီးမောင်နှံများသည် ဖေဖော်ဝါရီလထဲ၌ မိမိတို့နှင့်ပတ်သက်သော သားသမီးရေး ရိုးရာနတ်များထံ ဆုတောင်းပတ္ထနာပြုနိုင်သည်။ သားသမီးဆုပန်နိုင်သည်။

**MARCH** - မတ်လသည် ရက်ပေါင်း ၃၁ ရက်ရှိသည်။ ဂျူလီယန်ပြက္ခဒိန်မပေါ်မီက မတ်လသည် နှစ်အစလ ဖြစ်ခဲ့၏။ သို့နှင့် ဂျူလီယန်ပြက္ခဒိန်ပြက္ခဒိန် ပြဋ္ဌာန်းပြီးနောက်ပိုင်းမှ ဇန်နဝါရီလသည် နှစ်တစ်နှစ်၏ အစပထမ ဖြစ်လာခဲ့ခြင်း ဖြစ်ပါသည်။

မတ်လသည် မားစ် MARS အမည်ရှိသော စစ်မက်ရေးရာကို အစိုးရသည့် ရောမစစ်နတ်ဘုရား၏ အမည်ကိုယူပြီး မှည့်ခေါ်ထားခြင်းဖြစ်သည်။ ရောမလူမျိုးတို့သည် မတ်လဖြစ်လာမည့် အချိန်ကာလတွင် ကာကွယ်ရေးကိစ္စများကို ဆောင်ရွက်ကြပြီး စစ်နတ်ဘုရား မားစ်ကို ပူဇော်ပသသော ပွဲများကို ခြိမ့်ခြိမ့်သဲ ကျင်းပလေ့ရှိကြသည်။

သို့ဖြစ်၍ မိမိတို့ ကိုးကွယ်အားကိုးအားထားပြုရသော စစ်နတ်ဘုရား၏ အမည်ကို ပေးထားခြင်းဖြစ်သည်။ MARS ဟူသော အမည်မှ MARCH ဟူသော အသံထွက်သို့ ရွေ့လျားပြောင်းလဲလာခြင်း ဖြစ်သည်ဟူ၏။ စစ်မက်လိုလားသော ရောမတို့သည် ဤလတွင် ဝမ်းစာအတွက် ထွန်ယက်စိုက်ပျိုးခြင်း၊ စစ်မက်ရေးရာ လေ့ကျင့်ခြင်း ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ခဲ့ကြသည်။

**APRIL** - ဧပြီလတွင် ရက်ပေါင်း ၃၀ ရက်ရှိသည်။ ဧပြီဆိုသော စကားလုံးသည် ဖူးပွင့်ဝေဆာသည်၊ ပြီးပြည့်စုံစေသည်၊ အလှတရားနှင့် ပြည့်စုံသည်ဟူ၍ အနက်ရသော လက်တင်ဘာသာစကားမှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပါသည်။

ရှေးရောမခေတ်က ဧပြီလဖြစ်လာမည့် နှစ်အပိုင်းအခြားထဲတွင် နိုင်ငံတော်တစ်ဝန်းလုံး၌ သစ်ပင်ပန်းမန်များ စုံလင်စွာ စတင်ဖူးပွင့်ဝေဆာ လှပစေသေ အခါသမယဖြစ်လေ၏။ ပန်းမန်အမျိုးမျိုး ဝေဆာလှပသော ထိုရက်ပေါင်း ၃၀ ကို ဖူးပွင့်ဝေဆာ ပြည့်စုံစေသည်ဟူသော အဓိပ္ပာယ်ရသည့် ဧပြီမည်သော စကားလုံးကိုယူ၍ မှည့်ခေါ်ခြင်းဖြစ်သည်။

ချောမောလှပပြီး ဧပြီလမွေး မိန်းမလှလေးများကို မဧပြီဟူ၍ နာမဝိသေသန ပေးတတ်ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် April Fool's Day ကို အစွဲပြုပြီး အရူးအမူးပျော်မြူးကြ၏။ ဧပြီလသည် မြန်မာနိုင်ငံအတွက် ပျော်ရွှင်စရာ သင်္ကြန်အခါတော်ဖြစ်ပြီး လူသားအားလုံးအတွက် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းကို ယူဆောင်ပေးသော လထူးလမြတ်ဖြစ်သည်။ ဧပြီလထဲ၌ နွေရာသီရုံးပိတ်၊ ကျောင်းပိတ်နေ့များနှင့်ဆုံသဖြင့် ဘုရားဖူးခရီးသည်များနှင့် ကမ္ဘာလှည့်ခရီးသည် အဝင်အထွက်များပြီး လူစည်ကားသော လလည်းဖြစ်သည်။ ပန်းစုံပွင့်သောလ၊ အလှတရားများကို ဖန်တီးပေးသောလ၊ ပျော်ရွှင်မှုအပေါင်းတို့ကို ယူဆောင်ပေးနိုင်သော လဟူ၍ အမျိုးမျိုး အမွှမ်းတင်ခေါ်ဆိုကြလေ၏။

> *ဘီစီ ၁ ရာစုမတိုင်မီက ပြက္ခဒိန်များသည် အမှန်နှင့် အလှမ်းဝေးနေတတ်ပါသည်။ ရက်လမကိုက်ညီမှုကြောင့် ပြက္ခဒိန်ထဲတွင် မိုးရာသီဟု သတ်မှတ်ထားသော နှစ်အပိုင်းအခြားသည် နှစ်ကာလကြာမြင့်လာသောအခါ ဆောင်းရာသီ ဖြစ်သွားတတ်ပြီး ဆောင်းရာသီအဖြစ် သတ်မှတ်ထားသော နှစ်အပိုင်းအခြားသည် နွေရာသီအဖြစ် ရောက်ရှိနေတတ်ပါသည်။*

**MAY** - မေလသည် ရက်ပေါင်း ၃၁ ရက်ရှိသည်။ တိုးပွားစေခြင်း၊ ပွားများပြည့်စုံစေခြင်း၊ ဖူးပွင့်ဝေဆာ လှပစေခြင်းများကို ပိုင်ဆိုင်အစိုးရသော ရောမနတ်ဘုရားမ မေယာ MAIA ၏ အမည်ကို မေလအတွက် မှည့်ခေါ်ထားခြင်းဖြစ်သည်။

ရှေးက ရောမနိုင်ငံထဲတွင် မေလဖြစ်လာမည့် နှစ်အပိုင်းအခြား၌ အနွယ်အပင်များအားလုံး အညှောင့်အညွန့် အဖူးအငုံများ ပေါ်ထွက်လာပြီး အပွင့်စုံ၊ အသီးစုံ သီးမှည့်ပြည့်စုံစေသဖြင့် မေယာနတ်ဘုရားမကို ပူဇော်ပသသော လဖြစ်ခဲ့သည်ဟူ၏။ သို့ဖြစ်၍ ကောက်ပဲသီးနှံ ဖွံ့ဖြိုးပြည့်စုံစေရန်နှင့် သာယာဝပြောစေရန် မေယာနတ်ဘုရားမ၏ အမည်ကို မှည့်ခေါ်ခဲ့ခြင်း ဖြစ်ပါသည်။

**JUNE** - ရက်ပေါင်း ၃၀ ရက်ရှိပါသည်။ ရောမခေတ်အခါက ဇွန်လဖြစ်လာမည့် နှစ်ကာလထဲတွင် အမျိုးသမီးများအတွက် ထက်ကောင်းကင်ဘုံ၌ သန့်ရှင်းစင်ကြယ်သည့် သုတိကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ခညောင်းရရှိစေရန် မိုးကောင်းကင် စကြဝဠာကို အစိုးရသော ကောင်းကင်နတ်ဘုရားမ ဂျူနို JUNO အား ပူဇော်ပသသော ပွဲတော်များ ကျင်းပခဲ့ကြသည်။

ထိုနတ်ဘုရားမသည် အမျိုးသမီးထု၏ ကောင်းကျိုးတရားများနှင့် ဝိဝါဟ အာဝါဟ မည်သော ထိမ်းမြားမင်္ဂလာကိစ္စများကို ကိုယ်စားပြုသော နတ်ဘုရားမလည်း ဖြစ်၏။ နတ်ဘုရားမ၏ အမည် ဂျူနိုမှ ဇွန်ဟူသော အမည်သို့ ပြောင်းလဲရွေ့လျားလာခြင်း ဖြစ်သည်။

**JULY** - ဇူလိုင်လသည် ရက်ပေါင်း ၃၁ ရက်ရှိသည်။ ရောမစစ်ဘုရင် ဂျူးလီယက်ဆီဇာကို ဇူလိုင်လဖြစ်လာမည့် နှစ်အပိုင်းအခြားထဲတွင် မွေးဖွားခဲ့သည်ဟူ၏။ ဂျူးလီယက်ဆီဇာ နတ်ရွာစံပြီးနောက် ရောမစစ်ဘုရင် မက်အန်တိုနီယိုက အရိုက်အရာကို ဆက်ခံရလေ၏။ ထိုစဉ် ရောမနိုင်ငံတော်ကြီးကို ကျယ်ပြန့် တစ်စည်းတစ်လုံးဖြစ်အောင် အင်အားကြီးမားစေခဲ့သော ဂျူးလီယက်ဆီဇာအား ဂုဏ်ပြုလိုသဖြင့် မူလက ကွင်းတီလစ်မည်သော သတ္တမလကို ဂျူးလီယက်ဆီဇာ မွေးဖွားချိန်အပိုင်းကာလကို ယူငင်၍ ဇူလိုင်လဟူ၍ ခေါ်စေခဲ့ခြင်းဖြစ်သည်။ ဇူလိုင်လသည် ရောမတို့အတွက်



www.burmeseclassic.com

အောင်အတိတ် အောင်နိမိတ်ဆောင်သော လမြတ်အခါ ဖြစ်သည်။

**AUGUST** - ဩဂုတ်လသည် ၃၁ ရက်ရှိ၏။ ဤလသည်လည်း ရောမစစ်ဘုရင်တစ်ပါး၏ အမည်ဖြစ်လေ၏။ ရောမနိုင်ငံတော် ထီးနန်းအရာ၌ ဂျူးလီးယက်ဆီဇာ၏ ဟူတော် ဩဂုတ်စကပ်ဆီဇာ ထီးနန်းရရှိလာသည့်အခါ မိမိ၏ အောင်မြင်မှုများကို ဂုဏ်ပြုကမ္ပည်းတင်လိုသဖြင့် မူလက ဆက္ကဆာတီးလစ်မည်သော အဋ္ဌမလကို မိမိ၏ အမည်ကိုယူ၍ ဩဂုတ်လဟူ၍ ခေါ်ဝေါ်လာခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ ရောမတို့သည် ဩဂုတ်လကို အောင်မြင်ကြီးကျယ်သော လအဖြစ် သတ်မှတ်၍ မိမိတို့၏ အောင်ပွဲမှန်သမျှကို ဩဂုတ်လထဲ၌ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိကြသည်။

**SEPTEMBER** - စက်တင်ဘာလတွင် ရက်ပေါင်း ၃၀ ပါဝင်သည်။ စက်တင်ဘာလသည် ရောမသင်္ချာအရ ခုနစ်ခုမြောက်ကို ဆိုလိုခြင်းဖြစ်သည်။ မူလရောမပြက္ခဒိန်တွင် ၁၀ လသာ ပါဝင်သဖြင့် ခုနစ်လမြောက်လ ဖြစ်ခဲ့သည်။

နောင်အခါ ၁၂ လ ပါဝင်သော ဂျူလီယန်ပြက္ခဒိန် ဖြစ်လာခဲ့သည့်အခါ မူလက သတ္တမကို မပြုပြင်ဘဲ နဝမလကို ကိုယ်စားပြုထားသော လဖြစ်လာခဲ့ခြင်းဖြစ်လေ၏။ ရောမသင်္ချာအရ ၇ ကို စက်တင်ဘာ၊ ၈ ကို အောက်တိုဘာ၊ ၉ ကို နိုဝင်ဘာ၊ ၁၀ ကို ဒီဇင်ဘာ ဟူ၍ ခေါ်ဆိုကြသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ ဖြစ်လာမည့် ရက်များကို မရေတွက်ဘဲ ကျော်လွှားခဲ့ခြင်းမှာ ထိုရက်ပိုင်းများတွင် ရောမနိုင်ငံတော်တစ်ဝန်းလုံး၌ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေးကိစ္စများမှ အနားယူကြပြီး နတ်ဒေဝါများကို ပူဇော်ပသ၍ ပျော်ပွဲရွှင်ပွဲများကို ကျင်းပရသော ကာလဖြစ်သောကြောင့် ဖြစ်သည်ဟူ၏။

**OCTOBER** - အောက်တိုဘာလသည် ရက်ပေါင်း ၃၁ ရက် ပါဝင်သည်။ အထက်က တင်ပြခဲ့သည့်အတိုင်း အဋ္ဌမမြောက် အောက်တိုဘာလကို ၁၀ လမှ ၁၂ လ ပါဝင်သော ပြက္ခဒိန်ဖြစ်လာသည့်အခါ အစီအစဉ်မပြောင်းဘဲ ဒသမလအဖြစ် ဆက်၍ ခေါ်ဆိုနေကြခြင်းဖြစ်သည်။ အမှန်မှာ ၈-အောက်တိုဘာအမည်အစား ၁၀ ဟူသော အမည်ပြောင်းလဲပေးရမည် ဖြစ်သည်။

**NOVEMBER** - နိုဝင်ဘာလတွင် ရက်ပေါင်း ၃၀ ပါဝင်သည်။ အထက်ကဖော်ပြခဲ့သည့်အတိုင်း နဝမမြောက် နိုဝင်ဘာလကို ပြက္ခဒိန်အပြောင်းအလဲဖြစ်၍ နဝမနေရာမှ ၁၁ လမြောက် ဧကဒသမနေရာသို့ ရွှေ့ပြောင်းထားလိုက်သော်လည်း မူလအခေါ်အဝေါ်ဖြစ်သော နိုဝင်ဘာဟူသော အမည်ကို ဆက်လက်ခေါ်ဆိုစေခြင်း ဖြစ်သည်။

**DECEMBER** - ဒီဇင်ဘာလတွင် ရက်ပေါင်း ၃၁ ရက် ပါဝင်သည်။ ဒီဇင်ဘာလသည် ကမ္ဘာသုံးပြက္ခဒိန်လ၏ နောက်ဆုံးအပြီးသတ်လဖြစ်သောကြောင့် အောင်မြင်ခြင်း၊ နိဂုံးကမ္ပတ် အဆုံးသတ်နိုင်ခြင်းများကို ဖော်ညွှန်းလေ၏။

သို့ဖြစ်၍ ပြီးမြောက်အဆုံးသတ်နိုင်ရန် လွန်စွာခက်ခဲသော လုပ်ငန်းကြီးများနှင့် ရှုပ်ထွေးနေသော အကြောင်းကိစ္စကြီးငယ်ကို ဒီဇင်ဘာလထဲတွင် ဆောင်ရွက်လျှင် (သို့) စတင် အကောင်အထည်ဖော်လျှင် လွယ်ကူချောမော အောင်မြင်စေနိုင်ပါလိမ့်မည်။ အထက်က တင်ပြခဲ့သည့်အတိုင်း ဒသမမြောက် ဒီဇင်ဘာလကို ၁၂ လမြောက် ဒွါဒသမမြောက် လအဖြစ် ဆက်၍ သုံးစွဲနေကြခြင်းဖြစ်သည်။

## လအလိုက်အဆောင်ရတနာ

ဇန်နဝါရီလဖွားများအတွက် ဥဒေါင်းကျောက်၊ ဖေဖော်ဝါရီလဖွား ခရမ်းစွဲကျောက်၊ မတ်လဖွား သွေးကျောက်၊ ဧပြီလဖွား စိန်၊ မေလဖွား မြကျောက်၊ ဇွန်လဖွား ပုလဲ၊ ဇူလိုင်လ ပတ္တမြား၊ ဩဂုတ်လဖွား ပြောင်ခေါင်းစိမ်းကျောက်၊ စက်တင်ဘာလဖွား မဏိနီလာ၊ အောက်တိုဘာလဖွား အိုပယ်ကျောက်၊ နိုဝင်ဘာလဖွား ဥဿဖရား။ ဒီဇင်ဘာလဖွား ပါလဒ္ဒတ္ထာကျောက် (သို့) စလင်းစိမ်းပြာကျောက်။

အထက်၌ ဖော်ပြထားသည်နှင့်အညီ မိမိတို့၏ မွေးလအလိုက် အကျိုးဖြစ်ထွန်းစေမည့် ကျောက်မျက်ရတနာများကို ရွေးချယ်ဝတ်ဆင်ကြခြင်းဖြင့် ကျန်းမာအသက်ရှည်ကြ၍ ဘေးကင်းရန်ကွာ ကောင်းခြင်းမင်္ဂလာအပေါင်းတို့နှင့် ပြေပြည့်စုံစေနိုင်မည် ဖြစ်ပါသည်။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ကချင်မြေ)**

www.burmeseclassic.com



# အနိစ္စဒေသနာတော်

## (၄)

### မဟာထွန်း

ယခုအခါ အနိစ္စဒေသနာတော် အမှတ်(၄)ကို ရောက်လာခဲ့ပြီ။ စာဖတ်သူများက အနိစ္စဒေသနာတော်သည် အမှတ်(၄)သို့ ရောက်လာခဲ့သည့်တိုင်အောင် ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်အကြောင်းကို မတွေ့ရသေးဟုတွေးပြီး စိတ်ပျက်သွားမည်ကို စိုးရိမ်မိ၏။

ထို့ကြောင့် သည်းခံစေချင်သည်။ တရားတော်နှင့် ပတ်သက်ပြီး လိုအပ်သည့်အကြောင်းအရာအချို့ကို အထိုက်အလျောက်ထည့်ပေးမှ သင့်မည်ဖြစ်၍ ယခုကဲ့သို့ အနိစ္စဒေသနာတော်၏ နိဒါန်းအနေဖြင့် ရေးနေခြင်းသာ ဖြစ်သည်။

ဤစာရေးသူအနေဖြင့်လည်း တန်းခနဲ ရေးပေးချင်ပေ၏။ သို့သော် သိုင်းသိုင်းဝိုင်းဝိုင်းလည်း ဖြစ်စေလို၏။ သိုင်းသိုင်းဝိုင်းဝိုင်း ဖြစ်စေလိုခြင်းမှာ အခြားမဟုတ်ပေ။ ဝိပဿနာတရားတော်ကို နာကြားပွားများအားထုတ်ရာ၌ တရားပွားများအားထုတ်တတ်ရုံဖြင့် ပြည့်စုံလုံလောက်ပြီ မမှတ်ယူသင့်သေးပေ။

မိမိ၏ ကံအနိမ့်အမြင့်၊ ဉာဏ်အနိမ့်အမြင့် စသည်များကိုလည်း သိထားနားလည် သင့်ပေသည်။ အနိမ့်အမြင့်အညီ ရှိနေသော ကံ,ဉာဏ်များကို တရားနာကြား ပွားများ၍ရနိုင်သည်အထိ ပြုပြင်သင့်သည်များကိုလည်း ပြုပြင်၍ ရနိုင်သည်လည်း ရှိ၏၊ မရနိုင်သည်လည်း ရှိ၏။ ဤသည်ကို တရားလိုက်စားကြသော ယောဂီပုဂ္ဂိုလ်အားလုံးတို့ သိထားနားလည်သင့်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ယခု ပုဂ္ဂိုလ်လေးယောက်(နှစ်စု၊ နှစ်မျိုး) ရှိသည့်အထဲမှ ဦးစွာ တစ်မျိုးကို ထုတ်ဖော်ပြသပေးမည်။ တစ်ဦးချင်း၏ အကြောင်းအရာများကို လိုက်မှတ်ပြီး အဖြေထုတ်ကြည့်ပါ။ မိမိ၏ ကံ,ဉာဏ်ဖြင့်လည်း နှိုင်းယှဉ်ပြီး တိုင်းတာကြည့်ပါ။

## ● ပုထုဇဉ်လေးမျိုး ●

၁။ အန္ဓဗာလ ပုထုဇဉ်၊

၂။ အန္ဓ ပုထုဇဉ်၊

၃။ ကလျာဏ ပုထုဇဉ်၊

၄။ စူဠသောတာပန် ပုထုဇဉ်။

၁။ အန္ဓဗာလပုထုဇဉ်ဆိုသည်မှာ အန္ဓသဒ္ဒါသည် အကန်းကိုဟော၏။ ပညာမျက်စိ/ဉာဏ်မျက်စိ ကန်းခြင်းကို ဆိုလို၏။ ဗလာသဒ္ဒါသည် အမိုက်ကိုဟော၏။ ထို့ကြောင့် ကန်းလည်းကန်း၊ မိုက်လည်းမိုက်သော လူမျိုးကို အန္ဓဗာလ ဟု ခေါ်ရ၏။ မိုက်ဟူသော သဒ္ဒါကိုလည်း မောဟမှလာသောကြောင့် 'ဟ'သတ်ရ၏။ ဟ-သတ်မှ မှန်၏။

အန္ဓဗာလပုဂ္ဂိုလ်တို့သည် ကံကိုလည်း မယုံကြပေ။ ကံဟူသည်ကို ဤနေရာ၌ ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ကောက်ရ၏။ အန္ဓဗာလပုဂ္ဂိုလ်တို့သည် ကံကို မယုံသောကြောင့် အကုသိုလ်များကို ဝံ့ဝံ့ကြီးလုပ်ရဲကြ၏။ မယုံနိုင်လောက်သည်အထိပင် ဝံ့ဝံ့ကြီးလုပ်ရဲကြခြင်း ဖြစ်၏။ ဤ၌ ဤမျှသာပြပြီး ရှေ့မှာ ဖြည့်စွက်ပြီး ရှင်းပြဦးမည်။

၂။ အန္ဓဟူသော သဒ္ဒါမှာ ဆိုခဲ့သည့်အတိုင်း အကန်းကိုဟော၏။ သို့သော် ပညာမျက်စိ/ဉာဏ်မျက်စိကန်း၍ မင်ဖိုလ်ကို မမြင်ရုံမျှသာရှိပြီး မိုက်ခြင်းကား မရှိပေ။ မမိုက်သောကြောင့်လည်း ကံကို ယုံကြည်ကြ၏။ ဗုဒ္ဓဘာသာလောက၌ အန္ဓသည် အတော်လေးပင် များ၏။

သို့သော်လည်း ဗုဒ္ဓဘာသာတို့သည် ကံကိုယုံကြည်သောကြောင့် ကမ္မသကတဉာဏ်ရှိကြ၏။ အကုသိုလ်ကို ပြုလုပ်လျှင် ဆိုးကျိုးပေး၏။ ကုသိုလ်ကို ပြုလုပ်လျှင် ကောင်းကျိုးပေး၏ဟု ယုံကြည်ခြင်းမျိုးကိုပင် ကမ္မသကတဉာဏ်ရှိသော ပုဂ္ဂိုလ်မျိုးဟု ဆိုရ၏။

ထို့ကြောင့် ဗုဒ္ဓဘာသာတို့သည် အကုသိုလ်ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြ၏။ ကံမကောင်း အကြောင်း မလှ၍ သူခိုးဓားပြ မုဆိုးတံငါစသော ဘဝမျိုးကို ရောက်နေရလျှင်လည်း "ငါသည် အကုသိုလ်ကောင်ဖြစ်နေပြီ။ ဤအလုပ်များကို လုပ်စားရင်းဖြင့် သေလျှင် အပါယ်ကျလိမ့်မည်။ ထို့ကြောင့် အခါအခွင့်သင့်သော တစ်နေ့၌ ငါသည် ဤအလုပ်မှ ရှောင်ရှားအံ့။ ကုသိုလ်တရားများကိုသာ နိုင်သမျှပြုလုပ်တော့အံ့"ဟု အစဉ်တွေးနေကြ၏။ ထိုဘဝမှ ရုန်းထွက်ရန်ကိုလည်း အမြဲကြံဆ၍နေကြ၏။

အန္ဓဗာလသာဖြစ်လျှင် ထိုအတွေးအကြံနှင့် အသိဉာဏ်မျိုး မရှိနိုင်ပေ။ မိုက်သောကြောင့် ဉာဏ်အလင်းမရှိ၍ ပြုလုပ်သမျှ အကောင်းအမှန်ဟုချည်းသာ ထင်နေတတ်၏။ ဉာဏ်ရှိမှ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြား၍ လင်းလင်းကြီးသိနိုင်၏။

ကမ္မသကတဉာဏ်ရှိ၍ ကံကိုယုံကြည်သော ဗုဒ္ဓဘာသာများထဲတွင်လည်း မုဆိုး၊ တံငါများ ပြုလုပ်ပြီး အသက်မွေးလျက် ရှိကြ၏။ သို့သော်လည်း သူတို့သည် ဉာဏ်ရှိ၍ ကံကိုယုံကြည်ကြသောကြောင့် ရာသက်ပန် ပြုလုပ်လေ့ မရှိကြပေ။ သုံးနှစ်တန်သည်၊ ငါးနှစ်တန်သည် ပြုလုပ်ပြီးနောက် စွန့်ခွာကြ၏။

ဘဝအကျိုးပေးမကောင်း ဆင်းရဲနွမ်းပါးလွန်း၍ ဆက်လုပ်နေရလျှင်လည်း အကုသိုလ်အလုပ်ဖြင့် သေတစ်ပန်သက်တစ်ဆုံး လုပ်ကိုင်လေ့မရှိဘဲ အသက် ၄၅၊ ၅၀ အရွယ်တွင် ထိုအကုသိုလ်အလုပ်ကို ဖဲခွာစွန့်ပစ်ကြ၏။ ဤသည်မှာ ကံကိုယုံကြည်သော ကမ္မသကတဉာဏ်ရှိသည့် ဗုဒ္ဓဘာသာတို့၏ သဘောပင်ဖြစ်၏။

တစ်ခါက မလေးရှားနိုင်ငံကိုသွားပြီး အလုပ်လုပ်ကြသော ဗုဒ္ဓဘာသာလူငယ်နှစ်ယောက်တို့၏ အကြောင်းကို သိဖူး၏။ နှစ်ယောက်စလုံးပင် ဗီဇာနှင့် သွားကြခြင်းဖြစ်၏။ တစ်ယောက်က စားဖိုမှူးအလုပ်ကိုရပြီး၊ နောက်တစ်ယောက်က ကြက်သတ်အလုပ်ကို ရရှိ၏။

ကြက်သတ်အလုပ် ဟူသည်မှာ တစ်ကောင်နှစ်ကောင်တည်းကို မဟုတ်ပေ။ နေ့စဉ် ဈေးကိုသွားပို့ပေးနေရသော ကြက်အကောင်ပေါင်းများစွာကို သတ်ဖြတ်ပေးနေရခြင်းမျိုးပင် ဖြစ်၏။ ထို့ကြောင့် မလုပ်ရဲပေ။

စားဖိုမှူးဟူသည်မှာလည်း လတ်လတ်ဆတ်ဆတ် စားသောက်လိုသူများအတွက် ကိုယ်တိုင်ချက်ချင်းသတ်ပြီး ချက်ပြုတ်ကျွေးလော့ ကျွေးရခြင်းပင်ဖြစ်၏။ မြွေပွေး၊ မြွေ



www.burmeseclassic.com

www.burmeseclassic.com

ဟောက်များ၏ သည်းခြေကိုမှ မျိုချင်သော လူများကိုလည်း အရှင်လတ်လတ်ခွဲပြီး သည်းခြေကို ထုတ်ပေးရခြင်းဖြစ်၏။

မျောက်ဦးနှောက်ကိုသာ လတ်လတ်ဆတ်ဆတ် အရက်နှင့် မြည်းချင်ကြသော လူများအတွက်ဆိုလျှင်လည်း မျောက်ကို ကားစင်တင်သကဲ့သို့ တုပ်နှောင်ပြီး အရှင်လတ်လတ် ဦးနှောက်ကို ခွဲဖောက်ပေးရ၏။ စားသောက်သူက တဂျိဂျိအော်နေသော မျောက်၏ဦးနှောက်ကို ဇွန်းဖြင့်ကော်ကာ အရက်ဖြင့်မြည်း၏။

ထို့ကြောင့် သည်အဖြစ်မျိုးကို မလုပ်လို၍ နှစ်ယောက်လုံး ပြန်လာကြ၏။ အလုပ်မလုပ်ဘဲ ပြန်လာကြသောကြောင့် သူတို့၏ ပေးဆပ်ရခြင်းသည်ကား နည်းသည်မဟုတ်ပေ။ အိမ်ကို ပေါင်နှံပြီးသာ သွားကြရသောကြောင့် ပြန်လာသောအခါ အိမ်ကို ပြန်မရွေးနိုင်၍ ဒုက္ခရောက်ကြရလေသည်။

ထိုလူငယ်နှစ်ယောက်တို့သည် ရရှိသောအလုပ်ကို မလုပ်ဘဲပြန်လျှင် ဤကဲ့သို့ ဒုက္ခရောက်ကြမည်ကို မသိ၍ မဟုတ်ပေ။ သိသိကြီးနှင့်ပင် သူတစ်ပါး၏အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ရမည့် အကုသိုလ်ကို ကြောက်လန့်သောကြောင့်သာ ပြန်လာကြခြင်းဖြစ်သည်။

ဤသည်မှာ ကမ္မဿကတဉာဏ် = ကံ၏အကျိုးကို ယုံကြည်သော ကုသိုလ်ကိုပြုလုပ်လျှင် ကုသိုလ်ရမည်၊ အကုသိုလ်ကို ပြုလုပ်လျှင်လည်း အကုသိုလ်ရမည်ဟု ပြတ်ပြတ်သားသား နားလည်ခံယူထားကြသည့် ဗုဒ္ဓဘာသာတို့၏ သဘောအနည်းငယ်မျှသာ ဖြစ်၏။

၃။ ကလျာဏပုထုဇဉ်အကြောင်းကို ဆက်ဦးမည်။ ကလျာဏဟူသော သဒ္ဒါမှာ မြင့်မြတ်သည်ဟု အနက်ဆို၏။ ထို့ကြောင့် ကလျာဏပုဂ္ဂိုလ်တို့ကို နှစ်မျိုးခွဲလျှင် သင့်မည်ဟု ယူဆသည်။ နှစ်မျိုးခွဲကြည့်လျှင် လောကီလမ်းစဉ်ကို လျှောက်လှမ်းနေသော ကလျာဏ၊ လောကုတ္တရာလမ်းစဉ်ကို လျှောက်လှမ်းနေသော ကလျာဏဟူ၍ ကွဲပြားသည်ကို တွေ့ရသည်။

လောကီလမ်းစဉ်ကို လျှောက်လှမ်းနေသော ကလျာဏများမှာ ငါးပါးသီလကို မကျိုးမပေါက်အောင် စောင့်ထိန်းခြင်း၊ ပေးကမ်းလှူဒါန်းရာတွင် ရက်ရောခြင်း၊ ဒါန,သီလ အရာများတွင် ဦးဆောင်ဦးရွက် လုပ်ကိုင်ပေးခြင်း၊ ရပ်အကျိုး ရွာအကျိုးများကို ကိုယ်ကျိုးမငဲ့ သူတစ်ပါး၏ အကျိုးသက်သက်ကိုသာ ရှေ့ရှုပြီး လုပ်ကိုင်ပေးခြင်း စသည်များပင် ဖြစ်၏။

လောကုတ္တရာကလျာဏ ဟူသည်ကား လောကီအလုပ်များကိုထက် လောကုတ္တရာအလုပ်များကိုသာ အားသန်ခြင်း၊ တရားဘာဝနာများကို လိုက်စားခြင်း၊ အချိန်ရတိုင်း မေတ္တာပို့ခြင်း၊ ဝိပဿနာဘာဝနာများကို ရှုမှတ်ပွားများခြင်း စသည်ဖြင့် ကလျာဏနှစ်မျိုး ကွဲပြားခြင်းရှိသည်ကို အကျဉ်းအားဖြင့် မှတ်ယူသင့်၏။ အကျယ်ချဲ့လျှင်ကား ဘုတ်အုပ်ကြီးများပင် ဖြစ်လာနိုင်၏။

၄။ စူဠသောတာပန် ပုထုဇဉ် ဟူသည်ကို သောတာပန်အငယ်ဟု အနက်ဆို၍ရ၏။ အထက်မှာ ခွဲပြခဲ့သည့် ကလျာဏပုထုဇဉ် နှစ်မျိုးထဲမှ တရားဘာဝနာဘက်ကို လိုက်စားသည့် ကလျာဏပုထုဇဉ်နှင့် ဆင်တူ၏။ သို့သော်လည်း ကလျာဏထက် အဆင့်မြင့်၏။ သောတာပန်စာရင်းမှာပင် ဝင်လျက်ရှိလေ၏။

လက်ရှိအခါတွင် ကံနည်း၍သော်လည်းကောင်း၊ ဉာဏ်နည်း၍သော်လည်းကောင်း၊ ဝီရိယနည်း၍သော်လည်းကောင်း၊ ဝိပဿနာတရားတော်ကို ပွားများအားထုတ်သော်လည်း မဂ်ကိုမရနိုင်ဘဲ ရှိနေတတ်သော ပုဂ္ဂိုလ်မျိုးဖြစ်၏။ ပါရမီနုသော ပုဂ္ဂိုလ်မျိုးသည်လည်း မဂ်ကိုမရနိုင်ဘဲ ရှိနေတတ်၏။

သို့သော်လည်း အားငယ်စရာမရှိပေ။ ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်ဖြင့် ပြတ်သားနားလည်ထားသော ပုဂ္ဂိုလ်ဖြစ်သောကြောင့် ယခုဘဝတွင်လည်း အချိန်မရွေး မဂ်ကိုရနိုင်၏။ ယခုဘဝတွင် မဂ်မရလျှင် လာမည့်ဘဝတွင် မဂ်ကိုရရှိမည်မှာ မြေကြီးလက်ခတ်မလွဲတော့ပေ။

စူဠသောတာပန် ပုဂ္ဂိုလ်ဟူသည် ထိုသို့သဘောရှိ၏။ ဝိပဿနာတရားတော်ကို ပွားများအားထုတ်သော ပုဂ္ဂိုလ်များ အလွန်မှ အားတက်ဖွယ်ကောင်း၏။ ကြိုးစားရန်လည်း သင့်၏။

*****

နောက်ပုဂ္ဂိုလ်လေးမျိုးကို ထုတ်ပြဦးမည်။ ဤပုဂ္ဂိုလ်လေးမျိုးသည်ကား ဝိပဿနာတရားတော်ကို ပွားများအားထုတ်နေကြသော ပုဂ္ဂိုလ်များ မိမိတို့၏ ကိုယ်ပိုင်အဆင့်ကို နားလည်သတ်မှတ်ရန်အတွက် ဖြစ်၏။ ထို့ကြောင့် မှတ်သား



www.burmeseclassic.com

www.burmeseclassic.com

ထားရန်သင့်၏။ အဖတ်ရခက်မည်စိုး၍ မြန်မာပြန်သက်သက်ဖြင့်သာ ရေးသားသွားမည်။

၁။ တရားတော်ကို အကျဉ်းနာကြားရုံဖြင့် ရနိုင်သော ပုဂ္ဂိုလ်၊

၂။ တရားတော်ကို အကျယ်နာကြားမှ ရနိုင်သော ပုဂ္ဂိုလ်၊

၃။ တရားတော်ကို အကျဉ်း/အကျယ် နာကြားသော်လည်း မရနိုင်ဘဲ ကြိုးစားပြီး ရှုမှတ်ပွားများမှ ရနိုင်သော ပုဂ္ဂိုလ်၊

၄။ တရားတော်ကို အကျဉ်း/အကျယ် နာကြား ရှုမှတ်ပွားများသော်လည်း သည်ဘဝတွင် မဂ်ကို မရနိုင်သော ပုဂ္ဂိုလ် (ကံနည်းလွန်းသောကြောင့် ဒါန၊ သီလမျှဖြင့်သာ ကျေနပ်ပြီး နေရသော ပုဂ္ဂိုလ်)

ဤပုဂ္ဂိုလ်လေးမျိုးကို နားလည်လွယ်စေရန်အတွက် အကြောင်းဝတ္ထုများ ထည့်ရှင်းပြမှ သင့်မည်ထင်သည်။ ထို့ကြောင့် လိုအပ်သလို အကြောင်းဝတ္ထုများကို အကျဉ်းမျှ ထည့်ပြရလျှင်...

၁။ တရားတော်ကို အကျဉ်းမျှ နာကြား၍ရသော ပုဂ္ဂိုလ်များ ဟူသည်မှာ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် စသော ဉာဏ်ထက်သည့် ပုဂ္ဂိုလ်တို့သည် တရားတော်ကို အကျဉ်းမျှ နာကြားရုံဖြင့် မဂ်ကိုရရှိတော်မူကြသည်။ ပါရမီထူး/ပါရမီပြည့်သော ပုဂ္ဂိုလ်များဖြစ်သည်။ တစ်နည်းအားဖြင့် ပါရီဉာဏ်ရင့်သန်သော ပုဂ္ဂိုလ်များဟုလည်း ဆိုရသည်။

၂။ တရားတော်ကို အကျယ်နာကြားမှ ရရှိကြသော ပုဂ္ဂိုလ်များမှာ အရှင်အာနန္ဒာ စသော ပုဂ္ဂိုလ်များဖြစ်သည်။ အရှင်အာနန္ဒာသည် ဘုရားရှင် ဟောတော်မူသော တရားတော်များကို အကျဉ်းအားဖြင့် မပြတ်နာကြားလာခဲ့သော်လည်း မဂ်ကို မရခဲ့ပေ။ အရှင်ပုဏ္ဏ၏ တရားတော်ကို နာကြားရမှ သောတာပတ္တိမဂ်ကို ရရှိတော်မူသည်။

အရှင်ပုဏ္ဏဟောသော တရားတော်မှာ မြတ်စွာဘုရားရှင် ဟောတော်မူပြီးသော တရားတော်သာဖြစ်၍ အရှင်အာနန္ဒာ အကျဉ်းအားဖြင့် နာကြားပြီး အာဂုံဆောင်ထားသော တရားတော်လည်း ဖြစ်သည်။ သို့သော်လည်း အရှင်အာနန္ဒာသည် ဘုရားရှင်၏ အထံတော်မှ တရားတော်ကို အကျဉ်းနာကြားတော်မူစဉ်က မရခဲ့ဘဲ အရှင်ပုဏ္ဏအထံတော်မှ အကျယ်ကို နာကြားရမှ သောတာပတ္တိမဂ်ကို ရရှိလေသည်။

၃။ တရားတော်ကို အကျဉ်း/အကျယ် နာကြားသော်လည်း မရနိုင်ဘဲ ဆက်လက်ပြီး ရှုမှတ်ပွားများမှ မဂ်ကို ရရှိသော ပုဂ္ဂိုလ်များသည်ကား မြောက်မြားစွာ၊ မရေမတွက်နိုင်အောင်ပင် ရှိလေသည်။ ဘုရားရှင်၏ အထံတော်မှ ကမ္မဋ္ဌာန်းတောင်း(ဝိပဿနာတရားတော်ကို နာကြားမှတ်သား)ပြီး တောတောင်စသော သင့်လျော်ရာကို သွားကာ တရားရှုမှတ်ပွားများ အားထုတ်ကြသည်။

တစ်လ၊ တစ်ဝါ၊ တစ်နှစ် စသည်ဖြင့် တရားရှုမှတ်ပွားများ အားထုတ်မှ မဂ်ဖိုလ်စသော တရားထူးကို ရရှိကြသည်။ ထိုထိုပုဂ္ဂိုလ်များကိုမူ မေတ္တသုတ်တရားတော်ကို ကြည့်ခြင်းအားဖြင့်ပင် သိနိုင်လေသည်။ ထို့ကြောင့် ဤအကြောင်းနှင့်ပတ်သက်ပြီး အကျယ်ကိုဆိုရန်ပင် မလိုတော့ပေ။

၄။ တရားတော်ကို အကျဉ်း/အကျယ် နာကြားပြီး ရှုမှတ်ပွားများသော်လည်း မဂ်ကို မရနိုင်ကြသော ပုဂ္ဂိုလ်များမှာ ကံနည်းခြင်း၊ ဉာဏ်နည်းခြင်း၊ ပါရမီနုသေးခြင်း၊ ဇွဲ,ဝီရိယ နည်းခြင်း စသော အားနည်းချက်များစွာတို့ ရှိနေကြသည့် ပုဂ္ဂိုလ်များသာ ဖြစ်ကြသည်။

ထိုထိုပုဂ္ဂိုလ်များမှာ ဘုရားရှင်လက်ထက်တော်မှ ယခုကာလတိုင်အောင်ပင် ရှိကြလေသည်။ ပါရမီနုသေးသော ပုဂ္ဂိုလ်များဟူ၍သာ ဆိုရပေမည်။ အားလျှော့ဖွယ်လည်း မလိုပေ။ ဒါန၊ သီလ၊ ဘာဝနာ စသော တရားတော်များကို ကြိုးစားပြီး ဖြည့်ကျင့်ရန်သာ ရှိတော့သည်။

တရားသားများကို မသွားသေးဘဲ ဤအကြောင်းများကိုလည်း အကျယ်ရေးနေခြင်းမှာ ဝိပဿနာတရားတော်ကို လိုက်စားကြသော ပုဂ္ဂိုလ်များအတွက် သိထားရန် အထူးလိုအပ်သောကြောင့် ဖြစ်၏။ သို့မှ မိမိကိုယ်မိမိ နားလည်ကြမည်လည်း ဖြစ်၏။


*(ဆက်ရန်)*

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# လူထဲကဘဝ ဘဝထဲကလူ

၇၁

## မရှေ့သော ကျောက်တုံးကို တွန်းကြခြင်း

လွန်ခဲ့သည့် ရက်သတ္တပတ်ခန့်က ကျွန်ုပ်နှင့် ညီရင်းအစ်ကိုသဖွယ် ချစ်ခင်ခဲ့သောသူတစ်ယောက် ကင်ဆာရောဂါဖြင့် ဆုံးပါးခဲ့ရ၏။ သူ့နာမည် ကိုမြင့်တိုးဖြစ်သော်လည်း ကျွန်ုပ်တို့ကမူ အဖျားခွတ်၍ ကိုတိုးဟုသာ ခေါ်ပါ၏။ သူသည် အရက်မသောက်၊ ဆေးလိပ်မသောက်သော်လည်း ကွမ်းကိုမူ အလွန်အကျွံ စားသူဖြစ်ပါ၏။ ကွမ်းယာကြိုက်သူတို့၏ ထုံးစံအတိုင်း ပါးစောင်တွင် ကွမ်းအမြဲငုံထားလေ့ရှိ၏။

စကားပြောသောအခါ ကွမ်းငုံရင်းပြောရသဖြင့် ဗလုံးဗထွေးအမြဲဖြစ်၏။ များသောအားဖြင့် ကွမ်းကို ပါးစောင်တွင် အမြဲငုံထားလေ့ရှိသူများသည်, စကားများများပြောကျင့်မရှိကြတော့ပေ။ စကားပြောသည်ထက် သူများပြောသည့်စကားကို နားထောင်သည့်အလေ့အထ ဖြစ်လာခဲ့တော့၏။ စကားပြောခြင်းထက် ကွမ်းကိုငုံ၍ မြုံ့ကာ ကွမ်းအရသာခံ၍ နေရခြင်းကို ပိုပြီးခုံမင်နှစ်သက်သူများ ဖြစ်ကြ၏။

■ လင်းရောင်တင် ■

www.burmeseclassic.com

www.burmeseclassic.com

ကိုတိုးသည် အေးအေးဆေးဆေးနေတတ်သော်လည်း စေတနာကောင်း ရှိပါ၏။ ကျွေးချင်မွေးချင်၊ ပေးချင်ကမ်းချင် စိတ်တွေရှိပါ၏။ ကျွန်ုပ်နှမ်းပါးစဉ်ကာလက ကျွန်ုပ် သူ့ထံ သွားလျှင် ကောင်းစွာကျွေးမွေးဧည့်ခံသည့်အပြင် သက်သတ်လွတ်သမားဖြစ်သော ကျွန်ုပ်အား သစ်သီးဝလံတွေ တစ်ထုပ်တစ်ပိုး ဝယ်ခြမ်း၍ အမြဲပေးတတ်၏။ သူသည် ရောက်သီးပွဲရုံပိုင်ရှင်ဖြစ်၍ စီးပွားလမ်းကြောင်း ဖြောင့်တန်းနေသောကြောင့်လည်း ကျွန်ုပ်အား ပံ့ပိုးနိုင်ခြင်းဖြစ်ပါ၏။

သို့သော် ငွေကြေးအနေနှင့် ပံ့ပိုးဖူးခြင်းမရှိလှဘဲ ကျွန်ုပ်ကလည်း မလိုအပ်ဘဲ အကူအညီမတောင်းခဲ့ချေ။

သူနှင့် ကျွန်ုပ်သည် အသက်သုံးဆယ်ကျော်ကာလတွင် တွေ့ခဲ့ကြသည့် မိတ်ဆွေများဖြစ်သဖြင့် ပုတီးစိပ်အတူတူ၊ ဘုရားသွားကျောင်းတက်အတူတူ ဖြစ်သောကြောင့် ကြီးကြီးကျယ်ကျယ်ပြောရလျှင် ပဋ္ဌာန်းဆက်မှမိတ်ဆွေများလည်း ဖြစ်ကြပါ၏။ သူ့အသက် ခြောက်ဆယ်နီးပါးအရွယ်တွင် ကင်ဆာရောဂါဖြစ်တည်နေပြီဆိုသောအခါ ကျွန်ုပ်စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရ၏။

"ခွဲရမှာလား"

ဟု ကျွန်ုပ်ကမေးသောအခါ သူက ခေါင်းကိုယမ်းလျက်

"ဟင့်အင်း မခွဲရဘူး။ ကင်ဆာဆဲလ်တွေကိုသတ်ဖို့ ဆေးသွင်းရမယ်ပြောတယ်။ နှစ်ပတ်တစ်ခါ သွင်းရမယ်။ အားလုံး သုံးကြိမ်ပြည့်အောင် သွင်းရမယ်"ဟု ပြန်ပြောလေ၏။

"အဲသလို သုံးလုံးထိုးပြီးရင် ကင်ဆာရောဂါ အမြစ်ပြတ်သွားမှာတဲ့လား"

"ဟုတ်တယ်၊ ဆက်ပြီးမဖြစ်တော့ဘူးလို့ ပြောတယ်။ ဒါပေမယ့် ဆေးသွင်းတဲ့အခါမှာတော့ ဝေဒနာခံစားရမယ်ပြောတယ်။ ထမင်းစားပျက်မယ်ပြောတယ်"

"စဉ်းတော့စဉ်းစားဦးပေါ့ ကိုတိုးရယ်။ ဆေးသွင်းတဲ့အခါ ဘယ်လောက်ပေးရမှာလဲ"

"တစ်ကြိမ်ကို ခြောက်သောင်း။ ခုနစ်သောင်းကနေ နှစ်သိန်းအထိ အစားစားရှိတယ်ပြောတယ်"

ကျွန်ုပ် အရှည်ကြီးစဉ်းစားမိသော်လည်း သူ့ကို ဟန့်တားရန် မသင့်သဖြင့် ခပ်မဆိတ်ပင် နေခဲ့မိသည်။ သူ့ဆန္ဒကို တီးခေါက်ကြည့်မိသောအခါ သူက ကင်ဆာပျောက်ဆေးသွင်းရန် ဆန္ဒပြင်းထန်နေသည်ကို သိရသဖြင့် ပို၍ မတားမြစ်သင့်ဟု ယူဆခဲ့မိ၏။ သမီးများကလည်း ဆေးသွင်းစေချင်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ ဦးရယ်။ ကုလို့ရမယ်ဆိုရင်တော့ ဖေဖေ့အတွက် သမီးတို့က အစွမ်းကုန်ကြိုးစားရမှာပေါ့နော်။ ဒါပေမယ့် အတင်းတော့မလုပ်ပါဘူး။ ဖေဖေ့ဆန္ဒရှိမှ လုပ်မှာပါ။ ဖေဖေ့သဘောအတိုင်းပါပဲ။ ဘယ်လောက်ကုန်ကုန် သမီးတို့က ရှာဖွေကုရမှာပဲ"

သားသမီးကောင်းတို့၏ ဆန္ဒမှန်ကိုသိရသဖြင့် ဝမ်းမြောက်မိသော်လည်း ကျွန်ုပ်ရင်ထဲတွင်မူ တထင့်ထင့်ဖြစ်နေမိ၏။

"ဆေးသွင်းပြီးတဲ့အခါမှာတော့ ဝေဒနာခံစားရမယ်ပြောတယ်။ ထမင်းစားပျက်မယ်ပြောတယ်"

ဆိုသည့်စကားကိုမူ နားထဲက မထွက်။ ဆေးမသွင်းမီ တွေ့နေရသည့် သူ့အခြေအနေမှာ ဆိုးဆိုးရွားရွား ဝေဒနာခံစားနေရပုံမပေါ်။ နည်းနည်းပါးပါး အောင့်သက်သက်ဖြစ်နေရုံသာရှိ၏။ ရယ်ရယ်မောမော ပြောပြောဆိုဆို နေနိုင်သေး၏။ ဆေးသွင်းပြီး ဝေဒနာခံစားရချိန်မှာ ဘယ်လောက်ထိ ဖြစ်နိုင်သလဲဟု မေးကြည့်သောအခါ ပူလောင်လွန်း၍ လူးလိမ့်နေရလိမ့်မည် ဆို၏။ သူ့ကိုခန္ဓာက ပါးပါးလျားလျား ဖြစ်နေသောကြောင့်. . .

"မောင်ရင် ဆေးဒဏ်ကိုခံနိုင်မှာလား"

ဟု မေးဖြစ်ခဲ့၏။ သူက. . .

"ရောဂါပျောက်မယ်ဆိုရင်တော့ ကျိတ်မှိတ်ပြီးခံရမှာပေါ့ ကိုလင်းရယ်"ဟု မတုံ့မရဲလေးသံဖြင့် ပြောခဲ့၏။

"ရောဂါပျောက်မယ်ဆိုတာရော သေချာလို့လား"

"သေချာတယ်လို့တော့ ပြောတာပဲ"

သူ့ခမျာ ရောဂါပျောက်ချင်ဇောဖြင့် "သေချာတယ်" ဆိုသောစကားကို များစွာယုံကြည်နေပုံရ၏။ အမှန်တကယ်၌မူ "သေချာသည်"ဆိုသော သဘောသည် လောကတွင်မရှိ။ မသေချာမရေရာခြင်းသည်သာ သေချာစွာဖြစ်လေ့ရှိ၏။ "ကောင်းသွားမှာပါ"ဟူသော ပြောစကားများစွာအောက်တွင် အသက်ဇီဝိန်ကြွေလွင့်သွားခဲ့ရသည့် လူနာများစွာရှိပါ၏။ တခြားမကြည့်နှင့်၊ မနှစ်တစ်နှစ်က ကွယ်လွန်သွားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ မောင်သက်ပိုင်ကိုပဲကြည့်။

သူက အဆုတ်ကင်ဆာရောဂါ ဖြစ်ခဲ့သူ။ (ကင်ဆာဟု ယူဆခြင်းဖြစ်၏။) ခန္ဓာကိုယ်မှာ ထူးထူးခြားခြား ဟခံနိုင်အောင် နာကျင်ခြင်းဝေဒနာ မရှိ။ အဆုတ်နေရာက အောင့်သလားဟုမေးသော်လည်း ဘယ်နေရာမှ အောင့်ခြင်း၊ နာခြင်း မရှိ။ ညည အနည်းငယ်ဖျားချင်သည့် သဘောလောက်သာ ရှိသည်။ သို့သော်လည်း ကင်ဆာဟု ကင်ပွန်းတပ်သည်။ စုံစမ်းကြည့်သောအခါ ကင်ဆာဟု သေချာလျှင် ကုစ၍မရနိုင်ကော့။ ခွဲလည်း ခွဲခွဲသာရှိမည်ဟု ဆိုကြ၏။

သို့ဖြစ်၍ ကျွန်ုပ်က ချက်ချင်းမခွဲဘဲ စဉ်းစားဖို့၊ စောင့်ကြည့်ဖို့ ပြောခဲ့၏။ မောင်သက်ပိုင်က ဆန္ဒစော၏။

"ဆရာတွေပဲကွာ၊ ကိုယ့်ထက်ပိုသိတာပေါ့။ ကင်ဆာဖြစ်နေပြီလို့ ခန့်မှန်းတာ ဖြစ်လို့ပေါ့။ ဖြစ်ရင် ကုရမှာပေါ့"

"ကုရင် ဘယ်လောက်ကုန်နိုင်သလဲဗျ"

"ဆယ့်နှစ်သိန်းလောက်တော့ ကုန်မယ်ပြောတယ်"

"ခင်ဗျားမှာ အဲဒီ ဆယ့်နှစ်သိန်း အသင့်ရှိလား"

"သမီးတွေ ရှာရမှာပေါ့ကွာ"

"ခွဲပြီးရင် ကောင်းသွားမှာလား"

"၆၅ ရာခိုင်နှုန်းတော့ မျှော်လင့်ချက်ရှိတယ်ပြောတာပဲ"

အမှန်စင်စစ် ခြောက်ဆယ့်ငါးရာခိုင်နှုန်းဆိုသည်မှာ အသေအချာ မျှော်လင့်နိုင်သည့် ရာခိုင်နှုန်းမဟုတ်ချေ။ သို့သော်လည်း ကျွန်ုပ် ဗုဒ္ဓဂယာ ဘုရားဖူးသို့သွားနေစဉ်မှာပင် မောင်သက်ပိုင်သည် ခွဲစိတ်ကုသမှု ခံယူလိုက်၏။ ခွဲပြီးချိန်မှာပင် နောက်နှစ်လသာ ခံတော့မည်ဆိုသော အဖြေထွက်လာ၏။

"နောက်နှစ်လသာ ခံတော့မည်"ဆိုသော အဖြေစကားအတွက် အစမ်းသပ်ခံပြီး အခွဲခံကာ ဆယ့်နှစ်သိန်း အကုန်အကျခံလိုက်ရ၏။ အမှန်တကယ်လည်း နှစ်လမပြည့်တတ်သေးခင်မှာပင် ဆုံးပါးသွားခဲ့ရ၏။ သေမည့်အတူတူ နာကျင်မှု သက်သာနိုင်မည့် သောက်ဆေး၊ ထိုးဆေးကလေးများနှင့် အသက်ဆက်ရပါလျှင် ယခုထက် အသက်ပိုမရှည်သွားနိုင်ဘူးလား။ ကျွန်ုပ်စဉ်းစားမိ၏။ (အမှန်စင်စစ်မှု ခွဲစိတ်ကုသသည့်အချိန်အထိ သူ့ခန္ဓာကိုယ်မှာ ကိုက်ခဲနာကျင်မှု ဘာမျှမရှိသေးဘဲ ခွဲလိုက်ခြင်းဖြစ်၏။) ခွဲပြီးသည်နှင့် ချက်ချင်း လူမမာပက်လက်၊ အစာမစားနိုင်၊ မလှုပ်နိုင်၊ မသွားနိုင်ဖြစ်၏။ ပြီးသည်နှင့် ချက်ချင်းအသက်ထွက်သွား . . .။ သည်ကိစ္စအား စဉ်းစားကြည့်စေချင်သည့်သဘောမျှသာ တင်ပြခြင်းဖြစ်ပါ၏။ ကျွန်ုပ် ယနေ့ခေတ် ဆေးလောကကို ရှုံ့ချလိုခြင်း မဟုတ်ပါ။

ခွဲလျှင် သေမည့်အတူတူ မခွဲမစိတ်ဘဲ (မကုန်ကျဘဲ) တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားလျှင်ကော မရနိုင်ဘူးလား။ သာမန်နဂိုနေ နာကျင်မှု ဘာမှမပြဘဲ ချက်ချင်း ရက်ပိုင်း၊ လပိုင်းအတွင်း လူ့လောကအား နှုတ်ဆက်ထွက်ခွာသွားရသည့်အတွက် တန်ရာတန်ကြေးမဟုတ် ဟူ၍ထင်မိ၏။ ယခုကိုမြင့်တိုး၏ ကင်ဆာကိစ္စသည်လည်း ထိုနည်းလည်းကောင်း။

ကင်ဆာချေဖျက်သည့်ဆေးကို သုံးကြိမ်သွင်းလျှင် နောက်ထပ် ရောဂါမဖြစ်နိုင်တော့။ အကောင်းပကတိရှိမည်ဆို၍ ကိုမြင့်တိုးသည် လွန်စွာခံရခက်သော ကင်ဆာချေဖျက်ဆေးကို သွင်းရန်ဆုံးဖြတ်ခဲ့၏။ ပထမတစ်ကြိမ်သွင်းသည့်အခါမှာပင် ပူလွန်းလောင်လွန်းသည့်ဒဏ်ကြောင့် လိမ့်နေ၏။ ထမင်းလည်း လေးငါးဆယ်ရက် မစားနိုင်တော့။ ခန္ဓာကိုယ်မှာလည်း ယူပစ်သလို ပါးလျားသွား၏။

ဆေးမသွင်းခင်နှင့် ဆေးသွင်းပြီးချိန် ဘာမှမဆိုင်တော့။ သူ့ကိုယ်သူ မည်သို့ခံစားရမည် မသိ။ သူ့ကိုကြည့်ရင်း ကျွန်ုပ်ရင်ထဲမှာ စိတ်ညစ်ညူးသွားမိ၏။ ဒုတိယတစ်ကြိမ် သွင်းပြန်၏။ ပူပြင်းလောင်မြိုက်သော ဝေဒနာကို လိမ့်နေလူးနေအောင် ခံစားရပြန်၏။ ထမင်းစား လေးငါးဆယ်ရက် ပျက်ပြန်၏။ ကိုယ်အလေးချိန် ပို၍ ထပ်ကျသွားဟန်ရှိ၏။ လေသံမှာလည်း ဆေးမသွင်းမီကလို ခပ်မာမာမဟုတ်တော့။ ခပ်ဖျော့ဖျော့လေးသာ ပြောနိုင်ရှာတော့၏။

တတိယအကြိမ်။ သည်တစ်ကြိမ် နောက်ဆုံးဆိုပြီး သူခမျာ တင်းခံရှာပြန်၏။ တတိယအကြိမ် ဆိုးရွားသော ဝေဒနာခံစားရာရပြီးနောက် ကျွန်ုပ် ထပ်မံမတွေ့ရတော့ဘဲ သုံးကြိမ်ပြီး၍ နောက်ထပ် စတုတ္ထအကြိမ် သွင်းရဦးမည်ဆိုကာ ကျွန်ုပ်နှင့် ထပ်မံတွေ့သည့်အချိန်တွင်မူ သူ့ခမျာ ခပ်ယဲ့ယဲ့သာ ရှိရှာတော့၏။

"သုံးကြိမ်သွင်းပြီးရင် ကင်ဆာရောဂါ လုံးဝပျောက်



www.burmeseclassic.com

www.burmeseclassic.com

ပြီဆို။ နောက်ထပ်မဖြစ်တော့ဘူးဆို"

ကျွန်ုပ်က တအံ့တသြ မေးမိ၏။

"စိတ်ချသွားရအောင်၊ အမြစ်ပြတ်သွားရအောင် လေးကြိမ်တော့ သွင်းမှဖြစ်မယ်လို့ ပြောတာနဲ့ ကိုလင်းရယ်၊ လာသွင်းရတာပဲ။ မထူးတော့ဘူးလေ"

"တစ်ကြိမ်ဆေးသွင်းခ ဘယ်လောက်ကျသလဲ"ဟု မေးမိသောအခါ သူက…

"သမီးတွေက မထူးပါဘူး အဖေရယ်၊ သွင်းမယ့်သွင်းတော့လည်း ဆေးကောင်းသွင်းတာပေါ့ဆိုပြီး ဈေးအကြီးဆုံးပေးရတဲ့ ဆေးသွင်းတယ်။ တစ်ခါသွင်းရင် နှစ်သိန်းကျတယ်"

ဟု ပြန်ဖြေရှာ၏။

တစ်ခါသွင်းရင် နှစ်သိန်းဆိုတော့ လေးခါသွင်းတော့ ရှစ်သိန်းပေါ့။ စစ်တာဆေးတာ ဘာညာနှင့် ဆယ့်လေးငါးသိန်း ကျသွားခဲ့ပြီဖြစ်၏။ လူက အရိုးပေါ်အရေတင်။ ကြည့်ရက်စရာမရှိတော့။ လေသံလေးက ထွက်သည်ဆိုရုံမျှ။ နောက်ဆုံးတွင် ရန်ကုန်ဆေးရုံကြီးသို့ ရောက်တော့၏။ ဆေးရုံကြီးမှ ပြန်ဆင်း၍ ဘာမျှမကြာလိုက်။ သူနာရေးသတင်းကို ဖုန်းထဲမှ ကြားရလေတော့၏။ ထိုသို့ဖြစ်သင့်ပါသလား။ မရွှေနိုင်သည့် ကျောက်တုံးကြီးကို တွန်းနေသည်မှာ အလုပ်လုပ်ခြင်း မဟုတ်ဟု သိပ္ပံပညာရှင် နယူတန်က ဆိုခဲ့ဖူး၏။

မပျောက်မှန်းသိနေသည့် ရောဂါကို ငွေကြေးများစွာ ယူ၍ ကုကြသည့်ကိစ္စကို မည်သို့ ဝေဖန်မည်နည်း။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ တူမဖြစ်သူတစ်ဦးနှင့် စကားစပ်မိကြသောအခါ…

"သမီးအမေ ဆေးရုံတက်တုန်းက အဲသလို ကင်ဆာရောဂါချေဖျက်တဲ့ဆေးတွေ သွင်းကြတာ တွေ့ဖူးတယ်။ သုံးကြိမ်၊ လေးကြိမ်သွင်းရတာပဲ။ ဆေးသွင်းပြီးရင်လည်း အသည်းအသန် ဝေဒနာခံစားကြရတယ်။ ပြီးတော့လည်း ဘာမှမထူးပါဘူး ဦးရယ်၊ သေတာပါပဲ။ ရှင်တဲ့လူရယ်လို့ မရှိသလောက်ပါပဲ။ ဝေဒနာပြင်းပြင်းထန်ထန်ခံစားပြီး သေမယ့်ကိစ္စကို ငွေတွေအများကြီးပေးကြရသေးတယ်။ သမီးတော့ မစဉ်းစားတတ်အောင်ပါပဲ"

တူမချောပြောသမျှ ခေါင်းတညိတ်ညိတ် နားထောင်ရင်း ဆိုးရွားသော ကင်ဆာရောဂါအကြောင်း စဉ်းစားမိသည်။ စင်စစ် ကင်ဆာရောဂါဆိုသည်မှာ မြန်မာလို မြစ်ပွားနာဖြစ်၏။ ကင်ဆာဖြစ်ရာဖြစ်ကြောင်းကိစ္စများထဲတွင် ဆေးလိပ်၊ အရက်၊ ကွမ်း စသည့် အာဟာရအတွက် အဓိကမကျသော အပိုဒုက္ခရှာသည့်ကိစ္စတွေကြောင့် အဖြစ်များ၏။

အသားတွေကြောင့်လည်း ကင်ဆာရောဂါဖြစ်တတ်သည်ဟု ဆိုကြပြန်သေး၏။ အနီရောင်အသားများဖြစ်ကြသော ဝက်သား၊ အမဲသား၊ ဆိတ်သား စသည့် အသားများသည် ကင်ဆာရောဂါဖြစ်စေရန် အားပေးကြသည်ဆို၏။

## ဘုရားကူ ကုခြင်း

ကုသ၍မနိုင်နိုင်သော ရောဂါများ ဖြစ်လာသောအခါ လူများသည် ကံကို ပို၍အားကိုးလာကြ၏။ ကံနိမ့်သည်ကို မြှင့်ချင်လာကြ၏။ ယတြာများ ချေကြ၏။ ဘုရားတရားကို အားကိုးလာကြ၏။ ထိုသို့ဖြစ်ရခြင်းမှာလည်း သဘာဝကျပါ၏။

"ဘုရားဖက်တော့ အသက်ရှည်၊
တရားဖက်တော့ အမျက်မြေ၊
သံဃာဖက်တော့ အခက်ဝေ"

ဆိုသည့် မြန်မာတို့ ဆိုရိုးရှိပါ၏။ အမှန်တကယ်လည်း ဘုရားဖက်က အသက်ရှည်ကြသည်မှာ များပါ၏။ ဘုရားဖက်သဖြင့် အသက်ဆက်ပြီး ဆရာဝန်က ခြောက်လသာနေရတော့မည်ဆိုသည့် လူနာမှာ ဆယ့်ခြောက်နှစ်ခန့် အသက်ရှည်သွားသည်ကိုလည်း တွေ့ရဖူးပါ၏။ တစ်ချိန်က အဆုတ်ကင်ဆာကြောင့် လပိုင်းအတွင်း သေတော့မည်ဟု ပြောသော်လည်း ယခုထက်တိုင် မသေနိုင်သေးဘဲ ဟန်နှင့်ပန်နှင့် အသက်ရှည်နေသေးသော စာရေးဆရာကြီးတစ်ဦးလည်း ရှိပါသေး၏။ အသက်ဆက်စေသည့် ယတြာများ အမျိုးမျိုးရှိပါ၏။ များသောအားဖြင့် ကာယကံရှင်လူနာ တစ်ညဝတ်အိပ်သည့် အင်္ကျီအဝတ်အစားတစ်စုံကို နောက်နေ့မနက် မိုးလင်းသောအခါ လူအများသွားလာသည့် လမ်းဆုံလမ်းခွသို့ သွားပြီး စွန့်ပစ်လိုက်သည့်နည်းသည် အလွယ်ကူဆုံးဖြစ်ပါ၏။

ထိုနည်းကို ပုံသကူစွန့်သည်ဟု ခေါ်၏။ ထိုသို့ ပုံသကူ စွန့်သောအခါ နေမကောင်းသူက ချွတ်လဲလိုက်ပြီး စွန့်မည့် အဝတ်အစားကို နောက်ထပ်မထိမကိုင်တော့ဘဲ တခြားသူ


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်က ယူသွားပြီး စွန့်လွှတ်လိုက်ပါက ပို၍ထိရောက်ပါ၏။ ကာယကံရှင်၏ အငွေ့အသက်များပါသော အဝတ်အစားကို နောက်ထပ်မထိကိုင်စေလိုသည့် သဘော ဖြစ်ပါ၏။

နောက်တစ်နည်းမှာ ကာယကံရှင် နေ့နံအသားကို ဘုရားရှင်ထံ အပ်နှံထားခြင်းဖြင့် ကောင်းမွန်သက်သာလာစေသည့် နည်းဖြစ်ပါ၏။ နေ့နံသားဆိုသည်မှာ ဥပမာ တနင်္ဂနွေသား မကျန်းမမာဖြစ်လျှင် အုန်းသားလက်တစ်ဆစ်ခန့်ကို နှစ်စဖြတ်၍ ခေါင်းအုံးအောက်တွင် တစ်ညသိပ်ထားရပါ၏။ ထိုအုန်းသားအစကလေးနှစ်စကို မနက်မိုးလင်းသောအခါ ယူဆောင်ပြီး လက်အုပ်ထဲထည့်ကာ အိမ်မှာရှိသည့် ဘုရားကျောင်းဆောင်ရှေ့သို့ ယူသွားရပါ၏။ ဘုရားကျောင်းဆောင်ရှေ့တွင် လက်အုပ်ချီပြီး…

"တနင်္ဂနွေသားရဲ့ ရုပ်ခန္ဓာနှစ်ပါးကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား အပ်နှံပါတယ်ဘုရား။ တနင်္ဂနွေသား အမြန်ဆုံး ကျန်းမာချမ်းသာရပါလို၏"

ဟူ၍ ဆုတောင်းကာ တစ်စကို ဘုရားကျောင်းဆောင်တွင် ထည့်ထားပြီး၊ ကျန်သည့်တစ်စကို ကာယကံရှင်၏ အင်္ကျီအိတ်၊ ပိုက်ဆံအိတ် စသည့်နေရာများတွင်ထည့်ကာ ဆောင်ထားရခြင်းဖြစ်၏။

ဤနေရာတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်စူးလျက် ရောဂါများပျောက်စေတတ်သည့် ဂါထာတော်တစ်ပုဒ်ကို တင်ပြရန် သတိရလာ၏။ ထိုဂါထာတော်ကို "ရောဂါမျိုးစုံပျောက်စေတတ်သော ဂါထာ"ဟူ၍ အမည်ပေးထား၏။

## ရောဂါမျိုးစုံ ပျောက်စေတတ်သော ဂါထာတော်

ဣတိ သောမ ပဌာန်
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဣတိ သောမ ပဌာန်
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဣတိ သောမ ပဌာန်
သံဃံ သရဏံ ဂစ္ဆာမိ။

ဣတိ သောမ ပဌာန် ဆိုသော စာတစ်ပိုဒ်ရလျှင် အားလုံးရသွားသည့်သဘော ဖြစ်၏။ သရဏဂုံသုံးပါးကို ၁ က်တိုက်ထည့်သွင်းရွတ်ဆိုသွားရသဖြင့် ဘာမျှမခက်ချေ။ ခက်နေသည်က လူတွေသည် ယုံယုံကြည်ကြည်ဖြင့် အခေါက်ပေါင်းများစွာ ရွတ်ဆိုခြင်းမပြုဘဲ တာဝန်ကျေစပါးရောင်းသကဲ့သို့ တစ်ခေါက်နှစ်ခေါက်သာ ရွတ်လေ့ရှိသဖြင့် ရောဂါများ မပျောက်ကင်းကြခြင်း ဖြစ်၏။

ပင်စင်စားဆရာမကြီးတစ်ယောက်မှာမူ ထိုသို့မဟုတ်ချေ။ ဘုရားကိုကြည်ညိုစိတ်အပြည့်ရှိပြီး ရောဂါကိုလည်း ပျောက်ကင်းလိုစိတ် ပြင်းထန်သောကြောင့် ထိုဂါထာတော်ကို တစ်နေ့တစ်နေ့ အခေါက်ပေါင်းများစွာ ရွတ်၏။ ယုံယုံကြည်ကြည် လေးလေးနက်နက် ရွတ်၏။ လနှင့်ချီ၍ အကြိမ်ပေါင်းများစွာ ရွတ်မိသောအခါ သူ့တွင်စွဲကပ်နေသော နှလုံးရောဂါဝေဒနာကြီးမှာ ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ကင်းစင်ပပျောက်သွားခဲ့လေတော့၏။

ထိုအခါ ဆရာမကြီးကို ကုသပေးနေကြသည့် ဆရာဝန်ကြီးများလည်း မျက်စိလည်သွားကြ၏။ ဤမျှအချိန်တိုတိုအတွင်း လူကောင်းတစ်ယောက်၏ နှလုံးသားကဲ့သို့ ကောင်းမွန်သွားခြင်းကို မယုံကြည်နိုင်ကြဘဲ ရှိ၏။ ဆရာမကြီးအား

"ဘာဆေးတွေ စားသလဲ။ တခြား ဗိန္ဓောဆရာတွေ ဘာတွေနဲ့များ ကုသေးလား ဆရာမကြီး"

ဟူ၍ မေးစမ်းကြ၏။ ဆရာမကြီးက ဘယ်ဆရာနဲ့မှ မကုပါဘူး။ ဘုရားကုပဲ ကုတာပါဆိုပြီးလျှင် သူရွတ်သည့် ရောဂါပျောက်စေသည့် ဂါထာတော်အား ရှင်းပြပေးခဲ့၏။ ဆရာဝန်ကြီးများပင် အံ့ဩသွားရသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပါ၏။ နမတစ်ဦးကဲ့သို့ ခင်မင်ရင်းနှီးသော စာရေးဆရာမ မြနန်းရှင်သည်လည်း ဤဂုဏ်တော်ဂါထာတော်ကြောင့် နှလုံးရောဂါ ပျောက်ကင်းချမ်းသာဖူးကြောင်း နေလဂ္ဂနယ်တွင် ဆောင်းပါးရေးဖူး၏။ ကျွန်ုပ်အား ကျေးဇူးတင်၍ ရေးလိုက်သည့် ဆောင်းပါးပင် ဖြစ်ပါ၏။

"ဣတိသောမ ပဌာန်"ဆိုသော ပါဠိတော်ဝေါဟာရ၏ အဓိပ္ပာယ်မှာ ဤနေရာတွင် အေးငြိမ်းပါစေ ဟူ၍ အဓိပ္ပာယ်ရပါ၏။ သို့ဖြစ်၍ ရောဂါဝေဒနာ ရှိသည့်နေရာကို လက်ဖြင့် ဖိ၍ ရွတ်ဆိုက ပို၍ထိရောက်ပါ၏။ နှလုံးရောဂါဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com

နလုံးရှိရာ ဘယ်ဘက်ရင်အုံကို လက်ဖြင့်အုပ်၍ ရွတ်ရပါမည်။ ဗိုက်နာလျှင် ဗိုက်ကိုအုပ်၍ရွတ်၊ ဒူးနာလျှင် ဒူးကိုအုပ်၍ရွတ်။ ဤသို့ လေးလေးနက်နက်ရွတ်ပါလျှင် ရောဂါမျိုးစုံပျောက်ကင်း ချမ်းသာရမည်သာ ဖြစ်၏။

ပျောက်ကင်းသက်သာမှု မရှိပါက ဘုရားဂုဏ်တော် မစွမ်း၍မဟုတ်ဘဲ ရတနာသုံးပါးအပေါ် မိမိစိတ်ညွတ်နိုင်မှု၊ သဒ္ဓါတရား အားနည်းနေသောကြောင့်သာ ဖြစ်လိမ့်မည်ဟု မှတ်ယူရမည်ဖြစ်ပါ၏။ သဒ္ဓါအား ယုံကြည်မှုအရှိန်အဟုန် မြှင့်တင်နိုင်မှသာ ဘုရားကုကုရာတွင် အကျိုးရှိပါ၏။

ရှေးမြန်မာတို့၏ ကျန်းမာရေး ယတြာနည်းကောင်း တစ်ခုလည်း ရှိပါသေး၏။

## ရှေးဆရာများ၏ ကျန်းမာရေးယတြာ

ကျန်းမာရေးညံ့နေပါက ထူထူထောင်ထောင် ဖြစ်လာစေနိုင်သည့် ယတြာဖြစ်ပါ၏။ နေ့နံအသားကို တစ်လံခန့် မရလျှင် လက်သန်းတစ်တောင်ခန့် ဖြတ်၍ လုပ်ရသည့် ယတြာဖြစ်၏။ ဥပမာ တနင်္ဂနွေသားဆိုပါက အုန်းလက်ကို တစ်လံ၊ သို့မဟုတ် လက်သန်းတစ်တောင်ဖြတ်ပြီး အရင်း အဖျား မှတ်သားထားရပါမည်။ ပြီးလျှင် မိန်းကလေးဖြစ်က လက်ျာဘက်၊ ယောက်ျားလေးဖြစ်က လက်ဝဲဘက်တွင် ထားသိပ်ရမည်။ အရင်းကိုခြေရင်း၊ အဖျားကိုခေါင်းရင်းဘက် ထားရမည်။

ပြီးလျှင် ဆန်ကောင်းကောင်း(ပေါ်ဆန်းမွှေးကဲ့သို့သော ဆန်ကောင်းများ)ကို နို့ဆီဘူးခုနစ်လုံးခြင်ပါ။ ပြီးလျှင် အထုပ်သုံးထုပ်ခွဲ၍ ထုပ်ပါ။ ခေါင်းရင်းဘက်အဖျားပိုင်းမှာ တစ်ထုပ်၊ အလယ်ပိုင်းမှာ တစ်ထုပ်၊ ခြေရင်းပိုင်းမှာတစ်ထုပ်ထားပြီး အုန်းသားနှင့် ချည်ထားရပါမည်။ မနက်မိုးလင်းသောအခါ အဖျားဘက်က ဆန်ထုပ်ကို ဖြုတ်ပြီး ချက်ရမည်။

ဆွမ်းတော်တင်ရမည်။ ကျန်သည့်ဆွမ်းကို သံဃာတော်များအား လောင်းလှူရမည်။ (သင့်လျော်ရာဟင်း ချက်လှူနိုင်သည်။) ဒုတိယအလယ်ထုပ်ကို ချက်ပြီး သက်ကြီးရွယ်အို လူကြီးများအား ကျွေးမွေးရမည်။ တတိယအထုပ်ကို ခွေး၊ ကြောင်၊ ငှက် စသည့် တိရစ္ဆာန်များအား ချက်ပြုတ်ကျွေးမွေးရမည်။ အဓိပ္ပာယ်မှာ အနိမ့်အမြင့်၊ အဆင်အလွှာ အားလုံးကို ဒါနပြုပေးခြင်းဖြင့် ကုသိုလ်ယူကာ ကျန်းမာစေခြင်းဖြစ်၏။ ဤနည်းအတိုင်း တနင်္လာသားသမီး ကုံကော်၊ အင်္ဂါ ဆီးသား၊ ဗုဒ္ဓဟူးရဲယို၊ ကြာသပတေး ပေါက်၊ သောကြာ သီဟိုဠ်၊ စနေ ဒန်း စသည့် နေ့နံသားများဖြင့် ယတြာပြုနိုင်ကြပါ၏။ ငွေကုန်ကြေးကျနည်းပြီး အလွန်ထက်မြက်သည့် နည်းဖြစ်ပါ၏။ ကိစ္စပြီးပါက သက်ဆိုင်ရာ နေ့နံသားကို မြစ်ချောင်းများထဲသို့ စွန့်ပစ်ပြီး ကျန်းမာစေရန် လေးလေးနက်နက် ဆုတောင်းရ၏။

ကျန်းမာချမ်းသာကြပါစေ . . .။

*ဇေယျတုသဗ္ဗမင်္ဂလံ*

**လင်းရောင်တင်**

**ဆရာကြီးလင်းရောင်တင်**
**နေ့လက္ခဏာဗေဒ လိုတရဟောခန်းမှ**
**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**
နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။
**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်

မဟာဒွိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဇွန်လ (၄)၊ (၁၀)၊ (၁၁)၊ (၁၇)၊ (၂၄)၊ (၂၅) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဇွန်လ (၂)၊ (၆)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၃)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဇွန်လ (၁)၊ (၂)၊ (၆)၊ (၈)၊ (၁၂)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇွန်လ (၁)၊ (၄)၊ (၆)၊ (၈)၊ (၁၁)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဇွန်လ (၆)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဇွန်လ (၂)၊ (၄)၊ (၆)၊ (၉)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဇွန်လ (၁)၊ (၃)၊ (၄)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဇွန်လ (၁)၊ (၄)၊ (၈)၊ (၁၁)၊ (၁၈)၊ (၂၂)၊ (၂၅)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

■ မဟာဒွိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်

❑ ဆရာမိုးဟန်ကြွယ်

စီးရေးသမားများအနေဖြင့် အလုပ်အခြေများ ရပ်တဲ့နေလိမ့်မည်။ အိမ်တွင်းရေး၌ သဘောထားအမြင်များ ကွဲလွဲနေတတ်သည်။ ခြေထောက်၊ ခေါင်းတို့တွင် ထိခိုက်မှုဖြစ်တတ်သည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေး ညှံ့ဖျင်းလိမ့်မည်။ လူကြီးသူမများ၏ ချီးမြှင့်မြှောက်စားမှုကို ခံရတတ်သည်။ လူမျိုးခြား၏ ဒုက္ခပေးခြင်းကိုလည်း ခံရတတ်၏။ ပညာရေးအတွက် သတင်းကောင်း ကြားရတတ်သည်။ အလုပ်အကိုင်အပြောင်းအလဲ ဖြစ်မည်။ မိဘများ ရပ်ဝေးသို့ ပြောင်းရွှေ့ရတတ်၏။ လေရောဂါ၊ မူးဝေသောရောဂါဝေဒနာများ ခံစားရတတ်သည်။ ဆောင်ရွက်နေသည့်ကိစ္စများ မပြီးမပြတ် ရှိနေတတ်သည်။ ရရှိရန် ငွေကြေးများလည်း ဝင်မလာနိုင်သေးပါ။ မင်္ဂလာရှိသောကိစ္စများ ဆောင်ရွက်ရတတ်သည်။ လက်ဝတ်ရတနာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အခိုးခံရတတ်သည်။

ရေလမ်းခရီးရှည် သွားရမည်။ မိမိလက်ရှိ လုပ်ကိုင်နေသောအလုပ် အပြောင်းအလဲရှိမည်။ ကြီးသူများ၊ အာဏာရှိသူများ၏ မစမှုကို ခံရမည်။ ဘာသာရေးကိစ္စများ၌ အောင်မြင်မှုရရှိမည်။ ကမ္ဘည်းရေးထိုး အလှူမျိုးကို လှူဒါန်းရတတ်သည်။ အလုပ်ကိစ္စများတွင် စိတ်သောကများ ဖြစ်ပေါ်မည်။ လုပ်ငန်း၌ ရန်ပေါ်တတ်ပါသည်။ လူမျိုးခြားများနှင့် တွဲဖက်အလုပ်လုပ်ရတတ်သည်။ သစ်တောထွက်ပစ္စည်းများနှင့် အကျိုးပေးမည်။ မိမိကြံစည်သမျှ အောင်မြင်ဖြစ်ထွန်းပါလိမ့်မည်။ အရပ်ကိစ္စ၊ သားသမီးကိစ္စ၊ အချစ်ရေးကိစ္စများ အဆင်မပြေ ဖြစ်တတ်သည်။ ပျို့ရွယ်သူများ ချစ်သူ၏ စိတ်ကောက်ခြင်းကို ခံရတတ်သည်။ သားသမီးများအတွက် ငွေကုန်ကြေးကျများရှိမည်။ လုပ်ငန်းခွင်၌ အရှုံးပေါ်မှု၊ အိမ်ထောင်ရေး၌ အဆင်မပြေမှုများ ကြုံရတတ်သည်။ အိမ်ထောင်ဘက်၏ ပြဿနာများ မိမိထံရောက်ရှိလာတတ်သည်။ ဘုရားဖူးခရီး ထွက်ရတတ်သည်။ အလှူဒါနများ ပြုရတတ်သည်။

သားချင်းမောင်နှမများအတွက် စိတ်သောကရောက်ရတတ်သည်။ ဆရာသမားများအတွက် စိတ်မကောင်းစရာအဖြစ်နှင့် ကြုံမည်။ အချစ်ရေး၌ လိမ်လည်လှည့်ဖြားခြင်း ခံရတတ်၏။ ဤအတောအတွင်း ပစ္စည်း၊ ငွေကြေးများ ချေးငှားခြင်းမပြုသင့်ပါ။ ဆုံးရှုံးမှုများ ကြုံရတတ်၏။ မြေလုပ်ငန်း၊ ရွှေလုပ်ငန်း၊ မြေနှင့်ပတ်သက်သော လုပ်ငန်းများ အကျိုးခံစားရတတ်သည်။

ပြည်ပနိုင်ငံသို့ ရက်တိုခရီး သွားရတတ်သည်။ ရေနှင့်ပတ်သက်၍ ဘေးဥပဒ်အန္တရာယ် ကြုံရတတ်၏။ အဆုတ်အအေးမိခြင်း၊ အဆုတ်ပွခြင်း ဝေဒနာများ ခံစားရတတ်၏။ ငွေကြေးနှင့် ပတ်သက်၍ ပြဿနာဖြစ်ပွားတတ်၏။ သားသမီးများအတွက် သောကမအေး ဖြစ်လိမ့်မည်။ ကားပစ္စည်း၊ ရွှေထည်ပစ္စည်းများနှင့် အကျိုးခံစားရတတ်သည်။ ပြည်ပနှင့် ဆက်သွယ်သောအလုပ်များ လုပ်ရတတ်သည်။ အမျိုးသမီးတစ်ဦးထံမှ လက်ဆောင်ပစ္စည်းများ ရရှိတတ်သည်။ အိမ်ထောင်ဘက်ထံမှ ငွေကြေးများ ဝင်လာတတ်သည်။ ရပ်ဝေးဒေသသို့ မမျှော်လင့်ဘဲ ခရီးထွက်ရတတ်၏။ လုပ်ငန်းကောင်းများ ပေါ်လာတတ်၏။ လုပ်ဆောင်ရန် မသင့်ပါ။ ခရီးဝေးသွားရန်လည်း မသင့်ပါ။ ရှောင်လွှဲနိုင်ပါက ရှောင်လွှဲပါ။ ကျန်းမာရေးနှင့် စပ်လျဉ်း၍ သွေးနှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်ပါသည်။

**ယတြာပြုလိုပါက** · ဆီမီး ၁၀ တိုင် ဘုရားမှာ ခုနစ်ရက် ကပ်လှူပူဇော်ပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ တစ်လတာ

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်

❒ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားသည့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်လေသည်။ မိမိတို့ နိုင်ငံသားများမှာလည်း မြေသားကို ချစ်ခင်သူများပီပီ မြေသားကိုတွေ့လျှင်ဖြင့် တူးဆွစိုက်ပျိုးလိုကြပေသည်။ "စာပါ၊ စိုက်ပါ . . . စိုက်ပျိုးပါ၊ တို့များမြေပဒေသာ" ဆိုသော စကားနှင့်အညီ အာဟာရလည်းဖြစ်၊ ဗီတာမင်ဓာတ်လည်းကြွယ်ဝသည့် သစ်ပင်သီးနှံများကိုလည်း စိုက်ပျိုးကြကုန်၏။ ဝေဆာလှပသည့် ပန်းမာလာများကိုလည်း စိုက်ပျိုးကြကုန်၏။ ထိုအခါဝယ် စိုက်ပျိုးရေးရာအတွက် အကျိုးဖြစ်ထွန်းဖို့ရာအလို့ငှာ လောကီရေးရာများကို တင်ပြလိုက်ရပါသည်။

၁။ <u>သီးနှံမျိုးစေ့များ ကြဲဖို့ရာ</u>

ဇွန်လ (၄)၊ (၇)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့ကြဲဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ <u>အပွင့်၊ အသီး၊ အနံ့၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက်</u>

ဇွန်လ (၁)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၂၉)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီးအနံ့၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ပျိုးခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ <u>အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက်</u>

ဇွန်လ (၂)၊ (၉)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၇)၊ (၃၀) စသောရက်များသည် အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ <u>ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက်</u>

ဇွန်လ (၃)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၈)၊ (၃၀) စသောရက်များသည် ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်း၊ ဥအမြစ်တူးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

❒ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်

## နွယ်သာကီအောင်

နယုန်မိုးသေး မြက်သားမွေးဖို့ အချိန်ကျရောက်လာခဲ့ပေပြီ။

ကြည်လင်သန့်ရှင်းသော မိုးစက်မိုးပေါက်တို့က ကျောကော့အောင် ပူပြင်းမှုကို ခံစားခဲ့ရသော ကမ္ဘာမြေပြင်အား အေးချမ်းမှုဖြင့် နှစ်သိမ့်ပေးနေရော့သလား မသိ။ မည်သို့ဆိုစေ အေးမြသော ပြောင်းလဲခြင်းအတွက် မိမိတို့အဖို့ ကြည်နူးကျေနပ်နေကြရသည်။ မကြာမီ မိုးသီတာပုလဲစက်တို့သည် တပ်တောင်တာဗိုလ်ထုနှင့် ကမ္ဘာမြေပြင်ရှိရာသို့ အဟုန်ပြင်းစွာ ရောက်ရှိလာပေဦးတော့မည်။ ထိုအခါ ချောင်းရေကလျှံ၍ ကန်ရေတွေတိုးမည်မှာ အသေအချာ။

မိုးစက်မိုးပေါက်တို့ဖြင့် ပျိုးပင်တို့ကို အားသစ်စေလိုရင်း။ လယ်ယာသီးနှံတို့အတွက် တစ်တပ်တစ်အားမက ရှိပါစေဟု ဆန္ဒပြုရင်း . . .

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဇွန်လ (၄)၊ (၅)၊ (၁၀)၊ (၂၀)၊ (၂၆)၊ (၂၉) စသောရက်များသည် နေအိမ်တိုက်တာ၊ အဆောက်အအုံ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဇွန်လ (၁၇)၊ (၂၈) စသောရက်များသည် မော်တော်ကားများ၊ ယာဉ်အမျိုးမျိုးများ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ငါးသတ္တဝါဖမ်းဖို့ရာ**

ဇွန်လ (၃)၊ (၁၁)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၉) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသော ငါးတို့အား ဖမ်းဆီးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း/ကျောက်တွင်းများ တူးဖို့ရာ**

ဇွန်လ (၄)၊ (၇)၊ (၁၁)၊ (၁၉)၊ (၂၀)၊ (၂၉) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ**

ဇွန်လ (၄)၊ (၇)၊ (၂၁)၊ (၂၈)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ **လက်ထပ်မင်္ဂလာ ကျင်းပရာ**

ဇွန်လ (၄) (၇)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၆) စသော ရက်များသည် အာဝါဟဝိဝါဟ မင်္ဂလာပွဲများ ကျင်းပ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ခရီးဝေးကွာ သွားဖို့ရာ**

ဇွန်လ (၄) (၇)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၉) စသော ရက်များသည် ရပ်နီး၊ ရပ်ဝေးခရီးများ သွားလာဖို့ရာ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

၈။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

ဇွန်လ (၄) (၇)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာ ကျင်းပပြုလုပ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

ဇွန်လ (၇)၊ (၁၀)၊ (၂၁)၊ (၂၈)၊ (၂၉) စသော ရက်များသည် ယှဉ်ပြိုင်ဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **ကျောင်း/အိမ်ဆောက်ရာ ရက်မြတ်မဟာ**

ဇွန်လ (၂)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် ကျောင်းဆောက်ခြင်း၊ အိမ်ဆောက်ခြင်းတို့ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ရှင်ပြု၊ နားသ ပြုဖို့ရာ**

ဇွန်လ (၅)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၁၉)၊ (၂၆)၊ (၂၇) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသည့် ဘာသာရေးမင်္ဂလာများ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **အိမ်ပြောင်း၊ အိမ်သစ်တက်ဖို့ရာ**

ဇွန်လ (၁၀)၊ (၁၁)၊ (၂၀)၊ (၂၁)၊ (၂၆) စသော ရက်များသည် နေအိမ်ပြောင်းရွှေ့ခြင်း၊ ဆောက်လုပ်ပြီး အိမ်အသစ်သို့တက်ရောက်ခြင်းများအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အရောင်းအဝယ်လုပ်ဖို့ရာ**

ဇွန်လ (၄)၊ (၇)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အရောင်းအဝယ်ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

ဇွန်လ (၄)၊ (၇)၊ (၁၀)၊ (၂၁)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖို့ရာ**

ဇွန်လ (၄)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **ပညာစတင်သင်ဖို့ရာ**

ဇွန်လ (၇)၊ (၁၇)၊ (၂၁)၊ (၂၈)၊ (၂၉) စသော ရက်များသည် ပညာသစ်၊ ပညာထူးများ စတင်သင်ယူဖို့ရာ အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီ ထိုးဖို့ရာ**

ဇွန်လ (၅)၊ (၉)၊ (၁၄)၊ (၂၉) စသောရက်များ သည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ဇွန်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဇွန်လ (၄)၊ (၉)၊ (၁၄)၊ (၁၈)၊ (၂၃)၊ (၂၈) စသော ရက်များသည် 'နန္ဒာတိထိ'တွင် ကျရောက်ပါသည်။ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ၊ကျောင်း၊ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်နိုင်ကြပါသည်။

၂။ ဇွန်လ (၅)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၄)၊ (၂၉) စသောရက်များသည် 'ဘဒ္ဒါတိထိ'တွင် ကျရောက်ပါသည်။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဇွန်လ (၁)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် 'ဇယာတိထိ'တွင် ကျရောက်ပါသည်။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇွန်လ (၂)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၆) စသောရက်များသည် 'ရိတ္တာတိထိ'တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇွန်လ (၃)၊ (၈)၊ (၁၃)၊ (၁၇)၊ (၂၂)၊ (၂၇) စသောရက်များသည် 'ပုဏ္ဏာတိထိ'တွင် ကျရောက်ပါသည်။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌာန်းခံခြင်း စသော အမှုကိစ္စများကို အောင်ရွက်နိုင်ကြပါသည်။

၆။ ဇွန်လ (၂၇) ရက်သည် 'အမြိတ္တစုတ်'တွင် ကျရောက်ပါသည်။ ထိုရက်၌ မကောင်းကြံနေစေကာမူ မည်သည့်ကိစ္စမျိုးကိုမဆို ဆောင်ရွက်ပါက အောင်မြင်မှုရရှိနိုင်ပါသည်။

၇။ ဇွန်လ (၃)၊ (၅)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၄)၊ (၂၉)၊ (၂၆)၊ (၂၉) စသောရက်များသည် 'ရက်ရာဇာ'တွင် ကျရောက်ပါသည်။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးကိစ္စများတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းများကို ဆောင်ရွက်နိုင်ကြပါကြောင်း။

■ နေမျိုးထွဋ်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

Professor Dr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖယ်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာဟောကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ဓာတ်စိတ်မီးဖွားရက်၊ နေ့ကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ မြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဉာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ''စိန့်ဂေဘာ'' ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၀၀)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext : 364

---

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)

▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၈း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း(၈) စံပယ်(၅)ရိပ်သာ၊ နေပြည်တော်။ 09-31181285

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဆက်ဆက်စပ်စပ် ကျင့်သုံးရန်

မနုသဃကျော်ဝင်း(အမျိုးသားစာပေဆုရ)

တစ်နေ့သ၌ စာရေးသူသည် မိမိ၏ဘကြီး ဦးဘိုးလူနှင့် အာလာပ သလ္လာပစကားများ ပြောဆိုလျက်ရှိကြစဉ် လူရွယ်ဧည့်သည်တစ်ဦး ရောက်ရှိလာ၏။ ထိုဧည့်သည်၏အကြောင်းကို ဘာမျှမသိရသေးသော်လည်း ဘကြီး ဦးဘိုးလူ၏အကြောင်းကိုတော့ ရင်းရင်းနှီးနှီး သိရှိထားပြီးဖြစ်၍ အနည်းငယ်တင်ပြလိုပါသည်။ ဘကြီးသည် ဒုတိယကမ္ဘာစစ်မတိုင်မီကပင် မဟာဝိဇ္ဇာဘွဲ့ကို ရွှေတံဆိပ်ရရှိ အောင်မြင်ခဲ့သူဖြစ်ပြီး ထိုခေတ်တွင် ရန်ကုန်တက္ကသိုလ်၌ ကထိက၊ ထို့နောက် အစိုးရဌာနကြီးတစ်ခု၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ဝန်ထမ်းဘဝမှ သက်ပြည့်အငြိမ်းစားယူကာ စာပေကျမ်းဂန်များကို စု၊ တု၊ ပြုနေသူ ဖြစ်၏။

ဧည့်သည်လူရွယ်က သူယူဆောင်လာသော ဒေသတွက်ပစ္စည်းများ ဖြစ်ဟန်တူသည့် ငါးရံ့ခြောက်၊ ပုစွန်ခြောက်များဖြင့် ကန်တော့၏။ ဘကြီးဦးဘိုးလူက သူ့ကို လှိုက်လှိုက်လှဲလှဲ ဆုပေးစကားများ ပြောကြားပြီးနောက် -

"သူ့ရဲ့နာမည်က ကိုမြင့်အေးတဲ့။ ဘကြီး ရန်ကုန်တက္ကသိုလ်မှာ ကထိကအဖြစ် တာဝန်ထမ်းဆောင်တုန်းက ဆုံခဲ့ရတဲ့ တပည့်တစ်ဦးပေါ့ကွယ်။ အခုတော့ ဘွဲ့တွေဘာတွေရပြီး ကုန်သည်လုပ်နေတာ အတော့်ကို ကြီးပွားချမ်းသာနေပြီကွဲ့"

ဟု ထိုဧည့်သည်နှင့် မိတ်ဆက်ပေး၏။ ဘကြီးဦးဘိုးလူသည် ဧည့်သည်ဖြစ်သူ ကိုမြင့်အေးကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးနောက် -

"ငါ့တပည့်ကြီးရဲ့ လုပ်ငန်းတွေ အောင်မြင်တဲ့အကြောင်း သတင်းတွေကို ကြားရလို့ ဆရာ မုဒိတာပွားခဲ့ရပါတယ်။ မင်းရဲ့မိဘနှစ်ပါးကို အစစအရာရာ လိုလေသေးမရှိ အနီးကပ်ပြုစုလုပ်ကျွေးစောင့်ရှောက်နေတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြားသိရတဲ့အတွက် ဆရာသာမုဒေါ်ခဲ့မိပါတယ်ကွယ်။ အိမ်း…ဒါပေမယ့် မောင်မြင့်အေး သားမယားကို ပစ်ပယ်တဲ့အကြောင်း အမင်္ဂလာသတင်းကြားသိရတဲ့အတွက်တော့ စိတ်မကောင်းဖြစ်မိရတယ်ပေါ့ကွယ်''

ဘကြီး၏ပြောစကား ပထမပိုင်းကို နားထောင်ရင်း ဧည့်သည်ကိုမြင့်အေးသည် ကြည်နူးပီတိဖြစ်နေဟန်ရှိသော်လည်း အပိတ်စကားကို ကြားရသည့်အချိန်၌ မျက်နှာကွက်ခနဲ ပျက်သွားခဲ့ရလေသည်။

''ဒါကတော့ ဒီလိုရှိပါတယ် ဆရာကြီးခင်ဗျား။ ကျွန်တော်က မိဘနှစ်ပါးကို သိပ်ပြီးပြုစုစောင့်ရှောက်လွန်းတဲ့အတွက် ဇနီးဖြစ်သူက မနာလိုဝန်တိုဖြစ်ပြီး မကြာခဏဆိုသလို ငြူစူစောင်းမြောင်းတယ်။ ပြဿနာရှာတယ်။ ဒါကြောင့် ကျွန်တော်လည်း မခံနိုင်အောင်ဖြစ်ရပြီး စိတ်လိုက်မာန်ပါ ပြောပစ်လိုက်မိတယ်။ နောက်တော့ လက်ပါသွားမိရတယ်။ သူကလည်း မာနတစ်ခွဲသားနဲ့ ကလေးနှစ်ယောက်ကိုပါခေါ်ပြီး အိမ်ပေါ်က တစ်ခါတည်း ဆင်းသွားတယ်။ သူ့အဒေါ်တစ်ယောက်ရဲ့အိမ်မှာ သွားနေတယ်လေ။ ဖြစ်စဉ်အကျဉ်းကတော့ ဒါပါပဲ ဆရာကြီး။ ဒီကိစ္စမှာ ကျွန်တော်မလွန်ပါဘူး။ ကျွန်တော့်ဘက်က အမှားအယွင်းမရှိပါဘူး။ မိဘကို လုပ်ကျွေးနေတဲ့ ကျွန်တော့်လို လင်သားတစ်ယောက်အတွက် ဂုဏ်ယူရမယ့်အစား ပြဿနာရှာတဲ့ သူ့မှာသာ အပြစ်ရှိပါတယ်''

ကိုမြင့်အေး၏ စကားအဆုံး၌ ဘကြီးဦးဘိုးလူက တည်ငြိမ်စွာပြုံးလိုက်ပြီးလျှင်…

''မောင်မြင့်အေးအနေနဲ့ မိဘတွေအပေါ် သိပ်ပြီးဂရုစိုက်စောင့်ရှောက်သလို၊ ကိုယ့်ရဲ့သားမယားကိုလည်း ပစ်ပယ်မထားသင့်ဘူးကွဲ့။ ဘာကြောင့်လဲဆိုတော့ ရှင်တော်ဗုဒ္ဓဟောကြားခဲ့တဲ့ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ဆိုတာ တစ်ပါးတည်း၊ တစ်မျိုးတည်းပဲ အားထုတ်ကျင့်ကြံရတာမျိုးမဟုတ်ဘူး။ မောင်မြင့်အေးရဲ့ မိဘကို ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ မာတာပိတု ဥပဋ္ဌာန် မင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံသလို၊ တစ်ဆက်တည်းမှာပဲ သားမယားကို ပြုစုစောင့်ရှောက်ခြင်းဆိုတဲ့ ပုတ္တဒါနဿ သင်္ဂဟော မင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံအားထုတ်တယ်လို့ ဆိုနိုင်မှာပေါ့ကွယ်။

အသေဝနာစ ဗာလာနံ-လူမိုက်တွေကို ရှောင်ကြဉ်ရုံနဲ့ မပြီးသေးဘူး။ ပဏ္ဍိတာနဥ္စ သေဝနာ-ပညာရှိကို မှီဝဲဆည်းကပ်ရမယ်။ ပူဇာစ ပူဇနေယျာနံ-ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ အဲဒီလိုပဲ မင်္ဂလာတရားတော်တွေအားလုံးဟာ တစ်ပါးနဲ့တစ်ပါး ဆက်စပ်နေတယ်။ တစ်ပါးတစ်မျိုးလောက်ကိုသာ ကျင့်ကြံရုံနဲ့၊ အားထုတ်ရုံနဲ့ ပြီးပြည့်စုံတဲ့ အဖြစ်မျိုး မရောက်နိုင်ဘူး။ ဒါ့ကြောင့် မောင်မြင့်အေးအနေနဲ့ ကိုယ့်ကိုယ်ကို ပြန်ပြီးစစ်ဆေးပါ။ သုံးသပ်ပါ။ ကိုယ့်ရဲ့ အားနည်းချက်တွေကို တွေ့အောင်ရှာပါ။ အဲဒီအားနည်းချက်တွေကို ပြန်ပြီးအားဖြည့်လိုက်ရင် မောင်မြင့်အေးရဲ့ ဘဝလမ်းကြောင်းဟာ ဒီထက်ပိုပြီး သာယာဖြောင့်ဖြူးလာမှာ သေချာပါတယ်။ အမောင်ဟာ ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်တာမို့ ဆရာဆိုလိုတာ ဘာလဲဆိုတာ မင်းနားလည်နိုင်မှာပါကွာ''

ထိုမှသည် တစ်လခန့်အကြာ၌ ဘကြီးဦးဘိုးလူထံမှ မင်္ဂလာသတင်းစကားတစ်ပုဒ်ကို ကြားသိရ၏။ ထိုသတင်းသည်ကား အခြားမဟုတ်။ ကိုမြင့်အေးတစ်ယောက် သူ့ဇနီးနှင့်ကလေးနှစ်ယောက်တို့ကို သူ့အိမ်သို့ ပြန်လည်ခေါ်ယူထားပြီဖြစ်ကြောင်း၊ ယခုအခါ ကိုမြင့်အေးသည် 'စုန်ရေ' ကိုရော 'ဆန်ရေ' ကိုပါ မျှမျှတတ စီးဆင်းစေနိုင်မှု (ဝါ) မာတာပိတု ဥပဋ္ဌာန်မင်္ဂလာကိုရော၊ ပုတ္တဒါရဿသင်္ဂဟော မင်္ဂလာကိုပါ ဆက်စပ်ကျင့်သုံးတတ်မှုကြောင့် သူ့မိဘနှစ်ပါးရော၊ သားမယားတို့ပါ အလွန်ပင်စိတ်ချမ်းသာမှုရှိနေကြပြီဖြစ်ကြောင်း သတင်းကောင်းပင် ဖြစ်တော့သည်။

စာရေးသူသည် ကိုမြင့်အေးတို့မိသားစုအကြောင်း ပြန်ပြောင်းစဉ်းစားရင်း ၂၀၀၅ ခုနှစ်တုန်းက ပီကင်းတက္ကသိုလ်တွင် ကြုံတွေ့ခဲ့ရသောအတွေ့အကြုံတစ်ခုအကြောင်း ဆက်စပ်သတိရနေမိ၏။ ထိုနှစ် နိုဝင်ဘာလတွင် ပီကင်းတက္ကသိုလ်က ကြီးမှူးပြီး ပီကင်းဖိုရမ်(Peking Forum) ခေါ် ဆွေးနွေးပွဲတစ်ခုကို ကျင်းပပြုလုပ်ခဲ့၏။ ကမ္ဘာတစ်ဝန်းမှ ပညာရပ်ပိုင်းဆိုင်ရာ ပုဂ္ဂိုလ်အကျော်အမော် ၃၀၀ တို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းတက္ကသိုလ်သို့ ဖိတ်ကြားပြီး ဘာသာရပ်များခွဲကာ စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်စေခဲ့၏။ စာရေးသူသည် ထိုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ရလေရာ မြန်မာ့ယဉ်ကျေးမှုနှင့်ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com

စာတမ်းတစ်စောင်ကို ဖတ်ကြားတင်သွင်းခဲ့၏။ ယင်းစာတမ်းကို ဖတ်ကြားပြီးချိန်၌ ပီကင်းတက္ကသိုလ်မှ တရုတ်အမျိုးသမီး ပါမောက္ခတစ်ဦးက…

“ကျွန်မတို့တိုင်းပြည်မှာ လူငယ်အတော်များများရဲ့ ဆိုးသွမ်းမှုကြောင့် လူကြီးတွေ စိတ်ဆင်းရဲနေကြရပါတယ်။ ဗုဒ္ဓဘာသာနိုင်ငံမဟုတ်တဲ့ တိုင်းပြည်အတော်များများမှာလည်း လူငယ်အများစုဟာ ဆိုးသွမ်းနေကြတယ်ဆိုတဲ့အကြောင်း ကျွန်မတို့ ကြားသိထားရပါတယ်။ မြန်မာလူငယ်တွေနဲ့ ပတ်သက်လို့တော့ ဒီလိုသတင်းဆိုးမျိုးကို မကြားမိဘူး။ မြန်မာလူငယ်တွေ မဆိုးသွမ်းကြတာဟာ ငရဲကျမှာကို ကြောက်ရွံ့ကြတာကြောင့်လားဆိုတာ သိချင်ပါတယ်။ လူငယ်တွေ လိမ္မာရေးခြားရှိစေဖို့အတွက် သုံးမနိုင်မယ့် နည်းလမ်းကောင်းများရှိရင် ကျွန်မတို့ကို ပြောပြစေချင်ပါတယ်”

ဟု ဆွေးနွေးတင်ပြ၏။ အကြံဉာဏ်တောင်းခံ၏။

စာရေးသူက မြန်မာလူငယ်အများစုတို့ မဆိုးသွမ်းကြခြင်းမှာ ငရဲကျမည်ကို ကြောက်ရွံ့၍မဟုတ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ ကျော် ပုဂံခေတ်ကာလကတည်းက မြန်မာတို့သည် ထေရဝါဒဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အရိပ်အာဝါသအောက်တွင် ကြီးပြင်းလာကြရ၍ဖြစ်ကြောင်း၊ ထိုခေတ်ထိုကာလကတည်းက မြန်မာလူငယ်တို့သည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၌ စာပေကျမ်းဂန်များကို သင်ယူခဲ့ကြရာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်နှင့် ရင်းနှီးခဲ့ကြရပါကြောင်း၊ မင်္ဂလာတရားတော်ဆိုသည်မှာ ငယ်စဉ်တောင်ကျေးကလေးဘဝ ပထမအရွယ်မှသည် ဘဝနေဝင်ချိန် တတိယအရွယ်အထိ လူ့အဖွဲ့အစည်းအတွင်းနှင့် လောကီနယ်ပယ်တွင် မည်သို့ကျင့်ကြံ နေထိုင်အားထုတ်သွားသင့်ကြောင်း မြတ်ဗုဒ္ဓက အချက် ၃၈ ချက်ကို ပြဆို၍ ဆုံးမလမ်းပြခဲ့သည့် တရားတော်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းစဉ် ခေတ်အဆက်ဆက်တွင် မြန်မာတို့သည် ဤမင်္ဂလာတရားတော်မြတ်ကို လေးစားလိုက်နာ ကျင့်ကြံခဲ့ကြသလို၊ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြသည်မှာ မျက်မှောက်ခေတ်တိုင်အောင်ပင် ဖြစ်ပါကြောင်း၊ မိမိတို့ ငယ်စဉ်မူလတန်းကျောင်းသား၊ အလယ်တန်းကျောင်းသား ဘဝများတွင် ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာကလျာဏယုဝအသင်း)က ကြီးမှူးကျင်းပသော မင်္ဂလသုတ်စာမေးပွဲများကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် စသည့် အဆင့်များခွဲ၍ အဆင့်ဆင့်ဖြေဆိုခဲ့ကြရကြောင်း၊ မင်္ဂလသုတ်စာမေးပွဲ အောင်မြင်သူများသည် ရိုးရိုးသာမန်အဆင့်ဖြင့် အောင်မြင်ပါက အောင်လက်မှတ်များ ချီးမြှင့်ခံခဲ့ကြရပြီး ထူးချွန်စွာအောင်မြင်ပါက ရွှေတံဆိပ်နှင့် ပညာသင်ဆု တစ်နှစ်စာ ချီးမြှင့်ခံခဲ့ကြရကြောင်း၊ မိမိတို့သည် အသက်အရွယ်အဆင့်အလိုက် မင်္ဂလသုတ်တရားတော်လာ အဆုံးအမနှင့်အညီ ကျင့်ကြံနေထိုင်လာခဲ့ကြရသည့်အပြင် ဗုဒ္ဓဘာသာဝင်မြန်မာတို့အတွက် ပြဋ္ဌာန်းထားသော မိဘဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ ဆရာ့ဝတ်၊ လင့်ဝတ်၊ မယားဝတ် ဟူသည့် ဝတ္တရားများကိုလည်း လိုက်နာကျေပွန်ခဲ့ကြရကြောင်း၊ မိမိတို့၏ သားသမီးများ လိမ္မာရေးခြားရှိစေလိုလျှင် မိဘဖြစ်သူ မိမိတို့က စံပြဖြစ်အောင် နေထိုင်ပြကြဖို့ လိုကြောင်း၊ မိမိတို့၏ တပည့်တွေ လိမ္မာစေလိုလျှင် ဆရာတွေ၊ ဆရာမတွေက စံပြဖြစ်အောင် နေထိုင်ပြပြီး နည်းမှန်လမ်းမှန် ဆုံးမသွားကြဖို့ လိုအပ်ပါကြောင်း ဆွေးနွေးဖြေကြားခဲ့ရာ မေးခွန်းမေးမြန်းခဲ့သူ တရုတ်အမျိုးသမီး ပါမောက္ခကြီးရော၊ ထိုဆွေးနွေးပွဲသို့ တက်ရောက်ကြသူများပါ ကျေနပ်အားရကြသဖြင့် ကောင်းချီးသြဘာ ထောပနာပြုခဲ့ကြပါသည်။

ယခု တတိယအရွယ်သို့ ရောက်လာချိန်၌ စာရေးသူ နားလည်သဘောပေါက်လာမိရသည်ကား မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလသုတ္တံဒေသနာတော်အတိုင်း အရွယ်သုံးပါးစလုံးတွင် ဆက်ဆက်စပ်စပ် ကျင့်သုံးနေထိုင်လာခဲ့မည်ဆိုလျှင် ယခုဘဝမှာပင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်သောကြောင့်ပင်တည်း။ ဤအချက်နှင့်ပတ်သက်၍ မင်္ဂလသုတ်တော်၏ နောက်ဆုံးပိုဒ်ဖြစ်သော “ဖုဋ္ဌဿ၊ လောကဓမ္မေဟိ၊ စိတ္တံယဿနကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ”(လောကဓံကြုံ မဖြုံတမ်းပေါ့ မတုန်စမ်းနဲ့ စိတ်ခိုင်စေ၊ သောကကိုထိန်း ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာနေ၊ အဲဒါမှ ဗုဒ္ဓဝါဒကမ္ဘာ့မင်္ဂလာတွေ) ဟူ၍ ဖော်ညွှန်းပြဆိုထားချက်များက သက်သေပြနေကြသည်မဟုတ်ပါလော။

**မနုဿကျော်ဝင်း**
**(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com



# ထူးဆန်းအံ့ဖွယ်ကောင်းသည့် ဂမ္ဘီရလက်စွပ်ကလေးများ

**စိန်ဇောတိက**

ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဗန်းမော်မြို့ကလေး၌ "ရာဇာထွန်း" ဟုခေါ်ဆိုသည့် လက်ဝတ်ရတနာအရောင်းဆိုင်ကား နာမည်ကျော်ကြားသည့် ရတနာအရောင်းဆိုင်ကြီးအဖြစ် လူသိများ၏။

နာမည်ကြီး၍ လူသိများရခြင်းအကြောင်းကား ထိုရတနာဆိုင်ကြီးသည် အခြား လက်ဝတ်ရတနာမျိုးစုံရောင်းချသည့် ဆိုင်မျိုးမဟုတ်ဘဲ လက်ချောင်းကလေးများ၌သာ ဝတ်ဆင်သည့် လက်စွပ်မျိုးစုံ တစ်မျိုးတည်းကိုသာ ရောင်းချမှုကြောင့် ဖြစ်လေ၏။

ထိုဆိုင်ကြီး၏ ပိုင်ရှင်မှာ "ဦးအဟုတ်" ဆိုသူဖြစ်ပြီး တရုတ်-မြန်မာ ကပြားဖြစ်လေသည်။ ကျွန်ုပ်နှင့် အလွန်ခင်မင်ရင်းနှီး၏။ ကျွန်ုပ်မှာ ကျောက်မျက်ရတနာရောင်းဝယ်သူ ဖြစ်ခြင်းကြောင့် ၎င်းဆိုင်အတွက် လိုအပ်သမျှ ကျောက်မျက်မျိုးစုံကို ရှာဖွေရောင်းဝယ်ပေးရလေ၏။ ကျွန်ုပ်နှင့်၎င်း တွေ့ဆုံတိုင်း ကျွန်ုပ်ထံမှ ကျောက်တစ်ပွင့် အမြဲဝယ်၏။ ကျွန်ုပ်ထံမှဝယ်ပြီး ကျောက်ကြီး၊ ကျောက်ငယ်များအား ၎င်းသည် ၎င်း၏ ပန်းထိမ်ဆရာအား ထူးခြားလှပသည့် လက်ရာကောင်းများဖြင့် ပြုလုပ်နိုင်းကာ လက်စွပ်အဖြစ် ပြုလုပ်ရောင်းချလေ့ရှိ၏။

တစ်နေ့ဖြစ်လေသည်။ ထိုနေ့ကား အများသူငါ ရုံးပိတ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့ ဖြစ်လေသည်။ ဦးအဟုတ်သည် ၎င်း၏ဆိုင်အား ပိတ်ရက်မရှိ အမြဲဖွင့်၏။ သို့သော် ၎င်းပိတ်ချင်သည့်အခါ ပိတ်၏။ ထို့ကြောင့် ၎င်း၏ဆိုင် ဘယ်နေ့ပိတ်မည်ကို ၎င်းမှလွဲ၍ မည်သူမျှ သိနိုင်မည်မဟုတ်ပေ။

တစ်နေ့ ၎င်းနှင့် ကျွန်ုပ် ၎င်း၏ဆိုင်၌ ဤသို့စကားလက်ဆုံကျနေလေသည်။ ကျွန်ုပ်က ဦးအဟုတ်အား ဤသို့မေးလေ၏။

"ဦးအဟုတ်ကို ကျုပ်မေးပါရစေ။ တစ်မျိုးတော့မထင်ပါနဲ့တော်။ ကျုပ်သိချင်စိတ် များနေလို့ပါ။ ဒီလိုဗျ။ ကျုပ် ရတနာဆိုင် တော်တော်များများကို တွေ့မြင်ဖူးပါတယ်။ တွေ့မြင်ဖူးတဲ့ ရတနာဆိုင်တွေက ရွှေထည်၊ ကျောက်ထည်၊ စိန်ထည်တွေ ရောင်းချတဲ့ဆိုင်မျိုးတွေပဲ တွေ့ရပြီး ဦးအဟုတ်ရတနာဆိုင်ကျမှ လက်စွပ်အထည်တစ်မျိုးတည်း ရောင်းတာ ကျုပ်စိတ်ထဲမှာ ဆန်းနေတယ်ဗျာ။ အဲဒါလေး တစ်ဆိတ်လောက် ကျုပ်ကို ခင်ဗျား ဘယ်လိုစိတ်ကူးနဲ့ ဖွင့်တယ်



www.burmeseclassic.com

www.burmeseclassic.com

—တဲ့အကြောင်းလေး ပြောပြပါဗျာ"

ဟု ပြောလေသော် ဦးအဟာတ်က ရယ်ကျဲကျဲဖြင့် ကျွန်ုပ်အား ဤသို့ ပြောပြလေ၏။

"ကိုအေးသောင်ကို ကျုပ်ပြောပြမယ်။ ဒီလိုဗျ။ လက်ချောင်းကလေးတွေရဲ့ လှုပ်ရှားမှုတွေဟာ တစ်ဖက်လူတွေရဲ့ စိတ်နှလုံးသားတွေကို ပြောင်းလဲပစ်နိုင်စွမ်း၊ ညှို့ယူနိုင်စွမ်း၊ သတိပြုလာစေရာ၊ စိတ်ဝင်စားလာအောင် လုပ်နိုင်စွမ်းနိုင်တဲ့ အရာဟာ အဲဒီလက်ချောင်းကလေးတွေရဲ့ အပေါ်မှာရှိတဲ့ ရတနာပစ္စည်းကြောင့် ဖြစ်တယ်လို့ ကျုပ်ကယူဆတယ်။ နောက်ပြီး ခင်ဗျားစဉ်းစားကြည့်လေ။ လက်ချောင်းကလေးတွေပေါ်မှာ ဝတ်ဆင်ထားတဲ့ ကျောက်မျက်မျိုးစုံ လက်စွပ်ကလေးတွေဟာ သိက္ခာရှိရှိ တည်ငြိမ်အေးချမ်းလှပမှုနဲ့ ဘယ်လောက်ကြည့်ကောင်းသလဲဗျာ"

ဟု ပြောဆိုကာ ၎င်း၏အလုပ်သမားကလေး လာချပေးသော ကော်ဖီပူပူနှစ်ခွက်ကို ကျွန်ုပ်အားတစ်ခွက်ပေး၍ သောက်စေကာ ၎င်းကလည်း ကော်ဖီပူပူတစ်ခွက်ကိုယူ၍ သောက်နေပေ၏။

ဤတွင် ကျုပ်သတိပြုမိလိုက်လေ၏။ ထို့နောက် ဤသို့ပြောလေ၏။

"ခင်ဗျားလက်ဝဲလက်ရဲ့ လက်သန်းမှာ ဝတ်ထားတဲ့ လက်စွပ်က စိန်လက်စွပ် မဟုတ်ဘူးလား ဦးအဟာတ်"

"ဟုတ်ပါ့ဗျား။ စိန်လက်စွပ်ပါ။ စိန်လက်စွပ်ဝတ်ရင် ညာဘက်လက်မှာ မဝတ်ရဘူးဗျ။ လက်ဝဲလက်မှာပဲ ဝတ်ရမယ်။ လက်ဝဲလက်မှာတောင် လက်သန်းမှာပဲ ဝတ်ရမယ်လို့ ကျမ်းဂန်တွေမှာ ဖတ်ရတာသိလို့ အခုလို လက်ဝဲလက်ရဲ့ လက်ငါန်းမှာ ဝတ်ထားတာဗျ"

ဟု ပြောဆိုကာ ဆေးလိပ်ထုတ်၍ မီးညှိသောက်နေလေ၏။ ကျွန်ုပ်ကိုလည်း သောက်စေ၏။ ထို့နောက် ကျွန်ုပ်က ၎င်းအား ဤသို့ပြောလိုက်လေသည်။

"ဒါဆိုရင် ဘယ်ကျောက်လက်စွပ်ကို ဘယ်လက်မှာ ဝတ်ရမယ်ဆိုတာ ခင်ဗျားသိမှာပေါ့"

ဟု ကျွန်ုပ်၏အမေးအား ၎င်းက ဤသို့ပြောပြလေ၏။

"ဒီအကြောင်းတွေမသိရင် ကျုပ် ဒီလိုဆိုင်မျိုး ဘယ်ဖွင့်ရောင်းပါ့မလဲ ကိုအေးသောင်ရယ်။ ခင်ဗျားသိအောင် ကျုပ်အကျဉ်းပဲ ပြောပြမယ်၊ ဒီလိုဗျ"

ဟု ပြောဆိုကာ လက်စွပ်ဝတ်နည်းဟု ဆိုရမည့် အကြောင်းအရာများအား ဤသို့ရှင်းပြလေ၏။

"လက်ျာလက်မှာ ပတ္တမြားလက်စွပ်၊ ကြောင်လက်စွပ်၊ နီလာလက်စွပ်၊ သန္တာလက်စွပ်၊ မြလက်စွပ် ဝတ်ဆင်ရမယ်။ လက်ဝဲလက်မှာတော့ ပုလဲလက်စွပ်၊ ဥဿဖရားလက်စွပ်၊ ဂေါမိတ်လက်စွပ်၊ စိန်လက်စွပ် ဝတ်ရမယ် ကိုအေးသောင်ရဲ့။ လက်ချောင်းအလိုက် ဝတ်ရမယ့် လက်စွပ်မျိုးတွေကို ခင်ဗျားသိအောင် တစ်ခါတည်း ပြောလိုက်ဦးမယ်၊ ဒီလိုဗျ…"

ဟု ပြောဆိုကာ ရေနွေးကြမ်းငုံ၍သောက်နေ၏။ ကျွန်ုပ်ကလည်း ၎င်းပြောမည့်စကားများကို နားထောင်ရန် စောင့်မျှော်နေရလေ၏။ အတန်ကြာမှ ဤသို့ပြောလေ၏။

"အဟာမ်း…လက်ချောင်းကလေးတွေ အလိုက်ကတော့ ဒီလိုဝတ်ရမယ်။ လက်ညှိုးချောင်းကလေးမှာ နီလာလက်စွပ်၊ လက်ခလယ်မှာ မြလက်စွပ်၊ လက်သူကြွယ်မှာ ကြောင်လက်စွပ်၊ လက်သန်းမှာ စိန်လက်စွပ်၊ လက်သူကြွယ်မှာ ပတ္တမြားလက်စွပ်၊ လက်သန်းမှာ ကြောင်လက်စွပ်၊ လက်ညှိုးမှာ နီလာလက်စွပ်၊ လက်မမှာ စိန်လက်စွပ် ဝတ်ရမယ်လို့ ကျမ်းဂန်တွေထဲမှာ ကျုပ်ဖတ်ရတာ ကြာပြီကော ကိုအေးသောင်ရယ်။ ဒါကြောင့် လက်စွပ်ကလေးတွေကို စိတ်ဝင်စားပြီး အခုလို လက်စွပ်အရောင်းဆိုင်ဖွင့်ပြီး ရောင်းနေတာပါဗျာ"

ဟု ပြောဆိုကာ ၎င်း၏မျက်နှာငွေ့ခွေးကလေးများစို့လာသည်ကို လက်သုတ်တဘက်ကလေးဖြင့် သုတ်၍ ကျွန်ုပ်အား ကြည့်နေလေသည်။ ထို့နောက် ဤသို့ ပြောပြန်၏။

"ရှေးက လက်စွပ်ရဲ့ ထူးခြားပေါ်လွင်မှုဟာ ဝတ်ဆင်သူအဖို့ အဖို့အမကို ခွဲခြားလိုတဲ့သဘော ရှိတယ်ဗျ။ ဥပမာအနေနဲ့ ပြောရရင် အမျိုးသမီးတွေ ဝတ်ဆင်တဲ့လက်စွပ်မျိုးဟာ အလှအပသက်သက် ဖြစ်ကြပေမယ့် အမျိုးသားတွေဝတ်ဆင်တဲ့ လက်စွပ်မျိုးကျတော့ သူ့ရဲ့ ဩဇာအာဏာ၊ သူ့ရဲ့ အခေတင်သက်ရောက်ညွှန်းစေဖို့ ဝတ်ဆင်တာဖြစ်တယ်လို့ ကျုပ်သိရတယ် ကိုအေးသောင်ရဲ့။ အိမ်ထောင်သည် အမျိုးသမီးကတော့ သူတို့ရဲ့အလှကို ကွန့်မြူးခြယ်သဖို့အပြင် သူတို့ခင်ပွန်းသည်များမှာ ရှိကြတဲ့ ချစ်ခြင်းမေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

တရား။ ဩဇာတိက္ကမနဲ့ ကြွယ်ဝမှုတွေကိုပြသလိုတဲ့အခါ ဝတ်ဆင်ကြတယ်ဗျ"

ဟု ပြောဆိုကာ ဆေးလိပ်သောက်နေပြန်၏။ ကျွန်ုပ်လည်း နားစွင့်နေရပြန်၏။ အတန်ကြာမှ ၎င်းထံမှ စကားသံ ပေါ်လာပြန်၏။

"အီဂျစ်လူမျိုးတွေရဲ့ အကွာရာ၊ စက်ဝန်းလက်စွပ်ပုံသဏ္ဌာန်ဟာ ထာဝရဆိုတဲ့ အဓိပ္ပာယ်ကို ညွှန်းဆိုထားတယ်။ အမျိုးသားက အမျိုးသမီးကို စက်ဝန်းလက်စွပ် ဝတ်ဆင်ပေးလိုက်တာဟာ တာဝန်ခွဲဝေပေးခြင်း၊ တန်းတူရည်တူအရာထားခြင်း၊ ချစ်ခင်မြတ်နိုးခြင်း၊ ယုံကြည်သည် ဆိုတဲ့သဘောကို သက်ရောက်စေတယ် ကိုအေးသောင်ရဲ့။ နောက်ပြီးတော့ ကျောက်မျက်လက်စွပ်ဝတ်တဲ့အခါ လက်ချောင်းတစ်ခုစီရှိသွေးကြောဟာ လက်စွပ်ကျောက်ကလေးရဲ့ ဂမ္ဘီရစွမ်းအင်ကြောင့် နှလုံးဆီသွားတဲ့ သွေးကြောကို ဖိအားပေးပြီး နှလုံးသားအထိ တိုက်ရိုက်စီးဆင်းအကျိုးပြုစေတယ်ဆိုတဲ့ အကြောင်းအရာကြောင့် လူတိုင်း ကိုယ့်နေ့ ကိုယ့်နံနဲ့ ကိုက်ညီမယ့် ကျောက်မျက်ကို ရွေးချယ်ပြီး လက်ချောင်းကလေးများအလိုက် ဝတ်ဆင်သင့်တယ် ကိုအေးသောင်ရဲ့"

ဟု ပြောဆိုကာ မောသွားဟန်ဖြင့် ရေနွေးကြမ်းသောက်ပြန်၏။ ကျွန်ုပ်မှာတော့ ၎င်းပြောသမျှ လိုက်၍မှတ်သားနေရ၏။ ကျွန်ုပ်က ၎င်းအား ဤသို့မေးလိုက်လေသည်။

"ခင်ဗျားရဲ့ ညာဘက်လက်ခလယ်မှာ ဝတ်ထားတဲ့ လက်စွပ်က နဝရတ်ကိုးသွယ် လက်စွပ်မဟုတ်လား"

ဟု မေးသော် ၎င်းက ဝတ်ထားသည့် နဝရတ်ကိုးသွယ်လက်စွပ်ကလေးကို ချွတ်၍ ကျွန်ုပ်အားပြသလေသည်။ ထို့နောက် ဤသို့ ပြောလေ၏။

"ပတ္တမြား၊ မြ၊ စိန်၊ ကြောင်နီလာ၊ ဂေါ်မိတ်၊ ဥဿဖရား၊ သန္တာ၊ ပုလဲရတနာတွေကို စုစည်းပြုလုပ်ထားတဲ့ လက်စွပ်ကလေးပေါ့ဗျာ။ အဆောင်လက်စွပ်အဖြစ် ကျုပ်ဝတ်လာတာ နှစ်ပေါင်းမနည်းတော့ဘူးဗျ။ ဒီအဆောင်လက်စွပ်ကလေးကြောင့် ကျုပ်အခုလို ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ နေနိုင်တာ ကိုအေးသောင်ရဲ့"

ဟု ပြောလေသော် ကျွန်ုပ်က ဤသို့မေးပြန်၏။

"ဒီလို နဝရတ်လက်စွပ်လုပ်ဝတ်ရင် ဝတ်ဆင်သူများ ဘယ်လိုအကျိုးထူးတွေ ခံစားစံစားပြီး ဘယ်လိုအကျိုးတွေ ရနိုင်တယ်ဆိုတာ ကျုပ်ကို ပြောပြဗျာ"

ဟု ပြောသော် ၎င်းက ဤသို့ ဖြေလေ၏။

"ဒီလိုလက်စွပ်မျိုးကို ရှေးရိုးအစီအစဉ်အတိုင်း လုပ်ဝတ်ရင် ဝတ်တဲ့သူဟာ ဘေးရန်အပေါင်းကို ကာကွယ်နိုင်တယ်။ စီးပွားကိုးတက်မယ်။ ကိုယ်စိတ်နှလုံး အေးချမ်းသာယာမယ်။ စိတ်နှလုံးကြည်လင်မယ်။ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံမယ်။ သွေးလေချောက်ချားမှုတွေ ဖြစ်မလာနိုင်ဘူး။ ပျော်ရွှင်ချမ်းမြေ့စေမယ်။ စုန်းပယောဂတွေ ပြုစားမှုတွေကို ကာကွယ်နိုင်မယ်။ ကုန်ကုန်ပြောရမယ်ဆိုရင် အသက်ရှည်ပြီး ဘုန်းကျက်သရေရှိမယ်ပေါ့ဗျာ။ ကျုပ်ဒီကျောက်အကြောင်းတွေကို ကျမ်းဂန်ထဲမှာ ဖတ်ကြည့်တော့ တော်တော်အံ့သြမိတယ်ဗျာ။ ခင်ဗျားစဉ်းစားကြည့်လေ။ မြေကြီးထဲမှာရှိနေတဲ့ ကျောက်မျက်တွေက ကောင်းကင်ပေါ်မှာရှိတည်နေတဲ့ ဂြိုဟ်၊ နက္ခတ်၊ တာရာတွေနဲ့ ဆက်စပ်မှုရှိပြီး ထူးခြားတဲ့ ဂမ္ဘီရအစွမ်းတွေ ပေးနိုင်တာ ကျုပ်ဖြင့် အံ့သြလိုက်တာဗျာ"

"ဦးအဟုတ်က တော်တော်နှံ့နှံ့စပ်စပ် သိနေတာပဲ။ ချီးကျူးပါတယ်ဗျာ။ ဒါနဲ့ တစ်လက်စတည်း ကျုပ်ကို ဘယ်နေ့သားသမီး ဘယ်ကျောက်ဝတ်ရမယ်ဆိုတာလေး တစ်ဆိတ်လောက် ပြောပြဗျာ။ ကျုပ်မှတ်စုစာအုပ်နဲ့ လိုက်မှတ်ထားချင်လို့ပါ"

ဟု နားပူနားဆာလုပ်သည့်အခါ ၎င်းသည် ကျွန်ုပ်အား ဤသို့ပြော၏။

"တနင်္ဂနွေသားသမီး ပတ္တမြားကျောက်လက်စွပ်ဝတ်ရမယ်၊ တနင်္လာသားသမီး ပုလဲလက်စွပ်၊ အင်္ဂါသားသမီး သန္တာလက်စွပ်၊ ဗုဒ္ဓဟူးသားသမီး မြလက်စွပ်၊ ကြာသပတေးသားသမီး ဥဿဖရားလက်စွပ်၊ သောကြာသားသမီး စိန်လက်စွပ်၊ စနေသားသမီး နီလာလက်စွပ်၊ ရာဟုသားသမီး ဂေါ်မိတ်လက်စွပ်၊ ကိတ်သားသမီး ကြောင်လက်စွပ် ဝတ်ရမယ် ကိုအေးသောင်ရဲ့"

ဟု ပြောနေစဉ် ၎င်း၏ ဆိုင်ကလေးအတွင်းသို့ လက်စွပ်ကလေးများ ဝယ်ယူမည့်လူများ ရောက်ရှိလာသဖြင့် ကျွန်ုပ်လည်း အလိုက်သိစွာဖြင့် ၎င်းကိုနှုတ်ဆက်၍ မိမိနေအိမ်သို့ ပြန်ခဲ့လေ၏။

**စိန်ဇောတိက**



www.burmeseclassic.com

www.burmeseclassic.com



# ငါသေပြီးလျှင်...

ဒေါက်တာမွန်မွန်ကလေး(U.K.)

လွန်ခဲ့သော သုံးနှစ်ခန့်က အင်္ဂလိပ်အမျိုးသမီး ပညာတတ် သိပ္ပံပညာရှင်တစ်ဦးနှင့် စကားစမြည်ပြောစဉ် သူပြောခဲ့တဲ့ စကားတစ်ခွန်းမှာ -

"ငါကတော့ ဒီဘဝသေရင် ပြီးပြီ။ ကျန်ခဲ့တဲ့ခန္ဓာကိုယ်ကြီးက ကာဗွန်၊ နိုက်ထရိုဂျင် စသည်တို့ပဲ ဖြစ်သွားမှာပဲလို့ ယူဆတယ်၊ ယုံကြည်တယ်။ မင်းတို့ ဗုဒ္ဓဘာသာကရော ဘယ်လိုပြောသလဲ"

အဲဒီအချိန်တုန်းက တစ်ခုခုပြန်ဖြေလိုက်သော်လည်း ကိုယ်ရင်းပြတာ သူသဘောပေါက်နားလည် လက်ခံတယ် မထင်ပါ။ ကိုယ်တိုင်တောင် နားလည်သလိုလို ရှိပေမယ့် သူများကျေနပ်လက်ခံတဲ့အထိ မပြောတတ်ခဲ့လို့ မကြာခဏ ဒီမေးခွန်းကို ပြန်လည်သတိရနေမိပါတယ်။ ဒါကြောင့်လည်း အပ်ဖြေကြည့်ချင်စိတ် ပေါ်လာလို့ ဒီစာကို ရေးလိုက်ခြင်းပါ။

သူတို့ပြောတာ တစ်ပိုင်းတစ်စတော့ မှန်ပါတယ်။ သေရင် ဒီခန္ဓာကိုယ်ကြီးသည် မြေမြုပ်မြုပ်၊ မီးရှို့ရှို့၊ ခမြေသွေး အရိုးစု၊ ပြာ စသည်အဖြစ် ပြောင်းလဲသွားမှာပါ။

သို့သော် ဒီဘဝက "ငါ"သည် သေလျှင်လည်း မပြီးသွားပါ၊ မပျောက်သွားပါ။ (ရဟန္တာအရှင်မြတ်များကလွဲရင်)

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း "ငါ၊ ငါ့ခန္ဓာ၊ ငါ့ကိုယ်၊ ငါ့စိတ်"ဟု ထင်နေသော "ငါ"သည် တကယ်စင်စစ် မရှိပါ။ ဖောက်ပြန်တတ်သော ရုပ်တရားနှင့် ခံစားတတ်သော နာမ်တရားအစုအဝေးကိုပင် "ငါ"ဟု ထင်နေကြတာပါ။

ဤရုပ်တရားနှင့် နာမ်တရားတို့သည်လည်း စက္ကန့်မလပ် မရပ်မနား အလွန်လျှင်မြန်စွာ ပြောင်းလဲဖြစ်ပျက်နေပါတယ်။ ဤရုပ်နာမ်ဖြစ်ပျက်အစဉ်ကြီးသည် ယခုလက်ရှိဘဝမှာပင် ကိုယ့်အလိုမလိုက်ဘဲ (မအိုချင်လည်းအို၊ မနာ



www.burmeseclassic.com

www.burmeseclassic.com

ချင်လည်းနာ) အနုတ္တသဘော ဆောင်နေသလို ဒီဘဝအဆုံး မှာလည်း စက္ကန့်မှမဆိုင်းဘဲ ဆက်လက်ကာ သန္ဓေမှသဘော အရ (ကံ၏အကျိုးပေးအတိုင်း) ဘဝအသစ်မှာ ဆက်ပြီး ဖြစ်ပျက်နေဦးမှာပါ။

ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရား၏ "ကံနှင့် တမလွန်ဘဝ" တရားတော်မှာ ဟောကြားခဲ့သလို -

"ဒီဘဝက ရုပ်နှင့် နာမ်က နောက်ဘဝကို ကူးသွားတာမဟုတ်၊ နောက်ဘဝက ရုပ်နာမ်အစဉ်သည် ဒီဘဝနှင့် လုံးဝမသက်ဆိုင်တာလည်းမဟုတ်။ ဒီဘဝက ရုပ်နာမ်ချုပ်သည်နှင့် ဒီရုပ်နာမ်အစဉ်ကြီးနောက်က မရပ်မနား အရှိန်ပမာ အစဉ်မပြတ် လိုက်နေတဲ့ ကံတရား၏အကျိုးပေးမှုကြောင့် နောက်ဘဝသစ်မှာ ရုပ်နာမ်အစဉ် ဆက်လက်ဖြစ်ပေါ်(ပြီး ချုပ်ငြိမ်း)နေတာကိုပဲ ဘဝကူးတယ် ခေါ်ကြပါတယ်။ အမှန်စင်စစ် ဝိညာဉ်လည်းမကူးပါ။ ဒီဘဝက အသက်ထွက်၊ နောက်ဘဝထဲ အသက်ဝင်သွားတာ မဟုတ်ပါ"

ဆိုလိုသည်မှာ ဤရုပ်နာမ်အစဉ်ကြီးသည် ဖန်တီးရှင်ကြောင့် ဖြစ်တာမဟုတ်၊ သူ့အလိုလို ဖြစ်ပေါ်နေတာလည်း မဟုတ်။ ကံတရားကြောင့် ဖြစ်ပေါ်နေသည်။ ကံဆိုသည်မှာ ပြုခဲ့သမျှ ကိုယ်၊ နှုတ်၊ စိတ် အလုပ်တွေကို လုပ်ဖြစ်အောင် နှိုးဆော်၊ စေ့ဆော်၊ တိုက်တွန်းနေတဲ့သဘောတရား (ပါဠိလို စေတနာ)ပင် ဖြစ်ပါတယ်။

ထိုကံတွေသည်လည်း ဖြစ်ပျက်နိယာမအရ ဖြစ်ပြီး ပျက်သွားခဲ့သော်လည်း သတ္တိချန်ခဲ့ပါသည်။ (ထိုသတ္တိသည် အခွင့်သာလျှင် အကျိုးပေးရန် ဖြစ်ပါသည်။)

ဒီကံသတ္တိတွေ ဘယ်မှာရှိသလဲ၊ ဘယ်မှာနေသလဲ (အကျိုးပေးခွင့်မရခင်) ဆိုတာကိုတော့ မီးခြစ်ဘူးထဲကမီး ဘယ်မှာနေသလဲ ပြလို့မရသလိုပါပဲ။ သို့သော် လူတွေ တစ်ယောက်နဲ့တစ်ယောက် ရုပ်သာမက စိတ်နေစိတ်ထား၊ ပညာဉာဏ် အကျိုးပေးမတူကြတာကို ထောက်ပြီး ထပ်တူပုံတူ အကျိုးပေးမတူကြသလို၊ လုပ်ခဲ့တဲ့ ကံရဲ့သတ္တိတွေက ဖန်တီးလို့ အသီးသီးကွဲပြားနေတာကြည့်ရင် ကံရဲ့ ပုံရိပ်တွေအနေနဲ့ မြင်နိုင်ပါတယ်။

ဒီနေရာမှာ ကံနှင့် ကံ၏အကျိုးကို အလေးပေးပြော နေတာမို့ ကံကို အဓိကအကြောင်းရင်းအနေနဲ့ ပြောဖြစ်သော်လည်း အရာရာ ကံကိုသာပုံချလို့မရတာ သတိပြုစေလိုပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဦးသီလာနန္ဒ ရှင်းပြခဲ့သလို အကြောင်းတစ်ခုတည်းကြောင့် အကျိုးတစ်ခုတည်း ဖြစ်ရတာမဟုတ်ဘဲ တခြားအကြောင်းများလည်း ထိုက်သင့်သလို ပါပါတယ်။ ဥပမာ-သစ်ပင်စိုက်ရင် မျိုးစေ့က အဓိက ဖြစ်သော်လည်း မြေကြီး၊ ရေ၊ နေနှင့် မြေဩဇာမရက မအောင်မြင်နိုင်သလိုပါပဲ။

အချုပ်ကတော့ ဒီဘဝသေရင် ယခုမြင်နေရတဲ့ ပညတ်ခန္ဓာကိုယ်ကြီးကတော့ မြေဆွေး ပြာ စသည်ဖြစ်ပြီး သွားပေမယ့် ကံနှင့် ကံ၏အကျိုးဆိုသော ဓမ္မနိယာမအရ ကိုယ့်ရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်သော ကုသိုလ်ကံ၊ အကုသိုလ်ကံ တွေကတော့ သံသရာတစ်လျှောက် ဘဝအဆက်ဆက် လိုက်ပြီးအကျိုးပေးနေမှာပါ။ ဒီကံကြောင့်ပင် နောက်နောင်ဘဝ အဆက်ဆက် ဘဝအသစ်တွေ ဆက်ဖြစ်ပြီး ပျက်ရင်း ပြန်ဖြစ်ရင်းနှင့် မဆုံးသေးသော ဇာတ်ကြောင်း (ဘဝသံသရာ)ပါပဲ။

သို့သော် ဒီသံသရာမှ ထွက်မြောက်လမ်းကို အနန္တကျေးဇူးရှင် မြတ်ဘုရားဟောကြားခဲ့သလို ခေတ်အဆက်ဆက် သံဃာတော်အရှင်မြတ်များက ဆက်လက် လက်ဆင့်ကမ်းကာ သင်ကြားပြသပေးခဲ့၊ ပေးနေသည်မှာ ထူးခြားသော ဆုလာဘ်ကြီး(ဒုလ္လဘ)ရသလို ကြုံနေရပါသည်။ ဝမ်းမြောက်အားတက်ဖွယ် ဖြစ်ပါသည်။ မြတ်စွာဘုရား အမိန့်ရှိသလို ကိုယ်တိုင်ကြိုးစားမှ ရရှိနိုင်မှာမို့ အထူးကြိုးစားသင့်ကြောင်း၊ အချိန်မနှောင်းခင် အလုပ်လုပ်သင့်ကြောင်း သတိသံဝေဂ ရမိပါသည်။

ရတနာသုံးပါး အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ ကန်တော့ပါသည်။ အထူးသဖြင့် ချမ်းမြေ့ဆရာတော်ဘုရား ဆရာတော် ဒေါက်တာသီလာနန္ဒာဘိဝံသ၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ အရှင်ဇနက(တိသရဏဝိဟာရ)တို့၏ တရားခွေများ နာကြား၊ စာအုပ်များ ဖတ်ရှုခြင်းဖြင့် အကျိုးများစွာ ရရှိသဖြင့် အထူးရှိခိုးကန်တော့အပ်ပါသည်။

**ဒေါက်တာမွန်မွန်ကလေး(U.K.)**



www.burmeseclassic.com

www.burmeseclassic.com

# ရောင်းထွက်စေဖို့ လုပ်ကြစို့

**သစ္စာဝါဒီ–ဆရာမြတ်စောလင်း**

(ကံကြမ္မာအလင်းရောင်ဗေဒင်ကျမ်းပြု)

ကျွန်ုပ်၏ လက်ကိုင်ဖုန်းမှ ဂီတသံစဉ်ကလေးသည် မြည်လာ၏။ ကျွန်ုပ်သည် ဆရာကာလာစ်၏ နေ့စဉ်ဂြိုဟ်သွားပြက္ခဒိန်ကို လှန်ကြည့်ရင်း ယနေ့စန်းခေါ် တနင်္လာဂြိုဟ် ဘယ်ရာသီတွင် အံ့သာမည်မှုဖြင့် ရပ်တည်နေသည်ကို ကြည့်၍ ကွန်ပျူတာစာစီထားသော ဗေဒင်တွက်ရန်ပြုလုပ်ထားသည့် စာရွက်မှ ဂြိုဟ်ခွင်၏ ရာသီများထဲသို့ ဂြိုဟ်များ ထည့်သွင်းနေစဉ် ဖြစ်၏။ ကျွန်ုပ်သည် ဂြိုဟ်သွားပြက္ခဒိန်ကို ပိတ်လိုက်ပြီး ကျွန်ုပ်၏ (T.W.Z)ဟန်းဆက်ကို ဖုန်းခွက်ထဲမှ လှမ်းယူလိုက်ပြီး ခလုတ်ကိုနှိပ်၍ နားထောင်လိုက်၏။

"ဆရာလား၊ သမီး မနီလာပါ"

"အင်း・・・ပြော"

"သမီးဆိုင် အဝေးပြေးဂိတ်မှာရှိတဲ့ဆိုင်လေ။ ဆိုင်အမှတ်(---)ကပါ။ အဲဒီဆိုင်ကို ရောင်းချင်တယ်။ ရောင်းထွက်အောင်လုပ်ပေးပါ။ မြန်မြန်ထွက်အောင်ပေါ့ ဆရာ"

"ဆိုင်မှာ အငှားထားတာရှိလား"

"ရှိတယ်ဆရာ။ အငှားနေသူက တနင်္လာသားပါ"

"အဲဒီဆိုင်ကိုသွားပြီး ဓာတ်ရိုက်ဓာတ်ဆင်လုပ်လို့ ရလား"

"မရဘူး ဆရာ"

"ဒါဆိုရင် သမီးနေတဲ့အိမ်မှာ လုပ်လို့ရလား"

"အိမ်မှာတော့ လုပ်လို့ရပါတယ်။ ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပါဆရာ။ ဆိုင်ထွက်သွားရင် ဆရာ့ဆီလာပြီး နှစ်သိန်း။ သုံးသိန်းလောက်တော့ ကန်တော့မှာပါဆရာ။ ခေါ်တဲ့ဈေးအတိုင်းရရင်တော့ ငါးသိန်းပေါ့ ဆရာရယ်"

"ဒါဆိုရင် လုပ်ရမယ့်အစီအရင်နဲ့ အင်းစမတွေ နက်ဖြန်နံနက် ၉ နာရီ လာယူတော့လေ။ ပွဲပြင်ဖို့ ငွေတစ်သောင်းရှစ်ထောင်လည်း ယူခဲ့ပေါ့"

"ဟုတ်ကဲ့・・・ဟုတ်ကဲ့ဆရာ။ သမီးလာခဲ့ပါ့မယ်"

ကျွန်ုပ်သည် ဖုန်းကို ဖုန်းခွက်ထဲသို့ ပြန်ထားလိုက်ပြီး ကျွန်ုပ်ဆရာများ သင်ကြားပြသထားခဲ့သော နည်းစနစ်များထဲမှ မည်သည့်နည်းကို သုံးရင် ကောင်းမည်နည်းဟု စဉ်းစားရင်း ကျွန်ုပ်၏ ဗေဒင်ခန်းထဲမှ အပြင်ဧည့်ခံစားပွဲကုလားထိုင်နားရှိရာသို့ ထွက်လာခဲ့၏။ ကျွန်ုပ်အပြင်ရောက်၍ ထိုင်မည်ပြုလိုက်သည်နှင့် ဆရာကြီးမင်းသိခ်၏ တပည့် ဆရာလွင်မိုးအောင် ရောက်လာ၏။

ဆရာလွင်မိုးအောင်သည် သေသဝိဇ္ဇာ ဦးမောင်မောင်ကြည်ထံမှ ဆန်းပညာကိုလည်းကောင်း၊ ဆရာဦးကျော်ဆန်းထံမှ အင်္ဂဝိဇ္ဇာ-မဟာဘုတ်သက်ရောက် ပညာများကိုလည်းကောင်း၊ တောင်ငူမှ ဆရာကြီးတစ်ယောက်၏ ဇာတာဘာဝဟောနည်းပညာကိုလည်းကောင်း၊ သရောဒယ-သရဒွေးပညာကို သရောဒယဆရာ အချို့ထံမှလည်းကောင်း၊ မြစ်ငယ်မြို့မှ ဦးသန်းဝင်း၏ သင်တန်းမှုစာအုပ်ကိုဖတ်၍ အပြန်ပြန်အလှန်လှန် လေ့လာဖတ်ရှု တွေးခေါ်၍လည်းကောင်း ပညာရပ်များကို တင်းတိမ်ခြင်းမရှိ လေ့လာလိုက်စား စမ်းသပ်ဟောပြောနေသူ ဖြစ်၏။

"ဆရာစော・・・ဘာတွေစဉ်းစားနေတာလဲ"

"ဆရာလွင်မိုး・・・ထိုင်လေ။ ဒီမှာ လက်ဖက်နဲ့ ရေနွေးကြမ်း သောက်နိုင်ပါတယ်။ အဲ・・・စဉ်းစားနေတာကတော့ တခြားမဟုတ်ပါဘူး။ စောစောကတပည့်မတစ်ဦးက ဖုန်းဆက်လို့ သူ့ဆိုင်ရောင်းထွက်ဖို့ အစီအမံလေးပါ။ ပညာရပ်တွေက များနေတော့ ဘယ်ပညာသုံးရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"ဩော်・・・ဆရာမြတ်စောလင်းကလည်း၊ ဆရာလည်း သရောဒယပညာတတ်ရဲ့သားနဲ့။ ဟိုဟာလုပ်မကြည့်ဘူးလား။ ရာဟုကာလာနစက်နဲ့ ဝဇ္ဇာသရစက် နှစ်ခုပေါင်းပြီးလုပ်ရတဲ့ဟာဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်ဟာလဲဗျ။ ကျွန်တော်က စာရေးတာကတစ်ဖက်၊ စာအုပ်ထုတ်ဖို့ ကတစ်မျိုး၊ ဗေဒင်ဟောရ၊ ဒီထဲ ကျန်းမာရေးက မကောင်း။ သွေးတိုးရတာနဲ့၊ အစာအိမ်ဖြစ်ရတာနဲ့ဆိုတော့ အချို့ဟာတွေလည်း သင်တန်းစာအုပ်၊ ကျမ်းစာအုပ်တွေထဲမှာပဲ ရှိနေတော့၊ ကဲ. . . ဆရာသိတာ ပြောစမ်းပါဦး"

"ဟိုဟာလေဗျာ။ အုတ်ခဲ(အုတ်နီခဲ)အသစ် သန့်ရှင်းအောင်ရေဆေးပြီး အဲဒီအချိန်မှာ ဆိုင်နံပါတ်၊ လိပ်စာရေးမယ်ဗျာ။ အမြန်ဝယ်သူပေါ်စေလို့လည်း ရေးမယ်ဗျာ။ ပြီးတော့ ဖန်ခွက်တစ်လုံးတင်၊ ရေထည့် . . ."

"ဪဪ. . . ဟုတ်ပြီ။ အခုမှ သတိရလာတယ်။ အဲဒီထဲမှာ ပျဉ်းမ ၉ ရွက်၊ ရွက်လှ ၉ ရွက် ထည့်ရမှာ မဟုတ်လား"

"ဟုတ်တယ်လေ . . .။ အဓိက အချက်က အဲဒီဖန်ခွက်ထဲမှာ သရေဒယ ကြက်လျှာအလံ ၉ ခု ထည့်ရတာပဲလေ"

"အင်း. . . ဟုတ်ပြီ။ ဆရာလွင်မိုးအောင်ပြောမှပဲ အမှတ်ရတော့တယ်။ ကျွန်တော်လည်း မန္တလေး မြရည်နန္ဒာက ဆရာဦးဆန်းလှိုင်ရဲ့ သင်တန်းမှုစာအုပ် ပြန်လှန်ကြည့်လိုက်ဦးမယ်"

"ကြည့်မနေပါနဲ့ ဆရာစောရာ၊ ကြားပါတယ်။ ကျွန်တော်ပြောတာလည်း ဦးသန်းဝင်းတို့၊ ဆရာကြီးဦးစံကိုတို့၊ ဦးဘရုံးတို့ သုံးသွားတဲ့ ပညာပါပဲ"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ။ နက်ဖြန်တပည့် မနီလာ လာရင် အဲဒီနည်းပဲ ပေးလိုက်ပါ့မယ်"

## ဆိုင်ရောင်းထွက်ရန် အစီအရင်

(၁) အုတ်နီခဲအသစ် သန့်သန့်တစ်လုံး။ (၂) ဖန်ခွက်တစ်လုံး သောက်ရေသန့် ထည့်၍ထားပါ။ (၃) ပျဉ်းမ ၉ ရွက်၊ ရွက်လှ ၉ ရွက် အနာအဆာကင်းကင်း။ (၄) ကြက်လျှာအလံ ၉ ခု မိမိနှင့်သက်ဆိုင်သော အရောင်၊ (၅) ယပ-စမ သွင်းထားသော ဖယောင်းတိုင် ၉ တိုင်။

ပြုလုပ်ပုံမှာ အုတ်နီခဲကို သောက်ရေသန့်ဖြင့် သုံးကြိမ်လောင်း၍ ဆေးပါ။ "မကောင်းသော အနိဋ္ဌများပျောက်စေ" ဟုပြော၍ လောင်းပါ။ ပြီးလျှင် သောက်ရေသန့်ထည့်ထားသော ဖန်ခွက်ကို တင်ပါ။ ပြီးလျှင် ပျဉ်းမ ၉ ရွက်၊ ရွက်လှ ၉ ရွက် နှစ်မျိုးစလုံး တစ်ပြိုင်တည်း ပေါင်းထည့်ပါ။ သပြေ ၉ ညွန့်ထည့်ပါ။ ပျဉ်းမရွက်ပေါ်တွင် ဆိုင်နံပါတ်အပြည့်အစုံနှင့် မိမိမွေးနေ့၊ နာမည်နှင့်အတူ ဆိုင်အမြန်ရောင်းထွက်ရန်၊ ဝယ်သူပေါ်ရန် စာရေးပါ။ ကြက်လျှာအလံပေါ်တွင်လည်းရေးပါ။ အုတ်ခဲပေါ်တွင် ဆိုင်နံပါတ်နှင့် နေရပ်လိပ်စာကိုရေး၍ ဝယ်သူအမြန်ပေါ်စေဟုရေးပါ။ အားလုံးကို ဘုရားခန်းတွင်လုပ်ပါ။ ဖယောင်းတိုင်ပေါ်တွင် မိမိနှင့် သက်ဆိုင်သော ဝဏ္ဏသရစက်မှ အက္ခရာများကိုရေးပါ။ နေ့စဉ် ဖယောင်းတစ်တိုင်ထွန်း၍ ဆုတောင်းပါ။ ရက်သတ္တတစ်ပတ်၊ သို့မဟုတ် ၄၅ ရက် အတွင်း အရောင်းထွက်၍ ဝယ်သူအမြန်ပေါ်စေနိုင်ပါသည်။ ကျွန်ုပ်သည် မနီလာတစ်ယောက်သာလျှင် ယခုဆောင်းပါးရေးချိန်တွင် ၎င်းနည်းစနစ်ကို သုံး၍ ပြုလုပ်ပေးဖူး၏။ ဆရာလွင်မိုးအောင်သည် ၎င်းအစီအမံဖြင့် ၁၀ ဆိုင်ထက်မနည်း။ အိမ် ၄-၅ လုံးထက်မနည်း ထွက်အောင်၊ ရောင်းရအောင် ပြုလုပ်အောင်မြင်ခဲ့သည်ဟု ကျွန်ုပ်အား ပြောကြားပါ၏။ ကျွန်ုပ်၏ စာဖတ်ပရိသတ်များ စမ်းသပ်အောင်မြင်နိုင်ပါစေ။

## ဝဏ္ဏသရစက်မှုရင်းမှ ကောက်နုတ်ချက်

(၁) သင်၏ နာမည်အရင်းလုံးသည် အ/က/ဆ/ဏ/ဓ/ဘ/ဝ ဖြစ်လျှင် အနီရောင် ကြက်လျှာအလံ။

(၂) သင်၏ နာမည်အရင်းလုံးသည် ဣ/ခ/ဇ/ည/န/မ ဖြစ်လျှင် အဝါရောင် ကြက်လျှာအလံ။

(၃) သင်၏ နာမည်အရင်းလုံးသည် ဉ/ဂ/င/တ/ပ/ယ ဖြစ်လျှင် အစိမ်းရောင် ကြက်လျှာအလံ။

(၄) သင်၏ နာမည်အရင်းလုံးသည် ဧ/ထ/ဖ/ရ/သ ဖြစ်လျှင် အဖြူရောင် ကြက်လျှာအလံ။

(၅) သင်၏ နာမည်အရင်းလုံးသည် ဩ/စ/ဋ္ဌ/ဒ/ဗ/လ/ဟ ဖြစ်လျှင် နက်/ပြာ ကြက်လျှာအလံ။

မိမိနှင့်သက်ဆိုင်သော အလံပေးတွင် ဆိုင်နံပါတ်နှင့် နေရပ်တို့ကိုရေး၍ အမြန်ဝယ်သူပေါ်စေဟု ရေးပါ၊ ဆုတောင်းပါ။ ဖယောင်းတိုင်ပေါ်တွင် မိမိနာမည်မှ သုံးခုမြောက်တွင်ရှိသော အက္ခရာစမများ ရေးပါ။ ရေးနေစဉ် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး အာရုံပြု၍ ရေးပါ။ ဖြစ်နိုင်လျှင် ငါးပါးသီလခံယူပြီးမှ ပြုလုပ်ပါ။


*ကျေးဇူးရှင်အား ရှိခိုးပါ၏။*

**သစ္စာဝါဒီ–ဆရာမြတ်စောလင်း**



www.burmeseclassic.com

www.burmeseclassic.com



# ဟင်းနှစ်ခွက်

ရန်ကုန်မြင့်ဆွေ

သူငယ်ချင်း မင်းနဲ့ငါ မတွေ့တာလည်း ကြာခဲ့ပြီ။ မင်းကိုလည်း သိပ်တွေ့ချင်တာပဲကွာ။ ငါတို့နှစ်ယောက် ဆုံကြရင် တို့ငယ်ငယ်ကအကြောင်းတွေ ပြန်သတိရပြီး စားမြုံ့ပြန်ရတာ တယ်အရာရှိတာပဲကွ။

ငယ်ငယ်က အကြောင်းတွေကို တွေးမိတိုင်း ငါတို့ အသက်တွေ ပြန်ငယ်သွားသလို ခံစားရတယ်။

အခုတော့လည်း ငါတို့မှာ သားတွေ၊ သမီးတွေ၊ မြေးတွေနဲ့လေ။ မင်းဆိုရင် မြစ်တောင်ရနေပြီ မဟုတ်လား။ အသက်ဘယ်လောက်ပဲကြီးကြီး နုပျိုချင်တာတော့ အမှန်ပဲ။ တရားမရှိဘူးလို့ပဲပြောချင်ပြောပါစေ။ ငါကတော့ ''အသက် ဘယ်လောက်ရှိပြီလဲ''လို့ မေးလာတဲ့သူဆိုရင် သိပ်မုန်းတာပဲ။ ဟုတ်တယ်ကွ။

ကိုယ့်ဟာကိုယ်နေရင် အသက်ကြီးတယ်လို့ကို မထင်မိဘူး။ အသက်မေးလိုက်တော့မှပဲ ကိုယ့်အသက်က ကြီးနေပါလားလို့ သိလိုက်ရတယ်။

နောက်ပြီး ကောင်လေးတွေ ကောင်မလေးတွေက ''အဘ''၊ ''ဘကြီး''၊ ''ဘဘ''လို့ခေါ်လိုက်ရင် ငါ ရင်ဘတ်ထဲ အောင့်အောင့်သွားတာပဲ၊ ''ဦး''တို့၊ ''အန်ကယ်''တို့ပဲ ခေါ်သင့်တယ်ကွ။

မင်းတို့ငါတို့လည်း ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီး လာကြတော့ အပြောအဆို အခေါ်အဝေါ်ကိုက ညက်ပြီး သွားလေ။

ကိုယ်က သူများကိုခေါ်လည်း ယဉ်ယဉ်ကျေးကျေး လေးပဲ ခေါ်တယ်။ ကိုယ့်ကိုခေါ်ရင်လည်း ယဉ်ယဉ်ကျေး ကျေးခေါ်မှ ကြိုက်တယ်။

ငါတို့လူငယ်ဘဝတုန်းက ဦးတို့၊ အန်ကယ်တို့ပဲ ခေါ်ခဲ့၊ ပြောခဲ့တာပါ။ ငါ့တို့ အလှည့်ကျမှပဲ ''ဘကြီး''တို့၊ ''အဘ''တို့၊ ''ဘဘ''တို့ ခေါ်ခံနေရတယ်။

တော်သေးတာပေါ့။ ''အဘိုး''လို့ မခေါ်တာကိုပဲ ကျေးဇူးတင်ရဦးမယ်။ ငါတစ်ခု စဉ်းစားမိတယ်။ ဒီခေတ်က

www.burmeseclassic.com

www.burmeseclassic.com

လည်း "အဘ"ခေတ်ကွ။ "အဘ"လို့ ခေါ်တာကိုက မော်ဒန်ဖြစ်တယ်နဲ့ တူပါတယ်။

"အဘ"ဆိုရင် "အကောင်"လား။ "အတောင်" လားလို့ ထင်ကြတာ။ "အဘ"ဆိုတာနဲ့ လူတွေက အထင်ကြီးပြီး လန့်ဖျပ်သွားတာ။

ငါ့ကိုတော့ အကောင်၊ အတောင် မထင်ချင်လည်းနေ။ အထင်မကြီးချင်လည်းနေ။ "အဘ"လို့ ငါ့ကိုခေါ်တာ မကြိုက်တာတော့ အမှန်ဘဲ။ "အဘ"၊ "အဘ"လို့ခေါ်ပြီး နောက်ပိုင်းက အုပ်သွားကြတာ သိမှမသိဘဲ။

တစ်ခါတုန်းက အဖြစ်အပျက်တစ်ခုကို ပြောရဦးမယ်။ Shopping Center တစ်ခုမှာ လူငယ်တစ်ယောက်က ငါ့ကို "ဘကြီး အပြင်ထွက်ပေါက်က ဘယ်နားမှာလဲ"လို့ လာမေးတယ်။ သူ့ကိုကြည့်လိုက်တော့လည်း မလည်မဝယ်နဲ့ Country ပုံပဲ။ အသက်က ၃၀ ကျော်လောက်ရှိမယ်။ ခေါ်ပုံက ငါ့ကို "အဘ"တဲ့။ နောက်ပြီး ကောင်မလေးတွေရှေ့မှာ လာခေါ်တာ။ ငါလည်း ဒေါ်ကီးသွားတာပေါ့။

"မင်းကကွာ တောခေါ် မခေါ်စမ်းပါနဲ့"လို့ပြောပြီး အမြင်ကတ်ကတ်နဲ့ သန့်စင်ခန်းဘက်ကို လက်ညှိုးထိုးပြလိုက်တယ်။ ဒီထက်ဆိုးတာက အသက်ကြီးကြီး အမျိုးသမီးကြီးတွေပဲကွ။ သူတို့ကိုကြည့်လိုက်တော့လည်း မနက်ဖြန်၊ သဘက် ဘိုးဘွားရိပ်သာ ရောက်တော့မယ့်ပုံ။ အဲဒီလို အဘွားကြီးပုံ ပေါက်နေတဲ့ အမျိုးသမီးကြီးတွေက ငါ့ကို "ဦးလေးကြီး"လို့ခေါ်တယ်ကွာ။

ငါကလည်း ဘယ်ခံနေပါ့မလဲ။ "ဟုတ်ကဲ့ပါ အဘွား"လို့ ပြန်တွယ်လိုက်တာပေါ့။ သူတို့ကိုလည်း အပြစ်မပြောချင်ပါဘူး။ ချက်ချင်းဆိုတော့လည်း ဒေါသထွက်သွားလို့ ပြောလိုက်မိတာ။ တကယ်တော့လည်း ကိုယ့်လိုပဲ သူတို့လည်း ငယ်ချင်နုပျိုချင်မှာပေါ့။

လူဆိုတာ စိတ်ပျိုတော့ ကိုယ်နုဆိုသလို ကိုယ့်စိတ်ကို အမြဲတမ်း ပျော်ရွှင်ချမ်းမြေ့အောင် ဖန်တီးရတယ်။

စိတ်ပျော်ရွှင်မှုကြောင့် စိတ်နုပျိုခြင်းဆိုတာ ဖြစ်ပေါ်လာတယ်။ စိတ်ချမ်းသာမှု ရရှိခြင်းဟာ တက်ကြွလန်းဆန်းမှုကို ရရှိခြင်းပဲ။

ဒါကြောင့် ငါကတော့ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်ပဲ နေတယ်။ မင်းတို့ကတောင် ငါ့ကို Happy Jolly လို့ ခေါ်ကြသေးတယ်လေ။

ဘယ်လိုပဲ ဒုက္ခတွေနဲ့တွေ့တွေ့ ပူရမှန်း၊ ညည်းရမှန်း မသိတဲ့ကောင်လို့ ငါ့ကို မင်းပြောခဲ့တာ မှတ်မိဦးမှာပေါ့။

ငါ့မှာ သမီးနှစ်ယောက် သားတစ်ယောက်နဲ့ မိသားစုဘဝ လူတန်းစေ့နေနိုင်အောင် ငါရုန်းကန်လှုပ်ရှားခဲ့ရတာ မင်းအသိပဲ။

ဒီကြားထဲ သမီးအလတ်မက ရောဂါသည်။ သူ့တစ်သက်မှာ ဆရာဝန်တွေကို ငါလုပ်ကျွေးလိုက်ရသေးတယ်။

သမီးအလတ်မ အသက် ၂၀ မှာ ဆုံးပါးသွားလို့ ဆရာဝန်တွေနဲ့ မတွေ့ရတော့ဘူးဆိုပြီး ဝမ်းသာမယ်ကြံကာရှိသေးတယ်။ မိန်းမလုပ်သူက သားအိမ် ကင်ဆာဖြစ်ပါရော။ တစ်နှစ်ကျော်ကျော် ဆေးကုလိုက်ရတယ်။

သေရမယ့် ရောဂါဆိုတော့ ငွေလည်းကုန် လူလည်းဆုံးပေါ့။ မိန်းမသေပြီးလို့ နှစ်နှစ်အကြာမှာ သမီးနဲ့သားလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ အိမ်ထောင်ပြုကြတယ်လေ။

ငါ့အပေါ်မှာတော့ သားနဲ့သမီးက သိတတ်ကြပါတယ်။ ငါ့ကို အသိတတ်ဆုံး နားလည်ဆုံးကတော့ ငါ့သားပဲကွ။

သားကြီးက မလေးရှားမှာ အလုပ်သွားလုပ်နေတာ။ မင်းလည်းသိပါတယ်။ ဘာလိုလိုနဲ့ ဒီကောင်ကြီး မလေးရှားမှာနေတာ ၁၅ နှစ်တောင် ကျော်သွားပြီ။ ဒါပေမယ့် နှစ်နှစ်တစ်ခါတော့ ငါ့ဆီကို သားက ခွင့်နဲ့ပြန်လာတယ်။

ဖေဖေ့ကို တွေ့ချင်မြင်ချင်လို့တဲ့။ ငါ့သားပြန်လာမယ်ဆိုတဲ့ အသံကြားတာနဲ့ ငါ့မှာ ဝမ်းသာလုံးတွေပိုက်ပြီး မျှော်ခဲ့ရတာ။

သားကြီးကို လေယာဉ်ကွင်းဆင်းကြိုရတာ ငါ့အတွက် နုပျိုဆေးတစ်ခွက် သောက်လိုက်ရသလိုပါပဲ။

ဘာကြောင့်လည်းဆိုတော့ ငါ့သားက လေယာဉ်ကွင်းမှာ ငါ့ကိုမြင်တွေ့လိုက်တာနဲ့ "ဟာ ...ဖေဖေက တော့ အမြဲတမ်း နုပျိုနေတာပဲ။ သားပြန်လာတိုင်း ဖေဖေ့ကို ဒီအရွယ်အတိုင်းပဲ မြင်နေရတယ်။ အရွယ်လည်း ကျမသွားဘူး။ ပိုပြီးတောင် ငယ်လာသလိုပဲ။ ဖေဖေ့ကို အခုလို မြင်တွေ့လိုက်ရတာ သားအရမ်းဝမ်းသာတာပဲ"လို့ ပြောလိုက်တဲ့ သားရဲ့စကားကို ကြားရတော့ ငါ့မှာ နုပျိုခြင်းပီတိတွေ တဝကြီး ဝါးလိုက်ရသလိုပါပဲ။

သားပြန်လာတိုင်း ပြန်လာတိုင်း ငါ့မှာ နုပျိုခြင်းဆို



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အားမာန်တွေ တက်ခဲ့ရတယ်။ ဒါကြောင့် သားဟာ ငါ့အတွက် နှပျိုဆေးတစ်ခွက်ပါ။

ငါ့သမီးကြီးကျပြန်တော့ တစ်မျိုးကွ။ အဖေရဲ့ ပ် သူကို အသက်ကြီးကြီးပုံစံနဲ့ နေတာမျိုး သဘောကျသတဲ့။

ငါ့ကို တိုက်ပုံနဲ့ပုဆိုး ဝတ်တာကို မြင်ချင်သတဲ့။ တကယ်တော့ သူ့သဘောက ဖအေကို မြန်မာဆန်ဆန် ခံ့ခံ့ညားညား နေတာကို ကြိုက်တယ်နဲ့တူပါတယ်။

ဒါပေမယ့် မင်းသိတဲ့အတိုင်း ငါကလည်း ငယ်ငယ်ကတည်းက ဘောင်းဘီဝတ်၊ တီရှပ်ဝတ်လာတဲ့ကောင်ဆိုတော့ လည်ကတုံးတွေ၊ တိုက်ပုံတွေ ဘယ်ဝတ်ချင်ပါ့မလဲကွာ။

သမီးကြီးက ငါ့ကိုများ အဘိုးကြီးလို့များ ထင်နေသလား မသိပါဘူး။ ငါဆိုတဲ့ကောင်ကလည်း အဝတ်အစားကို ခေတ်နဲ့အမီလိုက်ပြီး ဝတ်တတ်တယ်။

အဲဒါကို သမီးနဲ့သမက်က ငါ့နောက်ကွယ်မှာ ကလေးကလားဝတ်တယ်လို့ ကဲ့ရဲ့ကြသေးတယ်။ ပါတိတ်အင်္ကျီဝတ်တာကို ထဘီဆင်ကြီးဝတ်ပါတယ်လို့ အတင်းပြောတယ်။

ငါသိပါတယ်။ ငါကလည်း လုံးဝဂရုမစိုက်ဘူး။ ငါဝတ်တတ်သလိုပဲ ဝတ်မြဲဝတ်တာပဲ။ ဟုတ်တယ်လေကွာ။ သား သမီးတွေအလိုကျ ငါမနေနိုင်ဘူး။ လွတ်လပ်ခြင်းကို ငါမြတ်နိုးတယ်။

သားသမီးတွေကို ငါအုပ်ထိန်းခဲ့တုန်းကလည်း ဒီမိုကရေစီ အပြည့်အဝပေးပြီး အုပ်ထိန်းခဲ့တာ။ သားသမီးတွေ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့လည်း သူတို့အကြိုက် ရွေးချယ်ခွင့်ပေးခဲ့တယ်။

ငါ ကန့်ကွက်ဟန့်တားခြင်း လုံးဝ မလုပ်ခဲ့ဘူး။ ငါသဘောမတူပေမယ့် သူတို့ရဲ့ လူ့အခွင့်အရေး မဆုံးရှုံးစေချင်လို့ သူတို့အလိုကျ သူတို့နှစ်သက်မြတ်နိုးတဲ့သူနဲ့ အိမ်ထောင်ချပေးခဲ့တယ်။ အခုဆို သမီးလည်း သူ့အိမ်ထောင်နဲ့ သူ့မိသားစုနဲ့။ သားလည်း သားနဲ့မယားနဲ့ သူ့အိုးသူ့အိမ်နဲ့။ ငါကတော့ ငါ့အိမ်နဲ့ ငါပဲ နေရတာပေါ့။ ဘယ်သားသမီးအိမ်ကိုမှ လိုက်မနေချင်ပါဘူး။

သမက်၊ ချွေးမ မျက်နှာကိုကြည့်ပြီး နေရစားရမယ့်ဘဝကို "ငရဲ"လို့ ငါက သတ်မှတ်ထားတာ။ ချွေးမက သမီးမဟုတ်သလို၊ သမက်ဆိုတာကလည်း သားမှမဟုတ်ဘဲ။

သူတို့မှာလည်း မိဘတွေရှိတယ်လေ။ ငါက ကိုယ့်ချင်းစာပေးရမှာပေါ့။ ကျွေးခြင်းကျွေး၊ ပေးခြင်းပေးရင် ကိုယ့်မိဘတွေကိုပဲ ဦးစားပေး ကျွေးကြမှာပေါ့။ ဒါအပြစ်ပြောစရာမဟုတ်ပါဘူး။ ငါကျေနပ်ပါတယ်။ နားလည်ပေးပါတယ်။ မိဘဆိုတာ သားသမီးကသိတတ်မှ ရင်အေးရတာလေ။

မိဘထံက သားသမီးတွေ ခွဲထွက်ပြီး ကိုယ့်အိုးကိုယ့်အိမ်နဲ့ ကိုယ့်စီးပွားနဲ့ကိုယ် နေကြပေမယ့်လည်း ငါကတော့ ကိုယ့်သားသမီးတွေကို စိုးရိမ်ပူပန်နေရတဲ့စိတ်က နေ့တိုင်းလိုပါပဲ။

ကိုယ်ကသာ တွေးပူနေတာပါ။ သားရော၊ သမီးရော နှစ်ယောက်စလုံးက စီးပွားရေး အဆင်ပြေကြပါတယ်။ ဒါပေမယ့် အိမ်ထောင်ရေးကျပြန်တော့ "လင်နဲ့မယား လျှာနဲ့သွား"ဆိုတာ ရှိတယ်မဟုတ်လား။

သားမက်နဲ့ ချွေးမကို ငါက ဘယ်တော့မှ အပြစ်မပြောခဲ့ပါဘူး။ ကိုယ့်သားသမီးတွေကိုပဲ ပြောဆိုဆုံးမခဲ့တာ။ သမီးကိုဆိုရင်လည်း လင်သားအပေါ်မှာ သစ္စာရှိဖို့၊ ခင်ပွန်းဖြစ်သူဟာ ကိုယ့်ရဲ့ကျေးဇူးရှင်ဖြစ်လို့ ဘယ်တော့မှ ရိုင်းရိုင်းပျပျ မဆက်ဆံမိဖို့နဲ့ ကျေးဇူးမကန်းမိဖို့၊ အိမ်ဦးနတ်သဖွယ် ကိုယ့်လင်သားကို ရိုရိုသေသေဆက်ဆံဖို့ကို အခွင့်အခါသင့်တိုင်း ဆုံးမပြောဆိုခဲ့ပါတယ်။

ကုန်ကုန်ပြောမယ်။ အိပ်ရာဝင်ရင်တောင် လင်ယောကျ်ားကို ဦးချကန်တော့အိပ်ဖို့ တိုက်တွန်းခဲ့ပါတယ်။

သားကိုလည်း ကိုယ့်ရဲ့ဇနီးဖြစ်သူဟာ ကိုယ့်ကို အားကိုးအားထား ပြုနေရသူဖြစ်လို့ နိုင်ထက်စီးနင်း ဘယ်တော့မှ မပြုလုပ်ပါနဲ့။ သားမယားအပေါ် ကြင်ကြင်နာနာ ဆက်ဆံပေါင်းသင်းဖို့ အထင်မှား၊ အမြင်မှား ပြဿနာမျိုးတွေ ပေါ်ပေါက်လာခဲ့ရင် ပွင့်လင်းမြင်သာမှုရှိအောင် ဖြေရှင်းကြဖို့ ပြောဆိုဆုံးမခဲ့ပါတယ်။

ဖအေဆုံးမတဲ့အတိုင်း လိုက်နာကျင့်သုံးကြလို့လည်း သားနဲ့ သမီးတို့ရဲ့ အိမ်ထောင်ရေးဟာ အဆင်ပြေချောမွေ့နေတာပေါ့။ ဒါကြောင့်လည်း ငါ့မှာ တစ်မျိုး စိတ်ချမ်းသာရတယ်။ သားသမီးတွေ အိမ်ထောင်ရေး အဆင်မပြေဘူးဆိုရင် ငါပဲ စိတ်ဆင်းရဲရမှာလေ။ သားသမီးတွေ ဘယ်အရွယ်ရောက်ရောက် မိဘတွေကတော့ တွေးပူနေရတာပဲ။

ငါတို့ရဲ့ အဖေအမေတွေသာ ရှိခဲ့သေးရင်လည်း ငါတို့ကို ခုအချိန်ထိ ဒီအရွယ်ရောက်တဲ့အထိ စိုးရိမ်ပူပန်နေကြဦးမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

သားသမီးတွေကို မိဘတွေက တစ်သက်လုံး ရင်အုပ်မကွာထားချင်ပေမယ့် အပျိုတတ်ပြီဆိုတော့လည်း ပျိုသွားကြတာပါပဲ။ အတောင်အလက်စုံလို့သာ ပျံကြတာပေါ့။

သားနဲ့သမီး ငါ့အိမ်ကို လာလည်တိုင်း ငါကြိုက်တတ်တဲ့ အစားအစာလေးတွေ ဝယ်ဝယ်လာကြတယ်။

သမီးကြီးကတော့ အမြဲလိုပါပဲ။ ချွေးမဆိုတာကတော့ သားရှိတဲ့အခါ စားရတာပေါ့။ သားမရှိတော့လည်း မသိသလိုပေါ့။ လူတွေပြောပြောနေကြတာ မင်းကြားဖူးမှာပေါ့။ သမီးမိန်းကလေးဆိုတာ ဘာပဲဖြစ်ဖြစ် မိဘအိမ်တော့ ဟင်းတစ်ခွက်ရောက်တာပဲ ဆိုတာလေ။

သြော် . . . ဟင်းခွက်ဆိုလို့ မင်းကို ပြောပြရဦးမယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပေါ့။ ထမင်းစားမယ်လို့ ငါ ထမင်းစားပွဲမှာ ထိုင်လိုက်တာ။ စားပွဲပေါ်မှာ ကြက်သားဟင်းနှစ်ခွက်ကို တွေ့လိုက်ရတယ်။

ထမင်းပွဲပြင်ပေးတဲ့ ငါ့တပည့်လေးက "ဆရာ့သမီးအိမ်က ဟင်းတစ်ခွက်နဲ့၊ ဆရာ့သားအိမ်က ဟင်းတစ်ခွက် လာပို့ထားတာပါ"လို့ ပြောပြတယ်။

အဲဒီ ဟင်းနှစ်ခွက်ကို ငါသေသေ ချာချာကြည့်လိုက်ပြီး "ဒီဟင်းခွက်က သမီးကြီးအိမ်ကပို့တာဖြစ်မယ်။ ဟောဒီဟင်းခွက်ကတော့ သားအိမ်က ပို့လိုက်တာ မဟုတ်လား"လို့ ငါ့တပည့်လေးကို ပြောလိုက်တယ်။

"မှန်လိုက်လေ ဆရာရယ်"ဆိုပြီး တပည့်လေးက ငါ့ကို တအံ့တဩကြည့်နေတယ်။

နောက်ပြီး ငါ့ကိုမေးသေးတယ်။ "ဆရာက ဒီဟင်းနှစ်ခွက်ကို ကြည့်လိုက်တာနဲ့ သားအိမ်က ဟင်းခွက်နဲ့ သမီးအိမ်က ဟင်းခွက်ဆိုပြီး ကွက်တိဘာဖြစ်လို့ ပြောနိုင်တာလဲ"တဲ့။

ဒါနဲ့ ငါလည်း စုံထောက်ကြီးဦးစံရှားစတိုင်နဲ့ ငါ့တပည့်လေးကို ရင်ကော့ပြီး ရှင်းပြလိုက်တယ်လေ။

ကြက်သားဟင်းနှစ်ခွက်ကို ကြည့်လိုက်တဲ့အခါ ပထမဟင်းခွက်ထဲမှာ အသားတုံးတွေကြီးပဲ တွေ့လိုက်ရတယ်။ ဒုတိယဟင်းခွက်ကို ကြည့်ပြန်တော့ ဟင်းခွက်ထဲမှာ တောင်ပံရိုးနဲ့ လည်ချောင်းရိုးတွေကိုပဲ တွေ့လိုက်ရပြန်တယ်။

အိမ်တစ်အိမ်မှာ မိသားစု စားသောက်ရေးအတွက် အိမ်ရှင်မဖြစ်တဲ့ မိန်းမသားတွေကပဲ စီစဉ်ဆောင်ရွက်ရတယ် မဟုတ်လား။ ဒီတော့ သမီးအိမ်မှာ သမီးက ချက်ပြုတ်စားသောက်ရေးကို သမီးကိုယ်တိုင် စီစဉ်ဆောင်ရွက်ရတယ်လေ။ သမီးလက်၊ သမီးခြေပေါ့။

ဒါကြောင့် သမီးရဲ့ ကျေးဇူးရှင် မွေးသဖခင်ဖြစ်တဲ့ ငါ့ကို ဦးဦးဖျားဖျား အသားတုံးတွေပဲရွေးပြီး သူ့သဘောနဲ့ ပို့လိုက်တာ ဖြစ်ရမယ်။ အဲဒီအချက်ကို ကြည့်ခြင်းအားဖြင့် အသားတုံးတွေပါတဲ့ ပထမကြက်သားဟင်းခွက်က ငါ့သမီးကြီးအိမ်က ဟင်းခွက်ဆိုတာ အသေအချာပြောနိုင်တာပေါ့။

ဒုတိယ ဟင်းခွက်အကြောင်း ပြောရမယ်ဆိုရင် လင်ယောကျ်ားဆိုတာ အိမ်ရှင်မဖြစ်တဲ့ ဇနီးမယားက ချက်ပြုတ်ကျွေးတာကိုပဲ စားရတာလေ။

အဲဒီတော့ ငါ့သားလည်း ငါ့ချွေးမကျွေးမှ စားရတာမဟုတ်လား။ ဖခင်ဖြစ်တဲ့ ငါ့ကို သူစားရသလို ကြက်သားဟင်းလေး ကျွေးချင်မှာပေါ့။ ဒါကြောင့် သူ့မိန်းမ ငါ့ချွေးမကို ဖခင်လုပ်သူဆီ ကြက်သားဟင်းတစ်ခွက် ပို့ခိုင်းလိုက်မှာပေါ့။

သမီးမဟုတ်တဲ့ ချွေးမက ယောက္ခမကို စေတနာရှေ့ထားပြီး အရိုးအရင်းလေးတွေကိုက်ရအောင် ပို့လိုက်တယ်ဆိုတာ ငါသိပါတယ်။ သူ့မိဘတွေအတွက် အသားတုံးတွေ ဖယ်ရဦးမယ်လေ။

အဖေလုပ်သူစားဖို့ ကြက်သားဟင်းတစ်ခွက် ပို့လိုက်ရလို့ ငါ့သားကတော့ ဝမ်းသာပီတိဖြစ်နေမယ်။ ဒါပေမယ့် ကြက်ရိုးပါသွားတယ်ဆိုတာ သားက ဘယ်သိပါ့မလဲ။ သိခဲ့ရင်လည်း မယားလုပ်သူက "မောင့်ရဲ့ဖေဖေက ကြက်တောင်ပံကြိုက်လို့ပါ"လို့ လင်ယောကျ်ားကို ပြောမှာပေါ့။

ယောကျ်ားဆိုတာ မယားပြောတာ ယုံတာပဲလေ။ စကားပုံတောင်ရှိသေးတယ် မဟုတ်လား။ "မယားပြောတော့ တစ်ည"တဲ့။ သမီးနဲ့သား ကွာခြားချက်က ဒါပဲကွ။ ဒါကြောင့် ဒီဟင်းနှစ်ခွက်ကို ငါ တိတိကျကျ ခွဲပြောနိုင်တာပေါ့။ "ကဲပါကွာ . . .။ ငါက ငါ့သမီးပေးတဲ့ ကြက်သားဟင်းခွက်နဲ့ စားမယ်။ မင်းကတော့ ငါ့သားအိမ်က ကြက်ရိုးဟင်းခွက်နဲ့ပဲ စားပေတော့"ဆိုပြီး ရယ်ရယ်မောမောနဲ့ တပည့်လေးကို နောက်ပြောင်သလို ပြောလိုက်ရတယ်။

ကဲ . . . မင်းလည်း မင်းအိမ်ကို ဟင်းခွက်တွေ ရောက်လာရင် ငါ့လိုပဲ ခွဲခွဲခြားခြားသိနိုင်အောင် ကြိုးစားပေတော့ သူငယ်ချင်းရေ။

ရန်ကုန်မြင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ထွက်ရပ်လမ်း

# ပန်းတစ်ပွင့်လှူဒါန်းခြင်းအကျိုး

အောင်ဖေခိုင်

(၁)

"ရေဘူးနှင့် ဖိနပ်မပါလျှင် ခွေးအခါမှသိ၊ ဒါနနှင့် သီလမပါလျှင် သေခါမှသိ"ဟူသော စကားရှိသည်။ ထိုစကားအရှိအား အသိတရား လက်ကိုင်ထားကာ လူ့ရွာလူ့ပြည် နေရစဉ်ခဏ ဘဝကူးချိန် (အာယုသင်္ခါရ ခာတ်) မလွတ်မီအချိန် လှူဒါန်းပေးကမ်းလိုစိတ် မွေးမြူရမည်မှာ ဗုဒ္ဓဘာသာခံယူထားသော မြန်မာလူမျိုးတိုင်းထားရှိရမည့် စိတ်ထားပင် ဖြစ်ပါသည်။ နိဗ္ဗာန်ကူးတို့ဆောင်ပို့ပေး၍ နိဗ္ဗူတ လှမ်းလိုသူများအနေဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူသည့် တရားသုံးပါးသည် အခရာကျနေပေသည်။ ထိုတရားသုံးပါး ဟန်ချက်ညီညီ ဖြစ်ပါမှ နိဗ္ဗာန်ကူးမြောက် ဆိုက်ရောက်နိုင်ပါလိမ့်မည်။ လှူဒါန်းရာတွင်လည်း စိတ်သာရှင်စေ ဘုရားဟော ဆိုသကဲ့သို့ မိမိစိတ်သန္တာန် အတွင်းအဇ္ဈတ္တသည်လည်း သန့်ရှင်း



ပညာဝတီ
ကျောင်းတိုက်
ဆရာတော်
ဘုရားကြီး
ဘဒ္ဒန္တစာဂရ



www.burmeseclassic.com

www.burmeseclassic.com

စင်ကြယ်မှုရှိရန် အရေးကြီးလှပေသည်။

မိမိလှူဒါန်းသည့် အလှူအတန်းအပေါ် ဝိဘတ်၊ ဝိစာရမဖြစ်ဘဲ စေတနာသုံးတန် ဖြတ်ပါမှ သန့်ရှင်း စင်ကြယ်သော အလှူဒါန မြောက်ပေလိမ့်မည်။ လှူဒါန်းမှုအစုစုအပေါ် အာရုံထွေပြား စိတ်မှောက်မှားခြင်း၊ မှောက်မှားသည့် စိတ်အပေါ်လိုက်၍ တစ်ဆင့်တက်ကာ သံသယစိတ်များ၊ တွန့်တိုစိတ်များ၊ ဝေခွဲသုံးသပ်မရသည့်စိတ်များ(မောဟစိတ်များ) မိမိကိုယ်တွင်း ဝင်ရောက်လာခဲ့သည်ရှိသော် ထိုလှူဒါန်းမှုအစုစုသည် မသန့်စင် မစင်ကြယ်တော့ပေ။ သဟာသိကဒါန ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့ရပါသော်လည်း မိမိစိတ်အာရုံ တုန်ယင်ကြေပျက် အက်ကွဲ ဖိတ်လျှံခဲ့ပါက နိဗ္ဗာန်နှင့် အလှမ်းဝေးကာ သံသရာလွတ်ရာလွတ်ကြောင်း အထောက်အပံ့ကောင်း မဖြစ်နိုင်တော့ပေ။ မိမိစိတ်အရင်းခံ စေတနာသုံးတန် ပြတ်ပါက ငွေကြေးအမြောက်အများ အကုန်အကျခံကာ ကြီးသောအလှူ မဆိုထား နှင့်။ ပန်းတစ်ပွင့်လျှင်တောင် အကျိုးကျေးဇူးကြီးမားလှပုံကို ပညာဝတီရိပ်သာကျောင်း ဘိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရက ကဗျာ သင်္ကာဖြင့် သီကုံးဖွဲ့ဆိုပြခဲ့လေသည်။

××× ××× ×××

(၂)

**'တစ်ပွင့်မျှပန်း လှူဒါန်းရလျှင်**
**လူတွင်နတ်ရပ် ထပ်ထပ်ဖြစ်လာ**
**ကမ္ဘာကုဋေ ထောင်ချီနေ၍**
**စံပေပျော်စွာ ဆုံးဘဝါ၌**
**ချမ်းသာမြတ်ထား နိဗ္ဗာန်သွားသည်**
**မှတ်သား ပန်းတစ်ပွင့် လှူကျိုးတည်း။ ။**

ဤကဗျာလင်္ကာသည်ကား ဆရာတော်ဘုရားကြီး ဖွဲ့ဆိုခဲ့သော ကဗျာလင်္ကာပင် ဖြစ်ပါသည်။ ပန်းတစ်ပွင့်လှူဒါန်းခြင်း၏ အကျိုးအာနိသင်သက်ရောက်မှုနှင့် အတူ ဆရာတော်ဘုရားကြီး ကျောင်းထိုင်တော်မူသော ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် ပန်းပေါင်း ၈၄၀၀၀ ဆက်ကပ်ပူဇော်ပွဲသို့ သွားရောက်လေ့လာ ကြည်ညိုမိခဲ့ပါသည်။ ပန်းပေါင်း ၈၄၀၀၀ ပွဲ ဆိုသည်မှာ ဆရာတော်ဘုရားကြီး ကျောင်းတိုက်အတွင်းရှိ ကူစ္စာသယဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား သုတ္တန်ပိဋကတ် ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ ဝိနည်း ပိဋကတ်ဓမ္မက္ခန္ဓာပေါင်း ၂၁၀၀၀၊ အဘိဓမ္မာပိဋကတ် ဓမ္မက္ခန္ဓာပေါင်း ၄၂၀၀၀ တို့အား ဓမ္မက္ခန္ဓာတစ်ဆူလျှင် ပန်းတစ်ပွင့်ကျ ရည်မှန်း၍ ပန်းပေါင်း ၈၄၀၀၀ တို့ဖြင့် ဆက်ကပ်ပူဇော်ပွဲ ကျင်းပလာခဲ့သည်မှာ ယခုအကြိမ်နှင့်ပါဆိုလျှင် ၃၅ ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း တော်သလင်းလဆန်း ၁၄ ရက်နေ့၌ ဆက်ကပ်ပူဇော်ပွဲ ကျင်းပမြဲ ဖြစ်ပါသည်။



ဆရာတော်ဘုရားကြီးနှင့် ကူစ္စာသယပန်းစေတီ



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း ၃၅ နှစ်အတွင်း ပုံစံအမျိုးမျိုးဖြင့် ပန်းပေါင်း ၈၄၀၀၀ ကို ဆက်ကပ်ပူဇော်ခဲ့ကြောင်း၊ တစ်နှစ်နှင့် တစ်နှစ် ဆက်ကပ်ပူဇော်မှု တူညီမှုမရှိစေရန်အတွက် စဉ်းစားရကြောင်း၊ ပြီးခဲ့သည့် နှစ်များက နဂါး၊ ဂဠုန်ပုံစံများဖြင့် ဆက်ကပ်ပူဇော်ခဲ့ကြောင်း။ ယခုနှစ်၌ စစ်ကိုင်းကောင်းမှုတော် ဘုရားပုံစံပြုလုပ်၍ ဆက်ကပ်ပူဇော်ခဲ့ကြောင်း။ စေတီကို ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖူးမြော်နိုင်ရန်အတွက် ၁၂ ရက်ကြာ အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း . . . စသဖြင့် ဆရာတော်ဘုရားကြီးမှ ရှင်းလင်းမိန့်ကြားခဲ့ပါသည်။

ဤကဲ့သို့ ပန်းပေါင်း ၈၄၀၀၀ ဆက်ကပ်ပူဇော်ပွဲများတွင် ယမန်နှစ်များက ထူးခြားဖြစ်စဉ်မှာ စက်တင်ဘာ ၁၄ ရက်နေ့ နံနက် ဘုရားနေကဇာတင်အပြီး သာဓုခေါ်ဆို၍အပြီး မြွေဖြူများ၊မြွေစိမ်းများ လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ယခုနှစ် ထူးခြားဖြစ်စဉ်မှာ ဘုရားနေကဇာတင်အပြီး သာဓုခေါ်ဆိုရာတွင်လည်း စာငှက်ကလေးများကပါ ဝင်ရောက်သာဓုခေါ်ဆိုသည့်အကြောင်းကို ဆရာတော်ဘုရားကြီးမှ ထပ်မံရှင်းပြ မိန့်ကြားခဲ့ပါသည်။ နှစ်စဉ် ပန်းပေါင်း ၈၄၀၀၀ ဆက်ကပ်လှူဒါန်းသည့်အပြင် သစ်သီး ၁၀၀၀ ကိုလည်း ကပ်လှူပူဇော်ခြင်း၊ စက်တင်ဘာ ၁၅ ရက်နေ့တွင်လည်း ဆီမီး ၁၀၀၀ ဖြင့် ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ခဲ့သည်ကိုပါ သိရှိခဲ့ရသည်။

'ဤနေ့ ဤအချိန် ညနေ ၃ နာရီမှ ည ၉ နာရီအထိ မည်သူမဆို မိမိတို့ စေတနာသဒ္ဓါတရား ထက်သန်သလောက် ပန်း၊ သစ်သီး၊ ဆီမီးများဖြင့် နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းနိုင်ကြောင်းလည်း သိရှိခဲ့ရသည်။ ထူးခြားသည့် အလှူ ထူးမြတ်သည့် ဒါနတရားနှင့် ပီတိသောမနဿပွားနိုင်စရာ လှူဒါန်းဆက်ကပ်နိုင်သည့်ပွဲပင် ဖြစ်ပါသည်။

(၃)

လူဖြစ်တည်လာသည်နှင့် မိမိနှင့် တစ်ပါတည်းပူးတွဲပါလာသည်က ကမ္မဝါဒ ကံ-ကံ၏အကျိုးတရားပင် ဖြစ်သည်။ မိမိပြုလုပ်သော ကောင်းမှုကံ၊ ဆိုးမှုကံသည် နွားလှည်းနှင့်မခြား တူညီလှသည်။ ရှေ့နွားသွားရာသို့ နွားလှည်းဘီး တစ်ထပ်တည်းကျသကဲ့သို့ မိမိပြုလုပ်ခဲ့သော အဆိုးအကောင်းကံသည် ညီညီညာညာ တစ်ထပ်တည်းကျတတ်သည့် သဘောသဘာဝ ရှိနေလေသည်။

ဘုရားဟောဒေသနာ တရားတော်များသည် မည်သည့်အခါမျှ လွဲခဲ့သည်ဟူ၍ မရှိခဲ့။ အကျိုးတရားကြောင့် ဖြစ်ပေါ်လာသောအကြောင်းတရားတိုင်းသည် ကံနှင့်မပတ်သက် မသက်ဆိုင်ဟူ၍ ဘယ်သောအခါမျှ မရှိ။ နောင်လည်း ရှိခဲ့မည် မထင်။ မဂ္ဂင်လမ်းသို့ လျှောက်နေသော သူများအဖို့ အနည်းဆုံး ငါးပါးသီလ မြဲရမည့်အပြင် ဒါန၊ သီလ၊ ဘာဝနာတရားများပါ လက်ကိုင်ထားရမည် ဖြစ်သည်။ ထိုတရားများ အားကောင်းမောင်းသန်ဖြစ်ပေါ်နေပါမှ ဝိမုတ္တိလမ်းသို့ ဆိုက်ရောက်နိုင်ပေလိမ့်မည်။ သဒ္ဓါရှိကျိုး စိတ်မှာကိုးသည့် လှူဒါန်းမှုဟူသည် မည်သည့်အခါမျှ အချည်းနှီး မဖြစ်စတန်ရာ။ ကြီးကျယ်မြင့်မြတ်သည့် လှူဒါန်းမှုကြီးမှသည် အသေးအဖွဲလှူဒါန်းသည့် ပန်းတစ်ပွင့် ဖြစ်စေကာမူ နိဗ္ဗုတလမ်းရာသို့ အထောက်အပံ့အကူအညီ ဖြစ်စေနိုင်ကြောင်း ပန်းပေါင်း ၈၄၀၀၀ ပွဲမှ သာဓကပြသည်ဟု ဆိုရမည် ထင်ပါသည်။

ပန်းပေါင်း ၈၄၀၀၀ လှူဒါန်းပွဲမှ အိမ်အပြန်လမ်းတစ်လျှောက် မေ့ဖျောက်မရနိုင်သည့် ဒါန၊ သီလ၊ ဘာဝနာ အကျိုးတရားနှင့် ပတ်သက်၍ ထားရှိရမည့် စိတ်ထားများကို ဆင်ခြင်သုံးသပ်နေမိခဲ့သည်။ အသိတရား၌ စိတ်ထားဖြူစင်လျှင် သက္ကာရဒိဋ္ဌိပြုတ်၊ ငါစွဲပြုတ်၊ လောကုတ္တရာတရား၏ ဝိမုတ္တိတံခါးဝသို့ နေ့ညမရွေး ရောက်ရှိနိုင်ပေလိမ့်မည်။ အတွေးသမ္မဇဉ်နှင့် ခြေလှမ်းများကြား စဉ်းစားဆုံးဖြတ်ခြင်း စိတ်ထဲ နိဗ္ဗာန်ထွက်ရပ် လမ်းပန်းတစ်ပွင့် လှူဒါန်းခြင်းအကျိုး အာနိသင် မှန်းဆကြည့်မြင် ဆင်ခြင်နေမိပါတော့သည်။

အောင်ဇော်ခိုင်



www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆင့်စီပြောကြား ကုသိုလ်ပွား

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

## ခိုင်ခင်အင်ကြင်း

အမျိုးသမီးများအတွက် သနပ်ခါးဟာ သဘာဝအကောင်းဆုံး အလှကုန်ဖြစ်ပါတယ်။ ဒီလိုရေးနိုင်ရတဲ့အကြောင်းရင်းက ဂျပန်နိုင်ငံလို အလှကုန်တွေထုတ်လုပ်တဲ့အပြင် နိုင်ငံတကာအလှကုန်တွေ ရောင်းချရာ အရပ်မှာ အလှကုန်အမျိုးမျိုးတွေ သုံးစွဲကြည့်ပြီးမှ ယှဉ်ပြီးဆုံးဖြတ်နိုင်လို့ပါပဲ။

အခုဆိုရင် နိုင်ငံခြားတိုင်းပြည်တွေက သဘာဝအလှကုန်ကို ဦးစားပေးထုတ်လုပ်နေကြပါပြီ။ ဓာတုဗေဒအလှကုန်များဟာ တကယ်တမ်း ကောင်းချင်မှ ကောင်းသလို၊ အသားအရေနဲ့ အခန့်မသင့်ဘဲ မတည့်တဲ့အခါ ပြဿနာ ဖြစ်ရင် ဖြစ်တတ်ပါသေးတယ်။

သနပ်ခါးကတော့ တကယ်ပဲ မွှေးလည်းမွှေးပျံ့ အသားအရေကိုလည်း ချက်ချင်းအကျိုးပြု လှပဖြူဖွေးသွားစေပါတယ်။ သနပ်ခါးနဲ့ ပတ်သက်လို့ ခိုင်ခင်အင်ကြင်းရဲ့ သူငယ်ချင်း ဓာတုဗေဒဘွဲ့လွန်ယူထားသူ အမျိုးသမီးတစ်ယောက်ဟာ ဂျပန်ကပြန်ပြီးမှ ထိုင်းနိုင်ငံကို ထပ်သွားပြီး သနပ်ခါးနဲ့ (Cream) ကရင်(မ်) စမ်းသပ်ထုတ်လုပ်အောင်မြင်ခဲ့ပါတယ်။ ဒါပေမယ့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချဖို့ ကုန်ကျစရိတ်က မြန်မာနိုင်ငံအနေနဲ့ ဈေးနှုန်းမြင့်မားနေပြီး ကြော်ငြာအားမလိုက်နိုင်တော့ ဈေးကွက်မဝင်ဘဲ ဖြစ်သွားတာပေါ့လေ။ ဒါကြောင့် ထိုင်းနိုင်ငံက သနပ်ခါးကို အတော်စိတ်ဝင်စားကြတာကြောင့် (Formula) ဖော်မြူလာကို ရောင်းချလိုက်ရကြောင်း ကြားသိရပါတယ်။

အိန္ဒိယနိုင်ငံကလည်း သနပ်ခါးကောင်းကြောင်း သတင်းကြားသူ အမျိုးသမီးတချို့ ရှိနေလို့ သနပ်ခါးဝယ်ယူသုံးစွဲလိုကြသည့်တိုင် သနပ်ခါးဈေးကွက်မရှိတော့ အဆက်အသွယ်ရှိမှ ရမှာမို့ မသုံးကြရ ဖြစ်နေတာပေါ့။


ဒီစာမူလေးဟာ သနပ်ခါးဈေးကွက်များကို စီးပွားရေးအရ တွင်တွင်ကျယ်ကျယ်လုပ်ဖို့ စဉ်းစားကြည့်နိုင်မယ့် လမ်းစလေးလည်း ဖြစ်ချင်ဖြစ်နိုင်ပါလိမ့်မယ်။ အမေရိကန်၊ ပြင်သစ်၊ အီတလီလိုနိုင်ငံတွေက အလှကုန်ပစ္စည်းတွေ ပြည်ပကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်တင်ပို့ရောင်းချနေကြသလို သနပ်ခါးနဲ့ ပတ်သက်ပြီး စွမ်းနိုင်သူများ ကြိုးစားထုတ်လုပ်ကြည့်ရင် ကောင်းမှာပဲ ထင်မိပါတယ်။ သနပ်ခါးကို ပြင်သစ်နိုင်ငံကတောင် အလှကုန်ထုတ်လုပ်ကြောင်း သတင်းကြားသိလိုက်ရတာ ကြာပြီဖြစ်ပေမယ့် ကုမ္ပဏီအမည် မသိရတာနဲ့ ရှာဝယ်ရမှာ ခက်သွားပါတယ်။

သနပ်ခါးအကြောင်း ညွှန်းနေတာကြောင့် အဓိကရေးမယ့်အကြောင်းလေးရေးဖို့ အခုမှ စတင်ရေးရပါတော့မယ်။ အသားအရေပေါ်ကို လိမ်းခြယ်ရုံမကဘဲ ပင်ကိုအသားအရေ လှပစိုပြည်တောက်ပနေအောင်လည်း ယခုအခါ ဂျပန်လူမျိုးအများစုလိုလို အထူးဂရုစိုက်စားသောက်နေထိုင်ကြတာကြောင့် အသားအရေ ဖြူဖွေးတဲ့အပေါ်မှာ ထပ်ဆင့် စိုပြည်တောက်ပနေကြတာကို မြင်ရပါတယ်။ အဲဒီအခါ ခိုင်ခင်အင်ကြင်းလည်း အားကျပြီး လိုက်စားတာပေါ့။ ပြီးတော့ ဂျပန်လူမျိုးစိတ်ဝင်စားသူတချို့အတွက် အင်္ဂလိပ်စာနဲ့ မြန်မာစာကို သင်ကြားကူညီပေးသလို တစ်ဖက်ကလည်း မိမိတိုင်းပြည်က မြန်မာပြည်သူပြည်သားတွေအတွက် အကျိုး




www.burmeseclassic.com

www.burmeseclassic.com



ကော့ညက်ကူ (ခေါ်) ဝဥ



အယ်လ်မွန်း (ALMOND)

ရှိနိုင်မယ့် ဒေသန္တရ ဗဟုသုတများ၊ ကျန်းမာလုပရေးများ တတ်အားသမျှ ရေးသားပါတယ်။ ဘာသာရေးအတွက် ပါမကျန် ဆိုသလိုပါပဲ။

အဲဒီတော့ မြန်မာပြည်သူပြည်သားတွေ အသားအရေ ဖွေးဆွတ်မနေပေမယ့် အလှမှာ အယဉ်ဆင့် အသွင်တင့် စိုပြည်တောက်ပ လှသွေးကြွယ်အောင် နည်းလမ်းတစ်နည်း တွေ့ရှိထားတာကို ပူးတွဲပါ သုတေသနပြုထားပြီး အစားအသောက် အကျိုးညွှန်းစာလေးနဲ့အတူ ထပ်ဆင့်သတင်းပေးကာသိုလ်ယူလိုက်ပါမယ်။

(၁) **ကော့ညက်ကူ(ဝဥ)**ဟာ ကိုယ်တွင်းအဆီပိုများကို လောင်ကျွမ်းသွားစေခြင်း၊ ကိုလက်စထရော(အဆီများ)ကို စုပ်ယူခြင်းနှင့် အဆီပိုများ (မကောင်းသောအဆီ) ကိုလက်စထရောများကိုလည်း ဖြစ်ပေါ်မလာအောင်တားဖြစ်ခြင်း၊ အူတွင်းက အပိုဆာလာများကို ထုတ်ပစ်ပေးခြင်းပြုပါတယ်။ (သွယ်လျကျစ်လျစ်စေမယ်။) တခြားသုတေသနမှာ သိခဲ့ဖူးတာတစ်ခုက ရေဓာတ်များခြင်းပါ။

(၂) **အယ်လ်မွန်း(ALMOND)** ခေါ် အမေရိကန် ဗာဒံစေ့လို့ သတ်မှတ်ချင်စရာ အဆန်များက အသားအရေကို တင်းမာစေခြင်း (ဥပမာ အသားများကို ဖိထားတာ ကြာရှည်ရင် အရာတွေထင်တာ အမြန်မူလအတိုင်း ပြန်ဖြစ်လွယ်ခြင်း)၊ အသားအရေ မပျော့မတွဲခြင်းလို့ တစ်နည်းအားဖြင့် ဆိုနိုင်ခြင်း၊ အရွယ်တင် နုပျိုလာစေခြင်း၊ အသားအရေချောမွတ်စေသော ဗီတာမင်အီး(VE) များခြင်း၊ အစေ့ရဲ့ အညိုရောင်အခွံလေးများသဲမှာ အသားအရေကို (စူရစူရ အသားအရေလို့ဆိုတဲ့ ဂျပန်စကားအတိုင်း) လက်သည်ထက်လက်စေခြင်း ဖြစ်ပါတယ်။ ဓာဖတ်သူများ သတိထားကြည့်ရင် နိုင်ငံခြားသူမော်ဒယ်လ်များ အသားအရေလေးတွေ တလက်လက်တောက်ပနေတာ မြင်ပါလိမ့်မယ်။ မူလအသားအရေကို အစားအသောက်နဲ့ တောက်ပစေရုံမျှမက တောက်ပအောင် ထပ်မံလိမ်းခြယ်တဲ့ အပြင် ဓာတ်ပုံဆရာရဲ့ ကျွမ်းကျင်မှုနဲ့ ဓာတ်ပုံစက္ကူသားက အထောက်အကူပြုသေးလို့ လှလွန်းသွားတာပါပဲ။

(၃) **ယာမာအီမွန်း**လို့ ခေါ်တဲ့ မြန်မာပြည်မှာ **ကတတ်ဥ**ဆိုတာ ဖြစ်ပါတယ်။ (နုဂိုင်းအီမွန်းလို့လည်း ခေါ်




www.burmeseclassic.com

www.burmeseclassic.com



**မှိုဖြူ**




**မာရှီမာလွန်(MASHUMALON)**

ကြပါတယ်။) (NAGAI EI MON) ကတတ်ဥက အူကို သန့်စင်ပေးခြင်း။ အသားအရေပွခြင်းကို သက်သာစေခြင်း (ရောင်ရမ်းခြင်းမျိုး အပါအဝင်) (PO-TASSIUM ပိုတက်စီယမ်ဓာတ် ပါဝင်လို့ ဖြစ်ပါတယ်)၊ (KAPUSAI SHIN) ကပု စိုင်ရှင်ခေါ်ဓာတ်နှင့် (GIOSU-GENIN) ဂျီအိုစုဂဲနင်း ခေါ် ပိန်စေတဲ့ ဓာတ်များခြင်း။ အဆီကိုလည်ပတ်စေခြင်း၊ ဥပမာ-ကိုယ်တွင်းရှိ အဆီအဟောင်းများကို အဆီအသစ်ဖြစ်၍ လည်ပတ်နေစေမှုမျိုးဖြစ်သည့် အကျိုးပြုမှု ဖြစ်ပါတယ်။ အူထဲက အချိုဓာတ်ကို စုပ်ယူသည့် ဓာတ်ကို တားမြစ်သော မှုချင်(MUCHIN) ဓာတ်ရှိခြင်းဆိုတဲ့ မှုချင်ဓာတ်ဟာ အူထဲက အချိုဓာတ်ကို စုပ်ယူရင်း တားမြစ်တော့ ဆီးချိုဝေဒနာရှင်များနဲ့ သင့်တော်မယ်လို့ ထင်မြင်မိရင် မှားလိမ့်မယ်လို့ မယူဆပါဘူး။ ဆရာဝန်များနဲ့ ထပ်မံတိုင်ပင်ညွှန်ကြားမှုယူကြည့်ရင် ကောင်းပါလိမ့်မယ်။


(၄) မာရှီမာလွန်က ဖော့လုံးလေးလို ပွပွမွမွ သရေစာတစ်မျိုးပါ။ သတိပြုမိသူ နည်းပါလိမ့်ဦးမယ် ထင်ပါတယ်။ ကုန်တိုက်တွေမှာ ရှာဝယ်ရင် ရနိုင်နေပါပြီ။ အဲဒါဟာ ကိုလာဂျင်ခေါ် အသားအရေ စိုပြည်မှု အလှအကျိုးပြုတဲ့ဓာတ်များခြင်းကြောင့် တစ်နေ့ဆယ်လုံးလောက်စားရင် ကောင်းပါတယ်။ ကော်ဖီ၊ ဒါမှမဟုတ် ကိုကိုးထဲ ထည့်သောက်လို့လည်း ရပါတယ်။ မာရှီမာလွန် စားနည်းကို တင်ပြထားပေမယ့် အယ်လ်မွန်း(ALMON) စားနည်းကို ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှာ လေ့လာထားချက်အရ တစ်နေ့ကို ခုနစ်စေ့မှ ရှစ်စေ့ စားရုံပဲဖြစ်ပြီး ဆံပင်များခြောက်သွေ့ပျက်စီးနေခြင်းကို ချက်ချင်းပြုပြင်ပေးကြောင်းလည်း သိထားခဲ့ရပါတယ်။

မှိုဖြူနဲ့ ငါးဖြူလေးများ မြန်မာပြည်မှာ မရနိုင်ဘူးထင်တဲ့အတွက် ရေးသားဖော်ပြခြင်း မပြုနိုင်သည့်တိုင်အောင် အလားတူ မှိုဖြူ၊ ငါးဖြူလေးများကိုလည်း စားနိုင်ကြပါလိမ့်မယ်။

လှရေးပရေးအတွက် ဒီအစားအသောက်တွေကို တကူးတက တခုတ်တရ စားဖို့ မကြိုးစားချင်ရင် အလွယ်



**ယာမာအီမွန်း အခွံခွာလှီးထားပုံ (ကတတ်ဥ)**



**ငါးဖြူ**

ဆုံး။ ဈေးအပေါ်ဆုံး နေရာတကာ ရနိုင်ရာ ပဲပင်ပေါက်ကို စွဲစွဲမြဲမြဲ စားတာနဲ့တင် အသားအရေကို အလှအကျိုးပြုလုပလာစေနိုင်ကြောင်း အလှတိုးဖို့ မခက်ပါဘူးဆိုတာလည်း လေ့လာထားတာ ရေးသားတင်ပြလိုက်ကြောင်းကို အလျဉ်းသင့်နီးစပ်ရာ အဖော်များအား လက်ဆောင်ကမ်း ပြောကြားလိုက်ကြပါလားလို့ တိုက်တွန်းလိုက်ပါရစေ…။

အစဉ်မွှန်မြတ်သော မေတ္တာရည်လျက်…

**နိုင်ခင်အောင်ကြင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယာတြာ ရွှေပညာ

## ၂၃

■ ဘုန်းပွင့်ထွန်း

"ဒီနေ့ရော ဘာအကြောင်း ဆွေးနွေးမလဲ အစ်ကို"

"မနေ့က ဘာအကြောင်း ဆွေးနွေးခဲ့သလဲ"

"ကက်ကင်းအကြောင်းပါအစ်ကို။ ဒါပေမယ့် ကက်ကင်းနဲ့ပတ်သက်ပြီး အစချီရုံပဲ ရှိသေးတယ်။ ရခိုင်က ရှင်သူငယ်ဇာတ်လမ်းကို အစ်ကိုပြောခဲ့တာ မဟုတ်လား"

"ဒီနေ့လည်း ကက်ကင်းနဲ့ ပတ်သက်တဲ့ ပုံပြင်တစ်ပုဒ် ထပ်ပြီးပြောရဦးမှာပဲ။ ကက်ကင်းအပိုင်းက အလွန်အရေးကြီးလို့ပဲ။ ကက်ကင်းဓာတ်ရိုက်တဲ့အခါမှာ အဆင်မသင့်ရင် ရိုက်တဲ့သူကို ပြန်နိုက်တာတွေ၊ ရိုက်လိုသူကို မထိဘဲ တခြားတစ်ယောက်ကို မလိုအပ်ဘဲ သွားထိတာမျိုးတွေလည်း ကြုံရတတ်တယ်။ ပုံပြင်ဆိုပေမယ့် ဆရာတွေက သူတို့ရဲ့ ကျမ်းတွေမှာ ထည့်သွင်းရေးသားခဲ့တာပဲ။ ကိုယ့်ခေတ်မဟုတ်တော့ မှန်တာ၊ မှားတာ မသိနိုင်ဘူး။ ဒါပေမယ့် အင်္ဂလိပ်ပညာရပ်နဲ့ သက်ဆိုင်နေတဲ့အတွက် အကြောင်းအရာက အဓိကမကျဘူး။ ပညာရပ်က အဓိကကျတာမို့ ပညာရပ်အနေနဲ့ ဒီရာဇဝင်ကြောင်းကို ဥပမာတင်ပြီး လေ့လာကြရမယ် မဟုတ်လား"

"လေ့လာသင့်ပါတယ်။ နားထောင်လို့လည်းကောင်း၊ စိတ်ဝင်စားစရာလည်း ကောင်းတာမို့ ပြောမှာသာ ပြောပါ"

"တစ်ချိန်က ကေတုမတီ တောင်ငူပြည်ဆိုတာ ထင်ရှားခဲ့တယ်။ တစ်ပင်ရွှေထီးဆိုရင် ရန်သူတွေ ဝိုင်းရံစောင့်ကြပ်နေတဲ့ကြားက ရွှေမော်ဓောဘုရားမှာ နားသမင်္ဂလာပြုလုပ်ခဲ့တယ်။ ဘုရင့်နောင်မင်းတရားဆိုရင်လည်း တစ်နိုင်ငံလုံး သိမ်းရုံးစုစည်းခဲ့တယ်။ ပဲခူးမှာ ကမ္ဘောဇသာဒီနန်းတော်ကြီးတည်ပြီး နန်းတောင်စိုက်ခဲ့သေးတယ်။

တောင်ငူမင်းဆက်မှာ ရတုစာဆို နတ်ရှင်နောင်လက်ထက်ကို ရောက်တဲ့အချိန်ကပေါ့။ ဒီအချိန်မှာ သက္ကရာဇ်အားဖြင့် ၉၇၆ ခုနှစ် ဖြစ်တယ်။ စစ်ကိုင်းမြို့တော်မှာ အနောက်ဘက်လွန်မင်းတရားကလည်း တန်ခိုးထွားနေတယ်။ ဘားမဲ့ဆရာတော်အကျော်အမော်ကို အားကိုးသမှုပြုတယ်။

အခါတစ်ပါးမှာ တောင်ငူမြို့ကို မတိုက်ခိုက်လျှင် မဖြစ်သော အကြောင်းတရားပေါ်ပေါက်လာခဲ့တယ်။ အဲဒီအကြောင်းကို အကြောင်းအကျိုး ခိုင်လုံစွာနဲ့ ဘားမဲ့ဆရာတော်ကို လျှောက်ထားတိုင်ပင်တော်မူတယ်"

"ဆရာတော်က ဘယ်လိုအကြံတော်ပေးသလဲ အစ်ကို"

"ဆရာတော်ကတော့ ချိန်ဆပြီး အကြံဉာဏ်ပေးရတာပေါ့။ အကြံဉာဏ်တောင်းလာတဲ့ ပုဂ္ဂိုလ်ကလည်း မင်းစိုးရာဇာ ဖြစ်နေတယ်။ အနောက်ဘက်လွန်မင်းခေါ်တဲ့ သာလွန်မင်းတရားကြီးကိုယ်တိုင် ဖြစ်နေတယ်။

ဆရာတော်က တောင်ငူရဲ့ ဓာတ်ပြန်ကက်ကင်းပြုရင် ငူတောင်ဆိုတာ ရမယ်။ ငူတောင်ရဲ့ ဓာတ်တူတာကို ရှာပြန်တော့ ခံတက်ဆိုတာ ရပြန်ရော။ ခံတက်ဆိုတာ တောင်ငူရဲ့ ဓာတ်ပြန် ကက်ကင်းပဲ။

ဒီတော့ မိမိမွေးနံရဲ့ တေဇအရပ်မှာရှိတဲ့ ခံတက်ပင်ရှိရာမှာ တပ်စခန်းချပြီး တောင်ငူကို လုပ်ကြံမယ်ဆိုရင် အောင်မြင်မယ်လို့ အမိန့်ရှိလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်က ကက်ကင်းဓာတ်ပြန့်သဘောနဲ့ပဲ အကြံဉာဏ်ပေးလိုက်တာပေါ့"

"ဟုတ်တယ် မောင်သန်းဇော်။ ကက်ကင်းဓာတ်ပြန့်ကိုပဲ အသုံးပြုနိုင်းတယ်။ ဒီနေရာမှာ ပြောလိုတာက ကက်ကင်းဓာတ်ပြန့်ဟာ အတော်အဖျက်စွမ်းအားကြီးတယ် ဆိုတာပါပဲ။ ဒါကြောင့် ကက်ကင်းဓာတ်ပြန့်ကို သုံးသင့်မှ သုံးဖို့ အရေးကြီးတယ်။ သုံးတတ်၊ ကိုင်တွယ်တတ်မယ်ဆိုရင်တော့လည်း အမျက်စွမ်းအားကြီးတယ်ဆိုပေမယ် အကျိုးရှိတဲ့နေရာမှာ ကြံဆသုံးလို့ ရတာတွေလည်း ရှိပါတယ်"

"ဘားမဲ့ဆရာတော်ရဲ့ အကြံဉာဏ်အတိုင်း အနောက်ဘက်လွှန်မင်းက လုပ်ဆောင်ရဲ့လား အစ်ကို"

"အနောက်ဘက်လွှန်မင်းဟာ ဘားမဲ့ဆရာတော်ရဲ့ အပေါ် အကြွင်းမဲ့ယုံကြည်မှုရှိတယ်။ ဒါကြောင့်မို့ ဘားမဲ့ဆရာတော် အကြံပေးတဲ့အတိုင်း စစ်သည်တပ်သားအမြောက်အမြားနဲ့ တောင်ငူကို ချီတက်တော်မူတယ်။ မင်းတရားကြီးဟာ တောင်ငူကိုရောက်တော့ ချက်ချင်းမတိုက်သေးဘူး။ ဆရာတော်မိန့်မှာထားတဲ့အတိုင်း သူ့ရဲ့ တောင်အရပ်မှာ ခံတက်ပင်ကို ရှာတယ်။ မတွေ့ဘူးဖြစ်နေတယ်။

ဆရာတော်က တောင်အရပ်မှာ ခံတက်ပင်ကို ရှာပြီး တပ်စခန်းချလုပ်ကြံရင် အောင်မြင်မယ်လို့ ဆိုပေမယ့် တကယ် တောင်အရပ်မှာ ခံတက်ပင်က ရှိချင်မှ ရှိမှာ။ အကယ်၍ တောင်အရပ်မှာ ခံတက်ပင်ကို ရှာကြံလို့မတွေ့ဘူးဆိုရင်လည်း ရတဲ့နည်းနဲ့ တောင်ငူကို တိုက်ရမှာပဲ။ မောင်သန်းဇော်အနေနဲ့ တောင်အရပ်မှာ ခံတက်ပင်ကို မတွေ့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ"

"ခံတက်ပင်က ရှိမှ မရှိဘဲ အစ်ကို။ ဘယ်လိုသွားလုပ်ရမှာလဲ။ ခံတက်ပင်ရှိစေဆိုပြီး ဖန်ဆင်းလို့ရတာမှ မဟုတ်ဘဲ"

"မှတ်ထား မောင်သန်းဇော်။ လိုလျှင်ကြံဆ နည်းလမ်းရတဲ့။ မရနိုင်တာ မရှိဘူး။ မဖြစ်နိုင်တာ မရှိဘူး။ ရအောင် ဖန်တီးရမယ်။ ရနိုင်တဲ့နေရာကနေ ခံတက်ပင်ကိုရှာ၊ တစ်ပင်လုံးတူးပြီး အနောက်ဘက်လွှန်မင်းရဲ့ တောင်အရပ် တပ်စခန်းချမယ့်နေရာမှာ အသေအချာ ပြန်စိုက်ရမယ်။ ဒါဟာ မရှိတာကို ရှိအောင်ဖန်တီးယူတာပဲကွဲ့"

"အနောက်ဘက်လွှန်မင်းကရော အစ်ကိုပြောသလိုမျိုး ဖန်တီးရဲ့လား"

"အနောက်ဘက်လွှန်မင်းရဲ့ တပ်တွေဟာ ခံတက်ပင်ကို ရှာမတွေ့ပေမယ့် စခန်းတော့ ချရမှာပဲ။ ဒါနဲ့ စခန်းချမယ့်နေရာကို ရှာတယ်။ စခန်းချမယ့်နေရာမှာ ပျဉ်ပုံတစ်ပုံက ရှိနေတယ်။ ပျဉ်ပုံကို ဖယ်ရှားလိုက်တဲ့အခါမှာ ကံအားလျော်စွာပဲ ခံတက်ပင်ကို တွေ့လိုက်ရတော့ အဆင်သင့်သွားတာမို့ ဖန်တီးစရာမလိုတော့ဘူး။ ဘားမဲ့ဆရာတော်ပေးတဲ့ အကြံအတိုင်း တောင်အရပ်က ခံတက်ပင်ရှိတဲ့နေရာမှာ တပ်စခန်းချမိပြီ။ ဒါပေမယ့် အဆင်က မချောဘူး"

"ဘာဖြစ်လို့ အဆင်မချောရတာလဲ အစ်ကို"

"ကိုယ်ကတော့ တစ်ဖက်ကို အနိုင်ရအောင်ဆိုပြီး အစစအရာရာ ပြင်ဆင်လာခဲ့တယ်။ စစ်အင်အား၊ စစ်ရည်စစ်သွေးရော ပြည့်ဝပြီး ဘားမဲ့ဆရာတော်ရဲ့ ဓာတ်ဆင်ဓာတ်ရိုက် နည်းညွှန်တဲ့အတိုင်း မလွဲချော်အောင် ဆောင်ရွက်ပေမယ့် တစ်ဖက်တောင်ငူမင်းကလည်း လွယ်လွယ်နဲ့ ဘယ်အညံ့ခံပါ့မလဲ"

"အဲဒီတော့ ဘာတွေဆက်ဖြစ်ကြသေးသလဲ။ စိတ်ဝင်စားဖို့ကောင်းလာပြီနော်"

"တောင်ငူမင်းမှာကလည်း အားကိုးရှိတယ်လေ။ ရှင်မုန်ယိုဆိုတဲ့ ဓာတ်ဆရာကြီးကို တောင်ငူမင်းက ကိုးကွယ်ဆည်းကပ်တယ်။ ရှင်မုန်ယိုကလည်း မခေဘူး။ တောင်ငူမင်းကို ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတွေနဲ့ ယတြာအဖြစ် ပြုလုပ်စီမံပေးပြန်တယ်။ ညနေ သုံးချက်တီးအချိန် ကျရောက်တဲ့အခါ တောင်ငူမင်းကိုးကွယ်တဲ့ ရှင်မုန်ယိုရဲ့ ယတြာအစီအရင်က အစွမ်းပြပါလေရောလား"

"ဘယ်လို အစွမ်းပြတာလဲ"

အစွမ်းပြပုံက ဒီလိုကွဲ့။ ရှင်မုန်ယို စီရင်ထားတဲ့ ကျွဲခေါင်းရိုး နွားခေါင်းရိုး ပုံသဏ္ဌာန်တွေဟာ ညနေသုံးချက်တီးမှာ အနောက်ဘက်လွှန်မင်း တပ်စခန်းချထားတဲ့နေရာကို လာပြီး စစ်သည်များကို လိုက်ပြီးပစ်ခတ်တာမို့ တပ်စခန်းဟာ မကြာခဏ လန့်တဲ့အတွက်ကြောင့် ငြိမ်အောင်ပြန်ထိန်းနေရတာနဲ့ပဲ တောင်ငူကို မတိုက်ဖြစ်သေးဘူးပေါ့"

"အတော်စွမ်းတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

"ပြောရရင်တော့ မယုံနိုင်စရာလို့ပဲ ဆိုရမှာပေါ့။

ဒီနေရာမှာ အင်းဝက 'တောင်ငူ'ပျက်ရအောင် ကက်ကင်းဓာတ်ပြန် 'ငူတောင်'ဖြစ်တဲ့ 'ခံတက်'ပင်ကို ဓာတ်ယတြာပြုတယ်။

ဒါကို ကေတုမတီတောင်ငူပြည်ကလည်း ကက်ကင်းဓာတ်ပြန်ဖြစ်တဲ့ 'ခံတက်'အစီအရင်ကို ချေဖျက်ဖို့ နွားခေါင်းရိုး၊ ကျွဲခေါင်းရိုးမှာ ရိုးတဲ့အရိုးကို ဖယ်ထုတ်လိုက်ရင် နွားခေါင်းနဲ့ ကျွဲခေါင်းဆိုတဲ့ ပညတ်ကျန်မယ်။ နွားဆိုတာ တောင်ဆိုတဲ့ ပညတ်ကို ကိုယ်စားပြုနေပြီး၊ ကျွဲဆိုတာ 'ငူ'ဆိုတဲ့ ပညတ်ကို ကိုယ်စားပြုနေတာ တွေ့ရမယ်။

နွားခေါင်းဆိုရင်ပဲ တောင်ငူနဲ့ ဓာတ်ပြန်ဖြစ်တာကို တွေ့ရမယ်။ ပညာခန်းအရ လေ့လာကြည့်ရအောင်။

**တောင်ငူ** = စနေ + တနင်္လာ = ၇ + ၂

**ခံတက်** = တနင်္လာ + စနေ = ၂ + ၇

(ကက်ကင်းဓာတ်ပြန်) အဖျက်စွမ်းအား

**နွားခေါင်း** = စနေ + တနင်္လာ = ၇ + ၂

(ကက်ကင်းဓာတ်ပြန်) အပြုစွမ်းအား

တောင်ငူဆိုတာကို ခံတက်ဆိုတဲ့ ကက်ကင်းဓာတ်ပြန်နဲ့ ပျက်စီးအောင် အဖျက်စွမ်းအားအသုံးပြုပြီး အင်းဝက တောင်ငူကို စစ်ဆင်တယ်။

တောင်ငူကလည်း နွားခေါင်းဆိုတဲ့ ကက်ကင်းဓာတ်မှန်နဲ့ ခံတက်ဆိုတဲ့ ကက်ကင်းဓာတ်ပြန်ကို ပြန်ချေဖျက်ထားတယ်။

ဒီနေရာမှာ ကက်ကင်းဆိုတဲ့ စကားလုံးကို သိပြီ။ ကက်ကင်းမှာ ဓာတ်ပြန်နဲ့ ဓာတ်မှန် နှစ်မျိုးရှိတယ်ဆိုတာကို လည်း သိရပြီနော်။ သတိထားဖို့က ကက်ကင်းဓာတ်ပြန်ဆိုတာဟာ ဓာတ်ပြန်ဆိုတဲ့အတိုင်းပဲ ပြောင်းပြန်လုပ်ပစ်တာ။ အကောင်းကနေ အဆိုးဖြစ်အောင် လုပ်တာ။ အဲဒီလိုနေရာမျိုးမှာ ကက်ကင်းဓာတ်ပြန်ကို သုံးရတယ်။ ပြီးတော့ ဆိုးနေတာကို ပိုဆိုးအောင် လုပ်တဲ့ဆီမှာ ကက်ကင်းဓာတ်ပြန်ဟာ စံမတူအောင် အစွမ်းထက်တယ်။ ဒါပေမယ့် စီရင်သူရဲ့ စည်းစနစ်ကျန ပိုင်နိုင်မှုကတော့ အခရာကျတယ်။ နဂိုက စွမ်းပြီးသား ဓာတ်ယတြာပေမယ့်လည်း စီရင်သူရဲ့ လုပ်ရပ်အနေ စနစ်မကျတော့ ကမောက်ကမဖြစ်တတ်တာတွေလည်း ရှိပြန်တယ်။ ဒါကြောင့်မို့ ကက်ကင်းကို ကိုင်တော့မယ်ဆိုရင် သေသေချာချာ၊ ပိုင်ပိုင်နိုင်နိုင် ကိုင်တတ်ဖို့တော့ အလွန်အရေးကြီးတယ်။

ကက်ကင်းဓာတ်မှန်ကျတော့ ရှိပြီးသား စွမ်းအားတွေကို ပိုပြီးပြည့်စေတယ်။ ယုတ်လျော့နေတဲ့ စွမ်းအားတွေကို ပြန်ပြည့်စွမ်းပေးစေတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နောက်မှာပဲ အကျယ်တဝင့် ရှင်းပြပါတော့မယ်။ လောလောဆယ်တော့ အင်းဝနဲ့ တောင်ငူရဲ့ စစ်ပွဲ ဘယ်လိုအဆုံးသတ်သလဲဆိုတာကို ဆက်ပြောမယ်။ စကားက ပြောရင်းနဲ့ ကျယ်ပြန့်သွားရင် စကားလက်စ သတ်နိုင်မှာ မဟုတ်ဘူး"

"ကျွန်တော်ကတော့ အစ်ကိုပြောတဲ့ ကက်ကင်းဓာတ်ပြန်နဲ့ ကက်ကင်းဓာတ်မှန်အကြောင်းတွေ အခုမှပဲ ကောင်းကောင်းကြားဖူးတော့တယ်။ စိတ်ဝင်စားဖို့ ကောင်းတယ်နော် အစ်ကို။ တစ်ဆက်တည်း အကုန်လုံးကို ကြားချင်သိချင်ပေမယ့် အချိန်က စကားပြောနေပြန်တယ်"

"ရှင်မှန်ယိုရဲ့ ကျွဲခေါင်း၊ နွားခေါင်း အစီအရင်အရ တပ်စခန်းချထားတဲ့ အင်းဝက စစ်သည်တွေဟာ မကြာခဏ လန့်ဖျပ်ကြတာမို့ ဒီအကြောင်းအရာဖြစ်စဉ်တွေကို အင်းဝမှာ ရှိတဲ့ ဘားမဲ့ဆရာတော်သိအောင် မြင်းစစ်သည်စေလွှတ်ပြီး လျှောက်ထားတယ်။ ဆရာတော်က ဘာမှပြန်လည်ပြီး မမိန့်ကြားလိုက်ဘူး။ ဒေါက်ချာတစ်ခုကို ရှာဖွေစေတယ်။ ဒေါက်ချာကို ဆရာတော်ထံ ဆက်ကပ်လိုက်တဲ့အခါ ဆရာတော်က ဒေါက်ချာကို ဦးခေါင်းမှာ စွပ်လိုက်တယ်။ အတန်ငယ်ကြာတဲ့ အခါမှာ ဒေါက်ချာကို ခေါင်းကပြန်ချွတ်ပြီး ကြမ်းပြင်ပေါ် ပစ်ချလိုက်တယ်။ ပြီးတော့ ကျက်သရေခန်းထဲ ဝင်သွားတယ်။ ပြန်မထွက်လာတော့ဘူး။ စစ်သည်တွေကလည်း ဆရာတော် ကျက်သရေခန်းထဲက ပြန်ထွက်လာနိုး စောင့်ကြတယ်။ ဆရာတော်က ပြန်မထွက်လာတော့ဘူး။ ဘားမဲ့ဆရာတော် ထံက ဘာလုပ်ရမလဲဆိုတဲ့စကား တစ်ခွန်းမှ မရတဲ့ စစ်သည်တွေ တောင်ငူမှာ တပ်စွဲထားတဲ့ အင်းဝတပ်စခန်းကို ပြန်လာခဲ့ကြတယ်"

"ဒါဆိုရင် ဘားမဲ့ဆရာတော်က အင်းဝမင်းကြီးကို ဘာအစီအရင်မှ ဆောင်ရွက်ဖို့ မပြောလိုက်ဘူးပေါ့။ အင်းဝမင်းကြီးက တောင်ငူကို ဘယ်လိုဆက်လက်စီမံ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com

သလဲ အစ်ကို"

"ဘားမဲ့ဆရာတော်က နှုတ်ကနေ ဘာမှသာ မပြောလိုက်တာ ဘယ်လိုစီရင်ဆောင်ရွက်ရမယ်ဆိုတာကိုတော့ အရိပ်အနေနဲ့ ပြလိုက်ပါတယ်။ ရဟန်းဆိုတာ ဒေါက်ချာကို မဆောင်းဘူး။ ဒါပေမယ့် ဘားမဲ့ဆရာတော်က ဒေါက်ချာကို ရှာခိုင်းတယ်။ ရတော့ ခေါင်းမှာ ဒေါက်ချာကို စွပ်လိုက်တယ်။ နောက်တော့ ဒေါက်ချာကို ချွတ်ပြီး ကြမ်းပြင်ပေါ် ချတယ်။ ဒါနဲ့ ဘားမဲ့ဆရာတော်က အင်းဝမင်းကြီးကို ဘယ်လိုစီမံပြီး တိုက်ရမလဲဆိုတာ နှုတ်က မပြောပေမယ့် အရိပ်ပြလိုက်တာပဲပေါ့။

စစ်သည်တွေက ဒီအတိုင်း အင်းဝမင်းကြီးကို ပြန်လျှောက်တဲ့အခါ ဘားမဲ့ဆရာတော် ဒေါက်ချာကို ပစ်ချရတဲ့အကြောင်းနဲ့ ဆိုလိုချက်ရည်ရွယ်ရင်းကို စဉ်းစားတွေးတောရတာပေါ့။ အင်္ဂဝိဇ္ဇာပညာအခံမရှိရင် ဘားမဲ့ဆရာတော်ရဲ့ အပြုအမူကို သဘောပေါက်မှာ မဟုတ်ဘူး။ အင်္ဂဝိဇ္ဇာပညာခံရှိရင်တောင်မှ ဆရာတော်အရိပ်ပြတာကို အကောင်ထင်အောင် တွေးဖို့က အတော်ခက်သေးတယ်။ ဆရာတော်က တိုက်ရိုက်ပြတာမှ မဟုတ်ဘဲ။ သွယ်ဝိုက်ပြီး ပြပေတာကိုး။

အင်းဝမင်းကြီးကတော့ ဉာဏ်ကြီးလို့ သဘောပေါက်တယ်။ သဘောမပေါက်ခဲ့ရင်တော့ တောင်ငူကို အတော်ခက်ခက်ခဲခဲ လုပ်ကြရမှာပဲ။ 'ငါ့ဆရာတော်ဟာ သာသနာရေး သာသနာမှုကိစ္စဖြစ်လို့ မမိန့်ကြားလိုက်တာပဲ'လို့ ကောင်းကောင်းသိတယ်။ ဒေါက်ချာကို ကြမ်းပြင်ပေါ်ပစ်ချတဲ့ အတိတ်နိမိတ်ကို ထောက်ဆဆင်ခြင်ကြည့်တဲ့အခါ တောင်ငူမြို့မှာ တည်ရှိတဲ့ မြတ်စောညီနောင် စေတီတော်မြတ်ရဲ့ ထီးတော်ကို အောက်ကိုချရမယ့်သဘောဖြစ်ကြောင်း တွေးဆသိရှိတယ်။

ဘာဖြစ်လို့လဲဆိုတော့ တောင်ငူမြို့နဲ့ မြတ်စောညီနောင်စေတီဟာ တစ်ပြိုင်နက် တည်ခဲ့လို့ပေါ့။ မြတ်စောညီနောင်ရဲ့ထီးကို ချတာဟာ တောင်ငူကို ကျအောင် ဓာတ်ဆင်တာပါပဲ။

ဒီနေရာမှာ အင်္ဂဝိဇ္ဇာပညာခန်းနဲ့ ဆန်းစစ်ကြည့်မယ်။

တောင်ငူက စနေနဲ့ တနင်္လာဆိုတာ သိပြီးသား။ ဒေါက်ချာကလည်း စနေနဲ့ တနင်္လာပဲ။ ထီးချဆိုတာလည်း စနေနဲ့ တနင်္လာပဲဆိုတာ တွေ့ရမယ်။

တောင်ငူ = ၇ + ၂
ဒေါက်ချာ = ၇ + ၂
ထီးချ = ၇ + ၂

သေသေချာချာကြည့်ရင် ဒေါက်ချာရော ထီးချပါ တောင်ငူရဲ့ ကက်ကင်းဓာတ်ပြန်မဟုတ်ဘဲ ကက်ကင်းဓာတ်မှန်တွေဆိုတာကို တွေ့ရမယ်။

"ကက်ကင်းသေရင်သူ၊ ထက်အောက်ပြန်လုန်ကူ၊ နံတူသတ်ကအသေရ"ဆိုတဲ့ ဆရာတော်ခင်ကြီးဖျော်ရဲ့ ပညာစကားကို ပညာရှင်အတော်များများ နိုက်ကြည့်ကြတယ်။ ပါရမီရှိတဲ့ ပညာရှင်တွေက ထုတ်ဖော်စားသုံးနိုင်ပေမယ့် တော်ရုံတန်ရုံနဲ့တော့ နိုက်လို့မရကြဘူး။

တောင်ငူနဲ့ ထီးချဆိုတာ ကက်ကင်းဓာတ်မှန်ဖြစ်ပေမယ့် ဖြုပ္ပတ်အနေနဲ့ တွေးကြည့်ရင် ထီးချတယ်ဆိုတာ အမြင့်ကချတဲ့သဘော။ အမြင့်က ရွေ့လျောကျတဲ့သဘောကို ပြနေတယ်။ ပြီးတော့ တောင်ငူကို ထီးချက ဣဋ္ဌသဘောကနေ အနိဋ္ဌသဘောကို သက်ဝင်သွားစေတယ်။ အင်္ဂဝိဇ္ဇာအရ ဓာတ်အစီအရင်တွေစီရင်တဲ့နေရာမှာ ဓာတ်အနေအထားမှန်ဖို့၊ သိဖို့ လိုပါတယ်။ ဒါ့အပြင် ဓာတ်တွေရဲ့ ဖြုပ္ပတ်သဘော ဣဋ္ဌ၊ အနိဋ္ဌသဘောလေးပါ ထည့်သွင်းချိန်ဆ လုပ်ကိုင်တတ်ဖို့ လိုတယ်ဆိုတာ သိရမယ်။

တောင်ငူမြို့နဲ့ တစ်ပြိုင်နက်တည်း တည်တဲ့ ခုနစ်ဗွာန အပါအဝင် မြတ်စောညီနောင်ရဲ့ ထီးတော်ကို ချစေလိုက်တဲ့အခါမှာ အရင်ဓာတ်ဆရာကြီး ရှင်မုန်ယို စီရင်လွှတ်ထားတဲ့ ကျွဲခေါင်းရိုး၊ နွားခေါင်းရိုး အစီအရင်ဟာ ပျောက်ပျက်သွားတယ်။ တပ်တော်လည်း အထိတ်တလန့် မရှိတော့ဘူး။ ခိုင်ခိုင်မြဲမြဲ နေနိုင်တယ်။ ရဲရဲဝံ့ဝံ့ နေထိုင်နိုင်ကြတယ်။ နောက်ဆုံးမှာတော့ တောင်ငူမင်း နတ်ရှင်နောင်ဟာ စစ်မက်မပြိုင်ဝံ့တော့ဘဲ အညံ့ခံအရှုံးပေးလို့ အနောက်ဘက်လွန်မင်းတရားကြီးဟာ တောင်ငူကို အလိုပြည့်တော်မူသွားတယ်"

"ခြေခြေမြစ်မြစ် ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ် အစ်ကို"

**ဘုန်းပွင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ပေသဝတီ နတ်သမီး

✷ ဆင်ဖြူကျွန်းအောင်သိန်း

သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန်၊ ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းစံပျော် သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပေ၏။ ထိုအချိန်အခါတွင် မဂဓတိုင်း အဝင်အပါ နာလကမည်သော ရွာ၌ များလှစွာသော ဥစ္စာနှစ်ရှိသည့် တစ်ဦးသော သူကြွယ်မျိုးဝယ် 'ပေသဝတီ' မည်သည့် အမျိုးသမီးတစ်ယောက် ရှိ၏။

ထို 'ပေသဝတီ' ၏ အတိတ် အကြောင်းမှာ ဤသို့ဖြစ်၏။

ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ၌ ကဿပမြတ်စွာဘုရား၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာရန် တစ်ယူဇနာရှိသော စေတီတော်ကြီးကို တည်ထားကြသည်။ ပေသဝတီလောင်းလျာ အမျိုးသမီးသည် ထိုနေရာသို့ မိခင်နှင့်အတူ ရောက်ရှိလာလျှင် မိခင်ထံ မေးမြန်းစုံစမ်းလေ၏။

''မိခင် ... ဤသူတို့သည် မည်သည်ကို ပြုလုပ်ကြပါကုန်သနည်း''

''ချစ်သမီး၊ ဤသူတို့သည် စေတီတော်တည်ထားရန် ရွှေအုတ်များကို ပြုလုပ်ကြကုန်၏''

မိခင်၏ အဖြေစကားကို ကြားရသော သမီးမှာ ပါရမီကြီးမားသူဖြစ်ရကား ကြည်ညိုသောစိတ်ဖြင့် မိခင်ကို ပြော၏။

''မိခင် ... ကျွန်တော်မ၏ လည်၌ ဝတ်ဆင်လျက်ရှိသည့် ရွှေဖြင့် ပြုလုပ်ထားသော ဤလည်ဆွဲတန်ဆာကလေးကို လှူဒါန်းလိုပါ၏''

''ချစ်သမီး၊ ကောင်းပြီ။ လှူဒါန်းလော့''

ပေသဝတီလောင်းလျာ အမျိုးသမီးသည် မိခင်ထံမှ ခွင့်ပြုချက်ရလျှင် မိမိလည်၌ ဝတ်ဆင်ထားသော လည်ဆွဲတန်ဆာကိုဖြုတ်၍ ရွှေပန်းထိမ်သမားသို့ အပ်နှံ၏။

''ဤလည်ဆွဲတန်ဆာကလေးကိုလည်း ထည့်၍ ရွှေအုတ်ပြုလုပ်ပါလော့''

စေတနာသုံးဘာန် ပြဋ္ဌာန်းလျက် လှူဒါန်းရသော ကုသိုလ်အဖို့ကြောင့် ထိုသူငယ်မသည် ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်၏။ ထိုသို့ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

မြတ်သော ဘုံဘဝ၌ အဖန်ဖန်ကျင်လည်ပြီးနောက် ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်အခါ၌ မဂဓတိုင်း၊ နာလန္ဒာရွာတွင် လူဖြစ်လာလေ၏။

သူငယ်မလေး အရွယ်ရောက်သော နေ့တစ်နေ့၌ မိခင်က ဈေးသို့ စေလွှတ်လိုက်၏။ ထိုဈေး၌လည်း သူကြွယ်လေးတစ်ယောက်သည် မိမိ၏ဖခင် စုဆောင်းထားသော များစွာသော ငွေ၊ ရွှေ၊ ပုလဲ၊ ပတ္တမြား စသည့် ရတနာတို့ကို ထုတ်ဆောင်လာသည်ရှိသော် သူကြွယ်၏ အကုသိုလ်ကံ စွမ်းအားဖြင့် အိုးခြမ်းကွဲ၊ ကျောက်ခဲ၊ ကျောက်စရစ်အသွင် ထင်ကုန်လျက် မြင်တွေ့ကြရလေ၏။

ထိုအခါ သူကြွယ်သည် ဤသို့ကြံ၏။

"ရွှေငွေစသော ရတနာတို့ကို ခံယူသုံးဆောင်ခြင်းငှာ ထိုက်တန်သော ဘုန်းကံရှိသူတို့၏ အစွမ်းအားဖြင့် အိုးခြမ်းကွဲ၊ ကျောက်ခဲ၊ ကျောက်စရစ်တို့သည် တစ်ဖန် ငွေရွှေရတနာစသည် ပြန်၍ဖြစ်လတ္တံ့။"

ထိုသို့ စိတ်ကူးမိသဖြင့် ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲအချို့ကို ယူပြီး လမ်းဘေး၌ စုပုံထားလေ၏။ ထိုအရာများကို ဈေးဝယ်ရန်လာသော ပေသဝတီက မြင်သည်။

"ရွှေ၊ ငွေ၊ ပုလဲ၊ ပတ္တမြားတွေကို ဘာဖြစ်လို့ အဲသည်လိုထားရသတုံး။ ကောင်းစွာသိုမှီး သိမ်းဆည်းထားမှပေါ့"

ဆိုင်ရှင်သူကြွယ်သည် ထိုသူငယ်မ ပြောဆိုသောစကားကို ကြားသော် ဤသို့ဆင်ခြင်မိ၏။

"ဤသူငယ်မသည်ကား ဘုန်းကံကြီးမား၏။ ဤသူငယ်မကလေး၏ ဘုန်းကံအစွမ်းအားဖြင့် အလုံးစုံသော အိုးခြမ်းကွဲ၊ ကျောက်ခဲ၊ ကျောက်စရစ်တို့သည် ရွှေငွေပုလဲ၊ ပတ္တမြားရတနာများသာ တစ်ဖန်ပြန်ဖြစ်တာ။ ငါတို့၏ ဥစ္စာရတနာများသည် ငါတို့နှင့် မကွေမကွာ ငါတို့၏ဥစ္စာအဖြစ်သို့သာ ရောက်ရအံ့။ ထိုသူငယ်မကို သိမ်းဆည်းစောင့်ရှောက် ထောက်ပံ့အံ့"

ထို့နောက် သူကြွယ်သည် ဘုန်းကံကြီးမားသော ထိုသူငယ်မ၏ မိခင်ထံသို့ သွားရောက်တောင်းပန်သည်။

"ဤသူငယ်မကို အကျွန်ုပ်တို့၏ သားနှင့် လက်ဆက်ရန် ပေးပါလော့"

ထိုသို့ပြောဆို၍ များစွာသော လက်ဆောင်ပစ္စည်းများကိုပါ ပေးအပ်သည်။ သူငယ်မ၏ မိခင်သည် အကြောင်းစုံကို မသိချေ။ သို့ကြောင့် သမီးကို ထိမ်းမြားပြီးနောက် ယောက္ခမအိမ်သို့ ထည့်လိုက်လေ၏။

သူကြွယ်သည် ဘုန်းကံကြီးမားသော ချွေးမ၏ အပြောအဆို၊ အနေအထိုင်များကို ရက်ပေါင်းများစွာ လေ့လာအကဲခတ်သည်။ သူငယ်မကား အပြောအဆို၊ အနေအထိုင် လွန်စွာ ယဉ်ကျေးသိမ်မွေ့၏။ ယောက္ခမသူကြွယ်၏အမြင်တွင် အပြစ်အနာအဆာ မရှိချေ။

ဘုန်းကံကြီးမားသော ချွေးမ၏ ကိုယ်ကျင့်သီလကို သိရှိသဘောကျသဖြင့် သူကြွယ်သည် ဘဏ္ဍာတိုက်ခန်းကို ဖွင့်၏။ သူကြွယ်၏အမြင်တွင် အိုးခြမ်းကွဲ၊ ကျောက်စရစ်ခဲနှင့် ကျောက်ခဲတို့သာ ပြည့်နေ၏။ သူကြွယ်သည် အိုးခြမ်းကွဲနှင့် ကျောက်ခဲများ ပြည့်နေသော ဘဏ္ဍာတိုက်ကိုပြ၍ မေး၏။

"သည်တိုက်ခန်းထဲမှာ ငါ့သမီး ဘာတွေ မြင်သတုံး"

"ဖခင် .. ရွှေငွေပုလဲနဲ့ ပတ္တမြားပုံကြီးကို မြင်ရပါတယ်"

သူကြွယ် နားလည်လိုက်၏။

မိမိ၏ အကုသိုလ်ကံသည် ယခုထက်ထိ မကုန်သေး။ သို့ကြောင့်သာလျှင် ရတနာအစုအပုံက အိုးခြမ်းကွဲဖြစ်နေရသည်။ သတို့သမီးကား ဘုန်းကံအလွန်ကြီးမားသောကြောင့်သာ မိမိတို့အတွက် အိုးခြမ်းကွဲဖြစ်နေသော အရာသည် ရွှေငွေရတနာ ဖြစ်နေရခြင်းပါတကားဟု သဘောပေါက်သည့်အတွက် သူကြွယ်က ချွေးမကိုပြော၏။

"ချစ်သမီး ဤပစ္စည်းဥစ္စာရတနာတို့သည် ငါတို့၏ အကုသိုလ်ကံအားဖြင့် ကွယ်ပျောက်ကာ ကျောက်စရစ် စသည်တို့သာ ဖြစ်၍နေကုန်၏။ ချစ်သမီး၏ ဘုန်းကံအထူးကြောင့် တစ်ဖန် ထူးခြားစွာ ရတနာများဖြစ်၍လာရ၏။ ထို့ကြောင့် ယခုအချိန်အခါမှစ၍ ဤအိမ်၌ ရှိရှိသမျှ ပစ္စည်းဥစ္စာအဖြာဖြာကို သင်ချစ်သမီးသည်သာ ပိုင်ဆိုင်အစိုးရသည်ကိုပြုကာ စီမံပါလော့။ သင်ချစ်သမီးက ပေးသမျှကိုသာ ငါတို့စားသောက်သုံးဆောင်တော့အံ့"

သို့ဖြစ်၍ ထိုအမျိုးသမီးကို ထိုအချိန်မှစတင်ပြီး 'ပေသဝတီ'ဟူ၍ ခေါ်ကြကုန်၏။

ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် လက်ျာတော်ရံ အဂ္ဂသာဝက ဖြစ်တော်မူသော ရှင်သာရိပုတြာ အရှင်မြတ်ကြီးသည် မိမိ၏ အာယုသင်္ခါရ 'အသက်ကို ပြုပြင်တတ်သော အင်္ဂါ

www.burmeseclassic.com

အား'ကို ရှုဆင်ခြင်လတ်သော် အာယုသင်္ခါရတို့ ကုန်ခန်းခြင်းအဖြစ်ကို သိမြင်တော်မူ၏။

"ငါ၏မယ်တော်ဖြစ်သော ရူပသာရီပုဏ္ဏေးမ၏ မွေးကျေးဖူးကို ပေးဆပ်ပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံတော့အံ့"

အရှင်မြတ်သည် ထိုသို့ကြံစည်တော်မူလျက် သဗ္ဗညုဘုရားရှင်ကို ချဉ်းကပ်ခစားပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံခြင်းကို ခွင့်ပြုတော်မူစေကာ မြတ်စွာဘုရား၏ အမိန့်အာဏာတော်ဖြင့် ကြီးစွာသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ ထို့နောက်တွင် သားသမီးအားလုံး ရဟန္တာထေရီထေရာများ ဖြစ်ကုန်ကြပါလျက် မိစ္ဆာဝါဒီ ဝဲဂယက်မှ မထွက်နိုင်သေးသော မယ်တော်ပုဏ္ဏေးမကြီးအား သောတာပန်တည်စေပြီးမှ ပရိနိဗ္ဗာန် စံတော်မူ၏။

ပရိနိဗ္ဗာန် ဝင်စံတော်မူသော ထိုသာရိပုတြာ မထေရ်မြတ်၏ အလောင်းတော်ကို ပူဇော်သက္ကာရ ပြုကြသည့် အစွမ်းဖြင့် လူနတ်ဗြဟ္မာများသည် ခုနစ်ရက်ကို လွန်စေကြပြီးလျှင် အကျော်စန္ဒကူး နံ့သာ စသည်တို့ဖြင့် အလောင်းတော်ကို သင်္ဂြိုဟ်ရန် အတောင်တစ်ရာ မြင့်လှစွာသော ထင်းပုံကြီးကို ပြုကြကုန်၏။

ပေသဝတီသည်လည်း အရှင်သာရိပုတြာ မထေရ်မြတ် ပရိနိဗ္ဗာန်ဝင်စံကြောင်းကို ကြားသိ၍ "သွားရောက် ပူဇော်အံ့"ဟု ရွှေပန်းခိုင်၊ နံ့သာအမျိုးမျိုးတို့ဖြင့် ပြည့်ကုန်သော ပန်းကလပ်၊ ပန်းတောင်းကိုယူစေပြီး ခွင့်ပြုရန် ယောက္ခမထံ ပန်ကြားသည်။

"ချစ်သမီး ‥ အရှင်သာရိပုတြာ အရှင်မြတ်ကြီး၏ အလောင်းတော် ပူဇော်ပွဲသည် အလွန်စည်ကားလှသဖြင့် ပန်းနံ့သာတို့ကို ပို့လှူစေလျက် အိမ်မှသာ ပူဇော်ပါလော့"

ယောက္ခမကြီးက ထိုသို့ပြောဆိုပြီး တောင်းပန်စေကာမူ ပေသဝတီမှာ ကြည်ညိုခြင်းသဒ္ဓါတရား အလွန်ဖြစ်ပွားနေရကား မနာခံပေ။

"အလောင်းတော်ကို ပူဇော်သင်္ဂြိုဟ်ပွဲ၌ ကျွန်တော်မ၏အသက် သေလိုကလည်း သေပါစေ။ သွားပြီးလျှင် ပူဇော်သက္ကာရ ပြုပါမည်"

ပေသဝတီသည် ပူဇော်ဖွယ်များကို ယူဆောင်လျက် အခြွေအရံများစွာနှင့် အလောင်းတော်ပူဇော်ပွဲသို့ လာသည်။ ပန်းနံ့သာများဖြင့် ပူဇော်ရှိခိုးနေစဉ် လူထုပရိသတ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သည်။

ထိုအခါ အရှင်သာရိပုတြာ၏ အလောင်းတော်ကို ပူဇော်ခြင်းငှာ လာကြကုန်သော မင်းချင်းယောကျ်ားတို့၏ ဆင်သည် အမှန်ယစ်ကာ လွတ်လာပြီးလျှင် လူသူပရိသတ် ထူထပ်သော နေရာသို့ ရောက်လာသည်ကို မြင်ကြ၍ သေရအံ့သောဘေးမှ ကြောက်ရွံ့သောကြောင့် လူတို့သည် ပြေးလွှားကြကုန်၏။ လူထုပရိသတ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်ခြင်းမှာ ဤအကြောင်းပေတည်း။

ပေသဝတီ၏ အခြွေအရံများမှာလည်း သူတို့၏ သခင်မကို မကာကွယ်နိုင်၊ မစောင့်ရှောက်နိုင်ဘဲ ပြေးလွှားကြ၏။ ပေသဝတီလည်း အများနည်းတူ ပြေးလွှားစဉ် လဲကျ၏။ လဲကျသည့်အပေါ်သို့ တိုးဝှေ့နင်းချေသွားကြရာ ပေသဝတီ ကွယ်လွန်ရှာ၏။

ထိုပေသဝတီသည် မထေရ်မြတ်၏ အလောင်းတော်ကို ပူဇော်သက္ကာရပြုလျက် မထေရ်သို့ရောက်သော သဒ္ဓါတရားနှင့်ပြည့်စုံသော စိတ်ရှိလျက်သာ စုတေသေလွန်ခြင်း ဖြစ်၏။ ထို့ကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သမီးတစ်ထောင် အခြွေအရံရှိသော နတ်သမီးဖြစ်လာလေ၏။

ထိုပေသဝတီနတ်သမီးသည် နတ်သမီးဖြစ်လျှင်ဖြစ်ချင်း မိမိ၏ နတ်သမီးဘဝကို ဆင်ခြင်ကြည့်သည်။

"ငါဟာ ဘယ်လိုကုသိုလ်ကောင်းမှုတွေ ပြုခဲ့လို့ အခုလို ကြီးကျယ်တဲ့ စည်းစိမ်ကို ရတာပါလိမ့်"

နတ်သမီး ဆင်ခြင်ကြည့်သော အခါ ရှင်သာရိပုတြာ မထေရ်မြတ်ကို ရည်မှတ်လျက် ပြုလုပ်အပ်သော ကောင်းမှုအဝဝကို မြင်သည်။ ထိုကောင်းမှုကြောင့် ဤမျှကြီးကျယ်သည့် နတ်စည်းစိမ်ကိုရကြောင်း သိသည်။ ထိုအခါ ရတနာသုံးပါး၌ ရိုကျိုးသောကြောင့် ဤသို့ဖြစ်ရပါကလားဟု ကြည်ညိုစိတ်များ ဆထက်တိုးပွားလာလေ၏။

သို့ဖြစ်ရကား ပေသဝတီနတ်သမီးသည် မြတ်စွာဘုရားကို ရှိခိုးပူဇော်ရန် နတ်သမီးတစ်ထောင် ခြံရံလျက် လူ့ပြည်သို့ဆင်းလာ၏။ လှည်းအစီး ခြောက်ဆယ်တိုက် အဆင်တန်ဆာတို့ဖြင့် တန်ဆာဆင်သည့် အတ္တဘောရှိကာ အလွန်ကြီးကျယ်စွာသော နတ်တို့၏ တန်ခိုးဖြင့် လရောင်၊ နေရောင်တို့ကဲ့သို့ အရပ်ဆယ်မျက်နှာလုံး ထွန်းလင်းတောက်ပစေပြီးလျှင် ဗိမာန်မှ ဆင်းသက်၍ မြတ်စွာဘုရားကို ရှိခိုးနေလေ၏။

ထိုအချိန်တွင် မြတ်စွာဘုရား၏

www.burmeseclassic.com

ထံတော်ပါး၌ ခြံရံခစားနေသော ပရိသတ်ထဲတွင် ဝင်္ဂီသထေရ် ပါဝင်၏။ ထိုအရှင်ကား ကဗျာဗန္ဓ စပ်ဆိုသည့် အရာ၌ ဧတဒဂ်ရသော အရှင်ဖြစ်၏။ ထိုအရှင်က မြတ်စွာဘုရားသို့လျှောက်ထား၏။

"ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဤနတ်သမီးပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်ကို မေးမြန်းခြင်းငှာ တပည့်တော်၏ ဉာဏ်၌ ထင်လာပါသည် ဘုရား"

"ချစ်သား ဝင်္ဂီသ၊ ထိုနတ်သမီးပြုအပ်ခဲ့သော ကောင်းမှုကုသိုလ်ကို ထင်ရှားပြုကာ မေးမြန်းလော့"

မြတ်စွာဘုရားထံမှ ထိုသို့ခွင့်ပြုချက်ရလျှင် အရှင်ဝင်္ဂီသမထေရ်သည် 'ဖလိကရဇတ ဟေမဇောလဆန္န' စသော ဂါထာဖြင့် ချီးမွမ်းတော်မူသည်။ အဓိပ္ပာယ်မှာ "ဝင်းဝင်းရှိန်တောက် ဖန်ကျောက်တို့ဖြင့် စီမံအပ်သော နံရံ၊ ရွှေငွေကွန်ရက်တို့ဖြင့် ဖြန့်ကြက်ဖုံးလွှမ်းအပ်သည့် ထူးခြားလှစွာသော အရောင်အဆင်းရှိကာ ထူးထွေဆန်းကြယ်သော နေရာအပြင်ရှိလျက်၊ နှစ်သက်မွေ့လျော်ဖွယ်ရာ ရှေးကုသိုလ်ကံသည် စီမံဖန်ဆင်းအပ်သော ခြူးပန်းခြူးနွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်လှစွာ ခုနစ်ဖြာသော ရတနာတို့ဖြင့်ပြီးသော တုရိဏ်တိုင်နှင့်ပြည့်စုံသည့် ငွေသဲတို့ဖြင့် ရောပြွမ်းကာ တင့်တယ်ကျယ်ပြန့်စွာသော ဤဗိမာန်သာကြီးကို ငါတွေ့မြင်ရပေ၏"ဟူ၍ အဓိပ္ပာယ်ရပေသည်။

ဝင်္ဂီသအရှင်မြတ်သည် ထပ်မံ၍ "ဘာတိစ ဒသဒိသာ နဘောဝ သူရိယော'အစချီသော ဂါထာဖြင့်လည်းကောင်း၊ 'မှသတိဝ နယနံ သတေရတာဝ' အစချီသော ဂါထာဖြင့်လည်းကောင်း၊ 'ပဒုမကုမုဒုပ္ပလ ကုဝလယံ' အစချီသော ဂါထာဖြင့်လည်းကောင်း၊ 'သဥလလ ဗုဇဘုဇကသံယုတ္တာ'အစချီသော ဂါထာ၊ 'ဥဒကရုဟာ စ ယေတ္ထိ ပုပ္ဖဇာတာ' အစချီသော ဂါထာ၊ 'ကိဿ သံယမ ဒမဿယံ ဝိပါကော' အစချီသော ဂါထာတို့ဖြင့် မေးမြန်းတော်မူ၏။

အရှင်မြတ်မေးမြန်းသော ဂါထာများ၏ အဓိပ္ပာယ်မှာ "သင်နတ်သမီး၏ ဗိမာန်ကြီးသည်လည်း နှစ်သက်ဖွယ်ရာ လွန်စွာထွန်းလင်း တောက်ပပါပေ၏။ သိကြားမင်းစံရာ မဟာသုဒဿန မြို့တော်ကဲ့သို့ နတ်သမီး၊ နတ်သား စည်းစိမ်ချမ်းသာများဖြင့် ပြည့်စုံပေ၏။ နှစ်သက်ဖွယ်သော သစ်ပင်တို့၏ မွှေးကြိုင်လှစွာ ပန်းနံ့သာ အဖြာဖြာတို့ဖြင့် သင်းထုံကြိုင်လှိုင်ပေ၏" ဟု ဆိုလိုသည်။

ဆက်လက်၍ သဥလလဗုဇဘုဇက အစချီသော ဂါထာများမှာ "နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းသော ရေကန်ကြီးနှင့် ထိုရေကန်၌ ပေါက်ပွားသော အပင်များ၊ ပန်းများကို ချီးမွမ်းသည်။ ထို့နောက် နတ်သမီးကို ချီးမွမ်းပြီး ကောင်းမှုကို မေးမြန်းခြင်း" ဖြစ်သည်။

ထိုအခါ ပေသဝတီနတ်သမီးက ပြုလုပ်ခဲ့သော ကောင်းမှုကြောင့် ငှက်မျိုးစုံပျော်ပါးသော ရေကန်ကို ပိုင်ဆိုင်ခြင်း၊ သစ်ပင်ပန်းပင်စုံတို့ ဝန်းရံထားသော ဗိမာန်ရှိခြင်းတို့ကို ဖော်ပြပြီးနောက် မိမိအကြောင်းကို ပြန်ပြောင်းလျှောက်ထားပြီးနောက် "ပရမ ဂတိဂတဉ္စ ပူဇယိတွာ" ဂါထာဖြင့် အဆုံးသတ်၏။

"အရှင်မြတ်ဘုရား . . .။

အတိုင်းထက်အလွန် လွန်ကဲမြင့်မြတ် အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ကြွသွားတော်မူသော အဆုံးစွန်သော ကျေးဇူးဂုဏ်ရှိတော်မူသော ရဟန်းမြတ် အရှင်သာရိပုတြာ၏ အလောင်းတော်ကို မြတ်နိုးကော်ရော်ပူဇော်ခြင်းကြောင့် တပည့်တော်မသည် လူ၌ဖြစ်သော ကိုယ်ခန္ဓာကို စွန့်ရသည်ရှိသော် တာဝတိံသာ နတ်ပြည်သို့ ရောက်၍ ဤနတ်ပြည်ဝယ် ဤဗိမာန်ကို နှစ်သိမ့်ချမ်းသာ အုပ်စိုး၍ နေရပါ၏ အရှင်ဘုရား"

ပေသဝတီ နတ်သမီးသည် ဤသို့သောစကားဖြင့် လျှောက်ထားကာ အဆုံးသတ်သွားကြောင်းကို အရှင်ဝင်္ဂီသမထေရ်မြတ်သည် မြတ်စွာဘုရားသို့ လျှောက်ထား၏။

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကလည်း တရားနာပရိသတ်များဖြစ်သော ရဟန်းတော်များ၊ ဒါယကာ၊ ဒါယိကာမများသို့ အရှင်ဝင်္ဂီသ လျှောက်ထားသည့်အတိုင်း ပြန်လည်၍ဟောကြားတော်မူရာ များစွာသော ပရိသတ်များအတွက် အကျိုးတရား များပြားပေ၏။

**ဆင်ဖြူကျွန်းအောင်သိန်း**

[ဝိမာနဝတ္ထုတော်ကြီး ဣတ္ထိဝိမနာ၊ ပါရိစ္ဆတ္တဝဂ်၊ ပေသဝတီဝတ္ထုမှ]



www.burmeseclassic.com

www.burmeseclassic.com

# ဗယ်ချင်

# ပုံပြင်သာမှတ်လိုက်ပါ

**ဒေါက်တာသက်ဆွေ(M.D.)**

(ရွှေဆောင်တင်ဆွေ)(မင်္ဂလာဓမ္မဇောတိကဓဇ)

## ဆဌမပိုင်း

နောင်တော်နတ်မင်းကြီး ပူးပြောပြီး တစ်လအတွင်း ဗဟန်းမြို့နယ်မှ တိုယိုတာ၊ ကိုရိုလာ K.E.50 (ထ-၃၂၉၇) ဆလွန်းကားလေးတစ်စီး ဝယ်စီးဖြစ်ပါတယ်။ ဝယ်ယူစဉ်က ခုနစ်သိန်း၊ ပြန်ပြင်တာ လေးသိန်း၊ ပေါင်း ၁၁ သိန်းကုန်တော့ ကားအသစ်အတိုင်း ဖြစ်ပါတယ်။ ဝင်ငွေလည်း ဟိုက ဝင်၊ ဒီကဝင်နဲ့ အဆင်ပြေပါတယ်။ ကားလည်းပြင်ပြီးတာနဲ့ ကလေးတွေလည်း ကျောင်းပိတ်တော့ မိသားစု အညာသွားပြီး နောင်တော်ကြီးရဲ့နတ်နန်းကို သွားကန်တော့ကြပါတယ်။ ဘိုးဘွားများ ဆောက်လုပ်လှူဒါန်းခဲ့တဲ့ မရကန်အလယ်ကျောင်းကြီးမှာ ကျောင်းထိုင်ဘုန်းကြီးဖြစ်နေတဲ့ ကျောင်းနေဘက်သူငယ်ချင်း ဘုန်းကြီးကိုလည်း လှူဖွယ်ပစ္စည်းများနဲ့ လှူဒါန်းခဲ့ပါတယ်။ ငယ်စဉ်က ကျောင်းနေခဲ့တဲ့ အကျုံးပင်ကျောင်း သူငယ်ချင်းဘုန်းကြီးကိုလည်း ကန်တော့ခဲ့ပါတယ်။ သူငယ်ချင်းဘုန်းကြီးနှစ်ပါးလည်း ကိုယ်ပိုင်ကားတွေ လှူထားတော့ ဝမ်းမြောက်ဝမ်းသာ မုဒိတာ ပွားမိပါတော့တယ်။ ထူးခြားမှုလေးတစ်ခု တင်ပြပါဦးမည်။ ကျွန်တော်တို့မိသားစု ကားနဲ့သွားတော့ ရွာကို နံနက် ၉ နာရီရောက်ပါတယ်။ ၈ နာရီလောက်မှာ လူပျိုတော်နတ်ကြီးက နတ်ထိန်းကြီးဒေါ်သိန်းမိကို ပူးကပ်ပြီး ရွာထိပ်က စောင့်ကြိုနေပါတယ်။ ကျွန်တော်တို့ကားလည်းတွေ့တာနဲ့ ညီဖွားတို့လာမယ်ဆိုတာသိလို့ ထွက်ကြိုနေတာဆိုပြီး ကားဆီကို ရောက်လာပါတယ်။ ဒီတော့ ကျွန်တော်က နောင်တော်ကြီးကြွပါဆိုပြီးတော့ ကားခေါင်းခန်းကတင်ပြီး နတ်ကွန်းကို မောင်းသွားပေးပါတယ်။ နတ်ကွန်းရောက်တော့ ငှက်ပျောပွဲပြင်ပြီး မိသားစုတွေ ကန်တော့ကြရပါတယ်။ နောင်တော်နတ်မင်းကြီးကလည်း ညီဖွားဘာပဲလုပ်လုပ် အခက်အခဲတွေ့တိုင်း နောင်တော်ကြီးကို တလိုက်၊ ချက်ချင်းလာပြီး ကူညီစောင့်ရှောက်ပေးမယ်လို့ ပြောပါတယ်။ ခုလည်း ထီးတိုင်နန်းရောက်လာကန်တော့တဲ့အတွက် ဝမ်းမြောက်ကြောင်း၊ "မင်းမှာသစ္စာ၊ လူမှာကတိ" ဆိုတဲ့အတိုင်း ညီဖွား ကတိတည်တဲ့အတွက် နောင်ကိုလည်း ဆက်လက်ကြည့်ရှုစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောပါသည်။

ကျွန်တော်သည် မန္တလေးမြို့ သတ္တမတန်းကျောင်းသားဘဝမှ စပြီး ၁၀ တန်းအောင်သည်အထိ ကျောင်းသားနိုင်ငံရေးသမား ဖြစ်ခဲ့ပါတယ်။ မန္တလေးကောလိပ်ကျောင်းသားဘဝ ၁၉၅၆ ခုနှစ်၊ ရန်ကုန် ခုနစ်တန်းကျောင်းသားလေးဟယ်ဒီတန် ကျဆုံးတဲ့နှစ်မှာ ကျောင်းထုတ်ခံရတော့ သတင်းထောက်ဝင်လုပ်ပြီး နိုင်ငံရေးလည်း လုပ်ပါတယ်။ အသက် ၂၃ နှစ် သတင်းအယ်ဒီတာအဖြစ် ရန်ကုန်ရောက်လာပြီး ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရတက်လာပြီး မြန်မာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရှယ်လစ်လမ်းစဉ်ပါတီ ထောင်တော့ ပါတီဝင်ခဲ့ပါတယ်။ အမြဲတမ်းပါတီကစပြီး ပါတီမိတ်ဆွေ၊ အရန်ပါတီဝင်၊ တင်းပြည့်ပါတီဝင်အထိ စည်းရုံးရေးတွေ လုပ်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး နေဝင်း ပါတီဗဟိုကော်မတီဥက္ကဋ္ဌကြီးအဖြစ်လည်းကောင်း၊ ဗိုလ်မှူးချုပ်စန်းယု အထွေထွေအတွင်းရေးမှူးလုပ်စဉ် မင်္ဂလာတောင်ညွန့်မြို့နယ် ပါတီယူနစ်မှာ ဩဇာအာဏာရှိနေတဲ့ အချိန်ဖြစ်တော့ မြို့နယ်မှာ ဖွဲ့စည်းသော လူမှုရေးအဖွဲ့အစည်းတွေမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ရာထူးတွေ အတော်များများ တာဝန်ယူခဲ့ရပါတယ်။ ဥပမာ မြို့နယ်အားကစားကော်မတီ ဥက္ကဋ္ဌ၊ ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး၊ လူမှုရေးကော်မတီ အတွင်းရေးမှူး၊ စီးပွားရေးကော်မတီ အတွင်းရေးမှူး စသည်တို့အပြင် ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး စသည်တို့ ဖြစ်ပါတယ်။ ဒေါက်တာမောင်မောင် တရားရေးဝန်ကြီးဖြစ်စဉ် မြို့နယ်ဆိုရှယ်လစ် တရားစီရင်ရေးအဖွဲ့တွေ ဖွဲ့စည်းစဉ်က မြို့နယ်တရားသူကြီးအဖြစ် ခန့်အပ်စဉ်က အမှုပေါင်း ၅၀၀၀ ကျော် သုံးလနဲ့ အပြီးအပြတ် စစ်ဆေးပေးနိုင်တဲ့အတွက် နာမည်ကောင်းလက်မှတ်တွေ ရခဲ့ပါတယ်။ ထိုစဉ်က တရားသူကြီး၊ ဥက္ကဋ္ဌတွေကို သတင်းစာဆရာတွေ၊ စာရေးဆရာတွေ ဦးစားပေးခန့်တဲ့ ခေတ်ပါ။ ရန်ကင်းမြို့နယ် ဥက္ကဋ္ဌဆိုရင် ကျွန်တော် မန္တလေး သူရိယသတင်းစာ အယ်ဒီတာဖြစ်စဉ် သတင်းထောက်ချုပ်လုပ်ခဲ့တဲ့ ကိုအောင်သူ ဖြစ်ပါတယ်။ နောက်ပိုင်း ပြည်သူ့တရားစီရင်ရေးစနစ် ပြောင်းလိုက်တော့ အလုပ်သမားတွေရော၊ ဆိုက်ကားသမား၊ မြင်းလှည်းသမားတွေပါ ခန့်ထားတော့ ကျွန်တော်လည်း တရားသူကြီးက နားလိုက်ပါတယ်။ ကျွန်တော် တိုင်းရင်းဆေးလောက ရောက်လာပုံကိုလည်း တင်ပြပါ့မယ်။ ကျွန်တော့်ရဲ့ဖခင်ကြီးနှင့် မိခင်ကြီးတို့က ကျောင်းဆရာ/ဆရာမကြီးတွေ ဖြစ်ပြီး ပင်စင်ယူပြီးတော့ ဦးနေဝင်းလက်ထက် ဆေးစာမေးပွဲဝင်ဖြေအောင်မြင်တော့ ဆေးဆရာ၊ ဆရာမကြီးတွေ ဖြစ်လာပါတယ်။ အစ်ကိုကြီးကလည်း အနောက်တိုင်းဆရာဝန်နှင့် တိုင်းရင်းဆေးပါ အောင်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး ကျွန်တော်က စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမားဆိုတော့ ဆေးဆရာလုပ်ဖို့ ဝါသနာမပါတာ အမှန်ပါ။ ဒါပေမဲ့ အမေ၊ အဖေ၊ အစ်ကိုတွေက ဆေးဆရာတွေဖြစ်ပြီး ကိုယ်လည်းကြီးလာလျှင် လုပ်သင့်လုပ်ရအောင်ဆိုပြီး တောင်ဥက္ကလာပမြို့က ဆရာကြီးဦးဇေနထံ ဆေးပညာသင်တန်းသွားတက်ပြီး မ-ဆ-လခေတ် (သုံးဘာသာ ၁၁ ကျမ်း) ၁၉၆၉ ခုနှစ် ဝင်ဖြေရာ အောင်တော့ ၁၉၇၀ ခုနှစ်မှစပြီး ဆေးဆရာဖြစ်လာတာ ခုဆိုလျှင် နှစ်ပေါင်း ၇၃ နှစ်ရှိပါပြီ။ ဆေးကျမ်း ၅ ကျမ်း၊ အတ္ထုပ္ပတ္တိတစ်အုပ် (စာပေဗိမာန်စာမူဆုရ)နှင့် ယခုလက်ရှိ ဇီဝက ကျန်းမာရေး အလှအပ၊ သုတရသမဂ္ဂဇင်း လစဉ်ထုတ်ဝေလျက်ရှိပါတယ်။ ၁၉၇၉ ခုနှစ်မှ စတင်ထုတ်ဝေလာခြင်းဖြစ်၍ ၂၄ နှစ်ရှိပါပြီ။ သမားတော်ကြီးဇီဝကကို ဂုဏ်ပြုသောအားဖြင့် ဇီဝကစာပေထုတ်ဝေရေး၊ ဇီဝက မီဒီယာထုတ်လုပ်ရေး၊ ဇီဝကဆေးဝါးထုတ်လုပ်ရေးများ လုပ်ကိုင်ခဲ့ပါသည်။ ဝါသနာမပါပေမဲ့ အချိန်အခါကျတော့ ဖြစ်လာတဲ့သဘောလို့ ယူဆမိပါသည်။ ကျွန်တော်ပြုစုခဲ့တဲ့ နောက်ဆုံးပေါ် ခေတ်မီသိပ္ပံနည်းကျ အကြောပြင်၊ အကြောဖွင့် အတတ်ပညာဆေးကျမ်းကို အင်္ဂလိပ်လို ဘာသာပြန်ပြီး လွန်ခဲ့သော ခုနစ်နှစ်ခန့်က အိန္ဒိယနိုင်ငံ၊ ကိုး(လ်)ကတ္တားတက္ကသိုလ်သို့တင်ခဲ့ရာ Ph.D ဒေါက်တာဘွဲ့ ရရှိခဲ့ပါသည်။ ယခုလည်း ဝေဒနာရှင်များ ကုသရာတွင် နောင်တော်လူပျိုတော်နတ်ကြီးကို ပင့်၍လည်းကောင်း၊ အတိတ်က မိခင်တော်ခဲ့ဖူးသော ကေလာသမယ်တော်ကြီး ပင့်ဖိတ်၍လည်းကောင်း၊ အတိတ်က ဖခင်တော်ခဲ့ဖူးသော ဆေးဝိဇ္ဇာကြီးဦးသုဘောဂကိုလည်းကောင်း အာရုံညွှတ်တမ်းတပြီး ကုသရေးရာ အောင်မြင်လျက်ရှိပါသည်။ ကျွန်တော်၏ သစ္စာပြု ဆုတောင်းလေးကိုလည်း တင်ပြပါမည်။ နေ့စဉ် နံနက် ဘုရားရှိခိုး၊ သမထထိုင်၊ မေတ္တာပို့ အမျှဝေပြီးနောက် ဘိုးတော်၊ မယ်တော်များအား ပင့်ဖိတ်ကာ ကျွန်တော်သည် သတ္တဝါများ ကယ်တင်ကုသပေးနေသော ဆရာတစ်ဦးဖြစ်ပါသည်။ အတိတ်ဘဝပေါင်းများစွာက ဆွေစဉ်မျိုးဆက်တော်စပ်ခဲ့ဖူးသော ပုဂ္ဂိုလ်များ၊ ပျောက်ကင်းချမ်းသာမည့် ပုဂ္ဂိုလ်များသာလျှင် ရောက်ရှိပါစေ။ သားတော်ကြီး ကယ်တင်ကုသ၍ မပျောက်ကင်းနိုင်သော ဝေဒနာရှင်များ မရောက်ပါစေနှင့်။ မမြင်မတွေ့ရပါစေနှင့်ဟု သစ္စာပြုဆုတောင်းလျက်ရှိရာ နှစ်ပေါင်း ၄၀ ကျော် ဆေးကုသသော သက်တမ်းတစ်လျှောက် သေမည့်လူနာ မရောက်လာဘဲ ရောက်လာသမျှ ပျောက်ကင်းချမ်းသာကြပါသည်။ မြန်မာပြည်တွင်သာမက နိုင်ငံခြားတိုင်းပြည်များ သွားရောက်ကုသရာတွင်လည်း ပျောက်ကင်းချမ်းသာကြ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ဆေးဝိဇ္ဇာကြီးအဘဦးသုဘောဂအကြောင်း အနည်းငယ် တင်ပြပါမည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ အက်တောကျေးရွာမှ အိပ်မက်ရဆေးမတော်ရှင် အဘဦးသုဘောဂသည် မန္တလေးမြို့ မင်္ဂလာတံတားထိပ် ဆရာကြီးဦးဌေးမောင်၊ ဆရာမကြီး ဒေါ်စိမ်းစိမ်းတို့အိမ်တွင် ကောဋ္ဌိယဘုရားစဉ်ဟု ခေါ်တတ်ခန်းကြီးဖွင့်ပြီး သဒ္ဓာဝါများ ကယ်တင်ကုသပြီး တပည့်များအား လက်ဝါးချင်းရိုက်ကာ ပညာများပေးခဲ့ပြီး အက်တောကျေးရွာတွင် သဒ္ဓာဝါများ ကယ်တင်ကုသပြီး ဆေးဝိဇ္ဇာအဖြစ် ထွက်ရပ်လမ်း ကြွမြန်းသွားသည်ဟု သိရှိရပါသည်။ ကျွန်တော်လည်း အဘဆေးဝိဇ္ဇာကြီး၏ ပညာကို မိတ္ထီလာဆရာကြီး ဦးအောင်ကြည်ထံမှ လက်ငါးချောင်းဆေးငါးလက်၊ လက်ဆယ်ချောင်း ဆေးဆယ်လက်အဖြစ် လက်ဝါးချင်းရိုက်၍ ပညာပေးခဲ့ခြင်းဖြစ်ပါသည်။ အဘဆေးဝိဇ္ဇာကြီး၏ ဆေးသားတော်ကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း နံ့သာငါးပါးဖြင့် ရော၍ ဆေးကြိတ်ပွဲ ပြုလုပ်လျက်ရှိနေပါသည်။ မန္တလေးမြို့ မင်္ဂလာတံတားထိပ်နေ ယခု ရန်ကင်းတောင်တွင် "မြစိမ်း"ဘုရားတည်ထားသော ဘုရားအမကြီး အမေစိမ်း ပြောပြသဖြင့် အတိတ်တစ်ဘဝ အဘဆေးဝိဇ္ဇာကြီး၏သားတစ်ဘဝဖြစ်ခဲ့ဖူးသည်ဟု သိရှိရပါသည်။

ကျွန်တော်ဝယ်ယူခဲ့သော K.E.-50 (ထ-၃၂၉၇)ကားလေးသည် "ထ"သည် စနေနံဖြစ်ပြီး ကျွန်တော်က သောကြာသားဆိုတော့ အညွှန့်ခေါ်တတ်ကျပါသည်။ ကျွန်တော်က (၇) အကျိုးပေးဂဏန်းလည်း ဖြစ်ပါသည်။ နံပါတ် ၃+၂+၉+၇ ပေါင်းလျှင် (၂၁)ရပါသည်။ (၂၁)သည် ကျွန်တော်၏ ငြိုဟ်ဘက်ဖြစ်ပြီး ၂+၁ = ၃ အင်္ဂါနံ ရပါသည်။ ကားမောင်းသောသားက အင်္ဂါသားဆိုတော့ ကိုက်ညီနေပြန်ပါသည်။ ထို့ကြောင့် နံပါတ်အနိပြောင်းကာ တက္ကစီဆွဲခိုင်းပါသည်။ ၎င်းကားလေးဖြင့် တက္ကစီဆွဲရာတွင် သားကြီးတို့မိသားစု စားဝတ်နေရေးပြေလည်သည့်ပြင် ကျွန်တော်တို့ အဘိုးကြီး၊ အဘွားကြီးလည်း နေ့စဉ် ပုံမှန်ဝင်ငွေလေးရသဖြင့် လှူနိုင်တန်းနိုင်၊ ဒါနပြုနိုင်ပါသည်။ ၎င်းကားကလေးဖြင့် ၁၅ နှစ်ခန့် လုပ်ကိုင်စားသောက်ပြီး ယမန်နှစ်က "ထ"နံပါတ်တွေ အစိုးရက ပြန်အပ်ခိုင်းတော့ အပ်ပြီး ပါမစ်ရောင်းလျှင် သိန်း ၁၁၀ ရပါမည်။ မအပ်ဘဲ နောင်တော်ကြီးအကူအညီတောင်း၍ ရောင်းလိုက်ရာ ၁၁၅ သိန်းထိ ပို၍ရပါသည်။ ၎င်းနောက် နောင်တော်ကြီးအကူအညီဖြင့် SUZUKI - R + လေး ဝယ်လိုက်ရာ ပေါက်ဈေးထက် သိန်း ၂၀ သက်သာပါသည်။ ၎င်းကားလေးကို နံပါတ်အနီပြောင်း၍ တက္ကစီဆွဲလာရာ တစ်နှစ်ခန့်ကြာသောအခါ အခြားကားတစ်စီးမှ နောက်ကနေ တိုက်မိသဖြင့် နောက်ပိုင်းပိန်သွားပါသည်။ မီးလုံးတွေလဲ ကွဲသွားပါသည်။ ကားသစ်တွေဝင်လာသောကြောင့် ကားဈေးလည်း ကျသွားပါသည်။ ကျဈေးဖြင့် ရောင်းပြီး ယခုအခါ ငွေဖြည့်၍ သဘောချ PROBOX တစ်စီး ဝယ်ပြီးလျှင် သားငယ်အားပေး၍ တက္ကစီမောင်းခိုင်းထားပါသည်။

အသက် ၃၃ နှစ်မှစပြီး ယနေ့ထိ အောက်ပါကားများကို ဝယ်စီးခဲ့ပါသည်။

| အမှတ်စဉ် | ကားနံပါတ် | အမျိုးအစား | ဝယ်ဈေး | ရောင်းဈေး |
|---|---|---|---|---|
| ၁။ | ဂ/၂၇ | မောရစ်(၈) | ၅၀၀၀ | ၇၀၀၀ |
| ၂။ | ဃ/၅၆၅၃ | ဟီး(လ်)မင်း | ၁၅၀၀၀ | ၁၅၀၀၀ |
| ၃။ | င/၄၇၁၆ | ဘောက်ဆောဗဲလော့ | ၁၄၇၀၀၀ | ၁၉၀၀၀ |
| ၄။ | ထ/၃၂၉၇ | ကေ-အီး-၅၀ | ၇၀၀၀၀ | ၁၁၅၀၀၀၀၀ |
| ၅။ | ၆ခ/၄၀၅၀ | ဆူဇူကီး R+ | ၁၇၀၀၀၀၀၀ | ၆၅၀၀၀၀၀ |
| ၆။ | DD/1949 | PROBOX | ၉၅၀၀၀၀၀ | လက်ရှိမောင်းနေသည်။ |



www.burmeseclassic.com

www.burmeseclassic.com

အထက်ပါကားများ ဝယ်စီးနိုင်ခြင်းသည် နှောင်တော်လှုပျို့တော်နတ်မင်းကြီး၏ ကူညီစောင့်ရှောက် မစမှုကြောင့် ဖြစ်ပါသည်။

ကျွန်တော် ကန်တော်ကလေး (၉၁)လမ်းတွင် နေစဉ်က စက်မှုလက်မှုလုပ်ငန်းများ လုပ်ဆောင်ရာ အစိုးရထံမှ ကုန်ကြမ်းရသဖြင့် အောင်မြင်ပါသည်။ တိုင်းရင်းဆေးလောကသို့ ဝင်ရောက်ပြီး ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ဆေးကျမ်းများထုတ်၊ မဂ္ဂဇင်းထုတ် စသည့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် ဇနီးသည်လည်း ကျန်းမာရေးမကောင်းသဖြင့် စီးပွားရေးကျလာပါသည်။ ဇနီးသည်လည်း အသက် ၃၃ နှစ်မှစပြီး မီးယပ်ရောဂါ ဝင်လာရာ အနောက်တိုင်းနည်း၊ တိုင်းရင်းနည်းဖြင့် တွဲဖက်ကုသလာရာ နှစ်ပေါင်း ၂၀ မျှကြာပါသည်။ အသက် ၅၅ နှစ်တွင် ဇနီးသည် ကွယ်လွန်ပြီးနောက် အသက် ၆၀ တွင် နောက်အိမ်ထောင်ပြုပါသည်။ နောက်အိမ်ထောင်မှပါလာသော သားအကြီးဆုံး၏ဇနီးထံသို့ ကျွန်တော်၏ ကွယ်လွန်သွားသောဇနီး နန်းခင်ညွန့်ဆွေ ပြန်ဝင်စားပြီး ပြောနိုင်ပါသည်။ ထိုကဲ့သို့ လူဝင်စားပြန်ဖြစ်မည်ကို နှောင်တော်နတ်မင်းကြီးက ပူးပြောထားသဖြင့် ကြိုတင်သိရှိနေသော်လည်း ကျွန်တော်၏ဇနီးနှင့် သားကြီးက မယုံကြည်ကြပါ။ ကလေးမလေးတစ်နှစ်ကျော် စကားပြောတတ်သောအချိန် ကန်တော်လေးအိမ်ကအကြောင်း အရာတွေ ပြောပါသည်။ ကျွန်တော်၏အစ်မကြီး တောင်ဒဂုံမှ ကျွန်တော်ယခုလက်ရှိနေသော အိမ်တွင် လာရောက်လည်သော အခါ အစ်မကြီးကို ပြောပါသည်။ ကန်တော်လေးတွင် သားနှစ်ယောက်ရှိတဲ့အကြောင်း၊ သားအကြီးက ဝေမင်းဆွေ၊ သားအငယ်က ပြေသင်းဆွေ၊ သူ့နာမည် မခင်ညွန့်ဆွေဆိုပြီး ပြောပါသည်။ ဒီတော့ အစ်မကြီးက နင့်သားနှစ်ယောက်က ဘာလုပ်သလဲဆိုတော့ သားကြီးက သေတ္တာကြီးတွေပြင်တယ်၊ သားငယ်က သံရုံးသားကောင်းတယ်ဆိုပြီး ပြောတော့ အားလုံးအံ့အားသင့်သွားပါတယ်။ လက်ရှိ သားတွေလုပ်နေတဲ့အလုပ်ပါ ပြောနိုင်ပါတယ်။ မှန်ပါသည်။ သားကြီးက ရေခဲသေတ္တာတွေပြင်ပါသည်။ များသောအားဖြင့် လူဝင်စားများသည် မိမိ၏ အတိတ်ဘဝဖြစ်စဉ်များသာ သိပြီး ပစ္စုပ္ပန်သိသော လူဝင်စားက ရှားပါသည်။ ယခု နန်းခင်ညွန့်ဆွေ ဝင်စားသော ဂျူးဂျူးသည် ပစ္စုပ္ပန်အကြောင်းများပါ သိပါသည်။ ၎င်းသိသည်များကို ဆက်လက်တင်ပြသွားပါမည်။ ၎င်း၏အမည်ကို ကျွန်တော်၏တပည့် နက္ခတ်ဗေဒင်ပညာရှင်တစ်ဦးက ဂျူးမလေးနှင့်တူသဖြင့် ဂျူးဂျူးဟု ငယ်နာမည်ပေးထားပါသည်။

ဂျူးဂျူး သုံးနှစ်ပြည့်သောအခါ ကိုယ်ပိုင်မူကြိုကျောင်းထားပေးရာ ဉာဏ်ကောင်းသဖြင့် ပထမတန်းအဆင့်ထိ ငါးနှစ်ပြည့်သောအခါ ရေးတတ်၊ ဖတ်တတ်ပါသည်။ မတ်လကျောင်းပိတ်ရက်ဖြစ်သောကြောင့် နွေကျောင်းတက်ရန် မအပ်ရသေးပါ။ ၎င်းတို့နေသော ဗဟန်း(၃)လမ်းအိမ်၏ ရှေ့တည့်တည့်တွင် ရှေ့နေများအသင်း မွှာရုံရှိပါသည်။ နှစ်စဉ်နွေရာသီကျောင်းပိတ်ရက် ကလေးများ ယဉ်ကျေးလိမ္မာ မင်္ဂလာစာပေသင်တန်းဖွင့်ရာ လေးတန်းကျောင်းသားလေးများ လက်ခံပါသည်။ ပြီးခဲ့သောနွေရာသီက ၎င်း၏အစ်ကို တတိယတန်းကျောင်းသားကတက်ပြီးဖြစ်သော်လည်း ယခုနှစ်တက်ရန် စာရင်းသွားပေးရာ ၎င်းပါလိုက်ပါသွားပါသည်။ ထိုအချိန်က ၎င်း၏မိခင် ဈေးသွားနေသဖြင့် ပါမသွားပါ။ ဆရာမက ၎င်း၏ အစ်ကိုကိုတော့ လူဟောင်းဆိုတော့ စာရင်းသွင်းပြီး ဂျူးဂျူးကို သမီးလည်း တက်မလားဟုမေးရာ တက်မည်ဖြစ်ကြောင်း ပြောပါသည်။ ဆရာမက ပထမတန်းကနေ လေးတန်းအထိ လက်ခံတယ်၊ သမီးက ဘယ်နှတန်းလဲဟုမေးရာ ပထမတန်း

တောင်ဘက်မုခ်သို့ ရဲတပ်ဖွဲ့ ရုံးခန်း ပြောင်းလာရပါသည်။ ထိုအချိန် တောင်ဘက်မုခ် အောက်ရှိ သိုက်မှ ဥစ္စာစောင့်နန်းခင်ညွန့်ဆွေက သိုက်ချုပ်ကြီးအား ပန်ကြားကာ လူ့ပြည်သို့ သာသနာပြုရန်သွားလိုကြောင်း ခွင့်ပန်ရာ သိုက်ချုပ်ကြီးက ခွင့်ပြုသည်ဟုဆိုပါသည်။ ထိုအခါ ဆရာမကြီး၏ချွေးမ ရဲမေတပ်ကြပ်ကြီးဆီ လာ၍ဝင်စားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပါသည်။ အစ်ကိုလုပ်သူက ဆရာမအားပြောမည်ပြု စဉ် တံတောင်ဖြင့်တွက်၍ မပြောရန် ပြောပါသည်။ ဆရာမက ကဲ…ကောင်းပြီ ဆရာမသင်ပုန်းကြီးမှာ ရေးပြမယ်။ ဖတ်ပြ ပြီး လိုက်ရေးပြရမည်ဆို၍ ရေးပြရာ ဖတ်ပြနိုင်ပါသည်။ ၎င်းနောက် ဗလာစာအုပ်နှင့် ဘော(လ်)ပင် ပေးကာ ရေးခိုင်း တော့လည်း ရေးနိုင်သောကြောင့် ဆရာမက လက်ခံလိုက်ပါ သည်။ ထိုကဲ့သို့ မောင်နှမနှစ်ယောက် စာရင်းပေးပြီး အိမ်ပြန် လာရာ ၎င်းတို့မိခင်လည်း ပြန်ရောက်နေပါသည်။ ထိုအခါ အစ်ကိုလုပ်သူက အမေ…အမေ့သမီး ဆရာမကို ညာပြော ပြီး သင်တန်းတက်ဖို့ ပထမတန်းဆိုပြီး စာရင်းပေးခဲ့တယ်။ ဆရာမကလည်း လက်ခံလိုက်တယ်ဟု တိုင်ပြောရာ သမီး လည်း တက်ချင်လို့ စာရင်းပေးခဲ့တယ်ဟု ပြောပါသည်။ မိခင် က လုံချည် ယောဂီရောင်၊ တဘက်ယောဂီရောင်နှင့် အင်္ကျီ အဖြူလက်ရှည် ချုပ်ပေးရပါတော့သည်။ ကျောင်းဖွင့်သောနေ့ တွင် မောင်နှမအတူသွား၍ တက်ရာ ကျောင်းခန်းမအဝင်တွင် လက်ပိုက်ပြီး ဣန္ဒြေရရဝင်သွားရာ ဆရာမတွေက သဘောကျ ကြပါသည်။ ကျောင်းဆင်းတော့လည်း အခြားကလေးများက ပြေးသွားသော်လည်း ၎င်းက လက်ပိုက်မျက်လွှာချကာ ဣန္ဒြေ ရရသွားသည်ကို ဆရာမတွေက သဘောကျကြပြန်ပါသည်။ နေ့စဉ် ထိုကဲ့သို့ စည်းကမ်းတကျတက်နေသည်ကို ရှေ့နေချုပ် ကြီးနှင့်အဖွဲ့ဝင်များကလည်း ချီးကျူးကြပါသည်။ အခြားသင် တန်းကျောင်းမှ ဆရာမများပါ လာရောက်ကြည့်ရှု ချီးကျူးကြ ပါသည်။ ကျောင်းဆင်းပွဲတွင် ရှေ့နေချုပ်ကိုယ်တိုင် စံပြ ကျောင်းသူဆု ချီးမြှင့်ခဲ့ရပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဘာသာရေးမဂ္ဂဇင်းတစ်စောင် တွင် ဘာသာရေးနှင့် ပညာရေးထူးချွန်သူကလေးဟု ရေးသား ဖော်ပြခဲ့ဖူးပါသည်။ နေ့ကျောင်း ဗဟန်းမြို့နယ်၊ ဒဂုံ(၁) မူလ တန်းကျောင်းတွင် ထားပေးရာ အတန်းတိုင်း ပထမ၊ ဒုတိယ ရရှိပြီး လေးတန်းအောင်သောအခါ စာတော်သောကြောင့် ဒဂုံ(၁)အထက်တန်းကျောင်းကြီးသို့ ပို့ပေးရာ ယခုအခါ အဋ္ဌမ တန်းတက်နေပါသည်။ ၎င်းမခင်ညွန့်ဆွေ ဝင်စားသည့် ဂျူးဂျူး လူဝင်စားဖြစ်ခဲ့ရသည့်အကြောင်းကို တင်ပြပါဦးမည်။ မနန်း ခင်ညွန့်ဆွေသည် အသက် ၅၅ နှစ်အရွယ် ကန်တော်ကလေး နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ပါသည်။ မကွယ်လွန်မီ သစ္စာပြုဆုတောင်းသွားသည်ကတော့ ပြန်လည်၍ လူ့ဘဝ ပြန်လည်ရောက်ရှိပြီး ဦးသက်ဆွေနှင့် အနီးစပ်ဆုံးနေရာတွင် လူဝင်စားဖြစ်ပါရစေဟု ဆုတောင်းသွားကြောင်း နောင်တော် နတ်မင်းကြီး ပူးပြော၍ သိရပါသည်။ ၎င်းကိုယ်တိုင်လည်း လူဝင်စားဖြစ်လာတော့ ပြောပြပါသည်။ ၎င်းကွယ်လွန်ပြီး ရွှေတိဂုံဘုရားသိုက်သို့ ပြန်လည်ရောက်ရှိသွားပြီး တောင်ဘက် မုခ်အောက်တွင် သိုက်စောင့်တစ်ဘဝ ဖြစ်ခဲ့ပါသည်။ ကျွန်တော် လည်း တစ်နှစ်ခန့်ကြာသောအခါ သုံးခွမြို့မှ ကျောင်းဆရာမ မှဆိုးမတစ်ဦးဖြင့် လက်ထပ်လိုက်ပါသည်။ ကျွန်တော်က သား နှစ်ယောက်၊ ဆရာမကြီးက သားငါးယောက် ပါရှိပါသည်။ ကျွန်တော်၏သားများလည်း အိမ်ထောင်ကျပြီး သူတို့သီးခြား နေကြပါသည်။ ဆရာမကြီးသားအကြီးက အိမ်ထောင်ကျပြီး သားလေးတစ်ဦး၊ သမီးလေးတစ်ဦး ပေါင်းနှစ်ဦး ရှိပါသည်။ ဆရာမကြီးသားတွေလည်း သီးခြားနေကြပါသည်။ ဆရာမကြီး သားကြီးက ကားမောင်းပြီး ချွေးမကြီးက ရွှေတိဂုံဘုရားလုံခြုံ ရေး ရဲမေ ရဲတပ်ကြပ်ကြီးဖြစ်ပါသည်။ အနောက်ဘက်မုခ်ရှိ ရဲတန်းလျား ပြိုကျသောအခါ တောင်ဘက်မုခ်သို့ ရဲတပ်ဖွဲ့ရုံး ခန်း ပြောင်းလာရပါသည်။ ထိုအချိန် တောင်ဘက်မုခ်အောက် ရှိ သိုက်မှ ဥစ္စာစောင့် နန်းခင်ညွန့်ဆွေက သိုက်ချုပ်ကြီးအား ပန်ကြားကာ လူ့ပြည်သို့ သာသနာပြုရန်သွားလိုကြောင်း ခွင့်ပန်ရာ သိုက်ချုပ်ကြီးက ခွင့်ပြုသည်ဟုဆိုပါသည်။ ထိုအခါ ဆရာမကြီး၏ချွေးမ ရဲမေတပ်ကြပ်ကြီးဆီ လာ၍ဝင်စားပါသည်။ ရဲမေကြီးက သားနှင့်သမီးက ကြီးနေပြီး ယခုမှလာ၍ ကိုယ်ဝန် ရှိသောကြောင့် ရဲမေလေးနှစ်ယောက်ခေါ်ပြီး ဒလမြို့ဘက်ကမ်း ကူးသွားပြီး အရပ်လက်သည်နှင့် ဖျက်ချရန်သွားသောအခါ လက်သည်က သုံးလကျော်နေပြီဖြစ်၍ ဖျက်ချရန်ခက်ခဲ ကြောင်း၊ လူကြီး (သို့) ကလေးသေသွားနိုင်ကြောင်း ပြောပြရာ ကြောက်လန့်ပြီး ကျွန်တော်ဆေးခန်းသို့ ဖုန်းဆက်ပြီး ဆရာမ ကြီးအား ပြောပြရာ ဆရာမကြီးက ဟဲ့…မိုက်လိုက်တာ၊ မဖျက်ရဘူး နင်မမွေးပြီး နင်မမွေးနိုင်ရင် ငါမွေးထားမည်ဟုပြော ဆိုကြိမ်းမောင်းသဖြင့် ပြန်လာခဲ့ကြပါသည်။ အမှန်ကတော့ လူဝင်စားများဟာ ဖျက်ချ၍မရနိုင်ပါဟု ရေးလူကြီးများပြော စကားအရ သိရှိရပါသည်။

နောက်ခြောက်လခန့်ကြာသောအခါ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ကန်တော်ကလေးနေအိမ်သို့ ညဉ့် ၂၃၀ နာရီအချိန် ကားဖြင့် ရောက်လာကြပြီး ကလေးမီးဖွားရန် ဗိုက်နာနေသောကြောင့် လာခေါ်ရာ ဆရာမကြီးလိုက်သွားရပါသည်။ တာမွေမြို့နယ် အလုပ်သမားဆေးရုံကြီးသို့ သွားရောက်မီးဖွားရာ နံနက် ၆း၀၀ နာရီတွင် မိခင်ရော၊ ကလေးပါ ကျန်းမာစွာ ဖွားမြင်နိုင်ခဲ့ပါသည်။ တစ်လပြည့်သောအခါ နာမည်ပေးကင်ပွန်းတပ်မင်္ဂလာ ပြုလုပ်ရာ ကျွန်တော်၏တပည့် နက္ခတ်ဗေဒင်ဆရာတစ်ဦးက ဂျူးမလေးနှင့်တူသဖြင့် ဂျူးဂျူးဟု ငယ်နာမည်မှည့်ပေးပါသည်။ ၎င်းဂျူးဂျူးအမည်ဖြင့်ပင် ဖော်ပြသွားပါမည်။ ကျွန်တော်၏ နောက်အိမ်ထောင် ဆရာမကြီးအမည်နှင့် သားကြီး၊ ချွေးမတို့၏အမည်များကို ချန်လှပ်ထားပါသည်။ အမှန်ကတော့ နန်းခင်ညွန့်ဆွေတဝက ဦးသက်ဆွေနှင့် အနီးစပ်ဆုံးနေရာ ဝင်စားပါရစေဆိုတဲ့ ဆုတောင်းပြည့်သွားခြင်း ဖြစ်ပါသည်။ ဂျူးဂျူး သုံးလသမီးအရွယ်၊ ကျွန်တော်တို့ဇနီးမောင်နှံ တရုတ်ပြည်မှ တပည့် လင်မယားနှစ်ဦးက လာခေါ်သောအခါ ၈ မိုင်၊ အဝေးပြေးဂိတ်မှ မန္တလေးကားကြီးစီးပြီး ၎င်းမှ မူဆယ်ကားဖြင့် သွားကာ တရုတ်ပြည်သွားရန် အဝေးပြေးဂိတ်သို့ အိမ်မှကားဖြင့် သားကြီးနှင့် ချွေးမကြီး၊ သမီးလေးပါ လိုက်၍ပို့ကြပါသည်။ ကားမထွက်သေးသဖြင့် ကျွန်တော်က သမီးလေးချီထားရာမှ ကားစပယ်ယာလေးက ကားထွက်တော့မည်ဖြစ်၍ ကားပေါ်တက်ရန် ပြောသဖြင့် သမီးလေးအား သူ့အဖေကိုခေါ်ခိုင်းရာ မလိုက်ဘဲ ကျွန်တော်၏ပခုံးကိုဖက်ထားပါသည်။ သူ့အမေ လှမ်းခေါ်လည်း မလိုက်ဘဲ ဖက်ထားသဖြင့် ကျွန်တော်က ဉာဏ်ဆင်ကာ ကွမ်းယာဆိုင်သို့သွားကာ သကြားလုံးများ နှိုက်ယူပြီး သမီးလေး သကြားလုံးစားပြီး သမီးအမေနဲ့ နေခဲ့ဆိုကာ သူ့မိခင်၏လက်ထဲသို့ အတင်းချပေးခဲ့ရပါသည်။ ကျွန်တော်တို့လင်မယား တစ်လကျော်နေပြီး တရုတ်ပြည်မှ ပြန်လာသောအခါ ကျွန်တော်ခေါ်၍မလိုက်ဘဲ စိတ်ကောက်နေရာ သုံး-လေးရက်ကြာမှ ခေါ်၍ရပါသည်။ လသမီးလေးအရွယ်ကတည်းက အတိတ်နိမိတ်များ ပြနေသော်လည်း ကျွန်တော်များ သတိမထားမိပါ။ စကားစ၍ပြောသောအချိန်တွင် ငါ့နာမည် နန်းခင်ညွန့်ဆွေ၊ ငါ့သားနှစ်ယောက် ကန်တော်ကလေးမှာရှိတယ်၊ အကြီးကောင်က ဝေမင်းဆွေ၊ အငယ်က ပြေသင်းဆွေဟု ပီပီသသပြောလာပါသည်။ သူ့အဘွားနှင့် ကျွန်တော်က နှင့်သားတွေက ဘာအလုပ်လုပ်သလဲမေးတော့ သားကြီးက သေတ္တာကြီးတွေ လုပ်တယ်၊ သားငယ်က ကားမောင်းတယ်ဟု ပြောပါသည်။ ၎င်း၏အစ်မကြီးလည်း ဒဂုံ(၁)တွင် ကျောင်းထားပါသည်။ ၁၀ တန်းဖြေသောနှစ်တွင် ဖြေပြီး ဂေဇက်ထွက်ခါနီး နှင့်အစ်မကြီး ၁၀ တန်းအောင်ပုံမလားဟု မေးရာ မအောင်ဘူး ကျမည်ဟုပြောရာ တကယ်ကျပါသည်။ သုံးနှစ်ဆက်တိုက်မေးရာ သုံးနှစ်စလုံး ကျမည်ပြောရာ ကျပါသည်။ အမှန်ကတော့ ဒဂုံ(၁)က နှစ်ချင်းပေါက်အောင်ပြီး ဒီတွေတောင်ထွက်သောကျောင်းဖြစ်ပါသည်။ တစ်ခါသော် ကန်တော်လေးတွင်နေသော သားနှစ်ယောက် ရန်ဖြစ်နေတယ်၊ အကြီးကောင်က မူးပြီး လက်သီးနဲ့ ထိုးခဲ့လို့ သားငယ်အခန်းက ကာထားတဲ့ သုံးထပ်သားတွေ ကွဲကုန်ပြီဟု ညနေ ၃ နာရီကျော်ဆင်းပြောရာ အဘွားကြီးက မဟုတ်တာတွေမပြောနဲ့ နှင့်သားတွေ ရန်မဖြစ်ဘူးဟုပြောပြရာ လက်မခံပါ။ ည ၇ နာရီလောက် သားငယ်က လာခေါ်၍လိုက်သွားရာ ရပ်ကွက်လူကြီးတွေပါ ဖျန်ဖြေပေးနေသည်ကို တွေ့ရှိရပါသည်။ တစ်ခါကလည်း နံနက်ကျောင်းသွားခါနီး ငါ့သားငယ် ကားတိုက်လို့ ခေါင်းကွဲသွားပြီ၊ သွေးတွေလည်း ထွက်နေပြီ၊ သေတော့မှာပဲဟု ငိုပါသည်။ ထိုအခါ သူ့အဘွားက ဟဲ့…နှင့်သားက ကားမောင်းကျွမ်းကျင်တယ်၊ ဘယ်တော့မှ မတိုက်ဘူးဟုပြော၍ ချော့လွှတ်မှ ကျောင်းသွားပါသည်။ ညနေ ၆ နာရီ ကျွန်တော်၏ဆေးခန်းသို့ ကန်တော်ကလေး အိမ်နီးချင်း မောင်ကျော်လာပြော၍ ပဲခူးမှအပြန် မင်္ဂလာဒုံတွင် စစ်ကားဖြင့် တိုက်မိရာ သားငယ် ခေါင်းဦးရေပြဲသွားသဖြင့် ခြောက်ချက်ချုပ်ရကြောင်း၊ ရန်ကုန်ဆေးရုံကြီးတွင် ရောက်နေကြောင်း လာပြောပါသည်။ ထိုနေ့က စစ်သံမှူး ကိုယ်တိုင် မောင်း၍ တိုက်မိကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ပစ္စုပ္ပန်တည့်တည့် ကြို၍သိနေသော လူဝင်စားများမှာ ရှားပါးပါသည်။ ယခု ဂျူးဂျူးကတော့ ပစ္စုပ္ပန်ကို ကြို၍သိနေသောကြောင့် အံ့ဩစရာကောင်းလှပါတော့သည်။


သတ္တမပိုင်းဆက်ရန်

ဒေါက်တာသက်ဆွေ(M.D.)
(ရွှေ့ဆောင်တင်ဆွေ)(မင်္ဂလမွှေ့ဓာတ်ကဓေ)



www.burmeseclassic.com

www.burmeseclassic.com



# အကျိုးမဲ့ **စကား** ရှောင်ရှားစေချင်

**ရေကျော်စိုးအောင်**

လောကမှာ သူတစ်ပါး၏ သိက္ခာကျအောင် အကြည်ညိုပျက်စေမည့် ကုန်းတိုက်ကုန်းချော စကားတွေကား ညှံ့ဖျင်းယုတ်ညံ့သော စကားများဖြစ်၍ သူတော်ကောင်းများသည် သုဒ္ဒိသလ္လေခ သုတ်တော်လာ တရားတော်နှင့်အညီ ကျင့်ကြံနေကြသူများဖြစ်၍ ကုန်းချော ကုန်းတိုက် စကားများကို ရှောင်ကြ၏။ ကင်းအောင်လည်း နှလုံးသွင်း တည်ဆောက် ကျင့်ကြံကြသည်မှာ သာဓုခေါ်ဆိုဖွယ် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဒီစကားများ ပြောဆိုနေခြင်းမှာလည်း ဝစီဒုစရိုက် ပွားများနေခြင်းသာ ဖြစ်၏။ အချို့သူများက ဒီကုန်းတိုက်စကားတွေက သူ့နေရာနှင့်သူ ကာလအားလျော်စွာ ပြုသင့်ပြုဖိုက်သည်လို့ အထင်မှားနေသူများလည်း ရှိကောင်းရှိနေမည် ဖြစ်သည်။

ကုန်းတိုက် ကုန်းချောခြင်း စသည့် စကားကို ယုံကြည်ကြသည့် ဝေသာလီပြည်ကြီး ပျက်စီးခဲ့ရသည်။ အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြ၍လည်း အဇာတသတ်မင်းသည် ဝေသာလီပြည်ကြီးကို အတား အဆီးမရှိ သိမ်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ တစ်နည်းဆိုသော် ဘေဒဥပါယ်ဖြင့် ကွဲပြားအောင်ပြုလုပ်ပြီး အနိုင်ယူခဲ့ခြင်းလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စည်းလုံးညီညွတ်နေသည့် ဝေသာလီပြည်သို့ အဇာတသတ်မင်းက ဝဿကာရပုဏ္ဏားအမတ်ကြီးအား ပြည်နှင်ဒဏ်ပေးဟန်ဆောင်ပြီး နှင်ထုတ်ခဲ့၏။ ဝေသာလီမှ လိစ္ဆဝီမင်းအချို့က သည်ဝဿကာရအမတ်ကြီးမှာ အလွန်ကောက်ကျစ်၍ လက်မခံလိုကြပေ။ အချို့လိစ္ဆဝီအမတ်မင်းအများစုက ...

''သည်ပုဏ္ဏားကြီး နှင်ထုတ်ခံရခြင်းမှာ ငါတို့အကျိုးအတွက် တို့ဘက်က ပြောဆိုမိ၍ နှင်ထုတ်ခံရသည်''ဟု ထောက်ခံပြီး လက်ခံခဲ့ကြရုံမျှမက မင်းသားငယ်ကလေးများကို ပညာသင်ကြားပေးရန်နှင့် ရာထူးပေး ချီးမြှောက်ထားခဲ့ကြသည်။ အစပိုင်းမှာ အများယုံကြည်အောင် ဟန်ပြ ပညာကောင်းကောင်း သင်ကြားပေးပြီး သူ့ကိုယုံကြည်အောင် ပြုလုပ်ခဲ့သည်။

နောက်ပိုင်းမှာ မင်းသားတစ်ယောက်စီခေါ်ပြီး ...

''ထမင်းစားပြီးပြီလား။ ဘာဟင်းနဲ့ စားသလဲ။ မင်းတို့အဖေ လယ်ထွန်တော့ နွားနှစ်ကောင်နဲ့ ထွန်သလား''

စတဲ့ စကားမျိုးမျှသာ ဖြစ်၏။ အခြားမင်းသားတစ်ပါးက ပုဏ္ဏားကြီး မေးသည်ကို ပြန်မေးသည်တွင် အမေးခံရသူက ရိုးရိုးသားသား ပြန်ပြောသည်ကိုပင် အချင်းချင်း မယုံမကြည် ဖြစ်ကြတော့သည်။ တစ်ခါတစ်ရံ မင်းသားတစ်ယောက်ကို လိမ်လည်ပြီး ....

''မင်း ကြောက်တတ်တယ်လို့'' ဘယ်မင်းသားက ပြောသည်ပမာ ပုဏ္ဏားကြီးက လိမ်ပြောသည့်အခါ ပြန်မေးသည့် မင်းသားက မဟုတ်မမှန်ဘဲ လုပ်ကြံပြောသည်ဟု အမျက်ဒေါသထွက်ပြီး အချင်းချင်း မျက်နှာချင်းမဆိုင်ချင်အောင် ကွဲပြားကုန်ကြတော့သည်။

သုံးနှစ်တာကာလအတွင်း လိစ္ဆဝီမင်းသားတွေ အကွဲကြီး စိတ်ဝမ်းကွဲကုန်ကြသည့်အခါ ဝဿကာရ ပုဏ္ဏားကြီးက အဇာတသတ်မင်းထံသို့ ဝေသာလီပြည်ကြီးအားသိမ်းယူရန် အချိန်တန်ကြောင်း လျှို့ဝှက်စာပေးပို့ခဲ့၍ အဇာတသတ်မင်းက စစ်တပ်နှင့်တကွ စစ်ချီလာခဲ့တော့သည်။

ဝေသာလီပြည် စစ်ဌာနက ခုခံကာကွယ်ရန် စည်တီးပြီး နှိုးဆော်၏။ စိတ်ဝမ်းကွဲနေကြသည့်အလျောက် မည်သူမျှ စစ်မထွက်ကြရုံမက ...

''သင်တို့ သူရဲကောင်းတွေသာ ထွက်တိုက်ကြ''

ဟု ဆိုကာ မိမိတို့အိမ်အပြင်မျှပင် မထွက်ကြ၍ အဇာတသတ်မင်းက ဝေသာလီပြည်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ပေပြီ ဖြစ်၏။ ဤသို့ဖြစ်ရခြင်းမှာ ဝဿကာရပုဏ္ဏားကြီးကို ဘေဒဥပါယ်မည်သည့် ကုန်းတိုက်ကုန်းချော စကားကြောင့်ပင် ဖြစ်၏။ သံဝေဂယူဖွယ် သတိချပ်သင့်သည့် အကြောင်းလည်း ဖြစ်ကြောင်း ဆင်ခြင်မိခဲ့ပါသည်။

အချို့သော ပုဂ္ဂိုလ်များက မိမိတို့အတ္တကိုယ်ကျိုးအတွက် တစ်ဦးတစ်ယောက်၊ သို့မဟုတ် အများအပေါ် အကြည်ညိုပျက်စေအောင်၊ အမုန်းတရားဖြစ်အောင် ပိသုဏဝါစာ စကားတွေသုံးပြီး ကုန်းချောကုန်းတိုက်စကားများ သုံးကြခြင်းများကလည်း သတိချပ်ဖွယ်ပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သည်လူနှင့် ဟိုလူတွေ သည့်ပြင်စကားတွေကို အချင်းချင်းကွဲပြားအောင် မပြောခြင်းဖြစ်သည်။

(ဘိန္နာနံဝါသန္ဓာတာ) စသည့် ကွဲပြားနေသူများကိုလည်း စေ့စပ်ပေးတတ်၏။

(သဟိတာနံဝါ အနုပ္ပဒါတာ) ညီညွတ်နေသူများကိုလည်း ပိုမိုညီညွတ်အောင် အားပေးစကားပြောခြင်း။

(သမဂ္ဂါရာမော၊ သမဂ္ဂါရာတော၊ သမဂ္ဂါနန္ဒီ) အများသူငှာတွေ ညီညွတ်နေသည်ကို ပျော်မွေ့ရမည်။ နှစ်သက်ကြရမည်။

(သမဂ္ဂ ကရဏိဝါစံ ဘာသိတံ ဟောတိ) ဟု ညီညွတ်ကြောင်း စကားကိုသာ ပြောရမည်ဟု ဟောကြားတော်မူခဲ့ပေသည်။

မှန်ပေသည်။ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြသည့် အခါမျိုးမှာ ...

''ဟာ ... သည်လိုမဟုတ်ပါဘူး။ အကြားမှားလို့ ဖြစ်ပါလိမ့်မယ်။ သည်လူက စိတ်သဘောထားကောင်းပါသည် အကျိုးမဲ့စကားမျိုး မပြောတတ်ပါ''ဟုသာ ဖြေဖျောက်ပြီး ဖေးဖေးမမ ပြောကြားလျှင် အထင်လွဲနေသူပင် ညီညွတ်သည့်သဘောထား ရရှိသွားနိုင်မည် ဖြစ်ပါသည်။ လူမကြိုက်၊ နတ်မကြိုက်၊ ဘုရားမကြိုက်သည့် ကုန်းချော ကုန်းတိုက် စကားမျိုး။ သိမ်ဖျင်းသော စကားမျိုးများ ပြောဆိုပြုကျင့်ခြင်းမှ ရှောင်ကြဉ်ကြပါလျှင် အကုသိုလ်ကင်း၍ အပါယ်ငရဲနှင့် ဝေးကြမည်သာ ဖြစ်ပါသည်။

အများအတွက် အကျိုးမဲ့သည့်၊ အများမကြိုက်သည့် ကုန်းချောစကား ဘေဒဥပါယ်ကို ရှောင်ကြဉ်နိုင်ကြမည်ဟု ဆိုပါလျှင် နတ်လူသာဓုခေါ်ဆိုမည်မှာ ဖြစ်ပါတော့သည်ဟုသာ ဆိုချင်ပါတော့သည်။

**ရေကျော်စိုးအောင်**

ကျမ်းကိုး

မဟာစည် ဆရာတော်ဘုရားကြီး၏ ပုံဝတ္ထုတိုဖြင့် ပြောပြသော အဆုံးအမများ။



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ စောင်မညွှန်ပြမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၁၂)

ကျွန်ုပ် ဆေးနည်းကောင်းလိုချင်၍ တောင်းသဖြင့် ရခဲ့သော ဆေးနည်းအချို့ကို ဖော်ပြလိုပါသည်။

ကျွန်ုပ်တို့ခေတ် ငယ်စဉ်ကာလသည် ဒါနယုဂ ခေတ်နှောင်းပိုင်းဖြစ်ခဲ့၍ အလှူအတန်း အလွန်ပေါများလေသည်။ မိဘဘိုးဘွားများနှင့်အတူ ဥပုသ်စောင့်သီတင်းရက်များတွင် ရွာကျောင်း၊ မြို့ကျောင်းများသို့ လိုက်လေ့ရှိကြသည်။ အဘိုးသည် သူလှူဒါန်းထားသော ရွာကျောင်းသို့ သွားလေ့ရှိ၏။ ကျွန်ုပ်က သွားတိုင်း လိုက်ပါ၏။ ဥပုသ်သီတင်းစောင့်ထိန်းကြသူများလည်း များပါသည်။ မုန့်မျိုးစုံစွာ လှူတိုင်းစေ့အောင် အလှူရှင်များက ပေးလှူကြ၏။ ကလေးလူကြီးမကျန်စေရ၊ အလှူံပယ်လှူကြခြင်းဖြစ်၏။

မုန့်များမှာ ကောက်ညှင်းပေါင်း၊ ပဲ၊ နှမ်းတို့ဖြင့် စားရ၏။ မုန့်ဆီကြော်၊ မုန့်ဆီကွင်း၊ ကောက်ညှင်းထုပ်၊ မုန့်ဖက်ထုပ်၊ မုန့်စိမ်းပေါင်း၊ ဆီထမင်း၊ မုန့်လက်ဆောင်း၊ သာကူ၊ မုန့်လုံးကြီး၊ မုန့်လုံးရေပေါ် စသဖြင့် သီတင်းတစ်ပတ်တွင် အလှူရှင်လေးငါးဦး ရှိကြ၏။ ကလေးများမှာ မုန့်လည်းစားရ၏၊ ဆော့ကစားရ၏။ ဆရာတော်ဟောကြားသော တရားလည်း ကြားရ၏။ လူကြီးများပြောဆိုသော ဘာသာရေးဗဟုသုတများလည်း ကြားရ၊ မှတ်မိကြရလေ၏။

ဗြိတိသျှခေတ်နှောင်း၊ ဂျပန်ခေတ်၊ ဖဆပလ အစိုးရခေတ်၊ သူပုန်သူကန်ခေတ်များ တစ်ခေတ်ပြီးတစ်ခေတ် နိုင်သူက အုပ်ချုပ်သော ကာလအချိန် ဖြစ်ခဲ့သည်။ ခေတ်ဆိုးခေတ်ကပ်ဖြစ်လို့ အဖေသင်ပြပေးသော သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာကို အလွတ်ရနေပြီ။ ပုံမှန်လည်း ရွတ်ဆိုရှိခိုးခဲ့ပါသည်။ အဘိုးသွားလေရာ လိုက်ပါလေ့ရှိ၏။ အဘိုးအပျောက်မခံ။ အဘိုးနှင့်အတူ အိပ်သည်၊ သွားလေရာ လိုက်ပါမြဲဖြစ်၏။

ခေတ်ပြောင်းခေတ်ပျက်ကာလ ဆန်စပါးရောင်းဝယ်ရေး မကောင်းဖြစ်နေ၏။ "ဘေးချောင်စပါး ခွေးတောင်မစား" ဆိုစကားပေါ်ခဲ့၏။ လုပ်ငန်းပြောင်းလဲလုပ်လို၍ အဖေသည် သူ၏အမျိုးများရှိရာ ငါးသိုင်းချောင်းတစ်ဖက်ကမ်း ဒေါင့်ကြီးရွာအနောက်မြောက်ဘက်၊ တက်ဆိတ်ရွာတွင် မြေပဲ၊ ကုလားပဲ၊ ဆေးရွက်ကြီး၊ ပဲကြီးများ စိုက်သော ကိုင်းလုပ်ငန်း စမ်းသပ်လုပ်ကိုင်ခဲ့၏။ အမြတ်အစွန်းရှိလှ၍ နှစ်စဉ်လုပ်ခဲ့၏။ သီတင်းကျွတ်ရေကျသွားချိန် ထွန်ယက်စိုက်ပျိုးကြပြီး နွေဦးပိုင်းတွင် သီးနှံများဆွတ်ခူးကြရလေသည်။ စိုက်ပျိုးပြီးချိန်မှစ၍ ပဲနုတ်ချိန်၊ ဆွတ်ချိန်မတိုင်မီ ကိုင်းတဲမှာ အဘိုးနှင့်အတူ လိုက်ပါနေထိုင်၏။ တက်ဆိတ်ရွာနှင့် မနီးမဝေး ဝါသလရွာတွင် သဲသောင်ပြင်၌စိုက်ထားသော ပဲကြီးများရင့်၍ ခူးချိန်တန်နေ၏။ ကရင်သူပုန်အုပ်စိုးနေ၍ ပိုင်ရှင်မရှိဘဲရှိရာ သူပုန်လူကြီးများက တစ်အိမ်တစ်ယောက် ဆင့်ခေါ်၍ ပဲကြီးကို ဆွတ်ခူးစေ၏။ အဘိုးကို သူပုန်သတ်မည်စိုး၍ အဘိုးကိုမလိုက်အောင် ငိုယိုတောင်းဆိုပြီး အဖေ၏ညီဝမ်းကွဲ ဦးစိုက်ပန်းနှင့် လိုက်ပါ၍

✦ ဖိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com

ပဲကြီးဆွတ်ခူးပေးခဲ့ရ၏။ အသက် ခုနစ်နှစ်ခန့် ရှိ၏။

နောက်တစ်နှစ်ခန့်အကြာ ဒေါ်ကြီးရွာနှင့် တစ်ဆက်တည်း သရက်ချောင်းရွာ၌ ကိုင်းမြေများဝယ်၍ မြေပဲ၊ ကုလားပဲ၊ ဆေးရွက်ကြီး စသော သီးနှံစုံစိုက်၏။ လူငှားများကို ငှားရမ်းခေါ်ယူ၍ လုပ်ကိုင်ခဲ့လေသည်။ အသက် ၂၀ ကျော်များဖြစ်သော အစ်ကိုခင်ညွန့်နှင့် ညီမ မခင်သန်းတို့နှင့် အလွန်ခင်ခဲ့လေသည်။ ရွယ်တူသူငယ်ချင်းများလည်း ရခဲ့၏။ အစိုးရအတန်းကျောင်း တက်သည်မှ နောက်ထပ်မတွေ့ဖြစ်တော့ပါ။

အစိုးရအတန်းကျောင်း ပဉ္စမတန်း စတင်သင်ယူသည်မှ တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ အဖေ၏ အစ်ကိုကြီး ဘဖုန်း၏ ဇေတဝကာရုံကျောင်း စာသင်တိုက်တွင် ကျောင်းအိပ်ကျောင်းစားနေ၍ ကျောင်းတက်ခဲ့၏။ သံဃာတော်များနှင့်အတူ ညဦးနက်ပိုင်းအထိ ကိုယ့်စာကိုဖတ်၍ လေ့ကျင့်မှတ်သားကြပါသည်။ ၁၉၅၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်သဖြင့် B.Sc Engineer ဘွဲ့အတွက် ဥပစာသိပ္ပံအပိုင်း(က) I.Sc(A) ကို ရန်ကင်းကောလိပ်၊ ယခု အထက(၁) ရန်ကင်းမှာ အဆောင်နေကျောင်းသားအဖြစ် အဆောင် 11(A)မှာ အတန်းဖော် ခုနစ်ယောက်နှင့်အတူ နေရ၏။ ထိုစဉ်ကစ၍ အရဟံဂုဏ်တော်ကို ညတိုင်း ပုတီးစိပ်ဖြစ်ခဲ့၏။

သီတင်းကျွတ်ကျောင်းပိတ်ရက် အိမ်ပြန်ခဲ့ကြ၏။ ထိုစဉ်မှာ အဖေသည် အပူရုပ်ပြီး ချွေးငုပ်သဖြင့် အပြင်းဖျားလေ၏။ အဖေသည် ချွေးမထွက်၍ အပူလွန်ကာ ရောဂါခံစားနေရသည့်အတွက် ညည်းတွားနေရ၏။ အလွန်စိုးရိမ်သဖြင့် သမ္ဗုဒ္ဓေဂါထာ ဘုရားစာရွတ်ဆို ရှိခိုးပေးမိ၏။ ရေကြည်မြို့တွင်ရှိသော တိုင်းရင်းဆေးဆရာကြီး လေး-ငါးဦးထံမှ စိတ်ကြိုက်ဆရာကြီးတစ်ဦးနှင့် အိမ်ကိုပင့်၍ ကုသခံ၏။ သိပ်မထူးခြားဘဲရှိ၏။ အဖေရောဂါပျောက်စေလို၍ သမ္ဗုဒ္ဓေဂါထာ (တောင်ကျွန်း)ကို ရွတ်ဆိုရှိခိုးလျက် အရပ်ဆယ်မျက်နှာကို လှည့်ပတ်ကန်တော့၍ တိုင်တည်၏။ အဘဘိုးဘိုးအောင်ကို စောင့်ရှောက်မစကူညီရန် တိုင်တည်၏။ မကြာမီ ချွေးများထွက်ကာ အပူချိန်လျော့ကျကာ သက်သာပျောက်ကင်းပြီး နေထိုင်ကောင်းမွန်သွားပါသည်။

နောက်တစ်နှစ် ၁၉၅၈-၅၉ တွင် ဥပစာသိပ္ပံအပိုင်း (ခ) I.Sc(B)တန်းကို ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ယူရာတွင် ပင်းယဆောင်၊ အခန်း(၁၀)မှာ ကိုအောင်မြင့်သိန်းနှင့် တစ်ခန်းတည်း နှစ်ယောက်ခံ့ အတူနေရ၏။ သီတင်းကျွတ်ကျောင်းပိတ်ရက်တွင် ထင်ပါသည်။ အမေသည် သွေးဆုံးမီးယပ်ဖြစ်ကာ သွေးဆင်းများ၍ နေထိုင်မကောင်းဖြစ်သည်မှာ တစ်လခန့်ကြာပြီဟု သိရ၏။ မြို့ပေါ်ရှိ တိုင်းရင်းဆေးဆရာများနှင့် ကုသသော်လည်း သက်သာခြင်းမရှိ၍ အခြေအနေ ဆိုးနေ၏။ အမေ၏ရောဂါ ပျောက်ကင်းသက်သာစေလို၍ သမ္ဗုဒ္ဓေဂါထာကို ရွတ်ဆိုရှိခိုးလျက် အရပ်ဆယ်မျက်နှာကို လက်အုပ်ချီမိုး လှည့်ပတ်ရှိခိုး တိုင်တည်ဆုတောင်း၏။ အဘဘိုးဘိုးအောင်ကို စောင့်ရှောက်ပေးပါရန် တဖွဖွ ပြောဆိုဆုတောင်းကန်တော့မိ၏။ ရက်မကြာမီတွင် အဖေပြောပြ၍ သိသွားသော ဒေါ်တင်မြ ရေကြည်မြို့နယ် ဖဆပလ တာဝန်ခံ ဦးတင်ညို၏ဇနီးသည် မီးယပ်ရောဂါပျောက်သော ဖော်ပြီးသားဆေးကို သုံးစွဲနည်းကိုပါပြော၍ ပေးသဖြင့် မှီဝဲသုံးဆောင်ရ၏။ တဖြည်းဖြည်းသက်သာပြီး မီးယပ်သွေးလွန်ရောဂါ ပျောက်ကင်းကျန်းမာသွားခဲ့လေသည်။ အရဟံဂုဏ်တော်ပုတီး ကိုးပတ်စိပ်သည်မှာ နှစ်နှစ်ကျော်ပြီ ဖြစ်၏။

၁၉၅၉ ခုနှစ်၊ ဇွန်လ စာမေးပွဲဖြေပြီးနောက် လမ်းမတော်၊ ညောင်ပင်လေးဈေး ဆိပ်ကမ်းမှ ကျုံပျော်သွားမည့် "အာရှမယ်"သင်္ဘောဖြင့် အပေါ်ထပ်တွင် နေရာယူပြီး ခြင်ထောင်ထောင်၍ အိပ်လိုက်ခဲ့၏။ ညနေ ၅ နာရီခန့် ထွက်ခွာ၍ နောက်တစ်နေ့ညနေ ၃ နာရီလောက်တွင် ကျုံပျော်မြို့သို့ ရောက်မြဲဖြစ်၏။ ခရီးသည်လူကြီးများသည် အချင်းချင်း ပြောဆိုသံကြားရ၏။ ရွေးကောက်ပွဲတွင် တည်မြဲဖဆပလ နိုင်မည်၊ သန့်ရှင်းဖဆပလ ဦးနုနိုင်မည် စသည်ကို ကြားမိ၏။ အိပ်ပျော်သွားသောအခါ အဘဘိုးဘိုးအောင်သည် ဝတ်ဖြူစင်ကြယ်ဝတ်၍ ခေါင်းတွင်အုပ်ပေါင်းဖြင့် ကျွန်ုပ်အိပ်ရာခေါင်းရင်းဘက်မှရပ်လျက် "ရွေးကောက်ပွဲမှာ ဦးနုနိုင်မည်"တဲ့။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပသောအခါ အမှန်တကယ်ပင် ဦးနု၏ သန့်ရှင်းဖဆပလက ရွေးကောက်ပွဲမှာ မဲအများဆုံးရ၍ နိုင်သဖြင့် ပထစ အစိုးရအမည်နှင့် အစိုးရဖွဲ့နိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

I.Sc(B) အောင်စာရင်းထွက်သောအခါ ကြယ်ပွင့် Star ဖော်ပြချက်ဖြင့် အောင်မြင်သဖြင့် Qualified for the first year B.Sc Engineering ဖြင့် တက်ခွင့်ရ၏။ ၁၇.ဒေသ ၁ လည်း ကျွန်ုပ်ကံခေခဲ့လေသည်။ အဖေသည် ကိုင်းလုပ်ငန်း၊ လယ်ယာလုပ်ငန်းဖြင့် အောင်မြင်နေရာမှ သူ၏မိတ်ဆွေ ဖဆပလ လူကြီးများက သရက်ချောင်းရွာသည် ဗကပများ အုပ်စိုးနေသော ဒေသဖြစ်၍ အထင်မှားပြီး အဖေ့ကို အသတ်ခံရနိုင်ကြောင်း ပြောကြ၊ သတိပေးကြသဖြင့် ကိုင်းအားလုံး ရောင်းပစ်လိုက်ပြီး ရက်ကန်းလုပ်ငန်းနှင့် ကုန်စံဆိုင်လုပ်ငန်းကို ပြောင်းလဲလုပ်ရာတွင် မဆင်မပြေလှသဖြင့် ညီ၊ ညီမလေးများ၏ ပညာလည်း ငုံ့စရာရှိနေ၏။ သူတစ်ပါးအထောက်အပံ့ကိုလည်း မယူလို၍ ကျောင်းထွက်ပြီး အလုပ်လုပ်ခဲ့လေသည်။

ရန်ကုန်မြို့သို့ ပြန်လာပြီး သူငယ်ချင်းစိုးတင့်၏ အကူအညီဖြင့် သူ၏မိဘအိမ်မှာ ခေတ္တနေထိုင်၍ ထမင်းလခပေးစားရင်း ရာထူးဝန်အဖွဲ့မှ ခေါ်ယူသောအလုပ်ကိုလျှောက်ရင်းစောင့်ခဲ့၏။ သူငယ်ချင်းစံမြင့် အလုပ်လုပ်နေသော လူမှုဖူလုံရေးအဖွဲ့၏ လမ်း ၅၀ ရှိ ရုံးကို အလည်သွားခဲ့၏။ ဝန်ထမ်းလိုအပ်နေ၍ ရုံးအုပ်ကြီး ဦးခင်၏ တိုက်တွန်းမှုကြောင့် မိဘများထံလည်း ငွေထပ်မံမတောင်းလို၍ စာရေးရာထူး ဝင်လုပ်ခဲ့ရ၏။ လ·မ·ဖ အဖွဲ့ ဆေးဌာနစိတ် Medical Section မှာ စတင်တာဝန်ကျ၏။ C.M.O တာဝန်ခံဆရာဝန်ကြီးများ၊ ဒေါက်တာမားကပ်စ်ပေါ်၊ ဒေါက်တာဆင်းဂွတ်ပတားနှင့် E.O ဦးထွန်းအောင်တို့၏ ဌာနစိတ်ဖြစ်၍ တွေ့ကြုံဆက်ခံရာ လုပ်ငန်းများ သင်ယူပြီးနောက် ရုံးကိစ္စများကို ရှင်းလင်းလွယ်ကူစွာ ရေးသားတင်ပြပေးခဲ့နိုင်၍ ဦးထွန်းအောင်မှ သဘောကျသကဲ့သို့ ထိုဆရာဝန်ကြီးနှစ်ဦးနှင့်လည်း ရင်းနှီးခဲ့လေသည်။ ကျွန်ုပ် ကျန်းမာရေးကိစ္စ နေထိုင်မကောင်းဖြစ်ပါက ကောင်းစွာ ကုသပေးကြ၏။

Comercial Audit စာရင်းကိုင်သင်တန်း တက်ခွင့်ရ၍ လ·မ·ဖရုံးမှ ၁၀ ဦးခန့် Gradeone class တက်စေရာတွင် ကျွန်ုပ်လည်း တက်ခဲ့ရ၏။ စာမေးပွဲတွင် ဦးသိန်းဆောင်၊ ဦးတင်လှနှင့် ကျွန်ုပ်တို့သုံးယောက်သာ အောင်ခဲ့၏။ ထို့နောက် ဦးသိန်းဆောင်က ခေါ်သဖြင့် ငွေစာရင်းအရာရှိချုပ် ဦးမြဟန်နှင့်အတူ ဗိုလ်တထောင်ဘုရား စာရင်းအင်းများကို သုံးယောက်အတူ ကုသိုလ်ဖြစ် စစ်ဆေးဆောင်ရွက်ပေးခဲ့၏။ ဦးမြဟန်က သဘောကျ၍ ရာထူးတိုးရန် သူကူညီနိုင်သည့် ငွေစာရင်းဌာနသို့ သူတို့နှင့်အတူ ပြောင်းပြီးလုပ်ကိုင်စေ၏။ လ·မ·ဖ အဖွဲ့၏ နှစ်စဉ်အသုံးစရိတ် ဘက်ဂျက်ခန့်မှန်းခြေစာရင်းများ ရေးဆွဲရာတွင်လည်း ကျွန်ုပ်တို့ သုံးဦးသည် ညဉ့်နက်ပိုင်းအထိ ရုံးမှာလုပ်ကိုင်ခဲ့ကြရသည်။ တစ်ပြားတလေမှ စာရင်းကွာ၍မရပါ။ လက်လုပ်ဂဏန်းပေါင်းစက်များကို သုံး၍ စာရင်းချုပ်များ ရေးဆွဲရ၏။

ဦးမြဟန်က စာရင်းအင်းကိစ္စဆိုင်ရာများ အလွန်အားကိုးခဲ့၏။ လ·မ·ဖ ရုံးခွဲတစ်ခုမှ ငွေစာရင်းအရာရှိအဖြစ် ရောက်ရှိလာသော ဦးလေးကြီးကို ကျွန်ုပ်ရှေ့တွင် ပြောထား၍ နယ်ရုံးများမှ လာသော ငွေစာရင်းများကို ကျွန်ုပ်က စိစစ်လက်မှတ်ထိုးပြီးမှ သူ့ထံတင်ပြရန် မှာထားခဲ့၏။

လူမှုဖူလုံရေးအဖွဲ့ ငွေစုငွေချေး သမဝါယမစာရင်းအင်းများကိုလည်း Personal လယ်ဂျာများ၊ Cash Book ရေးသွင်းစေပြီး စစ်ဆေးလုပ်ကိုင်စေ၏။ ဦးမြဟန်နှင့် ဦးသိန်းဆောင်မှာ အသင်းအမှုဆောင်တွင် ပါကြ၏။

ကျွန်ုပ်သည် စာရေးအလုပ် ဝင်လုပ်ရင်း တစ်ဖက်တွင် ရာထူးဝန်အဖွဲ့မှ ခေါ်ယူသော စာမေးပွဲတိုင်းကို အငယ်တန်းအရာရှိရာထူးများတွက် ဝင်ရောက်ဖြေဆိုခဲ့၏။ လျှောက်လွှာနှင့်အတူ ဘဏ်မှာ ငွေ ၂၀ ကျပ် ပေးသွင်းပြီးသော ချလံပါ ပူးတွဲတင်ရ၏။ တစ်လတည်း သုံးလေးကြိမ် လျှောက်တင်ခဲ့ရသောအခါ ငွေ ၆၀/၈၀ ကျပ် ကုန်လျှင် ကျွန်ုပ်တွင် နေထိုင်စားသောက်စရိတ် လိုအပ်တိုင်း ဦးသိန်းဆောင် ကူညီခဲ့၏။ လခထုတ်ပြီးမှ ပြန်ပေးရ၏။ ကျွန်ုပ်လစာမှာ ၁၅၀ ကျပ်ဝန်းကျင်ဖြစ်၏။ ထိုစဉ်က ရွှေဈေးမှာ တစ်ကျပ်သားကို ၁၂၀ ကျပ်/၁၃၀ ကျပ် ဈေးပေါက်၏။ ခုခေတ်ရွှေဈေးနှုန်းဖြင့် အလွန်ကွာလှ၏။ ထို့အတူ ငွေတန်ဖိုးလည်း ကွာခြား၍ ဖြစ်ပါသည်။

အားလုံးခြုံ၍ သုံးသပ်ကြည့်သောအခါတွင် ဦးမြဟန်ကား စကားသာဟန်၍ လက်တွေ့တွင် ဘာအကူအညီမျှ မပေးနိုင်ခဲ့ပါ။ မကူညီခဲ့ပါချေ။ သူ့အတွက် ထိခိုက်မှာကိုသာ အရေးထား၏။ ကျွန်ုပ်ကသာ သူ့ကို ကူညီခဲ့ရပါသည်။ ရာထူး



www.burmeseclassic.com

www.burmeseclassic.com

ဝန်အဖွဲ့မှ ရွေးချယ်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျွန်ုပ်ထံ ခန့်စာရောက်လာသောအခါ စနေနေ့တစ်ရက်ဖြစ်၍ နေ့ဝက်ရုံးတက်ရ၏။ ရန်ကုန်ဆေးရုံကြီး ကင်ဆာကုဌာနသို့ သွားရောက်စုံစမ်းရာ ဌာနတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဦးတင်အောင်မှ သူတို့မှာ အလွန်လိုအပ်နေ၍ ပညာသင်သွားဆဲ ကျွမ်းကျင်သူနှစ်ယောက် ကနေဒါနိုင်ငံမှ ပြန်ရောက်လျှင် ကျွန်ုပ်လည်း ပညာသင်သွားရမည် စသည် တိုက်တွန်းပြီး အလုပ်ဝင်စေရန် နားချ၍ Duty Report တင်ပြီး တနင်္လာနေ့လာရန် မှာလိုက်၍ ပြန်လာခဲ့သည်။ တနင်္လာနေ့ လ•မ•ဖမှ ခွင့်ယူပြီး အလုပ်ဝင်ခဲ့၏။ ထို့နောက် ဦးမြဟန်ကို အလုပ်ခန့်စာပြ၍ အလုပ်ထွက်ခွင့်တောင်းခဲ့၏။ အလားတူ တခြားသူများ အလုပ်ထွက်မှာစိုး၍တဲ့၊ ခွင့်မပြုခဲ့ပါ။ ကျွန်ုပ်က သုံးကြိမ် သူ့အခန်းမှာ ဝင်ပြော၍မရသည့်အဆုံး C.E.O ဆရာဦးစိန်ထံ သွား၍ပြောမည်ဆိုမှ သူလွှတ်လိုက်ကြောင်း ပြောပါတဲ့ဗျ။ သိပ်ကူညီပုံပဲ။

C.E.O ဦးစိန်ထံ ရောက်သောအခါ အလုပ်သမားဝန်ကြီးရုံး အစည်းအဝေးသွားနေ၍ မတွေ့ရသဖြင့် E.O ဆရာဦးထွန်းအောင်ကို ဝင်တွေ့ပြီး အကျိုးအကြောင်းပြောပြီး ထွက်ခွင့်တောင်း၏။ ကျွန်ုပ်၏အရည်အချင်းကို သဘောကျ၍ မထွက်စေလိုသော်လည်း ပ•ထ•စ အလုပ်သမားအစည်းအရုံးမှကြောင့် လုပ်သက်နုသော ကျွန်ုပ်ကို ရာထူးတိုးပေးနိုင်ခြင်းမရှိ၍ စိတ်မကောင်းကြောင်း၊ ကျွန်ုပ်၏ တက်လမ်းကိုလည်း မပိတ်ပင်လို၍ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် အလုပ်ထွက်ခွင့်ပြုပါလို့ ရေးပြီးတင်လိုက်၊ သူခွင့်ပြုလိုက်မည်ဆို၍ ထွက်ခွင့်ရခဲ့လေသည်။

Radiotherapy Department (R.G.H) အလုပ်စတင်ဝင်ရောက် လုပ်ကိုင်ရာတွင် ကင်ဆာရောဂါကို ဓာတ်ရောင်ခြည်ဖြင့် ကုသပေးရသော Radiotherapy Technician အဖြစ် လုပ်ခဲ့ရ၏။ ဒေါက်တာ ဦးတင်အောင်၊ ဒေါက်တာဦးမျိုးတင့်တို့က ကင်ဆာကုဆရာဝန်၊ ဆရာဦးကုအောင်ကြီးက Physiciet, Canadian Lady; Miss-J. Goodall က Colambo plan Expert တို့နှင့်ဆုံ၍ ကိုမြင့်ဦး၊ ကိုဇော်ဝင်း၊ ကိုသက်ရှည်၊ ဦးစောပီတာတို့နှင့် duty အလှည့်ကျ Theratran Junier Deep X-ray စက်တို့ဖြင့် ကုသပေးခဲ့ရလေ၏။ ကျွန်ုပ်သည် အလုပ်တစ်ခုကို စိတ်ပါဝင်စားစွာ လေ့လာပြီး တတ်အောင်သင်ယူကာ ကောင်းစွာလုပ်ပေးခဲ့၏။ မဟုတ်မခံ ပြန်လည်ရှင်းပြတတ်၏။ အလိုတော်ရိတစ်ယောက်က ကုန်းစကားထည့်ထား၍ ပထမတွင် ဦးတင်အောင်က အထင်လွဲခဲ့သေး၏။ နောင်အခါတွင်မှ အမှန်ကို သိရှိနားလည်သွားပြီး ကျွန်ုပ်၏ ရာထူးတိုးရေး၊ ပညာသင်ကိစ္စများကို ကူညီထောက်ခံရစေရုံမျှမက ဆေးရုံကြီး မ•ဆ•လခေတ် အလုပ်သမားအစည်းအရုံးကိစ္စ၊ သက်သာစားသောက်ဆိုင်ကိစ္စ၊ ငွေစုငွေချေးကိစ္စအားလုံးကို ဆေးရုံအုပ်ကြီး ဦးကိုကိုက ဒေါက်တာဦးတင်အောင်ကို ဦးဆောင်စေ၍ ဆရာက ကျွန်ုပ်ကို မပါမနေရ ပါဝင်စေ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်အကြံပေးသည့်အတိုင်း လုပ်ပါလျှင် ပါဝင်ပါမည်ပြောရာ ခွင့်ပြု၍ ဆိုင်ရာဝန်ထမ်းများ ခန့်ထားပြီး စာရင်းကိုင်၊ စာရင်းစစ်၊ ဆိုင်ဝန်ထမ်းများခန့်၍ စနစ်တကျလုပ်ကိုင်ခဲ့ရာ အလွန်အောင်မြင်၏။ နောင်အခါ မ•ဆ•လခေတ် ရန်ကုန်ဆေးရုံကြီး အလုပ်သမားအစည်းအရုံးသည် တစ်နိုင်ငံလုံးတွင် အအောင်မြင်ဆုံးနှင့် ဝင်ငွေလည်း အကောင်းဆုံးဟူ၍ အစည်းအဝေးများတွင် လသာပါတီယူနစ်မှ လူကြီးများက အစည်းအဝေးအခမ်းအနားများမှာ ပြောကြား၍ သိရ၏။

ကျွန်ုပ်သည် ၁၉၅၇-၅၈ ပညာသင်တွင် ရန်ကင်းကောလိပ်အဆောင်နေ ကျောင်းသားဖြစ်၍ သူငယ်ချင်းများနှင့်အတူ ကျောက်ကုန်း၊ ရတနာ လမ်းဘေးရုပ်ရှင်ရုံမှာ ဆစ်ဖလစ်ရောဂါအကြောင်း ရုပ်ရှင်ကိုကြည့်ခဲ့ပြီး ထိုအချိန်မှစ၍ ရောဂါကူးစက်မှာကြောက်၍ အပြင်ဆိုင်အစားအစာစားသောက်ခြင်းကို ရှောင်ကြဉ်ခဲ့၏။ အဆောင်ဟင်း၊ အဆောင်ထမင်းကိုသာ စားခဲ့လေ၏။

၁၉၆၀ ခုမှ ၁၉၆၄ ခုနှစ်လောက်အထိ သက်သတ်လွတ် ထမင်းဟင်းကို စားခဲ့ပြီး သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာကို သက်စေ့ပုတီးပတ်ရေ ရအောင်စိပ်ခဲ့၏။ နေထိုင်မကောင်းသောအခါများတွင် အိပ်မက်ထဲမှာ အဘတို့ပေးသော ဆေးဆိုက်၊ ဆေးထိုး ခံရဖူး၏။ ဗိုလ်တထောင် ဦးအောင်ပွင့်၊ ဒေါ်သိန်းရင်အိမ်မှာ ထမင်းလခပေးစားစဉ် နေထိုင်ခဲ့စဉ်က ဖြစ်ပါသည်။

ကျွန်ုပ်သည် ၁၉၇၃ ခုနှစ်တွင် တောင်ဥက္ကလာပ



www.burmeseclassic.com

www.burmeseclassic.com

လက်ရှိနေအိမ်ကို ဝယ်ယူနေထိုင်ခါစတွင် ဘုရားပွဲ၊ ဘိုးတော်ပွဲများ လှူရာတွင် ဆရာဦးအေးသောင်း သင်ပြသည့်အတိုင်း ပွဲထိုးလှူခဲ့၏။ အဘ ဘိုးတော်ပြုံးနှင့် ဆေးဝိဇ္ဇာကြီးများ ပွဲလည်း လှူဖြစ်ခဲ့ပါသည်။ ဘုရားဂုဏ်တော် ပုတီးလည်း ပုံမှန်စိပ်ခဲ့၏။ ဆေးနည်းများတောင်းခဲ့ရာ ရခဲ့ဖူး၍ မှတ်သားထား၏။ စာရွက်စာတမ်းတွေက များသဖြင့် ရှာတွေ့သလောက်သာ ဖော်ပြပါမည်။

(၁) အမေ၏ အစ်မကြီး၏သားကြီး အစ်ကိုအေးမောင်မှာ ကျောင်းဆရာလုပ်နေသော ကျွန်ုပ်၏တူဖြစ်သူ ကျောင်းဆရာလေးမှာ မျက်ခုံးမှစ၍ "သမင်ဖြူ"ကွက် ဖြစ်ပေါ်လာ၍ ရက်လှ၍ သူ့ခြံ အိမ်နှင့် ကျောင်းသာ သွားလာနေထိုင်၏။ တခြားသို့ အလည်အပတ်သွားခြင်းမရှိသည့်ကို သိရသဖြင့် ပျောက်စေလိုသဖြင့် ဆေးနည်းတောင်းရာ ပေးခဲ့၏။

ဉာဏ်ရွက်အရည်ညှစ်၍ လိမ်းပေးပါက သမင်ဖြူ ပျောက်၏တဲ့ဗျ။ ဆေးနည်းရပြီးနောက်တွင် ရေကြည်အလည်အပတ်သွားသောအခါ ထိုတူလေးနှင့် သူ၏အဖေကို ပြောပြခဲ့သော်လည်း သူတို့က သမင်ဖြူဆိုလျှင် ပျောက်မည်မထင်၍ ယုံယုံကြည်ကြည် သုံးစွဲခြင်းမရှိခဲ့ချေ။

ဉာဏ်ရွက်ဆိုသည် လယ်ကွင်း၊ စပါးစိုက်ခင်းထဲမှာ ပေါက်တတ်သော အပင်ငယ်မျိုးဖြစ်သည်။ အရွက်သေးသေးဖြစ်၏။ ငယ်စဉ်ကာလက မြင်ဖူး၏။ သိလည်းသိ၏။ တောအရပ်မှာ ငါးပိနှင့် တို့စရာအဖြစ်လည်း တို့စားကြ၏။ ဉာဏ်ရွက်ကို ခူးယူပြီး ရေဆေးသန့်စင်စေ၍ ပွတ်ခြေပြီး အရည်ညှစ်ပါက ရသောအရည်ဖြင့် မကြာခဏ လိမ်းပေးပါလျှင် မုချပျောက်ကင်းနိုင်မည်ဖြစ်၏။ ဆေးဝိဇ္ဇာကြီးပေးသော ဆေးနည်းဖြစ်၏။

(၂) ထို့နောက်တစ်ဖန် ရေကြည်သို့ အလည်အပတ်ရောက်စဉ်မှာ လယ်ကွင်းတွေထဲမှာ မြွေပွေး၊ မြွေဟောက်ကိုက်၍ သေကျေသည့် သတင်းကြားရ၍ ဆေးနည်းရလို၍ တောင်းပြန်သောအခါ ဆေးဝိဇ္ဇာကြီး ဆေးနည်းပေးပြန်၏။

"ခရမ်းခါးခြောက် မြွေဆိပ်ပျောက်၏"...တဲ့ဗျ။

ခရမ်းခါးဆိုသည်မှာ အညာအရပ်ဒေသ၊ ကျေးလက်တောရွာတွေမှာ ငါးပိနှင့် တို့စားရသော ခရမ်းကဆော့ အမျိုးအစားဖြစ်၏။ အပွတ်လိုက်၊ အခိုင်လိုက် သီး၏။ သီးပင်မှ ဆီးသီးကင်းအရွယ် ရှိ၏။ အပင်မှာ ဆူးများစွာရှိ၏။ အလွန်လည်းခါးလှ၏။ စိုက်ရတာ လွယ်ကူသော်လည်း စားသုံးခြင်းနည်းပြီး ဆေးဖက်ဝင်သည်ကို မသိကြ၍ အလေ့ကျပေါက်သည့်အပင်မျိုးသာ တွေ့ရ၏။ ခါးလွန်း၍ မြွေဆိပ်ပျောက်နိုင်သည်မှာ အမှန်ဖြစ်၏။

(၃) ကျွန်ုပ်သည် ကင်ဆာလူနာများကို ဓာတ်ရောင်ခြည်ဖြင့် ကုသပေးရာတွင် သားအိမ်လူနာများလည်း ပါ၏။ သားအိမ်အတွင်း Redium Insertion (အရပ်စကား ဓာတ်အပ်စိုက်ခြင်း) စသော ကုသရေးလုပ်ငန်းကို လုပ်ကိုင်ကုသပေးရာ၌ ပါဝင်ရသူဖြစ်၍ ရောဂါခံစားကြရသော လူနာများ၏ ဝေဒနာခံစားကြရပုံကို မြင်၍ အလွန်သနားလှပါသည်။ ထိုရောဂါများ ပျောက်စေလို၍ ဆေးနည်းတောင်းခဲ့ဖူး၍ တစ်ညတွင် အိပ်မက်ထဲမှာ ဆေးနည်းပေး၍ နိုးသောအခါ မှတ်ထားခဲ့၏။

"ကျားမနိုင်မြစ်ကို သွေး၍လိမ်းပါက သားအိမ်ရောဂါ အမျိုးမျိုး ပျောက်သည်"တဲ့ဗျ။

ကျွန်ုပ်သည် အိပ်မက်တွင်မှ ကြားဖူးသော ကျားမနိုင်ပင်ကို ငယ်စဉ်ကပင် မသိခဲ့ပါ။ ရွှေဘုံသာလမ်း၊ သိမ်ကြီးဈေးနှင့် ဗိုလ်ချုပ်ဈေးတစ်ဝိုက် ဆေးမြစ်၊ ဆေးရွက်ရောင်းသူများထံ လိုက်လံမေးမြန်းရှာဖွေသော်လည်း မရခဲ့ပါချေ။ သိမ်ဖြူဆရာတော်ကြီး၏ ဆေးပင်ပုံပြဆေးကျမ်းတွင်မှ အပင်ပုံကို သိရ၏။ ထိုအချိန်မှာ ကျွန်ုပ်အောက် ညီငယ်မှာ ကုန်သွယ်ရေးဌာနမှာ အလုပ်တာဝန်ဖြင့် သင်တန်းတက်ရန် ရောက်လာ၍ သူ့ကိုမေးကြည့်မှ ရေကြည်မှာရှိကြောင်း၊ သူသိကြောင်း၊ ဆင်ကူးရွာ ကုန်းတန်းတစ်ခုမှာ အပင်ရှိကြောင်း ပြော၍ ရေကြည်ပြန်ရောက်သောအခါ အမြစ်ကိုတူး၍ လူကြုံနှင့် ပို့ပေး၍ ရခဲ့ပါသည်။

ထိုအမြစ်ကို ကန့်လန့်ဖြတ်ပိုင်းလိုက်သောအခါ ကျားသရေမှာ တွေ့ရသော အစင်းကွက်များလို အကွင်းလိုက် တွေ့ရပါသည်။ ကျောက်ပျဉ်မှာ ရေနှင့်သွေးသောအခါ ပျစ်ချွဲချွဲ အရည်ကိုရ၏။ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူသော ဧရိယာ အရေခွံကို ရေထိ၍မရပါ။ Skin Reaction အရေခွံစုတ်ပြတတ်၍ လိမ်းဖို့မပေးဖြစ်ခဲ့ပါ။ နီးစပ်သူ လူနာတချို့ကိုသာ ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ဇနီး မီးယပ်သွေးဆုံးဖြစ်သောအခါ အဖြူဆင်းခြင်း၊ သွေးဆင်းခြင်း များလာသော် ကျောက်ပျဉ်မှာ ကျားမနိုင်မြစ်ကို ရေနှင့်သွေး၍ ရသော ပျစ်ချွဲချွဲအရည်ကို ဆီးခုံ၊ ဆီးစပ်၊ ခါးအောက်ပိုင်း ရှေ့နောက်ကို ခဏခဏ လိမ်းပေးခြင်း၊ လိမ်းစေခြင်း ပြုခဲ့၏။ တစ်လခန့်အကြာမှာ လုံးဝကောင်းမွန်ပျောက်ကင်းသွား၏။

(၄) ၁၉၉၅ ခုနှစ်ခန့်တွင် သွေးတိုးနှင့် ဆီးချိုရောဂါများအတွက် ဆေးနည်းကောင်းတောင်းခံခဲ့ဖူး၏။ အိပ်မက်ထဲမှာပင် အသံဖြင့် ပြောပြ၍ ဆေးနည်းရခဲ့၏။

"လျက်လျက်စားစား၊ ကျားလက်ဝါး၊ ဆီးချိုနှင့် သွေးတိုးပျောက်၏"…တဲ့ဗျ။ ပြောသံကြားရ၏။ ကျားလက်ဝါးဟု အသံကိုကြား၍ ဆေးပင်ကို ပြသည်မဟုတ်သဖြင့် မမြင်ဖူးသဖြင့် အခွင့်သင့်တိုင်း သိမည်ထင်သူကို မေးကြည့်ခဲ့၏။ သိသူနည်းလေသည်။ ရွှေမြင်းမိုရ်(ကျိုက္ကစ်) ဆရာတော်ကို မေးသောအခါ ရင်းနှီးသော ဆရာဒကာဖြစ်ခြင်း၊ ဆရာတော်လည်း တိုင်းရင်းဆေးဗဟုသုတရှိ၍ အညာအရပ်တွင်ရှိကြောင်းသိရ၍ မှာပေးပါသည်။ အရွက်များမှာ ကျားလက်ဝါးလို ပုံစံဖြစ်၏။ သို့သော် အသုံးမတည့်ပါ။ နာမည် ကျားလက်ဝါးမဟုတ်ဘဲ တခြားအမည်ကို အကြားမှားသလား ထင်၏။

တစ်ဖန် ပျဉ်းမနားမြို့နေ အငြိမ်းစားတိုင်းရင်းသမားတော် ဆရာမော်ထံတွင် ဆေးပင်မျိုးစုံ စိုက်ပျိုးထားကြောင်း ယခင် တိုင်းအာမခံမန်နေဂျာ(မန္တလေးတိုင်း)ဖြစ်သူ သူငယ်ချင်းစိုးတင့်မှာ ထိုဆရာကြီးနှင့် ရင်းနှီးလှ၍ ဆက်သွယ်ပြီး ကိုယ်တိုင်သွားရောက်ယူခဲ့၏။ ထိုဆရာကြီးပေးလိုက်သော ကျားလက်ဝါးမှာ ဆူးတဆောင်းအပင်ငယ် အနီမျိုးဖြစ်၏။ ဆရာကြီးဦးအေး ဖိုထိုးစဉ်က သူ့အိမ်မှာ စိုက်ထား၍ အသုံးပြုသော ရှားစောင်းလက်ပတ်နှင့် အမျိုးတူဖြစ်၏။ ကျကျနန သုံးစွဲရခြင်းမရှိဘဲ နာဂစ်ဖြစ်စဉ်က မိုးများစဉ် ရေမျောပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်ပြန်လည်သုံးသပ်ကြည့်မိ၏။ ယခု ဆီးချိုနှင့် သွေးတိုး ပျောက်ကင်းသော သျှားမီးရွက် သန်လျက်ပုံရှိသော အရွက်ကို သျှားလက်ဝါးဟု ပြောလေသည် ဖြစ်မည်ထင်၏။ "လျက်လျက်စားစား သျှားလက်ဝါး၊ သွေးတိုးနှင့် ဆီးချိုပျောက်၏"ဟု အမှန်ထင်ပါသည်။

ထိုအရွက်မှာ အမှန်ပင် ဆီးချိုတက်နေသူ၊ သွေးတိုးတက်နေသူကို ဝါးစားစေပါက ဆီးချိုနှင့် သွေးတိုးကို လျော့ကျနေကောင်းသွားကြကြောင်း တွေ့ရှိ၍ဖြစ်ပါသည်။

(၅) ၂၀၀၀ ပြည့်နှစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ဦးဝိစာရလမ်း)တွင် တတ်ကျွမ်းသူ ပညာရှင် (အကြံပေး Advisor)အဖြစ် ဆောင်ရွက်ချိန်မှာ အသက် ၆၀ ခန့်ရှိနေသော ဇနီးသည် ဆီးလည်းမကောင်း၊ အနည်အနှစ်ပါ၏။ အနံ့လည်းဆိုးသည်ဟု ပြော၏။ နလုံးသွေးကြောကျဉ်းရောဂါလည်း ရှိ၏။ အသက်ရှူမဝ၊ မောကျပ်ကျပ်ဖြစ်ပြီး အိပ်၍ကောင်းစွာမရ ဖြစ်နေခဲ့၏။ ဆေးနည်းကောင်းပေးပါရန် ဆေးဝိဇ္ဇာကြီးကို တိုင်တည်ကန်တော့၍ အိပ်သောအခါ အိပ်မက်ထဲမှာ ဆေးနည်းသုံးလေးမျိုး ပေးပြန်လေသည်။

(က) ကုံကမံစား၍ လျက်ဆားကို လျက်ပေးတဲ့က၊ မောတာ၊ ကျပ်တာအတွက် ကောင်း၏တဲ့ဗျ။

ကျွန်ုပ်လည်း ဆေးရုံတာဝန်မှအပြန် ကုန်ဈေးတန်းလမ်း ဘယဆေးဆိုင်တွေမှာ စုံစမ်းရှာဖွေ၍ ဘူးလေး(တစ်လက်မခန့်အရွယ်) တစ်ဘူးကို ၆၀၀ ကျပ်နှင့် နှစ်ဘူးဝယ်ခဲ့ပြီး အိမ်မှာ မိမိကိုယ်တိုင် ဖော်ထားသော ကျစွာမင်းလျက်ဆား လျက်စေရာ မောတာ၊ ကျပ်တာ သက်သာ၍ ပျောက်ကင်းသွား၏။

(ခ) ဆီးမကောင်းသည့်အတွက် အနည်အနှစ်ပါပြီး အနံ့မကောင်းဖြစ်တိုင်း ယခင်အခါ Unicef Septrin ဆေးပြားကို One B.D မနက်/ည တစ်လုံးစီ တိုက်ခဲ့၏။ One Course ပြည့်က ပျောက်မြဖြစ်၏။ ထို့ကြောင့် ရန်ကုန်ဆေးရုံကြီးရှိ ဆေးဆိုင်တွင် အိန္ဒိယနိုင်ငံလုပ် Septrin ဆေးလုံး တစ်ကတ်ဝယ်ခဲ့ပြီး One B.D သောက်စေရာ နောက်တစ်နေ့မနက်တွင် လက်ဖျား၊ ခြေဖျားတချို့မှာ ဖူးရောင်လာသည်ကို တွေ့ရ၏။ ဆေးမတည့်ဟု ယူဆပြီး ရပ်ထားလိုက်၏။ ဆေးနည်းတောင်း၏၊ နှစ်နည်းပေး၏။

(၁) ထိကရုံးဆူးပေါက်၊ သင်းဝင်ပေါက်ဖြူ နွယ်ဝယ် (လို့ကြား၍) နွယ်ချိုဟု မှတ်ကာ သုံးမျိုးစုပေါင်း (ဆတူထည့်၍ သုံးခွက်တစ်ခွက်တင် ကျို၍တိုက်၏။

(၂) နောက်တစ်ခုက နီညိုရောင် တောင်ဆုပ်ခန့်ဖြတ်ထားသော ဆေးပင်အရင်းပိုင်းတစ်ချောင်း ထောင်ထားပြ၏။



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းသောအခါ ၁၃ ရပ်ကွက်ဈေးထဲမှာ ထိုအချောင်းကို ပဒဲကောင်မှတ်၊ ပဒဲကောဟုမေး၍ လိုက်ရှာခဲ့၏။ ဈေးသည်များ ပဒဲကောပြရာတွင် အိပ်မက်ထဲကနဲ့ မတူ၍ မဝယ်ခဲ့ပါ။ ယခင်က သံဈေး(လမ်းမတော်)မှာ မြင်ဖူးသည်ကို သတိရ၍ ဆေးရုံမှအပြန် ဝင်၍ ၁၇ လမ်းဈေးမှာ ရှာသောအခါ အိပ်မက်ထဲမှ အရွယ်အတိုင်း တောင်ဆုပ်ခန့် နီညိုရောင်အချောင်းများ ထောင်ထားသည်ကို တွေ့ရ၏။ နာမည်မေးကြည့်ရာ "ဂုံမင်း"ဟု သိရ၏။ တစ်ချောင်း တစ်ကျပ်ဖြင့် ဆယ်ချောင်းဝယ်ခဲ့ပြီး ဟင်းခါး ချက်သောက်စေ၏။ ငါးပိနဲ့လည်း ပြုတ်တို့စေ၏။ ထိုနှစ်မျိုးဖြင့် ဆီးရောဂါပျောက်ကင်းသွားပြန်ရလေသည်။

(၆) ၂၀၀၁ ခုနှစ်လောက်ဟု ခန့်မှန်းခဲ့၏။ ရေကြည်မြို့သို့ ပြန်သွားသောအခါ ကျွန်ုပ်နှင့် သက်တူရွယ်တူလောက်ဖြစ်သော အရီးလေးခင်ခင်နုအိမ်ကို သွား၏။ ငယ်ငယ်ကလို ခေါ်နေကျ "ဟဲဇိမ်ကွေ"နှင့် ဆေးပင်လား၊ အနံ့ပြင်းလှတယ်၊ ဘာပင်လဲမေးတော့ နလုံးရောဂါအစ ရောဂါမျိုးစုံပျောက်တယ်ဆို၍ ငါစိုက်ထားတယ်၊ နင်လိုချင်ရင် အကိုင်းတစ်ခုချိုးယူသွားပြီး စိုက်တဲ့။

ရောဂါမျိုးစုံပျောက်တယ်ဆို၍ နလုံးရောဂါပါ ပျောက်တယ်ဆိုသဖြင့် အပြန်မှာ အကိုင်းတစ်ကိုင်း ပေးလိုက်၍ ယူခဲ့ရာ အဖေ့အိမ်မှာ မေ့ကျန်ခဲ့၏။ နောက်နှစ်မှ ပြန်ယူလာနိုင်၏။ ထိုအပင်ကို ကျွန်ုပ်၏ ဘဖုန်း၏ကျောင်းမှာ မွေးစရိယအောင်ပြီးမှ လူထွက်၍ ဆေးဆရာကြီးဖြစ်နေသော ဆရာမောင်ကို (သမိုင်းဘူတာရုံလမ်း)အိမ်ရောက်မှ တောင်လုံးကျော်ဆေးပင်ဟု သိရ၏။ သန်လျင်ဘက်တွင် ထိုဆေးပင်ကို နတ်ဆေးပင်ဟု လူသိများ၏။ ကင်ဆာရောဂါပျောက်သည်ဟု သမီးကြီး၏ သူငယ်ချင်းများမှတစ်ဆင့် သိရ၏။ တကယ်လည်း ပျောက်တာမှန်ပါသည်။ သို့သော်လည်း သုတေသနဖြင့် လေ့လာ၍ လုပ်ကိုင်သင့်၏။

ကင်ဆာရောဂါဝေဒနာရှင်များ ထိုဆေးပင်၏အရွက်ကို နေ့စဉ်စားသုံးခြင်း၊ ကြိတ်ခြေညက်စေ၍ အနာပေါ်လိမ်းပြီး ပတ်ထားပေးခြင်းဖြင့် လက်တွေ့ပျောက်သူများက ပြောပြခဲ့၏။

(၇) ယခုတစ်ဖန် ဤဆောင်းပါးကို ဖတ်ရသဖြင့် အများအကျိုးရှိပြီး မေးခိုင်ရောဂါခံစားရသူများနှင့် မေးခိုင်ရောဂါပိုးကို ကြောက်ရွံ့ကြသော ဆရာဝန်များသိစေလို၍ အများသိရန် အလွန်အဖိုးတန်သော ဆေးနည်းကို ဆရာတော်ကြီးတစ်ပါးက ချီးမြှင့်၍ ရေးပြပါမည်။

ထိခိုက်ရှနာဖြစ်၍ အနာရင်းပြီး မေးခိုင်ရောဂါရသူများကို သူကိုယ်တိုင် ကုသပေး၍ ပျောက်ကင်းသွားသဖြင့် ရွှေမြင်းမိုရ်ကျောင်း(ကျိုက္ကစံ)သို့ အညာအရပ်မှ ကြွလာသော သက်တော်ရှည်ဆရာတော်ကြီးက ကျွန်ုပ်ကို နည်းပေးတာဖြစ်၏။

(က) ကွမ်းစားသော ကွမ်းရွက်စိမ်းသန့်သန့်ကို ရေစင်စွာဆေးကြောသန့်စင်၍ ပွတ်ခြေကာ အရည်ညှစ်ယူပါ။ လက်ဖက်ရည်အကြမ်းပန်းကန် တစ်ဝက်ခန့်ရအောင် ညှစ်ပါ။

(ခ) ရွှေဆိုင်း(ရွှေအစစ်)တစ်ရွက်ကို ကွမ်းရွက်ရည်ထဲသို့ ရွှေမှုန်များအကုန်ထည့်ပါ။ သမအောင်မွှေ၍ လူနာကို တိုက်ပါ။

လူနာက မေးခိုင်နေ၍ ပါးစပ်ဟာ၍မရသော် ငွန်းဖြင့် ကလန့်၍ ပါးစပ်မှ ဝမ်းထဲရောက်အောင် တိုက်ပေးပါ။ ဆေးတိုက်ပြီးမကြာမီမှာ ချွေးထွက်ပြီး အပူလည်း ကျပြီ။ လုံးဝနေထိုင်ကောင်းပြီး မေးခိုင်ပျောက်ပုံကို ဆေးရုံမှ လက်လွှတ်သူများကို နည်းပေးအသုံးပြုခြင်းဖြင့် ပျောက်ကင်းပုံကို ပြောပြ၍ တစ်ဖန်အသိပေးလိုက်ပါသည်။

အကျိုးရှိစွာ အရေးပေါ် နိုင်ငံအနှံ့ သုံးနိုင်ကြပါစေ။

ကျွန်ုပ်လည်း တစ်ဘဝလုံး ဆေးရုံမှာ ဓာတ်ရောင်ခြည်ဖြင့် ကျွမ်းကျင်သူ၊ ကျွမ်းကျင်သူချုပ်၊ အကြံပေး စသည်ဖြင့် လုပ်ခဲ့၍ သိပ္ပံနည်းဖြင့် ဆရာဝန်များ အလွန်ကြောက်လန့်သော မေးခိုင်ရောဂါကို ရွှေဆိုင်းနှင့် ကွမ်းရွက်ရည်က လက်တွေ့ပျောက်စေကြောင်း ဖော်ပြလိုက်ပါသည်။

မှတ်ချက် ။ ရွှေဆိုင်းမရှိပါလျှင် ရွှေအစစ် လက်ကောက်ဖြစ်စေ၊ လက်စွပ်ဖြစ်စေ၊ ရွှေတုံးရွှေခဲဖြစ်စေ ကျောက်ပျဉ်မှာ ရွှေပါအောင်သွေး၍ ရွှေဆိုင်းအစား အသုံးပြုပါတဲ့ဗျ။ အားလုံးအကျိုးရှိစွာ အသုံးပြုနိုင်ကြပါစေ။

**မေတ္တာ၊ သစ္စာ၊ သည်းခံ**

**ဖိုးသန်းကျော်(ရေကြည်သား)**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## အကွဲဘယ်လောက် မြန်တယ်မှတ်လဲ

ငယ်ငယ်ရွယ်ရွယ်နဲ့ နိုးရာလိုက်ပြေးသည့် စုံတွဲတစ်တွဲသည် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြတော့မည့်ကိန်း ဆိုက်လာ၏။

ဤတွင် လှတောသား တစ်ယောက်က ဝေဖန်ချက်ချ၏။

''ဟာလိုလေးရယ် ... လင်ယူသားမွေးကိစ္စကို ပြဇာတ်ကတာများ မှတ်နေကြရော့သလား မသိဘူး။ စလယ်ဝင် ဖင်မည်းတာက ကြာဦးမယ်။ အခုများ မီးခဲပေါ် ယင်နားသလောက်မှ မကြာဘဲ ကွဲကြတာကိုး''

× × ×

## စိန်စတင်းနဲ့ နင်လားငါလား

မိခင်ဖြစ်သူက တစ်ဖက်ရွာသို့ ကိစ္စနှင့်သွားနေစဉ် ဖခင်နှင့် အစ်ကို ယာထဲက ထမင်းစားအပြန်ကို သားငယ်က ထမင်းပွဲပြင်ကာ ခူးကျွေးရလေ၏။

စားပွဲခုံပေါ်သို့ ပန်းကန်တွေချည်း ချလေရာ မောမော နှင့် ဆာနေသည့် အစ်ကိုက ...

''ဘယ်မလဲ ထမင်း။ ဟာလိုလေး ငါ့ညီရာ ... ထမင်းခူးပါဆို ပန်းကန်တွေပဲ ယူလာရသလား။ ပန်းကန် ဆာတာ မဟုတ်ဘူး။ ထမင်းဆာတာကွ''

''စိတ်ညစ်လိုက်တာ အစ်ကိုရာ။ ငရဲပြည်မှာရှိတဲ့ ဒယ်အိုးထဲက တစ်ကမ္ဘာကြာမှ တစ်ခါသာပေါ်တဲ့ 'ဒုသန သော'ထက် စိတ်ညစ်သဗျာ''

ထမင်းဟင်းတို့ အလျင်အမြန် ချပေးပြီးသည့်အခါ ဖခင်က ဝင်၍စား၏။ သို့ရာတွင် ဟင်းကမစုံသေး။ ဖခင်က လှမ်းအော်၏။

''သားငယ် ... မင်းဟင်းက ဒါအကုန်ပဲလား။ မီးဖိုချောင်နဲ့ အိပ်ရာနေရာမှားပြီး အိပ်နေရော့သလား''

''ပဲကြီးဟင်းလာပြီ အဖေရေ့''

''မင်းဟင်းကလည်း မေ့လောက်မှ တစ်မျိုးရောက်လာတော့ စောင့်ပြီးစားနေရတဲ့လူရဲ့ ဗိုက်ထဲ နာဂစ်ဝင်နေပြီ''

''အဖေကသာ ထိုင်အပြစ်တင်နေ။ အဖေ့မိန်းမထားခဲ့တဲ့ မီးဖိုချောင်လည်း ဝင်ကြည့်ဦး။ မဆေးဘဲ ရေစိမ်ထားတဲ့ ဟင်းအိုးတွေ ငုံ့ငုံ့နမ်းနေရတာ အကြိမ်တစ်သိန်းလောက်ရှိနေပြီ''

''လုပ်ကွာ ... မြန်မြန်''

အစ်ကိုက ဝင်ပြောရာက ညီက ပြန်ပြောသည့်စကားကြောင့် သားအဖနှစ်ယောက် ပါးစပ်ပိတ်သွားရတော့၏။

''မီးဖိုချောင် ဝင်နေကျမိန်းမ မဟုတ်ဘူး အစ်ကိုရေ။ စမ်းတဝါးဝါးနဲ့ ဟိုအိုးလှန်၊ ဒီအိုးဖွင့် အပြေးတစ်ပိုင်းလုပ်နေရပုံများ ဆိုင်းဝိုင်းထဲက စိန်စတင်းနဲ့ နင်လားငါလား အောင်မေ့ရတယ်''

× × ×

## နိုင်ခံ့ပုံများ ပြောပါတယ်

လှတောသားရောင်းသည့် သက်ငယ်ဆိုင်သို့ လှတောသားတစ်ဦး သက်ငယ်လာဝယ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဈေးလျှော့ဦးဗျာ ... သုံးလေးရက်တုန်းက ဝယ်သွားတဲ့ ခင်ဗျားသက်ငယ်တွေ ညှံ့ချက်ကတော့ လဲမှို့လွှင့်တာတောင် ပေါက်ထွက်တယ်"

လှတောသား အချင်းချင်း အကြောမခံ။

ထိုအခါ သက်ငယ်ပိုင်ရှင် လှတောသားက လုံးကြီးတင် ဆန်ခတ်လိုက်၏။

"ဟာလိုလေး ... မတော်တာတွေ လာမပြောပါနဲ့ ငါ့လူ။ ငါ့သက်ငယ်မိုးထားတဲ့ အိမ်မိုးတွေ ခိုင်ခံ့ပုံများ စကိုင်းလက်ကြိုဖြတ်တုစခန်းတောင် တည်လို့ရသကွ"

## ညံ့လိုက်ပုံများကတော့

လှတောသားနှစ်ဦး လက်ဖက်ရည်ဆိုင်၌ စကားပြောနေကြ၏။

"ညက ငါ့ကောင် ဖဲရှုံးပစ်လို့ဆိုပြီး သူ့မိန်းမ ဆဲလိုက်သံများ ညံ့ပလေကွယ်။ ကြေးလင်ပန်းထဲ ကျောက်ခဲတွေကြဲနေသလား မှတ်ရ"

"ဒါနဲ့ ထသတ်ကြရောလား"

"မခံချင်အောင်ဆဲတော့ စစ်ခင်းကြတာပေါ့ကွာ။ ဘာတွေနဲ့ ပစ်ကြ၊ ခတ်ကြ၊ ရိုက်ကြတယ် မသိပါဘူး။ ဝုန်းဒိုင်းကြဲနေလိုက်ပုံနှယ် အရက်မူးနေတဲ့အရူး ဒန်အိုးဆိုင်ထဲ ဝင်ရမ်းနေသလား မှတ်ရ"

× × ×

## ခုမှပဲ သွေးဆူတယ်

ချီပါ တောင်ရွာသားတစ်ယောက်သည် မိမိ၏သားမိန်းမခိုးလာသဖြင့် ထုံးစံဓလေ့အရ သမီးရှင်နှင့် ညှိနှိုင်းစေ့စပ်ရန် မြောက်ရွာသို့ လူကြီးစုံရာနှင့် လာကြလေ၏။

သမီးရှင်ဘက်က ဖော်ဖော်ရွှေရွှေညှို့ခံပြီး စကားတွေရွှန်းရွှန်းဝေအောင် ပြောနေသော်ငြား သားရှင်ဘက်က လူတွေကမူ ငြိမ်ကုပ်တိတ်ဆိတ်နေလေ၏။

အသံမထွက်လာကြသည့် အဆုံးတွင် သားရှင်လည်း သည်းမခံနိုင်တော့ဘဲ ...

"ဟော့ ... ငါ့လူတွေရေ။ မင်းတို့ကို ခေါ်လာတာက သတို့သားမိဘကိုယ်စား ပြောဖို့ဆိုဖို့ အားကိုးရမလား ခေါ်လာတာကွ။ ခုတော့ မင်းတို့ဖြစ်နေပုံက ကျောက်ရုပ်တွေ ဆောက်ထားရာ ရနေကြသလား မှတ်ရ။ ပြောကြပါဦးကွ"

ထိုအခါမှ တောင်ရွာသားများ သွေးဆူလာပြီး အာခွတ်ချွတ်ချွတ်နှင့် စကားတွေဖောင်သွားကြလေသတည်း။

× × ×

## ဝေးသင်းပြီးသား ဖြစ်သွားမယ်

နွားလှည်းတစ်စီးသည် လယ်ကွင်းထဲဖောက်ထားသည့် လှည်းလမ်းအတိုင်း စွပ်ပြေးလျက်ရှိ၏။

ချိုင်းတွေကိုရှောင်၊ ကန်သင်းရိုးကို ကျောက်တက်နှင့် တလှုန်လှုန်း ဆောင့်နေ၏။

လူကြီးတစ်ယောက်သည် လှည်းရဲတိုင်ကို ဘုရားတကိုင်ပြီး လိုက်လာရာက မတ်တတ်ရပ် လှည်းမောင်းနေသည့် လှည်းဆရာချာတိတ်ကို အော်ပြောလိုက်၏။

"ဟဲ့ ... ကောင်လေး။ ထိုင်မောင်းစမ်း ... ထိုင်မောင်း"

လှည်းသမားလေးက ကြားသော်လည်း မထိုင်ပေ။

"ဟဲ့ ... ကောင်လေး ... ထိုင်ဆိုနေ။ ရပ်မောင်းရင် ဒုက္ခတွေ့သွားမယ်။ လမ်းကကြမ်း၊ အမောင်းကရမ်း၊ ဒီကြားထဲ မင်းမတ်တတ်ရပ်လိုက်ရင်တော့ မင်း'ဝေးသင်း' ပြီးသား ဖြစ်ပြီသာမှတ်ပေတော့"

× × ×

## ပေါင်းချောင်ထဲမှာ

ရန်ကုန်သို့ အလည်လာသည့် လှတောသားတစ်ယောက်သည် ထင်းရှူးပုံးလေးများ ထောင်ထားသကဲ့သို့ စီနေပြီး ဟိုမလှည့်သာ၊ ဒီမလှည့်သာ တိုက်ခန်းကျဉ်းလေးထဲ ပိတ်လှောင်နေသဖြင့် ပါလာသည့် အကျီတွေချွတ်၊ စွပ်ကျယ်စုတ်လေးနှင့် နေရလေ၏။ သူ့အဖို့ အိုက်တာ၊ ပူတာ မသက်သာ။

သည်းမခံနိုင်သည့် အဆုံးတွင်ကား အော်ချက်ထုတ်လိုက်မိလေ၏။

"ပူလှအိုက်လှချည်လား ရန်ကုန်ရယ်။ ကောက်ညှင်းပေါင်း ပေါင်းနေတုန်းတန်းလန်းကြီး ပေါင်းချောင်ထဲ ဝင်နေမိတဲ့ အတိုင်းပါပဲ"

× × ×



www.burmeseclassic.com

www.burmeseclassic.com

## ထမင်းအေးနဲ့ ဟင်းသိုး

လုတောရွာသား ကုန်သည်တစ်ယောက်သည် မန္တလေးရထား အစုန်အဆန်စီးနေရာမှ ဘူတာထမင်းသည်များနှင့် ကြုံရလေ၏။ အကြောင်းသိနေသဖြင့် ဝယ်မစား။ တစ်ခါတွင် ရထားစောင့်ရင်း ဆာလာသဖြင့် ထမင်းဆိုင်တွင်းသို့ ဝင်လိုက်၏။

ဆိတ်ကလီစာမှာလိုက်ချိန်တွင် ထမင်းပွဲရောက်လာ၏။ လက်ဆေးပြီးသည့်နောက် ထမင်းကို နယ်လိုက်ရာက အလန့်တကြား ထအော်လိုက်၏။

"အောင်မယ်လေးဗျာ ... ထမင်းမှတ်လို့ ကိုင်လိုက်ပါ့။ ရေခဲတုံးကြီးပါလား"

ဟော ... ဟင်းပွဲလာချပြီ။ သူက ဟင်းပန်းကန်ကို ငုံ့နမ်းကြည့်သည်။ ထို့နောက် ...

"အလိုလေး ... ဟင်းဆိုလို့ ကြည့်လိုက်ပါ့။ နရသီဟပတေ့မင်းရဲ့ လက်ကျန်ဟင်းတွေများလားမှတ်ရ"

နံဟောင်နေသည့် ဟင်းသိုးတွေကြောင့် ညည်းလိုက်ခြင်း ဖြစ်ချေ၏။

× × ×

## စပ်ကျထားတဲ့ အကောင်တွေ

ကျောင်းဆင်းလာသည့် မူလတန်းကျောင်းသားလေးသုံးယောက်အနက် တစ်ယောက်က သူတို့ကို အမြီးနှံ့ပြီး ကြိုသည့် ခွေးကျားကို ကုပ်ကကိုင်ပြီး ခွစီးလေ၏။

ခွေးက ပြေးသည့်အခါ နောက်နှစ်ယောက်က အမြီးဆွဲပြီး တက်စီးပြန်၏။ သုံးယောက်စီးသည့်အားကြောင့် ခွေးမှာ ခွေလဲသွားပြီး တဂိန်ဂိန်နဲ့ အော်နေလေ၏။ လဲသည့်ခွေးကို ဆွဲထူသူက ထူနေစဉ် တက်စီးသူက တက်စီးပြန်၏။

ထိုမြင်ကွင်းကို လမ်းဘေးတွင် ရပ်ကြည့်နေသည့် လုတောသားအုပ်စုမှ တစ်ယောက်က ...

"မျောက်မျက်စဉ်းခတ်ဆိုတာ ဒီလိုကောင်တွေနေမှာပဲကွ"

"အလိုလေးကွယ် ... ဆော့လိုက်ရှာလေ။ မျောက်နဲ့ငါးမြွေထိုး စပ်ကျထားသလားမှတ်ရ"

× × ×

## စက္ကူတွေများ စားနေသလား

ရန်ကုန်မှ ပြန်လာသည့် လုတောသားဦးကြီးသည် သမီးများအား စက္ကူရှားပါးပြီး ဈေးကြီးသည့်အကြောင်း ပြောပြနေ၏။

"ရန်ကုန်မှာ စက္ကူဟောင်းဝယ်တဲ့သူတွေ သောင်းကျန်းနေပုံများ အဖေ့ရှပ် အင်္ကျီအိတ်ထဲက မှတ်စုစာအုပ်တစ်ပိဿာ တစ်ဆယ်ပေးမတဲ့။ ရောင်းပါဆိုပြီး ဝိုင်းလိုက်လို့ ကျားပြေးပြေးခဲ့ရပါသကော။

နောက်ပြီး ဒင်းတို့ စက္ကူငန်းဖမ်းနေလိုက်ကြတာ ဘတ်စ်ကားပေါ်ကအဆင်းမှာ ကားလက်မှတ် လွှတ်မပစ်ရဲဘူး။ ပလတ်စတစ်ကောက်တဲ့ကလေးတွေ လုကောက်ရင်း ရန်ဖြစ်ကြလွန်းလို့။ ဟလိုလေး ... ထမင်းမစားဘဲ စက္ကူတွေ စားနေကြသလား မှတ်ရကွယ်"

× × ×

## ဘယ်လိုအကြောင်းမျိုးပါလိမ့်

လုတောကားဆိပ်သို့ ကားရပ်လေသော် လူစိမ်းဧည့်သည်တို့သည် ကားပေါ်မှ ဆင်းကြလေ၏။ ထိုဧည့်သည်များထဲ၌ တစ်ယောက်သောသူမှာ လူဝကြီးဖြစ်ပြီး နှုတ်ခမ်းမွေးနှင့် ဖြစ်၏။

ဤတွင် လုတောသားပါးစပ်နှင့် တိုးပါလေတော့၏။

"နှုတ်ခမ်းမွေးကြီးချည်း အစိတ်သားလောက်ရှိမယ်ဟ"

"ကုပ်နေလိုက်ပုံများ လခြမ်းကြီး ကတ္တရာသုတ်ပြီး မှောက်ထားလား မှတ်ရဟေ့"

"ဘာပဲပြောပြော ခံ့တော့ တော်တော်ခံ့တယ်ကွ"

"ခံ့ညားတာပေါ့ကွယ်။ နှုတ်ခမ်းမွေး ကားကားနဲ့ဆိုတော့ တောကြောင်လား၊ အိမ်ကြောင်အထီးလား၊ ကြောင်သိုးကြီးလား မပြောတတ်ဘူး"

× × ×

## ခြေထောက်တွေများ ဖြတ်ထားသလား

အောက်အကြေအရပ်မှ ပြန်လာသည့် လုတောသား တစ်စုအား ဆွေမျိုးများ၊ ရွာသားများ ဝိုင်းအုံ၍နေလေ၏။ စကားသံတို့မှာ တစ်ယောက်တစ်ပေါက် ဆူညံနေလေ၏။

"ဟောဒါက ငါးနုပ်ခြောက်"



www.burmeseclassic.com

www.burmeseclassic.com

"ဟလိုလေး . . . ငါးနုပ်ခြောက်ဆိုလို့ ကြည့်လိုက်ပါ့။ ငါးဖောင်ရိုးခြောက်ပါပဲလား"

"ဟောဒါက ငါးငါးပိ၊ ဟောဒါက ပုစွန်ငါးပိ၊ ငါးပိ ယူရတာ တော်တော်စိတ်ညစ်ရတာပဲ။ လူတွေက ငံးပိသာ စားတာ အနံ့ကျတော့ နှာခေါင်းရှုံ့တယ်"

"အီးကို မနံအောင် လုပ်လို့မရသလို ငါးပိကိုလည်း မနံအောင် ဖုံးလို့မရဘဲ ကိုးတော့"

"ဟောဒီမှာ ရေချိုငါးပိ"

"ဟင် . . . လောက်တွေ"

"ဟဲ့ . . . ငါးပိနဲ့လောက်၊ ရွှေနဲ့ကျောက်၊ ငါးပိမှန်ရင် လောက်နဲ့ ဘယ်ကင်းမလဲဗျ"

"အိုး . . . ဒီငါးပိထဲက လောက်ကတော့ လွန်ပါတယ် ရှင်။ အကောင်ကြီးလိုက်ပုံများ ဝက်ဖြူတွေကို ခြေထောက် ဖြတ်ထားသလားထင်ရ"

× × ×

## မြင်ယောင်မိသေးတယ်

ရွှေကျင်ရှာ ရှင်ပြုအလှူပွဲသို့သွားသော လူတောသား များ တစုတဝေး ပြန်လာကြရာ လမ်း၌ . . .

"ဟလိုလေး . . . တကယ့်အလှူပွဲပါပဲဗျာ။ နတ်ရွာ တံခါးဖွင့်ပွဲကြီးတမျှ။ ကျွေးလိုက်မွေးလိုက်တာကလည်း ထမင်းရည်ချောင်းစီး။ ချက်တဲ့ပြုတ်တဲ့ အိုးကြီးတွေများ ကျွဲအုပ်ကြီး အိပ်နေသလား မှတ်ရ"

တစ်ယောက်က စလိုက်ရာက အတူတူလာသူ တစ် ယောက်က . . .

"ဟုတ်ပါရဲ့ . . . မိုးပြဒယ်ကြီးတွေက တစ်မျှော်တစ် ခေါ်ပါပဲ။ ဒါပေမယ့် အဲဒါကြီးတွေမြင်တော့ ငရဲပြည်မှာ ငရဲသားကို မျှော်နေတဲ့ ယမမင်းရဲ့ ဒယ်အိုးကြီးတွေ သွား မြင်ယောင်မိသေးဗျ"

× × ×

## သူတို့အစား ရင်မောတယ်

မန္တလေးသို့ လူတောသားကြီးများ ရောက်လာကြသည်။ ထိုအခါ မြို့ခံက အရေးတယူညှော်ခံရင်း . . .

"ဦးလေးတို့ ရောက်လာတာ စတီတ်ရှိုးလက်မှတ် ဝယ်ထားတာနဲ့ အတော်ပဲ"

အပန်းဖြေ၊ ရေမိုးချိုး၊ ထမင်းစားပြီး စတိတ်ရှိုးရှိရာသို့ ခေါ်သွားကြလေ၏။ ဇာတ်ခုံမှာ တိုက်ကြားထဲဖြစ်ပြီး လမ်း ပိတ်ကာ ဆောက်ထားသကဲ့သို့ ပွဲခင်းထဲ ခက်ခက်ခဲခဲ တိုးဝှေ့သွားရလေ၏။

"ဟလိုလေးကွယ်၊ မင်းတို့ စတိတ်ရှိုးပွဲခင်းက တောင် တွေကြားက လှည်းလမ်းမှာ လာလုပ်ထားသလိုပါပဲလား"

စတိတ်ရှိုးပြီး၍ အိမ်ပြန်ရောက်သောအခါ ပထမ ဦးကြီးက စကားစလိုက်၏။

"စတိတ်ရှိုးဆိုတာ ဘာပါလိမ့်မှတ်တယ်။ လက်စ သတ်တော့ အသံမကောင်းတဲ့လူတွေ ကုန်းအော်တဲ့ပွဲပဲ"

ဒုတိယ တစ်ယောက်ကလည်း . . .

"ဘင်သံကြီးတွေ တဒုန်းဒုန်းနဲ့ မြည်လိုက်လေကွယ်။ နားကွဲမတတ် ဗုံးကြဲနေသလား အမြောက်ထုနေသလား မှတ်ရ"

နောက်ဆုံး ဦးကြီးကတော့ . . .

"ဘင်တီးတဲ့လူကို ကြည့်ရတာ သူ့အစား မောလိုက် ပါဘိသနဲ့။ ကျေးတောခွေး ရေကူးနေတဲ့ အတိုင်းပါပဲ"

× × ×

## စိုးရိမ်ရတယ်

သားယောကျ်ားလေးဟု ဆိုသော်ငြား ကျားကျား လျားလျား မရှိ။

ကုပ်ချောင်းချောင်းနှင့် စိတ်ပျက်စရာကောင်းနေသည့် ကြားထဲ လုံချည် ခွေးချေးသိမ်းဝတ်ပြီး ဆံရှည်ကျော၀ဲနေ သော သားမို့ ဖခင်က ကြည့်မရ ဖြစ်နေသည်။

ခုလည်း သနပ်ခါးအဖွေးသားဖြင့် အပြင်ထွက် လမ်း သလားရန် ပြင်နေပြန် ပြီကော။

ဖခင်ဖြစ်သူက သမီးဖြစ်သူတို့အား အော်ပြောလိုက် ပြန်၏။

"ဟဲ့ . . . သမီးတို့၊ ခါးတောင်းကျိုက်ပြီး တုတ်တစ် ချောင်းစီကိုင်၊ ညည်းတို့အစ်ကိုကို လိုက်စောင့်ကြစမ်း။ တော်ကြာ လမ်းမှာ ဖက်အနမ်းခံရမှာစိုးရသဟဲ့"တဲ့။

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)　　(ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



# အောင်ဝိဇ္ဇာစိုး - အထူးကုဆေးခန်း

➢ အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျားအကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ **(1107 Y 7278)**

➢ လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ **(1208 Y 7972)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချီရေး ❖ ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၇ လမ်း၊ ၇၂×၇၃ လမ်း)၊
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com



# နေလဝန်းရဲ့ ပန်းရန်ပွဲ
# ကျော်ကြားခြိမ့်ဟည်း ဝတ်တော်ကြီး

ကိုမောင်သန်းဝင်း

မော်လမြိုင်မြို့တွင် ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ဇိနမာရ်အောင် (ဦးဇိန) စေတီတော်တစ်ဆူရှိသည်။

ဂေါတမမြတ်စွာဘုရားသည် ရှစ်ဝါမြောက် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိ ရာမညဒေသသို့ ဒေသစာရီကြွရောက်တော်မူစဉ် နာဂစီသတောင်တွင် သီတင်းသုံးနေထိုင်သော ဇိနရသေ့ကြီးသည် ဘုရားရှင်တော်မြတ်၏ထံတော်မှ ဆံတော်ခုနစ်ဆူကို ပူဇော်ခွင့်ရရှိခဲ့သည်။ ရသေ့ကြီးသည် ဆံတော်များကို ဌာပနာပြီး ကျောက်ပုံစေတီအဖြစ် ကိုးကွယ်ခဲ့သည်။ ကျောက်ပုံစေတီ တည်ထားရာတွင် နဂါးဖို၊ နဂါးမတို့က ကူညီတည်ပေးကြသည်ဟု အဆိုရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ဆံတောရှင် ဇိနမာရ်အောင်(ဦးဇိနစေတီ) သို့ သူဌေးကြီး ဦးသာညွှင်းသည် နေ့စဉ်လာရောက်ဖူးမြော်သည်။ ဦးဇိနစေတီတော်အနီးတွင် ထူးခြားသပ္ပာယ်လှသည့် ဝတ်တော်ကြီးတစ်ဆောင်ကို ဝတ်ဖြူစင်ကြယ်လူအများဖြင့် ဆောက်လုပ်ကြောင်းနှင့် သိုက်စောင့်သိုက်နန်းရှင်များစွာ ဝင်ထွက်၍ ဖူးမြော်နေကြကြောင်းကို သူဌေးကြီးဦးသာညွှင်းက နေ့စဉ်ဆိုသလို အိပ်မက် မြင်မက်ခဲ့သည်။

သို့ပြင့် သူဌေးကြီးဦးသာညွှင်းသည် အိပ်မက်မြင်မက်သည့်အတိုင်း ဝတ်တော်ကြီးတစ်ဆောင်ကို ဆောက်လုပ်ရန် ဆုံးဖြတ်ချက်ချသည်။ သို့သော်ငြားလည်း ဝတ်တော်ကြီးဆောင် ဆောက်လုပ်ရန်အတွက် လက်သမား၊ ပန်းရန်သမား ရှာဖွေရာတွင် ထူးဆန်းစွာ ရှာဖွေမရ ဖြစ်ခဲ့သည်။

တစ်ညနေတွင် သူဌေးကြီးဦးသာညွှင်းသည် ဦးဇိနစေတီတော်တွင် ဘုရားဝတ်ပြုပြီး နေအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် ဘုရားလမ်းအဆင်းတွင် လူတစ်စုနှင့်တွေ့ပြီး စကားပြောဖြစ်သည်။ ဦးဇိနစေတီနံဘေးတွင် ဝတ်တော်ဆောင်ကြီး ဆောက်လုပ်ရန် ဆန္ဒရှိထားသည်မှာ ကာလကြာပြီဖြစ်ကြောင်း၊ အကြောင်းကား လက်သမား၊ ပန်းရန်သမား ရှာမရ၍ ဤရွှေ့ ဤမျှ ကြန့်ကြာနေရကြောင်း ပြောသည်။ ဤတွင်. . .

လူတစ်စုထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူမှ သူဌေးကြီးဦးသာညွှင်းသည် ပန်းရန်၊ လက်သမားရှာဖွေနေသည်ကို သတင်းကြားသိရပါကြောင်း၊ သူတို့အဖွဲ့သည် လက်သမား၊ ပန်းရန်သမားများ ဖြစ်ပါကြောင်း ပြောရာ ဦးသာညွှင်းသည် ၎င်းတို့ကို တွေ့မြင်စူးစမ်းပြီး အလုပ်အပ်ချင်စိတ် ဖြစ်ပေါ်လာသည်။

သို့ဖြင့် အတိုင်းအတာ အရွယ်အစားတို့နှင့် လိုအပ်သောပစ္စည်းများ တွက်ချက်၍ အလုပ်အပ်ခဲ့သည်။

အလျဉ်းသင့်၍ သူဌေးကြီးဦးသာညွှင်းအကြောင်း တင်ပြရဦးမည်။ ထိုခေတ်ထိုအခါက အင်္ဂလိပ်လူမျိုးများ အုပ်စိုးနေပြီး မော်လမြိုင်တစ်မြို့လုံး ခရစ်ယာန်ကျောင်းများစွာနှင့် လက်အောက်ခံ အင်္ဂလိပ်စာသင်ကျောင်းများသာ ရှိနေ၍ သူဌေးကြီးဦးသာညွှင်းသည် မြန်မာအမျိုးသားပိုင် မြန်မာစာသင်ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လိုသောဆန္ဒများစွာဖြစ်တည်ခဲ့သည်။ သို့ဖြစ်၍ ၎င်းကိုယ်ပိုင်ငွေဖြင့် ပန်းပဲတန်းရပ်တွင် မြေနေရာဝယ်ယူ၍ မြန်မာပြည်တွင် သမိုင်းတွင်ခဲ့သည့် ပထမဦးဆုံး အမျိုးသားကျောင်း(ရှင်မဟာဗုဒ္ဓဃောသ) ကျောင်းကို ငွေများစွာ အကုန်ခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ (ယခုအခါ အမှတ်-၉ အထက်တန်းကျောင်း ဖြစ်တည်နေလေပြီ။)

သူဌေးကြီးဦးသာညွှင်းသည် အဆိုပါ မြန်မာစာသင်ကျောင်းကြီးကို ဆောက်လက်စဖြစ်နေသည်ကတစ်ကြောင်း၊ ဝတ်တော်ကျောင်းကြီးဆောက်လုပ်ရန် ရှိနေသည်ကတစ်ကြောင်း ဖြစ်နေလေရာ အပ်နှံခဲ့ပါသော ဝတ်ကျောင်းတော်ကြီး ဆောက်လုပ်မည့်သူများအား မြန်မာစာသင်ကျောင်းကြီး အမြန်ပြီးစီးအောင် ဆောက်လုပ်နေရသည်မို့ ဝတ်ကျောင်းတော်ကြီးဆောက်မည့်နေရာသို့ နေ့စဉ်မလာနိုင်ပါကြောင်း၊ လိုအပ်သည်များကို လှူကြဲလွှတ်မှာကြားရန်နှင့် ပြီးစီးချိန်တွင် အကြောင်းကြားရန် အစစအရာရာ အားလုံးအပ်နှံ ကတိစကားများ ပြောကြားခဲ့သည်။ လိုအပ်သော ပစ္စည်းများကိုလည်း ပြည့်စုံစွာ ပို့ပေးစေခဲ့သည်။

မကြာမီပင် ထူးခြားလှသည့် အဖြစ်အပျက်များ ဆက်တိုက်ဆိုသလို ဖြစ်ပေါ်လာတော့သည်။ လများမကြာမီ သူဌေးဦးသာညွှင်းသည် ၎င်းဆောက်လုပ်ခဲ့သော စာသင်ကျောင်းကြီး ပြီးစီးပြီး အချိန်တူဆောက်လုပ်လှူဒါန်းနေသော ဝတ်တော်ကြီးလည်း ပြီးစီးကြောင်း လှူကြဲဖြင့် အကြောင်းကြား၍ ရေစက်ချအခမ်းအနားပြုလုပ်ရန် ပန်းရန်သမားများအား လက်ခံငွေများ ရှင်းရန်အတွက် ငွေများယူ၍ ဦးဇိနဘုရားစေတီအနီးရှိ ဝတ်တော်ကြီးရှိရာသို့ ရောက်လာခဲ့သည်။

ကြီးမားလှသော ဘုံအဆင့်ဆင့်နှင့် ဝတ်တော်ကြီးအတွင်း ဗုဒ္ဓရှင်တော်မြတ် သက်ရှိထင်ရှားရှိနေတော်မူသည့်အတိုင်း မျက်နှာတော်မှာ သပ္ပာယ်လှသည့် အရှေ့ဦးခေါင်းပြုလျောင်းတော်မူ ဘုရားကြီးတစ်ဆူနှင့် ဘေးပတ်လည်မှ သပ္ပာယ်စွာ စံပယ်နေသည့် ထိုင်တော်မူ ဆင်းတုတော်များကို ဖူးတွေ့ရတော့သည်။

အလင်းရောင် ဝင်ရောက်မှု၊ လေဝင်လေထွက် ထူးခြားလှပါသော ဘုံအဆင့်နှင့် ကျိုက်တခို မျက်နှာကြက်များ။ ပလ္လင်တက္ကဲများဖြင့် ထူးဆန်းသပ္ပာယ်လှသည့် ထိုင်တော်



www.burmeseclassic.com

www.burmeseclassic.com

မှ ဆင်းတုတော်ကြီးတစ်ဆူကိုလည်း ဖူးတွေ့ရသည်။ နတ်ဘုံနတ်နန်းတွင် ဘုရားရှင်သီတင်းသုံးနေသည့်အလား မှတ်ထင်ရတော့သည်။

ဆင်းတုတော်အားလုံးနှင့် အလယ်တိုင်လုံးကြီးများ မှန်စီရွှေချထားသည်ကိုလည်း တွေ့ရသည်။ ထူးခြားလှသည်မှာ ၎င်းထံသို့ မမှာမကြားပါဘဲ ရွှေသားအစစ်များဖြင့် ရွှေချထားသည်။ ပို၍ ပို၍ ထူးခြားလှသည်ကား ဝတ်တော်ကျောင်းကြီးကို တည်ဆောက်ခဲ့ကြပါသော ပန်းရန်သမား ၂၇ ယောက်စလုံး တစ်ယောက်မျှ ရှာမတွေ့၊ ပျောက်ခြင်းမလှ ပျောက်နေကြပြီကော။

ဆောက်လုပ်ခဲ့ကြသူများအတွက် လုပ်အားခငွေများ ရှင်းရန်အတွက် ငွေထုပ်ပိုက်ပြီး သူဌေးဦးသာညွှန်းသည် ရက်ပေါင်းများစွာ ရှာဖွေသော်ငြားလည်း ၎င်းဝရှာမတွေ့၊ စုံးစုံးမြုပ် ပျောက်ကွယ်လို့နေကြလေပြီတည်း။

ဘုရားစောင့်တို့ ပြောကြားချက်အရ ဝတ်တော်ကျောင်းကြီးအတွင်းနှင့် ပတ်ဝန်းကျင်အားလုံးတွင် လူများနေထိုင်သွားလာ စားသောက်သည့် ပုံစံမျိုး တစိုးတစိမျှ မတွေ့မမြင်ရကြောင်း၊ ယုတ်စွအဆုံး စကားပြောသံဟူ၍ပင် မကြားရကြောင်း ဆိုသည်။ ဆောက်လုပ်ရေးသမားများ မည်သို့မည်ပုံ ပျောက်ကွယ်သွားကြရသည်မှာ တွေးမဆတတ်အောင်ဖြစ်ရချေပြီ။ သို့ဆိုလျှင် မည်သို့မည်ပုံ ရေစက်ချ အမှုဝေရပါအံ့နည်း။

ရက်ပိုင်းအတွင်း သူဌေးဦးသာညွှန်း အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် ပန်းရန်ခေါင်းဆောင်ဖြစ်သူမှာ ဝတ်ဖြူစင်ကြယ်ဝတ်လျက် တွေ့မြင်ရပြီး ၎င်းတို့အဖွဲ့မှာ နဂါးသိုက်မှလာသော အစောင့်အရှောက်များဖြစ်ကြကြောင်း၊ သူဌေးဦးသာညွှန်းကို သာသနာစောင့်များက ပေးခဲ့သည့် အိပ်မက်အတိုင်း ဝတ်တော်ကြီးကို ဆောက်လုပ်ပေးရန် လာခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ဝတ်တော်ကျောင်းကြီးကို သာသနာနေလပမာ ထွန်းလင်းတောက်ပရန် ရည်ရွယ်ရည်စူး၍ နေလဘုရားတစ်ဆူကိုပါ အစီအရင်တို့ဖြင့် တည်ထားပေးခဲ့ပါကြောင်း။

အရှေ့ ဦးခေါင်းပြုသော ပေါင်းလဲလျောင်းတော်မူ ဘုရားကြီးနှင့်တကွ ထိုင်ဘော်မူဆင်းတုတော်များကိုလည်း အစီအရင်များနှင့် တည်ထားခဲ့ပါကြောင်း။ အစောင့်အရှောက်များကိုလည်း အပ်နှံထားရှိထားကြောင်းနှင့် ဝတ်တော်ကြီးကို "ပန်းရန်ပျံ့ ဝတ်တော်ကြီး" ဟု ထူးခြားသော အမည်နာမပေးရန် အိပ်မက်မြင်မက်လေတော့၏။ ၎င်းတို့သည် သိုက်နန်းရှင်များဖြစ်ကြ၍ လုပ်ခငွေများမယူဘဲ ဆောက်လုပ်ခဲ့ကြကြောင်းနှင့် ၎င်းငွေတို့ကို ရေစက်ချပွဲတွင် လှူဒါန်းရန် ဘဝအဆက်ဆက်မှ တော်စပ်ခဲ့သော နဂါးသိုက်အစောင့်အရှောက်များကို ပင့်ဖိတ်၍ ရေစက်ချရန်ကိုလည်း မှာကြားခဲ့လေ၏။

သို့ဖြင့် သူဌေးဦးသာညွှန်းသည် မော်လမြိုင်မြို့တွင် ကျော်ကြားလှပါသော ရေစက်ချအလှူပွဲကြီး ကြီးကျယ်ခမ်းနားစွာ ဝတ်တော်ကြီးအတွင်း(ပန်းရန်ပျံ့ဝတ်တော်ကြီးအတွင်း) ပြုလုပ်၍ လှူဒါန်းမှုအစုစုတို့ကို အမျှပေးဝေ၍ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြလေ၏။

သူဌေးဦးသာညွှန်း၏ နောက်ကြောင်းရာဇဝင်မှာ ဤသို့ပါတည်း။

လွန်ခဲ့သောနှစ်ပေါင်း ၁၇၀ ကျော်၊ ခရစ်နှစ် ၁၈၂၀ ခုနှစ်ခန့်က အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးတွင် ရန်ကုန်(ဒဂုံ)မှ မွန်အမျိုးသားခေါင်းဆောင်များဖြစ်ကြသော သန်လျင်မြို့စားသမိန်ပရူဘွဲ့ခံ ဦးစပ်၊ ဦးထော်လေး၊ စစ်ကဲမင်းဒိုင်းဝန်၊ စစ်ကဲမင်းမောင်ငံတို့က ဦးဆောင်ကြပြီး မွန်လူမျိုးနှစ်သောင်းခန့်တို့သည် လှေကြီး၊ လှေငယ်များဖြင့် စစ်တောင်းမြစ်ဝကို ဖြတ်ကျော်၍ မော်လမြိုင်မြို့နေရာသို့ ရောက်ရှိခဲ့ကြပြီး မော်လမြိုင်မြို့ကို စတင်တည်ထောင်ခဲ့ကြသည်ဟု ဆိုသည်။ (ကျိုက်သလံကျောက်စာ)

သမိန်ပရူးက ညောင်ပင်ဆိပ်အရပ်တွင်လည်းကောင်း၊ စစ်ကဲမင်းဒိုင်းဝန်က ဒိုင်းဝန်ကွင်းအရပ်တွင်လည်းကောင်း၊ စစ်ကဲမင်းမောင်ငံက မောင်ငံအရပ်တွင်လည်းကောင်း၊ ဦးထော်လေးက မုဒုံအရပ်တွင်လည်းကောင်း စုရုံး၍ ရပ်ကွက်တည်နေထိုင်ခဲ့ကြပါသည်။

စစ်ကဲ ဦးထော်လေးက မြန်မာမင်းထံခွင့်ပန်၍ ကျိုက်သလံဘုရားကို ၁၁၂၆ ခုနှစ်တွင် ပြုပြင်၍ ထီးတော်သစ် တင်လှူခဲ့သည်။ (ကျိုက်သလံကျောက်စာ)။ ရန်ကုန်(ဒဂုံ)ရှိ ရွှေတိဂုံစေတီတော်ကိုလည်း ပြုပြင်၍ စောင့်ရှောက်ခဲ့သည်။ အင်္ဂလိပ်အစိုးရမှ ၎င်းကို အသိအမှတ်ပြု သူကောင်းပြု၍ မြို့တွင်းရှိလမ်းကို စစ်ကဲမောင်ထော်လေးလမ်းမဟူ၍



www.burmeseclassic.com

www.burmeseclassic.com

အမည်ပေးခဲ့သည်။

ညောင်ပင်ဆိပ်အရပ်တွင် နေထိုင်ခဲ့ကြသော မြို့ဝန် သမိန်ပရူး(ဦးစပ်)၏ သမီးတော် ဒေါ်ခယ်မှ မွေးဖွားခဲ့သော ဒေါ်ရင်မှာ တစ်ရွာတည်းနေ သစ်သူဌေးဦးသာညွှန်းနှင့် အကြောင်းပါ ပေါင်းဆက်ခဲ့ကြသည်။ တိုင်းပြည်နှင့် သာသနာ့ အကျိုးကို များစွာဆောင်ရွက်ခဲ့ကြသည်။ သားဖြစ်သူမှာ ဦးချစ်လှိုင်(G.C.B.A. သမ္မတဦးချစ်လှိုင်)နှင့် သမီး ဒေါ်နှင်းမြ တို့ ဖြစ်ကြသည်။

ဦးချစ်လှိုင်သည် အင်္ဂလန်နိုင်ငံတွင် ဝတ်လုံဘွဲ့ကို ရယူခဲ့ပြီး ၎င်းအလုပ်ဖြင့် အသက်မွေးခြင်းမရှိဘဲ ငွေအား၊ လူအားဖြင့် G.C.B.A အသင်းကို အားပေးကူညီခဲ့သည်။ ၁၉၂၂ ခုနှစ် ပြည်လုံးကျွတ်ညီလာခံများက ဦးချစ်လှိုင်ကို သမ္မတဦးချစ်လှိုင်ဟု အပ်နှင်းခဲ့ကြသည်။ နိုင်ငံရေးလောကတွင် ကျော်စောထင်ရှားခဲ့သည်။ သမီးဖြစ်သူ ဒေါ်နှင်းမြမှာလည်း မော်လမြိုင်မြို့၏ ပထမဆုံးအမျိုးသမီးအမတ်လောင်း အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သော သစ်သူဌေးမတစ်ဦး ဖြစ်ခဲ့သည်။

သူဌေးဦးသာညွှန်းသည် ဝတ်တော်ကြီး(ပန်းရန်ပျံ ဝတ်တော်ကြီး)အား ဆောက်လုပ်ပြီးစီးခဲ့မှုသည် ဂမ္ဘီရဆန်လှ ပါကြောင်း ပြောဆိုခဲ့ပြီးလေပြီ။ ထူးခြားချက်များစွာလည်း ရှိနေဆဲပင် ဖြစ်သည်။

## ပန်းရန်ပျံဝတ်တော်ကြီး၏ ထူးခြားချက်များသည်ကား ...

* မြန်မာနိုင်ငံတွင် လုပ်အားခငွေ တစ်ပြားတစ်ချပ်မျှ မယူဘဲ ပန်းရန်များ ပျောက်ဆုံးသွားသော ဘုရား ဝတ်ကျောင်းတော်ကြီးတစ်ဆူ ဖြစ်ခြင်း။
* ရှေးဟောင်းသမိုင်းဝင် အရှေ့အရပ် ဦးခေါင်းပြုသော မင်္ဂလာပေါင်းလဲ လျောင်းတော်မူဘုရားရှိခြင်း။
* မြန်မာနိုင်ငံ၏ ပထမဆုံး ရှေးအကျဆုံး ဘုရားသမိုင်းဝင် နေ/လဘုရား တည်ရှိခြင်း။ (ရွှေတိဂုံဘုရား စနေထောင့်မှ နေ/လဘုရားထက် ရှေးကျသည်။)
* နေ/လမြတ်စွာဘုရား မျက်နှာတော်သည် မျက်နှာတော်ရှင်ဘုရားဖြစ်ခြင်း။ ဓာတ်ပုံရိုက်လျှင် တစ်ပုံနှင့် တစ်ပုံ မတူညီခြင်း။ မူလမျက်နှာတော်နှင့် မတူညီခြင်း။ ကျင့်ကြံအားထုတ်ခြင်း၊ အာရုံပြုခြင်းများတွင် အဓိဋ္ဌာန်အောင်ပါမှ မျက်နှာတော်ပေါ်ခြင်း။
* အဓိဋ္ဌာန်ဆုတောင်းပြည့် နေ/ဘုရား၏ ပလ္လင်တကွဲ ပေါ်ရှိ နတ်သား ၂၇ ပါး၏ ပုံတော်များမှာ ပန်းရန်သမား ၂၇ ယောက်၏ ပုံနှင့် တူညီသည်ဟု ဆိုခြင်း။
* အဓိဋ္ဌာန်ပြုသူများ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သူ၊ လှူဒါန်းသူ၊ ဆုတောင်းဆုယူပြုသူ ထူးခြားစွာ အောင်မြင်ကြခြင်း။
* နဂါးဆက်၊ သိုက်ဆက်ရှိလျှင် ထူးခြားစွာ ပြသခြင်း။
* မော်လမြိုင်မြို့စောင့် အစောင့်အရှောက်များ သီတင်းသုံးသည့် ဝတ်တော်ကြီးဟု ဆိုခြင်း။
* ယက္ကန်းစင်တောင်ဆရာတော်ကြီး၊ ရသေ့ကြီးဦးခန္တီ တို့နှင့်တကွ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ဓာတ်ပန္နက် ရှိရာ ဝတ်တော်ကြီးဖြစ်ခြင်း။
* မော်လမြိုင် (၅ + ၄ + ၅)၊ ပန်းရန်ပျံ (၅ + ၄ + ၅) အမည်ဓာတ်ပန္နက်ရှိခြင်းကြောင့် မော်လမြိုင်မြို့သူ/မြို့သားများ အထူးကိုးကွယ်ဆည်းကပ်လျှင် အောင်မြင်ခြင်းအပေါင်းနှင့် ပြည့်စုံခြင်း။

စသည့် ထူးခြားဖြစ်စဉ်များ ရှိနေဆဲ ဟူပါသတည်း။

ကိုမောင်သန်းဝင်း





www.burmeseclassic.com

www.burmeseclassic.com

# အရိုးခင် (နှင့်) ကြွက်သေတစ်ကောင်

■ အဂ္ဂမျိုး

နေပြင်းထန်စွာ ပူသော နေ့တစ်နေ့၏ မွန်းလွဲစအချိန်တွင် ဖြစ်လေ၏။ အမှတ်(၂၀/၂၂၅)၊ မြင်စိုင်းလမ်း၊ ရွှေပေါက်ကံမြို့ရှိ ကျွန်တော်၏ ဗေဒင်လက္ခဏာ ဟောပြောခန်းသို့ တစ်ရပ်ကွက်တည်းနေသူ အရိုးခင်ဆိုသူ အမျိုးသမီးကြီး ရောက်လာလေ၏။ ကလေးသူငယ်များက ကျွန်တော့်ကို လေးစားစွာ ဆက်ဆံခေါ်သည့်အတိုင်း သူမကလည်း ခင်မင်ရင်းနှီးစွာဖြင့် "ဘဘမျိုး" ဟုပင် ခေါ်လေ့ရှိ၏။ ယခုတွင်လည်း သူမက အလုပ်ခန်းတွင်း ဝင်သည်နှင့်ပင်

"ဘဘမျိုးရေ . . . ကိစ္စတစ်ခုကတော့ ဘဘမျိုးထံ ယူလာခဲ့ပြန်ပြီရှင်"

ကျွန်တော်က အလုပ်စားပွဲရှေ့ရှိ သင်ဖြူးဖျာတွင် ထိုင်ရန် နေရာညွှန်ပြရလေ၏။ သူမက ဖျာထက်တွင် အသာအယာထိုင်ပြီးလျှင် -

"ဘဘမျိုးပြောလည်း ပြောစရာပါပဲ။ ကျွန်မမှာ ပြဿနာက တစ်ခုမဟုတ်တစ်ခုနဲ့မို့ ဒေါ်ပြဿနာကြီးလို့ ပြောခဲ့ရင်လည်း မနာပါဘူး။ ခေါ်ခဲ့ရင်လည်း နားခံသာနိုင်နေပါပြီလေ။ ကိစ္စများမြောင် လူတို့သောင် ဆိုတဲ့စကား။ လူတစ်ရ ပူမှုရယ်က ကုဋေကဋာ ဆိုတာ ကျွန်မတို့လို အတန်းအစားမျိုးကို ညွှန်းတာဖြစ်မယ်။ ပြောချင်တာပြော၊ ဝေဖန်ချင်သလိုသာ ဝေဖန်ပေတော့။ ဘဘမျိုးကိုတော့ အကူအညီတောင်းဖို့ ရောက်လာဖြစ်ရပြန်ပါပြီရှင်"

"ကောင်းပါပြီ အရိုးခင်ရဲ့ လာရင်းကိစ္စသာ ဆိုပေတော့။ ခဏကြာရင် ချိန်းထားတဲ့ ဧည့်သည်တွေကို နဝင်းယတြာ အစီရင်ပွဲ ရှိနေတယ်ဗျ"

"ဒီလိုရှင့်. . . ဒီမနက် အိပ်ရာထစမှာ အိပ်ခန်းထဲကထွက်တာနဲ့ ကြွက်သေတစ်ကောင် ပြုတ်ကျလာတယ်။ ဘယ်တုန်းက ဘယ်လိုကြောင့် သေနေခဲ့လည်း မသိပေမယ့် အပုပ်နံ့တောင် ထွက်စပြုနေပြီ။ အသေကောင်၊ အပုပ်ကောင်ဆိုတာ အနိဋ္ဌာရုံဆိုတော့ တတ်သိသလောက် အတိတ်နိမိတ်ကောက်ပြီး စိတ်မချမ်းမသာဖြစ်ခဲ့ရတယ်။ စိတ်ထဲလေးနေတာနဲ့ ဘဘမျိုးဆီ ပြေးလာခဲ့ရတာ"

"ခင်ဗျားနှယ်. . . ဒီအသက်အရွယ်ရောက်နေပြီး ကြွက်သေကောင်ကိုများ ကြောက်ရတယ်လို့။ လူကြားရင် ရယ်စရာကြီး အခင်ရဲ့"

"ကြွက်ဆိုရင် အရှင်ဖြစ်ဖြစ်၊ အသေဖြစ်ဖြစ် ငယ်ငယ်ကတည်းက ကြောက်တာ အခု အသက်ခြောက်ဆယ်ကျော်ထိပဲ။ အပြစ်တင်လည်း မတတ်နိုင်တော့ပါဘူးရှင်။ ကြွက်နဲ့ဆက်စပ်ပြီး စိတ်ဆင်းရဲမှု လက်တွေ့ကြုံခံစားခဲ့ရတာလည်း ရှိခဲ့ဖူးတယ်လေ"

"လုပ်စမ်းပါဦး၊ ခင်ဗျားအတွေ့အကြုံကို"

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်မရဲ့ ထဘီတစ်ထည်ကို ကြွက်ကိုက်ခံရတယ်။ ရင်းနှီးတဲ့ မိတ်ဆွေတွေနဲ့ တိုင်ပင်တော့ လင်မယား ကွဲတတ်တယ် ဆိုတာကတစ်မျိုး၊ မကြာခင်မှာ ထီဆုကြီးပေါက်လိမ့်မယ် ဆိုတာကတစ်ဖုံ၊ စိတ်ဆင်းရဲမှု ကြီးကြီးများများကြုံရတတ်တယ်ဆိုတာ တစ်နှုန်း။ လူအမျိုးမျိုး ဝေဖန်သံအဖုံဖုံနဲ့ ဘာမှမည်မည်ရရ မသိရဘူး။ တချို့ကတော့ ယတြာလေးဘာလေး လုပ်ဖို့ အကြံတော့ပြုကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီလိုနဲ့ တစ်လကျော်ကျော် လောက်အကြာမှာတော့ ငွေကျပ်တစ်သိန်း လူလိမ်ခံရပါရော။ ဘဘမျိုးရဲ့ အချိန်ကိုင့်ပြီး အသေးစိတ်တော့ မပြောတော့ပါဘူး"

"ဒီတော့ • • •ကျွန်တော်က"

"မပြီးသေးဘူး ဘဘမျိုးရဲ့။ သမီးငယ်က မလေးရှားမှာ အလုပ်လုပ်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေတယ်။ မနက်က ကြွက်သေနိမိတ်အရ ကလေးရဲ့ ရည်ရွယ်ချက် လွဲလွဲချော်ချော် ဖြစ်နိုင်သလား စိတ်သောကရောက်ရပြန်တယ်။ ဒါကြောင့် • • •

"ရပြီ အရီးခင်။ မကြာခင်မှာ အရီးခင်အတွက် သတင်းစကားကောင်း ကြားရတော့မှာမို့ စိတ်အေးချမ်းသာစွာ နေပါတော့ဗျာ"

"ဘဘမျိုးရဲ့ အတွေ့အကြုံအရ ပေးလိုက်တဲ့ နိမိတ်စကားဟာဖြင့် လက်ငင်းချက်ချင်းကိုပဲ စိတ်ထဲမှာ အေးသွားတယ်ရှင်။ သတင်းကောင်းများကြားတာနဲ့ ဘဘမျိုးအကြိုက် ဝက်သားနဲ့ တည်းသီးနှပ်ရယ်၊ ဖလံတောင်ဇေးကြော်ရယ်၊ ဒန့်သလွန်ရွက်ဟင်းချိုရယ်၊ နာနတ်ယိုရယ်ကို လေးဆင့်ချိုင့်နဲ့ ပို့ပေးပါ့မယ်ရှင်။ ခုတော့ ပြန်ခွင့်ပြုပါဦး"

အရီးခင်က ဝမ်းသာရွှင်လန်းစွာဖြင့် ဟောခန်းအတွင်းမှ ပြန်လည်ထွက်ခွာသွားခဲ့လေ၏။ နောက် ၁၀ ရက်ခန့်ကြာသော် လေးဆင့်ချိုင့်တစ်လုံး ဆွဲကိုင်လာသော အရီးခင်နှင့် သူမ၏သမီးငယ်လည်း ပါလာလေ၏။

ကျွန်တော် နိမိတ်ကောင်းပြောသည့်အတိုင်း သမီးဖြစ်သူမှာ နောက် ၁၅ ရက်အတွင်း မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ခွင့် ရပြီဖြစ်ကြောင်း၊ သူတစ်ပါးလိမ်လည်ယူသွားသော ငွေကျပ်တစ်သိန်းသည်လည်း ယနေ့နံနက်စောစောမှာပင် အိမ်ကိုလာရောက် ပေးဆပ်ခဲ့ကြောင်း၊ ချေးယူသွားသူမှာ တစ်နေရာသို့ ခရီးလွန်နေရာမှ ယခုကဲ့သို့ နောက်ကျစွာဖြင့် ပေးဆပ်ရသည်ကို ခွင့်လွှတ်ဖို့လည်း တောင်းပန်သွားကြောင်း စသဖြင့် ဝမ်းသာအားရ ပြောလေတော့၏။

အရီးခင်မှ သိလိုသည်ဟုတောင်းပန်သောကြောင့် ကြွက်နှင့်ပတ်သက်သော နိမိတ်ကောက်ယူပုံကိုလည်း တစ်ခါတည်းပင် ပြောပြလိုက်ရာ သမီးငယ်က မှတ်စုဖြင့် ရေးမှတ်ယူသွားလေ၏။ သိလိုသူတို့အတွက်ဖော်ပြလိုက်ပါသည်။

(၁) မိမိရှေ့သို့ ကြွက်သေပုပ်ပြုတ်ကျလျှင် ကိစ္စအားလုံး အောင်မြင်မည်။

(၂) ခရီးလမ်းတွင် ကြွက်သေပုပ်တွေ့ ကြွက်သေပုပ်နံ့ရခဲ့လျှင် စီးပွားတိုးတက်မည်။

(၃) အတွဲလိုက်ဖြစ်နေသော ကြွက်တန်းကို တွေ့က ထီပေါက်တတ်သည်။

(၄) အဝတ်အစားကို ကြွက်ကိုက်လျှင် လူလိမ်ခံရတတ်သည်။

(၅) ရှေ့က ကြွက်ဖြတ်ပြေးလျှင် ငွေကြေးဆုံးရှုံးတတ်သည်။

(၆) ခြေထောက်ကြားမှ ကြွက်ဖြတ်ပြေးလျှင် အကြံအစည်ပျက်တတ်သည်။

(၇) ကြွက်က ဘဲဥချီပြေးပါက ငွေဝင်မည်။ တန်ဖိုးကြီးသော အဝတ်တန်ဆာရတတ်သည်။

(၈) မိမိကို ကြွက်ကိုက်ခံရပါက ငွေအခိုးခံရတတ်သည်။

(၉) မိမိပဆစ်ပေါ်တွင် ကြွက်တက်လျှောက်ပါက အပူဇော်ခံရတတ်သည်။

(၁၀) ခေါင်းပေါ်သို့ ကြွက်တက်လျှောက်ပါက ငွေရေးကြေးရေးကိစ္စ အဆင်ပြေချောမွေ့မည်။

(၁၁) ရင်ဘတ်နှင့်လည်ပင်းထက် ကြွက်လျှောက်ပါက ရည်ရွယ်ချက် အောင်မြင်ထမြောက်မည်။

(၁၂) မိမိသားမြတ်ပေါ်တွင် ကြွက်တက်လျှောက်ပါက သမီးကညာရတတ်သည်။

(၁၃) မိမိဒူးခေါင်းနှင့် အထက်ပိုင်း ကြွက်တက်လျှောက်ပါက အစေအပါး အခြွေအရံ ရတတ်သည်။

(၁၄) ဝမ်းဗိုက်ပေါ်တွင် ကြွက်တက်လျှောက်ပါက ပစ္စည်းဥစ္စာ ရတတ်သည်။

(၁၅) ချက်နှင့် ပေါင်ပေါ်တွင် ကြွက်တက်လျှောက်ပါက အဝတ်အထည်ကောင်းရတတ်သည်။

(၁၆) ခြေဖမိုးထက်တွင် ကြွက်တက်လျှောက်ပါက ကြွယ်ဝချမ်းသာတတ်သည်။

## အဂ္ဂမျိုး



www.burmeseclassic.com

www.burmeseclassic.com



# သည်နှစ်ထဲမှာ ရှောင်ကြဉ်ပါ

✦ ဆရာဇီဝအောင်ထွန်း

'အရသာ'နှင့်ပတ်သက်၍ ကနဦး မိမိသိထားသည်ကား ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါးတို့ ဖြစ်ကြ၏။ အရသာ ခြောက်ပါးတည်း။ ဤ၌ ဆရာသမားတစ်ယောက်က "တစ်ပါးလိုသေးတယ်။ အဆိမ့်ဆိုတဲ့ အရသာကို ထည့်လိုက်ဦး"တဲ့။ မှန်လေစွ။ လျှာဖျားပေါ် တင်လိုက်ပြီးသကာလ ချိုလည်း မချို၊ ချဉ်လည်း မချဉ်၊ စပ်လည်း မစပ်၊ ငန်လည်း မငန်၊ ဖန်လည်း မဖန်၊ ခါးလည်း မခါးဘဲ ဆိမ့်လှသည်ဆိုခြင်းမှာ အရသာတစ်ပါးပင် မဟုတ်ပါကလား။ ဆိုတော့ အရသာ ခုနစ်ပါး ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့သည် ဝမ်းတွင်းရှိ ပိုးမျိုး ရှစ်ဆယ်တို့ ငြိမ်သက်စေရန် အလို့ငှာ အစားအသောက်များကို နေ့စဉ် စား သောက်ကြရ၏။ သည်လိုမျိုး စား သောက်ရာ၌ ဝမ်းမီးငြိမ်းစေရေးသက် သက် မဟုတ်ဘဲ အရသာခံစားမှုက လည်း အလေးကဲနေသည်ကို မငြင်း လိုပါ။ ဤ၌ အရသာတိုင်းသည် လူ တိုင်းနှင့် တည့်ပါသလား။ စင်စစ် အရသာတိုင်းသည် လူတိုင်းနှင့် တည့် သည်မဟုတ်။ ဒါကို တိုင်းရင်းဆေး ပညာကလည်း လက်ခံသကဲ့သို့ မြန်မာ ရိုးရာ ဗေဒင်ပညာကလည်း လက်ခံ ယုံကြည်သည်။ မိမိတို့ ပတ်ဝန်းကျင်၌ 'အစားမတော်တစ်လုတ်'ဖြင့် နေ့မြင် ညပျောက်သွားသူတွေ ရှိ၏။ မိမိနှင့် မတည့်သော အစားအစာဖြစ်ပါလျက် တပ်မက်မှုတဏှာကို မပယ်ဖြတ်နိုင် သဖြင့် နာတာရှည်ဝေဒနာ ခံစားရ ကာ အိပ်ရာထက်၌ သေကောင်ပေါင်း လဲ ခံစားနေရသူတွေ ရှိ၏။ မိမိတို့၏ လျှာကား အရသာကို မတွန်းဖယ်၊ မတော်လှန်နိုင်သမျှ ဦးနှောက်က ပိုင်း ခြား သတိပေးနေသည်ကို ငြင်းဆန် နေပါက ဤလျှာနှင့် ဆက်စပ်နေ သော ရုပ်ခန္ဓာကြီးသည် ဗျာဓိ၊ မရဏ နှင့် အလှမ်းမဝေးတော့ဟု ဆိုရပါချိမ့်။

သည့်အတွက် မိမိတို့အနေဖြင့် နှစ်အလိုက် အစားကို ရှောင်ဖို့လိုမည်။ တစ်ခါက အသက် ၄၆ နှစ်ရှိပြီဖြစ် သော မိမိ၏ မိတ်ဆွေတစ်ယောက် အဆိမ့်အရသာကို မှီဝဲသဖြင့် ပကတိ ကျန်းမာနေရာမှ **လေဖြတ်ပြီး** အိပ်ရာ ထဲ လဲသွားခဲ့ဖူးသည်။ သည့်အတွက် မြန်မာ့ရိုးရာ ဗေဒင်ပညာနည်းဖြင့် မိမိ တွက်ချက်ကြည့်ခဲ့သည်။ ၎င်းသည် **အင်္ဂါသားဖြစ်၏**။ သည့်အတွက် ရောက် သက် ၄၆ နှစ်နှင့် အင်္ဂါဂြိုဟ်သက် ၈ တို့ကို ပေါင်းလိုက်၏။ ရလဒ်ကို ၇ ဖြင့်စားလိုက်ရာ အကြွင်း ၅ ရ၏။ ထို အကြွင်းအရ ၎င်းသည် ထိုအသက် ၄၆ နှစ် မကျော်မချင်း 'အဆိမ့်အရ သာ'အား ရှောင်ကို ရှောင်ရမည်ဖြစ် ၏။ မရှောင်ပါက ကျန်းမာရေး တစ်စုံ တစ်ခု ဖြစ်မှာ သေချာ၏။ တကယ် လည်း တစ်စုံတစ်ခု ဖြစ်သွားခဲ့သည် မဟုတ်ပါလော။

သည့်အတွက် စာရှုသူတို့အနေ ဖြင့် နှစ်အလိုက် ရှောင်ရှားစရာရှိသည် တို့ကို ရှောင်ရှားနိုင်ကြစေရန် အခြေခံ တွက်ချက်နည်းကလေးကို ဖော်ပြပေး လိုက်ပါ၏။

တွက်နည်းမှာ . . မိမိ၏ လက် ရှိရောက်နေသော အသက်နှင့် မွေးနံ ဂြိုဟ်သက်ကို ပေါင်းရပါမည်။ (မှတ် ချက် - တနင်္ဂနွေဂြိုဟ်သက် ၆ ၊ တနင်္လာဂြိုဟ်သက် ၁၅၊ အင်္ဂါဂြိုဟ် သက် ၈၊ ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇၊ ကြာသပတေးဂြိုဟ်သက် ၁၉၊ သော ကြာဂြိုဟ်သက် ၂၀၊ စနေဂြိုဟ်သက် ၁၀၊ ရာဟုဂြိုဟ်သက် ၂၁) ရလဒ်ကို တည်၍ ၇ ဖြင့်စားပါ။ ထိုအခါ အကြွင်းများ ရလာပါလိမ့်မည်။ ထို အကြွင်းများအပေါ် မူတည်၍ မိမိတို့ ယခုနှစ်၌ မည်သို့သော အရသာကဲ သည့် အစာကို ရှောင်ကြဉ်ရန်လိုအပ် ကြောင်း သတိချပ်နိုင်ပါလိမ့်မည်။ လောက၌ ဥစ္စာကို ကံစောင့်၍ အသက် ကို ဉာဏ်စောင့်သည်ဆိုသော စကား အရှိသားပင် မဟုတ်ပါလား။

| ရလာသော အကြွင်း | ရှောင်ကြဉ်ရမည့် အရသာ |
|---|---|
| ၁ | အငန်အရသာ |
| ၂ | အဖန်အရသာ |
| ၃ | အခါးအရသာ |
| ၄ | အချဉ်အရသာ |
| ၅ | အဆိမ့်အရသာ |
| ၆ | အချိုအရသာ |
| ၀ | အစပ်အရသာ |

■ **ဆရာဇီဝအောင်ထွဋ်**



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာတောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ ဘစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရခြင်း အဆောက်အဦအသစ် ဆောက်လုပ်ပြင်ဆင်ရခြင်း ကြုံရတတ်သည်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ကိုင်ရတတ်သည်။ စက်ပစ္စည်းဟောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားပြောရတတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားလာရတတ်တယ်။ အကျိုးရှိမယ့် ခရီးစဉ် ဖြစ်ပါတယ်။ သားသမီးရှိရင် သားသမီးအတွက် စိတ်ပူရတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ ဆက်သွယ်ရတဲ့လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စနှင့် ပတ်သက်ပြီး စကားများရတတ်ပါတယ်။ အိမ်မှာရှိနေတဲ့၊ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်ကြိုးတွေနှင့် ပတ်သက်တာတွေကိုလည်း ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ကိုယ့်ကို အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပန်ရမယ့်ကာလဖြစ်တယ်။ ရပ်ဝေးမြေခြားက အမျိုးသမီးတစ်ယောက်နှင့် ငွေကြေးကိစ္စ၊ ငွေလိမ်တာမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတဲ့ကာလဖြစ်တယ်။ စိတ်တွေက ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ပျောက်နေပြီဖြစ်တဲ့ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသတာမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီ တွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်အဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

အမျိုးသမီးများ ဝမ်းပိုက်ခွဲစိတ်ခံရတတ်သည်။ အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်သည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေမနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါင်း၌ ဆီဆမ်း၊ ဆားဖြူး၊ အုန်းသီးတစ်စိတ်ထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများဟာလည်း လွန်စွာအကျိုးပေးအောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများပြုလုပ်ရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ရွှေဝင်မယ်။ ရတနာပစ္စည်းဝင်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ သင့်အတွက် အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ ဤကာလအတွင်း စီးပွားရေး အလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြ၊ မြေ ထွက်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ အထူးသဖြင့် အင်္ဂါသားသမီး၊ သောကြာသားသမီးတွေက ကိုယ့်ကို အနှောင့်အယှက်ပေးတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံရတတ်တယ်။ ယခုကာလတွင် ကောင်းကျိုးချမ်းသာတွေ ရရှိတတ်သော်လည်း မိသားစု အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်တိုင်းမကျခြင်း၊ အမျိုးသားများအဖို့ အိမ်ထောင်ရေး စွပ်စွဲခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၂၆၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်အနီးအနား၌ ကလေးမီးဖွားသောနိမိတ်၊ ဘုရားတစ်ဆူ လက်ဆောင်ရပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

အိမ်အနီးအနားတွင်ရှိသော ကလေးငယ်များကို ရုပ်ရှင်ပြခြင်း၊ မုန့်ဖိုးပေးခြင်း၊ ကော်ရည်ခေါက်ဆွဲ ဝယ်ကျွေးခြင်းများ ပြုလုပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် အလွန်ကံကောင်းနေပါတယ်။ မိသားစုအတွင်းမှာလည်း မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ ငယ်ရွယ်သူများအဖို့ အိမ်ထောင်ကျတတ်တယ်။ မမျှော်လင့်ဘဲနဲ့ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာရခြင်းများ ကြုံမယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းအသစ်များ စတင်ပြုလုပ်နိုင်သောကာလ၊ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ ဧည့်များ၊ အဆက်အသွယ်များ ရလာတတ်တယ်။ ဘုရားဖူးခရီးများ၊ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ကျန်းမာရေး အနည်းငယ် ညံ့တတ်ပါတယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကို မသွားပါနှင့်။ ရေဘေးအန္တရာယ် ကြုံရတတ်တယ်။ သက်ကြီးရွယ်အိုတွေအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ တံခွန်ဖြူ(၂)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၁၊ ၃၅၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေးမသွားပါနှင့်။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့တိုင်း ဆီထမင်း (၁)ပန်းကန်၊ စံပယ်ပန်း(၈)ကုံး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းနှင့် ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲဖြစ်မယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ဗီဇာဝင်ခြင်း၊ ကျောင်းလျှောက်ခြင်း ပြုလုပ်ပါက ကံကောင်းတတ်တယ်။ အိမ်ဆောက်လျှင်လည်း ယခုကာလတွင်ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသောအိမ်မျိုး ဖြစ်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်တတ်တယ်။ ယခုကာလတွင် ဝယ်သောရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကိုအကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင် မခံပါနှင့်။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် ဖျာချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြား မ,စတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံကြီးစွာ ကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက အကူအညီ ပေးလိမ့်မယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးမှ ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ရကာနီးတွင် ငွေကြေးထစ်ငေါ့ ဖြစ်ပြီးမှ ရတတ် တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ဂြိုဟ်ရုပ်စုံ(၆)တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၂၊ ၆၄

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါး၏ မင်္ဂလာကိစ္စကို တာဝန်ယူဆောင်ရွက်ခြင်း၊ သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း အသုပ်စုံ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဗေဟာစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်သောကဖြစ်စရာလေးတွေ အနည်းငယ် ကြုံရတတ်ပါတယ်။ ကိုယ်စိတ်ကူးထားတာကတခြား၊ ဖြစ်လာတာကတခြား ဖြစ်တတ်တယ်။ ရှိသော ပစ္စည်းများကို ထုခွဲရောင်းချရသည်အထိ ငွေကုန်ကြေးကျ များရတတ်တယ်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိက ဆေးရုံတွင် မွေးပါ။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ တက်ရောက်ရခြင်းမျိုး ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ အိမ်ထောင်ရေးအဆင်မပြေမှုများ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်တတ်တယ်။ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခြင်းမျိုး ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၇၊ ၇၄၊ ၇၅

### အထူးသတိပြုရန်

ယခုကာလတွင် မိမိနှင့် မျက်နှာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်၊ အိမ်ရှေ့သစ်ပင်တို့တွင် ပျားစွဲသောနိမိတ်တွေ့လျှင်(သို့မဟုတ်)ဘိုးတော်ပုံ လက်ဆောင်ရခဲ့လျှင် အစစအရာရာ အဆင်ပြေလိမ့်မယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့၌ ထမင်းပူပူပေါ်တွင် ထောပတ်ဆမ်းပြီး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် စပ်တူလုပ်ငန်းတစ်ခု လုပ်ရတတ်တယ်။ ဆိုင်သစ်ဖွင့်မယ်ဆိုလျှင် ယခုအချိန်ဟာ အကောင်းဆုံးပါပဲ။ လက်ရှိလုပ်ငန်းအပြင် နောက်ထပ်လုပ်ငန်းတစ်ခုကို ပြောင်းချင်စိတ် ဖြစ်နေမယ်။ ငွေအရင်းအနှီးများစွာနှင့် မသေချာတဲ့ အလုပ်တို မလုပ်ပါနှင့်ဦး။ မိသားစုထဲမှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံ၌ မွေးဖွားပါ။ စိတ်ထင်ရာ တဇွတ်ထိုးလုပ်ရင် ရှိတာတွေကုန်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်တယ်၊ အပျို လူပျိုတွေအဖို့ ချစ်သူရည်းစား ရတတ်တဲ့ ကာလဖြစ်ပါတယ်။ ယခုကာလတွင် သင်သည် တပေါင်းလ၊ ကဆုန်လများ ပါနေရင်တော့ ငွေရတတ်ပါတယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ သေသေချာချာ ဂရုစိုက်ပြီးဝယ်ပါ။ အိမ်ကို ပြုပြင်ရခြင်း၊ အိမ်အဖီဆွဲခြင်းမျိုး ပြုလုပ်ရတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ ကိစ္စရှိလျှင် နောက်ဆုတ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ၊ ဆီးချုပ်၊ လေချုပ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ကားမောင်းကြမ်းခြင်း ဆင်ခြင်ပါ။ ငွေပေး ငွေယူ လုပ်ရာတွင် စိစစ်ပြီးမှ ပြုလုပ်ပါ။ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများကို မိမိမှ တာဝန်ယူ လုပ်ဆောင်ပေးခြင်းကို ရှောင်ရှားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်(သို့မဟုတ်)ရုံးခန်းတွင် သဲထည့်ထားသောအိုးအတွင်း အုန်းလက်(၆)လက်ထည့်ပြီး တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ ကိုယ့်ကို မလေးစားတဲ့လူတွေကတောင် ကြည်ညိုလေးစားလာမယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေလည်း ဝင်လာမယ်။ ဆုံးပြီလို့ထင်ထားတဲ့ဆီက ငွေပြန်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိအလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ဝင်လာတတ်တယ်၊ အလှူအတန်းကိစ္စများ မှုချလုပ်ရမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ အထက်လူကြီး မိသားစု အကြီးအကဲများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ၊ အဘိုးအဘွားများ နာမကျန်းဖြစ်တတ်တယ်။ တခြားပို့ထားပါ။ စာရွက်စာတမ်း၊ စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရခြင်း၊ ပစ်စာတိုင်စာရောက်ခြင်းများ ကြုံရတတ်တယ်။ ယခုကာလတွင် မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ သားသမီးနှင့်ပတ်သက်ပြီး အနည်းငယ် ပူပန်ရတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကနက္ကဒါန်ထီးဖြူ (၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၅၊ ၂၇၊ ၃၂၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် အရက်ပုလင်း(သို့မဟုတ်)လွယ်အိတ်တစ်လုံး လက်ဆောင်ရပါက လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နန်းကြီးသုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါတယ်။ လုပ်သမျှ လုပ်ငန်းတွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်တယ်။ အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်ဦး။ အထက်လူကြီး၏ ငြိုငြင်မှုကို ခံရတတ်တယ်၊ မနာလိုသူများ၏ ပြစ်တင်ပြောဆိုခြင်း ခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါလျှင် ပိုပြီးဝရှုစိုက်ပါ။ အလုပ်အကိုင်တွင် ငွေကြေးဝင်တာ ညံ့ပေမယ့် စုတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကောင်းခြင်း၊ ယောက်ျားလေးဖြစ်လျှင် ဇနီးကောင်းရခြင်းမျိုး ကြုံရတတ်တယ်။ သားသမီးရတနာများ ထွန်းကားတတ်တယ်၊ ပြည်ပနဲ့ အဆက်အသွယ်ကောင်းရရှိပြီး အောင်မြင်မှုများ ရရှိတတ်ပါတယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါတယ်။ မြေကောင်း မြေသန့် ဖြစ်ပါတယ်။ မြေတွက်နဲ့ ပတ်သတ်ပြီး ငွေဝင်တိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ဝေဒနာ ခံစားရတတ်တယ်၊ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း၊ လက်သည်းပုပ်ခြင်း ဖြစ်တတ်တယ်၊ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၃၊ ၄၄၊ ၄၁

### အထူးသတိပြုရန်

ယခုကာလတွင် ရွှေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမခံခြင်းများ လုံးဝမပြုလုပ်ပါနှင့်။
အိမ်အနီးအနားတွင် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် သေသောနိမိတ်တွေ့ပါက ကျန်းမာရေး ညံ့တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိအိမ်၏ညှော့ခန်းတွင် ပစ်တိုင်းထောင်အရုပ်(၂)ရုပ် ချိတ်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဇွန်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

**ဒေါက်တာစောယုနွယ်**

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

ငွေတွေ ဝင်လာမည်။ အလုပ်ပြောင်းရမည်။ သို့မဟုတ် နေရာပြောင်းရမည်။ ပြောင်းသည့်နေရာမှာ အခြေအနေကောင်းသည်။ အလုပ်အကွင်း အထိအခိုက်ရှိမည်။ အပူလောင်ခြင်း၊ လျှပ်စစ်ဓာတ်လိုက်ခြင်း ရှိမည်။ လူမျိုးခြား ဘာသာခြားက အကျိုးပေးမည်။

**ယတြာ**

မိတ်ဆွေများကို ဘဲသားမုန့် လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

လက်ရှိအလုပ်မှ ဝင်ငွေကောင်းသော နေရာရောက်မည်။ မမျှော်လင့်ဘဲ ငွေများ ဝင်လာမည်။ ကားပိုင်ရမည့်အချိန်ဖြစ်သည်။ တိုက်ခန်းတစ်ခန်း ဝယ်ဖြစ်မည်။ မိမိချစ်သူ ဇနီးမယားနှင့် စကားအခြေအတင် ပြောရမည်။ စိတ်ကောက်မည်။

**ယတြာ**

ကလေးများကို ချောကလက် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

လခစားအလုပ် လုပ်သူများ ရာထူးတိုးမည်။ လစာတိုးမည်။ သူများအတွက် သက်သေလိုက်ရတတ်သည်။ ထီပေါက်ကိန်းရှိသည်။ (၇)ဂဏန်းပါသော ထီထိုးပါ။ သူတစ်ပါးအတွက် အလုပ်များ ဆောင်ရွက်ပေးရတတ်သည်။

**ယတြာ**

မိတ်ဆွေများကို နှင်းဆီပန်း လက်ဆောင်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အိမ်မှာရှိတဲ့ ရေပိုက်ပျက်မည်၊ မော်တော်ကားနှင့် ခရီးသွားက ယာဉ်အန္တရာယ် ရှိသည်။ မော်တော်ဆိုင်ကယ်စီးလျှင် သတိပြုပါ၊ လုပ်နေတဲ့အလုပ်ကနေ ပြောင်းချင်သော်လည်း ပြောင်းမရ ဖြစ်နေလိမ့်မည်၊

**ယတြာ**

ကလေးတစ်ယောက်ကို စစ်သားရုပ်တစ်ရုပ် လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

တပည့်ငယ်သားများ အလုပ်က ထွက်တတ်သည်၊ ရေကို အကြောင်းပြု၍ စကားများရတတ်သည်၊ အိမ်တွင်ရှိသော လျှပ်စစ်ဝါယာကြိုးများ ရှော့ဖြစ်တတ်သည်။ ဝင်ငွေနှင့် ထွက်ငွေ မမျှဖြစ်နေတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

လူမျိုးခြားနိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်တတ်သည်။ မိသားစု အကြီးအကဲ အထက်လူကြီးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ မမျှော်လင့်ဘဲ အလုပ်နှင့် ပတ်သက်ပြီး မော်တော်ကား ဝင်တတ်သည်။

**ယတြာ**

အိမ်တွင်ရှိသော လွယ်အိတ်တစ်လုံးကို အမှိုက်ပုံးတွင် စွန့်ပါ။

---

## စနေသားသမီးများအတွက်

မင်္ဂလာကိစ္စများ ဆောင်ရွက်ရမည်။ အထက်လူကြီး မ,စမည်။ မိတ်ကောင်းဆွေကောင်းများနှင့် တွေ့မည်။ ငွေများ ဝင်လာမည်။ ဝန်ထမ်းများ ရာထူးတက်မည်။ ပစ္စည်းသစ်များ ဝင်လာလိမ့်မည်။ မမျှော်လင့်ဘဲ အမှုတစ်ခုကို ဖြေရှင်းရလိမ့်မည်။

**ယတြာ**

မွေးနေ့တွင် အိပ်ရာရွှေ့အိပ်ပါ။

---

## ရာဟုသားသမီးများအတွက်

စက်နှင့်ပတ်သက်သော အလုပ်အကိုင်မှ ဝင်ငွေများ ရတတ်သည်။ အလုပ်အတွင်းမှ လက်အောက်ငယ်သားများ အလုပ်ထွက်တတ်သည်။ အိမ်ထောင်ရှိသူများ ကတောက်ကဆ ဖြစ်တတ်သည်။ အစွပ်အစွဲ အပြောအဆို ခံရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကြက်သားကြော် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပြည်တော်ပြန် တန်ခိုးရှင် မြသိန်းတန် ရုပ်ပွားတော်မြတ်ကြီး၏ (၄၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၁၅)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်တွင် ကိန်းဝပ်စံပျော် သီတင်းသုံးတော်မူသော ပြည်တော်ပြန် တန်ခိုးရှင် မြသိန်းတန် ရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို (၁၉-၃-၂၀၁၄)ရက်မှ (၁-၄-၂၀၁၄)ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

အသံမစဲ မဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲကို (၁၉-၃-၂၀၁၄) ရက်နေ့မှ (၂၁-၃-၂၀၁၄)ရက်နေ့အထိ ပူဇော်ပြီး တရားဓမ္မပူဇာသဘင်ကို (၂၃-၃-၂၀၁၄)ရက်နေ့မှ (၂၈-၃-၂၀၁၄)ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အင်ကြင်း

## မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ သိက္ခာကံထပ်မင်္ဂလာနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲ

(၂၁-၂-၂၀၁၄)သောကြာနေ့ ညနေပိုင်းတွင် မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ သဒ္ဓမ္မဇောတိကသည် နောက်ပါသံဃာတော် ကပ္ပိယကာရကများနှင့်အတူ လေးဆူဓာတ်ပုံ မြတ်စွာဘုရား ရွှေတိဂုံစေတီတော်သို့ ကြွရောက်ကြည်ညိုပူဇော်ပြီး အလှူတော်ငွေ ကျပ်သိန်း(၁၀၀) လှူဒါန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာအုပ်စုရှိ ရန်ကုန် မိုင်းဖုန်းကျောင်းခေါ် သာသနာလင်္ကာရကျောင်းတိုက်တွင် ဝေဿန္တရာ စတုဒိသာ ကျွေးမွေးပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။

Z.N

## ဇီးဖြူပင်ဆရာတော်၏ ရုပ်ကလာပ်တော်အား ထာဝရစံကျောင်းတော်သို့ ပြောင်းရွှေ့ပြီး ၁၀၅ နှစ်ပြည့် မွေးနေ့ဓမ္မပူဇာပွဲ ကျင်းပပြုလုပ်

၂၀၁၄-ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ သဖန်းပင်ကျေးရွာအုပ်စုရှိ ဇီးဖြူပင် သာသနာ့ရိပ်သာကျောင်းတိုက်တွင် ပျံလွန်တော်မူပြီး မပုပ်မသိုးဘဲ ရှိနေသော ဇီးဖြူပင်ဆရာတော်၏ ရုပ်ကလာပ်တော်အား ပြောင်းရွှေ့ပူဇော်ခြင်းနှင့် ၁၀၅ နှစ်ပြည့် မွေးနေ့ဓမ္မပူဇာပွဲကို ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ဆရာတော်ကြီးသည် သက်တော်(၁၀၄)နှစ်၊ ဝါတော် (၇၄)ဝါ၊ ၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ပျံလွန်တော်မူသွားခဲ့ပါသည်။

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို တပည့်နာယက ဆရာတော်များနှင့် ဒကာ၊ ဒကာမများ၏ ဆန္ဒအရ အန္တိမစျာပန အခမ်းအနား မပြုလုပ်ဘဲ ထားခဲ့ကြရာ ရုပ်ကလာပ်တော်မှာ မပုပ်သိုးမပျက်စီးဘဲ ရှိနေသောကြောင့် အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ထာဝရစံကျောင်းတော်သို့ ပြောင်းရွှေ့ထားရှိပြီး ၁၀၅ နှစ်ပြည့် မွေးနေ့ဓမ္မပူဇာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ယုဇနဥယျာဉ်မြို့တော်မှ ပေါ်တော်မူဘုရားရုပ်ပွားတော်





ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ် (၉၄)ရပ်ကွက်၊ (၁၆)လမ်း A ဘလောက်ထိပ်ရှိ မမိုးမိုးသူ၏ ကွမ်းယာဆိုင်နဘေးရှိ မလေးရှားပိတောက်ပင်အား (၄-၃-၂၀၁၄) မနက်ခင်းက နေရာမလွတ်သဖြင့် ပင်ခြေရင်းအထက်ကို ဓားဖြင့် ရှပ်လိုက်ရာမှ ရွှေရောင်ဝင်းပလျက်ရှိသော ထိုင်တော်မူ ဗုဒ္ဓဆင်းတု ပုံတော် ပေါ်လာသဖြင့် အံ့သြဘနန်း ဖြစ်သွားကြကာ ဘုရားဖူး လာကြသူများ ပျားပန်းခပ်မျှ စည်ကားများပြားလာကြသည်။

ဘုရားဖူးသူများမှာ ရပ်နီးရပ်ဝေးမှ ရောက်လာကြခြင်းဖြစ်ပြီး ဆီမီးအမွှေးတိုင် ထွန်းညှိသူများ၊ ဝတ္ထုငွေ ကပ်လှူသူများဖြင့် စည်ကားလျက်ရှိပြီး ပေါ်တော်မူ ရုပ်ပွားတော်မှာ ရွှေရောင်အဆင်းဖြင့် ကြည်ညိုဖွယ်ရာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသဖြင့် ရှုစားပူဇော် သာဓု ခေါ်နိုင်ကြစေရန် မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

ကိုရင်သာဓု

---

## မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း ယာယီရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်အခမ်းအနား




ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် စာရေးဆရာအသင်း ယာယီရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင် အခမ်းအနားအား (၂-၃-၂၀၁၄)နေ့ နံနက်(၉)နာရီအချိန်၌ မြို့နယ် စာရေးဆရာသင်း ဒု-ဥက္ကဋ္ဌ ဦးနေလင်း(မောင်နေလင်း)၏ နေအိမ်တွင် ကျင်းပရာ စာရေးဆရာအသင်းဆိုင်းဘုတ်အား ဘုန်းတော်ကြီး ဦးဝါယမိန္ဒ(စာရေးဆရာ မောင်ငြိမ်းခေါင်)က အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့သည်။ တက်ရောက်လာသော မင်္ဂလာဒုံမြို့နယ် စာရေးဆရာများအား ဒု-ဥက္ကဋ္ဌ ဦးနေလင်း မိသားစုက အကျွေးအမွေးများနှင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


# မဘာသ(ဗဟို)ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိလောကာဘိဝံသအရှင်မြတ်၏ စိန်ရတုမွေးနေ့ပွဲ ကျင်းပ



အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေးအတွက် အစဉ်အမြဲ ဦးဆောင်မှုပေးလျက်ရှိသော မဘာသ(ဗဟို) ဥက္ကဋ္ဌ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒစရိယ ကျေးဇူးတော်ရှင် ဘဒ္ဒန္တတိလောကာ ဘိဝံသ၊ ရွာမပရိယတ္တိစာသင်တိုက်(အင်းစိန်)၏ သက်တော်(၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့ပွဲ ဝိဇာတမဟာမင်္ဂလာ အခမ်းအနားကို ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် (၂၀၁၄ ခုနှစ်၊ မတ်လ ၂ ရက်)နေ့တွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီးတွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။


ဆရာတော်ဘုရားကြီး၏ စိန်ရတုမွေးနေ့မင်္ဂလာသည် မွေးနေ့ပွဲမည်ကာမတ္တ မဟုတ်၊ "သမိုင်းဝင် တွေ့ဆုံစည်းဝေးပွဲကြီး" ဟု ဆိုရလောက်အောင် အမျိုးသားရေး အစီဥာယ်များကို အပြည့်အဝ ဖော်ဆောင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ အနယ်နယ် အရပ်ရပ်မှ သီလ၊ သမာဓိ၊ ပညာ သိက္ခာတော်ကြီးမားလှသော ဆရာတော် သံဃာတော်များ ကြွရောက် စည်းဝေးတော်မူခဲ့ကြပါသည်။

သာသနာရေးဝန်ကြီး ဦးဆန်းဆင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အမျိုးသားရေး ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် နောက်လိုက်များ တက်ရောက်ခဲ့ကြောင်း သိရပါသည်။



www.burmeseclassic.com

## ကျိုက်ထီးဆောင်းဆရာတော်ကြီး ဦးဆောင်၍ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်အား ရွှေထီးတော်သစ် ပြန်တင်ရန်အတွက် ဧကမ္ဗာမိသားစုမှ ရွှေ ၃ ပိဿာနှင့် ငွေကျပ်သိန်း ၅၀၀ လှူဒါန်း




မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီးအား ကျိုက်ထီးဆောင်း ဆရာတော်ကြီး ဦးဆောင်၍ ရွှေထီးတော်သစ်ကို မတ်လ ၁၅ ရက် (တပေါင်းလပြည့်)နေ့၌ နဂိုပုံစံအတိုင်း မြန်မာ၊ မွန်၊ ရှမ်းရိုးရာရိုးရာ သုံးဆင့်ပါသော ထီးတော်ကို တင်လှူမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ဧကမ္ဗာကုမ္ပဏီမိသားစုမှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ရွှေသား ၃ ပိဿာ၊ အလှူငွေ ကျပ်သိန်း ၅၀၀ နှင့် စတီးချောင်း အချောင်း ၅၀၀ တို့ကို ကျိုက်ထီးဆောင်းဆရာတော်ကြီးထံသို့ လှူဒါန်းခဲ့သည်။

ထီးတော်သစ် တင်လှူပူဇော်ရာတွင် လက်ရှိတင်လှူထားသည့် ရွှေသားများနှင့် အလှူရှင်များ လှူဒါန်းသည့် ရွှေသားများကို ရောစပ်၍ ရွှေထီးတော်သစ် ပြန်လည်ပူဇော်ပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ရောင်ခြည်တော်ဖွင့်သွားမည်ဟု သိရှိရသည်။

## သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာပွဲ ကျင်းပ



၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း(၁၃)ရက်နေ့မှ(၁၅)ရက်နေ့အထိ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ သက်တော်(၇၇)နှစ်ပြည့် မွေးနေ့အလှူတော်ပွဲကို စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရှိရသည်။ တပေါင်းလဆန်း (၁၄)ရက်နေ့တွင် သီလရှင်အပါး(၁၀၀၀)တို့အား အရုဏ်ဆွမ်းနှင့် သီလရှင်ဝတ်စုံတို့ကို လှူဒါန်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ပင့်သံဃာအပါး (၁၀၀၀)တို့အား ဆွမ်းခဲဖွယ်နှင့် သင်္ကန်း၊ သပိတ်တို့ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားတော်ကို ပူဇော်ခြင်းဟူသည် တရားတော်အတိုင်း ဟောပြောပို့ချ ညွှန်ကြားပြသခြင်း
သင်ကြားနာယူ မှတ်သားလိုက်နာခြင်း ကျင့်ကြံပွားများ အားထုတ်ခြင်းတို့ဖြစ်၏။
ယင်းသို့ တရားတော်ကို အမြဲမပြတ် မှိဝဲပူဇော် ဆည်းကပ်နေသူတို့သည်
နေ၏အပူဒဏ်ကို မိမိဆောင်းသောထီးက အကာအကွယ်ပေး၍
ငြိမ်းအေးစေသကဲ့သို့ တရားတော်၏ ပြန်လည် စောင့်ရှောက်မှုအကျိုးကို
ကောင်းစွာရနိုင်၏။ တရားတော် အလှူပေးခြင်းသည် မသေဆေးကို
တိုက်ကျွေးသည်နှင့်တူ၏။ မသေရာနိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်း
အထောက်အပံ့ကောင်း ဖြစ်နိုင်၏။ ထို့ကြောင့် ရောင်ပြန်ပရိသတ်အပေါင်းသည် -
တရားနာယူမှတ်သားကြပါလျှင် . . .

www.burmeseclassic.com